
www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် [redacted] | ၁၄/[redacted] |
| အဖုံးခွင့်ပြုချက် | [redacted] |
| အတွင်းပုံနှိပ်သူ [redacted] | ဒေါ်[redacted] |
| | ဝင်းလိုက်မိတ်ပုံနှိပ်တိုက် |
| | ၃၅၂၊ ရေညီးပင်လမ်း၊ |
| | သုဝဏ္ဏမြို့။ |
| မျက်နှာဖုံးပုံနှိပ် | ဦးတိုးဝင်း |
| | နေလရောင်အော့ဖ်ဆက် |
| | (၉၆/ခ)၊ ၁၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးသန်းမြင့် (လင်းလင်းစာပေ) |
| | အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း |
| | ၁၀ မိုင်ကုန်း၊ အင်းစိန်။ |
| အဖုံးပန်းချီ | စံတိုး |
| အကြိမ် | ဒုတိယအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသည့်လ | ၂၀၀၀၊ မတ်လ၊ |
| စာအုပ်ချုပ် | ပဂေတီးနှင့်အဖွဲ့ |
| တန်ဖိုး | ၈၀၀ ကျပ် |

ကမ္ဘာကျော် စစ်သမိုင်းဆရာကြီး

ဘီအိပ်(ချ်)လစ်ဒယ်ဟတ်

၏

# မဟာဗျူဟာ

ဒုတိယဗိုလ်မှူးကြီး သောင်းထိုက် (အငြိမ်းစား)

(မြန်မာပြန်)

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။


ဘာသာပြန်သူ၏အမှာ
အချီး

**အပိုင်းတစ်**
**ငါးရာစုဘီစီမှ နှစ်ဆယ်ရာစုအထိ မဟာဗျူဟာ**

**အခန်း(၁)**
သမိုင်းသည် လက်တွေ့အတွေ့အကြုံဖြစ်သည် ၁၉
**အခန်း(၂)**
ခေါမစစ်များ–အပါမီနွန်ဒတ်၊ ဖိလစ်နှင့် အက်လီဇင်းဒါး ၂၆
**အခန်း(၃)**
ရောမစစ်များ–ဟန်နီဘော၊ ဆီပိုင်ယိုနှင့် ဆီဇာ ၃၅
**အခန်း(၄)**
ဘိုင်ဇင်တိုင်စစ်များ–တယ်လီဆေးရီးယပ်နှင့် နားဆက် ၄၅
**အခန်း(၅)**
အလယ်ခေတ်စစ်များ ၅၄
**အခန်း(၆)**
ဆယ့်နှစ်ရာစုနှစ် ဂတ်(စ)တေဘတ်(စ)ကရွန်ဝဲလ်၊ တြူရိန်း ၅၇
**အခန်း(၇)**
ဆယ့်ရှစ်ရာစုနှစ် မိုးဘရားနှင့် ဖရက်ဒရစ် ၆၆
**အခန်း(၈)**
ပြင်သစ်တော်လှန်ရေးနှင့် နပိုလီယံဘိုနာပတ် ၇၂
**အခန်း(၉)**
၁၈၅၄–၁၉၁၄ ၉၀
**အခန်း(၁၀)**
နှစ်ပေါင်း ၂၅၀၀ မှ ကောက်ချက်များ ၁၀၅

**အပိုင်းနှစ်**
**ပထမကမ္ဘာစစ် မဟာဗျူဟာ**

**အခန်း(၁၁)**
အနောက်စစ်မျက်နှာ ၁၉၁၄ စီမံချက်များ ၁၁၈


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၂)
အရှေ့မြောက်စစ်မျက်နှာ ၁၃၅
အခန်း(၁၃)
အရှေ့တောင် သို့မဟုတ် မြေထဲပင်လယ်စစ်မျက်နှာ ၁၅၀
အခန်း(၁၄)
၁၉၁၈ မဟာဗျူဟာ ၁၇၀

အပိုင်းသုံး
ဒုတိယကမ္ဘာစစ် မဟာဗျူဟာ
အခန်း(၁၅)
ဟစ်တလာ၏ မဟာဗျူဟာ ၂၀၁
အခန်း(၁၆)
ဟစ်တလာ၏ ဆက်တိုက်အောင်ပွဲများ ၂၂၄
အခန်း(၁၇)
ဟစ်တလာ နိမ့်ကျလာခြင်း ၂၅၁
အခန်း(၁၈)
ဟစ်တလာ ကျဆုံးခြင်း ၃၀၆

အပိုင်းလေး
မဟာဗျူဟာနှင့် အဂ္ဂမဟာဗျူဟာ အခြေခံများ
အခန်း(၁၉)
မဟာဗျူဟာ သဘောတရား ၃၆၁
အခန်း(၂၀)
မဟာဗျူဟာနှင့် နည်းဗျူဟာ အနှစ်သာရချုပ် ၃၈၄
အခန်း(၂၁)
အမျိုးသားရည်ရွယ်ချက်နှင့် စစ်ဘက်ရည်မှန်းချက် ၃၉၀
အခန်း(၂၂)
အဂ္ဂမဟာဗျူဟာ ၄၀၃
နောက်ဆက်တွဲ-၁
မြောက်အာဖရိကတိုက်ပွဲစဉ်၊ သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာ ၄၂၃
နောက်ဆက်တွဲ-၂
ဗိုလ်ချုပ်ကြီးယာဒင်၏ ဆောင်းပါး ၄၄၂

## ဘာသာပြန်ဆိုသူ၏အမှာ

ယခု ကျွန်တော် ဘာသာပြန်တင်ဆက်လိုက်သော စာအုပ်မှာ ကမ္ဘာကျော် စစ်သမိုင်းဆရာကြီး ဘီအိတ်(ချ)လစ်ဒယ်ဟတ်၏ အကောင်းဆုံးစာအုပ်တစ်အုပ် ဖြစ်ပါသည်။ ကျွန်တော်ကတော့ အကောင်းဆုံးစာအုပ်ဟုသာ ဆိုချင်ပါသည်။ အင်္ဂလန်၊ အမေရိကန်နှင့် နိုင်ငံပေါင်းများစွာတွင် ဘာသာများစွာဖြင့် ပြန်ဆိုထုတ်ဝေရသော စာအုပ်ဖြစ်ပါ၏။

၁၉၂၉ ခုနှစ်တွင် **သမိုင်း၏အဆုံးအဖြတ်ပေးနိုင်သော စစ်များ**[၁] အမည်ဖြင့် စတင်ထုတ်ဝေခဲ့ရပြီး နောက်ပိုင်းတွင် **သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာ**[၂] အမည်ဖြင့် လည်းကောင်း၊ **စစ်အောင်နည်း**[၃] အမည်ဖြင့်လည်းကောင်း အကြိမ်ကြိမ်ထုတ်ဝေခဲ့ရသော စာအုပ်ဖြစ်ပါ၏။ ကျွန်တော် ဘာသာပြန်ဆိုသောစာအုပ်မှာ ၁၉၅၆ ခုနှစ်တွင် အမေရိကန်၌ စတုတ္ထအကြိမ် ပြန်လည်ထုတ်ဝေသော **မဟာဗျူဟာ**[၄] အမည်ဖြင့် စာအုပ်ဖြစ်ပါသည်။

၁၉၂၉ ခုနှစ်မှစ၍ စာအုပ်ကို ဂျာမန်စစ်ခေါင်းဆောင်များက သေချာစွာ လေ့လာကြ၍ ဒုတိယကမ္ဘာစစ်၌ ထိုစာအုပ်ပါနည်းလမ်းများကို လက်တွေ့အသုံးချ ခဲ့ကြရာ မည်မျှအောင်မြင်ခဲ့သည်ကို ကမ္ဘာက သိရှိပြီးဖြစ်ပါ၏။

ယခုစာအုပ်မှာ ကမ္ဘာ့စစ်ကျောင်းကြီးများ၊ စစ်တက္ကသိုလ်များ၊ စစ်ဦးစီး တက္ကသိုလ်များတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ပင် ဖြစ်ပါသည်။

---

၁။ Decisive Wars of History
၂။ Strategy- An Indirect Approach
၃။ The Way to Win Wars

www.burmeseclassic.com

www.burmeseclassic.com



[illegible]စ်သမိုင်း[illegible]ရပ်အနေဖြင့်[illegible]ည်းကောင်း၊ အထွေထွေ စစ်ပညာရပ်အနေဖြ[illegible]လည်းကောင်း ဤမျှတန်[illegible]ရှိလှ[illegible]သော စာအုပ်ကြီးကို ဘာသာပြန်ဆိုရာ၌ အခက်[illegible]ဆုံးပြဿနာမှာ စာအုပ်ထုခြင်း၊ စာမျက်နှာများခြင်းပင် ဖြစ်ပါသည်။ ရှစ်ချိုး[illegible]က်နှင့် စာမျက်နှာ ၄၀၀ ကျော်ရှိသော စာအုပ်ကြီးဖြစ်၍ မြန်မာပြန်၌ ဤမျှစာမျ[illegible]ာများသွားရခြင်း ဖြ[illegible]ပါသည်။

အခန်း ၂ [illegible]ရှေးခေတ်စစ်များဖြစ်ပြီး အမည်များကအစ မြန်မာစာဖတ်ပရိသတ်အတွက် ခက်ခဲနေမည်ဖြစ်၍လည်းကောင်း၊ စာအုပ်ပိုထူသွားမည်စိုး၍လည်းကောင်း ယင်းအခန်းများကို အနည်းငယ်ချုံး၍ ဘာသာပြန်ဆိုထားပါသည်။ သို့သော် အရေးကြီးသည့်အချက်များ၊ အထူးသဖြင့် စာရေးဆရာ၏ ကောက်ချက်များကို အပြည့်အစုံ တိုက်ရိုက်ဘာသာပြန်ဆိုထားပြီး မကြွင်းမကျန်ရအောင် အထူးဂရုစိုက်ခဲ့ပါသည်။

ကျန်အခန်းအားလုံးကို လုံးစေ့ပတ်စေ့ တိုက်ရိုက်ဘာသာပြန်ဆိုထားပါသည်။ နိုင်ငံရေး၊ စစ်ရေးဗဟုသုတရရှိလျှင် မူရင်းစာရေးဆရာကြီး လစ်ဒယ်ဟာတ်ကို ကျေးဇူးတင်ရမည်ဖြစ်ပြီး ချွတ်ယွင်းချက်၊ လစ်ဟင်းချက်များပါရှိလျှင် ဘာသာပြန်ဆိုသူ၏အပြစ်သာ ဖြစ်ပါသည်။

စာအုပ်တွင်ပါသော ပြင်သစ်စာလုံးများကို ကူညီဘာသာပြန်ဆိုပေးသည့် နိုင်ငံခြားဘာသာသိပ္ပံ၊ ပြင်သစ်ဘာသာဌာနမှ လက်ထောက်ကထိက ဒေါက်တာခင်မြကြူအားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီကြသည့် သားထင်အောင်ထိုက်၊ မြန်မာ့အလင်းသတင်းစာအယ်ဒီတာ ဦးသန်းအောင် (ဆရာသန်းအောင်နိုင်)၊ စပယ်ဦးစာပေမှ ဦးတင်စိုးနှင့် စပယ်ဦးအဖွဲ့သားအားလုံးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

သောင်းလေးနှင့် သားသမီးအားလုံး၏ ကူညီအားပေးမှုမရှိပါလျှင် ဤစာအုပ် ဖြစ်မြောက်လာမည်မဟုတ်ပါ။ ထို့ကြောင့် ချစ်ဇနီးနှင့် သားသမီးအားလုံးကိုလည်း အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

**သောင်းထိုက်**

**၃၁.၅.၇၈**



* စစ်သည် လှည့်ဖြားခြင်းအပေါ် အခြေခံ၏။ ထို့ကြောင့် မိမိက တိုက်နိုင်သည့်အခါတွင် မတိုက်နိုင်သေးဟု ရန်သူက အထင်ရောက်စေရမည်။ ကျွန်ုပ်တို့က တပ်များကို အသုံးပြုနေသည့်အခါ မလှုပ်မရှားရှိနေသည်ဟု ထင်ရစေ၍ ရန်သူနှင့် နီးကပ်လာသည့်အခါတွင် ကျွန်ုပ်တပ်များ အဝေးတွင်ရှိနေသေးသည်ဟုလည်းကောင်း၊ ဝေးနေသေးသည့်အခါ နီးနေပြီဟုလည်းကောင်း ရန်သူက ထင်စေရမည်။ ရန်သူကို ငါးစာဖြင့် ဖြားယောင်းပါ။ ကျွန်ုပ်တို့ ဖရိုဖရဲဖြစ်နေယောင်ဆောင်ပြီး ရန်သူကို ချေမှုန်းပါ။

* ရေရှည်စစ် ဆင်နွှဲခဲ့သဖြင့် အကျိုးရှိသည့်နိုင်ငံဟူ၍ မရှိခဲ့ဖူးသေးချေ။

* စစ်၏ ဆိုးရွားလှသည့် အန္တရာယ်များကို သေသေချာချာသိရှိသူသာလျှင် စစ်ကို အကျိုးရှိစွာ ဆက်လက်တိုက်ခိုက်သည့်နည်းကို သေသေချာချာ သိနိုင်၏။

* မတိုက်ခိုက်ရဘဲ ရန်သူခုခံမှုကို ရိုက်ချိုးနိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏။

* ဤနည်းအားဖြင့် ဗိုလ်ချုပ်များလုပ်ဆောင်အပ်သည့် အကောင်းဆုံးနည်းမှာ ရန်သူစီမံချက်များ ပျက်စီးအောင်လုပ်ခြင်းဖြစ်၏။ ဒုတိယအကောင်းဆုံးနည်းကား ရန်သူတပ်များ မစုစည်းမိအောင်လုပ်ရန်ဖြစ်၏။ (ယင်းနည်းများလောက် မကောင်းသော်လည်း) နောက်တစ်နည်းကား စစ်မြေပြင်တွင် ရန်သူကို ချေမှုန်းရန်ဖြစ်လေသည်။ အဆိုးရွားဆုံးနည်းကား နံရံတံတိုင်း အခိုင်အခံ့ဖြင့် ကာရံထားသည့် ရန်သူမြို့များကို ဝန်းရံတိုက်ခိုက်သည့်နည်းဖြစ်၏။

* တိုက်ပွဲဟူသမျှတွင် စတင်တိုက်ပွဲဝင်ရန် တိုက်ရိုက်နည်းကို အသုံးပြုကောင်းပြုမည်။ သို့သော် အောင်ပွဲခံနိုင်ရန်အတွက်ကား သွယ်ဝိုက်သည့်နည်းများကို သုံးရန်လို၏။

* ရန်သူက အရေးတကြီးကာကွယ်ရန်လိုသည့် နေရာများသို့ မိမိတပ်များ ရောက်ရှိပါစေ။ မိမိက ရန်သူမျှော်လင့်မထားသည့်နေရာသို့ အမြန်ချီတက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

* ရန်သူအားနည်းသည့်နေရာသို့သာ ရည်မှန်းချိတက်တိုက်ခိုက်ပါက ရန်သူက လုံးဝမခုခံနိုင်ဘဲ ဆက်လက်ချီတက်နိုင်မည်ဖြစ်၏။ ကိုယ်က ရန်သူထက် လျင်မြန်ပါက မိမိတပ်များ ဆုတ်ခွာရသည့်တိုင် ရန်သူက လိုက်စစ်ဆင်နိုင်မည်မဟုတ်။

* ကျွန်ုပ်၏ တိုက်ပွဲအောင်နိုင်သည့် နည်းဗျူဟာများကို လူတိုင်းသိမြင်နိုင်မည်ဖြစ်၏။ သို့သော် မည်သူမျှ မမြင်စွမ်းနိုင်သည်ကား နောက်ဆုံး အောင်ပွဲခံနိုင်သည့် မဟာဗျူဟာ ဖြစ်လေသည်။

* စစ်နည်းဗျူဟာသည် ရေနှင့်တူ၏။ ရေသည် သဘာဝအတိုင်း မြင့်ရာမှ နိမ့်ရာသို့ စီးဆင်း၏။ ထို့အတူ စစ်တွင်လည်း ရန်သူအားကောင်းချက်ကို ရှောင်ရှား၍ ရန်သူပျော့ကွက်ကို တိုက်ရမည်။

* ရေသည် မိမိဖြတ်သန်းစီးဆင်းရာ မြေအခြေအနေအလိုက်သာစီးဆင်း၏။ ထို့အတူ မိမိရင်ဆိုင်နေရသည့် ရန်သူအခြေအနေကိုလိုက်၍ အောင်ပွဲခံနိုင်စေရမည်။

* ထို့ကြောင့် ရန်သူကို ဖြားယောင်းမျှားထုတ်ပြီးမှ ရန်သူနောက်မှ ချီတက်ရသည့်တိုင် ရှည်လျားကွေ့ကောက်သည့်လမ်းမှ လိုရာခရီးသို့ ရန်သူ့အရင်ရောက်ရှိခြင်းသည် သွယ်ဝိုက်သည့်နည်းကို သိရှိအသုံးချရာရောက်၏။

* သွယ်ဝိုက်သည့်နည်းပညာကို သိရှိသူသည် အောင်ပွဲခံနိုင်လိမ့်မည်။ ယင်းမှာ လှုပ်ရှားစစ်ကစားခြင်းအတတ်ပညာပင် ဖြစ်၏။

* အလံတလူလူလွှင့်ထူ၍ စနစ်တကျရှိသည့်တပ်ကို ဖြတ်၍ မတိုက်ခြင်းသည် လည်းကောင်း၊ တည်ငြိမ်စွာဖြင့် စစ်ခင်းသည့်ရန်သူကို မတိုက်ခိုက်ဘဲ ရှောင်ရှားခြင်းသည်လည်းကောင်း အခြေအနေကို လေ့လာသုံးသပ် အသုံးချသည်မည်၏။

* ရန်သူကို ဝိုင်းမိသည့်အခါ ထွက်ပေါက်တစ်ခု ပေးထားပါ။ မျှော်လင့်ချက်ကင်းမဲ့နေသည့် ရန်သူကို အလွန်အမင်း မဖိရ။



* လျင်မြန်ခြင်းသည် စစ်၏အနှစ်သာရဖြစ်၏။ ရန်သူ အဆင်သင့်မဖြစ်ခြင်းကို အခွင့်ကောင်းယူပါ။ ရန်သူမမျှော်မှန်းသည့်လမ်းမှ ချီတက်၍ ရန်သူ စောင့်မနေသည့်နေရာများကို တိုက်ခိုက်ပါ။

**စစ်အတတ်ပညာ**
**ဆွန်ဇူ**
**၅၀၀ ဘီစီ**

* အပြည့်ဝဆုံးနှင့် ပျော့်ရှင်ဖွယ်အကောင်းဆုံး အောင်ပွဲကား ဤသို့တည်း။ မိမိဘက်မှ အထိအခိုက် အကျအဆုံးမရှိဘဲ ရန်သူက သူ့ရည်မှန်းချက်စွန့်လွှတ်ရန် လုပ်ဆောင်နိုင်ခြင်းဖြစ်၏။

**ဘယ်လီဆေးရီးယပ်**

* သွယ်ဝိုက်သည့်နည်းများဖြင့် ညွှန်းရပ်ကို ရှာဖွေပါလေ။

**ရှိတ်စပီးယား ဟင်းမလက်ပြဇာတ်**
**(အခန်း ၂ ပြကွက် ၁)**

* စစ်ပညာရပ်တစ်ခုလုံးမှာ သေချာစွာတွေးခေါ်၍ အထူး သတိဝီရိယနှင့် အဘက်ဘက်မှ ပြင်ဆင်ထားသည့် ခံစစ်ဆင်ပြီးမှ လျင်မြန်ရဲဝံ့စွာ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းပင်ဖြစ်၏။

**နပိုလီယံ**

* စစ်ဘက်အပြုအမူအားလုံးတွင် စဉ်းစား တွေးခေါ်မှုစွမ်းအားများ၊ ယင်းတို့ အကျိုးသက်ရောက်မှုများနှင့် စိမ့်ဝင်ပျံ့နှံ့လျက်ရှိ၏။

**ကလော့စဝစ်**

* ကျွမ်းကျင်သည့် စစ်ခေါင်းဆောင်သည် မဟာဗျူဟာရှုထောင့်မှ ကြည့်လျှင် ထိုးစစ်အသွင်ရှိသည့် ခံစစ်နေရာများကို မကြာခဏ အောင်မြင်စွာ ရွေးချယ်ယူနိုင်စေရမည်။ ထိုခံစစ်နေရာများသည် မည်သည့်အတိုင်းအတာအထိ ထိုးစစ်အသွင်သဏ္ဍာန်ရှိရမည်ဆိုလျှင် ရန်သူက ကျွန်ုပ်တို့ခံစစ်ကို လာ၍တိုက်သည်အထိ ရှိရပေမည်။

www.burmeseclassic.com



* ဒီစစ်သည်တွေဟာ ရဲလဲရဲဝံ့သူတွေပါပဲ။ စစ်က အနိုင်အခံ့ဆုံးဆိုတဲ့ နေရာကိုမှ အမြဲတမ်းရွေးပြီး တိုက်ကြပလေတယ်။

ရေတပ်ဗိုလ်ချုပ်ကြီး ဒီရှိုးဘက်
၁၉၁၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်
(ဂယ်လီပိုလီကမ်းတက် တိုက်နိုက်ခြင်းကို
ကြည့်ရှုရင်း ပြောဆိုခဲ့သည်။)

## အချီး

အနောက်နိုင်ငံသားများက အပြည့်အဝနှင့် နောက်ဆုံးလုံခြုံမှုအာမခံချက်ကို ရှာဖွေအိပ်မက်မက်နေကြရာတွင် ဟိုက်ဒရိုဂျင်ဗုံးသည် သူတို့အတွက် အဖြေတစ်ရပ် ဖြစ်မလာခဲ့ချေ။ ထိုဗုံးသည် သူတို့ရင်ဆိုင်နေရသည့် အန္တရာယ်အားလုံးအတွက် 'ပျောက်စေ'ဆေးတစ်ရပ်လည်း ဖြစ်မလာခဲ့ချေ။ သူတို့၏ ထိုးနှက်တိုက်ခိုက်ရေး စွမ်းအား ပို၍ကောင်းလာသည်ကား မှန်ပါ၏။ တစ်ချိန်တည်းမှာပင် သူတို့သည် ပို၍ စိုးရိမ်ကြောင့်ကြခဲ့ရပြီး ပို၍ပင် မလုံခြုံဟု ထင်မှတ်လာခဲ့ကြရပေသည်။

အဏုမြူဗုံးသည် အလျင်အမြန် အပြည့်အဝ အောင်ပွဲခံနိုင်မည့်လက်နက် ကောင်းဖြစ်သည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ရရှိစေမည့် နည်းကောင်းလမ်းကောင်း ဖြစ်သည်ဟု ၁၉၄၅ ခုနှစ်က အနောက်မှ တာဝန်ရှိ နိုင်ငံရေးခေါင်းဆောင်များက ယူဆခဲ့ကြကုန်၏။

ဆာဝင်စတန်ချာချီက အောက်ပါအတိုင်း ရေးသားခဲ့လေသည်။ "သူတို့ တွေးခေါ်ခဲ့သည်မှာ စစ်ကြီးကို အပြီးသတ်စေ၍ ကမ္ဘာကြီးကို ငြိမ်းအေးစေပြီးလျှင် စစ်ဘေးစစ်ဒဏ်ခံနေရသူများ စစ်ဒဏ်မှကင်းဝေးစေရန် အလွန်အားကောင်းသည့် ဗုံးအနည်းငယ် ဖောက်ခွဲပေးလိုက်ရုံသာလိုမည်။ သို့လုပ်ဆောင်ပေးနိုင်လျှင် ဤမျှ စစ်ဘေးစစ်ဒဏ် ဒုက္ခကြီးများကို ခံစားလာကြရသူများအတွက် အံ့ဖွယ်သူရဲ ကယ်တင်မှုဟု တွေးထင်ဖွယ်ရာရှိသည်ဟု ယူဆခဲ့ကြကုန်၏။ သို့သော် ယနေ့ ကမ္ဘာတွင် လူတို့သည် စိုးရိမ်ကြောင့်ကြမှုနှင့်သာ နေကြရခြင်းကို တွေ့ရှိ၍ ထိုခေတ်က နိုင်ငံရေးခေါင်းဆောင်ကြီးများသည် တကယ့်ပြဿနာကို အခြေအမြစ် ကစ လေ့လာဖြေရှင်းနိုင်ခြင်း မပြုခဲ့သည်မှာ ထင်ရှားလှပေသည်။ ယင်းပြဿနာ ကား အောင်ပွဲခံပြီးလျှင် ငြိမ်းချမ်းရေးရရှိရန်ပင် ဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ချက်ချင်းလက်ငင်း 'စစ်အောင်နိုင်ရေး'မဟာဗျူဟာရည်မှန်းချက်ထက် ကျော်လွန်၍ မကြည့်ခဲ့ကြချေ။ စစ်နိုင်လျှင် ငြိမ်းချမ်းရေးရမည်ဟု ယူဆပြီး ကျေနပ်နှစ်သိမ့်နေခဲ့ကြ၏။ ယင်းအယူအဆမှာ ယေဘုယျသမိုင်းအတွေ့အကြုံများနှင့် ကိုက်ညီခြင်းမရှိချေ။ ရရှိခဲ့သည့်အကျိုးကား ယခင်က မြောက်မြားစွာသော သင်ခန်းစာများကို ထပ်လောင်းဖြည့်စွက်ထောက်ခံသည့် သင်ခန်းစာတစ်ရပ်ပင် ဖြစ်ချေသည်။ ယင်းသင်ခန်းစာကား **စစ်ဘက်မဟာဗျူဟာ သက်သက်ကို ပို၍ ကျယ်ပြန့်အဆင့်မြင့် အမြင်ကျယ်သည့် 'အဂ္ဂမဟာဗျူဟာ' ရှုထောင့်မှ ကွပ်ကဲထိန်းသိမ်းပေးရမည်ဟူသော အချက်ပင် ဖြစ်ချေ၏။**

ဒုတိယကမ္ဘာစစ်အခြေအနေ ပတ်ဝန်းကျင်တွင် အောင်ပန်းဆွတ်ခူးနိုင်ရန် လုပ်ဆောင်ချက်များသည် ဝမ်းနည်းဖွယ် အဖြစ်အပျက်များ၊ သဲထဲရေသွန်ဖြစ်ရပ်များနှင့်သာ အဆုံးသတ်နိဂုံးချုပ်ရန် ကြိုတင်ဖန်တီးထားသကဲ့သို့ရှိတော့၏။

ဂျာမနီကို လုံးဝအောင်နိုင်ခဲ့ခြင်းသည် ယူရေးရှား[၁] တိုက်ကို ရုရှက စိုးမိုးနိုင်အောင် လမ်းခင်းပေးသကဲ့သို့ ရှိတော့၏။ ထို့ပြင် ကွန်မြူနစ်အာဏာစက်ကို အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့စေရန် လမ်းထွင်ရှင်းလင်းပေးလိုက်သည့်အလား ရှိခဲ့ချေသည်။ စစ်ကြီးကို အဏုမြူဗုံးဖောက်ခွဲ၍ အဆုံးသတ်ခဲ့သဖြင့်လည်း ရုရှားက ယင်းလက်နက်များ ပိုင်ဆိုင်နိုင်အောင် ကြိုးစားလာခဲ့သည်မှာ သဘာဝကျလှပေသည်။

မည်သည့်အခါကမျှ စစ်ကြီးတစ်ခုအပြီး ဤမျှမလုံခြုံသည့် အခြေအနေမျိုး မဖြစ်ပေါ်ခဲ့ဖူးသေးချေ။ အထိတ်တလန့် ရှစ်နှစ်ကြာမျှ နေခဲ့ကြပြီး ပရမာအဏုမြူ လက်နက်များကြောင့် စစ်နိုင် နိုင်ငံများသည် ပို၍ပင်မလုံခြုံဟု စိုးရိမ်ကြောင့်ကြစိတ်များ ပို၍လာခဲ့ချေ၏။ ယင်းမှာ တစ်ခုတည်းသော အကျိုးတရား မဟုတ်သေး။

'အကြွင်းမဲ့စစ်'သည် နည်းလမ်းတစ်ခုဖြစ်သည်ဟူသော အယူအဆနှင့် 'အောင်ပွဲခံခြင်းသည်' စစ်ရည်မှန်းချက်တစ်ရပ်ဖြစ်သည်ဟူသော အယူအဆတို့သည် ခေတ်မမီတော့သော အယူအဆများသာ ဖြစ်သည်ဆိုသောအချက်ကို အိတ်(ချ)ဗုံး[၂] စမ်းသပ်ဖောက်ခွဲခြင်းများက သက်သေပြခဲ့ချေပြီ။ မည်သည့်အချက်ကမျှ ယင်းသို့ ပီပီပြင်ပြင် သက်သေထူနိုင်ခဲ့ခြင်း မရှိသေးချေ။

ယင်းအချက်ကို မဟာဗျူဟာမြောက် ဗုံးကြဲခြင်းနည်းကို ရှေ့တန်းမှ ဖော်ဆောင်ခဲ့သည့်သူများက လက်ခံခဲ့ပြီးဖြစ်၏။ ဗြိတိန်လေတပ်မတော်စစ်သူကြီး ဆာဂျွန်စလက်ဆာ[၁] က မကြာသေးမီက အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်က ကျွန်ုပ်တို့ နားလည်ခဲ့သည့် အကြွင်းမဲ့စစ်ဆိုသည်မှာ အတိတ်မှာ နေခဲ့ချေပြီ။ ယခုခေတ်တွင် ကမ္ဘာစစ်သည် ယေဘုယျအားဖြင့် ကိုယ့်သေတွင်း ကိုယ်တူးကြသလိုဖြစ်ပြီး ကျွန်ုပ်တို့ နားလည်သိရှိလက်ခံထားသည့် ယဉ်ကျေးမှု၏ အဆုံးနိဂုံးပင် ဖြစ်ချေတော့မည်"

ဗြိတိန်လေတပ်မတော်စစ်သူကြီး လော့(ဒ)တက်ဒါး[၂] ကလည်း ယင်းအချက်ကိုပင် အောက်ပါအတိုင်း ပြောကြားခဲ့သေး၏။

"(အထက်ပါရေးသားချက်မှာ) တကယ်ဖြစ်နိုင်သည်တို့ကို တိတိကျကျ သွေးအေးအေးနှင့် ဖော်ပြခဲ့ခြင်းသာ ဖြစ်ပေတယ်။ အဏုမြူဗုံးသုံးပြီး တိုက်တဲ့စစ်ပွဲဟာ နှစ်ဦးချင်းတိုက်ကြခြင်းသာမဟုတ်ဘဲ ကိုယ့်သေတွင်း ကိုယ်တူးပြီး ကိုယ့်ဟာကိုယ် သတ်သေလိုက်ကြသလို ဖြစ်မှာပဲ"

အောက်ပါ တက်ဒါး၏အဆိုအမိန့်မှာမူ များစွာ ကျိုးကြောင်းဆီလျော်ခြင်း မရှိလှချေ။

"ဒါကြောင့်ပဲ ကျူးကျော်မှုကို အားပေးဖို့ အခွင့်အလမ်းနည်းသွားပေတယ်"

ကျိုးကြောင်းဆီလျော်မှုနည်းသည်ဟု ဆိုရခြင်းမှာ မိမိတို့ သေရေးရှင်ရေးကိစ္စမဟုတ်လျှင် တစ်ဖက်က ချက်ချင်းတုံ့ပြန်၍ အချင်းချင်းသတ်သေသည့်လမ်းကို လိုက်မည်မဟုတ်ဟု ကျူးကျော်သူက သွေးအေးအေး တွက်ဆနိုင်သောကြောင့် ဖြစ်၏။

ယင်းသို့ အခြေအနေမျိုးတွင် တာဝန်ရှိအစိုးရတစ်ခုသည် အိတ်(ချ)ဗုံးကို အသုံးပြုမည်လော။ သွယ်ဝိုက်ကျူးကျော်မှုများ၊ ကန့်သတ်၊ ဒေသန္တရကျူးကျော်မှုများကို အိတ်(ချ)ဗုံးသုံး၍ တုံ့ပြန်မည်လော။ လေတပ်မတော် အကြီးအကဲများက ကိုယ့်ကိုယ်ကို သတ်သေသည့်အခြေအနေမျိုးဟု ပြောထားသည့် အနေအထားသို့ ရောက်အောင် မည်သည့်အစိုးရက ရှေ့ဆောင်သွားမည်နည်း။ ထို့ကြောင့် လက်တလော သေရေးရှင်ရေးကိစ္စမျိုးမဟုတ်သည့် ခြိမ်းခြောက်မှုအန္တရာယ်ကို အိတ်(ချ)ဗုံးသုံး၍ တုံ့ပြန်ခြင်းမပြုဟုသာ ကောက်ချက်ချရပေမည်။

---

၁။ Eurasia ဥရောပ-အာရှနှစ်ခုကို ပေါင်း၍ခေါ်ခြင်းဖြစ်သည်။ (ဘာသာပြန်သူ)
၂။ ဟိုက်ဒရိုဂျင်ဗုံးကို ဆိုလိုသည်။ (ဘာသာပြန်သူ)

၁။ Marshal of The R.A.F Sir John Slessor.
၂။ Marshal of The R.A.F Lord Tedder.

www.burmeseclassic.com

www.burmeseclassic.com



ယင်းလက်နက်မျိုးသည် ကျူးကျော်မှုကို ဟန့်တားနိုင်မည်ဟု နိုင်ငံရေးသမားကြီးများက ယုံကြည်စိတ်ချထားခြင်းမှာ မှားယွင်းလှချေ၏။ သံကန့်လန့်ကာ အနီးမှ နိုင်ငံများမှာ ရုရှ၏ မဟာဗျူဟာ ဗုံးကြဲလေတပ်နှင့် အလွန်နီးကပ်နေသဖြင့် အိတ်(ချ)ဗုံးကို အဟန့်အတားအနေဖြင့် အားကိုးနေကြသော်လည်း ကာရင်မလင်မှ ခေါင်းဆောင်ကြီးများကမူ ယင်းလက်နက်များဖြင့် တုံ့ပြန်မှုအန္တရာယ်ကို တကယ် စိုးရွံ့နေကြသည်မဟုတ်ချေ။ ယင်းနိုင်ငံကလေးများ ကာကွယ်မှုအတွက် ဆန့်ကျင်ရေးဆုံးဖြတ်ချက်ကို အားနည်းသွားအောင်လုပ်သလို ရှိနေပေလိမ့်မည်။ ယခုပင်လျှင် ယင်းလက်နက်များ နောက်ပြန်ပေါက်ကွဲမှု[၁] စွမ်းအားသည် (အနောက်နိုင်ငံများအတွက်) အကျိုးယုတ်လှပြီဖြစ်၏။

အိတ်(ချ)ဗုံးသည် ထိန်းချုပ်မှုဝါဒ[၂] အတွက် အကျိုးထက် အပြစ်ကပိုများ၏။ အစွမ်းကုန်တိုက်ခိုက်ကြသည့် စစ်ဖြစ်ရန်လမ်းနည်းသည်နှင့်အမျှ ကန့်သတ်စစ်ဖြစ်ရန် အခွင့်အလမ်း ပိုများလာလေသည်။ ကန့်သတ်စစ်ကို သွယ်ဝိုက်သည့်နည်းဖြင့်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဒေသန္တရကျူးကျော်မှုများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း တိုက်ခိုက်နိုင်၏။ ကျူးကျော်သူသည် နည်းမျိုးစုံသုံး၍ စတင်တိုက်ခိုက်နိုင်၏။ တစ်နည်းနှင့်တစ်နည်း ပုံစံမတူစေကာမူ နည်းအားလုံးသည် တစ်ခုတည်းသော ရည်မှန်းချက်ကိုသာ ဦးတည်နေပေသည်။ မိမိဘက်မှ တိုးတက်၍ ရှေ့သို့ချီတက်နေစဉ် အခြားတစ်ဖက်မှမူ အိတ်(ချ)ဗုံး အဏုမြူဗုံးသုံးရန် နှောင့်နှေးစေရန်သာဖြစ်၏။

ယခုအခါတွင် ခြိမ်းခြောက်မှုကို ထိန်းချုပ်နိုင်ရန် ကျွန်ုပ်တို့သည် သမားရိုးကျ လက်နက်များကို ပို၍အားကိုးမှီခိုလာကြရ၏။ ယင်းသို့ဆိုခြင်းဖြင့် သမားရိုးကျနည်းများကို ပြန်လည်သုံးစွဲကြရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ နည်းသစ်များကို ရှာကြံသုံးစွဲကြရမည် ဖြစ်ပေသည်။ လေတပ် အဏုမြူလက်နက်[၃] အသုံးပြုရန် လှုံ့ဆော်ခဲ့ကြသူများ ယူဆခဲ့ကြသည်နှင့် အလွန်ကွဲပြားခြားနားသည့် မဟာဗျူဟာ ခေတ်သစ်သို့ရောက်လာပြီဖြစ်၏။ လေတပ်အဏုမြူလက်နက် အားကိုးသူများမှာ ခေတ်ဟောင်းမှ 'တော်လှန်ရေးသမား'သာ ဖြစ်ချေ၏။ ကျွန်ုပ်တို့နှင့် ဆန့်ကျင်လိုသူများက ကျင့်သုံးလာသည့် မဟာဗျူဟာမှာ အင်အားကြီးသည့် လေတပ်ကို ရှောင်ရှားရန်နှင့် ကျွန်ုပ်တို့အနေနှင့် ယင်းလေတပ်ကို အသုံးပြုမရအောင် ရည်ရွယ်

---

၁။ Back Blast ယင်းလက်နက်များကို အားကိုးလွန်း၍ အကျိုးမရှိမှု၊ ဆန့်ကျင်ဘက် အကျိုးများ ဖြစ်ပေါ်မှုကို တင်စားရေးသားခြင်းဖြစ်၏။ (ဘာသာပြန်သူ)

၂။ Containment Policy

၃။ Air-Atomic Power



ချက်နှစ်မျိုးနှင့် လုပ်ဆောင်နေကြခြင်း ဖြစ်လေသည်။ ဗုံးကြဲလက်နက်ကို ကျွန်ုပ်တို့က ပိုမိုထိရောက်အောင် ပိုမိုများပြား ကျယ်ပြန့်အောင်လုပ်လေ သူတို့၏ 'ပြောက်ကျားပုံစံ မဟာဗျူဟာ' ပိုမိုအောင်မြင်လာလေ ဖြစ်ရသည်မှာ ကံကြမ္မာ၏ လှည့်ကွက်ဟု ခေါ်ရချေတော့မည်။

ကျွန်ုပ်တို့ မဟာဗျူဟာသည် ယင်းအချက်ကို ပီပီပြင်ပြင် သိရှိထားပြီး ယင်းအချက်အပေါ် အခြေခံရမည်ဖြစ်၏။ ကျွန်ုပ်တို့ စစ်ပေါ်လစီကိုလည်း ပြန်၍ လမ်းမှန်ရောက်အောင် လုပ်ရပေဦးမည်။ ရန်သူမဟာဗျူဟာကို တုံ့ပြန်နိုင်မည့် မဟာဗျူဟာမျိုး ဖွံ့ဖြိုးတိုးတက်လာရန် အခွင့်အလမ်းရှိ၍ ယင်းကို ပြုစုပျိုးထောင်ပေးရမည်။ မြို့ကြီးများကို အိတ်(ချ)ဗုံးကြဲ၍ ဖျက်ဆီးပစ်ခြင်းဖြင့် ကျွန်ုပ်တို့၏ ပဥ္စမတပ်သားများကိုပါ ဖျက်ဆီးချေမှုန်းပြီး ဖြစ်မည်ကို သတိချပ်ကြရမည်။

အဏုမြူအင်အားသည် မဟာဗျူဟာကို ချေဖျက်ပစ်လိုက်ပြီဟု ယူဆနေခြင်းမှာ အခြေအမြစ်မရှိဘဲ အလွန်မှားယွင်း၏။ ဖျက်ဆီးနိုင်မှုစွမ်းအားကို ကိုယ့်သေတွင်း ကိုယ်တူးလောက်သည်အထိ တိုးတက်လုပ်ဆောင်ခဲ့ခြင်းဖြင့် **အဏုမြူစွမ်းအားသည် သွယ်ဝိုက်သည့်နည်းကို တစ်ဖန်ပြန်၍အသုံးပြုလာစေရန် တွန်းအားပေးခဲ့လေသည်။ ယင်းသွယ်ဝိုက်သည့် နည်းမှာလည်း မဟာဗျူဟာ၏ အနှစ်သာရပင် ဖြစ်ချေ၏။** စစ်ဆိုသည်မှာ အင်အားကိုအားကိုးပြီး အကြမ်းဖက်မှုကို အရက်စက်ဆုံးနည်းများနှင့် လုပ်ဆောင်ရသည်ထက် စဉ်းစားဉာဏ်ကို အသုံးပြု၍ စေစားလုပ်ဆောင်ခြင်းဖြစ်သည်ဟူသော အယူအဆကို သွယ်ဝိုက်သည့်နည်းများက အားပေးပေသည်။ သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကို ဒုတိယကမ္ဘာစစ်ပွဲတွင် ပထမကမ္ဘာစစ်မှာထက် အသုံးပြုလာကြပြီး အဂ္ဂမဟာဗျူဟာကို အသုံးမပြုစေကာမူ မဟာဗျူဟာကို ပို၍အသုံးပြုလာကြသည်ကို တွေ့ရ၏။

ခါတိုင်းအသုံးပြုနေကျ တိုက်ခိုက်နည်းများကို အဏုမြူက ဟန့်တားထားသည်ဖြစ်သဖြင့် ကျူးကျော်သူများသည် ပို၍ပညာပါသည့် မဟာဗျူဟာကို အသုံးပြုလာကြပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ဘက်မှလည်း ယင်းအချက်ကို ပိုမိုသိရှိလာပြီး တုံ့ပြန်နိုင်မည့် မဟာဗျူဟာကို လုပ်ဆောင်နိုင်ရန် လို၏။ **မဟာဗျူဟာသမိုင်းသည် အခြေခံအားဖြင့် 'သွယ်ဝိုက်ချဉ်းကပ်နည်း' တိုးတက်ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံ မှတ်တမ်းများပင် ဖြစ်ပေသည်။**

**'သွယ်ဝိုက်ချဉ်းကပ် မဟာဗျူဟာ'** မူလစာအုပ်ကို ၁၉၂၉ ခုနှစ်တွင် **'သမိုင်း၏ အဆုံးအဖြတ်ပေးနိုင်သော စစ်ပွဲများ'** အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ယခုစာအုပ်မှာ နောက်ထပ် အနှစ်အစိတ် သုတေသနပြုခြင်း၊ စဉ်းစားဆင်ခြင်တွေးခေါ်ခြင်းမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး၏ သင်ခန်းစာများ၊ မဟာဗျူဟာ၊ အဂ္ဂမဟာဗျူဟာ သုံးသပ်ချက်များပါ ထည့်သွင်းဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားလှသည့် တိုက်ပွဲစဉ်များကို လေ့လာရင်း သွယ်ဝိုက်ချဉ်းကပ်သည့်နည်းမှာ တိုက်ရိုက်ချဉ်းကပ်သည့်နည်းထက် သာလွန်ကောင်းမွန်ကြောင်းကို သိရှိလာရလေသည်။ ယင်းသို့ သိရှိလာချက်ကိုလည်း မဟာဗျူဟာ လေ့လာရန်အတွက် အထောက်အကူတစ်ခုအဖြစ်သာ အသုံးပြုခဲ့ပါသည်။ လေးလေးနက်နက် စဉ်းစားကြည့်သည့်အခါတွင် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းမှာ အလွန်ကျယ်ကျယ်ပြန့်ပြန့် သုံး၍ရကြောင်း၊ စင်စစ်အားဖြင့် ယင်းနည်းမှာ မည်သည့်နယ်ပယ်မှာမဆို ဘဝလမ်းစဉ်တစ်ခုဖြစ်ကြောင်း၊ ဒဿနိက နိယာမတရားတစ်ခုဖြစ်ကြောင်းကို တွေ့ရှိလာရပေသည်။ လူသားနှင့်ပတ်သက်လာပြီး အကျိုးတစ်စုံတစ်ရာအတွက် နှစ်ဖက်စိတ်တန်းနိုးချင်း ယှဉ်ပြိုင်ရသည့် မည်သည့်ပြဿနာတွင်မဆို လက်တွေ့အားဖြင့် အောင်မြင်မှုရရန် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကို မည်မျှအထိ အသုံးချနိုင်သည် ဆိုသည့်အချက်အပေါ် မူတည်နေသည်ကို တွေ့ရှိလာရပါသည်။ ယင်းသို့ ပြဿနာတိုင်းတွင် တိုက်ရိုက်နည်းဖြင့် မိမိစိတ်ကူးအကြံဉာဏ်ကို တစ်ဖက်လူလက်ခံလာအောင် လုပ်ဆောင်သည့်အခါတွင် ပြင်းပြင်းထန်ထန် ခုခံတုံ့ပြန်သည်ကို တွေ့ရတတ်၏။ သို့ဖြင့် အမြင်ပြောင်းလာအောင် လုပ်ဆောင်ရန် အလွန်ခက်ခဲကြောင်း တွေ့ရပေ၏။

တစ်ဖက်လူ မမျှော်လင့်သည့်ဘက်မှ မိမိအကြံဉာဏ်ကို စိမ့်ဝင်စေသည့်အခါတွင်လည်းကောင်း၊ ပကတိစိတ်ဖြင့် ဆန့်ကျင်လိုသည့် တစ်ဖက်စိတ်ဓာတ်ကို နဘေးမှဝိုက်၍ ချဉ်းကပ်သည့်အခါတွင်လည်းကောင်း တစ်ဖက်မှ အမြင်ပြောင်းလဲခြင်းမှာ ပိုမိုလျင်မြန်၍ လွယ်ကူလာသည်ကို တွေ့ရတတ်၏။ သွယ်ဝိုက်ချဉ်းကပ်သည့်နည်းမှာ နိုင်ငံရေးနယ်ပယ်တွင် အခြေခံကျသလို လိင်ကိစ္စတွင်လည်းပဓာနဖြစ်၏။ ရောင်းရေးဝယ်တာကိစ္စတွင် ဝယ်ယူရန် တိုက်ရိုက်တိုက်တွန်းနေသည်ထက် အပေးအယူကိစ္စအောင်မြင်အောင် လုပ်ရမည်ဆိုခြင်းက ပို၍ ခရီးရောက်မည်ဖြစ်၏။ မည်သည့်နယ်ပယ်တွင်မဆို မိမိအကြံဉာဏ်ကို အထက်အရာရှိက လက်ခံအောင် လုပ်ဆောင်ရာတွင် ယင်းအကြံဉာဏ်သည် သူ၏အကြံဉာဏ်ဖြစ်ပါသည်ဟု အထက်အရာရှိ အထင်ရောက်သွားအောင် လုပ်ဆောင်လျှင် အောင်မြင်နိုင်ကြောင်းကို အများအသိပင်ဖြစ်ပေ၏။ စစ်ပွဲမှာကဲ့သို့ပင် ရည်ရွယ်ချက်မှာ ခုခံမှုကို ကျော်လွှားခြင်းမပြုမီ ယင်းအားနည်းသွားအောင် လုပ်ဆောင်သွားရန် ဖြစ်ပေသည်။ တစ်ဖက်လူ မိမိခံစစ်ကြောင်းမှ ထွက်လာအောင် လုပ်ဆောင်နိုင်လျှင် ရန်သူအားနည်းသွားမည်မှာ မုချဖြစ်ပေ၏။

လူ့သမိုင်းတွင် အလွှမ်းမိုးနိုင်ဆုံးအချက်မှာ စိတ်ဓာတ်တစ်ခုက အခြားစိတ်ဓာတ်တစ်ခုကို စိုးမိုးနိုင်ရေးဖြစ်ပြီး ယင်းပြဿနာမျိုးနှင့် ရင်ဆိုင်ရတိုင်း သွယ်ဝိုက်ချဉ်းကပ်သည့်နည်းမှာ ဆက်နွှယ်ပါဝင်လာတတ်၏။ သို့စဉ်လျက် ယင်းအချက်သည် အခြားသင်ခန်းစာတစ်ခုနှင့် ဖက်စပ်ပေးရန် ခက်ခဲနေသည်ကို တွေ့ရလေသည်။ ယင်းသင်ခန်းစာမှာ ကောက်ချက်အမှန်ကို ချမှတ်လိုလျှင် သို့မဟုတ် ယင်းနှင့် နီးစပ်လိုလျှင် အကျိုးတရားက မည်သို့ရှိစေကာမူ၊ မည်သူများကို ထိခိုက်စေကာမူ အမှန်တရားကို လက်ကိုင်ပြုရမည်ဟူသော အချက်ဖြစ်လေသည်။

လူတိုးတက်မှုတွင် တမန်တော်များ[၁] သည် သေရေးရှင်ရေးတမျှ အရေးကြီးသည့်အခန်းမှ ပါဝင်ခဲ့သည်ကို သမိုင်းက သက်သေထူပြီးဖြစ်၏။ သစ္စာတရားကို မြင်ရလျှင် ကိုယ်မြင်ရသည့်အတိုင်း အပိုအလိုမပါဘဲ အရှိကိုအရှိအတိုင်း တင်ပြခြင်းဖြင့် နောက်ဆုံးတွင် လက်တွေ့အကျိုးရှိပုံကို သက်သေထူခဲ့ခြင်းဖြစ်လေသည်။ သို့စဉ်လျက် ယင်းသစ္စာတရားကို အများက လက်ခံလာအောင် တရားကိုဖြန့်ဖြူးရာတွင်မူ ခေါင်းဆောင်ဆိုသူများက လုပ်ဆောင်ရ၏။ ယင်းတို့မှာ တွေးခေါ်ရှင် မဟာဗျူဟာ[၂]သမားများဖြစ်ပြီး သစ္စာတရားနှင့် လူတို့ ယင်းသစ္စာတရားကို မည်မျှလက်ခံနိုင်သည်ဆိုသည်ကို ကြား အမြေဖြေရှာပေးရ၏။ ယင်းခေါင်းဆောင်များ ထိရောက်အောင်မြင်မှုသည် သစ္စာတရားကို သိမြင်သည့်အခါ သူတို့တွင် ကန့်သတ်ချက်များ မည်မျှရှိသည်ဆိုသည့်အချက်အပေါ် မူတည်သကဲ့သို့ သစ္စာတရားကို ဖြန့်ဖြူးပြောဟောရာတွင် လက်တွေ့အသိဉာဏ်အသုံးချနိုင်မှုအပေါ်တွင်လည်း မူတည်နေလေသည်။

တမန်တော်များသည် ခဲဖြင့်ပစ်ပေါက်ခြင်းခံရမည် ဖြစ်၏။ ယင်းမှာလည်း သူတို့၏ ဆုလာဘ်ဖြစ်ပြီး သူတို့အောင်မြင်မှုအတိုင်းအတာလည်း ဖြစ်လေသည်။ သို့သော် ခေါင်းဆောင်တစ်ဦး ခဲဖြင့်ပစ်ပေါက်ခြင်းခံရပါလျှင်မူကား သူသည် သူ၏တာဝန်ဝတ္တရား မကျေပွန်ခြင်းကြောင့်သာ ဖြစ်ရလေသည်။ ဉာဏ်ပညာမပြည့်စုံသောကြောင့်သော်လည်းကောင်း၊ သူ၏တာဝန်နှင့် တမန်တော်၏တာဝန်ကို ရောထွေးသွားသောကြောင့်သော်လည်းကောင်းဖြစ်နိုင်၏။ လူတစ်ဦးတစ်ယောက်အနေနှင့် ခေါင်းဆောင်တင်မြှောက်ခြင်းခံရပြီးကာမှ ကျရှုံးသွားရာတွင် ယင်းသို့ အနစ်နာခံစွန့်လွှတ်ခြင်းက ဆုံးရှုံးမှုကို ကျေပျောက်စေမည်လားဆိုသည်ကိုတော့ အချိန်ကသာ အဆုံးအဖြတ်ပေးပေလိမ့်မည်။ အနည်းဆုံးတော့ ထိုခေါင်းဆောင်မျိုးသည် အခြားခေါင်းဆောင်အများ မှားတတ်သည့်အမှားကို ရှောင်ကြဉ်ခဲ့နိုင်ပြီဖြစ်၏။ ယင်းအမှားမှာ နောက်ဆုံးရည်မှန်းချက်အတွက် အကျိုးမရှိပါဘဲ သစ္စာတရားကို စွန့်လွှတ်ပြီး ဖြစ်ကတတ်ဆန်း ရေလိုက်ငါးလိုက် လုပ်ဆောင်မှုမျိုး

---

၁။ Prophets

၂။ Philosophical Strategists.

www.burmeseclassic.com

ဖြစ်၏။ လောကဝတ်ကို ထောက်ထားပြီး သစ္စာတရားကို ဖုံးကွယ်ဖိနှိပ်လေ့ရှိသူထံမှ ပုံပျက်ပန်းပျက် အတွေးအခေါ်များသာ ထွက်လာမည်ဖြစ်ချေ၏။

သစ္စာတရားကို သိရှိလာအောင် တိုးတက်လုပ်ဆောင်မှုနှင့် ယင်းကို လူအများ လက်ခံလာအောင် တိုးတက်လုပ်ဆောင်မှုများကို လက်တွေ့အားဖြင့် ပေါင်းစပ်ပေးသည့်နည်း ရှိပါသလော။ ယင်းပြဿနာ၏ ဖြစ်နိုင်သော အဖြေတစ်ရပ်ကို မဟာဗျူဟာမှုများ စဉ်းစားတွေးခေါ်ခြင်းမှ ရနိုင်ပေ၏။ ယင်းမှုမှာ ရည်မှန်းချက်ကို ထိန်းသိမ်းထားပြီး အခြေအနေအမျိုးမျိုးတွင် ယင်းရည်မှန်းချက် အောင်မြင်ရေးအတွက် လုပ်ဆောင်သည့်မှုပင် ဖြစ်လေသည်။

သစ္စာတရားကို (အထူးသဖြင့် ယင်းသစ္စာတရားသည် အတွေးအခေါ်အသစ်ဖြစ်ပါက) ဆန့်ကျင်တွန်းလှန်မှုမှာ မလွှဲမရှောင်သာဘဲ ပေါ်ပေါက်လာမည်ပင်ဖြစ်ပေသည်။ သို့သော် ဆန့်ကျင်တွန်းလှန်မှုကို လျော့နည်းသွားအောင် လုပ်ဆောင်ရနိုင်ကောင်း၏။ ယင်းသို့လုပ်ဆောင်နိုင်ရန် ရည်မှန်းချက်ကိုသာမက ချဉ်းကပ်ပုံနည်း (လုပ်ဆောင်နည်း)ကိုပါ ဂရုပြုစဉ်းစားရပေမည်။ ကြာရှည်လေးမြင့် အနယ်ထိုင်အခြေကျပြီးဖြစ်သည့်နေရာကို ရှေ့မှတိုက်ရိုက်ချဉ်းကပ်ခြင်းကို ရှောင်ပါ။ နံဘေးမှပန်း၍ ချောင်သည့်ဘက်မှ သစ္စာတရားကို သွင်းယူပါ။ ယင်းသို့ သွယ်ဝိုက်ချဉ်းကပ်ရာတွင် သစ္စာတရားမှ သွေဖည်မသွားရန် သတိထားရမည်။ အကြောင်းမူကား မမှန်ကန်သည့် လုပ်နည်းလုပ်ဟန်သို့ ရောက်သွားသည်ထက် အမှန်တရား တိုးတက်ဖြစ်ပေါ်ရေးကို အန္တရာယ်ပြုနိုင်သော အရာမရှိနိုင်သော ကြောင့်ပေတည်း။

ယခုဖော်ပြခဲ့သောအချက်များ အစီပွာယ်ကို မိမိအတွေ့အကြုံမှ သာဓကများနှင့် ပို၍ထင်ရှားစေမည်ဖြစ်ပါ၏။ အကြံသစ် ဉာဏ်သစ်များ၊ စိတ်ကူးသစ်များကို လက်ခံကျင့်သုံးလာသည့် အဆင့်များကို ပြန်လည်သုံးသပ်သည့်အခါတွင် ယင်းတို့သည် အခြေခံအားဖြင့် အကြံသစ်စိတ်ကူးသစ်များမဟုတ်ဘဲ ယခုခေတ်တွင် မေ့ပျောက်နေပြီဖြစ်သော်လည်း ရှေးခေတ်ကအသုံးပြုခဲ့သည့်မှုများ၊ လုပ်နည်းလုပ်ဟန်များသာဖြစ်ကြောင်း၊ ယခုခေတ်နှင့် ဆီလျော်အောင် ပြုပြင်တင်ပြခြင်းသာဖြစ်ကြောင်း၊ ပြောဟောသည့်အခါတွင် ယင်းတို့ကို ပိုမိုလွယ်ကူစွာ နာယူလက်ခံလေ့ရှိကြောင်း တွေ့ရှိရပေ၏။ ယင်းသို့တင်ပြနိုင်ရန်အတွက် လှည့်ဖြားရန်မလိုပါ။ ကွင်းဆက်ကို တွေ့အောင်ရှာရန်သာလို၏။ အကြောင်းမူကား "နေမင်းအောက်တွင် အသစ်အဆန်းဟူ၍ မရှိသောကြောင့်ပင်တည်း"။ ထင်ရှားသည့်သာဓကတစ်ရပ်မှာ တပ်များကို ယန္တရားတပ်ဆင်ရန် အကြံဉာဏ်ကို တင်ပြရာတွင် လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်သည့် သံချပ်ကာယာဉ် (တင့်ကား)သည် အခြေခံ



အားဖြင့် သံချပ်ဝတ် မြင်းစီးစစ်သည်၏ အမွေခံဖြစ်ကြောင်း၊ ဤနည်းအားဖြင့် ရှေးခေတ်တွင် မြင်းတပ်က တိုက်ပွဲများတွင် အဆုံးအဖြတ်ပေးခဲ့သည့်နည်းတူ ယခုလည်း ယင်းနည်းကိုပင် ပြန်လည်ဖော်ပြခြင်းသာဖြစ်ကြောင်း တင်ပြခဲ့ရာ ယင်းအကြံဉာဏ်ကို အတိုက်အခံ လျော့နည်းလာသည်ကို တွေ့ခဲ့ရပေ၏။

ဘီအိတ်(ချ)လစ်ဒယ်ဟတ်

www.burmeseclassic.com

# အပိုင်းတစ်

## ငါးရာစုဘီစီမှ နှစ်ဆယ်ရာစုအေဒီ မဟာဗျူဟာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

# သမိုင်းသည် လက်တွေ့ အတွေ့အကြုံဖြစ်သည်

"လူတို့သည် အတွေ့အကြုံမှ သင်ခန်းစာယူသည်ဟု အရူးများက ဆို၏။ ကျွန်ုပ်ကမူ အခြားသူများ အတွေ့အကြုံများမှ သင်ခန်းစာယူရန် ပို၍လိုလား၏။" ဘစ်မဂ်က ယင်းသို့ဆိုခဲ့သည်ဟု ကိုးကားပြောဆိုကြသော်လည်း ယင်းအဆိုအမိန့်မှာ သူက စတင်ခဲ့ခြင်းကား မဟုတ်ပါ။ မည်သို့ဖြစ်စေ ယင်းစကားရပ်သည် စစ်ဘက်ပြဿနာများနှင့် အထူးသက်ဆိုင်ပေ၏။ 'အမြဲတမ်း စစ်သည်'သည် အခြားအလုပ်အကိုင် လုပ်ကိုင်သူများကဲ့သို့ မိမိလုပ်ငန်းကို အမြဲလက်တွေ့စမ်းသပ် လုပ်ကိုင်နိုင်သည် မဟုတ်ပေ။ စင်စစ် စစ်သားအလုပ်သည် တိတိကျကျဆိုရသော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟုပင် မခေါ်ဆိုနိုင်ပေ။ 'အရေးရှိမှ သုံးရသည့်' လုပ်ငန်းတစ်ရပ်သာ ဖြစ်ချေ၏။ စစ်ဖြစ်သည့်အခါတွင် ငှားရမ်းသုံးစွဲသည့် ကြေးစားစစ်သည်များကို အမြဲတမ်းစစ်သည်များနှင့် အစားထိုးအသုံးပြုခဲ့ကြသည့် အချိန်မှအစပြု၍ စစ်မဖြစ်သည့်ကာလတွင်လည်း အမြဲတမ်းစစ်သည်များကို လခပေး၍ ထားခဲ့ကြ၏။ ယင်းအချိန်မှအစပြု၍ စစ်သားဆိုသည်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမဟုတ်ဟု ဆိုပါက ကြား၍ နားကလောမည်ဖြစ်သော်လည်း အမှန်ပင် ဖြစ်ချေ၏။

ယင်းသို့ စစ်သားလုပ်ငန်းသည် အသက်မွေးဝမ်းကျောင်းအလုပ်မဟုတ်ဟု ဆိုလျှင် ယနေ့ တပ်မတော်အသီးသီးတွင် လုပ်ကိုင်နေကြရသော လုပ်ငန်းများကို



www.burmeseclassic.com

www.burmeseclassic.com

ထောက်ရှု၍ ယင်းအဆိုသည် မှန်ကန်မည်မဟုတ်ဟု စာဒကတက်လာလျှင် ရှေးခေတ်ကနှင့်စာလျှင် စစ်ပွဲများသည် ပိုမိုကြီးမားလာစေကာမူ တစ်ခုနှင့်တစ်ခု ပိုမို အလှမ်းဝေးလာခြင်းကြောင့် (စစ်သားလုပ်ငန်းသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းမဟုတ်ဟူသော) မူလအဆိုအမိန့်သည် ပို၍ခိုင်ခံ့မှန်ကန်သည်ဟု တစ်ဖက်က ပြောကြားရန်သာ ရှိပေ၏။ အကြောင်းမူကား စစ်အေးချိန်အတွင်း အကောင်းဆုံးဟုဆိုသော လေ့ကျင့်ရေးမှာပင်လျှင် 'လက်တွေ့' (နပူးတွေ့ဒူးတွေ့ တကယ့်) အတွေ့အကြုံများမဟုတ်ဘဲ 'စာတွေ့'သဘောပင် ဖြစ်နေသောကြောင့်ဖြစ်ပေ၏။

သို့သော် ဘစ်မင်္ဂ၏ဆိုရိုးသည် ယင်းပြဿနာဖြေရှင်းရေးတွင် အားတက်ဖွယ် တွေ့ရပေ၏။ ယင်းဆိုရိုးအရ လက်တွေ့အတွေ့အကြုံနှစ်မျိုး ရှိပေသည်။ 'တိုက်ရိုက်'နှင့် 'သွယ်ဝိုက်'အတွေ့အကြုံများဖြစ်ပြီး ယင်းနှစ်မျိုးအနက် သွယ်ဝိုက် လက်တွေ့အတွေ့အကြုံများဖြစ်ပြီး ယင်းနှစ်မျိုးအနက် သွယ်ဝိုက် လက်တွေ့ အတွေ့အကြုံသည် ပို၍တန်ဖိုးရှိ၏။ အတိုင်းအဆ ပြောမပြနိုင်လောက်အောင် ပို၍ ကျယ်ပြန့်သောကြောင့် ဖြစ်ပေသည်။ တက်ကြွမှုအရှိဆုံးလုပ်ငန်း၌ပင်လျှင် (အထူးသဖြင့် စစ်ဘက်လုပ်ငန်း၌) တိုက်ရိုက်လက်တွေ့ အတွေ့အကြုံသည် အလွန်ပင် ကန့်သတ်ချက်ရှိပေ၏။ ဆေးဘက်လုပ်ငန်း၌ကား (စစ်ဘက်နှင့် လုံးဝ မတူဘဲ) အမြဲတစေ လက်တွေ့ အတွေ့အကြုံများ တွေ့နေရပေ၏။ သို့စဉ်လျက် ဆေးနှင့် ခွဲစိတ်ကုသမှုပညာရပ်၌ တိုးတက်မှုကြီးများသည် လက်တွေ့လုပ်ဆောင်နေသူများထက် သိပ္ပံနည်းကျတွေးခေါ်ရှင်များနှင့် သုတေသနပြုသူများကြောင့်သာ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။

တိုက်ရိုက်အတွေ့အကြုံသည် သူ့သဘောသဘာဝအလျောက်ပင် ကန့်သတ်လွန်းနေသဖြင့် သဘောတရားအတွက်သော်လည်းကောင်း၊ ကျင့်သုံးလိုက်နာမှုအတွက်သော်လည်းကောင်း လုံလောက်သည့် အခြေခံကောင်းတစ်ရပ် ဖြစ်မလာနိုင်ချေ။ ယင်းအတတ်နိုင်ဆုံးကား အတွေးအခေါ်ကို ပိုမိုရင့်ကျက်ခိုင်မာလာစေရန် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပေ၏။ သွယ်ဝိုက် အတွေ့အကြုံက ပိုမိုတန်ဖိုးရှိရသည်မှာ ယင်းသည် အမျိုးအစားအားဖြင့်လည်းကောင်း၊ အကျယ်အဝန်းအားဖြင့်လည်းကောင်း ပိုမိုများပြားသောကြောင့် ဖြစ်ပေသည်။ "သမိုင်းဆိုသည်မှာ လူတိုင်း၏အတွေ့အကြုံပင်ဖြစ်၏။" အခြားတစ်ဦးတစ်ယောက်၏အတွေ့အကြုံ မဟုတ်ဘဲ အခြေအနေအမျိုးမျိုးတွင် လူအမျိုးမျိုးတို့၏ အတွေ့အကြုံများပင် ဖြစ်ချေသည်။

စစ်သမိုင်းသည် စစ်ဘက်ပညာရေး၏ အခြေခံဖြစ်သည်ဆိုခြင်းမှာ ယင်းအချက်ကြောင့် မှန်ကန်ခိုင်လုံလှပါသည်။ စစ်သားတစ်ဦး၏ စိတ်ဓာတ်ရေးရာဖွံ့ဖြိုးတိုးတက်မှုအတွက် စစ်သမိုင်းဘာသာရပ်သည် ထူးထူးခြားခြား လက်တွေ့



တန်ဖိုး ကြီးမားလှပေသည်။ သို့သော် အခြားအတွေ့အကြုံများကဲ့သို့ပင် လေ့လာမှု ကျယ်ပြန့်လေ တန်ဖိုးရှိလေဖြစ်ပေသည်။ အထက်တွင် ဖော်ပြခဲ့သော ဆိုရိုးနှင့် မည်မျှကိုက်ညီသည်ဆိုသည့်အချက်နှင့် လေ့လာမှု စနစ်ကျနရေးတို့အပေါ်မှီ၍လည်း တန်ဖိုးကို ဆုံးဖြတ်နိုင်၏။

လူအများ မကြာခဏ ကိုးကားကြရသည့် နပိုလီယံ၏ ဆိုရိုးစကားတစ်ခု ဖြစ်သော 'စစ်တိုက်ရာတွင် စိတ်ဓာတ်သည် ရုပ်ပစ္စည်းထက် သုံးဆတစ်ဆ တန်ဖိုးရှိသည်'ဟူသောစကားရပ်ကို စစ်သားအားလုံးကပင် မှန်ကန်ပါပေသည်ဟု လက်ခံယူဆထားကြ၏။ တကယ့် သချာသဘောအရ အချိုးအစားသည် တန်ဖိုးရှိကောင်းမှ ရှိမည်။ အဘယ်ကြောင့်ဆိုသော် လက်နက်ပစ္စည်း မပြည့်စုံသော် စိတ်ဓာတ်ကျနိုင်၏။ ထို့ပြင် သေဆုံးနေပြီဖြစ်လျှင် အခိုင်မာဆုံးစိတ်ဓာတ်သည်လည်း သုံးရတော့သည်မဟုတ်ချေ။ စိတ်ဓာတ်နှင့် ပစ္စည်းလက်နက်တို့မှာ ခွဲခြားမရစကောင်းသည် မှန်သော်လည်း နပိုလီယံ၏ ဆိုရိုးသည် အမြဲတစေ အဖိုးတန်နေရသည်မှာ စစ်ဘက်ဆုံးဖြတ်ချက်မှန်သမျှတွင် စိတ်ဓာတ်ရေးရာအချက်အလက်က လွှမ်းမိုးနေသည်ဆိုသည်ကို ယင်းဆိုရိုးက ပီပီပြင်ပြင်ဖော်ပြနိုင်သောကြောင့် ဖြစ်လေသည်။ စစ်ပွဲ၊ တိုက်ပွဲ ကံကြမ္မာသည် စိတ်ဓာတ်ရေးရာအချက်များအပေါ်တွင် အမြဲတည်နေပေသည်။ စစ်သမိုင်းတစ်လျှောက်လုံးတွင် ယင်းတို့သည် မူသေကိန်းများအဖြစ်တည်ရှိပေသည်။ အနည်းအကျဉ်းသာ ဒီဂရီအားဖြင့် အတိုးအလျော့ရှိသည်။ ပစ္စည်းလက်နက်သည်ကား စစ်ပွဲတစ်ခုနှင့်တစ်ခု၊ စစ်အခြေအနေတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသည်သာ ဖြစ်ပေ၏။

လက်တွေ့အသုံးချရန်အတွက် စစ်သမိုင်းလေ့လာမှုတွင် ယင်းအချက်ကို သိရှိခြင်းသည် လေ့လာမှုတစ်ရပ်လုံးကို အကျိုးသက်ရောက်မှုရှိလေသည်။ မကြာသေးမီက စစ်သမိုင်းလေ့လာနည်းမှာ တိုက်ပွဲစဉ် တစ်ခုနှစ်ခုကို ရွေးထုတ်ပြီး အသေးစိတ် လေ့လာရ၏။ ယင်းလေ့လာမှုမှာ စစ်သားတစ်ဦး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ဖြစ်သည့်အပြင် စစ်သဘောတရား အခြေခံအတွက်လည်း ဖြစ်ပေသည်။ သို့သော် အခြေခံက ကန့်သတ်နေသည့်အပြင် စစ်ပွဲတစ်ခုနှင့်တစ်ခု နည်းနာများမှာ အမြဲတစေ ပြောင်းလွဲနေသဖြင့် အမြင်ကျဉ်းမြောင်းပြီး သင်ခန်းစာ အမှားများနှင့် ကြုံရနိုင်၏။ ပစ္စည်းလက်နက်နှင့်ပတ်သက်၍မူကား မူသေအချက်မှာ နည်းလမ်းနှင့် အခြေအနေတို့သည် အမြဲတစေ ပြောင်းလဲနေသည်ဆိုသည့် အချက် ဖြစ်ချေသည်။

လူမှာမူ (ပစ္စည်းလက်နက်နှင့်မတူဘဲ) အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ တုံ့ပြန်ပုံမှာ အတူတူလိုပင် ဖြစ်၏။ ကွဲလွဲမှုများစွာ မရှိချေ။ မျိုးရိုးကြောင့်သော်

www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ ပတ်ဝန်းကျင်ကြောင့်သော်လည်းကောင်း၊ လေ့ကျင့်ရေးကြောင့်သော်လည်းကောင်း လူတစ်ဦးနှင့်တစ်ဦး ကွဲလွဲမည်မှာ အမှန်ဖြစ်၏။ သို့သော် ယင်းကွဲလွဲချက်မှာ ဒီဂရီအနည်းအများသာ ကွာခြားပြီး အခြေခံအားဖြင့် ခြားနားချက်မဟုတ်ချေ။ အခြေအနေမှာ ဒေသန္တရတစ်ခု သို့မဟုတ် နေရာအချို့နှင့်သာ သက်ဆိုင်ပြီး လေ့လာမှုမှာလည်း ယင်းသို့ ကန့်သတ်ထားသည့်အခါ ယင်းသို့ လူများတုံ့ပြန်မှုဒီဂရီအားဖြင့် ခြားနားချက်ကို သိရှိရန် ခဲယဉ်းလှပေ၏။ တစ်စုံတစ်ခုသော အခြေအနေတွင် ခုခံမှုများသည် မည်သည့်အတိုင်းအတာအထိ ခုခံကာကွယ်မည်ကို အတိအကျ တွက်ချက်ရန် ခဲယဉ်းမည်ဖြစ်သော်လည်း ၎င်းတို့သည် နီးကြားနေသည့်အခါမှာထက် အင်္ဂါမီလိုက်သည့်အခါတွင် ခုခံမှုအားနည်းမည်မှာ သေချာလှပေသည်။ ထို့အတူပင် ရိက္ခာပစ္စည်း ပြည့်စုံ၍ လန်းဆန်းနေသောအခါမှာထက် ပင်ပန်းနွမ်းနယ် ဆာလောင်မွတ်သိပ်နေသည့်အခါတွင် ခုခံမှုပိုအားနည်းမည်မှာ သေချာ၏။ မိမိလေ့လာမှု ပိုမိုကျယ်ပြန့်၍ စိတ်ဓာတ်အခြေအနေကို ပိုမိုလေ့လာနိုင်လေ ကောက်ချက်များချနိုင်ရန် အခြေခံ ပို၍ကောင်းလေဖြစ်ပေသည်။

ရုပ်ပစ္စည်းထက် စိတ်ဓာတ်က ပိုမို ဩဇာထက်မြက်ပြီး ပြောင်းလဲမှုနည်းသည်ဆိုသည့် အချက်များကြောင့် **စစ်သဘောတရားကို လေ့လာရာတွင် အခြေခံကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်ရန် လိုအပ်ပေသည်။** စစ်သမိုင်းတစ်ခုလုံးကို မငုံမိဘဲ တိုက်ပွဲစဉ်တစ်ခုထဲကိုသာ အသေးစိတ် လေ့လာထားသူသည် မှားယွင်းနိုင်၏။ ကောက်ချက်အမှားများ ချမှတ်နိုင်၏။ လေ့လာမှု ကျယ်ပြန့်၍ ခေတ်အသီးသီး၊ အခြေအနေအသီးသီးတွင် အကြိမ်ပေါင်းများစွာပင် တစ်စုံတစ်ခုသောအကြောင်းများကြောင့် တစ်စုံတစ်ခုသော အကျိုးကိုရသည်ဟု တွေ့လာရလျှင် ယင်းအကြောင်းကို စစ်သဘောတရားတစ်ရပ်၏ တစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူ၍ ရနိုင်ကောင်း၏။

ဤစာအုပ်တွင် ဖော်ပြထားသော အချက်များမှာ ယင်းသို့ စစ်သမိုင်းကို ကျယ်ပြန့်စွာ လေ့လာထားရာမှ သုံးသပ်တင်ပြချက်များ ဖြစ်ပါသည်။ ဗြိတိသျှ စွယ်စုံကျမ်းတွင် စစ်ဘက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ရင်း ယင်းလုပ်ငန်းနှင့် ပတ်သက်နေသည့် အခြားသော အကြောင်းများ စုပေါင်းမိ၍ ယခုစာအုပ်ရေးဖြစ်သည်ဟု ဆိုနိုင်ပါ၏။ မိမိဝါသနာအလျောက် ယခင်အခါများက ခေတ်အသီးသီးမှ စစ်သမိုင်းကို လေ့လာခဲ့ရာမှ စွယ်စုံကျမ်းအယ်ဒီတာ ဖြစ်လာသောအခါ ခေတ်တိုင်းမှ စစ်သမိုင်းကို လေ့လာခဲ့ရပါသည်။ ကျယ်ကျယ်ပြန့်ပြန့် တိုင်းတာပြီးသော မြေတိုင်းသည် ယေဘုယျမြေအနေအထား မည်သို့ရှိမည်ကို သိရှိနိုင်ပြီး သင်္ဘောတွင်းတူးသူမှာမူ ကိုယ့်သင်္ဘောတွင်းမှမြေကိုသာ သိရှိနိုင်မည်



ဖြစ်ပါသည်။ ဤနည်းအတိုင်းပင် ကမ္ဘာလှည့်ခရီးသည်များသည်လည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာမိလျှင် ယေဘုယျအခြေအနေကို သိနိုင်လောက်ပေ၏။

ယင်းသို့ လေ့လာခဲ့စဉ် ကျွန်ုပ်တွေ့ရှိလာသော ကောက်ချက်တစ်ရပ်မှာ တဖြည်းဖြည်း ပို၍ပို၍ ခိုင်မာလာသည်ကို တွေ့ရပါသည်။ ယင်းကောက်ချက်မှာ ဤသို့ဖြစ်၏။ **စစ်သမိုင်းတစ်လျှောက် အခေတ်အသီးသီးတွင် ကြီးကျယ်သော အကျိုးကို ရရှိခဲ့ကြသည်မှာ သွယ်ဝိုက်သည့်နည်းကိုသုံး၍ ရန်သူက မိမိတပ်များအား တုံ့ပြန်ရန် အဆင်သင့်မဖြစ်သည့်အခါများတွင်သာ ယင်းသို့ အကျိုးခံစားရခြင်း ဖြစ်ပေ၏။** သွယ်ဝိုက်နည်းကိုမသုံးဘဲ ရန်သူက အသင့်ဖြစ်နေသောအခါ ကြီးကျယ်သည့်အောင်ပွဲများ ရခဲလှ၏။ သွယ်ဝိုက်နည်းမှာ မကြာခဏ ရုပ်ပစ္စည်းနှင့်ပတ်သက်၍ **အမြဲဝင်** စိတ်ဓာတ်ရေးရာနှင့် ပတ်သက်၏။ မဟာဗျူဟာတွင် မကြာခဏဆိုသလို အရှည်ဆုံး ကွေ့ပတ်သွားရသည့်လမ်းသည် အတိုဆုံးလမ်း ဖြစ်နေတတ်၏။

မိမိစိတ်တွင် ရည်မှန်းထားသည့်အရာတစ်ခုကို လည်းကောင်း၊ ရုပ်ပစ္စည်းအနေနှင့် ရည်မှန်းချက်တစ်ရပ်ကို လည်းကောင်း ရန်သူမျှော်မှန်းထားသည့်ဘက်မှ တိုက်ရိုက်ချဉ်းကပ်၍ မအောင်မြင်နိုင်ဆိုသည့် သင်ခန်းစာမှာလည်း တဖြည်းဖြည်း ပို၍ အနယ်ထိုင် ခိုင်မာလာခဲ့သည်။ နပိုလီယံက ထို့ကြောင့်ပင်လျှင် စိတ်ဓာတ်နှင့် ရုပ်ပစ္စည်းသည် သုံးဆတစ်ဆ တန်ဖိုးရှိသည်ဟု ဆိုခဲ့ခြင်းဖြစ်၏။ ယင်းအချက်ကို သိပ္ပံနည်းကျပြောရလျှင် ရန်သူ (သို့မဟုတ်) တိုင်းပြည်တစ်ခုအင်အားသည် အပြင်ပန်းအားဖြင့် အရေအတွက် သယံဇာတပစ္စည်းများအပေါ် တည်နေသည်ဖြစ်သော်လည်း စင်စစ် ယင်းတို့သည် အခြေခံအားဖြင့် ကွပ်ကဲမှု၊ စိတ်ဓာတ်နှင့် ထောက်ပံ့မှုတို့ တည်ငြိမ်မှုအပေါ် တည်နေ၏။

ရန်သူ မျှော်မှန်းထားသည့်ဘက်မှ ချီတက်တိုက်ခိုက်လျှင် ရန်သူ ပို၍ အောက်ခြေခိုင်အောင် လုပ်ပေးသလိုဖြစ်ပြီး သူ၏ခုခံမှုအင်အားသည် ပိုမိုကြီးမားလာမည်ဖြစ်၏။ စစ်ဆိုသည်မှာ နပန်းသတ်သကဲ့သို့ပင် တစ်ဖက်လူ အောက်ခြေလွတ်ပြီး ဟန်ချက်ပျက်သွားအောင် မလုပ်သေးဘဲ သူ့ကို ကိုင်ပေါက်လိုလျှင် ကိုယ်ကပင်ပန်းရပြီး ရန်သူသည် မိမိလောက် မောပန်းမည်မဟုတ်ချေ။ မိမိက အင်အားအဆမတန်သာသည့်အခါတွင်သာ ယင်းနည်းဖြင့်အောင်မြင်နိုင်ပြီး ထိုကဲ့သို့ အောင်မြင်သည့်တိုင်အောင် အဆုံးအဖြတ် မပေးနိုင်ဘဲ ဖြစ်တတ်၏။ တိုက်ပွဲအများစုတွင် ရန်သူအား အောင်မြင်စွာ ချေမှုန်းနိုင်ရန် ရှေးဦးစွာ ရန်သူ့စိတ်ဓာတ်၊ ပစ္စည်းဟန်ချက်ပျက်သွားအောင် လုပ်ရ၏။ **ယင်းသို့ ရန်သူ အခြေပျက်သွားအောင်လုပ်ရေးမှာ ပထမဆုံး သေရေးရှင်ရေးတမျှ အရေးကြီးသည့် လိုအပ်ချက်ဖြစ်ပေ၏။**

www.burmeseclassic.com

www.burmeseclassic.com

တမင်တကာသော်လည်းကောင်း၊ မရည်ရွယ်ဘဲ အခြေအနေအရသော်လည်းကောင်း မဟာဗျူဟာမြောက် သွယ်ဝိုက်ချဉ်းကပ်ခြင်းဖြင့် ရန်သူ အခြေပျက်ရ၏။ ယင်းမဟာဗျူဟာမြောက် သွယ်ဝိုက်ချဉ်းကပ်ခြင်းမှာလည်း ပုံစံအမျိုးမျိုးရှိပေ၏။ ဗိုလ်ချုပ်ကြီးကာမွန်[1]က နပိုလီယံတိုက်ပွဲစဉ်များကို သုတေသနပြုရာမှ တွေ့ရှိလာသောအချက်မှာ ဤသို့ဖြစ်၏။ နပိုလီယံသည် မိမိတိုက်ပွဲစဉ်များတွင် အမြဲတမ်း ရန်သူ့နောက်ကြောကို ချဉ်းကပ်ရန်[2] ရည်မှန်းကြောင်း၊ ယင်းမှာ နပိုလီယံ အောင်ပွဲခံနိုင်ခြင်း၏ သော့ချက်ဖြစ်သည်ဟု ဆို၏။ သွယ်ဝိုက်ချဉ်းကပ်နည်း မဟာဗျူဟာမှာ ရန်သူ့နောက်ကြောကို ချဉ်းကပ်ရန် ပါဝင်သည့်ပြင် ယင်းနည်းဗျူဟာထက်ပင် ကျယ်ဝန်းပါသည်။ ကာမွန်က ထောက်ပံ့ရေးနှင့် လှုပ်ရှားမှုများကိုသာ ဦးစားပေး လေ့လာခဲ့၏။ ယင်းတို့တွင် အချိန်၊ နေရာနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ပါဝင်ပေသည်။ သို့သော် စိတ်ဓာတ်ရေးရာ အချက်အလက်များကို ထည့်သွင်းတွက်ချက်သည့်အခါတွင် နပိုလီယံသည် ရန်သူ့နောက်ဆွယ်သို့ ပန်း၍ ချီတက်ခြင်းမပြုသည့်အခါများတွင်လည်း အရေးကြီးလှသည့် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာကို ကျင့်သုံးခဲ့သည်ကို တွေ့ခဲ့ရပေသည်။

ယင်းစစ်ဆင်ရေးများ လေ့လာရန်နှင့် သွယ်ဝိုက်ချဉ်းကပ်ခြင်း မဟာဗျူဟာ ဆက်သွယ်ပုံတို့ကို လေ့လာရန် နစ်ဖက်အင်အား၊ ထောက်ပံ့ရေး၊ သယ်ယူပို့ဆောင်ရေးတို့ကို အသေးစိတ် စာရင်းဇယားများနှင့် လေ့လာနေရန် မလိုပါ။ ကျွန်ုပ်တို့နှင့် ပတ်သက်သည်မှာ တိုက်ပွဲစဉ်အသီးသီးတွင် သမိုင်းအရ အကျိုးသက်ရောက်မှုများနှင့်ယင်းတို့ကို ဖြစ်ပေါ်စေသည့် ထောက်ပံ့ရေး၊ စိတ်ဓာတ်ရေး လုပ်ဆောင်ချက်များပင် ဖြစ်လေသည်။

သဘာဝအနေအထား၊ တပ်အနည်းအများ၊ အချိန်ကွဲပြားခြားနားလှသည့် အခြေအနေများတွင် (အခြေခံအားဖြင့် တူညီသော) တစ်စုံတစ်ခုသောအကြောင်းများကြောင့် တစ်စုံတစ်ခုသော အကျိုးကို ရရှိလာသည်ဆိုသော် ဘုံအကြောင်းကို ကောက်ချက်ထုတ်ယူနိုင်လောက်အောင် ဆက်သွယ်မှုကို တွေ့ရှိပြီဟု ဆိုနိုင်၏။ အခြေအနေ ကွဲပြားခြားနားလေ ကောက်ချက်မှာ ပိုမိုခိုင်လုံလေ ဖြစ်ပေ၏။

စစ်သမိုင်းကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်း၏ တကယ့်တန်ဖိုးမှာ မှန်ကန်သည့် စစ်သဘောတရားအသစ်များ ရရှိရန် သုတေသနပြုခြင်းအတွက်သာ မဟုတ်သေးပါ။ မည်သည့် စစ်သဘောတရားအတွက်မဆို ကျယ်ပြန့်သည့် စစ်သမိုင်း လေ့လာမှုသည် အခြေခံဖြစ်ရပေမည်။ ထို့အတူပင် စစ်သုတေသီတစ်ဦး

၁။ General Camon

၂။ Manaeuvre Sur Les Derrie'res



အတွက် မိမိအမြင် ယထာဘူတကျရေး၊ အမြင်ကျယ်ရေးအတွက်လည်း စစ်သမိုင်းကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရေးမှာ လိုအပ်သည့် အခြေခံဖြစ်၏။ ယင်းသို့ ကျယ်ပြန့်စွာ လေ့လာမထားလျှင် သူ၏ ဗဟုသုတမှာ မနိုင်မာသည့် ထိပ်ဖျားပေါ် ပြောင်းပြန်စိုက်၍ ထောင်ထားသော ပိရမစ်ကြီးနှင့် တူနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ခေါမစစ်များ အပါမိနွန်ဒတ်၊ ဖိလစ်နှင့် အက်လီဇင်းဒါး

ဥရောပသမိုင်း၏ ပထမစစ်ကြီးဟုဆိုအပ်သော ပါရှားစစ်ကြီးမှာ စစ်သမိုင်း စတင်လေ့လာရန် သဘာဝသမိုင်း မှတ်တိုင်ကြီးပင် ဖြစ်၏။ မဟာဗျူဟာ စတင်ခါစ အချိန်ပိုင်းဖြစ်သဖြင့် များစွာသင်ခန်းစာရမည်ဟု မျှော်လင့်မထားအပ်ပေ။ သို့သော် မာရသုံဆိုသည့် အမည်ကပင် စာဖတ်သူများအသည်းတွင် စွဲထင်နေခဲ့သည်ဖြစ်၍ ယင်းအချိန်ပိုင်းကို လျစ်လျူရှုမထားအပ်ချေ။

အီရက်ထရီးယားနှင့် အေသင်[၁]တို့မှာ ဒေးရီးယပ်[၂] အမြင်တွင် တိုင်းငယ်ပြည်ငယ်များသာ ဖြစ်ကြ၏။ ၎င်းတို့ကိုဆုံးမရန် ၄၉၀ ဘီစီတွင် ဒေးရီးယပ် စေလွှတ်ခဲ့သောတပ်မှာ ကြီးမားလှသည်မဟုတ်ချေ။ အီရက်ထရီးယားကို ဖျက်ဆီးနိုင်ခဲ့ပြီး ယင်းလူများကို ပါရှားပင်လယ်ကွေ့သို့ ရွှေ့ပြောင်းနေထိုင်ကြရန် ဒေးရီးယပ်က လုပ်ဆောင်နိုင်ခဲ့၏။

နောက်တစ်လှည့်မှာ အေသင်အလှည့်ဖြစ်၏။ အေသင်မှ တစ်ဖက်စွန်းရောက် ဒီမိုကရက်တစ်ပါတီကလည်း ပါရှားများဘက်မှ ဝင်ရောက်ကူညီကြရန် အသင့်ရှိနေကြ၏။ ပါရှားတို့က အေသင်သို့ တိုက်ရိုက်ချီတက်ခြင်းမပြုဘဲ မာရသုံတွင် ကမ်းတက်ခဲ့ကြလေသည်။ အေသင်သို့ တိုက်ရိုက်ချီတက်ပါက မိမိတို့ဘက်ပါလာမည်ဟု မျှော်လင့်ထားသော ဒီမိုကရက်များကပါ ပါရှားတို့အား ခုခံလာနိုင်လေသည်။ မာရသုံတွင် ကမ်းတက်ပြီး အေသင်စစ်တပ်က ပါရှားတို့အား

၁။ Eretria and Athens.

၂။ Darius.



ရင်ဆိုင်ရန် ချီတက်လာကြစဉ် ဒီမိုကရက်များက အေသင်တွင် အာဏာသိမ်းထားနိုင်၏။ ထို့ပြင် အေသင်မြို့ကို ဝန်းရံတိုက်ခိုက်ခြင်းလည်း ပြုရန် လိုတော့မည်မဟုတ်ချေ။

ပါရှားတို့ မျှော်လင့်သည့်အတိုင်း ဖြစ်လာခဲ့၏။ အေသင်တပ်မတော်က ပါရှားတို့နှင့် ရင်ဆိုင်စစ်ခင်းရန် မာရသုံသို့ ချီတက်လာကြစဉ် ပါရှားမဟာဗျူဟာ ဒုတိယအဆင့်ကို အကောင်အထည်ဖော်ရန်သာ ကျန်တော့၏။ မာရသုံတွင် ရောင်ပြတပ်တစ်တပ် ချန်ခဲ့ပြီး ကျန်ပါရှားတပ်ကို ရေကြောင်းမှ ဆက်လက်ချီတက်စေ၍ ဖာလေရမ်[၁] တွင် ကမ်းတက်စေပြီး အကာအကွယ်မဲ့နေသော အေသင်ကို ဝင်တိုက်ကြရန် ဖြစ်၏။ မမျှော်လင့်သော ဖြစ်ရပ်များကြောင့် ယင်းစီမံချက် မအောင်မြင်ခဲ့သော်လည်း အကြံဉာဏ်ကောင်း၍ လိမ္မာပါးနပ်မှုရှိသည်ကို သတိချပ်ရမည်။

မာရသုံတွင် အေသင်က အောင်ပွဲခံလိုက်နိုင်သော်လည်း ပါရှားတပ်အများအပြားမှာ သူတို့သင်္ဘောများသို့ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြ၏။ အေသင်တပ်မတော်သည် အေသင်သို့ ချက်ချင်း ပြန်ဆုတ်နိုင်ခဲ့၍ ပါရှားတို့ကိုပါ ရင်ဆိုင်ရန် အသင့်ဖြစ်နေကြ၏။ ယင်းကဲ့သို့ လျင်မြန်စွာ ချီတက်လုပ်ဆောင်နိုင်မှုကြောင့် ရေရှည်ဝန်းရံတိုက်ရန်လည်း မဖြစ်နိုင်သဖြင့် ပါရှားများ မိမိတို့နိုင်ငံသို့ ပြန်လည်ဆုတ်ခွာခဲ့ကြရလေသည်။

နောက်ထပ် ဆယ်နှစ်ကြာသည်အထိ ပါရှားက အေသင်အား ထပ်မံတိုက်ခိုက်ခြင်းမရှိချေ။ အေသင်က ထိုအချိန်အတွင်း စစ်ပြင်ဆင်မှုမလုပ်ခဲ့ကြဘဲ ၄၈၇ ဘီစီကျတော့မှ ရေတပ်အင်အားကို တိုးချဲ့ခဲ့ကြ၏။ ပါရှားက အေသင်ထက်ကြည်းတပ်တွင် အဆများစွာသာလွန်ရာ အေသင်က ရေတပ်တိုးချဲ့ခဲ့မှုကြောင့် ပါရှားရန်ကို တွန်းလှန်တိုက်ခိုက်ရာ၌ အေသင်ရေတပ်သည် အဆုံးအဖြတ်ပေးနိုင်သည့် လက်နက်ဖြစ်ခဲ့လေသည်။ ပါရှားက အေသင်အား မတိုက်ခိုက်ခဲ့ခြင်းမှာ ၄၈၆–၄၈၄ အတွင်း အီဂျစ် ပုန်ကန်ခြားနားခဲ့၍လည်းကောင်း၊ အရည်အချင်းအပြည့်ဝဆုံးဖြစ်သည့် ဒေးရီးယပ်ဘုရင်ကြီး နတ်ရွာစံလွန်ခဲ့ခြင်းကြောင့် လည်းကောင်း ဖြစ်လေသည်။

၄၈၁ နှစ်တွင် ပါရှားတို့၏ အေသင်ချီတပ်ကြီးမှာ ကြီးကျယ်လှသည်ဖြစ်၍ ယခင်က ကွဲပြားနေကြသည့် ခေါမပြည်နယ်များသည် စုစည်းမိခဲ့ကြလေ၏။ ထို့ပြင် ပါရှားဘုရင် ဇာဇီး[၂]ကလည်း တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်ရန် ဆုံးဖြတ်

၁။ Phalarum.

၂။ Xerxes.

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။ ပါရှားတပ်ကြီးမှာ ကြီးမားလွန်းသည်ဖြစ်၍ ရေကြောင်းမှ ပို့ဆောင်နိုင်ခြင်းမရှိဘဲ ကြည်းကြောင်းမှ ချီတက်ခဲ့ကြရ၏။ ရေတပ်က ကြည်းကြောင်းချီတပ်ကြီးအတွက် ရိက္ခာပို့ဆောင်ပေးရ၏။ ဖြစ်ပေါ်လာသည့်အကျိုးကား ကြည်းတပ်သည် ရေတပ်နှင့် အမြဲတွဲနေရန် လိုအပ်သဖြင့် ကမ်းနားမှသာ မြှောင်၍ ချီတက်ခဲ့ကြရလေသည်။ ပါရှားတပ် ချီတက်ရာလမ်းကြောင်းမှာ ထင်ရှားလှ၍ ရန်သူခေါမတို့က ကြိုတင်သိနေကြကုန်၏။

ခေါမကျွန်းစုများ အနေအထားအရ ရန်သူချီတက်ရာလမ်းကြောင်းမှ ပိတ်ဆို့တိုက်ရန် အခွင့်ကောင်းများစွာ ရခဲ့ကြ၍ ခေါမပြည်နယ်အားလုံး ညီညီညွတ်ညွတ်သာရှိကြ၍ စည်းလုံးတိုက်ကြပါက ပါရှားတပ်မတော်ကြီးသည် သာမိုပိုင်လေတောင်ပိုင်းသို့ ရောက်လာရန် အကြောင်းမရှိချေ။

ခေါမရေတပ်က ပါရှားရေတပ်အား ဆာလာမစ်[၁]တွင် နိုင်အောင်တိုက်လိုက်နိုင်၍ ပါရှားကြည်းတပ်က မည်သို့မျှ ပါဝင်ကူညီနိုင်ခြင်းမရှိဘဲ ၎င်းတို့ရိက္ခာပို့ဆောင်ရေးတပ်ကြီး ပျက်ပြုန်းသွားသည်ကို ရပ်လျက် ကြည့်ခဲ့ကြရလေသည်။

ဤကဲ့သို့ ခေါမရေတပ်က အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲရလိုက်ခြင်းမှာ ပရိယာယ်ဆင်၍ နိုင်လိုက်ခြင်းဖြစ်ခြင်းကြောင့် သွယ်ဝိုက် ချဉ်းကပ်တိုက်ခိုက်ခြင်းဟု ဆိုနိုင်ကောင်း၏။ သမိစတိုကလီ[၂]က ဇာတိဘုရင်ထံသို့ သတင်းပို့အကြောင်းကြားရာ၌ ခေါမရေတပ်သည် လက်နက်ချရန် အသင့်ရှိကြောင်းပါရှိ၏။ လှည့်ဖြားမှုဖြစ်သော်လည်း ယခင်က အတွေ့အကြုံများအရ ယုံကြည်နိုင်လောက်သဖြင့် ပိုမိုအင်အားကြီးသော ပါရှားရေတပ်ကြီးသည် ဆာလာမစ် နေရာကျဉ်းသို့ ဝင်ရောက်လာမိ၍ ၎င်းတို့အင်အားကို အပြည့်အဝမသုံးဘဲ ခေါမရေတပ်က ချေမှုန်းခြင်း ခံလိုက်ကြရလေသည်။

နောက် နှစ်ပေါင်း ၇၀ ခန့်အတွင်း ပါရှားက အေသင်အား ထပ်မံရန်မပြုနိုင်ခြင်းမှာ အေသင်ရေတပ်က သွယ်ဝိုက်ချဉ်းကပ်၍ ပါရှားဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်နိုင်ခြင်းကြောင့် ဖြစ်လေသည်။ သွယ်ဝိုက်ချဉ်းကပ်မှုအတွက် မဟာဗျူဟာ စစ်ကစားခြင်းကို ရေကြောင်းစစ်ဆင်ရေးတွင် ပိုမိုစော၍ ကျင့်သုံးလာနိုင်သည်ကို သတိပြုရန် ဖြစ်၏။ ကြည်းကြောင်းစစ်ဆင်ရေးထက်စော၍ ရေကြောင်းတွင် ဤကဲ့သို့ သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာ စစ်ကစားနိုင်ခြင်းမှာ တိုင်းနိုင်ငံများသည် ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများ

---

၁။ Salamis.

၂။ Themistocles.



ကို အားကိုးနေကြရ၍ ယင်းတို့ကို ရည်မှန်းတိုက်ခိုက်ကြခြင်း ဖြစ်လေသည်။ ကြည်းတပ်များသည် အချိန်အတော်ကြာမှသာ ယင်းတို့ရိက္ခာအတွက် ဆက်သွယ်ရေး လမ်းကြောင်းများကို မှီခိုအားထားလာကြ၍ ထိုအခါကျမှသာ ဆက်သွယ်ရေးလမ်းကြောင်းများကို မဟာဗျူဟာ စစ်ကစား တိုက်ခိုက်ခဲ့ကြလေသည်။

ပါရှားရန်ကို တွန်းလှန်ပြီးနောက် ခေါမတစ်ခွင်တွင် အေသင်က ကြီးစိုးလာနိုင်လေသည်။ ၄၃၁–၄၀၄ ဘီစီတွင် တိုက်ခိုက်ကြသည့် ပယ်လိုပိုနီရှင်စစ်[၁]က အေသင်တန်ခိုးအာဏာကို ရိုက်ချိုးပစ်ခဲ့လေသည်။

ပထမအဆင့် စပါတာ[၂]နှင့် သူ့မဟာမိတ်များသည် အက်တီကာ[၃]ကို တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်ရန် ကြိုးစားခဲ့ကြ၏။ အေသင်ခေါင်းဆောင် ပဲရီကလီ၏ စစ်ပေါ်လစီ[၄]မှာ ကြည်းကြောင်းမှမတိုက်ဘဲ ရှောင်ရှားပြီး အေသင်တို့အားကောင်းသောရေတပ်ဖြင့် နေရာများစွာတွင် ဝင်ရောက် စီးနင်းတိုက်ခိုက်ခြင်းဖြင့် ရန်သူတို့၏ တိုက်ခိုက်လိုစိတ်ကို တဖြည်းဖြည်းချင်း ရိုက်ချိုးရန် ဖြစ်လေသည်။

ပဲရီကလီ၏ မဟာဗျူဟာဆိုသော အသုံးအနှုန်းသည် နောက်ပိုင်းတွင် ထင်ရှားလာသော ဖေဗီယံမဟာဗျူဟာ[၅]လိုပင် လှသိမ်းလှသော်လည်း ယင်းအသုံးအနှုန်းများကြောင့် ပါရှားစစ်ကို ကျဉ်းမြောင်းသေးသိမ်သွားအောင် လုပ်သလိုဖြစ်ခဲ့ရ၏။ ရှင်းလင်းစွာ တွေးခေါ်နိုင်ရန် ရှင်းလင်းတိကျသည့် အသုံးအနှုန်းများကို သုံးစွဲရန် အရေးကြီး၏။ **မဟာဗျူဟာ** ဟူသော စကားရပ်ကို (တိတိကျကျ) ဗိုလ်ချုပ်တစ်ဦးလုပ်ဆောင်သည့်လုပ်ငန်း၊ ဗိုလ်ချုပ်တတ်အပ်သည့် ပညာရပ်[၆]အဖြစ် သတ်မှတ်သုံးစွဲသင့်၏။ စစ်ဘက်အင်အားကို ကွပ်ကဲသုံးစွဲသွားသည့် ပညာရပ်ဖြစ်ပြီး ပေါ်လစီဆိုသည်ကား ယင်းစစ်ဘက်အင်အား သုံးစွဲမှုကို ကြီးကြပ်လွှမ်းမိုးထား၍ အခြားလက်နက်များဖြစ်သော စီးပွားရေး၊ နိုင်ငံရေး၊ စိတ်ဓာတ်ရေးလက်နက်များနှင့်ပါ စစ်ရေးလက်နက်ကို ပေါင်းစပ်အသုံးပြုသွားရန်နှင့် စပ်ဆိုင်လေသည်။ အဆင့်မြင့် မဟာဗျူဟာ သို့မဟုတ် **မဂ္ဂမဟာဗျူဟာ**ကို အသုံးချသွားခြင်းပင် ဖြစ်ပေ၏။

သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာသည် အဆုံးအဖြတ် ရယူနိုင်ရန် ရန်သူဟန်ချက် ပျက်သွားရေးအတွက် ရည်မှန်းလုပ်ဆောင်ရ၏။ ပဲရီကလီ၏ စီမံချက်မှာမူကား သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာနှင့် မတူဘဲ ရေရှည်စစ်တိုက်ခြင်း...

---

၁။ Peloponnesian War

၂။ Sparta

၃။ Attica

၄။ Pericles' War Policy

၅။ Fabian Strategy

၆။ Generalship

www.burmeseclassic.com

www.burmeseclassic.com



ရန်သူသည် အဆုံးအဖြတ်ကို မရနိုင်ဟု သိမြင်လာစေရန် ရည်စူးပြီး ရန်သူ၏ ခံနိုင်ရည်စွမ်းအားကို တတိတိ လုံးပါးပါးစေရန် လုပ်ဆောင်သည့် အဂ္ဂမဟာဗျူဟာ ဖြစ်လေသည်။

အေသင်တို့ ကံဆိုးသည်မှာ မဲရိုကာလီ၏အဂ္ဂမဟာဗျူဟာကို အေသင်သည် ဆက်လက် မကျင့်သုံးတော့ဘဲ ၄၂၆ ဘီစီ၌ ကလီယွန်နှင့် ဒက်မွန်သင်[၁]တို့၏ တိုက်ရိုက်ထိုးစစ်ပြုရေးလမ်းစဉ်ကို လိုက်နာလုပ်ဆောင်ခဲ့ကြ၏။ နည်းဗျူဟာ အောင်ပွဲအချို့ရရှိသော်လည်း အဆုံးအဖြတ်မပေးနိုင်ဘဲ အကျအဆုံး စရိတ်စက ပိုများလာပြီး အောင်မြင်မှု မရခဲ့ကြချေ။

၄၂၄ ဘီစီတွင် စပါတာ၏ အရည်အချင်းအပြည့်ဝဆုံး ဖြစ်သည့် ဗိုလ်ချုပ် ဘရာဆီဒတ်[၂]သည် ရန်သူအေသင်တို့၏ ပင်မစည်ကိုမတိုက်ဘဲ သူတို့အမြစ်ကို ဖြိုလှဲနိုင်ခဲ့လေသည်။ အေသင်ကို ကျော်သွားပြီး မြောက်ပိုင်းသို့ချီတက်၍ ခါဆီဒိုက်[၃]ကို တိုက်ခိုက်ခဲ့၏။ ခါဆီဒိုက်မှာ အေသင်အင်ပိုင်ယာ၏ အပျော့ဆုံးနေရာဟု ယူဆထားကြ၏။ အေသင်အား ပြန်လည်ပုန်ကန်သည့် ပြည်နယ်များအား လွတ်လပ်ရေးပေး၍ စပါတာက အကာအကွယ်ပေးမည်ဟု ကြေညာကာ ပြည်နယ်များအား သွေးထိုးပေးခဲ့၏။ ထို့နောက် အမ်ဖီပိုလို[၄]တိုက်ပွဲတွင် ဘရာဆီဒတ် ကျဆုံးခဲ့ရသော်လည်း အေသင်က အလျှော့ပေး၍ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့ရလေသည်။

အေသင်တို့က ဆစ်စလီ၏ သော့ချက်ဖြစ်သော ဆိုက်ရေကြူကို တိုက်ခိုက်လေသည်။ စစ်စလီသည် စပါတာနှင့် ခေါမတစ်တိုင်းလုံးအား ရိက္ခာထောက်ပံ့နေရသော နေရာဖြစ်၏။ သွယ်ဝိုက်ချဉ်းကပ်သည့် အဂ္ဂမဟာဗျူဟာအနေနှင့် သုံးသပ်သော် အေသင်တို့သည် ရန်သူ၏မဟာမိတ်များကို တိုက်ခိုက်ခြင်းမပြုဘဲ ရန်သူနိုင်ငံ၏ စီးပွားရေးအဆက်အသွယ်တို့ကို တိုက်ခိုက်ရာကျနေ၏။ ယင်းသို့ လုပ်ဆောင်ခြင်းကြောင့် ရန်သူတပ်များကို အာရုံပြောင်းအောင် လုပ်ဆောင်မည့် အစား ရန်သူအသစ်များ ဖော်ထုတ်သလို ဖြစ်ခဲ့ရ၏။

စီမံချက် အကောင်အထည်ဖော်သူများ ညံ့ဖျင်းမှုကြောင့် အကျိုးမရှိခဲ့ချေ။ ထို့ပြင် ဆိုက်ရေကြူတွင် အေသင်တပ်တော် ဆုံးရှုံးခဲ့ရ၍ စစ်ကြီးမရှုံးစေရန် အေသင်သည် မိမိရေတပ်ဖြင့် ၉ နှစ် ဆက်လက်စစ်ဆင်ခဲ့သေး၏။ ၄၀၅ ဘီစီ

၁။ Cleon And Desmosthenes
၂။ Bresidas
၃။ Chalcidice
၄။ Amphipolos



တွင် စပါတာရေတပ်ဗိုလ်ချုပ်ကြီး လိုက်ဆင်ဒါ[၁]သည် သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာကို လက်တွေ့ ကျင့်သုံးတိုက်ခိုက်ခဲ့၍ အေသင်ရေတပ်ကို လက်ရ သိမ်းပိုက် ဖမ်းဆီးနိုင်ခဲ့၏။ မိမိဘက်က အခွင့်သာသည့်နေရာသို့ ရန်သူအား စစ်မြူခေါ်ပြီး ရန်သူရေတပ်က ထိပ်တိုက်တိုက်ခိုက်ရန် လုပ်ဆောင်ချက်အားလုံး ကို ရှောင်ရှားခဲ့၍ လိုက်ဆင်ဒါသည် အေဂေါပိုတာမိုင်[၂] အရပ်၌ အေသင်ရေတပ် မှ စစ်သည်များ ကုန်းပေါ်တက်၍ ရိက္ခာစုဆောင်းနေစဉ် ရုတ်ချည်းဝင်ရောက်၍ အေသင်ရေတပ်တစ်ခုလုံးကို သိမ်းပိုက်လိုက်ခြင်း ဖြစ်လေသည်။ တိုက်ပွဲမဖြစ် လိုက်ရဘဲ ရန်သူတို့ ရေတပ်ကို သိမ်းပိုက်နိုင်သောကြောင့် ရှည်ကြာလှသည့် စစ်ပွဲကြီးကို တစ်နာရီအတွင်း လိုက်ဆင်ဒါက အဆုံးသတ်နိုင်ခဲ့လေသည်။

အေသင်ကျဆုံးပြီးနောက် ခေါမတိုင်းတွင် စပါတာက ခေါင်းဆောင် ဖြစ်လာခဲ့၏။ စပါတာဦးဆောင်မှုကို ရိုက်ချိုးခဲ့သူမှာ အပါမီနွန်ဒတ်[၃] ဖြစ်၍ စစ်သိပ္ပံပညာ၊ ဝိဇ္ဇာပညာကိုလည်း တိုးတက်ဖွံ့ဖြိုးစေခဲ့သူ ဖြစ်လေသည်။

အပါမီနွန်ဒတ်မတိုင်မီ သီဘီး(စ)[၄]က စပါတာအား အာခံပုန်ကန်ခဲ့သည်ကို ဖော်ပြရမည်။ သီဘီး(စ) ကျင့်သုံးခဲ့သည့်နည်းကို နောက်ပိုင်းတွင် ဖေဘီယန်နည်း[၅] ဟု ခေါ်တွင်ခဲ့၏။ ရန်သူကိုမတိုက်ဘဲ ရှောင်သည့်နည်း ဖြစ်လေသည်။ သွယ်ဝိုက် ချဉ်းကပ်သည့် အဂ္ဂမဟာဗျူဟာပင် ဖြစ်သော်လည်း မဟာဗျူဟာအနေနှင့်ကား ရန်သူကို ရင်မဆိုင်ဘဲ ရှောင်ရှားခြင်းသာဖြစ်၏။ သို့သော် ယင်းကဲ့သို့ ရင်ဆိုင် မတိုက်ဘဲ ရှောင်ရှားခဲ့သည့်အချိန်အတွင်းတွင် သီဘီး(စ)သည် တပ်မတော်တစ်ခု ကို ထူထောင်နိုင်ခဲ့၏။ ထို့ပြင် ထိုအချိန်အတွင်း အခြား ခေါမပြည်နယ်များက စပါတာအပေါ် မကျေနပ်မှုပိုများလာပြီး အေသင်ကလည်း ရေတပ်တစ်ခု ထပ်မံ တည်ထောင်ရန် အခွင့်ကောင်းရခဲ့လေသည်။

သီဘီး(စ) ထူထောင်သော တပ်မတော်မှာ စံပြတပ်မတော်လို ဖြစ်လာပြီး ခေါင်းဆောင်မှာ အပါမီနွန်ဒတ်ဖြစ်၏။ ၃၇၁ ဘီစီတွင် အပါမီနွန်ဒတ်ခေါင်း ဆောင်သော ၆၀၀၀ မျှ သီဘီး(စ)တပ်မတော်က အင်အား ၁၀၀၀၀ ရှိသော စပါတာတပ်မတော်ကို လူထရာ[၆]ဒေသတွင် အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲ ရရှိလိုက်လေသည်။

အပါမီနွန်ဒတ်မှာ တကယ့်စစ်ခေါင်းဆောင်ကြီးဖြစ်၍ ယခင် ရာစုနှစ် များစွာကကျင့်သုံးခဲ့သော နည်းဗျူဟာများကိုသာမက အဂ္ဂမဟာဗျူဟာနှင့် မဟာ

၁။ Lysander
၂။ Aegospotamoi
၃။ Epaminondas
၄။ Thebes
၅။ Fabian
၆။ Leuctra

www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာနယ်ပယ်တို့တွင်ပါ အုတ်မြစ်ကြီးများ ချမှတ်ပေးခဲ့လေသည်။ သူ တီထွင်ခဲ့သော စစ်တပ်တည်ဆောက်ပုံကိုလည်း အများက နမူနာယူကြရပြီး အချို့မှုများမှာ ယခုခေတ်အထိပင် အသုံးပြုနေကြရ၍ အချို့ကို ယခုခေတ်တွင် ပြန်လည်ဆန်းသစ် အသုံးပြုကြရ၏။ ဖရက်ဒရစ်ဘုရင်ကြီး အသုံးပြုခဲ့သည့် နာမည်ကြီးလှသော တစောင်းစစ်ဆင်နည်း[၁]သည် အပါမီနွန်ဒတ်၏နည်းကို တိုးချဲ့ပြုပြင်အသုံးချခြင်းပင်ဖြစ်၏။

လုထရာတိုက်ပွဲ၌ အပါမီနွန်ဒတ်သည် ရှေးယခင်က စစ်ဆင်နည်းအားလုံးကို ပြောင်းပြန်ပြန်၍ မိမိ၏အကောင်းဆုံးစစ်သည်များနှင့် အင်အားအများစုကိုဘယ်တောင်ပံတွင် စုစည်းထား၍ မိမိ၏အားနည်းနေသော အလယ်နှင့် ညာတောင်ပံကို အနည်းငယ်ဆွဲထားခြင်းဖြင့် ရန်သူ၏ တောင်ပံတစ်ဖက်တွင် မိမိကအင်အား အဆမတန်သာလွန်ခဲ့လေသည်။ ထိုတောင်ပံတွင် ရန်သူခေါင်းဆောင်ပါလာသည်ဖြစ်၍ ရန်သူ၏ သော့ချက်နေရာတွင် မိမိက အင်အားသာလွန်အောင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။

စပါတာကို ချေမှုန်းရန် ချီတက်ခဲ့ရာတွင် အပါမီနွန်ဒတ်သည် နည်းသစ်နည်းဆန်းများကို အသုံးပြုခဲ့လေသည်။ ဆောင်းတွင်းတွင် ချီတက်ခဲ့၍ မိမိတပ်ကိုစစ်ကြောင်းသုံးကြောင်းခွဲ၍ ချီတက်ခဲ့ပြီး စပါတာမရောက်မီ မိုင် ၂၀ အကွာရှိကာရိုင်း[၂]တွင် စစ်ကြောင်းသုံးကြောင်း ပြန်လည်စုပေါင်း၍ ရန်သူနောက်ကွယ်သို့ချီတက်ခဲ့ပြန်၏။ ယင်းသို့ နောက်ဆွယ်သို့ ချီတက်စဉ် စပါတာအပေါ် မကျေမနပ်ဖြစ်နေသော လူမျိုးစုများကိုလည်း သွေးထိုးပေးခဲ့၏။

သို့သော် စပါတာကလည်း မိမိစစ်ကူများကို အချိန်မီ ခေါ်ယူနိုင်သဖြင့် အောင်နိုင်ခဲ့ခြင်းမရှိရာ မြို့ကိုဝန်းရံအချိန်ဆွဲတိုက်၍ အကျိုးမရှိသည်ကို သိရှိသော အပါမီနွန်ဒတ်သည် အဂ္ဂမဟာဗျူဟာအရ သွယ်ဝိုက်ချဉ်းကပ်နည်းကို သုံးစွဲခဲ့ပြန်၏။ မက်ဆီနီယာပြည်နယ်[၃]တွင် သဘာဝအရ ခံတပ်လိုဖြစ်နေသော အိသုံတောင်[၄] ဒေသ၌ မြို့တော်တစ်ခု တည်ထောင်ပေးခဲ့လေသည်။ ခေါမတောင်ပိုင်းတွင် စပါတာကို အံတုယှဉ်ပြိုင်မည့် မြို့တော်ဖြစ်၏။ ယင်းမြို့တော် တည်ထောင်လိုက်ခြင်းကြောင့် စပါတာ ဩဇာခံနယ်မြေနှင့် လူဦးရေတစ်ဝက်သောက်သည်စပါတာ၏ ရန်သူများ ဖြစ်လာကြလေသည်။

အပါမီနွန်ဒတ်သည် အကာဒီယားပြည်နယ်တွင် မက်ဂါလိုပိုလစ်[၅]မြို့တော်တည်ထောင်ပေးပြန်၏။ စပါတာအား အံတုမည့်မြို့ပင် ဖြစ်၏။ ယင်းသို့ ရန်သူ

၁။ Oblique Order
၂။ Caryae
၃။ Messinea
၄။ Mount Ithome
၅။ Megalopolis



မြို့တော်ကို အံတုမည့်မြို့တော်များ တည်ထောင်ပေးခြင်းဖြင့် စပါတာ၏ စီးပွားရေး အခြေခံကို လှိုက်စားသလိုဖြစ်ခဲ့ပြီး စစ်မြေပြင်၌ တိုက်ပွဲတစ်ပွဲမှ မတိုက်ရဘဲရန်သူစပါတာတို့အား ဟန်ချက်ပျက်သွားအောင် အပါမီနွန်ဒတ်က လုပ်ဆောင်နိုင်ခဲ့လေသည်။

မင်တီနီယာ[၁]တွင် သီဘီး(စ)အား ခြားနားနေသော ရန်သူများအပေါ်တွင် အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲကြီး ရလိုက်၏။ ထိုတိုက်ပွဲတွင်ပင် အပါမီနွန်ဒတ် ကျဆုံးခဲ့ရလေသည်။ **ရန်သူနိုင်ငံနှင့် ရန်သူတပ်မတော်တို့အား ချေမှုန်းနိုင်ရန် ပထမ ရန်သူဦးနှောက်ကို မလှုပ်နိုင်မရှားနိုင် အခြေပျက်သွားအောင် လုပ်ဆောင်ရမည်ဟူသော ဥပဒေသ**ကို အပါမီနွန်ဒတ်သည် လက်တွေ့အကောင်အထည်ဖော်၍ သက်သေထူခဲ့ပြီးဖြစ်၏။

နောက်နှစ်ပေါင်းနှစ်ဆယ်ရှိသောအခါ မက်ဆီဒုံ[၂]သည်ခေါမတွင် ဦးဆောင်မှု ရရှိလာ၏။ ၃၃၈ ဘီစီတွင် တိုက်ခိုက်ခဲ့သော တိုက်ပွဲစဉ်မှ ရသည့်သင်ခန်းစာမှာကား **ပေါ်လစီနှင့် မဟာဗျူဟာကို တစ်ခုနှင့်တစ်ခု အထောက်အကူပြုရ၍ မဟာဗျူဟာ အသုံးပြုခြင်းဖြင့် မြေအနေအထား အခက်အခဲများကို မိမိအတွက် အကျိုးရှိအောင် လုပ်ဆောင်နိုင်ခြင်းပင် ဖြစ်လေသည်။**

သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာနည်းဗျူဟာတို့ကို အသုံးပြုခြင်းဖြင့် မက်ဆီဒုံမှ ဖိလစ်သည် အေသင်နှင့် သီဘီး(စ) နှစ်နိုင်ငံပေါင်း ရန်သူများအား ခါးရိုးနီးယား[၃]တွင် အကြီးအကျယ် အောင်ပွဲခံလိုက်၍ ထိုတိုက်ပွဲပြီးသည့်အခါ ခေါမတိုင်းတစ်တိုင်းလုံး၏ ခေါင်းဆောင်ဖြစ်လာခဲ့လေသည်။ ၃၃၆ ဘီစီတွင် ဖိလစ်အမိန့်ဖြင့် ဒါအင်နယ်ရေလက်ကြား၌ တံတားဦးများ သိမ်းပိုက်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖိလစ်သေဆုံးပြီး သူ့သား အက်လီဇင်းဒါး နန်းတက်သောအခါ အရှေ့ဘက်သို့ နယ်ပယ်ချဲ့ထွင် တိုက်ခိုက်ရန် အခွင့်သာခဲ့လေသည်။

အရှေ့ပိုင်းတစ်ခွင်သို့ အက်လီဇင်းဒါး ချီတက်တိုက်ခိုက်သည့် လမ်းကြောင်းကို လေ့လာလျှင် ဖြောင့်ဖြောင့်တန်းတန်း ချီတက်မှုမဟုတ်ဘဲ ဇစ်ဇက်[၄] ထောင့်ချိုးချီတက်မှုများဖြစ်သည်ကို တွေ့ရပေမည်။ ယင်းကဲ့သို့ သွယ်ဝိုက်ချီတက်ခြင်းမှာမဟာဗျူဟာ လိုအပ်ချက်ထက် အဂ္ဂမဟာဗျူဟာအကြောင်းများကြောင့် ချီတက်သည်ကို တွေ့ရမည် ဖြစ်လေသည်။

အက်လီဇင်းဒါးက အဂ္ဂမဟာဗျူဟာနှင့် နည်းဗျူဟာနယ်ပယ်တွင် နောင်းလူများအတွက် သင်ခန်းစာများ ပေးခဲ့လေသည်။ အရှေ့ဘက်သို့ ချီတက်သွားရင်း

၁။ Mantinea
၂။ Macedon
၃။ Chaeronia
၄။ Zig Zag

www.burmeseclassic.com

www.burmeseclassic.com

ရှေးခေါ်မမြို့များဖြစ်သော ဆားဒစ်၊ အက်ဖိဆပ်[၁] စသည်တို့ကို လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီ အခွင့်အရေးများ ပေးခဲ့ခြင်းဖြင့် သူ၏ချီတက်ရာလမ်းကြောင်းနောက်ပိုင်းကို လုံခြုံအေးချမ်းအောင် စီစဉ်ခဲ့၏။ အေဂျင်ပင်လယ်တစ်ဝိုက်သို့ ချီတက်တိုက်ခိုက်ရာတွင် ရန်သူ ပါရှားရေတပ်အတွက် အရေးကြီးလှသော ရေတပ်အခြေချစခန်းများကို ရွေးချယ်တိုက်ခိုက် သိမ်းပိုက်ခဲ့၏။ ထိုမြို့များကို လွတ်လပ်ခွင့်ပေးလိုက်ခြင်းကြောင့် ပါရှားတို့က မိမိတို့ရေတပ်အတွက် လူသူစုမရအောင် လုပ်နိုင်ခဲ့လေသည်။

အစ်ဆပ်[၂] တိုက်ပွဲ၌ တတိယမြောက် ဒေးရီယပ်ဘုရင်အပေါ် အကြီးအကျယ် အောင်ပွဲခံလိုက်နိုင်၏။ နည်းဗျူဟာအရ အလွန်လျင်မြန်စွာ စစ်ကစားတိုက်နိုင်ခြင်းကြောင့် အက်လီဇင်းဒါးက အောင်ပွဲရလိုက်ခြင်း ဖြစ်လေသည်။ ဂေါ်ဂါမီလာ[၃]၌ ဒေးရီးယပ်အပေါ် နောက်တစ်ကြိမ် တိုက်ခိုက်အောင်မြင်လိုက်ပြန်၏။ (ထိုတိုက်ပွဲကို သမိုင်းစာအုပ်များ၌ အာဘေလာ[၄]တိုက်ပွဲဟု ခေါ်ကြ၏။ စင်စစ် အာဘေလာမှာ တိုက်ပွဲဖြစ်သည့်နေရာနှင့် မိုင် ၆၀ မျှ ကွာဝေးသေး၏။ အနီးအနား၌ အကြီးဆုံးမြို့ဖြစ်၍ ယင်းကိုအစွဲပြုပြီး အာဘေလာတိုက်ပွဲဟု ခေါ်ခဲ့ကြခြင်း ဖြစ်သေလည်။)

အက်လီဇင်းဒါး သေဆုံးပြီးနောက် သူ့ထီးနန်းနှင့် အင်ပိုင်ယာကို ဆက်ခံရန် တိုက်ကြသည့် တိုက်ပွဲစဉ်များတွင် မဟာဗျူဟာ သင်ခန်းစာ မရှိသလောက်ပင် ဖြစ်၏။

၁။ Sardis, Ephisus
၂။ Issus
၃။ Gaugamela
၄။ Arbela

## အခန်း (၃)

# ရောမစစ်များ ဟန်နီဘော၊ ဆီပိုင်ယိုနှင့် ဆီဇာ

ဥရောပသမိုင်းကို နောက်ထပ်အဆုံးအဖြတ်ပေးနိုင်သည့် တိုက်ပွဲစဉ်မှာ ရောမနှင့် ကာသေ့ဂျ်တို့တိုက်ပွဲစဉ် ဖြစ်၏။ ဟန်နီဘောစစ်ပွဲ သို့မဟုတ် ဒုတိယပြူနစ်[၁] စစ်ပွဲမှာ အဓိကကျ၏။

ပထမအဆင့်တွင် ဟန်နီဘောသည် စပိန်မှတစ်ဆင့် အက်(ပ)တောင်တန်းများနှင့် အီတလီသို့ ၂၁၈ ဘီစီတွင် ချီတက်ခဲ့သည်မှ တိုက်ပွဲစဉ်စ၍ ဟန်နီဘော အနိုင်ရလိုက်သော ထရာဆီမင်[၂]တိုက်ပွဲနှင့် အဆုံးသတ်သည်ဟု ယူဆရမည်ဖြစ်၏။ ဟန်နီဘောသည် မည်သည့်အကြောင်းများကြောင့် ခက်ခဲကြမ်းတမ်းလှသော ကုန်းလမ်းကို ရွေးချယ်သနည်း။ ရေလမ်းကသာ ပိုမို တိုက်ရိုက်ကျ၍ ပိုမိုလွယ်ကူသည်မဟုတ်လော။ အချို့က ရောမတို့က ရေကြောင်းစိုးမိုးနေသောကြောင့်ဟု အကြောင်းပြကြ၏။ ရေကြောင်းစိုးမိုးမှုဆိုသည်မှာ ခေတ်သစ်တွင်မှ ပေါ်လာသော စကားရပ်ဖြစ်၍ ရှေးခေတ်က ရှက်သဘော်၊ လှော်တက်ဖြင့် ခတ်ရသော သင်္ဘောလှေ စသည်တို့အခြေအနေကို ဖော်ပြနိုင်မည်မဟုတ်ချေ။ ထို့ပြင် ထိုရှေးသင်္ဘောများကလည်း ရေကြောင်းကို လုံးဝစိုးမိုးထားနိုင်ခြင်း မရှိခဲ့ချေ။

ဟန်နီဘော ကုန်းလမ်းကို ရွေးချယ်ခဲ့ခြင်းမှာ အီတလီမြောက်ပိုင်းရှိ ဆဲလ်လူမျိုးများအား ခေါမကို ပုန်ကန်ရန် သွေးထိုး လှုံ့ဆော်ပေးရန် ဖြစ်သည်ဟု ယူဆရ၏။

၁။ Hannibalic or Second Punic war
၂။ Trasimene

www.burmeseclassic.com



ထို့ပြင် ဤကဲ့သို့ သွယ်ဝိုက်ချဉ်းကပ်မှုကြောင့် ဟန်နီဘောရခဲ့သည့် အကျိုးအမြတ်တို့ကိုလည်း ထည့်သွင်းတွက်ချက်ရမည်။ ဟန်နီဘောအား ခုခံရန် ရောမတို့က ပတ်ဘလီယပ်ဆီပိုင်ယို[၁]အား မားဆေးသို့ လွှတ်ထား၏။ ရုံးမြစ်[၂] ကူးရာတွင် ခုခံတိုက်ခိုက်ရန် ဖြစ်လေသည်။ ဟန်နီဘောက ရုံးမြစ်ကို ရန်သူ လုံးဝမမျှော်မှန်းရာ အထက်ပိုင်းမှ ကူးဖြတ်ခဲ့ပြီး မြေနိမ့် တိုက်ရိုက်ကျသည့်လမ်းမှ ချီတက်ခြင်းမပြုဘဲ မြောက်ဘက်သို့ ချီတက်၍ ပိုမိုခက်ခဲသည့် အစ်စီယာ[၃]ချိုင့်ဝှမ်းဘက်မှ ဆက်လက်ချီတက်ခဲ့လေသည်။

ဆီပိုင်ယိုသည် မိမိတပ်မတော်ကို ရုံးမြစ်တွင် ထားခဲ့၍ တပ်နည်းနည်းနှင့် ရေကြောင်းမှ အီတလီသို့ပြန်လာပြီး ဟန်နီဘောအား ရင်ဆိုင်ခဲ့လေသည်။ သို့သော် တီဆီနပ်နှင့် ထရက်ဗီယာ[၄]တိုက်ပွဲများတွင် ဟန်နီဘောကသာ အနိုင်ရလိုက်လေသည်။ ဟန်နီဘောသည် အီတလီမြောက်ပိုင်းကို စိုးမိုးနိုင်ပြီဖြစ်၏။

ရောမကောင်စစ်ဗိုလ်ချုပ်[၅]နှစ်ဦးက အီတလီမြောက်ပိုင်းမှ ရောမမြို့တော်သို့ ဆင်းရာ အရှေ့ဘက်လမ်းနှင့် အနောက်ဘက်လမ်းတို့မှ ပိတ်၍ ဟန်နီဘောတပ်များအား စောင့်နေကြလေသည်။ ဟန်နီဘောက အနောက်ဘက်လမ်း (အက်ထရူးရီးယား)ကို ရွေးချယ်ခဲ့လေသည်။ သို့သော် သာမန်သွားရိုးသွားစဉ်လမ်းမှ ချီတက်ခြင်းမဟုတ်ဘဲ ရွှံ့နွံများမှဖြတ်၍ သွားရသည့်လမ်းကို ရွေးချယ်ခဲ့၏။ ခက်ခဲလွန်း၍ လုံးဝမျှော်မှန်းမထားသည့်လမ်း ဖြစ်လေသည်။

လေးရက်သုံးည ဖြတ်သန်းသွားရသောလမ်းမှာ ရေထဲဖွက်ထဲ ဖြတ်သန်းသွားကြရခြင်းဖြစ်၍ မိမိတပ်များ အလွန်ပင်ပန်းပြီး လူများ၊ မြင်းများ သေကျေပျက်စီးခဲ့၏။ သို့သော် ရန်သူနေရာသို့ ရောက်လာသောအခါ ရန်သူတို့သည် အေးအေးဆေးဆေး စခန်းချရပ်နားနေသည်ကို တွေ့ကြရလေသည်။ သို့သော် ဟန်နီဘောက တိုက်ရိုက်တိုက်ခိုက်ခြင်း မပြုသေးဘဲ ရန်သူတပ်ကိုကျော်၍ တောင်ပိုင်းမြေပြင်သို့ ဆက်လက်ဆင်းလာခဲ့၏။ ဟန်နီဘောတပ်များက မိမိတပ်များကို ဖြတ်ကျော်၍ တောင်ပိုင်းမြို့များ၊ ရွာများကို လုယက်ဖျက်ဆီးနေသည်ကို ရောမလူထု ကြားသိလျှင် ကောင်စစ်ဗိုလ်ချုပ် ဖလန်မီနီယပ်[၆]အား ရောမလူထုက ဝိုင်းဝန်း ရှုတ်ချကြသည်ကို ဖလွန်မီနီးယပ် သည်းခံနိုင်မည်မဟုတ်။ ထို့ပြင် ဟန်နီဘောတပ်များက မိမိတပ်များရှေ့မှ မထိမဲ့မြင် ကျော်ဖြတ်သွားသည်ကိုလည်း မခံနိုင်ဘဲ ရောမကောင်စစ်ဗိုလ်ချုပ်သည် တောင်ပိုင်းသို့ ဆင်းလာမည်မှုချဟု

၁။ Publius Scipio
၂။ Rhone
၃။ Isere Valley
၄။ Ticinus, Trebia
၅။ Consul
၆။ Flaminius.



ဟန်နီဘောက တွက်သည်။ ရန်သူ စစ်ခေါင်းဆောင် အကျင့်စရိုက်နှင့် စိတ်အခြေအနေကို မှန်ကန်စွာ ဟန်နီဘောက သုံးသပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ရောမသို့ ဆင်းလာရာလမ်းအတိုင်း တောင်ပိုင်းသို့ ဆင်းခဲ့ရင်းသမိုင်းတွင် အကြီးကျယ်ဆုံးသော ချုံခိုတိုက်ပွဲကြီးကို ဟန်နီဘောက ဆင်နွှဲအောင်မြင်ခဲ့လေသည်။ နောက်တစ်နေ့၌ နှင်းများ ထူထပ်စွာကျနေဆဲတွင် တောင်များ ဝန်းရံနေသည့် တရက်မင် ရေကန်အနီး၌ ရောမတပ်တော်အား ဟန်နီဘောတပ်များက ချုံခိုတိုက်ခိုက် ချေမှုန်းခဲ့လေသည်။ ရန်သူခေါင်းဆောင်စိတ်ဓာတ်ကို လွှမ်းမိုး ထိုးနှက်ခဲ့ပုံအား ပိုလီဘီယပ်[၁]က အောက်ပါအတိုင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြခဲ့လေသည်။

"သင်္ဘောတစ်စင်းတွင် ပဲ့ကိုင်သူ ကပ္ပတိန်အား သုတ်သင်ပစ်လိုက်နိုင်ပါက သင်္ဘောတစ်စင်းလုံး သင်္ဘောသားများနှင့်အတူ မိမိလက်သို့ ကျဆင်းရတော့သကဲ့သို့ စစ်တိုက်ရာတွင်လည်း ရန်သူဗိုလ်ချုပ်အား ဉာဏ်ကစားအောင်နိုင်လိုက်လျှင် သို့မဟုတ် သူ့ထက်သာအောင် စစ်ကစားနိုင်လျှင် ရန်သူတပ်အားလုံး သင့်လက်အောက်သို့ ရောက်ရမည်ပင်ဖြစ်၏။"

ထရဆီမင်းတိုက်ပွဲအပြီး ရောမမြို့တော်ကို ဟန်နီဘောက ဘာကြောင့် မတိုက်ဆိုသည်မှာ သမိုင်းတွင် အဖြေရှာမရသည့် ပြဿနာတစ်ရပ်ဖြစ်ချေ၏။ မြို့ကို ဝန်းရံတိုက်ခိုက်သည့် လက်နက်ကြီးများ[၂] မလုံမလောက်ဖြစ်မှုမှာ ထင်ရှားသော အကြောင်းတစ်ရပ်ဖြစ်သော်လည်း လုံလောက်သည့်အကြောင်းရင်းကားမဟုတ်ချေ။ ဟန်နီဘောသည် ရောမမြို့တော်ကို မတိုက်ဘဲ ရောမမြို့တော်၏ မဟာမိတ်များအား သွေးထိုးပေးပြီး ရောမကို အန်တုစစ်ပြိုင်မည့် မဟာမိတ်အဖွဲ့တစ်ရပ် ဖွဲ့စည်းရန် လုပ်ဆောင်ခဲ့လေသည်။

တိုက်ပွဲစဉ် ဒုတိယအဆင့်တွင် ရောမတို့ဘက်မှ ကျင့်သုံးခဲ့သည့် မဟာဗျူဟာကို နောင်းလူများက ဖေဗီယံမဟာဗျူဟာ[၃]ဟု ကင်ပွန်းတပ်ခဲ့ကြ၏။ စင်စစ် ရောမများထက် ခေါမစိတ်ဓာတ်နှင့် ပိုမိုကိုက်ညီသည့် မဟာဗျူဟာဖြစ်လေသည်။ ဖေးဗီယပ်၏ မဟာဗျူဟာမှာ အချိန်ရအောင် တိုက်ပွဲရှောင်ခြင်းသာမဟုတ်ဘဲ ရန်သူစိတ်ဓာတ်နှင့် မိမိဘက်မှ ပါဝင်လာနိုင်သော မဟာမိတ်နိုင်ငံ ဖြစ်လာနိုင်သော နိုင်ငံများမှ လူများ စိတ်ဓာတ်ကိုပါ ထည့်သွင်းတွက်ချက်လုပ်ဆောင်ခြင်း

၁။ Polibius.
၂။ Siege Trains.
၃။ Fabian Strategy.

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ထို့ကြောင့် မဟာဗျူဟာမကဘဲ စစ်ပေါ်လစီ သို့မဟုတ် အဂ္ဂမဟာဗျူဟာတစ်ရပ် ဖြစ်လေသည်။ ဟန်နီဘောက စစ်ရေးတွင် အဆမတန် သာလွန်နေသည်ကိုသိ၍ ဖေးဗီးယပ်က စစ်ဘက်အဆုံးအဖြတ်ကို ရှောင်ခဲ့ခြင်းဖြစ်၏။ အကြီးအကျယ် တိုက်ပွဲကြီးများကို ရှောင်ရှားပြီး စစ်ရေးအရ အပ်နှင့်ဆွသလို တိုက်ပွဲငယ်များဖြင့် ရန်သူစံနိုင်ရည်စွမ်းအားကို နှဲ့ပေး၏။ တစ်ချိန်တည်းတွင် ရန်သူက အီတလီမြို့များမှ လည်းကောင်း၊ ကာသေ့ဂ်အခြေချစခန်းမှလည်းကောင်း လူသစ်များ စုဆောင်းမရအောင် ဟန့်တားခဲ့၏။ ယင်း အဂ္ဂမဟာဗျူဟာ၏ သော့ချက်မှာ ရောမတပ်တော်သည် အမြဲတမ်း တောင်ပေါ်တွင်သာ ရှောင်နေ၍ ဟန်နီဘော၏ အင်အားကောင်းလှသော မြင်းတပ်ကို တိုက်ပွဲတိုက်ခွင့်မရအောင် လုပ်ဆောင်ရန်ဖြစ်၏။ ထို့ကြောင့် တိုက်ပွဲစဉ် ယခုအဆင့်မှာ ဟန်နီဘောနှင့် ဖေးဗီးယပ်တို့နှစ်ဦး သွယ်ဝိုက်ချဉ်းကပ်မှုချင်း ပြိုင်သည့်ပွဲဖြစ်လေသည်။

ဖေးဗီးယပ်၏အဂ္ဂမဟာဗျူဟာကြောင့် ဟန်နီဘောသည် တိုက်ပွဲကြီးကြီးကျယ်ကျယ် မတိုက်ရဘဲ ရောမတပ်တော်ကလည်း အရှုံးကြီးမရှုံးသောကြောင့် ရောမ မဟာမိတ်များသည် ရောမကို စွန့်ပစ်သွားခြင်း မရှိကြချေ။ ရောမတပ်များက တိုက်ပွဲမရှုံးသောကြောင့် စိတ်ဓာတ်တက်ကြွနေကြသော်လည်း ဟန်နီဘောတပ်များမှာမူ နယ်ခြားမြေခြားသို့ ရောက်နေကြသူများဖြစ်၍ အမြန်ဆုံး အဆုံးအဖြတ်ပေးသော တိုက်ပွဲတိုက်ပြီး မိမိတို့ဌာနေသို့ ပြန်လိုကြ၏။


သို့သော် ရေရှည်စစ်ဆိုသည်မှာ နှစ်ဖက်ချွန်ဖြစ်၍ သတိနှင့် သုံးစွဲစေကာမူ မိမိတို့ကိုလည်း ပြန်၍ ပြန်းတီးစေ၏။ ထို့ကြောင့် ဟန်နီဘော အောင်ပွဲများနှင့် အလှမ်းဝေးလာ၍ ပြန်လည် နာလန်ထစပြုနေသော ရောမလူထုက ဖေးဗီးယပ်၏ နည်းပရိယာယ်ကို သံသယဝင်လာကြပြီဖြစ်ပြီး ရောမတပ်တော်မှ တိုက်စိတ်နိုက်စိတ် ပြင်းပြသူများကလည်း ဖေးဗီးယပ်ကို အယုံအကြည်မရှိတော့ချေ။ ထိုမကျေမနပ်ဖြစ်နေကြသော ရောမတပ်တော် အစိတ်အပိုင်း၏ ခေါင်းဆောင်မှာ မီနစီယပ်[1] ဖြစ်လေသည်။ ဖေးဗီးယပ်၏ လက်ထောက်ဖြစ်ပြီး သူ့အား အကြီးအကျယ် ဝေဖန်နေသူလည်းဖြစ်၏။ မကြာမီ မီနစီယပ်အား ဖေးဗီးယပ်နှင့် တန်းတူ အာဏာရှင် ခန့်အပ်လိုက်ကြလေသည်။

ဟန်နီဘောက မီနစီယပ်အား ထောင်ချောက်ထောင် တိုက်ခိုက်ရာ ဖေးဗီးယပ်က အချိန်မီကလေး ဝင်ရောက်ကူညီသောကြောင့်သာ မီနစီယပ်နှင့် ရောမတပ်များ လုံးဝ ချေမှုန်းခြင်းဘေးမှ လွတ်မြောက်လာရခြင်း ဖြစ်၏။ ကောင်စစ်ဗိုလ်ချုပ် သက်တမ်းစေ့၍ ပြန်လည်ရွေးကောက်ကြသောအခါ အရွေးမခံရတော့

၁။ Minucius



ချေ။ အရွေးခံရသူတစ်ဦးမှာ မိုက်မဲခေါင်းမာလှသည့် ဗာရိုး[1] ဆိုသူ ဖြစ်၏။ ရောမ အထက်လွှတ်တော်ကလည်း ကောင်စစ်ဗိုလ်ချုပ်များက ဟန်နီဘောအား စစ်ခင်းတိုက်ခိုက်ကြရမည်ဟု ဆုံးဖြတ်ခဲ့၏။ ၂၁၆ ဘီစီတွင် ရောမတို့တပ်တော်၌ လီဂျင်[2] တပ်မကြီးရှစ်ခု ရှိ၏။ ရောမတို့တပ်များအနက် အကြီးကျယ်ဆုံး စစ်မြေပြင်တပ် ဖြစ်လေသည်။




## CANNÆ MANŒUVRE

## ကန်နေ့တိုက်ပွဲ

ကောင်းစစ်ဗိုလ်ချုပ် ပေါလပ်က အခွင့်ကောင်းကိုစောင့်၍ တိုက်လိုသော်လည်း ဗာရိုးက အမြန်ဆုံးသာတိုက်လို၏။ ကန်နေ[3] လွင်ပြင်၌ ရောမတပ်များနှင့် ဟန်နီဘောတပ်တို့ တွေ့ဆုံတိုက်ကြလေသည်။ နှစ်ဖက်စလုံးသည် ခြေလျင်တပ်များကို အလယ်တွင်ထား၍ မြင်းတပ်များက နံဘေးမှ နေရာယူကြ၏။ ယင်းမှာ ထိုခေတ်က လုပ်ရိုးလုပ်စဉ် တပ်အနေအထားပင်ဖြစ်၏။ သို့သော် ဟန်နီဘောထောင်ထားသော ထောင်ချောက်ကို ရောမတို့ မသိမမြင်ခဲ့ဘဲ ထိုထောင်ချောက်ထဲသို့ တည့်တည့်မတ်မတ် ကျရောက်ချေမှုန်းခြင်း ခံခဲ့ရလေသည်။

၁။ Varro
၂။ Legion
၃။ Cannae

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီဘောက ဂေါနှင့် စပိန်တပ် (အပျော့စားတပ်များ)ကို ရှေ့တန်းအလယ်တွင်ထား၍ ပိုမိုမာကျော အားကိုးရသည့် အာဖရိကခြေလျင်စစ်သည်များအား နောက်ပိုင်း နံဘေးတစ်ဖက်တစ်ချက်တွင် နေရာချထား၏။ ရောမတို့က ဖိတိုက်၍ ဂေါနှင့် စပိန်တပ်များ နောက်ဆုတ်လာကြရာ ရောမတို့က မိမိနိုင်ပြီအထင်ရောက်၍ အလယ်သို့ စုပြုံထိုးဝင် တိုက်ခိုက်ကြ၏။ ရောမတပ်များ အလယ်သို့ စုပြုံဝင်ရောက်ကြစဉ် လူထု သိပ်သည်းနေ၍ မိမိတို့လက်နက်များကို လွတ်လပ်စွာမသုံးနိုင်အောင် ဖြစ်နေကြစဉ် ကာသေ့တပ် အာဖရိကခြေလျင်စစ်တပ်များက အတွင်းပိုင်းသို့ ကွေ့ဝင် ဝိုင်းဝန်းလိုက်ကြလေသည်။ သွယ်ဝိုက်ချဉ်းကပ်မှုများအရ တီထွင်ထားသည့် ဂျူဂျစ်ဆုတိုက်နည်းအတိုင်း ဟန်နီဘောက တိုက်ခိုက်ခဲ့ခြင်းဖြစ်လေသည်။ ကာသေ့ ဘယ်တောင်ပံမြင်းတပ်က ရောမမြင်းတပ်ကို အောင်နိုင်လိုက်ပြီး ရောမတပ်များ နောက်မှပိတ်၍ ဝိုင်းဝန်းပိတ်ဆို့ထားလိုက်တော့၏။ ပိုလီဗီယပ် ရေးသားချက်အရ ရောမတပ်တော် ၇၆၀၀၀ အနက် ကန်နေစစ်မြေပြင်တွင် ၇၀၀၀၀ ကျဆုံးခဲ့လေသည်။ ကောင်စစ်ဝေါလပ်ပါ ကျဆုံးရပြီး မိုက်ရူးရဲဗာရိုးက ထွက်ပြေးနိုင်လေသည်။

၂၁၀ ဘီစီတွင် ရောမက ဆီပိုင်ယို[၁]အား စပိန်သို့ စေလွှတ်ခဲ့လေသည်။ ဆီပိုင်ယိုသည် ကျွမ်းကျင်လိမ္မာစွာ သွယ်ဝိုက်ချဉ်းကပ်မှုနည်းများကို အသုံးပြု၍ အခြေအနေ ဆိုးရွားနေသော ရောမတပ်များ ပြန်လည်ပြုစုပျိုးထောင်နိုင်သည့်အပြင် ခံစစ်ဆင်နေကြရာမှ ထိုးစစ်ဆင်နိုင်လာသည်အထိ အင်အားကောင်းလာအောင် လုပ်ခဲ့လေသည်။ ထိုးစစ်မှာ သွယ်ဝိုက်ချဉ်းကပ်နည်းဖြင့် ကာသေ့နှင့် ဟန်နီဘောတို့အား ရည်စူးပြုလုပ်ခဲ့ခြင်းဖြစ်၏။ စပိန်မှာ ဟန်နီဘော၏ တကယ့်မဟာဗျူဟာ အခြေချစခန်းဖြစ်၍ စပိန်မှပင် လူသစ်များ စုဆောင်းခြင်း၊ စစ်ကူများ ရရှိနိုင်ခြင်းဖြစ်လေသည်။ ဆီပိုင်ယိုက ရှေးဦးစွာ ဟန်နီဘော၏ အကြီးဆုံးအခြေချစခန်းကြီးဖြစ်သည့် ကတာဂီနား[၂]အား သိမ်းပိုက်လိုက်လေ၏။

ဆီပိုင်ယိုသည် ဟန်နီဘော၏ မဟာဗျူဟာနောက်ပိုင်းကို ဝင်တိုက်ရန် ကြံရွယ်လျက်ရှိလေသည်။ ၂၀၄ ဘီစီတွင် ဆီပိုင်ယိုသည် လူ ၇၀၀၀၊ လီဂျင်တပ် နှစ်ခုမျှဖြင့် အာဖရိကသို့ ကူးလာခဲ့လေသည်။ ရောမအထက်လွှတ်တော်၏ အပြည့်အဝ ထောက်ခံအားပေးမှုကို မရရှိဘဲ ခေါ်ဆောင်သွားရသည့် လီဂျင်တပ် နှစ်တပ်မှာလည်း ကန်နေတိုက်ပွဲတွင် ဆုံးရှုံးခဲ့သဖြင့် အပြစ်ပေးခံရသည့်အနေဖြင့် မြို့စောင့်တာဝန်သာ ထမ်းဆောင်နေရသော တပ်များဖြစ်၏။ အာဖရိကသို့ ကမ်းတက်ပြီး

---

၁။ ပက်ပလီယပ်ဆီပိုင်ယို၏ [illegible] အမည်မှာ ပတ်ဗလီယပ်ဆီပိုင်ယိုအငယ် ဖြစ်၏။ (Publius Scipio The Younger)

၂။ Cartagina



ကာသေ့က စေလွှတ်သော မြင်းတပ်ကိုလည်း ဖြားယောင်းကျုံးသွင်း ချေမှုန်းလိုက်နိုင်၍ ဆီပိုင်ယိုသည် ရောမအထက်လွှတ်တော်က ပိုမိုထောက်ခံအားပေးမှုရလာသည့် အပြင် ကာသေ့၏ မဟာမိတ်များကပါ ရောမဘက်သို့ ယိုင်လာခဲ့၏။

မိမိအခြေချစခန်းအတွက် အုတီကာ[၁]ကို ဆီပိုင်ယိုက တိုက်ခိုက်ရာ မရသဖြင့် ကျွန်းဆွယ်ငယ်တစ်ခုသို့ ဝင်၍ အခိုင်အခန့် ခံစစ်စခန်း ဆောက်လုပ်နေ၏။ အင်အားကြီးမားလှသော ကာသေ့နှင့် မဟာမိတ်ဆီပက်[၂]တပ်များက ထိုကျွန်းဆွယ်အနီးတွင် တပ်စခန်းနှစ်ခုဖြင့် စောင့်နေကြ၏။ ဆီပိုင်ယိုသည် ညမှောင်ချိန်တွင် တိတ်တဆိတ် စခန်းတစ်ခုအား မီးတင်ရှို့၍ ရန်သူတို့ ရုတ်ရုတ်သဲသဲဖြစ်နေကြပြီးနောက် စခန်းကပါ မီးကူညီငြိမ်းရန် မိမိတို့ တံခါးမကြီးများကို ဖွင့်ထွက်လာကြစဉ် ဆီပိုင်ယိုတပ်က ရန်သူ့စခန်း နှစ်ခုစလုံးကို ချေမှုန်းပစ်နိုင်ခဲ့၏။ မိမိဘက်မှ အကျအဆုံးမှာ မပြောပလောက်ဘဲ ရန်သူအား အောင်နိုင်လိုက်ခြင်း ဖြစ်လေသည်။ ဆီပိုင်ယို၏ သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာကြောင့် အောင်မြင်မည့် အခြေအနေကို ဖန်တီးပေးသည့်အပြင် ချေမှုန်းရေးတိုက်ပွဲမှာ မဟာဗျူဟာ၏ သဘာဝအကျိုးဆက်ရလဒ်ပင် ဖြစ်၏။

ထိုတိုက်ပွဲပြီးသော် ဆီပိုင်ယိုသည် ကာသေ့မြို့တော်ကို ချက်ချင်း ဝင်မတိုက်ခဲ့ချေ။ ကာသေ့မှာ အခိုင်အခံ့မြို့ရိုးကြီးများနှင့် တည်ဆောက်ထားသည့်အပြင် ဟန်နီဘောက မိမိတပ်နှင့် အာဖရိကသို့ ပြန်လာ၍ နောက်ပိုင်းမှ ဝင်တိုက်မည့်ရန်ကလည်း ရှိသေး၏။ ထို့ကြောင့် ဆီပိုင်ယိုသည် ကာသေ့၏ ထောက်ပံ့ရေးစခန်းများ၊ မဟာမိတ်များနှင့် ကာသေ့မြို့တော်ကို အဆက်ဖြတ်ရန် လုပ်ဆောင်ခဲ့လေသည်။ နူမီဒီယား[၃]တွင် မိမိ မဟာမိတ်စစ်ခေါင်းဆောင်ကို ဘုရင်ခန့်အပ်လိုက်ခြင်းဖြင့် ဆီပိုင်ယိုသည် မိမိမြင်းတပ်အတွက် နူမီဒီယားမြင်းများ လိုသလောက်ရခဲ့၏။ ဟန်နီဘော၏ အကောင်းဆုံးသောတပ်များမှာ မြင်းတပ်များဖြစ်၍ သူ့ကိုရင်ဆိုင်နိုင်ရန် မြင်းတပ်များ အလုံအလောက် ဖွဲ့စည်းနိုင်ရန်လို၏။

ဤကဲ့သို့ သွယ်ဝိုက်ချဉ်းကပ်မှုအမျိုးမျိုး လုပ်ဆောင်ပြီး ဆီပိုင်ယိုသည် ကြူနစ်သို့ ချီတက်ခဲ့ပြန်၏။ ကာသေ့ခေါင်းဆောင်များသည် စိတ်ဓာတ်ချောက်ချား အခြေပျက်လာပြီး စစ်ပြေငြိမ်းရန် တောင်းဆိုလာတော့၏။ စစ်ပြေငြိမ်းရေးကို ရောမလွှတ်တော်မှ အတည်ပြုချက်မရသေးမီ ၂၀၂ ဘီစီ၌ ဟန်နီဘောသည် လက်တစ်[၄]၌ ကမ်းတက်ပြီး အာဖရိကသို့ ပြန်ရောက်လာပြီဖြစ်၍ အခြေအနေ တစ်မျိုးပြောင်းသွားပြန်၏။ ဆီပိုင်ယိုအနေဖြင့် သူ့မဟာမိတ် မာဆီနီဆာကို နူမီဒီယားသို့ ပြန်လည်စေလွှတ်ထားခိုက်ဖြစ်၍ အခက်ကြုံနေ၏။

---

၁။ Utica

၂။ Syphax

၃။ Numidia

၄။ Leptis

www.burmeseclassic.com

www.burmeseclassic.com

ဆီပိုင်ယို ဘာလုပ်မည်နည်း။ သာမန် ဗိုလ်ချုပ်တစ်ဦးဖြစ်ပါက ဟန်နီဘော က ကာသေ့သို့ သွားရောက် မပူးပေါင်းမီ မိမိက ထိုးစစ်ဆင်နွှဲမည်။ သို့မဟုတ် မိမိတပ်များ အကူအညီရောက်လာသည်အထိ ခံစစ်ဆင်နွှဲနေရန်သာရှိ၏။ သို့သော် ဆီပိုင်ယိုသည် ထူးထူးဆန်းဆန်း စစ်ကစားမှု ပြုတော့၏။ သူချီတက်ရာလမ်းကို မြေပုံတွင် ထောက်ကြည့်ခဲ့လျှင် အလွန်ထူးခြားစွာ ချီတက်သည်ကို တွေ့ရမည် ဖြစ်၏။ လှည်းထောက်ခွပုံသဏ္ဍာန် (Λ)တွင် ဟန်နီဘော၏ ကာသေ့သို့ ချီတက် ရာ လမ်းကြောင်းသည် ညာဘက်အောက်ခြေမှ ထိပ်သို့တက်ရမည်ဖြစ်ရာ ဆီပိုင် ယိုက ထိပ်မှ ဘယ်ဘက်အောက်ခြေသို့ ဆင်းလာ၏။ တကယ့် သွယ်ဝိုက်ချဉ်းကပ် မှုပင် ဖြစ်လေသည်။ သို့သော် ဆီပိုင်ယိုဆင်းလာသည့်နေရာကား အာဖရိက အတွင်းပိုင်းမှ ကာသေ့သို့ ရိက္ခာများတင်ပို့ရာ အချက်အချာနေရာ ဖြစ်ပေ၏။ ထို့ပြင် စစ်ကူများ ပို့ပေးရန် နူမီဒီယားသို့ အမြန်အကြောင်းကြားထားရာ ယခု ဆီပိုင်ယို ချီတက်သော လမ်းကြောင်းမှာ နူမီဒီယား စစ်ကူများနှင့် တစ်နေ့ တခြား ပိုနီးကပ်သည့်လမ်းပင်ဖြစ်၏။ ဆီပိုင်ယို၏ မဟာဗျူဟာ ရည်မှန်းချက် အောင်မြင်ခဲ့ပြီဖြစ်၏။ မိမိတို့ရိက္ခာစခန်းများကို ရောမတို့က ဖျက်ဆီးနေသည်ကို အမြဲကြားသိနေရသဖြင့် ရောမတပ်များအား အမြန်စစ်ခင်းတိုက်ခိုက်ရန် ကာသေ့ လွှတ်တော်က ဟန်နီဘောအား ညွှန်ကြားခဲ့လေသည်။ ထိုအခြေအနေကို ဆီပိုင်ယို က ဖန်တီးယူနိုင်သဖြင့် ဟန်နီဘောသည် မြောက်ဘက် ကာသေ့မြို့တော်ဘက်သို့ မချီတက်နိုင်ဘဲ အနောက်ဘက်သို့ ချီတက်ပြီး ဆီပိုင်ယိုအား ရင်ဆိုင်ရန် လုပ် ဆောင်ရတော့၏။ ဆီပိုင်ယိုရွေးချယ်ထားသော မြေအနေအထားအတွင်းသို့ ဟန်နီ ဘော ဝင်ရောက်လာရခြင်း ဖြစ်၏။ ကာသေ့နှင့် ဝေးကွာသည့်နေရာတွင် စစ်ဆင် ရသည်ဖြစ်ခြင်းကြောင့် ဟန်နီဘောအတွက် ဆိုးကျိုးများမှာ မိမိစစ်ကူများနှင့် ဝေးကွာခြင်း၊ တည်ငြိမ်သည့် မဏ္ဍိုင်မရှိခြင်းနှင့် မိမိက စစ်ရှုံးပါက ဝင်ရောက် ခိုလှုံရာစခန်းမရှိခြင်းတို့ ဖြစ်၏။

ဟန်နီဘော ဆီပိုင်ယိုနေရာအနီးသို့ ရောက်လာသောအခါ ဆီပိုင်ယိုတပ် များအတွက် နူမီဒီယားမှ စစ်ကူများရောက်တာ ပူးပေါင်းမိကြပြီဖြစ်လေသည်။ ဤကဲ့သို့ ရင်ဆိုင်နေကြရာ ဆီပိုင်ယိုက ရှေ့သို့မတက်ဘဲ နောက်သို့ တစ်ထောက် ဆုတ်ပြန်၏။ ယခုရွေးချယ်လိုက်သောနေရာမှာ ကာသေ့တပ်များအတွက် ရေ အခက်အခဲတွေ့ရမည့်အပြင် ကျယ်ပြန့်သောလွင်ပြင်ဖြစ်၍ ဆီပိုင်ယို စုဆောင်းထား သော မြင်းတပ်အအတွက် စစ်ကစားရကောင်းသော မြေအနေအထား ဖြစ်လေ သည်။ ဇာမာ[၁](ပို၍ မှန်ကန်စွာခေါ်ဝေါ်ရသော် နာရာဂရာ[၂])တိုက်ပွဲ၌ ဟန်နီဘော အရေးရှုံးနိမ့်၍ ကာသေ့ပါ လက်နက်ချအပ်ရလေသည်။

၁။ Zama
၂။ Naraggara



ဇာမာတိုက်ပွဲအပြီး ရောမသည် မြေထဲပင်လယ်တစ်လျှောက်လုံးတွင် အင်အား အကြီးမားဆုံးနိုင်ငံ ဖြစ်လာခဲ့လေသည်။

၅၀-၄၅ ဘီစီတွင် ဖြစ်ပွားသော ရောမပြည်တွင်းစစ်တွင် ဆီဇာနှင့် ဆီဇာဝါဒ ပေါ်ထွက်လာခဲ့၏။ ၅၀ ဘီစီ ဒီဇင်ဘာလ၌ ဆီဇာက ရူဘီကွန်မြစ်ကို ဖြတ်ကူးလိုက်သောအခါ သူ့အင်အားမှာ ဂေါနှင့် အလီရီကမ်[၁] တို့သာ ဖြစ်လေ သည်။ သူ့ပြိုင်ဘက် ပွမ်ပေသည် အီတလီတစ်ခုလုံးနှင့် အခြား ရောမပိုင်နက်များ ကို ကြီးစိုးနိုင်ခဲ့၏။ အင်အားချင်းမမျှဘဲ ဆီဇာ အီတလီတောင်ပိုင်းသို့ ဆင်းလာ သည်ကို အချို့ကဝေဖန်ကြ၏။ သို့သော် ဆီဇာအတွက် အရေးအကြီးဆုံးအချိန်နှင့် အငိုက်ဖမ်းမှုဖြစ်ပြီး ရန်သူပွမ်ပေ၏ စိတ်ဓာတ်ကို သိ၍လည်း ယင်းသို့ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

ရောမသို့ဆင်းရာ လမ်းနှစ်သွယ်အနက် ပိုရှည်ပြီး တိုက်ရိုက်မကျသည့် လမ်းကိုရွေး၍ ဆီဇာသည် အမြန်ဆုံးချီတက်ခဲ့၏။ လမ်းတစ်လျှောက်မှ ပွမ်ပေ ဘက်ပါမည့် စစ်သည်အမြောက်အမြားသည် ဆီဇာကို သစ္စာခံလာကြလေသည်။ ပွမ်ပေနှင့် အဖွဲ့သည် စိတ်ဓာတ်ချောက်ချားလာ၍ ရောမမှ ကာပူအာ[၂]သို့ ထွက်ပြေးလေ၏။ နောက်ပိုင်းတွင်ကား ဆီဇာ၏ ချီတက်မှုမှာ တိုက်ရိုက်ကျလာ၍ အဆုံးအဖြတ် မပေးနိုင်ခဲ့ချေ။ ပွမ်ပေနှင့်အဖွဲ့ ခေါမသို့ ဆုတ်ခွာထွက်ပြေးနိုင်၍ ပြည်တွင်းစစ်သည် တစ်နှစ်နှင့်မပြီးဘဲ နောက်ထပ်လေးနှစ် ဆက်၍ကြာမြင့်ခဲ့၏။

ဆီဇာသည် ခေါမသို့မလိုက်ဘဲ စပိန်သို့ ကူးလာခဲ့၏။ ရန်သူများက အီလာဒါ(ခေတ်သစ် လယ်ရီဒါ[၃])သို့ ဆုတ်ခွာပြေးကြရာ ဆီဇာသည် မြို့ကို ဝန်းရံမတိုက်ဘဲ အီလာဒါတည်ရှိရာ ဆီကိုရစ်[၄]မြစ်တွင် လူလုပ်မြစ်ကူးနေရာ အသစ်တစ်ခု ပြုလုပ်ခြင်းဖြင့် မြစ်ကမ်းနှစ်ဖက်စလုံးကို စိုးမိုးနိုင်လာ၏။ မြို့သို့ ဝင်သော ရိက္ခာများကို ဆီဇာတပ်များက ခြိမ်းခြောက်လာနိုင်၍ ပွမ်ပေနောက်လိုက် များသည် အီလာဒါမှ ဆုတ်ပေးကြရ၏။ ရန်သူကို နောက်မှ ထက်ကြပ်မလိုက်ဘဲ မိမိမြင်းတပ်ကို ရန်သူနောက်လိုက်၍ နှောင့်ယှက်စေပြီး မိမိခြေလျင်တပ်များအား မြစ်ကိုဖြတ်ကူးစေ၍ ညတွင်းချင်းချီတက်စေခြင်းဖြင့် ရန်သူများနောက်သို့ ရောက် လာခဲ့၏။ ဆီဇာသည် ချက်ချင်းမတိုက်သေးဘဲ ရန်သူလွတ်မြောက်မပြေးစေရန် သာ မိမိမြင်းတပ်များနှင့် ကာကွယ်ထားပြီး ရေမရနိုင်သောနေရာသို့ အီလာဒါမှ ရန်သူတပ်များကို တဖြည်းဖြည်း ကျုံးသွင်းဦးတည်ပေးခဲ့၏။ အချိန်ကြာလာသည် နှင့်အမျှ ရန်သူများသည် ဆီဇာတပ်ဘက်သို့ ကူးပြောင်းသစ္စာခံလာကြ၍ နောက် ဆုံး ရေအခက်အခဲကြောင့် ရန်သူများ လုံးဝလက်နက်ချကြရတော့၏။

၁။ Illyricum
၂။ Capua
၃။ Ilerda (Modern Lerida)
၄။ Sicoris

www.burmeseclassic.com

www.burmeseclassic.com

စစ်နိုင်သူများအတွက်ရော စစ်ရှုံးသူများအတွက်ပါ သွေးထွက်သံယိုမှု နည်းလှသော မဟာဗျူဟာအောင်ပွဲဖြစ်၏။ ပြည်တွင်းစစ်ဖြစ်သဖြင့် ရန်သူအသေအပျောက်နည်းလေ မိမိဘက်သို့ (ရန်သူ)ရောမတပ်များ ကူးပြောင်းဝင်လာလေဖြစ်၏။

မက်ဆီဒိုနီးယားတိုင်း ဖာဆေးလပ်[1] ၌ ပွမ်ပေအပေါ် ဆီဇာက အောင်နိုင်လိုက်ပြီး ပွမ်ပေနောက်သို့ ဆီဇာသည် ထက်ကြပ်လိုက်ခဲ့၏။ ဒါဒင်နယ် ရေလက်ကြားကိုဖြတ်ပြီး အက်လီဇင်ဒရီးယားအထိပြေးရာ ထိုမြို့တွင် ပွမ်ပေအား တိုလမီက လုပ်ကြံသတ်ဖြတ်လိုက်လေသည်။

အီဂျစ်နိုင်ငံဆက်ခံရေးအတွက် တိုလမီနှင့် သူ့နှမ ကလီယိုပါထရာတို့ အငြင်းအခုံဖြစ်ရာတွင် ဆီဇာပါ ပါဝင်ပတ်သက်နေ၍ ရှစ်လမျှ အချိန်ကုန်ခဲ့ရ၏။ ထိုအချိန်အတွင်း ပွမ်ပေ၏နောက်လိုက်များသည် အာဖရိကနှင့် စပိန်၌ လူသူစုစည်း အင်အားစုဆောင်းရန် အချိန်ရခဲ့လေသည်။ ဆီဇာသည် အာဖရိကတိုက်ပွဲစဉ်ကို ၄၆ ဘီစီတွင် စတင်ခဲ့ပြီး သက်ဆပ်[2]၌ ရန်သူများအပေါ် အောင်ပွဲခံနိုင်ခဲ့၏။

စပိန်တိုက်ပွဲစဉ်ကို ၄၅ ဘီစီတွင် စတင်ပြီး မန်ဒါး[3]၌ ရန်သူများအပေါ် အောင်ပွဲခံနိုင်သော်လည်း နှစ်ဖက်အကျအဆုံးမှာ များပြားလှလေသည်။ အာဖရိကနှင့် စပိန်တိုက်ပွဲစဉ်များတွင် အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲများ ဆီဇာမရခဲ့ခြင်းမှာ သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာကို လိုအပ်သလောက် မကျင့်သုံးခဲ့သောကြောင့် ဖြစ်၏။ ရန်သူတပ်မှူးများ စိတ်ဓာတ်ကို တုန်လှုပ်စေရန်သာ တတ်နိုင်ပြီး တကယ်ချောက်ချား အခြေပျက်သွားသည်အထိ မလုပ်ဆောင်နိုင်ခဲ့သဖြင့် တိုက်ရသော တိုက်ပွဲများတွင် မရေမရာ ဖြစ်ရလေသည်။ ဆီဇာအနေနှင့် ရန်သူတပ်မှူး စိတ်ဓာတ်အခြေပျက်သွားအောင် လုပ်ရေးထက် ရန်သူတပ်များ စိတ်ဓာတ်ကို ရည်မှန်းတိုက်သည်ဟု ယူဆရ၏။ တိုက်ရိုက်ချဉ်းကပ်မှုပြုတိုင်း အောင်ပွဲမရခဲ့ဘဲ သွယ်ဝိုက်ချဉ်းကပ်မှုကို ကျင့်သုံးနိုင်လေ အောင်ပွဲရရှိလေဖြစ်သည်ကို တွေ့ရ၏။

---

၁။ Pharsalus
၂။ Thapsus
၃။ Munda

# အခန်း (၄)

## ဘိုင်ဇင်တိုင်စစ်များ ဘယ်လီဆေးရီးယပ်နှင့် နားဆက်

၄၅ ဘီစီ၌ မန်ဒါးတွင် အောင်ပွဲခံပြီးနောက် ဆီဇာအား ရောမနိုင်ငံ၏ အမြဲတမ်းအာဏာရှင်[1] အဖြစ် ခန့်အပ်လိုက်လေသည်။ ထို့ကြောင့် ရောမသည် သမ္မတနိုင်ငံမှ အင်ပိုင်ယာဖြစ်လာပြီး ပျက်စီးပြိုကွဲမည့် အဆိပ်ပင်ကိုပါ မွေးမြူမိရက်သား ဖြစ်ခဲ့၏။ သို့သော် တဖြည်းဖြည်းပြိုကွဲခြင်းဖြစ်ပြီး ဆီဇာ၏ မန်ဒါး အောင်ပွဲနှင့် ရောမ ပျက်စီးပြိုကွဲခြင်းမှာ နှစ်ပေါင်း ၅၀၀ မျှ ကွာခြားလေသည်။ နောက်တွင် နှစ်ပေါင်း ၁၀၀၀ မျှ ရောမအင်ပိုင်ယာအမည်ဖြင့် ဆက်လက်တည်ရှိခဲ့ခြင်းမှာ ကွန်စတင်တိုင်ဘုရင်သည် သက္ကရာဇ် ၃၃၀ ပြည့်နှစ်တွင် မိမိနန်းစံရာ မြို့တော်ကို ရောမမှ ဘိုင်ဇမ်တီယံ[2] (ကွန်စတင်တီနိုပယ်လ်)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သောကြောင့် ဖြစ်၏။ ထို့ပြင် ၃၆၄ ခုနှစ်၌ ရောမအင်ပိုင်ယာသည် အရှေ့ခြမ်း အနောက်[illegible]စ်ပိုင်းကွဲသွားသောကြောင့်လည်း ဖြစ်လေသည်။

အရှေ့[illegible]က အနောက်ခြမ်းထက် အင်အား ပိုမိုကောင်းလာပြီး အနောက်ခြမ်းသည် လူရိုင်းများ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် တဖြည်းဖြည်း ပြိုကွဲလာ၍ ၅ ရာစုနှစ်တွင် ဂေါ၊ စပိန်၊ အာဖရိကနိုင်ငံများအပြင် အီတလီကပါ သီးခြားနိုင်ငံတစ်ခု ထူထောင်လာခဲ့၏။ ထို့နောက် အနောက်ခြမ်း ရောမအင်ပိုင်ယာဟူ၍ မရှိတော့ချေ။

---

၁။ Perpetual Dictator
၂။ Byzantium

www.burmeseclassic.com

www.burmeseclassic.com



၆ ရာစုနှစ်အလယ်လောက်တွင် ကွန်စတင်တီနိုပဲလ်၌ ဂျပ်စတီနီယန်[၁] ဧကရာဇ်ဘုရင်ဖြစ်လာပြီး သူ၏စစ်သူကြီး ဘယ်လီဆေးရီးယပ်၏ စွမ်းပကားကြောင့် အာဖရိကား၊ အီတလီနှင့် တောင်ပိုင်းစပိန်တို့ကို ရောမအင်ပိုင်ယာအတွင်း ပြန်လည်သွတ်သွင်းနိုင်ခဲ့၏။ ဘယ်လီဆေးရီးယပ် အောင်ပွဲခံနိုင်ခြင်းများမှာ အချက်နှစ်ချက်ကြောင့် ထူးခြားလေသည်။ ရောမဧကရာဇ်ဘုရင်က သူ့အား လူသူတပ်မြောက်မြားစွာမပေးဘဲ အောင်ပွဲခံနိုင်ခြင်းဖြစ်ပြီး နောက်တစ်ချက်မှာ ဘယ်လီဆေးရီးယပ်သည် နည်းဗျူဟာအနေဖြင့် အမြဲတမ်းလိုလို ခံစစ်ဖြင့် စတင်တိုက်လေ့ရှိ၏။ သမိုင်းတစ်လျှောက်၌ ထိုးစစ်မပြုလုပ်ဘဲ ယင်းသို့အောင်ပွဲများ ခံနိုင်ခဲ့သည့် အခြားသာဓကမရှိချေ။ ထို့ပြင် ပို၍ထူးခြားသည်မှာ ဘယ်လီဆေးရီးယပ်၏ တပ်များမှာ အဓိကအားဖြင့် လှုပ်ရှားတပ်များဖြစ်သည်ဟူသော အချက်ဖြစ်လေသည်။

ဘယ်လီဆေးရီးယပ်သည် စွန့်စားသတ္တိပြောင်မြောက်သူပင် ဖြစ်သည်။ သို့သော် ရန်သူအား စစ်မြှူ၍ ရန်သူက စတိုက်အောင် ပရိယာယ်ဆင်လေ့ရှိ၏။ မိမိက အမြဲလိုလို ရန်သူထက် အင်အားနည်း၍လည်း ဖြစ်နိုင်ပါသည်။ သို့သော် သူသည် နည်းဗျူဟာအရလည်းကောင်း၊ စိတ်ဓာတ်ရေးရာအရလည်းကောင်း တွက်ချက်၍ ယင်းသို့ နည်းဗျူဟာ ခံစစ်ဆင်နွှဲခဲ့ခြင်း ဖြစ်တန်ရာ၏။

ရောမတပ်ဖွဲ့စည်းပုံမှာလည်း အကြီးအကျယ်ပြောင်းလဲခဲ့ပြီဖြစ်၏။ ဆီပိုင်ယိုနှင့် ဆီဇာတို့ခေတ်အတွင်း ရောမတပ်သည် နှစ်တိုစစ်မှုထမ်းနိုင်ငံသား တပ်မတော်ဘဝမှ နှစ်ရှည် စစ်မှုထမ်း အမြဲတမ်းတပ်မတော် ဖြစ်လာခဲ့ချေပြီ။ အစပိုင်းတွင် ခြေလျင်တပ်ကသာ အဓိကတပ်ဖြစ်ခဲ့ပြီး မြင်းတပ်များက အကူတပ်သာ ဖြစ်၏။ အင်ပိုင်ယာ ပိုင်နက်ကျယ်လာပြီး စောင့်ကြပ်ရန် နယ်ခြားဒေသ ပိုရှည်လျားလာလေ မြင်းတပ်များက ပိုမိုအရေးပါလာလေဖြစ်သည်။

ဂျပ်စတီနီယန်နှင့် ဘယ်လီဆေးရီးယပ်တို့ခေတ်တွင် အဓိကတပ်မှာ အကြီးစား မြင်းတပ်[၂]ဖြစ်လေသည်။ အပေါ့စား လေးစစ်သည် မြင်းတပ်များလည်း ရှိသေး၏။ ခြေလျင်ကိုလည်း အလားတူပင် အကြီးစား၊ အပေါ့စား ခွဲခြားဖွဲ့စည်းထားရှိ၏။

၆ ရာစုနှစ် စောစောပိုင်းတွင် အရှေ့ရောမ အင်ပိုင်ယာသည်လည်း အခြေယိုင်နေ၍ စိုးရိမ်ဖွယ်ပင်ဖြစ်၏။ ပါရှားနယ်ခြားတွင် မကြာခဏ စစ်ရှုံးခဲ့ရပြီး အာရှမိုင်းနားတစ်ခုလုံးသည် အန္တရာယ်ကြီးနှင့် ရင်ဆိုင်နေရလေသည်။ ၅၂၅ ခုနှစ်တွင် ဘယ်လီဆေးရီးယပ်သည် ပါရှား၊ အာမေနီးယား ပြည်နယ်

၁။ Justinian
၂။ Heavy Cavalry



အတွင်း မြင်းတပ်များနှင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းဖြင့် လည်းကောင်း၊ ပါရှားတပ်များက နယ်ခြားရဲတိုက်တစ်ခုကို အောင်နိုင်ပြီးမှ ဘယ်လီဆေးရီးယပ်က တန်ပြန် ထိုးစစ်ဆင်နိုင်ခဲ့၍လည်းကောင်း သူသည် စစ်မြေပြင်တွင် နာမည်ရလာခဲ့၏။ ထို့ကြောင့် အသက် ၃၀ မပြည့်မီမှာပင် ဂျပ်စတီနီယန်က ဘယ်လီဆေးရီးယပ်အား အရှေ့ပိုင်းတပ်များအားလုံး၏ သေနာပတိ ခန့်အပ်ခဲ့လေသည်။

၅၃၀ ပြည့်နှစ်တွင် ပါရှားစစ်တပ် ၄၀၀၀၀ သည် ဒါရာ(စ)[၁]သို့ ချီတက်လာကြ၏။ ဘယ်လီဆေးရီးယပ်၌ စစ်သည် ၂၀၀၀၀ မျှသာရှိပြီး အတော်များများမှာ နောက်မှ စစ်ထဲဝင်လာသည့် လူသစ်များ ဖြစ်ကြ၏။ ပါရှားများ ဝန်းရံတိုက်ခိုက်ခြင်းကို မခံတော့ဘဲ မိမိရွေးချယ်ထားသောမြေ၌ စစ်ခင်းရန် ဘယ်လီဆေးရီးယပ်က ဆုံးဖြတ်လိုက်လေသည်။ သူရွေးချယ်သော နည်းဗျူဟာမှာ ခံစစ်ထိုးစစ်နည်း ဖြစ်၏။

ဒါရာ(စ) ရှေ့ရန်သူနှင့်အကြားတွင် ကျယ်ပြန့်နက်ရှိုင်းသည့် ကျင်းရှည်ကြီးတူးထား၏။ ၎င်းကို မြို့တံတိုင်း နံရံများပေါ်မှလူများက ပစ်အားနှင့် အကာအကွယ်ပေးနိုင်သည့်နေရာတွင် ဖြစ်လေသည်။ ထိုကျင်းတွင် ဘယ်လီဆေးရီးယပ်က အညွှန့်စား ခြေလျင်တပ်ကို ချထား၏။ ကျန်တစ်ဖက်အစွန်းစီမှ ရှေ့သို့ ထောင့်မှန်ထွက်နေသော ကျင်းတစ်ကျင်းစီ တူး၍ ထိုကျင်းများမှ နံဘေးတောင်တန်းများသို့ ကျင်းရှည်ကြီးများ တူးထားပြီး ထိုကျင်းများတွင် သူ၏အကြီးစား မြင်းတပ်များကို နှစ်ဖက်စလုံးတွင် ချထားလေသည်။ အတွင်းဘက်ထောင့်များတွင် ဟန်းအပေါ့စား မြင်းတပ်များ[၂]ရှိပြီး အကြီးစား တောင်ပံမြင်းတပ်များ အရေးမလှ၍ ဆုတ်ရပါက အပေါ့စား မြင်းတပ်များက ရန်သူ့နောက်ကျောမှ တိုက်ကြရန် ဖြစ်လေသည်။

စစ်မြေသို့ ပါရှားတပ်များ ရောက်လာသောအခါ ထိုကျင်းများကိုကြည့်ပြီး မဝေခွဲနိုင်အောင် ရှုပ်ထွေးသွားကြ၍ သွေးတိုးစမ်းသည့်သဘောဖြင့် အနည်းငယ်သာ တိုက်ကြည့်ကြ၏။ နောက်တစ်နေ့တွင် ဘယ်လီဆေးရီးယပ်က ရန်သူတပ်မှူးထံ စာတစ်စောင်ပေးလိုက်၏။ ယင်းစာတွင် "လူတို့၏ ပထမဆုံးဆုလာဘ်သည် ငြိမ်းချမ်းရေးဖြစ်၏။ ယင်းကို စဉ်းစားတတ်သည့် လူတိုင်းက လက်ခံထားကြလေသည်။ ထို့ကြောင့် အရည်အချင်းအပြည့်ဝဆုံး ဗိုလ်ချုပ်ဆိုသည်ကား ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်နိုင်သူပင်ဖြစ်၏"ဟု ရေးသားထား၏။ ငယ်ရွယ်လှသည့် ဗိုလ်ချုပ်တစ်ဦးက သူ၏ ပထမဆုံးအောင်ပွဲမတိုင်မီ ပေးသည့်စာဖြစ်၍ ထူးခြားလှ၏။

၁။ Daras
၂။ Hunnish light Cavalry

www.burmeseclassic.com

www.burmeseclassic.com



ပါရှားတို့က ဘယ်လီဆေးရီးယပ်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို လက်မခံဘဲ ကျင်းများတူး၍ ခံစစ်ဆင်ခြင်းမှာ သတ္တိနည်းလှ၍ ဖြစ်သည်ဟု ကောက်ချက်ချကာ စတင်တိုက်ခိုက်တော့၏။ သို့သော် ပါရှားများက ရန်သူ အလယ်ကျင်းများသို့ မဝင်မိရန် သတိနှင့်တိုက်ကြခြင်း ဖြစ်၏။ ယင်းသို့ အလယ် ကျင်းကို ရှောင်ခြင်းကပင်လျှင် ပါရှားများသည် ဘယ်လီဆေးရီးယပ်၏ထောင် ချောက်သို့ ကျဆင်းခြင်း ဖြစ်လေသည်။ တောင်ပံ မြင်းတပ်အချင်းချင်း တိုက် ကြရာ ဘယ်ရီဆေးရီးယပ်၏ မြင်းတပ်များသည် အကောင်းဆုံး၊ အားအကိုးရဆုံး တပ်များ ဖြစ်ကြ၏။ တစ်ချိန်တည်းတွင် ရောမခြေလျင် လေးစစ်သည်များက မိမိတို့လေးများကို အစွမ်းကုန် အသုံးချနိုင်ကြ၏။ ရောမလေးသည် ပါရှားလေး ထက် တာပိုဝေးပြီး သံချပ်ကာတွင်လည်း ရောမသံချက်ကာက ပိုထိရောက်လေ သည်။

အစတွင် ဘယ်ရီဆေးရီးယပ်၏ တောင်ပံမြင်းတပ်သည် အနည်းငယ် နောက်ဆုတ်ပေးရ၏။ ထိုအချိန်၌ တောင်အကွယ်တွင် နေရာချထားသော ရောမ မြင်းတပ်က ရန်သူ့နောက်ကျောကို ဝင်တိုက်ပြီး ကျင်းများထဲမှ ဟန်အပေါ်စား မြင်းတပ်ကပါ ကူတိုက်ကြရာ ပါရှာများ နောက်သို့ဆုတ်ပေးရ၏။ ထိုအချိန်တွင် ဘယ်ရီဆေးရီးယပ် ညာတောင်ပံ၌ ရန်သူမြင်းတပ်က ရှေ့သို့အတင်းတက်လာစဉ် ရန်သူခြေလျင်က ရှေ့သို့မတက်သဖြင့် ကြားကွက်လပ်ကြီး ဖြစ်ပေါ်ခဲ့ရာ ထို ကွက်လပ်အတွင်းသို့ ရောမမြင်းတပ်များက အတင်းဝင်တိုက်ကြလေသည်။ ပါရှား မြင်းတပ်ရော ခြေလျင်ကိုပါ ရောမတို့က အနိုင်ရလိုက်ကြ၍ နှစ်ပေါင်းများစွာ အတွင်း ရောမတို့က ပထမအကြိမ် ပါရှားတို့ကို အောင်နိုင်လိုက်ခြင်း ဖြစ်လေ သည်။

၅ ရာစု စောစောပိုင်းမှစ၍ ဗင်ဒယ်[1] များသည် အနောက်ရောမ အင်ပိုင် ယာကို ဝင်ရောက်တိုက်ခိုက်ကြ၍ ရောမမြို့တော်ကိုပင် ဝင်ရောက်ဖျက်ဆီးခဲ့ ကြ၏။ အာဖရိကရှိ ရောမပိုင်နက်များကိုလည်း ဝင်ရောက်တိုက်ခိုက်ကြလေသည်။ ၅၃၃ ခုနှစ်တွင် အာဖရိက ဗင်ဒယ်များကို နှိမ်နင်းရန် ဂျပ်စတီနီယန်က ဗိုလ် ချုပ် ဘယ်လီဆေးရီးယပ်အား စေလွှတ်ခဲ့လေသည်။ မြင်းစစ်သည် ၅၀၀၀ နှင့် ခြေလျင် ၁၀၀၀၀ သာ အင်အားရှိ၍ ဗင်ဒယ်တို့၌ စစ်သည် ၁၀၀၀၀၀ ရှိလေသည်။

ဘယ်လီဆေးရီးယပ်၏တပ် အာဖရိကသို့ရောက်သောအခါ ဗင်ဒယ်တပ် အချို့သည် ဆာဒီးနီးယားသို့ သွားရောက်တိုက်ခိုက်နေကြသည့်သတင်းကိုကြားရ ၍ ရန်သူတို့ ပြန်လည်မစုစည်းနိုင်မီ ရောမတပ်များက ဝင်ရောက်တိုက်ခိုက်ရာ ကာသေ့ဂျမြို့ကိုပါရ၍ ဗင်ဒယ်များကို အောင်နိုင်လိုက်လေသည်။

၁။ Vandals



၅၃၅ ခုနှစ်၌ စစ်သည် ၁၂၀၀၀ မျှနှင့် ဘယ်လီဆေးရီးယပ်အား ဆစ်စလီ နှင့် အီတလီကို စေလွှတ်လိုက်ပြန်၏။ ဘယ်လီဆေးရီးယပ်၏ ခေါင်းဆောင်မှု ကောင်းသည့်အပြင် ဖရင့်လူမျိုးများ[1] ကပါ နယ်ခြားမှ ဝင်တိုက်နေကြ၍ ရောမ မြို့ကိုပါ ဘယ်လီဆေးရီးယပ်တို့က ရလိုက်တော့သည်။ ရောမမြို့တွင် လူ ၁၀၀၀၀ မျှနှင့် ခံစစ်ဆင်ရာ ရန်သူက အင်အား ၁၅၀၀၀၀ နှင့် ဝန်းရံတိုက်ခိုက် သော်လည်း မအောင်မြင်ချေ။ ဘယ်လီဆေးရီးယပ်သည် မြို့ခံစစ်အနေအထားကို သေချာစွာ ပြင်ဆင်ထားသည့်အပြင် ပုံသေခံစစ်ဆင်နေခြင်းမဟုတ်ဘဲ မကြာခဏ မိမိလက်ရွေးစင်တပ်များနှင့် မြို့မှထွက်၍ ရန်သူတို့အား စီးနင်းတိုက်ခိုက်ခဲ့၏။ ထို့ပြင် ရန်သူတို့ကို ရိက္ခာစုဆောင်းရာ မြို့နှစ်မြို့[2] ကိုပါ မိမိတပ်များ စေလွှတ် သိမ်းပိုက်ထားစေ၏။ နောက်ထပ် စစ်ကူများရောက်လာသောအခါ ဘယ်လီဆေး ရီးယပ်သည် ရန်သူတို့၏ အဓိက ထောက်ပံ့ရေးစခန်းဖြစ်သည့် ရာဗေနာ[3] မြို့နား အထိ တိုက်ခိုက်ပြီး အက်ဒရိက်တစ် ပင်လယ်ကမ်းခြေမှ ရန်သူမြို့များကိုလည်း တစ်မြို့ပြီးတစ်မြို့ စီးနင်းတိုက်ခိုက်ခဲ့လေသည်။ ရာဗေနာအနီး ရီမိနီ[4] ကို ရောမ များ သိမ်းပိုက်သည် ကြားသိရသဖြင့် ရန်သူများသည် ရောမမြို့ကို တစ်နှစ်ကျော် ခန့် ဝန်းရံထားပြီးမှ ဆုတ်ခွာသွားကြတော့၏။

ရန်သူများ ရာဗေနာဘက်သို့ ဆုတ်ခွာသွားကြရာ ဘယ်လီဆေးရီးယပ် သည် ရောမရေတပ်ကို အနောက်ဘက်ကမ်းခြေသို့ စေလွှတ်၍ ပေဇီယာနှင့် မီလန်မြို့များကို သိမ်းပိုက်စေ၏။ မိမိကိုယ်တိုင်လည်း တပ် ၃၀၀၀ မျှ မြင်းတပ် နှင့် အရှေ့ဘက်ကမ်းခြေသို့ ထွက်ခွာလာခဲ့ပြီး အရှေ့ဘက်ကမ်းခြေတွင် နောက်ပိုင်း မှ ပေးပို့သော စစ်ကူ ၇၀၀၀ နှင့် ပူးပေါင်းမိကြ၏။ ထိုစစ်ကူများကို ဦးဆောင် လာသူမှာ နာဆက်[5] ဖြစ်လေသည်။

ရီမိနီရှိ မိမိတို့တပ်များကို ရန်သူအမြောက်အမြားက ဝန်းရံထားရာ ဘယ်လီ ဆေးရီးယပ်သည် စစ်ကြောင်းသုံးကြောင်းခွဲ၍ ရီမိနီသို့ ချီတက်ခဲ့လေသည်။ စစ်ကြောင်းသုံးကြောင်း ခွဲလိုက်ခြင်းမှာ မိမိတို့အင်အားကို ရှိသည်ထက် ပိုမို များပြားသည်ဟု ရန်သူက အထင်ရောက်စေရန် ဖြစ်လေသည်။ ညများတွင်လည်း မီးများကို လင်းထိန်နေအောင် နေရာများစွာမှ ဖိုထားရာ ရောမတပ်ကြီးများ ချီတက်လာပြီဟု ရန်သူက ထင်မှတ်၍ ရီမိနီ ဝန်းရံနေရာမှ ဆုတ်ခွာထွက်ခြေ

၁။ Franks
၂။ Tivoli and Terracina
၃။ Ravenna
၄။ Rimini
၅။ Narses

www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။ စင်စစ် ရန်သူများသည် ဘယ်လီဆေးရီးယပ်တို့ထက် အင်အားများစွာ ပိုများသေး၏။

ထို့နောက် ဘယ်လီဆေးရီးယပ်သည် မိမိတပ်များ ရာဗေနာအနီးရှိစဉ် ရောမမြို့တော်နှင့် ရာဗေနာအကြား ရန်သူခံတပ်များကို ရှင်းလင်းပစ်ရန် ဆုံးဖြတ်ခဲ့၏။ မိမိ၏ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရန်ဖြစ်လေသည်။ မိမိအင်အားမှာ နည်းပါးလှသဖြင့် ယင်းသို့လုပ်ဆောင်ရန် လွယ်ကူသည်မဟုတ်ချေ။ ဘယ်လီဆေးရီးယပ် လုပ်ဆောင်သည့်နည်းမှာ မိမိရွေးချယ်ထားသော ခံတပ်တစ်ခုစီကို မိမိအင်အား စုစည်းတိုက်၍ ပြင်ပမှ ရန်သူစစ်ကူများ မဝင်နိုင်အောင် လျင်မြန်စွာ စစ်ကစားနိုင်သော လှုပ်ရှားတပ်များကို ယင်းခံတပ် ခပ်ဝေးဝေးမှ ဝန်းရံ၍ထား၏။

မိမိစစ်ဆင်ရေးများ မပြီးသေးမီ ဂျပ်စတီနီယန်က ပြန်ခေါ်၍ ဘယ်လီဆေးရီးယပ်သည် အရှေ့ဘက်သို့ ပြန်လည်ချီတက်ခဲ့ရပြန်၏။

ပါရှားဘုရင်က စစ်သည်နှစ်သိန်းဖြင့် ပါလက်စတိုင်းကို တိုက်ရန်ချင်ရောက်လာရာ ဘယ်လီဆေးရီးယပ်ကို လွှတ်ရပြန်လေ၏။ မိမိတပ်များကို ရှိသည်ထက် အဆမတန် များပြားသည်ဟု ရန်သူအထင်ရောက်အောင် အမျိုးမျိုး လှည့်စား၍ ရန်သူတို့ ပြန်လည်ဆုတ်ခွာသွားကြလေသည်။ ရန်သူတပ်မှူး စိတ်ဓာတ်ချောက်ချားစေရန် သွယ်ဝိုက်ချဉ်းကပ်မှုနည်းများကို အသုံးပြုခဲ့သဖြင့် မိမိဘက်မှ လုံးဝအကျအဆုံးမရှိဘဲ ရန်သူများ ပြန်လည်ဆုတ်ခွာသွားအောင် လုပ်နိုင်ခဲ့၏။

ထိုအချိန်တွင် ဘယ်လီဆေးရီးယပ်သည် စစ်မြေပြင်၌အလွန်နာမည်ကြီးနေရာ ဂျပ်စတီနီယန်က သံသယရှိလာ၍ ဘယ်လီဆေးရီးယပ်အား မနာလိုစိတ်များ ဝင်နေပြီ ဖြစ်၏။ စစ်ဆင်ရေးများကို ဆက်၍ခိုင်းသော်လည်း အင်အားအနည်းဆုံးသာပေး၍ ဘယ်လီဆေးရီးယပ်အနေဖြင့် စစ်ဆင်ရေးများကို ထိထိရောက်ရောက် မလုပ်နိုင်တော့ချေ။ ထို့ကြောင့် ၅၄၈ ခုနှစ်တွင် ဧကရာဇ်ဘုရင်ထံ ခွင့်ပန်၍ ဘယ်လီဆေးရီးယပ်သည် အီတလီမှ ကွန်စတန်တီနိုပယ်သို့ ပြန်လာခဲ့ရလေတော့သည်။

နောက်လေးနှစ်ကြာသောအခါ အီတလီသို့ တပ်များစေလွှတ်၍ စစ်ဆင်ရေးလုပ်ရန် လိုအပ်လာရာ ဂျပ်စတီနီယန်သည် ဘယ်လီဆေးရီးယပ်ကို ဦးစီးစေလွှတ်ခြင်းမပြုလိုတော့၍ နားဆက်အား ဦးစီးစေခဲ့လေသည်။

နားဆက်က မိမိအား တပ်များ လုံလုံလောက်လောက်ပေးရန် တောင်းဆို၍ရတော့မှ အီတလီသို့ ထွက်ခွာလာခဲ့၏။ အက်ဒရိက်တစ်ကမ်းခြေ ဆိုးရွားလှသောလမ်းများမှ ရန်သူမမျှော်လင့်စဉ် ချီတက်ခဲ့ရင်း မိမိရေတပ်ကိုလည်း ကမ်းခြေမှ



မျှောတံတားများအဖြစ် အသုံးပြုခဲ့ရာ ရန်သူ လုံးဝမမျှော်လင့်သည့်အချိန် ရာဗေနာသို့ ရောက်လာခဲ့၏။ တောင်ဘက်သို့ ဆက်ချီတက်ခဲ့ရာ တာဂျီနေ[၁]တွင် တိုတီလာ[၂] ဘုရင် ဦးစီးသည့် ဂို(သ)[၃]တပ်များနှင့် တွေ့ကြလေ၏။

မိမိတပ်များကို နေရာချထားရာ၌ နားဆက်သည် ပါးနပ်လိမ္မာလှ၍ ရန်သူစိတ်ဓာတ်ကိုလည်း သေချာစွာ တွက်ချက်လုပ်ဆောင်သည်ကို တွေ့ရ၏။ ဂို(သ)များက ရောမခြေလျင်တပ်ကို အထင်သေး၏။ မိမိတို့မြင်းတပ်များဒဏ်ကို ရောမခြေလျင်က မခံနိုင်ဟု တွက်ထား၏။ နားဆက်က သူ့မြင်းတပ်မှ စစ်သည်များကို မြင်းများပေါ်မှ ဆင်းစေပြီး လှံများကိုင်ဆောင်စေ၍ အလယ်တွင် နေရာယူစေ၏။ ရန်သူက ခြေလျင်ဟုအထင်ရောက်စေရန် ဖြစ်လေသည်။ ယင်းတပ်နံဘေးတစ်ဖက်တစ်ချက်တွင် လေးစစ်သည်များချထားပြီး မိမိမြင်းတပ်ကို တောင်စွယ်တစ်ခုအကွယ်၌ထား၍ ရန်သူ့နောက်ကျောကိုတိုက်ရန် ဖြစ်၏။ ထိုတိုက်ပွဲ၌ ဂို(သ)များ အရှုံးကြီးရှုံး၍ အမြောက်အမြားကျဆုံးရာ နောက်ပိုင်းတွင် ရောမတို့က အီတလီတစ်နိုင်ငံလုံးကို ပြန်လည်သိမ်းယူရာ၌ ဂို(သ)များက အနှောင့်အယှက် မပေးနိုင်တော့ချေ။

ဂို(သ)များက စစ်ကူခေါ်၍ ဖရင့်များ အီတလီနိုင်ငံတွင်း ဝင်လာကြပြန်၏။ ဖရင့်များကို တိုက်ရာ၌လည်း နားဆက်၏ သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာကို ထင်ထင်ရှားရှား တွေ့ရ၏။ ဖရင့်များ ဝင်လာလာချင်း မတိုက်သေးဘဲ ခရီးပန်း၍လည်းကောင်း၊ ရောဂါဘယကြောင့်လည်းကောင်း ရန်သူများ ပြန်းတီးအောင် စောင့်ကြည့်ခဲ့သေး၏။ ဝမ်းရောဂါကြောင့် ရန်သူအတော်များများ သေကျေကုန်သော်လည်း ရန်သူ ၈၀၀၀၀ ခန့် အင်အားရှိသေး၏။

၅၅၃ ခုနှစ် ကာဆီလီနမ်[၄]တိုက်ပွဲ၌ ရန်သူ့အခြေအနေနှင့် အတွင်းစရိုက်တို့ကို သေချာစွာတွက်၍ နားဆက်က မိမိနည်းဗျူဟာကို ချမှတ်ခဲ့လေသည်။ ဖရင့်များမှာ ခြေလျင်တပ်များကို အားကိုးတိုက်၍ အသုံးပြုသော လက်နက်များမှာ အနီးကပ်သာ အသုံးပြုရသော လှံတံ၊ ပစ်ပုဆိန်နှင့် ဓားများဖြစ်၏။ ခြေလျင်တပ်သိပ်သည်းမှုနှင့် အရှိန်ကို အားကိုးတိုက်သူများ ဖြစ်လေသည်။

နားဆက်က မိမိလှံကိုင်နှင့် လေးစစ်သည်များကို အလယ်တွင်ထား၍ မြင်းတပ်များက တောင်ပံများမှ စောင့်နေစေ၏။ ဖရင့်တပ်များက ဖိတိုက်ရာ ရောမခြေလျင်တပ် ဆုတ်ပေးရစဉ် မြင်းတပ်များက ဖရင့်များအား ဝန်းရံထားလိုက်သည်။ ဖရင့်ခြေလျင်မှာ သိပ်သည်းလွန်းသဖြင့် နားဆက်က မိမိမြင်းတပ်နှင့်

၁။ Tajinae
၂။ Totila
၃။ Goths
၄။ Casilinum

www.burmeseclassic.com

တစ်ဟုန်ထိုး မတိုက်စေဘဲ မြင်းတပ်ကို ဖရင့်၏ ပစ်ပုဆိန်များ အကွာအဝေး မမီရာတွင် ရပ်စေ၍ လေးများနှင့်ခွင်းပြီး ဖရင့်များ ပြိုကွဲသွားတော့မှ မြင်းတပ်က အလုံးအရင်းဖြင့် ဝင်တိုက်ရာ ဖရင့်များ ပြိုကွဲ၍ အရှုံးကြီးရှုံးရတော့၏။ စစ်မြေမှ ထွက်ပြေးသူမရှိသလောက် ကျဆုံးခဲ့ကြလေသည်။

ဘယ်လီဆေးရီယပ်နှင့် နားဆက်တို့၏ စစ်ဆင်ရေးကို လေ့လာလျှင် အစ၌ သူတို့သည် နည်းဗျူဟာသမားများသာဖြစ်သည်ဟု တွေးထင်ဖွယ်ရှိ၏။ သို့သော် သေချာစွာ လေ့လာပါက နှစ်ဦးစလုံးသည် မဟာဗျူဟာ ကျွမ်းကျင်၍ သွယ်ဝိုက်ချဉ်းကပ်နည်းကို ကောင်းစွာအသုံးချခဲ့ကြသည်ကို တွေ့ရလေသည်။ ဘယ်လီဆေးရီးယပ်အနေနှင့် အမြဲလိုလို မိမိက ရန်သူထက် အင်အားနည်းနေရာ မိမိတပ်ကို သေချာစွာလေ့ကျင့်ထားပြီး ရန်သူက ပထမစ၍ တိုက်စေရန် စစ်မြူပြီးမှ မိမိက ချေမှုန်းခြင်းဖြစ်၏။ ထို့ကြောင့် သူ့မဟာဗျူဟာမှာ ထောက်ပံ့ပို့ဆောင်ရေးထက် စိတ်ဓာတ်ရေးဖြစ်သည်ကို တွေ့ရမည် ဖြစ်လေသည်။ အနောက်မှ အရိုင်းအစိုင်းများသည် တိုက်ခိုက်စိတ် ပြင်းပြသူများဖြစ်၍ ထိုသူများက စတိုက်ရန် မြူဆွယ်ပြီးမှ မိမိက ချေမှုန်းခြင်းဖြစ်၏။ ပါရှားများမှာ ပိုမိုကျွမ်းကျင်သူများဖြစ်ရာ မိမိအောင်မြင်သည့်သတင်းများ ပျံ့နှံ့၍ ရန်သူက မိမိတို့ကို ရွံ့နေသည့်အချိန်ကျတော့မှ လှည့်ဖျား စစ်ကစား၍ အနိုင်ယူလေ့ရှိ၏။

ဘယ်လီဆေးရီးယပ်သည် မိမိအင်အားနည်းသည်ကို အကျိုးရှိအောင် သုံးတတ်၍ ရန်သူအင်အားကို အကျိုးမဲ့ဖြစ်အောင်လုပ်ရာ၌ သူမတူအောင် ကျွမ်းကျင်၏။ သူ၏နည်းဗျူဟာမှာလည်း သွယ်ဝိုက်ချဉ်းကပ်နည်းပင် ဖြစ်လေသည်။ **ရန်သူကို ဟန်ချက်ပျက်သွားအောင်လုပ်၍ အဆက်နေရာ ပေါ်လာသောအခါ ထိုနေရာကိုတိုက်၍ ရန်သူအခြေပျက်သွားမှ တိုက်ခိုက်ချေမှုန်းသည့်နည်းဖြစ်၏။**

ပထမအီတလီတိုက်ပွဲစဉ်၌ မိမိထက် အင်အားများပြားလှသော ရန်သူများအား မည်သည့်အတွက်ကြောင့် မိမိတပ်များက ယုံကြည်စိတ်ချစွာဖြင့် အနိုင်တိုက်နိုင်ပါသနည်းဟု မိမိမိတ်ဆွေများက မေးမြန်းသောအခါ ဘယ်လီဆေးရီးယပ် ပြန်ပြောသည်မှာ မှတ်သားလောက်၏။ သွယ်ဝိုက် ချဉ်းကပ်မှု မဟာဗျူဟာနှင့် နည်းဗျူဟာကို ပေါ်ပေါ်လွင်လွင် တင်ပြသကဲ့သို့ရှိ၏။ ရန်သူ ဂို(သ)များနှင့် မတိုက်မီ သူတို့ချွတ်ယွင်းချက်များကို တွေ့အောင်ရှာခဲ့ကြောင်း၊ သူတို့သည် အင်အားများသည် မှန်သော်လည်း ရှိသည့်အင်အားအားလုံးကို ထိထိရောက်ရောက် ဟန်ချက်ညီအောင် မသုံးနိုင်ကြကြောင်း၊ ရန်သူမြင်းတပ်မှာ မြင်းစီးကောင်းသူများ ဖြစ်ကြသော်လည်း ဓားနှင့်လှံများကိုသာ အသုံးပြုတတ်သူများဖြစ်ကြောင်း၊ ရန်သူခြေလျင်တပ်များမှာလည်း လေးများကိုင်စွဲသော်လည်း မြင်းတပ်အကာအကွယ်



နောက်မှသာ လိုက်၍တိုက်တတ်ကြကြောင်း၊ ထို့ကြောင့် ရန်သူမြင်းတပ်သည် အနီးကပ်တိုက်ပွဲအတွက်သာ အသုံးဝင်၍ မိမိတို့က လေးများနှင့် ဖြိုခွင်းသည့်အခါ ငုံ၍ခံကြရကြောင်း၊ ရန်သူခြေလျင်လေးသည်တော်များမှာလည်း မိမိတို့(ရောမတို့) မြင်းတပ်နှင့် တိုက်ခြင်းကို ခံနိုင်သူများမဟုတ်ကြောင်း၊ ထို့ကြောင့် ရန်သူမြင်းတပ်သည် ရောမတို့နှင့် ပူးကပ်တိုက်လိုသူများဖြစ်သဖြင့် အချိန်မကျရောက်မီ ရှေ့သို့ ထွက်၍ တိုက်အောင် သူတို့အား မြူဆွယ်၍လွယ်ကူကြောင်း၊ ယင်းသို့ မြင်းတပ်က ရှေ့သို့ ချီတက်တိုက်စဉ် ရန်သူခြေလျင်က အမြဲကပ်၍ မလိုက်နိုင်သဖြင့် ကြားကွက်လပ်နေရာ ပေါ်မြဲဖြစ်ရာ ရောမတပ်များက ယင်းကြားကွက်လပ်နေရာကို နံဘေးမှဝင်၍ ထိုးဝင်တိုက်ခိုက်လျှင် အောင်ပွဲခံရသည်သာဖြစ်ကြောင်း ဘယ်လီဆေးရီးယပ်က ပြောပြခဲ့သည်။

ထို့ကြောင့် ဘယ်လီဆေးရီးယပ် တီထွင်ခဲ့သော **ခံစစ်–ထိုးစစ်နည်းဗျူဟာ**မှာ ဘိုင်ဇင်တိုင်အင်ပိုင်ယာ ဆက်လက်တည်တံ့ရေးအတွက် အခြေခံအုတ်မြစ် တပ်ချဖြစ်လေ၏။ အလယ်ခေတ်တွင် အခြား အနောက်ဥရောပနိုင်ငံများ အမှောင်ခေတ်သို့ ရောက်နေချိန်၌ ယင်းသည် ရောမတို့၏အခြေခံနည်းဗျူဟာတစ်ရပ်လည်း ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## အလယ်ခေတ်စစ်များ

ဤအခန်းသည် ရှေးခေတ်နှင့် ခေတ်သစ်တို့ကို ဆက်စပ်ပေးသည့်အခန်းသာ ဖြစ်၏။ အချက်အလက် မရေရာမှုကြောင့် တိုက်ပွဲစဉ်များမှ သင်ခန်းစာထုတ်ယူရန် ခက်ခဲ၏။ ထို့ကြောင့် အချက်အလက် သေချာသော တိုက်ပွဲများကိုသာ ဖော်ပြသွားပါမည်။

ကံကြွေးချစနစ်မှ မြင့်မြတ်ရဲရင့်မှု[1] သည် စစ်ဝိဇ္ဇာပညာကို မည်သို့မျှ အကျိုးမပြုခဲ့ချေ။ သို့သော် နော်မန်[2] တိုက်ပွဲစဉ်များမှာ သမိုင်းတွင် အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲစဉ်များ ဖြစ်လေသည်။ ၁၀၆၆ ခုနှစ်တွင် နော်မန်ဒီမှ ဝီလျံ[3] က အင်္ဂလန်ကျွန်းသို့ တက်ရောက်တိုက်ခိုက်ခဲ့လေသည်။ မဟာဗျူဟာအရ ရန်သူအာရုံပြောင်းအောင် လုပ်ဆောင်နိုင်ခဲ့၍ သွယ်ဝိုက်ချဉ်းကပ်မှုအကျိုးကို ခံစားခဲ့ရလေသည်။

ဟာရိုးဘုရင်အား ပုန်ကန်နေသော ညီနှင့် သူ့မဟာမိတ် နော်ဝေဘုရင်တို့ကလည်း ယောက်ရှိုင်းယားကမ်းခြေတွင် ကမ်းတက်၍ ရန်သူအာရုံပြောင်းအောင် လုပ်ဆောင်ခဲ့ကြလေသည်။ ထိုသူပုန်များကို ဟာရိုးဘုရင်က နှိမ်နင်းပြီး နှစ်ရက်ရှိမှ ဝီလျံဘုရင်က အင်္ဂလန်၌ ကမ်းတက်ခဲ့ခြင်းဖြစ်လေသည်။ ဝီလျံသည် မြောက်ပိုင်းသို့ တစ်ခါတည်းမချီတက်ဘဲ တောင်ပိုင်းနယ်အချို့ကို လုယက်ဖျက်ဆီးခြင်းဖြင့် ဟာရိုးဘုရင် တောင်ပိုင်းသို့ ဆင်းလာရန် မြူဆွယ်ခဲ့၏။ ဟာရိုးတောင်ပိုင်းသို့

၁။ Chivalry
၂။ Normans
၃။ William of Normandy



ဆင်းလာလေ သူသည် သူ့စစ်ကူများ အခြေချစခန်းများနှင့် ဝေးလေဖြစ်ပြီး ဟေ့(စ)တင်းတွင် တိုက်ပွဲတိုက်ကြရ၏။ ဟေ့(စ)တင်းမှာ ပင်လယ်ကမ်းခြေနှင့် မကွာဝေးလှချေ။ ဟေ့(စ)တင်းတိုက်ပွဲ၌လည်း ဝီလျံသည် သွယ်ဝိုက်ချဉ်းကပ်မှု နည်းဗျူဟာကို အသုံးချခဲ့၏။ သူ့တပ်အချို့က ထွက်ပြေးယောင်ဆောင်၍ ရန်သူ ထက်ကြပ်လိုက်ရာ ရန်သူအခြေပျက်သွားတော့မှ ဝီလျံတပ်များက ရန်သူ့အားလေးများနှင့် ဖြိုခွင်းအနိုင်ယူလိုက်ခြင်း ဖြစ်လေသည်။

ဟေ့(စ)တင်း၌ ဟာရိုးဘုရင် ကျဆုံး၍ ဝီလျံက အောင်နိုင်လိုက်ပြီးနောက် ဝီလျံ၏လုပ်ဆောင်ချက်များမှာလည်း မှတ်သားဖွယ်ဖြစ်၏။ လန်ဒန်ကို တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုဘဲ ဒိုဗာမြို့ကို သိမ်းလိုက်ခြင်းဖြင့် မိမိရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းကို လုံခြုံအောင်ပြု၏။ လန်ဒန်အနီးအထိ ချီတက်လာပြီး ပတ်ဝန်းကျင်အနောက်ဘက်၊ မြောက်ဘက်ဒေသတို့ကို ဖျက်ဆီးပစ်၏။ ငတ်မွတ်တော့မည်ကို သိပြီး လန်ဒန်မြို့က ဝီလျံထံ လက်နက်ချအပ်ရလေသည်။

နောက် ရာစုနှစ်တွင်လည်း နော်မန်တို့ စစ်မှုကျွမ်းကျင်ပုံကို တွေ့ရသေး၏။ အိုင်ယာလန်ကျွန်း တစ်ကျွန်းလုံးလိုလိုကို မြို့စားကြီး စထရောင်းဘိုး[1] နှင့် လက်ဘစ်ဆုပ်စာ သူ့လူများက တိုက်ခိုက်အောင်မြင်သည့်အပြင် မြောက်ပိုင်းမှ ကမ်းတက် တိုက်ခိုက်ခြင်းကိုလည်း တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြ၏။ သူတို့တိုက်ခိုက်ပုံမှာ ရန်သူကို ကွင်းပြင်သို့ မြူဆွယ်ခေါ်၍ မြင်းတပ်နှင့် ချေမှုန်းခြင်း၊ နောက်ဆုတ်ဟန်ပြု၍ ပြန်တိုက်ခြင်း၊ လမ်းလွှဲစစ်ဆင်ရေးပြုလုပ်ခြင်း၊ နောက်ပိုင်းမှ ဝင်တိုက်ခြင်း၊ ညတိုက်ပွဲဆင်ခြင်း စသည့် သွယ်ဝိုက်ချဉ်းကပ်မှု နည်းပရိယာယ်မျိုးစုံသုံး၍ တိုက်ခိုက်ခဲ့ကြခြင်းဖြစ်၏။

၁၃ ရာစုနှစ်တွင်ကား မဟာဗျူဟာကျွမ်းကျင်မှု ပိုတွေ့လာရ၏။ ၁၂၁၆ ခုနှစ်တွင် ဂျွန်ဘုရင် သူ့ထီးနန်းကို ပြန်ရခြင်းမှာ မဟာဗျူဟာ သက်သက်ဖြင့် ပြန်လည်ရရှိခြင်းဖြစ်၏။

ဂျွန်ဘုရင် အသုံးပြုခဲ့သည့် နည်းလမ်းများမှာ လျင်မြန်စွာ စစ်ကစားခြင်း၊ ခံတပ်များနှင့် ခံစစ်ကို စနစ်တကျ အသုံးချနိုင်ခြင်းနှင့် တိုင်းသူပြည်သားများက သူပုန်မြို့စားကြီးများနှင့် သူတို့မဟာမိတ် ပြင်သစ်ဘုရင်ကို မနှစ်မြို့ခြင်းကို စိတ်ဓာတ်ရေးရာအရ အသုံးချနိုင်ခြင်းတို့ ဖြစ်လေသည်။

အနှစ်တစ်ရာစစ်ပွဲအတွင်းတွင်ကား မှတ်သားလောက်ဖွယ် မဟာဗျူဟာ မရှိခဲ့ချေ။ အလယ်ခေတ်တွင် အကောင်းဆုံးမဟာဗျူဟာကို ကျင့်သုံးခဲ့သည်မှာ နောက်ပိုင်းတွင်မဟုတ်ဘဲ အရှေ့ဘက်တွင်ဖြစ်ပေ၏။ ၁၃ ရာစုနှစ်တွင် မွန်ဂိုများသည် အံ့သြဖွယ်အကောင်းဆုံး စစ်ဆင်ရေးများ ပြုလုပ်၍ ဥရောပကို အနိုင်ယူခဲ့

၁။ Earl Strongbow

www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ တိုက်ခိုက်သည့် ပမာဏ၊ တိုက်ပုံခိုက်ပုံ၊ အငိုက်ဖမ်းမှု၊ လှုပ်ရှားစစ်ကစားမှု၊ မဟာဗျူဟာ၊ နည်းဗျူဟာ၊ သွယ်ဝိုက်ချဉ်းကပ်မှုတွင် မွန်ဂိုတို့ စစ်ဆင်ရေးများမှာ သမိုင်းတစ်လျှောက် မည်သည့်စစ်ဆင်ရေးထက်မဆို အလွန့်အလွန် အဆင့်အတန်း မြင့်ခဲ့လေသည်။ ဂျင်ဂစ်ခန်[1] တရုတ်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ရာ၌ သူ့စစ်သူကြီး တိုက်တုန်ဖူး[2]သည် ရန်သူအား အမျိုးမျိုးလှည့်ဖြားကျုံးသွင်း တိုက်ခိုက်ချေမှုန်းခဲ့၏။

၁၂၂၀ ပြည့်နှစ်၌ ကရစ်မီယန် အင်ပိုင်ယာ[3] (ယခုခေတ် တာကစ်တန်မှာ ထိုအင်ပိုင်ယာ၏ ဗဟိုဒေသဖြစ်၏။)ကို တိုက်ခိုက်သိမ်းပိုက်ရာ၌လည်း သူ့တပ်တော် သုံးခုဖြင့် စစ်ကစား၍ လျင်မြန်စွာ တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ တပ်တော်တစ်ခုက တောင်ပိုင်းမှ ရန်သူ့အာရုံကို ဆွဲဆောင်ထားစဉ် အဓိကတပ်များက မြောက်ပိုင်းမှ ဝင်လာခဲ့၏။ ဂျင်ဂစ်ခန်ကိုယ်တိုင်က အရံတပ်တော်ဖြင့် ဝေးလံစွာ ကွေ့၍ ချီတက်ပြီးမှ ရန်သူနောက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။

၁၂၄၁ ခုနှစ်ပ ဂျင်ဂစ်ခန်၏ စစ်သူကြီး ဆာဘူတိုက်[4]သည် ဥရောပကို ဆုံးမ သင်ခန်းစာပေးခဲ့၏။ မဟာဗျူဟာ ဘေးကာတပ်တော်တစ်ခုက ပိုလန်၊ ဂျာမန်၊ ဘိုဟီမီယားတပ်များအား အာရုံဆွဲဆောင်ထားရင်း ထိုတပ်များကို ချေမှုန်းနေစဉ် အဓိကတပ်များက စစ်ကြောင်းသုံးကြောင်းခွဲ၍ ဟန်ဂေရီကိုဖြတ်ပြီး ဒန်မြူပ်မြစ်အထိ ချီတက်ခဲ့လေသည်။ စစ်ကြောင်းသုံးကြောင်းအနက် နံဘေးစစ်ကြောင်းများက အလယ်စစ်ကြောင်းကို ဒိုင်းသဖွယ်ကာကွယ်ပေးရ၏။ ဒန်မြူပ်မြစ်သို့ ရောက်လာသောအခါ မြစ်တစ်ဖက်ကမ်း၌ ဟန်ဂေရီတပ်တော်များ စုရုံးနေသည်ကိုတွေ့ရ၏။ တဖြည်းဖြည်း စစ်မြုံခေါ်၍ မြစ်အကာအကွယ်မှလည်းကောင်း၊ စစ်ကူများ အလွယ်တကူရရှိနိုင်သော နေရာမှလည်းကောင်း ဟန်ဂေရီတပ်များ ထွက်လာအောင် ဆာဘူတိုက်က လုပ်ဆောင်နိုင်ခဲ့၏။ ထို့နောက် ညအချိန် လှုပ်ရှားစစ်ကစား၍ ဆာဂျိုမြစ်[5]အနီးတွင် ဟန်ဂေရီတပ်များကို အလစ်ဝင်တိုက်ရာ ရန်သူတို့ အခြေပျက်ပြီး အကြီးအကျယ် ရှုံးနိမ့်ခဲ့လေသည်။[6]

၁။ Jenghis Khan
၂။ Taitong Fu
၃။ Karismian Empire
၄။ Sabutai
၅။ Sarjo River
၆။ မွန်ဂိုတို့၏ မဟာဗျူဟာ၊ နည်းဗျူဟာများကို စာရေးသူ၏ ကမ္ဘာ့စစ်ခေါင်းဆောင်ကြီးများ (Great Captains Unveiled) စာအုပ်တွင် ပိုမိုပြည့်စုံစွာ ဖော်ပြထားပါသည်။ ၁၉၂၇ တွင် စမ်းသပ်ဖွဲ့စည်းခဲ့သော ဗြိတိသျှယန္တရားတပ်တွင် ထိုစာအုပ်ကို ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့၏။

## အခန်း (၆)

## ဆယ့်ခုနစ်ရာစုနှစ် ဂတ်(စ)တေဘတ်(စ) ကရွမ်ဝဲလ် တြူရိန်း[1]

ကျွန်ုပ်တို့သည် ယခုခေတ်သစ်၏ ပထမစစ်ကြီးသို့ရောက်လာကြပြီဖြစ်၏။ ၁၆၁၈–၄၈ ခုနှစ်အထိဖြစ်ပွားခဲ့သော အနှစ် ၃၀ စစ်ကို ဆိုလိုပါသည်။ နှစ်ရှည်ကြာသော်လည်း ထိုစစ်ကြီးအတွင်း မည်သည့်တိုက်ပွဲစဉ်ကမျှ အဆုံးအဖြတ်မပေးနိုင်ခဲ့သည်မှာ ထူးခြားချက်ဖြစ်၏။

ဂတ်(စ)တေဘတ်(စ)နှင့် ဝါလန်စတိန်း[2]တို့ နောက်ဆုံးတိုက်ပွဲမှာ အဆုံးအဖြတ်ပေးရန် အနီးစပ်ဆုံးတိုက်ပွဲဟု ခေါ်နိုင်၏။ ထိုလူ့ဇင်[3]တိုက်ပွဲ၌ ဂတ်(စ)တေဘတ်(စ) ကျဆုံးခဲ့၍ ဆွီဒင်ဦးဆောင်သော ပရိုတက်စတင့် နိုင်ငံပေါင်းစုံအဖွဲ့ချုပ်ကြီးတည်ထောင်ရန် ရည်မှန်းချက်ပျက်သုဉ်းခဲ့ရလေသည်။ ပြင်သစ်က ဝင်ရောက်စွက်ဖက်ခဲ့ခြင်းမရှိဘဲ ဝါလန်စတိန်းပါ လုပ်ကြံခံရခြင်းမရှိပါက ဂျာမနီနိုင်ငံ တစည်းတလုံးတည်းဖြစ်အောင် ဆောင်ရွက်မှုမှာ နှစ်ပေါင်း ၃၀၀ စော၍ ပြီးစီးနိုင်ဖွယ်ရှိ၏။

ဝါလန်စတိန်းသည် လူ့ဇင်တိုက်ပွဲမစမီတွင် မဟာဗျူဟာအရ အခွင့်သာခဲ့ပါလျက် ထိုတိုက်ပွဲ၌ ဆုံးရှုံးခဲ့ရခြင်းဖြစ်၏။ ယင်းသို့ မဟာဗျူဟာအခွင့်သာမှုရအောင် ဝါလန်စတိန်း လုပ်ဆောင်ခဲ့ပုံများမှာ မှတ်သားဖွယ် ဖြစ်ပေသည်။

၁။ Gustavus, Cromwell, Turenne
၂။ Wallenstein
၃။ Lutzen

www.burmeseclassic.com

www.burmeseclassic.com

၁၆၃၂ တွင် မိမိဘုရင်က ထပ်မံတာဝန်ပေးသဖြင့် ဝါလန်စတိန်းသည် စစ်သည်များ စုဆောင်းရာ သုံးလအတွင်း စစ်သည် ၄၀၀၀၀ စုဆောင်းရခဲ့၏။ ယခင်က မိမိနာမည်ကြီးခဲ့မှုကြောင့် ယင်းသို့ တိုးတောင်းသည့်အချိန်အတွင်း ဤမျှ စစ်သည်များစွာ စုဆောင်းနိုင်ခြင်း ဖြစ်လေသည်။ ထိုအချိန်၌ ဆွီဒင်ဘုရင် ဂတ်(စ)တေဘတ်(စ)၏ တပ်တော်သည် တိုက်တိုင်း အောင်မြင်နေ၏။ ဘာဗေးရီးယားကို ဂတ်(စ)တေဘတ်(စ) တပ်များက ဝင်တိုက်၍ စစ်ကူတောင်းရာ ဝါလန်စတိန်းက ဘာဗေးရီးယားသို့မသွားဘဲ မြောက်ဘက်သို့ ချီတက်၍ ဆွီဒင်၏ အင်အားနည်းသော မဟာမိတ်ဖြစ်သည့် ဆက်ဇုံနယ်များကို သွားရောက်တိုက်ခိုက်ခဲ့လေသည်။ ဘာဗေးရီးယား မင်းသားကြီးကိုပါ မိမိနှင့် ပါအောင်ခေါ်ဆောင်သဖြင့် ဝါလန်စတိန်း တပ်များနှင့် သွားရောက်ပူးပေါင်းကြ၍ ဘာဗေးရီးယားမှာ ပို၍ အကာအကွယ် ကင်းမဲ့သလို ဖြစ်နေ၏။ သို့သော် ဝါလန်စတိန်းတွက်ထားသည့်အတိုင်းပင် ဂတ်(စ)တေဘတ်(စ)သည် မိမိမဟာမိတ်ကို ကူညီရန် ဘာဗေးရီးယားမှ ဆက်ဇုံနီသို့ ပြန်၍ တပ်ခေါက်လာ၏။ ထိုအချိန်၌ ဝါလန်စတိန်းတပ်များနှင့် ဘာဗေးရီးယား မင်းသားကြီးတပ်များမှာ ပူးပေါင်းမိကြပြီ ဖြစ်လေသည်။

ဂတ်(စ)တေဘတ်(စ)က နရမ်ဘတ်မှ ခံသည်ကို ဝါလန်စတိန်းက ဝင်မတိုက်ဘဲ မိမိကလည်း ကတုတ်ကျင်းများတူး၍ ခံစစ်ဆင်ပြီး မိမိ အပေါ့စားမြင်းတပ်ဖြင့် ဆွီဒင်တပ်မတော် ဆက်သွယ်ရေး လမ်းကြောင်းများကို နှောင့်ယှက်တိုက်ခိုက်ခဲ့၏။ ဂတ်(စ)တေဘတ်(စ)က စစ်မြူဆွယ်သော်လည်း ဝါလန်စတိန်းက မိမိခံစစ်နေရာများမှ ထွက်မလာသဖြင့် နောက်ဆုံးတွင် ဂတ်(စ)တေဘတ်(စ) တပ်များက ဝါလန်စတိန်း၏ ခံစစ်နေရာကို ဝင်တိုက်တော့၏။ သို့သော် မအောင်မြင်ခဲ့ချေ။ တိုက်ပွဲအနေနှင့် အဆုံးအဖြတ် မပေးနိုင်သော်လည်း တောက်လျှောက်အောင်ပွဲဆင်လာခဲ့သည့် ဂတ်(စ)တေဘတ်(စ)တပ်များအား ပြန်လည်တွန်းလှန်နိုင်ခြင်းကပင် ဆွီဒင်တပ်များ သိက္ခာကျစေ၍ ဂျာမန်ပြည်နယ်များက ဂတ်(စ)တေဘတ်(စ)အား ဆရာမတင်လိုကြတော့ချေ။ ဝါလန်စတိန်းသည် မိမိ၏ ကန့်သတ်ရှိသော နည်းလမ်း၊ ပစ္စည်းလူသူတို့ကို မဟာဗျူဟာ ရန်မှန်းချက် ရရှိရေးအတွက် စနစ်တကျ အသုံးချတတ်သူပင် ဖြစ်လေသည်။

လူ့ဇင်တိုက်ပွဲ၌ ဆွီဒင်တပ်များက နည်းဗျူဟာ အောင်ပွဲရသော်လည်း ဂတ်(စ)တေဘတ်(စ)ဘုရင်သည် ထိုတိုက်ပွဲ၌ ကျဆုံးခဲ့ရလေသည်။

စစ်ပွဲသည် နောက်ထပ် ၁၆ နှစ် ထပ်မံကြာမြင့်ခဲ့၍ ဂျာမနီတစ်ခွင်လုံး ပျက်စီးရပြီး ဥရောပတွင် ပြင်သစ်က တန်ခိုးကြီးမားလာခဲ့လေသည်။



၁၆၄၂–၅၂ အတွင်း တိုက်ခိုက်ခဲ့သော ဤသော အင်္ဂလန်ပြည်တွင်းစစ်များ၌ စိတ်အားထက်သန်စွာ တိုက်ခိုက်ကြသော်လည်း အဆုံးအဖြတ် မပေးနိုင်ခြင်းမှာ ထပ်ခါတလဲလဲ တိုက်ရိုက်ချဉ်းကပ်မှုနည်းများကို သုံးခဲ့ကြ၍ ဖြစ်လေသည်။ စစ်ပွဲအစ၌ ပါလီမန်တပ်များက လန်ဒန်ကိုအခြေပြု၍ ဘုရင့်တပ်များက အနောက်ပိုင်းနှင့် အလယ်ပိုင်းကို အခြေပြုကြ၏။

တိုက်ပွဲများ တိုက်ခိုက်လာကြ၍ အဆုံးအဖြတ်မပေးနိုင်ဘဲ နှစ်ဖက်စလုံး စစ်ပန်းနေကြပြီဖြစ်၏။ ထိုအချိန်တွင် ချား(စ်)ဘုရင်က နိုင်ငံရေး မဟာအမှားကြီးတစ်ရပ်ကို ကျူးလွန်ခဲ့မိခြင်းကြောင့် နှစ်ဖက် ဈေးစပ်ကျေအေးရန် အခွင့်အလမ်းကြီး ဆုံးရှုံးခဲ့ကြရလေသည်။ ထိုအမှားမှာ ချား(စ်)ဘုရင်သည် ကက်သလစ်ဂိုဏ်းဝင် အိုင်ယာလန်သူပုန်များနှင့် အပေးအယူလုပ်၍ နားလည်မှုယူခဲ့ခြင်းဖြစ်လေသည်။ အင်္ဂလန်မှာ ပရိုတက်စတင့်နိုင်ငံဖြစ်၍ ကက်သလစ်အိုင်ယာလန်လူမျိုးများကို အင်္ဂလန်သို့ခေါ်သွင်းပြီး ပရိုတက်စတင့်များအား နှိမ်နင်းတော့မည်ဟု လူထုက ထင်မြင်လာကြ၍ စကော့လူမျိုး အများအပြားသည် ဘုရင်ကိုဆန့်ကျင်ပြီး ပါလီမန်တပ်များနှင့် ပူးပေါင်းလာကြလေသည်။

ပထမပြည်တွင်းစစ်မှာ ၁၆၄၂–၄၆ အထိ ဖြစ်ပွားခဲ့၍ ၁၆၄၆–၄၈ အထိ ငြိမ်နေကြပြီး ၁၆၄၈ တွင် ဆက်လက်၍ ဒုတိယပြည်တွင်းစစ် ဖြစ်ကြပြန်၏။ ဒုတိယပြည်တွင်းစစ်တွင် ပါလီမန်ဘက်မှ ခေါင်းဆောင်မှာ ကရွမ်ဝဲလ်ဖြစ်၍ သူ၏လက်ထောက်မှာ ၂၈ နှစ်သာရှိသေးသည့် ထူးချွန်လှသော ဂျွန်လင်းဘတ်[၁] ဖြစ်လေသည်။

၁၆၄၈ ခုနှစ် ဧပြီလထဲတွင် ဘုရင့်ဘက်တော်သား စကော့လူမျိုးတို့သည် အင်္ဂလန်သို့ လာရောက်တိုက်ခိုက်ရန် တပ်မတော်တစ်ခု စုစည်းနေသည်ဟုသတင်းကြားသိရ၍ ပါလီမန်ဘက်မှ ခေါင်းဆောင် ဖဲယားဖက်[၂]သည် ထို စကော့တပ်မတော်ကို ရင်ဆိုင်ရန် သူကိုယ်တိုင် မြောက်ဘက်သို့ ချီတက်ရန် ဆုံးဖြတ်ခဲ့၏။ တောင်ပိုင်း ဝေလနယ်တွင်လည်း ဘုရင့်ဘက်တော်သားများ ဆူပူသောင်းကျန်းနေ၍ နှိမ်နင်းရန် ကရွမ်ဝဲလ်အား စေလွှတ်ခဲ့လေသည်။ အခြားနယ်များတွင်လည်း ပုန်ကန်မှုများ ရှိနေ၍ ဖဲယားဖက်သည် မြောက်ဘက်သို့ ချီတက်နိုင်ခြင်း မရှိသေးချေ။

မြောက်ပိုင်းမှ ဆင်းလာသော စကော့များအား လင်းဘတ်က ရင်ဆိုင်ရမည် ဖြစ်ရာ လင်းဘတ်သည် သူ့တွင်ရှိသော အနည်းငယ်မျှသောတပ်နှင့် ထိထိရောက်

၁။ John Lambert

၂။ Fairfax

www.burmeseclassic.com



ရောက် သူပုန်များအား တားဆီးနိုင်ခဲ့၏။ သူအသုံးပြုသောနည်းမှာ သူပုန်များ၏ စစ်နက်ကိုသွယ်ဝိုက်ချဉ်းကပ်၍ ခြိမ်းခြောက်ခြင်းပင် ဖြစ်လေသည်။

ဆေလနယ် အေးချမ်းသွား၍ ကရွမ်ဝဲလ်သည် မြောက်ပိုင်းမှရန်ကို ရင်ဆိုင်ရန် ချီတက်ခဲ့၏။ ရန်သူရှိရာသို့ တိုက်ရိုက်ချီတက်ခြင်းမဟုတ်ဘဲ သွယ်ဝိုက်ကွေ့ကောက်တက်ခဲ့၍ အုတ်လေ[၁]တွင်ရှိသော လင်းဘတ်တပ်နှင့် သွားရောက်ပူးပေါင်းခဲ့လေသည်။ ကရွမ်ဝဲလ်နှင့် လင်းဘတ်တပ်နှစ်ခုပေါင်းမှ လူ ၈၆၀၀ သာရှိ၍ ရန်သူစကော့တို့၌ စစ်သည် ၂၀၀၀၀ ရှိ၏။

ကရွမ်ဝဲလ်သည် တောင်ဘက်သို့ ချီတက်နေသော စကော့တပ်စစ်ကြောင်း နောက်ပိုင်းကို ဝင်တိုက်ရာ စကော့တပ်များသည် နောက်ဘက်သို့လှည့်၍ စစ်ပြုရသဖြင့် ဟန်ချက်ပျက်သွားတော့၏။ ပရက်(စ)တန်မိုး[၂]တွင် ရန်သူတပ်မကြီးတစ်ခုကို ကရွမ်ဝဲလ်က အောင်နိုင်လိုက်၍ ကျန်စကော့များအား ကရွမ်ဝဲလ်တပ်များက နောက်မှ ထက်ကြပ်လိုက်တိုက်ရာ စကော့အားလုံး လက်နက်ချအပ်ကြရလေသည်။ ယင်းမှာ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲပင်ဖြစ်၏။ ပါလီမန်၏ရန်သူများကို နှိမ်နင်းနိုင်ခဲ့သည့်အပြင် ကရွမ်ဝဲလ်၏ တပ်မတော်က ပါလီမန်မှ မလိုလားအပ်သူများကိုပါ ထုတ်ပစ်သန့်စင်နိုင်ခဲ့လေသည်။ ဘုရင်ကိုပါ စစ်ဆေးသုတ်သင်ပစ်နိုင်ခဲ့၏။

စကော့တလန်သို့ ချီတက်တိုက်ခိုက်ရာ၌လည်း ကရွမ်ဝဲလ်သည် သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုအောင်ပွဲခံခဲ့သည်ကို တွေ့ရ၏။ အီဒင်ဘာရာမြို့တော်သို့ ချီတက်ရာလမ်းတွင် လက်စလေ[၃]တပ်များနှင့် ရင်ဆိုင်တွေ့ရ၏။ ကရွမ်ဝဲလ်သည် ထိပ်တိုက် ရင်ဆိုင်တိုက်ခြင်းမပြုဘဲ မြူဆွယ်သည့်အနေနှင့် ဒန်ဘာသို့ ဆုတ်ပေး၍ မိမိတပ်များအတွက် ရိက္ခာများ စုဆောင်းခဲ့လေသည်။ မြူဆယ်ဘက်တွင် တပ်များအား ရိက္ခာသုံးရက်စာ ပေးဝေ၍ အီဒင်ဘာရာတောင်တန်းများကို ခပ်ဝေးဝေးမှ ကျော်ဖြတ်ပြီး ရန်သူနောက်ဆွယ်သို့ ရောက်လာခဲ့၏။ သို့သော် ရန်သူကအသင့်ဖြစ်နေ၍ ကရွမ်ဝဲလ်သည် မတိုက်သေးဘဲ ဘယ်ဘက်သို့ ချီတက်ပြန်၏။ ရန်သူက ဂေါဂါ[၄]အရပ်မှ ပိတ်ထားသဖြင့် မိမိလူများက ရင်ဆိုင်တိုက်ချင်နေသည်ကို ထိန်းသိမ်း၍ ကရွမ်ဝဲလ်သည် မြူဆယ်ဘက်နှင့် ဒန်ဘာသို့ ထပ်မံဆုတ်ပေးပြန်၏။ ကရွမ်ဝဲလ်အနေနှင့် ရန်သူအသင့်ဖြစ်နေချိန်တွင် လုံးဝမတိုက်ဘဲ ရှောင်ရှားနေပြီး ရန်သူများကွက်ကိုသာ ချောင်းနေခြင်း ဖြစ်လေသည်။

၁။ Otley
၂။ Preston Moore
၃။ Leslie
၄။ Gogar



လက်(စ)လေမှာလည်း စစ်ပညာ ကျွမ်းကျင်သူပင်ဖြစ်၍ နောက်တစ်ချီ လက်(စ)လေ လုပ်ဆောင်ချက်မှာ ကရွမ်ဝဲအား ပို၍ပင် အစျပ်ရိုက်စေ၏။ လက်(စ)လေသည် ဘန်ဘာကို ကွေ့၍ချီတက်ပြီး ဘားဝစ်လမ်းကို စိုးမိုးထားသည့် ဒွန်းတောင်ကုန်း[၁]ကို သိမ်းပိုက်လိုက်လေသည်။ ထို့နောက် တောင်ဘက်၇မိုင်အကွာမှ ကောဘန်း(စ) တောင်ကြားလမ်းကိုပါ တပ်တစ်တပ် စေလွှတ်၍ သိမ်းပိုက်ထားလိုက်၏။ ဤနည်းဖြင့် လက်(စ)လေသည် ကရွမ်ဝဲလ်အား အင်္ဂလန်နှင့် အဆက်ဖြတ်ထားလိုက်၏။ ကရွမ်ဝဲလ်တပ်တွင် ရိက္ခာများ နည်းပါးနေပြီ ခရီးရှည်ချီတက်ခဲ့ရခြင်းကြောင့် ဖျားနာသူများ အတော်များနေပြီဖြစ်၍ အတော်အခြေအနေဆိုးနေပြီ ဖြစ်လေသည်။

ကရွမ်ဝဲလ်တပ်များက ဘားဝစ်သို့ ချီတက်လျှင် ဖြတ်၍တိုက်ရန် လက်(စ)လေ တပ်များသည် တောင်များပေါ်မှသာ စောင့်ဆိုင်းနေကြ၏။ သို့သော် ဘုရင်ဘက်မှ ခေါင်းဆောင်များက ပါလီမန်တပ်များကို အမြန်ချေမှုန်းလိုပြီး ရန်သူတို့ပင်လယ်ကြောင်းမှ ဆုတ်ခွာကြမည်ဟုလည်း သတင်းရထားသဖြင့် မြန်မြန်တိုက်၍ ချေမှုန်းရန် လက်(စ)လေအား တိုက်တွန်းကြ၏။ ထို့ပြင် စက်တင်ဘာလ ၂ ရက်နေ့ညတွင် ရာသီဥတုဆိုးရွားလှ၍ လက်(စ)လေ တပ်များသည် ဒွန်းတောင်ထိပ်တွင် အကာအကွယ်ကင်းမဲ့နေပြီး မနေနိုင်ကြတော့ဘဲ တောင်အောက် မိုးလေကွယ်ရာသို့ ဆင်းလာကြရလေသည်။

ကရွမ်ဝဲလ်နှင့် လင်းဘတ်နှစ်ဦးစလုံးသည် ရန်သူတပ်များ လှုပ်ရှားမှုကို သေချာစွာ စောင့်ကြည့်နေကြ၍ မိမိတို့ အခွင့်ကောင်းကြုံလာပြီကို သိရှိကြ၏။ အကြောင်းမူကား စကော့တို့ ဘယ်တောင်ပံသည် တောင်ကုန်းနှင့် မတ်စောက်သော ချောင်းကမ်းပါးကြားတွင် ရှိနေ၍ မိမိတို့ကသာ ရန်သူ့ညာတောင်ပံကို ဖိတိုက်ပါက ရန်သူ့ဘယ်တောင်ပံက မည်သို့မျှ ဝင်ရောက်မကူညီနိုင်သည့် အခြေအနေမျိုး ဖြစ်လေသည်။ ထိုညနေ စစ်ကောင်စီအစည်းအဝေး၌ မိမိတို့တပ်များက ရန်သူ့ညာတောင်ပံကို ဖိတိုက်၍ ဘယ်တောင်ပံအား အမြောက်များနှင့် စုပြုံပစ်ခတ်ရန် လင်းဘတ်က အကြံပေးတင်ပြ၏။ လင်းဘတ်တင်ပြသည်ကို စစ်ကောင်စီက လက်ခံလိုက်ကြသဖြင့် ကရွမ်ဝဲလ်ကလည်း လင်းဘတ်အားအခွင့်အရေးပေးသည့်အနေနှင့် တိုက်ပွဲစတင်သည့် လှုပ်ရှားမှုများကို လင်းဘတ်တပ်နှင့် လုပ်ဆောင်စေ၏။ ညတွင်းချင်းပင် လင်းဘတ်က တပ်များကို ချောင်းတစ်ဖက်ကမ်းတွင် နေရာယူစေ၏။ စကော့တပ်များနှင့်တည့်တည့် အမြောက်များကို နေရာချထားပြီး လင်းဘတ်သည် နံနက်တွင် မိမိတပ်များ တစ်ဖက်

၁။ Doon Hill

www.burmeseclassic.com

www.burmeseclassic.com

တောင်ပံသို့ မြင်းစီးပြန်လာခဲ့၏။ ပင်လယ်ဘက် တောင်ပံတွင် မြင်းတပ်တိုက်ပွဲကို ဦးစီးရန် ဖြစ်လေသည်။ ထိုတိုက်ပွဲ၌ ပါလီမန်တပ်များက ရန်သူ့ညာတောင်ပံကို ဖိတိုက်ပြီး စကော့တပ်များသည် တောင်နှင့် ချောင်းအကြား ပိတ်မိနေ၍ ကရွမ်ဝဲလ်က မိမိအရံများကို အချိန်မီသုံးတိုက်ရာ ထွက်ပြေးနိုင်သော စကော့များသာ လွတ်မြောက်သွားကြ၏။

ယခုတိုက်ပွဲတွင် မိမိက အခွင့်မသာသေးသရွေ့ လုံးဝမတိုက်ဘဲ ရန်သူက အမှားပြုလုပ်သည့်အချိန်တွင် နည်းဗျူဟာအရ သွယ်ဝိုက်ချဉ်းကပ်တိုက်၍ ရန်သူများအား ကရွမ်ဝဲလ်တို့က အပြတ်အသတ် ချေမှုန်းနိုင်ခြင်းဖြစ်၏။ ရန်သူက ကရွမ်ဝဲလ်တို့ထက် နှစ်ဆမျှ အင်အားများ၏။

ဒန်ဘာတိုက်ပွဲဖြင့် ကရွမ်ဝဲလ်သည် စကော့တလန် တောင်ပိုင်းကို စိုးမိုးနိုင်ပြီ ဖြစ်လေသည်။

၁၆၅၁ ခုနှစ် ဇွန်လအထိ ကရွမ်ဝဲလ် ဖျားနာနေသဖြင့် လက်စဲလေသည် နောက်ထပ် တပ်တော်တစ်ခု စုဆောင်းလေ့ကျင့်ရန် အချိန်ရလာခဲ့၏။ စတာလင်[၁] နယ်သို့ ဝင်လမ်းမှာ စိမ့်တောမြေနှင့် ရွံ့ဗွက်များ ပေါများရာ ဖြစ်သဖြင့် ခံစစ်ဆင်သော စကော့တပ်များအတွက် အလွန် ချက်ပိုင်သော မြေအနေအထားဖြစ်နေ၏။ ထိုရန်သူကို အပြတ်နိုင်ရန် လို၏။ မြန်မြန်လည်း နိုင်ရန်လို၏။ မြန်မြန်မနိုင်နင်းနိုင်ပါက ကရွမ်ဝဲလ်၏ တပ်များသည် ဆိုးရွားပြင်းထန်လှသော စကော့တလန် ဆောင်းတွင်းတွင် အဖျားအနာ ပိုများလာပြီး အင်္ဂလန်တွင်လည်း ပြဿနာများ ပေါ်လာနိုင်သေး၏။ အဆုံးအဖြတ်ပေးသော အောင်ပွဲမရဘဲ စကော့တို့ နောက်သို့သာ ဆုတ်သွားပါက တောင်တန်းများပေါ်မှ နောက်ထပ် ဒုက္ခပေးနေကြဦးမည် ဖြစ်လေသည်။

ယင်းတိုက်ပွဲ၌ ကရွမ်ဝဲလ်လုပ်ဆောင်ပုံမှာ ကျွမ်းကျင်လိမ္မာမှုနှင့် သေချာစွာ တွက်ချက်လုပ်ဆောင်မှုတို့တွင် သမိုင်းတစ်လျှောက် မည်သည့်စစ်ခေါင်းဆောင် လုပ်ဆောင်မှုနှင့်မဆို ယှဉ်နိုင်ပေ၏။

ရှေးဦးစွာ လက်စလေအား ရှေ့တည့်တည့်မှ ခြိမ်းခြောက်ထား၏။ ဖောကတ်အနီး ကလန်ဒါဟောက်(စ)[၂]ကို တိုက်ပြလိုက်၏။ ထို့နောက် မိမိတပ်တော်တစ်ခုလုံးနှင့် ဖို့(သ) ပင်လယ်လက်တက်ကို အဆင့်လိုက် ဖြတ်ကူး၍ ပတ်(သ)[၃] သို့ ချီတက်ခြင်းဖြင့် စတာလင်သို့ဝင်ရာ ခက်ခဲလှသော မြေအနေအထားကို ရှောင်သွားသည်သာမက လက်စလေ၏ ရိက္ခာထောက်ပံ့ရာ အချက်အချာ

၁။ Sterling
၂။ Callender House near Fallkirk
၃။ Perth



နေရာကိုပါ ရလိုက်လေသည်။ ပတ်(သ)သို့ ရောက်လာခြင်းဖြင့် အင်္ဂလန်သို့လည်း လမ်းပွင့်သွားရာ ချက်ချင်း အခြေအနေမှာ ပြောင်းပြန်ဖြစ်သွား၏။ ဤအချက်မှာ ကရွမ်ဝဲလ် စီမံချက်၏ ဝိစိတ္တမြောက်သော စစ်ကစားကွက်ပင် ဖြစ်လေသည်။ မဟာဗျူဟာအရ မိမိတပ်များ အခြေအနေမလှဖြစ်နေရာမှ ယခုမူ မိမိ၏တပ်များက ရန်သူနောက်ဆွယ်သို့ ရောက်လာ၍ ရန်သူသည် ရိက္ခာပြတ်မည့်ဘေး၊ ချေမှုန်းခံရမည့်ဘေးနှင့် ရင်ဆိုင်နေရပြီဖြစ်၏။ ကရွမ်ဝဲလ်က ရန်သူအား ထွက်ပေါက်တစ်ခု ဖွင့်ပေးထား၏။ ယင်းထွက်ပေါက်မှာ အင်္ဂလန်သို့သွားရာလမ်း ဖြစ်လေသည်။ ငတ်မွတ်ချေမှုန်းခံရခြင်းဘေးမှ လွတ်မြောက်စေရန် ရန်သူသည် လက်တစ်ဆုပ်စာ နောက်လိုက်နောက်ပါတို့နှင့် အင်္ဂလန်ဘက်သို့ ထွက်လာခဲ့ကြ၏။ ရန်သူက အနောက်ဘက်ကမ်းခြေလမ်းမှ တောင်ဘက်သို့ ချီတက်လာရာ ကရွမ်ဝဲလ်က လင်းဘတ်၏ မြင်းတပ်ကို ရန်သူနောက်သို့လိုက်ရန် စေလွှတ်ခဲ့၏။ ကရွမ်ဝဲလ်၏ လက်ထောက်ဖြစ်သူ ဟယ်ရီဆန်က နယူးကာဆယ်မှ ဝဲရင်တန်သို့ ဘေးလွယ်ခုတ် ချီတက်ခဲ့၍ နောက်ကရွမ်ဝဲလ်၏ လက်ထောက်တစ်ဦး ဖလီဝုဒ်က မြောက်ဘက်သို့ ချီတက်ခဲ့ပြီး လင်းဘတ်က ရန်သူ့နံဘေးမှ ဖြတ်၍ ဟယ်ရီဆန် တပ်များနှင့် သွား၍ ပူးပေါင်းလိုက်၏။ ထိုအချိန်တွင် ကရွမ်ဝဲလ်က အရှေ့ကမ်းခြေမှ ဩဂုတ်လ နေပူခေါင်ခေါင်တွင် တစ်နေ့မိုင် ၂၀ နှုန်းဖြင့် တောင်ဘက်သို့ အမြန်ဆင်းလာခဲ့၏။ ကရွမ်ဝဲလ်၏တပ် ၄ တပ်က ရန်သူကို အဘက်ဘက်မှ ပိတ်ဆို့ရန် ချီတက်လာနေခြင်း ဖြစ်ပေသည်။ ဝေါ(စ)တာတိုက်ပွဲ[၁]၌ ကရွမ်ဝဲလ်က အောင်ပွဲကြီးတစ်ခု ရလိုက်ပြန်လေသည်။

အနှစ် ၄၀ စစ်အပြီး စပိန်ထီးနန်းဆက်ခံခွင့် စစ်အစပိုင်းတွင် ပြင်သစ်မှ စုဒ္ဒသမမြောက် လူဝီဘုရင်[၂] စစ်တပ်များသည် ဥရောပမှ အခြားစစ်တပ်များနှင့် ရင်ဆိုင်တိုက်ခဲ့ရ၏။ တိုက်ပွဲစဉ်များမှာ အဆုံးအဖြတ်မပေးနိုင်ဘဲ ယင်းသို့ အဆုံးအဖြတ်မပေးနိုင်ခြင်းမှာ အဓိကအားဖြင့် အကြောင်းနှစ်ချက်ကြောင့် ဖြစ်လေသည်။ ခံတပ်များ ဆောက်လုပ်လာကြခြင်းကြောင့် ခံစစ်က ထိုးစစ်ထက် တန်ခိုးထက်မြက်လာသည့်အပြင် တပ်တော်များသည် သီးခြားလွတ်လပ်စွာ စစ်ကစားနိုင်သော အစိတ်အပိုင်းများနှင့် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ တပ်တော်တစ်ခုလုံး ချီတက်၊ တစ်ခုလုံး တိုက်ပွဲဝင်ရခြင်းကြောင့် စစ်ကစားခြင်း၊ လှည့်စားခြင်းများ များစွာ မပြုလုပ်နိုင်သောကြောင့် ဖြစ်လေသည်။

တိုက်ပွဲစဉ် တစ်ခုတွင်သာလျှင် အဆုံးအဖြတ်ပေးနိုင်ခဲ့၏။ ထိုတိုက်ပွဲစဉ်မှာ တြူရိန်း (ပြင်သစ်ဗိုလ်ချုပ်– ဘာသာပြန်သူ)၏ ၁၆၇၄–၇၅ ဆောင်းတွင်း

၁။ Worcester
၂။ Louis XIV

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲစဉ်ဖြစ်၍ တူ(က)ဟိမ်း[1] တိုက်ပွဲတွင် တြူရိန်းက ဤကဲ့သို့ အောင်ပွဲခံခဲ့ခြင်း ဖြစ်၏။

ထိုအချိန်ကား ပြင်သစ်နိုင်ငံအတွက် အကျပ်ရိုက် အခက်တွေ့နေချိန် ဖြစ်လေသည်။ လူဝီဘုရင်၏ မဟာမိတ်များက တစ်ဦးပြီးတစ်ဦး ပြင်သစ်ကို စွန့်ခွာသွားကြချိန်တွင် ဥရောပမှ စပိန်၊ ဒတ်(ချ်)၊ ဒိန်းမတ်၊ သြစတြီးယားနှင့် ဂျာမန်မင်းသားအများစုက မဟာမိတ်တပ်ပေါင်းစုဖွဲ့၍ ပြင်သစ်ကို ဝိုင်းတိုက်နေကြ၏။

ပလာတီနိတ်[2]ကို ဖျက်ဆီးခဲ့ပြီး တြူရိန်းသည် ရိုင်းမြစ်နောက်သို့ ဆုတ်ခွာလာရ၏။ ဘရင်ဒင်ဘူး မြို့စားက ရန်သူတပ်နှင့် ပူးပေါင်းချီတက်လာရာ တြူရိန်းသည် ဒက်ဝီလာ[3]သို့ ဆုတ်ပေးရလေသည်။ ဂျာမန်မင်းသားများက အော်ဆေ့နယ်မြေထဲ ပြန်ဝင်ကာ စတရာဘူးနှင့် ဘယ်ဖော့(တ)မြို့များအကြားတွင် ဆောင်းတွင်း စခန်းချရပ်နားလျက်ရှိကြ၏။

ဆောင်းတွင်းတွင် တိုက်ပွဲဆင်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့်ပင်လျှင် တြူရိန်းသည် ရန်သူများအပေါ် မူလအငိုက်ရမိလိုက်ခြင်း ဖြစ်၏။ ရန်သူကို လှည့်စားရန် အောဆေ့အလယ်ပိုင်းမြို့များကို ခံစစ် ပြင်ဆင်ထားစေ၏။ ထို့နောက် မိမိစစ်မြေပြင် တပ်တော်တစ်ခုလုံးကို လျှို့ဝှက်စွာ လော်ရိန်နယ်ထဲသို့ ဆုတ်ပေးလိုက်၏။ ထို့နောက် ဗော့(စ)ဂီးတောင်တန်းများကို အကာအကွယ်ယူ၍ တောင်ဘက်သို့ လျင်မြန်စွာ ချီတက်ခဲ့လေသည်။ တစ်လမ်းလုံး စစ်ကူများ စစ်သားသစ်များ စုဆောင်းခဲ့သေး၏။ ထို့နောက် ရန်သူစပိုင်များကို လှည့်စားရန် မိမိတပ်အား အဖွဲ့ငယ်မြောက်မြားစွာ ခွဲစိတ်ဖြန့်ဝစ်လိုက်လေသည်။ ထို့နောက် နှင်းမုန်တိုင်းများ ကျနေစဉ်တွင် တောင်တန်းများကို ဖြတ်ကျော်ပြီး လျင်မြန်စွာ မိမိတပ်အား ချီတက်စေ၍ ဘယ်(လ)ဖော့(တ)တွင် တပ်အားလုံး စုစည်းလိုက်လေသည်။ ထို့နောက် အော်ဆေ့နယ်အား တောင်ပိုင်းမှ အလစ်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့၏။ တြူရိန်းသည် အော်ဆေ့နယ် မြောက်ဘက်သို့ ဆုတ်ခွာချီတက်သွား၍ ယခု တောင်ဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။ တူ(က)ဟိမ်းတိုက်ပွဲ၌ တြူရိန်းက ရန်သူတပ်ကို တိုက်ရိုက်ချဉ်းကပ် ချေမှုန်းခြင်းမပြုဘဲ သွယ်ဝိုက်ချဉ်းကပ်၍ သဘာဝအကျိုးဆက်များကြောင့် ရန်သူတပ်များ ကွဲသွားရန်သာ ရန်မှန်းလုပ်ဆောင်ခဲ့၏။ အထူးအောင်မြင်ခဲ့ပြီးနောက် ရက်အနည်းငယ်ကြာသောအခါ တြူရိန်းက အော်ဆေ့နယ်၌ ရန်သူစစ်သားတစ်ဦးမှ မကျန်ရှိတော့ပါဟု လူဝီဘုရင်ကြီးထံ သတင်းပို့နိုင်ခဲ့လေသည်။

---

၁။ Turkheim

၂။ Palatinate

၃။ Dettweila



ပြင်သစ်တပ်များသည် စထရာဘူးတွင် ဆောင်းတွင်းစခန်းချရပ်နားကြ၍ ရိုင်းမြစ်နံဘေး ဂျာမန်မြို့နယ်များမှ ရိက္ခာများ မပြတ်ရရှိခဲ့ကြ၏။ ယခု တိုက်ပွဲစဉ်၌ တြူရိန်းအနေဖြင့် အဆုံးအဖြတ်ပေးသော အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ သွယ်ဝိုက်ချဉ်းကပ်သောနည်းများကို အသုံးပြု၍ ရန်သူအား ပထမအခြေပျက်သွားအောင် လုပ်ဆောင်ပြီးမှ ချေမှုန်းခဲ့ခြင်းကြောင့်ဖြစ်၏။ ထိုခေတ်က တပ်မတော်များသည် ခံတပ်များကို အခြေပြု၍ ရိက္ခာများ စုဆောင်းစစ်ဆင်လေ့ရှိရာ တြူရိန်းသည် ဤကဲ့သို့ ခံတပ်ကို မဏ္ဍိုင်အဖြစ် အခြေမပြုဘဲ လှုပ်ရှားစစ်ကစားခြင်းနှင့် အငိုက်ဖမ်းခြင်းကို အသုံးပြု၍ မိမိလုံခြုံမှုပါရအောင် လုပ်ဆောင်နိုင်ခဲ့လေသည်။ ယင်းမှာ မိုက်မဲစွာ စွန့်စားလောင်းကစားခြင်းမဟုတ်ဘဲ သေချာစွာ တွက်ချက်လုပ်ဆောင်ချက်ပင် ဖြစ်၏။ ရန်သူအား စိတ်ဓာတ်ရေးအရလည်းကောင်း၊ ရိက္ခာထောက်ပံ့ရေး ကိစ္စရပ်များတွင်ပင် အခြေပျက်အောင် လုပ်ဆောင်နိုင်ခြင်းကြောင့် တစ်လျှောက်လုံး မိမိတပ်များအတွက်ပါ ကောင်းစွာ လုံခြုံမှု ရရှိစေခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

# မိုးဘရားနှင့် ဖရက်ဒရစ်[1]

၁၇၀၁-၁၃ တွင် တိုက်ခိုက်သော စပိန်ထီးနန်းဆက်ခံခွင့် စစ်ပွဲမှာ အချက်နှစ်ချက်ကြောင့် ထူးခြား၏။ ပေါ်လစီနှင့်ပတ်သက်၍ ကန့်သတ်ရည်မှန်းချက်နှင့်တိုက်သော စစ်ပွဲတစ်ပွဲဖြစ်၏။ စုဒ္ဒသမမြောက် လူဝီဘုရင်၏ တန်ခိုးအာဏာကို ရိုက်ချိုးရန် တိုက်သောစစ်လည်း ဖြစ်လေသည်။ မဟာဗျူဟာတွင်ကား တိုက်ရိုက်ချဉ်းကပ်မှုများကြောင့် အဆုံးအဖြတ်မပေးနိုင်ရှိနေကြစဉ် မိုးဘရားက ပြောင်မြောက်စွာ သွယ်ဝိုက်ချဉ်းကပ်တိုက်သည့် တိုက်ပွဲများကိုလည်း တွေ့ရ၏။ အရေးကြီးသည်မှာ ယင်းသို့ သွယ်ဝိုက်ချဉ်းကပ်တိုက်ခိုက်သည့် တိုက်ပွဲများမှာ စစ်ကြီး၏ ကံကြမ္မာကို ဖန်တီးစေသည့် တိုက်ပွဲများပင် ဖြစ်လေသည်။

ပြင်သစ်ကိုတိုက်ခိုက်သည့် မဟာမိတ်အဖွဲ့တွင်ပါဝင်သူများမှာ ဩစတြီးယား၊ ဂရိတ် ဗြိတိန်၊ ဂျာမန်ပြည်နယ်များ၊ ဟော်လန်၊ ဒိန်းမတ်နှင့် ပေါ်တူဂယ်တို့ ဖြစ်၏။ လူဝီကို အမိကထောက်ခံသူများမှာ စပိန်၊ ဘာဗေးရီးယားနှင့် ဆာဗောပိုင်းတွင် စဗွိုင်တို့ ဖြစ်လေသည်။

မိုးဘရားနှင့် ဩစတြီးယားမင်းသား ယူဂျင်း[2]တို့ စစ်ဆင်ရေးများမှာ သွယ်ဝိုက်ချဉ်းကပ်မှုပြုလုပ်တိုင်း အောင်မြင်မှုရသည်ကို တွေ့ရ၏။ အထူးသဖြင့် မိုးဘရား၏ မဟာဗျူဟာမြောက် ရှိတက်စစ်ကစားမှုများမှာ ပြောင်းလဲစစ်ဆင်နိုင်

၁။ Marlborough and Frederick

၂။ Eugene



သော ရည်မှန်းချက်များစွာကို ဦးတည်ခြိမ်းခြောက် ရှိတက်ခဲ့ခြင်းများဖြစ်၍ ရန်သူတို့ကို ရှုပ်ထွေးစေပြီး မိမိတပ်များကသာ အောင်ပွဲခံနိုင်ခဲ့၏။ သို့သော် မဟာမိတ်အဖွဲ့အနေနှင့် စစ်ဆင်ရသည်မှာ အခက်အခဲများ၊ အချင်းချင်း နားမလည်မှုများရှိပြီး ခရီးရောက်သင့်သလောက် မရောက်ခဲ့ချေ။

တိုက်ပွဲစဉ်တွင် နာမည်ကြီးလှသော ဘလင်ဟိမ်း[1]တိုက်ပွဲတွင် မိုးဘရားက အနိုင်ရလိုက်သော်လည်း နှစ်ဖက်စလုံး အကျအဆုံး အလွန်များပြားလှသော တိုက်ပွဲဖြစ်၏။

၁၇၁၁ ခုနှစ်တွင် မိုးဘရားအား အင်္ဂလန်သို့ ပြန်ခေါ်ယူခဲ့၍ ၁၇၁၂ ခုနှစ်တွင် အင်္ဂလန်သည် စစ်ပွဲမှ ထွက်သွားခဲ့လေသည်။ မြေထဲပင်လယ်၌ ဂျီဘရော်တာနှင့် မိုင်နော်ကာ[2]တို့ကို အင်္ဂလန်က ရလိုက်ပြီး မြောက်အမေရိကတွင် နယူးဖောင်လန်နှင့် နိုဗာစကိုးရှာတို့ကို သိမ်းပိုက်နိုင်ခဲ့လေသည်။

## ဖရက်ဒရစ်၏ စစ်ပွဲများ

ဖရက်ဒရစ်သည် စစ်ဖြင့် အမြတ်ရအောင် လုပ်နိုင်သူတစ်ဦးဖြစ်၏။ ဖရက်ဒရစ်၏ စွမ်းဆောင်မှုများကြောင့် ပရပ်ရှားပြည်နယ်ကလေးသည် နိုင်ငံကြီးတစ်ခုအဖြစ် ဥရောပတစ်ခွင်လုံးက အသိအမှတ်ပြုခြင်း ခံခဲ့ရလေသည်။

ခုနစ်နှစ်စစ်ပွဲ (၁၇၅၆-၆၃)တွင် ပါဝင်တိုက်ခိုက်ခဲ့ခြင်းဖြင့် အင်္ဂလန်က အင်ပိုင်ယာတစ်ခု ရရှိခဲ့၏။ ခုနစ်နှစ် စစ်အတွင်း စစ်ရေးအရရော နိုင်ငံရေးအရပါ အဆုံးအဖြတ် အပေးနိုင်ဆုံးတိုက်ပွဲစဉ်မှာ အင်္ဂလန်က ကွိဘက်ကို သိမ်းပိုက်ရရှိလိုက်သော တိုက်ပွဲစဉ် ဖြစ်ပေသည်။

အချိန်အားဖြင့် အတိုဆုံးတိုက်ပွဲစဉ်ဖြစ်သည့်အပြင် အဓိက စစ်မျက်နှာ၌ မဟုတ်ဘဲ ဒုတိယစစ်မျက်နှာတွင် တိုက်ရခြင်း ဖြစ်လေသည်။ အင်္ဂလန်ရေတပ်၏ အဂ္ဂမဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုကို အသုံးပြု၍ အောင်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်၏။ ပြင်သစ်တပ်များ၏နောက် ကွိဘက်မြို့အထက်စီးမှ တောင်များပေါ်ရောက်အောင် သွယ်ဝိုက်ချဉ်းကပ်နိုင်ခဲ့သဖြင့် ဝုဖ်[3]က ပြင်သစ်များအပေါ် အောင်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ထိုတိုက်ပွဲစဉ်မှ သင်ခန်းစာမှာ ရန်သူကို မြှူဆွယ်ရုံနှင့် မလုံလောက်၊ ရန်သူအား သူ့ခံစစ်အနေအထားများမှ ထွက်လာအောင် လုပ်နိုင်ရန်လို၏။ ထို့ပြင် ရန်သူအား ရှုပ်ထွေးသွားအောင်လုပ်ရုံနှင့် မလုံလောက်၊ ရန်သူ

၁။ Blenheim

၂။ Gibralta and Minorca

၃။ Wolfe

www.burmeseclassic.com

www.burmeseclassic.com



**အာရုံပြောင်းသွားအောင် လုပ်နိုင်ရန်လို၏။** အာရုံပြောင်းသည်ဆိုသည့် စကားရပ်၌ ရန်သူအား စိတ်ဓာတ်ရေးအရ လှည့်ဖြားခြင်း၊ ရန်သူက တုံ့ပြန်ရန် လွတ်လပ်စွာ မလုပ်ဆောင်နိုင်တော့ခြင်းနှင့် ရန်သူ၏တပ်များ ဆန့်ထုတ်ထားရခြင်းတို့ အားလုံး ပါဝင်လေသည်။

ကွဲဘက်က နောက်ထပ် သက်သေထူခဲ့သည်မှာ အဆုံးအဖြတ်ရရှိရန် **ရန်သူတပ်များကို တကယ်အခြေပျက်သွားအောင် လုပ်နိုင်ခြင်းထက် ရန်သူခေါင်းဆောင် စိတ်ဓာတ်ရေးအရ အခြေပျက်အောင် လုပ်နိုင်ရန် ပို၍အရေးကြီးသည်** ဟူသော အချက်ဖြစ်လေသည်။ ထို့ပြင် ယင်းလုပ်ဆောင်မှုကြောင့် ရရှိသော အကျိုးတရားများသည် သာမန်စစ်သမိုင်းစာအုပ်များတွင် ဆယ်ပုံကိုးပုံမျှ ပါလေ့ရှိသော ပထဝီသဘော စာရင်းအင်း ကိန်းဂဏန်းတွက်ချက်မှုများတို့ထက် များစွာသာလွန် အရေးကြီးပေ၏။

ဖရက်ဒရစ်ဘုရင်သည် အက်လီဇင်ဒါး၊ နပိုလီယံတို့ကဲ့သို့ပင် စစ်ဆင်ရေးကို လွတ်လွတ်ကျွတ်ကျွတ် သူ့သဘောအရ လုပ်ဆောင်ခွင့်ရခဲ့၏။ သာမန် မဟာဗျူဟာသမားတစ်ဦး (ဥပမာ မိုးဘရား)အတွက် ဂရုစိုက်နေရသော တာဝန်များနှင့် ကန့်သတ်ချက်များကို ဖရက်ဒရစ်သည် ဂရုစိုက်နေရန် မလိုချေ။ သူကိုယ်တိုင် အဂ္ဂမဟာဗျူဟာနှင့် မဟာဗျူဟာကို ကိုင်တွယ်သုံးစွဲနိုင်ခဲ့၏။ သူကိုယ်တိုင်က သက်ဦးဆံပိုင် ဘုရင်တစ်ဆူလည်း ဖြစ်နေ၍ သူ့ရည်မှန်းချက်များကို ရရှိစေနိုင်မည့် နည်းလမ်းများ၊ ပစ္စည်းလူသူများကိုလည်း ရရှိအောင် လုပ်ဆောင်နိုင်ခဲ့လေသည်။

မဟာမိတ်တပ်ပေါင်းစုတွင် ဩစတြီးယား၊ ပြင်သစ်၊ ရုရှား၊ ဆွီဒင်နှင့် ဆက်ဇုံနီတို့ ပါဝင်ပြီး ဖရက်ဒရစ်ဘက်တွင် အင်္ဂလန်သာ ပါ၏။ သို့စဉ်လျက် တိုက်ပွဲစဉ် စောစောပိုင်းတွင် ဖရက်ဒရစ်တပ်များက ရန်သူတို့ထက် အင်အားပိုများသေး၏။ ထို့ပြင် ဖရက်ဒရစ်အတွက် ရန်သူများထက် သာလွန်သည့် အချက်နှစ်ချက်မှာ ပရပ်ရှားစစ်တပ်သည် ရန်သူနိုင်ငံအားလုံး စစ်တပ်များထက် သာလွန်ကောင်းမွန် စည်းစနစ်ကျနပြီး ဖရက်ဒရစ်၏ တပ်များက အလယ်ဗဟိုနေရာတွင် ရှိနေခြင်း ဖြစ်လေသည်။

မိမိတပ်များက အလယ်ဗဟိုနေရာတွင် ရောက်နေသဖြင့် အတွင်းစည်း မဟာဗျူဟာ[1] ကို ကျင့်သုံးနိုင်ခဲ့၏။ မိမိက အတွင်းစည်းတွင်ရှိနေ၍ မိမိရွေးချယ်တိုက်လိုသော အပြင်စည်းရှိ ရန်သူ့ထံသို့ ခရီးတိုတိုဖြင့် ချီတက်၍ အခြားရန်သူများက စစ်ကူမလာနိုင်မီ မိမိကရွေးချယ်ထားသော ရန်သူအား ချေမှုန်းနိုင်မည်ဖြစ်၏။

၁။ Strategy of Interior Lines



အပေါ်ယံကြည့်လျှင် ရန်သူတပ်များ တစ်ခုနှင့်တစ်ခု အပြင်စည်းတွင် ဝေးကွာနေလေ အတွင်းစည်းမှသူက အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲရရန် ပို၍နီးစပ်လေ ဖြစ်၏။ အချိန်၊ နေရာနှင့် အရေအတွက်ကို ကြည့်လျှင် ထိုအဆိုသည် မှန်ကန်သည်သာဖြစ်၏။ သို့သော် စိတ်ဓာတ်ကိုထည့်တွက်ရန် လိုလေသည်။ ရန်သူတပ်များသည် ဝေးလံလှစွာ တည်ရှိကြသည့်အခါ တစ်တပ်စီသည် မိမိဘာသာ ဖုလုံမှုရှိနေ၍ မိမိက ဖိအားပေးသည့်အခါ ပို၍သိပ်သည်းသွားတတ်၏။ ရန်သူတပ်များအချင်းချင်း နီးကပ်နေသည့်အခါ တစ်တပ်နှင့်တစ်တပ် ရောထွေးသွားသလိုဖြစ်တတ်ပြီး စိတ်ဓာတ်အားဖြင့် လည်းကောင်း၊ ပစ္စည်းလက်နက်အားဖြင့် လည်းကောင်း တစ်ဦးကိုတစ်ဦး အမှီပြုသလိုဖြစ်နေကြလေသည်။ တပ်မှူးတစ်ဦး၏ အယူအဆသည် အခြားတပ်မှူးများအား ကူးစက်တတ်ပြီး ထင်မြင်ချက်များသည်လည်း နီးစပ်ရာတပ်များသို့ ကူးစက်လွယ်၏။ တပ်တစ်တပ် လှုပ်ရှားမှုကြောင့် အခြားတပ်များအား တုံ့နေးသွားစေခြင်း၊ ဖရိုဖရဲဖြစ်သွားစေခြင်းပင် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် မိမိက တပ်တစ်တပ်ကို ရည်မှန်းချီတက်နေရာမှ အနည်းငယ်မျှ ဦးတည်ရာအရပ် ပြောင်းလိုက်လျှင် ရန်သူက မျှော်လင့်မထား၍ အငိုက်ရနိုင်ပြီး တကယ့် သွယ်ဝိုက်ချဉ်းကပ်မှု ဖြစ်သွားနိုင်လေသည်။ ရန်သူတပ်ချင်း ဝေးကွာသည့်အခါတွင်မူ မိမိက ဒုတိယအကြိမ် တိုက်ခိုက်ရန် လုပ်ဆောင်မှုကို ရင်ဆိုင်ရန် ရန်သူအတွက် ပြင်ဆင်ချိန် ပိုရနိုင်၍ ပို၍အသင့်ဖြစ်နေတတ်၏။

ဖရက်ဒရစ်သည် မိမိအလယ်ဗဟိုနေရာကို အခွင့်ကောင်းယူ၍ ရန်သူတစ်ဦးတည်းကို အင်အားစုစည်းတိုက်လေ့ရှိပြီး မိမိနည်းဗျူဟာမှာလည်း အမြဲတမ်း သွယ်ဝိုက်ချဉ်းကပ်မှုပင်ဖြစ်၏။ ထို့ကြောင့် အောင်ပွဲများလည်း ရရှိခဲ့၏။ သို့သော် သူ၏ သွယ်ဝိုက်ချဉ်းကပ်မှုမှာ စိတ်ဓာတ်ရေးရာထက် ဂျော်မက်ထရီသဘော[1] ဖြစ်နေ၏။ ဆိုလိုသည်မှာ ရန်သူတပ်မှူးစိတ်ဓာတ်ကို အခြေပျက်သွားအောင် လုပ်ဆောင်ခြင်းထက် တပ်များအနေအထား ပုံသဏ္ဌာန်ကို ဖရက်ဒရစ်က ပို၍ အလေးထားခဲ့လေသည်။

ရော့(စ)ဘက်[2] တိုက်ပွဲတွင် ဖရက်ဒရစ်သည် တကယ့် သွယ်ဝိုက်ချဉ်းကပ်မှု အကျိုး ခံစားခဲ့ရ၏။ ရန်သူတပ်များ လုပ်ဆောင်မှုများ မှားယွင်း၍ အငိုက်ရခဲ့ခြင်းကြောင့် ယင်းသို့ အကျိုးခံစားခဲ့ရခြင်း ဖြစ်လေသည်။ ရော့(စ)ဘက်တိုက်ပွဲမှာ ဖရက်ဒရစ်၏ အောင်ပွဲများအနက် မိမိဘက်မှ အကျအဆုံး အနည်းဆုံးဖြင့်

၁။ Geometrical rather than Psychological


၂။ Rossbach

www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်သော တိုက်ပွဲဖြစ်၏။ မိမိဘက်မှ ထိခိုက်ကျဆုံးသူ ၅၀၀သာရှိပြီး ရန်သူ ၇၇၀၀ ထိခိုက်ကျဆုံး၍ ရန်သူတပ် ၆၄၀၀၀ တို့ ပြိုကွဲသွားစေခဲ့လေသည်။




LEUTHEN MANŒUVRE

လျူသင်တိုက်ပွဲ



## LEUTHEN MANŒUVRE

## လျူသင်တိုက်ပွဲ

လျူသင်[၁] တိုက်ပွဲတွင် ဖရက်ဒရစ်သည် မိမိတီထွင်ထားသော နာမည်ကြီးလှသည့် တစောင်းချိတက်ပုံ[၂]ဖြင့် ချီတက်တိုက်ခိုက်ရာ ကျော်မက်ထရီပုံသဏ္ဌာန်အားဖြင့်သာ သွယ်ဝိုက်ချဉ်းကပ်မှုဖြစ်သဖြင့် အောင်ပွဲရသော်လည်း မိမိဘက်ကလည်း အကျအဆုံးများလှ၏။ ဩစတြီးယားနှင့် တိုက်ရာတွင် လည်းကောင်း၊ ရုရှားများနှင့် တိုက်ရာတွင်လည်းကောင်း ဖရက်ဒရစ်သည် ဆုံးရှုံးခဲ့၍ နောက်တိုက်ပွဲများ၌ မိမိက အောင်နိုင်သော်လည်း မိမိဘက်မှ အကျအဆုံး အလွန်များပြားလှသဖြင့် စစ်ပန်းလှပြီဖြစ်လေသည်။ နောက်ဆုံး ပရပ်ရှားစစ်သည် ၆၀၀၀၀ သာကျန်တော့၍ နောက်ထပ်တိုက်ပွဲ မတိုက်ရဲတော့ဘဲ ဖရက်ဒရစ်သည် အရှေ့ပရပ်ရှား၌သာ ပိတ်မိနေသလို ဖြစ်တော့၏။ ဖရက်ဒရစ် ကံကောင်းသည်မှာ ရုရှား၊ ဇာဘုရင်မကြီး သေဆုံးသွားခဲ့၍ နောက်ထီးနန်းတက်သူက ပရပ်ရှားနှင့် စစ်ပြေငြိမ်းခဲ့လေသည်။

ခုနစ်နှစ်စစ်ပွဲမှ တကယ်အမြတ်ထွက်ခဲ့သူမှာ အင်္ဂလန်ပင် ဖြစ်၏။ မိမိတပ်အနည်းငယ်သာ ဥရောပသို့ စေလွှတ်ခဲ့ရ၍ ကနေဒါတွင်လည်းကောင်း၊ အိန္ဒိယတွင်လည်းကောင်း အင်ပိုင်ယာချဲ့ထွင်နိုင်ခဲ့လေသည်။

ဖရက်ဒရစ်၏စစ်များကို သေချာစွာ လေ့လာသည့်အခါ သူ၏ သွယ်ဝိုက်ချဉ်းကပ်မှုမှာ စစ်ကစားခြင်းသက်သက် ကျော်မက်ထရီသဘောအရသာ ဖြစ်ပြီး စစ်ကစားခြင်းနှင့် လှုပ်ရှားမှု၊ အငိုက်ဖမ်းမှုတို့ကို ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့် နောက်ဆုံး၌ အင်အားပြိုးပြိုးခြေဘာရာမရောက်ဘဲ အထိအခိုက် အကျအဆုံး အလွန်များပြားခဲ့ရခြင်းဖြစ်၏။

---

၁။ **Leuthen**
၂။ **Oblique Order**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

# ပြင်သစ်တော်လှန်ရေးနှင့် နပိုလီယံဘိုနာပတ်

အနှစ်သုံးဆယ်ကြာပြီးနောက် စစ်ဓာတ်ခံပေါ်တွင် ကန့်လန့်ကာ မ,တင်လိုက်သောအခါ စစ်ကြီးတစ်ခု ပေါ်လာ၍ နပိုလီယံဘိုနာပတ်တည်းဟူသော ပါရမီရှင်၏ အလင်းရောင်ဖြင့် ထွန်းပြောင်ခဲ့သည်ကို တွေ့ရ၏။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်ကအတိုင်း ပြင်သစ်သည် ကြီးမားလှသော အန္တရာယ်ကြီး ဖြစ်လာပြီး အခြားဥရောပနိုင်ငံများက ပူးပေါင်းကြ၍ ပြင်သစ်အန္တရာယ်ကို ကာကွယ်ခဲ့ကြရလေသည်။ ယခုတစ်ကြိမ်တွင် ပြင်သစ်အန္တရာယ်မှာ တကယ်ပင် ကြီးမားလှ၍ အင်္ဂလန်မှလွဲပြီး ဥရောပတစ်ခုလုံးကို ပြင်သစ်က စိုးမိုးထားနိုင်ခဲ့၏။ ဤမျှ ပြင်သစ်အောင်မြင် တန်ခိုးထွားခဲ့ရခြင်းမှာ ပတ်ဝန်းကျင်အခြေအနေပေးမှုနှင့် လျော့ဆော်ပေးသော အချက်များ ရှိသောကြောင့် ဖြစ်ပေသည်။

ပြင်သစ်နိုင်ငံသား စစ်တပ်များကို စေ့ဆော်နေသည့် တော်လှန်ရေး စိတ်ဓာတ်မှာ အဆိုပါအခြေအနေနှင့် လျော့ဆော်ပေးသောအချက်ပင် ဖြစ်၏။ လူထုတပ်တော်များ ဖြစ်လာခြင်းကြောင့် ယခင်တပ်တော်များကဲ့သို့ စနစ်တကျ စစ်ရေးပြသော ညီညီညာညာ လုပ်ဆောင်မှု၊ လှုပ်ရှားမှု မပြုနိုင်တော့သော်လည်း နည်းဗျူဟာ ပိုမိုကျွမ်းကျင်လာကြ၍ စစ်သည်တစ်ဦးချင်းသည် ကြံရည်ဖန်ရည် ပိုရှိလာ၏။ ပြင်သစ်တပ်တော်များသည် တစ်မိနစ်လျှင် ခြေလှမ်း ၁၂၀ ချီတက်တိုက်ခိုက်နိုင်ကြပြီး ပြင်သစ်၏ရန်သူ ရှေးရိုးတပ်တော်များသည် ယခင်နှုန်းအတိုင်း တစ်မိနစ်လျှင် ခြေလှမ်း ၇၀ နှုန်းဖြင့်သာ ချီတက်ကြဆဲ ဖြစ်ပေသည်။ ဤကဲ့သို့



ပြင်သစ်များက ရန်သူများထက် လျင်မြန်စွာ ချီတက်ကစားနိုင်ကြသောကြောင့် နပိုလီယံ ပြောဆိုသကဲ့သို့ မဟာဗျူဟာအရ လည်းကောင်း၊ နည်းဗျူဟာအရ လည်းကောင်း ထုကို မြန်နှုန်းနှင့် မြှောက်နိုင်လာ၏။[1]

အခြားအခြေအနေတစ်ရပ်မှာ ပြင်သစ်တပ်တော်များကို အမြဲတမ်းတပ်မများဖြင့် ဖွဲ့စည်းလာနိုင်ခြင်း ဖြစ်လေသည်။ မိမိဘာသာ ဖူလုံသော တပ်မများဖြစ်၍ သီးခြားတစ်ခုစီ စစ်ဆင်ပြီး ဘုံရည်မှန်းချက်ကိုရအောင် ပူပေါင်းပြုလုပ်နိုင်သော တပ်မများဖြစ်၏။ တပ်မများနှင့်ပတ်သက်၍ စတင်ရေးသားသူမှာ ဘိုဆေး[2] ဖြစ်လေသည်။ ၁၇၄၀ ပြည့်နှစ်များတွင် အတန်ငယ် လက်တွေ့စမ်းသပ်ကြည့်ခဲ့ဖူးသေး၏။ ၁၇၅၉ ခုနှစ်တွင် စစ်သေနာပတိ ဖြစ်လာသူ စစ်သူကြီး ဘရော့လီ[3]က တပ်မဖွဲ့စည်းပုံကို တရားဝင်လက်ခံလိုက်ပြီး ဂူဘာတ်[4]က ပြင်သစ်တော်လှန်ရေးမတိုင်မီလေးတွင် ၁၇၈၇ ခုနှစ်၌ ပြင်သစ်တပ်တော် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများတွင် တပ်မများ ဖွဲ့စည်းရေးကို ထည့်သွင်းလုပ်ဆောင်ခဲ့၏။ ဂူဘာတ်မှာလည်း သဘာဝကျကျ စဉ်းစားတွေးခေါ်တတ်သူတစ်ဦးဖြစ်၍ တပ်မဖွဲ့စည်းပုံကို ပိုမိုစနစ်ကျအောင် ပြုပြင်ပေးခဲ့၏။ ထိုတပ်မများကြောင့်လည်း ပြင်သစ်တော်လှန်ရေးတပ်များသည် ဆက်တိုက်အောင်ပွဲဆင်နွှဲနိုင်ခဲ့ခြင်း ဖြစ်လေသည်။

တတိယအခြေအနေတစ်ရပ်မှာပြင်သစ်တပ်တော်များသည် ရိက္ခာထောက်ပံ့ရေးစနစ် ညံ့ဖျင်း၍ နောက်မှ လိုက်လံထောက်ပံ့နိုင်ခြင်း မရှိရာ ရောက်ရာနေရာ နယ်ပယ်တို့မှ ရရာရှာစားသည့်[5]စနစ်ကို ကျင့်သုံးခဲ့ခြင်းပင် ဖြစ်၏။ တပ်မများ အဖြစ် ပြုပြင်ဖွဲ့စည်းထားသည်ဖြစ်၍ ယင်းသို့ လုပ်ဆောင်ရန် ပိုမိုလွယ်ကူလာသည့်အပြင် တပ်များ ပူးပေါင်းစစ်ဆင်ခြင်းကိုလည်း အနှောင့်အယှက် မဖြစ်ခဲ့ချေ။

ထို့ပြင် ရိက္ခာဝန်စည်များ မသယ်ဆောင်ရခြင်းကြောင့် ပေါ့ပါးစွာ ချီတက်နိုင်ပြီး ပိုမိုလှုပ်ရှား စစ်ကစားနိုင်လာ၏။ တောင်ကျော် တောဖြတ်၍လည်း ချီတက်နိုင်စေ၏။ မိမိတပ်နောက်တွင် ရိက္ခာလှည်းတန်းများ မပါမှန်းသိနေသော ဝတ်မှုတ်ဆာလောင်နေသည့် တပ်များသည် ရိက္ခာရနိုင်သော ရန်သူနောက်ဆွယ်သို့ မိမိတို့ကိုယ်တိုင်က လိုလိုချင်ချင် ချီတက်လာကြ၏။ ရန်သူနောက်ဆွယ်တွင် ရိက္ခာ အလွယ်တကူရနိုင်မည်။

---

၁။ Multiply Mass by Velocity
၂။ Bourcet
၃။ Marshal de Broglie
၄။ Guibert
၅။ Living on the country

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအချက်များအပြင် အဆုံးအဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်ရေးအချက်မှာ နပိုလီယံဘိုနာပတ် ဖြစ်လေသည်။ နဂိုက စစ်ရေးအရ အရည်အချင်းရှိပြီးသည့်အပြင် နပိုလီယံသည် စစ်သမိုင်းကိုပါ လေ့လာသူဖြစ်၏။ အထူးသဖြင့် ၁၈ ရာစုတွင် ပင်ကိုဉာဏ် ထက်သန်လှသည့် ဘိုဆေးနှင့် ဂူးဘတ်တို့ အရေးအသားကို နပိုလီယံက သေချာစွာ လေ့လာခဲ့လေသည်။

ဘိုဆေးထံမှ နပိုလီယံရလိုက်သည့်နည်းမှာ ရန်သူတပ်များ ဖြန့်ခွဲစေရန် မိမိတပ်ကို ပထမ ဖြန့်ခွဲပေးလိုက်ပြီးမှ မိမိတပ်များကို ရုတ်ချည်း ပြန်လည်စုစည်းခြင်း ဖြစ်၏။ ထို့ပြင် **"အကိုင်းအခက်များစွာရှိသော စီမံချက်"**[၁] နှင့် ပြောင်းလဲ **စစ်ဆင်နိုင်သော ရည်မှန်းချက်အများကို ခြိမ်းခြောက်နိုင်သည့် ချီတက်ရာလမ်းကြောင်းကို ရွေးချယ်လုပ်သည့်နည်း ဖြစ်လေသည်။** ထို့ပြင် နပိုလီယံ ပထမဆုံး တိုက်ပွဲစဉ်တွင် အသုံးပြုခဲ့သည့် စီမံချက်မှာ လွန်ခဲ့သည့် နှစ် ၅၀ ခန့်က ဘိုဆေး ပြုလုပ်ခဲ့သော စီမံချက်ကိုမှီး၍ ရေးဆွဲထားသည့် စီမံချက်ပင် ဖြစ်လေသည်။

ဂူးဘတ်ထံမှ နပိုလီယံ ရရှိလိုက်သော ပညာရပ်မှာ လျင်မြန်စွာ စစ်ကစားခြင်းနှင့် ပြောင်းလွယ် ပြင်လွယ်ဖြစ်ခြင်းတို့ ဖြစ်၏။ ထို့ပြင် မိမိဘာသာ ဖူလုံသော တပ်မများဖြင့် တပ်တော် ဖွဲ့စည်းလုပ်ဆောင်၍ အကျိုးရှိနိုင်ပုံများကိုပါ လေ့လာခဲ့ရ၏။ ဂူးဘတ်က လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်က ဤသို့ရေးသားခဲ့လေသည်။

**"ဝိဇ္ဇာပညာရပ်မှာ မိမိတပ်များကို ပွင့်မသွားစေဘဲ တပ်ဖြန့်ပေး၍ မိမိ၏ စုစည်းမှု မပြိုကွဲစေဘဲ ရန်သူကို ရင်ဆိုင်နိုင်ပြီး ရန်သူ့တောင်ပံကို တိုက်နိုင်အောင် စစ်ကစားပေးနိုင်ရမည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် မိမိစစ်နံ ပွင့်မသွားစေရ"**

ဂူးဘတ်က နပိုလီယံ လုပ်ဆောင်ခဲ့သည့်နည်းကို ကြိုတင်ရေးသကဲ့သို့ ဖြစ်လေသည်။ ထို့ပြင် **ရန်သူ ဟန်ချက်ပျက်သွားစေရန် သူ့နောက်ပိုင်းကို ဝင်တိုက်နိုင်အောင် လုပ်ဆောင်ရမည်** ဟု ဂူးဘတ်က ရေးသားခဲ့ရာ ထိုနည်းမှာလည်း နပိုလီယံ၏ လက်သုံးနည်းပင် ဖြစ်လေသည်။ ရန်သူ၏ စစ်မျက်နှာမှ သော့ချက်နေရာကို မိမိ လှုပ်ရှားအမြောက်များဖြင့် စုပြုပစ်ခတ်ဖြိုခွင်းပြီး အပေါက်ဖြစ်သွားအောင် လုပ်ခြင်းမှာလည်း ဂူးဘတ်ထံမှ ရသောနည်းပင် ဖြစ်လေသည်။ ထို့ပြင် ပြင်သစ်တော်လှန်ရေး မတိုင်မီကလေးက ပြင်သစ်တပ်မတော်အတွင်း ဂူးဘတ်က ပြုပြင်ပြောင်းလဲမှု အတော်ပြုခဲ့ရာ ယင်းသွေးထားသောဓားကို နပိုလီယံ စွဲကိုင်အသုံးပြုခြင်းပင် ဖြစ်၏။ အရေးအကြီးဆုံးမှာကား တော်လှန်ရေးနိုင်ငံတစ်ခုမှ

[၁]။ A Plan with many branches



စစ်ခေါင်းဆောင်တစ်ဦး ပေါ်ပေါက်လာပြီး စစ်မှုတော်လှန်ရေး[၁] ပြုလုပ်မည်ဟု ဂူးဘတ်က ကြိုတင်ရေးခဲ့ခြင်းက နပိုလီယံအား ရည်မှန်းချက်ပေးခဲ့ပြီး သူ့အား လှုံ့ဆော်အားပေးခဲ့လေသည်။

နပိုလီယံသည် သူလက်ခံရယူလိုက်သော အကြံဉာဏ်များကို ဖြည့်စွက်အကြံပြုခြင်း မရှိခဲ့သော်လည်း ထိုအကြံဉာဏ်များ ရုပ်လုံးပေါ်အောင် လုပ်ဆောင်နိုင်ခဲ့သူ ဖြစ်လေသည်။ နပိုလီယံကသာ စွမ်းစွမ်းတမံ အကောင်အထည် မဖော်ခဲ့ပါက လှုပ်ရှားစစ်ကစားမှု သဘောတရားမှာ စာတွင်သာ ရှိနေပေမည်။ နပိုလီယံ နာယူသင်ကြားရသည်များမှာ သူ့ပင်ကိုဉာဏ်နှင့် တစ်ထပ်တည်းလို ဖြစ်နေပြီး ထိုအကြံဉာဏ်များကို အကောင်အထည်ဖော်နိုင်ရန် အခြေအနေကပါ ပေးခဲ့သဖြင့် တပ်မစနစ်နှင့် စစ်အတွေးအခေါ်သစ်များကို နပိုလီယံက ပြည့်ပြည့်ဝဝ အမြတ်ထုတ် အသုံးချနိုင်ခဲ့လေသည်။ မဟာဗျူဟာ ပူးပေါင်းအသုံးချမှုကို ကျယ်ပြန့်စွာ လုပ်ကိုင်ခဲ့ခြင်းသည် နပိုလီယံ၏ စစ်ပညာအမွေပင် ဖြစ်တော့၏။

သောင်္ဂသမ လူဝီဘုရင်အား ပြင်သစ်တော်လှန်ရေးသမားများက ကွပ်မျက်ပြီးသောအခါ ဥရောပနိုင်ငံများက မဟာမိတ်အဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြ၏။ ထိုမဟာမိတ်အဖွဲ့တွင် ပါဝင်သောနိုင်ငံများမှာ အင်္ဂလန်၊ ဟော်လန်၊ ဩစတြီးယား၊ ပရပ်ရှား၊ စပိန်နှင့် ဆာဒီးနီးယားတို့ ဖြစ်လေသည်။ ဥရောပနိုင်ငံများက တပ်များစုပေါင်းပြီး ပြင်သစ်ကို ဝင်တိုက်ကြရာ စွမ်းစွမ်းတမံ ဦးဆောင်မည့်သူ မရှိသော်လည်း မဟာမိတ်များက တပ်များသဖြင့် ပြင်သစ်တို့က ခံစစ်ဘက်ကသာ နေခဲ့ကြရ၏။ ၁၇၉၄ ခုနှစ်တွင်ကား အခြေအနေ ပြောင်းပြန်ဖြစ်သွား၍ ပြင်သစ်ကသာ လက်ဦးမှုရခဲ့ပြီး ကျူးကျော် တိုက်ခိုက်နိုင်လာ၏။ ဘာကြောင့်နည်း။ မည်သည့်အချက်များကြောင့် ဤကဲ့သို့ ကံကြမ္မာ ပြောင်းခဲ့ရသနည်း။

ပြင်သစ်များတွင် တိကျသော ရည်မှန်းချက်မရှိသော်လည်း ၎င်းတို့ စစ်ဌာနချုပ်၏ ဆုံးဖြတ်ချက်မှာ သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာမှ ပေါက်ဖွားလာသော ဆုံးဖြတ်ချက် ဖြစ်သောကြောင့် ဖြစ်လေသည်။ ယင်းမှာ စစ်ပွဲ ကံကြမ္မာ ပြောင်းလဲခြင်း၏ အဓိကအကြောင်းရင်းပင် ဖြစ်လေသည်။

စစ်ပွဲကံကြမ္မာ ပြောင်းလဲခဲ့ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

နှစ်ဖက်တပ်များသည် လီလ်[၂]အနီးတွင် ရင်ဆိုင်တိုက်နေကြရာ နှစ်ဖက်စလုံး အကျအဆုံးများ ရှိကြသော်လည်း အဆုံးအဖြတ် မပေးနိုင်ချေ။ ကျော်ဒန်၏

[၁]။ Revolution in Warfare.

[၂]။ Lille

www.burmeseclassic.com

www.burmeseclassic.com



ဝေးလှသည့် နေရာတွင်ရှိသော မိုဆယ်တပ်တော်[၁] ကို တိုက်ခိုက်ရေးတပ်တစ်တပ် အဖြစ် ဘယ်တောင်ပံတွင် ဖွဲ့စည်းပြီး အနောက်ဘက်သို့ အာဒင်းသစ်တောကို ဖြတ်၍ ချီတက်ကာ လိ(ချ)နှင့် နေမြူအာဒေသတွင် စစ်ဆင်ရန် ပြင်သစ်စစ်ဌာန ချုပ်က အမိန့်ထုတ်ပြန်ခဲ့လေသည်။ ဂျော်ဒန်၏ ဆာလောင်မွတ်သိပ်နေသောတပ် များသည် နေမြူအာသို့ ရောက်လာသောအခါ သတင်းတစ်ခု ရခဲ့၏။ ဆက်သား နှင့် ပေးပို့သော သတင်းဖြစ်ပြီး ထိုသတင်းကို အတည်ပြုသည့် အမြောက်သံများ ကိုပါ ကြားနေကြရလေသည်။ ပြင်သစ်အဓိကတပ်တော် ညာတောင်ပံသည် ရှာလီရွိုင်း[၂]တွင် တိုက်နေရ၍ အခြေအနေမလှဟူသည့် သတင်းဖြစ်၏။ ထို့ကြောင့် ဂျော်ဒန်သည် နေမြူအာကို ဝန်းရံနေမည့်အစား ရှာလီရွိုင်းဘက်သို့ ချီတက်ခဲ့၍ ရန်သူနောက်ဆွယ်သို့ ရောက်လာခဲ့လေသည်။ ယင်းသို့ နောက်ကပါ ဂျော်ဒန် တပ်များ ရောက်လာကြ၍ ရန်သူတို့ လက်နက်ချကြရတော့၏။

ဂျော်ဒန်သည် မိမိလှုပ်ရှားမှု မည်မျှအရေးပါသည်ကို ကောင်းစွာသိရှိခဲ့ခြင်း မရှိချေ။ သို့သော် ဤကဲ့သို့ ရန်သူနောက်ဆွယ်သို့ ရောက်ရှိခြင်းသည် စိတ်ဓာတ် ရေးအရ မည်မျှအရေးပါသည်ကို သိရှိသည့် နပိုလီယံနှင့်တကွ စစ်ခေါင်းဆောင် ကြီးများသည် ရန်သူနောက်ဆွယ်သို့ရောက်အောင် ကြိုးစားလုပ်ဆောင်ခဲ့ကြသည် သာ ဖြစ်လေသည်။

ရန်သူ သေနာပတိ ကိုဘက်[၃]သည် အရှေ့ဘက်သို့ ဆုတ်ခွာပေး၍ ရှာလီ ရွိုင်းကို ကာကွယ်ထားသည့် ဂျော်ဒန်၏တပ်များကို ဝင်တိုက်ခဲ့၏။ ဖလူးရပ်[၄] ဒေသတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီး ဟန်ချက်ပျက်နေသော မဟာမိတ် တပ်များသည် ရှုံးနိမ့်၍ မဟာမိတ်တပ်အားလုံး နောက်သို့ ဆုတ်ခွာကြရလေသည်။

ထိုအချိန်မှစ၍ ပြင်သစ်တပ်များက လက်ဦးမှုရခဲ့လေသည်။ ပြင်သစ်တပ် များကသာ ထိုးစစ်ဆင်နွှဲခဲ့ကြ၏။ ရိုင်းမြစ်ကြီးကို ဖြတ်၍ ပြင်သစ်များက တိုက်ကြသော်လည်း အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲများ မရခဲ့သည့်အပြင် ၁၇၉၆ မှ ဇူလိုင်လနောက်ပိုင်းတွင် ရိုင်းမြစ်ကို ပြန်လည်ဖြတ်၍ ဆုတ်ခွာပေးရ၏။

အဓိက ရိုင်းစစ်မျက်နှာတွင် ပြင်သစ်တပ်များ ပြန်လည်ဆုတ်ပေးရစဉ် ဒုတိယစစ်မျက်နှာဖြစ်သော အီတလီ၌ နပိုလီယံဘိုနာပတ်၏ သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာကြောင့် ပြင်သစ်တပ်များသည် (နပိုလီယံ ယင်းစစ်မျက်နှာသို့မရောက်

၁။ Jourdan's Army of the Moselle.
၂။ Charleroi
၃။ Pericles' War Policy
၄။ Fleurus



မီက) ခံစစ်ဆင်၍ အခြေအနေမလှဖြစ်နေရာမှ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲ ကို ရရှိခဲ့၏။

နပိုလီယံသည် စစ်ကျောင်းသားဘဝ၊ အရာရှိငယ်ဘဝများတွင် စစ်စာပေ များ စစ်သမိုင်းများစွာကို လေ့လာဖတ်ရှုခဲ့သော်လည်း သူ့တွင် ပြန်လည်စဉ်းစား တွေးခေါ်ရန် အချိန်များစွာ မရှိခဲ့ချေ။ အသက်နှစ်ဆယ့်ခြောက်နှစ်အရွယ်၌ တွေးခေါ်ခြင်းထက် တက်တက်ကြွကြွ လုပ်ဆောင်တတ်သူတစ်ဦးဖြစ်ပြီး သူ့အနေ နှင့် သဘောတရားအသစ်တစ်ရပ်ကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ချေ။ သူရေးသားသမျှ စစ်စာပေတို့မှာလည်း ဟိုကဒီကစပ်၍ ချုပ်ထားသော စစ်ဆောင် ကြီးနှင့်တူနေ၏။ ထို့ကြောင့် နပိုလီယံ၏ မြွက်ဟချက်တို့ကို ယူဆလာကြသော နောင်ခေတ်များမှ စစ်သုတေသီတို့သည် နပိုလီယံပြောဆိုရေးသားချက်များကို မှားယွင်းစွာ အဓိပ္ပာယ်ကောက်ယူခဲ့ကြ၏။

နပိုလီယံ၏ အဆိုအမိန့်များကို အဓိပ္ပာယ်များ မှားယွင်းကောက်ယူကြ ခြင်းနှင့် ပတ်သက်၍ အောက်ပါသာဓကများကို တင်ပြလိုပါသည်။ နပိုလီယံက အောက်ပါအတိုင်း ပြောဆိုခဲ့၏။

"စစ်ဥပဒေသကြီးများ (စစ်အောင်နိုင်ရာသော အကြောင်းကြီးများ)[၂] မှာ မြို့တစ်ခုကို ဝန်းရံတိုက်ခိုက်ခြင်း ဥပဒေသများနှင့် အတူတူပင်ဖြစ်၏။ တစ်နေရာတည်းကို[၃] စုပြုံပစ်ခတ်ရမည်။ ထိုနေရာ ကျိုးပေါက်သွားပါက ရန်သူ ဟန်ချက်ပျက်သွားပြီး[၄] ကျန်လုပ်ငန်းများမှာ မပြောပလောက် တော့ချေ"

နောက်ပိုင်း စစ်သုတေသီများက နပိုလီယံပြောဆိုခဲ့သည့် ပထမပိုင်း (ဖြစ်သော တစ်နေရာတည်းကိုသာ စုပြုံပစ်ခတ်ရမည်)ကိုသာ အရေးထားကြပြီး နောက်ပိုင်းကို လျစ်လျူရှုကြ၏။ စင်စစ် နောက်ပိုင်းကိုသာ ပို၍ဂရုပြုအလေးထား သင့်ပေသည်။ အထူးသဖြင့် 'ဟန်ချက်'ဆိုသည့် စကားလုံးထက် 'တစ်နေရာ တည်း'ဆိုသည်ကို ပို၍အလေးပေးလာကြ၏။ စင်စစ် တစ်နေရာတည်းကို ဆိုသည် မှာ ရုပ်သဘော တင်စားပြောဆိုလိုက်ခြင်းသာ ဖြစ်၍ ရန်သူ ဟန်ချက်ပျက်အောင် လုပ်ဆောင်ရေးမှာ ရန်သူ စိတ်ဓာတ်အခြေပျက်သွားအောင် လုပ်ရေးနှင့် ပတ်သက်

၁။ Army of Italy ပြင်သစ်တပ်တော်ပင် ဖြစ်၏။ အီတလီတွင် စစ်ဆင်ရေးလုပ်နေသော ကြောင့် အီတလီတပ်တော်ဟု ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။ (ဘာသာပြန်သူ)
၂။ The Principles of War
၃။ At one point
၄။ Equilibrium is broken

www.burmeseclassic.com

www.burmeseclassic.com



နေရကား ရန်သူတပ်မှူး အခြေပျက်မှသာ 'ကျန်လုပ်ငန်းမှာ မပြောပလောက်' တော့သည့် အခြေအနေမျိုးသို့ ဆိုက်ရောက်နိုင်မည် ဖြစ်လေသည်။

နပိုလီယံကိုယ်တိုင်က မည်သည့်စကားရပ်ကို အသားပေးလိုသည်ဆိုသည်ကို သူ့တိုက်ပွဲစဉ်များ၊ သူကျင့်သုံးခဲ့သည့် မဟာဗျူဟာ လမ်းစဉ်တို့ကို လေ့လာခြင်းဖြင့် သိသာနိုင်ပါသည်။

'တစ်နေရာတည်း'ဆိုသည့် စကားရပ်ကိုလည်း အမျိုးမျိုး ငြင်းခုံကာ အယူအဆ ကွဲလွဲကြပြီး တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း အဓိပ္ပာယ်ကောက်ယူခဲ့ကြရာ 'တစ်ကျောင်း'က 'တစ်နေရာတည်း'ဆိုသည်မှာ ရန်သူအင်အားအကောင်းဆုံးနေရာ၊ အင်အားအများဆုံးနေရာ ဖြစ်ရမည်ဟု အဓိပ္ပာယ်ကောက်ယူ၏။ ယင်းသို့ဖြစ်မှသာလျှင် အဆုံးအဖြတ်ပေးနိုင်မည် မဟုတ်လော။ ရန်သူအဓိကခုခံအား ကျိုးပေါက်သွားလျှင် အခြားနေရာများလည်း အရင်းလဲ၍ အဖျားထင်းဖြစ်ရမည်မဟုတ်လော။ ယင်းသို့ ကောက်ယူသူများသည် မိမိဘက်မှ ပေးဆပ်ရမည့် တန်ဖိုးကို ထည့်မတွက်ကြချေ။ ထို့ပြင် ရန်သူအားအကောင်းဆုံးနေရာကို တိုက်၍ အောင်မြင်သည်ထားဦး မိမိဘက်မှလည်း အင်အားကုန်ခန်းနေ၍ မိမိအောင်မြင်မှုကို အမြတ်ထုတ် စစ်ဆင်နိုင်မည်ပင် မဟုတ်တော့ချေ။ ထိုအခါတွင် ကျန်နေသော မူလက အင်အားနည်းသည့် ရန်သူကပင်လျှင် မူလ အင်အားကောင်းသည့် အစိတ်အပိုင်းများထက် (နှိုင်းယှဉ်ကြည့်လျှင်) ပို၍ ခုခံအားကောင်းနေသည်ကို တွေ့ရတော့မည် ဖြစ်၏။ အခြား "ကျောင်း"က အဓိပ္ပာယ်ကောက်ယူသည်မှာ "တစ်နေရာတည်း"ဆိုသည်မှာ ရန်သူ အားအနည်းဆုံးနေရာကို ဆိုလိုရင်းဖြစ်ရမည်ဟု ဖော်ညွှန်း၏။ သူတို့သည် အင်အား ခြိုးခြံခြင်းသဘောတရားကို သိရှိကြသော်လည်း မူလအဆင့်များအတွက်သာ မြင်သူများ ဖြစ်ကြလေသည်။ နေရာတစ်ခုသည် သိသိသာသာကြီး အားနည်းနေလျှင် ထိုနေရာသည် အချက်အချာနေရာနှင့် လည်းကောင်း၊ သေရေးရှင်ရေးတမျှ အရေးကြီးသည့်နေရာနှင့် လည်းကောင်း ဝေးကွာသောကြောင့်သာ ဖြစ်တတ်၏။ သို့မဟုတ်ပါက မိမိတပ်များကို စစ်မြူဆွယ်ယူရန် တမင်တကာ အားနည်းအောင်လုပ်ထားသည့်နေရာ ဖြစ်နိုင်ပေသည်။

နပိုလီယံ ဘာကိုဆိုလိုသည်ကို သူ့တိုက်ပွဲစဉ်များ လေ့လာခြင်း၊ သူ့အဆိုအမိန့်ကို သူ မည်သို့ လက်တွေ့အကောင်အထည်ဖော်သည်ကို လေ့လာခြင်းဖြင့် သိနိုင်ပါ၏။ "တစ်နေရာတည်း"ဆိုသည်မှာ နေရာတစ်ခုကို ဆိုလိုခြင်းထက် **အဆက်နေရာ[၁] . တပ်များဆုံရာနေရာကို** ဆိုလိုခြင်း ဖြစ်၏။

---

၁။ The Joint



ယင်းဆိုရိုးစကားကို ပြောဆိုသည့်အချိန်၌ နပိုလီယံ၌ အင်အားများစွာမရှိဘဲ သူ့အင်အားကို ဖြန့်တီးပစ်မည့် ရန်သူအင်အားအကြီးဆုံးနေရာကိုတိုက်ရန် ဖော်ညွှန်းခြင်းမဟုတ်သည်မှာ ထင်ရှားပေသည်။ အဆက်နေရာမှာမူကား ရန်သူအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသည့်နေရာဖြစ်ပြီး တိုက်ရခိုက်ရ လွယ်ကူသောနေရာမျိုးလည်းဖြစ်၏။

ထိုအချိန်ပိုင်းအတွင်းမှာပင် နပိုလီယံက ဆိုရိုးတစ်ခုကို ပြောပြခဲ့သေး၏။ ထိုဆိုရိုးကိုလည်း မှားယွင်းစွာ အဓိပ္ပာယ်ကောက်ယူကြ၍ ရန်သူအင်အားအကောင်းဆုံးနေရာကို မိုက်မဲစွာ တိုက်ခိုက်၍ မိမိဘက်မှ အကျအဆုံးများသည့်အခါတိုင်း နပိုလီယံဆိုရိုးကို ကိုးကား၍ မိမိတို့ မိုက်မဲမှုကို ကာကွယ်တတ်ကြလေသည်။ နပိုလီယံက အောက်ပါအတိုင်း ပြောခဲ့ဖူး၏။

> • "သြစတြီးယားဟာ သန္တိဌာန် အခိုင်အမာဆုံးရန်သူပဲ၊ သြစတြီးယား ကျရင် စပိန်နဲ့ အီတလီလဲ သူတို့အလိုလို ကျကြလိမ့်မယ်၊ တို့အင်အားကို ဖြန့်ခွဲမတိုက်ရဘူး၊ အင်အားစုစည်းကြရမယ်"

ယင်းစကားရပ်ကိုသာ ကိုးကားသူသည် အဖျားဆွတ်၍ ကိုးကားပြောဆိုသူ ဖြစ်၏။ ထိုစကားရပ်ပါဝင်သော နပိုလီယံ၏ အစီရင်ခံစာကို သေချာစွာဖတ်ရှုကြည့်လျှင် သြစတြီးယားကို တိုက်ရိုက်တိုက်ခိုက်ရန် နပိုလီယံက အဆိုပြုနေခြင်းမဟုတ်ဘဲ၊ ပီမောန်း[၂]နယ်ခြားတွင် ရောက်နေသော ပြင်သစ်တပ်တော်အနေဖြင့် သြစတြီးယားကို သွယ်ဝိုက်ချဉ်းကပ်ရန် အဆိုပြုနေခြင်း ဖြစ်သည်ကို တွေ့ရမည် ဖြစ်လေသည်။ အီတလီမြောက်ပိုင်းသည် သြစတြီးယားသို့ဝင်ရာ ထောင့်စွန်းမြေဟု နပိုလီယံက ယူဆထား၏။

ဒုတိယစစ်မျက်နှာဖြစ်သော အီတလီစစ်မျက်နှာ၌ ပီမောန်းစစ်ထဲမှ ထွက်သွားစေရေးအတွက် ယင်းကို ပထမ အလဲထိုးရန် နပိုလီယံက ရည်မှန်းထားလေသည်။ ယင်းမှာ ဘိုဆေး၏ သွန်သင်ချက်နှင့်လည်း ကိုက်ညီ၏။ အင်အားပိုနည်းသည့် မဟာမိတ်ကို ပထမ ဖြိုတ်ရမည်။

လက်တွေ့ အကောင်အထည်ဖော်ရာ၌ကား နပိုလီယံသည် ပို၍လိမ္မာပါးနပ်ပြီး ပို၍လည်း သွယ်ဝိုက်မှုကို သုံးစွဲခဲ့၏။ အီတလီတွင်ရှိသော မိမိတပ်များကို သြစတြီးယားက ထပ်တလဲလဲ လာရောက်တိုက်စေခြင်းဖြင့် သြစတြီးယားတပ်များကို အီတလီစစ်မျက်နှာ၌ပင် ချေမှုန်းခဲ့ပြီးနောက် ၁၂ လကြာသောအခါ နပိုလီယံအတွက် သြစတြီးယားသို့ ဝင်ရာလမ်းသည် ရှင်းနေပြီ ဖြစ်လေသည်။

---

၂။ Piedmont

www.burmeseclassic.com

www.burmeseclassic.com

ဘိုနာပတ် အီတလီတပ်တော် သေနာပတိဖြစ်လာသော ၁၇၉၆ ခု မတ်လထဲ၌ ပြင်သစ်တပ်တော်များသည် ဂိနိုအာမြစ်ဝှမ်းတစ်လျှောက် ပြည့်ကျပ်နေ၍ ရန်သူဩစတြီးယားနှင့် ပီမောန်းတပ်များက တောင်ကြားလမ်းများကို စိုးမိုးထားကြ၏။ တပ်မဖွဲ့သည့်ပုံကို အမြတ်ထုတ်အသုံးချ၍လည်းကောင်း၊ အင်္ဂလိပ်ဖမ်းခြင်း၊ လျင်မြန်စွာ စစ်ချီစားခြင်းကို အသုံးပြု၍လည်းကောင်း၊ နပိုလီယံသည် ရန်သူများအပေါ် အောင်ပွဲများ ခံနိုင်လေသည်။ အစပိုင်းတွင် မိမိဘာသာ လှုပ်ရှားတိုက်ခိုက်နိုင်သော တပ်များဖြင့် တိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် တပ်မများနေရာတွင် တပ်မကြီးများဖြင့် စစ်ဆင်ခဲ့၏။ ယင်းကို လေးဖက်လေးတန် စစ်ပြုနိုင်သော တပ်မကြီးနည်း[၁] ဟု ခေါ်၏။

ရန်သူတို့ မျှော်မှန်းထားရာမှ ချီတက်ခြင်းမပြုဘဲ ရန်သူနောက်ပိုင်းသို့ ချီတက်တာ မဟာဗျူဟာ အတားအဆီး[၂] ပြုလုပ်၍ ရန်သူတပ်များကို ချေမှုန်းသည့် နည်းမှာ မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်နည်းတွင် နပိုလီယံ၏ အဓိက အမွေအနှစ်ပင် ဖြစ်၏။ မဟာဗျူဟာ အတားအဆီး တည်ဆောက်မည့်နေရာတွင် သဘာဝ အတားအဆီးများရှိ၍ ယင်းနေရာကို မဏ္ဍိုင်သဖွယ် အသုံးပြုပြီး ရန်သူကို ချေမှုန်းရန် ဖြစ်လေသည်။ မိမိရိက္ခာများမှလည်းကောင်း၊ ဆုတ်ခွာရာလမ်းမှလည်းကောင်း ဖြတ်တောက်ခြင်းခံရသောအခါ စစ်တပ်များ လုပ်ဆောင်လေ့ရှိသည်မှာ နောက်သို့လှည့်၍ တစ်ဖွဲ့စီ တစ်ခုစီ ဆုတ်သွားတော့၏။

၁၈၀၅ ခုနှစ်တွင် နပိုလီယံသည် ဘိုလုံး၌ စစ်သည် ၂၀၀၀၀၀ စုဆောင်းထားရှိ၏။ ရေလက်ကြားကိုဖြတ်၍ အင်္ဂလန်ကို ကမ်းတက်တိုက်ခိုက်ရန် တာစူနေခြင်း ဖြစ်လေသည်။ သို့တာစူနေရာမှ ပြင်သစ်တပ်များအား ရိုင်းမြစ်ဘက်သို့ အပြင်းချီတက်စေခဲ့ပြန်၏။ နပိုလီယံသည် အင်္ဂလန်ကို အကယ်ပင် ကမ်းတက်တိုက်ခိုက်ရန် ကြံရွယ်ခဲ့သလော၊ သို့မဟုတ် ဩစတြီးယားအား မဟာဗျူဟာမြောက် သွယ်ဝိုက်ချဉ်းကပ်ရန် ပထမအဆင့်အနေနှင့် ရန်သူကို လှည့်စားခြင်းဖြစ်သလော အသေအချာ မည်သူမျှ မသိနိုင်ချေ။ ဘိုဆေးရေးသားခဲ့သည့်အတိုင်း 'အကိုင်းအခက်များစွာရှိသော စီမံချက်'ကို လိုက်နာလုပ်ဆောင်သည်ဟု ယူဆရ၏။

အရှေ့ဘက်လိုင်းကိုလိုက်ရန် မိမိက ဆုံးဖြတ်လိုက်ရာ တောမည်း[၃] ဝင်ပေါက်များကို ကာကွယ်ရန် ဩစတြီးယားတို့သည် လုပ်နေကျအတိုင်း ဘာဗေးနီးယားနယ်ထဲသို့ တပ်တော်တစ်ခု စေလွှတ်မည်ဟု နပိုလီယံက တွက်ထား၏။ ယင်းတွက်ကိန်းအတိုင်း ရန်သူ၏ မြောက်ဘက်တောင်ပံကို ခပ်ဝေးဝေးမှ ပန်း၍ ဒန်းနြူပ်မြစ်ကိုဖြတ်ကာ လီ(ချ)အထိ ချီတက်ခဲ့၏။ ရန်သူနောက်ဆွယ်တွင် မဟာဗျူဟာမြောက် အတားအဆီးချထားရန် ဖြစ်လေသည်။ ယခုအကြိမ်တွင် ပြင်သစ်တပ် များများစားစားရှိနေ၍ မဟာဗျူဟာ အတားအဆီးကို လှုပ်ရှားအတားအဆီး[၁] အဖြစ် အသုံးပြုရန် နပိုလီယံက ကြံရွယ်ခဲ့၏။ ဤကဲ့သို့ ဩစတြီးယား တပ်တော်နောက်ဆွယ်တွင် လှုပ်ရှားအတားအဆီးချထားသည့်နည်းကို အသုံးပြုခဲ့၍ အမ်း[၂]၌ သွေးထွက်သံယိုမှု မရှိသလောက်ဖြင့် ဩစတြီးယားတို့က နပိုလီယံထံ လက်နက်ချအပ်ခဲ့ကြရလေသည်။

နပိုလီယံသည် ရုရှတပ်များနှင့် ရင်ဆိုင်ရသည့်အခါတွင် ကူတူဆိုးဦးဆောင်သော ရုရှတပ်များသည် အင်းမြစ်[၃]သို့ ရောက်နေကြပြီ ဖြစ်လေသည်။ ဩစတြီးယားတပ်တော်များ အီတလီမှ ပြန်လာမည့်ရန်ကလည်း ရှိသေး၏။ နပိုလီယံလက်အောက်တွင် တပ်များတော်တော်များနေ၍ ဒန်းနြူပ်မြစ်နှင့် အနောက်တောင်ဘက် တောင်ကြားများတွင် သွယ်ဝိုက်ချဉ်းကပ်မှုပြုရန် နေရာအတော်ကျဉ်းမြောင်းနေလေသည်။ ထို့ပြင် အမ်းတိုက်ပွဲစဉ်မှာကဲ့သို့ ဝေးလံလှစွာ ပန်း၍ စစ်ကစားရန်လည်း အချိန်မရှိတော့ချေ။ ရုရှများသည် အမ်းမြစ်တွင် ရှိနေသမျှ သူတို့သည် 'သဘာဝအနေအထား'[၄]တွင် ရှိနေ၍ ဩစတြီးယားသို့ ဝင်ရာလမ်းတွင် ဒိုင်းသဖွယ် အကာအကွယ်ဖြစ်နေသည့်အပြင် တောင်ပိုင်းမှတက်လာမည့် ဩစတြီးယားတပ်များကပါ ဝင်ရောက်၍ ရုရှတို့နှင့် ပူးပေါင်းလိုက်ပါက နပိုလီယံတပ်များအတွက် ကျော်လွှားမရသည့် တံတိုင်းကြီး ဖြစ်လေတော့မည်။

ယင်းပြဿနာနှင့် ရင်ဆိုင်နေရသော နပိုလီယံသည် သွယ်ဝိုက်ချဉ်းကပ်မှုနည်းအမျိုးမျိုးကို လိမ္မာပါးနပ်စွာ အသုံးချခဲ့လေသည်။ သူ၏ ပထမရည်မှန်းချက်မှာ ရုရှတပ်များအား အရှေ့ဘက်သို့ ရောက်နိုင်သမျှရောက်အောင် တွန်းပို့ရန်ဖြစ်၏။ သို့မှ အီတလီမှပြန်လာသော ဩစတြီးယားတပ်များနှင့် ရုရှတို့ မပူးပေါင်းမိကြမည် ဖြစ်ပေသည်။

ထို့ကြောင့် နပိုလီယံသည် မိမိ၏တပ်များကို ကူတူဆိုးရှိရာ အရှေ့ဘက်သို့ တိုက်ရိုက်ချီတက်စေ၍ မော်တီယာ[၅]၏ တပ်မကြီးအား ဒန်းနြူပ်မြစ် မြောက်ဘက်ကမ်းမှ ချီတက်စေခဲ့၏။ ယင်းသို့ မိမိတပ်များနှင့် ရုရှအကြား ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခံရမည့် အန္တရာယ်ရှိလာ၍ ကူတူဆိုးသည် အရှေ့မြောက်ဘက် ကရမ်း[၆]အထိ ဆုတ်ပေးရတော့၏။ ထိုအခါ နပိုလီယံက

---

၁။ Battalion Carre
၂။ Strategic Back Stop or Barrage
၃။ Black Forest

---

၁။ Moving Barrage
၂။ Ulm
၃။ The Inn
၄။ In Natural Position
၅။ Mortier
၆။ Krems

www.burmeseclassic.com

www.burmeseclassic.com

မြူရတ်[၁] အား ကူတူဆိုး၏ စစ်မျက်နှာအသစ်ရှေ့မှ တစ်ဟုန်ထိုးဖြတ်၍ ဗီယားနားသို့ ချီတက်စေလေသည်။ ဗီယားနားမှ မြူရတ်၏ တပ်များအား မြောက်ဘက် ဟိုလာဘရန်[၂]သို့ ချီတက်စေပြန်၏။ ထို့ကြောင့် နပိုလီယံသည် ပထမရုရှတို့၏ ညာတောင်ပံကို ခြိမ်းခြောက်ခဲ့ပြီး ယခုတစ်ဖန် ရုရှတပ်များ၏ ဘယ်ဘက်နောက်ဆွယ်ကို ခြိမ်းခြောက်ခဲ့ပြန်၏။

မြူရတ်က နပိုလီယံ၏ ညွှန်ကြားချက်ကို နားလည်မှုလွဲမှားသွား၍သာ ရုရှတပ်များကို ပိတ်၍ မဖမ်းနိုင်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် ရုရှတို့သည် အရှေ့မြောက်ဘက် အိုမု(ဇ)[၃] အထိ ဆုတ်ပေးကြရ၏။ ရုရှနယ်စပ်နှင့် အတော်နီးသွားပြီ ဖြစ်လေသည်။ ထို့ကြောင့် ဩစတြီးယားတပ်များနှင့် ဝေးသွားသော်လည်း ရုရှတို့သည် မိမိတို့ အခြေချစခန်းများနှင့် ပိုနီးကပ်သွား၍ အိုမု(ဇ)တွင် စစ်ကူများ ထပ်မံရရှိခဲ့ကြ၏။ ယင်းအခြေအနေတွင် အရှေ့ဘက်သို့ ထပ်မံမောင်းထုတ်လျှင် သူတို့အင်အားကို ပိုမိုစုစည်းမိအောင် လုပ်သလို ဖြစ်ပေမည်။ ထို့ပြင် နပိုလီယံအတွက် အချိန်များစွာ မရှိတော့ချေ။ ပရပ်ရှားက စစ်ထဲဝင်တော့မည် ဖြစ်၍ မိမိအတွက် ရန်သူတစ်ဦး တိုးလာဦးတော့မည်။

ထို့ကြောင့် နပိုလီယံသည် စိတ်ဓာတ်ရေးရာ သွယ်ဝိုက်ချဉ်းကပ်မှုနည်းကို သုံးတော့၏။ ပြင်သစ်တပ်တို့သည် အင်အားနည်းနေပြီဟု ရုရှတို့က အထင်ရောက်လာအောင် လုပ်၍ ရုရှတို့က စတင်တိုက်စေ၏။ ရန်သူ ၈၀၀၀၀ ကို ရင်ဆိုင်ရန် ဘုရှန်း၌ သူ့လူ ၅၀၀၀၀ သာ ထား၍ အိုမု(ဇ)သို့ စစ်မြူသည့် တိုက်ပွဲများ တိုက်ပေး၏။ ထို့ပြင် ရုရှဘုရင်နှင့် ဩစတြီးယားကေရာဇ်ဘုရင် တို့ထံ ငြိမ်းချမ်းရေး ကမ်းလှမ်းသေး၏။ မိမိတို့အင်အား နည်းနေ၍ ငြိမ်းချမ်းရေး ကမ်းလှမ်းပုံမျိုး ဖြစ်လေသည်။ ရန်သူက မိမိလှည့်စားသည်ကို ယုံကြည်ပြီး ငါးစာကို မြိုသောအခါ နပိုလီယံသည် အော်စတာလစ်[၄]နေရာသို့ ဆုတ်ပေးလိုက်၏။ အော်စတာလစ်သည် သဘာဝအနေအထားအရ ထောင်ချောက်သဖွယ်နေရာမျိုး ဖြစ်၏။ အော်စတာလစ်တိုက်ပွဲ၌ မိမိက ရန်သူထက် အင်အားနည်းနေ၍ နပိုလီယံသည် နည်းဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုကို အသုံးပြုခဲ့လေသည်။ ရန်သူ ဆုတ်ခွာရာလမ်းကို တိုက်ခြင်းဖြင့် ရန်သူက တောင်ပံကို ဆန့်ထုတ်ရသောအခါ အဆက်နေရာသည် ပို၍အားနည်းသွားသဖြင့် ထိုနေရာကို နပိုလီယံက ဖိတိုက်တော့၏။ အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲကြီးဖြစ်၍ နောက် နှစ်ဆယ့်လေးနာရီအတွင်း ဩစတြီးယား ကေရာဇ်ဘုရင်က ငြိမ်းချမ်းရေး ကမ်းလှမ်းရတော့၏။

၁။ Murat
၂။ Hollabraunn
၃။ Ol Mutz
၄။ Austerlitz



နောက် လအနည်းငယ်ကြာ၍ ပရပ်ရှားနှင့် တိုက်ကြသည့်အခါတွင် နပိုလီယံ၏တပ်များသည် အရေအတွက်ရော အရည်အချင်းပါ ရန်သူပရပ်ရှားတပ်များထက် များစွာ သာလွန်နေပြီ ဖြစ်လေသည်။ ဤကဲ့သို့ မိမိဘက်က အင်အားကောင်းနေ၍ နပိုလီယံ၏ မဟာဗျူဟာလည်း မိမိအင်အားကို ပို၍အားကိုးလာသည်ကို တွေ့ရ၏။ အစတွင် အငိုက်ရမိစေရန် ရန်သူများနောက်သို့ ရောက်အောင်လာပြီးမှ မိမိအင်အားနှင့် ဖိ၍တိုက်ရာ ယေနာ[၁] တိုက်ပွဲတွင် ပရပ်ရှားတို့အပေါ် အောင်ပွဲခံနိုင်ခဲ့၏။

ထို့ကြောင့် ပိုလန်နှင့် အရှေ့ပရပ်ရှားပြည်နယ်၌ ရုရှတို့နှင့်တိုက်ရာတွင် နပိုလီယံသည် ရန်သူနှင့် တိုက်ပွဲဖြစ်ရန်သာ လိုလားနေပြီး တိုက်ပွဲသာ ဖြစ်ပါက မိမိဘက်က အောင်နိုင်မည်ကို သေချာပေါက် တွက်ထားပြီး ဖြစ်၏။ သို့သော် ရန်သူနောက်ဆွယ်သို့ရောက်အောင် စစ်ကစားခြင်းနည်းကိုပင် အသုံးပြုတိုက်ခိုက်ခဲ့လေသည်။ သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုသေးသော်လည်း ယခင်ကကဲ့သို့ ရန်သူအာရုံပြောင်းရန်နှင့် စိတ်ဓာတ်ရေးအရ အခြေပျက်သွားစေရန် မဟုတ်တော့ဘဲ ရုပ်သဘောအရ ရန်သူအာရုံကို ဆွဲဆောင်ယူရန်သာ ဖြစ်တော့၏။

ဖရီလန်[၂]၌ မိမိမြင်းတပ်က ဘယ်ဘက်တွင် ကင်းထောက်ရင်း ရန်သူတို့ရှိသည်ကို နပိုလီယံအား သတင်းပို့ရာ မိမိတပ်နှင့် ရန်သူရှိရာကို တည့်တည့်ကြီး ဝင်၍တိုက်တော့၏။ နည်းဗျူဟာ အောင်ပွဲကား ရပါ၏။ စစ်ကစားခြင်း၊ အငိုက်ဖမ်းခြင်းကြောင့် မဟုတ်ဘဲ ထိုးစစ်အဟုန်ကြောင့်ရသော အောင်ပွဲဖြစ်လေသည်။ ယင်းတိုက်ပွဲ၌ နပိုလီယံ၏ အမြောက်တပ် နည်းဗျူဟာအသစ်ကို တွေ့ရ၏။ ရန်သူ၏ တစ်နေရာတည်းကို အမြောက်များဖြင့် စုပြုံပစ်ခတ် တိုက်ခိုက်သည့်နည်း ဖြစ်လေသည်။ နောက်ပိုင်းတွင် ယင်းနည်းကို နပိုလီယံက ပို၍အားကိုးလာ၏။ ဖရီလန်မှာကဲ့သို့ နည်းဗျူဟာ အောင်ပွဲများရသော်လည်း မိမိဘက်မှလည်း အကျအဆုံး အထိအခိုက် ပို၍များလာလေသည်။

နောက်ပိုင်းတွင် နပိုလီယံသည် အဂ္ဂမဟာဗျူဟာ အမှားများကို တစ်ခုပြီးတစ်ခု ကျူးလွန်လာသည်ကို တွေ့ရ၏။ ပရပ်ရှားတို့ လိုက်နာလုပ်ဆောင်ရမည့် စစ်ရပ်စဲရေး စည်းကမ်းချက်များမှာ ပြင်းထန်လွန်း၍ ငြိမ်းချမ်းရေးအခြေ ပျက်စေမည့် စည်းကမ်းချက်များသာ ဖြစ်လေသည်။ အင်္ဂလန်အပေါ် ထားရှိသည့် သဘောထားမှာလည်း ရန်သူနိုင်ငံ လုံးဝပျက်စီးသွားစေရန်သာ ရည်မှန်းထားပြီး နပိုလီယံ၏ ကျူးကျော်စစ်များကြောင့် စပိန်နှင့် ပေါ်တူဂယ်လည်း မိမိရန်သူစာရင်းတွင်

၁။ Jena
၂။ Friedland

www.burmeseclassic.com

www.burmeseclassic.com

တိုး၍လာ၏။ ယင်းတို့မှာ နပိုလီယံ၏ အခြေခံ အဂ္ဂမဟာဗျူဟာ အမှားများ ဖြစ်လေသည်။

မိုး[1]၏ သွယ်ဝိုက်ချဉ်းကပ်မှု နည်းများကြောင့် စပိန်ရှိ နပိုလီယံ၏ ကြံရွယ်ချက်များ ပျက်ပြားခဲ့ရလေသည်။ မိုးနှင့် ဗြိတိသျှတပ်များက ဘာဂိုး[2]ကို ဝင်တိုက်လိုက်၊ ဆုတ်ပေးလိုက်၊ ပြင်သစ်တို့ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်လိုက်ဖြင့် သွယ်ဝိုက်ချဉ်းကပ်မှု နည်းမျိုးစုံကို သုံးခဲ့၏။ စပိန်တွင် အမျိုးသားပုန်ကန်မှုတစ်ရပ်ပင် ပေါ်ပေါက်လာအောင် အချိန်နှင့်နေရာ ဖန်တီးပေးခဲ့ပြီး ထိုပုန်ကန်မှုသည် နပိုလီယံအတွက် မပျောက်ကင်းနိုင်သော အနာကြီးတစ်ခု ဖြစ်နေတော့၏။ ဥရောပတလွှား၌ နိုင်ငံတိုင်းလိုက နပိုလီယံ သြဇာအောက် ရောက်နေကြရာ ယခု စပိန်၌ နပိုလီယံ အာဏာကို ဖီဆန်ဝံ့သူများ ပေါက်လာခြင်းပင်လျှင် နပိုလီယံအတွက် သိက္ခာကျရပြီး ရန်သူများအား စိတ်ဓာတ် တက်လာစေလေသည်။

၁၈၀၉ ခုနှစ်၌ သြစတြီးယားက ထပ်မံ၍ ပြင်သစ်တို့ကို တိုက်လာပြန်ရာ အက်စပန် အက်စလင်း[3]၌ ရန်သူနောက်ဆွယ်သို့ရောက်အောင် လုပ်ဆောင်ရာ၌ မိမိစစ်ကစားသလို ဖြစ်မလာသောအခါ နပိုလီယံသည် တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်သဖြင့် ပထမဆုံးအကြိမ် အကြီးအကျယ် ရှုံးနိမ့်ခဲ့ရ၏။ မကြာမီ ဝါဂရမ်[4]တွင် နပိုလီယံက အောင်နိုင်လိုက်သော်လည်း မိမိဘက်ကလည်း အကျအဆုံး များပြားလှပေသည်။ ငြိမ်းချမ်းရေးသည်လည်း ကြာရှည်မခံချေ။

## ကျွန်းဆွယ်စစ်[5]

စောစောပိုင်းတွင် မိုးက နပိုလီယံ၏ အကြံများကို ပျက်စီးစေပြီး အနာရင်းလာစေသလို နောက်ပိုင်းတွင် ဝယ်လင်တန်ကြောင့် အနာမှာ ငန်းမန်းလိုက်လာပြီး နပိုလီယံ စနစ်ကြီးတစ်ခုလုံးသို့ အဆိပ်ပျံ့နှံ့သွားစေတော့၏။ ပြင်သစ်တို့က စပိန်အမြဲတမ်းစစ်တပ်များအား အောင်နိုင်ခဲ့၍ နောင်တွင်လည်း အောင်နိုင်မည်သာ ဖြစ်လေသည်။ ယင်းကဲ့သို့ အမြဲတမ်း စစ်တပ်များကို နာလန်မထအောင် အောင်နိုင်လေ ရှုံးနိမ့်ရသူအတွက် အကျိုးရှိလေ ဖြစ်ရ၏။ အကြောင်း

၁။ Moore
၂။ Burgos
၃။ Asprn-Essling
၄။ Wagram
၅။ စပိန်နှင့် ပေါ်တူဂယ်တွင် တိုက်သော စစ်ပွဲကို ဆိုလိုသည်။ (ဘာသာပြန်သူ)



မှုကား စပိန်တို့သည် မိမိတို့ အဓိကအင်အားကို ပြောက်ကျားတိုက်နည်းတွင် သုံးစွဲလာကြသောကြောင့် ဖြစ်လေသည်။ ပြောက်ကျားများကို ရန်သူက မမြင်တွေ့နိုင်ဘဲ သမားရိုးကျမဟုတ်သည့် ပြောက်ကျားခေါင်းဆောင်များက အရေထူနေသည့် စပိန်ဗိုလ်ချုပ်ကြီးများထက် ပြင်သစ်တို့အား ဒုက္ခပေးနိုင်ခဲ့၏။

ကျွန်းဆွယ်စစ်ပွဲ၌ အင်္ဂလန်လုပ်ဆောင်ရသည့်အပိုင်းမှာ ပြင်သစ်များ ပို၍ ဒုက္ခရောက်စေရန်နှင့် ပြင်သစ်တို့ ဒုက္ခဖြစ်စေသည့် အရင်းအမြစ်များကို ရေလောင်းပေးရန်ဖြစ်၏။ သေးငယ်လှသည့် စစ်တပ်မှုဖြင့် ဤမျှ ရန်သူအာရုံ ပြောင်းစေအောင် လုပ်နိုင်ခဲလှ၏။ စစ်ပွဲများတွင် စစ်ရေးအရ တိုက်ရိုက်ပါဝင်ကာ မဟာမိတ်များနှင့် ပူးပေါင်းတိုက်ခိုက်၍ အကျိုးမရှိခဲ့ဘဲ ယခု စပိန်၌မူ သေးငယ်လှသော ဗြိတိသျှတပ်ကလေးနှင့် အဆမတန် အကျိုးများ ရရှိခဲ့သည်မှာ တကယ့်ခြားနားချက်ပင် ဖြစ်လေသည်။

စပိန်၌ ဗြိတိန်က အဂ္ဂမဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြု၍ အောင်မြင်ခဲ့သည်များကို သမိုင်းဆရာများက အသားမပေးကြဘဲ သူတို့အတွက်မှု တိုက်ပွဲကြီးများအကြောင်းကိုသာ မှတ်တမ်းတင်ရန် တာဝန်ရှိသလို ဖြစ်နေ၏။ စင်စစ် ကျွန်းဆွယ်စစ်ပွဲ၌ ဝယ်လင်တန်၏ တိုက်ပွဲများ၊ မြို့ဝန်းရံတိုက်ခြင်းများကိုသာ မှတ်တမ်းတင်သွားလျှင် ဘာမျှ အဓိပ္ပာယ်ရှိမည်မဟုတ်ချေ။ ဆာဂျွန်ဖော်တက်စကြူ[6]ကမူ စပိန်ပြောက်ကျားများ အရေးပါပုံ၊ ထိရောက်ပုံကို ကောင်းစွာ သိရှိရေးသား ဖော်ထုတ်ခဲ့ပါသည်။

ဗြိတိသျှတပ်ရှိခြင်းသည် ပြောက်ကျားစစ် ပျံ့နှံ့သွားရန် အကြောင်းရင်းခံတစ်ရပ် ဖြစ်ခဲ့သော်လည်း ဝယ်လင်တန်၏ သမားရိုးကျ တိုက်ပွဲများသည် ကျွန်းဆွယ်စစ်၌ ထိရောက်မှုအနည်းဆုံးပင် ဖြစ်တော့၏။ ဝယ်လင်တန်တပ်များကြောင့် ၅ နှစ်အတွင်း ရန်သူ ထိခိုက်ကျဆုံးမှု ၄၅၀၀၀ သာ ရှိခဲ့လေသည်။ စင်စစ် ထိုကာလအတွင်း ပြင်သစ်များ သေဆုံးမှုကပင်လျှင် နေ့စဉ် ပျမ်းမျှ ၁၀၀ ရှိခဲ့၏။ ထို့ကြောင့် ပြောက်ကျားများ လက်ချက်ဖြင့် ပြင်သစ် ထိခိုက်ကျဆုံးမှုမှာ သမားရိုးကျ တိုက်ပွဲများမှာထက် အဆမတန် ပို၍များပြားခဲ့ပေသည်။

အင်္ဂလန်က ကျွန်းဆွယ်သို့ ဗြိတိသျှတပ်ပို့ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ပေါ်တူဂယ်ကို ကယ်တင်နိုင်ရန်ဖြစ်ပြီး စပိန်၌ ပြင်သစ်တို့ အနာကြီးကို ပိုမိုကြီးထွားလာစေရန် ရည်မှန်းခဲ့ခြင်းမရှိချေ။ ဗြိတိန်က စစ်သည် ၂၀၀၀၀ ပို့ပေး၍ ပေါ်တူဂယ်ကို အောင်နိုင်ရန် လူ ၁၀၀၀၀၀ သုံးရမည်ဖြစ်ကြောင်း၊ စပိန်က ဆက်လက်ခုခံနေပါက ပြင်သစ်တို့သည် ပေါ်တူဂယ်ကိုတိုက်ရန် လူ ၁၀၀၀၀၀ ရှိရမည်

၆။ Sir John Fortescue

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း ဆာအာသာဝလက်(စ)လေ[1] (နောက်ပိုင်း ဝယ်လင်တန်မြို့စားကြီးဖြစ်လာသူ)က တင်ပြခဲ့၏။

ဝလက်(စ)လေသည် စစ်သည် ၂၀၀၀၀ နှင့် ၁၈၀၉ ခုနှစ် ဧပြီလထဲ၌ လစ်ဘွန်းသို့ ရောက်လာ၏။ စပိန်ပုန်ကန်မှုကြောင့် လည်းကောင်း၊ မိုးကဘာကိုကို တိုက်ပြီး ကော်ရူနာသို့ ဆုတ်သွားခြင်းကြောင့်လည်းကောင်း ပြင်သစ်တပ်များသည် ကျွန်းဆွယ်တစ်ခုလုံးတွင် ပြန့်ကြဲလျက် ရှိလေသည်။

၁၈၁၈ ပြည့်နှစ်တွင် ဩစတြီးယားစစ်ထဲမှ ထွက်သွားရန် နပိုလီယံသည် ၁၈၁၂ အထိ စပိန်နှင့် ပေါ်တူဂယ်တို့ အာရုံစူးစိုက် လုပ်ဆောင်နိုင်လာ၏။ သို့သော် ရလာသည့်အချိန်မှာ နှစ်နှစ်သာ ဖြစ်လေသည်။ ယင်းနှစ်နှစ်မှာ ကျွန်းဆွယ်စစ်ပွဲအတွက် အရေးအကြီးဆုံး နှစ်နှစ်ဖြစ်၏။ ထိုနှစ်နှစ်အတွင်း ပြင်သစ်တို့က ကျွန်းဆွယ်တွင် အနိုင်မတိုက်နိုင်ခြင်းမှာ နောက်ပိုင်း ၁၈၁၂–၁၃ အတွင်း ဝယ်လင်တန်ရသည့် အောင်ပွဲများထက် အရေးကြီးပေ၏။ ဗြိတိသျှတို့ အောင်ပွဲခံနိုင်ခြင်းမှာ ဝယ်လင်တန်က စစ်ရေး၊ စီးပွားရေးအချက်ကို သိရှိနားလည်သောကြောင့် ဖြစ်လေသည်။ ပြင်သစ်တို့ စားနပ်ရိက္ခာ ကန့်သတ်ချက်ကို ဝယ်လင်တန်က သိရှိပြီး တိုရေဗေဒရပ်(စ)[2] ခံစစ်ကြောင်းတစ်ခု တည်ဆောက်ခဲ့၏။

၁၈၁၀ ဖေဖော်ဝါရီလထဲတွင် နပိုလီယံက စပိန်သို့ စစ်သည် ၃၀၀၀၀၀ မျှ ပို့ခဲ့ပြီးနောက်လည်း ထပ်မံပေးပို့ခဲ့သေး၏။ ယင်းအနက် မဆေးနား[3]အား ၆၅၀၀၀ ပေးထားပြီး ပေါ်တူဂယ်မှ ဗြိတိသျှတို့အား မောင်းထုတ်ရန် တာဝန်ပေးထား၏။ မဟာမိတ်များ၌ ဝယ်လင်တန်နှင့် ဗြိတိသျှတပ်များအပြင် ဗြိတိသျှတို့ လေ့ကျင့်ပေးထားသော ပေါ်တူဂယ်များနှင့် စုစုပေါင်း လူ ၅၀၀၀၀ သာ ရှိလေသည်။ ဝယ်လင်တန်က ရန်သူချီတက်မည့်လမ်း၌ ရိက္ခာများကို ဖျက်ဆီးထားပြီး ဘူဆာကို[4]၌ ခေတ္တမျှခံ၍ တိုရေဗေဒရပ်(စ်) ခံစစ်ကြောင်းနောက်သို့ အသာဝင်နေလိုက်၏။

မဆေးနားသည် မိမိစထွက်ရာမှ ၄ လကြာမှ မိုင် ၂၀၀ သာ ခရီးပေါက်ပြီး တိုရေဗေဒရပ်(စ) ခံစစ်ကြောင်းကို မြင်ရသောအခါ အံ့သြသွားခဲ့ရ၏။ တိုက်မရမှန်းသိပြီး ၁၂ လမျှ နားနေခဲ့ရာမှ ရိက္ခာအခက်အခဲကြောင့် ပြန်လည်ဆုတ်ခွာလာခဲ့ရလေသည်။ ဝယ်လင်တန်က တိုက်ပွဲမတိုက်ဘဲ ရန်သူအား မြေနေရာ ကျဉ်းကျဉ်းတွင်သာ နေရအောင် လုပ်ဆောင်ထား၏။ ရိက္ခာပြတ်သွားပေးအောင် လုပ်ဆောင်ခြင်း ဖြစ်လေသည်။ ရန်သူက စစ်မြူသော်လည်း ဝယ်လင်

၁။ Sir Arthur Wellesley
၂။ Torres Vedras.
၃။ Massena
၄။ Bussaco



တန်သည် တိုက်ပွဲကို တမင်ရှောင်နေခဲ့၏။ သူ၏ မဟာဗျူဟာမှာ မှန်ကန်လှပါသည်။ အကြောင်းမထူးတော့၍ မဆေးနား ပြန်လည်ဆုတ်ခွာသွားသောအခါ ပြင်သစ်စစ်တပ် ၂၅၀၀၀ ဆုံးရှုံးကျန်ခဲ့ရ၏။ ယင်းအနက် တိုက်ပွဲတွင် ကျသူမှာ လူ ၂၀၀၀ သာ ရှိလေသည်။

ထိုအချိန်အတွင်း စပိန်ပြောက်ကျားများမှာ ပိုမိုများလာပြီး ပို၍လည်း ထိရောက်လာ၏။ ယင်းကာလအတွင်း ရန်သူကို အာရုံပြောင်းစေသည့် အချက်တစ်ချက်မှာ ကျွန်းဆွယ်၏ ရှည်လျားလှသော ကမ်းရိုးတန်းတွင် ဗြိတိသျှတို့က မည်သည့်နေရာ၌မဆို ကမ်းတက်နိုင်သည်ဟူသော ခြိမ်းခြောက်ချက် ဖြစ်လေသည်။ ဝယ်လင်တန်က ရန်သူများအပေါ် သြဇာရှိသည်မှာ သူ့တိုက်ပွဲများထက် အချိန်မရွေး ဗြိတိသျှတို့က ကမ်းတက်တိုက်နိုင်သည်ဟူသော ခြိမ်းခြောက်ချက်ကြောင့် ဖြစ်လေသည်။

နပိုလီယံက ရုရှားအား ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ဥရောပတစ်ခုလုံး၏ စစ်အခြေအနေကို တစ်မျိုးတစ်ဖုံ ဖြစ်သွားစေ၏။ ထိုအချိန်မှစ၍ ကျွန်းဆွယ်၌ ပြင်သစ်တပ်များအတွက် အောင်နိုင်ရန် အခွင့်အလမ်း လုံးဝမရှိတော့ချေ။

## ဗိုင်နာမှ ဝါတာလူး[1]

နပိုလီယံ၏ မဟာဗျူဟာ ပြောင်းလဲလာသည်ကို ဖော်ပြခဲ့ပြီးဖြစ်၏။ လူပ်ရှားစစ်ကစားမှုထက် အင်အား(ထု)ကို ပိုအားကိုးလာပြီ အငိုက်ဖမ်းမှုထက် မဟာဗျူဟာ တပ်အနေအထားကို အားကိုးလာရာ ၁၈၁၂ ရုရှတိုက်ပွဲစဉ်မှာ ထိုပြောင်းလဲကျင့်သုံးလာသော နပိုလီယံ မဟာဗျူဟာ အထွတ်အထိပ်သို့ ရောက်ချိန်ဖြစ်၏။ ထိုနပိုလီယံ၏ ချို့ယွင်းချက်များကို ပထဝီအချက်အလက်များက ပို၍ဆိုးရွားအောင် လုပ်ခဲ့လေသည်။

နပိုလီယံ၏ ရုရှချီတပ်အင်အားမှာ များပြားလှပြီး စစ်သည် ၄၅၀၀၀၀ ပါဝင်၏။ အလျားလိုက် ဖြန့်ခွဲထားရပြီး ရန်သူမျှော်မှန်းရာ လမ်းကြောင်းမှ တိုက်ရိုက်ချဉ်းကပ်ရုံမှတစ်ပါး ဘာမျှလုပ်မရခဲ့ချေ။ ၁၈၁၄ ခုနှစ် ဂျာမန်တို့ ယိုးစစ်မှာကဲ့သို့ တောင်ပံတစ်ဖက်ကို အားပိုကောင်းအောင် လုပ်ထားသည်မှာ မှန်၏။ သူ၏ ဘယ်တောင်ပံက ပို၍ အားကောင်း၏။ ဗိုင်နာတွင် ရန်သူတို့အား

၁။ From Vilna to Waterloo

www.burmeseclassic.com

www.burmeseclassic.com

ခပ်ဆေးဝေးမှ ပန်း၍တိုက်ရန် လုပ်ဆောင်ခဲ့လေသည်။ နပိုလီယံ၏ညီ ဂျရုမ်း[1]က ခပ်ထိုင်းထိုင်းဖြစ်၍ ရန်သူအား အာရုံဆွဲဆောင်ထားနိုင်ခြင်း မရှိသည့်အပြင် တပ်က များပြားလှသဖြင့် ကိုင်တွယ်ရ ခက်ခဲလှ၏။ တိုက်ရိုက်ကျူလွန်းနေသဖြင့် ရန်သူအား အခြေပျက်အောင် မည်သို့မျှ မတတ်နိုင်ခဲ့ချေ။ ထို့ပြင် ရုရှတို့က တိုက်ပွဲရှောင်သည့် မဟာဗျူဟာ[2]ကို တမင်တကာ ကျင့်သုံးကြသဖြင့် ပြင်သစ် ထိုးစစ်မှာ အရာမထင်ခဲ့ချေ။

ဤကဲ့သို့ အစတွင် 'လေထဲ၌ တိုက်ခဲ့ရပြီး' နောက်ပိုင်းတွင် နပိုလီယံက မဟာဗျူဟာနည်းဖြင့် ရန်သူ့နောက်ဆွယ်သို့ ရောက်အောင် လုပ်ဆောင်သေး၏။ ဘိုရိုဒီနို[3]၌ နပိုလီယံက နည်းဗျူဟာအောင်ပွဲ ရလိုက်သော်လည်း နှစ်ဖက် အကျအဆုံးမှာ များပြားလှ၏။

မော်စကိုမှ ပြင်သစ်တပ်များ ပြန်လည်ဆုတ်လာကြရသည်မှာ ရာသီဥတု ကြောင့်ထက် ပြင်သစ်တပ်တော်တစ်ခုလုံး စိတ်ဓာတ်ကျဆင်းနေကြသောကြောင့် ဖြစ်လေသည်။ စင်စစ် ထိုနှစ်၌ နှင်းကျသည်မှာ ခါတိုင်းနှစ်များထက် နောက်ကျ ခဲ့သေး၏။ ယင်းသို့ တပ်တော်တစ်ခုလုံး စိတ်ဓာတ်ကျရသည်မှာ နပိုလီယံ၏ တိုက်ရိုက်ချဉ်းကပ်မှု နည်းဗျူဟာများက မထိရောက်သည့်အပြင် ရုရှတို့၏တိုက်ပွဲ ကို ရှောင်သည့် သွယ်ဝိုက်ချဉ်းကပ်မှု အဋ္ဌမဟာဗျူဟာကြောင့် ဖြစ်လေသည်။

စပိန်၌ ပြင်သစ်များ ဆုံးရှုံးနေသဖြင့် နပိုလီယံ၏ အခြေအနေမှာ ပို၍ဆိုး လာ၏။ ကျွန်းဆွယ်တိုက်ပွဲစဉ်၌ အင်္ဂလန်သည် သမိုင်းတစ်လျှောက် ကျင့်သုံး ခဲ့သည့် 'အမြစ်ဖြတ်သည့်နည်း' စစ်ပေါ်လစီကို အသုံးပြုခဲ့ကြလေသည်။[4]

၁၈၁၄ တွင် မဟာမိတ်များက ပြင်သစ်ထက် အဆမတန် အင်အားများ လာပြီး ပြင်သစ်ပြည်ထဲသို့ ဝင်တိုက်လာကြပြီ ဖြစ်၏။ နပိုလီယံသည် မိမိအင်အား အလွန်နည်းနေတော့မှ ထုထက်စစ်ကစားခြင်းနှင့် အငိုက်ဖမ်းမှုကို ပြန်လည် အားကိုးလာ၏။ သို့သော် နောက်ကျလွန်းနေပြီ ဖြစ်လေသည်။

၁၈၁၅ ခုနှစ်တွင် အယ်လ်ဘာ[5]မှ ပြန်လာပြီးနောက် အငိုက်ဖမ်းခြင်းနှင့် လှုပ်ရှားစစ်ကစားမှုကို သုံးပြီး အဆုံးအဖြတ်ပေးမည့် အောင်ပွဲရခါနီးဆဲဆဲပင် ဖြစ်၏။ ဘလူးချား[6]နှင့် ဝယ်လင်တန်တို့ တပ်များဘက်သို့ နပိုလီယံ ချီတက် လာသည်မှာ ပထဝီသဘောအရ တိုက်ရိုက်ကျသော်လည်း အချိန်ရွေးချယ်မှုတွင် နပိုလီယံက အငိုက်ရလိုက်ပြီး ဦးတည်ရာအရပ် မှန်ကန်သဖြင့် ရန်သူအဆက်

၁။ Jerome
၂။ Strateey of Evasion
၃။ Borodino
၄။ Severing the Roots
၅။ Elba
၆။ Blucher



မနေရာတွင် အခြေပျက်သွားအောင် လုပ်နိုင်ခဲ့သေး၏။ သို့သော် လစ်နေ[1]၌ နေး[2] သည် သူ့အား နပိုလီယံပေးထားသော သွယ်ဝိုက်ချဉ်းကပ် စစ်ကစားရန် တာဝန် ကို မလုပ်နိုင်သဖြင့် ပရပ်ရှားများအပေါ် အဆုံးအဖြတ်ပေးသည့် အောင်ပွဲမရ လိုက်ချေ။ နပိုလီယံက ဝယ်လင်တန်ရှိရာ ဝါတာလူးသို့ ချီတက်လာသောအခါ တိုက်ရိုက်ချဉ်းကပ်မှုသာဖြစ်ပြီး ဂေါက်ချီ[3]ကလည်း ဘလူးချားအား အာရုံဆွဲဆောင် ထားနိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် နပိုလီယံ တောင်ပံတစ်ဖက်တွင် ဘလူးချား ရောက်လာသောအခါ လုံးဝမျှော်လင့်မထားသဖြင့် မဟာမိတ်များက စိတ်ဓာတ် ရေးရာအရ သွယ်ဝိုက်ချဉ်းကပ်မှု ရရှိပြီး အဆုံးအဖြတ် ပေးနိုင်ခဲ့လေသည်။

၁။ Ligney
၂။ Ney
၃။ Gouchy

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

## ၁၈၅၄–၁၉၁၄

ကရိုင်မီယာစစ်[၁] မှ ကျွန်ုပ်တို့ရသည့် သင်ခန်းစာများမှာ ဘာတွေမလုပ်သင့်ဆိုသည့် သာဓကများဖြစ်၏။ **အရေးအကြီးဆုံးသင်ခန်းစာမှာ တိုက်ရိုက်ချဉ်းကပ်ခြင်းမှာ အကျိုးမရှိနိုင်ဆိုသည့် သင်ခန်းစာဖြစ်ပေသည်။**

ဝါတာလူးတိုက်ပွဲအပြီး နှစ်ပေါင်းလေးဆယ်ခန့်ကြာသောအခါ ဥရောပမှ တပ်မတော်သားများသည် အသက်မွေးဝမ်းကျောင်း အမြဲတမ်းတပ်မတော်များဖြစ်လာကြ၏။ ယင်းသို့ အသက်မွေးဝမ်းကျောင်းပတ်ဝန်းကျင်တွင် အန္တရာယ်များရှိပေသည်။ အမှုထမ်းသက်ရှည်လာလေ အထူးသဖြင့် အထက်အရာရှိကြီးများသည် ပြင်ပနှင့် အဆက်ပြတ်ပြီး အယူအဆဟောင်းများကြောင့် ခေတ်နောက်ကျကျန်တတ်၏။ ယင်းမှာ အန္တရာယ်ပင်ဖြစ်၏။ တစ်ဖက်မှကြည့်ပြန်လျှင် အသက်မွေးဝမ်းကျောင်းတပ်များမဟုတ်လျှင်လည်း အန္တရာယ်များရှိသည်ပင်ဖြစ်၏။ ထိုချို့ယွင်းချက်ကို အမေရိကန်ပြည်တွင်းစစ် စောစောပိုင်းတွင် တွေ့ရလေသည်။ ဗိုလ်ချုပ်တစ်ဦးကိုယ်တိုင် အသုံးပြုသည့်တပ်သည် လေ့ကျင့်ပြီးသားဖြစ်ရန်လို၏။ ယင်းသို့ လက်နက်ကောင်းရရန် အကောင်းဆုံးအခြေအနေကား ကြာရှည်သည့် စစ်အတွင်းတွင်သော်လည်းကောင်း၊ တိုတောင်းသည့် ငြိမ်းချမ်းရေးကာလတွင်သော်လည်းကောင်း ဖြစ်လေသည်။ သို့သော် အကယ်၍ လက်နက်သည် ယင်းလက်နက်ကို သုံးမည့်သူထက် ကောင်း ... လျှင် ထိုစနစ်တွင် ချို့ယွင်းချက်ရှိနေပြီဖြစ်လေသည်။

၁။ Crimean War



အမေရိကန် ပြည်တွင်းစစ်၌ တောင်ပိုင်းတပ်မှူးများသည် အမြဲတမ်းတပ်မတော်ခေါင်းဆောင်များ ဖြစ်ကြ၏။ သို့သော် ခေါင်းဆောင်တစ်ဦးစီသည် အရပ်သားဘဝတွင် ဘာအလုပ်လုပ်ခဲ့ဖူးသည်၊ စစ်ပညာရပ် လေ့လာစဉ်းစားရန် အားလပ်ချိန် မည်မျှရသည်အပေါ်တွင် မူတည်၍ အရည်အချင်း ကွဲပြားခြားနားကြလေသည်။ စစ်ရေးပြကွင်းသည် မဟာဗျူဟာ အတွေးအခေါ်များ မွေးထုတ်ပေးသည့် နေရာမဟုတ်သည့်အပြင် ယင်းအတွေးအခေါ်များကို ကန့်သတ်ထားသည့် နယ်နမိတ်လည်းမဟုတ်ချေ။ အမေရိကန် ပြည်တွင်းစစ်ခေါင်းဆောင်များသည် ဒေသန္တရမဟာဗျူဟာတွင် ကျွမ်းကျင်လိမ္မာမှုရှိကြသော်လည်း အစပိုင်းတွင် သမားရိုးကျ ရည်မှန်းချက်များသာထား၍ တိုက်ခိုက်ခဲ့ကြ၏။

မီးရထားများ တိုးတက်ဖြစ်ထွန်းလာ၍ ထိုကဲ့သို့ သမားရိုးကျ ရည်မှန်းချက်အတိုင်းလုပ်သည့် အလေ့အထ ပို၍ဖြစ်လာခဲ့ရ၏။ မီးရထားကြောင့် မဟာဗျူဟာနယ်ပယ်တွင် ပိုမိုလျင်မြန်စွာ လှုပ်ရှားနိုင်လာသော်လည်း ပြောင်းလွယ်ပြင်လွယ် မရှိခဲ့ကြချေ။ ထို့ကြောင့် တကယ်လှုပ်ရှား စစ်ကစားနိုင်ခြင်းမရှိတော့ချေ။ တကယ်လှုပ်ရှား စစ်ကစားနိုင်ရန် လျင်မြန်စွာ လှုပ်ရှားနိုင်ရမည့်အပြင် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်လည်း လို၏။ အမေရိကန်ပြည်တွင်းစစ်မှာ မီးရထားကို အကြီးအကျယ် စတင်အသုံးပြုသောစစ်ဖြစ်၏။ ရထားလမ်းရှိသည့်နေရာအတိုင်းသာ သွားလာလှုပ်ရှားနိုင်သဖြင့် မဟာဗျူဟာသည် တစ်သမတ်တည်း ဖြောင့်ဖြောင့်ကြီးသာ သွားနိုင်၍ ကျဉ်းမြောင်းလာခဲ့၏။

ထို့ပြင် ထိုစစ်နှင့် နောက်ဖြစ်ပွားသောစစ်ပွဲများတွင် တပ်တော်များသည် ထောက်ပံ့ရေးအတွက် မီးရထားကိုသာ အားကိုးလာကြ၍ သူတို့ မည်မျှမီးရထားကို မှီခိုနေရသည်ကို မသိရှိခဲ့ကြချေ။ မီးရထားကြောင့် ထောက်ပံ့ပို့ဆောင်ရ လွယ်ကူသည်နှင့်အမျှ တပ်မှူးများသည် စစ်သည်အရေအတွက် များသည်ထက်များအောင် လုပ်ကြရ၏။ သို့သော် အားလုံးမှာ ရထားလမ်းဆုံးတွင်သာ စုပြုံနေကြလေသည်။ ဤမျှ စစ်သည်များပြားသောကြောင့် သူတို့လုပ်ဆောင်မှုစွမ်းအားကို မည်သို့အကျိုးသက်ရောက်မှုရှိသည်ဟု မေးခွန်းထုတ်ခြင်းမရှိကြချေ။ လှုပ်ရှားမှုနည်းသစ်များကြောင့် လှုပ်ရှားစစ်ကစားနိုင်ခြင်း လျော့ပါးလာရ၏။ ထူးဆန်းသလိုဖြစ်နေသော်လည်း အမှန်ပင် ဤအတိုင်း ဖြစ်ခဲ့ရလေသည်။ မီးရထားကြောင့် တပ်အင်အားအလွန်များလာရ၏။ စစ်သည်များကို ရှေ့တန်းသို့ ပို့နိုင်လာပါ၏။ သူတို့အား ကျွေးမွေးထောက်ပံ့နိုင်ပါ၏။ သို့သော် ထိထိရောက်ရောက် သူတို့ကိုအသုံးပြု၍ တိုက်ခိုက်နိုင်သည်ကား မဟုတ်ချေ။ မီးရထားကြောင့် လိုအပ်ချက်များ ပိုများလာရပြီး တပ်တော်များသည် ရထားလမ်းဆုံးနေရာများတွင် ချည်နှောင်ထားသလို

www.burmeseclassic.com



ဖြစ်ခဲ့ရ၏။ တစ်ချိန်တည်းတွင် သူတို့ထောက်ပံ့ရေးမှာ အပ်ချည်ပေါ် အားပြု ချိတ်ဆွဲထားရသလို ရထားလမ်းများမှာ ရန်သူတိုက်ရခိုက်ရ အလွန်လွယ်ကူပေ၏။

အမေရိကန် ပြည်တွင်းစစ် စောစောပိုင်းတွင် ထိုအချက်များကို တွေ့မြင်လာရပြီး ၁၈၆၄ ခုနှစ်တွင်မှ ပီပီပြင်ပြင် မြင်တွေ့လာကြရပြီ ဖြစ်လေသည်။ ပြည်ထောင်စုတပ်များသည် လိုအပ်ချက်ပို့များပြီး သူတို့ရန်သူများထက်ပို၍ မီးရထားကို အားထားနေရကာ မကြာခဏပင် မလှုပ်နိုင်မရှားနိုင် အခြေအနေမျိုးနှင့် တိုးရ၏။ အနောက်ပိုင်း စစ်မြေပြင်တွင် ပြောင်မြောက်သည့် မြင်းတပ်ခေါင်းဆောင်များဖြစ်သော တောင်ပိုင်းတပ်မှူးများဖြစ်ကြသည့် ဖောရက်၊ မော်ဂန်[၁]တို့က လျင်မြန်စွာ စစ်ကစား၍ ရထားလမ်းကို အမှီပြုနေရသော ပြည်ထောင်စုတပ်များအား စီးနင်းတိုက်ခိုက်ခဲ့ကြ၏။ (အနာဂတ်တွင် တပ်တော်များ၏ ဆက်သွယ်ရေးလမ်းကြောင်းကို လေယာဉ်များ၊ တင့်ကားများနှင့် တိုက်ကြခြင်း၏ ရှေ့ပြေးတိုက်ပွဲများ ဖြစ်ပေ၏။)

နောက်ဆုံးတွင် မြောက်ပိုင်း ဗိုလ်ချုပ်ရှားမင်း[၂]သည် ဖြစ်ပျက်နေသည့် အခြေအနေကို ထိုခေတ်က စစ်ခေါင်းဆောင်အားလုံးထက် ပီပီပြင်ပြင် မြင်လာခဲ့၍ ပြည်ထောင်စုတပ်များ ရင်ဆိုင်နေရသည့် အခက်အခဲများ၏ အကြောင်းရင်းခံကို တွေ့မြင်ခဲ့သည်။ ရန်သူက ရှားမင်း၏ မီးရထားလမ်းများကို တိုက်ခြင်းဖြင့် မြောက်ပိုင်းတပ်များကို တိုက်သလို သူကလည်း ရန်သူအတိုက်မခံရအောင်လုပ်ပြီး ရန်သူပျော့ကွက်ရထားလမ်းများကို ပြန်တိုက်မည်။ မဟာဗျူဟာ စစ်ကစားနိုင်ရန်၊ ရန်သူက မိမိတပ်များအား မလှုပ်နိုင်မရှားနိုင်ဖြစ်အောင် အတိုက်မခံရစေရန် တစ်သမတ်တည်း ထောက်ပံ့ရေးလမ်းကြောင်းကို မှီခိုမနေမှဖြစ်မည်။ ထို့ကြောင့် မိမိဘာသာ ဖူလုံအောင်လုပ်၍ သွားလာလှုပ်ရှားမည်။ စစ်ကြောင်းအတွက် တကယ်လိုအပ်သည့် ပစ္စည်းလက်နက် အနည်းဆုံးသာ သယ်ယူ၍ အပိုများကို အားလုံး စွန့်လွှတ်နိုင်ရမည်။ ရန်သူက အမြီးကကိုင်မလှုပ်နိုင်စေရန် အမြီးကို ပိုက်ယူ၍ ချီတက်နိုင်ရမည်။ ထို့ကြောင့် ရှားမင်းသည် မလိုအပ်သည့် ဝန်စည်စလယ်များကို အားလုံးဖြတ်တောက်ပစ်၍ မီးရထားလမ်းမှခွာပြီး တောင်းပိုင်းတပ်များ၏ နောက်ဆွယ်မှဝင်၍ သူတို့ အဓိကတပ်တော်အား ထောက်ပံ့နေသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ရေသောက်မြစ်နေရာမှ ဖြတ်တောက်ပစ်ခဲ့၏။ အကျိုးကား ထူးထူးခြားခြား အဆုံးအဖြတ် ရရှိခဲ့ခြင်းပင် ဖြစ်လေ၏။

၁။ Forrest, Morgan

၂။ Sherman



## အမေရိကန် ပြည်တွင်းစစ်

အစပိုင်းတွင် တောင်ဘက်ရော မြောက်ဘက်ကပါ တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်ခဲ့သဖြင့် အဆုံးအဖြတ် မရကြချေ။ မြောက်ပိုင်းတပ်များတွင် မက်ကလီလန်[၁] သေနာပတိချုပ်ဖြစ်လာပြီး ၁၈၆၂ ခုနှစ်၌ ရေတပ်ကို အသုံးပြု၍ မိမိတပ်များကို ရန်သူ၏ မဟာဗျူဟာတောင်ပံဘက်သို့ပို့ရန် ဆုံးဖြတ်ခဲ့၏။ သို့သော် တကယ့်သွယ်ဝိုက်ချဉ်းကပ်မှုအနေဖြင့် လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ ရန်သူမြို့တော် ရစ်(ချ)မွန်သို့သွားသည့် တိုက်ရိုက်အတိုဆုံးလမ်းအဖြစ်သာ ရွေးချယ်ခဲ့ခြင်းဖြစ်၏။ သို့သော် သမ္မတလင်ကွန်းက မက်ကလီလန်၏ စီမံချက်ကို သဘောမတူဘဲ မက်ဒေါဝဲလ်၏ တပ်မကြီးအား ဝါရှင်တန်မြို့တော် ကာကွယ်ရေးအတွက် သုံးလိုက်သဖြင့် မက်ကလီလန်အဖို့ တပ်အင်အား လျော့ပါးသွားသည့်အပြင် ရန်သူ အာရုံပြောင်းအောင် မလုပ်နိုင်တော့ချေ။ စီမံချက် အောင်မြင်ရေးအတွက် ရန်သူ အာရုံပြောင်းရေးမှာ အဓိကပင်ဖြစ်၏။

မိမိတပ်များနှင့် ကမ်းတက်ပြီး မက်ကလီလန်သည် ယောက်တောင်းရှေ့တွင် တစ်လ အချိန်ကုန်ခဲ့၏။ မက်ကလီလန်သည် မိမိစီမံချက်ကို ပြင်ဆင်လိုက်ပြီး ရစ်ချမွန်သို့ စစ်ကြောင်းနှစ်ကြောင်း ချီတက်ရန် ဆုံးဖြတ်ခဲ့လေသည်။ မက်ဒေါဝဲလ်က ဝါရှင်တန်မှ ရစ်ချမွန်သို့ ကြည်းကြောင်းချီတက်ရန် ဖြစ်၏။

စတုံးဝေါ့ဂျက်ဆင်[၂]၏ ရှနန်ဒိုအာချိုင့်ဝှမ်း သွယ်ဝိုက်စစ်ဆင်ရေးများသည် ဝါရှင်တန်အစိုးရအား စိတ်ဓာတ်ရေးအရ အကျိုးသက်ရောက်မှုရှိပြီး မက်ဒေါဝဲလ်၏ ရစ်ချမွန်ချီတက်ရေးကို နောက်တစ်ကြိမ် ပယ်ဖျက်ခဲ့ရပြန်၏။ မက်ကလီလန်၏ တပ်များသည် ရစ်ချမွန်နှင့် လေးမိုင်မျှသာ လိုတော့သည့်အချိန်တွင် တောင်ပိုင်း ဗိုလ်ချုပ်လီး[၃]က ဝင်ရောက်ဖွက်ဖက်ရန် အင်အားရှိလာပြီ ဖြစ်၏။ ခုနစ်ရက်တိုက်ပွဲများ[၄]ပြီးသည့်နောက်မှာပင် မက်ကလီလန်သည် မဟာဗျူဟာအရ အခွင့်သာဆဲဖြစ်၏။ မက်ကလီလန်က သူ၏အခြေခံစခန်းကို ဂျိမ်·မြစ်သို့ဆုတ်၍ ဖွင့်လှစ်လိုက်သဖြင့် သူ၏ဆက်သွယ်ရေးလမ်းကြောင်းမှာ လုံခြုံသွားသည့်အပြင် ရစ်ချမွန်မှတောင်ဘက်သို့လာသည့် ရန်သူဆက်သွယ်ရေးလမ်းကြောင်းကို အန္တရာယ်ပြုနိုင်သည့် နေရာတွင် ရှိနေ၏။

သို့သော် မြောက်ပိုင်းမဟာဗျူဟာ ပြောင်းလိုက်သဖြင့် မြောက်ပိုင်းတပ်များအတွက် မဟာဗျူဟာ အရေးသာနေခြင်းကို စွန့်လွှတ်လိုက်ရပြန်၏။ ယော

၁။ Mc Clellan

၂။ Stonewall. Jackson.

၃။ General Lee.

၄။ Seven Days Battle.

www.burmeseclassic.com

www.burmeseclassic.com



လက်[၁] အား နိုင်ငံရေးအရ မက်ကလီလန်အပေါ်မှ ကျော်၍ ဗိုလ်ချုပ်မှူး[၂]အဖြစ် လင်ကွန်းက ခန့်ခဲ့လေသည်။ မက်ကလီလန်၏ တပ်များအား သင်္ဘောများဖြင့် ပြန်၍ မြောက်ပိုင်းသို့ဆုတ်စေပြီး ပုပ်[၃]တပ်များနှင့် ပူးပေါင်းကာ ကြည်းကြောင်းမှ တစ်ဖန် ချီတက်စေခဲ့၏။ သမိုင်းတွင် ဖြစ်လေ့ရှိသည့်အတိုင်း အင်အားနှစ်ဆများလာသော်လည်း အကျိုးသက်ရောက်မှုမှာ တစ်ဝက်သာ ရှိတော့၏။ ရန်သူက မိမိချီတက်ရာလမ်းကြောင်းကို သိနေပြီဖြစ်လေသည်။ ရန်သူမျှော်မှန်းထားရာမှ ချီတက်ခဲ့ကြခြင်းဖြစ်၏။ ဟောလက်၏ မဟာဗျူဟာမှာ စာအုပ်ကြီးအတိုင်း အင်အားစုစည်းသည် မည်ပါ၏။ သို့သော် သမားရိုးကျ ရည်မှန်းချက်များကို လုပ်ဆောင်၍ တွေ့ရတတ်သော အခက်အခဲများနှင့် တွေ့ရတော့၏။ တိုက်ရိုက်ချဉ်းကပ်မှုဖြစ်၍ ဖရီးဒရစ်ဘတ်[၄]တွင် မြောက်ပိုင်းတပ်များ တပ်လန်လာပြီး ၁၈၆၃ ခုနှစ်ထဲတွင်လည်း ယင်းမဟာဗျူဟာကြောင့် ရစ်ချမွန်နှင့် ဝိုနီးမလာသည့်အပြင် တောင်ပိုင်းတပ်များက မြောက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ခြင်းပင် ခံခဲ့ရလေသည်။

တောင်ပိုင်းတပ်များက မြောက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ခြင်းမှာ တပ်များ ချီတက်ရာလမ်းကြောင်းအရရော စိတ်ဓာတ်ရေးရာအရပါ သွယ်ဝိုက်ချဉ်းကပ်မှုပင် ဖြစ်၏။ သို့သော် ဗိုလ်ချုပ်လီးက မိဒ်[၅]ရှိရာ ဂက်တီး(စ)ဘက်[၆]ကို တိုက်ရိုက်တိုက်ခိုက်ခြင်းဖြင့် သွယ်ဝိုက်တိုက်ခိုက်မှု အကျိုးအားလုံး ရှုံးလွှတ်လိုက်ရ၏။ နှစ်ကုန်ခါနီးတွင် နှစ်ဖက်စလုံးမှာ စစ်ပန်းနေပြီဖြစ်ပြီး အထိအခိုက် အကျအဆုံးလည်း အလွန်များပြားလှချေပြီ။

ယင်းသို့ နှစ်ဖက်စလုံးက တိုက်ရိုက်ချဉ်းကပ် တိုက်ကြရာ၌ ခံစစ်ဆင်သူက အရေးသာသည်ကို မှတ်သားသင့်၏။ ယင်းသို့ မဟာဗျူဟာ အခြေအနေတွင် ခံစစ်ဆင်သူသည် အကျိုးမဲ့တိုက်ခိုက်အားထုတ်မှု မပြုရသဖြင့် ယှဉ်ကြည့်လျှင် ထိုးစစ်လောက် တိုက်ရိုက်ချဉ်းကပ်ရာ မကျချေ။

ဂက်တီး(စ)ဘက်မှ လီး တပ်လန်လာခြင်းကို အများကပင် စစ်၏ကံကြမ္မာပြောင်းချိန်ဟု ခေါ်ကြ၏။ ကြီးကျယ်သည့် အဖြစ်အပျက်တစ်ခုအနေဖြင့်သာ ယင်းသို့ မှတ်ယူကြခြင်းဖြစ်၏။ စင်စစ် စစ်သမိုင်းကို သေချာစွာလေ့လာလျှင် အဆုံးအဖြတ်ပေးသည့် အကျိုးတရားများကို အနောက်ဘက်မှ ရလာသည်ကို တွေ့ရမည် ဖြစ်လေသည်။

---

၁။ Halleck.
၂။ General in Chieef
၃။ Pope.
၄။ Fredericksburg.
၅။ Meade.
၆။ Gettysburg.



ပထမဆုံး အဖြစ်အပျက်ကား ၁၈၆၂ ခု ဧပြီလတွင် ဖြစ်၏။ ဖရာဂွတ်[၁]၏ ရေတပ်သည် မစ္စစ်စပီမြစ်ဝတွင်ရှိသော ရန်သူ့ခံတပ်များကို ကွင်းရှောင်သွားခဲ့၍ နယူးအိုလင်းမြို့တော်သည် သွေးထွက်သံယိုမရှိဘဲ မြောက်ပိုင်းတပ်များထံ လက်နက်ချအပ်လိုက်ရ၏။

ဒုတိယအဖြစ်အပျက်ကား ဗိုလ်ချုပ်လီးဂက်တီ(စ)ဘက်မှ စတင် ဆုတ်ခွာရသည့် ဇူလိုင်လ ၄ ရက်နေ့တွင် ဗစ်(စ)ဘတ်[၂]ကို မြောက်ပိုင်းဗိုလ်ချုပ် ဂရန့်[၃]က သိမ်းပိုက်လိုက်ခြင်း ဖြစ်လေသည်။ မြောက်ပိုင်းတပ်များက တောင်ပိုင်း အသက်သွေးကြောနေရာကို ရလိုက်ခြင်းပင်ဖြစ်၏။ ထိုအချိန်မှစ၍ တောင်ပိုင်းတပ်များသည် မစ္စစ်စပီနယ်များမှ ရိက္ခာများ စစ်ကူများ မရနိုင်တော့ချေ။

နပိုလီယံသည် မြစ်ကြောင်း သို့မဟုတ် တောင်ကုန်းများကို မဟာဗျူဟာ အတားအဆီးအဖြစ် အသုံးပြုသကဲ့သို့ ဂရန့်က မီးရထားလမ်းဆုံ (ဂျက်ဆင်မြို့) ကို မဟာဗျူဟာ အတားအဆီးအဖြစ် အသုံးပြုခဲ့၏။ ဗစ်ဘတ်ကို ဂရန့်က ရလိုက်ခြင်းဖြင့် တောင်ပိုင်း၏ ရိက္ခာကိုဒေါင်ဟုခေါ်ရသော ဂျော်ဂျီယာသို့ လမ်းပွင့်သွားပြီဖြစ်၏။ ထိုမှတစ်ဆင့် အရှေ့ပိုင်းပြည်နယ်များသို့ပါ လမ်းပွင့်လျက်ရှိချေပြီ။

တောင်ပိုင်းတပ်များအတွက် စစ်ရှုံးတော့မည်မှာ သေချာသလောက်ပင် ဖြစ်၏။ သို့စဉ်လျက် မြောက်ပိုင်းတပ်များသည် လက်လှမ်းမီနေပြီဖြစ်သော အောင်ပန်းကို လွှတ်ထွက်တော့မည်ကဲ့သို့ ဖြစ်ခဲ့ရသေး၏။ ၁၈၆၄ ခုနှစ်တွင် စစ်ပန်းလှပြီဖြစ်ရကား စိတ်ဓာတ်ရေး အချက်အလက်များသည် အရေးအပါဆုံး ဖြစ်လာပြန်၏။ စစ်ရပ်စဲလိုသောအဖွဲ့က တဖြည်းဖြည်း အားပိုကောင်းလာပြီး ရွေးကောက်ပွဲများလည်း နိုဝင်ဘာလထဲတွင် ပြုလုပ်ရန် ရှိနေ၏။ ထို့ကြောင့် စောစပ်စစ်ပြီးစေမည့် သမ္မတ တက်မလာစေရန် လင်ကွန်းအဖို့ မြန်မြန်ဆန်ဆန် အောင်ပွဲရရန်လို၏။ ထို့ကြောင့် အနောက်ပိုင်းမှ ဂရန့်ကို ခေါ်ယူလိုက်၍ သေနာပတိချုပ် ခန့်အပ်လိုက်၏။ ဂရန့်အသုံးပြုသည့်နည်းမှာ သမားရိုးကျ ဗိုလ်ချုပ်များက မိမိဘက်မှ အင်အားသာလွန်နေသည့်အခါ လုပ်ဆောင်လေ့ရှိသောနည်းပင် ဖြစ်၏။ 'ဆက်တိုက် တူနှင့်ထုသည့်နည်း'[၄]ပင် ဖြစ်တော့၏။

ဂရန့်သည် ဗစ်(စ)ဘတ်၌ တိုက်ရိုက်ချဉ်းကပ်မှုများ မအောင်မြင်တော့မှ သွယ်ဝိုက်ချဉ်းကပ်၍ အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုတိုက်ပွဲတွင် သွယ်ဝိုက်ချဉ်းကပ်မှုကို ပြောင်မြောက်စွာ အသုံးချခဲ့သော်လည်း သင်ခန်းစာမှာ ဦးနှောက်ထဲ စွဲသွားခဲ့သည် မဟုတ်ချေ။

---

၁။ Feeragut.
၂။ Vicksburg
၃။ Grant
၄။ Continuous Hammering

www.burmeseclassic.com

www.burmeseclassic.com



ယခု သေနာပတိချုပ်ဖြစ်လာသောအခါ ဂရန့်သည် ဇာတိရုပ် ပြန်ပေါ်လာ၏။ ကြည်းကြောင်းမှ လမ်းမကြီးအတိုင်း ရစ်ချမွန်ကို တိုက်ရိုက်ချီတက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့လေသည်။ သို့သော် သူ၏ရည်မှန်းချက်မှာ ရန်သူတပ်တော်ဖြစ်၏။ ရစ်ချမွန်မြို့တော် မဟုတ်ချေ။ မိဒ်အား ဂရန့်က ဤသို့မှာကြားအမိန့်ပေးလိုက်၏။

'လီး ဘယ်နေရာကိုသွားသွား မင်း လိုက်ပေတော့' ထို့ကြောင့် ဂရန့်၏မဟာဗျူဟာမှာ တိုက်ရိုက်ချဉ်းကပ်မှုပင် ဖြစ်သော်လည်း ရှေ့တည့်တည့်ကတိုက်ခြင်းတော့ မဟုတ်ချေ။ စင်စစ် ဂရန့်သည် ရန်သူတောင်ပံကို ပန်းနိုင်ရန်အကြိမ်ကြိမ်ကြိုးစားခဲ့သည်ကို တွေ့ရ၏။ ကျဉ်းမြောင်းလှသည့် ပန်းတိုက်ခြင်းများသာ ဖြစ်လေသည်။

သို့သော် မြန်မြန်ဆန်ဆန် အောင်ပွဲရခြင်းမရှိခဲ့ချေ။ သွေးများသာ ထပ်မံချောင်းစီးခဲ့ရ၏။ ကံကောင်းသည်မှာ နိဝင်ဘာလထဲတွင် လင်ကွန်းပင် သမ္မတအဖြစ် ပြန်လည်အရွေးခံခဲ့ရလေသည်။ စက်တင်ဘာလထဲတွင် ရှားမင်းကအတ္တလန္တာ[၁] ကို သိမ်းပိုက်နိုင်ခဲ့လေသည်။

ဂရန့် သေနာပတိချုပ် ဖြစ်လာသောအခါ ရှားမင်းသည် အနောက်ပိုင်းတပ်များ ဗိုလ်ချုပ်ကြီးဖြစ်လာ၏။ ဂရန့်နှင့် ရှားမင်းမှာ အမြင်ချင်းဆန့်ကျင်ဘက်ဖြစ်၏။ ဂရန့်က ရန်သူတပ်တော်ကို အဓိကရည်မှန်းချက်ထားပြီး ရှားမင်းကမူမဟာဗျူဟာအရ အရေးပါသောနေရာများကို ခြိမ်းခြောက်ခြင်းအားဖြင့် ရန်သူတပ်တော်သည် ထိုနေရာများကို ကာကွယ်ရန် ထွက်လာရမည်။ ယင်းသို့ထွက်လာလျှင် မိမိက တိုက်ရပိုလွယ်ကူမည်။ သို့မဟုတ် ဟန်ချက်ပြန်ညီသွားစေရန်ထိုနေရာများကို ရန်သူက စွန့်လွှတ်ရမည်ဟု ရှားမင်းကတွက်၏။ ထို့ကြောင့်ရှားမင်း၌ အမြဲတမ်းပြောင်းလဲတိုက်နိုင်သော ရည်မှန်းချက်ရှိ၏။ ဒုတိယရည်မှန်းချက်ကို အောင်မြင်ခဲ့ပြီး အကျိုးသက်ရောက်မှုမှာလည်း အလွန်ကြီးမားခဲ့၏။ ရန်သူတပ်တော်၏ အခြေချစခန်း အတ္တလန္တာမှာ အရေးကြီးသည့် မီးရထားလမ်း ၄ ခုဆုံရာသာ မကသေး၊ အရေးကြီးသည့် ရိက္ခာစခန်းမြို့လည်းဖြစ်၏။ ထို့ပြင်ရန်သူအတွက် စိတ်ဓာတ်ရေးအရ အချက်အချာမြို့လည်းဖြစ်၏။ "ဒီမြို့ကျတာဟာတောင်ပိုင်းအတွက် မျောက်မင်းအူသံပဲ"ဟု ရှားမင်းက ပြောခဲ့၏။

ဂရန့်နှင့် ရှားမင်းတို့၏ ရည်မှန်းချက်နှင့်ပတ်သက်၍ မည်သို့ပင် အငြင်းအခုံ ရှိနေကြစေကာမူ ရှားမင်း၏ရည်မှန်းချက်မှာ ဒီမိုကရေစီနိုင်ငံတစ်ခု စိတ်ဓာတ်နှင့် ကိုက်ညီသည်ဖြစ်၏။ မိမိနောင်ရေးအတွက် စိတ်ချရသော အာဏာရှင်

၁။ Atlanta



တစ်ဦးအတွက်သာလျှင် ရန်သူလက်နက်ကိုင်တပ်များ ချေမှုန်းရေး ရည်မှန်းချက်ထားနိုင်မည်ဖြစ်၏။ ထိုအာဏာရှင်ပင်လျှင် ဖြစ်ပေါ်နေသော အခြေအနေများနှင့်ကာကွ မိမိတွင်ရှိသော ပစ္စည်းလက်နက် လူသူအင်အားကိုတွက်၍ ရည်မှန်းချက်ကိုပြောင်းလွယ်ပြင်လွယ် လုပ်ဆောင်သွားမည် ဖြစ်လေသည်။ ဒီမိုကရေစီ အစိုးရဝန်ထမ်းတစ်ဦးဖြစ်သော မဟာဗျူဟာသမားအနေနှင့် လှုပ်နိုင်ရှားနိုင် သိပ်မရှိချေ။ မိမိအား တာဝန်ပေးသောအစိုးရက မည်မျှထောက်ပံ့သည်၊ မည်မျှအယုံအကြည်ရှိသေးသည်ကို တွက်နေရသော မဟာဗျူဟာသမားသည် အချိန်၊ ပေးဆပ်ရမည့်တန်ဖိုးကို တွက်နေရ၍ မြန်မြန်ဆန်ဆန် အကျိုးအမြတ် ရရန်လည်း လိုသေး၏။ အကြွင်းမဲ့ မဟာဗျူဟာသမားသာလျှင် အနှောင်အဖွဲ့ကင်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်လေသည်။ နောင်ရမည့် အမြတ်များကို မျှော်ကိုး၍ များစွာ အချိန်ဆွဲမထားနိုင်ချေ။ ထို့ကြောင့် မိမိရည်မှန်းချက်မှ ခေတ္တ နံဘေးသို့ရောက်သွားတန်ရောက်သွား၍ စစ်ဆင်ရာလမ်းကြောင်း ပြောင်းပေးတန် ပေးရပေမည်။ ယင်းသို့ မလွှဲမရှောင်သာသော ချို့ယွင်းချက်များရှိနေ၍ စံချိန်မီ အကောင်းဆုံးဆိုသည်ကို လက်တွေ့ဖြစ်နိုင်သည်နှင့်ရော၍ သမပေးတန် ပေးရသည်။ မိမိလုပ်ဆောင်နိုင်သည်မှာ လူများစု ထောက်ခံမှုနှင့် 'လမ်းပေါ်ကလူ'ထောက်ခံအားပေးမှုရှိမှ ဖြစ်သည်ကို အမြဲတမ်း ထည့်တွက်ရမည်။

ရှားမင်း မိမိတပ်ကို ခြိုးခြံချွေတာသုံးစွဲသည်မှာ ဂရန့်လုပ်ပုံနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်မှတ်သားသင့်၏။ သူ့ရိက္ခာအတွက် ရထားလမ်းတစ်ခုတည်းကို အားကိုးနေရသော်လည်း တိုက်ရိုက်ချဉ်းကပ်တိုက်မည့်အစား ရှားမင်းသည် သူ၏ထောက်ပံ့ရေးလမ်းမှ ခေတ္တရှောင်ရှားပေးရန် ဝန်မလေးခဲ့ချေ။

တစ်ကြိမ်မှအပ (ကီနီဆောတောင်[၁]တိုက်ပွဲ) ရှားမင်းသည် မိမိက ထိုးစစ်ပြုလုပ်မည့်အစား ရန်သူကသာ မိမိအားတိုက်ရန် မြူဆွယ်ခဲ့၍ မိမိတပ်များကမူ အလျှင်အမြန် ကတုတ်ကျင်းများတူးကာ ရန်သူထိုးစစ်များကို ခုခံတွန်းလှန်ပစ်ခဲ့၏။ ရန်သူထိုးစစ်များကို တွန်းလှန်နိုင်လေ ရန်သူအကျအဆုံးပိုများပြီး မိမိက မဟာဗျူဟာအရ အခွင့်အရေး ပိုကောင်းလာခဲ့၏။ မဟာဗျူဟာအရ ခံစစ်ဆင်နေရသော ရန်သူအား ဤကဲ့သို့ နည်းဗျူဟာထိုးစစ်များ လုပ်စေပြီး အင်အားနည်းသွားအောင် လုပ်ဆောင်နိုင်သည်မှာ သမိုင်းတွင် ရှာမှရှားလှပေ၏။

အတ္တလန္တာကိုရပြီးနောက် ရှားမင်းသည် တောင်ပိုင်းအတွက် ရိက္ခာစခန်းဖြစ်သော ဂျော်ဂျီယာကိုဝင်၍ မီးရထားလမ်းများကို ဖျက်ဆီးပြီး တောင်ပိုင်း၏အသည်းနှလုံးဖြစ်သော ကာရိုလိုင်းနားသို့ ဝင်ရောက်စီးနင်းရန် ဆုံးဖြတ်ခဲ့လေသည်။

၁။ Kenesaw mountain

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချမွန်နှင့် လီး၏တပ်တော်တို့ ရိက္ခာမရနိုင်လျှင် တောင်ပိုင်းမှ ခုခံမှု ပြိုကွဲရမည်ဟု ရှားမင်းက ခွဲခြမ်းစိတ်ဖြာ ယုံကြည်ထား၏။

ထို့ကြောင့် ဂျော်ဂျီယာမှဖြတ်၍ သူ၏ကျော်ကြားလှသော 'ပင်လယ်သို့ ချီတက်ခြင်း'ကို စတင်ခဲ့ပြီး ရထားလမ်းများကို ဖျက်ဆီးစဉ် မိမိဖြတ်သန်းသွားရာမှ ရရာရိက္ခာများကိုသာ စားသုံးခဲ့၏။ ရှားမင်း၏ လုပ်ဆောင်ပုံကို တောင်ပိုင်းတပ်များ ဗိုလ်ချုပ် (စစ်သမိုင်းဆရာ) အက်လီဇင်ဒါးက အောက်ပါအတိုင်း မှတ်ချက်ချခဲ့၏။ "ဒီလိုတောင်ပိုင်းနယ်တွေကိုဖြတ်ပြီး ချီတက်ခဲ့ခြင်းရဲ့ စိတ်ဓာတ်ရေး အကျိုးသက်ရောက်မှုဟာ အဆုံးအဖြတ် အပေးနိုင်ဆုံးအောင်ပွဲထက် ပိုပြီး ကြီးကျယ်တယ်ဆိုတာ ဘာမှယုံမှားသံသယရှိဖို့ မလိုပါ"

ရှားမင်းသည် ထို့နောက် ကာရိုလိုင်းနားမှဖြတ်၍ မြောက်ဘက် လီးတပ်တော်နောက်ဆွယ်သို့ ရောက်အောင် ချီတက်ခြင်းဖြင့် တောင်ပိုင်းတပ်များအတွက် ကျန်ရှိသော ဆိပ်ကမ်းမြို့များကိုပါ သိမ်းပိုက်ပြီး ဖြစ်သွား၏။

ဂျော်ဂျီယာမှဖြတ်၍ ချီတက်ခဲ့ရာတွင် ရှားမင်းသည် သူ၏ဆက်သွယ်ရေးလမ်းကြောင်းကို လုံးဝအမှီမပြုတော့သည့်အပြင် သူ့တပ်များအတွက် မလိုသော ဝန်စည်စလယ်များကို လုံးဝဖြတ်တောက်ပစ်ခဲ့ရာ သူ၏စစ်သည် ၆၀၀၀၀ မှာ တကယ့် အပေါ့စား လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်သည့် 'ခြေမြန်စစ်ကြောင်းများ'[1]ဖြစ်လာ၏။ သူ၏ တပ်မကြီးလေးခုမှာ မိမိဘာသာ ဖူလုံမှုရှိကြ၍ ရိက္ခာရှာဖွေသော တပ်များက တပ်မကြီးများရှေ့မှ၊ နံဘေးမှ ရှေ့ပြေးတပ်များ၊ ဘေးကာတပ်များအဖြစ် တာဝန်ထမ်းဆောင်ကြ၏။

ထို့ပြင် ယင်းသို့ချီတက်ခဲ့ရာတွင် ရှားမင်းသည် မဟာဗျူဟာနည်းသစ်တစ်ခုကို တီထွင်ခဲ့သေး၏။ အတ္တလန္တာ တိုက်ပွဲစဉ်တွင် သူ့အတွက် ပထဝီသဘောရည်မှန်းချက်တစ်ခုတည်းသာထားခဲ့၍ ရန်သူက မိမိထိုးနက်ချက်များကို ရှောင်ရတိမ်းရ တုံ့ပြန်ရ လွယ်ကူသည်ကို ရှားမင်းက တွေ့မြင်ခဲ့၏။ ယင်းကို ပြုပြင်စေရန် ယခုတစ်ကြိမ်တွင် ရှားမင်းက ရန်သူအား ဆုပ်စူးစားရှူး အခြေအနေရောက်အောင် လုပ်ခဲ့၏။ သူ့လက်သုံးစကားအရ "ရန်သူကို ဦးချိုနှစ်ခုအပေါ်တင်ထားရန်"[2]ဖြစ်လေသည်။ ချီတက်ရာလမ်းကြောင်း ရွေးချယ်ရာတွင် တောင်ပိုင်းတပ်များက သူ ဘာကိုရည်မှန်းတိုက်နေသည်ကို မသိအောင် လုပ်ဆောင်ခဲ့၏။ မကွန်လော၊ ဩဂတ်(စ)တာလော၊ ဩဂတ်(စ)တာလော စဗားနား[3]လော

၁။ Flying Columns
၂။ 'On the horns of the dlilemma'
၃။ Macon, Augusta, Savannah



ရန်သူက မခန့်မှန်းနိုင်ခဲ့ချေ။ ရှားမင်းစိတ်ထဲတွင် တစ်ခုကို ရည်မှန်းထားသော်လည်း အခြေအနေပေးပါက နောက်တစ်ခုကိုတိုက်ရန် ဝန်မလေးချေ။ သို့သော် ယင်းသို့လုပ်ဆောင်ရန် မလိုခဲ့ပါ။ မိမိလှည့်စားမှုများ အောင်မြင်လှ၍ မိမိလိုသည်ကို ရခဲ့သည်သာဖြစ်၏။

ကာရိုလိုင်းနားကိုဖြတ်၍ ချီတက်လာရာ၌ ရှားမင်းသည် မိမိတပ်ကို ပို၍ပင် ပေါ့ပါးအောင် လုပ်ဆောင်ခဲ့သေး၏။ "ငါ့တပ်ဟာ လှုပ်ရှားနိုင်တဲ့ စက်ယန္တရားဖြစ်ပြီး လက်ဖျစ်တစ်တွက် အတောအတွင်းမှာ ချက်ချင်းချီတက်နိုင်ရမယ်။ အာဟာရ နည်းနည်းပဲစားသောက်ပြီး ချီတက်လှုပ်ရှားနိုင်ရမယ်"ဟု ပြောခဲ့၏။ ပြောသည့်အတိုင်းလည်း လုပ်ဆောင်ခဲ့၏။ ဆောင်းတွင်းဖြစ်ပါလျက် အရာရှိများပင်လျှင် နှစ်ဦးတစ်တွဲ ကင်းဘတ်စတစ်စကို သစ်ကိုင်းများတွင်ချည်လျက် ကင်းဘတ်စအောက်တွင် အိပ်စက်ခဲ့ကြရ၏။ တဲအားလုံး၊ စခန်းချကိရိယာအားလုံးကို စွန့်ပစ်ခဲ့ပြီး ချီတက်ခဲ့ခြင်း ဖြစ်လေသည်။

တစ်လမ်းလုံး လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များထားခဲ့ပြီး ရန်သူတွေဝေနေစေ၍ တစ်ခါတစ်ရံ မိမိဘာကိုရည်မှန်းချီတက်သည်ကိုပင် မိမိကိုယ်တိုင် အသေအချာ မသိဘဲ အခြေအနေပေးသည့်နေရာကို တိုက်ခိုက်သွားခဲ့၏။[1] မိုင် ၄၂၅ ခရီးတွင် ရန်သူများက ခုခံနေပြီး မြစ်များချောင်းများ ရွှံ့နွံများ အခက်အခဲများ ရှိပါလျက် ရှားမင်းတပ်တော်ကို ရန်သူက တားဆီးနိုင်ခြင်း မရှိခဲ့ချေ။ **ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့်အပြင် လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များ ထားခဲ့သည့် အကျိုးတရားဖြစ်၏။** ကျယ်ပြန့်စွာဖြန့်၍ စစ်ကြောင်း ၄-၅-၆ ကြောင်း ခွဲချီတက်ကြရာ တစ်နေရာတွင် ခုခံမှုတွေ့နေပါက လွယ်ကူသည့်ဘက်မှ ဆက်လက်ချီတက်ကြ၏။ ၁၉၄၀ ပြည့်နှစ် ပြင်သစ်ကို ဖြတ်သန်းချီတက်ခဲ့ကြသည့် ပန်ဇာတပ်များ၏ ရှေ့ပြေးများပင် ဖြစ်ချေ၏။

ရန်သူသည် စိတ်ဓာတ်အလွန်ချောက်ချားလျက်ရှိရာ တပ်ချင်းမဆုံမီခင်မှာပင် ဆုတ်ခွာထွက်ပြေးကြ၍ ခုခံသည့်အခါတွင်လည်း ပြေးပေါက်ကို တစ်ဖက်မှ ကြည့်ထားကြ၏။ **မိမိကိုယ်ကို ယုံကြည်မှုသည် တိုက်ပွဲတစ်ဝက် အောင်မြင်သည်ဆိုလျှင် ရန်သူက မိမိကိုယ်ကို မယုံကြည်အောင်လုပ်နိုင်လျှင် တိုက်ပွဲတစ်ဝက်မက မိမိကအောင်နိုင်ပြီးဖြစ်၏။ အကြောင်းသော်ကား လုံးဝမတိုက်ရဘဲ အောင်ပွဲရသောကြောင့်တည်း။**

၁။ Goldsborough နှင့် Wellington နှစ်မြို့အနက် မည်သည်ကို ရှားမင်းတကယ်ရည်မှန်းခဲ့သည်ကို ရှားမင်းကိုယ်တိုင် မသိဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဩစတြီးယား တိုက်ပွဲစဉ်တွင် နပိုလီယံက ဂုဏ်ယူပြောဆိုသကဲ့သို့ ရှားမင်းကလည်း "ငါဟာ ရန်သူကို ရိုတက်စစ်ကစားခြင်းများနှင့်ပဲ ဖျက်ဆီးချေမှုန်းနိုင်ခဲ့တယ်"ဟု ပြောဆိုဂုဏ်ယူနိုင်မည် ဖြစ်ပါ၏။

လူတို့တွင် အရေးအကြီးဆုံးထားသည့် သစ္စာနှစ်ရပ်ကား တိုင်းပြည်အပေါ်နှင့် မိမိ မိသားစုအပေါ်တွင်ထားသော သစ္စာဖြစ်ပေ၏။ အများစုအတွက်မှာမူ မိသားစုအပေါ်ထားသည့် သစ္စာမှာ ပုဂ္ဂိုလ်ရေးနှင့်ပတ်သက်၍ ပိုမိုနီးစပ်ရကား ပို၍ခိုင်မြဲ၏။ မိမိ မိသားစု လုံခြုံနေသရွေ့ တိုင်းပြည်ကို ကာကွယ်ကြမည်ဖြစ်၏။ အကြောင်းမှုကား မိမိတို့အသက်ပေး၍ ကာကွယ်နေခြင်းသည် မိမိတို့မိသားစုကိုပါ ကာကွယ်နေခြင်းဖြစ်သောကြောင့် ဖြစ်ပေသည်။ မိသားစုကို ခြိမ်းခြောက်ခြင်းခံရသည့်အခါတွင်မူကား မျိုးချစ်စိတ်၊ စည်းကမ်းနှင့် ရဲဘော်စိတ် စသည့် နောင်ကြိုးစည်းနှောင်အားမှာ ပျက်ပြယ်တတ်၏။ ရှားမင်းက နောက်ပိုင်းကိုဝင်တိုက်ရာ၌ ရန်သူတပ်နောက်ပိုင်းသာမဟုတ်၊ ရန်သူလူထုနောက်ဆွယ်ကို ဝင်မွှေခြင်းဖြစ်ရာ သစ္စာတရားနှစ်ခု လွန်ဆွဲရပြီး ပေါက်ကွဲကျိုးပြတ်မည့် အခြေအနေ ဆိုက်ရောက်ခဲ့ရတော့၏။

ရန်သူ၏ စီးပွားရေးနှင့် စိတ်ဓာတ်ရေးနောက်ဆွယ်ကို သွယ်ဝိုက်ချဉ်းကပ်မှုသည် နောက်ဆုံးအဆင့်တွင်လည်း အဆုံးအဖြတ်ပေးနိုင်သည်သာ ဖြစ်၏။ အနောက်ပိုင်းတွင် တစ်ဆင့်စီလုပ်ဆောင်ခဲ့ရင်း သက်သေထူခဲ့သည့် ပုံစံအတိုင်းပင် ဖြစ်လေသည်။

စစ်သဘောတရားကို ပြည့်ပြည့်စုံစုံ သေသေချာချာ လေ့လာသူတိုင်းယခု သင်ခန်းစာကို တွေ့မြင်မည်ပင် ဖြစ်၏။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ က ဗြိတိသျှစစ်သမိုင်းဆရာကြီး ဗိုလ်ချုပ်ကြီးအက်မွန်[၁]သည် (ဗြိတိသျှတို့၏ ပထမကမ္ဘာစစ်သမိုင်းကို ပြုစုသည့် တရားဝင်စစ်သမိုင်းဆရာကြီးဖြစ်၏။) အမေရိကန်ပြည်တွင်းစစ်အကြောင်း ရေးသားခဲ့ရာ၌–

"တောင်ပိုင်းမှ စစ်ပါရမီရှင် လီး၊ ဂျက်ဆင်တို့ကြောင့်လည်းကောင်း၊ မြောက် ဗာဂျင်နီးယားတပ်တော်၏ သူမတူအောင် တိုက်ခိုက်စွမ်းအားကြောင့်လည်းကောင်း၊ နှစ်ဖက်မြို့တော်များ နီးကပ်စွာ တည်ရှိမှုကြောင့်လည်းကောင်း၊ အရှေ့ပိုင်းစစ်မျက်နှာကို လိုသည်ထက်ပို၍ လူအများက အရေးထားခဲ့ကြ၏။ (သို့သော်) အနောက်ပိုင်းမှာသာလျှင် အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲများ ဖြစ်ပွားခဲ့ကြလေသည်။ ၁၈၆၃ ခု ဇူလိုင်လတွင် ဗစ်(စ)ဘူးနှင့် ဟာဒ်ဆန်ဆိပ်ကမ်းတို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းမှာ တ၊ ယ့်စစ်ကြီး၏ ကြမ္မာပြောင်းချိန်ဖြစ်၏။ ရှားမင်း၏

၁။ General Edmond



အနောက်ပိုင်းတပ်တော်ကြီးကြောင့်သာလျှင် တောင်ပိုင်းတပ်များ အပိုမတောက်(စ်) ရုံးတော်[၁]တွင် လက်နက်ချအပ်ခဲ့ကြခြင်း ဖြစ်လေသည်" (ဗိုလ်ချုပ်လီး လက်နက်ချအပ်ခဲ့ရခြင်းကို ဆိုလို၏)။

## မိုဲ(လ)ကာ၏ တိုက်ပွဲစဉ်များ

အမေရိကန် ပြည်တွင်းစစ်အပြီး ဥရောပတိုက်တွင်ဖြစ်သောစစ်ကို လေ့လာသည့်အခါတွင် အမေရိကန်ပြည်တွင်းစစ်နှင့် ကွဲပြားခြားနားချက်များကို ချက်ချင်းတွေ့မြင်ကြရမည် ဖြစ်လေသည်။

ပထမခြားနားချက်မှာ ၁၈၆၆ နှင့် ၁၈၇၀ တိုက်ပွဲစဉ်များတွင် နှစ်ဖက်စလုံးသည် စစ်ပြင်ဆင်ပြီးကြခြင်းပင်ဖြစ်၏။ ဒုတိယအချက်ကား ဥရောပတွင် နှစ်ဖက်စလုံးမှာ အသက်မွေးဝမ်းကျောင်း အမြဲတမ်းတပ်မတော်များဖြစ်ပြီး တတိယအချက်ကား ဥရောပ၌ နှစ်ဖက်စစ်ခေါင်းဆောင်များသည် အမေရိကန်မှာထက် အမှားများ ကျူးလွန်ခဲ့ကြခြင်း ဖြစ်လေသည်။ စတုတ္ထအချက်မှာ စစ်ပွဲနှစ်ခုစလုံးတွင် ဂျာမန်ဗိုလ်ချုပ်ကြီးများ၏ မဟာဗျူဟာမှာ ပညာသားမပါဘဲ လိမ္မာပါးနပ်မှုမရှိခြင်း ဖြစ်ပေ၏။ ပဥ္စမအချက်မှာ မှားယွင်းမှုများရှိပါလျက် အလျင်အမြန် အဆုံးအဖြတ်ပေးနိုင်ခြင်း ဖြစ်လေသည်။

မိုဲ(လ)ကာမဟာဗျူဟာမှာ စီမံချက်တွင် တိုက်ရိုက်ချဉ်းကပ်မှုသာဖြစ်ပြီး ပရိယာယ်လုံးဝမပါရှိချေ။ မိမိဘက်က အင်အားစုစည်းသာလွန်မှုဖြင့် အနိုင်တိုက်ယူရန်သာ ဖြစ်လေသည်။ ထိုစစ်နှစ်ခုသည် ယေဘုယျစည်းမျဉ်းဥပဒေသ၏ ခြွင်းချက်ဟု ယူဆရတော့မည်လော။ ထိုစစ်နှစ်ခုစလုံးမှာ ထူးထူးခြားခြားဖြစ်သည် အမှန်ပင်ဖြစ်သော်လည်း စစ်ဆေးလေ့လာခဲ့သော စစ်ပွဲများမှ ဥပဒေသ၏ ခြွင်းချက်များကား မဟုတ်ချေ။ အကြောင်းမှုကား စစ်နှစ်ခုစလုံးတွင် စစ်ရှုံးသည့်ဘက်တွင် အင်အားနည်းပါးမှုနှင့် ခေါင်းဆောင်များ မိုက်မဲမှုနှစ်ခုပူးပေါင်းမိကြသောကြောင့်တည်း။

၁၈၆၆ ခုနှစ်တွင် ဩစတြီးယားတို့ အားနည်းချက်မှာ လက်နက်အညံ့စားများ ကိုင်တွယ်သုံးစွဲရခြင်းပင် ဖြစ်၏။ ပရပ်ရှားတို့က မောင်းထိုးသေနတ်[၂] သုံးကြ၍ ဩစတြီးယားတို့က ပြောင်းထိုးသေနတ်[၃]ကိုသာ သုံးစွဲတိုက်ခိုက်ခဲ့ကြ၏။ ၁၈၇၀ ပြည့်နှစ်တွင် ပြင်သစ်များသည် ရန်သူထက် အရေအတွက်နည်းပါး

၁။ Appomatox Court House
၂။ Breech Loader
၃။ Muzzle Loader

www.burmeseclassic.com

www.burmeseclassic.com



ပြီး လေ့ကျင့်ရေးတွင်ပါ (ဩစတြီးယားများအတိုင်း) ပရပ်ရှားတို့ထက် ညံ့ဖျင်းခဲ့ကြ၏။

ယင်းအချက်များကြောင့်ပင် ဩစတြီးယားများသည် ၁၈၆၆ တွင် စစ်ရှုံးသင့်ပြီး ၁၈၇၀ တွင် ပြင်သစ်တို့သည်လည်း စစ်ရှုံးရမည် ဖြစ်လေသည်။

စစ်နှစ်ခုစလုံးတွင် ဂျာမန်မဟာဗျူဟာသည် စီမံချက်တွင် တိုက်ရိုက်ကျသည် မှန်သော်လည်း လုပ်ဆောင်မှုပိုင်း၌ ကြံရွယ်ချက်သောက် တိုက်ရိုက်ကျသည် မဟုတ်ချေ။ ထို့ပြင် လုပ်ဆောင်ချက်များမှာ ထူးထူးခြားခြား ပြောင်းလွယ်ပြင်လွယ် ရှိခဲ့၏။

၁၈၆၆ ခုနှစ်တွင် အချိန်ရစေရန် ရသမျှမီးရထားများကို အသုံးပြုခဲ့သဖြင့် မို(လ)ကာသည် ပရပ်ရှားတပ်များကို နယ်ခြားတစ်လျှောက် မိုင် ၂၅၀ ခန့်အတွင်း ကျယ်ပြန့်စွာ ဖြန့်၍ချထားခဲ့ရ၏။ သူ့ရည်ရွယ်ချက်မှာ တပ်များသည် ဩစတြီးယား နယ်ခြားကို လျင်မြန်စွာ ဖြတ်ကျော်၍ ဘိုဟီမီးယားမြောက်ပိုင်း၌ စုစည်းကြရန် ဖြစ်လေသည်။ ပရပ်ရှားဘုရင်က မိမိတို့အနေနှင့် ကျူးကျော်သူဟု အများက အထင်မခံစေလိုသဖြင့် မို(လ)ကာ၏ ရည်ရွယ်ချက်ကို အကောင်အထည် မဖော်နိုင်ခဲ့ချေ။ ထို့ကြောင့် မို(လ)ကာ မရည်ရွယ်ဘဲ သွယ်ဝိုက်ချဉ်းကပ်သည့် အကျိုးတရားများ ရခဲ့၏။ ပရပ်ရှားဘုရင်ကြောင့် မို(လ)ကာ၏ စီမံချက် အကောင်အထည် မဖော်နိုင်မီ ဩစတြီးယားတပ်များသည် အင်အားစုစည်း၍ ရှေ့သို့ တိုးလာသဖြင့် ပရပ်ရှားတပ်များ အင်အားစုစည်းရန် နေရာမရှိတော့ချေ။

ထိုအချိန်တွင် ပရပ်ရှားမင်းသားကြီးက ဆိုက်လက်ရှားနယ်ကို ရန်သူအား ခြိမ်းခြောက်သည်ဟု ယူဆကာ သူ၏တပ်တော်ကို အရှေ့တောင်ဘက်သို့ ချီတက်ခွင့်ပြုရန် မို(လ)ကာထံမှ ခွင့်တောင်းပြီး အရှေ့တောင်ဘက်သို့ ချီတက်လာခဲ့၏။

ထို့ကြောင့် မင်းသားကြီး၏တပ်တော်သည် အခြားပရပ်ရှားတပ်တော်များနှင့် ဝေးကွာသွား၏။ တစ်ချိန်တည်းတွင် ထိုတပ်တော်သည် ရန်သူ ဩစတြီးယားတပ်များ၏ တောင်ပံနှင့် နောက်ဆွယ်တို့ကို ခြိမ်းခြောက်နိုင်လေသည်။ အချို့ စစ်သမိုင်းဆရာတို့က မင်းသားကြီး၏တပ်တော်ကို အရှေ့တောင်ဘက်သို့ ချီတက်ခွင့်ပြုသည့်အတွက် မို(လ)ကာအား ဝေဖန်ရေးသားကြ၏။ စင်စစ် ထိုကဲ့သို့ အရှေ့တောင်ဘက်သို့ ချီတက်ခဲ့ခြင်းမှာ (မို(လ)ကာနှင့် မင်းသားကြီးတို့ လုံးဝ မျှော်မှန်းထားခြင်းမရှိဘဲ) စစ်အောင်ရာသော မျိုးစေ့များ ကြဲချခဲ့ခြင်းပင် ဖြစ်၏။

ယင်းပရပ်ရှားတပ် လှုပ်ရှားမှုများကြောင့် ဩစတြီးယားထိပ်ပိုင်း စစ်ဌာနချုပ်သည် ချောက်ချားလာ၍ ပရပ်ရှားတပ်များသည် (သူတို့ကိုယ်တိုင်က အမှားများစွာ ကျူးလွန်ခဲ့ပါလျက်) တောင်တစ်ဖက်တစ်ချက်မှ ဩစတြီးယားပြည်ထဲသို့



တိုးဝင်နိုင်ခဲ့ပြီး ကိုနင်ဂရတ်[1] တိုက်ပွဲ၌ ပရပ်ရှားတို့က အကြီးအကျယ် အောင်ပွဲခံနိုင်ခဲ့လေသည်။ စင်စစ် တိုက်ပွဲမစမီကပင် ဩစတြီးယားတပ်မှူးက သူ့ဘုရင်ထံသို့ စစ်ပြေငြိမ်းရေး တောင်းဆိုရန် အကြံပေးတင်ပြခဲ့ပြီးဖြစ်၏။

ပရပ်ရှားတပ်မှူးများက တမင်လုပ်ဆောင်သည်မဟုတ်ပါဘဲလျက် သွယ်ဝိုက်ချဉ်းကပ်မိလျက်သား ဖြစ်သွား၍ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲရလိုက်သည့် သာဓက ဖြစ်ချေ၏။

၁၈၇၀ ပြည့်နှစ်တွင်ကား မို(လ)ကာက ဆား[2]တွင် အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲတိုက်ရန် ရည်မှန်းထား၏။ သူ၏ တပ်တော်သုံးခုစလုံး ဆားသို့ ချီတက်ပြီး ပြင်သစ်များအား ချေမှုန်းရန် ဖြစ်လေသည်။

ဂျာမန် အမှတ် ၃ တပ်တော်သည် (ဂျာမန်) ဘယ်တောင်ပံမှ ပြင်သစ်နယ်ခြားကိုဖြတ်၍ ဝိုက်ဆဲ ဘု(ဂ်)[3]၌ ပြင်သစ်တပ်များအပေါ် အောင်နိုင်လိုက်သည်ဟု သတင်းကြားသိရ၍ ပြင်သစ်စစ်ဌာနချုပ်သည် ချောက်ချားလျက်ရှိ၏။ အမှတ် ၃ တပ်တော်သည် ရှေ့သို့ဆက်လက်တက်လာရာ ဝါ(သ)[4]၌ ပြင်သစ်ညာတောင်ပံ၏ ဘေးကာတပ်မကြီးကို နံဘေးမှပန်း၍ ချေမှုန်းနိုင်ခဲ့လေသည်။

အမှတ် ၃ တပ်တော်က ယင်းကဲ့သို့ တိုက်ပွဲများ တိုက်ခိုက်အောင်မြင်လိုက်ခြင်းသည် မို(လ)ကာ မျှော်မှန်းထားသော ဆားတိုက်ပွဲကြီး တိုက်ဖြစ်လျှင် ရရှိသမျှ အကျိုးထက် အဆုံးအဖြတ်ပေးနိုင်ခဲ့၏။ အမှတ် ၃ တပ်တော်သည် မူလစီစဉ်ထားသကဲ့သို့ အတွင်းပိုင်းသို့ ချိုးဝင်ပြီး အခြား အမှတ် ၁၊ ၂ ဂျာမန်တပ်တော်များနှင့် ပူးပေါင်းစစ်ဆင်ရန်မလိုတော့ဘဲ ၃ တပ်တော်အား ရှေ့သို့ ဆက်လက်ချီတက်ခွင့် ပေးလိုက်ခြင်းဖြင့် ယင်းသည် ပါရီဘက်သို့ ဆက်လက်ချီတက်ခဲ့၏။

အမှတ် ၁ နှင့် ၂ ဂျာမန်တပ်တော်များသည် ဗိုင်အွန်ဗီးနှင့် ဂရေ(ဗ)လော့[5]၌ ပြင်သစ်တပ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ခဲ့သော်လည်း အဆုံးအဖြတ် မပေးနိုင်ခဲ့ချေ။ ပြင်သစ်တပ်များသည် တိုက်ပွဲအပြီး၌ မက်(ဇ)[6]ဝင်ရောက်၍ ခံစစ်ဆင်ရန် ပြင်ဆင်တော့၏။ ဤကဲ့သို့ မက်(ဇ)သို့ ဝင်ရောက်ခဲ့ခြင်းမှာ အမှတ် ၃ ဂျာမန်တပ်တော်က ဖြတ်တောက်တိုက်ခိုက်ခံရမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် မို(လ)ကာသည် မမျှော်မှန်းဘဲ သွယ်ဝိုက်ချဉ်းကပ်မှုအကျိုးကို ခံစားရပြန်ပြီ ဖြစ်လေသည်။

---

၁။ Koniggratz.
၂။ Sart.
၃။ Weisselburg.
၄။ Woerth.
၅။ Vionville and Gravelotte.
၆။ Metz.

www.burmeseclassic.com

www.burmeseclassic.com



မက်မဟွန်[၁]ဦးစီးသော ပြင်သစ်တပ်တော်ကို မက်(ဇ)သို့ စစ်ကူလွှတ်ခဲ့ရာ ဂျာမန်အမှတ် ၃ တပ်တော်က ထိုပြင်သစ်တပ်တော်အား နံဘေးနှင့် နောက်ဆွယ်မှ ချဉ်းကပ် ဝန်းရံနိုင်ခဲ့သဖြင့် ပြင်သစ်တို့သည် ဆီဒင်၌ လက်နက်ချ အရှုံးပေးခဲ့ကြရလေသည်။

ကြိုတင်စီစဉ်မှုမရှိပါဘဲလျက် သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုမိ၍ အောင်ပွဲရရှိခဲ့ခြင်း ဖြစ်သော်လည်း ထိုသင်ခန်းစာကို ၁၈၇၀ နောက်ပိုင်း စစ်ခေါင်းဆောင်များသည် နာယူနိုင်ခြင်းမရှိခဲ့ကြချေ။ ထို့ကြောင့် ၁၉၀၄–၅ တွင် ဖြစ်ပွားသော ရုရှား–ဂျပန်စစ်ပွဲတွင်လည်း တိုက်ရိုက်ချဉ်းကပ်နည်းကိုသာ သုံးစွဲတိုက်ခိုက်ခဲ့ကြလေသည်။

## ရုရှ–ဂျပန်စစ်

ဂျပန်တို့ မဟာဗျူဟာသည် သူတို့ဆရာများဖြစ်သော ဂျာမန်နည်းများအတိုင်း အခြေခံအားဖြင့် တိုက်ရိုက်ချဉ်းကပ်သည့် မဟာဗျူဟာသာ ဖြစ်၏။ ရုရှတို့သည် ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် ထရန်ဆိုင်ဗေးရီးယား မီးရထားလမ်း တစ်ခုတည်းကိုသာ အားကိုးနေရခြင်းဖြစ်သော်လည်း ထိုအချက်ကို ဂျပန်တို့က အခွင့်ကောင်းယူ၍ တိုက်ခိုက်ခြင်းမရှိခဲ့ချေ။ စစ်သမိုင်းတစ်လျှောက်လုံးတွင် မည်သည့်အခါကမျှ ဤမျှများပြားလှသော တပ်များသည် ဤကဲ့သို့ တစ်ခုတည်းသော မီးရထားလမ်းကို မှီခိုအားထားခဲ့ရခြင်း မရှိသေးချေ။ သို့စဉ်လျက် ဂျပန်မဟာဗျူဟာသမားများသည် ရုရှတပ်တော်ကို တိုက်ရိုက်ချဉ်းကပ်တိုက်ရန်သာ ကြံစည်စိတ်ကူးနေခဲ့ကြလေသည်။

ဂျပန်တပ်များသည် နံဘေးမှ ပန်းတိုက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြသော်လည်း ကျဉ်းမြောင်းလှသော လှုပ်ရှားမှုများသာဖြစ်၍ အရာမရောက်ခဲ့ချေ။ သို့သော် နှစ်ဖက်စလုံးသည် အထိအနိုက် အကျအဆုံး များလှ၏။ မုက်ဒင်[၂]တိုက်ပွဲအပြီး ရုရှတို့နှင့် ဈေးစပ်၍ စစ်ပြေငြိမ်းလိုက်ကြ၏။ ရုရှကလည်း စိတ်မပါဘဲစစ်တိုက်နေရသကဲ့သို့ ဖြစ်နေပြီး ရုရှတပ် ဆယ်ပုံတစ်ပုံကိုပင် စစ်မြေပြင်သို့ စေလွှတ်ရခြင်း မရှိသေးမီ စစ်ပြေငြိမ်းလိုက်ကြခြင်း ဖြစ်သတည်း။

၁။ Mac Mahon.
၂။ Mukden

# အခန်း (၁၀)

## နှစ်ပေါင်း ၂၅၀၀ မှ ကောက်ချက်များ

ကျွန်ုပ်တို့ လေ့လာမှုသည် ရှေးခေတ်ဥရောပသမိုင်းကို အဆုံးအဖြတ်ပေးနိုင်ခဲ့သည့် စစ်ပွဲ ၁၂ ပွဲကို ခြုံငုံခဲ့ပြီးဖြစ်၏။ ထို့ပြင် ၁၉၁၄ ခုနှစ်အထိ ခေတ်သစ်စစ်ပွဲကြီး ၁၈ ပွဲကိုလည်း လေ့လာခဲ့ပြီးဖြစ်၏။ (နပိုလီယံနှင့် ဖြစ်ရသောစစ်ပွဲများကို စစ်ပွဲတစ်ပွဲအဖြစ်သာ ရေတွက်ထားပါသည်။ တစ်နေရာတွင် စစ်ဖြစ်လိုက်၊ ငြိမ်ချမ်းလိုက်၊ နောက်တစ်နေရာတွင် စစ်ထဖြစ်လိုက်နှင့် စဉ်စစ် စစ်ပွဲတစ်ပွဲတည်း တောက်လျှောက်ဖြစ်နေခြင်းသာ ဖြစ်လေသည်။) ယင်းစစ်ပွဲကြီး ၃၀ တွင် တိုက်ပွဲစဉ်ပေါင်း ၂၈၀ ကျော် ပါဝင်ခဲ့လေသည်။ ယင်းအနက် တိုက်ပွဲစဉ် ၆ ခု၌သာ ရန်သူတပ်တော်ရှိရာသို့ မဟာဗျူဟာ တိုက်ရိုက်ချဉ်းကပ်ခြင်းဖြင့် အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲများ ရရှိခဲ့လေသည်။ ယင်းတိုက်ပွဲစဉ်များမှာ အစ္စပ်၊ ဂေါက်ဂါမီလာ၊ ဖရီလင်၊ ဝါဂရမ်၊ ဆာအိုဝါနှင့် ဆီဒင်[၁]တို့ ဖြစ်ကြလေသည်။

ပထမ တိုက်ပွဲစဉ်နှစ်တွင် အက်လီဇင်းဒါးသည် သွယ်ဝိုက်ချဉ်းကပ်ခြင်းမဟာဗျူဟာကိုသုံးပြီးမှ ချီတက်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းမဟာမဟာဗျူဟာကြောင့် ပါရှားအင်ပိုင်ယာကြီးမှာ အခြေမှ လှုပ်ခဲ့ပြီး သူ့မဟာမိတ်များကပါ ပါရှားအပေါ် ယုံကြည်စိတ်နည်းလာပြီဖြစ်လေသည်။ ထို့ပြင် ထိုအချိန်က အက်လီဇင်းဒါးတွင် နည်းဗျူဟာအရ အလွန်အရည်အချင်းကောင်းမွန်သည့် လက်နက်ကို

၁။ Issus, Gaugamela, Friedland, Wagram
Sadowa and Sedan.

www.burmeseclassic.com

www.burmeseclassic.com



ကိုင်စွဲရရှိထားပြီး ဖြစ်ရကား မည်သည့်စစ်မြေပြင်မှာမဆို အောင်ပွဲခံနိုင်ရန် အာမခံချက် ရရှိပြီးဖြစ်သကဲ့သို့ အခြေအနေတွင် ရှိလေသည်။ ယင်းလက်နက်ကို သုံးစွဲရာတွင်လည်း နည်းဗျူဟာအရ သွယ်ဝိုက်ချဉ်းကပ်သည့် နည်းပရိယာယ်ကို အသုံးပြုခဲ့လေသည်။

နောက်တိုက်ပွဲစဉ်နှစ်ခုတွင်မူ နပိုလီယံသည် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းဖြင့် စတင်ခဲ့ပြီး တိုက်ရိုက်တိုက်ခိုက်ခဲ့သည်မှာ စိတ်မရှည်တော့ဘဲ မစောင့်နိုင်တော့သည့်အပြင် သူ့လက်နက်ကိုလည်း သူအလွန်ယုံကြည်စိတ်ချသောကြောင့် ဖြစ်လေသည်။ နပိုလီယံ၏ ကောင်းမွန်လှသည့် လက်နက်မှာကား မိမိရွေးချယ်ထားသော ရန်သူ့သော့ချက်နေရာကို မိမိအမြောက်များ စုပြုံပစ်ခတ်တိုက်ခိုက်သည့် နည်းဗျူဟာ ဖြစ်လေသည်။ ဖရီလင်နှင့် ဝါဂရမ်တိုက်ပွဲနှစ်ခုလုံးတွင် နပိုလီယံ အောင်ပွဲခံနိုင်ခဲ့သည်မှာ ယင်းနည်းဗျူဟာအသစ်ကြောင့် ဖြစ်လေသည်။ သို့သော် နပိုလီယံပေးရသည့် တန်ဖိုးမှာလည်း ကြီးလေးလှချေ၏။ ထို့ပြင် ထိုတိုက်ပွဲများက နောက်ဆုံး နပိုလီယံ၏ ကံကြမ္မာကိုပါ ထိခိုက်မှုရှိလာသဖြင့် နည်းဗျူဟာ လက်နက် မည်မျှ ရန်သူထက်ကောင်းမွန်သာလွန်နေစေကာမူ ယင်းတိုက်ရိုက်တိုက်ခိုက်သည့်နည်းကို နောက်ထပ်မသုံးတော့သည်ကို တွေ့ရလေသည်။

၁၈၆၆၊ ၁၈၇၉ တိုက်ပွဲစဉ်နှစ်ခုတွင်ကား တိုက်ရိုက်ချဉ်းကပ်ခြင်းနည်းဖြင့် စတင်ခဲ့သည် မှန်သော်လည်း မမျှော်လင့်ဘဲ သွယ်ဝိုက်ချဉ်းကပ်သည့်အကျိုးကို ရရှိခဲ့လေ၏။ ယင်းအကျိုးအပြင် ဂျာမန်တို့က နည်းဗျူဟာနယ်ပယ်တွင် ရန်သူထက် သာလွန်ခဲ့ကြလေသည်။

၁၈၆၆ ခုနှစ်တွင် ဂျာမန်တို့တွင် မောင်းထိုးသေနတ်များရှိပြီး ၁၈၇၀ ပြည့်နှစ်တွင် ရန်သူထက်ကောင်းမွန်သော အမြောက်များ ဂျာမန်တို့တွင် ရှိနေကြပြီဖြစ်၏။

သေချာစွာ သုံးသပ်ကြည့်သည့်အခါတွင် ယင်းတိုက်ပွဲ ၆ ခုကြောင့် တိုက်ရိုက်ချဉ်းကပ်နည်း မဟာဗျူဟာကို အသုံးပြုသင့်သည်ဟု ကောက်ချက်ချရန် အကြောင်းလုံးဝမရှိချေ။ သို့သော် သမိုင်းစဉ်တစ်လျှောက်လုံးတွင် တိုက်ရိုက်ချဉ်းကပ်သည့်နည်းမှာ လုပ်ရိုးလုပ်စဉ်ဖြစ်နေပြီး တမင်တကာ သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကို အသုံးပြုသည့် သာဓကများမှာ ချွင်းချက်အဖြစ်သာ ရှိခဲ့လေသည်။ ယင်းနည်းကို အသုံးပြုကြရသည့်တိုင် ဗိုလ်ချုပ်များသည် ယင်းကို မူလမဟာဗျူဟာအဖြစ် အသုံးပြုခဲ့ကြသည်မဟုတ်ဘဲ မလွှဲသာ၍ နောက်ဆုံးနည်းအဖြစ် အသုံးပြုခဲ့ကြသည်မှာလည်း မှတ်သားဖွယ်ဖြစ်၏။ သို့စဉ်လျက် တိုက်ရိုက်ချဉ်းကပ်နည်းကြောင့် သူတို့မှာ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ကြရသော်လည်း သွယ်ဝိုက်ချဉ်းကပ်နည်း



အမှတ်-၉၇(A) မြည်

ကို အသုံးပြုသည့်အခါ အောင်ပွဲခံနိုင်ခဲ့ကြပေသည်။ တိုက်ရိုက်နည်းကို အသုံးပြုကြ၍ မိမိတို့ အားနည်းသွားသည့်အခါကျမှ သွယ်ဝိုက်သည့်နည်းကို အသုံးပြုသည်ကို တွေ့ခဲ့ရ၏။ ယင်းသို့ မိမိတို့အားနည်းပြီး အခြေမလှတော့မှ သွယ်ဝိုက်သည့်နည်းကို အသုံးပြုသဖြင့် ပြန်လည်၍ အောင်ပွဲခံနိုင်ကြသည်ဖြစ်သဖြင့် အထူးမှတ်သားဖွယ် ကောင်းပေ၏။

တိုက်ပွဲစဉ်များစွာတွင် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကို လည်းကောင်း၊ ယင်းနည်းကို၊ အသုံးပြု၍ အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲရသည်ကိုလည်းကောင်း တွေ့ရှိခဲ့ရပေသည်။ ယင်းတို့အနက် အောက်ပါတို့မှာ ထင်ရှား၏။ အေဂျင်တွင် လိုက်ဆင်ဒါဆောင်ပွဲခံပြီး ၄၀၅ ဘီစီ၊ ပယ်လိုပိုနစ်မှ အက်ပါမီနွန်ဒါတ်(စ) ၃၆၂ ဘီစီ၊ ဘိုအေရှာမှ ဖိလစ် ၃၃၈ ဘီစီ၊ ပိုက်ဒါမက်(စ)တွင် အက်လီဇင်ဒါ၊ အရှေ့ပိုင်းတွင် ကာဆင်ဒါနှင့် လိုက်စင်မာချူး ၃၀၂ ဘီစီ၊ ဟန်နီဘောလ်၊ ထရက်စမင်တိုက်ပွဲစဉ် (အာဖရိကား) ဆီပိုင်ယို၏ အူတီကာနှင့် ဇာမာတိုက်ပွဲစဉ်များ (အာဖရိက)၊ ဆီဇာ၏ အီလာဒါတိုက်ပွဲစဉ် (စပိန်)၊ ထို့ပြင် ခေတ်သစ်သမိုင်း၌ ကရွမ်ဝဲလ်၏ ပရက်စတန်၊ ဒန်ဘာနှင့် ဝေါစတာတိုက်ပွဲစဉ်များ၊ တြူရိန်း၏ အော်ဆေ့တိုက်ပွဲစဉ် ၁၆၇၄–၇၅၊ ယူဂျင်၏ အီတာလီတိုက်ပွဲစဉ် ၁၇၀၁၊ မိုဘရာ၏ ဖလင်းဒါးတိုက်ပွဲ ၁၇၀၈၊ ဗီလာ၏ ၁၇၁၂ တိုက်ပွဲစဉ်၊ ဝုဖ်၏ ကွီဘက်တိုက်ပွဲစဉ်၊ ဂျော်ဒန်၏ မိုဆယ်မြို့(စ)တိုက်ပွဲစဉ်များ ၁၇၉၄ မြို့စားကြီး ချား(စ)၏ ရိုင်း၊ ဒန်းမြွပ်တိုက်ပွဲစဉ်များ ၁၇၉၆၊ ဘိုနာပတ်၏ အီတာလီတိုက်ပွဲစဉ်များ ၁၇၆၉၊ ၁၇၉၇၊ ၁၈၀၀၊ အမ်နှင့် အော်စတာလစ်တိုက်ပွဲစဉ်များ ၁၈၀၅ ဂရန့်၏ ဗစ်ဘာ့နှင့် ရှာမင်း၏ အတ္တလန္တာတိုက်ပွဲစဉ်များ ဖြစ်ကြ၏။

ထို့ပြင် သွယ်ဝိုက်ချဉ်းကပ်နည်းနှင့် နီးစပ်သည့်တိုက်ပွဲစဉ် အများအပြား ရှိသေး၍ ယင်းတို့တွင်မူ သွယ်ဝိုက်ချဉ်းကပ်သည့်နည်းနှင့် အောင်ပွဲရပုံတို့မှာ များစွာထင်ရှားခြင်း မရှိလှချေ။

တိုက်ရိုက်ချဉ်းကပ်နည်းဖြင့် အောင်ပွဲရသည့်တိုက်ပွဲ အလွန်နည်းပြီး သွယ်ဝိုက်ချဉ်းကပ်နည်းဖြင့် အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲရသော တိုက်ပွဲပေါင်း အလွန်များပြားရကား **သွယ်ဝိုက်ချဉ်းကပ်နည်းမှာ မျှော်လင့်ချက်အရှိဆုံးနှင့် ကြိုးဖြစ်ချွေတာရာ အကျဆုံး မဟာဗျူဟာဖြစ်သည်** ဆိုသည့်ကောက်ချက်ကို ပိုမိုခိုင်မာအောင် အားဖြည့်ပေးရာ ရောက်နေပေသည်။

သမိုင်းမှ ပို၍တိကျသည့်ကောက်ချက်များ ချနိုင်ပါသေး၏။ အက်လီဇင်ဒါမှ လွဲ၍ တောက်လျှောက်လိုလို အောင်မြင်ခဲ့သည့် စပ်မျိုးများသည် သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



အလျောက်လည်းကောင်း၊ ပစ္စည်းလက်နက်အားဖြင့်လည်းကောင်း ခိုင်ခံ့အားရှိသည့် ရန်သူနှင့်ရင်ဆိုင်ရသည့်အခါတွင် တိုက်ရိုက် တိုက်ခိုက်ကြခြင်းမရှိသလောက် ဖြစ်ပေ၏။ ထို့ပြင် အခြေအနေအရ မဖြစ်နိုင်တော့၍ တိုက်ရိုက် တိုက်ခိုက်ရသည့် အခါတွင် ၎င်းတို့သက်တမ်းတွင် မကြုံဖူးအောင် အရှုံးနှင့် ရင်ဆိုင်ကြရသည်သာ ဖြစ်လေသည်။

ထို့ပြင် သမိုင်းတွင် တွေ့ရှိရသည်ကား တကယ့်စစ်ခေါင်းဆောင်တစ်ဦး သည် မထူးတော့သည့်အတူတူဟူသည့် သဘောဖြင့် တိုက်ရိုက်နည်းကို အသုံး ပြုမည့်အစား အလွန် အန္တရာယ်ပြွမ်းသည့် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကိုသာ ရှာကြံအသုံးပြုခဲ့ကြပေ၏။ လိုအပ်ပါက တောင်များကို ကျော်၍လည်းကောင်း၊ သဲကန္တာရ၊ ရွှံ့နွံများကိုဖြတ်၍လည်းကောင်း၊ မိမိတပ် အနည်းငယ်ဖြင့်သာ နောက် ပိုင်းမှ ဆက်သွယ်ရေးလမ်းကြောင်းများမှ အပြတ်ခံ၍ သွယ်ဝိုက်ချဉ်းကပ် ချီတက် တိုက်ခိုက်ခဲ့ကြလေသည်။ တိုက်ရိုက်ချဉ်းကပ်သည့်နည်းတွင် ထာဝစဉ် သန္နေကပ် ပါနေသည့် မျှော်လင့်ချက်ဆုံးသည့် အခြေအနေနှင့် ရင်ဆိုင်မည့်အစား မည်သည့် အခွင့်မသာသည့်လမ်းကိုမဆို ရွေးချယ်သည်သာဖြစ်လေသည်။

မည်သည့် ကြီးကျယ်သည့် သဘာဝအခက်အခဲမဆို ကျော်ဖြတ်ရခြင်း သည် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသည်လောက် အန္တရာယ်မများချေ။ လူ၏ ခုခံမှုထက် မည်သည့်သဘာဝအခြေအနေကိုမဆို ပိုမိုလွယ်ကူစွာ တွက်ဆနိုင်၍ မည်သည့်အခက်အခဲကိုမဆို ကျော်ဖြတ်နိုင်မည်သာ ဖြစ်၏။ သေချာစွာ တွက်ချက် ပြင်ဆင်လုပ်ဆောင်လျှင် ယင်းတို့ကို အချိန်ဇယားကိုက်၍ပင် လုပ်နိုင်ပေမည်။

၁၈၀၀ ပြည့်နှစ်တွင် နပိုလီယံသည် အယ်(ပ)တောင်တန်းများကို 'စီမံ ချက်အရ ကျော်ဖြတ်နိုင်'ခဲ့သော်လည်း ဘဒ်ခံတပ်ငယ်[၁]က ခုခံမှုကြောင့် သူ၏ တပ်တော်တစ်ခုလုံး စီမံချက်များကို ထိခိုက်မည်ကဲ့သို့ ကြုံခဲ့ရဖူး၏။

သမိုင်းတွင် အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲတိုင်းမှာလိုလိုပင် တိုက်ပွဲ မတိုက်မီ အောင်နိုင်သူက မိမိရန်သူအား စိတ်ဓာတ်ရေးရာအရ အခွင့်မသာအောင် လုပ်ခဲ့သည်ချည်းဖြစ်၏။ ဥပမာများမှာ မာရသွန်၊ ဆလမစ်၊ အေဂိုစပိုတာမို့ကက်၊ မင်တီးနီးယား၊ ချာရိုနီးယား၊ ဂေါဂါမီလာ(အဂ္ဂမဟာဗျူဟာအရ) ဟိုက်ဒါပက်၊ အစွပ်၊ ထရာစမီင်း၊ ကင်နေ၊ မီတောရပ်၊ ဇာမာ၊ ထရီကာမီရွန်၊ ထဂျီနေး၊ ယောစတင်း၊ ပရက်စတန်၊ ဒန်ဘား၊ ဝေါစတာ၊ ဘလင်ဟိန်၊ အော်ဒီနဒ်၊ ဒီနိန်း၊ ကွီဘက်၊ ဖလူရပ်(စ)၊ ရီဗိုလီ၊ အော်စတာလစ်၊ ယေနာ၊ ဗစ်ဘူး၊ ကိုနီဂရတ်၊ ဆီဒင်တို့ဖြစ်၏။

[၁]။ Fort of Bard



မဟာဗျူဟာနှင့် နည်းဗျူဟာကို ပေါင်းစပ်လေ့လာသည့်အခါတွင်မှ တိုက် ပွဲများသည် အမျိုးအစားနှစ်မျိုးအနက် တစ်မျိုးနှင့် အကျုံးဝင်နေသည်ကို တွေ့ ရ၏။

**အချို့မှာ ခံစစ်ရှင် (တွက်၍ နောက်ဆုတ်ပေးခြင်း) မဟာဗျူဟာနှင့် စ၍ နောက်ဆုံးတွင် နည်းဗျူဟာထိုးစစ်ဖြင့် အောင်ပွဲခံသည့် အမျိုးအစားနှင့် အကျုံးဝင်၏။ နောက်တစ်မျိုးမှာ ရန်သူအခြေပျက်သွားအောင် ရည်ရွယ်၍ မဟာဗျူဟာအရ ထိုးစစ်ဆင်ပြီး နည်းဗျူဟာ ခံစစ်နှင့် အဆုံးသတ်၏။ အမြီး တွင် အဆိပ်ရှိသောနည်းဖြစ်၏။ နှစ်နည်းစလုံးမှာ သွယ်ဝိုက်ချဉ်းကပ်သောနည်း ဖြစ်၍ ယင်းနှစ်နည်းစလုံးအတွက် စိတ်ဓာတ်ရေးရာအခြေခံမှာ "စစ်မြူ၍" "ကျုံးသွင်းသတ်ပါ"[၁] ဟု ဖော်ပြနိုင်၏။**

ကလော့စဝစ် ပြောဆိုခဲ့သည်ထက် ပို၍လေးနက်ကျယ်ပြန့်စွာ **"ခံစစ် သည် ထိုးစစ်ထက် ပို၍ခိုင်မာသော မဟာဗျူဟာဖြစ်၍ မြီးခြွေဗျူဟာရာလည်း ရောက်၏"**ဟု ဆိုနိုင်ပေသည်။

ဒုတိယနည်းဖြစ်သော **မဟာဗျူဟာ ထိုးစစ်၊ နည်းဗျူဟာ ခံစစ်မှု** မှာ အပေါယ်အားဖြင့်လည်းကောင်း၊ ထောက်ပံ့ပို့ဆောင်ရေးအားဖြင့်လည်းကောင်း ထိုးစစ်ဖြစ်သော်လည်း အခြေခံရည်မှန်းချက်မှာမူကား ရန်သူအား "ဟန်ချက်ပျက် သွားစေသည့်"ချီတက်မှု ပြုရစ်စေရန် ဖြစ်လေသည်။ **အထိရောက်ဆုံး သွယ်ဝိုက် ချဉ်းကပ်ရေးနည်းမှာ ရန်သူအား စစ်မြူ၍** လည်းကောင်း၊ တုန်လှုပ်စေခြင်းဖြင့် လည်းကောင်း၊ **ခြေလှမ်းမှားသွားအောင် ပြုလုပ်၍ ဂျူဂျစ်ဆုမှာကဲ့သို့ သူ့ ဖင်အားကို လီဗာလို အသုံးပြု၍ သူ့ကို လှဲချရန် ဖြစ်လေသည်။**

ထိုးစစ်မဟာဗျူဟာတွင် သွယ်ဝိုက်ချဉ်းကပ်ခြင်းကို သာမန်အားဖြင့် ဤသို့ ပြုရာ၏။ ရန်သူ၏ စီးပွားရေးပစ်မှတ်ကို ရည်မှန်း၍ စစ်ရေးထောက်ပံ့ပို့ဆောင် ရေး လှုပ်ရှားမှုများ ပြုပေးရ၏။ ရန်သူ၏စီးပွားရေးပစ်မှတ်မှာ ရန်သူနိုင်ငံ သို့မဟုတ် တပ်မတော်၏ ထောက်ပံ့ရေး ရေသောက်မြစ် ဖြစ်လေသည်။ တစ်ခါ တစ်ရံတွင် ဘယ်လီဆေးရီယပ်၏ စစ်ဆင်ရေးများမှာကဲ့သို့ မိမိလှုပ်ရှားမှုများ၏ ရည်မှန်းချက်မှာ လုံးဝစိတ်ဓာတ်ရေးရာ နယ်ပယ်မှာသာ ဖြစ်ပေ၏။ မည်သည့် ပုံစံနှင့် ပြုလုပ်စေကာမူ ရည်မှန်းရမည်မှာကား ရန်သူစိတ်ဓာတ်နှင့် တပ်အနေ အထားများ အခြေပျက်သွားအောင် ပြုလုပ်ရန် ဖြစ်လေသည်။ **သွယ်ဝိုက်ချဉ်းကပ် နည်း၊ မည်မျှအောင်မြင်သည်ကို ရန်သူမည်မျှအခြေပျက်သည်ဟူသော မှတ် ကျောက်နှင့် တိုင်းတာရာ၏။**

ကျွန်ုပ်တို့လေ့လာချက်မှ နောက်ထပ် ကောက်ချက်တစ်ခု ချမှတ်နိုင်သေး ၏။ ယင်းမှာ ဒီဠမမ္ဘ ပြောနိုင်သည့် ကောက်ချက်မျိုးမဟုတ်ဘဲ အကြံပြုကောက်

www.burmeseclassic.com

www.burmeseclassic.com



ချက်မျိုး ဖြစ်၏။ ယင်းမှာ ဤသို့ဖြစ်၏။ ရန်သူသည် တိုင်းပြည်တစ်ခု သို့မဟုတ် တပ်မတော်တစ်ခုမက ဖြစ်ပါက အရင်းလဲ အများထင်းဖြစ်ဟု ယူဆ၍ ပို၍ အင်အားကြီးမားသည့် ရန်သူကို တိုက်ခိုက်ဖြိုခွင်းမည့်အစား ပထမ အင်အားပိုနည်းသည့် ရန်သူကို အင်အားစုစည်းတိုက်ခိုက်ခြင်းက မိမိအတွက် ပို၍အကျိုးများရာ၏။

ရှေးခေတ်မှ ထင်ရှားသည့်တိုက်ပွဲစဉ်နှစ်ခုတွင် ပါရှားကို အဲက်လီဇင်းဒါးက တိုက်ရာတွင်လည်းကောင်း၊ ကားသေ့(ချ)ကို ဆီပိုင်ယိုက တိုက်ရာတွင်လည်းကောင်း နှစ်ဦးစလုံးသည် အမြစ်ကိုဖြတ်တောက်ပစ်ရန် လုပ်ဆောင်ခဲ့သည်ကို တွေ့ရ၏။ ဤသို့သော သွယ်ဝိုက်ချဉ်းကပ်သည့် အဂ္ဂမဟာဗျူဟာကြောင့် မက်ဆီဒိုးနီးယားအင်ပိုင်ယာ၊ ရောမအင်ပိုင်ယာများနှင့်တကွ နောက်ပိုင်းတွင် အကြီးအကျယ်ဆုံးသော ဗြိတိသျှအင်ပိုင်ယာကိုပါ ထူထောင်နိုင်ခဲ့ပေ၏။ နပိုလီယံဘိုနာပတ်၏ ကံကြမ္မာနှင့် နယ်ချဲ့အင်အားသည်လည်း ယင်းအဂ္ဂမဟာဗျူဟာအပေါ်တွင် အခြေပြုခဲ့လေသည်။ ယခုခေတ် ထုနှင့်ထည်နှင့် အမေရိကန်အင်အားနှင့် အဆောက်အအုံသည်လည်း ယင်းအုတ်မြစ်ပေါ်တွင် အခြေခံခဲ့လေသည်။

စစ်သမိုင်းတစ်ခုလုံးကို ခြုံငုံလေ့လာသုံးသပ်ခြင်းဖြင့်သာလျှင် သွယ်ဝိုက်ချဉ်းကပ်သည့်အနုပညာတွင် ဆရာတစ်ဆူ ဖြစ်လာနိုင်၍ ယင်း၏ကျယ်အဝန်းကို တကယ်သိရှိနားလည်နိုင်မည် ဖြစ်လေသည်။ သို့သော် ကျွန်ုပ်တို့အနေနှင့် သင်ခန်းစာ အားလုံးကို စစ်ဥပဒေသကြီးနှစ်ခုဖြင့် ပေါ်လွင်အောင် ဖော်ပြရပေမည်။ တစ်ခုမှာ ဒိဋ္ဌမူသဘောဖြစ်၍ နောက်တစ်ခုမှာ ပညတ်သည့်သဘော ဖြစ်၏။ **ပထမဥပဒေသ**မှာ ခံစစ်နေရာ အခိုင်အခံ့နှင့်ရှိသော ရန်သူကို တိုက်ရိုက် တိုက်ခိုက်ရန် မိမိတပ်များအား အမိန့်ပေးလျှင် ယင်းဗိုလ်ချုပ်သည် မိမိအပြုအမူကို မှန်ကန်ပါသည်ဟု မည်သို့မျှ ဆင်ခြေတက်၍ ရနိုင်မည်မဟုတ်ချေ။ **ဒုတိယဥပဒေသ**မှာ အခိုင်အခံ့ ခံစစ်နေရာကို တိုက်ရိုက်မတိုက်ခိုက်သင့်ကြောင်း သမိုင်းတွင် သာဓကအထောက်အထား အမြောက်အမြား ရှိပေ၏။ ရန်သူအခြေအနေပျက်သွားအောင် မိမိက စတင်တိုက်မည့်အစား တိုက်ပွဲမစမီ သို့မဟုတ် အောင်မြင်စွာ တိုက်ပွဲကို မစတင်နိုင်မီ ရန်သူအခြေပျက်သွားအောင် လုပ်ရမည်။

အောက်ပါကို ပြောဆိုခဲ့ရာတွင် လီနင်သည် အခြေခံအမှန်တရားကို သိမြင်ခဲ့သည် ဖြစ်ပေသည်။ "**စစ်တွင် အခိုင်လုံဆုံး (စိတ်အချရဆုံး) မဟာဗျူဟာမှာ ရန်သူစိတ်ဓာတ်ကျဆင်း ယိုယွင်းသွား၍ မိမိက သူ့အား အသေသတ်နိုင်သည့် ထိုးစစ်ကို အလွယ်တကူ ပြုလုပ်နိုင်သည်အထိ စစ်ဆင်ရေးများကို ရွှေ့ဆိုင်းထားရန် ဖြစ်၏။**"



ယင်းသို့ လုပ်ဆောင်နိုင်ရန် အမြဲတမ်း လက်တွေ့အားဖြင့် ဖြစ်နိုင်သည် မဟုတ်ချေ။ ထို့ပြင် လီနင်၏ဝါဒဖြန့်ရေး နည်းလမ်းများမှာလည်း အမြဲတမ်း ရှိနိုင်သည် မဟုတ်ချေ။ ထို့ကြောင့် အောက်ပါအတိုင်း ပြင်ဆင်ပြောဆိုနိုင်က အကျိုးပေးလိမ့်မည်။

"**မည်သည့်တိုက်ပွဲစဉ်တွင်မဆို ရန်သူစိတ်ဓာတ် အခြေပျက်သွားပြီး မိမိက အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲရလောက်သည့်အချိန်အထိ တိုက်ပွဲမဖြစ်စေဘဲ ဆွဲထားခြင်းသည် အခိုင်လုံဆုံး မဟာဗျူဟာဖြစ်၍ အလားတူပင် အခိုင်လုံဆုံး နည်းဗျူဟာမှာ ထိုအချိန်အထိ မိမိထိုးစစ်ကို ဆွဲထားနိုင်ခြင်းဖြစ်ပေ၏။**"

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းနှစ်

ပထမကမ္ဘာစစ်
မဟာမဟာမိတ်ပြုမှုဟာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## အနောက် စစ်မျက်နှာ ၁၉၁၄ စီမံချက်များ

ပထမကမ္ဘာစစ် အနောက်စစ်မျက်နှာ တိုက်ပွဲစဉ်ကို လေ့လာရာတွင် စစ်ကြီးမဖြစ်ပွားမီ စီမံချက်များမှ စတင်ရပေမည်။ ဂျာမန် ပြင်သစ်နယ်ခြားမှာ ကျဉ်းမြောင်း၏။ မိုင် ၁၅၀ သာ ရှည်လျားပြီး စစ်ထဲမဝင်မနေရစနစ်ဖြင့် တည်ထောင်ထားသော တပ်တော်များ စစ်ကစားရန် နေရာကျဉ်းလှချေ၏။ အရှေ့တောင်ဘက်တွင် နယ်ခြားသည် ဆွစ်ဇာလန်နယ်ခြားပေါ်မှ စတင်နေ၍ ဘယ်ဖော့အနီး မြေပြန့်အနည်းငယ်သာရှိပြီး ဗော့ဂျီးတောင်တန်းများအတိုင်း မိုင် ၇၀ ခန့် ရှည်လျား၏။ ယင်းနေရာမှ တောက်လျှောက်မှာ ခံတပ်များဖြစ်ပြီး အက်ပီနာ၊ တိုး၊ ဗာဒွန် ၁ တို့ကို အခြေပြု၏။ ဗာဒွန် အစွန်နားတွင် လပ်ဆင်ဘောက်နှင့် ဘယ်လဂျီယန် နယ်ခြားများ ဖြစ်လေသည်။

၁၈၇၀ ပြည့်နှစ် စစ်ရှုံးခဲ့ပြီးနောက် ပြင်သစ်ပြည်ကို ပြန်လည်ထူထောင် တည်ဆောက်ဆဲကာလအတွင်း ယင်းနိုင်ငံ၏ စစ်စီမံချက်မှာ အစပိုင်းတွင် နယ်ခြားခံတပ်များကို အခြေပြု၍ ခံစစ်ဆင်နွှဲရန်ဖြစ်၏ နောက်ပိုင်းကျတော့မှ အဆုံးအဖြတ်ပေးနိုင်သော တန်ပြန်ထိုးစစ် ဆင်နွှဲရန် ဖြစ်လေသည်။ ယင်းစီမံချက်အရ အောဆေ့လော်ရိန်းနယ်ခြားဒေသတွင် ခံတပ်များ ခံကတုတ်များ တည်ဆောက်ခဲ့ပြီး

---

၁။ Epinal, Tour, Verdun

www.burmeseclassic.com

www.burmeseclassic.com



အက်နဲပီနာနှင့် တိုးအကြား တရောက်အိဒီရှာမ် ကဲ့သို့ ကွက်လပ်နေရာများသို့ ရန်သူကို ကျူးသွင်း၍ မိမိက တန်ပြန်ထိုးစစ်ဆင်ခြင်းကာ ပိုင်ပိုင်နိုင်နိုင် သေချာပေါက် ရန်သူအား အလဲထိုးရန် စီမံထားခြင်းဖြစ်၏။

ယင်းစီမံချက်မှာ ကြားနေနယ်ပယ်ကို မထိပါးဘဲ ကျဉ်းမြောင်းသည့် နယ်ခြားကို ကာကွယ်နိုင်ရန် အတတ်နိုင်ဆုံး သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုထားခြင်း ဖြစ်လေသည်။

သို့သော် ၁၉၁၄ ခုနှစ်မတိုင်မီ ၁၀ နှစ်ခန့်တွင် အတွေးအခေါ်သစ်တစ်ရပ် ပေါ်လာခဲ့ပြီး ဗိုလ်မှူးကြီး ဒီဂရင်း မေဆွန်[၁]မှာ ယင်းအတွေးအခေါ်သစ်၏ တမန်တော်ဟု ယူဆနိုင်၏။ မူလ ပြင်သစ်စစ်စီမံချက်မှာ ပြင်သစ်လူမျိုးစိတ်ဓာတ်နှင့် မကိုက်ညီဘဲ "ထိုးစစ်နည်းကို လုံးဝတိမ်မြုပ်သွားအောင်" လုပ်ထားသော စီမံချက်ဟု ဂရင်းမေဆွန်တို့က ဆို၏။ တရစပ် ထိုးစစ်မှု[၂]ကို လက်ကိုင်ပြုသူများက ၁၉၁၂ ခုနှစ်တွင် ပြင်သစ်စစ်ဦးချုပ် ဖြစ်လာသော ဂျော်ဖရေမှာ သူတို့ ရည်မှန်းချက်များကို အားပေးမည့်သူ ဖြစ်သည်ကို သိရှိလာကြလေသည်။ ယင်းအခွင့်အရေးကို မလွှတ်တမ်းဆုပ်ကိုင်၍ (ယခုအခါတွင် နာမည်ပျက်နေပြီဖြစ်သော) စီမံချက် ၁၇[၃]ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြလေသည်။ ယင်းစီမံချက်မှာ လုံးဝ တိုက်ရိုက်ချဉ်းကပ်နည်းဖြစ်ပြီး "အင်အားအားလုံးကို စုစည်း၍" ဂျာမန် အလယ်ဗဟိုနေရာကို တည့်တည့်ကြီး ထိုးဝင်တိုက်ခိုက်ရန် ဖြစ်သတည်း။

ယင်းသို့ နယ်ခြားတစ်လျှောက်လုံး ရှေ့တည့်တည့်မှ တိုက်ခိုက်ရန် စီမံထားပါလျက် ပြင်သစ်စီမံချက်တွင် ဂျာမန်တို့နှင့် အင်အားညီမျှရုံသာ ပြင်သစ်တပ်များကို အင်အားစုစည်းရန် လျာထားခဲ့လေသည်။ ဂျာမန်များက ခံစစ်ဆင်သူများ အနေနှင့် သူတို့ခံကတုတ်များမှ အထောက်အကွယ် ရမည်ဖြစ်သော်လည်း ထိုးစစ်ဆင်သူ ပြင်သစ်များအနေနှင့်မူ နယ်ခြား၌ ယင်းတို့ ခံစစ်အနေအထားများမှ အကူအညီရမည်မဟုတ်ချေ။ ယခုစီမံချက်တွင် စဉ်းစားဉာဏ်နှင့် ယှဉ်ပါသည်၊ သမိုင်းအတွေ့အကြုံကို အသုံးပြုပါသည်ဟု ပြောစရာတစ်ချက်သာ ပါ၏။ ယင်းမှာ မက်(စ)[၄]ခံတပ်ကို ရှေ့တည့်တည့်မှ မတိုက်ဘဲ ဝန်းရံထားပြီး တောင်ဘက်မှလည်းကောင်း၊ မြောက်ဘက်မှလည်းကောင်း ကွေ့၍ လောရိန်းနယ်ထဲ ဝင်ရောက်ရန် စီစဉ်ခဲ့ခြင်း ဖြစ်၏။ အကယ်၍ ဂျာမန်များက ကြားနေနိုင်ငံများကို ချိုးဖောက်ဝင်ရောက်ပါက ပြင်သစ်ဘယ်တောင်ပံသည် ဘယ်ဂျီယံလပ်ဆင်ဘောက်နယ်ထဲသို့ ထိုးဝင်ရန် ဖြစ်လေသည်။ ပြက်လုံးသဖွယ် ဖြစ်နေသော်လည်း သမိုင်းအရ

၁။ Colonel de Grandmason
၂။ Offensive à'outrance
၃။ Plan XVII
၄။ Metz



မှန်ကန်သည့်အချက်မှာကား ပြင်သစ်စီမံချက်သည် (ဂျာမန် စစ်သမိုင်းဆရာကြီး) ကလောစ စစ်မှုများနှင့် နီးစပ်ပြီး ဂျာမန်စစ်စီမံချက်မှာမူ အခြေခံအားဖြင့် နပိုလီယံ ဩဝါဒနှင့် ကိုက်ညီနေ၏။ ဂျာမန်စစ်စီမံချက်မှာ ဟန်နီဘော အဆိုအမိန့်များနှင့် ပို၍ပင် လိုက်လျောညီထွေ ရှိနေသည်ကို တွေ့ရ၏။

ပြင်သစ်စီမံချက်တွင် ဗြိတိန်က နောက်ဆက်တွဲအဖြစ် ပါဝင်လာရသည်မှာ သေချာစွာ တွက်ချက်ထားခြင်းကြောင့်မဟုတ်ဘဲ စစ်မဖြစ်မီ ၁၀ နှစ်ခန့်က ဗြိတိသျှစစ်အတွေးအခေါ် ဖွံ့စည်းပုံတို့ကို ဥရောပပုံစံအတိုင်း ကူးချခဲ့ခြင်းကြောင့် ဖြစ်လေသည်။ ယင်းသို့ ဥရောပတိုက်မကြီး ဩဇာလွှမ်းမိုးခံရမှုကြောင့် ဗြိတိသျှတပ်များသည် ပြင်သစ်ဘယ်တောင်ပံ၏ တစ်စိတ်တစ်ဒေသအဖြစ်သာ ပါဝင်ခဲ့ရ၍ သမိုင်းတစ်လျှောက်လုံးတွင် ရေကြောင်းအင်အားကြီးနိုင်ငံတစ်ခု ဖြစ်သောကြောင့် ရရှိခဲ့သော ဗြိတိန်၏ လှုပ်ရှားစစ်ကစားနိုင်သည့်စွမ်းအင်ကို အမြတ်ထုတ်စစ်ဆင်ခြင်း မပြုခဲ့ပေ။

စစ်စဖြစ်လျှင်ဖြစ်ချင်း ဗြိတိသျှတပ်များ (ဘီအီးအက်[၁])ကို ဦးစီးရမည့် ဆာဂျွန်ဖရင်[၂]က ကြိုတင်ပြုလုပ်ထားသော စီမံချက်ကို သံသယရှိကြောင်း စစ်ကောင်စီ အစည်းအဝေးတွင် ပြောခဲ့သေး၏။ အခြားလုပ်ဆောင်နိုင်သောနည်းကို တင်ပြရာတွင် ဗြိတိသျှတပ်များကို အင်တဝပ်သို့ စေလွှတ်သင့်ကြောင်း၊ ယင်းနေရာမှာသာ ဘီအီးအက်ရှိလျှင် ဘယ်ဂျီယံမှဖြတ်၍ ပြင်သစ်ပြည်တွင်း ဝင်ရောက်သည့် ဂျာမန်ညာတောင်ပံ၏ နောက်ဆွယ်ကို ခြိမ်းခြောက်နိုင်မည်ဖြစ်ကြောင်း ဖရင့်က တင်ပြခဲ့၏။ သို့သော် ဗိုလ်ချုပ်ဟင်နရီဝီလ်ဆင်[၃] စစ်ဆင်ရေး ဒါရိုက်တာဖြစ်စဉ်က ဗြိတိသျှတပ်များကို ပြင်သစ်တို့နှင့်တွဲ၍ စစ်ဆင်ရန် စစ်ဦးစီးအဖွဲ့အား အာမဘာန္တေခံခဲ့ပြီး ဖြစ်ပေသည်။ ၁၉၀၅ ခုမှ ၁၉၁၄ ခုနှစ်များအတွင်း ဦးစီးအဖွဲ့အချင်းချင်း[၄] အလွတ်သဘော ပြုလုပ်ခဲ့သည့် အစည်းအဝေးများတွင် ဗြိတိသျှတို့ ရာစုနှစ်ပေါင်းများစွာက လိုက်နာခဲ့သည့် စစ်ပေါ်လစီကို ပြောင်းပြန် ပြန်ပစ်ခဲ့ကြလေသည်။

ယင်းသို့ ကြိုတင်လက်ဝါးချင်းရိုက်ပြီး သဘောတူညီထားမှုက ပြင်သစ်မဟာဗျူဟာကို ပြဋ္ဌာန်းခဲ့သည့်အပြင် အခြေအနေ ပို၍ ထင်ထင်ရှားရှားဖြစ်လာ၍

၁။ British Expeditionary Force BEF
၂။ Sir John French
၃။ Maj Gen Henry Wilson
၄။ Staff Negotiations အင်္ဂလိပ်–ပြင်သစ် စစ်ဦးစီးအဖွဲ့အချင်းချင်း ပြုလုပ်ခဲ့သည့် အစည်းအဝေးများကို ဆိုလိုသည်။ (ဘာသာပြန်သူ)
၅။ Douglas Haig

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတပ်မတော် တိုးချဲ့ပြီးသည်အထိ စောင့်ဆိုင်းနေရန် ဟော့(ဂ်)[1]၏အကြံ ပြုချက်ကိုပါ ပယ်ချပြီး ဖြစ်ပေတော့သည်။ ထို့ပြင် ဘီအီးအက်ကို ပြင်သစ်– ဂျာမန် နယ်ခြားအနီး ဤမျှနီးကပ်စွာ နေရာချထားခြင်း မပြုသင့်ကြောင်း ကစ်ချင်နား[1]၏ ကန့်ကွက်ချက်ကိုလည်း ဘေးချိတ်ခဲ့ကြ၏။

မူလ ဂျာမန်စစ်စီမံချက်ကို ၁၉၀၅ ခုနှစ်တွင် ဂရပ်ဖွောန်ရှလီဖန်[2]က ရေးဆွဲခဲ့လေသည်။ ပြင်သစ်စီမံချက်က ဖေးမပေးမှုကြောင့် ဂျာမန်စီမံချက်သည် တကယ့် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာ ဖြစ်လာရလေသည်။ နယ်ခြားတွင် ပြင်သစ်တို့က ခံတပ်များ ဆောက်လုပ်ပြင်ဆင်နေကြသောကြောင့် ဂျာမန်တပ်များ အတွက် အဆင်အပြေဆုံးလမ်းမှာ ယင်းခံတပ်များကို ကွေ့ပတ်၍ (ဘယ်ဂျီယံမှ ဖြတ်ပြီး) ချီတက်ရန် ဖြစ်လေသည်။ ယင်းလမ်းကိုလိုက်ရန် ရှလီဖန်က ဆုံးဖြတ် ခဲ့၏။ အတတ်နိုင်ဆုံး ဆေးဆေးမှပတ်၍ ချီတက်ရမည်။ ဂျာမန်များက ဘယ်ဂျီယံကို ဝင်ရောက်တိုက်ခိုက်သည့်အခါမှာပင် ယင်းတပ်များအနေနှင့် မြို့(စ်)အရှေ့ဘက် နေရာကျဉ်းကျဉ်းမှသာ ချီတက်ကြမည်ဟု ပြင်သစ်များက ယူဆခဲ့ကြသည်မှာ အံ့ဩဖွယ်ပင် ဖြစ်၏။

ရှလီဖန်၏ စီမံချက်အရ ညာတောင်ပံမှ အကြီးအကျယ်ဝိုက်၍ ချီတက်နိုင် ရန် ဂျာမန်တပ်အများစုကို ယင်းတောင်ပံတွင် အင်အားစုစည်းထား၏။ ညာ တောင်ပံသည် ဘယ်ဂျီယံနှင့် ပြင်သစ်မြောက်ပိုင်းမှ ပန်း၍ ချီတက်ပြီး အဝေး ကြီးပတ်မိပြီးမှ တဖြည်းဖြည်း အရှေ့ဘက်သို့ ဝိုင်းပတ်ရန် ဖြစ်လေသည်။ ညာဘက်ဆုံးတပ်များသည် ပြင်သစ်တောင်ဘက်မှ စိန်းမြစ်ကို ရောင်အင်အနီးမှ ဖြတ်ကူးခြင်းဖြင့် ပြင်သစ်တပ်များကို မိုဆယ်မြစ်နှင့် ပိတ်ထားပြီးမှ လော်ရိန်း ခံတပ် ဆွစ်နယ်ခြားတည်းဟူသော ပေတွင် တင်၍ ထုချေရန် ဖြစ်လေသည်။

သို့သော် စီမံချက် ပညာသားပါပုံနှင့် သွယ်ဝိုက်ချဉ်းကပ်မှုမှာ ယင်းပထဝီ သဘောအရ ဝိုင်းပတ်မှုအပေါ်တွင် တည်သည်မဟုတ်ဘဲ တပ်များခွဲဝေပေးမှုနှင့် ယင်းသို့ပြုလုပ်ရန် စိတ်ကူးအပေါ်တွင် တည်နေလေသည်။ အစပိုင်း အံ့ကျရှိ စေရန် အရန်တပ်မကြီးများကို အမြဲတမ်းတပ်၊ တိုက်ခိုက်ရေးတပ်များနှင့် ပူးပေါင်း တိုက်ပွဲဝင်စေရန်ဖြစ်၏။ ယင်းသို့ အရန်များပါ စုပေါင်း၍ ရရှိနိုင်သည့် တပ်မ ၇၂ ခုအနက် ညာတောင်ပံတွင် တပ်မ ၅၃ ခု ထား၍ ဗာဒွန်ကို မျက်နှာမူသဖွယ် ထားပြီး တပ်မ ၁၀ ခု ချထား၏။ ပြင်သစ်နယ်ခြားတွင်ရှိသော ဘယ်တောင်ပံ အတွက် တပ်မ ၉ ခုသာ ပေးထားလေသည်။ ယင်းသို့ ဂျာမန် ဘယ်တောင်ပံကို

---

၁။ Kitchener

၂။ Graf Von Schlieffen



တမင် တပ်အနည်းငယ်သာပေးထားခြင်းမှာ ယင်းတို့ အင်အားနည်းမှုကြောင့် ညာဘက်မှ ပန်းမည့် ဂျာမန်တပ်များ ဝိုင်းပတ်တိုက်ခိုက်မှုမှာ ပို၍ထိရောက်မည်ဟု ရှလီဖန်က လိမ္မာပါးနပ်စွာ တွက်ချက်ခဲ့လေသည်။ အကြောင်းမူကား အကယ်၍ ပြင်သစ်တို့က လော်ရိန်းနယ်တွင် ဖိတိုက်၍ အားနည်းသည့် ဂျာမန်ဘယ်တောင်ပံ က ရိုင်းမြစ်ဘက်သို့ ဆုတ်ပေးရပါက ဂျာမန်ညာတောင်ပံက ဖိတိုက်လာခြင်းကို ပြန်လည်တွန်းလှန်ရန် ပြင်သစ်များအတွက် အလွန်ခက်ခဲမည်ဖြစ်၏။ ၎င်းတို့ ညာတောင်ပံက ဂျာမန်နယ်ထဲ နက်ရှိုင်းစွာ ရောက်သွားလေ ဂျာမန် ညာတောင်ပံ ကို တွန်းလှန်ရန် ပိုမိုခက်ခဲလေရှိပေတော့မည်။ ဆုံလည်တံခါး[1]ကဲ့သို့ ပြင်သစ်တို့ က တစ်ဖက်မှဖိလေ ဂျာမန်ညာတောင်ပံက ပြင်သစ်ပြည်ထဲ နက်ရှိုင်းစွာဝင်ရောက် ပြီး ပြင်သစ်တပ်များကို နောက်ဆွယ်မှ ဝင်တိုက်၍ကောင်းလေ ဖြစ်ပေတော့မည်။ ပြင်သစ်ညာတောင်ပံက ဖိလေ ဂျာမန်ထိုးစစ်က အရှိန်ပြင်းလေ ဖြစ်ပေမည်။

ပထဝီသဘောအရဆိုလျှင် ရှလီဖန်စီမံချက်အရ ဘယ်ဂျီယံမှ ဖြတ်၍ တိုက်ခိုက်ခြင်းသည် ကန့်သတ်မှု အလွန်များသည့် သွယ်ဝိုက်ချဉ်းကပ်မှု မဟာ ဗျူဟာ ဖြစ်လေသည်။ နေရာနှင့်စာလျှင် တပ်ထု များလွန်းသောကြောင့်ဖြစ်၏။ စိတ်ဓာတ်ရေးရာအရမူ ညာတောင်ပံတွင် တပ်အမြောက်အမြား အင်အားစုစည်း ထားခြင်းကြောင့် တကယ့်သွယ်ဝိုက် ချဉ်းကပ်မှုပင် ဖြစ်လေသည်။ ပြင်သစ်စီမံ ချက်က ရှလီဖန်စီမံချက်အား ပိုမိုပြည့်စုံကောင်းမွန်အောင် လုပ်ပေးသကဲ့သို့ ရှိလေသည်။ တစ္ဆေကသာ ရယ်မောနိုင်မည်ဆိုပါက ရှလီဖန်သည် သေဆုံးရာမှ ထ၍ ရယ်မိပေလိမ့်မည်။ ပြင်သစ်များသည် ဖိတ်ကြားမြူဆွယ်မနေရဘဲ ဂျာမန် ထောင်ချောက်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာသောကြောင့် ဖြစ်လေသည်။ သို့သော် တစ္ဆေကြီး ကြာကြာရယ်မောနိုင်မည်တော့ မဟုတ်ပါ။ အကြောင်းမူ ကား ရှလီဖန်အား ဆက်ခံသူ မိုကာအငယ်[2](အနွယ်အဆက်အဖြစ်သာ ငယ်၍ စိုးရိမ်ကြောင့်ကြအား ကြီးမားသူဖြစ်ပေသည်။)က စစ်မဖြစ်မီကပင် ရှလီဖန် စီမံချက်ကို ပြုပြင်ခဲ့၍ ပုံပျက်ခဲ့ရပြီး လက်တွေ့လုပ်ဆောင်သည့်အခါတွင် ယင်းစီမံ ချက်ကို လုံးဝစွန့်လွှတ်လိုက်သောကြောင့် ဖြစ်လေသည်။

၁၉၀၅–၁၉၁၄ ခုနှစ်များအတွင်း ဂျာမန်တပ်များ ပိုမိုရရှိလာသောအခါ ယခင်အချိုးအစားကို ထိခိုက်လောက်အောင် ဂျာမန်ဘယ်တောင်ပံကို မိုကာက အင်အားဖြည့်တင်းပေးခဲ့၏။ ဘယ်တောင်ပံကို ပို၍လုံခြုံအောင်လုပ်ခြင်းဖြင့် နိမ်

---

၁။ Revolving Door

၂။ Moltke The Younger

www.burmeseclassic.com

 www.burmeseclassic.com 

ချက်တစ်ခုလုံးမှာ မလုံခြုံ ဖြစ်ရလေသည်။ ဆက်တိုက်ပင် အခြေခံကို အားနည်းအောင် လုပ်ခဲ့သဖြင့် စီမံချက်တစ်ခုလုံး ပျက်စီးကျဆုံးရတော့၏။

၁၉၁၄ ခုနှစ် ဩဂုတ်လတွင် ပြင်သစ်တို့က ထိုးစစ်ဆင်နွှဲလာသောအခါ မိုကာက လောရိန်းတွင်ပင် အဆုံးအဖြတ်ရအောင် ပြန်တိုက်ရကောင်းမည်လော ဟု တွေဝေခဲ့လေသည်။ ဂျာမန်ညာတောင်ပံက ပန်းတိုက်ရန်ကို ရွှေ့ဆိုင်းထားလိုက်၏။

ယင်းတွေဝေမှုမှာ ခဏတာမျှဖြစ်၏။ သို့သော် ယင်းတစ်ခဏအတွင်းမှာပင် နောက်ထပ် အသစ်ဖွဲ့စည်းထားသည့် အာဆတ်တပ်မ[1] ၆ ခုကို ညာတောင်ပံသို့ပို့၍ အင်အားဖြည့်တင်းရမည့်အစား မိုကာက ဘယ်တောင်ပံ လောရိန်းဘက်သို့ ပို့ခဲ့လေသည်။ ယင်းသို့ အင်အားဖြည့်တင်းပေးလိုက်သောကြောင့် ဂျာမန် ဘယ်တောင်ပံတပ်များသည် အကူအပံ့နေရာလောက်က နေရသည်ကို မကျေနပ်တော့ဘဲ ဖိုးတိုက်ချင်များ ဖြစ်လာ၏။ ဘာဗေးရီးယား မင်းသားကြီး ရူးပရက်[2]သည် နောက်သို့ဆုတ်ပေး၍ ပြင်သစ်တပ်များကို မြူဆွယ်ရမည့်အစား ဂျာမန်တပ်များကို နောက်သို့ဆက်မဆုတ်စေတော့ဘဲ ပြန်တိုက်ရန် ဆုံးဖြတ်ခဲ့လေသည်။ ပြင်သစ်များက တုံ့ပြန်ရန် နှေးကွေးသည်ကို အချက်ကောင်းယူပြီး သူ့တပ်များနှင့်ကပ်လျက် တပ်မှူးကို အဖော်စပ်၍ ရူးပရက်သည် တန်ပြန်ထိုးစစ်ဆင်ရန် ဆုံးဖြတ်လိုက်လေသည်။ ဂျာမန်တပ်တော်နှစ်ခုပေါင်းလျှင် တပ်မ ၂၅ ခုရှိ၍ ပြင်သစ်များတွင် တပ်မ ၁၉ ခုသာ ရှိသဖြင့် ဂျာမန်တို့က အင်အားသာလွန်သည် မှန်သော်လည်း ဂျာမန်မဟာဗျူဟာ အင်အားသာလွန်ခြင်းလည်း မရှိခဲ့ချေ။ ထို့ကြောင့် ဂျာမန်တန်ပြန်ထိုးစစ်သည် ပြင်သစ်တပ်များအား ၎င်းတို့ ခံကတုတ်များသို့ ပြန်လည်တွန်းပို့သလိုဖြစ်ပြီး ပြင်သစ်ခုခံမှုအား ပိုကောင်းလာသည့်အပြင် မန်းတိုက်ပွဲ[3]အတွက် အနောက်ဘက်သို့ ပြင်သစ်စစ်ကူများ ပို့နိုင်ခဲ့သေး၏။

လောရိန်းတွင် ဂျာမန်တို့ တန်ပြန်ထိုးစစ် ဆင်နွှဲခဲ့ခြင်းသည် ရှလီဖန် စီမံချက်အား အကြီးအကျယ် ထိခိုက်စေခဲ့လေသည်။ ဂျာမန် ညာတောင်ပံကို အင်အားနည်းအောင် လုပ်ခဲ့ခြင်းထက်ပင် မူလစီမံချက်ကို ပို၍ထိခိုက်စေ၏။ သို့သော် နောက်ဆုံး ဂျာမန်တို့ ပြိုကွဲခဲ့ရသည်မှာ ညာတောင်ပံတွင်သာ ဖြစ်လေသည်။ စောစောပိုင်းက ညာတောင်ပံကို အင်အားနည်းအောင် လုပ်ခဲ့သည့်ဒဏ်များကို ခံရခြင်းဖြစ်၏။

---

၁။ Ersatz Divisions

၂။ Prince Rupprecht

၃။ Battle of Marne

လောရိန်းဘက်သို့ ဂျာမန်တပ်မ[illegible] ၆ ခုဖြင့် အင်အားဖြည့်တင်းပေးခဲ့သည့်အပြင် ဂျာမန်ညာတောင်ပံမှ တပ်မ ၇ ခုကို အင်တဝပ်၊ ဂီဗက်နှင့် မောဘောက်မြို့[1]များ ဝန်းရံထားရန် တာဝန်ပေးခဲ့ပြန်၏။ ထို့ပြင် မိုကားအမိန့်ဖြင့် ညာတောင်ပံမှ တပ်မ ၃ ခုကို အရှေ့ပရပ်ရှား စစ်မျက်နှာသို့ ပို့ပေးရသေး၏။

ညာတောင်ပံတွင် မိမိတပ်တော်နှင့်ကပ်လျက် တပ်တော်မှူးက တောင်းပန်သည့်အပြင် မိုကာက ခွင့်ပေးသဖြင့် တပ်တော်မှူး ကလု[2]သည် ပြင်သစ်ပြည်တွင်း ချီတက်နေရာမှ အချိန်မကျသေးမီ အရှေ့ဘက်သို့ ကွေ့ဝင်ခဲ့လေသည်။ ထိုအခွင့်ကောင်းကိုယူ၍ ပြင်သစ်တပ်များက ပါရီမှထွက်၍ ပွင့်နေသည့် ဂျာမန်ညာတောင်ပံကို တန်ပြန်တိုက်ခိုက်သောအခါ အဆုံးအဖြတ်ပေးနိုင်မည့် တောင်ပံတွင် ပြင်သစ်အင်္ဂလိပ်တပ်မ ၂၇ ခုကို ရင်ဆိုင်ရန် ဂျာမန်တပ်မ ၁၃ ခုသာ ရှိခဲ့လေသည်။ ရှလီဖန်၏စီမံချက်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်ဆောင်ခဲ့ခြင်းကြောင့် ဂျာမန်ညာတောင်ပံမှာ အလွန်ပင်အားနည်းလျက်ရှိချေပြီ ဂျာမန်တို့ ညာတောင်ပံတွင် အားနည်းရသည်မှာ ညာတောင်ပံမှတပ်များကို တဖြည်းဖြည်း အခြားနေရာများတွင် ထုတ်နုတ် သုံးစွဲခဲ့ရသောကြောင့်ဖြစ်ပြီး ပြင်သစ်များက အနောက်ဘက် (ဂျာမန်ညာတောင်ပံ)တွင် အင်အားသာလွန်ရသည်မှာ ဂျာမန်ဘယ်တောင်ပံက ထင်ရာစိုင်းခဲ့သောကြောင့် ဖြစ်လေသည်။

အကယ်၍သာ ပြင်သစ်တပ်များကို လောရိန်းနယ်ထဲသို့ နက်ရှိုင်းစွာ ဝင်ရောက်ခွင့်ပေးခဲ့ပါက ယင်းသို့ အနောက်ပိုင်းသို့ ပြင်သစ်တပ်များ ပို့ပေးနိုင်မည်မဟုတ်ချေ။ ဂျာမန် ညာတောင်ပံမှ အင်အားကို ထုတ်နုတ်မသုံးစွဲသည့်တိုင်အောင် ယင်းတောင်ပံအင်အားကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ခက်ခဲမည်ဖြစ်၏။ အကြောင်းမူကား ဘယ်ဂျီယန်တပ်များက မြူ(စ)မြစ်ပေါ်ရှိ တံတားများကို ဖျက်ဆီးထားခဲ့၍ ဩဂုတ်လ ၂၄ ရက်နေ့အထိ ဂျာမန်တို့သည် လီချ်[2]ကို လွန်၍ ရထားများကို မသုံးနိုင်ခဲ့ချေ။ လီချ်လွန်၍ သုံးစွဲနိုင်သည့်အခါတွင်လည်း လမ်းခွဲများကိုသာ သုံးစွဲရသဖြင့် ခရီးမရောက်ခဲ့ချေ။ ယင်းရထားအခက်အခဲကြောင့် ညာတောင်ပံကို မူလစီစဉ်ထားသည့်အတိုင်း စစ်ကူပို့မထားနိုင်ခဲ့ချေ။ ညာတောင်ပံမှ တပ်တော်သုံးခုစလုံးအတွက် ရိက္ခာပစ္စည်းမှန်သမျှကို ရထားလမ်းမှသာ ပို့ပေးရ၏။ ပြင်သစ်နှင့် ဗြိတိသျှတပ်များက နောက်သို့ဆုတ်ခွာရာတွင် ဖျက်ဆီးမှုများ ပြုလုပ်ထားခြင်းကြောင့်လည်း ဂျာမန်တို့ ရိက္ခာပို့ရ ပို၍ခက်ခဲခဲ့

---

၁။ Antwerp, Givet, Maubauge

၂။ Kluck

၂။ Liege

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မန်းမြစ်သို့ရောက်သည့်အချိန်တွင် ဂျာမန်တပ်များမှာ စစ်ရှုံးတပ်များအသွင် ပေါက်နေကြပြီဖြစ်၏။ တိုက်ပွဲတွင် ရှုံးရခြင်းမဟုတ်ဘဲ ဆက်တိုက်ချီတက်ခဲ့ရ၍လည်းကောင်း၊ ရိက္ခာမှန်မှန်မရ၍လည်းကောင်း စစ်ပန်းနေကြခြင်း ဖြစ်လေသည်။ အကယ်၍သာ မိုကာက ညာတောင်ပံမှတပ်များကို ထုတ်နုတ်သုံးစွဲခြင်း မပြုလုပ်ခဲ့လျှင် ဂျာမန်တပ်များ ရိက္ခာအခြေအနေမှာ ယခုထက် ဆိုးရွားမည်ဖြစ်၏။

အမေရိကန်ပြည်တွင်းစစ်မှ သင်ခန်းစာကို သတိရသူ အလွန်နည်း၏။ ယခုလည်း ယင်းအမှားမျိုး ထပ်၍မှားခဲ့ကြခြင်း ဖြစ်ပေသည်။ မီးရထားများ ပေါ်ပေါက်လာပြီး ယင်းဆက်သွယ်ရေးလမ်းကြောင်း (ဖျက်ရလွယ်၍ မှုသေစွဲထားသော ရထားလမ်းများဖြစ်၏။)အပေါ် အမှီပြုရသော တပ်များမှာ တဖြည်းဖြည်း ပိုများလာခြင်းကြောင့် ရေရှည်စစ်များတွင် ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်မှုများ၊ ရိက္ခာပြဿနာများ ပေါ်ပေါက်ခဲ့ရလေသည်။ ယင်းမှာ အမေရိကန်ပြည်တွင်းစစ်မှ ရခဲ့သော သင်ခန်းစာဖြစ်ပြီး ယခု ဂျာမန်တပ်များကလည်း ယင်းအမှားမျိုး ထပ်၍မှားခဲ့ခြင်းဖြစ်၏။

မန်းတိုက်ပွဲတွင် နည်းဗျူဟာနှင့် မဟာဗျူဟာနယ်ပယ်မှာ ရောထွေးနေပေ၏။ ယင်းတိုက်ပွဲမှာ ပထမကမ္ဘာစစ်၏ ကံကြမ္မာကို ပြောင်းပြန်ပြန်ပေးလိုက်သော တိုက်ပွဲဖြစ်လေသည်။ ချဉ်းကပ်မှုပြဿနာနှင့် ပတ်သက်၍လည်း လေ့လာရန် အချက်များစွာတွေ့ရ၏။ ယင်းအချက်များကို လေ့လာနိုင်ရန် နောက်ခံအကြောင်း အရာအချို့ကိုပါ တင်ပြရပေမည်။

လောရိန်းနယ်တွင် ဂျော်ဖရေ၏ ပြင်သစ်တပ်များ နောက်ဆုတ်ပေးရပြီးနောက် အာဒင်းသစ်တောဘက်တွင် ရင်ဆိုင်တိုက်ကြရ၍ ပြင်သစ်အလယ် စစ်မျက်နှာမှ တပ်များ နောက်သို့ဆုတ်ပေးရပြန်၏။ ပြင်သစ်ဘယ်တောင်ပံကလည်း နောက်ကျမှ ဘယ်ဘက်သို့ ထပ်၍ နယ်မြေတိုးယူရပြီး ဆမ်ဘား[၁]နှင့် မြူ(စ) အကြားတွင် ရန်သူတို့က ပိတ်မည့်ဘောမှ သီသီလေး လွတ်လာခဲ့ရလေသည်။

စီမံချက် ၁၇ မှာ ပြိုကွဲခဲ့ပြီဖြစ်သဖြင့် ဂျော်ဖရေသည် အပျက်အစီးများကြားမှ စီမံချက်အသစ်တစ်ရပ် ပြုလုပ်ပြန်၏။ ဗာဒွန်ကို မဏ္ဍိုင်ထားပြီး ပြင်သစ်ဘယ်တောင်ပံနှင့် အလယ်ပိုင်းတပ်များကို နောက်သို့ ဆုတ်ပေးမည်။ ထို့နောက် ပြင်သစ်ညာတောင်ပံမှ အသားကျသွားပြီဖြစ်သော တပ်အချို့ကို ထုတ်နုတ်၍ တပ်တော်အသစ်တစ်ခု (အမှတ် ၆ တပ်တော်) ဖွဲ့စည်း၍ ဘယ်တောင်ပံတွင် အသုံးပြုရန် ဖြစ်လေသည်။

---

၁။ Sambre



ဂျာမန်ဘက်တွင်မူ အစပိုင်း၌ စစ်မြေပြင်တပ်မှူးများက အမှန်ဖြစ်သည်ထက် ပို၍ကား၍ အောင်ပွဲသတင်းများ ပို့ခဲ့ခြင်းကြောင့် ဂျာမန်စစ်ဌာနချုပ်က မိမိတို့ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲရရှိပြီးဖြစ်သည်ဟု ယူဆခဲ့၏။ သို့သော် သုံ့ပန်း ဖမ်းဆီးမိသည်မှာ အလွန်နည်းနေသဖြင့် မိုကာသည် သံသယဝင်လာပြီး အခြေအနေကို ပြန်လည်သုံးသပ်သောအခါ စိုးရိမ်စိတ် ပိုများလာ၏။ မိုကာက စိုးရိမ်စိတ်များနေစဉ် စစ်မြေပြင်တပ်မှူးများက အလွန်စိတ်ဓာတ်တက်ကြွနေပြီး ယင်းအခြေအနေ၌ စစ်စီမံချက်ကို ပြင်ဆင်ကြရာ ဂျာမန်စစ်စီမံချက်တစ်ခုလုံး ပြိုကွဲပျက်စီးမည့် အချက်များ စီမံချက်တွင် ပါဝင်လာခဲ့လေသည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ဗြိတိသျှဘယ်တောင်ပံသည် စစ်ရေးရှုံးနိမ့်ပြီး လီကာတိုးမှ တောင်ဘက်သို့ ဆုတ်ခွာလာသောအခါ ကလု လက်အောက်မှ ဂျာမန်အမှတ် ၁ တပ်တော်သည် အနောက်တောင်ဘက်သို့ ဆက်လက်ချီတက်လျက် ရှိ၏။ ယင်းသို့ အနောက်တောင်ဘက်သို့ ဂျာမန်တပ်များ ဆက်လက်ချီတက်ရခြင်းမှာ ဗြိတိသျှတပ်များက မှားယွင်းစွာ လီကာတိုတောင်ဘက်သို့ ဆုတ်ခွာသောကြောင့် ဖြစ်သည့်အပြင် ကလုအား မူလပေးထားခဲ့သော တာဝန်မှာလည်း ယင်းသို့ ဝေးလံစွာ ချီတက်ဝိုင်းပတ်ရန် ဖြစ်သောကြောင့် အနောက်တောင်ဘက်သို့ ဂျာမန်တပ်များအား ဆက်လက်ချီတက်စေခြင်း ဖြစ်လေသည်။ ဂျာမန်တပ်များ အမင်း–ပီရုံးနေရာသို့ ရောက်လာကြသောအခါ အသစ်ဖွဲ့စည်းထားသော ပြင်သစ် အမှတ် ၆ တပ်တော်သည် ယင်းဒေသတွင် ရထားလမ်းများပေါ်မှ ဆင်းခါစ ရှိသေး၏။ လောရိန်းမှ ရောက်လာကြသော ပြင်သစ်စစ်ကူတပ်များ ဖြစ်လေသည်။ အမှတ် ၆ တပ်တော်က နောက်သို့ အလျင်အမြန် ပြန်ဆုတ်ပေးရခြင်းကြောင့် ဂျော်ဖရေ မျှော်မှန်းသလို စောစောတန်ပြန်ထိုးစစ် မဆင်နွှဲနိုင်ခဲ့ချေ။

ကလုအနေနှင့် အနောက်တောင်ဘက်သို့ ဆက်လက်ချီတက်ခါစမှာပင် အတွင်းပိုင်း(အရှေ့ဘက်သို့) ပြန်၍ဝင်လာရန် အကြောင်းများ ဖြစ်ပေါ်လာခဲ့လေသည်။ ဗြိတိသျှတို့ ဝင်အတိုက်ခံနေရခြင်းမှ သက်သာရာရစေရန် ဗြိတိသျှများနှင့် ကပ်လျက်ရှိသော လန်ရီဇက်[၁](ပြင်သစ်)၏ တပ်တော်အား ပြန်လှည့်၍ ဂျာမန်များအား တိုက်ရန် ဂျော်ဖရေက အမိန့်ပေးခဲ့လေသည်။ လန်ရီဇက်တပ်တော်နှင့် ရင်ဆိုင်ရသူများမှာ ကလုတပ်တော်နှင့် ကပ်လျက်ရှိသည့် ဗိုလ်ချုပ်ကြီး ဘူလိုး[၂]အုပ်ချုပ်သော အမှတ် ၂ ဂျာမန်တပ်တော်ဖြစ်၏။ ယင်းသို့ မမျှော်

---

၁။ Lanrezac
၂။ General Bulow

www.burmeseclassic.com

www.burmeseclassic.com




မှန်းဘဲ ပြင်သစ်တို့က တန်ပြန်တိုက်ခိုက်မှုကြောင့် ဘူလိုးက ကလုအား စစ်ကူ တောင်းတော့၏။ စင်စစ် ဂျာမန်စစ်ကူမရောက်သေးမီ ဩဂုတ်လ ၂၉ ရက်နေ့မှာ ပင် လန်ရီဇက်၏ထိုးစစ်မှာ ရပ်တန့်နေပြီဖြစ်လေသည်။ သို့သော် လန်ရီဇက့်တပ် များ နောက်သို့ဆုတ်ခွာရာတွင် ဖြတ်တောက်နိုင်ရန် ကလုတပ်များအား အတွင်း ဘက်သို့ ကွေ့ချီတက်ရန် ဘူလိုးက တောင်းပန်ခဲ့လေသည်။ ကလုက အတွင်း ဘက်သို့ ချီတက်ခြင်းမပြုမီ မိုကာထံ အမိန့်တောင်းခံခဲ့၏။ ယင်းသို့ ကလုက ပြန်လည် အမိန့်တောင်းခံခဲ့သည့်အချိန်တွင် မိုကာသည် ရန်သူသို့ပန်းများစွာ ဖမ်းမမိဘဲ မကြာခဏ လွတ်မြောက်သွားကြခြင်းကြောင့် စိတ်ပျက်နေချိန် ဖြစ် လေသည်။ အထူးသဖြင့် ဂျာမန် အမှတ် ၂ နှင့် အမှတ် ၃ တပ်တော်အကြား ကွက်လပ်ဖြစ်နေသည်ကို မိုကာက သဘောမကျချေ။ ထို့ကြောင့် ကလုတပ်တော် အတွင်းဘက် ချိုးဝင်ခြင်းကို မိုကာက သဘောတူလိုက်လေ၏။ ယင်းသို့ပြုခြင်း ဖြင့် ပါရီတောင်ဘက်ကွေ့ပြီးမှ အတွင်းဘက်ဝင်ရန် ဂျာမန်တို့ မူလအစီအစဉ်ကို စွန့်လွှတ်ခဲ့လေသည်။ ထို့ကြောင့် ဂျာမန်တပ်များသည် ပါရီမရောက်မီ အတွင်း ဘက်သို့ ကွေ့ဝင်ရသည်ဖြစ်သဖြင့် ယင်းတို့စစ်နံသည် ပါရီခံကတုတ်များရှေ့မှ ဖြတ်၍ ချီတက်ရသလို ဖြစ်နေလေသည်။ လုံခြုံမှုကို ထောက်ထား၍ ဂျာမန် စစ်မျက်နှာကို ချုံ့လိုက်ရပြီး တိုက်ရိုက်ချဉ်းကပ်လိုက်ခြင်းဖြင့် ရှလီဖန်စီမံချက် တွင် ဝေ■လံစွာ ကွေ့ပတ်ချီတက်ပြီးမှ အတွင်းပိုင်းသို့ ချိုးဝင်၍ ရရှိမည့်အကျိုး တို့ကို မိုကာနှင့် ဂျာမန်တပ်များက စွန့်လွှတ်လိုက်ကြရ၏။ အမှန်ဖြစ်လာရသည် ကား လုံခြုံမှု ပို၍မရှိသည့်အပြင် ရန်သူက အသေထိုးနိုင်သည့်ချက်ကောင်းကို ဖွင့်ပေးမိသလို ဖြစ်ခဲ့ရလေသည်။

မူလစီမံချက်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ချက်ကို စက်တင်ဘာလ ၄ ရက် နေ့တွင် ဂျာမန်တို့က ချမှတ်ခဲ့လေသည်။ ပို၍ကျဉ်းမြောင်းသည့် ဝိုင်းပတ်ခြင်း ကို မိုကာက ဆုံးဖြတ်ခဲ့ပြီး ပြင်သစ်အလယ်ပိုင်းတပ်များနှင့် ပြင်သစ် ညာတောင်ပံ ကိုသာ ချေမှုန်းရန် ရည်မှန်းခဲ့လေသည်။ ဂျာမန်အလယ်ပိုင်းတပ်များဖြစ်သော အမှတ် ၄ နှင့် ၅ တပ်တော်များသည် အရှေ့တောင်ဘက်သို့လည်းကောင်း၊ အမှတ် ၆၊ ၇ တပ်တော်များသည် အနောက်တောင်ဘက်သို့လည်းကောင်း ချီတက် စေခြင်းဖြင့် တိုးနှင့် အက်ပီနားကြား ပြင်သစ်ခံတပ်များကို ဖောက်ထွက်စေ၍ ဗာဒွန်တစ်ဖက်တစ်ချက်မှ ပြင်သစ်တပ်များကို ပိတ်မိရန် တိုက်ခိုက်စေမည်။

သို့သော် ဂျာမန်တို့က စီမံချက်အသစ်ကို အကောင်အထည် မဖော်နိုင်မီ မှာပင် ပြင်သစ်တပ်များက တုံ့ပြန်ထိုးနက်ခဲ့လေသည်။






အနောက်ပိုင်း စစ်မျက်နှာ ပထမ ကမ္ဘာစစ် (၁၉၁၄ - ၁၉၁၈)

www.burmeseclassic.com

www.burmeseclassic.com



ဂျော်ဖရေက အခွင့်ကောင်းကို မမြင်သေးဘဲ ပြင်သစ်တပ်များအား နောက်သို့ ဆက်လက်ဆုတ်ခွာရန်သာ အမိန့်ပေးခဲ့၏။ ချက်ကောင်းကို မြင်ခဲ့သူမှာ ပါရီစစ်ဘုရင်ခံ ဂယ်လီနီ[၁] ဖြစ်လေသည်။ ကလုတပ်တော်အတွင်းပိုင်းသို့ ကွေ့ဝင်လာသည်ကို စက်တင်ဘာလ ၃ ရက်တွင် ဂယ်လီနီက သိရှိခဲ့ပြီး ပြင်သစ်အမှတ် ၆ တပ်တော် (မနော်ရီ[၂]၏တပ်တော်)က ဂျာမန်စစ်နံကို တိုက်ခိုက်ရန် အသင့်ဖြစ်နေစေရန် အမိန့်ပေးခဲ့လေသည်။ နောက်တစ်နေ့လုံး ဂျော်ဖရေ စစ်ဌာနချုပ်တွင် တန်ပြန်ထိုးစစ်ဆင်နွှဲရေး မဆင်နွှဲရေးကို ငြင်းခုံနေခဲ့ကြ၏။ ဗိုလ်မှူးဂယ်မလင်[၃]က ချက်ချင်း တန်ပြန်ထိုးစစ်ဆင်နွှဲရေးကို သဘောကျပြီး (ဂယ်မလင်မှာ ဂျော်ဖရေ၏ စစ်ဘက်အတွင်းရေးမှူးဖြစ်၏။) စစ်ဦးစီးအဖွဲ့မှ တန်ခိုးအထက်ဆုံး ဗိုလ်ချုပ်ကြီး ဘာသလော့[၄]က ချက်ချင်း တန်ပြန်ထိုးစစ် မဆင်နွှဲလိုချေ။ ထိုညနေတွင် ဂယ်လီနီကိုယ်တိုင် ပါရီမှ တယ်လီဖုန်းနှင့်ဆက်၍ ခွင့်တောင်းတော့မှ ဂျော်ဖရေက တန်ပြန်ထိုးစစ်ဆင်နွှဲရန်ကို သဘောတူညီခဲ့လေသည်။ ထိုးစစ်ဆင်နွှဲရန် လိုအပ်သည်ကို သိရှိပြီး ဂျော်ဖရေသည် လုပ်အပ်သည်တို့ကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ပါသည်။ ပြင်သစ်တပ်တော် တောင်ပံတစ်ခုလုံး နောက်ပြန်လှည့်၍ စက်တင်ဘာလ ၆ ရက်နေ့တွင် တန်ပြန်ထိုးစစ်ဆင်နွှဲရန် အမိန့်ထုတ်ခဲ့လေသည်။

မနော်ရီက ၅ ရက်နေ့မှာပင် တန်ပြန်ထိုးစစ်ဆင်နွှဲရန် စတင်ခဲ့ပြီး ဂျာမန်များက မိမိတို့တောင်ပံကို ခြိမ်းခြောက်ခြင်းခံရပြီဖြစ်သဖြင့် ကလုက မိမိတပ်တော်အား ယင်းခြိမ်းခြောက်မှုကို တုံ့ပြန်ကာကွယ်ရန် လုပ်ဆောင်ရတော့၏။ ယင်းလုပ်ဆောင်မှုကြောင့် ဂျာမန်အမှတ် ၁ နှင့် ၂ တပ်တော်အကြား မိုင် ၃၀ ကွက်လပ် ဖြစ်ပေါ်ခဲ့လေသည်။ ယင်းနေရာ၌ ဂျာမန်မြင်းတပ် အနည်းငယ်သာ ရှိ၏။ ကလုက ဤသို့ ကွက်လပ်ဖြစ်ပေါ်သည်အထိ စွန့်စားခဲ့သည်မှာ ယင်းနေရာနှင့် မျက်နှာချင်းဆိုင်တွင် ဗြိတိသျှတပ်များရှိ၍ သူတို့နောက်သို့ အလျင်အမြန် ဆုတ်နေသည်ကို ကလုက သိရှိခဲ့သဖြင့် ကွက်လပ်ဖြစ်ပေါ်သည်အထိ သူ့တပ်တော်ကို ပြင်သစ်များနှင့် ရင်ဆိုင်စေခြင်း ဖြစ်လေသည်။ ၅ ရက်နေ့မှာပင် ဗြိတိသျှတပ်များသည် နောက်သို့လှည့်၍ ရန်သူကို ရင်မဆိုင်သေးဘဲ ဆက်လက်၍သာ ဆုတ်ခွာဆဲ ဖြစ်လေသည်။

သို့သော် ယင်းသို့ ဗြိတိသျှတပ်များ ဆက်လက်ဆုတ်ခွာခြင်းကြောင့်ပင်လျှင် မမျှော်လင့်ဘဲ သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကို မဟာမိတ်များက အသုံးပြု

၁။ Gallieni
၂။ Maunoury
၃။ Gamelin
၄။ Berthelot



မိလျက်သား ဖြစ်နေပြီး အောင်ပွဲခံနိုင်ရန် အုတ်မြစ်ချမိခြင်းပင် ဖြစ်လေသည်။ ဗြိတိသျှတို့က နောက်ပြန်လှည့်၍ ဂျာမန်တို့ကို ရင်ဆိုင်သောအခါ ကွက်လပ်ကြားနေရာကို ခြိမ်းခြောက်သည်ဟု ယူဆ၍ ဘူလိုးက မိမိအမှတ် ၂ တပ်တော်ကို နောက်သို့ စတင်ဆုတ်ခွာရန် အမိန့်ပေးခဲ့လေသည်။ ဂျာမန် အမှတ် ၁ တပ်တော်မှာလည်း မနောရီတပ်များကို အောင်နိုင်နေပါလျက် အမြတ်ထုတ် စစ်ဆင်ခြင်း မပြုနိုင်တော့ဘဲ ခွာစစ်ဆင်ရန် အမိန့်ပေးရတော့၏။

၁၁ ရက်နေ့တွင် မိုကာက အမိန့်ပေး၍သော်လည်းကောင်း၊ မိမိတို့ဘာသာသော်လည်းကောင်း ဂျာမန်တပ်တော်အားလုံးသည် နောက်သို့ဆုတ်ခွာနေကြပြီ ဖြစ်လေသည်။ ဗာဒွန်ကို မရှောင်ပြု၍ ပြင်သစ်တပ်များကို ဝိတ်ဝိုင်းဖမ်းဆီးရန် လုပ်ဆောင်ချက်မှာလည်း မအောင်မြင်ခဲ့ချေ။ အမှတ် ၆ နှင့် ၇ တပ်တော်များကို ယင်းသို့ ပိတ်ဆို့ရန် တာဝန်ပေးခဲ့ရာ အရှေ့ပိုင်း ပြင်သစ်ခံစစ်အနေအထားများကို ကျော်လွှားနိုင်ခြင်း မရှိခဲ့ချေ။ စစ်မဖြစ်ပွားမီကပင် ယင်းပြင်သစ်ခံစစ်အနေအထားများကို တိုက်ရိုက် တိုက်ခိုက်ရမည်မဟုတ်ဟု ယူဆ၍ ကြားနေ ဘယ်ဂျီယံနိုင်ငံကိုဖြတ်ပြီး ချီတက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သော ဂျာမန်ဦးစီးအဖွဲ့သည် ယခုတစ်ဖန် ရှလီဖန် စီမံချက်ကို ပြုပြင်လုပ်ဆောင်ရာတွင် ပြင်သစ်ခံတပ်များကို တိုက်ရိုက်တိုက်ခိုက်၍ ဝိုင်းပတ်ချေမှုန်းရန် ကြံစည်ခဲ့ခြင်းမှာ အံ့သြဖွယ်ကောင်းလှပေသည်။

ထို့ကြောင့် ခြုံ၍ဆိုရသော် မန်းတိုက်ပွဲသည် **အက်သံနှင့် ကွဲသံ**[၁] နှစ်ခုကြောင့် အဆုံးအဖြတ် ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ ဂျာမန်ညာတောင်ပံကို မနော်ရီတပ်များက တိုက်ခိုက်ခဲ့၍ **အက်သံ** ပါလာပြီး ဂျာမန်တပ်များ အဆက်နေရာတွင် ကွဲခဲ့ခြင်းဖြစ်လေသည်။ ယင်းသို့ ရုပ်ပစ္စည်းပိုင်းမှကွဲသည်တွင် ဂျာမန်စစ်ဌာနချုပ်တွင် စိတ်ဓာတ်ရေးရာပါ **ကွဲသံ**ပါလာခဲ့လေသည်။

ယင်းနောက်ခံကို သိရှိပြီးသည့်အခါတွင် ကလုတပ်များ လီကာတိုးအလွန်တွင် အပြင်ပိုင်းသို့ကွေ့ချီတက်ခြင်း တည်းဟူသော သွယ်ဝိုက်ချဉ်းကပ်မှုကြောင့် ဂျော်ဖရေ၏ စောစောတန်ပြန်ထိုးစစ်ဆင်ရန် စီမံချက်ပျက်ပြားရခြင်းကိုလည်းကောင်း၊ ပြင်သစ်နှင့် ဗြိတိသျှတပ်များ နောက်သို့တချိုးတည်း ဆုတ်ကြရခြင်းကိုလည်းကောင်း နားလည်နိုင်မည် ဖြစ်ပေသည်။ တစ်ဖန် ကလုတပ်များအတွင်းဘက်သို့ ကွေ့လိုက်သောအခါ တိုက်ရိုက်ချဉ်းကပ်နည်းဖြစ်သောကြောင့် ဂျာမန်စီမံချက် ပျက်ပြားခဲ့ရသည်ကို တွေ့နိုင်ကြမည်ဖြစ်ပေသည်။ မိုကာ၏ မဟာဗျူဟာမှာလည်း တဖြည်းဖြည်း တိုက်ရိုက်ချဉ်းကပ်မှု ဖြစ်လာပြီး ဂျာမန်ဘယ်တောင်ပံ

၁။ A jar and a crack

www.burmeseclassic.com

www.burmeseclassic.com



က ရှေ့တည့်တည့်မှ တိုက်ခြင်းမှာ လုံးဝအကျိုးမရှိဘဲ ထိခိုက်ကျဆုံးမှု များပြားခြင်းသာ အဖတ်တင်ခဲ့လေသည်။

ဂျော်ဖရေက မိမိတပ်များကို နောက်သို့ဆုတ်ခွာပေးခြင်းမှာ သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာအရ ပြုလုပ်ခဲ့သည်မဟုတ်ချေ။ မန်းတွင် ပေါ်ပေါက်လာသော အခွင့်အရေးမှာ ဂျော်ဖရေနှင့် မဟာမိတ်များက ဖန်တီးခြင်းကြောင့်သော်လည်းကောင်း၊ အခွင့်အရေးကို စောင့်နေ၍သော်လည်းကောင်း ရရှိလာခြင်းမဟုတ်ဘဲ သူ့အလိုအလျောက် (ဂျာမန်တို့ မိုက်မဲ၍သာ) ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

ဂျာမန် အမှတ် ၁ နှင့် အမှတ် ၂ တပ်တော်များက ဘေးကာတပ်များ မထုတ်နိုင်မီ ဂယ်လီနီက ပါရီမှထွက်၍ တိုက်ခိုက်ခြင်းမှာ အချိန်မီအခွင့်အရေးကို ယူလိုက်ခြင်းဖြစ်ပေသည်။ သို့သော် ချဉ်းကပ်ပုံမှာ တိုက်ရိုက်ဖြစ်နေသဖြင့် အဆုံးအဖြတ်ပေးနိုင်သောအောင်ပွဲ မရလိုက်ပေ။ ဂျော်ဖရေ တိုက်တွန်းညွှန်ကြားသလို မန်းတောင်ဘက်တွင်တိုက်လျှင် ပို၍ပင် တိုက်ရိုက်ချဉ်းကပ်မှု ဖြစ်ပေလိမ့်မည်။ နောက်ဆုံး ဂျာမန်တပ်များ နောက်သို့ဆုတ်ခွာကြသည်မှာ မဟာမိတ်ဘက်မှ သွယ်ဝိုက်၍ ချဉ်းကပ်မှု မဟာဗျူဟာကို (၎င်းတို့ကိုယ်တိုင်သိ၍ မဟုတ်ဘဲ) မမျှော်လင့်ဘဲ ကျင့်သုံးမိလျက်သား ဖြစ်သွားသောကြောင့် ဖြစ်ပေ၏။ အဖြစ်အပျက်တစ်ခုကို "သမိုင်းဝင်ပြက်လုံး"[1] ဟု ခေါ်ရမည့်ကဲ့သို့ ရှိချေ၏။ ယင်းမှာ ဘီအီးအက်တပ် တရှိုးတည်းဆုတ်ခွာခဲ့ခြင်းပင် ဖြစ်လေသည်။ နောက်တစ်နေ့ကျမှ ရန်သူနှင့် ရင်ဆိုင်ရန် ပြန်လှည့်ချီတက်သောအခါ ဂျာမန်ဟာကွက်ကို ငြိမ်းခြောက်မိလျက်သား ဖြစ်နေတော့၏။ ဗြိတိသျှတပ်များ လုပ်ပုံကိုင်ပုံ လေးလံသည်ကို ပြင်သစ် စစ်သုတေသီများက အပြစ်ပြောကြ၏။ စင်စစ် ဤကဲ့သို့ နှေးကွေးခဲ့၍သာ အခွင့်အလမ်းကောင်းကို ရရှိလိုက်ခြင်းဖြစ်လေသည်။ ခေတ်သစ် ယုန်နှင့်လိပ် ဥပမာနှင့်ပင် တူသေးတော့၏။ ဘီအီးအက်ကသာ နောက်လှည့်ချီတက်ခြင်း လျင်မြန်ပါက ဂျာမန်တပ်များအကြားကွက်လပ်မှာ ဤမျှ ကြီးကောင်းမှ ကြီးကျယ်ပေမည်။ မနော်ရီ၏ တန်ပြန်ထိုးစစ်မှာလည်း အရာရောက်ကောင်းမှ ရောက်မည်။ အကြောင်းမူက မနော်ရီတပ်များကို ရင်ဆိုင်ရန် ဂျာမန်တပ်မကြီးနှစ်ခုကို စေလွှတ်သောအခါ (ဂျာမန်တပ်တော်နှစ်ခုအကြား ကွက်လပ်ဖြစ်ပေါ်စေခဲ့ပြီး) မနော်ရီ၏ ထိုးစစ်မှာ အရှိန်သေနေပြီ ဖြစ်လေသည်။ ဂျာမန်တပ်မကြီးနှစ်ခုသည် မန်းတိုက်ပွဲတွင် ပါဝင်ခဲ့ရခြင်းမရှိပေ။

ဂျာမန်တပ်များ နောက်သို့ ဆုတ်ခွာခဲ့ရသည့် အကြောင်းရင်းကို ဆန်းစစ်လေ့လာသောအခါ အများ ဂရုမထားခဲ့သော အချက်တစ်ချက်ကို ထည့်သွင်း

၁။ Historical Comedy



တွက်ချက်ရန်လို၏။ ဂျာမန်စစ်ဌာနချုပ်တွင်ရရှိခဲ့သော သတင်းတစ်ရပ်ကြောင့် ယင်းသို့ ဂျာမန်များ ဆုတ်ခွာခဲ့ခြင်း ဖြစ်လေသည်။ ယင်းသတင်းမှာ ဘယ်ဂျီယံကမ်းခြေတွင် မဟာမိတ်တပ်များ ကမ်းတက်တိုက်နေကြပြီဟု ဆိုထားသဖြင့် ဂျာမန်နောက်ပိုင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်တိုက်ခိုက်နိုင်သည့် အန္တရာယ်ရှိခြင်းကြောင့် ဂျာမန်စစ်ဦးစီးအဖွဲ့သည် အတော်စိုးရိမ်တုန်လှုပ်ခဲ့ရလေသည်။ ထို့ကြောင့် မန်းတိုက်ပွဲ မစမီမှာပင် ဂျာမန်စစ်ဌာနချုပ်က မိမိတပ်တော်များကို ပြန်ဆုတ်ရန် စဉ်းစားနေပြီဖြစ်၏။

စက်တင်ဘာလ ၃ ရက်နေ့တွင် ဂျာမန်စစ်ဌာနချုပ်မှ စေလွှတ်လိုက်သော ဒုဗိုလ်မှူးကြီးဟင့်[1] ဆိုသူသည် အမှတ် ၁ တပ်တော်ဌာနချုပ်သို့ ရောက်လာပြီး အောက်ပါအတိုင်း ပြောဆိုခဲ့လေသည်။

"သတင်းကတော့ မကောင်းဘူး၊ အမှတ် ၆ နဲ့ ၇ တပ်တော်ဟာ နန်စီအက်ပီနာမှာ ရှေ့ဆက်မတက်နိုင်ဘူး၊ အမှတ် ၄ နဲ့ ၅ တပ်တော်တွေလဲ ပြင်းပြင်းထန်ထန် ခုခံမှုနဲ့ တွေ့နေရတယ်၊ ပြင်သစ်တွေဟာ သူတို့ ညာတောင်ပံကနေ ပါရီကို စစ်ကူတွေ ပို့နေကြပြီ၊ ဗြိတိသျှတွေကလဲ သူတို့တပ်အသစ်တွေကို ဘယ်ဂျီယန်ကမ်းခြေကို ဆက်တိုက် ပို့နေကြတယ်၊ ရုရှကတောင် အဲဒီနေရာတွေကို သူတို့တပ်တွေ ပို့နေတယ်ကြားရတယ်၊ မလွဲမသွေ ဂျာမန်တပ်တွေ ခွာစစ်ဆင်ကြရတော့မှာပဲ"

စင်စစ် အော်စတင်[2] သို့ ဗြိတိသျှ မရင်းတပ်ရင်း ၃ ခုကိုသာ ပို့ခဲ့၍ ၄၄ နာရီသာ ယင်းနေရာတွင်နေခဲ့သည်ကို စစ်သည် ၄၀၀၀၀ ပါသော ဗြိတိသျှတပ်မကြီးသည် ဘယ်ဂျီယံတွင် ကမ်းတက်တိုက်နေပြီဟု ဂျာမန်စစ်ဌာနချုပ်က သတင်းရရှိခဲ့ခြင်း ဖြစ်သတည်း။

ဗြိတိသျှမီးရထားပေါ်တာတစ်ဦးက စိတ်ကူးယဉ်ရာမှ ရုရှကောလာဟလ ဖြစ်ပေါ်ခဲ့၏။ ဝှိုက်ဟော[3] တွင် "အညတရ မီးရထားပေါ်တာ" ရုပ်တု ထု၍ ကိုးကွယ်ဖို့တောင်ကောင်း၏။ အော်စတင်ကို ခေတ္တစီးနင်းတိုက်ခိုက်ခဲ့သူများနှင့် ရုရှားကောလာဟလတို့မှာ တကယ့်မန်းတိုက်ပွဲကို အောင်နိုင်ကြသူများဟု သမိုင်းဆရာတို့က ကောက်ချက်ချကောင်း ချကြပေလိမ့်မည်။

တစ္ဆေတပ်များကြောင့် ဂျာမန်စစ်ဦးစီးဌာန စိတ်ဓာတ်ချောက်ချားရခြင်းနှင့် အင်တဝပ်မှ ဘယ်ဂျီယံတပ်များက နောက်ပိုင်းမှ တိုက်ခိုက်မည်စိုး၍ (စက်တင်

၁။ Lt Col Hentsch
၂။ Ostend
၃။ White Hall ဗြိတိသျှအစိုးရ အဆောက်အဦများ ရှိသောလမ်းကို ဆိုလိုသည်။ (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com



ဘာလ ၉ ရက်တွင် တကယ်ပင် တိုက်ခိုက်ခဲ့၏။) ဂျာမန်တပ်များ ဘယ်ဂျီယံပြည်ထဲတွင် ချထားရခြင်းတို့ကို ထောက်ရှု၍ ဆာဂျွန်ဖရင့် အဆိုပြုခဲ့သည့် မဟာဗျူဟာမှာ နိုင်လုံပေသည်ဟု ယူဆရန်ရှိလေသည်။ ယင်းမဟာဗျူဟာကိုသာ လိုက်နာလုပ်ဆောင်ခဲ့လျှင် ဘီအီးအက်သည် မန်းတိုက်ပွဲတွင် အမှန်ပင် လွှမ်းမိုးမှုပြုနိုင်၍ တကယ်ဖြစ်ပျက်ခဲ့သလို ရပ်ကြည့်နေရသည့်အဖြစ်မျိုး ကြုံရမည်မဟုတ်ချေ။

ဂျာမန်နောက်ပိုင်းကို ဘယ်ဂျီယံကမ်းခြေမှ ခြိမ်းခြောက်အန္တရာယ်ပြုနိုင်သည်ကို ဖော်ကန်ဟိန်း[1]က သိမြင်ခဲ့၏။ ဖော်ကန်ဟိန်းမှာ မိုကာကို ဆက်ခံရသူဖြစ်လေသည်။ မိုကာနေရာကို ယူပြီးလျှင်ပြီးချင်း ပထမဆုံး ဖော်ကန်ဟိန်း လုပ်ဆောင်ခဲ့သည်မှာ အင်တဝပ်ကို ဂျာမန်တို့ သိမ်းပိုက်နိုင်ရေး ဖြစ်လေသည်။ ယင်းစစ်ဆင်ရေးတွင် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာဟု ခေါ်ဆိုနိုင်သည့် အခြေခံတို့ကို တွေ့နိုင်လေသည်။ လက်တွေ့လုပ်ဆောင်သည့်အခါတွင်မူ တိုက်ရိုက်ချဉ်းကပ်နည်းနှင့် ပို၍နီးစပ်သွားသည်ဖြစ်သော်လည်း မဟာမိတ်များကို အကြီးအကျယ် ဒုက္ခပေးနိုင်ခဲ့လေသည်။

မဟာမိတ်တပ်များက ဂျာမန်တို့ကို လိုက်စစ်ဆင်ခဲ့ရာ အေစနီတွင် စစ်ရှိန်တန့်သွားပြီဖြစ်လေသည်။ မနော်ရီ၏ တပ်များက ဂျာမန်ညာတောင်ပံကို ဝိုင်းမိရန် မလုပ်ဆောင်နိုင်သည်ကို တွေ့ရသောအခါ ဂျော့ဖရေသည် နံဘေးမှ ထပ်မံဝိုင်းရံတိုက်ခိုက်နိုင်ရန် ဒီကာတနော[2]ဦးစီးသည့် တပ်တော်အသစ်တစ်ခု ဖွဲ့စည်းခဲ့လေသည်။ သို့သော် ထိုအချိန်တွင် ဂျာမန်တပ်များသည် ပြန်လည်စုစည်းမိပြီဖြစ်၍ မိမိတို့ မျှော်မှန်းထားသည့်ဘက်မှ တိုက်ခိုက်လာမည့် ပြင်သစ်တပ်များအတွက် အသင့်ရှိနေကြလေပြီ။

နောက်လတွင်မူ တစ်ဖက်နှင့်တစ်ဖက် သူ့ထက်ငါ အနောက်ဘက်တောင်ပံကိုဝန်းရံမိရန် ကြိုးစားကြကုန်၏။ မည်သည့်ဘက်ကမှ ဝန်းရံနိုင်ခဲ့သည် မရှိချေ။ ရည်မှန်းချက် ထင်ရှားလွန်းနေ၍ နှစ်ဖက်သလုံး အကြောမခံရရန် အနောက်ဘက်သို့သာ တိုး၍ချီတက်တော့၏။ လူအများက ယင်းစစ်ဆင်ရေးကို "ပင်လယ်သို့ အပြေးပြိုင်ခြင်း"[3]ဟု တင်စားခေါ်ကြသော်လည်း ယင်းသို့ ကင်ပွန်းတပ်ခြင်းမှာ မှန်ကန်လှသည် မဟုတ်ချေ။ ယင်းစစ်ဆင်ရေး အကျိုးမရှိ မထိရောက်သည်ကို ဖော်ကန်ဟိန်းက ဂျော့ဖရေအရင် သိမြင်ခဲ့ပြီး အောက်တိုဘာလ ၁၄ ရက်နေ့တွင် မဟာမိတ်များ မချဉ်းရောက်မည့် မဟာဗျူဟာထောင်ချောက်တစ်ခုကို ချမှတ်

၁။ Falkanhayne.
၂။ De Castalnau.
၃။ The Race to The Sea.



လုပ်ဆောင်ခဲ့လေသည်။ နောက်ဆုံးဖွဲ့စည်းထားသော တောင်ပံတပ်တော်က မဟာမိတ်များကို ကာကွယ်ထားပြီး အင်တဝပ်ကို အောင်နိုင်ပြီဖြစ်၍ အသုံးပြုနိုင်လာပြီ ဖြစ်သော ဂျာမန်တပ်များနှင့် တပ်မကြီးအသစ် ၄ ခုကို တပ်တော်တစ်ခု ဖွဲ့စည်းခဲ့၏။ ယင်းတပ်တော်က ဘယ်ဂျီယန်ကမ်းခြေမှ တောင်ဘက်သို့ဆင်းပြီး မဟာမိတ်တပ်များအား နံဘေးနှင့် နောက်မှ ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်လေသည်။ မဟာမိတ်များက မိမိအကြံကို ရိပ်မိမည်စိုး၍ အင်တဝပ်မှဆုတ်ခွာသွားသော ဘယ်ဂျီယံတပ်တော်နောက်သို့ လိုက်စစ်ဆင်နေသည့် ဂျာမန်တပ်များကိုပင် ခေတ္တရပ်တန့်ရန် အမိန့်ပေးခဲ့လေသည်။

မဟာမိတ်တပ်များအတွက် ကံကောင်းသည်မှာ (ဘယ်ဂျီယံဘုရင်) အလ်ဘတ်က ဂျော့ဖရေတိုက်တွန်းသလို မိမိတပ်များအား တောင်ပံဝန်းရံသည့် စစ်ဆင်ရေးတွင် မပါဝင်စေဘဲ ပင်လယ်ကမ်းခြေဒေသမှာပင် နေရာယူစိုင်းထားခဲ့ခြင်း ဖြစ်၏။ ယင်းသို့ အလ်ဘတ် ဆုံးဖြတ်သည်မှာ သတိနှင့်လုပ်ဆောင်ချက်လော၊ တကယ်အခြေအနေမှန်ကို သုံးသပ်မိ၍လော မပြောနိုင်ပေ။ ထို့ကြောင့် ဂျာမန်တပ်များက ပင်လယ်ကမ်းခြေမှ တောင်ပိုင်းသို့ ဆင်းလာသောအခါ ဘယ်ဂျီယံတပ်များက ခံထားနိုင်ပြီးနောက်ပိုင်းတွင် ရေကာတာများကို ဖောက်ချ၍ မြေနိမ့်ပိုင်းတစ်ခုလုံး ရေလွှမ်းမိုးခဲ့သဖြင့် ဂျာမန်တပ်များ ချီတက်မှုကို အနှောင့်အယှက် ပေးနိုင်ခဲ့လေသည်။

ထိုအချိန်တွင် ဟေ့ဂ်တပ်မကြီးသည် အေစနီမှ အနောက်ဘက်သို့ ရောက်လာပြီဖြစ်၍ မဟာမိတ် ဘယ်တောင်ပံသည် အီပ်(ပ်)[1]တွင် ရောက်နေပြီ ဖြစ်လေသည်။ ဖော်ကန်ဟိန်းက မဟာမိတ်တပ် ဘယ်တောင်ပံကို တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်ရန် ဆုံးဖြတ်ရတော့၏။

စောစောပိုင်းက ချီတက်လာသော ဗြိတိသျှအလယ်ပိုင်းတပ်များနှင့် ညာတောင်ပံသည် ရှေ့သို့ ဆက်မတက်နိုင်ဖြစ်နေသောအခါ ဆာဂျွန်ဖရင့်က ဟေ့ဂ်၏ တပ်မကြီးအား ဂျော့ဖရေစီမံချက် အောင်မြင်စေရန် ပင်လယ်ဘက် တောင်ပံဝန်းရံရေးကို ဝင်ရောက်လုပ်ဆောင်ရန် အမိန့်ပေးခဲ့လေသည်။ မဟာမိတ်များအတွက် ကံကောင်းသည်မှာ ဟေ့ဂ်တပ်မကြီးက ရှေ့သို့ ဆက်လက်ချီတက်နေစဉ် ဂျာမန်ထိုးစစ်သည် အချိန်စော၍ ဆင်နွှဲခဲ့ခြင်းကြောင့် ထိုးစစ်မအောင်မြင် ဖြစ်လေသည်။ ပြင်သစ်တပ်များက ဟေ့ဂ်တပ်မကြီးက ထိုးစစ်ဆင်နွှဲနေပြီဟု ထင်မှတ်ကြသော်လည်း စင်စစ် ဟေ့ဂ်သည် မိမိနေရာမှ နောက်မဆုတ်ရအောင် အနိုင်နိုင်ကြိုးစားခဲ့ရ၏။

၁။ Ypres.

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှနှင့် ပြင်သစ်တပ်မှူးများက အခြေအနေမှန်ကို မသုံးသပ်နိုင်ခဲ့ခြင်းကြောင့် အိ(ပ)တိုက်ပွဲမှာ အင်ကာမင်[1] တိုက်ပွဲကဲ့သို့ပင် အဓိကအားဖြင့် စစ်သားများ တိုက်ပွဲ[2] ဖြစ်လာရ၏။ (အထက်မှ ကွပ်ကဲမှုနည်းပြီး စစ်သားများက မိမိတို့ အစွမ်းအစဖြင့်သာ တိုက်ကြခြင်းဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ ဘာသာပြန်သူ) ပင်လယ်ကမ်းခြေမှ တောင်ဘက်သို့ တစ်ရှိန်ထိုး တိုက်ခိုက်ရန် အခွင့်မသာရှိသောအခါ ဖော်ကန်ဟိန်းသည် နောက်တစ်လအတွင်း တိုက်ရိုက်ချဉ်းကပ် တိုက်ခိုက်နည်းကိုသာ အားကိုးလုပ်ဆောင်တော့၏။ ခုခံသူများက အင်အားနည်းသော်လည်း တိုက်ရိုက်ခံစစ်သည် တိုက်ရိုက်ထိုးစစ်ထက် အစွမ်းထက်မြက်သည် ဖြစ်သောကြောင့် ဂျာမန်ထိုးစစ်သည် ရှေ့မတက်တော့ဘဲ နှစ်ဖက်စလုံး ကတုတ်ကျင်းများတူးပြီး တိုက်ခိုက်ကြရာ ဆွစ်နယ်ခြားမှ အနောက်ပင်လယ်အထိ ကတုတ်ကျင်းများဖြင့် ဆက်သွား၍ သူမနိုင်ကိုယ်မနိုင် အခြေအနေသို့ ရောက်ရှိခဲ့ကြလေသည်။

## အနောက်ပိုင်း စစ်မျက်နှာ ၁၉၁၅–၁၇

နောက်လေးနှစ်ကာလအတွင်း အင်္ဂလိပ် ပြင်သစ် စစ်မှတ်တမ်းများမှာ ယင်းကတုတ်ကျင်းခံစစ်ကို ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းမှုနှင့် ရံဖန်ရံခါ နံဘေးမှပန်း၍ တိုက်ခိုက်ရန် ကြိုးပမ်းမှုသာ ဖြစ်ခဲ့ရလေသည်။ အနောက်ပိုင်းစစ်မျက်နှာတစ်ခုလုံးတွင် ကတုတ်ကျင်းများ ဆက်တူး၍ စစ်ဆင်နေကြသည်ဖြစ်သောကြောင့် မဟာဗျူဟာမှာ နည်းဗျူဟာ၏ လက်ပါးစေဖြစ်ခဲ့ရပြီး နည်းဗျူဟာမှာလည်း မစွမ်းမသန်သူပမာ ခနော်ခနဲ့သာ ရှိခဲ့ချေ၏။ ၁၉၁၅–၁၇ နှစ်များအတွင်း မဟာဗျူဟာဆို၍ လေ့လာစရာပင် မရှိချေ။ မဟာမိတ်များဘက်မှ တိုက်ရိုက်ချဉ်းကပ်နည်းကိုသာ အသုံးပြုခဲ့၍ သူမသာ ကိုယ်မသာ အခြေအနေမှ လွန်မြောက်နိုင်ခြင်းမရှိခဲ့ချေ။ တတိတိနှင့် လုံးပါးပါးအောင် တိုက်ခိုက်ရသည့် ပြုန်းတီးစစ်[3] တွင် ကောင်းသည့်အချက်များ ရှိပါသည်၊ မည်သူက ယူဆသည်ဖြစ်စေ၊ ထိုပြင် ယင်းကာလတစ်ခုလုံးကို ဆက်တိုက် တိုက်နေရသည့် တိုက်ပွဲတစ်ခုသာဖြစ်သည်ဟု မည်သူက ယူဆသည်ဖြစ်စေ အဆုံးအဖြတ်ရအောင် ၄ နှစ်ကြာတိုက်ရသည့် တိုက်ပွဲမှာ အတုမဲ့ နမူနာယူလောက်သော တိုက်ပွဲမဟုတ်ဆိုသည်မှာ ထင်ရှားပါသည်။

၁၉၁၆ ခုနှစ်တွင် ပြုလုပ်သော ပထမဆုံးထိုးစစ်ဖြစ်သည့် နူးချေပယ်[4] တွင် မဟာဗျူဟာအရ တိုက်ရိုက်ချဉ်းကပ်မှုပင် ဖြစ်သော်လည်း နည်းဗျူဟာ အငိုက်

၁။ Inkerman
၂။ A Soldier's Battle
၃။ (see 4)
၄။ Neuve Chapelle



ဖမ်းမှုရရှိခဲ့သည်ကို တွေ့ရ၏။ နောက်ပိုင်းတွင်ကား အချိန်ကြာရှည်စွာ အမြောက်များနှင့် (သတိပေး) ပစ်ခတ်ခြင်းပြုပြီးမှ ကတုတ်ကျင်းမှ ထွက်၍ ထိုးစစ်ဆင်နွှဲခြင်းများမှာ အရှက်မရှိ ပြုလုပ်သည့်တိုက်ပွဲများသာ ဖြစ်ချေသည်။ ယင်းတိုက်ပွဲမျိုးများမှာ ၁၉၁၅ မေလအတွင်း အရား(စ)[1] တွင် တိုက်ခိုက်သော ပြင်သစ်တို့ထိုးစစ်၊ ၁၉၁၆ ခုနှစ် ဇူလိုင်လမှ နိုဝင်ဘာလအထိ ပြုလုပ်ခဲ့သော ဆောမ်ထိုးစစ်[2] ၁၉၁၇ ဧပြီလ အေစနီနှင့် အရား(စ)[3] ထိုးစစ်၊ ၁၉၁၇ ခု ဇူလိုင်လမှ ဩဂုတ်လအထိ အိ(ပ) ဗြိတိသျှ ထိုးစစ်တို့[4] ဖြစ်လေသည်။

နောက်ဆုံး ဗြိတိသျှတို့ အိ(ပ) ထိုးစစ်မှာကား ပါ(စ)ချန်ဒေး[5] ရွှံ့နွံများအတွင်းတွင်ဖြစ်၍ ဒုတိယမြောက် ချား(စ)ဘုရင်ကဲ့သို့ "သေနိုင်ခဲလှချည့်"ဆိုသည့် အခြေအနေမျိုး ဖြစ်လေသည်။ ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင်မူ ကမ်ဘရေး[6] ၌ အမြောက်များနှင့် ကြိုတင်ပစ်ခတ်ခြင်း မပြုတော့ဘဲ တင့်ကားများကို စုပြုံအသုံးပြု တိုက်ခိုက်ခဲ့၍ နည်းဗျူဟာ အငိုက်ရခဲ့လေသည်။ တိုက်ပွဲမှာ အစကောင်းသော်လည်း အဖျားရှူးသွား၍ မဟာဗျူဟာအရ ယင်းကို သွယ်ဝိုက်ချဉ်းကပ်နည်းဟု မခေါ်ဆိုနိုင်ပေ။

ဂျာမန်ဘက်မှမူ ၁၉၁၆ ဗာဒွန်ထိုးစစ်မှလွဲ၍ ခံစစ်သာ ဆင်နွှဲခဲ့ရလေသည်။ ဗာဒွန်ထိုးစစ်မှာလည်း အဓိကအားဖြင့် တိုက်ရိုက်ချဉ်းကပ်သည့်နည်းပင် ဖြစ်သည်။ ယင်းတိုက်ပွဲတွင် ရန်သူအား တတိတိ လုံးပါးပါးအောင် လုပ်ဆောင်ခြင်းကို ကြံဖန်၍ သွယ်ဝိုက်ချဉ်းကပ်နည်းဟု ခေါ်ဆိုက ခေါ်ဆိုနိုင်မည်လား မဆိုနိုင်ပါ။ သို့သော် ရန်သူလုံးပါးပါးသလို ဂျာမန်ဘက်ကလည်း ပြုန်းတီးရသောကြောင့် ဂျာမန်စီမံချက် ချွတ်ချော်ကျမှုကို ဖော်ပြနေပါသည်။

၁၉၁၇ ခုနှစ် နွေဦးတွင် ဂျာမန်တပ်အချို့ကို ဟင်ဒင်ဘာ့ခံစစ်ကြောင်းသို့ ဆုတ်ခွာရန် လူဒင်ဒေါ့ စီစဉ်လုပ်ဆောင်ခဲ့သည်မှာ သွယ်ဝိုက်ချဉ်းကပ် မဟာဗျူဟာနှင့် အတော်နီးစပ်ပေသည်။ သို့သော် ယင်းမှာ ခံစစ်သက်သက်စီမံချက်ဖြစ်၏။ မဟာမိတ်များက ဆော်(မ်)တွင် နောက်ထပ် ထိုးစစ်ပြုလုပ်ဦးမည်ကို ကြိုတင်မျှော်မှန်း၍ ၊ လင်း–နိုယုံ–ရိုင်း(မ)[7] နေရာတွင် ခိုင်ခံ့လှသည့် ခံစစ်ကြောင်းတစ်ခုကို ဂျာမန်တို့က သေချာစွာ ပြင်ဆင်ဆောက်လုပ်ခဲ့လေသည်။ ထို့နောက် ဂျာမန်တပ်များသည် ယင်းခံစစ်ကြောင်းရှေ့မှ အဆောက်အဦ အကာအကွယ်မှန်သမျှကို စနစ်တကျ ဖျက်ဆီးပစ်ခဲ့ပြီး ပို၍တိုင်တောင်းသည့် စစ်မျက်နှာခံစစ်

၁။ Arras
၂။ The Somme
၃။ Aisne and Arras
၄။ Ypres
၅။ Passchendaele
၆။ Cambrai
၇။ Lens-Noyon-Reims

www.burmeseclassic.com



ကြောင်းကို တစ်ဆင့်စီ စနစ်တကျ ဆုတ်ခွာပေးခဲ့လေသည်။ ယင်းသို့ စိတ္တသတ္တိဖြင့် မြဲနေရာက ဆုတ်ခွာပေးလိုက်ခြင်းကြောင့် မဟာမိတ်များ ရှေ့ဦးထိုးစစ်စီမံချက်ကို ပျက်ပြားသွားအောင် ဂျာမန်များက လုပ်ဆောင်နိုင်ခဲ့၏။ ဤနည်းဖြင့် ဂျာမန်တို့သည် တစ်နှစ်အချိန်ရသွားပြီး မဟာမိတ်များ၊ စုပေါင်းထိုးစစ်ဒဏ်ကို မခံရဘဲ ရုရှားတို့ပါ ယင်းအချိန်အတွင်း ဖရိုဖရဲပြိုကွဲခဲ့ကြရ၏။ ထို့ပြင် ၁၉၁၈ ခုနှစ်တွင် ဂျာမန်များက အင်အားပိုများသည့် တပ်များနှင့် ထိုးစစ်ဆင်နိုင်အောင် လှူဒင်ဒေါ့က စီစဉ်နိုင်ခဲ့လေသည်။

## အခန်း (၁၂)

## အရှေ့မြောက် စစ်မျက်နှာ

အရှေ့ဘက်စစ်မျက်နှာတွင် တိုက်ပွဲစဉ် စီမံချက်များမှာ ခိုင်မာမှုမရှိလှဘဲ သေချာစွာ ရေးဆွဲပြုလုပ်ထားခြင်းလည်း မရှိချေ။ သို့သော် အနောက်စစ်မျက်နှာမှာကဲ့သို့ပင် အခြေအနေ ပြောင်းလဲမှု အလွန်များပြား လျင်မြန်ခဲ့လေသည်။ တွက်ဆနိုင်သောအချက်မှာ ပထဝီဆိုင်ရာ အချက်များဖြစ်ပြီး တွက်ဆမရနိုင်သော အချက်မှာ ရုရှတို့ အင်အားစုစည်းသည့်နှုန်းဖြစ်၏။

ရုရှပိုင် ပိုလန်နယ်မြေမှာ ရုရှမှ ရှေ့သို့ ငေါထွက်နေပြီး သုံးဖက်သုံးတန်မှ ဂျာမန်၊ ဩစတြီးယားနယ်တို့က ပိတ်ဆီးထား၏။ မြောက်ဘက်တွင် အရှေ့ပရုပ်ရှားနှင့် ဘောတစ်ပင်လယ်ရှိ၏။ တောင်ဘက်တွင် ဩစတြီးယား ဂေါလစ်များနယ်နှင့် ဟန်ဂေရီလွင်ပြင်များကို ပိတ်ဆီးထားသည့် ကာပေသီယံတောင်တန်းများ ရှိလေသည်။ အနောက်ဘက်တွင် ဆိုက်လဲရှားရှိ၏။

ဂျာမန်တို့ဘက်တွင် မဟာဗျူဟာ မီးရထားလမ်းများ ဖောက်လုပ်ထား၏။ ပိုလန်နှင့် ရုရှားတွင်ကား ဆက်သွယ်ရေးလမ်းများ အလွန်နည်းပါးလေသည်။ ထို့ကြောင့် ရုရှတို့ကို ရင်ဆိုင်ရန် ဂျာမန်တို့က ပိုမိုလျင်မြန်စွာ အင်အားစုစည်းနိုင်လေသည်။ သို့သော် ဂျာမန်တပ်များက ထိုးစစ်ဆင်နွှဲခဲ့ပါလျှင် ပိုလန်ရုရှားနယ်ထဲသို့ ပိုမိုနက်ရှိုင်းစွာ ဝင်ရောက်လေ ဆက်သွယ်ရေးအခက်အခဲ တွေ့ရလေဖြစ်ပေမည်။ ထို့ကြောင့် သမိုင်းမှရရှိခဲ့သော သင်ခန်းစာမှာ ရုရှတပ်များကို ရှေ့ရောက်အောင် မျှားခေါ်ပြီး တန်ပြန်ထိုးစစ်ဖြင့် အလဲထိုး အပြုံသတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ မိမိဘက်မှ ထိုးစစ်စတင်ဆင်နွှဲရန် အခွင့်မသာချေ။ ယင်း ပြူနစ်မဟာဗျူဟာ[၁]တွင် ရှုတ်ယှင်းချက်မှာ ရုရှတို့၏ နှေးကွေးပြီး သံချေးတက်နေသော စက်ယန္တရားကို အင်အားစုစည်းနိုင်အောင် အချိန်ပေးခြင်း ဖြစ်လေသည်။

ယင်းအချက်တွင် ဂျာမန်နှင့် ဩစတြီးယားတို့ သဘောကွဲလွဲကြလေ၏။ နှစ်ဦးစလုံးက သဘောတူညီသည်မှာ ပထမ ၆ ပတ်တွင် ဂျာမန်တပ်များက ပြင်သစ်တို့ကို ချေမှုန်းပြီးမှ ဂျာမန်စစ်ကူများကို အရှေ့သို့ပို့၍ ဩစတြီးယားများနှင့်အတူ ရုရှကို အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲခံရန် ဖြစ်လေသည်။ သဘောကွဲလွဲသည်မှာ နည်းလမ်းတွင်ဖြစ်၏။ ပြင်သစ်အား အနိုင်တိုက်နိုင်ရန် ဂျာမန်များက အရှေ့တွင် တပ်အနည်းငယ်သာ ချထားလို၏။ ရန်သူက ဝင်တိုက်မည်စိုး၍သာ အရှေ့ပရပ်ရှားက တပ်များကို အနောက်သို့ မပို့ခဲ့ခြင်း ဖြစ်လေသည်။

ဖြစ်နိုင်ပါက ဗစ်ကြျူလာစစ်ကြောင်းအထိ ဂျာမန်တပ်များကို ဆုတ်ပေးလို၏။ ဩစတြီးယားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကွန်ရဒ်ဖွန်ဟောဆင်ဒေါ့[၂]၏ ဩဇာလွှမ်းမိုးမှုကြောင့် ဩစတြီးယား ခေါင်းဆောင်များကမူ ရုရှ စစ်ယန္တရားကို သုံးမရဖြစ်သွားအောင် ချက်ချင်း ထိုးစစ်ဆင်နွှဲလိုကြလေသည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် အနောက်ပိုင်းတွင် ပြင်သစ်အား အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲဖြင့် အောင်ပွဲခံနေစဉ် ရုရှားအား မလှုပ်နိုင်အောင် ထိန်းချုပ်ထားနိုင်မည်ဖြစ်သဖြင့် ယင်းမဟာဗျူဟာကို မိုကာကလည်း သဘောကျ၏။ ကွန်ရဒ်၏ စီမံချက်မှာ အရှေ့မြောက်ဘက် ပိုလန်နယ်ထဲသို့ တပ်တော်နှစ်ခုနှင့် ဝင်တိုက်ရန်ဖြစ်ပြီး ညာတောင်ပံကိုကာကွယ်ရန် အရှေ့ဘက်တွင် တပ်တော်နှစ်ခု ချထားရန် ဖြစ်လေသည်။

အခြားတစ်ဖက်တွင်လည်း မဟာမိတ်တစ်ဦး၏ ဆန္ဒက အခြားမဟာမိတ်တစ်ဦး၏ မဟာဗျူဟာကို အကြီးအကျယ် လွှမ်းမိုးမှုရှိခဲ့လေသည်။ စစ်ရေးကြောင့်လည်းကောင်း၊ လူမျိုးရေး အကြောင်းများကြောင့် လည်းကောင်း ဂျာမနီက လာရောက်မကူနိုင်မီ ဩစတြီးယားအား အနိုင်တိုက်ရန် ရုရှစစ်ဦးစီးအဖွဲ့က လိုလားလေသည်။ ရုရှတစ်နိုင်ငံလုံး စစ်စည်းရုံးပြီးမှ ဂျာမနီကို တိုက်ခိုက်လို၏။ ပြင်သစ်တို့ကမူ မိမိတို့အား ဂျာမနီကဖိတိုက်ခြင်းမှ သက်သာရာရစေရန် ရုရှက ဩစတြီးယားကို ဝင်တိုက်သည်နှင့်တစ်ပြိုင်တည်း ဂျာမနီကိုပါ ဝင်တိုက်စေလို၏။ ပြင်သစ်တို့ဆန္ဒကို လိုက်လျောရန် ရုရှက ဂျာမနီကိုပါတိုက်ရန် သဘောတူညီခဲ့လေသည်။ သို့သော် ယင်းသို့တိုက်ခိုက်ရန် စစ်သည်အင်အား အရေအတွက်မလုံလောက်သည့်အပြင် စစ်စည်းရုံးခြင်းလည်း မပြုရသေးချေ။

၁။ Punic Strategy

၂။ Conrad Von Hortzendorf



အနောက်တောင် စစ်မျက်နှာတွင် ရုရှတပ်တော်လေးခုသည် ဂေါလီရှားရှိ ဩစတြီးယားတပ်များအား တိုက်ခိုက်ချေမှုန်းရန် ဖြစ်၏။ အနောက်မြောက် စစ်မျက်နှာတွင်မူ ရုရှတပ်တော်နှစ်ခုက အရှေ့ပရပ်ရှားရှိ ဂျာမန်တပ်များအား ဝင်ရောက်တိုက်ခိုက် ချေမှုန်းရန် ဖြစ်လေသည်။ ရုရှသည် အစဉ်အလာအားဖြင့် ပင် အလွန်နှေးကွေးလေးလံ၍ ဖွဲ့စည်းပုံမှာလည်း ခေတ်မမီသဖြင့် အထူးသတိထား၍ စစ်ဆင်သည့် မဟာဗျူဟာကို ကျင့်သုံးမြဲ ဖြစ်၏။ ယခုမူ ယင်းအစဉ်အလာကို ချိုးဖောက်၍ အရေးတကြီး နှစ်ခွတိုက်ရိုက်ချဉ်းကပ်မှုကို ပြုလုပ်ခဲ့ရလေသည်။

စစ်ဖြစ်လျှင်ဖြစ်ချင်း ဂျာမန်တို့က မဟာမိတ် ပြင်သစ်တို့အား ဖိအတိုက်ခံနေရခြင်းမှ သက်သာရာရစေရေးအတွက် အရှေ့ပရပ်ရှားကို ဝင်တိုက်ရန် ရုရှစစ်သေနာပတိချုပ် မင်းသားကြီး နစ်ကိုလပ်[၁]က အမိန့်ထုတ်ပြန်ခဲ့လေသည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် ရင်နင်ကင့်[၂]၏ တပ်တော်က အရှေ့ပရပ်ရှားနယ်ခြားကို ဖြတ်ကျော်တိုက်ခိုက်ခဲ့လေသည်။ ၁၉ ရက်၊ ၂၀ ရက်နေ့များတွင် ပရစ်ဝစ်[၃]၏ အမှတ် ၈ ဂျာမန်တပ်တော်ကို ဂမ်ဘီနင်[၄]တွင် တွေ့ရှိ၍ တိုက်ခိုက်ရာ ဂျာမန်တပ်များစုနောက်သို့ ဆုတ်ပေးခဲ့ရ၏။

ဆမ်ဆိုနော့[၅]၏ တပ်တော်သည် အရှေ့ပရပ်ရှား တောင်ဘက်နယ်ခြားကို ဖြတ်၍ မိမိတပ်များနောက်သို့ ရောက်လာပြီဟု ဩဂုတ်လ ၂၁ ရက်နေ့တွင် ပရစ်ဝစ်က သတင်းကြားခဲ့လေသည်။ ယင်းနေရာတွင် ဂျာမန်တပ်မ ၃ ခုသာရှိပြီး ရုရှတပ်မ ၁၀ ခုအား ရင်ဆိုင်နေရ၏။ ပရစ်ဝစ်သည် တုန်လှုပ်ချောက်ချားလာပြီး ဗစ်ကြျူလာမြစ်နောက်သို့ ဆုတ်ခွာပေးရန် ပြောကြားခဲ့ရာ မိုကာက ပရစ်ဝစ်အား ဟင်ဒင်ဘာ့ဂ်နှင့် အစားထိုးခဲ့လေသည်။ ဟင်ဒင်ဘာ့ဂ်မှာ ထိုစဉ်က အနားယူပြီး ဗိုလ်ချုပ်ကြီးဖြစ်၏။ ဦးစီးချုပ်အဖြစ် လူဒင်ဒေါ့ကို ခန့်အပ်ခဲ့လေသည်။

အမှတ် ၈ တပ်တော်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဟော့မင်း ရေးဆွဲခဲ့ပြီး စတင်အကောင်အထည်ဖော်နေပြီဖြစ်သော စီမံချက်ကို ပိုမိုပြည့်စုံအောင် ရေးဆွဲပြီး ဆမ်ဆိုနော့၏ ဘယ်တောင်ပံကို တိုက်ခိုက်ရန် တပ်မ ၆ ခုကို လူဒင်ဒေါ့က အင်အားစုစည်းထား၏။ အရေအတွက်အားဖြင့် ဂျာမန်တပ်များသည် ရုရှတို့ထက် နည်းသဖြင့် အဆုံးအဖြတ်ပေးနိုင်သောအောင်ပွဲ ရနိုင်မည် မဟုတ်ချေ။ ရင်နင်ကင့်သည် ဂမ်ဘီနင်အနီးတွင်ပင် ရှိသေးသည်ကို သိသော လူဒင်ဒေါ့သည် ဂျာမန်မြင်းတပ်အချို့သာ ထိုနေရာတွင် ချန်ထားပြီး တပ်အများစုကို ပြန်ဆုတ်ခွာစေ၍

၁။ Grand Duke Nicholas

၂။ Rennenkampf

၃။ Prittwitz

၄။ Gumbinen

၅။ Samsonov

www.burmeseclassic.com

www.burmeseclassic.com



ဆမ်ဆိုနော့ ညာတောင်ပံကို ကိုက်စေ၏။ သေချာစွာ တွက်ချက်စွန့်စား လုပ်ဆောင်ခြင်း ဖြစ်လေသည်။ ဤကဲ့သို့ ရဲဝံ့စွာ လုပ်ဆောင်ချက်အောင်မြင်စေရန် အထောက်အကူပြုသော အချက်များမှ ရုရှတပ်တော်မှူးနှစ်ဦးအကြား အဆက်အသွယ်မရှိခြင်းနှင့် ရုရှဝှက်စာများကို ဂျာမန်တို့က အလွယ်တကူ ဖော်နိုင်ခြင်းတို့ ဖြစ်လေသည်။

နှစ်ဖက်ညှပ်တိုက်သဖြင့် ဆမ်ဆိုနော့၏ တောင်ပံနှစ်ခုစလုံး ချေမှုန်းခြင်းခံရသည့်အပြင် အလယ်ပိုင်းတပ်များကိုလည်း ဂျာမန်များ ဝန်းရံခြင်းခံရ၍ ရုရှတပ်တော်တစ်ခုလုံး ပြိုကွဲပျက်စီးခဲ့ရလေသည်။ အခွင့်ကောင်းကို မိမိက ဖန်တီးယူရခြင်းထက် ဂျာမန်တို့က ရရှိလာခြင်း ဖြစ်သော်လည်း တိုတောင်းလှသည့် တာနင်းဘက်[1] တိုက်ပွဲစဉ်သည် အကောင်းဆုံးသော သွယ်ဝိုက်ချဉ်းကပ်နည်း၏ အတွင်းစည်းပုံသဏ္ဌာန်[2] ဖြစ်တော့၏။

ရင်နင်ကင့်သည် ဂမ်ဘီနင်တွင် တပ်များဆုံးရှုံးခဲ့ရပြီး ရန်သူသတင်းမရသဖြင့် တက်ကြွမှုမရှိဘဲ ရှေ့သို့ တဖြည်းဖြည်း ချီတက်လာစဉ် ဂျာမန်တပ်မှူးသည် ပြင်သစ်စစ်မျက်နှာမှ စစ်ကူတပ်မကြီးနှစ်ခု အကူအညီနှင့် ရင်နင်ကင့်၏ တပ်များကို အရှေ့ပရပ်ရှားမှ မောင်းထုတ်နိုင်ခဲ့လေသည်။ ယင်းတိုက်ပွဲများတွင် ရုရှားသည် လူနှစ်သိန်းငါးသောင်းခန့်နှင့် အလွန်ရှားပါးလှသည့် စစ်ပစ္စည်းအမြောက်အမြား ဆုံးရှုံးခဲ့ရလေသည်။ သို့သော် အရှေ့ပရပ်ရှားကို ရုရှတပ်များက ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ဂျာမန်တို့က တပ်မကြီးနှစ်ခုကို အနောက်စစ်မျက်နှာမှ ပို့ပေးခဲ့သဖြင့် မန်းတိုက်ပွဲဖြစ်ပြီး မဟာမိတ်တို့ နာလန်ထူလာနိုင်လေသည်။

ဂေါလစ်စစ်မျက်နှာတွင် အလယ်ပိုင်းနိုင်ငံများ[3] အရေးနိမ့်သဖြင့် တင်နင်ဘက် တိုက်ပွဲစဉ်၏အကျိုးသည် မှေးမှိန်ခဲ့ရ၏။ ပိုလန်ထဲ ဝင်တိုက်သော ဩစတြီးယား ညာတောင်ပံမှ အမှတ် ၂၊ ၃ တပ်တော်များမှာ အင်အားအပြည့်မရှိဘဲ ရုရှအမှတ် ၃၊ ၈ တပ်တော်တို့က ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ဂျာမန်ညာတောင်ပံတပ်များမှာ အကြီးအကျယ် အရေးနိမ့်ခဲ့ပြီး ဩဂုတ်လ ၂၆–၃၀ ရက်များအတွင်း လင်းဘက်[4] မှတစ်ဆင့် နောက်သို့ ဆုတ်ခွာခဲ့ရ၏။ ရုရှ ဘယ်တောင်ပံက ဆက်လက်တက်လာသဖြင့် ယခုအထိ အောင်မြင်နေသော ဩစတြီးယား ဘယ်တောင်ပံနောက်ပိုင်းကို ခြိမ်းခြောက်နိုင်လေသည်။ ကွန်ရဒ်က မိမိဘယ်တောင်ပံတပ်အချို့

၁။ Tannenberg
၂။ Interior Line Form of Indirect Approach
၃။ Central Powers ဂျာမနီနှင့် မဟာမိတ်များကို ဆိုလိုသည်။ (ဘာသာပြန်သူ)
၄။ Lemberg



ကို ရုရှတောင်ပံကို ဝန်းရံရန် ကြိုးစားသေး၏။ သို့သော် မအောင်မြင်ခဲ့ချေ။ ရုရှညာတောင်ပံတပ်များက ဆက်လက်ချီတက်လာကြသဖြင့် ဩစတြီးယားတပ်များ ဖရိုဖရဲဖြစ်ပြီး မိမိတပ်များ မပိတ်မိစေရန် စက်တင်ဘာလ ၁၁ ရက်နေ့တွင် နောက်သို့ဆုတ်ပေးရန် ကွန်ရဒ်က အမိန့်ထုတ်ခဲ့ရ၏။ စက်တင်ဘာလ ကုန်ခါနီးတွင် ကရာကော[1] အနီးသို့ ရောက်လာခဲ့၏။

ဩစတြီးယား အခြေအနေဆိုးနေပြီဖြစ်သဖြင့် ဂျာမနီက စစ်ကူပို့ရတော့၏။ အရှေ့ပရပ်ရှားတွင်ရှိသော ဂျာမန်တပ်အများစုကို အမှတ် ၉ တပ်တော်အဖြစ် ဖွဲ့စည်းပြီး ပိုလန်နိုင်ငံ အနောက်တောင်ထောင့်သို့ စေလွှတ်ခဲ့၏။ ဩစတြီးယား တပ်များနှင့်အတူ ဝါဆောဘက်သို့ ချီတက်ခဲ့ကြလေသည်။ သို့သော် ထိုအချိန်တွင် ရုရှတို့သည် စစ်စည်းရုံးခြင်း ပြီးသလောက် ရှိနေပြီဖြစ်၏။ ရုရှတပ်များသည် ပြန်လည်ဖွဲ့စည်း၍ တန်ပြန်ထိုးစစ်ဆင်နွှဲခဲ့လေသည်။ အောင်မြင်မှုရခဲ့၍ ဆိုက်လယ်ရှားကိုပင် ဝင်ရောက်နိုင်မည့်ကဲ့သို့ ရှိလေသည်။

နီကိုလပ်မင်းသားကြီးသည် တပ်တော် ၇ ခုကို ဖလင်တပ်ကြီး[2] ဖွဲ့စည်းခဲ့၍ အလယ်တွင် တပ်တော် ၃ ခုနှင့် တောင်ပံတပ်များတွင် တပ်တော် ၂ ခုစီ ပါဝင်လေသည်။ နောက်တပ်တော်တစ်ခုဖြစ်သော အမှတ် ၁၀ တပ်တော်သည် အရှေ့ပရပ်ရှားရှိ အားနည်းနေသော ဂျာမန်တပ်များကို ဝင်ရောက်တိုက်ခိုက်နေလေသည်။

ယင်းအန္တရာယ်ကို ရင်ဆိုင်ရန် အရှေ့ပိုင်း စစ်မျက်နှာတစ်ခုလုံးကို ဟင်ဒင်ဘက်၊ လူဒင်ဒေါ့၊ ဟော့မဲမင်းတို့ လက်အောက်သို့ လွှဲပေးလိုက်ပြီး ယင်းတို့သုံးဦးကလည်း ဂျာမန်နယ်ခြားရှိ အတွင်းဘက်နံဘေးပိုင်းများနှင့် ဆက်သွယ်ထားသော မီးရထားလမ်းများကို အသုံးပြု အမြတ်ထုတ်သော စီမံချက်ကြီးတစ်ခုကို ရေးဆွဲခဲ့ကြလေသည်။ အမှတ် ၉ ဂျာမန်တပ်တော်သည် နောက်သို့ ဆုတ်ခွာလာရသော်လည်း နောက်ကလိုက်လာသော ရုရှတပ်များ ပိုလန်ပြည်တွင်းရှိ ရှားရှားပါးပါး ဆက်သွယ်ရေးလမ်းကြောင်းများကို စနစ်တကျ ဖျက်ဆီးပစ်ခဲ့သောကြောင့် နောက်ကလိုက်လာသော ရုရှတပ်များ အခက်ကြုံကြရ၏။ အမှတ် ၉ တပ်တော် ဆိုက်လယ်ရှားနယ်ခြားသို့ရောက်သောအခါ (ရန်သူဖိအားပေးမှုမရှိဘဲ) မြောက်ပိုင်း ပိုဆင်သွန်[3] နေရာသို့ ယင်းတပ်တော်ကို ပို့ခဲ့လေသည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ယင်းတပ်တော်သည် ဗစ်တြူလာမြစ် အနောက်ဘက်ကမ်းမှ အရှေ့တောင်

၁။ Cracow
၂။ Phalanx
၃။ Poson-Thorn

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ချီတက်ခြင်းဖြင့် ရုရှား ညာတောင်ပံကို ကာကွယ်နေသော တပ်တော်နှစ်ခု ဆုံးရာဖြစ်သဖြင့် ပျော့ကွက်နေရာ ဖြစ်လေ၏။

ရုရှတပ်တော်နှစ်ခုအကြားသို့ သပ်ရိုက်သွင်းလိုက်ဘိသကဲ့သို့ ဂျာမန်အမှတ် ၁၀ တပ်တော်က ဝင်ရောက်တိုက်ခိုက်ရာ တပ်တော်နှစ်ခု ကွဲသွား၍ ရုရှတပ်တော်တစ်ခုက ဝါဆောသို့ ဆုတ်ခွာပေးရလေသည်။ အခြားတပ်တော်တစ်ခုမှာ လို(ဇ)[၁]အနီး ဝိုင်းပိတ်ခံရလုနီးနီး ရှိခဲ့လေသည်။ ဒုတိယ တင်းနင်းဘက်ဖြစ်ရန် နည်းနည်းသာ လိုတော့၏။ ရှေ့ပိုင်းရောက်နေသော ရုရှအမှတ် ၅ တပ်တော်က နောက်ပြန်ဆုတ်၍ ဝင်ရောက်ကူညီသောကြောင့် အဝိုင်းခံရသော ရုရှတပ်တော် ဖျက်ဆီးချေမှုန်းခြင်းခံရမည့်ဘေးမှ သီသီလွတ်မြောက်သွားရ၏။ ဝိုင်းထားသော ဂျာမန်တပ်များကို ရုရှတို့က ထပ်မံဝန်းရံတိုက်ခိုက်ရာ ဂျာမန်တို့က ဖောက်ထွက်၍ အခြားဂျာမန်တပ်များနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့လေသည်။ နည်းဗျူဟာအရ အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲတစ်ခု မဟုတ်စေကာမူ တပ်နည်းနည်းနှင့် သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြု၍ လှုပ်ရှား စစ်ကစားပြီး ရန်သူအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသည့် ပျော့ကွက်နေရာကို ရှာ၍တိုက်နိုင်ပါက မိမိထက် အဆများစွာ အင်အားကြီးသော ရန်သူချီတက်မှုကို ဆုတ်ဆိုင်းသွားအောင် လုပ်နိုင်ကြောင်းကို ယင်းတိုက်ပွဲက သက်သေထူခဲ့လေသည်။ လမ်းကြိတ်စက်ကြီး လိမ့်လာသလို ချီတက်လာသော ရုရှဖလင့်တပ်ကြီးသည် အရှိန်ပျက်·စဖော်ရပ်သွားပြီး နောက်ထပ် ဂျာမန်မြေကို ခြိမ်းခြောက်ခြင်း မပြုနိုင်တော့ချေ။

ဗြိတိသျှတို့၏ အိပ်(ပ်)ထိုးစစ် ကျဆုံးပြီး တစ်ပတ်အတွင်း အနောက်စစ်မျက်နှာမှ ဂျာမန်တပ်မကြီးလေးခုကို အရှေ့စစ်မျက်နှာသို့ ပို့ပေးခဲ့၏။ အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲရရန် နောက်ကျခဲ့ပြီဖြစ်သော်လည်း ယင်းတပ်မကြီးများကို အသုံးပြု၍ ရုရှတပ်များအား ဝါဆောအရှေ့ ဘဇူရာရပ်ကား[၂]မြစ်ကြောင်းအထိ တိုက်ထုတ်နိုင်ခဲ့လေသည်။ ထိုနေရာတွင် အနောက်စစ်မျက်နှာကဲ့သို့ပင် ကတုတ်ကျင်း[၃]စစ် ဆင်နွှဲကြတော့၏။ သို့သော် အနောက်စစ်မျက်နှာမှာလောက် ကတုတ်ကျင်းများမှာ ခိုင်မာခြင်းမရှိဘဲ ရုရှတပ်များသည် မကြာမီမိမိတို့ကျည်ဆန်များကို ဖြုန်းတီးပစ်ကြ၍ နောက်ပိုင်းမှ ကျည်ဆန်လုံလောက်အောင် ထောက်ပံ့ပေးရန် အခက်အခဲ တွေ့ခဲ့ရလေသည်။ ရုရှစက်ရုံများကရှေ့တန်းတွင် လိုသလောက် ကျည်ဆန်များ ထုတ်လုပ်မပေးနိုင်ခဲ့ချေ။

---

၁။ Lodz

၂။ Bzura-Ravka

၃။ Trench Warfare



၁၉၁၅ ခုနှစ် အရှေ့စစ်မျက်နှာ မဟာဗျူဟာမှာ လူဒင်ဒေါ့နှင့် ဖော်ကန်ဟိန်းတို့ လွန်ပွဲပင် ဖြစ်လေသည်။ သူတို့နှစ်ဦး စိတ်တန်ခိုးချင်း ပြိုင်ကြသည့်ပွဲဖြစ်၏။ လူဒင်ဒေါ့၏ မဟာဗျူဟာမှာ အနည်းဆုံး ပထဝီသဘောအရ သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာဟု ခေါ်ဆိုနိုင်မည် ဖြစ်လေသည်။ ဖော်ကန်ဟိန်းကမူ တိုက်ရိုက်ချဉ်းကပ်နည်းဖြင့် မိမိတို့ ဂျာမန်ဆုံးရှုံးမှုကို ကန့်သတ်ထား၍ ရုရှ၏ ထိုးစစ်အင်အားကို ရိုက်ချိုးနိုင်မည်ဟု ယူဆလေသည်။ ဖော်ကန်ဟိန်းက အပေါ်စီးမှနေရသည်ဖြစ်၍ သူ့စစ်မဟာဗျူဟာကို အသုံးပြုခဲ့ကြရ၏။ သူမျှော်မှန်းထားသည့် အောင်မြင်မှုကိုတော့ မရခဲ့ချေ။

ရုရှတို့က ဆောင်းဦးတွင် ဆိုက်လယ်ရှားနှင့် ကရာကိုးနယ် များသို့ တိုးဝင်ခဲ့ခြင်းကြောင့် ယင်းတို့တပ်တော်များကို ပိုလန်အငူတွင် မြှုပ်နှံပစ်လိုက်သလို ဖြစ်မည်ကို လူဒင်ဒေါ့က မြင်ခဲ့၏။ အနောက်တောင်ထောင့်တွင်မူ ရုရှတပ်များသည် သြစတြီးယားနယ်ထဲသို့ ခေါင်းပြူဝင်ကြည့်ခဲ့သော်လည်း လူဒင်ဒေါ့၏ လို့(ဇ)ထိုးစစ်ကြောင့် ယာယီအားဖြင့် ရုရှတပ်များ မလှုပ်နိုင်မရှားနိုင် ဖြစ်ခဲ့ရလေသည်။ ရုရှတပ်များ ပြန်လည်နာလန်ထူလာသောအခါ ဂျာမန်များကလည်း ၎င်းတို့ ဝန်းရံထားသည့် ပိုက်ကွန်ကို ပိုမိုခိုင်မြဲအောင် ပြုလုပ်ကြ၏။ ဇန်နဝါရီလမှ ဧပြီလအတွင်း ရုရှတပ်များသည် ကာပေ▇ီယံ တောင်တန်းများဘက်တွင် ပြင်းပြင်းထန်ထန် တိုက်လေ ဂျာမန်ပိုက်ကွန်အတွင်း ပို၍နစ်မြုပ်ရလေ ဖြစ်နေလေသည်။

ဤကဲ့သို့ ရုရှတပ်များ ပိုလန်အငူအတွင်း ပိတ်မိနေသည်ကို အမြတ်ထုတ်နိုင်လျှင် တကယ့်အခွင့်ကောင်းကြီး ဖြစ်သည်ကို လူဒင်ဒေါ့က သိရှိခဲ့လေသည်။ မြောက်ပိုင်း ဘောတစ်ပင်လယ်အနီး မိုင်နာမှဖြတ်၍ ဝေးလံစွာ ကွေ့ပတ်သွယ်ဝိုက်ချီတက်ပြီး ရုရှတပ်များ နောက်ဆွယ်သို့ ရောက်နိုင်လျှင် ယင်းတပ်များ မှီခိုနေရသည့် ပိုလန်အငူနှင့် ဆက်သွယ်ထားသည့် မီးရထားလမ်းများကို ခြိမ်းခြောက်ဖြတ်တောက်နိုင်မည်ကို လူဒင်ဒေါ့က သိရှိလေသည်။ ယင်းနည်းဖြင့် တိုက်ခိုက်ရန် လူဒင်ဒေါ့က လိုလားသော်လည်း ယင်းစီမံချက် ရဲဝံ့စွန့်စားလွန်းသည်ကိုလည်းကောင်း၊ ယင်းနည်းအသုံးပြုလျှင် မိမိအရံတပ် အမြောက်အမြား သုံးရမည်ကိုလည်းကောင်း ဖော်ကန်ဟိန်းက သဘောမကျပေ။

သို့သော် ဖော်ကန်ဟိန်းက သူ့နည်းသူ့ဟန်နှင့် တိုက်သည့်အခါတွင် လူဒင်ဒေါ့စီမံချက်ထက် ပို၍များပြားသော တပ်များကို အသုံးပြုခဲ့ရလေသည်။ အနောက်စစ်မျက်နှာတွင် မဟာမိတ်ခံကတုတ်များကို နောက်တစ်ကြိမ် အကြီးအကျယ် ထိုးစစ်ဆင်နွှဲလိုသော်လည်း အခြားစစ်ခေါင်းဆောင်များက သဘောမကျသောကြောင့် ဖော်ကန်ဟိန်းသည် ထိုးစစ်မဆင်နွှဲနိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဩစတြီးယားများကိုလည်း နောက်ထပ် စစ်ကူများပေးနေရသေး၏။ အရှေ့စစ်မျက်နှာတွင် မဟာဗျူဟာအားဖြင့် ကန့်သတ်ထားသော်လည်း နည်းဗျူဟာအရ အကန့်အသတ်မရှိ၊ ရုရှအင်အားကို ရိုက်ချိုးပြီးမှ အနောက်စစ်မျက်နှာတွင် အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲရအောင်လုပ်ရန် ဖော်ကန်ဟိန်း ဆုံးဖြတ်ခဲ့လေသည်။

အရှေ့စစ်မျက်နှာမှ ဂျာမန်စီမံချက်မှာ ဤသို့ဖြစ်၏။ ကာပေသီယံနှင့် ဗစ်တြုလာအကြား ဒူနာဂျက်[၁] စစ်အကန့်မှ ရုရှ အယ်ပိုင်တပ်များကို ဖောက်ထွင်းတိုက်ခိုက် ချေမှုန်းရန် ဖြစ်လေသည်။ ကွန်ရဒ်က အဆိုပြု၍ ဖော်ကန်ဟိန်းက သဘောတူညီခဲ့သော စီချက် ဖြစ်လေသည်။ မေလ ၂ ရက်နေ့တွင် ဂျာမန်တို့က စတင်တိုက်ခိုက်ပြီး လုံးဝအငိုက်ရမိလိုက်၍ လျင်မြန်စွာ အမြတ်ထုတ်စစ်ဆင်နိုင်ခဲ့၏။ ၁၄ ရက်နေ့လောက်တွင် ကာပေသီယံတစ်လျှောက်မှ ရုရှတပ်အားလုံးကို ဆန်မြစ်[၂]အထိ မိုင် ၈၀ ခန့် နောက်သို့ရောက်သွားအောင် ဂျာမန်များက တိုက်ထုတ်နိုင်ခဲ့လေသည်။

ဤတိုက်ပွဲတွင် **သွယ်ဝိုက်ချဉ်းကပ်ခြင်းနှင့် အများခေါ်ဆိုနေကြသည့် အငိုက်ဖမ်းမှု ခြားနားပုံကို ထင်ထင်ရှားရှား တွေ့နိုင်မည် ဖြစ်လေသည်။** အချိန်၊ နေရာနှင့် အင်အား အငိုက်ဖမ်းမှုကို ဂျာမန်တို့ ရရှိပါ၏။ သို့သော် ရုရှတပ်များမှာ နောက်သို့သာ ဆုတ်ခွာပေးသောကြောင့် ဆီးနှင်းဘောလုံး[၃]ကဲ့သို့ပင် ကျစ်လျစ်သိပ်သည်းသွား၏။ ရုရှတို့ အကျအဆုံးများသည် မှန်ပါ၏။ သို့သော် နောက်ဆုတ်သွားသော တပ်များမှာ သူတို့၏အရန်များ၊ ရိက္ခာများ၊ မီးရထားလမ်းများဆီသို့ ဆုတ်ခွာပေးရခြင်းဖြစ်၏။ ဤနည်းဖြင့် ဂျာမန်တို့က ရုရှ ဆီးနှင်းဘောလုံးကို ပို၍ သိပ်သည်းခိုင်မာသွားအောင် လုပ်ပေးသကဲ့သို့ ရှိ၏။ ကျဆုံးပျက်စီးသည်များကို ရုရှတပ်များက ပြန်လည်ဖြည့်တင်း အားသစ်လောင်းပေးနိုင်၏။ ဤတိုက်ရိုက်ဖိအားပေးမှုသည် ရုရှစစ်ဌာနချုပ်အား အန္တရာယ်ပြုနိုင်လောက်အောင် ဖြစ်သွားစေသည်မှာ အမှန်ဖြစ်သော်လည်း အခြေပျက်သွားအောင်ကား မတတ်နိုင်ခဲ့ချေ။

ယခုအခါတွင် ဂျာမန်တပ်များသည် ဂေါလီရှားနယ်ထဲ ဝေးလံစွာ ရောက်ရှိနေပြီဖြစ်၍ ပြန်ဆုတ်ရန် မဖြစ်နိုင်တော့ကြောင်း ဖော်ကန်ဟိန်းက သိရှိလေသည်။ သူ၏ တစ်ဝက်တစ်ပျက် ထိုးစစ်သည် လုံခြုံသည့် ရပ်နားရန်နေရာကို မပေးစွမ်းနိုင်ချေ။ ပြင်သစ်ပြည်မှ ဂျာမန်တပ်များ ပြန်ခေါ်ခြင်းဖြင့်သာ အရှေ့ပိုင်းတွင်



အင်အားဖြည့်တင်းနေရ၏။ ဖော်ကန်ဟိန်းသည် နောက်တစ်ကြိမ် တိုက်ရိုက်ချဉ်းကပ်နည်းကို ရွေးချယ်ခဲ့ပြန်၏။ အရှေ့ဘက်သို့ ဦးတည်တိုက်နေသော ဂျာမန်တပ်များအား အရှေ့မြောက်သို့ စစ်ဦးလှည့်တိုက်ရန် အမိန့်ထုတ်ခဲ့ပြီး အရှေ့ပရပ်ရှားပြည်နယ်အတွင်း ရောက်နေသော လူဒင်ဒေါ့အား အရှေ့တောင်ဘက်သို့ ချီတက်တိုက်ခိုက်ရန် အမိန့်ပေးခဲ့၏။ (ထိုအချိန်တစ်ချိန်လုံး မိမိအကြံဉာဏ်များကို အထက်ဌာနချုပ်ကမနာယူ၍ လူဒင်ဒေါ့သည် အရှေ့ပရပ်ရှားပြည်နယ်အတွင်းတွင် ဒေါသပုန်ထလျက် ရှိခဲ့လေသည်။) ယခု စီမံချက်သည် နှစ်ဖက်ဝန်းရံသည့်တပ်များ တစ်နေရာတွင်ဆုံစည်းမိရန် ကြံရွယ်ထားသော်လည်း တိုက်ရိုက် ရှေ့တည့်တည့်မှ တိုက်သလိုဖြစ်နေကြောင်း၊ နှစ်ဖက်ဂျာမန်တပ်များက ဖိအားပေးရုံသာပေးနိုင်သည် ဖြစ်ပြီး အခြား ဘာမှတတ်နိုင်မည်မဟုတ်ကြောင်း လူဒင်ဒေါ့က စောဒကတက်ခဲ့ပြီး မိမိ ယခင်ကတင်ပြခဲ့သော ဗိုင်နာစစ်ဆင်ရေးပြုလုပ်ရန် ထပ်မံတင်ပြခဲ့၏။ ဖော်ကန်ဟိန်းက လူဒင်ဒေါ့တင်ပြချက်ကို တစ်ဖန် ပယ်ချခဲ့ပြန်လေသည်။

နောက်ဖြစ်ပျက်လာသည်တို့က လူဒင်ဒေါ့က မှန်ကန်ကြောင်း သက်သေထူပြခဲ့၏။ ဖော်ကန်ဟိန်း၏ နှစ်ဖက် ညှပ်ပူးညှပ်ပိတ်တပ်များ မပိတ်မီခင် ရုရှားများ လွတ်မြောက်သွားခဲ့လေသည်။ စက်တင်ဘာလကုန်တွင် ရုရှတပ်များသည် ဆောတစ်ကမ်းမြေ ရီဂါ[၁]မှ ရူမေးနီးယားနယ်ခြား ချာနိုးဝစ်[၂]အထိ ပြန်လည်နေရာယူထားနိုင်လေသည်။ ရုရှတပ်များသည် ဂျာမနီနိုင်ငံအား တိုက်ရိုက် မခြိမ်းခြောက်နိုင်တော့သော်လည်း အရှေ့စစ်မျက်နှာတွင် ဂျာမန်တပ် အမြောက်အမြားထိန်းထားခဲ့၍ ဂျာမန်တို့အား စစ်ပန်းစေသည့်အပြင် ဩစတြီးယားကိုမူ စိတ်ဓာတ်ရေးရာအရ ချွတ်ခြုံကျစေခဲ့၏။

မိမိ စစ်ဆင်ရေးကြီးများကို ဆက်လက်မလုပ်တော့ဘဲ ဖော်ကန်ဟိန်းသည် မတတ်သာတော့သည့်အဆုံးတွင် လူဒင်ဒေါ့အား ဗိုင်နာစစ်ဆင်ရေးလုပ်ရန် ခွင့်ပြုခဲ့လေသည်။ သို့သော် တပ်အသစ် ထပ်မံအင်အားဖြည့်မပေးဘဲ မိမိရှိသမျှ လူသူပစ္စည်းနှင့်သာ ယင်းစစ်ဆင်ရေးကို လုပ်ဆောင်စေခြင်းဖြစ်၏။

မိမိတပ်များနှင့်ပင် လူဒင်ဒေါ့သည် ဗိုင်နာ–ဒဗင့်[၃] ရထားလမ်းကို ဖြတ်တောက်ပစ်ခဲ့၍ မင့်[၄]ရထားလမ်းဆုံအထိ ရောက်လုရောက်ခင် အောင်မြင်ခဲ့၏။ ယင်းရထားလမ်းမှာ ရုရှတို့ ဗဟိုဆက်သွယ်ရေးလမ်းကြောင်းပင် ဖြစ်လေသည်။ ရုရှတို့က မိမိရှိသမျှ အရန်တပ်များအားလုံးကို စုစည်း၍ ခုခံခဲ့ကြ၏။ ယခုကဲ့သို့ လူသူလက်နက် ကန့်သတ်ချက်များနှင့် တိုက်ရာမှာပင် ဤမျှ အောင်မြင်ခဲ့လျှင်

၁။ Dunajec Sector
၂။ The San
၃။ Snow Ball

၁။ Riga
၂။ Czernowitz
၃။ Vilna Dvinsk
၄။ Minsk

www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းက ရုရှတပ်များ ပိုလန်ပိုက်ကွန်အတွင်း မိနေကြစဉ် လူသူပစ္စည်း လက်နက်အင်အား စုစည်းတိုက်ခိုက်နိုင်လျှင် မည်မျှ ကြီးကျယ်စွာ အောင်မြင်နိုင်မည်ကို သက်သေထူပြနိုင်ခဲ့လေသည်။

အရှေ့ဘက်တွင် စစ်ဆင်ရေးကြီးများ မလုပ်နိုင်တော့ဘဲ အနောက်ပိုင်းတွင်လည်း မိမိတို့ခံစစ်ကြောင်းမှာ တောင့်ခံနိုင်သည်ဖြစ်သဖြင့် အလယ်နိုင်ငံများသည် ဆာဗီးယားတွင် ဆောင်ဦးစစ်ဆင်ရေး ပြုလုပ်ရန် ဆုံးဖြတ်ခဲ့လေသည်။ စစ်ကြီးတစ်ခုလုံးကို ခြုံကြည့်လျှင် ဆားဗီးယားတိုက်ပွဲစဉ်မှာ ကန့်သတ်ရည်ရွယ်ချက်နှင့် ပြုလုပ်သည့် သွယ်ဝိုက်ချဉ်းကပ်နည်းဖြစ်ပေသည်။ သို့သော် အဆုံးအဖြတ်ပေးနိုင်သည့် ရည်မှန်းချက်ပင် ဖြစ်ပေသည်။ ယင်းတိုက်ပွဲစဉ်သည် သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာ ထိရောက်ပုံကိုလည်း ပြသခဲ့ပေသည်။ ပထဝီနှင့် နိုင်ငံရေးအချက်များကလည်း သွယ်ဝိုက်ချဉ်းကပ်နည်းကို အားပေးကူညီခဲ့၏။ ဘူလဂေးရီးယားနိုင်ငံက အလယ်နိုင်ငံများဘက်မှ စစ်ထဲပါဝင်လာခြင်းကို အခြေပြု၍ ဆားဗီးယားတိုက်ပွဲစဉ် စီမံချက်ကို ရေးဆွဲခဲ့ခြင်း ဖြစ်လေသည်။

ဘူလဂေးရီးယားတပ်များက အနောက်ဘက် ဆာဗီးယားနိုင်ငံအတွင်း ဝင်တိုက်ခဲ့၍ ဂျာမန် ဩစတြီးယားတပ်များက ဆာဆီးယားနိုင်ငံအတွင်း တိုက်ရိုက်ဝင်ရောက်တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ပေ။ တောင်ထူထပ်သဖြင့် ဆာဗီယားတပ်များက ပြန်လည်တိုက်ခိုက်ရန် အခွင့်သာ၏။ ဘူလဂေးရီးယား ဘယ်တောင်ပံက ဆားဗီးယားတပ်များနောက်သို့ ချီတက်၍ ဆာဗီးယားတောင်ပိုင်းသို့ ဝင်ရောက်ကြပြီး ဆလိုနီးကားမှ ဖြတ်၍ ဆာဗီးယားသို့ ပို့ပေးသည့် ပြင်သစ်အင်္ဂလိပ်စစ်ကူများကို ဖြတ်တောက်ပိတ်ဆို့နိုင်ခဲ့လေသည်။ ဆာဗီးယားတပ်များသည် လျှင်မြန်စွာ ပြိုကွဲခဲ့ပြီး တပ်အချို့သာ ဆောင်းတွင်းအလယ်တွင် အယ်လဘေးနီးယားမှ ဖြတ်၍ အက်ဒရိယက်တစ် ပင်လယ်ဘက်သို့ ဆုတ်ခွာနိုင်ခဲ့ကြလေသည်။

ဤကဲ့သို့ ရန်သူ မဟာမိတ်များ၏ ပိုမိုအားနည်းသည့်နိုင်ငံကို အင်အားစုစည်းတိုက်ခိုက်ချေမှုန်းနိုင်သဖြင့် ဩစတြီးယားအတွက် ဆာဗီးယားဘက်မှ အန္တရာယ်ကင်း၊ ဘေးရှင်းဖြစ်သွားသည့်အပြင် ဂျာမနီအနေနှင့် ဥရောပအလယ်ပိုင်းတွင် ဆက်သွယ်ရေးလမ်းကြောင်း ဖြောင့်ဖြူးသွားရုံသာမက ယင်းဒေသတစ်ခုလုံးကို လွှမ်းမိုး ဩဇာသက်ရောက်နိုင်ခဲ့လေသည်။

၁၉၁၆–၁၇ ရုရှစစ်မျက်နှာနှင့်ပတ်သက်၍ ဝေဖန်ရန် များစွာမရှိပါ။ ဩစတြီးယား–ဂျာမန်ဘက်မှ အဓိကအားဖြင့် ခံစစ်ဆင်နွှဲပြီး ရုရှများက တိုက်ရိုက်ချဉ်းကပ်သည့် မဟာဗျူဟာကို ကျင့်သုံးခဲ့ကြလေသည်။

ရုရှစစ်ဆင်ရေးများတွင် သင်ခန်းစာယူဖွယ်အချက်မှာ **တိုက်ရိုက်ချဉ်းကပ်ခြင်းတွင် အင်အားကိုသာ အားကိုးခြင်းသည် အကျိုးမရှိရုံသာမက စိတ်ဓာတ်**



**ရေးရာအရ ကိုယ့်ဓားကိုယ်ပြန်ပတ်သေး၏ဆိုသော အချက်ဖြစ်ပေသည်။** ၁၉၁၇ ခုနှစ်တွင် တော်လှန်ရေးကြောင့် ရုရှတို့ စစ်ယန္တရားတစ်ခုလုံး ပြိုကွဲတော့မည်ကို သိရှိလာရသောအခါ ရုရှတပ်များမှာ ရှေးယခင်က မည်သည့်အခါကမျှနှင့်မတူအောင် လက်နက်ပစ္စည်း ပြည့်စုံနေကြပြီဖြစ်၏။ ရုရှတပ်များမှာ ဥရောပတစ်ခွင်လုံးတွင် အစွန့်စားဆုံး၊ စိတ်အရှည်ဆုံး စစ်သည်များဖြစ်ပေ၏။ သို့သော် မကြာခဏ ဆုံးရှုံးမှု များပြားလှ၍ အကျိုးမရှိသော တိုက်ပွဲများကို တိုက်ရဖန်များလာသောအခါ စိတ်ဓာတ်ကျနေကြပြီ ဖြစ်လေသည်။ ၁၉၁၇ ခုနှစ် နွေဦးထိုးစစ်ပြီးသောအခါ အလားတူ စိတ်ဓာတ်အခြေအနေကို ပြင်သစ်တပ်များအတွင်း ပုန်ကန်မှုများတွင် တွေ့နိုင်ပေသည်။ သေကျေမှုများကို မကြာခဏ တွေ့ခဲ့ရ၍ ငြီးငွေ့နေပြီဖြစ်သော တပ်များအား ကတုတ်ကျင်းများကို ပြန်၍နေရာယူရန် စေခိုင်းသောအခါ အဆိုပါပုန်ကန်မှုများ အများဆုံးဖြစ်ပေါ်ခဲ့လေသည်။

သွယ်ဝိုက်ချဉ်းကပ်မှုနှင့် အနီးစပ်ဆုံးသော စစ်ဆင်ရေးမှာ ၁၉၁၆ ခုနှစ် ဇွန်လတွင် လူ့[1]အနိမ်း ပြုလုပ်ခဲ့သော ဘရူဆီလော့[2]၏ ထိုးစစ်ဖြစ်၏။ သွယ်ဝိုက်ချဉ်းကပ်မှုနှင့် နီးစပ်ရသည်မှာ အရေးကြီးရည်မှန်းချက် မရှိဘဲ တိုက်ရသော ထိုးစစ်ဖြစ်သောကြောင့် ဖြစ်လေ၏။ ယင်းထိုးစစ်မှာ ရောင်ပြတစ်ခုသာဖြစ်၍ အီတလီက တောင်းပန်သောကြောင့် အဆင်သင့် မဖြစ်မီ ရုရှားတို့က စတင်တိုက်ခဲ့ကြရလေသည်။ ပြင်ဆင်မှုမပြုလုပ်ခဲ့ဘဲ တပ်များ စုစည်းခြင်းလည်း မရှိခဲ့ချေ။ ယင်းသို့ အမှတ်မထင် ချီတက်ခဲ့ကြ၍ ရန်သူက လုံးဝမမျှော်လင့်သောကြောင့် အငိုက်မိလိုက်သော ဩစတြီးယားခံစစ်မှာ ပြိုကွဲခဲ့ရပြီး ၃ ရက်အတွင်း သုံ့ပန်း ၂၀၀၀၀၀ ဖမ်းမိခဲ့လေသည်။

ယင်းသို့ အငိုက်ရမိလိုက်ခြင်းကြောင့် ဤမျှ မဟာဗျူဟာ အကျိုးအမြတ်များပြားသည့်တိုက်ပွဲ အတော်ရှားလေသည်။ ထိုထိုးစစ်ကြောင့် ဩစတြီးယားက အီတလီကို ဆက်မတိုက်တော့ချေ။ ဖော်ကန်ဟိန်းက အနောက်စစ်မျက်နှာမှ တပ်များ ပြန်ခေါ်ယူခဲ့ရ၍ ဗာဒွန်အနီးပြုလုပ်နေသော ပြုန်းတီးစစ်ကို ရပ်လိုက်ရတော့၏။ ထိုးစစ်၏ နောက်အကျိုးတစ်ရပ်မှာ ရူမေးနီးယား မဟာမိတ်များဘက်မှ စစ်ထဲပါဝင်လာခြင်းဖြစ်၏။ ယင်းထိုးစစ်ကြောင့် ဖော်ကန်ဟိန်းပြုတ်ကျပြီး ဟင်ဒင်ဘက် လူဒင်ဒေါ့တို့အတွဲ တက်လာခဲ့လေသည်။ (ယောမင်းမှာ အရှေ့စစ်မျက်နှာ၌ ကျန်ခဲ့၍ ဟင်ဒင်ဘက်တို့နှင့် အတွဲပျက်သွား၏။ ယောမင်းမပါ၍ ဟင်ဒင်ဘက်တို့အတွက် နစ်နာခဲ့ရ၏။) ရူမေးနီးယား မဟာမိတ်များဘက်မှ

[1] Luck

[2] Brusilov

www.burmeseclassic.com

www.burmeseclassic.com



စစ်ထဲပါဝင်လာခြင်းကို အကြောင်းပြု၍ ဖော်ကန်ဟိန်းကို ဖြုတ်ချခဲ့ကြခြင်းဖြစ်သော်လည်း စင်စစ် ၁၉၁၅ ခုနှစ်တွင် ကျင့်သုံးခဲ့သည့် ဖော်ကန်ဟိန်း၏ မဟာဗျူဟာမှာ ရည်ရွယ်ချက်ရော အရပ်မျက်နှာပါ ကျဉ်းမြောင်းလွန်းသဖြင့် ရုရှနာလန်ပြန်ထူနိုင်အောင် လုပ်ပေးသကဲ့သို့ရှိ၏။ ထို့ကြောင့် ၁၉၁၆ ဂျာမန်တို့ မဟာဗျူဟာကိုပါ ပျက်စီးဆုံးရှုံးစေခဲ့သောကြောင့် ဖော်ကန်ဟိန်းအား ဖြုတ်ချခဲ့ကြခြင်း ဖြစ်လေသည်၊

သို့သော် သွယ်ဝိုက်ခြင်းနှင့် ဘရူဆီလော့ထိုးစစ်၏ အကျိုးတရားများမှာ ကြာရှည်မခံခဲ့ပေ။ ရုရှစစ်ဌာနချုပ်မှ နောက်ကျတော့မှ ရုရှတပ် အမြောက်အမြားကို ဤစစ်မျက်နှာသို့ ပို့ပေးခဲ့၏။ သို့သော် သဘာဝ စစ်နည်းဥပဒေသဖြစ်သည့် ရန်သူခုခံမှု ပြင်းထန်သည့်ဘက်တွင် မိမိက ထပ်တလဲလဲကြိုးပမ်းပါက ဆုံးရှုံးရမည်ဖြစ်သည့်အတိုင်း ရုရှတို့ အရန်တပ်များကို ထိုနေရာတွင် သုံးစွဲခဲ့ရ၍ ဘာအကျိုးမျှ မရရှိခဲ့ချေ။ ဘရူဆီလော့သည် နောက်ဆုံးတွင် လူတစ်သန်း ဆုံးရှုံးခဲ့ရ၏။ ယင်းလူစားပြန်ရရန် ဖြစ်နိုင်ကောင်းသော်လည်း ရုရှစစ်ဦးစီးဌာန တွေးခေါ်မှု ချွတ်ခြုံကျနေသည်ကို ကျန်ရစ်သူ စစ်သားများက သိမြင်လာကြပြီး နောက်ဆုံးတွင် ယင်းအချက်ကြောင့် ရုရှစစ်ယန္တရားတစ်ခုလုံး စိတ်ဓာတ်ချွတ်ခြုံကျသည်အထိ ဖြစ်ခဲ့ရလေသည်။

ရုရှတို့က ယင်းစစ်ဆင်ရေးတွင် မဲနေစဉ် ဟင်ဒင်ဘာ့ဂ်နှင့် လူဒင်ဒေါ့တို့သည် ချက်ချင်း စစ်မျက်နှာပြောင်း၍ သွယ်ဝိုက်ချဉ်းကပ်နည်း တစ်ခုကို လုပ်ဆောင်နိုင်ခဲ့၏။ ၁၉၁၅ ခုနှစ် ဆာဗီးယား စစ်ဆင်ရေးမျိုး ဖြစ်လေသည်။ အခြေအနေအရပ်ရပ်ကြောင့် ယင်းစစ်ဆင်ရေးမှာ တကယ်သွယ်ဝိုက်ချဉ်းကပ်သည့်ပုံစံ ဖြစ်ခဲ့လေသည်။ ပစ်မှတ်မှာ ရူမေးနီးယားဖြစ်၏။

စစ်စဖြစ်လျှင်ဖြစ်ခြင်း ရူမေးနီးယားတွင် တပ်မ ၂၃ ခုရှိ၏။ လက်နက်ပစ္စည်းများမှာ ဖြစ်ကတတ်ဆန်း တပ်ဆင်ထားရသော တပ်မများ ဖြစ်လေသည်။ ယင်းတပ်မများနှင့် ရင်ဆိုင်နေသည်မှာ အလယ်နိုင်ငံများ တပ်မ ၇ ခုဖြစ်လေသည်။ ဘရူဆီလော့က ဖိအားပေးနေ၍ လည်းကောင်း၊ ဗြိတိသျှများက ဆော့မ်တွင် ဖိတိုက်နေကြ၍လည်းကောင်း၊ ဆလိုနီကားတွင် မဟာမိတ်တပ်များ ရှိနေသဖြင့် လည်းကောင်း အလယ်နိုင်ငံများသည် မိမိတို့တပ်မ ၇ ခုအား အင်အားမဖြည့်တင်းနိုင်ဟု ရူမေးနီးယား အာဏာပိုင်များက သုံးသပ်ကြ၏။ သို့သော် ယင်းမဟာမိတ်ဖိအားပေးမှုအားလုံးမှာ တိုက်ရိုက်လုပ်ဆောင်ချက်များဖြစ်၍ အလယ်နိုင်ငံများက မိမိတို့ စစ်မျက်နှာအသီးသီးမှတပ်များ ထုတ်နုတ်၍ ရူမေးနီးယားအား ချေမှုန်းခြင်းကို တားဆီးနိုင်ခြင်းမရှိချေ။



ရူမေးနီးယားနိုင်ငံသည် တရန်ဆဲဗေးနီးယား[1] နှင့် ဘူဂေးရီးယားနိုင်ငံများအကြားတွင် ရှိ၍ ကာပေသီယံတောင်တန်းများ တစ်ဖက်တစ်ချက်နှင့် ဒန်းနြူပ်မြစ်တို့က သဘာဝအတားအဆီးများသဖွယ် ဖြစ်နေကြ၏။ ယင်းအခြေအနေကြောင့်ပင် သွယ်ဝိုက်ချဉ်းကပ်နည်း မဟာဗျူဟာဖြင့် တိုက်၍ရနိုင်လောက်လေသည်။ ထို့ပြင် ပင်လယ်နက်အနီး ဒိုဗရူဂျာ 'နောက်ကျောပိုင်း'[2]မှာ ကျင်လည်သည့် ရန်သူက ငါးစာအဖြစ် မျှား၍အသုံးပြုနိုင်သည့် နေရာဖြစ်၏။

ရူမေးနီးယားက အနောက်ဘက် ထရန်ဆဲဗေးနီးယားထဲသို့ ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သောကြောင့် အလယ်နိုင်ငံများ စစ်ဆင်ရေးသည် ယင်းတို့ မျှော်မှန်းထားသည်ထက် ပို၍ ပရိယာယ်ကြွယ်ဝသည့် သွယ်ဝိုက်ချဉ်းကပ်နည်း ဖြစ်လာခဲ့လေသည်။

၁၉၁၆ ခု ဩဂုတ်လ ၂၇ ရက်နေ့တွင် ရူမေးနီးယားတပ်များက စတင်ချီတက်ခဲ့ကြလေသည်။ တပ်မ ၄ ခုစီလောက် ပါဝင်သော စစ်ကြောင်း ၃ ကြောင်းသည် ကာပေသီယံတောင်ကြားလမ်းမှ ဖြတ်၍ အနောက်တောင်ဘက် ဟန်ဂေရီလွင်ပြင်များသို့ ဦးတည်ချီတက်ခဲ့ကြလေသည်။ တိုက်ရိုက်ချဉ်းကပ်ခြင်းပင်ဖြစ်၏။ ဒန်းနြူပ်မြစ်ကြောင်းကို စောင့်ရှောက်ရန် တပ်မ ၃ ခု ချန်ထားခဲ့ပြီး ဒိုဘရူဂျာတွင် တပ်မ ၃ ခု ချန်ထား၏။ အရေးအကြောင်းရှိက ထိုနေရာသို့ ရုရှားများက စစ်ကူပို့ပေးမည်ဟု ဆို၏။

ရူမေးနီးယားတပ်များက ဖြည်းဖြည်းမှန်မှန်သာ ချီတက်၍ ထရန်ဆဲဗေးနီးယားထဲသို့ ရောက်သောအခါ ရန်သူတို့က ခုခံသောကြောင့်မဟုတ်ဘဲ တံတားများကို ဖျက်ဆီးထားသောကြောင့် ချီတက်ရ နှေးကွေးခဲ့၏။ အင်အားနည်းသော ဩစတြီးယားနယ်ခြားတပ်မ ၅ ခုကိုပင် ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ချေ။ မကြာမီပင် ဩစတြီးယားတပ်မ ၅ ခုကို ဂျာမန်တပ်မ ၅ ခု၊ ဩစတြီးယားတပ်မ ၂ ခုနှင့် အင်အားဖြည့်ပေးခဲ့လေသည်။ ဖော်ကန်ဟိန်း ပြုတ်မကျမီ အတည်ပြုခဲ့သော စီမံချက်အရ ဂျာမန်များနှင့် အင်အားဖြည့်တင်းထားသော ဘူဂေးရီးယားတပ်မ ၄ ခုနှင့် ဩစတြီးယား တံတားဆောက် အဖွဲ့တစ်ခုတို့ကို မှက်ကင်ဆင်[3] လက်အောက်သို့ ပေးခဲ့လေသည်။ ဒိုဗရူဂျာကို ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်၏။

ရူမေးနီးယားတပ်များသည် အနောက်ဘက် ထရန်ဆဲဗေးနီးယားပြည်ထဲသို့ တဖြည်းဖြည်းချင်း ချီတက်လျက်ရှိစဉ် မက်ကင်ဆင်သည် တာတူးကိုက်[4] တံတားဦးကို စက်တင်ဘာလ ၅ ရက်နေ့တွင် ရုတ်ချည်းဝင်ရောက် တိုက်ခိုက်၍

---

၁။ Transylvania
၂။ Dobruja 'Backyard'
၃။ Mackensen
၄။ Turtucaia

www.burmeseclassic.com

www.burmeseclassic.com



ဒန်မြုပ်မြစ် စစ်မျက်နှာတွင် စောင့်နေကြသော ရုမေးနီးယားတပ်မ ၃ ခုအား ဖျက်ဆီးပစ်နိုင်ခဲ့လေသည်။ ဒန်းမြုပ်ဘက်မှ တောင်ပံ လုံခြုံပြီဖြစ်သောအခါ မက်ကင်ဆင်သည် အရှေ့ဘက် ဒိုဗရူဂျာနယ်အတွင်းအထိ နက်ရှိုင်းစွာ ဝင်ရောက်ခဲ့၏။ ရန်သူတို့ မျှော်မှန်းထားသည့် ဗြူခရက်(စ)နှင့် ဝေးကွာသည့်နေရာ ဖြစ်လေသည်။ ယင်းမှာ လိမ္မာပါးနပ် သော စိတ်ဓာတ်ရေးအရ ထိုးနှက်ချက် ဖြစ်၏။

အကြောင်းမူကား မမျှော်မှန်းဘဲ ရရှိသည့် မဟာဗျူဟာအကျိုးမှာ ထရန်ဆဲဗေးနီးယား ထိုးစစ်အတွက် ရုမေးနီးယားတို့က အသုံးပြုရန်ထားသော အရန်တပ်များကို ယင်းနေရာသို့ ဆွဲယူလိုက်သလို ဖြစ်ခဲ့၏။ ထရန်ဆဲဗေးနီးယားထိုးစစ်မှာ အရှိန်တန့်နေသော အချိန်လည်း ဖြစ်နေလေသည်။

ဖော်ကန်ဟိန်းအား ယင်းထိုးစစ်တွင် ကွပ်ကဲရန် တာဝန်ပေးလိုက်၍ သူသည် အလွန်စိတ်အားတက်ကြွစွာ ထိုးစစ်ဆင်နွှဲသည် ဖြစ်သော်လည်း တိုက်ရိုက်ချဉ်းကပ်မှုနည်းကိုသာ အသုံးပြုခဲ့လေသည်။ ရုမေးနီးယား အလယ်ပိုင်းနှင့် တောင်ပိုင်းတပ်များအား တောင်များမှ ဖြတ်တောက်မပစ်နိုင်ဘဲ နောက်သို့ဆုတ်အောင်သာ တတ်နိုင်ခဲ့လေသည်။ ဂျာမန်တို့စီမံချက်မှာ မျှော်လင့်သလို ဖြစ်မလာခဲ့ပေ။ တောင်ကြားလမ်းများကို ရုမေးနီးယားတပ်များက လက်လွှတ်မခံဘဲ ခုခံထားသောကြောင့် ဖြစ်လေသည်။ ဖော်ကန်ဟိန်းက အနောက်ဘက်သို့ ဆက်လက်ချီတက်ရန် ကြိုးစားပါသော်လည်း မအောင်မြင်ခဲ့ချေ။ ဆက်လက်ကြိုးစားတိုက်ခိုက်ရာ ဆောင်းတွင်းကျရောက်မလာခင်လေးမှာပင် ရန်သူခံစစ်ကို ဖောက်ထွင်းနိုင်ခဲ့၏။ အနောက်ဘက်သို့ ဆက်လက်ချီတက်ခြင်းဖြင့် ရုမေးနီးယားနိုင်ငံအတွင်းသို့ ရှေ့ဘက်မှဝင်သကဲ့သို့ ဖြစ်နေလေသည်။ တိုက်ရိုက်ချဉ်းကပ်မိသောကြောင့် မြစ်အသီးသီးကို ကျော်ဖြတ်ခဲ့ရ၏။ အော်(လ)(တ)[1] တွင် ရှေ့ဆက်မတက်နိုင်ရှိသောအခါ မက်ကင်ဆင်က ဝင်ရောက်ကူညီခဲ့လေသည်။

မက်ကင်ဆင်သည် သူ၏တပ်အများစုကို ဒိုဗရူဂျာမှ ပြန်လည်ခေါ်ယူခဲ့၍ တာဗျူးကိုက်မှ ဖြတ်ပြီး ဆစ်တိုဗို[2] နေရာမှ နိုဝင်ဘာ ၂၃ ရက်နေ့တွင် ဒန်မြုပ်ကို ဖြတ်ကူးခဲ့လေသည်။ ရုမေးနီးယားနောက်ပိုင်းကို စွန့်ခွာ၍ ယခုကဲ့သို့ ဗြူခရက်(စ)ကို ဦးတည်ချီတက်ခြင်းသည် အကျိုးရှိသော မဟာဗျူဟာ ဖြစ်သည် မဖြစ်သည် ဆိုသည်မှာ ဝေဖန်ရန်ခက်ခဲလှ၏။ ယင်းသို့ ချီတက်ခဲ့သောကြောင့် ဖော်ကန်ဟိန်းတပ်များ အော်(လ)(တ)ကို ဖြတ်ကူးနိုင်သည်မှာ မှန်၏။ တစ်ချိန်တည်းမှာပင် ရုမေးနီးယားတပ်များက မိမိတို့၏ စုစုစည်းစည်းရှိနေသော ဗဟို

၁။ The Alt

၂။ Sistovo



နေရာမှ မက်ကင်ဆင်၏ တောင်ပံကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နိုင်ခဲ့လေသည်။ သို့သော်လည်း အန္တရာယ်ကို တွန်းလှန်ခဲ့ပြီး ဖော်ကန်ဟိန်းနှင့် မက်ကင်ဆင်တပ်များသည် ရုမေးနီးယားတပ်များအား ဗြူခရက်(စ)မှ ဖြတ်၍ စရက်ပင်လယ်နက်[1] စစ်ကြောင်းအထိ မောင်းထုတ်နိုင်ခဲ့လေသည်။

ဂျာမန်တပ်များသည် ဂျုံ၊ ဓာတ်ဆီထွက်သော ရုမေးနီးယားနိုင်ငံတစ်ခုလုံးလိုလိုကို ရရှိကြပြီဖြစ်၏။ သို့သော် ရုမေးနီးယားတပ်မတော်ကို ဖျက်ဆီးခြင်းသော်လည်းကောင်း၊ ဖြတ်တောက်ပစ်ခြင်းသော်လည်းကောင်း မပြုနိုင်ခဲ့ချေ။ ရုမေးနီးယား တပ်မတော်သည် ရန်သူတို့ကို နောက်ဆုံးထိုးစစ်တွင် ပြန်လည်ခုခံတိုက်ခိုက်ရင်း စိတ်ဓာတ်ပြန်လည်တက်ကြွလျက် ရှိကြလေသည်။

နောင်နှစ်နွေကာလတွင် ဂျာမန်တို့က ရုမေးနီးယားတပ်အား ပရွတ်[2] နောက်သို့ တိုက်ထုတ်ရင်း နိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း ရုမေးနီးယား တပ်မတော်က ဂျာမန်တို့ စီမံချက် မအောင်မြင်အောင် ပြန်လည်ခုခံနိုင်ခဲ့လေသည်။ ၁၉၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဗော်ရှီဗစ်ရုရှတို့က ဂျာမနီနှင့် စစ်ရပ်စဲရေးစာချုပ် ချုပ်ဆိုတော့မှ ရုမေးနီးယားသည် အထီးကျန်ဖြစ်ပြီး ရုရှတို့ခြေလှမ်းကိုလိုက်၍ စစ်ရပ်စဲရန် အဆိုပြုရတော့၏။

၁။ Sereth-Black Sea Line

၂။ Prut

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

# အရှေ့တောင် သို့မဟုတ် မြေထဲပင်လယ်စစ်မျက်နှာ

### အီတလီစစ်မျက်နှာ

၁၉၁၇ ခုနှစ်တွင် အီတလီနိုင်ငံသည် ဂျာမန်စစ်ဦးစီးဌာနချုပ် ဆောင်းဦး ဇာတ်ဆရာတို့ ကပြရာ ဇာတ်စင်ကြီး ဖြစ်နေတော့၏။ အီတလီနိုင်ငံ၏ နယ်ခြား မြေအနေအထားက ဂျာမန်တို့အား ပထဝီသဘော သို့မဟုတ် ရုပ်ဝတ္ထုပစ္စည်း သဘော သွယ်ဝိုက်ချဉ်းကပ်မှု လုပ်ဆောင်ခွင့်ပေးနေသကဲ့သို့ရှိ၏။ မဟာမိတ် များတွင် ယင်းသို့ အခွင့်မသာခဲ့ဘဲ စိတ်ဓာတ်ရေးရာအရလည်း သွယ်ဝိုက်ချဉ်းကပ် ရန် ကြိုးစားခြင်း မရှိခဲ့ချေ။

အီတလီနယ်ခြား ဗယ်နီဇီယာ[၁]ပြည်နယ်သည် ဩစတြီးယားဘက်သို့ ထိုးထွက်လျက်ရှိသော အငူစွန်းဖြစ်ပြီး မြောက်ဘက်တွင် ဩစတြီးယားနယ်များ ဖြစ်သည့် တိုင်ရိုနှင့် ထရင်တီနို[၂]နယ်များဖြစ်၍ တောင်ဘက်တွင် အက်ဒရိက်တစ် ပင်လယ်ရှိ၏။ ပင်လယ်ကမ်းခြေ အိုင်ဆွန်ဇိုနေရာတွင် မြေအတော်အတန် ပြေပြစ် ၏။ ထိုနေရာမှ အနောက်မြောက်တစ်ကြောလုံးမှာ ဂျူလီယန်နှင့် ကာနစ်တောင် တန်း[၃]များဖြစ်ပြီး အနောက်တောင်ဘက် ဂါဒီယာရေကန်[၄]အထိ တောင်တန်းများ သာ ဖြစ်လေသည်။ မြောက်ဘက်တွင် အယ်ပိုင်တောင်တန်းများက ထုထပ်လှပြီး

၁။ Venezia

၂။ Tyrol and Trentino

၃။ Julian and Carnic Alps

၄။ Lake Gardia

မည်မည်ရရ မြေနေရာရည်မှန်းချက် မရှိသဖြင့် အီတလီတပ်များက မြောက်ဘက် တွင် ထိုးစစ်ဆင်နွှဲလိုခြင်း မရှိချေ။ ထို့ကြောင့် အရှေ့ဘက် ဩစတြီးယားပြည် အတွင်း တိုက်ရိုက်ဝင်ရောက်တိုက်ခိုက်ရန်သာ ရှိတော့၏။ သို့သော်လည်း မဟာ ဗျူဟာအတွက် အမြဲရင်ဆိုင်နေရမည့် အန္တရာယ်ကြီးမှာကား ဩစတြီးယားတပ် များက ထရင်တီနိုမှ အီတလီတပ်များ နောက်ဆွယ်သို့ ဝင်ရောက်တိုက်မည့် အန္တရာယ် ဖြစ်ပေ၏။ သို့သော် ရွေးချယ်ရန် အခြားလမ်းလည်း မရှိတော့သည် နှင့် ယင်းမဟာဗျူဟာကိုပင် အီတလီတို့က ရွေးချယ်ခဲ့လေသည်။

နှစ်နှစ်ခွဲမျှ အီတလီတပ်များသည် တိုက်ရိုက်ချဉ်းကပ်သည့်နည်းကို ဖွဲဖွဲ မြဲမြဲ အသုံးပြုခဲ့၏။ အိုင်ဆွန်ဇိုတိုက်ပွဲကို '၁၁ ကြိမ်မြောက်' တိုက်ခိုက်ပြီးသည့် နောက် စမျဉ်းမှ ရှေ့သို့ မတက်နိုင်သလောက်ဖြစ်ပြီး အီတလီတပ်များသည် လူ ၁၁ သိန်း ဆုံးရှုံးရ၍ ဩစတြီးယားဘက်မှ လူ ၆၅၀၀၀၀ ကျဆုံးခဲ့ပြီဖြစ်၏။ ယင်းကာလအတွင်း ဩစတြီးယားတို့က တစ်ကြိမ်သာ ထိုးစစ်ဆင်နွှဲခဲ့လေသည်။ ၁၉၁၆ ခုနှစ်တွင် ဖြစ်ပြီး ထရန်တီနိုမှ တောင်ဘက်သို့ဆင်း၍ အိုင်ဆွန်ဇိုဒေသတွင် တိုက်နေသော အီတလီတပ်များနောက်မှ ဝင်တိုက်ရန် ဖြစ်လေသည်။ ယင်းထိုးစစ် ဖြင့် အီတလီကို အောင်နိုင်ရန်ဖြစ်၏။ ကွန်ရဒ်၏ အကြံဉာဏ်ဖြစ်၍ ယင်းစီမံ ချက်အတိုင်း တိုက်နိုင်ရန် ဖော်ကန်ဟိန်းထံမှ အကူအညီတောင်းခဲ့လေသည်။ သို့သော် ဖော်ကန်ဟိန်းက ယင်းစီမံချက်ကို အယုံအကြည်မရှိသည့်အပြင် 'အဆုံး အဖြတ်ပေးနိုင်သော' ထိုးစစ်များကိုလည်း မယုံနိုင်ဘဲ မိမိ၏ဗာဒွန်ပြုန်းတီးစစ်ကို သာ ဆက်လုပ်လိုသဖြင့် အရှေ့စစ်မျက်နှာမှ ဩစတြီးယားတပ်မ ၉ ခုကို ဂျာမန် တပ်မတော်များနှင့်လဲပေးရန် ကွန်ရဒ်၏ အနည်းဆုံးတောင်းဆိုချက်ကိုပင် ဖော် ကန်ဟိန်းက လိုက်လျောခြင်း မရှိခဲ့ချေ။

ဖော်ကန်ဟိန်းထံမှ အကူအညီမရသော်လည်း မိမိဩစတြီးယားတပ်များ နှင့်ပင် စစ်ဆင်ရေးလုပ်ရန် ကွန်ရဒ်က ဆုံးဖြတ်ခဲ့လေသည်။ အရှေ့ပိုင်းမှ အကောင်း ဆုံးတပ်မများကို ထုတ်နုတ်ယူခဲ့သဖြင့် အရှေ့စစ်မျက်နှာတွင် ဘရူဆီလော့၏ ရုရှတပ်များက ချီတက်တိုက်ခိုက်ခြင်းခံခဲ့ရပြီး အီတလီထိုးစစ်အတွက်လည်း တပ်များ လုံလောက်အောင် ရရှိခဲ့သည် မဟုတ်ချေ။

သို့စဉ်လျက် ကွန်ရဒ်၏ ထိုးစစ်မှာ အောင်မြင်လုနီးနီးရှိခဲ့လေသည်။ ယင်းစစ်ဆင်ရေးသည် မျှော်လင့်ရာအရပ်မျက်နှာကို ရှောင်ရှားခဲ့သည်ဟု မဆိုနိုင် သော်လည်း ရန်သူတို့က ယင်းထိုးစစ်အတွက် ဩစတြီးယားတပ်များ လုံလောက် အောင် စုစည်းနိုင်မည်ဟု မမျှော်မှန်းခဲ့သောကြောင့် အတော်အတန် အံ့ဩခဲ့ရမိ ခဲ့လေ၏။ စစ်ဆင်ရေးကြီးတစ်ရပ်ဖြစ်သော်လည်း တပ် များသင့်သလောက် မများ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ချေ။ အစပိုင်းတွင် အောင်မြင်မှုရခဲ့၏။ (အီတလီဗိုလ်ချုပ်) ကာဒေါ်နာ[1] သည် အရည်အချင်းပြည့်ဝ၍ လျင်မြန်စွာ အိုင်ဆွန်ဇို စစ်မျက်နှာမှ စစ်ကူများ ထုတ်နုတ်သုံးစွဲခဲ့သည့်အပြင် လက်နက်ကြီးများ၊ စစ်ပစ္စည်းများကိုပါ အရေးရှိက ပြန်လည်သယ်ယူသွားရန် အစီအစဉ်များ ပြုလုပ်ခဲ့လေသည်။ ဩစတြီးယားထိုးစစ်သည် ကွင်းပြင်များအထိ ဖောက်ထွက်လုနီးနီးဖြစ်ပြီးမှ အရံတပ်များ မရှိသဖြင့် စစ်ရှိန်တန့်သွားကာ အရှေ့ပိုင်းတွင် ဘာရူဆီလော့က ထိုးစစ်ဆင်လာသောကြောင့် ကွန်ရဒ်၏ အီတလီထိုးစစ်ကို ရပ်ဆိုင်းပစ်ခဲ့ရလေသည်။

နောက် ၁၇ လကြာသောအခါ ဩစတြီးယား အခြေအနေမလှတော့သဖြင့် ဂျာမန်နှင့် ဩစတြီးယားတပ်များ ပူးပေါင်းပြီး အီတလီကို စစ်ဆင်ရန် လူဒင်ဒေါ့က ကြံရွယ်ခဲ့သောအခါ အောင်မြင်ရန် လမ်းအလွန်နည်းနေပြီ ဖြစ်လေသည်။ ဗဟိုအရန်မှ ဂျာမန်တပ်မ ၆ ခုခန့်သာ ထုတ်နုတ်သုံးစွဲခဲ့၍ ဂျာမန်တို့ မဟာမိတ် ဩစတြီးယားမှာလည်း စိတ်ဓာတ်ရေးရာအရ လည်းကောင်း၊ ပစ္စည်းလက်နက်ဘက်တွင်လည်းကောင်း စစ်ပန်းလျက်ရှိပြီဖြစ်၏။ လက်နက်လူသူနည်းပါးနေသောကြောင့် စစ်မျက်နှာ ကျဉ်းမြောင်းပြီး တိုက်ရိုက်ချဉ်းကပ်မှုကိုသာ သုံးစွဲခဲ့ရ၏။ အိုင်ဆွန်ဇို အရှေ့မြောက်ထောင့် အလယ်ပိုင်းတောင်များဘက်သို့ ကွေ့သွားသောနေရာကို ရွေးချယ်တိုက်ခိုက်ခဲ့လေသည်။ ရွေးချယ်တိုက်ခိုက်သောနေရာမှာမူ ထိုစစ်မျက်နှာတွင် မူသစ်တစ်ရပ်ဖြစ်သော နည်းဗျူဟာအရ ခုခံမှုအနည်းဆုံးနေရာကို ရွေးချယ်ခဲ့ခြင်း ဖြစ်လေသည်။

မူလစီမံချက်အရ ကာပိုရက်တို[2]နေရာတွင် ဖောက်ထွက်၍ အိုင်ဆွန်ဇိုစစ်မျက်နှာတွင် သိမ်းကျုံးတိုက်သွားရန် ဖြစ်၏။ နောက်ပိုင်းတွင် ရည်မှန်းချက်ပိုမိုကြီးမားလာခဲ့သော်လည်း လက်နက်လူသူ လိုသလောက် ရှိခဲ့သည်မဟုတ်ချေ။ ထိုနှစ် ဆောင်းဦးတွင် ကမ်ဘရေး၌ ဗြိတိသျှတို့ မှားယွင်းခဲ့သလို ကာပိုရက်တို၌ လူဒင်ဒေါ့က မဟာဗျူဟာ အမှားလုပ်ခဲ့ပြန်၏။ ယင်းမှာ "ဝန်နှင့်အား မြားနှင့် လေး မချိန်ဆမိသော" အမှားဖြစ်ချေ၏။ လူဒင်ဒေါ့၏အမှားမှာ ဖော်ကန်ဟိန်းနှင့် ပြောင်းပြန်ဖြစ်၏။ ဖော်ကန်ဟိန်း မှားလေ့ရှိသည်မှာ အထည်ချုပ်လုပ်သူသည် အဝတ်စလျှော့၍ မှာယူမိသောကြောင့် ဖြည်းဖြည်းချင်း အစများ ထပ်၍ မှာယူရပြီး အစပ်အဟာများသော အထည်မျိုးရရှိသူများ ပုံမျိုးဖြစ်၏။

သေချာစွာ ပြင်ဆင်ဖုံးကွယ်ထားခဲ့သော ထိုးစစ်ကို အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ခဲ့ရာ အီတလီတပ်တော်များအကြား နက်ရှိုင်းစွာ သပ်ရိုက်

၁။ Cadorna

၂။ Caporetto



သွင်းလိုက်သလို ထိုးဝင်နိုင်ခဲ့၏။ တစ်ပတ်အတွင်း တာ့ဂ်လီယာမင်တို[1] သို့ ရောက်ခဲ့လေသည်။ သို့သော် အီတလီတို့က မိမိတို့တပ်များကို အကျအဆုံးများစွာ ရှိလျက်စင် ပြန်လည်စုစည်းခဲ့သော်အခါ ဂျာမန်ထိုးစစ်မှာ အနောက်ဘက်သို့ ဦးတည်လျက် လုံးဝတိုက်ရိုက်ထိုးစစ်အဖြစ် ဆင်နွှဲခဲ့ပြီး အီတလီတပ်များကို ပီယက်[2] မြစ်သို့ တဖြည်းဖြည်း တွန်းပို့ခဲ့၏။ ယင်းမြစ်ကို ဖြတ်ကူးပြီး အီတလီတပ်များက သဘာဝအတားအဆီးကို အကာအကွယ်ယူ၍ ခံစစ်ဆင်နိုင်ခဲ့၏။ ထရင်တီနိုသို့ စစ်ကူပို့ရန် လူဒင်ဒေါ့က နောက်ကျမှ အကြံပေါ်ခဲ့သော်လည်း မီးရထားအဆက်အသွယ် မလုံလောက်မှုကြောင့် စစ်ကူပို့မပေးဖြစ်ခဲ့ချေ။ မိမိရှိသမျှ လူ လက်နက်ပစ္စည်းတို့နှင့် ဆက်၍ တက်နိုင်ရန် ထရင်တီနိုတပ်တော်ကမူ ကြိုးစားပါသေး၏။ သို့သော် အီတလီတပ်များက ဆုတ်ခွာနှင့်ပြီဖြစ်သောကြောင့် ဂျာမန်များ ဆက်လက်ချီတက်မှုသည် အရာမရောက်ခဲ့ချေ။

အစပိုင်း အငိုက်ရရှိခဲ့ပြီး နောက်ပိုင်းတွင်ကား ဂျာမန်ဩစတြီးယားထိုးစစ်သည် တိုက်ရိုက်ချဉ်းကပ်မှုသာဖြစ်၍ မိမိတပ်အချင်းချင်း ပေါင်းမိရန် လုပ်ဆောင်ချက်သာ ဖြစ်တော့၏။ အီတလီတပ်များအား သူတို့၏အရံများ ရိက္ခာများ၊ သူတို့၏ နေအိမ်များ စစ်ကူရရှိနိုင်ရာနေရာသို့ ပြန်လည်တွန်းပို့သလိုသာ ဖြစ်ခဲ့လေသည်။ အကျိုးရှိသင့်သလောက် မရှိဘဲ ၁၉၁၆ ခုနှစ် စောစောပိုင်းက ကွန်ရဒ်အကြံဉာဏ်ကို ဖော်ကန်ဟိန်းက မယူခဲ့သဖြင့် အောင်ပွဲကြီးကြီးကျယ်ကျယ် မရခဲ့သည်မှာ ကံကြမ္မာ၏ လှည့်ကွက်ဟု ခေါ်ရမည်ကဲ့သို့ ရှိတော့၏။

## ဆော်(လ)ကန် စစ်မျက်နှာ

၁၉၁၈ ခုနှစ် လူဒင်ဒေါ့၏ စီမံချက်ကို မလေ့လာမီ လွန်ခဲ့သည့် ၃ နှစ်က ပြင်သစ်နှင့် ရုရှား စစ်မျက်နှာအပြင် အခြားနေရာများ၌ သူ၏ရန်သူများက ပြုလုပ်ခဲ့သော စစ်ဆင်ရေးများကို လေ့လာရပေဦးမည်။

ပြင်သစ်ပြည်တွင်းရှိ ပြင်သစ်နှင့် ဗြိတိသျှစစ်ဌာနချုပ်များသည် တိုက်ရိုက်ချဉ်းကပ်နည်းကို သဲသဲမဲမဲ ယုံကြည်နေကြဆဲဖြစ်၏။ ကတုတ်ကျင်းခံစစ်များကို တိုက်ရိုက်နည်းဖြင့် ကျော်ဖြတ်နိုင်ရမည့်အပြင် အဆုံးအဖြတ်ပေးသည့် အောင်ပွဲကိုပါ ယင်းနည်းဖြင့် ရရှိနိုင်မည်ဟု ယုံကြည်နေကြချိန်တွင် စစ်မျက်နှာနှင့်ပို နီးကပ်သည့်နေရာတွင်လည်းကောင်း၊ စစ်ဌာနချုပ်များနောက် တော်တော်ဝေးသည့်

၁။ Tasliamento

၂။ Piave

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင်လည်းကောင်း၊ (၁၉၁၄ ခုနှစ် အောက်တိုဘာလမှစ၍) တိုက်ရိုက်ချဉ်းကပ်နည်းကို အကြီးအကျယ် သံသယရှိသူများ ပေါ်ပေါက်ခဲ့ချေပြီ။ ယင်းသို့ ခရီးဝေးမှ ကြည့်သဖြင့် ယထာဘူတကျကျ မြင်သူများမှာ နိုင်ငံရေးသမားများသာ မဟုတ်ချေ။ ပြင်သစ်မှ ဂယ်လီနီနှင့် အင်္ဂလန်မှ ကစ်ချင်နားတို့လည်း ပါဝင်၏။

၁၉၁၅ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကစ်ချင်နားက ဆာဂျွန်ဖရင့်ထံသို့ အောက်ပါအတိုင်း စာရေးခဲ့လေသည်။

"ပြင်သစ်ပြည်ရှိ ဂျာမန်ခံစစ်ကြောင်းများသည် တိုက်ခိုက်မရနိုင်သည့် ခံတပ်များအဖြစ် လည်းကောင်း၊ ဝန်းရံထား၍ မရနိုင်သည့် နေရာများအဖြစ် လည်းကောင်း ယူဆကောင်း ယူဆရပေလိမ့်မည်။ ထို့ကြောင့် ယင်းခံစစ်ကြောင်းများကို ထိန်းရုံထိန်းထားပြီး အခြားနေရာများတွင် စစ်ဆင်ရေးများ ပြုလုပ်သင့်သည်"

အထူးသဖြင့် ဝင်စတန်ချာချီက ပြောခဲ့သည်မှာ ရှိန်သူ မဟာမိတ်အဖွဲ့ကို တစ်ဖွဲ့လုံး ခြုံကြည့်ရန်လိုကြောင်း၊ ယခုခေတ် တိုးတက်တီထွင်မှုများကြောင့် အကွာအဝေးနှင့် လှုပ်ရှားစစ်ကစားနိုင်မှု အယူအဆများမှာ ပြောင်းလဲကုန်ပြီဖြစ်ကြောင်း၊ အခြားစစ်မျက်နှာတစ်ခုကို ထိုးနှက်ချက်သည် ယခင်က ပြုလုပ်ခဲ့ကြသည့် မဟာဗျူဟာ စစ်နံကို တိုက်သည့်နည်းတူ ဖြစ်နိုင်ကြောင်းများလည်း ဖြစ်လေသည်။ (ဤနေရာတွင် အနောက်စစ်မျက်နှာ၌ ကတုတ်ကျင်းများကို ကျော်လွှန်ရန် ကြိုးပမ်းကြသူများကလည်း နပိုလီယံကိုပင် ကိုးကားလေ့ရှိကြ၏။ စင်စစ် နပိုလီယံမှာ အခြားနည်း (သွယ်ဝိုက်ချဉ်းကပ်ခြင်းကို ဆိုလိုသည်။ ဘာသာပြန်သူ)ကို ပို၍ထောက်ခံသည်ဟု ယူဆရန် ရှိပါသည်။ ထို့ပြင် အခြားနည်းကို အဆိုပြုသူများက မိမိတို့နည်းမှာ ဗြိတိန်၏ သမားရိုးကျ ကြည်း–ရေ နှစ်သွယ် စစ်ဆင်ရေး အစဉ်အလာနှင့်လည်း ကိုက်ညီကြောင်း၊ ယခုအထိ မေ့လျော့ထားခဲ့သော ရေတပ်အင်အားကို အမြတ်ထုတ် စစ်ဆင်နိုင်မည် ဖြစ်ကြောင်းကိုပါ ပြောကြားခဲ့ကြ၏။

၁၉၁၅ ခုနှစ် ဇန်နဝါရီလထဲတွင် လော့ကစ်ချင်နားက တင်ပြခဲ့သော အကြံဉာဏ်မှာ အလ်လီဇင်ဒရက်တာ ပင်လယ်ကွေ့[၁]တွင် ကမ်းတက်တိုက်ခိုက်ခြင်းဖြင့် တူရကီ၏ အရှေ့ဘက် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရန် ဖြစ်လေသည်။ စစ်ကြီးပြီးသည့်အခါ ဟင်ဒင်ဘာဂ်နှင့် အင်ဗာပါရှား[၂]တို့ ထွက်ဆိုချက်များအရ ယင်းစစ်ဆင်ရေးသာ လုပ်ဖြစ်ပါက တူရကီကို မလှုပ်နိုင်

၁။ Gulf of Alexandretta

၂။ Enver Pasha

မရှားနိုင် ဆုတ်ဆိုင်းသွားအောင် လုပ်နိုင်[illegible]ဖြန့်သည် အကျိုးကိုမှ ပေးနိုင်မည်မဟုတ်ဘဲ အလယ်နိုင်ငံများ မဟာမိတ်အဖွဲ့ကို သွယ်ဝိုက်ချဉ်းကပ်ရာ ရောက်မည်တော့ မဟုတ်ချေ။

လွိုက်ဂျော့[၁]က ဗြိတိသျှတပ်အများစုကို ဘော်လကန်သို့ပို့ရန် ယင်းနေရာမှာ ရန်သူ၏ "နောက်ဖေးပေါက်" ဖြစ်ကြောင်း အဆိုပြုခဲ့၏။ သို့သော် ပြင်သစ်နှင့် ဗြိတိသျှ စစ်ဌာနချုပ်များက ပြင်သစ်စစ်မျက်နှာတွင် စောစော အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲရမည်ဟု ယုံကြည်ကြပြီး အခြားနည်း မဟာဗျူဟာကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြလေသည်။ မိမိဘက်မှ သယ်ယူပို့ဆောင်ရေး ထောက်ပံ့ရေး ခက်ခဲပုံ၊ ဂျာမနီက ယင်းစစ်မျက်နှာများသို့ အလွယ်တကူ စစ်ကူများ ပို့နိုင်ပုံတို့ကို အကြောင်းပြကန့်ကွက်ခဲ့ကြ၏။ သူတို့အကြောင်းပြချက်သည် ဆီလျော်မှု အနည်းငယ်ရှိသော်လည်း မဟာမိတ်စစ်ခေါင်းဆောင်များသည် လိုသည်ထက် ပို၍ ကား၍ တင်ပြခဲ့ကြ၏။

သူတို့အကြောင်းပြချက်များမှာ ဂယ်လီနီ၏ ဘော်လတန်စီမံချက်နှင့်ပတ်သက်၍မူ ကျိုးကြောင်းဆီလျော်ခြင်းမရှိတော့ချေ။ ကွန်စတန်တီနိုပယ်ကို ချီတက်ရန် ရည်စူး၍ တပ်ကြီးတစ်တပ်ကို ဆလိုနီကာသို့ ပို့ပေးရန်၊ ယင်းတပ် အရွယ်အစားမှာ တပ်တော် အင်အားရှိလောက်အောင် ကြီးကျယ်ပါက ဂရိ(စ)နှင့် ဘူလဂေးရီးယားတို့ မဟာမိတ်တို့ဘက်မှ စစ်ထဲပါလာအောင် ဆွဲဆောင်နိုင်မည် ဖြစ်ကြောင်း ဂယ်လီနီက တင်ပြခဲ့၏။ ကွန်စတင်တီနိုပယ်ကို သိမ်းပိုက်ပြီးက ဒန်းြွုပ်မြစ်ကြောင်းမှ ဩစတြီးယား ဟန်ဂေရီနိုင်ငံအတွင်းသို့ ရုမေးနီးယားတပ်များနှင့် အတူဝင်ရောက်ရန် ဖြစ်လေသည်။ စစ်ကြီး၏ နောက်ဆုံးလတွင် ဂယ်လီနီ တင်ပြသည့်ပုံစံနှင့် အတော်တူညီသည့် စီမံချက်မျိုး ချမှတ်လုပ်ဆောင်ခဲ့ကြလေသည်။ ၁၉၁၈ ခုနှစ် စက်တင်ဘာလတွင် ယင်းသို့ အရေးပေါ် စစ်ဆင်ရေး စီမံချက်သည် အဆုံးအဖြတ်ကို ပေးနိုင်မည်ဟု ယုံကြည်ခဲ့ကြ၏။ နိုဝင်ဘာလ ပထမအပတ်ထဲတွင် ယင်းခြိမ်းခြောက်မှုမှာ (အနီးကပ် မဟုတ်သေးသော်လည်း) ဂျာမနီ လက်မြှောက်အရှုံးပေးရန် လှုံ့ဆော်အားပေးသော အချက်တစ်ရပ် ဖြစ်ခဲ့လေသည်။

သို့သော် ၁၉၁၅ ခုနှစ် ဇန်နဝါရီလထဲတွင်မူ မဟာမိတ် စစ်ခေါင်းဆောင်များသည် အနောက်စစ်မျက်နှာတွင် အင်အားစုစည်းရမည်တည်းဟူသောမူကို ဆုပ်ကိုင်ထားကြ၍ အခြားအဆိုပြုချက်အားလုံးကို ပယ်ချခဲ့ကြလေ၏။ သို့သော် တိုက်ရိုက် မဟာဗျူဟာကို မကျေနပ်မှုများ ငြိမ်ကျသွားသည် မဟုတ်ချေ။ ထို

၁။ Lloyd George

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် အခြေအနေသစ်တစ်ရပ် ပေါ်လာခဲ့သောကြောင့် အရှေ့အနီးပိုင်း[၁] ပြဿနာကို ပုံစံသစ်ဖြင့် ပြန်လည်ဖော်ထုတ်လာကြပြန်၏။

၁၉၁၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ကော့ကေးဆပ်ရှိ ရုရှားတပ်များအား တူရကီက ဖိအားပေးနေခြင်းကို လျော့ပါးသွားစေရေးအတွက် လမ်းလွှဲစစ်ဆင်ရေးတစ်ရပ် ပြုလုပ်ပေးပါရန် မင်းသားကြီး နစ်ကိုလပ်က ကစ်ချင်နာအား တောင်းပန် တင်ပြခဲ့လေသည်။ ကစ်ချင်နားက တပ်များပို့မပေးနိုင်သေးသဖြင့် ဒါဒင်နယ်အား ရေတပ်ဖြင့် ဟန်ပြခြိမ်းခြောက်ပေးရန် အကြံပြုခဲ့၏။ ချာချီသည် စိတ်ကူးကောင်းသူတစ်ဦး ဖြစ်သည့်အလျောက် ပို၍ ကျယ်ပြန့်သည့် မဟာဗျူဟာအခွင့်အလမ်းများကို မြင်ခဲ့ပြီး ကြည်းကြောင်းမှ စစ်ရေးအကူအညီ မပေးနိုင်လျှင် ဟန်ပြ ခြိမ်းခြောက်နေမည့်အစား ဒါဒင်နယ် ရေလက်ကြားကို အတင်းဖြတ်ကျော်ရန် အကြံပြုခဲ့လေသည်။ သူ၏ ရေတပ်အကြံပေးအရာရှိများက ယင်းအကြံဉာဏ်ကို နှစ်မြို့က် စိတ်ပါလက်ပါ ရှိလှသည် မဟုတ်သော်လည်း ကန့်ကွက်ခဲ့ခြင်း မရှိချေ။ ရေတပ်ဗိုလ်ချုပ်ကြီး ကာဒင်[၂]က စီမံချက် ရေးဆွဲခဲ့လေသည်။

ရှေးကျ ဟောင်းနွမ်းလျှပြီဖြစ်သော ရေတပ်သင်္ဘောအများစု ပါဝင်သော ရေတပ်တစ်တပ်ကို ပြင်သစ်တို့အကူအညီဖြင့် စုစည်း၍ အမြောက်များနှင့် ကြိုတင်ပစ်ခတ်ပေးပြီး မတ်လ ၁၈ ရက်နေ့တွင် ရေလက်ကြားအတွင်းသို့ ဝင်ရောက်ခဲ့လေသည်။ မမျှော်လင့်သည့်နေရာတွင် ရန်သူက ရေမြှုပ်မိုင်းများ ချထားခဲ့သဖြင့် သင်္ဘောအများအပြား နစ်မြုပ်ဆုံးရှုံးခဲ့ရပြီးနောက် စစ်ဆင်ရေးကို ဆက်မလုပ်ဖြစ်တော့ပေ။

ရှေ့သို့ လျင်မြန်စွာ ဆက်လက်ချီတက်လျှင် အောင်မြင်မည်၊ မအောင်မြင်မည်မှာ အငြင်းအခုံဖြစ်ဖွယ် အချက်တစ်ချက် ဖြစ်ပေ၏။ တူရကီတပ်များတွင် ကျည်ဆန်ကုန်သလောက် ဖြစ်သွား၍ ယင်းအခြေအနေတွင် ကျန်ရေတပ်၊ သင်္ဘောတပ်များနှင့် ဆက်တက်လျှင် အောင်မြင်ကောင်း အောင်မြင်ပေမည်။ သို့သော် တပ်မှူးအသစ်ဖြစ်သူ ရေတပ်ဗိုလ်ချုပ်ကြီး ဒီရိုဘက်[၃]က ကြည်းကြောင်း စစ်ကူမပေးနိုင်လျှင် ဆက်လက်ချီတက်၍ အကြောင်းမထူးဟု ဆုံးဖြတ်ခဲ့လေသည်။ သို့သော် ယင်းသို့ ဆုံးဖြတ်ချက်မချမှတ်မီ တစ်လခန့်က ကြည်းကြောင်းစစ်ကူပို့ရန်

၁။ Near East အရှေ့ဖျား၊ အရှေ့အလယ်ပိုင်းတို့နှင့် ခွဲခြားသိရန်လိုပါသည်။ (ဘာသာပြန်သူ)

၂။ Admiral Carden

၃။ Admiral de Robeck



ဗြိတိသျှကောင်စီက ဆုံးဖြတ်ခဲ့ပြီး ဆာအိုင်အင်ဟဲမယ်လတန်[၁] ဦးစီးသည့် ကြည်းကြောင်းတပ်ကို စေလွှတ်လိုက်ပြီး ဖြစ်၏။ စစ်အာဏာပိုင်များသည် စီမံချက်အသစ်ကို လက်ခံရန် နှေးကွေးသလို စစ်ဆင်ရေးလုပ်ရန် တပ်များစေလွှတ်ရာ၌ အလွန်ပင် နှေးကွေးခဲ့လေသည်။ တပ်များ ပို့ပေးရာ၌ မလုံမလောက် ရှိသည့်အပြင် အက်လီဇင်ဒရီးယား၌ ရက်သတ္တပတ်ပေါင်းများစွာ နှောင့်နှေးကြန့်ကြာခဲ့ရလေသည်။ နည်းဗျူဟာအရ ယာဉ်များ ခွဲဝေပေးရာတွင် ကြန့်ကြာခဲ့ခြင်း ဖြစ်၏။ အဆိုးဆုံးမှာ အငိုက်မိအောင် မလုပ်ဆောင်နိုင်ခြင်း ဖြစ်လေသည်။

ဖေဖော်ဝါရီလအတွင်း စတင်၍ အမြောက်များနှင့် ကြိုတင်ပစ်ခတ်ပေးသောအခါ ရေလက်ကြားတွင် ရန်သူ တူရကီတပ်မ ၂ ခုသာ ရှိသေး၏။ ရေတပ်မှ စတင်တိုက်သောအခါ ရန်သူက အင်အားဖြည့်တင်းခဲ့၍ တပ်မ ၄ ခုရှိလာပြီး ဟဲမယ်လတန်က ကမ်းခြေတက်တိုက်သောအခါတွင်မူကား ရန်သူတူရကီတပ်မ ၆ ခုအထိ ရေလက်ကြားတွင် ရောက်နေကြလေပြီ။ ယခုလို စစ်ဆင်ရေးမျိုးတွင် ခံစစ်က ထိုးစစ်ထက် တန်ခိုးထက်မြက်ပြီး မြေအနေအထားကပါ ခံစစ်ဆင်သူကို အထောက်အကူပြုခဲ့လေသည်။ ဟဲမယ်လတန်အား ပေးထားသောတာဝန်မှာလည်း ရေလက်ကြားကို မဟာမိတ်ရေတပ် ဖြတ်ကျော်ရေးတွင် ကူညီရန်သာ ဖြစ်သဖြင့် အင်အားနည်းနေသောကြောင့် 'ဂဲလီပိုလီကမ်းမြောင်'တွင် ကမ်းတက်တိုက်ခိုက်ရန် ဟဲမယ်လတန်က ဆုံးဖြတ်ခဲ့လေသည်။ အာရှဘက်ကမ်းတွင်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သည့်နေရာတွင်လည်းကောင်း ကမ်းတက်တိုက်ခိုက်ရန် ရွေးချယ်ခြင်း မပြုခဲ့ချေ။

ဧပြီလ ၂၅ ရက်နေ့တွင် မဟာမိတ်တပ်များသည် ကိပ်ဟဲလာ(စ)[၂]အနီး ကမ်းမြောင် တောင်ဘက်အစွန်းနှင့် အေဂျီယင် ပင်လယ်ကမ်းခြေမှ ၅ မိုင်ခန့်ရှိသော ဂါဗာတီပီ[၃]တွင် ကမ်းတက်တိုက်ခိုက်ခဲ့ကြလေသည်။ ရောင်ပြအနေနှင့် ပြင်သစ်တို့က အာရှဘက်ကမ်းခြေ ကွမ်းကလေး[၄]နေရာတွင် ခေတ္တ ကမ်းတက်တိုက်ခိုက်ခဲ့သေး၏။

ခေတ္တခဏမျှသာ နည်းဗျူဟာ အငိုက်ရလိုက်ပြီး တူရကီတပ်များက စစ်ကူများ ပို့ပေးနိုင်သောအခါ ဗြိတိသျှတပ်များသည် မိမိတို့ ခြေကုပ်ရထားသည့် နေရာများက ရှေ့ဆက် မတက်နိုင်ကြတော့ချေ။ ကမ်းမြောင်ဒေသတွင် မဟာမိတ်

၁။ Sir Ian Hamilton

၂။ Cape Hellas

၃။ Gaba Tepe

၄။ Kum Kale

www.burmeseclassic.com

www.burmeseclassic.com



တပ်မ ၇ ခု ကမ်းတက်ခဲ့ကြ၍ ရှုလိုင်လထဲတွင် နောက်ထပ်တပ်မ ၇ ခု ကမ်းတက်ခဲ့ကြပြီး ရှုလိုင်လထဲတွင် နောက်ဖြစ် တပ်မ ၅ ခု ပို့ပေးရန် ဗြိတိသျှအစိုးရက ဆုံးဖြတ်ခဲ့လေသည်။ ယင်းတပ်မများ ရောက်လာသောအခါ တူရကီဘက်မှလည်း တပ်မ ၁၅ ခုအထိ အင်အားဖြည့်တင်းပြီး ဖြစ်နေ၏။

ဟဲမယ်လတန်က အသွားနှစ်ခွ ထိုးစစ်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့၏။ ဂါဗာတီပီမှ အင်အားဖြည့်တင်းထားသော တပ်များနှင့် စစ်ကြောင်းတစ်ကြောင်းက တိုက်ခိုက်၍ နောက်ထပ်စစ်ကြောင်းတစ်ကြောင်းက မြောက်ပိုင်း မိုင့်အနည်းငယ်ကွာဝေးသော ဆူ(ဗ)လာ ပင်လယ်ကွေ့[1]တွင် ကမ်းတက်တိုက်ခိုက်ပြီး ကမ်းမြောင်အလယ်နေရာကို ဖြတ်တောက်တိုက်ခိုက်ခြင်းဖြင့် ပင်လယ်ကွေ့ ကျဉ်းမြောင်းသည့်နေရာမှ စိုးမိုးနေသော တောင်တန်းများကို သိမ်းပိုက်ရန် ကြံရွယ်ခဲ့လေသည်။ ဘူလဲယား[2]သို့မဟုတ် အရှေ့ဘက်ကမ်းခြေကို တက်ရောက်တိုက်ခိုက်ခြင်းထက် တိုက်ရိုက်ချဉ်းကပ်သည့်နည်း ဖြစ်သော်လည်း ရန်သူအရန်တပ်များမှာ ယင်းနေရာတွင်မရှိဘဲ ရန်သူက မျှော်မှန်းမထားသော နေရာဖြစ်၍ ယင်းနေရာကို ရွေးချယ်ခဲ့ခြင်း ဖြစ်လေသည်။

စစ်ပြီးသည့်အခါ ယင်းစစ်ဆင်ရေးနှင့် ပတ်သက်၍ ဖော်ကန်ဟိန်းက အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

> "မြေထဲပင်လယ်နဲ့ ပင်လယ်နက်အကြား ရေလက်ကြားကို မဟာမိတ်တွေ မသုံးနိုင်အောင် လုံးဝပိတ်မထားနိုင်ဘူးဆိုရင် (ဂျာမနီက) စစ်ကို အောင်အောင်မြင်မြင် ဆက်တိုက်နိုင်ဖို့ မျှော်လင့်နိုင်မှာ မဟုတ်ဘူး။ ရုရှဟာ ချောင်ပိတ်မိသလို ဖြစ်နေရာက လွတ်မြောက်သွားမှာ ဖြစ်ပါတယ်။ ရုရှားကို ဒီလိုချောင်ပိတ်ထားနိုင်တာဟာ တိုက်ပွဲတွေမှာ အောင်ပွဲရတာထက် ထိရောက်မှုရှိပြီး (ဂျာမနီကို) အာမခံချက် ပေးနိုင်ပါတယ်။ ဒီလိုချောင်ပိတ်ထားလိုက်ရင် ရုရှရဲ့စစ်အင်အားကို အနှေးနဲ့ အမြန် ချည့်နဲ့သွားစေမှာ ဖြစ်ပါတယ်"

ယင်းစစ်ဆင်ရေး၏ အပြစ်မှာ လက်တွေ့အကောင်အထည်ဖော်ရာတွင် ညံ့ဖျင်းခြင်းပင် ဖြစ်လေသည်။ အကြံဉာဏ်မှာ ကောင်းမွန်လှသော်လည်း လက်တွေ့အကောင်အထည် မဖော်နိုင်ခဲ့ချေ။ တဖြည်းဖြည်း တပ်နည်းနည်းချင်း တိုးပေး

---

၁။ **Suvla Bay**

၂။ **Bulair**



မည့်အစား အစတွင် တပ်လုံလုံလောက်လောက် ပေးခဲ့ပါက ယခု စစ်ဆင်ရေးမှာ အောင်မြင်နိုင်ကောင်း၏။ ရန်သူတပ်မှူးများကလည်း ယင်းသို့ပင် ထင်မြင်ချက်ပေးခဲ့ကြလေသည်။

ဒါဒင်နယ် စစ်ဆင်ရေးသည် တူရကီအတွက် တိုက်ရိုက်ချဉ်းကပ်ခြင်းဟု ခေါ်ဆိုနိုင်သော်လည်း ကော်ကေးဆပ်တွင် စစ်ဆင်နေသော အဓိကတူရကီတပ်များအတွက်ဆိုလျှင် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းပင် ဖြစ်၏။ ပို၍ အမြင်ကျယ်ကျယ်ကြည့်လျှင် အလယ်ပိုင်းနိုင်ငံများကို ရည်စူးတိုက်ခိုက်ရန် သွယ်ဝိုက်ချဉ်းကပ်နည်းပင် ဖြစ်လေသည်။ အနောက်ဘက် စစ်မျက်နှာတွင် တိုးတက်မှုလုံးဝမရှိဘဲ တပ်သိပ်သည်းမှုနှင့် နေရာအချိုးအစားသည် လျင်မြန်စွာ အဆုံးအဖြတ်ပေးနိုင်မည့် ဖောက်ထွင်းမှုကို မပြုလုပ်နိုင်သော အခြေအနေတွင် ဒါဒင်နယ်စစ်ဆင်ရေးအကြံအစည်သည်၊ ရည်ရွယ်ချက်သည် လက်တွေ့ဖြစ်နိုင်သော နည်းလမ်းနှင့် လိုက်လျောညီထွေရှိရမည်ဟူသောမူနှင့် ကိုက်ညီပေ၏။ လက်တွေ့အကောင်အထည်ဖော်ရာတွင် ညံ့ဖျင်းလှသဖြင့် အောင်ပန်းမဆွတ်ခူးနိုင်ခြင်းဖြစ်လေသည်။

## ပါလက်စတိုင်းနှင့် မက်ဆိုပိုတေးမီးယား စစ်မျက်နှာများ

အရှေ့အလယ်ပိုင်း စစ်ဆင်ရေးများသည် ဤစာအုပ်နှင့် အနည်းငယ်သာ သက်ဆိုင်ပါသည်။ မဟာဗျူဟာအရ ယင်းနေရာများသည် ဝေးကွာလွန်းသောကြောင့် အဆုံးအဖြတ်ပေးနိုင်သည်မဟုတ်ပါ။ မဟာဗျူဟာနည်းအရ တစ်ဖက်ရန်သူ၏ တပ်များကို ဖြန့်ခွဲပစ်သည့်မူအရ သုံးသပ်လျှင် ဗြိတိသျှတပ်များသည် ယင်းနေရာများ၌ ရန်သူတပ်များထက် ပို၍ အင်အားများပြားစွာ ဖြန့်ခွဲအသုံးပြုခဲ့ရလေသည်။

ပေါလစီနှင့် ပတ်သက်၍မူ ယင်းစစ်မျက်နှာနှင့်ဆိုင်သော အချက်တစ်ချက်ကို ဖော်ပြနိုင်၏။ ရှေးအခါက ဗြိတိန်သည် ပင်လယ်ရပ်ခြားရှိ ရန်သူနယ်ပယ်များကို သိမ်းပိုက်ခြင်းဖြင့် မဟာမိတ်များ စွန့်လွှတ်ခဲ့ရသည်တို့ကို အစားပြန်၍ ရစေခဲ့ဖူး၏။ ယင်းသို့ ရန်သူ့နယ်ပယ်များကိုရရှိပြီး အဓိကစစ်မျက်နှာ၌ အရေးမလှရှိသောအခါ သို့မဟုတ် အဆုံးအဖြတ် မပေးနိုင်ရှိသောအခါ ယင်းနယ်ပယ်များအား စေ့စပ်ရေးတွင် ဝှက်ဖဲအဖြစ် အသုံးပြုနိုင်၏။ စေ့စပ်ရေးတွင် မိမိဘက်

www.burmeseclassic.com



က မဲတင်းပေးသည့်သဘော အသုံးပြုနိုင်၏။ စစ်အတွင်းတွင် ရန်သူနယ်ပယ်များကို မိမိက ရရှိထားသောကြောင့် အားဆေးသဖွယ်လည်း ဖြစ်လေသည်။[1]

ပါလက်စတိုင်းတိုက်ပွဲစဉ်တွင် ဗြိတိသျှတို့၏ ဒေသန္တရမဟာဗျူဟာကို လေ့လာသင့်၏။ အစကတည်းကပင် တိုက်ရိုက်ချဉ်းကပ်နည်းနှင့် သွယ်ဝိုက်ချဉ်းကပ်နည်း နှစ်ခုစလုံး၏ဆိုးကျိုးများကို ရောစပ်တွေ့ရ၏။ ရန်သူတို့ မျှော်မှန်းထားသည့်လိုင်းကို လိုက်ခဲ့၏။ ယင်းမှာလည်း တူရကီတို့၏ သေရေးရှင်ရေးတမျှ အရေးကြီးသည့် မည်သည့်အချက်အချာ နေရာကိုမဆို ရောက်နိုင်သည့် အဝေးဆုံးနှင့် အခက်ခဲဆုံးလမ်း ဖြစ်လေသည်။ ဂါဇာ[2]နေရာတွင် ပထမ နှစ်ကြိမ်ဆုံးရှုံးခဲ့ပြီးနောက် (၁၉၁၇ ခု မတ်နှင့် ဧပြီအတွင်း) ဆောင်းဦးတွင် ရရှိလာသော ပို၍ကြီးမားသည့် တပ်များနှင့် ဗြိတိသျှတို့က သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုခဲ့လေသည်။ ဂါဇာမှာ အီဂျစ်မှ ပါလက်စတိုင်းသို့ ကမ်းခြေတစ်လျှောက် လာရာလမ်းကို ခွလျက် တည်ရှိ၏။

မာရေး[3]ထံမှ တာဝန်လွှဲယူပြီးနောက် အယ်လင်ဘီ[4]သည် ချက်ဝုဒ်[5]ရေးဆွဲထားသော စီမံချက်ကို လက်ခံအတည်ပြုခဲ့လေသည်။ ယင်းစီမံချက်မှာ

---

၁။ စစ်ပြီး၍ ဂျာမနီပိုင် ကိုလိုနီများကို ဂျာမနီအား ပြန်ပေးမည်ရှိသောအခါ အချို့ကငင်းတို့သည် အနာဂတ်တွင် အန္တရာယ်ပြုနိုင်သည်ဟု အကြောင်းပြ၍ ကန့်ကွက်ကြ၏။ နောင် စစ်ဖြစ်သောအခါ ယင်းကိုလိုနီများက ဗြိတိန်အား သွယ်ဝိုက်အကျိုးပြုနိုင်သည်ကို အထက်ပါအတိုင်း ကန့်ကွက်သူတို့က မေ့နေကြဟန်တူ၏။ အဓိက ဥရောပစစ်မျက်နှာ၌ ရန်သူက အောင်နိုင်နေသောအခါ ယင်းကိုလိုနီများကို ဗြိတိသျှက ပြန်လည်သိမ်းပိုက်ခြင်းဖြင့် ဂုဏ်သိက္ခာ တက်လာနိုင်သည် မဟုတ်ပါလော။ ပင်လယ်ကို စိုးမိုးနိုင်သော နိုင်ငံကြီးတစ်ခုအနေနှင့် ယင်းသို့ ရန်သူနယ်ပယ်ကို ကိုလိုနီများကို သိမ်းပိုက်သည့်နည်းဖြင့် စိတ်ဓာတ်ရေးရာအရ အရေးကြီးပုံကို မည်သည့်အခါမျှ မမေ့ထိုက်ပေ။

ထို့ပြင် ဥရောပနိုင်ငံကြီးတစ်ခုအနေနှင့် ကိုလိုနီများ ပိုင်ဆိုင်ပြီးယင်းကိုလိုနီများကို ကျွန်ုပ်တို့က အချိန်မရွေး သိမ်းပိုက်နိုင်သည်ကို သိရှိသောအခါ သူ၏ကျူးကျော်တိုက်ခိုက်လိုစိတ်ကို ဟန့်တားပေးရာ ရောက်၏။ ယင်းအကြောင်းကြောင့်ပင်လျှင် ၁၉၃၉ ခုနှစ် စစ်ပွဲတွင် အီတလီက စစ်ထဲမပါဝင်သေးဘဲ အချိန်အတော်ကြာ နှောင့်နှေးနေခဲ့ခြင်း ဖြစ်လေသည်။ သူ့မဟာမိတ် (ဂျာမနီ)က စစ်နိုင်မည်ဟု သေချာပေါက် တွက်ရသောအခါကျတော့မှ အီတလီစစ်ထဲပါဝင်လာခြင်း ဖြစ်၏။ ကိုလိုနီများ ပိုင်ဆိုင်နေခြင်းဖြင့် အတားအဆီးသဘော မသက်ရောက်သော်လည်း အဟန့်အတားသဘောတော့ ရှိနေ၏။

၂။ Gaza

၃။ Murray

၄။ Allenby

၅။ Chetwode



ရေရရှိရေးနှင့် ပယ်လယ်နှင့် သဲကန္တာရအကြား အသုံးပြုနိုင်သည့် ကျဉ်းမြောင်းလှသော နေရာကန့်သတ်ချက်များက ခွင့်ပြုသမျှ ပထဝီသဘောအရ အတတ်နိုင်ဆုံး သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုထားလေသည်။ တူရကီခံစစ်ကြောင်းများသည် ဂါဇာမှ အတွင်းဘက် မိုင် ၂၀ ခန့် နေရာတစ်လျှောက်လုံးတွင် ဆောက်လုပ်ထား၏။ နောက်ထပ် အတွင်းပိုင်း ၁၀ မိုင်ခန့်တွင် ဘီယာရှီဘာ[1]တည်ရှိ၍ အရှေ့ဘက်မှ ရန်သူဝင်နိုင်သည့်လမ်းကို စောင့်ရှောက်ကာကွယ်ထားလေသည်။ ဗြိတိသျှတို့က လျှို့ဝှက်စီမံချက်များနှင့် ပရိယာယ်ကို သုံး၍ တူရကီတပ်များအား ဂါဇာဘက်သို့ အာရုံပြုနေစေခဲ့လေသည်။ တူရကီတပ်များက ဂါဇာကို မဲနေစဉ် ဗြိတိသျှတို့သည် ဝေးလံလှသည့်နေရာမှ သွယ်ဝိုက်ချဉ်းကပ်၍ ဘီယာရှီဘာ(နှင့် ရေရနိုင်သောစခန်း)ကို သိမ်းပိုက်လိုက်လေသည်။ နောက်ထိုးနက်ချက်မှာ ဂါဇာကို ရောင်ပြတိုက်ခိုက်၍ တူရကီတပ်မကြီး၏ စစ်နံကို တိုက်ခိုက်ပြီး ဘီယာရှီဘာမှ ဗြိတိသျှ မြင်းတပ်က ရန်သူနောက်ဆွယ်ကို ဝိုင်း၍တိုက်ခိုက်ခြင်း ဖြစ်လေသည်။

သို့သော် ရေအခက်အခဲနှင့် တူရကီတို့က ဘီယာရှီဘာမြောက်ဘက်တွင် တန်ပြန်တိုက်ခိုက်ခဲ့ကြသောကြောင့် စီမံချက်အတိုင်း ဖြစ်မလာခဲ့ချေ။ တူရကီရှေ့ပိုင်းကို ဖောက်ထွင်းနိုင်သော်လည်း အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲမရရှိခဲ့ချေ။ မူလစီစဉ်ခဲ့သည့်အတိုင်း ရန်သူကို ဖြတ်တောက်ချေမှုန်းနိုင်မည့်အစား ရန်သူများ နောက်သို့ဆုတ်ခွာအောင်သာ တိုက်နိုင်ကြ၏။ တူရကီတပ်များသည် ဂျေရုဆလင်မြို့လွန်အောင် ဆုတ်ခွာပေးခဲ့ကြလေသည်။

၁၉၁၈ ခုနှစ် စက်တင်ဘာလကျတော့မှ ဗြိတိသျှတို့က အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲ ရရှိခဲ့လေသည်။ ယင်းအောင်ပွဲမခံနိုင်မီ သဲကန္တာရအရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော ထူးခြားသောတိုက်ပွဲစဉ်ကြောင့် တူရကီတို့အား အင်အားနည်းသွားအောင် ပြုလုပ်နိုင်သည်သာမက မဟာဗျူဟာနှင့် ပတ်သက်၍ အရေးကြီးသော အချက်အချို့ပါ ဖော်ထုတ်နိုင်ခဲ့၏။ အထူးသဖြင့် သွယ်ဝိုက်ချဉ်းကပ်ခြင်း မဟာဗျူဟာနှင့် ပတ်သက်လေသည်။

ယင်းတိုက်ပွဲစဉ်မှာ အာရပ်များ၏ တော်လှန်မှုဖြစ်ပြီး သူတို့၏ခေါင်းဆောင်မှာ လောရင့်(စ)[2]ဖြစ်လေသည်။ ယင်းတိုက်ပွဲစဉ်မှာ ပြောက်ကျားစစ်ဆင်ရေးတွင် အကျုံးဝင်ပေ၏။ ပြောက်ကျားစစ်ဆင်ရေးကလည်း သူ့သဘာဝအရပင်လျှင် သွယ်ဝိုက်ချဉ်းကပ်နည်းပင် ဖြစ်လေသည်။ ယင်းတိုက်ပွဲစဉ်၏ မဟာ

---

၁။ Beersheba

၂။ Lawrence ဥဇ္ဇာပညာမဏ္ဍိုင် ၇ ခု ရေးသားခဲ့သော T. E. Lawrence ကို ဆိုလိုသည်။ (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာမှာ သိပ္ပံနည်းကျ တွက်ချက်အခြေခံထားသည်ဖြစ်သောကြောင့် (ပြောက်ကျား မဟာဗျူဟာပင် ဖြစ်သော်လည်း) သာမန် စင်ဆင်ရေးတွင် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာသင့်ပေသည်။

သွယ်ဝိုက်ချဉ်းကပ်နည်းကို အဆုံးစွန်ရောက်အောင် အသုံးချထားသောနည်းဖြစ်ပြီး (သူ့ကန့်သတ်ချက်များအတွင်း) မြိုးခြစ်ချွေတာရာ ကျ၍ အထိရောက်ဆုံးနည်းပင် ဖြစ်လေသည်။

အာရပ်များသည် ရိုးရိုးတပ်မတော်သားများထက် ပို၍လှုပ်ရှားနိုင်သောသော်လည်း လူသူဆုံးရှုံးမှု ခံနိုင်စွမ်းမရှိချေ။ တူရကီများမှာကား လူသူ အကျအဆုံးမည်မျှ များပြားစေကာမူ မထောင်းတာဘဲ ပစ္စည်းလက်နက်မှာမူ ရှားပါးလှသောကြောင့် ပစ္စည်းလက်နက်ကို အဆုံးအရှုံး မခံနိုင်ကြချေ။ ကတုတ်ကျင်းများမှ ခံစစ်ဆင်ရာတွင် တော်ကြသော်လည်း တူရကီများသည် လှုပ်ရှားစစ်ဆင်ခြင်းဒဏ်ကို မခံနိုင်ကြပေ။ ကျယ်ဝန်းလှသော နေရာကို ထိန်းနေရသော်လည်း နေရာအနှံ့အပြားတွင် ကင်းစခန်းများ ဖွင့်လှစ်ကာကွယ်ရန် လူလုံလောက်သည် မဟုတ်ချေ။ ထို့ပြင် သူတို့သည် ရှည်းလျားလှပြီး တိုက်ခိုက်ခံရလွယ်သော ဆက်သွယ်ရေးလမ်းကြောင်းအပေါ် အမှီပြုနေကြရ၏။

ယင်းအချက်များအပေါ် အမှီပြု၍ လောရင့်က မဟာဗျူဟာတစ်ရပ်ချမှတ်ခဲ့လေသည်။ ယင်းမှာ သမားရိုးကျ မဟာဗျူဟာနှင့် ဆန့်ကျင်ဘက်သသောဖြစ်၏။ သာမန်တပ်တော်များက ရန်သူနှင့် ထိတွေ့အောင် ရှာဖွေနေရ၏။ အာရပ်တို့က ရန်သူကိုရှောင်၏။ သာမန်တပ်တော်များက ရန်သူတပ်များကို ချေမှုန်း၏။ အာရပ်များကမူ ရန်သူပစ္စည်းသက်သက်ကို ဖျက်ဆီးပစ်၏။ ရန်သူစောင့်မနေသောနေရာများမှ ပစ္စည်းတို့ကို ရှာဖွေဖျက်ဆီးကြလေသည်။ လောရင့်၏ မဟာဗျူဟာမှာ ဤမျှသာမကသေးပါ။ ရန်သူရိက္ခာများကို ဖြတ်တောက်ပစ်၍ ရန်သူများကိုမောင်းထုတ်ပစ်ရမည့်အစား ရိက္ခာအနည်းငယ်စီသာ ရန်သူတပ်များထံ ရောက်စေ၍ ကာလရှည်ကြာလာလေ ရန်သူတို့ ရိက္ခာပစ္စည်းမလုံလောက်မှုကြောင့် ပို၍ဒုက္ခရောက် စိတ်ဓာတ်ကျဆင်းရလေ ဖြစ်ရ၏။ မိမိက တိုက်ခိုက်ပါက ရန်သူကိုစုစည်းပေးသလိုဖြစ်ပြီး သူတို့ရိက္ခာနှင့် လုံခြုံရေးပြဿနာများ ဖြေရှင်းရာတွင်ပိုမိုလွယ်ကူသွားမည်ဖြစ်၏။ အပ်နှင့်ဆွသလို နည်းနည်းတာန်တန်တိုက်လျှင် ရန်သူတို့ ဖြန့်ခွဲနေမည်သာဖြစ်၏။ ယင်းသို့ သမားရိုးကျမဟုတ်သောနည်းများကိုလုပ်ဆောင်သော်လည်း လောရင့်၏ မဟာဗျူဟာသည် ရန်သူခုခံမှုအနည်းဆုံးနေရာကို ရှာကြံတိုက်ခြင်းပင် ဖြစ်လေသည်။ ယင်းနှင့်ပတ်သက်၍ လောရင့်ကအောက်ပါအတိုင်း ရေးသားခဲ့သည်။



"အာရပ်တပ်တော်သည် မည်သည့်အခါမျှ အခွင့်သာခြင်းကို ဆက်လက် ထိန်းသိမ်းထားခြင်းသော် လည်းကောင်း၊ အမြတ်ထုတ်ခြင်းသော် လည်းကောင်း မပြုချေ။ ဆက်လက်ချီတက်ပြီး နောက်တစ်နေရာတွင် တိုက်ခိုက်ရန်သာ ကြိုးစား၏။ တပ်အနည်းဆုံးနှင့် အတိုဆုံးအချိန်အတွင်း အဝေးဆုံးနေရာတွင် တိုက်၏။ ရန်သူက ပြင်ဆင်ပြီး ပြန်လည်ခုခံသည့်အထိ ကိုယ်ကစောင့်နေလျှင် ရန်သူကို ပစ်မှတ်မပေးရဟူသော အခြေခံမူကြီးကို ချိုးဖောက်ရာကျလိမ့်မည်"

ယင်းမဟာဗျူဟာမှာ ၁၉၁၈ ခုနှစ် အနောက်စစ်မျက်နှာ၌ ကျင့်သုံးခဲ့သော မဟာဗျူဟာနှင့် အခြေခံအားဖြင့် အတူတူပင် ဖြစ်လေသည်။ သို့သော်လောရင့်မဟာဗျူဟာက နောက်တစ်ဆင့် ပိုသေး၏။

ယင်းကို သာမန်စစ်ဆင်ရေးတွင် အသုံးပြုသည့်အခါ အချိန်၊ နေရာနှင့်တပ် စသော အချက်များကိုကြည့်၍ ကျင့်သုံးရ၏။ လောရင့် မဟာဗျူဟာမှာမြန်မြန်နှင့် တက်ကြွစွာ လုပ်ဆောင်သည့်သဘော ဖြစ်သော်လည်း ရန်သူ အခြေပျက်အောင်လုပ်သည့် မဟာဗျူဟာထက် အကျိုးသက်ရောက်မှု နှေး၏။ ထို့ကြောင့် တိုင်းပြည်အခြေအနေအရ အလျင်အမြန် အကျိုးသက်ရောက်မှုရှိရန်လိုအပ်သည်ဆိုပါက ရန်သူအခြေပျက်အောင်လုပ်သည့် မဟာဗျူဟာကို ကျင့်သုံးရာ၏။ သို့သော် ယင်းမဟာဗျူဟာကို ကျင့်သုံးရာ၌ သွယ်ဝိုက်ချဉ်းကပ်မှုကိုကျင့်သုံးခြင်းမပြုပါက "ဖြတ်လမ်း"သည် ပို၍ကြာပြီး တန်ဖိုးပိုကြီးကာ "လောရင့်မဟာဗျူဟာ"ထက် ပို၍အန္တရာယ်များ၏။

နေရာမရှိခြင်းနှင့် တပ်ထုသိပ်သည်းနေခြင်းတို့သည် အကျိုးနည်းစေသည့်အချက်များ ဖြစ်သော်လည်း မကျော်လွှားနိုင်သည့် အခက်အခဲများကား မဟုတ်ကြချေ။

အဘက်ဘက်မှ ခြုံ၍ သုံးသပ်လျှင် သာမန်စစ်ဆင်ရေးများ၌ လျင်မြန်စွာအဆုံးအဖြတ်ရနိုင်သည့် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာကို ကျင့်သုံးသင့်၏။ အောင်မြင်ရန် လမ်းများလျှင် ရန်သူကို ထောင်ချောက်ဖြင့် ထောင်ရမည်။

ယင်းမဟာဗျူဟာ မအောင်မြင်လျှင် သို့မဟုတ် သာမန်အခြေအနေ မဟုတ်လျှင် ရန်သူစိတ်ဓာတ် တဖြည်းဖြည်း ကျဆင်းစေရေးကို ရည်ရွယ်ပြုလုပ်သည့် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာကို ကျင့်သုံးသင့်သည်။ ယင်းနည်းနှစ်ခုစလုံးသည် တိုက်ရိုက်ချဉ်းကပ်နည်းထက် သာလွန်ကောင်းမွန်၏။

အာရပ်တော်လှန်ရေး မဟာဗျူဟာကို အဆုံးအထိ လုပ်ဆောင်ရန် အခွင့်အရေးမရခဲ့ပါ။ အကြောင်းမှုကား ၁၉၁၈ ခုနှစ် စက်တင်ဘာလတွင် (ပြောက်

www.burmeseclassic.com

www.burmeseclassic.com



ကျားများက ဟောဂျက်(စ)[၁] ရထားလမ်းရှိ တူရကီတပ်များအား မလှုပ်နိုင် မရှားနိုင် မျှော်လင့်ချက်ကင်းမဲ့သည်အထိ ထိုးနှက်ထားကြစဉ်) ပါလက်စတိုင်းရှိ အဓိက တူရကီတပ်များအား အယ်လင်ဘီက တစ်ချက်တည်းနှင့် အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲ ရရှိခဲ့သောကြောင့်ဖြစ်၏။ ယင်းအယ်လင်ဘီ၏ထိုးစစ်တွင်လည်း အာရပ် ပြောက်ကျားများက အရေးကြီးသောအပိုင်းမှ ပါဝင်ခဲ့လေသည်။

ပါလက်စတိုင်း ပြည်နယ်အတွင်း နောက်ဆုံးစစ်ဆင်ရေးများကို တိုက်ပွဲစဉ် အဖြစ် လည်းကောင်း၊ လိုက်စစ်ပါဝင်သည့် တိုက်ပွဲအဖြစ်လည်းကောင်း သတ်မှတ် ရန် ခက်ခဲပေ၏။ အကြောင်းမူကား နှစ်ဖက်စစ်တပ်များ စတင်ထိတွေ့ တိုက်ပွဲ ဖြစ်ပွားရာမှ ယင်းတိုက်ပွဲ မပြီးဆုံးခင်မှာပင် အယ်လင်ဘီတပ်များက အောင်ပွဲခံ လိုက်နိုင်သောကြောင့် ဖြစ်လေသည်။ ယင်းရှုထောင့်မှကြည့်လျှင် တိုက်ပွဲတစ်ပွဲသာ တွေ့ရမည်ဖြစ်၏။ သို့သော် အောင်ပွဲရလိုက်သည်မှာ မဟာဗျူဟာ ကျင့်သုံးသော ကြောင့်ဖြစ်ပြီး ထိုးစစ်တစ်ခုလုံးတွင် တိုက်ခိုက်ခြင်းမှာ မပြောပလောက်ချေ။

ယင်းသို့ တိုက်ခိုက်မှုနည်းပါးခြင်းကိုကြည့်ပြီး ကလောဝစ်၏ အဆိုအမိန့် ဖြစ်သော "သွေးသည် တိုက်ပွဲ၏တန်ဖိုးဖြစ်သည်"ဟူသော စကားရပ်ကို စွဲမြဲစွာ ယုံကြည်နေသူများက အယ်လင်ဘီ၏အောင်ပွဲကို တန်ဖိုးလျှော့၍ တွက်ချင်ကြ၏။ ထိုးစစ်တွင် အယ်လင်ဘီတပ်များက ရန်သူထက် နှစ်ဆသုံးဆမျှ ပို၍များသည်မှာ မှန်၏။ သို့သော် ဗြိတိသျှတပ်များ ပါလက်စတိုင်းကို ဝင်ရောက်ခါစက ဗြိတိသျှ တပ်များသည် ယခုထက်ပို၍ ရန်သူထက် အင်အားများပြားပါလျက် ဆုံးရှုံးခဲ့ရ သည်ကို သတိချပ်သင့်၏။ ထို့ပြင် ပထမကမ္ဘာစစ်တွင်လည်းကောင်း၊ ထို့ထက် စောစောပိုင်းတွင်လည်းကောင်း အယ်လင်ဘီလို အင်အားများစေကာမူ မအောင်မြင် ခဲ့သော ထိုးစစ်များ ရှိခဲ့သည်ကိုလည်း သတိချပ်သင့်ပေသည်။

တူရကီတပ်များမှာ စိတ်ဓာတ်ကျနေသည်ဖြစ်သောကြောင့် အယ်လင်ဘီ အောင်ပွဲရခြင်းဖြစ်သည်ဟု အချို့က တိုက်ပွဲကို တန်ဖိုးလျှော့တွက်ကြသေး၏။ သို့သော် ၁၉၁၈ ခုနှစ် စက်တင်ဘာလတွင် မဟာမိတ်များက ရန်သူတို့အပေါ် အသာရနေသော အချက်များကို ထည့်သွင်းတွက်ချက်စေကာမူ အယ်လင်ဘီ၏ တိုက်ပွဲစဉ်သည် အမြင်ကျယ်မှုနှင့် လက်တွေ့လုပ်ဆောင်မှုတို့တွင် ကမ္ဘာ့သမိုင်းဝင် တိုက်ပွဲစဉ်များနှင့် တစ်တန်းတည်းထားထိုက်ပါပေသည်။

ဝီလီဆင်[၂]က မဟာဗျူဟာဆိုသည်မှာ လမ်းပန်းဆက်သွယ်ရေး လှေလာ ချက်သာ ဖြစ်သည်ဟု အဓိပ္ပာယ် သတ်မှတ်ခဲ့၍ နပိုလီယံကလည်း စစ်ပညာ

၁။ Hajax
၂။ Willison



တစ်ရပ်လုံး၏ လျှို့ဝှက်ချက်တစ်ခုလုံးမှာ မိမိကိုယ်တိုင် လမ်းပန်းဆက်သွယ်ရေး ကို ချုပ်ကိုင်စိုးမိုးမိအောင် လုပ်ရေးဖြစ်၏'ဟု ဆိုခဲ့သေး၏။ အယ်လင်ဘီ၏ စီမံချက်သည် ယင်းအဆိုအမိန့်များနှင့် အလွန်ကိုက်ညီသည်ကို တွေ့ရပေ၏။ အကြောင်းမူကား ယင်းစီမံချက်အရ ဗြိတိသျှတို့သည် တူရကီဆက်သွယ်ရေး လမ်းကြောင်း မှန်သမျှကို စိုးမိုးရန် ရည်စူးပြုလုပ်ထားသောကြောင့် ဖြစ်ပေသည်။ **တပ်တော်တစ်ခု၏ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်ပစ်ခြင်းသည် ယင်းတပ် ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွဲ့စည်းပုံကို မလှုပ်နိုင် မရှားနိုင်အောင် လုပ်ခြင်းဖြစ်၏။ တပ်မတော်၏ ဆုတ်ခွာရာလမ်းကို ပိတ်လိုက်ခြင်းသည် ယင်းတပ်၏ စိတ်ဓာတ် ရေးရာ ဖွဲ့စည်းမှုကို မလှုပ်နိုင် မရှားနိုင်အောင် လုပ်ခြင်းဖြစ်၏။ ရန်သူ၏ အမိန့်များ၊ အစီရင်ခံစာများ ပို့ပေးရာ ဆက်သွယ်ရေးလမ်းကြောင်းကို ဖျက်ဆီး ပစ်ခြင်းသည် ဦးနှောက်နှင့် ကိုယ် ဆက်သွယ်ရာ အကြောပိုင်းဆိုင်ရာ ဖွဲ့စည်း မှုကို မလှုပ်နိုင် မရှားနိုင်အောင် လုပ်ခြင်းဖြစ်ပေ၏။** နောက်ဆုံးအကျိုးတရား (အကြောပိုင်းဆိုင်ရာကို ဖျက်ဆီးခြင်း)ကို ဗြိတိသျှလေတပ်က လုပ်ဆောင်ပေးခဲ့၏။ ရန်သူလေယာဉ်များကို မောင်းထုတ်လိုက်ခြင်းဖြင့် ရန်သူ့ဌာနချုပ်သည် အကန်း သဖွယ် ဖြစ်သွား၏။ ထို့နောက် အဖြူး[၁] ကြေးနန်းနှင့် တယ်လီဖုန်း ဆက်သွယ်ရေး ဌာနကို ဗုံးကြဲတိုက်ခိုက် ဖျက်ဆီးလိုက်ခြင်းဖြင့် ရန်သူ့ဌာနချုပ်အား နားပင်း ဆွံ့အသွားအောင် လုပ်ခဲ့၏။ ယင်းသို့ အဖြူးကို ဗုံးကြဲတိုက်ခိုက်ခြင်းမပြုမီကလေး တွင် အဓိက ဒဲရာ[၂]မီးရထားလမ်းကို အာရပ်ပြောက်ကျားများက ဖြတ်တောက်ပစ် ခြင်းဖြင့် တူရကီရိက္ခာများကို ခေတ္တဖြတ်ပစ်နိုင်ခဲ့၏။ ယင်းထိုးစစ်တွင်လည်း ဤကဲ့သို့ ခေတ္တ ရိက္ခာဖြတ်တောက်ပစ်ရန်သာ လို၏။ တူရကီစစ်ဌာနချုပ်က မိမိတွင်ရှိသော မရှိမဲ့ရှိမဲ့ အရံတပ်အနည်းငယ်ကိုခွဲ၍ ယင်းနေရာသို့ ပို့ပေးခဲ့ရ သေး၏။ မကြာမီ တူရကီစစ်ဌာနချုပ်သည် မိမိတပ်များအား ကွပ်ကဲနိုင်စွမ်း မရှိတော့ချေ။

တူရကီတပ်တော် ၃ ခုလုံးသည် ဒမားကပ်မှလာသော တစ်ခုတည်းသော မီးရထားလမ်းကိုသာ အားကိုးမှီခိုနေရ၏။ ယင်းမီးရထားလမ်းသည် ပို့ရာတွင် လမ်းခွဲများ ရှိလေသည်။ တစ်လမ်းက တောင်ဘက်သို့ ဆက်သွား၍ ဟောဂျက်(စ) မှာ ရထားလမ်းဆုံးဖြစ်၏။ တစ်လမ်းက အနောက်ဘက် ဂျော်ဒန်ကိုဖြတ်၍ အဖြူးသို့ပေါက်ပြီး အဖြူးမှာ ရထားလမ်းဆုံ ဖြစ်လေသည်။ တစ်လမ်းက ပင်လယ် ဘက် ဟိုက်ဖာ[၃]သို့ ပေါက်ပြီး နောက်တစ်လမ်းက တောင်ဘက်ဆက်သွား၍

၁။ Afule
၂။ Deraa
၃။ Haifa

www.burmeseclassic.com

www.burmeseclassic.com



တူရကီ အမှတ် ၇ နှင့် ၈ တပ်တော်များအတွက် ရထားလမ်း ၈ ရာပင် ဖြစ်လေသည်။ ဂျော်ဒန်အရှေ့ဘက်မှ တူရကီအမှတ် ၄ တပ်တော်သည ဟေဂျက်(စ) ရထားလမ်းကို အားကိုးရ၏။ အဖြူးနှင့် ဂျော်ဒန်ရထားလမ်းဆုံရာ ဘီဆန်[၁] ပတ်ဝန်းကျင်ကို ချုပ်ကိုင်ထားလျှင် အမှတ် ၇ နှင့် ၈ တပ်တော်များ၏ ဆက်သွယ်ရေး လမ်းကြောင်းကို ဖျက်ပစ်နိုင်မည့်အပြင် ယင်းသို့ ဆုတ်ခွာရာလမ်းကိုပါ ပိတ်ပစ်ရာရောက်၏။ ဂျော်ဒန်အရှေ့ဘက် သီခေါင်လှုပြီး ခက်ခဲလှသော ဆုတ်ခွာရာ လမ်းကြောင်းတစ်ကြောင်းသာ ကျန်ပေတော့မည်။ ဒါရာနေရာကို ချုပ်ကိုင်မိလျှင် တပ်တော်သုံးခုစလုံး ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နိုင်၍ အမှတ် ၄ တပ်တော်၏ အကောင်းဆုံး ဆုတ်ခွာရာလမ်းကြောင်းကို ပိတ်ပစ်ရာရောက်မည် ဖြစ်လေသည်။

ဒါရာမှာ ဗြိတိသျှစစ်မျက်နှာမှ ဝေးကွာလွန်းသောကြောင့် အချိန်တိုတို အတွင်း အရှုံးအနိုင် ဆုံးဖြတ်နိုင်လောက်အောင် မဖြစ်နိုင်ချေ။ ကံအားလျော်စွာပင် အာရပ်ပြောက်ကျားများသည် တစ္ဆေတပ်များသဖွယ် ရထားလမ်းသုံးခုစလုံးကို ဖြတ်တောက်ပစ်နိုင်ခဲ့လေသည်။ သို့သော် ၎င်းတို့သဘာဝအရပင်လျှင် အာရပ်များ၏ နည်းဗျူဟာသည်လည်းကောင်း၊ မြေအခြေအနေသည် လည်းကောင်း တူရကီတပ်များ နောက်ဆွယ်မှ မဟာဗျူဟာမြောက် အဆီးအတားတစ်ရပ်[၂] ဖြစ်မလာနိုင်ချေ။

အယ်လင်ဘီအနေနှင့် အချိန်တိုတိုအတွင်း ဆုံးဖြတ်ချက် တိတိကျကျ အလိုရှိသဖြင့် ယင်းမဟာဗျူဟာမြောက် အဆီးအတားကို သိပ်မဝေးကွာသည့် နေရာတွင် သတ်မှတ်ချထားလို၏။ ဂျော်ဒန်နှင့် အနောက်ဘက်တောင်တန်းများမှ ရန်သူထွက်ပေါက်ကိုပိတ်ရန် ယင်းနေရာက အထောက်အကူပြုရပေမည်။ ဘီဆန်၊ အဖြူးနှင့် ဂျောဒန်တံတားအနီး ရထားလမ်းဆုံသည် အယ်လင်ဘီ၏ ရှေ့တန်းမှ မိုင် ၆၀ အတွင်းရှိသဖြင့် သံချပ်ကာဖြင့်လည်းကောင်း၊ မြင်းတပ်ဖြင့်လည်းကောင်း မဟာဗျူဟာတစ်ခုန်စာ[၃]သာ ရှိ၏။ (ယင်းအရေးကြီးသည့်နေရာများသို့ အနှောင့်အယှက်မရှိသွားနိုင်ပါမှ ဤကဲ့သို့ 'တစ်ခုန်'ဖြင့် ရောက်မည်ဖြစ်၏။) ထို့ကြောင့် ပြဿနာမှာ တူရကီများအတွက် အချိန်မီပိတ်ဆို့ရန် ခက်ခဲပြီး ၎င်းတို့မပိတ်ဆို့ဘဲ ထားမည့် ချဉ်းကပ်ရာလမ်းကြောင်းကို ရွေးချယ်နိုင်ရန် ဖြစ်ပေသည်။

ပြဿနာကို မည်သို့ဖြေရှင်းမည်နည်း။ ပြန့်ပြူးသည့် ရှရွန်[၄]ကမ်းခြေလွင်ပြင်မှာ အက်(စ)ဒရာလုံ[၅]လွင်ပြင်၊ အဖြူးနှင့် ဘီဆန်ရှိရာ ဂျက်ဇရီးချိုင့်ဝှမ်း[၆]တို့

---

၁။ Beisan
၂။ Strategic Barrage
၃။ A Strategic Bound
၄။ Sharon
၅။ Esdraelon
၆။ Jezreel Valley



အကြား ထောင့်နေရာကဲ့သို့ ဖြစ်နေ၏။ ယင်းထောင့်နေရာတွင် နောက်ကျော ဘက်မှ တံခါးပေါက်သဖွယ် ဝင်ပေါက်တစ်နေရာသာ ရှိ၏။ ယင်းနေရာမှာ နောက်ပိုင်း ဝေးကွာလွန်းသဖြင့် တူရကီများက အစောင့်ပင် ချမထားချေ။ ရှရွန်ကမ်းခြေလွင်ပြင်နှင့် အက်(စ)ဒရာလုံအတွင်းပိုင်း လွင်ပြင်နှစ်ခုကို ခြားထားသည့် ကျဉ်းမြောင်းသည့် တောင်ကြောတစ်ခုက အထက်ဖော်ပြပါ ထောင့်နေရာသို့ ဝင်ပေါက်သဖွယ် ဖြစ်ပေါ်နေခြင်း ဖြစ်လေသည်။ ဝင်ပေါက်သို့ လာရောက်ရာလမ်းကိုမူ ရှေ့တန်းတူရကီတပ်များ၏ ကတုတ်တူးမြောင်းများက တားဆီးပိတ်ဆို့ထားလေ၏။

အချိန်ကြာမြင့်စွာပင် အယ်လင်ဘီသည် စိတ်ဓာတ်ရေးရာအရ ပရိယာယ်ဝေဝုစ်များကို (အမြောက်ဆန်များအစား) အသုံးပြု၍ တူရကီတပ်များ အာရုံကို ဂျော်ဒန်ဘက် စစ်နံ့သို့ ရောက်နေစေ၏။ ကမ်းခြေဘက်မှ အာရုံပြောင်းပေးခြင်း ဖြစ်လေသည်။ နွေဦးတွင် ဂျော်ဒန်ဘက်မှ နှစ်ကြိမ်တိုင်တိုင် ဗြိတိသျှများ ချီတက်ရန် ကြိုးစားခဲ့ကြခြင်းက အယ်လင်ဘီ၏ စီမံချက်ကို ကူညီနေသကဲ့သို့ ရှိ၏။

စက်တင်ဘာလအတွင်း တူရကီများက အရှေ့ဘက်သို့ အာရုံစိုက်နေကြစဉ် အယ်လင်ဘီ၏တပ်များသည် အနောက်ဘက်သို့ တိတ်တဆိတ် ချီတက်လျက် ရှိကြကုန်၏။ နဂိုက ဗြိတိသျှတပ်များသည် ရန်သူထက် နှစ်ဆတစ်ဆ အင်အားများနေရာမှ ပင်လယ်ကမ်းခြေအနီးရောက်သောအခါတွင်မူကား ဗြိတိသျှတပ်များက ရန်သူထက် ၅ ဆမျှ အင်အားပို၍များခဲ့ချေပြီ။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် အပြင်းအထန် အမြောက်ပစ်ကူပေးခြင်းကို ၁၅ မိနစ်သာ လုပ်ခဲ့ပြီး ဗြိတိသျှ ခြေလျင်တပ်များက ချီတက်ကြ၍ ရှေ့တန်း တူရကီခံစစ်ကြောင်းနှစ်ခုကို ကျော်ဖြတ်ပြီးသောအခါ တံခါးကြီးသဖွယ် အတွင်းပိုင်းသို့ ကွေ့ဝင်ခဲ့လေသည်။ ပွင့်သွားသောတံခါးမှ မြင်းတပ်က ဝင်ခဲ့ပြီး သံချပ်ကားများက ဦးဆောင်၍ ထောင့်နေရာကို ချီတက်ကြကာ အက်(စ)ဒရာလုံ လွင်ပြင်သို့ဝင်ရာ တောင်ကြားလမ်းများကို သိမ်းပိုက်လိုက်ကြလေသည်။ ယင်းသို့ ကြည်းတပ်က အောင်မြင်စွာ ချီတက်တိုက်ခိုက်နိုင်သည်မှာ လေတပ်က ရန်သူ ဌာနချုပ်အား ကန်း၊ ဆွံ့အ၊ နားမှင်းအောင် လုပ်ထားနိုင်သောကြောင့် ဖြစ်လေသည်။

နောက်တစ်နေ့တွင် တူရကီတပ်များနောက်ဆွယ်တွင် မဟာဗျူဟာမြောက် အဆီးအတားကို ချထားလိုက်လေပြီ။ ရန်သူအတွက် ထွက်ပေါက်တစ်ပေါက်သာ ကျန်ပြီး အရှေ့ဘက် ဂျော်ဒန်ဘက်မှထွက်ရန်သာ ကျန်တော့၏။ ဗြိတိသျှလေတပ်ကသာ မကူညီပါက တူရကီတပ်များသည် ထွက်ပေါက်သို့ ရောက်ကောင်းရောက်

www.burmeseclassic.com

www.burmeseclassic.com



ကြပေမည်။ အကြောင်းမှာ နောက်ချန် တူရကီတပ်များက ရှုပ်ရှုပ်ရှက်ရှက် ခုခံကြသောကြောင့် ဗြိတိသျှခြေလျင်တပ်က ချီတက်မှု နှေးနေ၏။ စက်တင်ဘာလ ၂၁ ရက်နေ့ စောစောတွင် ဗြိတိသျှလေယာဉ်တစ်စီးက နေဘလူး[၁]မှ ဂျော်ဒန်တောင်ကြားအတွင်း ကွေ့ပတ်၍ ချီတက်လျက်ရှိသော တူရကီစစ်ကြောင်းတစ်ခုကို တွေ့ရှိခဲ့ရလေသည်။ ယင်းစစ်ကြောင်းမှာ တူရကီတပ်တော်နှစ်ခုမှ အကြွင်းအကျန်အားလုံးကို စုပေါင်းဖွဲ့စည်းထားသော စစ်ကြောင်းဖြစ်၏။ လေကြောင်းမှ ၄ နာရီတိုက်ခိုက်ရာ စစ်ကြောင်းပျက်ပြီး တပ်သားတစ်ဦးချင်း လူတစ်စုစီ ခြေဦးတည့်ရာ ပြေးကြတော့၏။ ထိုအချိန်မှစ၍ တူရကီ အမှတ် ၇ နှင့် ၈ တပ်တော်များမှာ အမည်သာ ကျန်တော့၏။ လုပ်ရန်ကျန်တော့သည်မှာ နွားများစုပြီး နွားခြံထဲသွင်းသလို အကျဉ်းသမားများ ဖမ်းဆီးရန်သာ ဖြစ်တော့သည်။

ဂျော်ဒန်အရှေ့ဘက်တွင်မူကား မဟာဗျူဟာမြောက် အဆီးအတားလုပ်ရန် မဖြစ်နိုင်သဖြင့် တူရကီအမှတ် ၄ တပ်တော်သည် ပြန်းတီးစစ်ဖြင့် အပ်နှင့်ဆွသလို တဖြည်းဖြည်း အမှည့်ကြွေခြွေခြင်း ခံခဲ့ရလေသည်။ ထို့နောက် ဗြိတိသျှတို့က ဒမားစကပ်ကိုပါ သိမ်းပိုက်ခဲ့ပြီး အလက်ပို[၂]သို့ ဆက်လက် အမြတ်ထုတ်စစ်ဆင်ခဲ့၏။ အလက်ပိုမှာ ဒမတ်စကပ်နှင့် မိုင် ၂၀၀ ဝေးသေးပြီး လွန်ခဲ့သော ၃၈ ရက်က ဗြိတိသျှတို့ ထိုးစစ်စတင်ချိန် ရှေ့တန်းနေရာနှင့် မိုင် ၃၅၀ ဝေးကွာလေသည်။ ယင်းတိုက်စစ်တွင် ဗြိတိသျှတပ်က ၅၀၀၀ ခန့်သာ ဆုံးရှုံးရပြီး ရန်သူ ၇၅၀၀၀ ဖမ်းမိခဲ့၏။

ဘူဂေးရီးယား ပြိုကွဲစစ်ရှုံးပြီး ဆလိုနီးကားမှ မိုင်း[၃]၏ တပ်များက ကွန်စတန်တီနိုပယ်ကို ချီတက်ခြင်းဖြင့် တူရကီ၏ နောက်ကျောကို ခြိမ်းခြောက်ခဲ့လေသည်။ အယ်လင်ဘီ၏တပ်များက အလက်ပိုကိုရောက်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့တွင် တူရကီ လက်နက်ချ အရှုံးပေးခဲ့လေသည်။

ပါလက်စတိုင်းတွင် ဗြိတိသျှတို့ရရှိခဲ့သော အဆုံးဖြတ်ပေးနိုင်သည့် အောင်ပွဲကို သုံးသပ်ရာတွင် တူရကီတပ်များသည် မိမိနောက်ဆွယ်တွင် မဟာဗျူဟာမြောက် အဆီးအတား တည်ဆောက်သည်ကို သိရှိပြီး (မလွဲမသွေဖြစ်ပေါ်မြဲ) စိတ်ဓာတ်ရေးရာ ချောက်ချားလာသည့်အခါကျတော့မှ အရှုံးပေးသည်ကိုလည်းကောင်း၊ ယင်းမတိုင်မီ အချိန်အထိ ဗြိတိသျှခြေလျင်တပ်ကို ကြံ့ကြံ့ခံထားသည်ကိုလည်းကောင်း သတိချပ်ရပေမည်။ ထို့ပြင် ရန်သူက ကတုတ်ကျင်းများတူး၍ ခံနေခြင်းကြောင့် ခြေလျင်တပ်ဖြင့် စတင်၍ ခံစစ်ကြောင်းများကို တိုက်ခိုက်ရန်

၁။ Nablus
၂။ Allepo
၃။ Milne



လိုအပ်ခဲ့၏။ ဤကဲ့သို့ သာမန်စစ်ဆင်ရေး အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် မိမိတပ်အားလုံး၏ တစ်စိတ်တစ်ဒေသသာရှိသော လှုပ်ရှားတပ်များက အောင်ပန်းဆွတ်ခူးပေးခဲ့လေသည်။ ဤကဲ့သို့ ပါးနပ်လိမ္မာစွာ သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုခဲ့သည်မှာ စစ်ဆင်ရေး ပြင်ဆင်သည့်ကာလတွင် ဖြစ်လေ၏။ စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ရန်သူကို အခြေပျက်ပြီး စိတ်ဓာတ်ကျဆင်းစေသော လျင်မြန်စွာ စစ်ကစားခြင်းအပေါ်တွင် မူတည်ခဲ့၏။ လျင်မြန်စွာ စစ်ကစားခြင်းကို အဆုံးစွန်အထိ ကျင့်သုံးလျှင် ဖွဲ့နပ်ဖြင့် လုပ်သည့် အငိုက်ဖမ်းမှု ဖြစ်လာပေသည်။

အရှေ့တောင် စစ်မျက်နှာမှ ဆလုံနီးကား တိုက်ပွဲစဉ်ကို အကြမ်းဖျင်းဖော်ပြပါဦးမည်။ ၁၉၁၅ ခုနှစ် ဆောင်းဦး၌ ဆာဗ်များကို အကူအညီပေးရန် လိုအပ်ခဲ့၏။ သို့သော် နောက်ကျမှ ထိရောက်မှုမရှိသော အကူအညီကို မဟာမိတ်များက ပေးခဲ့လေသည်။ သုံးနှစ်ကြာသောအခါတွင်မူကား ယင်းစစ်မျက်နှာမှာ သေရေးရှင်ရေးတမျှ အရေးကြီးသည့် အကျိုးတရားများ ဖြစ်ပေါ်စေသည့် ထိုးစစ်ကြီး စတင်ရာနေရာဖြစ်ခဲ့လေသည်။ ကြားကာလ ပေါ်လစီအကြောင်းများကြောင့်လည်းကောင်း၊ နောင်ကျင့်သုံးနိုင်သည့် မဟာဗျူဟာအကြောင်းများကြောင့်လည်းကောင်း ဘော်လကန်ဒေသတွင် ခြေကုပ်တစ်ခုထားရှိရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါ၏။ သို့သော် နောက်ပိုင်းတွင် မဟာမိတ်တပ် တစ်သန်းမျှအထိ တပ်အမြောက်အမြား ထားသည်မှာ တကယ်ပင် ရှိုအပ်ပါသလော စဉ်းစားဖွယ်ဖြစ်လေသည်။ ဂျာမန်များက ဤကဲ့သို့ မဟာမိတ်အမြောက်အမြား တစ်နေရာတွင် စုနေခဲ့ခြင်းကို ပြောင်လှောင်၍ ဘော်လကန်ဒေသသည် သူတို့၏ အကြီးဆုံးသော စစ်အကျဉ်းစခန်းကြီးဖြစ်သည်ဟု ဆိုခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## ၁၉၁၈ မဟာဗျူဟာ

ပထမကမ္ဘာစစ်ကြီး၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၁၈ ခုနှစ်ကို လေ့လာခဲ့ရာတွင် ၁၉၁၈ ခုနှစ် မဟာဗျူဟာသည် ယင်းကာလမတိုင်မီက ရေတပ်အခြေအနေနှင့် ခွဲမရရုံသာမက ရေတပ်အခြေအနေအပေါ် အမှီပြုလျက် ရှိသည်ကိုပါ တွေ့ခဲ့ရလေသည်။ ကြည်းကြောင်းမှ အဆုံးအဖြတ်မပေးနိုင်ဘဲ ကြာမြင့်လာလေ ရေတပ်ဖြင့် ရန်သူအား ပိတ်ဆို့ထားခြင်းသည် စစ်အခြေအနေတစ်ရပ်လုံးကို ပို၍ လွှမ်းမိုးလာလေ ဖြစ်သည်ကို တွေ့ရပေ၏။

ပထမကမ္ဘာစစ် အနိုင်အရှုံး ဆုံးဖြတ်ရာတွင် မည်သည့်နေ့သည် အရေးအကြီးဆုံးနေ့ ဖြစ်ပါသနည်းဟု သမိုင်းဆရာတစ်ဦးအား မေးပါအံ့။ ၁၉၁၄ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့ ကို ရွေးချယ်ကောင်း ရွေးချယ်ပေးပေလိမ့်မည်။ ယင်းနေ့စွဲတွင် အင်္ဂလန်သည် စစ်ထဲပါဝင်လာခြင်းပင် မရှိသေးချေ။ ထိုနေ့ ၀၁၂၅ နာရီတွင် ဝင်စတန်ချာချီသည် ရေတပ်ဝန်ကြီးအနေဖြင့် ဗြိတိသျှရေတပ်ကို စစ်စည်းရုံးခြင်း ပြုခဲ့လေသည်။ ယင်းရေတပ်သည် ထရာဖာဂါကဲ့သို့ ကြီးကျယ်သော ရေတပ်အောင်ပွဲမရခဲ့သည်မှာ မှန်၏။ သို့သော် မဟာမိတ်များ စစ်အောင်နိုင်စေခဲ့သော အချက်တစ်ချက်စီကို စိစစ်လေ့လာပါက ရေတပ်တည်းဟူသောအကြောင်းသည် အခြားအကြောင်းများထက် အရေးပါသည်ကို တွေ့ကြရမည်ဖြစ်လေသည်။ အကြောင်းမူကား ရေကြောင်းပိတ်ဆို့မှုတွင် ဗြိတိသျှရေတပ်သည် အဓိကလက်နက်ဖြစ်ပြီး စစ်ကြီးပြီးဆုံး၍ စစ်၏မြုနှင်းထုကွဲသွားကာ ပို၍ကြည်ကြည်လင်လင်



မြင်လာရသောအခါ ရေကြောင်းပိတ်ဆို့မှု အရေးပါပုံကို ပို၍ တွေ့လာကြရပေ၏။ စစ်ကြီးတစ်ခုလုံးတွင် ရေကြောင်းပိတ်ဆို့မှုမှာ အရေးအပါဆုံးသော လက်နက်ဖြစ်သည်ကိုပါ တွေ့လာကြရပေ၏။ အမေရိကန် အကျဉ်းစခန်းများအတွင်း ဆိုးဆုံးမရခက်သော အကျဉ်းသားများအတွက် အသုံးပြုသော "ကိုယ်ကျပ်အင်္ကျီ" များကဲ့သို့ ရေကြောင်းပိတ်ဆို့မှုကို ပို၍ တင်းတင်းကျပ်ကျပ် လုပ်ဆောင်လာသောအခါ ပထမ အကျဉ်းသား၏ လှုပ်ရှားမှုကို ချုပ်ချယ်လာပြီး တဖြည်းဖြည်း အသက်ရှူခက်လာကာ "အနေအထိုင်"ကျပ်လာပြီး ပို၍ကြာကြာ ဝတ်ဆင်ပေးထားလေ အကျဉ်းသား၏ ခုခံနိုင်စွမ်း နည်းသည်ထက်နည်းလာ၍ စိတ်ဓာတ်ပါ ကျဆင်းလာရတော့၏။

အကူအညီမဲ့ခြင်းက မျှော်လင့်ချက်ကင်းမဲ့ခြင်းကို ဖြစ်စေ၏။ **သမိုင်းက သက်သေခံခဲ့သည်မှာလည်း လူသူအမြောက်အမြား ဆုံးရှုံးရသည်ထက် မျှော်လင့်ချက် ဆုံးရှုံးပြီး နောက်ဆုံး မျှော်လင့်ချက်ကင်းမဲ့သွားခြင်းသည် စစ်အနိုင်အရှုံးကို ဆုံးဖြတ်ပေးသည်ဟူ၍ ဖြစ်ပေ၏။** ဂျာမနီနိုင်ငံ ပြိုကွဲပျက်စီးခဲ့ရာတွင် လူထုအနေနှင့် တော်ပြတ်လုမတတ် ဖြစ်ခဲ့ရခြင်းကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာရသော အကျိုးတရားတို့ကို မည်သည့်သမိုင်းဆရာကမျှ လျစ်လျူရှုထားမည် မဟုတ်ချေ။ စစ်မြေပြင်တွင် ဆုံးရှုံးသောကြောင့် ဂျာမနီပြည်တွင်းတော်လှန်ရေး ပေါ်ပေါက်ရသလော သို့တည်းမဟုတ် ပြည်တွင်းတော်လှန်ရေးကြောင့် စစ်ရှုံးရသလောဆိုသည့် ပြဿနာကို ခေတ္တဘေးချိတ်ထား၍ သတိပြုရမည့်အချက်မှာကား ရေကြောင်း ပိတ်ဆို့မှုမှာ ကိုင်တွယ်ကြည့်၍ မရနိုင်သော်လည်း ယင်းအကျိုးတရားမှာ အားငယ်ပုံကို လွှမ်းခြုံစိမ့်ဝင်၍ စစ်နှင့်ပတ်သက်သည့် မည်သည့်တွက်ချက်မှုကိုမဆို ထိခိုက်မှုရှိသည်ဆိုသောအချက် ဖြစ်ပါ၏။

အကြောင်းမူကား ရေကြောင်းပိတ်ဆို့မှုကြောင့်ဟု မဆိုနိုင်စေကာမူ ယင်းကဲ့သို့ ရေကြောင်းမှ မဟာမိတ်များက ပိတ်ဆို့ထားခဲ့ပြီး နောင်တွင် ယင်းလက်နက် ပို၍ထိရောက်လာနိုင်ဖွယ်ရှိခြင်းကို သိရှိပြီး ဂျာမနီက ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံး ရေငုပ်သင်္ဘောနှင့် စစ်ဆင်မှု[၁] ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဗြိတိန်အနေနှင့်လည်း လန်ဒန်ကြေညာချက်[၂]ကို ဝက်အူလျှော့ပေးရန် အချက်ရလာပြီး ရေကြောင်းပိတ်ဆို့မှုကို ပိုမိုကျပ်တည်းစွာ လုပ်ဆောင်ခဲ့ရာ၏။ ဂျာမနီသို့ ကုန်များယူဆောင်လာသည်ဟု သံသယရှိသော သင်္ဘောအားလုံးကို ဗြိတိန်က ရပ်တန့်ရှာဖွေခွင့်ရှိသည်ဟု ကြေညာလုပ်ဆောင်ခဲ့လေ

---

၁။ Submarine Campaign

၂။ Declaration of London

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂျာမနီက လူစီတင်နီးယား သင်္ဘောကို နှစ်မြှုပ်လိုက်ခြင်းကြောင့် အမေရိကန် စစ်ထဲဝင်လာရန် လှုံ့ဆော်ပေးခဲ့သည့်အပြင် ဗြိတိန်၏ တင်းကျပ်သော ရေကြောင်းပိတ်ဆို့မှု ပေါ်လစီကြောင့် အမေရိကန်နှင့် ဗြိတိန် အခြေအနေတင်းမာနေသည်ကိုပါ တစ်နည်းတစ်လမ်းအားဖြင့် ပြေလည်လာစေခဲ့လေသည်။

နောက်နှစ်နှစ်ကြာသောအခါ ရေကြောင်းပိတ်ဆို့မှုကြောင့် ဂျာမနီသည် စီးပွားရေး အကျပ်အတည်း တွေ့လာရ၍ "အကန့်အသတ်မရှိ" ရေငုပ်သင်္ဘော စစ်ဆင်ရေးကို ပိုမိုပြင်းထန်စွာ ဆင်နွှဲရန် ဂျာမန်ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြလေသည်။ ဗြိတိန်အနေနှင့် စားနပ်ရိက္ခာနှင့် မိမိတပ်များ လိုအပ်သော ပစ္စည်းများအတွက်ကိုပါ ပင်လယ်ကို ဖြတ်သန်းလာရသော နိုင်ငံခြားမှ တင်သွင်းသည့် ဝင်ကုန်အပေါ် အားထားနေရခြင်းမှာ ဗြိတိန်၏ ပျော့ကွက်ပင် ဖြစ်လေသည်။ ထို့ကြောင့် ရန်သူက ရေငုပ်သင်္ဘောများဖြင့် ရေကြောင်းပိတ်ဆို့ထားသောအခါ ယင်းအဂ္ဂမဟာဗျူဟာ ပုံသဏ္ဍာန်နှင့် သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုခြင်းဖြင့် ဗြိတိသျှကို အနိုင်တိုက်နိုင်မည်ဟု အချို့က ယုံကြည်ကြ၏။ ၎င်းတို့ယုံကြည်ချက် လွဲမှားသော်လည်း ဗြိတိန်အနေနှင့် အတော်ပင် ထိခိုက်ခဲ့လေသည်။ သင်္ဘောနစ်မြုပ်ခြင်းများမှာ ဖေဖော်ဝါရီလတွင် တန်ချိန် ၅ သိန်းမှ ဧပြီလရောက်သောအခါ တန်ချိန် ၈၇၅၀၀၀ အထိ ရှိခဲ့လေသည်။ နောက်ပိုင်း မဟာမိတ်များ၏ ရေငုပ်သင်္ဘော တန်ပြန်စစ်ဆင်ရေး အောင်မြင်လာ၍ ဂျာမနီအနေနှင့် ရေငုပ်သင်္ဘော ဆုံးရှုံးမှုများလာသောကြောင့်သာ မဟာမိတ်များ သက်သာရာရခဲ့ခြင်းဖြစ်လေသည်။ တစ်ချိန်တွင် ဗြိတိန်၌ တိုင်းသူပြည်သားများအတွက် နောက် ၆ ပတ်စာသာ စားနပ်ရိက္ခာရှိတော့လေသည်။

ဂျာမန် ခေါင်းဆောင်များအနေနှင့် မိမိတို့နိုင်ငံသည် စီးပွားရေးအရပြိုကွဲစစ်ရှုံးနိုင်သည်ကို သိရှိသည့်နည်းတူ မဟာမိတ်များအား စီးပွားရေးလက်နက်နှင့် ထိုးနှက်၍ အဆုံးအဖြတ်ပေးနိုင်သည်ကို သိရှိသဖြင့် အမေရိကန်စစ်ထဲသို့ မဟာမိတ်များဘက်မှ ပါဝင်လာနိုင်သည်ကို သိလျက်နှင့်ပင် ရေငုပ်သင်္ဘောစစ်ဆင်ရေးကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၁၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အမေရိကန်သည် မဟာမိတ်များဘက်မှ စစ်ထဲဝင်ရောက်လာခဲ့၏။ ဂျာမနီတွက်ချက်ထားသည့်အတိုင်းပင် အမေရိကန်စစ်အင်အား ပြင်ဆင်ရန် အချိန်အတော်ကြာလိုသည်မှာ မှန်သော်လည်း အမေရိကန် စစ်ထဲဝင်လာသောကြောင့် မဟာမိတ်များက ရေကြောင်းပိတ်ဆို့မှုကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်လာကြ၏။ အမေရိကန်သည် ယင်းစီးပွားရေးလက်နက်ကို ကျင့်သုံးရာ၌ ကြားနေနိုင်ငံများ အခွင့်အရေးတို့ကို ပမာဏမထားတော့ဘဲ (ယခင်က ဗြိတိန်လုပ်ဆောင်ခဲ့သည်ထက်ပင်)



တက်တက်ကြွကြွ လုပ်ဆောင်ခဲ့လေသည်။ ထိုအချိန်မှစ၍ ကြားနေနိုင်ငံများ ကန့်ကွက်ချက်ကြောင့် ရေကြောင်း ပိတ်ဆို့မှုကို နှောင့်နှေးစေခြင်းမရှိတော့ပါ။ ဂျာမနီအနေနှင့် ရေကြောင်းပိတ်ဆို့မှုဒဏ်ကြောင့် အလွန်ပင် ထိခိုက်လျက်ရှိချေပြီ။ စစ်အင်အားသည် စီးပွားရေးခံနိုင်ရည်ရှိမှုအပေါ် မူတည်သည်ဆိုသည့်အချက်ကို မကြာခဏ မေ့လျော့နေတတ်ကြ၏။

**ရေကြောင်းပိတ်ဆို့မှုသည် သွယ်ဝိုက်ချဉ်းကပ်သည့် အဂ္ဂမဟာဗျူဟာ တစ်ရပ်ဖြစ်၍ ထိထိရောက်ရောက် စုံစမ်းလှန်၍ မရလောက်အောင် အစွမ်းထက်၏။** ယင်းကို ကျင့်သုံးရာ၌ စွန့်စားရသည့် အစိတ်အပိုင်းနည်းပြီး အကျိုးတရားကိုမူ ဖြည်းဖြည်းမှ ခံစားရ၏။ သို့သော် အကျိုးတရားသည် အရှိန်နိယာမဥပဒေသ[၁]အတိုင်း ကြာရှည်လာလေ အရှိန်ပိုကောင်းလာလေဖြစ်ပြီး ၁၉၁၇ ခုနှစ်ကုန်ခါနီးလောက်တွင် အလယ်နိုင်ငံများသည် ရေကြောင်းပိတ်ဆို့မှုဒဏ်ကို အပြင်းအထန် ခံစားနေကြရပြီ ဖြစ်လေသည်။ ဤကဲ့သို့ စီးပွားရေးအကျပ်အတည်း တွေ့နေသောကြောင့် ဂျာမနီအား ထိုးစစ်ဆင်နွှဲရန် သွေးဆောင်နိုင်ခဲ့သည်သာမက ယင်း ၁၉၁၈ ခုနှစ် ထိုးစစ်ကို ဂျာမနီအနေနှင့် မလုပ်မဖြစ်သည့် အခြေအနေသို့ ရောက်နေပြီ ဖြစ်လေသည်။ ယင်းထိုးစစ် မအောင်မြင်သည်နှင့် ဂျာမနီသည် ကိုယ့်သေတွင်း ကိုယ်တူးမိလျက်သား ဖြစ်ရပေတော့၏။ ငြိမ်းချမ်းရေးအတွက် စတင်အဆိုပြုရန် ဝန်လေးနေသည်ဖြစ်သောကြောင့် ဂျာမနီအနေနှင့် လောင်းကစားမှု ပြုသကဲ့သို့ ထိုးစစ်ဆင်နွှဲသည့်လမ်းနှင့် စီးပွားရေးအကျပ်အတည်းကြောင့် တဖြည်းဖြည်း အားအင်နည်းလာပြီး ပြိုကွဲပျက်စီးရတော့မည့်လမ်းဟူ၍ လမ်းနှစ်သွယ်ရှိသည့်အနက် တစ်ခုခုကို ရွေးချယ်ရတော့မည် ဖြစ်လေသည်။

၁၉၁၄ ခုနှစ် မန်းတိုက်ပွဲအပြီးတွင် သို့မဟုတ် နောက်ကျတော့မှ ဖြစ်စေ၊ ဂျာမနီအနေနှင့် အနောက်ဘက်တွင် ခံစစ်ဆင်နွှဲ၍ အရှေ့ဘက်တွင် ထိုးစစ်ဆင်နွှဲပါက စစ်ကြီးသည် တစ်မျိုးတစ်ဖုံ အပြီးသတ်ဖွယ်ရာရှိ၏။ ယင်းသို့လုပ်ဆောင်ခဲ့လျှင် ဂျာမနီအနေနှင့် အလယ်ပိုင်းဥရောပ[၂]ကို ဦးဆောင်စည်းရုံးနိုင်၍ အမေရိကန် စစ်ထဲဝင်မလာသေးသဖြင့် ရေကြောင်းပိတ်ဆို့မှုဒဏ်ကိုလည်း အပြင်းအထန် ခံစားရဖွယ်မရှိချေ။ အလယ်ပိုင်း ဥရောပတစ်ခွင်လုံးကို ဂျာမနီ အုပ်စိုးထားနိုင်ပြီး ရုရှလည်း စစ်ထဲတွင် မရှိတော့သည့်အပြင် ဂျာမနီ၏ စီးပွားရေးနောက်လိုက်ဖြစ်နေရသော အခြေအနေတွင် ဗြိတိန်၊ ပြင်သစ်၊ အီတလီတို့သည် မည်မျှအထိ ဂျာမနီအပေါ် ဖိအားပေးနိုင်ကြမည်နည်း။ အလွန်ဆုံး ပြင်သစ်မြောက်ပိုင်းနှင့်

၁။ Law of Momentum

၂။ Mittle Europa

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လဂျီယန်ကို ဂျာမနီက မဟာမိတ်များသို့ ပြန်ပေး၍ အရှေ့ပိုင်းတွင်မူ ဂျာမနီက မိမိအနိုင်ရပြီး နယ်မြေများကို ဆက်လက်ထိန်းထားနိုင်ဖွယ်ရှိ၏။ ဂျာမနီအနေနှင့် တကယ့်နိုင်ငံကြီးတစ်ခု ဖြစ်လာရုံသာမက အရေးကြုံက ဖွံ့ဖြိုးအောင် လုပ်နိုင်သည့် အရန်သယံဇာတနှင့် အင်အားလည်း ကြီးမားလှသည်ဖြစ်ရကား အနောက်နိုင်ငံများအပေါ် စစ်ရေးအားဖြင့် အနိုင်ယူရန် လိုအပ်မည်မဟုတ်တော့ချေ။ စင်စစ် အကျိုးမရှိသဖြင့် မလုပ်သင့်မလုပ်ထိုက်သော ရည်မှန်းချက်များကို စွန့်လွှတ်ခြင်းနှင့် ခေါင်းမာစွာနှင့် တုံးတိုက်တိုက် ကမ်းတိုက်တိုက် ဖွတ်ဆက်လုပ်ဆောင်ခြင်းတို့သည် အဂ္ဂမဟာဗျူဟာနှင့် မဟာမဟာ မိုက်မဲခြင်းတို့ ခြားနားချက်ပင်တည်း။

၁၉၁၈ ခုနှစ်တွင်ကား ဂျာမနီအတွက် ယင်းသို့ အခွင့်အလမ်းမရှိတော့ချေ။ စီးပွားရေးအရ ခံနိုင်စွမ်းရှိမှုမှာလည်း အထူးပင် လျော့နည်းသွားခဲ့ချေပြီ။ ရေကြောင်းပိတ်ဆို့မှုကြောင့် ခံစားရသော စီးပွားရေးကျပ်တည်းမှုကို နောက်ပိုင်းကျမှ ဂျာမနီက ရူမေးနီးယား၊ ယူကရိန်းကို အောင်နိုင်၍ ရရှိခဲ့သော အကျိုးအမြတ်နှင့်ပင် ထေမိခြင်းမရှိခဲ့ချေ။

ဤကဲ့သို့ အခြေအနေတွင် ဂျာမနီက သူ၏နောက်ဆုံးထိုးစစ်ကြီးကို စွန့်စားလုပ်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။ အဖတ်ဆယ်နိုင်မည့် စစ်ရေးအဆုံးအဖြတ်ရလိုရငြား စွန့်စားခဲ့ခြင်းဖြစ်၏။ အရှေ့ပိုင်းမှ ဂျာမန်တပ်များကို သုံးနိုင်ပြီဖြစ်သဖြင့် ရန်သူထက် ဂျာမနီက အင်အားသာလွန်သော်လည်း ယခင် မဟာမိတ်များ ထိုးစစ်ကြီးများ တိုက်ခိုက်ခဲ့စဉ်က မဟာမိတ်များက ဂျာမနီထက် အင်အားသာလွန်သလောက်တော့ မရှိခဲ့ချေ။

၁၉၁၄ ခုနှစ် မတ်လတွင် ဂျာမန်တပ်မပေါင်း ၁၂၉ ကို ရင်ဆိုင်ရန် ဗြိတိသျှ၊ ပြင်သစ်နှင့် ဘယ်လဂျီယံတို့သည် တပ်မပေါင်း ၁၇၈ ခု စုစည်းနိုင်ခဲ့၏။ ၁၉၁၈ ခုနှစ် မတ်လတွင်ကား မဟာမိတ်တပ်မ ၁၇၃ ခုကို ရင်ဆိုင်နိုင်ရန် ဂျာမနီက တပ်မ ၁၉၂ ခု စုစည်းခဲ့လေသည်။ (မဟာမိတ်တပ်မများတွင် အမေရိကန်တပ်မ ၄ ခုခွဲ ပါလာပြီဖြစ်၍ အမေရိကန်တပ်မများသည် သာမန် ဗြိတိသျှ ပြင်သစ် တပ်မတို့ထက် နှစ်ဆမျှ အင်အားပိုကြီးမားပြီး အထက်တွင် ဖော်ပြသော မဟာမိတ်တပ်မ ၁၇၂ ခုတွင် အမေရိကန်တပ်မများကိုပါ အချိုးကျအတိုင်း ထည့်သွင်းတွက်ချက်ထား၏။)

ဂျာမန်များက အရှေ့ပိုင်းမှ တပ်မအနည်းငယ်ကိုသာ အနောက်သို့ လွှဲပြောင်းသုံးစွဲနိုင်ပြီး အမေရိကန်တို့မှာ အရေးကြုံလာပြီဖြစ်သဖြင့် မိမိတို့အင်အားကို ဒီရေအလား တိုးတက်အောင် လုပ်နိုင်ခဲ့ကြလေသည်။ ဂျာမန်တပ်မအားလုံး



အနက် တပ်မ ၈၅ ခုကို ဗဟိုအရန်အဖြစ် ထားရှိ၍ 'မုန်တိုင်းတပ်များ'[၁] ဟုခေါ်၏။ မဟာမိတ်တို့တွင် အရန်အဖြစ် တပ်မ ၆၂ ခုရှိသော်လည်း စုစည်းသုံးစွဲနိုင်သည့် ဗဟိုဌာနချုပ်ဟူ၍ မရှိချေ။ ဗာဆိုင်းစစ်ရေးအမှုဆောင် ကော်မတီ[၂] လက်အောက်တွင် ဗဟိုအရန်တပ်မ ၃၀ ထားရှိရေး အစီအစဉ်မှာလည်း အကောင်အထည်ပေါ်မလာခဲ့ချေ။

ဟေ့(ဂ်)က ဗြိတိသျှတပ်မ ၇ ခုကို ယင်းအရံသို့ပေးနိုင်ခြင်းမရှိဟု ငြင်းဆိုလိုက်သောကြောင့် ထိုအစီအစဉ် ပျက်သွားခဲ့ရ၏။ အရေးကြုံက ဗြိတိသျှနှင့် ပြင်သစ်တပ်မှူးတို့ အချင်းချင်း အပြန်အလှန် အကူအညီပေးရေးသဘောတူညီချက်မှာလည်း ပျက်ပြားခဲ့ရ၏။ စစ်မြေပြင်တွင် အခက်ကြုံနေကြပြီဖြစ်သဖြင့် ယခင်အချိန်ကပင် လုပ်ဆောင်သင့်သော ခြေလှမ်းကို ယခုမှ လုပ်ဆောင်ဖြစ်ကြ၏။ ယင်းမှာ ဟေ့(ဂ်)အဆိုပြုချက်ဖြင့် ပြင်သစ်ဗိုလ်ချုပ်ကြီး ဖော့(ချ်)အား အစပွင် မဟာမိတ်တပ်များ ကွပ်ကဲညှိနှိုင်းရေးအရာရှိချုပ်အဖြစ် လည်းကောင်း၊ နောက်ပိုင်းတွင် မဟာမိတ် သေနာပတိချုပ်အဖြစ် လည်းကောင်း ခန့်အပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

၁၉၁၈ ခုနှစ် ဂျာမန်ထိုးစစ်စီမံချက်သည် ယခင်က စစ်မျက်နှာတိုင်းတွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများနှင့်မတူဘဲ နည်းဗျူဟာ အငိုက်ရရှိရန် အလွန်ဇေ့စေ့စပ်စပ် သုတေသနပြုထားသည်မှာ ယင်းစီမံချက်၏ ထူးခြားချက်ပင်ဖြစ်လေသည်။ မိမိဘက်က အင်အားများ၍ ရန်သူထက်သာလွန်သော်လည်း ထင်ရှားလွန်းသည့်နည်းဖြင့် တိုက်ခိုက်လျှင် အများအားဖြင့် ဆိုးကျိုးသာပေးနိုင်ကြောင်း၊ ပိုဂိုအင်အားများသည်နှင့် မကာမိဘဲ အကျိုးယုတ်နိုင်ကြောင်းကို သိရှိလာခြင်းကြောင့် ဂျာမန်စစ်ဌာနချုပ်နှင့် စစ်ဦးစီးအဖွဲ့အား ချီးကျူးရမည် ဖြစ်လေသည်။ ထို့ပြင် ထိရောက်သောအငိုက်ဖမ်းမှုကို ရရှိနိုင်ရန် လှည့်စားနည်းမျိုးစုံကို လိမ္မာပါးနပ်စွာ ပေါင်းစပ်သုံးစွဲဖို့လိုကြောင်းကိုလည်း သိရှိလာကြ၏။ ထို့ပြင် ဤကဲ့သို့နည်းမျိုးစုံလှည့်၍ ဖွင့်နိုင်သောသော့မျိုးနှင့်သာလျှင် အနောက်စစ်မျက်နှာကဲ့သို့ (သူမသာ ငါမသာ) အကြာကြီးပိတ်ထားသော တံခါးကြီးကို ပွင့်အောင်ဖွင့်နိုင်မည်ကို သိရှိလာကြ၏။

အဓိကနည်းလမ်းမှာ ဓာတ်ငွေ့ကျည်များ[၃] ဖြင့် တိုတောင်းသည့်အချိန်အတွင်း ပြင်းပြင်းထန်ထန် ပစ်ခတ်ပေးရန် ဖြစ်လေသည်။ (လူဒင်ဒေါ့သည်

၁။ Storm Divisions
၂။ Versailles Military Executive Commitee
၃။ Gas Shells

www.burmeseclassic.com

www.burmeseclassic.com



တင့်ကားၜ၏ အာနိသင်ကိုမသိဘဲ အချိန်မီ တင့်ကားတိုးတက် ထုတ်လုပ်ရန် မတတ်နိုင်ခဲ့ချေ) ထို့ပြင် ခြေလျင်တပ်ကို စိမ့်ဝင်နည်းဗျူဟာ[1] အသစ်ကို သင်ပေးခဲ့၏။ ယင်းနည်းသစ်အရ ရှေ့ဆောင်တပ်များက ရန်သူခံစစ်ကြောင်းမှ ပျော့ကွက်ကို ရှာတိုက်ပြီး အရန်တပ်များကို အသုံးပြုရာ၌ ဆုံးရှုံးသည့်နေရာတွင် အဖတ်ဆယ်ရန် အသုံးမပြုဘဲ အောင်မြင်သည့်နေရာတွင် အားသစ်လောင်းပေးရန် သုံးရ၏။ ယင်းမှာ စိမ့်ဝင်နည်းဗျူဟာတွင် အရေးအကြီးဆုံးအချက်ဖြစ်၏။ တိုက်ခိုက်ရေးတပ်မများကို ညအချိန်များတွင်သာ ချီတက်စေ၍ ရှေ့တန်းသို့ပို့၏။ အမြောက်များကို ဖုံးကွယ်၍ ရှေ့တန်းသို့ ယူဆောင်လာပြီး မှတ်ပုံတင် ပစ်ခတ်ခြင်း[2] မပြုဘဲ တန်း၍ပစ်ခတ်ကြရ၏။ ထို့ပြင် အခြားနေရာများကို တိုက်ခိုက်ရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာ ခုခံကာကွယ်သူများအား ရှုပ်ထွေးစေသည်နှင့်အမျှ မိမိဘက်ကမူ အနာဂတ်တိုက်ပွဲများအတွက် အသင့်ရှိနေကြ၏။

သည်အချက်များတင် မကသေးပါ။ ယခင် မဟာမိတ်များ ထိုးစစ်တို့ကို လေ့လာ၍ လူဒင်ဒေါ့က ကောက်ချက်တစ်ခု ချခဲ့၏။ ယင်းမှာ "နည်းဗျူဟာ အောင်မြင်မှုမရဘဲ မဟာဗျူဟာရည်မှန်းချက် သက်သက်ရအောင် လိုက်လံလုပ်ဆောင်ခြင်းသည် အချည်းနှီးဖြစ်သည်။ ထို့ကြောင့် ပထမနည်းဗျူဟာကို သေချာစွာ စဉ်းစားရွေးချယ်ရမည်"ဟူ၍ ဖြစ်၏။ မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှု မရှိသည့်အခါတွင် အထက်ပါ လူဒင်ဒေါ့၏ ကောက်ချက်မှာ မှန်ကန်ပါသည်။ ထို့ကြောင့် ဂျာမန်စီမံချက်တွင် နည်းဗျူဟာအသစ်နှင့် တွဲဖက်ကျင့်သုံးရန် မဟာဗျူဟာအသစ် လိုအပ်ပြီး မဟာဗျူဟာအသစ်ရှိလာသည့်အခါတွင်လည်း နည်းဗျူဟာအသစ် လိုအပ်လာ၏။ ယခု ဂျာမန်တို့ ကျင့်သုံးမည့် မဟာဗျူဟာ၊ နည်းဗျူဟာ နှစ်ခုစလုံးမှာ ခုခံမှုအနည်းဆုံးနေရာမှ တိုက်ခိုက်ရန် ဖြစ်လေသည်။

၁၉၁၈ ခုနှစ် အခြေအနေအရ ပြင်သစ်စစ်မျက်နှာ၌ ရန်သူမမျှော်လင့်ဆုံးနေရာမှ တိုက်ရန် အခွင့်အလမ်း အလွန်နည်းသည့်အပြင် လူဒင်ဒေါ့ကလည်း ရန်သူမမျှော်လင့်ဆုံးနေရာကို ရှာနေသည်မဟုတ်ချေ။ သို့သော် နှစ်ဖက်တပ်များသည် စစ်မျက်နှာတစ်လျှောက်လုံး ကတုတ်ကျင်းများနှင့် ရင်ဆိုင်နေရသော

၁။ Infiltration Tactics

၂။ Registration- မှတ်ပုံတင်ပစ်ခတ်ခြင်း ပစ်မှတ်ကို ရှေ့ပိုင်းအကဲကြည့်က ကြည့်၍ နောက်ပိုင်း အမြောက်များအား အမိန့်ပေး ပစ်ခတ်စေရာ ပစ်မှတ်အနီးသို့ အမြောက်ကျည်များ ရောက်သည်အထိ စမ်းသပ် ပစ်ခတ်စေရ၏။ ပစ်မှတ်အနီး ကျည်များကျသောအခါ အမြောက်များက အကွာအဝေး၊ ဘယ်ညာ ဒီဂရီကို မှတ်ပုံတင်ထားရ၏။ ယင်းသို့ မှတ်ပုံတင်ပစ်ခတ်ခြင်း လုပ်နေလျှင် ထိုးစစ်စတင်တော့မည်ကို ရန်သူကြိုတင်သိရှိသွားနိုင်၏။ (ဘာသာပြန်သူ)



အခြေအနေတွင် လျင်မြန်စွာ ဖောက်ထွင်းတိုက်ခိုက်နိုင်၍ ရန်သူခုခံမှု အနည်းဆုံးနေရာမှ လျင်မြန်စွာ အမြတ်ထုတ် စစ်ဆင်နိုင်လျှင် ရန်သူ မမျှော်လင့်ဆုံးနေရာမှ တိုက်ခိုက်ရသည့်အကျိုးလောက်နီးနီး ရရှိနိုင်၏။

ဖောက်ထွင်းတိုက်ခိုက်ခြင်းမှာ လျင်မြန်၍ အမြတ်ထုတ်စစ်ဆင်ခြင်းမှာလည်း မြန်ဆန်လှ၏။ သို့စဉ်လျက် စီမံချက် အောင်မြင်ခြင်းမရှိချေ။ မည်သည့်အပြစ်များရှိသနည်း။ ယင်းထိုးစစ်ပြီးသည့်အခါတွင် လည်းကောင်း၊ စစ်ကြီးပြီးသည့်အခါတွင်လည်းကောင်း ဝေဖန်ပြောဆိုကြသည်မှာ လူဒင်ဒေါ့သည် မဟာဗျူဟာပန်းတိုင်ကို မျက်ခြည်ပြတ်ပြီး နည်းဗျူဟာ အောင်မြင်မှုကို အရေးပေးလွန်းကြောင်း၊ ထိုးစစ်အရပ်မျက်နှာ ပြောင်း၍ အင်အားနည်းသွားရကြောင်းများ ဖြစ်၏။

ထိုးစစ်မှုကာပင် မှားယွင်းကြောင်းလည်း ပြောကြသေး၏။ သို့သော် နောက်ပိုင်းမှ ထွက်ပေါ်လာသည့် မှတ်တမ်းများအရလည်းကောင်း၊ လူဒင်ဒေါ့၏ အမိန့်များ၊ ညွှန်ကြားချက်များ လေ့လာချက်အရ လည်းကောင်း ၁၉၁၈ ခုနှစ် ထိုးစစ်ကြီးကို တစ်မျိုးမြင်တွေ့လာရပြန်ပါသည်။

စင်စစ် တကယ်မှားယွင်းခဲ့သည်မှာ လူဒင်ဒေါ့သည် သူကျင့်သုံးပါမည်ဟု လက်ခံခဲ့သောမှုကို လက်တွေ့တွင် လိုက်နာရန် ပျက်ကွက်ခဲ့သောကြောင့် ဖြစ်ပေ၏။ ဤမဟာဗျူဟာမှုအသစ်ကို လူဒင်ဒေါ့သည် တကယ်နားမလည်ခဲ့သည့်အပြင် ယင်းမှုအသစ်တွင် ပါဝင်သောအချက်များ၊ အကျိုးသက်ရောက်မှုများကိုလည်း နားမလည်ခဲ့ချေ။ နည်းဗျူဟာအရ ဆုံးရှုံးမှုကို အဖတ်ဆယ်နိုင်ရန် သူ၏အရန်တပ် အမြောက်အမြားကို သုံးစွဲခဲ့၍ နည်းဗျူဟာအောင်ပွဲများ ရသည့်အခါတွင်လည်း အမြတ်ထုတ်စစ်ဆင်ရန် နှောင့်နှေးခဲ့လေသည်။

တိုက်ခိုက်ရန် နေရာရွေးချယ်ကတည်းက စတင်မှားယွင်းခဲ့၏။ အရား(စ)နှင့် လာဖဲရား[1] အကြား မိုင် ၆၀ စစ်မျက်နှာကို အမှတ် ၁၇၊ ၂ နှင့် ၁၈ တပ်တော် ၃ ခုက တိုက်ခိုက်ရန် ဖြစ်လေသည်။ နောက်ထပ် လုပ်ဆောင်နိုင်သော နည်းလမ်းနှစ်ခုကိုလည်း စဉ်းစားခဲ့သေး၏။ ဗာဒွန်အငူကို နံဘေးမှ တိုက်ခိုက်ရန်နည်းကို မြေအနေအထားမကောင်း၍ ပယ်ချခဲ့လေသည်။ ထို့ပြင် ဖောက်ထွင်းတိုက်ခိုက်ရာ၌လည်း အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်ဟု ယူဆခဲ့၏။ ထို့ပြင် ပြင်သစ်တပ်မတော်အနေနှင့် တစ်နှစ်တာမျှ အနှောင့်အယှက်မရှိ နားနေခဲ့ရသောကြောင့် လန်းဆန်းလျက် ရှိလေသည်။ နောက်နည်းလမ်းတစ်ခုမှာ အိ(ပ်)

၁။ Arras and La Fere

www.burmeseclassic.com

www.burmeseclassic.com



နှင့် လင်း[1] အကြားတွင် တိုက်ခိုက်ရန်ဖြစ်၍ စိန်ကွင်တင်[2] နှင့် ပင်လယ်အကြား တပ်မှူးဖြစ်သူ မင်းသားကြီး ရူပရက်[3] က ယင်းသို့ တိုက်ခိုက်လိုခြင်းဖြစ်ပြီး လူဒင်ဒေါ့၏ မဟာဗျူဟာ အကြံပေးအရာရှိ ဝက်ဇယ်[4] ကလည်း ယင်းနေရာတွင် တိုက်ခိုက်ရန်ကို သဘောကျ၏။ သို့သော် ယင်းနေရာ၌ ဗြိတိသျှတပ်တော် အများစု ရှိသည့်အပြင် မြေနိမ့်ပိုင်းသည် ခြောက်သွေ့ဦးမည်မဟုတ်ဟုသော အကြောင်းများပြ၍ အိ(စ်)နှင့် လင်းအကြား တိုက်ရန်နည်းလမ်းကို လူဒင်ဒေါ့က ပယ်ချခဲ့လေသည်။

အရား(စ်)လာဖဲရားနေရာကို တိုက်ခိုက်ရန် ရွေးချယ်ရခြင်းမှာ မြေအနေအထား ကောင်းမွန်သည့်အပြင် ထိုနေရာ၌ ခံစစ်အနေအထားများမှာ ခံစစ်ဆင်သူများနှင့် အရန်များပါ အင်အားအနည်းဆုံးနေရာဖြစ်သောကြောင့် ဖြစ်လေ၏။ ထို့ပြင် ယင်းနေရာသည် ဗြိတိသျှနှင့် ပြင်သစ်များ ဆုံရာနေရာနှင့် နီးကပ်၏။ ဗြိတိသျှနှင့် ပြင်သစ်တပ်တော်နှစ်ခုကို ခွဲပစ်လိုက်ပြီး ဗြိတိသျှတပ်တော်ကို ဖိတိုက်ရန် လူဒင်ဒေါ့က ရည်မှန်းခဲ့လေသည်။ ဗြိတိသျှတပ်မှာ ပင်ပန်းနေသည် မှန်သော်လည်း အသေးစိတ်တွက်ချက်ရာ၌ လူဒင်ဒေါ့သည် အလွန်မှားယွင်းခဲ့လေသည်။ ဗြိတိသျှတပ် မြောက်ပိုင်း(သုံးပုံတစ်ပုံ)နေရာမှ ခံစစ်အနေအထားများမှာ အလွန်တောင့်တင်းခိုင်မာ၍ နေရာယူထားသော ဗြိတိသျှ အမှတ် ၃ တပ်တော်မှာလည်း အလွန်ပင် အင်အားကောင်း၏။ တပ်မ ၁၄ ခု ပါဝင်ပြီး (တပ်မ ၄ ခုမှာ အရန်ဖြစ်သည်) ဗြိတိသျှအရန်တပ်အများစုမှာ ထိုနေရာတွင်ပင် ရှိကြ၏။ ထို့ပြင် မြောက်ပိုင်းရှိ အခြားဗြိတိသျှတပ်များကလည်း အလွယ်တကူ စစ်ကူပေးနိုင်သော နေရာဖြစ်လေသည်။ အောက်ပိုင်း (သုံးပုံနှစ်ပုံ)စစ်မျက်နှာတွင် ဗြိတိသျှ အမှတ် ၅ တပ်တော်က နေရာယူထားပြီး ထိုစစ်မျက်နှာ၌ ဂျာမန်တို့က ထိုးစစ်ဆင်ခဲ့ခြင်း ဖြစ်လေသည်။ ဂျာမန်အမှတ် ၂ တပ်တော်နှင့် မျက်နှာချင်းဆိုင် အလယ်စစ်မျက်နှာကို ဗြိတိသျှတပ်မ ၅ ခုက ကာကွယ်ထား၏။ တောင်ပိုင်း စစ်မျက်နှာမှာ ပိုရှည်လျား၍ ဂျာမန် ၁၈ တပ်တော်ကို ရင်ဆိုင်နေပြီး တပ်မ ၇ ခုဖြင့် ကာကွယ်ထားလေသည်။ (တပ်မ ၁ ခုမှာ အရန်ဖြစ်၏။)

အရား(စ်)အနီးရှိ ဂျာမန်အမှတ် ၁၇ တပ်တော်အား လူဒင်ဒေါ့က ထိုးစစ်စတင်ရန် တပ်မ ၁၉ ခု ပေးထားပြီး ၁၄ မိုင် စစ်မျက်နှာတွင် ဘယ်တောင်ပံက စတင် တိုက်ခိုက်ရန်ဖြစ်၏။ ကမ်ဘရေနေရာရှိ ဗြိတိသျှတပ်များအား တိုက်ရိုက်တိုက်ခိုက်ရန်မဟုတ်ဘဲ တဖြည်းဖြည်းချင်း ချေမှုန်းရန် ဖြစ်သဖြင့် ဂျာမန်တပ်မ

---

၁။ Ypres and Lens
၂။ St Quentin
၃။ Prince Rupprecht
၄။ Wetzell



နှစ်ခုက (အမှတ် ၂ ဂျာမန်တပ်တော်မှ) ထိန်းထား၏။ အမှတ် ၂ ဂျာမန်တပ်တော်၏ တပ်မ ၁၈ ခုသည် တပ်မ ၅ ခုပါဝင်သော အမှတ် ၅ ၏ ဗြိတိသျှတပ်တော်၏ ဘယ်တောင်ပံကို ၁၄ မိုင် စစ်မျက်နှာ၌ ဖိ၍တိုက်ခိုက်ခဲ့လေသည်။ တောင်ဘက်ဆုံး စိန်ကွင်တင် တစ်ဖက်တစ်ချက်စီ၌ ဂျာမန်အမှတ် ၁၈ တပ်တော်ရှိလေသည်။ စစ်မျက်နှာ ၂၇ မိုင်တွင် တိုက်ခိုက်ရန် လူဒင်ဒေါ့က ယင်းတပ်တော်အား တပ်မ ၂၃ ခုသာ ပေးထား၏။

မဟာဗျူဟာအသစ်ကို လက်ခံကျင့်သုံးသည်ဆိုသော်လည်း လူဒင်ဒေါ့၏ တပ်များ နေရာချထားပုံကို လေ့လာသောအခါ ရန်သူအင်အားကို လိုက်၍ မိမိတပ်များကို နေရာချထားသည်ကို တွေ့ရ၏။ ရန်သူခုခံမှု အနည်းဆုံးနေရာတွင် အင်အားစုစည်း အသုံးပြုသည်ကို မတွေ့ရချေ။

လူဒင်ဒေါ့၏ အမိန့်စာများတွင် ဤကဲ့သို့ တပ်ခွဲဝေပုံ၊ တာဝန်ပေးပုံများကို အထူးပြုဖော်ပြထားသည်ကို တွေ့ရ၏။ အဓိကတိုက်ရမည့်နေရာမှာ ဆောမ်မြစ်၏ မြောက်ဘက်တွင် ဖြစ်လေသည်။ ဖောက်ထွင်းတိုက်ခိုက်ပြီးနောက် ၁၇ နှင့် ၂ တပ်တော်တို့သည် အနောက်မြောက်ဘက်သို့ ကွေ့ချိုးတက်၍ ဗြိတိသျှတပ်များအား ပင်လယ်ကမ်းခြေသို့ တိုက်ထုတ်သွားရန် ဖြစ်၏။ ယင်းတပ်များ ဘေးနံကို မြစ်နှင့် အမှတ် ၁၈ တပ်တော်တို့က ကာကွယ်လျက် ရှိလေသည်။ အမှတ် ၁၈ တပ်တော်သည် ဘေးကာတပ်အဖြစ်သာ ပါဝင်ခဲ့ရ၏။

ထိုးစစ်စီမံချက်ကို အကြီးအကျယ် ပြောင်းလဲပြင်ဆင်ခဲ့ပြီး ခုခံမှုအနည်းဆုံးနေရာတွင် တိုက်ခိုက်သည်ဟု ထင်ရ၏။ အကြောင်းမှုကား လူဒင်ဒေါ့အနေနှင့် သူမလိုလားဆုံးနေရာတွင် လျင်မြန်စွာအောင်မြင်မှုရခဲ့ပြီး အအောင်မြင်လိုဆုံးနေရာတွင်မူ အောင်မြင်မှု မရခဲ့ချေ။

ထိုးစစ်ကို မတ်လ ၂၁ ရက်နေ့တွင် စတင်ခဲ့ပြီး နံနက်စောစော ဆီးနှင်းများကြောင့် အဝိုက်ရခဲ့၏။ ဆောမ်တောင်ဘက်တွင် ထိုးဝင်တိုက်ခိုက်မှုအောင်မြင်သော်လည်း (ယင်းနေရာတွင် ခုခံသူရော ထိုးစစ်ဆင်သူတို့ပါ အင်အားအနည်းဆုံးဖြစ်၏။) အရား(စ်)အနီးတွင် ထိုးစစ်သည် ရှေ့မတက်နိုင်ဘဲ ယင်းသို့ ဆက်လက်မတက်နိုင်သောကြောင့် မြစ်မြောက်ဘက်မှ ထိုးစစ်တစ်ခုလုံးအပေါ် အကျိုးသက်ရောက်မှု ရှိခဲ့လေသည်။ ယင်းဖြစ်စဉ်ကို ကြိုတင်တွက်ချက်၍ ရနိုင်လောက်၏။ သို့သော် လူဒင်ဒေါ့သည် မိမိ၏ မဟာဗျူဟာမူသစ်ကို ဆက်လက် ချိုးဖောက်၍ ရန်သူ အခိုင်အခံ့ခံနေသော အရား(စ်)နေရာကို ပြင်းပြင်းထန်ထန် ဆက်လက်တိုက်ခိုက်ခဲ့၏။ အရား(စ်)နေရာကိုပင် မိမိထိုးစစ် ရည်ညွှန်းရပ်အဖြစ် သတ်မှတ်ခဲ့သည်။ တောင်ဘက်တွင် ခုခံမှုများစွာ မတွေ့ရဘဲ ဆက်လက်ချီတက်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည့် အမှတ် ၁၈ တပ်တော်ကို လူဒင်ဒေါ့က ကြပ်မတ်ကိုင်ထား၏။ ဖက်လွှတ်မပေးခဲ့ချေ။ မတ်လ ၂၆ ရက်နေ့အထိ ၁၈ တပ်တော်အား အဗားမြစ်[၁] အား မဖြတ်စေဘဲ သူနှင့် ကပ်လျက် အမှတ် ၂ တပ်တော်နှင့်အတူ နေစေခဲ့၏။ အမှတ် ၂ တပ်တော်မှာ ၁၇ တပ်တော်နှင့် ကပ်လျက်ဖြစ်ပြီး ၁၇ တပ်တော် အရား(စ်)အနီးတွင် ဆက်မတက်နိုင်သောကြောင့် ၂ တပ်တော်ပါ ရှေ့မတက်နိုင် ဖြစ်နေလေသည်။

ဤနည်းအားဖြင့် လူဒင်ဒေါ့သည် ဗြိတိသျှတပ်တော်၏ အခိုင်ခံ့ဆုံး၊ အင်အားအကောင်းဆုံး ခံစစ်နေရာကို တိုက်ရိုက်ချဉ်းကပ်နည်းဖြင့် တိုက်နေသည်ကို တွေ့ရတော့၏။ ရန်သူအင်အား အကောင်းဆုံးနေရာကို မဲနေသောကြောင့် ဆုံးရှုံးခဲ့ရလေသည်။ ရန်သူခုခံမှု အနည်းဆုံးနေရာသို့ ဂျာမန်စစ်ကူများ ပို့ခဲ့သော အခါတွင်မူ နောက်ကျခဲ့ချေပြီ။

ရန်သူတောင်ပံကို ကျော်ဖြတ်ပြီးလျှင်ပြီးချင်း ချီတက်လျှင် မူလစီစဉ်ထားသည့်အတိုင်း အနောက်မြောက်ဘက်သို့ ကွေ့ဝင်နိုင်ကောင်း၏။ အကြောင်းမှာ အရား(စ်) ခံစစ်နေရာ၏နောက်သို့ပင် ရောက်သွားနိုင်သောကြောင့် ဖြစ်လေသည်။ မတ်လ ၂၆ ရက်နေ့တွင် ၁၇ တပ်တော် ဘယ်တောင်ပံနှင့် ၂ တပ်တော် ညာတောင်ပံက တိုက်နေသော ဆောမ်မြောက်ဘက်မှ ထိုးစစ်သည် သိသိသာသာ အားနည်းလာပြီဖြစ်၏။ ခက်ခက်ခဲခဲ တိုက်ခိုက်အောင်နိုင်ခဲ့သမျှကို ပေးဆပ်ရသော တန်ဖိုးဖြစ်ချေ၏။ ဆောမ်တောင်ဘက် အမှတ် ၂ တပ်တော် ဘယ်တောင်ပံ ရောက်လာသောနေရာတွင် ယခင်တိုက်ပွဲများမှ ဒဏ်ချက်များကြောင့် ကန္တာရသဖွယ် ဖြစ်နေပြီး သွားလာမှု၊ ထောက်ပံ့ပို့ဆောင်မှု အခက်အခဲများ တွေ့ကြရ၏။ အမှတ် ၁၈ တပ်တော်တစ်ခုတည်းသာလျှင် အရှိန်မပျက်ဘဲ ဆက်လက်ချီတက်နိုင်ခဲ့လေသည်။

ဤကဲ့သို့ ဖြစ်ပျက်နေသော အခြေအနေများကြောင့် လူဒင်ဒေါ့သည် စီမံချက်အသစ် ပြန်လည်ရေးဆွဲရ၏။ သို့သော် စီမံချက်အဟောင်းကိုလည်း လုံးဝ စွန့်ပစ်လိုက်သည်မဟုတ်ချေ။ မတ်လ ၂၈ ရက်နေ့၌ အရား(စ်)အနီး တောင်ကုန်းကို ၁၇ တပ်တော် ညာတောင်ပံဖြင့် တိုက်ခိုက် ထိုးစစ်ဆင်ရန် လူဒင်ဒေါ့က အမိန့်ပေးခဲ့၏။ ယင်းနေရာမြောက်ဘက်နားတွင် ဗိုင်မီနှင့် လဘရာဆေ[၂]ကြားနေရာကို အမှတ် ၆ တပ်တော်ဖြင့် ထိုးစစ်ဆင်၏။ သို့သော် ဆောမ်တောင်ဘက်တွင် အခြေအနေကောင်းသဖြင့် အမိုင်း[၃]အား အမှတ် ၂ တပ်တော်၏

ရည်မှန်းချက်အဖြစ် သတ်မှတ်ပေးခဲ့လေသည်။ သို့စဉ်လျက် အမှတ် ၁၈ တပ်တော်အား ရှေ့သို့ဆက်လက်ချီတက်၍ အမိုင်းခံစစ်တောင်ပံကို ပန်း၍တိုက်ရန် ခွင့်မပေးခဲ့သေးချေ။ နောက်ထပ် အမိန့်မရဘဲ ၁၈ တပ်တော်သည် ရှေ့ဆက်မတက်ရဟု အမိန့်ထုတ်ထား၏။ နောက်ထပ် အဓိကရည်မှန်းချက်အဖြစ် သတ်မှတ်ထားသော အမိုင်းကို ရှေ့တည့်တည့်မှ ဆိုးရွားသော မြေအခြေအနေကိုဖြတ်၍ တိုက်ရိုက် ချဉ်းကပ်တိုက်ခိုက်ရဦးမည်။

မတ်လ ၂၈ ရက်နေ့တွင် ဂျာမန်တို့က အရား(စ်)ကို စတင်တိုက်ခိုက်ရာ ဆီးနှင်းလည်းမရှိ၊ အငိုက်လည်းမရသောကြောင့် ဘိုင်း[၁]၏ ဗြိတိသျှအမှတ် ၃ တပ်တော်၏ သေချာစွာပြင်ဆင်ထားသော ခံစစ်ကို ပေါက်အောင်မတိုက်နိုင်ချေ။ ထိုအခါကျတော့မှ လူဒင်ဒေါ့သည် မိမိမူလရည်မှန်းချက်ကို စွန့်လွှတ်လိုက်ပြီး အမိုင်းအား မိမိ၏အဓိကရည်မှန်းချက်အဖြစ် သတ်မှတ်၍ ကျန်ရှိနေသေးသော အရန်များပါ အသုံးပြုတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့၏။

ယင်းအချိန်အတွင်း ၁၈ တပ်တော်သည် ဘာမှမလုပ်ရဘဲ ၂ ရက်တိတိ အချိန်ဖြုန်းခဲ့ရ၏။ မတ်လ ၃၀ ရက်နေ့ကျမှ အမိုင်းထိုးစစ် စတင်ခဲ့ရာ ဂျာမန် ထိုးစစ်မှာ အားမရှိသည့်အပြင် မဟာမိတ်များက အမိုင်းခံစစ်နေရာသို့ ပြင်သစ် အရန်တပ်များ ပို့ပေး၍ အားဖြည့်ခဲ့လေပြီ။ ပြင်သစ်ခြေလျင်တပ်များ အမိုင်းသို့ ရောက်ရှိလာ၍ အမြောက်များပါ ရောက်ရှိလာပြီး ရန်သူအား စုပြုံပစ်ခတ်ကြလေသည်။ ဧပြီလ ၄ ရက်နေ့တွင် ဂျာမန်တို့က တပ်မ ၁၆ ခုနှင့် (တပ်မ ၄ ခုကသာ လန်းဆန်းသောတပ်မများဖြစ်၏) ထပ်မံ ထိုးစစ်ဆင်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ချေ။ ပြုန်းတီးစစ်ဖြစ်လာမည့်အရေးကိုမြင်ပြီး လူဒင်ဒေါ့သည် အမိုင်းထိုးစစ်အား လက်လျှော့လိုက်တော့၏။ စီမံချက်တွင် ထည့်သွင်းရေးဆွဲခဲ့သော်လည်း လူဒင်ဒေါ့သည် မည်သည့်အခါကမျှ ဗြိတိသျှနှင့် ပြင်သစ်တပ်တော်များ ဆုံရာတွင် အင်အားစု၍ တိုက်ခိုက်ခဲ့ခြင်း မရှိချေ။ အကယ်၍သာ ဂျာမန်တို့က မိမိတပ်များအား ဆက်လက်တိုက်ခိုက်အောင်မြင်ပါက သူ၏ ပြင်သစ် အရန်များကို ပါရီကာကွယ်ရေးအတွက် အနောက်တောင်ဘက်သို့ ဆုတ်ခွာရတော့မည်ဖြစ်ကြောင်း မတ်လ ၂၄ ရက်နေ့တွင် ပီတိန်းက ဟေ့(ဂ်)အား အကြောင်းကြားခဲ့လေသည်။ ဂျာမန်တို့က တကယ်တိုက်ခိုက်ခဲ့သည်ထက် အနည်းငယ်သာ ဖိအားပေးလိုက်ပါက ပြင်သစ်နှင့် ဗြိတိသျှအကြားမှ အက်ကြောင်းသည် တကယ့်ကွာဟချက်ကြီး ဖြစ်သွားပေလိမ့်မည်။

၁။ The Avre
၂။ Vimy And La Brasse
၃။ Amiens

၁။ Byng



www.burmeseclassic.com

www.burmeseclassic.com



ဤအချက်များကို သိရှိရခြင်းဖြင့် သမိုင်းသင်ခန်းစာနှစ်ရပ်ကို အတည်ပြုပေးသကဲ့သို့ရှိ၏။ ပထမသင်ခန်းစာမှာ **တပ်နှစ်တပ်ဆုံရာသည် အသိမ်မွေ့ဆုံး၊ မိမိအတွက် အကျိုးအရှိဆုံးဖြစ်သဖြင့် ယင်းနေရာကို ရည်မှန်းတိုက်ခိုက်ရာ၏။** ဒုတိယသင်ခန်းစာမှာကား **တပ်နှစ်တပ် ဆုံရာသို့ မိမိက ဝင်ရောက်တိုက်ခိုက်ရာတွင် အဆိုပါတပ်နှစ်တပ်သည် ပခုံးချင်းယှဉ်နေသကဲ့သို့ ဆက်လျက်နေရာမျိုးဖြစ်က ယင်းနေရာတွင် တိုက်ခိုက်ခြင်းသည် တပ်နှစ်တပ်အကြားတွင် ကွက်လပ်ရှိသောနေရာမျိုးတွင် ထိုးဝင်ရသည်ထက် အန္တရာယ်များ၏။**

အရာ(စ်)တောင်ဘက် ထိုးထွက်နေသော ရန်သူတပ်များနှင့် ရင်ဆိုင်လျက် မိမိအရန်တပ်အများစုကို ထားခဲ့ပြီး မြောက်ပိုင်းတွင် နောက်ထပ်ထိုးစစ်တစ်ခုကို လူဒင်ဒေါ့က ပြုလုပ်ခဲ့သေး၏။ သို့သော် လူဒင်ဒေါ့သည် မိမိကိုယ်ကို ယုံကြည်စိတ် အတော်နည်းနေပြီဖြစ်လေသည်။ မတ်လ ၂၁ ရက်နေ့တွင် လာဘာရာဆေးနှင့် အာမင်တီယာ[1]အကြားတွင် ထိုးစစ်ငယ်တစ်ခု ပြုလုပ်ရန် လူဒင်ဒေါ့က အမိန့်ပေးခဲ့၏။ သူ၏ ဖောက်ဝင်တိုက်ခိုက်ခြင်း ပိုမိုကျယ်ပြန့်ရန် ဖြစ်လေသည်။ မတ်လ ၂၆ ရက် အရား(စ)ထိုးစစ် ကျဆုံးခဲ့ပြီးနောက် အဆိုပါထိုးစစ်ငယ်အစီအစဉ်ကို တိုးချဲ့ပြုလုပ်ခဲ့လေသည်။ အာမင်တီးယားတောင်ဘက်တွင် တိုက်ခိုက်ပြီး ၂၄ နာရီကြာသောအခါ မြောက်ဘက်မှ နောက်ထပ် ထိုးစစ်တစ်ခု ပြုလုပ်ပြီး မြို့ကို သိမ်းပိုက်ရန် ဖြစ်လေသည်။

နောက်ကျမှ စီစဉ်ရသောကြောင့် ဧပြီလ ၉ ရက်နေ့ကျမှ ပြင်ဆင်မှုများ ပြီးစီး၏။ သို့သော် ယင်းထိုးစစ်မှာလည်း စစ်ဆင်ရေးတစ်ခုအဖြစ်သာ ပြင်ဆင်ခဲ့ကြခြင်း ဖြစ်လေသည်။ နံနက်စောစော ဆီးနှင်းများကြောင့် အငိုက်ရလိုက်ပြီး ရန်သူအင်အားနည်းရာကို တိုက်ခြင်းဖြစ်၍ အံ့သြလောက်အောင် အောင်မြင်ခဲ့လေသည်။ လူဒင်ဒေါ့က ထိုးစစ်ကို တဖြည်းဖြည်းချင်းသာ ထိုးစစ်ကြီးအဖြစ် ပြောင်းလဲပြုလုပ်ခဲ့လေသည်။ အာမင်တီယာ တောင်ဘက် ၁၁ မိုင် စစ်မျက်နှာ၌ ဂျာမန်တပ်မ ၉ ခုသည် ဒုတိယအသုတ် တပ်မ ၅ ခု လိုက်ပါပြီး ဗြိတိသျှတပ်မ ၂ ခုနှင့် ပေါ်တူဂီတပ်မတစ်ခု ခံထားသောနေရာ (နောက်နားတွင်ပင် အရန်တပ်မ ၂ ခုရှိ၏)ကို ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ နောက်တစ်နေ့တွင် ဂျာမန်တပ်မ ၄ ခုနှင့် ဒုတိယအသုတ်တွင် တပ်မ ၂ ခုက အာမင်တီယာမြောက်ဘက် ၇ မိုင် စစ်မျက်နှာတွင် ဆီးနှင်းထူထပ်စွာ ကျနေစဉ် တိုက်ခိုက်ကြလေ၏။ ခုခံမှု ပိုမိုပြင်းထန်လာသောအခါ ဂျာမန်အရန်တပ်များကို သုံးကား သုံးပါ၏။ တစ်စစီ၊ နည်းနည်းစီသာ စစ်ကူပို့ပေးခဲ့၏။ မေလ ပထမအပတ် ကုန်ဆုံးသောအခါ

[1] Armentiers



အမှတ်-၄၈/A မြသီ

ဂျာမန်တပ်မ ၄၀ ခန့်ဖြင့် အာမင်တီယာတစ်ဝိုက်တွင် တိုက်နေကြရပြီဖြစ်သဖြင့် လူဒင်ဒေါ့သည် တဖြည်းဖြည်း ပြုန်းတီးစစ်တိုက်မိလျက်သား ဖြစ်နေတော့၏။

ဗြိတိသျှတပ်များသည် မိမိတို့ အခြေချစခန်းများနှင့် လည်းကောင်း၊ ပင်လယ်နှင့်လည်းကောင်း အလွန်ပင် နီးကပ်နေပြီဖြစ်သော်လည်း ဂျာမန်တို့အား ခုခံထားနိုင်ကြ၏။ ဂျာမန်တပ်များသည် ၁၀ မိုင်ခန့်သာ ရှေ့သို့တက်နိုင်ကြ၍ အရေးကြီးသော မီးရထားလမ်းဆုံမြို့ဖြစ်သည့် ဟေဂ်ဘရွတ်သို့ မရောက်မီ ကလေးအထိသာ တက်နိုင်ကြ၏။ ဧပြီလ ၁၇ ရက်နေ့တွင် လူဒင်ဒေါ့သည် အိ(ပ်) တစ်ဖက်တစ်ချက်မှ ညှပ်၍တိုက်ပြန်၏။ သို့သော် ဟေ့(ဂ်)က ဗြိတိသျှတပ်များကို လွှန်ခဲ့သည့် ၄၈ နာရီက သွယ်ဝိုက်ချဉ်းကပ်နည်းအရ နောက်သို့ ဆုတ်ပေးထားသဖြင့် ဂျာမန်ထိုးစစ်သည် အကျိုးမရှိခဲ့ချေ။ နောက်တစ်ဖန် လူဒင်ဒေါ့သည် အိ(ပ်)တောင်ဘက်တွင် တိုက်ရိုက်တိုးဝင် တိုက်ခိုက်ပြန်၏။ ထိုနေရာတွင် ပြင်သစ်အရန်တပ်များက ခံစစ်ကြောင်း အချို့နေရာများတွင် နေရာယူပြီးဖြစ်၏။ ဧပြီလ ၂၅ ရက်နေ့ ကင်မယ်တောင်တန်း[1]အနီးမှ ထိုးစစ်သည် မဟာမိတ်တပ်နှစ်ခုဆုံရာကို တိုက်ခိုက်ခြင်းဖြစ်သဖြင့် ခံစစ်ကြောင်း ပေါက်သွားသော်လည်း ရန်သူက တန်ပြန်ထိုးစစ်ဆင်နွှဲမည်စိုး၍ လူဒင်ဒေါ့သည် အမြတ်ထုတ်စစ်ဆင်ခြင်းမပြုခဲ့ချေ။ တစ်လျှောက်လုံးတွင် လူဒင်ဒေါ့သည် အရန်များကို နောက်ကျမှ နည်းနည်းစီသာ ထုတ်သုံးစွဲခဲ့သဖြင့် အောင်မြင်မှုမရခဲ့ချေ။ ပထမထိုးစစ် စစ်ရှုံးပြီးနောက် သူသည် ဒုတိယထိုးစစ်ကို ယုံကြည်မှုနည်းလာပြီး ၂၉ ရက်နေ့ နောက်ဆုံး ထိုးစစ်ပြီးသောအခါ ဆက်လက်တိုက်ခိုက်ခြင်း မရှိတော့ချေ။ လူဒင်ဒေါ့က ခေတ္တထိုးစစ်ရပ်စဲထားပြီး ပြင်သစ်များ မိမိတို့အရန်အားလုံးကို ရှေ့တန်းတွင် သုံးစွဲပြီးသောအခါ ဗြိတိသျှတပ်များအား ဖလင်ဒါးနယ်[2]တွင် အပြီးအပိုင် တိုက်ခိုက်၍ အဆုံးအဖြတ် ပေးနိုင်သော အောင်ပွဲခံရန် ရည်မှန်းခဲ့လေသည်။

ဆွိုက်ဆံနှင့် ရိုင်း(မ)အကြား ချမင်းဒီဒိမ်း[3]နေရာ၌ ထိုးစစ်ပြုလုပ်ရန် ပြင်ဆင်ထားရန် လူဒင်ဒေါ့က အမိန့်ပေးထားပြီးဖြစ်၏။ ထိုးစစ်ကို ဧပြီလ ၇ ရက်နေ့တွင် ပြုလုပ်ရန်ဖြစ်သော်လည်း မေလ ၂၇ ရက်ကျမှ ပြင်ဆင်မှုများ ပြီးစီးခဲ့၏။ ဖလင်းဒါးနယ်တွင် ဆက်လက်နေရသောကြောင့် အရန်တပ်များ ပြုန်းတီးခဲ့သဖြင့် ဤကဲ့သို့ ချမင်းထိုးစစ် ကြန့်ကြာခဲ့ရခြင်း ဖြစ်လေသည်။

[1] Kemmel Hill
[2] Flanders
[3] Chemindes Dames sector between Soisson and Reims

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်စစ်ဌာနချုပ် ထောက်လှမ်းရေးအဖွဲ့က ဂျာမန်ထိုးစစ် မည်သည့်နေရာတွင်တိုက်မည်ကို ခန့်မှန်းနေ့ရက်နှင့်တကွ ကြိုတင်သတိပေးခဲ့သော်လည်း မဟာမိတ်တပ်များက လျစ်လျူရှုထားခဲ့၏။ မေလ ၂၆ ရက်နေ့တွင် ဂျာမန် အကျဉ်းသားတစ်ဦးက အထက်ပါသတင်းကို အတည်ပြုသောအခါကျမှ မဟာမိတ်တပ်များသည် လိုအပ်သည်တို့ကို လုပ်ဆောင်ရတော့၏။ သို့သော် နောက်ကျနေပြီဖြစ်၍ ခံစစ်ကို ပိုမိုခိုင်ခံ့အောင် မလုပ်နိုင်တော့ဘဲ မဟာမိတ်တပ်များကို အရန်သင့်ရှိစေရန် တပ်လှန့်ထားပြီး အရန်တပ်များကိုသာ ရှေ့သို့ ပို့ဆောင်ထားနိုင်လေသည်။ နောက်တစ်နေ့နံနက်တွင် ၂၄ မိုင်စစ်မျက်နှာ၌ ဂျာမန်တပ်မ ၁၅ ခုက ထိုးစစ်ဆင်ခဲ့၏။ သူတို့နောက်မှကပ်လျက် တပ်မ ၇ ခု ရှိသေး၏။ ယင်းနေရာတွင် ဗြိတိသျှနှင့် ပြင်သစ်တပ်မ ၅ ခုသာရှိပြီး အရန်တပ်မ ၄ ခုသာ ရှိလေသည်။ စောစောပိုင်း မြူနှင့် မီးခိုးများ အကာအကွယ်နှင့် ဂျာမန်တို့သည် မဟာမိတ်တပ်များအား ချမင်းဒီဒီမ်းမှ မောင်းထုတ်နိုင်၍ အေစနီမြစ်အထိ ရောက်ရှိကြလေသည်။ မေလ ၃၀ ရက်နေ့တွင် မန်းမြစ်သို့ ရောက်ခဲ့၏။ သို့သော် လူဒင်ဒေါ့အတွက် ဤမျှအောင်မြင်မည် မျှော်မှန်းထားခြင်းမရှိ၍ ယင်းအောင်မြင်မှုအတွက် ပြင်ဆင်ပြီး မရှိချေ။ အငိုက်ရခဲ့သူကိုယ်တိုင် အငိုက်ခံလိုက်ရသလို ဖြစ်ခဲ့၏။ ထိုနေရာသို့ ဂျာမန်အရန်တပ် အမြောက်အမြား ဆွဲဆောင်ခေါ်ယူခဲ့သော်လည်း မဟာမိတ်အရန်တပ်များထက် ပိုမိုလျင်မြန်စွာ ဂျာမန်အရန်များကို သုံးစွဲနိုင်ခြင်း မရှိခဲ့ချေ။

စောစောပိုင်းတွင် ဤမျှအောင်မြင်မှုရခဲ့သည်ကို ပြန်လည်ဆန်းစစ်သင့်လေသည်။ အဘယ်ကြောင့် ဤမျှအောင်မြင်ခဲ့ရသနည်း။ မဟာမိတ်များအနေနှင့် အခြားစစ်မျက်နှာတွင် အာရုံစိုက်နေပြီး အရန်များပါ တခြားတွင် ရောက်နေကြ၏။ နောက်တစ်ကြောင်းမှာ ဂျာမန်ထိုးစစ်သည် ခုခံမှုအနည်းဆုံးနေရာကို တိုက်ခိုက်ခြင်းဖြစ်ပြီး ထိုနေရာတွင်ရှိသော ပြင်သစ်တပ်မှူး မိုက်မဲမှုကြောင့် ဤမျှ ဂျာမန်တို့ အောင်မြင်ခဲ့ရခြင်း ဖြစ်လေသည်။ ခြေလျင်တပ်များကို ရှေ့တွင်စုပြုံထားခဲ့သဖြင့် ဂျာမန်အမြောက်စာ ဖြစ်ကုန်ရ၏။ မဟာမိတ်အမြောက်၊ အရန်တပ်များ၊ ရှေ့တန်းကွပ်ကဲမှု ဌာနချုပ်များမှာလည်း ရှေ့တန်းတွင် ရောက်လွန်းနေ၏။ ထို့ကြောင့် ဂျာမန်တို့က ဖောက်ထွင်းတိုက်ခိုက်သောအခါ ပြိုကွဲမှု ပိုမိုလျင်မြန်၏။ ထို့ကြောင့် ထိုးစစ်မတိုင်မီတစ်ရက်က မရခဲ့သော နည်းဗျူဟာအငိုက်ဖမ်းမှုကို ပြန်ရခဲ့လေသည်။ အကြောင်းမူကား မိမိက လှည့်စား၍ ရန်သူအငိုက်မိခြင်းနှင့် ရန်သူက မျက်စိစုံဖွင့်ထားပါလျက် မိမိထောင်ချောက်ထဲကျလာခြင်းမှာ အကျိုးသက်ရောက်မှုတွင် အတူတူပင် ဖြစ်လေသတည်း။

လူဒင်ဒေါ့၏ ထိုးစစ်များကြောင့် ယခုအခါ မဟာမိတ်စစ်ကြောင်း၌ အငူစွန်းကြီးနှစ်ခုနှင့် အငူစွန်းငယ်တစ်ခု ဖြစ်ပေါ်နေ၏။ နောက်တစ်ဆင့်အနေနှင့်



ဆောမ်နှင့် မန်း အငူစွန်း နှစ်ခုအကြား ကွန်ပီနီး[၁]ကို တိုက်ခိုက်ရန် လူဒင်ဒေါ့က သတ်မှတ်ထားလေသည်။ ကွန်ပီနီးမှာ အငူစွန်းများကို ကျားကန်ထားသည့် ခံတပ်တစ်ခုသဖွယ် ဖြစ်နေ၏။ ဇွန်လ ၉ ရက်နေ့တွင် ဂျာမန်တို့က တိုက်ခိုက်ခဲ့လေသည်။ အငိုက်မရဘဲ အနောက်ဘက်မှ ထိုးစစ်သည် အရှေ့ဘက်မှ ဖိအားပေးခြင်းနှင့် အံကိုက်မဖြစ်ဘဲ နောက်ကျနေ၏။

တစ်လခန့်နားနေသလို ဖြစ်ခဲ့၏။ လူဒင်ဒေါ့ အလိုလားဆုံးမှာ ဘယ်ဂျီယံရှိ ဗြိတိသျှတပ်များအား အဆုံးအဖြတ်ပေးသည့် အောင်ပွဲဖြင့် အနိုင်ယူနိုင်ရန်ဖြစ်လေသည်။ သို့သော် ဗြိတိသျှတို့အရန်များသည် အင်အားကောင်းဆဲပင်ဖြစ်သဖြင့် နောက်ထပ် လမ်းလွှဲထိုးစစ်တစ်ခု စီစဉ်ပြန်၏။ တောင်ပိုင်းတွင် ထိုးစစ်ကြီးတစ်ခု ပြုလုပ်ပါက ဗြိတိသျှအရန်တပ်များကို ဆွဲယူနိုင်မည်ဟု လူဒင်ဒေါ့က တွက်ထားလေသည်။

မန်း အနောက်ဘက် ကွန်ပီနီးကို တိုက်ခိုက်ခဲ့ရာ မအောင်မြင်ခဲ့ချေ။ ယခုတစ်ဖန် အရှေ့ဘက် ရိမ်း[၂]နေရာကို နှစ်ဖက်ညှပ်၍တိုက်ရန် လူဒင်ဒေါ့က စီစဉ်ပြန်၏။ သို့သော် မိမိတပ်များ အနားရရန်နှင့် ပြင်ဆင်နိုင်ရန် အချိန်ယူရရာ ယင်းနှောင့်နှေးမှုမှာ ဂျာမန်တပ်များအတွက် သေဆေးဖော်ပေးသလို ဖြစ်ရလေသည်။ ဗြိတိသျှနှင့် ပြင်သစ်များက အနားရ၍ လန်းဆန်းလာကြသလို အမေရိကန်တပ်များကလည်း အားသစ်လောင်းလာကြလေ၏။

လူဒင်ဒေါ့အတွက် နည်းဗျူဟာအောင်ပွဲများရခြင်းသည် သူ့ကျဆုံးမှုအတွက် လမ်းခင်းပေးသလို ဖြစ်ခဲ့ရ၏။ အကြောင်းမူကား ယင်းနည်းဗျူဟာ အောင်ပွဲများ ဆွဲဆောင်မှုကို မခံနိုင်ဘဲ အချိန်ကြာရှည်စွာ ဆက်တိုက်နေ၍ သူ၏အရန်များကို သုံးပစ်ရပြီး နောက်ထပ် ထိုးစစ်ကြီးတစ်ခု ပြုလုပ်နိုင်ရန် အချိန်ကြာရှည်စွာ ထပ်မံ စောင့်ရပြန်လေသည်။ သူသည် ခုခံမှုအနည်းဆုံးနေရာကို မလိုက်ဘဲ ခုခံမှု ပို၍များလာသောနေရာကို လိုက်တတ်၏။ မူလဖောက်ထွင်းတိုက်ခိုက်မှုပြီးသောအခါ သူ၏ထိုးစစ်များသည် မဟာဗျူဟာအရ တိုက်ရိုက်ချဉ်းကပ်မှုသက်သက်သာ ဖြစ်ခဲ့ကြရလေသည်။ သူ့အနေနှင့် မဟာမိတ်ခံစစ်ကြောင်းအတွင်း သပ်ကြီးသုံးခု လျှိုသွင်းနိုင်ခဲ့၏။ သို့သော် မည်သည့်ထိုးနှက်ချက်ကမျှ ရန်သူ့အသက်သွေးကြောကို ဖြတ်ပစ်နိုင်လောက်အောင် ဝေးလံသည့်နေရာသို့ မရောက်ခဲ့ချေ။ ယင်းသို့ မဟာဗျူဟာ ဆုံးရှုံးမှုများကြောင့် ဂျာမန်စစ်ကြောင်းတွင် ချိုင့်ခွင်

---

၁။ Compiegne Buttress

၂။ Reims

www.burmeseclassic.com

www.burmeseclassic.com



သော နေရာများ ဖြစ်ပေါ်ခဲ့ရပြီး ရန်သူက နံဘေးမှပန်း၍တိုက်ရန် အကွက်ဖော်ပေးသလို ဖြစ်ခဲ့ရပေသည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် လူဒင်ဒေါ့ဖ်က သူ၏ထိုးစစ်အသစ်ကို စတင်ဆင်နွှဲခဲ့၏။ သို့သော် ယင်းသို့ ထိုးစစ်ပြုလုပ်တော့မည်ဆိုသည်မှာ လျှို့ဝှက်ချက်တစ်ရပ် မဟုတ်တော့ချေ။ ရိုင်းအရှေ့ဘက်တွင် မဟာမိတ်များ၏ ခံစစ်ရှင်နည်း[1] ကြောင့် ဂျာမန်ထိုးစစ်သည် အောင်မြင်မှုမရဘဲ ရိုင်းအနောက်ဘက်တွင်ကား ဂျာမန်တို့ မန်းမြစ်ကို ဖြတ်ကူးတိုက်ခိုက်နိုင်စွမ်းခြင်းကပင်လျှင် သူတို့ကျဆုံးအောင် ကျုံးသွင်းခြင်းခံရသကဲ့သို့ ရှိတော့၏။ အကြောင်းမူကား ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖော့ချ်သည် အချိန်ကြာရှည်စွာ ကျကျနန ပြင်ဆင်ထားသော ထိုးစစ်ကြီးကို ပြုလုပ်ခဲ့သောကြောင့် ဖြစ်လေသည်။ မန်း၏တစ်ဖက်မှ တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ ထိုးစစ်ကို ဦးစီးရသော ပီတိန်းက ဂျာမန်တို့တွင်မရှိသော သော့ချက်ကို ကိုင်စွဲထား၏။ အပေါ့စား သံချပ်ကားများ ရှေ့ဆောင်၍ ကမ်းဘရေးပုံစံအတိုင်း အငိုက်ဖမ်း တိုက်ခိုက်ခဲ့လေသည်။ ဂျာမန်များက မိမိတို့တပ်များ လုံခြုံရာသို့ ဆုတ်ခွာနိုင်သည်အထိ မန်းအင္ဂူစွန်းအပေါက်ကို ဖွင့်ထားပြီး တပ်အားလုံး ထွက်ပြီးသောအခါကျတော့မှ ခံစစ်ကြောင်းကို တစ်တန်းတည်းဖြစ်အောင် လုပ်ခဲ့လေသည်။ ဂျာမန်တို့ အရန်တပ်များ ပြုန်းတီးခဲ့ရ၏။ လူဒင်ဒေါ့သည် သူ၏ ဖလင်းဒါးထိုးစစ်ကို ပထမ ရွှေ့ဆိုင်းခဲ့ရပြီးနောက်ပိုင်းတွင် လုံးဝစွန့်လွှတ်လိုက်ရကာ ထိုအချိန်မှအစပြု၍ မဟာမိတ်များက လက်ဦးမှု ရခဲ့ကြလေသည်။

မန်းတွင် မဟာမိတ်များ ပြုလုပ်ခဲ့သော တန်ပြန်ထိုးစစ်ကို လေ့လာသင့်၏။ အရန်တပ်ကို နှစ်ခုခွဲ၍ ဘော်ဗေး[2] တွင်တစ်ခု၊ အီပါးနေး[3] တွင် တစ်ခု ထားရှိရန် ပီတိန်းက ဖော့ချ်အား ပြောကြားခဲ့၏။ ဂျာမန်တို့က ထိုးစစ်ဆင်လျှင် ဂျာမန်စစ်နံကို တန်ပြန်တိုက်ခိုက်ရန် ဖြစ်လေသည်။ မင်ဂင်[4] အုပ်ချုပ်သော ပထမအရန်တပ်များက ဇွန်လ ၉ ရက်နေ့တွင် ပြုလုပ်ခဲ့သော ဂျာမန်ထိုးစစ်ကို တန်ပြန်ထိုးနှက်ခဲ့ပြီး မန်းအင္ဂူစွန်း၏ အနောက်ဘက်တွင် ယင်းအရန်များကို ထားခဲ့လေသည်။ ဆွိုက်ဆွန်ကို တိုက်ရိုက်တိုက်ခိုက်ရာတွင် ယင်းအသုံးပြုရန် ဖော့ချ်က ရည်ရွယ်ခဲ့၏။ ယင်းသို့ ဖော့ချ်က ထိုးစစ်ပြင်ဆင်နေစဉ် ဂျာမန်တို့က ရိုင်းနေရာတွင် ထိုးစစ်ဆင်တော့မည်ဟူသော သတင်းကို မဟာမိတ်ထောက်လှမ်းရေးက ရခဲ့လေသည်။ ဖော့ချ်က ဂျာမန်များထက်ဦးအောင် ဇူလိုင်လ ၁၂ ရက်နေ့တွင် သူ့ထိုးစစ်ကို ပြုလုပ်ရန် ဆုံးဖြတ်ထား၏။ ဂျာမန်တို့ ထိုးစစ်ကို လက်တုံ့ပြန်ခြင်းထက် ဖော့ချ်က မိမိက ဦးအောင်တိုက်လို၏။ ပီတိန်းကမူ ဂျာမန်များက ထိုးစစ်စတင်ဆင်နွှဲပါစေ၊ သူတို့ထိုးစစ်ပြုလုပ်၍ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစဉ်တွင် ဂျာမန်အနောက်ဘက်တောင်ပံကို ဝင်တိုက်လို၏။ ပြင်သစ်တပ်များက ၁၂ ရက်နေ့တွင် ထူးထူးဆန်းဆန်း အသင့်မဖြစ်သဖြင့် ဖော့ချ်တိုက်လိုသည်ထက် ပီတိန်းတိုက်လိုသည့်ပုံစံနှင့် တူညီသည်ဟု ဆိုနိုင်သော်လည်း ပီတိန်းပုံစံအတိုင်းတော့ တစ်ထပ်တည်းမဟုတ်ချေ။ ပီတိန်း၏စီမံချက်မှာ ရှေ့တန်းခံစစ်ကြောင်းတွင် လူနည်းနည်းသာ ချထား၍ ရန်သူက တိုက်သည့်အခါ ရှေ့တန်းကို လွှတ်ပေးပြီးနောက်ပိုင်းမှ အင်အားကောင်းပြီး လန်းဆန်းသော တပ်များနှင့် ရန်သူကို ရင်ဆိုင်ရန်ဖြစ်၏။ ထို့နောက် ဒေသန္တရတန်ပြန်တိုက်ခိုက်ခြင်းများဖြင့် ရန်သူက အရန်များကို ဟိုတစ်စု ဒီတစ်စု (ရိုင်းမှာကဲ့သို့) သုံးပြီးသည့်အခါကျတော့မှ မင်ဂင်၏ အရန်တပ်များနှင့် အဓိက တန်ပြန်ထိုးစစ်ကို ဆင်နွှဲရန် ဖြစ်ပေသည်။ မင်ဂင်၏ တပ်များက မန်းအင္ဂူစွန်း အရှေ့ဘက်အခြေအတိုင်း တိုက်သွားရန် ဖြစ်လေသည်။ ဤနည်းအားဖြင့် အေစနီမြစ်တောင်ဘက်တွင်ရှိသော ဂျာမန်တပ်အားလုံးအား ပိတ်၍ ဖမ်းမိရန် ပီတိန်းက ကြံရွယ်ခဲ့၏။

တကယ်ဖြစ်လာသည့် အဖြစ်အပျက်များကြောင့် ဖော့ချ်တို့က စီမံချက်များကို ပြုပြင်ပြောင်းလဲခဲ့ရလေသည်။ ရိုင်းအရှေ့ဘက်တွင် ဂျာမန်ထိုးစစ်ကို မဟာမိတ်များ၏ ခံစစ်ရှင်ဖြင့် တွန်းလှန်နိုင်ခဲ့၏။ **ခံစစ်ရှင်ဆိုသည်မှာ နည်းဗျူဟာသွယ်ဝိုက်ချဉ်းကပ်နည်း တစ်မျိုးပင် ဖြစ်လေသည်။** ရိုင်းအနောက်ဘက်တွင်မူကား တပ်မှူးများက သမားရိုးကျပုံသေခံစစ်နည်းကို အသုံးပြုခဲ့ကြ၍ ခံစစ်ကြောင်း ကျိုးပေါက်ခဲ့ရ၏။ ဂျာမန်များက မန်းမြစ်ကျော်လွန်သည်အထိ တက်လာခဲ့ကြလေသည်။ ယင်းအန္တရာယ်ကို တွန်းလှန်နိုင်ရန် ပီတိန်းသည် ဒုတိယအဆင့် တန်ပြန်ထိုးစစ်အတွက် ရည်ရွယ်ထားသော အရန်တပ်အများစုကို အသုံးပြုခဲ့ရလေသည်။ အသုံးပြုခဲ့ရသော အရန်တပ်များကို အစားထိုးနိုင်ရန် မင်ဂင်တပ်မှ တပ်များကို အသုံးပြုပြီး ဒုတိယအဆင့် တန်ပြန်ထိုးစစ်ကြီးကို ရက်ရွှေ့ဆိုင်းရန်သာ ရှိတော့၏။ သို့သော် ဖော့ချ်က တန်ပြန်ထိုးစစ်ကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြုလုပ်ရမည်ဟု အမိန့်ထုတ်ပြီးဖြစ်၏။ ပီတိန်း၏အကြံကို သိရသောအခါ ဖော့ချ်က မိမိအမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ ထို့ကြောင့် ဒုတိယအဆင့် တန်ပြန်ထိုးစစ်ကို မလုပ်ဖြစ်တော့ဘဲ ဂျာမန်အရန်တပ်များက မင်ဂင်၏တပ်များကို ထိန်းထားစဉ် ဂျာမန်တပ်တို့ ပီတိန်းထောင်ထားသော ထောင်ချောက်မှ ထွက်ပေါက်ရသွားကြလေသည်။

ထို့ကြောင့် ပြင်သစ်တို့ ထိုးစစ်သည် တိုက်ရိုက်ထိုးနှက်သည့် ထိုးစစ်သာဖြစ်လာ၍ ၁၉၁၅ ခုနှစ်က ပိုလန်တွင် ပြုလုပ်သော ဖော်ကန်ဟိန်း၏ ထိုးစစ်ကဲ့သို့

၁။ Elastic Defence
၂။ Beauvais
၃။ Epernay
၄။ Mangin



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရပြီး ရန်သူကို ဖြတ်တောက်တိုက်ခိုက်ရန်မဟုတ်တော့ဘဲ မိမိတို့အခြေချ စခန်းသို့ပြန်လည်တွန်းပို့သည့် ထိုးစစ်သာ ဖြစ်ခဲ့ရလေသည်။

ထိုအချိန်မှအစပြု၍ ဖော့ချ်၏ အကြံဉာဏ်မှာ ရန်သူကို အနားမပေးဘဲ မိမိဘက်မှ အရန်တပ်များ တဖြည်းဖြည်း အားကောင်းလာစဉ် အမြဲတစေ လက်ဦးမှုရယူထားရန်သာ ဖြစ်လေသည်။ သူ၏ ပထမခြေလှမ်းမှာ မဟာမိတ်များ၏ ဘေးဘက်မှ ရထားလမ်းများကို ဖွင့်ပေးနိုင်ရန် ဒေသန္တရထိုးစစ်များ ဆင်နွှဲရေးဖြစ်၏။ ပထမထိုးစစ်ကို ဩဂုတ်လ ၈ ရက်နေ့တွင် ဟော့(ဂ်)က အမိန်း အနီးတွင် ပြုလုပ်ခဲ့ပြီး ပြင်ဆင်မှုများ၊ လှည့်စားမှုများ သေချာစွာ ပြုလုပ်ကာ ရောလင်ဆင်၏ အမှတ် ၄ ဗြိတိသျှတပ်တော်ကို အင်အားနှစ်ဆ များပြားလာသည်အထိ အင်အားဖြည့်တင်းခဲ့၍ တင့်ကား ၄၅၀ ဖြင့် တိုက်ခိုက်ခဲ့သဖြင့် ထိုးစစ်ပထမပိုင်းသည် စစ်ကြီးတစ်ခုလုံးတွင် အငိုက်အရဆုံး တိုက်ပွဲဖြစ်လေသည်။ ဓာတ်ရိုက်ချဉ်းကပ်မှုကို သုံးခဲ့သဖြင့် ထိုးစစ်အရှိန် တန့်သွားသော်လည်း ပထမပိုင်းတွင် ပိုင်ပိုင်နိုင်နိုင်အငိုက်ရလိုက်သောကြောင့် ဂျာမန်စစ်ဌာနချုပ်တွင် စိတ်ဓာတ်ရေးအရ အခြေပျက်ခဲ့ရပြီး ဂျာမန်တပ်များသည် စိတ်ဓာတ်ချွတ်ခြုံကျနေပြီဟု ယုံကြည်လာသဖြင့် စစ်ကြီးကို စေ့စပ်ဆွေးနွေးခြင်းဖြင့် အပြီးသတ်စေသင့်ပြီဟု (လူဒင်ဒေါ့)က ပြောကြားခဲ့၏။ ဆက်လက်ပြောကြားရာတွင် လူဒင်ဒေါ့က "ကျွန်ုပ်တို့၏ မဟာဗျူဟာ ရည်မှန်းချက်သည် ရန်သူ ဆက်လက်စစ်မတိုက်ချင်လာသည်အထိ တဖြည်းဖြည်း စိတ်ဓာတ်ကျဆင်းလာအောင် မဟာဗျူဟာခံစစ်ဆင်နွှဲရမည်"ဟု ဆို၏။

ထိုအချိန်တွင် မဟာမိတ်များက မဟာဗျူဟာ နည်းသစ်တစ်ခုကို တွေ့ရှိဖော်ထုတ်လာကြလေသည်။ နေရာအနှံ့အပြားတွင် ထိုးစစ်များဆင်နွှဲရန် အမိန့်ပေးခြင်းဖြင့် ဖော့ချ်က မဟာဗျူဟာအသစ်ကို စတင်ခဲ့၏။ ဗြိတိသျှအမှတ် ၄ တပ်တော်က ရှေ့မှဆက်တိုက်ရန် ဖော့ချ်၏ ညွှန်ကြားချက်ကို ဟော့ဂ်က မနာယူခဲ့သဖြင့် မဟာဗျူဟာသစ်မှာ ပို၍ရုပ်လုံးပေါ်လာလေ၏။ အမှတ် ၁ နှင့် ၃ တပ်တော်များက တိုက်ခိုက်ပြီးမှ အမှတ် ၄ တပ်တော်က ရှေ့သို့ ဆက်လက်ချီတက်ခဲ့၏။ ထို့ကြောင့် မဟာမိတ် မဟာဗျူဟာမှာ (ပီတိန်းနှင့် ဟော့ဂ်တို့ ဦးဆောင်သော စစ်မျက်နှာများ၌) နေရာအနှံ့အပြားတွင် လျင်မြန်စွာ ထိုးစစ်များ ဆင်နွှဲပြီး ထိုးစစ်တစ်ခု အရှိန်အားနည်းသွားသည်နှင့် အခြားထိုးစစ်တစ်ခုက စ၍ တိုက်ခိုက်၏။ ထိုးစစ်တစ်ခုက နောက်ထိုးစစ်တစ်ခု ဖြစ်ပေါ်လာရေးကို အထောက်အကူပြုရပြီး နေရာနှင့်အချိန် ရွေးချယ်ရာတွင်လည်း တစ်ခုနှင့်တစ်ခု သိပ်မဝေးကွာသဖြင့် အချင်းချင်း အထောက်အကူပြု ကူညီနိုင်ကြလေ၏။



ထို့ကြောင့် လူဒင်ဒေါ့အနေနှင့် မဟာမိတ်ထိုးစစ်များ ဖြစ်ပေါ်လာနိုင်သည့် နေရာများသို့ အရန်များ ကြိုတင်ပို့ထားခြင်း မပြုနိုင်တော့ချေ။ မဟာမိတ်များဘက်မှ တပ်များ၊ လက်နက်ပစ္စည်းများကို ခြိုးခြံချွေတာရာကျသည်နှင့်အမျှ ဂျာမန်များဘက်မှမူ အရန်များ တဖြည်းဖြည်း ကုန်လာတော့၏။ ယင်းမဟာဗျူဟာမှာ တကယ့်သွယ်ဝိုက်ချဉ်းကပ်နည်းတစ်ရပ် မဟုတ်စေကာမူ ယင်းနည်းနှင့် အတော်ပင် နီးစပ်ပေ၏။ သွယ်ဝိုက်ချဉ်းကပ်နည်းဟု ခေါ်မည်ဆိုလျှင် ခေါ်ဆိုနိုင်သော နည်းတစ်နည်း ဖြစ်ပေသည်။ ရန်သူမျှော်လင့်မထားဆုံးနေရာကို ရှာဖွေတိုက်ခိုက်ခြင်းမဟုတ်သော်လည်း ရန်သူမျှော်လင့်အထားဆုံးနေရာကိုမူ ရှောင်ရှား၏။ ရန်သူခုခံမှုအနည်းဆုံးနေရာကို ရှာမတိုက်သော်လည်း ရန်သူခုခံမှု ပို၍အားကောင်းလာသောနေရာများတွင် ဆက်မတိုက်ချေ။ စင်စစ် သွယ်ဝိုက်ချဉ်းကပ်နည်းအရ မလုပ်သင့်ဆိုသည်တို့ကို မလုပ်ဘဲ ရှောင်ရှားသောနည်းတစ်ရပ်ပင် ဖြစ်ချေ၏။

ဂျာမန်တို့က ရုပ်ပစ္စည်းလက်နက်ရော စိတ်ဓာတ်ပါ ကျဆင်းနေချိန်တွင် ဤနည်းသည် ရန်သူကို တဖြည်းဖြည်းချင်း အင်အားနည်းသွားစေ၍ မိမိဘက်မှ ရှေ့သို့ ဆက်လက်ချီတက်နိုင်သောနည်းပင် ဖြစ်လေသည်။ ဂျာမန်တို့ အင်အားနည်းလာသည်ကို အသေအချာ သိရှိလာကြရသည့်အပြင် ရန်သူခုခံမှုအင်အားအကောင်းဆုံးနေရာဖြစ်သော ဟင်ဒင်ဘက်ခံစစ်ကြောင်းကို မိမိတပ်များက ဖောက်ထွင်းတိုက်ခိုက်နိုင်ပါသည်ဟု ဟော့ဂ်က အာမခံသောအခါ ဖော့ချ်သည် အထက်တွင် ဖော်ပြခဲ့သော မဟာဗျူဟာကို စွန့်လွှတ်၍ စက်တင်ဘာလကုန်လောက်တွင် အထွေထွေထိုးစစ်ကြီးကို နေရာအနှံ့အပြားတွင် တစ်ပြိုင်တည်း ပြုလုပ်ရန် ဆုံးဖြတ်ခဲ့လေသည်။

စီမံချက်မှာ ဂျာမန်တို့ ပြင်သစ်ပြည်အတွင်း သိမ်းပိုက်ထားသော အငူစွန်းကြီးသဖွယ် ဖြစ်နေသည့် နယ်မြေကို တစ်ပြိုင်တည်းတိုက်ခိုက်ကြရန် ဖြစ်လေသည်။ မဟာမိတ်တောင်ပံ တပ်နှစ်ခုဖြစ်သည့် ဗြိတိသျှနှင့် အမေရိကန်တပ်များက ပိုင်းညှပ်တိုက်သောအခါ ဂျာမန်တပ်အမြောက်အမြားကို ပိတ်မိနိုင်မည်ဟု မဟာမိတ်များက မျှော်မှန်းခဲ့လေသည်။ ယင်းသို့ မျှော်လင့်နိုင်ခြင်းမှာ အာဒိန်းသစ်တောသည် အလွယ်တကူ မဖြတ်သန်းနိုင်သော နောက်ကျောမှ တံတိုင်းကြီးသဖွယ် ဖြစ်နေ၍ ယင်းနံဘေးပေါက်များလည်း ကျဉ်းမြောင်းသော ထွက်ပေါက်များသာ ရှိသည်ဟု ယူဆထားသောကြောင့် ဖြစ်လေသည်။ စင်စစ် အာဒိန်းသစ်တောကို ယခုကဲ့သို့ တွက်ဆထားခြင်းမှာ မှားယွင်းလေ၏။ သစ်တောအတွင်း လမ်းများ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာရှိ၍ တောင်ထူထပ်သည့်နေရာမဟုတ်ဘဲ အဆင်းအတက် တောင်ကမူလေးများသာ ရှိသော နေရာဖြစ်ပေသည်။[၁]

မူလက ပါရှင်း[၂]၏အကြံပေးချက်ကြောင့် စီမံချက်တွင် သွယ်ဝိုက်ချဉ်းကပ်သည့် သဘော အတော်ပါသေး၏။ ပါရှင်း၏ အကြံဉာဏ်မှာ စိန်မီယေး[၃]အငူကို တိုက်ခိုက်အမြတ်ထုတ်စစ်ဆင်ရာတွင် အမေရိကန်တပ်တော်သည် လော်ရိန်းနယ်ရှိ ဂျာမန်ဆက်သွယ်ရေး လမ်းကြောင်းများသို့ ရောက်ရှိ၍ ရိုင်းမြစ်သို့သွားသည့် ဂျာမန်တို့၏ အနောက်ပိုင်းမှ ဆုတ်ခွာရာလမ်းကြောင်းကို ဖြတ်တောက်ပစ်နိုင်ရန် ဘရေး[၄]သို့ ချီတက်၍ မက်[၅]ကို ကျော်လွန်သည်အထိ ချီတက်ကြရန် ဖြစ်လေသည်။ သို့သော် ယင်းသို့လုပ်ဆောင်ခြင်းသည် အခြားမဟာမိတ်တို့၏ ထိုးစစ်များနှင့် ပူးပေါင်းလုပ်ရာမရောက်ဘဲ ခွဲခြားလုပ်သလို ဖြစ်နေသည်ဟု အကြောင်းပြ၍ ဖော့(ဂ်)က ပါရှင်း၏ အကြံဉာဏ်ကို ကန့်ကွက်ခဲ့လေသည်။ ထို့ကြောင့် ဖော့ချ်ကလည်း ပါရှင်းအကြံဉာဏ်ကို မယူတော့ဘဲ မိမိစီမံချက်ကို ပြင်ဆင်ပြုလုပ်ခဲ့၏။

ထို့ကြောင့် အမေရိကန်တပ်တော်သည် မူလစီစဉ်ခဲ့သည်ထက် အနောက်ဘက်ဖြစ်သော မြူးစ်အာဂုံးနေရာတွင် တစ်ပတ်မျှသာ ပြင်ဆင်ချိန်ရပြီး ထိုးစစ်ကို အရေးတကြီး လုပ်ဆောင်ခဲ့ရလေသည်။ ရန်သူခုခံမှု ပိုများလာမည့်နေရာတွင် ဆက်လက် တိုက်ခိုက်ခဲ့သောကြောင့် အကျအဆုံး ပိုများလာ၍ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ခဲ့ရသည်သာမက ဟင်ဒင်ဘက် ခံစစ်ကြောင်းကို ဖော့(ဂ်)၏ ဗြိတိသျှတပ်များက တိုက်ခိုက်ရာတွင်လည်း အမေရိကန်တပ်များက အထောက်အကူပြုနိုင်ခဲ့သည် မဟုတ်ချေ။

အမေရိကန်တို့ ထိုးစစ်က ပေးခဲ့သော သင်ခန်းစာမှာ **တိုက်ရိုက်ချဉ်းကပ်ခြင်းသည် မိမိဘက်မှ ပစ်အားသာ၍ ရန်သူကလည်း စိတ်ဓာတ်ကျဆင်းနေသည့်တိုင်အောင် ရန်သူနယ်ထဲသို့ ချင်းနင်းဝင်ရောက်ရုံသာ ရှိမည်။ ရန်သူကို ပြိုကွဲသွားအောင် မတတ်နိုင်ဟူ၍ ဖြစ်ပေ၏။** ခေတ္တ စစ်ရပ်စဲရေးလက်မှတ်ရေးထိုးသည့် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂျာမန်တပ်များသည် မိမိတို့ နောက်

၁။ ၁၉၄၀ ပြည့်နှစ် မေလတွင် မဟာမိတ်များက ဤအမှားမျိုး ထပ်မံမှားယွင်းခဲ့လေသည်။ ဂျာမန်ယန္တရားတပ်များ အာဒိန်းသစ်တောအတွင်းမှ ဖြတ်၍ မချီတက်နိုင်ဟု မဟာမိတ်တို့က မှားယွင်းစွာ တွက်ထားကြ၏။

၂။ အမေရိကန်ဗိုလ်ချုပ်ကြီး (ဘာသာပြန်သူ)

၃။ St. Mihiel

၄။ Briey

၅။ Metz



ချန်တပ်များက စွန့်စွန့်စားစား တိုက်ခိုက်ပေးမှုကြောင့် အငူစွန်းမှ ဆုတ်ခွာနိုင်ကြပြီး ပို၍တိုတောင်းပြီး ကာကွယ်ရ ပိုမိုလွယ်ကူသည့် ခံစစ်ကြောင်းသို့ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

မဟာမိတ်တပ်များ၏ ချီတက်မှုမှာ ရပ်တန့်သွားပြီဖြစ်၏။ ဂျာမန်များ ခုခံမှုကြောင့်ထက် အမြောက်ဒဏ် စစ်ဒဏ်ကြောင့် ပျက်စီးနေသော နေရာများကို ကျော်ဖြတ်ချီတက်ရာတွင် ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများကြောင့် ယင်းသို့ ရပ်တန့်သွားခြင်း ဖြစ်လေသည်။ ယင်းသို့ အခြေအနေမျိုးတွင် တိုက်ရိုက်ချဉ်းကပ်မှုသည် ပြေးသူက တစ်ပန်းသာပြီး နောက်မှလိုက်သူက ပို၍အခက်အခဲများနှင့် ရင်ဆိုင်ရ၏။

စစ်ရေးဘက်မှ နောက်ဆုံးအဆင့် မဟာမိတ်ထိုးစစ်သည် အရေးမကြီးသဖြင့် တော်ပါသေး၏။ ဩဂုတ်လ ၈ ရက်နေ့က ဂျာမန်စစ်ဌာနချုပ် ကြုံတွေ့လိုက်ရသော စိတ်ဓာတ်ကျဆင်းမှုမှာ တကယ်ပင် အရေးပါလှပြီး တစ်ဖက်စွန်း စစ်မျက်နှာတွင် သွယ်ဝိုက်ချဉ်းကပ်မှုကြောင့် ဂျာမန်စစ်ခေါင်းဆောင်များ စိတ်ဓာတ်ကျဆင်းမှုမှာ စစ်ရှုံးသည်အထိ ဖြစ်ရပေတော့၏။ ယင်းစစ်မျက်နှာမှာ ဆလိုနီကားဖြစ်၍ မဟာမိတ်များက သွယ်ဝိုက်ချဉ်းကပ်၍ ရန်သူကို အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်လေသည်။ မြေအနေအထား ခက်ခဲလွန်း၍ ရန်သူတို့ မတက်နိုင်ဟု ယူဆထားပြီး ဘူဂေးရီးယားတပ်တို့က တပ်နည်းနည်းဖြင့်သာ ကာကွယ်ထားသော နေရာကို မဟာမိတ်များက တက်ရောက်တိုက်ခိုက်ပြီး ရန်သူခံစစ်ကို ဖောက်ထွင်းနိုင်ခဲ့၏။ မဟာမိတ်များက ခုခံမှုအနည်းဆုံးနေရာကို လိုက်တိုက်ကြရာ တောင်ထူထပ်သောကြောင့် ခုခံနေသော ဘူဂေးရီးယားများအနေနှင့် တစ်နေရာမှ တစ်နေရာသို့ စစ်ကူများပို့ရန် ခက်ခဲပြီး မိမိတို့တပ်တော်နှစ်ခု ကွဲသွားသဖြင့် ဘူဂေးရီးယားတပ်များသည် စစ်ရပ်စဲရန် တောင်းခံရတော့၏။ ဘူဂေးရီးယားစစ်ထဲမှ ထွက်သွားရခြင်းသည် အလယ်ပိုင်း မဟာမိတ်နိုင်ငံများ[၁]၏ ဒေါက်တစ်ဒေါက် ပြုတ်သွားသည်သာမက ဩစတြီးယားနိုင်ငံ၏ နောက်ပိုင်းကို ဝင်ရောက်ရန် လမ်းပွင့်သွားခဲ့လေသည်။

ဩစတြီးယားတပ်များသည် စိတ်ဓာတ်ကျဆင်းနေကြပြီဖြစ်ပြီး စစ်ပန်းလှပြီ ဖြစ်သဖြင့် အီတလီတို့က ထိုးစစ်ဆင်နွှဲသောအခါ ခံစစ်ကြောင်း ကျိုးပေါက်၍ ဩစတြီးယားနိုင်ငံ နောက်ပိုင်းသို့ ရန်သူဝင်ရောက်မည့် အန္တရာယ်မှာ ပို၍ကြီးမားလာခဲ့လေသည်။ ဩစတြီးယားသာ လက်နက်ချ အရှုံးပေးလိုက်ပါက ယင်းနယ်မြေနှင့် မီးရထားလမ်းများသည် ဂျာမနီနောက်ကြောသို့ ဝင်ရန် အခြေချ

၁။ Central Alliance

www.burmeseclassic.com

www.burmeseclassic.com



စခန်းများ ဖြစ်လာပေတော့မည်။ ယင်းသို့ဖြစ်လာလျှင် စစ်ကြီးကို အရှုံးအနိုင် အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဂေါ်ဝစ်[1]က ဂျာမန်ချုပ်စလာ အား ပြောဆိုခဲ့လေသည်။

ယင်းသို့ နောက်ကျောမှ ဝင်မည့်အန္တရာယ်နှင့် အခြားသွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာဖြစ်သော ရေကြောင်းပိတ်ဆို့မှုတည်းဟူသော ခြိမ်းခြောက်မှုနှစ်မျိုးတို့ကြောင့် စစ်ကြီးနောက်ဆုံးပိုင်းတွင် ဂျာမန်အစိုးရသည် လက်နက်ချရန် ဆုံးဖြတ်ရတော့၏။ ဂျာမန်လူထုမှာ ထိုအချိန်တွင် ဝေါ်ပြတ်နေကြပြီး မျှော်လင့်ချက် ကုန်ဆုံးနေချိန် ဖြစ်လေသည်။

နောက်ကျောမှ ဝင်မည့် အန္တရာယ်နှင့် ရေကြောင်းပိတ်ဆို့မှုမှာ ပတတ်ရပ်နေသော မြင်းကို ထိုးဆွပေးသည့် သံချွန်နှစ်ချောင်းဖြစ်ပြီး ပတတ်ရပ်ရသည်မှာ ကြာပွတ်တစ်ချက် ဆော်ပေးလိုက်ခြင်းကြောင့် ဖြစ်၏။ ယင်းကြာပွတ်ဒဏ်ချက်မှာ ဘူဂေးရီးယား လက်နက်ချရပြီဟူသော သတင်းနှင့် ပြင်သစ်ပြည် စစ်မျက်နှာ၌ မဟာမိတ်တို့က ရှေ့ဘက်မှနေ၍ ထိုးစစ်ကြီး စတင်ပြီဟူသော သတင်းများ ဖြစ်သတည်း။

ဂျာမန်စစ်ဌာနချုပ် စိတ်ဓာတ်ချောက်ချားသွားသည်မှာ ရက်အနည်းငယ် သာ ဖြစ်၏။ သို့သော် ထိုရက်အနည်းငယ်မှာ စစ်ရှုံးရန် လုံလောက်နေပြီး ပြန်လည် နာလန်ထူရန် နောက်ကျလွန်းနေပြီ ဖြစ်လေသည်။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဟင်ဒင်ဘာ့ဂ်နှင့် လူဒင်ဒေါ့ဖ်တို့သည် စစ်ရပ်စဲရန် အဆောတလျင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြလေသည်။ ဘူဂေးရီးယား စစ်မျက်နှာ ပြိုကွဲခြင်း ကြောင့် မိမိတို့ တပ်အနေအထားများ ကမောက်ကမဖြစ်ကုန်ပြီဖြစ်ကြောင်း "အနောက်ဘက်စစ်မျက်နှာအတွက် ရည်ရွယ်ထားသော တပ်များအား ဘူဂေးရီးယား စစ်မျက်နှာသို့ ပို့ပေးခဲ့ရကြောင်း"၊ အနောက်စစ်မျက်နှာတွင် မဟာမိတ်များ၏ ထိုးစစ်များသည် ယင်းအချက်ကြောင့် "အကြီးအကျယ်" အခြေအနေ ပြောင်းလဲခဲ့ရကြောင်း ရေးသားတင်ပြခဲ့ကြလေသည်။ မဟာမိတ်ထိုးစစ်များကို "ပြန်လည်တွန်းလှန်နိုင်ခဲ့သော်လည်း မဟာမိတ်တို့က ထိုးစစ်များ ဆက်လက် ပြုလုပ်နိုင်မည်"ကို ထည့်သွင်းတွက်ချက်ရမည်ဖြစ်ကြောင်းကိုပါ တင်ပြခဲ့ကြ၏။

အထက်ပါ မဟာမိတ်များ၏ ထိုးစစ်များဆိုသည်မှာ ဖော့ချ်၏ အထွေထွေ ထိုးစစ်ကို ရည်မှန်းပြောဆိုခြင်း ဖြစ်လေသည်။ မြူးစ်အာဂုံးဒေသတွင် စက်တင် ဘာလ ၂၆ ရက်နေ့၌ ပြုလုပ်ခဲ့သော အမေရိကန်ထိုးစစ်သည် ၂၈ ရက်နေ့၌ ရပ်တန့်သွားပြီ ဖြစ်၏။ ယင်း ၂၈ ရက်နေ့မှာပင် ဗြိတိသျှပြင်သစ် ဘယ်ဂျီယံ

၁။ General Von Gallwitz



ထိုးစစ်သည် ဖလင်းဒါးဒေသတွင် စတင်ခဲ့၏။ ဂျာမန်များအတွက် အခြေအနေ မကောင်းသည်မှာ မှန်သော်လည်း ယင်းထိုးစစ်က တကယ်တမ်း ခြိမ်းခြောက် နိုင်ခဲ့သည် မဟုတ်ချေ။ ၂၉ ရက်နေ့ နံနက်တွင် ဟေ့ဂ်၏ အဓိကထိုးစစ်ဖြင့် မဟာမိတ်တို့က ဟင်ဒင်ဘာ့ဂ် ခံစစ်ကြောင်းကို စတင်တိုက်ခိုက်တော့၏။ ထိုးစစ် စောစောပိုင်းတွင် ဂျာမန်တို့ရရှိသော သတင်းများမှာ စိတ်မချမ်းမြေ့ဖွယ် ဖြစ်လေ သည်။

ယင်းသို့ အရေးကြုံနေသောအခါ ဘာဒင်မင်းသားကြီး မက်(စ)[1]အား ဂျာမန် ချန်စလာခန့်အပ်၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် တာဝန်ပေးအပ် ကြလေသည်။ မက်(စ)မှာ အများက လေးစားခြင်းခံရ၍ အစွန်းဘက်မရောက်သူ၊ ချင့်ချိန်နိုင်သူဖြစ်သည်ဟု ကမ္ဘာတွင်ပင် နာမည်ရနေသူ ဖြစ်လေသည်။

ဂျာမနီအနေနှင့် လက်နက်ချအရှုံးပေးခြင်းမဟုတ်ဘဲ စစ်ပြေငြိမ်းရေးကို ထိထိရောက်ရောက် ဇေ့စပ်ဆွေးနွေးနိုင်ရန် "ရန်သူကို လက်ကမ်းခြင်းမပြုမီ အနည်းဆုံး ၄ ရက်မှ ၁၀ ရက်ခန့် အချိန်ပေးရန် ဘာဒင်က ခွင့်တောင်းခဲ့လေ သည်။ သို့သော် "စစ်ရေးအခြေအနေ အလွန်ဆိုးရွားနေပြီဖြစ်၍ နှောင့်နှေးနေ၍ မဖြစ်နိုင်"ဟု ဆိုပြီး "ချက်ချင်း ဇေ့စပ်ဆွေးနွေးမှုများ စ ရန် ရန်သူတို့အား အကြောင်းကြားပါ"ဟု ဟင်ဒင်ဘာ့ဂ်က တင်ပြခဲ့လေသည်။

ထို့ကြောင့် အောက်တိုဘာလ ၃ ရက်နေ့တွင် စစ်ပြေငြိမ်းရေးအတွက် အကြောင်းကြားစာကို သမ္မတ ဝီလ်ဆင်[2]ထံသို့ ဂျာမန်ဘက်က ပေးပို့ခဲ့လေသည်။ ယင်းသို့ စစ်ပြေငြိမ်းရန် အကြောင်းကြားခဲ့ခြင်းမှာ ဂျာမန်တို့က စစ်ရှုံးပြီဖြစ် ကြောင်း ကမ္ဘာကို လူသိရှင်ကြား ကြေညာလိုက်ခြင်းပင် ဖြစ်လေသည်။ ထိုရက် မတိုင်မီ အောက်တိုဘာလ ၁ ရက်နေ့ကပင်လျှင် ဂျာမန်စစ်ဦးစီးဌာနချုပ်က ဂျာမန်နိုင်ငံရေးခေါင်းဆောင်အသီးသီး တက်ရောက်သည့် အစည်းအဝေး၌ စစ် ပြေငြိမ်းရေးအတွက် ဂျာမနီက စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း အကြောင်း ကြားခြင်းဖြင့် ဂျာမနီပြည်တွင်းတွင်ပါ ကြေညာပြီး ဖြစ်နေလေသည်၊

တစ်ချိန်လုံး အဖြစ်မှန်ကို အသိမပေးဘဲ ထားခဲ့သည့် ဂျာမန်လူထုသည် ချက်ချင်း အမှောင်တွင်းမှ အလင်းရောင်ကို မြင်လိုက်ရသကဲ့သို့ တုန်လှုပ်ချောက် ချားခဲ့ရလေသည်။ မညီမညွတ်ဖြစ်ခြင်းများ၊ ပျော့ညံ့ချက်များ အံကြွလာလေတော့ သည်။

၁။ Prince Max of Baden

၂။ President Wilson အမေရိကန်သမ္မတ ဝီလ်ဆင်။ (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com




နောက်ရက် အနည်းငယ်အတွင်း ဗြိတိသျှတို့ ထိုးစစ်သည် ဟင်ဒင်ဘာ့ဂ် ခံစစ်ကြောင်းကို ဖောက်ထွင်းခြင်းမပြုနိုင်သဖြင့် ဂျာမန်စစ်ဦးစီးဌာနသည် အားတက်လာကြပြန်၏။ မဟာမိတ်များက အမြတ်ထုတ်စစ်ဆင်ခြင်း မပြုနိုင်ဟုသော စစ်မြေပြင်မှ အစီရင်ခံစာများကြောင့် ဂျာမန်စစ်ဦးစီးဌာနသည် ပို၍အားတက်လာပြန်လေသည်။ လူဒင်ဒေါ့ဖ်က ခေတ္တစစ်ပြေငြိမ်းလိုသည်မှာ အရှေ့တန်းတွင် အနားရရန်နှင့် သူ့ဂျာမန်တပ်များအနေနှင့် ပို၍တိုသည့် ခံစစ်ကြောင်းကို စနစ်တကျ ပြန်ဆုတ်ခွင့် ရရန်သာ ရည်မှန်းခဲ့လေသည်။ ထို့နောက် ပြန်၍ ခံစစ်ဆင်ရန် ကြံရွယ်ခဲ့သေး၏။

အောက်တိုဘာလ ၁၇ ရက်တွင်ကား ခေတ္တအနားမရဘဲ ဂျာမန်တပ်များ အနေနှင့် ခုခံစစ်ဆင်နိုင်မည်ဟု လူဒင်ဒေါ့ဖ်က ယူဆခဲ့လေသည်။ အမှန်မှာ စစ်ရေး အခြေအနေက ထူးခြားလာသည်မဟုတ်ဘဲ လူဒင်ဒေါ့ဖ်အနေနှင့်က အခြောက်တိုက် အားတက်လာခြင်း ဖြစ်လေသည်။ စက်တင်ဘာလ ၂၉ ရက်နေ့က သူတင်ပြခဲ့ သလောက် စစ်ရေးအခြေအနေမှာ ဆိုးရွားခဲ့လှသည် မဟုတ်ချေ။ သို့သော် ထိုနေ့က လူဒင်ဒေါ့ဖ် စိတ်ဓာတ်ချောက်ချားခဲ့ခြင်းသည် ဂျာမန်နိုင်ငံရေးခေါင်းဆောင် များနှင့် ဂျာမန်လူထုအတွင်းတွင်ပါ ပျံ့နှံ့ခဲ့ပြီး ဖြစ်၏။ ဂျာမနီ ပြည်တွင်းက ရှေ့တန်းစစ်မျက်နှာ နောက်ကျမှ ပြိုကွဲသည်မှာ မှန်၏။ သို့သော် ပြည်တွင်းက ပြိုကွဲသည့်နှုန်းမှာ ရှေ့တန်းစစ်မျက်နှာမှာထက် ပိုမိုလျင်မြန်လေသည်။

အောက်တိုဘာလ ၂၃ ရက်နေ့တွင် သမ္မတ ဝီလ်ဆင်က ဂျာမန်စစ်ပြေငြိမ်း ရေး ကမ်းလှမ်းချက်ကို အကြောင်းပြန်ကြားခဲ့ရာတွင် လက်တွေ့အားဖြင့် ဂျာမန် အနေနှင့် ခြွင်းချက်မရှိ လက်နက်ချရန်ပင် ဖြစ်လေသည်။ ဂျာမန်နယ်ခြားကို အောင်မြင်စွာ ကာကွယ်နိုင်ပါက မဟာမိတ်များ စိတ်အားထက်သန်မှု လျော့ နည်းသွားမည်ဟူသော မျှော်လင့်ချက်နှင့် လူဒင်ဒေါ့ဖ်က ဆက်လက်တိုက်ချင်သေး ၏။ သို့သော် သူ့အနေနှင့် အခြေအနေကို ထိန်းထားနိုင်ခြင်း မရှိတော့ချေ။ ဂျာမနီတစ်နိုင်ငံလုံးအနေနှင့်ပင် စစ်ဆက်လက်တိုက်လိုစိတ် မရှိတော့ဘဲ လူဒင် ဒေါ့ဖ် အကြံဉာဏ်ကိုလည်း မည်သူမျှ တန်ဖိုးမထားတော့ချေ။ အောက်တိုဘာလ ၂၆ ရက်နေ့တွင် လူဒင်ဒေါ့ဖ်အား ရာထူးမှ နုတ်ထွက်စေခဲ့လေသည်။

ထို့နောက် ၃၆ နာရီမျှ ချန်စလာမှာ အိပ်ဆေးလွန်၍ မေ့မြောနေခဲ့၏။ နိုဝင်ဘာလ ၃ ရက်နေ့ ညနေ သူ့ရုံးပြန်တက်လာသောအခါ တူရကီသာမက ဩစတြီးယားပါ လက်နက်ချပြီး ဖြစ်နေပေပြီ။ ဂျာမနီ နောက်ကျောမှာ ပွင့်နေ ပြီ ဖြစ်လေသည်။ နောက်တစ်နေ့၌ ဂျာမနီပြည်တွင်းတွင် တော်လှန်ပုန်ကန်မှု ဖြစ်ပွားခဲ့၏။ တစ်နိုင်ငံလုံး ပျံ့နှံ့သွားခဲ့၍ စေ့စပ်ဖြေရှင်းနည်းတစ်နည်းသာ






အနောက်ပိုင်းစစ်မျက်နှာ၊ ပထမကမ္ဘာစစ်

www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့သဖြင့် ၉ ရက်နေ့တွင် မက်(စ)မင်းသားကြီးက ဆိုရှယ်လစ်ခေါင်းဆောင် အီဘက်[၁] ထံ အာဏာလွှဲပေးလိုက်ရလေသည်။ ဂျာမန်ဘက်မှ အာဏာကုန် လွှဲအပ်ထားသော စစ်ပြေငြိမ်းရေး စေ့စပ်ရေးသမားများသည် ဖော့ချ်ဌာနချုပ်တွင် ရောက်နေကြပြီဖြစ်၏။ နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် စစ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး နံနက် ၁၁ နာရီတွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့လေသည်။

စစ်အနိုင်အရှုံးကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ ဂျာမန်စစ်ဌာနချုပ်တွင် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်လေသည်။ ထိုနေ့က လူဒင်ဒေါ့နှင့် သူ့အဖွဲ့ဝင်များ 'ချောက်ချား'သွားခဲ့ပြီး ယင်းချောက်ချားသံသည် နောက်သို့ပဲ့တင်ထပ်သွားခဲ့၍ ဂျာမနီတစ်ပြည်လုံး ပျံ့နှံ့သွားခဲ့လေသည်။ မည်သူ၊ မည်သည့်အရာကမျှ ယင်းချောက်ချားမှု ပဲ့တင်သံကို ရပ်နိုင်စွမ်း မရှိချေ။ ဂျာမန်စစ်ဌာနချုပ်သည် ပြန်၍ အားမာန်တက်လာနိုင်၏။ စစ်မျက်နှာတွင် ဂျာမန်တို့ စစ်ရေးပြန်သာလာနိုင်သေး၏။ **သို့သော် မည်သည့်စစ်တွင်မဆို ဖြစ်ပျက်နေကျအတိုင်း စိတ်ဓာတ်သည် အဓိက ဖြစ်လေသည်။**

ဂျာမနီလက်နက်ချရသည့် အကြောင်းများအနက် ရေကြောင်းပိတ်ဆို့မှုသည် အခြေခံအကျဆုံးဖြစ်၏။ တော်လှန်ရေးသာ မဖြစ်ပေါ်ခဲ့လျှင် ဂျာမန်တပ်တော်များသည် နယ်ခြားတွင် ကြံ့ကြံ့ခံနိုင်မည်လော ဟူသော မေးခွန်း၏အသေချာဆုံးအဖြေမှာ ရေကြောင်းပိတ်ဆို့မှု ရှိနေသေးသည်ဖြစ်၍ ဂျာမန်တို့စစ်ရှုံးတော့မည်မှာ မြေကြီးလက်ခတ်မလွဲဟူ၍ပင် ဖြစ်လေသည်။ အကြောင်းမူကား ဂျာမန်လူထုက မိမိတို့အမိမြေကို အသက်ပေးကာကွယ်၍ အစွမ်းကုန်ကြိုးစားအားထုတ်မှုများ ပြုနိုင်သည်ဆိုစေဦး မဟာမိတ်တပ်များအား ခေတ္တခဏမျှသာ တားဆီးထားနိုင်မည် ဖြစ်ပေ၏။ အရှုံး၏ နိဂုံးချုပ်ခြင်းကို ခေတ္တမျှသာ ရွှေ့ဆိုင်းထားနိုင်မည် ဖြစ်ပေ၏။ ဗြိတိသျှတို့၏ သမိုင်းအစဉ်အဆက်က လက်နက်ကောင်းဖြစ်သည့် ရေကြောင်းအင်အားဒဏ်ကို ဂျာမနီ ကြာရှည်ခံနိုင်စွမ်းရှိမည်မဟုတ်ချေ။

သို့သော် စစ်ကြီးကို ၁၉၁၉ ခုနှစ်အထိ ဆက်မတိုက်ရစေဘဲ ဂျာမန်တို့အဆောတလျင် လက်နက်ချစေရာတွင်မူ စစ်ရေးအကြောင်းများမှာ အရေးအကြီးဆုံး ဖြစ်ပေ၏။ ယင်းသို့ဆိုခြင်းကြောင့် စစ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးချိန်တွင် ဂျာမနီ၏ စစ်အင်အားကို ရိုက်ချိုးလိုက်နိုင်ပြီဖြစ်ပြီး သူ၏တပ်တော်များကို အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲများဖြင့် နိုင်လိုက်ပြီဟု

၁။ Ebert



ဆိုလိုခြင်းမဟုတ်ပါ။ စစ်ရပ်စဲရေးစာချုပ်သည် လွဲမှား၍ အလျှော့ပေးချုပ်ဆိုရသောစာချုပ်တစ်ခုဟု ဆိုလိုခြင်းလည်း မဟုတ်ရပါ။

ဆိုလိုသည်မှာ စစ်ကြီး၏ နောက်ဆုံးရက်ပေါင်း ၁၀၀ ကို သေချာစွာဆန်းစစ်လိုက်သောအခါ မမေ့စကောင်းသည့် သမိုင်းသင်ခန်းစာကြီးကို 'ရက်ပေါင်း ၁၀၀'က အတည်ပြုပေးနေသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ **ယင်းသင်ခန်းစာမှာကား စစ်တစ်ခုတွင် တကယ်ထားအပ်သည့် ရည်မှန်းချက်မှာ ရန်သူခေါင်းဆောင်များ၏ စိတ်ဓာတ်ဖြစ်၏။ သူတို့တပ်များ မဟုတ်ချေ။**

အရှုံးအနိုင်သည် ခေါင်းဆောင်တို့စိတ်တွင် ဖြစ်ပေါ်နေသော ထင်မြင်ချက်များ၊ ယူဆချက်များအပေါ် တည်ပေ၏။ သွယ်ဝိုက်သောအားဖြင့်သာလျှင် အရှုံးအနိုင်သည် တိုက်ပွဲများအပေါ် တည်နေပေသည်။ အငိုက်ခံလိုက်ရသဖြင့် ရန်သူခေါင်းဆောင်များ တုန်လှုပ်ချောက်ချားသွားပြီး သူတို့အနေနှင့် တစ်ဖက်မှလုပ်နိုင်သည့် မဟာဗျူဟာ ထိုးနှက်ချက်များကို တုံ့ပြန်နိုင်ရည် အင်အားမရှိတော့ဟု ယူဆလိုက်သည်နှင့် တစ်ပြိုင်နက် စစ်ရှုံးတော့မည်မှာ သေချာ၏။ ဂျာမန်များ စစ်သည်ဆုံးရှုံးမှု၊ စစ်သုံ့ပန်းအဖြစ် အဖမ်းခံရမှု၊ အမြောက်များဆုံးရှုံးမှု၊ မြေနေရာ လက်လွှတ်မှုများထက် လူဒင်ဒေါ့ တုန်လှုပ်ချောက်ချားသဖြင့် ဂျာမန်တို့ စစ်ရှုံးခဲ့ရခြင်း ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်းသုံး

# ဒုတိယကမ္ဘာစစ်
# မဟာဗျူဟာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## ဟစ်တလာ၏ မဟာဗျူဟာ

၁၉၃၉ ခုနှစ် စစ်ကြီးမဖြစ်ပွားမီနှင့် စစ်ကြီးဖြစ်ပြီးနောက် ဟစ်တလာ၏ တိုက်ပွဲစဉ်များသည် အထက်တွင် ဖော်ပြခဲ့သော အခန်းများမှ သွယ်ဝိုက်ချဉ်းကပ်သည့်နည်းလမ်း၏ ထင်ရှားလှသည့် သာဓကများပင် ဖြစ်ချေ၏။ ပထမပိုင်းတွင်ကား သူ၏ရန်သူများက ယင်းမဟာဗျူဟာကိုပင် သုံး၍ သူ့အပေါ် အမြတ်ထုတ် စစ်ဆင်နိုင်အောင် အခွင့်အလမ်းများစွာကို ဟစ်တလာကပင် ဖော်၍ပေးခဲ့လေ၏။

စစ်တွင် ရန်သူကို လှျော့မတွက်ရန်မှာ လိမ္မာပါးနပ်သော ပေါ်လစီဖြစ်လေသည်။ ရန်သူ၏ နည်းလမ်းများကို သိရှိရန်နှင့် ရန်သူတွေးပုံခေါ်ပုံကို သိရှိရန်မှာလည်း အလားတူပင် အရေးကြီးလှပေသည်။ ရန်သူ့ခြေလှမ်းကို ကြိုတင်မြင်ပြီး ရန်သူထက် လက်ဦးရန် ရန်သူအကြောင်း သိရှိရေးမှာ လိုအပ်သည့်အခြေခံပင် ဖြစ်၏။ ငြိမ်းချမ်းလိုသော နိုင်ငံများအနေနှင့် ဟစ်တလာ နောက်ခြေလှမ်း မည်သို့လှမ်းမည်ကို ကြိုတင်မတွက်ချက်နိုင်ကြသဖြင့် ထိုးတင်ပွဲနှင့်လွဲခဲ့ကြရ၏။ နိုင်ငံတစ်ခု၏ အစိုးရဌာနများတွင် 'ရန်သူဌာန' ဟု ဌာနတစ်ခုဖွင့်ထားလျှင် အလွန်ပင် အကျိုးရှိပေမည်။ ယင်းဌာန၏ တာဝန်မှာ ရန်သူအမြင်နှင့် စစ်ရေးစစ်ရာနှင့် စစ်ဖက်ပြဿနာအားလုံးကို လေ့လာပြီး ယင်းသို့ အခြားယထာဘူတကျကျ လေ့လာခြင်းဖြင့် ရန်သူသည် ဘာပြီး ဘာလုပ်မည်၊ ဘာခြေလှမ်း လှမ်းမည်ကို ကြိုတင်တွက်ချက်နိုင်ပေလိမ့်မည်။

www.burmeseclassic.com

ဟစ်တလာ လုပ်ဆောင်သည်တို့ကို ဒီမိုကရေစီ အစိုးရများက ကြိုတင်တွက်ချက်နိုင်ခြင်း မရှိသည်မှာ အနာဂတ်သမိုင်းဆရာတစ်ဦးအတွက် အထူးဆန်းဆုံး အခြင်းအရာတစ်ရပ် ဖြစ်ပေလိမ့်မည်။ အကြောင်းမူကား မည်သည့်အခါကမျှ သည်လောက် လောဘဇောကြီးသူ တစ်ဦးအနေနှင့် သူ ဘာကိုလိုချင်သည်၊ ဘာကို ဘယ်လိုရအောင် လုပ်မည်ကို ဟစ်တလာကဲ့သို့ ကြိုတင်ပြောဆိုခဲ့ခြင်း မရှိခဲ့သေးချေ။ သူ၏ ပြောဟောချက်များ၊ မိန့်ခွန်းများနှင့် သူရေးသားခဲ့သည့် **ကျွန်ုပ်၏ကြိုးပမ်းမှု**[၁] စာအုပ်တွင် ဟစ်တလာ ဘာလုပ်မည်ကို ထင်ထင်ရှားရှား တွေ့နိုင်ပေ၏။ ဟစ်တလာ အောင်မြင်ခဲ့သည်တို့မှာ ကံအားလျော်စွာ ဖြစ်လာသည်တို့ မဟုတ်ဘဲ ဟစ်တလာသည် **အခွင့်အရေးသမားတစ်ဦးမဟုတ်ဆိုသည်ကို သူ ကြိုတင်**ပြောဆိုရေးသားသည်တို့က သက်သေခံခဲ့သည့်နည်းတူ ပုထုဇ္ဇနော ဥမ္မတ္တကော ဆိုသည့် စကားရပ် မှန်ကန်သည်ကိုလည်း သူ၏ ကြိုတင်ပြောဟောရေးသားချက်များက သက်သေထူခဲ့ပေ၏။ နပိုလီယံပင်လျှင် ဟစ်တလာလောက် သူလုပ်ဆောင်မည်တို့ကို ကြိုတင်ဟောကိန်းထုတ်ခြင်း မရှိခဲ့ချေ။ သည်အချက်တွင် ဟစ်တလာက ဤမျှ သတိမမူပြုခဲ့ခြင်းကို ထောက်ရှု၍ လူတို့သည် မိမိမျက်စိအောက်တည့်တည့်မှအရာကို မမြင်ဘဲ မျက်စိမှောက်နေနိုင်သည်၊ အထင်ရှားဆုံးအရာကိုလုပ်လျှင် ဖုံးကွယ်ရာရောက်သည်၊ အချို့ကိစ္စရပ်များ၌ တိုက်ရိုက်ချဉ်းကပ်မှုသည် ရန်သူ မမျှော်လင့်ဆုံးလမ်း ဖြစ်နိုင်သည် ဆိုသည်တို့ကို ဖော်ပြပေ၏။ လျှို့ဝှက်မှု ပညာရပ်ဆိုသည်မှာ အကြောင်းအရာအများစုကို ပွင့်ပွင့်လင်းလင်း ထားခြင်းကြောင့် အရေးကြီးသည့်အရာအချို့ ရှိလေသေးသည်ဆိုသည်ကို အများက မသိကြရခြင်းပင် ဖြစ်ပေ၏။

တော်လှန်ရေးတစ်ရပ်ကို တွေးတောကြံဆခဲ့၍ လက်တွေ့လုပ်ကိုင်ခဲ့သည့် အပြင် အနယ်ထိုင် အသားကျအောင်လည်း လုပ်ဆောင်ခဲ့သူမှာ လီနင်တစ်ဦးတည်း ရှိသည်ဟု အာရေဗျမှ လောရင့်[၂] က ပြောခဲ့ဖူး၏။ ယင်းကဲ့သို့ပင် ဟစ်တလာကိုလည်း ပြောနိုင်ပေလိမ့်မည်။ ဟစ်တလာကမူ သူ လုပ်ဆောင်မည်တို့ကို ရေးလည်း ရေးသားခဲ့ပါသည်ဟု ဆိုနိုင်၏။ ဘော်ရှီဗစ် တော်လှန်ရေးသမားတို့ မည်သို့ အာဏာရအောင် လုပ်ဆောင်ခဲ့သည်၊ မည်သို့ အာဏာစက် ပျံ့နှံ့အောင် လုပ်ဆောင်ခဲ့သည်တို့ကို လေ့လာခဲ့၍ ဟစ်တလာအတွက် အကျိုးရှိခဲ့သည်မှာ ထင်ရှားပေ၏။

---

၁။ Mein Kampf

၂။ Lawrence of Arabia



"**စစ်တွင် အမိုင်လုံဆုံး (စိတ်အချရဆုံး) မဟာဗျူဟာမှာ ရန်သူ၏ စိတ်ဓာတ် ကျဆင်းယိုယွင်းသွား၍ မိမိက သူ့အား အသေသတ်နိုင်သည့်ထိုးစစ်ကို အလွယ်တကူ ပြုလုပ်နိုင်သည်အထိ စစ်ဆင်ရေးများကို ရွှေ့ဆိုင်းထားရန် ဖြစ်၏**"ဟူသော ဆိုရိုးကို ပြောဆိုခဲ့သူမှာ လီနင်ဖြစ်လေသည်။ ၎င်းဆိုရိုးနှင့် ဟစ်တလာပြောခဲ့သည်တို့ ထူးထူးခြားခြား တူညီနေသည်ကို တွေ့ရပေ၏။ ဟစ်တလာက "**တို့ရဲ့ တကယ့်စစ်ပွဲတွေဟာ စင်စစ် စစ်ဆင်ရေးတွေ မစခင်မှာပဲ တိုက်ပြီးကြရမှာပဲ**"ဟု ပြောခဲ့ဖူး၏။ ဟစ်တလာပြောစကား[၁] စာအုပ်တွင် ယင်းဘာသာရပ်နှင့် ပတ်သက်၍ ရောက်ရှနင်း[၂] က အောက်ပါအတိုင်း ရေးသားခဲ့၏။

"စစ်မဖြစ်ခင်မှာကို ရန်သူ စိတ်ဓာတ်ကျဆင်းသွားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကိုပဲ ငါ စိတ်ဝင်စားတယ်။ ရှေ့တန်းစစ်မျက်နှာမှာ ပါဝင်တိုက်ခိုက်ခဲ့ဖူးသူ ဘယ်သူမဆို ရှောင်လို့ဖြစ်မယ့် သွေးထွက်သံယိုမှုကို မလုပ်လိုဘဲ ရှောင်ကြမှာ ဖြစ်တယ်"ဟု ဟစ်တလာက ပြောခဲ့၏။

ယင်းပြဿနာကို ရှုထိုက်လေ့လာရင်း လွန်ခဲ့သည့် အနှစ်တစ်ရာခန့်က၍ ဂျာမန်လူမျိုးတို့ ရှေးရိုးစဉ်လာ ယူဆခဲ့ကြသည့် စစ်ဘက်အယူအဆမှ ဟစ်တလာသည် ခွဲထွက်ခဲ့လေသည်။ ယင်းရှေးရိုးအယူအဆမှာ "တိုက်ပွဲ"ကို ကိုက်လိုက်မတ်တတ် အထူးပြုလေ့လာခဲ့ကြခြင်း ဖြစ်၏။ ယင်းကျဉ်းမြောင်းသည့် စစ်သဘောတရားကို လက်ကိုင်ပြုရင်းပင် ဂျာမန်တို့သည် အခြားလူမျိုးများကိုပါ စစ်ဘက်တွင် ဦးဆောင်မှု ပေးခဲ့ကြ၏။ ပရပ်ရှားစစ် ဒဿနဆရာ ကလောစဝစ်[၃] အား ဆရာတင်ခဲ့ကြ၍ သူ၏ ဆိုရိုးစကားတို့ကို ကျေညက်အောင် မဝါးဘဲ မျက်စိမှိတ် လိုက်နာခဲ့ကြလေသည်။ ယင်းတို့အနက် "အရေးအခင်းကို သွေးထွက်သံယို ဖြေရှင်းမှု၊ ရန်သူတပ်များအား ဖျက်ဆီးချေမှုန်းရန် ကြိုးပမ်းမှုသည် စစ်၏ ရသသားကြီး ဖြစ်ပေ၏။" "ကြီးမားသည့် အထွေထွေ တိုက်ပွဲများကသာလျှင် ကြီးကျယ်သော ရလဒ်ကို ပေးနိုင်၏။" "သွေးသည် အောင်ပွဲအတွက် ပေးဆပ်ရသော တန်ဖိုးဖြစ်၏။" "သွေးထွက်သံယိုမှု မရှိဘဲ အောင်ပွဲရသည်ဆိုသော ဗိုလ်ချုပ်ဆိုသူများကို မကြားနာလိုနှင့်"စသည့် ဆိုရိုးစကားတို့ ပါဝင်၏။ "သွေးထွက်သံယိုမှု အကြီးအကျယ်မရှိဘဲ လိမ္မာပါးနပ်သည့်နည်းနှင့် ရန်သူကို လက်နက်မဲ့ဖြစ်စေပြီး အောင်နိုင်သောနည်းရှိ၍ ယင်းနည်းသည် စစ်အနုပညာ၏ လမ်းမှန် သဘောတရားပင် ဖြစ်၏"ဆိုသော အဆိုအမိန့်ကို ကလောစဝစ်က ပယ်ချခဲ့

---

၁။ Hitler speaks

၂။ Rauschning

၃။ Clausewitz

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ယင်းသဘောတရားမှာ လူအချင်းချင်း စာနာသည်ဆိုသူများ[၁] စိတ်ကူးထဲမှ ပေါ်ပေါက်လာသော အယူအဆတစ်ရပ်သာ ဖြစ်သည်ဟု ကလောစဝစ်က ဆို၏။ ယင်းဆိုရိုးသည် အမြော်အမြင်ကြီးသည့် ကိုယ်ကျိုးကြည့်မှု၊ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေလိုသော ဆန္ဒတို့မှ ပေါက်ဖွားလာခြင်း ဖြစ်နိုင်ပြီး သတ်ဖြတ်လိုသော ဆန္ဒမှ ပေါက်ဖွားလာသော စိတ်ကူးတစ်ရပ် မဟုတ် ဆိုသည်ကို ကလောစဝစ်က ထည့်သွင်းစဉ်းစားခြင်း မရှိပေ။ သူ၏ သင်ကြားမှုများနှင့် တကွ မစဉ်းမစား မျက်စိမှိတ် လိုက်နာကြသော သူ့နောက်လိုက်များကြောင့် ဗိုလ်ချုပ်များသည် အခွင့်အရေးရတိုင်း တိုက်ပွဲကိုတိုက်လိုကြပြီး မိမိဘက်က အခွင့်သာလာအောင် ဖန်တီးယူရကောင်းမှန်း မသိအောင် ဖြစ်လာကြလေသည်။ ထို့ကြောင့်ပင်လျှင် (၁၉၁၄–၁၈) စစ်ကြီးတွင် အနုပညာဆိုသည်မှာ မရှိတော့ဘဲ အချင်းချင်း လူအုပ်လိုက် သတ်ပွဲကြီးများ ဖြစ်ပွားလာခဲ့ရ၏။

သူ့တွင် မည်သည့်အပြစ်များ၊ ကန့်သတ်ချက်များ ရှိစေကာမူ ဟစ်တလာသည် အထက်တွင် ဖော်ပြပါ ရှေးရိုးစဉ်လာ အယူအဆတို့ကို ကျော်၍ မြင်ခဲ့သူဖြစ်၏။ ဟစ်တလာပြောခဲ့သည်ကို ရောင်းရှုနင်းက ကိုးကားပြခဲ့ရာတွင် "လူတွေဟာ သူတို့ရည်မှန်းချက်ကို တခြားနည်းတွေနဲ့ မရမှသာ သတ်ဖြတ်ကြတာဖြစ်တယ်။ ဉာဏ်ပညာကို လက်နက်အဖြစ်သုံးတဲ့ ပိုမိုကျယ်ပြန့်တဲ့ မဟာဗျူဟာတစ်ရပ် ရှိပါသေးတယ်" "ပိုမိုကောင်းမွန်ပြီး သက်သာတဲ့နည်းတွေနဲ့ ရန်သူကို စိတ်ဓာတ်ကျဆင်းအောင် လုပ်နိုင်တယ်ဆိုရင် ဘာကြောင့် ငါဟာ စစ်နဲ့ဖြေရှင်းတဲ့နည်းကို သုံးရမလဲ" "ငါတို့ရဲ့ မဟာဗျူဟာက ရန်သူကို အတွင်းက ဖျက်ဆီးပစ်ရန် ဖြစ်တယ်။ သူ့ကိုပဲသုံးပြီး သူ့ကို အောင်နိုင်ရမယ့်နည်းပဲ။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာမျိုးပေါ့"

ဂျာမန်စစ်သဘောတရားကို ဟစ်တလာက မည်မျှအထိ ပြုပြင်ခဲ့နိုင်သည်၊ မည်မျှအထိ ပိုမိုကျယ်ပြန့်စေခဲ့သည် ဆိုသည်ကို ဟစ်တလာနှင့် လူဒင်ဒေါ့တို့ စစ်ဘက်အမြင်ချင်း ယှဉ်၍ကြည့်လျှင် သိသာနိုင်ပေသည်။ လူဒင်ဒေါ့မှာ ပြီးခဲ့သော စစ်ကြီးတွင် ဂျာမန်ဘက်မှ ဦးဆောင်တိုက်ခိုက်ခဲ့ပြီး ၁၉၂၃ ခုနှစ်က "ဘာလင်ကို ချီတက်" အာဏာသိမ်းရန် ကြံစည်ခဲ့ကြစဉ်က ဟစ်တလာ၏ လုပ်ဖော်ကိုင်ဖက် တစ်ဦး ဖြစ်လေသည်။

တစ်ပါတီ အာဏာရှင်နိုင်ငံ ထူထောင်ခဲ့ပြီးနောက် ယခင် စစ်ပွဲကြီးမှ သင်ခန်းစာများကို စဉ်းစားလေ့လာရန် နှစ်ပေါင်း ၂၀ မျှ ကြာခဲ့ပြီးမှ လူဒင်ဒေါ့သည် အနာဂတ် "အကြွင်းမဲ့စစ်"နှင့် ပတ်သက်သည့် သူ၏ထင်မြင်ချက်များ

၁။ Philanthropists



ကောက်ချက်များကို ရေးသားခဲ့လေသည်။ ၁၉၁၉ ခုနှစ်က ဂျာမန်စစ်သဘောတရား၏ အခြေခံအုတ်မြစ်ဖြစ်သော ကလောစဝစ်၏ စစ်သဘောတရားကို လူဒင်ဒေါ့က ပြင်းပြင်းထန်ထန် ပုတ်ခတ်ရေးသားခဲ့၏။ ကလောစဝစ် မှားသည်မှာ ပေးဆပ်ရမည့် တန်ဖိုးကို မတွက်ဘဲ အကန့်အသတ်မရှိ အကြမ်းဖက်မှုကို ပြုလုပ်ရမည်ဟူသော အချက်ကို တကယ်ထိထိရောက်ရောက် လိုအပ်သလောက် ဖော်ထုတ်မသွားခဲ့ခြင်း ဖြစ်သည်ဟု လူဒင်ဒေါ့က ဆို၏။ အကြမ်းဖက်လွန်းသောကြောင့် မဟုတ်၊ လိုအပ်သလောက် အကြမ်းမဖက်သဖြင့် ကလောစဝစ် မှားသည်ဟု လူဒင်ဒေါ့က ရေးခဲ့၏။ ကလောစဝစ်သည် ပေါ်လစီကို ဦးစားပေးလွန်းသည်ဟုလည်း ဆို၏။ ကလောစဝစ် ရေးသားခဲ့သည်ကို ကိုးကားခဲ့ရာတွင် "နိုင်ငံရေးရည်မှန်းချက်သည် ပန်းတိုင်ဖြစ်၏။ ယင်းပန်းတိုင်သို့ရောက်ရန် စစ်တိုက်ခြင်းမှာ နည်းတစ်နည်း ဖြစ်၏။ ရည်မှန်းချက်မရှိဘဲ နည်းလမ်းကိုချည်း တွေးခေါ်ကောင်းသည်မဟုတ်ချေ"ဟု ကလောစဝစ် ဆိုခဲ့ရာ ယင်းအယူအဆမှာ ခေတ်မမီတော့ဟု လူဒင်ဒေါ့က သရော်၏။ အကြွင်းမဲ့စစ်၏ မူအရ စစ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် နိုင်ငံတစ်ခုသည် စစ်အောင်နိုင်ရေးအတွက် ဘာမဆို လုပ်နိုင်၏။ ငြိမ်းချမ်းနေသည့်အခါတွင် နောက်စစ်ပွဲအတွက် ဘာမဆိုသုံးနိုင်၏။ ဘာမဆို လုပ်နိုင်၏။ လူမျိုးတစ်မျိုး ဆက်လက်ရှင်သန်နေရန် စစ်သည် အမြင့်ဆုံးသော ထုတ်ဖော်ပြသချက် ဖြစ်ခြင်းကြောင့် နိုင်ငံရေးသည် စစ်ပြုရေးကို အထောက်အကူပြုရမည့် အစေအပါး ပြုရမည်ဟု လူဒင်ဒေါ့က ဆို၏။

လူဒင်ဒေါ့စာအုပ်ကို ဖတ်ကြည့်ရာတွင် သူနှင့် ကလောစဝစ်တို့ အဓိကကွာခြားချက်မှာ လူဒင်ဒေါ့က စစ်ဆိုသည်မှာ ရည်မှန်းချက်မရှိသော နည်းလမ်းဖြစ်ခဲ့သော ဖြစ်သည်ဟု ယူဆ၏။ လူမျိုးတစ်မျိုးလုံးကို စစ်တပ်တစ်တပ်ဖြစ်လာအောင် လုပ်ခြင်းသည် ရည်မှန်းချက်ဟု ခေါ်ဆိုရန်သာ ရှိတော့၏။ ယင်းအယူအဆမှာ လူဒင်ဒေါ့ တွေးထင်ခဲ့သလို ဆန်းလှသည်မဟုတ်ပါ။ စပါတာက ယင်းနည်းကို စမ်းသပ်ကြည့်ခဲ့၍ နောက်ဆုံး ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်ခဲ့၏။ တိုင်းပြည်နှင့် လူမျိုးကို စစ်အတွက် ဖွံ့ဖြိုးလာအောင် ပြင်ဆင်ပြီး ပေါ်တာ နိုင်ငံ့အကြီးစားဖြစ်လာအောင် ရည်မှန်းခဲ့၍ လူဒင်ဒေါ့၏ အဓိကလုပ်ငန်းမှာ "လူမျိုးအနေနှင့် ရုပ်ပိုင်း စည်းလုံးညီညွတ်မှု"ရအောင် ပြုလုပ်ရန် ဖြစ်လေသည်။

ယင်းရည်မှန်းချက် ပြည့်မြောက်စေရန် လူဒင်ဒေါ့က အမျိုးသားစိတ်ဓာတ်သဘောတရားကို မွေးမြူပေးခဲ့ပြီး အမျိုးသမီးများ၏ အဓိကနှင့် အမွန်မြတ်ဆုံးတာဝန်မှာ "အကြွင်းမဲ့စစ်ဒဏ်ကို ခံနိုင်ရန်" သားကောင်များ မွေးမြူပေးရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အမျိုးသားများ၏ တာဝန်မှာ စစ်တိုက်ရန်ဖြစ်၏ဟု သွန်သင်ပေး၏။ အတိုချုပ်ဆိုရသော် သေပွဲဝင်ရန် မွေးပြီး ကြီးပြင်းလာကြရန် ဖြစ်လေသည်။ "ရပ်ပိုင်းစည်းလုံးမှုရရန် လူဒင်ဒေါ့၏ အခြားအပြုသဘော အကြံပေးချက်များ ဆိုသည်မှာလည်း ဂျာမန်စစ်ဌာနချုပ် အမြင်များနှင့် ဆန့်ကျင်သည့် အမြင်များကို မွေးမြူသည်ကိုလည်းကောင်း၊ ထုတ်ဖော်ပြောဆိုသည်ကို လည်းကောင်း နှိပ်ကွပ်ပစ်ရန်သာ ဖြစ်လေသည်။

အကြွင်းမဲ့စစ်က တောင်းဆိုသည်တို့ကို ဖြည့်ဆည်းပေးနိုင်၍ အမှီခိုကင်းပြီး မိမိဘာသာ ကုံလုံသည့် စီးပွားရေးစနစ်မျိုး ရှိရမည်ဟုလည်း လူဒင်ဒေါ့က ဆို၏။ စစ်အင်အားသည် စီးပွားရေး အခြေခံအပေါ်တွင် တည်ဆောက်ရမည်ကို လူဒင်ဒေါ့ ရိပ်စားမိသည်ဟု ယူဆရန် ရှိပါသည်။ သို့သော် ပြီးခဲ့သည့် စစ်အတွင်းက မဟာမိတ်များ ရေကြောင်းပိတ်ဆို့မှုကြောင့် ဂျာမနီရင်ဆိုင်ခဲ့ရသော အခက်အခဲများကို တွေ့မြင်ပါလျက် စစ်အနိုင်အရှုံးကို နှစ်ဖက်တပ်တော်များ အကြိတ်အနယ် တိုက်ရသည့် တိုက်ပွဲများက ဆုံးဖြတ်သည်ဟု ကောက်ချက်ချခဲ့သည်မှာ ထူးဆန်းလှချေ၏။ ဤအချက်နှင့် ပတ်သက်၍မူ ဂျာမနီ၏လက်ဟောင်းဆရာကြီး (ကလောဇဝစ်ကို ဆိုလိုသည်။ ဘာသာပြန်သူ။) မှန်ကန်နေသည်ကို လူဒင်ဒေါ့က တွေ့ရပြန်၏။ "ကလောဇဝစ်သည် အမြဲတစေ ရန်သူ့တပ်တော်များအား တိုက်ပွဲတွင် ချေမှုန်းရန်ကို စဉ်းစားတွေးခေါ်ခဲ့၏။" ဟု လူဒင်ဒေါ့က ရေးသားခဲ့လေသည်။ ယင်းမှာ "ဘယ်တော့မှ မပြောင်းလဲနိုင်သော မူကြီးဖြစ်သည်" ဟု လူဒင်ဒေါ့က မြင်၏။

ဟစ်တလာ၏ မူလအမြင်မှာမူ စစ်၏ တကယ့်ခေါင်းဆောင်တစ်ဦး ရည်မှန်းချက်မှာ ရန်သူ့တပ်တော်များကို တိုက်ပွဲတွင် မတိုက်ရဘဲ လက်နက်ချစေရေး ဖြစ်သည်ဟူ၍ ဖြစ်၏။

နောင် စစ်ပွဲကို မည်သို့တိုက်ခိုက်သင့်သည်ဟု လူဒင်ဒေါ့ မြင်သောအမြင်မှာ ၁၉၁၈ ခုနှစ်က သူတိုက်ခဲ့သော တိုက်ပွဲများကို ပို၍ ပြင်းပြင်းထန်ထန် တိုက်ရန်သာ ဖြစ်လေသည်။ ယင်းတိုက်ပွဲအားလုံးမှာ အစပိုင်းတွင် ပြောင်မြောက်အောင်မြင်ခဲ့သော်လည်း အဖျားရှူးခဲ့သည်ချည်း ဖြစ်၏။ သူ့အတွက် ထိုးစစ်ဆိုသည်မှာ အမြောက်၊ စက်သေနတ်၊ စိန်ပြောင်း စသည်တို့ အကူအညီဖြင့် ခြေလျင်တပ်က ရှေ့သို့တက်ပြီး "လူလူချင်း ရင်ဆိုင်တိုက်ပွဲတွင် ရန်သူကို အောင်နိုင်ခြင်းပင် ဖြစ်၏။" လှုပ်ရှားမှုအားလုံးသည် တိုက်ပွဲကို ဦးတည်နေရမည်။ ယန္တရားတပ်ဆင်မှုမှာ တိုက်ပွဲနေရာကို တပ်များ မြန်မြန်ရောက်စေရန်အတွက်သာ ဖြစ်၏။

လူဒင်ဒေါ့သည် စစ်သားတစ်ဦးအနေနှင့် လည်းကောင်း၊ သင့်မသင့် ကောင်းမကောင်း စဉ်းစားမိ၍လည်းကောင်း အခြားနည်းများဖြင့် စစ်ကို ကျယ်



ကျယ်ပြန့်ပြန့် တိုက်ခြင်းကို ကန့်ကွက်ခဲ့သည် မဟုတ်ချေ။ "အကြွင်းမဲ့ စစ်လိုအပ်ချက်များကြောင့် အကန့်အသတ်မရှိ ရေငုပ်သင်္ဘော စစ်ဆင်ရေးကို ဖျက်ပစ်ရမည်ဟု စာတွေ့သဘော အပေါ်စား ကန့်ကွက်ချက်များကို လျစ်လျူရှုရမည်သာ ဖြစ်၏။ အနာဂတ်တွင် လေယာဉ်သည် ရေငုပ်သင်္ဘောများနှင့်အတူ ရန်သူဆိပ်ကမ်းကိုသွားသည့် သင်္ဘောမှန်သမျှကို ဖျက်ဆီးနှစ်မြှုပ်ပစ်ရမည်သာ ဖြစ်၏။ "ကြားနေအလံ လွှင့်ထူသွားလာသော သင်္ဘောဖြစ်စေ" ရန်သူဆိပ်ကမ်း မရောက်မီ နှစ်မြှုပ်ပစ်ရမည်ဟု လူဒင်ဒေါ့က ရေးခဲ့၏။ အရပ်သူအရပ်သားများအား တိုက်ရိုက်တိုက်ခိုက်ရေးနှင့် ပတ်သက်၍လည်း သူက အထူးပြုပြောကြားခဲ့သည်မှာ "တစ်နေ့မှာ အရပ်သူ အရပ်သားတွေကို အသနားကြင်နာကင်းမဲ့စွာ တိုက်ဖို့ ဗုံးကြဲလေယာဉ်တပ်တွေ စေလွှတ်ကြရမယ့်အချိန် ရောက်လာမှာပဲ"။ သို့သော် လူဒင်ဒေါ့အတွက် ကြည်းကြောင်းကသာ အဓိကဖြစ်ရကား လေတပ်သည် ပထမရန်သူတပ်တော် ချေမှုန်းရေးကို အကူအညီပေးရမည်၊ နောက်ကျမှ ရန်သူနိုင်ငံအတွင်းပိုင်းကို တိုက်ခိုက်ရန် စေလွှတ်ရမည်ဟု ဆို၏။

လက်နက်ပစ္စည်း အသစ်အဆန်းများကို ကြိုဆိုသော်လည်း ယင်းတို့ကို အင်္ဂမဟာဗျူဟာတွင် ထည့်သွင်းတွက်ချက်သည်ထက် သူ၏ လက်နက်တိုက်တွင်သာ လူဒင်ဒေါ့က ထည့်သွင်းထားလို၏။ စစ်၏ အထူးထူးသော လက်နက်ယန္တရား ပစ္စည်းများ အပြန်အလှန် အကျိုးပြုပုံကို နားလည်ပုံလည်း မရ။ ပီပီပြင်ပြင် ရေးသားထုတ်ဖော်ခဲ့ခြင်းလည်း မရှိချေ။ သူဆိုလိုသည်ကို အတိုချုပ်ဖော်ပြရသော် "တပ်ကို များနိုင်သလောက် များအောင်လုပ်၊ တစ်နေရာကိုတော့ ရောက်မှာ အမှန်ပဲ" ဟူ၍ ဖြစ်၏။ ဘယ်ကိုရောက်မည်ဆိုသည်ကို လူဒင်ဒေါ့သည် ဂရုလည်းမစိုက်၊ မှုလည်းမမှုချေ။ သူ အသေအချာသိသည်မှာကား "စစ်သေနာပတိသည် နိုင်ငံရေးခေါင်းဆောင်များအတွက် ညွှန်ကြားချက်များ ချမှတ်ပေး၍ နိုင်ငံရေးခေါင်းဆောင်များက စစ်နိုင်ရေးအတွက် ယင်းတို့ကို လိုက်နာလုပ်ဆောင်ကြရမည်" ဟူ၍ ဖြစ်သတည်း။ တစ်နည်းဆိုရသော် နိုင်ငံ၏ ပစ္စည်းပစ္စယအားလုံးကိုရော အနာဂတ်စည်ပင်ဝပြောရေးအတွက်ပါ စစ်ခေါင်းဆောင်ကြိုက်သလို အသုံးပြုနိုင်ရန် လိုသလောက် ထုတ်ယူသုံးစွဲနိုင်သည့် ဗလာချက်လက်မှတ်ကို တစ်နိုင်ငံလုံး ပေါ်လစီကို ကိုင်ထားရသည့် နိုင်ငံရေးခေါင်းဆောင်များက စစ်ခေါင်းဆောင်အား ရေးပေးထားရမည်ဟူလို။

လူမျိုး၊ နိုင်ငံတော်၊ ဂျာမန်လူမျိုးများက ကမ္ဘာကို စိုးမိုးရန် အခွင့်အရေးရှိသည် စသောအချက်များနှင့် ပတ်သက်၍ လူဒင်ဒေါ့နှင့် ဟစ်တလာတို့သည် များစွာ တူညီကြသော်လည်း သဘောထားချင်း မတူညီကြသည့် အချက်များစွာ

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ အထူးသဖြင့် နည်းလမ်းနှင့်ပတ်သက်၍ ထိုနှစ်ဦးမှာ များစွာခြားနားကြ လေသည်။

လူဒင်ဒေါ့က (မဖြစ်နိုင်သည့်အချက် ဖြစ်သော) မဟာဗျူဟာက ပေါ်လစီကို ထိန်းသိမ်းကွပ်ကဲရမည်ဟု ဆို၏။ လက်နက်ကိရိယာက သူ ဘာလုပ်မည်ကို သူ့ဟာသူ ဆုံးဖြတ်ရမည်ဟု ဆိုသကဲ့သို့ ရှိ၏။ ဟစ်တလာက ယင်းပြဿနာကို ဖြေရှင်းရာတွင် သူတစ်ဦးတည်းက အလုပ်နှစ်မျိုးစလုံး ပူးတွဲလုပ်၏။ ပေါ်လစီကို သူကိုယ်တိုင်က ကိုင်ထား၍ မဟာဗျူဟာကိုပါ ဟစ်တလာက ကျင့်သုံး၏။ ထို့ကြောင့် ဟစ်တလာသည် ရှေးခေတ်က အက်လီဇန်ဒါး၊ ဆီဇာတို့ကဲ့သို့လည်းကောင်း၊ နောက်ပိုင်းတွင် ဖရက်ဒရစ် ဘုရင်ကြီးနှင့် နပိုလီယံတို့ကဲ့သို့လည်းကောင်း အကျိုးထူးများ ခံစားခဲ့ရ၏။ မည်သည့် မဟာဗျူဟာသမား သက်သက်မျှ မရခဲ့သည့် အကန့်အသတ်မရှိ အခွင့်အရေးကို ဟစ်တလာ ရခဲ့လေသည်။ သူလိုချင်သည့် ရည်မှန်းချက်ကိုရအောင် နည်းလမ်း၊ လက်နက်ကို သူ့စိတ်ကြိုက် ပြုစုပျိုးထောင်နိုင်ခဲ့၏။ တစ်ချိန်တည်းမှာပင် စစ်၏ ရည်မှန်းချက်များကို ရအောင် လုပ်ရာ၌ စစ်တိုက်ဖြေရှင်းနည်းမှာ နည်းတစ်နည်းသာ ဖြစ်သည်ကိုလည်း ဟစ်တလာက စောစောပိုင်းကပင် ကောင်းစွာ သိရှိနားလည်ခဲ့လေသည်။ ယင်းအချက်ကို စစ်သားများသည် (စစ်သားအလုပ်လုပ်နေရ၍ပင်) အသိအမှတ် မပြုလိုကြချေ။ စစ်တိုက်သည့်နည်းမှာ မဟာဗျူဟာက အသုံးပြုနိုင်သော နည်းများစွာအနက် နည်းတစ်နည်းသာ ဖြစ်ပေ၏။

နိုင်ငံတစ်နိုင်ငံ စစ်တိုက်သည်ဆိုလျှင် အကြောင်းများစွာ ရှိမည်ပင်ဖြစ်၏။ သို့သော် ထိုနိုင်ငံ၏အခြေခံရည်မှန်းချက်မှာမူ သူတို့ပေါ်လစီကို ဆက်လက်ကျင့်သုံးနိုင်ရန် ဖြစ်သည်ဟု အတိုချုံး၍ ပြောနိုင်မည် ဖြစ်ပေသည်။ ရန်သူနိုင်ငံကလည်း ဆန့်ကျင်ဘက် ပေါ်လစီကို လိုက်နာလုပ်ဆောင်ရန် သန္နိဋ္ဌာန် ချထားပြီး ဖြစ်ပေ၏။ ပဋိပက္ခမှု၏ အကြောင်းရင်းနှင့် ရေသောက်မြစ်ကို လူတို့ဆန္ဒတွင် တွေ့ရှိနိုင်မည် ဖြစ်ပေသည်။ နိုင်ငံတစ်ခုအနေနှင့် စစ်ရည်မှန်းချက် ပြည့်ဝနိုင်စေရန် ရန်သူနိုင်ငံ၏ (မိမိနှင့် ဆန့်ကျင်နေသော) ဆန္ဒသည် မိမိပေါ်လစီနှင့် ကိုက်ညီလာမှ ဖြစ်နိုင်ပေ၏။ ယင်းကို ရရှိအောင်မြင်လျှင် (ကလောစဝစ်၏ တပည့်များက အရေးအကြီးဆုံးဟု ဆိုကြသည်) "ရန်သူ အဓိကတပ်များကို စစ်မြေပြင်၌ ချေမှုန်းရေး"တည်းဟူသော စစ်ရေးမူသည် အင်္ဂမဟာဗျူဟာ၏ အခြားနည်းလမ်းများနှင့်အတူ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ဖြစ်သွားပေမည်။ အခြားနည်းလမ်းများတွင် သွယ်ဝိုက်လုပ်ဆောင်သော စစ်ရေးနည်းများ၊ စီးပွားရေးဖိအားပေးမှု၊ ဝါဒဖြန့်ခြင်းနှင့် သံတမန်နည်းများ ပါဝင်ပေသည်။



အခြေအနေအရ ထိရောက်မှုရှိမည်မဟုတ်သော နည်းလမ်းတစ်ခုတည်းကို အလွန်အမင်း အားကိုးသုံးစွဲမည့်အစား အသင့်တော်ဆုံး၊ အနက်ရှိုင်းဆုံး၊ မိမိအင်အားနှင့် ကြိုးပမ်းမှု၊ ချွေတာရာ အကျဆုံးနည်းလမ်းများကို စုပေါင်းအသုံးပြုသည်မှာ ပို၍ လိမ္မာပါးနပ်ရာ ကျပေ၏။ ရန်သူစိတ်အားကို ချိုးနှိမ်ရာ၌ မိမိအတွက် ပေးဆပ်ရမည့်တန်ဖိုး အနည်းဆုံးဖြစ်၍ စစ်အပြီး နာလန်ထ ဖွံ့ဖြိုးမှု အလားအလာ အကောင်းဆုံးနည်း ဖြစ်ရန်လို၏။ နိုင်ငံတစ်ခုသည် စစ်နိုင်လာသော်လည်း စစ်ပြီးသည့်အခါ မိမိအနေနှင့် ဖြုံခါပြာခါကျနေပြီဆိုလျှင် မိမိနိုင်လိုက်ရသော အဆုံးအဖြတ် အပေးနိုင်ဆုံး အောင်ပွဲသည်လည်း တန်ဖိုးရှိတော့မည်မဟုတ်ချေ။

**ရန်သူအစိုးရ စစ်ပြုရေးအင်အားတွင် ပျော့ကွက်၊ အင်အားအနည်းဆုံးနေရာ[1] ကို သိရှိအောင်လုပ်ပြီး ထိုးနှက်နိုင်ရေးသည် အင်္ဂမဟာဗျူဟာ ရည်မှန်းချက်ဖြစ်သင့်၏။ မဟာဗျူဟာအနေနှင့်မူ ရန်သူတပ်များ ဆုံရာနေရာကို ရှာဖွေထိုးဖောက်နိုင်ရမည်။** ရန်သူအားကောင်းရာကို တိုက်ခြင်းဖြင့် မိမိရသည့်အကျိုးနှင့် မကာမိအောင် မိမိအားနည်းသွားတတ်၏။ မိမိအများဆုံး အကျိုးရှိစေရန် ရန်သူ အားအနည်းဆုံးနေရာကို တိုက်နိုင်ရမည်။

ဤနည်းအားဖြင့် ရန်သူကိုအကြိတ်အနယ်တိုက်၍ ချေမှုန်းနိုင်ရန် ကြိုးပမ်းခြင်းထက် ရန်သူ လက်နက်မဲ့ဖြစ်စေရန် လုပ်ဆောင်ခြင်းသည် ပို၍ ထက်မြက်သည့်အပြင် ပို၍ မိမိအားကို ခြိုးခြံချွေတာရာ ကျ၏။ အကြောင်းမူကား "တိုက်ခိုက်ချေမှုန်းသည့်နည်း"သည် အန္တရာယ်ရှိလောက်အောင် မိမိအင်အားနည်းသွားစေနိုင်သည့်အပြင် မတော်တဆ အဖြစ်အပျက်များကြောင့် အရှုံးအနိုင် အဆုံးအဖြတ် ပေးနိုင်သည့် လမ်းပိုများ၏။ မဟာဗျူဟာသမားသည် ရန်သူမလှုပ်နိုင်မရှားနိုင် ဆုတ်ဆိုင်းသွားအောင်[2] ရည်မှန်းရမည်။ သတ်ဖြတ်ရေးကို မရည်ရွယ်သင့်ပေ။ အောက်တစ်ဆင့်နိမ့်သည့် စစ်တိုက်ခိုက်ရေး၌ပင်လျှင် ရန်သူတစ်ယောက်သေဆုံးလျှင် လူတစ်ယောက် လျော့သွားရုံသာရှိမည်။ တုန်လှုပ်ချောက်ချားသွားသူ တစ်ဦးမှာကား အခြားသူများအား တုန်လှုပ်ချောက်ချားသွားမှု ကူးစက်သွားစေနိုင်ပြီး လူအများ အဖတ်ဆည်မရအောင် အလန့်တကြား ဖြစ်သွားစေနိုင်၏။ အဆင့်မြင့်သည့် စစ်ဘက်ရေးရာတွင်မူကား ရန်သူတပ်မှူး တုန်လှုပ်ချောက်ချားသွားအောင် လုပ်နိုင်လျှင် သူ့တပ်အားလုံး၏ စစ်ပြုနိုင်ရေး အင်အားအားလုံးကို အချည်းနှီး ဖြစ်စေနိုင်၏။ ပို၍အဆင့်မြင့်သည့်အပိုင်းကို ကြည့်လျှင် နိုင်ငံတစ်ခု၏

---

၁။ Archilles' Heel

၂။ Paralysing

www.burmeseclassic.com

www.burmeseclassic.com



အစိုးရ စိတ်ဓာတ်ရေးရာအရ ဖိအားပေးနိုင်လျှင် ယင်းနိုင်ငံ၏ စစ်ပြုရေးအင်အား အားလုံးကို အချည်းနှီးဖြစ်စေ၍ မလှုပ်နိုင် မရှားနိုင်ဖြစ်နေသူလက်မှ ဓားသည် လွှတ်ကျသွားမည် ဖြစ်၏။

ပထမဆုံးအခန်းမှ သော့ချက်အဆိုကို ပြန်၍တင်ပြရသော် စစ်ကို ဆန်းစစ်ကြည့်ခြင်းဖြင့် အောက်ပါကောက်ချက်ကို တွေ့ရှိရပေ၏။ တိုင်းပြည်တစ်ခု၏ အင်အားသည် အပြင်ပန်းအားဖြင့် အရေအတွက် သယံဇာတပစ္စည်းများအပေါ် တည်နေသည်ဖြစ်သော်လည်း ယင်းတို့အား ကြွက်သား မာဆယ်တို့နှင့် ဥပမာနှိုင်းနိုင်ပြီး ယင်းတို့ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုတိုင်းပြည်၏ အုပ်ချုပ်ရေး ယန္တရားတည်းဟူသော အတွင်းကလီစာတို့နှင့် အသက်သွေးကြောပေါ် တည်နေပေ၏။ အခြေခံအားဖြင့် ကွက်ကဲမှု၊ စိတ်ဓာတ်နှင့် ထောက်ပံ့မှု၊ တည်ငြိမ်ခြင်းအပေါ် တည်နေပေ၏။

တိုက်ရိုက်ဖိအားပေးမှုသည် ရန်သူခုခံမှုကို ပိုမိုခိုင်မာမြဲမြံလာစေလေ့ ရှိ၏။ နှင်းများကို နှင်းဘောလုံးလုပ်သည့် ဥပမာနှင့် တူ၏။ ပို၍ မာကျောကျစ်လျစ်သွားလေ အရည်ပျော်ခဲလေ ဖြစ်သေလည်။

ပေါ်လစီနှင့် မဟာဗျူဟာတွင်လည်း အလားတူပင်ဖြစ်၏။ တစ်နည်းဆိုရသော် **သံတမန် မဟာဗျူဟာနှင့် စစ်ရေးမဟာဗျူဟာ နှစ်မျိုးစလုံးတွင်ပင် ရန်သူစိတ်ဓာတ် ရုပ်ပစ္စည်း အခြေပျက်သွားစေ၍ သူ့အား အလဲထိုးနိုင်ရန် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းသည် အထိရောက်ဆုံးနည်း ဖြစ်ပေ၏။**

**မဟာဗျူဟာ၏ အဓိကရည်ရွယ်ချက်မှာ ရန်သူခုခံမှုအင်အား လျော့နည်းသွားစေရန် ဖြစ်၏။** ယင်းမှ အဆိုတစ်ရပ် ထုတ်ယူနိုင်သေး၏။ **ရည်မှန်းချက်တစ်ခု သေချာပေါက် ရရှိစေရန် အခြားရည်မှန်းချက်များလည်း ရှိသင့်၏။** နေရာတစ်ခုကို ဦးတည် ထိုးစစ်ဆင်တိုက်ခိုက်လျှင် မိမိထိုးစစ်သည် အခြားနေရာတစ်ခုကိုလည်း ခြိမ်းခြောက်နေ၍ ယင်းနေရာကိုပါ ပြောင်းလဲထိုးစစ်ဆင်နိုင်စွမ်း ရှိရမည် ဖြစ်၏။ ဤကဲ့သို့ ရည်မှန်းချက် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု[၁] ရှိမှသာလျှင် မဟာဗျူဟာသည် စစ်၏ မရေရာမှုများနှင့် လိုက်လျောညီထွေ ရှိပေမည်။

စစ်ဗိုလ်စစ်သား အနည်းငယ်သာ သိရှိသည့် ဤမဟာဗျူဟာ အမှန်တရားများကို ဟစ်တလာသည် ပင်ကိုအသိအနေဖြင့်လည်းကောင်း၊ လေ့လာတွေးခေါ်ခြင်းဖြင့်လည်းကောင်း နက်နဲစွာသိရှိခဲ့လေသည်။ ဂျာမနီပြည်တွင်း အာဏာရအောင် လုပ်ဆောင်သည့် နိုင်ငံရေးတိုက်ပွဲများ၌ ဟစ်တလာသည် အဆိုပါစိတ်ဓာတ်ရေးရာ မဟာဗျူဟာကို အသုံးချခဲ့လေသည်။ ဝိုင်မာ သမ္မတနိုင်ငံ[၁]၏ အားနည်းချက်များကို အမြတ်ထုတ်ခြင်းဖြင့်လည်းကောင်း၊ လူတို့၏ ပျော့ညံ့အားနည်းချက်များကို အသုံးချ၍လည်းကောင်း၊ အရင်းရှင်နှင့် ဆိုရှယ်လစ်တို့အား တိုက်ပေးပြီး တစ်ခါတွင် တစ်ဖက်ကို တိုက်သယောင်ပြုပြီး သွယ်ဝိုက်ချဉ်းကပ်နည်းကို အမျိုးမျိုး အသုံးချ၍ မိမိလိုရာနိုင်ငံရေးသို့ ရောက်အောင် ဟစ်တလာက လုပ်ဆောင်ခဲ့လေသည်။

၁၉၃၃ ခုနှစ်တွင် ဂျာမနီ၌ အာဏာရပြီးသောအခါ မိမိအသုံးပြုခဲ့သော နည်းမျိုးစုံ သွယ်ဝိုက်မဟာဗျူဟာကို ပိုမိုတိုးချဲ့ အသုံးပြုခဲ့ပြန်၏။ မိမိအရှေ့ဘက်တောင်ပံကို လုံခြုံစေရန် နောက်နှစ်၌ ပိုလန်နှင့် ၁၀ နှစ် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုပြီးနောက် ဗားဆိုင်းစာချုပ်ဖြင့် ဂျာမနီအား လက်နက်ထုတ်လုပ်မှု ချုပ်ချယ်ထားချက်များကို ၁၉၃၅ ခုနှစ်တွင် ဆုတ်ဖြဲပစ်ခဲ့၏။ ၁၉၃၆ ခုနှစ်တွင် ရိုင်းလင်း[၂]ကို ဂျာမန်စစ်တပ်ဖြင့် ပြန်လည်သိမ်းပိုက်ခဲ့လေသည်။ ယင်းခြေလှမ်းကို တကယ့်စွန့်စားလုပ်ဆောင်ခဲ့ရခြင်းဖြစ်၏။ ထိုနှစ်ထဲတွင်မှာပင် အီတလီနှင့်အတူ ပရိယာယ်ကြွယ်ဝစွာ "ပုံဖျက်စစ်ပွဲ"[၃]တွင် စတင် ပါဝင်တိုက်ခိုက်ခဲ့၏။ ဗိုလ်ချုပ်ကြီးဖရန်ကိုက စပိန်သမ္မတအစိုးရအား ဖြုတ်ချရန် ကြိုးစားရာ၌ ဂျာမနီနှင့် အီတလီက ဖရန်ကိုအား တိတ်တဆိတ် ကူညီခဲ့ကြခြင်း ဖြစ်လေသည်။ ယင်းခြေလှမ်းမှာ ပြင်သစ်နှင့် ဗြိတိသျှတို့၏ မဟာဗျူဟာနောက်ပိုင်းကို သွယ်ဝိုက်ချဉ်းကပ်ခြင်းပင် ဖြစ်၏။ အဂ္ဂမဟာဗျူဟာအရ လမ်းလွှဲပေးလိုက်ခြင်းလည်း ဖြစ်၏။

ဤကဲ့သို့ အနောက်ဘက်တွင် ဗြိတိသျှပြင်သစ်တို့အား အင်အားနည်းစေသည့်အပြင် ရိုင်းလင်းမှာပါ ခံကတုတ်များ၊ ခံစစ်ကြောင်းများဆောက်၍ ဂျာမနီအား လုံခြုံအောင် ပြုပြီးနောက် ဟစ်တလာသည် အရှေ့ဘက်သို့ အာရုံပြုခဲ့၏။ အရှေ့ဘက်တွင် လုပ်ဆောင်ခဲ့သည်တို့မှာလည်း အနောက်နိုင်ငံများ၏ မဟာဗျူဟာ အုတ်မြစ်များကို တူးဖြိုသော သွယ်ဝိုက်ချဉ်းကပ် ထိုးနှက်ချက်များပင် ဖြစ်လေသည်။

၁၉၃၈ ခုနှစ် မတ်လတွင် ဂျာမန်တပ်များသည် သြစတြီးယားပြည်အတွင်း ဝင်ရောက်ခဲ့၏။ ယင်းသို့ပြုလုပ်ခြင်းဖြင့် ချက်ကိုစလိုဗေးကီးယားနိုင်ငံ၏ တောင်ပံ

---

၁။ Flexibility of Aim ဤအချက်ကို အသေအချာ လေ့လာသင့်ပါသည်။ သမားရိုးကျ စစ်ဥပဒေသကြီးများတွင် (မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတိုင်းလိုလိုမှာပင်) ရည်မှန်းချက်ကို ထိန်းသိမ်းထားမှု (Maintenance of Aim) မှာ အရေးကြီးလှသော စစ်ဥပဒေသကြီးတစ်ရပ် ဖြစ်၏။ (ဘာသာပြန်သူ)

၁။ Weimar Republic

၂။ Rhineland

၃။ Camouflaged War (စပိန်ပြည်တွင်းစစ်ကို ဆိုလိုသည်–ဘာသာပြန်သူ)



www.burmeseclassic.com

www.burmeseclassic.com



ကို ပွင့်သွားအောင် လုပ်လိုက်သည့်အပြင် ပထမကမ္ဘာစစ်ကြီးအပြီး ဂျာမနီကို ပြင်သစ်က ဝန်းရံပတ်ထားသော ခါးပတ်ကို ဖြုတ်ပစ်လိုက်ခြင်းလည်း ဖြစ်၏။ ၁၉၃၈ ခုနှစ် စက်တင်ဘာလတွင် မြူနစ်စာချုပ်အရ ဂျာမနီက ဆူဒီတန်နယ်မြေ[1] ကို ပြန်ရခဲ့သည့်အပြင် ချက်ကိုစလိုဗေးကီးယားအားလည်း မဟာဗျူဟာအရ မလှုပ်နိုင် မရှားနိုင်အောင် လုပ်ဆောင်နိုင်ခဲ့လေသည်။ ၁၉၃၉ ခုနှစ် မတ်လကျမှ ယင်းသို့ မလှုပ်နိုင် မရှားနိုင်အောင် လုပ်ထားပြီးဖြစ်သော နိုင်ငံကို ဟစ်တလာက သိမ်းပိုက်ခဲ့ခြင်းဖြင့် ပိုလန်၏တောင်ပံကို ဝန်းရံပြီး ဖြစ်သွားတော့၏။

ယင်းအောင်မြင်မှုအားလုံးမှာ သွေးထွက်သံယိုမှု လုံးဝမရှိဘဲ တစ်ဖက်လူ ယုံကြည်လောက်သည့် ဝါဒဖြန့် မီးခိုးမှိုင်းအောက်မှ ငြိမ်းချမ်းရေး ချီတက်သူများ[2]အား စေလွှတ်အောင်ပွဲခံခဲ့ခြင်းသာ ဖြစ်၏။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ပြင်သစ်က အလယ်ပိုင်း ဥရောပအား စိုးမိုးနေခြင်းနှင့် ဂျာမနီအား မဟာဗျူဟာ အရ ဝန်းရံထားခြင်းကို ချိုးဖျက်ပစ်လိုက်သည့်အပြင် ဂျာမနီအနေအထားမှာ အလွန်ပင် ကောင်းမွန်လာခဲ့လေသည်။ ယင်းလုပ်နည်းလုပ်ဟန်ကို လေ့လာလျှင် ရှေးခေတ်က တိုက်ပွဲမစမီ မိမိဘက်က အနေအထားကောင်းအောင် စစ်ကစား သည်နှင့် ဥပမာနှိုင်းနိုင်၏။ ဟစ်တလာ၏ ခြေလှမ်းများက ပိုမိုကျယ်ပြီး အဆင့် အတန်း ပိုမြင့်လေသည်။

အထက်ပါခြေလှမ်းများကို လှမ်းခဲ့သည့် အတောအတွင်း ဂျာမနီ၏ အင်အားသည် တစ်ချိန်လုံး တိုးတက်လျက်ရှိ၏။ မိမိလက်နက်များ တိုးတက် ထုတ်လုပ်ခြင်းဖြင့် တိုက်ရိုက်နည်းအားဖြင့် ဂျာမနီသည် အားကောင်းလာသည့် အပြင် ရန်သူဖြစ်လာနိုင်မည့် နိုင်ငံများ၏ မဟာမိတ်များကို တစ်နိုင်ငံပြီး တစ်နိုင်ငံ ဖြုတ်ချဝါးမြိုခဲ့ခြင်းဖြင့် လည်းကောင်း၊ ယင်းနိုင်ငံများ၏ မဟာဗျူဟာ အမြစ် များကို ဖြတ်တောက်ပစ်ခြင်းဖြင့်လည်းကောင်း သွယ်ဝိုက်သောနည်းဖြင့် ဂျာမနီ၏ အင်အားကို တိုးတက်စေခဲ့လေသည်။

ဤနည်းအားဖြင့် ၁၉၃၉ ခုနှစ် နွေဦးတွင် ဟစ်တလာသည် မိမိရန်သူ များနှင့် အတိအလင်း တိုက်ခိုက်ရသည့်တိုင် စိုးရိမ်ကြောက်ရွံ့ရန် အကြောင်း၊ အတော်နည်းနေပြီဖြစ်၏။ ဤကဲ့သို့ သေရေးရှင်ရေးတမျှ အရေးကြီးနေသည့် အချိန်တွင် ဗြိတိန်ခြေလှမ်းတစ်ချက် မှားသွားခဲ့၍ ဟစ်တလာအတွက် အထောက် အကူ ဖြစ်ခဲ့လေသည်။ ပိုလန်နှင့် ရူမေးနီးယားတို့မှာ မဟာဗျူဟာအရ အထီးကျန် ဖြစ်နေသည့်အချိန်တွင် ဗြိတိန်က စစ်ရေးအကူအညီ ပေးမည်ဖြစ်ကြောင်း အာမခံ

၁။ Sudetanland

၂။ Peace Marchers



ချက် ပေးခဲ့ခြင်းဖြစ်၏။ စင်စစ် ထိုနိုင်ငံများအား တကယ်တမ်း ထိထိရောက် ရောက် အကူအညီပေးနိုင်သည့်နိုင်ငံမှာ ရုရှသာ ဖြစ်သော်လည်း ဗြိတိန်သည် ရုရှနှင့် ညှိနှိုင်းခြင်းမရှိဘဲ ပိုလန်နှင့် ရူမေးနီးယားအား အာမခံချက်ပေးခဲ့ခြင်း ဖြစ်လေသည်။ ဟစ်တလာအာဏာရလာပြီး ဗြိတိန်သည် တစ်လျှောက်လုံး အလျှော့ ပေးရေး၊ နောက်ဆုတ်ပေးရေး လမ်းစဉ်ကို ကျင့်သုံးလာခဲ့ပြီးမှ ယင်းသို့ ဆင်ကန်း တောတိုး အာမခံချက်ပေးခြင်း ဖြစ်သဖြင့် မိုက်ရူးရဲအနိုင်ဆုံးခြေလှမ်းဟု ဆိုနိုင်၏။ မဟုတ်သည့်အချိန်တွင်မှ ရွေး၍ အာမခံချက်ပေးခြင်း ဖြစ်သောကြောင့် ဟစ်တလာ နှင့် ဂျာမနီအား ဆွပေးသကဲ့သို့ ဖြစ်နေမ၏။ ပိုလန် ရူမေးနီးယားတို့ အနေအထား အရ ဗြိတိန် ပြင်သစ်တပ်များ စစ်ကူမပို့နိုင်သော နေရာများဖြစ်သဖြင့် ကျူးကျော် လိုသူအတွက် ရှောင်၍မရနိုင်သော ဆွဲဆောင်မှုတစ်မျိုးဖြစ်လာ၏။ အနောက် နိုင်ငံများအတွက် ယခုအခါတွင် ဂျာမနီထက် အင်အားနည်းနေပြီဖြစ်သဖြင့် လုပ် ဆောင်နိုင်သော မဟာဗျူဟာတစ်ခုတည်းသာ ရှိတော့၏။ ယခု ယင်းမဟာဗျူဟာ ကို လုပ်ဆောင်နိုင်ရန် အလွန်အရေးကြီးသည့် အခြေခံကို ခြေဖျက်ပြီး ဖြစ်နေ တော့၏။ အကြောင်းမူကား မိမိအားသန်ရာ အနောက်စစ်မျက်နှာ၌ စုပေါင်း၍ ဟစ်တလာအား ရင်ဆိုင်ရမည့်အစား အားနည်းသည့် စစ်မျက်နှာကို ရန်သူအား လမ်းခင်းပေးမိလျက်သား ဖြစ်တော့၏။ ရန်သူက အလွယ်တကူ အောင်ပန်း ဆွတ်ခူးနိုင်အောင် လုပ်ပေးသည်နှင့် တူနေ၏။

ရှောင်ရှားနင်းရေးသားခဲ့သည့်အတိုင်း ဟစ်တလာသည် အမြဲတစေပင် အား နည်း၍ အထီးကျန်ဖြစ်နေသည့် နိုင်ငံငယ်များအား ရွေးချယ်၍ အငိုက်ဖမ်း တိုက်ခိုက်ရန် စီမံခဲ့၏။ တိုက်ခိုက်မှု အဓိကတာဝန်လုပ်ငန်းမျိုးကို ရန်သူက ထမ်းရွက်စေ၏။ မဟာမိတ် စစ်ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များထက် ဂျာမနီက ပို၍ ခေတ်သစ်စစ်ပွဲ၏ ခံစစ်အာနိသင် ထက်မြက်ပုံကို သိရှိလေးစား ခဲ့လေသည်၊ ယခု ဟစ်တလာအတွက် အခွင့်ကောင်း တွေ့ပြန်ပြီ။ ယခုကဲ့သို့ အခြေအနေမျိုးတွင် ရုရှနှင့် ချက်ချင်း သဘောတူနားလည်မှုစာချုပ်တစ်ရပ် ချုပ် ဆို၍ ရုရှက ကြားနေအောင် လုပ်ထားရမည်ဖြစ်ကြောင်းကို ဟစ်တလာ လိုက်နာ လုပ်ဆောင်ခဲ့သော မဟာဗျူဟာမှုများက ညွှန်ပြခဲ့လေသည်။ ယင်းအောင်မြင်သည် နှင့် ဟစ်တလာသည် ထွန်ခြေရရထိုင်နေနိုင်ပြီ ဖြစ်လေသည်။ မိမိတို့ပေးခဲ့သော အာမခံချက်အရ မဟာမိတ်များက စစ်ရေးအကူအညီပေးရမည်ဆိုပါက ၎င်းတို့ အတွက် အကျိုးများနိုင်သည့် အာနိသင်ထက်မြက်သော ခံစစ်ကို အလိုလိုစွန့်လွှတ် ပြီးသား ဖြစ်သွားပြီး မိမိတို့အားအနည်းဆုံးအချိန်တွင် မဟာမိတ်များက ထိုးစစ် ကို ကျင့်သုံးရပေလိမ့်မည်။ ဆီးဖရိတ်ခံစစ်ကြောင်း (ဂျာမန်ခံစစ်ကြောင်း–ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွား)ကိုသာ လာတိုက်ကြပါက အရာထင်မည်မဟုတ်ဘဲ မဟာမိတ်များ သိက္ခာကျရုံသာရှိမည်။ ဆက်လက်တိုက်ခိုက်လျှင် မဟာမိတ်များသည် အကျအဆုံးများသည်ထက် များလာ၍ အင်အားနည်းသည်ထက် နည်းသွားပြီး ဟစ်တလာက အနောက်ကို ဦးစားပေးတိုက်လာသည့်အချိန်တွင် မဟာမိတ်များသည် ခုခံနိုင်စွမ်းအတော်နည်းနေမည်ဖြစ်၏။

ဟစ်တလာလိုချင်သည် အားလုံးကို မပေးရဘဲ မိမိတို့အနေနှင့် ယခုကဲ့သို့ ခက်ခဲလှသည့် အကျဉ်းအကျပ်ကြားမှ ရုန်းထွက်ရန် တစ်လမ်းသာရှိ၏။ ဂျာမနီအား စီးပွားရေးအရလည်းကောင်း၊ သံတမန်အရေးအရလည်းကောင်း သပိတ်မှောက်လိုက်၍ တစ်ချိန်တည်းတွင် အကျူးကျော်ခံရသော နိုင်ငံငယ်များအား လက်နက်ဖြင့် ထောက်ပံ့ပေးရန် ဖြစ်လေသည်။ မိမိဘက်က အခြေမလှစဉ် စစ်ကြေညာတိုက်ခိုက်သည်ထက် အထက်တွင်ဖော်ပြသော အကူအညီကို ပိုလန်အားပေးလျှင် အနောက်နိုင်ငံများသည် သိက္ခာမကျဘဲ ပိုလန်အတွက်လည်း အကျိုးရှိမည်ပင် ဖြစ်လေသည်။ တကယ်ဖြစ်ပျက်ခဲ့သည်ကို ပြန်လည်လေ့လာလျှင် ပြင်သစ်များက အသေအချာ ပြင်ဆင်ပြုလုပ်ခဲ့သည့် ထိုးစစ်သည် ဝါဒဖြန့်ကြေညာပေးခဲ့သည့်အကျိုးမှာ ထိုးစစ်မအောင်မြင်သည့်အခါ မဟာမိတ်များ ပို၍ပင် သိက္ခာကျဆင်းခဲ့ကြရ၏။ ပြင်သစ်ထိုးစစ် မအောင်မြင်၍ မဟာမိတ် သိက္ခာကျဆင်းရခြင်းကို ဂျာမန်တို့ ပိုလန်တွင် အမြန်ဆုံး အောင်ပန်းဆွတ်ခူးနိုင်ခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ ရရှိခဲ့သည့် အကျိုးတစ်ရပ်ကား ကြားနေနိုင်ငံများသည် ဂျာမနီကို ပို၍ကြောက်လာပြီး မဟာမိတ်များအပေါ် ပို၍ အယုံအကြည်ကင်းမဲ့လာကြ၏။ မဟာမိတ်များသည် ဟစ်တလာကို နောက်တစ်ထစ် လျှော့ချစေ့စပ်ခဲ့လျှင်ပင် ဤမျှ သိက္ခာကျဆင်းကြမည် မဟုတ်ချေ။

ဟစ်တလာ၏ အနောက်ခံစစ်ကြောင်းကို ဖောက်ထွင်းတိုက်၍ ပိုလန်ကို ကယ်တင်ပါမည်ဆိုသော မဟာမိတ်များက မည်သို့မျှ မတတ်နိုင်ရှိစဉ် ဟစ်တလာသည် မိမိစစ်ရေး အောင်နိုင်မှုများကို စုစည်းနိုင်၍ နိုင်ငံရေးအောင်ပွဲများကို အမြတ်ထုတ်နိုင်ခဲ့လေသည်။ ဗြိတိသျှနှင့် ပြင်သစ်တို့ အခြေယိုင်နေသည်မှာ ထင်ရှားနေပြီဖြစ်၍ သူတို့ စစ်ပန်းလာသည်အထိ ဟစ်တလာသည် မိမိ၏လုံခြုံနေပြီဖြစ်သော ခံစစ်ကို ဆက်လက်ထိန်းသိမ်းနိုင်မည် ဖြစ်လေသည်။ သို့သော် မဟာမိတ်နိုင်ငံရေးသမားကြီးများသည် မိမိတို့ ထိုးစစ် စီမံချက်များကို တကယ်လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် နည်းလမ်းမရှိသေးခင် ပါးစပ်နှင့် ထိုးစစ်ဆင်နွှဲကြကုန်၏။ ၎င်းတို့ရရှိသည့် အကျိုးမှာကား မိမိတို့ ရင်ဆိုင်ခြင်း မပြုနိုင်သည့် လုပ်ရပ်များကို ရန်သူက လုပ်ဆောင်ခဲ့ခြင်း ဖြစ်လေ၏။



မဟာမိတ်ခေါင်းဆောင်များက နှုတ်စစ်ထိုးခဲ့မှုကြောင့် ဟစ်တလာအား ဆွပေးသလို ဖြစ်သည့်အပြင် ဂျာမန်တို့က ထိုးစစ်စတင်ဆင်နွှဲရန် လမ်းဖော်ပေးသကဲ့သို့ ရှိတော့၏။ ပြင်သစ်နှင့် ဗြိတိန်ရှိ လူများစွာက ဂျာမနီနှင့်ကပ်လျက်ရှိသည့် ကြားနေနိုင်ငံများအနက် မည်သူက မဟာမိတ်များအား လမ်းဖွင့်ပေးမည်နည်းဟု မျှော်ကိုးစောင့်စားနေကြစဉ် ဟစ်တလာသည် ကြားနေနိုင်ငံ ၅ ခုအားဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြင့် မဟာမိတ်များ တောင်ပံကို ပန်းနိုင်ခဲ့လေသည်။ ကျူးကျော်သူအနေနှင့် ဘာမျှ နောက်ဆံတင်းမနေရဘဲ တိုက်နိုင်ခဲ့ခြင်းဖြစ်၏။

စစ်ကြီး စောစောပိုင်းများက ဟစ်တလာသည် နော်ဝေးနိုင်ငံ၏ ကြားနေရေးကို လေးစားပြီး ယင်းသို့ နော်ဝေးက ဆက်လက်ကြားနေစေလိုခဲ့သည်မှာ အမှန်ဖြစ်၏။ နော်ဝေးက ကြားနေခြင်းဖြင့် ဂျာမနီ၏ တောင်ပံတစ်ဖက် အကာအကွယ်ရှိနေသည့်အပြင် ဆွီဒင်မှ သံရိုင်းများကို နော်ဝေးဆိပ်ကမ်း နားဗစ်[၁]မှ ဂျာမနီသို့ သင်္ဘောများနှင့် ပို့ရာတွင်ပါ အကာအကွယ်သဘောမျိုး ရနေပေ၏။ မဟာမိတ်များက နော်ဝေးပိုင် ရေနက်ပိုင်းနှင့် ဆိပ်ကမ်းများကို အုပ်စိုးမိရန် ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို တွေ့လာရပြီး သူတို့အောင်မြင်ပါက ဂျာမနီ အခြေမလှဖြစ်မည်ကို ဟစ်တလာက သိရှိသဖြင့် မဟာမိတ်များထက် လက်ဦးအောင် နော်ဝေးကို ဂျာမနီက တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် နော်ဝေးကို တိုက်ခိုက်သိမ်းပိုက်ရန်မှာ ဟစ်တလာအတွက် အကြံသစ် ဉာဏ်သစ်တစ်ရပ် မဟုတ်ချေ။ စကင်ဒီနေဗီးယား ကျွန်းဆွယ်မှ အရေးကြီးသည့် ဆိပ်ကမ်းမြို့များကို ရေကြောင်းမှ အလစ်ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ကြောင်း၊ လေကြောင်းမှပါ ကူညီတိုက်ခိုက်ပေးရမည်ဖြစ်ကြောင်းကို ဟစ်တလာက ရောင်ရှနင်းနှင့် အခြား သူ့ရဲဘော်များအား ၁၉၃၄ ခုနှစ်ကတည်းက ပြောကြားခဲ့ဖူး၏။

ယင်းသို့ အလစ်ဝင်စီးနိုင်ရန် ဒေသခံပါတီဝင် ပြောက်ကျားများက လမ်းစဖော်ကြရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများက တိုက်ခိုက်သိမ်းပိုက်ခြင်း မပြုနိုင်အောင်၊ ယင်းသို့ ဂျာမနီက တိုက်ခိုက်ကာကွယ်ပေးရခြင်းဖြစ်ကြောင်း ဆင်ခြေပေးရမည် ဖြစ်လေသည်။ "ဒါဟာ အလွန်ရဲဝံ့ပြီး စိတ်ဝင်စားဖို့လဲ အလွန်ကောင်းတဲ့ လုပ်ဆောင်မှုဖြစ်ပြီး ကမ္ဘာ့သမိုင်းမှာ ဘယ်တုန်းကမှ မလုပ်ဖူးသေးတဲ့နည်းပဲ"ဟု 'စစ်အနုပညာဆရာကြီး'[၂] ဟစ်တလာက ပြောခဲ့၏။

---

၁။ Narvik

၂။ 'Artist' of War

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ ပြည့်နှစ် ဧပြီလတွင် ဂျာမန်တပ်များက ဟစ်တလာ၏ အကြံဉာဏ်ကို အကောင်အထည်ဖော်ခဲ့ကြလေသည်။ မျှော်လင့်ခဲ့သလောက်ပင် အောင်မြင်မှုရခဲ့၏။ အရေးကြီးသည့် မဟာဗျူဟာမြောက် နေရာများကို ရှု၍ အချို့နေရာတို့တွင် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည်ဟု မျှော်မှန်းထားသော်လည်း နေရာအားလုံးတွင် ဂျာမန်များက အောင်မြင်ခဲ့၏။ နားဗစ်အထိ ရဲဝံ့စွာ လက်ချောင်းများကို ဖြန့်ထုတ်သလို တိုက်ခိုက်ခဲ့သော်လည်း ဂျာမနီက အောင်မြင်ခဲ့သည်သာ ဖြစ်လေသည်။

ဟစ်တလာက ဤကဲ့သို့ လွယ်ကူစွာ အောင်မြင်ခဲ့ပြီး မဟာမိတ်များ၏ နော်ဝေးကမ်းတက်တိုက်ခိုက်ရေး အစီအစဉ်မှာ အလွယ်တကူ ကျဆုံးခဲ့ပြီဖြစ်သဖြင့် ဟစ်တလာအား ပို၍ကြီးကျယ်သည့် နောက်ခြေလှမ်းကိုလှမ်းရန် အားပေးသလို ဖြစ်ခဲ့လေသည်။ ယင်းခြေလှမ်းအတွက်လည်း သူသည် ကြိုတင်စီမံချက်ချမှတ်ပြီးဖြစ်၏။

စစ်ကြီးတစ်ခုတွင် ဝင်ရောက်တိုက်နိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာလျှင် ဟစ်တလာအနေနှင့် အနောက်ပိုင်းတွင် ခံစစ်ဆင်နွှဲပြီး မဟာမိတ်များက စတင်တိုက်ခိုက်လာအောင် စောင့်နေ၍ စကင်ဒီနေးဗီးယားနှင့် မြေနိမ့်ပိုင်းနိုင်ငံ[1] များအား ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ဂျာမနီ၏ မဟာဗျူဟာအနေအထားကို ပိုကောင်းအောင်လုပ်မည်ဖြစ်ကြောင်းကို စစ်မဖြစ်မီ တော်တော်စောစောကတည်းက ဟစ်တလာပြောကြားခဲ့ဖူး၏။ ပြီးမှ မဟာမိတ်များအား ငြိမ်းချမ်းရေး ကမ်းလှမ်းမည်။ "သူတို့က ငြိမ်းချမ်းရေး လက်မခံချင်ရင် ငါ့ကို တိုက်ကြည့်ကြပေါ့။ ဘာပဲဖြစ်ဖြစ် စတိုက်တဲ့ဝန်ထုပ်ဝန်ပိုးကို သူတို့ကို အထမ်းခိုင်းရမယ်"ဟု ဟစ်တလာက ပြောခဲ့လေသည်။

သို့သော် ယခုအခြေအနေများသည် တစ်မျိုးဖြစ်နေလေသည်။ ဟစ်တလာက ပိုလန်ကိုအောင်နိုင်ပြီး ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ရာ မဟာမိတ်များက ပယ်ချခဲ့ပြီးဖြစ်၏။ ယင်းသို့ ပယ်ချခဲ့သောကြောင့် ပြင်သစ်ရန်အေးသွားရန် ယင်းနိုင်ငံအား ဆောင်းဦးတွင် တိုက်ခိုက်နိုင်ရန် သူ့တပ်တော်များကို အနောက်စစ်မျက်နှာသို့ ဟစ်တလာက ပို့ပေးခဲ့လေသည်။ ဂျာမန်ဗိုလ်ချုပ်များက ဂျာမနီသည် ပြင်သစ်နှင့် ဗြိတိသျှတပ်များကို အောင်နိုင်ရန် အင်အားမရှိဟု တွက်ခဲ့ကြသည့်အပြင် ရာသီဥတုကြောင့် ဟစ်တလာက သူ၏ပြင်သစ်ထိုးစစ်ကို ရွှေ့ဆိုင်းခဲ့ရ၏။

ယင်းသို့ စောင့်ဆိုင်းနေရသည်ကို ဟစ်တလာက စိတ်မရှည်ချေ။ နော်ဝေးတိုက်ပွဲစဉ်တွင်လည်း ဂျာမန်ဗိုလ်ချုပ်များက တားဆီးသတိပေးသည့်ကြားက

၁။ Low Countries ဟော်လန် ဘယ်(လ)ဂျီယံကို ဆိုလိုသည်။ (ဘာသာပြန်သူ)



ဂျာမနီက ဝင်ရောက်တိုက်ခိုက် အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းအောင်ပွဲများ ရပြီးနောက် ဟစ်တလာအား ထိန်းထားရန် မလွယ်တော့ချေ။

လွန်ခဲ့သည့် နှစ်များစွာကပင် ယင်းသို့ ထိုးစစ်ပြုလုပ်ရန် အလားအလာ ဖြစ်ပေါ်လာနိုင်သည်ကို ဆွေးနွေးကြစဉ် ဟစ်တလာက အောက်ပါအတိုင်း ပြောခဲ့ဖူး၏။ "တို့စစ်သားတစ်ယောက်မျှ မဆုံးရှုံးစေဘဲနဲ့ ပြင်သစ်တွေ မက်ဂျီနော့ခံတပ်က ထွက်လာအောင် ငါ စစ်ကစားပြမယ်"။ အနည်းငယ် ကားပြောသည်ကား မှန်၏။ သို့သော် ၁၉၄၀ ပြည့်နှစ် မေလတွင် ဂျာမန်တို့ ဆုံးရှုံးခဲ့သည်မှာ သူတို့အောင်မြင်ခဲ့သည်နှင့် ယှဉ်ကြည့်လျှင် မပြောပလောက်သဖြင့် ဟစ်တလာ ပြောခဲ့သည့်အတိုင်း ဖြစ်ခဲ့သည်ဟု ပြောနိုင်၏။

မူလ ဂျာမန်ထိုးစစ်စီမံချက်တွင် ညာတောင်ပံရှိ ဘော့[1]၏ တပ်တော်စုက အဓိက ထိုးစစ်ဆင်နွှဲကြရမည် ဖြစ်လေသည်။ သို့သော် ၁၉၄၀ ပြည့်နှစ် စောစောပိုင်းတွင် ယင်းစီမံချက်ကို အကြီးအကျယ် အပြောင်းအလဲ ပြုလုပ်ခဲ့ရ၏။ ရမ်စတက်[2]၏ တပ်တော်စုဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဖွန်မင်းရှတိုင်း[3]၏ တင်ပြမှုကြောင့် အဓိက ထိုးစစ်ဆင်နွှဲရမည့် တပ်များကို ပြောင်းလဲခဲ့ကြလေသည်။ အာဒင်းသစ်တောမှ အဓိက ထိုးစစ်ဆင်နွှဲလျှင် ရန်သူတို့က မမျှော်လင့်ဆုံးနေရာ ဖြစ်သောကြောင့် အောင်နိုင်ရန် လမ်းပိုများကြောင်း မင်းရှတိုင်းက ဟစ်တလာအား တင်ပြခဲ့လေသည်။

အနောက်ပိုင်း တိုက်ပွဲစဉ်၏ အထူးခြားဆုံးအချက်မှာကား ဂျာမန်တို့က ခေတ်မီလက်နက်များ ပိုကောင်းပါလျက် ဂျာမန်စစ်ဦးစီးအဖွဲ့သည် တိုက်ရိုက်ချဉ်းကပ်နည်းကို တမင်ရှောင်ရှားခဲ့ပြီး ဆက်တိုက် သွယ်ဝိုက်ချဉ်းကပ်နည်းကို ပြုလုပ်ခဲ့ခြင်းပင် ဖြစ်လေသည်။ ဂျာမန်တို့သည် မက်ဂျီနော့ခံတပ်ကို ထိုးဖောက်တိုက်ခိုက်ရန် မကြိုးပမ်းခဲ့ချေ။ တိုက်ရိုက်တိုက်ခိုက်မည့်အစား ကြားနေနိုင်ငံငယ်နှစ်ခုဖြစ်သည့် ဟော်လန်နှင့် ဘယ်ဂျီယံတို့အား တိုက်ခိုက်ခဲ့၏။ ယင်းမှာ 'မြူခေါ်သည့် ထိုးစစ်'[4] ဖြစ်ပြီး မဟာမိတ်များအား မိမိတို့ခံစစ်များမှ ထွက်လာစေ၍ ဘယ်ဂျီယံနယ်ခြားသို့ မြူခေါ်ခဲ့လေသည်။ မဟာမိတ်တပ်များ ဘယ်ဂျီယံပြည်ထဲသို့ နက်ရှိုင်းစွာ ဝင်ရောက်ကြပြီးသောအခါ (ယင်းသို့ ဝင်ရောက်နိုင်ရန် ဂျာမန်လေတပ်က အနှောင့်အယှက် မပေးခဲ့ချေ။) ဂျာမန်တို့က နောက်မှနေ၍ ပြင်သစ်တို့၏ အကာအကွယ်ကင်းမဲ့နေသော တပ်များဆုံသည့်နေရာကို တိုက်ခိုက်လေသည်။

၁။ Bock
၂။ Rundstedt
၃။ General von Manstein
၄။ Baited offensive

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့တိုက်သော ဂျာမန်တပ်များမှာ ထိုးစစ်တွင် ပါဝင်သော တပ်အားလုံး၏ သေးငယ်သော အစိတ်အပိုင်းလေးမျှသာ ဖြစ်၏။ သို့သော် ၎င်းတို့မှာ သံချပ်ကာ တပ်မများဖြစ်ချေသည်။ လျင်မြန်စွာ အောင်ပွဲဆင်နိုင်ရန် လူအုပ်ကို အားမကိုးဘဲ ယန္တရားတပ်များကို အားကိုးရမည်ကို ဂျာမန်စစ်ဌာနချုပ်က နားလည်ခဲ့လေသည်။ သို့စဉ်လျက် ယင်းမြားဦးတပ်များသည် သေးငယ်လွန်းသည့်အတွက် အောင်ပန်းဆွတ်ခူးနိုင်မည်ဟု ဂျာမန်ဗိုလ်ချုပ်များက မယုံကြည်ကြချေ။ ဂျာမန်တို့ အောင်ပွဲခံနိုင်ခဲ့ခြင်း၏ အဓိကအကြောင်းရင်းမှာ ပြင်သစ်များ မိုက်ရူးရဲနိုင်လွန်းသောကြောင့် သို့မဟုတ် အန္တရာယ်ဖြစ်လောက်အောင် သမားရိုးကျနိုင်လွန်းသောကြောင့် ဖြစ်၏။

ပြင်သစ်တို့က ၎င်းတို့ ဘယ်တောင်ပံတစ်ခုလုံးလိုလိုအား ဘယ်ဂျီယံနိုင်ငံအတွင်း ထိုးစစ်ဆင်ရန် စုစည်းခဲ့ပြီး အာဒင်းသစ်တောနှင့် မျက်နှာချင်းဆိုင် ၎င်း၏တပ်များ ဆုံရာနေရာတွင်မူ ဒုတိယတန်းစား တပ်မအနည်းငယ်ကို ချန်ထားခဲ့ပေ၏။ ယင်းနေရာမှာ တောတောင်ထူထပ်လွန်း၍ ယန္တရားတပ်များ ချီးကပ်ခြင်းမပြုနိုင်ဟု ပြင်သစ်များက ယူဆထားကြလေသည်။ အငိုက်ဖမ်းမှုကို အစွမ်းကုန် အမြတ်ထုတ်အသုံးချရန် ဆုံးဖြတ်ထားသော ဂျာမန်များမှာမူကား မကြာခဏ လူတို့တွေ့ကြုံခဲ့ဖူးသည့် သင်ခန်းစာကို ကောင်းစွာ နားလည်ခဲ့ကြပေ၏။ ယင်းသင်ခန်းစာမှာ **သဘာဝအခက်အခဲများသည် ခိုင်မာသည့် ခံစစ်ကြောင်းအတွင်းမှ ခုခံနေသည့် တပ်များလောက် ကျော်လွှားရန် ခက်ခဲခြင်းမရှိဟူသော အချက်ဖြစ်သတည်း။**

ဆီဒင်လွန်ပြီးနောက် ဂျာမန်တို့ လျင်မြန်စွာ ဖောက်ထွင်းတိုက်ခိုက်နိုင်ခြင်းမှာလည်း ဂျာမန်တပ်များသည် ပြောင်းလဲတိုက်နိုင်သည့် ရည်မှန်းချက်များအား ခြိမ်းခြောက်နိုင်ခြင်းကြောင့် ဖြစ်သည်ဆိုသော အချက်မှာလည်း ထင်ရှားလှပေသည်။ ဂျာမန်တပ်များသည် ဘာကိုရည်မှန်းတိုက်ခိုက်နေသည်ဆိုသည်ကို ပြင်သစ်များက မခန့်မှန်းနိုင်ခဲ့ချေ။ ပါရီကို ဦးတည်တိုက်ခိုက်နေသလော၊ ဘယ်ဂျီယံနိုင်ငံတွင်း ရောက်နေသော ၎င်းတို့တပ်များနောက်သို့ ဦးတည်နေသလောဆိုသည်ကို မဟာမိတ်တို့ မသိခဲ့ကြချေ။ ထို့နောက် ဂျာမန်သံချပ်ကာ တပ်မများ အနောက်ဘက်သို့ ရောက်လာသောအခါတွင်လည်း အမိန်း[၁]ကို ရည်မှန်းသလော၊ လီ(လ်)[၂]ကို ရည်မှန်းသလော တွက်ဆနိုင်ခြင်း မရှိခဲ့ချေ။ အတုကြီးကို တစ်ဖက်လှည့်ရောင်းလိုက်၊ နောက်တစ်ဖန် အခြားတစ်ဖက်လှည့်ရောင်းလိုက် ပြုလုပ်ခြင်းဖြင့်[၃] အနောက်ဘက်ပင်လယ်ကမ်းခြေသို့ ဂျာမန်များ ရောက်ခဲ့ကြခြင်း ဖြစ်၏။

၁။ Amiens

၂။ Lille

၃။ 'Selling the Dummy first One Way and then another



ဂျာမန်နည်းဗျူဟာသည်လည်း သူတို့မဟာဗျူဟာနှင့် လိုက်လျောညီထွေရှိခဲ့လေသည်။ ထိပ်တိုက်ရင်ဆိုင်တိုက်ရခြင်းများကို ရှောင်ရှားပြီး ခုခံမှုအနည်းဆုံးနေရများမှ ဖောက်ထွင်းတိုက်ခိုက်နိုင်ရန် ပျော့ကွက်ကိုသာရှာ၍ နှိုက်ခဲ့ကြ၏။ မဟာမိတ်ခေါင်းဆောင်ကြီးများသည် ခေတ်သစ်စစ်ပွဲကို နားလည်ခြင်းမရှိဘဲ ကျူးကျော်လာသည့်ရန်သူအား "အနားမပေးဘဲ ရက်ရက်စက်စက် တိုက်ခိုက်ရန်" မိမိတို့တပ်တော်များအား မိန့်ခွန်းချွေနေကြစဉ် ဂျာမန်တင့်ကား ဒီလှိုင်းများသည် မဟာမိတ်ခြေလျင်တပ်များကို ကျော်၍ လိမ့်တက်ခဲ့ကြကုန်၏။ အတားအဆီးများကို ကာကွယ်မနေကြရန် မဟာမိတ်တပ်များအား ညွှန်ကြားထားပါက ဂျာမန်ယန္တရားတပ်များအား တားဆီးထားနိုင်ကောင်း၏။ တန်ပြန်တိုက်ခိုက်ခြင်းများမှာလည်း လုံးဝ အရာမရောက်ခဲ့ချေ။

မဟာမိတ်တပ်မှူးများက တိုက်ပွဲတိုက်ရန်သာ အာရုံစောနေကြစဉ် ဂျာမန်တပ်မှူးများက သူတို့တင့်များ၊ ဂျွမ်းထိုးဗုံးကြဲလေယာဉ်များ၊ လေထီးစစ်သားများကို အသုံးပြု၍ ရန်သူဆက်သွယ်ရေး လမ်းကြောင်းများအား ဖျက်ဆီးဖြတ်တောက်ရှုပ်ထွေးသွားစေခြင်းဖြင့် တိုက်ပွဲမတိုက်ရဘဲ ရန်သူအား မဟာဗျူဟာမြောက် မလှုပ်နိုင်မရှားနိုင်အောင် လုပ်ဆောင်ခဲ့ကြကုန်၏။ စစ်သူကြီး အိုင်ယွန်ဆိုက်[၁]က ဂျာမန်တပ်မှူးများအား အထင်သေးခဲ့လေသည်။ ဂျာမန်တပ်မှူးများသည် ပြီးခဲ့သော စစ်အကြီးအတွင်းက ဗိုလ်ကြီးအဆင့်ထက် မည်သူမျှ ကြီးမြင့်ခြင်းမရှိခဲ့သဖြင့် အခက်အခဲတွေ့ကြမည်ဟု အိုင်ယွန်ဆိုက်ပြောခဲ့ခြင်းကို တကယ်ဖြစ်လာသော အဖြစ်အပျက်များက သရော်သလို ဖြစ်နေ၏။ ဂျာမန်ဗိုလ်ချုပ်ကြီးများသည် "အံ့ဩဖွယ် အသစ်အဆန်းများကို မမြင်ကြဘဲ မျက်စိစုံမှိတ်ထားကြသည်"ဟု လွန်ခဲ့သော ၈ နှစ်က ဟစ်တလာက ပြောဆိုခဲ့ဖူး၏။ သူတို့သည် "ကြိုတင်တွေးခေါ်နိုင်ခြင်းမရှိဘဲ"၊ "သူတို့သိသမျှ အတတ်ပညာနယ်အတွင်းမှာသာ နစ်မြုပ်နေကြ၏"ဟု ဟစ်တလာက ဆိုခဲ့၏။ နောက်ပေါက် ဂျာမန်စစ်ခေါင်းဆောင်များမှာမူကား စိတ်ကူးသစ် အကြံဉာဏ်သစ်များကို တကယ်နားလည်ကြောင်း၊ တကယ်အရည်အချင်းရှိကြသူများ ဖြစ်ကြောင်းကို သက်သေထူခဲ့ကြလေသည်။

သို့သော် ဂျာမန်တို့အောင်နိုင်ခဲ့ခြင်းမှာ လက်နက်အသစ်အဆန်းများ နည်းဗျူဟာ မဟာဗျူဟာတို့ကို စနစ်တကျသုံးစွဲနိုင်ခဲ့ကြခြင်းကြောင့်သာ မဟုတ်သေး။ ဟစ်တလာက စစ်ဆင်ရေးများတွင် သွယ်ဝိုက်ချဉ်းကပ်နည်းကို ပိုမိုကျယ်ပြန့်စွာ၊

၁။ Field Marshal Ironside. ဗြိတိသျှစစ်သူကြီး (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းစွာ အသုံးချခဲ့နိုင်သောကြောင့် ဤမျှတောက်လျှောက် အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဂျာမန်တပ်မတော်က ဗြိတိသျှတို့ တီထွင်ဖွံ့ဖြိုးအောင် လုပ်ခဲ့သည့် ယန္တရားစစ်ဆင်ရေးနည်းနာများကို အသုံးချခဲ့သဖြင့် အကျိုးအမြတ် ရရှိခဲ့သလို၊ ဟစ်တလာကလည်း ဘော်ရှီဗစ်တော်လှန်ရေး နိဿရည်းတို့ကို လေ့လာခဲ့ခြင်းဖြင့် အကျိုးအမြတ် ရခဲ့လေသည်။ ယင်းနည်းနှစ်မျိုးစလုံးမှာ (ဟစ်တလာ သိရှိသည်ဖြစ်စေ၊ မသိဘဲဖြစ်စေ) ဂျင်ဂစ်ခန်လက်ထက်က မွန်ဂိုစစ်ဆင်ရေးနည်းများကို အခြေခံခဲ့သည်ဟု ဆိုနိုင်၏။ တိုင်းပြည်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ခြင်းမပြုမီ ယင်းတိုင်းပြည်မှ ဩဇာအာဏာရှိသူအချို့ကို သူ့လူကိုယ့်ဘက်သားဖြစ်အောင် ဂျင်ဂစ်ခန်က လုပ်၏။ ထိုသူများက ရန်သူနိုင်ငံ ခုခံမှုအားနည်းအောင် လုပ်ပေး၏။ ရန်သူ ဒုက္ခရောက်အောင် ပြဿနာတွေ ဖော်ပေး၏။ နောက်ဆုံး မိမိအလိုကျ အစိုးရအဖွဲ့တွင် ထိုသူများအား ပါဝင်ဖွဲ့စည်းစေခဲ့၏။ လာဘ်ထိုးနေရန်မလို။ ကြီးမြင့်လိုသည့် လောဘဇောကို ဆွပေးရန်သာလို၏။ လူသည် အာဏာကို မက်၏။ ပါတီစိတ်ဓာတ်သည်လည်း ပြင်းထန်တတ်၏။ ယင်းတို့ကို အသုံးချခြင်းဖြင့် ဩဇာအာဏာရှိသူများအား ကိုယ့်လူဖြစ်အောင် လုပ်ယူ၏။ သူရွေးချယ်ထားသည့် အချိန်တွင် စစ်မဖြစ်သေးခင်မှာပင် မှန်တိုင်းတပ်သားအချို့ကို အပန်းဖြေခရီးသည်များအဖြစ်လည်းကောင်း၊ ကုန်သည်များအဖြစ်လည်းကောင်း ရန်သူနိုင်ငံအတွင်း စိမ့်ဝင်စေ၏။ အချိန်ကျရောက်လာသောအခါ ထိုသူများသည် ရန်သူ စစ်ဝတ်စုံကို ဝတ်ဆင်ကြ၏။ သူတို့တာဝန်ကား ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ခြင်း၊ မမှန်သတင်း ကောလာဟလဖြန့်ခြင်းတို့ပြင် ဖြစ်နိုင်ပါက ရန်သူခေါင်းဆောင်များကိုပါ ပြန်ပေးဆွဲရန်ဖြစ်၏။ ယင်းတပ်ဦးအား လိုအပ်သည့်အခါတွင် လေကြောင်းချီတပ်များနှင့် အင်အားဖြည့်ပေး၏။

ဟစ်တလာတိုက်ခဲ့သည့်စစ်တို့တွင် ရှေ့တည့်တည့် ချီတက်ခြင်းများမှာ ရန်သူကို လှည့်စားရန်သော်လည်းကောင်း၊ အရေးမပါသည့်အခန်းမှ ကပြရန်သော်လည်းကောင်းသာ ဖြစ်လေသည်။ အဓိကထိုးနှက်ခြင်းကို ရန်သူနောက်ပိုင်းမှသာ တစ်နည်းမဟုတ်တစ်နည်းနှင့် လုပ်ဆောင်ခဲ့၏။ သမားရိုးကျ စစ်သားတစ်ဦးအတွက် သင်ပုန်းကြီးဟုဆိုနိုင်သည့် အခြေခံပညာရပ်များ ဖြစ်သော လုံ့ဖွပ်တက်ထိုးခြင်းနှင့် တိုက်ပွဲဆင်ခြင်းတို့ကို ဟစ်တလာက အလွန်ရှုတ်ချခဲ့လေသည်။ သူ့စစ်ဆင်နည်းမှာ အသွားနှစ်ခု¹ နှင့် စတင်ရန်ဖြစ်၏။ ရန်သူအား စိတ်ဓာတ်ပျက်သွားစေပြီး ဖရိုဖရဲဖြစ်အောင် လုပ်ရန်ဖြစ်ပေသည်။ စစ်ကို ဉာဏ်ဖြင့်ကစား

၁။ Double D. Demoralization & Disorganization

www.burmeseclassic.com



ပြီး အနိုင်ယူရန်ဖြစ်၏။ လက်နက်အစား စကားလုံးများကို သုံးမည်။ ကျည်ဆန်အစား ဝါဒဖြန့်နည်းကိုသုံးမည်။ ယခင်စစ်ကြီးအတွင်းက မိမိခြေလျင်တပ်ချီတက်ခြင်းမပြုမီ ရန်သူခံစစ်ကြောင်းများကို မိမိအမြောက်တပ်က ကြိုတင်ပစ်ခတ်ဖြိုခွင်းပေးရသလို အနာဂတ်တွင် ရန်သူစိတ်ဓာတ်ကျအောင် လေလှိုင်းမှ ပစ်ခတ်ပေးခြင်း ပြုကြလိမ့်မည်။ ကျည်ဆန်လည်း အမျိုးမျိုး ရွေးချယ်အသုံးပြုကြလိမ့်မည်။ အထူးသဖြင့် တော်လှန်ရေး ဝါဒဖြန့်မှုကို သုံးကြလိမ့်မည်။ "စစ်သင်ခန်းစာ အမြောက်အမြား ရှိသော်လည်း ဗိုလ်ချုပ်တွေဟာ အလယ်ခေတ် နိုက်သူရဲကောင်းကြီးတွေလို တိုက်ချင်ကြတယ်။ အလယ်ခေတ်က နိုက်သူရဲကောင်းအချင်းချင်း စီးချင်းထိုးသလို စစ်တိုက်ရမယ်လို့ သူတို့က ထင်နေကြတယ်။ ငါကတော့ နိုက်သူရဲကောင်းတွေ အလိုမရှိဘူး။ ငါလိုတာက တော်လှန်ရေးတွေပဲ"ဟု ဟစ်တလာက ပြောခဲ့၏။

သူ၏ရည်မှန်းချက်မှာ ရန်သူလက်မြှောက်အရှုံးပေးစေရန် ဖြစ်လေသည်။ ရန်သူ၏ ခုခံလိုစိတ်ကို ရိုက်ချိုးပစ်နိုင်လျှင် သတ်ဖြတ်ခြင်းမှာ အပိုသက်သက်ဖြစ်၏။ ထို့ပြင် သတ်ဖြတ်ခြင်းဆိုသည်မှာ မိမိရည်မှန်းချက် အောင်မြင်ရရှိရေးအတွက် တန်ဖိုးကြီးလှပြီး ပုံပျက်သောနည်းသာဖြစ်၏။ ရန်သူနိုင်ငံ ကိုယ်တွင်းသို့ ပိုးမွှားထိုးထည့်ပေးနိုင်ပြီး သူ့စိတ်ဓာတ်ရောဂါရအောင် လုပ်နိုင်လျှင် ယင်းမှာ ပို၍ ထိရောက်သောနည်းဖြစ်လေသည်။

ယင်းမှာ စိတ်ဓာတ်လက်နက်များ စွဲကိုင်တိုက်သည့် ဟစ်တလာ၏ စစ်သဘောတရား ဖြစ်၏။ သူ့ကို ခုခံတားဆီးရန် ကြံသူသည် သူ့စစ်သဘောတရားကို သိအောင်လုပ်သင့်၏။ စစ်ရေးစစ်ရာတွင် ယင်းနည်းကို အသုံးပြုခဲ့၍ ထိရောက်မှုရှိသည်ကို သက်သေထူခဲ့ပြီးဖြစ်၏။ ရန်သူအသားကို ထုချေခြင်းထက် သူ၏ စစ်သွေးကြောကို ရပ်ဆိုင်းသွားအောင် လုပ်ခြင်းက ပို၍ခရီးရောက်ပြီး ပို၍ အင်အားခြိုးခြံရာကျ၏။ နိုင်ငံရေးနယ်ပယ်တွင် ယင်းနည်းထက်မြက်ပုံကိုလည်း သက်သေထူပြီးဖြစ်၏။ သို့သော် အကျိုးတရားတွင်သာ သက်သေထူခဲ့ပြီး ပါဝင်သည်တို့ကိုကား စမ်းသပ်သက်သေထူနိုင်ခြင်း မရှိသေးချေ။ တပ်အသစ်အဆန်းများနှင့် တိုက်နည်းခိုက်နည်း နည်းဗျူဟာအသစ်များကို ဂျာမန်တို့က အသုံးပြုခဲ့၍ မဟာမိတ်များ မလှုပ်နိုင်မရှားနိုင် ဖြစ်သွားရသည်မှာ အမှန်ဖြစ်၏။ ယင်းတို့မပါဘဲ ရန်သူစိတ်ဓာတ်ကျသွားအောင် လုပ်နိုင် မလုပ်နိုင်ဆိုသည်မှာမူ ဖြေရမလွယ်သော ပုစ္ဆာသာ ဖြစ်ချေ၏။ ပြင်သစ်တိုက်ပွဲစဉ်မှာပင်လျှင် ဂျာမန်တို့က နည်းနာပိုင်းတွင် သာလွန်ကောင်းမွန်ခြင်းကြောင့် အောင်ပန်းဆွတ်ခူးနိုင်မည်မှာ သေချာ၏။ ပြင်သစ်တို့ စိတ်ဓာတ်ကျ မကျ၊ ယုယွင်း ခဲယိုယွင်းမှာ ပြဿနာမဟုတ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အင်အားတွင်သော် လည်းကောင်း၊ နည်းလမ်းတွင်သော် လည်းကောင်း တစ်ဖက်က သာလွန်ပါက အခြားတစ်ဖက်ကို ချေမှုန်းနိုင်မည်ဖြစ်၏။ သို့သော် အတွေးအခေါ်များကိုမူကား ချေမှုန်းနိုင်ခြင်းမရှိချေ။ ကိုင်တွယ်မရသောကြောင့် တိုက်ခိုက်ချေမှုန်းရ လွယ်ကူသည်မဟုတ်ချေ။ စိတ်ဓာတ်ရေးအရ စိမ့်ဝင်ထိုးဖောက်ရန်သာရှိ၏။ စိတ်ဓာတ်ကို ချိုးနှိမ်ရမလွယ်ကြောင်းကို အင်အားကို ယုံကြည်သူ အမြောက်အမြား တွေ့ရှိကြရပြီး ဖြစ်လေသည်။ သူတို့အားလုံးသည် စိတ်ကူး ထက်မြက်ပုံကို ဟစ်တလာကဲ့သို့ မသိကြဟု ဆိုနိုင်၏။ သို့သော် မိမိအာဏာ စက် ပျံ့နှံ့လာသည်နှင့်အမျှ အောင်နိုင်ပြီးနေရာများတွင် အင်အားကို တဖြည်းဖြည်း ပို၍ အားကိုးလာရခြင်းက ဟစ်တလာသည် မိမိစွမ်းပကားကို ပို၍တွက်ချက်ခဲ့ကြောင်း၊ သူ့အနေနှင့် သူလိုချင်သည်တို့ကို သူ့စိတ်ကူးနှင့် စေစားနိုင်သည့် နိုင်ငံရေးနည်းနိသရည်းတို့ကို ပို၍တွက်ချက်ခဲ့ကြောင်း ထင်ရှားပေသည်။ အကြောင်းမူကား အတွေ့အကြုံ အမှန်တရားအပေါ် အခြေမခံသည့် စိတ်ကူးတို့တွင် စေ့ဆော်အား တိုပြီး တန်ပြန်ခတ်မှုအား ကောင်းတတ်၏။

ဟစ်တလာသည် ထိုးစစ်မဟာဗျူဟာကို တစ်နည်းတစ်လမ်း ဖွံ့ဖြိုး တိုးတက်စေခဲ့၏။ ထို့ပြင် သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သူ အားလုံးတို့ထက် ဟစ်တလာသည် အဂ္ဂမဟာဗျူဟာ ပထမအဆင့်ကို ပိုမို နားလည်ခဲ့လေသည်။ ယင်းမှာ ရန်သူ၏စိတ်ဓာတ်ကို တိုက်ခိုက်ရာတွင် အသုံးဝင်သည့် လက်နက်အားလုံးနှင့် တကွ စစ်သဘောအပြုအမူအားလုံးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ခြင်းနှင့် ယင်းတို့ အားလုံးကို စုပေါင်းကွပ်ကဲ ပေါင်းစပ်ပေးခြင်းပင် ဖြစ်လေသည်။ သို့သော် နပိုလီယံကဲ့သို့ပင် ဟစ်တလာသည် အထက်တန်း အဂ္ဂမဟာဗျူဟာကို ပိုင်ပိုင် နိုင်နိုင် နားလည်ခြင်းမရှိခဲ့ချေ။ **အထက်တန်း အဂ္ဂမဟာဗျူဟာဟူသည်ကား စစ်ပြုရာတွင် အမြင်ကျယ်ကျယ်နှင့် စစ်ပြီးသောအခါ မည်ကဲ့သို့ ငြိမ်းချမ်းရေး မျိုးကို လိုချင်သည်ဆိုသည်ကိုပါ ထည့်သွင်းတွက်ချက်ရန်ဖြစ်၏။** ယင်းသို့ ပြုလုပ်နိုင်ရန် မဟာဗျူဟာသမားဖြစ်ရုံနှင့် မပြီးသေး။ ထိုသူသည် ခေါင်းဆောင် နှင့် ဒဿနိကဆရာ ဖြစ်ရန်လို၏။ မဟာဗျူဟာဆိုသည်မှာ လှည့်စားခြင်းအတတ် ပညာနှင့် အများဆုံးပတ်သက်နေသဖြင့် စိတ်ထားကောင်းမွန်ဖြောင့်မှန်မှုနှင့် ဆန့် ကျင်ဘက်သဘောရှိ၏။ အဂ္ဂမဟာဗျူဟာမှာကား စိတ်ထားကောင်းမွန်ဖြောင့်မှန် မှုနှင့် တစ်ထပ်တည်း တစ်သားတည်းဟု ဆိုနိုင်၏။ မိမိလုပ်ဆောင်သမျှတွင် အဆုံးစွန်ရည်မှန်းချက်ကို မျက်ခြည်မပြတ် ကြည့်နေရမည် ဖြစ်လေသည်။

မိမိတို့တိုက်လျှင် ဘာမှမခံနိုင်ဆိုသည်ကို ပြသချင်လွန်း အားကြီးသဖြင့် ဂျာမန်တို့သည် မိမိတို့၏ မဟာဗျူဟာ၊ စီးပွားရေးနှင့် အရေးကြီးဆုံးဖြစ်သည့်



စိတ်ဓာတ်ရေးရာ ခံစစ်အားလုံးတွင် ကျိုးပေါက်ခဲ့ရ၏။ မိမိတို့ ဂျာမန်တပ်များ ဥရောပတစ်ခွင်ကို အောင်နိုင်ခဲ့ရာတွင် ငြိမ်းချမ်းရေးကို မရရှိဘဲ ဆင်းရဲဒုက္ခ အပေါင်းကိုသာ ပျံ့နှံ့စေခဲ့၏။ သို့ဖြင့် မလိုမုန်းတီးမှုပိုးများကို ဖြန့်ဖြူးပေးခဲ့ပြီး ၎င်းတို့မှ ဂျာမန်များအား ဆန့်ကျင်တွန်းလှန်လိုသည့် စိတ်ဓာတ်တို့ ပေါက်ဖွား လာခဲ့ပေသည်။ မိမိတို့အောင်နိုင်သည့် နယ်ပယ်များမှ လူထုနှင့် ထိတွေ့ရသည့် ဂျာမန်တပ်များကိုပါ အဆိုပါစိတ်ဓာတ်တို့ ကူးစက်ပြီး တော်လှန်လိုသည့် စိတ်ဓာတ်များ ရင့်သန်လာခဲ့ပေ၏။ ဂျာမန်တပ်သားတို့တွင် ယင်းစိတ်ဓာတ်တို့ ကူးစက်လာမှုကြောင့် ဟစ်တလာ ယခင်က ပြုစုပျိုးထောင်ပေးခဲ့သည့် စစ်စိတ် စစ်သွေးများ ပျော့ညံ့လာပြီး အိမ်ပြန်လိုစိတ်သာ ထက်သန်လာခဲ့ကြလေသည်။ ကြာရှည်စွာ သူများနိုင်ငံတွင် စစ်မှုထမ်းလာခဲ့ကြရ၍ ငြီးငွေ့နေသူများသည် ယိုနိုင်ငံမှ မိတ်ဆွေအပေါင်းအသင်း မရှိမှုကြောင့် ပို၍ အနေရကျပ်လာကြ၍ စစ်ကိုပါ ငြီးငွေ့လာပြီး ဆန့်ကျင်ဘက်စိတ်ကူးများပါ ကူးစက်ပြန့်ပွားလာခဲ့လေ သည်။

မိမိတို့စစ်ကို ချဲ့ထွင်ခဲ့ခြင်းဖြင့် ဟစ်တလာသည် မိမိ၏ ကျန်နေသေးသော ရန်သူ (ဗြိတိသျှကို ဆိုလိုသည်–ဘာသာပြန်သူ) အား အခွင့်သာအောင် လုပ်ဆောင် ပေးခဲ့လေသည်။ ဗြိတိန်ကသာ အဂ္ဂမဟာဗျူဟာကို ပီပီပြင်ပြင် နားလည်သိမြင်ခဲ့ ပါက အခွင့်အလမ်းသည် တိုးတက်ဖြစ်ပေါ်နေမည်သာ ဖြစ်၏။ ဟစ်တလာသည် ငြိမ်းချမ်းရေးကို ရရှိနိုင်ရန် လုံးဝအောင်ပွဲခံနိုင်မှ ဖြစ်နိုင်မည်ဖြစ်၏။ ဗြိတိန်ကို မအောင်နိုင်မှသာလျှင် လုံးဝအောင်ပွဲခံနိုင်မည် ဖြစ်လေသည်။ ထို့ကြောင့် ဟစ်တလာ က နယ်ပယ် ပို၍တိုးချဲ့လေ အုပ်ချုပ်ရမည့် လူပိုများလာပြီး ပြဿနာပိုလေ ဖြစ်ခဲ့ရ၏။ ရှေ့တစ်လှမ်းတိုးတိုင်း အမှားလုပ်မိရန် လမ်းပိုများလာ၏။ ဗြိတိန်၏ ပြဿနာမှာ လုပ်ရခက်ခဲသော်လည်း ရှင်းလင်းပါ၏။ ဟစ်တလာအနေနှင့် နပို လီယံကဲ့သို့ပင် ပြင်မရသည့် အမှားမျိုး ကျူးလွန်မိသည်အထိ တောင့်ခံထားရန် ဖြစ်လေသည်။ ဗြိတိန်အတွက် ကံကောင်းသည်မှာ ဟစ်တလာက ထိုအမှားမျိုး ကို မကြာမီပင် ကျူးလွန်ခဲ့လေ၏။ ဗြိတိန်အနေနှင့် ခြေကုန်လက်ပန်းမကျမီ ဟစ်တလာ ခြေလှမ်းမှားခဲ့၍သာ တော်တော့၏။ ဟစ်တလာသည် ထိုးစစ်မဟာ ဗျူဟာကို ကျွမ်းကျင်ပိုင်နိုင်သလောက် ခံစစ်မဟာဗျူဟာကို နားလည်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့်ပင်လျှင် သူ၏အမှားမှာ ပြင်မရသည့်အမှားမျိုး ဖြစ်ခဲ့ရ၏။ နပိုလီယံကဲ့သို့ပင် စောစောပိုင်းက အကြီးအကျယ် အောင်ပွဲခံနိုင်ခဲ့ခြင်းကြောင့် ပြဿနာအားလုံးကို ထိုးစစ်ဖြင့် ဖြေရှင်းနိုင်မည်ဟု ဟစ်တလာက ယုံကြည်လာ ခဲ့ချေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

# ဟစ်တလာ၏ ဆက်တိုက်အောင်ပွဲများ

၁၉၃၉ ခုနှစ်တွင် ဂျာမန်တို့က ပိုလန်ကို အောင်နိုင်ခဲ့ခြင်းနှင့် ၁၉၄၀ ခုနှစ် အနောက်ဥရောပကို လွှမ်းမိုးနိုင်ခဲ့ခြင်းတို့မှာ လျင်မြန်မှုသည့်နှုန်းနှင့် တိုက်ခိုက်သည့် ယန္တရားစစ်ဆင်ရေး အစွမ်းထက်မြက်ပုံကို ပီပီပြင်ပြင် ပြသသည့် စစ်သမိုင်းမှတ်တိုင်များ ဖြစ်ပေသည်။ ယန္တရားစစ်ဆင်ရေးသဘောတရားကို ဗြိတိန်တွင် စတင်ခဲ့သည်ဖြစ်သော်လည်း ဂျာမနီတွင် ယင်းသဘောတရားကို လက်ခံကျင့်သုံးခဲ့ကြလေသည်။ အထူးသဖြင့် ပန်ဇာတပ်များကို စတင်ပြုစုပျိုးထောင်ခဲ့သူ ဗိုလ်ချုပ်ကြီး ဂူဒယ်ရီယန်၏ စွမ်းဆောင်မှုကြောင့် ယင်းသဘောတရားကို ဂျာမနီက လက်ခံကျင့်သုံးခဲ့ခြင်း ဖြစ်၏။ လုပ်သက်ရင့် ဂျာမန်ဗိုလ်ချုပ်များက နည်းသစ်ကို သတိဖြင့် သုံးသပ်ပြီး သံချပ်ကာ ရှေ့တန်းတင်လိုသူများ လိုလားသလောက် နည်းသစ် တိုးတက်ဖွံ့ဖြိုးလာအောင် ခွင့်မပြုခဲ့သော်လည်း သူတို့ခွင့်ပြုသလောက်ကို အကျိုးရှိအောင် လုပ်ဆောင်အသုံးပြုခဲ့သောကြောင့် ဂျာမန်တို့သည် အံ့သြလောက်အောင် လျင်မြန်စွာ အောင်ပွဲများ ခံနိုင်ခဲ့ပေ၏။ နည်းသစ်သည် စစ်ပညာကို တော်လှန်လိုက်သည်သာမက ကမ္ဘာ့သမိုင်း အစဉ်ကိုပါ ပြုပြင်ပြောင်းလဲစေခဲ့ပေသည်။ ဟစ်တလာ၏ စောစောပိုင်း အောင်မြင်မှုများကြောင့် အနောက်ဥရောပ အနေအထားနှင့် အမြင်တို့အပေါ် အကျိုးသက်ရောက်မှုသည် ကြီးကျယ်လှပေ၏။ နောက်ဆုံး ဟစ်တလာကျဆုံးသည့်တိုင် ယင်းအကျိုးသက်ရောက်မှုများကို ပြုပြင်နိုင်စွမ်းမရှိခဲ့ချေ။ ထို့ပြင် ဟစ်တလာကို အနိုင်တိုက်နိုင်ရန် အမေရိကန်အနေနှင့်



အားကြိုးမာန်တက် ကြိုးပမ်းခဲ့ရမှုကြောင့် ကမ္ဘာ့အင်အား ချိန်ခွင်လျှာသည် အနောက်နိုင်ငံများဘက်တွင် အလေးသာခဲ့ပေ၏။ ယုရေရှားတိုက်တွင် ရုရှား တန်ခိုးထွားလာခြင်းမှာလည်း ထိတ်လန့်ဖွယ် သမိုင်းကဏ္ဍတစ်ရပ် ဖြစ်ပေ၏။

စစ်ပညာတစ်ရပ်လုံးနှင့် ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုပါ နှစ်ခုစလုံး တော်လှန်ပြောင်းလဲစေခဲ့သည့် တိုက်ပွဲစဉ်များသည် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာအတွက်လည်း ထူးခြားသည့် သာဓကများ ဖြစ်ပေ၏။ ကမ္ဘာ့အင်အား ချိန်ခွင်လျှာ ပြောင်းလဲစေခဲ့သည့် ကိစ္စတွင် (အထူးသဖြင့် အနောက်စစ်မျက်နှာ တိုက်ပွဲစဉ်များကို လေ့လာခြင်းဖြင့် သိရှိရသည်ကား) **မဟာဗျူဟာကို အသုံးမချဘဲ ယန္တရားတပ်များသည် မိမိတို့ဘာသာ အောင်နိုင်ရန် ခဲယဉ်းသည်ဟူသော အချက်ဖြစ်ပေ၏။ သို့သော် အကျိုးတရားမှာ အပြန်အလှန်သာ ဖြစ်ပေ၏။ ယန္တရားတပ်များ၏ လျင်မြန်စွာ စစ်ကစားနိုင်မှု၊ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုများကြောင့် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာမှာ အလားအလာ ပို၍ကောင်းလာခဲ့ပေသည်။**

ပိုလန်အတွက် ကံဆိုးမိုးမှောင် ကျခဲ့ပေ၏။ နည်းသစ်နှင့် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာကို ဂျာမန်တို့က တွဲ၍သုံးစွဲရာတွင် ပိုလန်သည် အကောင်းဆုံး သရုပ်ပြကွင်း ဖြစ်လာခဲ့ပေသည်။ ပိုလန် ဂျာမန် နယ်ခြားမှာ မိုင် ၁၂၅၀ ရှည်လျားပြီး ဂျာမနီက ချက်ကိုစလိုဗေးကီးယားအား သိမ်းပိုက်ပြီးသောအခါ နယ်ခြားသည် နောက်ထပ် မိုင် ၆၀၀ ရှည်ခဲ့ပြန်၏။ ထို့ကြောင့် ပိုလန်၏ တောင်ဘက်ခြမ်းသည် ရန်သူဝင်ရောက်တိုက်ခိုက်ရန် ပွင့်နေပြီး မြောက်ပိုင်းမှ အရှေ့ပရပ်ရှားနှင့် မျက်နှာချင်းဆိုင်နေရာတွင်လည်း ရန်သူဝင်ရောက်ရန် လွယ်ကူလှပေသည်။ ထို့ကြောင့် ပိုလန်အနောက်ပိုင်း နယ်မြေတစ်ခုလုံးသည် ဂျာမနီ၏ ခံတွင်းသို့ ဝင်ရောက်နေသည့် အငှူစွန်းကြီးသဖွယ် ဖြစ်နေ၏။

ပိုလန်တပ်များ နေရာချထားပုံကြောင့် ပိုလန်အတွက် ပို၍ အန္တရာယ်ကြီးမားခဲ့လေသည်။ သူတို့တပ် အများစုကို အငှူစွန်းအတွင်း ရှေ့ပိုင်းနေရာများတွင် နေရာချထားခဲ့ကြ၏။ ဗစ်ကြူလာမြစ် အနောက်ဘက်တွင်ရှိသော ပိုလန်၏ အဓိက စက်မှုလက်မှု နယ်မြေကို ကာကွယ်လိုသောဆန္ဒနှင့် အမျိုးသားစိတ်ပြင်းထန်ပြီး စစ်ရေးအရ ကိုယ့်ကိုယ်ကို အလွန်ယုံကြည်ထားမှုကြောင့် ဤကဲ့သို့ မိမိတို့တပ် အများစုကို ရှေ့ပိုင်းတွင် နေရာချထားခဲ့ကြခြင်း ဖြစ်လေသည်။

ငြိမ်းချမ်းချိန်တွင် ပိုလန်တပ်မတော်အင်အားမှာ ပြင်သစ်တပ်မတော်နှင့်နီးရှိ၍ ဂျာမန်တို့ထက် များစွာ အင်အားနည်းခြင်း မရှိချေ။ ခြေလျင်တပ်မ ၃၀ နှင့် မြင်းတပ်မဟာ ၁၂ ခု ရှိ၏။ သို့သော် ပိုလန်၏ လူအင်အားကို အပြည့်အဝ

www.burmeseclassic.com

www.burmeseclassic.com



သုံးနိုင်လောက်အောင် ပိုလန်သည် စက်မှုလက်မှု ထွန်းကားခြင်းမရှိချေ။ မိမိ၏ လက်ရှိ စစ်မှုထမ်းနေသော တပ်များကိုပင် ပစ္စည်းလက်နက် လုံလုံလောက်လောက် တပ်ဆင်ပေးနိုင်ခြင်း မရှိချေ။ ထို့ကြောင့် စစ်စည်းရုံးသည့်အခါတွင် ပိုလန်သည် လက်ရှိအင်အားထက် သုံးပုံတစ်ပုံသာ တပ်မများ ပို၍ ဖွဲ့စည်းနိုင်မည်ဖြစ်၏။ ဂျာမနီအနေနှင့်မူ (သံချပ်ကာနှင့် မော်တော်ယာဉ်တပ်များမှ လွဲ၍) မိမိ မူလ အင်အားထက် နှစ်ဆမျှ တပ်မများ ဖွဲ့စည်းနိုင်၏။ ပိုလန်တွင် ယန္တရားတပ်များ၊ မော်တော်ယာဉ်တင်တပ်များ လုံးဝမရှိသလောက် ဖြစ်သဖြင့် ယင်းတပ်များကို စစ်စည်းရုံးသည့်အခါ ဂျာမနီက တိုးချဲ့ဖွဲ့စည်းခြင်း မရှိနိုင်စေကာမူ (ပိုလန်နှင့် ယှဉ်လိုက်ပါက) မထောင်းတာလှချေ။

ယင်းအချက်မှာ အလွန်အရေးကြီး၏။ အကြောင်းမူကား ပိုလန်လွင်ပြင်များသည် လျင်မြန်စွာစစ်ကစားနိုင်သည့် ဝင်ရောက်ကျူးကျော်သူအတွက် ကောင်းမွန်သည့် မြေအနေအထားပင် ဖြစ်သောကြောင့် ဖြစ်လေသည်။ ပိုလန်မြေအနေအထားမှာ ကောင်းသည်ဆိုစေကာမူ ပြင်သစ်ပြည်လောက် လှုပ်ရှားတပ်ဖွဲ့များအတွက် ကောင်းသည်မဟုတ်ချေ။ ပိုလန်တွင် လမ်းများနည်းပါးပြီး လမ်းမဟုတ်သည့် နေရာများစွာတွင် ထူထပ်သောသဲများကို တွေ့ရတတ်၏။ အချို့နေရာများတွင် သစ်တောများ၊ ရေကန်များလည်းရှိ၏။ သို့သော် ယင်းအချက်တို့ ဆိုးကျိုးအနည်းဆုံးဖြစ်သည့်အချိန်ကို ရွေး၍ ဂျာမန်တို့က ထိုးစစ်ဆင်ခဲ့ခြင်း ဖြစ်လေသည်။

ပိုလန်မှာ ဂျာမန်တို့၏ ဝိုင်းပတ်ခြင်း ခံနေရသဖြင့် ဂျာမန်တပ်တို့က သွယ်ဝိုက်ချဉ်းကပ်နည်းကို ကျင့်သုံးရန် ဖိတ်ခေါ်နေသကဲ့သို့ ရှိ၏။ ယင်းနည်းကို အသုံးပြုရန်လည်း အလွန်လွယ်ကူ၏။ သို့သော် ဂျာမန်တပ်များ လုပ်ပုံကိုင်ပုံ စနစ်ကျန ပညာပါသဖြင့် ရသည့်အကျိုးမှာ ပို၍ပင် ကြီးမားခဲ့လေသည်။

မြောက်ပိုင်းတွင် ဘော့ခ်၏တပ်တော်စုက ဝင်ရောက်တိုက်ခိုက်ခဲ့၏။ ယင်းတပ်တော်စုတွင် ကူချလာ[1] လက်အောက်မှ အမှတ် ၃ တပ်တော်နှင့် ကလူ့ချ်[2]၏ အမှတ် ၄ တပ်တော်တို့ ပါဝင်လေသည်။ အမှတ် ၃ တပ်တော်က အရှေ့ပရပ်ရှားပြည်နယ်မှ ဝိုင်းပတ်သလို အနေအထားမှ တောင်ဘက်သို့ ဆင်း၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အမှတ် ၄ တပ်တော်က ပိုလန်ထောင့်စွန်းနေရာ[3] အရှေ့သို့ ဖြတ်၍တိုက်ပြီး အမှတ် ၃ တပ်တော်နှင့်အတူ ပိုလန်ညာတောင်ပံကို ဝိုင်းပတ်ချေမှုန်းရန်ဖြစ်၏။

၁။ Kuchler
၂။ Kluge
၃။ Polish Corridor



တောင်ဘက်မှ ရမ်းစတက်၏ တပ်တော်စုအား ပေးအပ်ထားသောတာဝန်မှာ ပို၍ အရေးကြီးလေသည်။ မြောက်ပိုင်းတပ်တော်စုထက် ခြေလျင်နှစ်ဆမျှ များပြားပြီး သံချပ်ကာများလည်း ပိုများပြား၏။ တပ်တော်စုတွင် ပါဝင်သော တပ်တော်များမှာ အမှတ် ၈ တပ်တော် ဘလာကိုဝစ်[1]၊ အမှတ် ၁၀ တပ်တော် ရိုက်ရှနော[2] နှင့် အမှတ် ၁၄ တပ်တော် လစ်[3]တို့ ဖြစ်ကြ၏။ ဘယ်တောင်ပံမှ ဘလာကိုဝစ်တပ်တော်က လို[4] စက်မှုလက်မှုနေရာကို ဦးတည်တိုက်ခိုက်၍ ပိုစနံအငူ[5]မှ ပိုလန်တပ်များကို ဖြတ်တောက်ထားပြီး ရိုက်ရှနောတပ်တော် တောင်ပံကို ကာကွယ်ပေးရန် ဖြစ်၏။ ညာတောင်ပံမှ လစ်က ကရာကိုး[6]ကို ဦးတည်တိုက်ခိုက်ပြီး တစ်ချိန်တည်းတွင် ပိုလန်တပ်များ၏ ကာပေသီယံတောင်ပံကို ဝိုင်းပတ်ရန် ဖြစ်လေသည်။ သို့ဝိုင်းပတ်နိုင်ရန် သံချပ်ကာတပ်မကြီးက တောင်ကြားလမ်းများမှ ချီတက်ရန် ဖြစ်၏။ အဓိကထိုးစစ်ကိုမူ အလယ်မှ ရိုက်ရှနော၏တပ်တော်က ပြုလုပ်ရမည် ဖြစ်လေသည်။ ထို့ကြောင့် သူ့တပ်တော်တွင် ယန္တရားတပ် အများဆုံး ပေးထား၏။

၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဂျာမန်တို့က ပိုလန်ကို ဝင်ရောက်တိုက်ခိုက်ကြပြီး မိမိတို့ပေးခဲ့သော အာမခံချက်အရ အင်္ဂလိပ် ပြင်သစ်တို့က ၃ ရက်နေ့တွင် စစ်ထဲဝင်ရောက်လိုက်သောအခါ ကလူ့ချ်၏ တပ်တော်သည် ပိုလန်ထောင့်စွန်းနေရာကို ကျော်မိပြီး ဗစ်ကြွူလာမြစ်အောက်ပိုင်းသို့ရောက်နေပြီ ဖြစ်၏။ အရှေ့ပရပ်ရှားမှ ကူချလာ၏ တပ်များကလည်း နာရက်[7]သို့ ဦးတည်လျက် ချီတက်ခဲ့၏။

ပို၍အရေးကြီးသည်မှာ ရိုက်ရှနောသံချပ်ကာတပ်များက ဝါတာ[8]ကို ရောက်လာပြီး မြစ်ကို အတင်းဖြတ်ကူးနိုင်ကြ၏။ ထိုအချိန်တွင် လစ်၏ တပ်များကလည်း ကရာကိုးအား နှစ်ဖက်မှ ဝိုင်းပိတ်ရန် ချီတက်လျက်ရှိလေသည်။ ၄ ရက်နေ့တွင် ရိုက်ရှနော မြားဦးတပ်များသည် ပိုလန်ပြည်အတွင်း မိုင် ၅၀ တွင် ပီလီကာ[9]မြစ်ကို ဖြတ်ကျော်မိပြီး ၂ ရက်ကြာသောအခါ သူ၏ ဘယ်တောင်ပံသည် တမာဇိုး[10]ကို ကျော်မိ၍ ညာတောင်ပံသည် ကီလေး[11]ကို ရောက်ပြီဖြစ်၏။

ဂျာမန်တပ် သေနာပတိ ဘရောက်ချစ်က ဂျာမန်တပ်များအား အရှေ့ဖူးဖူးသို့ ဆက်လက်ချီတက်ကြပြီး ဗစ်ကြွူလာမြစ်ကို ဖြတ်ကူးရန် အမိန့်ပေးခဲ့၏။

၁။ Blakowitz
၂။ Reichnau
၃။ List
၄။ Lodz
၅။ Poznan Salient
၆။ Cracow
၇။ Narev
၈။ Warta
၉။ Pilica
၁၀။ Tamarzow
၁၁။ Kielce

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပိုလန်တပ်အများစုသည် ဗစ်ကြူလာမြစ်အနောက်ဘက်ကမ်းမှာပင် ရှိရဦးမည်ဟု ရမ်းစတက်နှင့် သူ၏ဦးစီးချုပ် မင်ရှတိုင်းတို့က မှန်ကန်စွာတွက်ခဲ့ပြီး မြစ်အနောက်ဘက်မှာပင် ပိုလန်တပ်များကို ပိတ်မိရန် စီမံချက်ကို မိမိတို့သဘောနှင့် ပြင်ဆင်လုပ်ဆောင်ခဲ့ကြ၏။

သံချပ်ကာ တပ်မကြီး ရှေ့ဆောင်သော ရိုက်ရှနော၏ ဘယ်တောင်ပံကို မြောက်ဘက်သို့ ချီတက်စေ၍ လိုအနီးစုစည်းနေသော ပိုလန်တပ်များ နောက်ဆွယ်သို့ ရောက်အောင်ချီတက်ရန်၊ ထို့နောက် လိုနှင့် ဝါဆောအကြား ဘဇူရာမြစ်[1] တစ်လျှောက်မှ ပိတ်ဆို့နေရာယူထားစေ၏။ ယင်းသို့ ဘယ်တောင်ပံမြောက်ပိုင်းသို့ ချီတက်ရာတွင် ရန်သူမျှော်လင့်မထားသောကြောင့် အနှောင့်အယှက်ခုခံမှု နည်းနည်းသာတွေ့ရပြီး ပိုလန်တပ်အများစု ဗစ်ကြူလာမြစ်ကို မဖြတ်ကျော်နိုင်မီ ဂျာမန်တို့က ဖြတ်တောက်ထားနိုင်ခဲ့လေသည်။

ဂျာမန်တပ်များက ရန်သူမမျှော်လင့်ဆုံး၊ ခုခံမှုအနည်းဆုံးနေရာကို ရှာဖွေတိုက်ခိုက်၍ နက်ရှိုင်းစွာ မဟာဗျူဟာမြောက် ထိုးစစ်ဆင်နိုင်ခြင်းကြောင့် ရရှိခဲ့သည့် အခွင့်သာမှုသည် နည်းဗျူဟာ ခံစစ်ကြောင့် ဂျာမန်များအတွက် အပြည့်အဝအောင်ပွဲခံယူနိုင်ရန် သူတို့ ရရှိပြီး နယ်မြေကို ထိန်းထားရန်လို၏။ ပိုလန်တပ်များက ရေးကြီးသုတ်ပျာ ပြန်လှည့်တိုက်ခိုက်ကြသေး၏။ သို့သော် သူတို့တပ်များမှာ အခြေခံစခန်းများမှ ဖြတ်တောက်ခြင်းခံထားရ၍ ရိက္ခာလည်း ပြည့်ပြည့်စုံစုံမရတော့ဘဲ တောင်ပံများနှင့် နောက်ဘက်မှလည်း ဘလာ့ကိုးဝစ်နှင့် ကလုဂျ်၏ တပ်တော်များက တဖြည်းဖြည်း ပို၍ဖိအားပေးနေပြီ ဖြစ်လေသည်။ ယင်းတပ်များက နောက်ပြန်လှည့်၍ တိုက်ကြခြင်းဖြစ်၏။ ပိုလန်တပ်များက ရဲရဲတင်းတင်း တိုက်ကြ၍ သူတို့ရဲစွမ်းသတ္တိကို ရန်သူများက အထူးပင် လေးစားကြရ၏။ သို့သော် တပ်အနည်းငယ်မျှသာ ဂျာမန်တို့ ဝန်းရံထားခြင်းမှ ဖောက်ထွက်နိုင်၍ ဝါဆောမြို့စောင့်တပ်နှင့် ပူးပေါင်းနိုင်ခဲ့ကြလေသည်။

၂၀ ရက်နေ့တွင် ပိုလန်စစ်သေနာပတိချုပ် စစ်သူကြီး စမစ်လီရိဒ်ဇ်[2]က ကျန်နေသော ပိုလန်တပ်များအား အရှေ့တောင်ဘက်သို့ အထွေထွေနှုတ်စစ်ဆင်ရန် အမိန့်ထုတ်ပြန်ခဲ့လေသည်။ ပို၍တိုတောင်းသည့် ခံစစ်ကြောင်းတွင် ရေရှည်စစ်ဆင်နွှဲနိုင်ဦးမည်ဟု စစ်သေနာပတိချုပ်က မျှော်လင့်ခဲ့၏။ သို့သော် ယင်းမျှော်လင့်ချက်မှာ အချည်းနှီး ဖြစ်ရလေသည်။ အကြောင်းမှုကား ဗစ်ကြူလာမြစ်အနောက်

---

၁။ Bzura

၂။ Marshal Smigly-Rydz



ဘက်မှ ဂျာမန်တို့ ဝန်းရံထားခြင်းသည် ပို၍တင်းကျပ်လာစဉ် အခြားဂျာမန်တပ်တို့သည် ဗစ်ကြူလာမြစ် အရှေ့ဘက်တွင်လည်း နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြပြီး ပိုလန်တပ်များ ခံစစ်ဆင်နွှဲနိုင်သည့် ဆန်နှင့် ဘတ်မြစ်များကိုပါ ပန်း၍ ပိုမိုကြီးမားသည့် ဝန်းရံမှုဖြင့် ဝန်းရံထားကြပြီဖြစ်၏။


ဂျာမန်တပ်များသည် ဝေးလံလှသည့် နောက်ပိုင်းမှ ဘတ် ခံစစ်ကြောင်းကို ရောက်ရှိပြီး မှတ်သားလောက်သည့် သွယ်ဝိုက်ချဉ်းကပ်မှုနှင့် ပိုလန်ခံစစ်ကြောင်းကို နံဘေးမှ ပန်းခဲ့ပြန်၏။ ဂျာမန်တို့ စတင်တိုက်ခိုက်ကြစဉ်က အနောက်မြောက်ဘက်တွင် ပိုလန်ထောင့်စွန်းနေရာကိုဖြတ်၍ အထီးကျန်ဖြစ်နေသော အရှေ့ပရပ်ရှားသို့ရောက်အောင် ချီတက်သည့် ကလုဂျ်၏ အမှတ် ၄ တပ်တော်တွင်

www.burmeseclassic.com

www.burmeseclassic.com



## ပိုလန်တိုက်ပွဲစဉ် ဒုတိယကမ္ဘာစစ် (၁၉၃၉-၄၅)




THE INNER PINCERS CLOSE Sept 13th

ဂူဒယ်ရီယန်၏ သံချပ်ကာတပ်မကြီးက ဦးဆောင်ချီတက်ခဲ့ခြင်း ဖြစ်၏။ ယင်းတပ်မကြီးသည် ဂျာမန်နယ်မြေမှဖြတ်၍ ဂျာမန်တပ်များ၏ လက်ဝဲဘက်အစွန်ဆုံးနေရာတွင် ရောက်နေ၏။ ကူချုလာ၏ အမှတ် ၃ တပ်တော်၏ အရှေ့ဘက်တောင်ပံတွင်ရောက်လာခဲ့ပြီး တောင်ဘက်သို့ မျက်နှာမူလျက်ရှိလေသည်။ နရက်မြစ်ကို စက်တင်ဘာလ ၉ ရက်နေ့တွင် ဖြတ်ကျော်၍ ဂူဒယ်ရီယန်သည် တောင်ဘက်သို့ ဆက်လက်ချီတက်ခဲ့ပြီး ၁၄ ရက်နေ့တွင် ဘဂ်မြစ်နံဘေးမှ ဘရက်လစ်တော့ဗစ်[1] သို့ ရောက်ခဲ့၏။ ပိုလန်အငှစ္စန်းကြီး၏ အောက်ခြေမှဖြတ်၍ မိုင် ၁၀၀ ချီတက်ခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက် ဂူဒယ်ရီလန်၏ မြားဦးတပ်များသည်

၁။ Brest Litovsk



နောက်ထပ် မိုင် ၄၀ ဝေးသော ဗလိုဒါးဗား[2] သို့ ချီတက်ခဲ့ပြန်၏။ ကလိ(စ)၏ သံချပ်ကာ တပ်မကြီးသည် တောင်ဘက် ညှပ်ပူးညှပ်ပိတ်တပ်အဖြစ် ချီတက်လာပြီဖြစ်ရာ ယင်းတပ်များနှင့် လက်တွဲမိရန် ဂူဒယ်ရီယန်၏ မြားဦးတပ်များက ချီတက်ခဲ့ခြင်း ဖြစ်လေသည်။ ထိုအချိန်တွင် ပိုလန်တပ်များ လုံးဝပြိုကွဲပြီဖြစ်၍ ရုရှားတပ်များကပါ ၁၇ ရက်နေ့တွင် ပိုလန်အရှေ့ဘက်နယ်ခြားကို ဖြတ်ကျော်ချီတက်လာခဲ့ကြပြီဖြစ်၏။

နောက် ၉ လကြာသောအခါ ဂျာမန်တပ်များ အနောက်စစ်မျက်နှာ၌ အောင်ပွဲခံခဲ့သော တိုက်ပွဲစဉ်မှာ အပြင်ပန်းအားဖြင့် သွယ်ဝိုက်ချဉ်းကပ်မှုနည်းသည်ဟု ထင်ရသော်လည်း စိတ်ဓာတ်ရေးရာအားဖြင့် ပို၍ပင် ပီပြင်သော သွယ်ဝိုက်ချဉ်းကပ်မှု ဖြစ်လေသည်။ ဂျာမန်တို့က နည်းမျိုးစုံနှင့် ရန်သူဟန်ချက်ပျက်သွားအောင် ရည်မှန်းလုပ်ဆောင်ခဲ့ခြင်းဖြစ်၏။ ရန်သူတို့အား အများဆုံး လမ်းလွှဲပေးပြီး ရန်သူ လုံးဝမျှော်မှန်းမထားသောနေရာမှ မျှော်မှန်းမထားသော အချိန်တွင် ရန်သူမျှော်မှန်းမထားသောနည်းဖြင့် တိုက်ခိုက်ခဲ့သည့်အပြင် ရန်သူခုခံမှုအနည်းဆုံးနေရာတွင် အမြန်ဆုံးနှင့် အနက်ရှိုင်းဆုံး အမြတ်ထုတ် စစ်ဆင်ခဲ့ခြင်းဖြစ်၏။ ထို့ပြင် ဂျာမန်တို့ ဤမျှအောင်မြင်ခဲ့ရခြင်းမှာ စစ်မြူပြီး ဂျူဂျစ်ဆုနည်းဖြင့် ရန်သူကို အလဲထိုးနိုင်သောကြောင့် ဖြစ်လေ၏။

ပိုလန်ကို အောင်နိုင်ပြီးနောက် ၁၉၃၉ ခုနှစ် အောက်တိုဘာလဆန်းလောက်၌ အနောက်စစ်မျက်နှာတွင် တိုက်ခိုက်ရန် ပထမဆုံးညွှန်ကြားချက်များကို ဟစ်တလာက ထုတ်ပြန်ခဲ့လေသည်။ "ပြင်သစ်နှင့် ဗြိတိန်တို့သည် စစ်ကြီးကို အဆုံးသတ်ရန် သဘောမတူကြောင်း ထင်ရှားလာလျှင် သူ့အနေနှင့် စောစောပင် စစ်ဆင်ရေးလုပ်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကြာရှည်စွာ စောင့်ဆိုင်းအချိန်ပေးခြင်းသည်ရန်သူများ၊ ပို၍ အားကောင်းလာစေမည်ဖြစ်၏"ဟု ဟစ်တလာက ပြောခဲ့လေသည်။ သို့ဖြစ်လာလျှင် ကြားနေနိုင်ငံများက မဟာမိတ်များဘက်သို့ ယိုင်သွားမည်ဟု ဟစ်တလာက တွက်၏။ ဘယ်ဘက်ကတွက်တွက် အချိန်သည် ဂျာမနီဘက်တွင်မရှိကြောင်း ဟစ်တလာကသိလေသည်။ သူ၏ စစ်ဘက်အကြံပေးသူများ ဆန္ဒအတိုင်း ဆက်လက်စောင့်ဆိုင်းလျှင် မဟာမိတ်များ လက်နက်ထုတ်လုပ်မှုသည် ဂျာမနီထက် သာလွန်သွားမည်ဖြစ်ပြီး ရေရှည်စစ်ကို တိုက်ရလျှင် ဂျာမနီ၏လက်ရှိသယံဇာတ (ၾငင်းမှာလည်း အကန့်အသတ် ရှိပေ၏)များ လုံးပါးပါးသွားမည်ဖြစ်သည့်အပြင် ရုရှားက နောက်ကျောမှဝင်၍တိုက်မည်ကို ဟစ်တလာက စိုးရိမ်ခဲ့လေသည်။ ရုရှားနှင့် စာချုပ်ထားသော်လည်း စတာလင်သည် သူ့အကျိုး

၂။ Vlodava

www.burmeseclassic.com

www.burmeseclassic.com



ရှိတုန်းသာ ကြားနေမည်ဖြစ်သည်ဟု ဟာစ်တလာက တွက်ထားပြီး ဖြစ်လေသည်။ ထို့ကြောင့် ပြင်သစ်အား စောစောပင် ထိုးစစ်ဆင်ပြီး ငြိမ်းချမ်းရေးစာချုပ် ချုပ်စေမည်။ ပြင်သစ်စစ် ဆက်မတိုက်လျှင် ဗြိတိန်သည်လည်း ဂျာမနီနှင့် ဈေးစပ် ဆွေးနွေးရမည်ဟု ဟာစ်တလာက ယူဆခဲ့၏။

ယခုလောလောဆယ်တွင် အရေးအပါဆုံး လက်နက်သစ်တွင် ရန်သူထက် သာလွန်များပြားနေသည်ဖြစ်၍ ပြင်သစ်အား ဂျာမနီက အောင်နိုင်နိုင်မည်ဟု ဟာစ်တလာက တွက်ချက်ထား၏။ "တင့်လက်နက်နဲ့ လေတပ်ဟာ ခုအချိန်မှာ ထိုးစစ်အတွက်ရော ခံစစ်အတွက်ပါ အလွန်ကောင်းမွန်စိတ်ချရပြီး ဘယ်နိုင်ငံကမှ ဂျာမနီကို မမီသေးဘူး။ ပြီးတော့ ဒီတပ်တွေကို စနစ်တကျ ဖွဲ့စည်းထားပြီး ခေါင်းဆောင်မှုမှာပါ တို့က နိုင်ငံတကာထက် သာနေတော့ မဟာဗျူဟာအရ အလွန်ကို အခွင့်သာနေပေတယ်"ဟု ဟာစ်တလာက ပြောခဲ့၏။ ပြင်သစ်တို့တွင် သမားရိုးကျ လက်နက်များ၊ အထူးသဖြင့် အဝေးပစ်အမြောက်ကြီးများ ဂျာမနီထက် သာလွန်များပြားသည်မှာ မှန်၏။ သို့သော် "လှုပ်ရှား စစ်ဆင်ရေးမှာ ဒီလက်နက်တွေဟာ ဘယ်လိုနည်းနဲ့မှ အဆုံးအဖြတ်ပေးနိုင်ကြမယ် မဟုတ်ဘူး"ဟု ဟာစ်တလာက ဆို၏။ ဂျာမနီက နည်းပညာနှင့် လက်နက်အသစ်အဆန်းတို့တွင် သာလွန်နေသောကြောင့် ပြင်သစ်က စစ်စည်းရုံးပြီး လူများများ ပို၍ စစ်မြေပြင်သို့ ပို့နိုင်စေကာမူ အရေးမဟုတ်ဟု ဟာစ်တလာက တွက်ခဲ့လေသည်။

ဂျာမန်တပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များကမူ ရေရှည်အတွက် ဟာစ်တလာ၏ တွက်ကိန်းကို သဘောတူညီကြသော်လည်း လောလောဆယ် စစ်ပွဲအတွက် မျှော်လင့်ထားချက်များကို ဘဝင်မကျနိုင်ကြချေ။ သူတို့တပ်များသည် ပြင်သစ်ကို အောင်နိုင်လောက်အောင် အင်အားမရှိသေးဟု တွက်ကြပြီး ဂျာမနီ အနေနှင့် ခံစစ်ဆင် စောင့်ဆိုင်းနေလိုကြ၏။ သို့စောင့်ဆိုင်းနေရင်း ပြင်သစ်၊ ဗြိတိန်တို့က ငြိမ်းချမ်းရေး ကမ်းလှမ်းလာမည်။ သို့မဟုတ် သူတို့က စတိုက်လျှင် သူတို့တပ်များ ခံစစ်ကြောင်းများမှ ထွက်လာပြီးမှ ဂျာမနီက ချက်ကောင်းတွင် တန်ပြန်ထိုးစစ် ဆင်နွှဲသင့်သည်ဟု ယူဆကြလေသည်။

သို့သော် ဟာစ်တလာက သူတို့ကန့်ကွက်ချက်များကို ပယ်ချခဲ့၏။ နိုဝင်ဘာလ ဒုတိယအပတ်ထဲတွင် ထိုးစစ်ဆင်ရန် သတ်မှတ်ထားသော်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ ရထားသယ်ယူပို့ဆောင်ရေး အခြေအနေ အသင့်မဖြစ်သောကြောင့် လည်းကောင်း၊ ထိုးစစ် စတင်မည့်ရက် ရွှေ့ဆိုင်းခဲ့ရ၏။ ဇန်နဝါရီလ အလယ်အထိ ၁၁ ကြိမ်တိုင်တိုင် ရက်ရွှေ့ဆိုင်းခဲ့ရပြီး မေလအထိ ထိုးစစ် စတင်နိုင်ခြင်း မရှိချေ။ မေလထဲတွင် ကြိုတင်အမိန့်ထုတ်ခဲ့ပြီးနောက် ယခုတစ်ကြိမ်



တွင်မူ ရက်သတ်မှတ်ချက် အတည်ဖြစ်သွားလေသည်။ ယင်းသို့ ရက်ရွှေ့ဆိုင်းနေခဲ့ရသည့်အတွင်း ထိုးစစ်စီမံချက်ကို အကြီးအကျယ် ပြောင်းလဲပြင်ဆင်ခဲ့ရ၏။

ဗိုလ်ချုပ်ကြီးဟော်ဒါ၏ စစ်ဦးစီးအဖွဲ့[၁]က ရေးဆွဲထားသော မူလစီမံချက်အရ အဓိကထိုးစစ်ကို ၁၉၁၄ ခုနှစ်မှာကဲ့သို့ပင် ဘယ်ဂျီယံမှဖြတ်၍ ပြုလုပ်ရန်ဖြစ်လေသည်။ ဘော့ဂ်၏ တပ်တော်စု ဘီက အဓိကထိုးစစ်ကို ပြုလုပ်ပြီး ရမ်းစတက်၏ တပ်တော်စု အေက ဘယ်ဘက်မှ အားဒိန်းသစ်တောကိုဖြတ်၍ ထိုးစစ်ငယ်တစ်ခု ပြုလုပ်ရန်ဖြစ်၏။ တပ်တော်စု အေနေရာတွင် အောင်မြင်မှုများများစားစားရရန် မျှော်လင့်မထားချေ။ အာဒိန်းနေရာမှာ တင့်ကားများနှင့် စစ်ဆင်ရန် ခက်ခဲလှသည်ဟု စစ်ဦးစီးအဖွဲ့က ယူဆပြီး သံချပ်ကာတပ်မအားလုံးကို ဘော့ဂ်တပ်တော်စုသို့ ပေးထား၏။

သို့သော် ရမ်းစတက်၏ ဦးစီးချုပ်ဖြစ်သူ မင်ရှတိုင်းက ထိုစီမံချက်မှာ ၁၉၁၄ ခုနှစ် စီမံချက်အတိုင်း ထပ်မံပြုလုပ်ခြင်းသာဖြစ်ပြီး သိသာထင်ရှားလွန်းသည်ဟု မြင်၏။ မဟာမိတ်များကလည်း ယင်းသို့ပင် မျှော်မှန်းထားပြီး တုံ့ပြန်ရန် အသင့်ရှိကြပေမည်။ ထို့ပြင် အဓိကထိုးစစ်ဆင်မည့်နေရာတွင် ဗြိတိသျှတပ်များ ရှိရာ သူတို့မှာ ပြင်သစ်တို့ထက် တိုက်ရခက်ခဲသူများဖြစ်၏။ ထို့ပြင် စီမံချက်၏ တတိယချွတ်ယွင်းချက်မှာ (မင်ရှတိုင်းအမြင်တွင်) အကယ်၍ အဓိကထိုးစစ် အောင်မြင်သည့်တိုင် မဟာမိတ်များအား နောက်သို့တွန်းပို့သလိုဖြစ်ပြီး ဖလင်းဒါး ကမ်းခြေကို ဂျာမန်တို့ ရရုံသာရှိမည်။ အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်။ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲရရန် သွယ်ဝိုက်ချဉ်းကပ်နည်းဖြင့် ရန်သူဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်ပစ်ပြီး ဘယ်ဂျီယံမှ မဟာမိတ်တပ်များ ပြန်မဆုတ်နိုင်အောင် ဖြတ်တောက်ပစ်နိုင်မှသာလျှင် အဆုံးအဖြတ်ပေးနိုင်သောအောင်ပွဲ ရမည်ဟု မင်ရှတိုင်းက ယူဆ၏။

အဓိက ထိုးစစ်ဆင်နွှဲမည့် ဆွဲဆောင်မှုဗဟို[၂]နေရာကို ညာဘက်မှ အလယ်သို့ ပြောင်းရမည်။ အာဒိန်းနေရာမှာ ရန်သူက မျှော်လင့်မထားဆုံးနေရာဖြစ်၍ ယင်းနေရာမှ အဓိကထိုးစစ်ဆင်နွှဲမည်ဟု မင်ရှတိုင်းက တင်ပြ၏။ မြေအနေအထား ခက်ခဲသယောင် ထင်ရသော်လည်း သံချပ်ကာတပ်များကို ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး သူ၏တင်ပြချက်များကို တင့်ကားပါရဂူ ဂူဒယ်ရီယန်က ထောက်ခံခဲ့လေသည်။

---

၁။ General Staff under Halder

၂။ Centre of Gravity

www.burmeseclassic.com

www.burmeseclassic.com



စီမံချက် ရဲဝံ့လွန်းသဖြင့်ပင် ဟစ်တလာက သဘောကျလာ၏။ သို့သော် မူလစီမံချက် ပြောင်းလဲရသည်မှာ ဇန်နဝါရီလ ၁၀ ရက်နေ့က ထူးထူးခြားခြား အဖြစ်အပျက်တစ်ခုကြောင့် ဖြစ်လေသည်။ ထိုနေ့တွင် ဦးစီးအရာရှိတစ်ဦးသည် မူလစီမံချက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ယူဆောင်ပြီး မန်စတာမှ ဘွန်း[၁]သို့ လေယာဉ်နှင့်သွားခဲ့ရာ ဆီးနှင်းမုန်တိုင်းကြောင့် ဘယ်ဂျီယံနယ်မြေထဲ သို့ မှားယွင်း ဆင်းသက်ခဲ့ရလေသည်။ ဦးစီးအရာရှိသည် အရေးကြီးသည့် စာရွက်စာတမ်းများကို ဖျက်ဆီးပစ်နိုင်ပါ့မလားဟု ဂျာမန်စစ်ဦးစီးဌာနချုပ်က စိုးရိမ်ပူပန်ခဲ့လေသည်။ (စင်စစ် ဦးစီးအရာရှိက စာရွက်စာတမ်းများကို မီးရှို့ ဖျက်ဆီးသော်လည်း အားလုံးလောင်ကျွမ်းသွားခြင်း မရှိခဲ့ချေ။) ဤသို့ အခြေအနေ မှာပင် စစ်သေနာပတိချုပ်နှင့် စစ်ဦးစီးချုပ်တို့သည် စီမံချက်ကို မင်ရှတိုင်းတင်ပြ ခဲ့သည့်အတိုင်း ပြင်ဆင်ရန် ဝန်လေးခဲ့ကြ၏။ မင်ရှတိုင်းက သူ့အထက်အရာရှိများ နောက်ကွယ်မှ ဟစ်တလာနှင့် သွားရောက်တွေ့ဆုံ၍ တင်ပြတော့မှ ယင်းသမား ရိုးကျမဟုတ်သည့် စီမံချက်ကို ဟစ်တလာ ထောက်ခံချက်ရရှိသဖြင့် စစ်ဦးစီး ဌာနကပါ မင်ရှတိုင်းစီမံချက်ကို သဘောတူခဲ့ရလေသည်။

ကြားထဲတွင် မှားယွင်းအချက်ပေးမှုများကြောင့် မဟာမိတ်များကလည်း သူတို့ဘာလုပ်မည်ဆိုသည်ကို ရန်သူသိအောင် ပြသခဲ့ကြသေး၏။ သူတို့အကြံ မှာ ဘယ်ဂျီယံနိုင်ငံအတွင်းသို့ နက်ရှိုင်းစွာ အင်နှင့်အားနှင့် ဝင်ရောက်ကြရန် ဖြစ်ပေသည်။ ထို့ကြောင့်လည်း မင်ရှတိုင်းစီမံချက်ကို ဂျာမန်တို့က ပို၍လက်ခံ ဖြစ်သွား၏။

တကယ်ဖြစ်ပျက်ခဲ့သည်တို့ကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ ဂျာမန် တို့၏ မူလစီမံချက်အရသာ လုပ်ဆောင်ဖြစ်ခဲ့ပါက ပြင်သစ်ပြည် ကျဆုံးသကဲ့သို့ အဆုံးအဖြတ်ပေးသော အောင်ပွဲများ မရရန် သေချာသလောက် ဖြစ်သည်ကို တွေ့ရလေသည်။ အကြောင်းမူကား ဂျာမန်တို့၏ အဓိကထိုးစစ်သည် ဗြိတိသျှ နှင့် ပြင်သစ်တို့၏ အင်အားအကောင်းဆုံး၊ လက်နက်ပစ္စည်း အတောင့်တင်းဆုံး တပ်များနှင့် ထိပ်တိုက်တိုးကြမည် ဖြစ်သည့်အပြင် မြစ်များ၊ တူးမြောင်းများ၊ မြို့ကြီးများ စသည့်အခက်အခဲများကို ကျော်ဖြတ်သွားရမည် ဖြစ်လေသည်။ မြေအနေအထားအရမူ အာဒိန်းမှာ ပို၍ခက်ခဲသည်ဟု ထင်မြင်ရမည်ဖြစ်သော်လည်း ပြင်သစ်စစ်ဌာနချုပ်က အန္တရာယ်ကို မသိကြခင် တောင်ပိုင်းဘယ်ဂျီယံ တော တောင်မြေကို ဂျာမန်တပ်များက ကျော်ဖြတ်နိုင်ပါက ပြင်သစ်လွင်ပြင်များသို့ ရောက်ရှိပြီး ယန္တရားတပ်များက အမြန်ဆုံး ဖြတ်ကျော်နိုင်ကြမည်ဖြစ်၏။ ပြင်သစ်

၁။ Munster to Bonn



လွင်ပြင် မြေအနေအထားမှာ တင့်ကားများအတွက် အကောင်းဆုံးမြေပင် ဖြစ် တော့၏။

မဟာမိတ်များက ဘယ်ဂျီယံပြည်တွင်းသို့ ဝင်ရောက်လာနိုင်သည်ကိုလည်း မင်ရှတိုင်းက တွက်ချက်ထားပြီး ဖြစ်လေသည်။ ဤသို့ မဟာမိတ်တပ်များက လုပ်ဆောင်ခဲ့ရာ ဂျာမန်များအတွက် ပို၍ပင် အခွင့်သာလာမည်ဟု မင်ရှတိုင်းက တွက်ချက်ခဲ့လေသည်။ သူ၏တွက်ကိန်းများမှာ အလွန်ပင်ပါးနပ်လိမ္မာသည်ကို တွေ့ရ၏။

ပြင်သစ် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဂယ်မလင်[၁] ရေးဆွဲခဲ့သော စီမံချက်အရ ဂျာမန်တို့က ဝင်ရောက်တိုက်ခိုက်လျှင်တိုက်ချင်း အင်အားကြီးမား လှသည့် မဟာမိတ် ဘယ်တောင်ပံသည် ဘယ်ဂျီယံနိုင်ငံအတွင်းသို့ တစ်ရှိန်ထိုး ထိုးဝင်ရမည်။ ထို့နောက် အရှေ့ဘက်ဒိုင်း[၂]နေရာအထိ (ဖြစ်နိုင်လျှင် လွန်၍) ချီတက်ကြရန် ဖြစ်၏။ ယင်းစီမံချက် ဒီ[၃]မှာ ပြင်သစ်တို့၏ ၁၉၁၄ ခုနှစ်က စီမံချက် ၁၇[၄]ကဲ့သို့ပင် သေလမ်းသို့ ပို့ပေးခဲ့သည့် စီမံချက်ဖြစ်ပေသည်။ ဂျာမန် တို့ လက်တွင်းသို့ အသက်ကို ဝကွက်အပ်သကဲ့သို့ရှိချေ၏။ စီမံချက် ဒီကြောင့် ဂျာမန်ထိုးစစ်မှာ မဟာမိတ်များစစ်နံ့ကို တန်ပြန်ထိုးနှက်သလို ဖြစ်ခဲ့ရ၏။ မဟာ မိတ်တပ်များက ဘယ်ဂျီယံနိုင်ငံအတွင်း နက်ရှိုင်းစွာဝင်ရောက်လေ အာဒိန်းမှ ထိုးဝင်တိုက်ခိုက်သည့် ဂျာမန်တပ်များက မဟာမိတ်တပ်များနောက်သို့ရောက်ပြီး သူတို့ ဘယ်တောင်ပံကို ဖြတ်တောက်ရ လွယ်ကူလေ ဖြစ်ခဲ့၏။

မဟာမိတ်တပ်များ သေတွင်းသို့ သေချာပေါက်ဝင်ခဲ့ရသည်မှာ ဘယ်ဂျီယံ နိုင်ငံအတွင်းဝင်သော တပ်များသို့ ဂယ်မလင်က ပြင်သစ်လှုပ်ရှားတပ် အများဆုံး ပေးခဲ့၍ ယင်းတပ်များ ချီတက်မှုအခြေ မလှုပ်နိုင်နေရာကိုမူ အညံ့စားတပ်မများကို သာ စောင့်ကြပ်ရန် တာဝန်ပေးထားခဲ့သောကြောင့် ဖြစ်လေသည်။ ထိုတပ်မများ သည် ရန်သူယန္တရားတပ်များ ဖြတ်၍မလာနိုင်ဟု ယူဆထားသော အာဒိန်း သစ်တောမှထွက်ပေါက်များကို စောင့်ကြပ်နေရ၏။ အခြေမလှုပ်နိုင်နေရာကို ရန်သူ က ထိုးဖောက်မိသည်နှင့် တစ်ပြိုင်နက် ပြင်သစ်တပ်များမှာ ဟန်ချက်ပျက်သွား သည်သာမက ဤကွဲ၍ ပေါက်သွားသည့်နေရာကို ပိတ်ဆို့ရန် အသင့်တော်ဆုံး တပ်များမှာ ဘယ်ဂျီယံနိုင်ငံအတွင်း ရောက်နေပြီဖြစ်သောကြောင့် ပြန်လည်၍ နာလန်ထူနိုင်ခြင်း မရှိတော့ချေ။

၁။ General Gamelin
၂။ Dyle
၃။ Plan D
၄။ Plan XVII

www.burmeseclassic.com

www.burmeseclassic.com



ဂယ်မလင်သည် မိမိတပ်များကို ရှေ့အဝေးကြီးနေရာသို့ ပို့ခဲ့ခြင်းဖြင့် မဟာဗျူဟာ ပြောင်းလွှယ်ပြင်လွှယ်ခြင်း မရှိတော့ချေ။

အခြေမရှိုင်နေရာကို ရန်သူက အန္တရာယ်ပြုနိုင်သည်ကို မဟာမိတ်များက မမြင်ခဲ့ရသည်မှာ ဂျာမန်တပ်များက စောစောပိုင်းတွင် မြေနိမ့်ပိုင်းနိုင်ငံများကို ဝင်ရောက်တိုက်ခိုက်ကြခြင်းကြောင့် ဖြစ်လေသည်။ မဟာမိတ်များမှာ အထူးအံ့သြချောက်ချားခဲ့၍ အကောင်းဆုံးနှင့် အထိရောက်ဆုံး အာရုံပြောင်းပေးခြင်း ဖြစ်ခဲ့ရလေသည်။ ဒတ်ချ်တပ်မတော် နောက်ပိုင်းသို့ ဂျာမန်တို့က လေထီးတပ်များချပေးပြီး အခြေအနေ ရှုပ်ထွေးနေစဉ် ရှေ့မှလည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သောကြောင့် ဒတ်ချ်တို့သည် ၅ ရက်မြောက်နေ့တွင် လက်မြှောက်အရှုံးပေးရ၏။ ဘယ်ဂျီယံတပ်မတော် ရှေ့တန်းနေရာများကို ဒုတိယနေ့တွင် ဂျာမန်များက ဖောက်ဝင်နိုင်သဖြင့် ဘယ်ဂျီယံများ စီမံချက်အရ အင်တဝပ်နေမြူအာ ခံစစ်ကြောင်း[1]သို့ ပြန်ဆုတ်ပေးခဲ့ပြီး ယင်းနေရာ၌ ပြင်သစ်နှင့် ဗြိတိန်တပ်များနှင့် ပူးပေါင်းမိကြလေသည်။

ဟော်လန်နိုင်ငံ၌မူ မေလ ၁၀ ရက်နေ့ နံနက်စောစောတွင် ဂျာမန်လေထီးတပ်များက မြို့တော်ဖြစ်သော ဟေ့ဂ်နှင့် ဆက်သွယ်ရေးလမ်းကြောင်း ဗဟိုနေရာရော့တာဒမ်ကို တစ်ပြိုင်တည်း တိုက်ခိုက်ကြ၍ တစ်ချိန်တည်းမှာပင် အရှေ့ဘက်မိုင် ၁၀၀ ခန့်အကွာမှ နယ်ခြားစောင့်တပ်များကိုလည်း ဂျာမန်တို့က ကြည်းကြောင်းမှ တိုက်ခိုက်ခဲ့ကြ၏။ ရှေ့ဘက်နှင့် နောက်ဘက်တို့မှ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခြင်း ခံရသဖြင့် တုန်လှုပ်ချောက်ချားနေသော ဒတ်ချ်တပ်များအား လေကြောင်းမှလည်း လူ့ဝါ့ဖ်[2]လေတပ်က အနှံ့အပြား တိုက်ခိုက်ခဲ့၏။ ဒတ်ချ်တို့ ချောက်ချားနေသည်ကို အမြတ်ထုတ် စစ်ဆင်သည့်အနေဖြင့် တောင်ပိုင်းဟာကွက်တစ်ခုမှ ဂျာမန်သံချပ်ကာတပ်မတစ်ခုက တစ်ဟုန်ထိုး ချီတက်လာခဲ့ပြီး တတိယမြောက်နေ့တွင် ရော်တာဒမ်မှ ဂျာမန်လေထီးတပ်များနှင့် ပူးပေါင်းမိကြလေသည်။

ဒတ်ချ်တို့သည် မဟာဗျူဟာအရ ခံစစ်ဆင်နွှဲနေသည် ဖြစ်သော်လည်း နည်းဗျူဟာအရ ထိုးစစ်ဆင်နွှဲခဲ့ရပြီး အဆင်သင့်မဖြစ်မီ ပြုလုပ်ရသော ထိုးစစ်များဖြစ်သောကြောင့် အကျနာခဲ့ရလေသည်။ ၅ ရက်မြောက်နေ့တွင် မိမိရှေ့တန်းမှ ခံစစ်ကြောင်းများ မကျိုးမပေါက်သေးပါဘဲ ဒတ်ချ်တို့သည် လက်နက်ချခဲ့ကြရလေသည်။

၁။ Antwerp-Namur Line

၂။ Luftwaffe



ဘယ်ဂျီယံနိုင်ငံအား ဂျာမန်တို့ ဝင်ရောက်တိုက်ခိုက်ခြင်းမှာ စစ်မြေပြင်တွင် တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်သည်ဟု ထင်မြင်ရသော်လည်း ပွဲဦးထွက်တွင် တကယ်အင်္ဂါခံလိုက်ရသောကြောင့် စိတ်ဓာတ်ရေးရာအရ သွယ်ဝိုက် ချဉ်းကပ်တိုက်ခိုက်သကဲ့သို့ ဖြစ်ရ၏။ ကြည်းကြောင်းမှ ရိုက်ရှနော့၏ အင်အားကြီးလှသော အမှတ် ၆ တပ်တော်က စတင်တိုက်ခိုက်လေသည်။ ထိထိရောက်ရောက် တပ်ဖြန့်ခြင်းမပြုမီ ဂျာမန်တပ်များသည် ခက်ခဲလှသော အတားအဆီးတစ်ခုကို ကျော်သွားရန် လို၏။ ယခု ထိုးစစ်ကို ကူညီရန် လေထီးတပ်သားလည်း ၅၀၀ သာ ရနိုင်၏။ လေထီးတပ်များကို အလ်ဘတ်တူးမြောင်းပေါ်မှ တံတား ၂ ခုနှင့် တူးမြောင်းနံဘေးမှ ဘယ်ဂျီယံ၏ ခေတ်အမီဆုံး ခံတပ်ဖြစ်သည့် အီဘန်အီမယ်[1]ကို သိမ်းပိုက်စေလေသည်။ ယင်းလေထီးတပ်များမှာ သေးငယ်လှသော်လည်း အရှုံးအနိုင်ကို လေထီးတပ်သား ၅၀၀ က ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်၏။ ထိုနေရာမှ ဘယ်ဂျီယံနယ်ခြားကို ဖြတ်ကျော်ရန်မှာ တောင်ဘက်သို့ ထိုးထွက်နေသည့် ဒတ်ချ်နယ်မြေဖြစ်သော မားစထရစ်ကုန်းဆက်[2]က ဖြတ်ကျော်၍ ဘယ်ဂျီယံနယ်ထဲသို့ ဝင်ရောက်နိုင်လေသည်။ ဂျာမန်တပ်များက ဒတ်ချ်နယ်မြေကို ဖြတ်ကျော်သည်နှင့် တစ်ပြိုင်နက် အလ်ဘတ်တူးမြောင်းပေါ်မှ ဘယ်ဂျီယံနယ်ခြားစောင့်တပ်များက တံတားကို ချိုးဖျက်ပစ်လိုက်နိုင်၏။ ၁၅ မိုင်မျှရှိသော နယ်မြေကို ဂျာမန်များ ဖြတ်ကျော်ပြီးမှ ဘယ်ဂျီယံနယ်မြေသို့ ရောက်မည်ဖြစ်ရာ အစောင့်တပ်များက တံတားများကို ဖျက်ဆီးရန် အချိန်ကောင်းစွာရမည်ဟု ဘယ်ဂျီယံတပ်များက ယူဆထားကြလေသည်။

တံတားများကို အကောင်းအတိုင်း သိမ်းပိုက်နိုင်ရန် တစ်ခုတည်းသော နည်းမှာ ညအချိန် ကောင်းကင်မှ ဆင်းသက်လာမည့် လေထီးတပ်များဖြင့် တိုက်ခိုက်ရန်သာ ဖြစ်လေသည်။ အီဘန်အီမယ်ခံတပ်ကို ဘယ်ဂျီယံတပ် ၁၂၀၀ က စောင့်ကြပ်နေ၏။ ယင်းခံတပ်ပေါ်သို့ ဂျာမန် ဂလိုက်ဒါတပ်သား ၈၀ ချပေးပြီး ခုခံသူ ၁၂၀၀ ကို ၂၄ နာရီမျှ ပိတ်မိနေအောင် ဂျာမန်များက ထိန်းထားခဲ့၏။ ကြည်းကြောင်းချီတက်လာသော တပ်များက ခံတပ်ကို သိမ်းပိုက်ပြီးမှ လေထီးတပ်များ သိမ်းပိုက်ထားသော တံတားများမှ ဖြတ်၍ ဘယ်ဂျီယံလွင်ပြင်သို့ ယန္တရားတပ်များက လိမ့်ဆင်းခဲ့ကြလေသည်။ ဘယ်ဂျီယံတပ်များက ဒိုင်းခံစစ်ကြောင်းအထိဆုတ်ပေးကြ၍ ထိုနေရာသို့ ဗြိတိသျှပြင်သစ်တပ်များပါ ရောက်လာကြလေသည်။

၁။ Eben Emael

၂။ Maastricht Appendix

www.burmeseclassic.com



ယင်းသို့ ဘယ်ဂျီယံနှင့် ဟော်လန်ကို လေထီးတပ်များနှင့် ဝင်ရောက်တိုက်ခိုက်ရန်ကို ဟစ်တလာကိုယ်တိုင်က စိတ်ကူးကြံဆခဲ့ခြင်းဖြစ်၍ သတ္တိပြောင်လှသည့် ဗိုလ်ချုပ်ကြီး စတူးဒင်း[၁] က ဦးစီးပြီး ပြောင်မြောက်အောင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၏။

ထိုအချိန်တွင် ရမ်းစတက်တပ်တော်စု၏ သံချပ်ကာတပ်များသည် လပ်ဇင်ဘော့နှင့် ဘယ်ဂျီယံ လပ်ဇင်ဘော့ကို ဖြတ်၍ ပြင်သစ်နယ်ခြားသို့ ချဉ်းကပ်လျက် ရှိကြ၏။ ယင်းတပ်များမှ အများစုဖြစ်သော သံချပ်ကာတပ်မ ၅ ခုနှင့် မော်တော်ယာဉ်တပ်မ ၃ ခုကို ဗိုလ်ချုပ်ကြီး ကလိ(စ)ကိုယ်တိုင် ဦးစီး၍ မြားဦးတပ်ဖြစ်သော သံချပ်ကာတပ်မ ၃ ခု ပါဝင်သော တပ်မကြီးကိုမူ ဂူဒယ်ရီယန်က အုပ်ချုပ်၏။ အာဒိင်းသစ်တော မိုင် ၇၀ ခန့်ကို ဖြတ်ကျော်ခဲ့ပြီး အင်အားနည်းသည့် ခုခံမှုများကို ကျော်ဖြတ်တိုက်ဖျက်ကာ ပြင်သစ်နယ်ခြားကို ဖြတ်ကျော်ခဲ့ကြ၏။ ထိုးစစ်စတင်ပြီး ၄ ရက်မြောက်နေ့ စောစောပိုင်းတွင် မြူစ်မြစ်သို့ ဂူဒယ်ရီယန်၏တပ်များ ရောက်လာခဲ့လေသည်။

ဤမျှခက်ခဲသော မြေအနေအထားကို ဖြတ်ကျော်၍ တင့်ကားနှင့် မော်တော်ကား အများအပြား စေလွှတ်စစ်ဆင်ခြင်းမှာ ရဲဝံ့လှသည့် စွန့်စားခန်းပင်ဖြစ်၏။ သမားရိုးကျ မဟာဗျူဟာသမားများကမူ အာဒိင်းသစ်တောမှာ တင့်ကားစစ်ဆင်ရေးမပြောနှင့် သာမန်စစ်ဆင်ရေးအကြီးစားများပင် လုပ်မရသောနေရာဟု သတ်မှတ်ထားကြလေသည်။ ယင်းသို့ ဖြတ်သန်းမသွားနိုင်သော နယ်မြေဟု သတ်မှတ်ထား၍ပင်လျှင် အငိုက်ရစေရန် ချက်ကောင်းဖြစ်၏။ သစ်တောများက ထိုးစစ်ဆင်သူ၏အင်အားကို ဖုံးကွယ်ပေးပြီး မည်သည့်အင်အားနှင့် တိုက်မည်ကိုပါ ကွယ်ဝှက်ပေးခဲ့လေသည်။

သို့သော် ဤကဲ့သို့ ယန္တရားတပ်များဖြင့် အာဒိင်းသစ်တောကိုဖြတ်၍ ချီတက်နိုင်စေကာမူ မြူစ်မြစ်ကြီးကို ဖြတ်ကူးရန် လိုသေး၏။ မြစ်ကို အချိန်မည်မျှအတွင်း ဖြတ်ကူးနိုင်မည်ဆိုသည့်အချက်အပေါ်တွင် အရှုံးအနိုင် အတော်များများ တည်နေပေ၏။ ပြင်သစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဒေါမင်း[၂] က နောက်ပိုင်းတွင် အောက်ပါအတိုင်း တမ်းတည်းညည်းညူခဲ့သည် ဟူသတတ်။ "ရန်သူဟာ ကျွန်တော်တို့တစ်တွေလို လုပ်မယ်လို့ ယူဆခဲ့မိတာကိုး၊ နောက်ပိုင်းက အမြောက်တွေ တော်တော်များများ ရောက်လာမှ မြူစ်ကို ဖြတ်ကျော်ကြမယ်လို့ တွက်ခဲ့ကြတာကလား။ ဒီလိုလုပ်ဖို့ သူတို့မှာ ၅ ရက် ၆ ရက်လောက်လိုမယ်၊ ဒီအချိန်အတွင်း ကျွန်တော်တို့တပ်တွေကို စစ်ကူပို့ဖို့ အချိန်ကောင်းကောင်းရမယ်" လို့ တွက်ခဲ့ကြတာကိုး"

အထက် ဂျာမန်စစ်ဌာနချုပ်မှ တွက်ချက်မှုများနှင့် ပြင်သစ်တို့ အချိန်တွက်ချက်ပုံတို့မှာ အတော်ပင် တူညီနေသည်မှာ မှတ်သားဖွယ်ပင်ဖြစ်၏။ ဂျာမန်တို့သည် ထိုးစစ်စတင်သည်မှ ၉ ရက်မြောက်နေ့ မတိုင်မီ မြူစ်မြစ်ကို ဖြတ်ကျော်ခြင်းမပြုနိုင်ဟု ပြင်သစ်တို့က မိမိတို့ စီမံချက်တွင် တွက်ချက်ထား၏။ ဂျာမန်တို့ကလည်း မူလက ဤသို့ပင် ၉ ရက်ကျော်မှ မြူစ်ကို ဖြတ်နိုင်မည်ဟု တွက်ချက်ထားကြသေးလည်း။ ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့သည့် စစ်ကစားခြင်း၌ နောက်မှ ခြေလျင်နှင့် အမြောက်တပ်များတို့ စောင့်မနေဘဲ မြူစ်မြစ်ကို ဖြတ်ကူးသင့်သည်ဟု ဂူဒယ်ရီယန်က တင်ပြခဲ့၏။ သို့သော် စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဟော်ဒါက ဂူဒယ်ရီယန်အား အပြင်းအထန် ဝေဖန်ခဲ့ပြီး ယခုလို ထိုးစစ်မျိုး၌ မြူစ်မြစ်ကို အစောဆုံးဖြတ်ကျော်နိုင်မည့်အချိန်မှာ ၉ ရက် ၁၀ ရက် ဖြစ်သည်ဟု ပြောခဲ့၏။ မတ်လအတွင်း ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ မြစ်ကူးတံတားဦး တည်ဆောက်ပြီးနောက် ဘာလုပ်သင့်သနည်းဟု ဂူဒယ်ရီယန်အား ဟစ်တလာက မေးမြန်းခဲ့ရာ ဂူဒယ်ရီယန်က ချက်ချင်း အမြတ်ထုတ်စစ်ဆင်၍ အမိင်းနှင့် ရေလက်ကြားပင်လယ်ကမ်းခြေ ဆိပ်ကမ်းမြို့များအရောက် ချီတက်သင့်သည်ဟု ဖြေကြားခဲ့၏။ ဤသို့ တစ်ဖွတ်ထိုးလုပ်လို့ ရပါ့မလားဟု အခြားဗိုလ်ချုပ်ကြီးများက ခေါင်းတခါခါနှင့် သူတို့သဘောမတူကြောင်း ပြသခဲ့ကြ၏။ သို့သော် ဟစ်တလာက ခေါင်းညိတ်ပြခဲ့သဖြင့် သူ့အား မျက်စိမှိတ်ပြီး သဘောကူကြောင်း ပြသခဲ့သည်ဟု ဂူဒယ်ရီယန်က ယူဆခဲ့သေလည်။

ဂူဒယ်ရီယန်၏ တပ်မကြီးသည် ဆီဒင်အနီး မြူစ်မြစ်သို့ မေလ ၁၃ ရက်နေ့တွင် ရောက်သောအခါ ထိုနေ့နေ့လယ်တွင်ပင် စတင်တိုက်ခိုက်ခဲ့ပြီး ညနေတွင် မြူစ်ကို ကူးဖြတ်နိုင်လေပြီ။ မြားဦးတပ်တစ်ခုဖြစ်သော ရော်မဲလ်၏ အမှတ် ၇ ပန်ဇာတပ်မသည်လည်း အနောက်ဘက် မိုင် ၄၀ ဝေးသည့် ဒိုင်နန်[၃] သို့ ရောက်ရှိခဲ့ပြီး မြူစ်မြစ်ကို ဖြတ်ကျော်နိုင်ခဲ့၏။ ထို့ကြောင့် ပြင်သစ်စစ်ဌာနချုပ်အတွက် အာရုံပြောင်းစေသည့် စစ်ဆင်မှု ဖြစ်ခဲ့သည့်အပြင် ပြင်သစ်တပ်များ မပြိုပျက်သွားအောင် နှစ်ဖက်မှ ထိုးဖောက်ဝင်ရောက်သကဲ့သို့ ရှိတော့၏။

၁၄ ရက်နေ့နေ့လယ်တွင် ဂူဒယ်ရီယန်၏ တပ်မသုံးခုစလုံး မြူစ်ကို ဖြတ်ကျော်ပြီးကြပြီ။ နောက်ကျမှ တန်ပြန်တိုက်လာသော ပြင်သစ်ထိုးစစ်ကို တွန်းလှန်တိုက်ခိုက်ခဲ့၏။ ဂူဒယ်ရီယန်၏ တပ်မကြီးသည် အနောက်ဘက်သို့

၁။ General Student

၂။ General Dollmanc

၃။ Dinant

www.burmeseclassic.com

www.burmeseclassic.com




THE INVASION OF FRANCE, 14th MAY-25th JUNE, 1940

ပြင်သစ်တိုက်ပွဲစဉ် ဒုတိယကမ္ဘာစစ်

ကွေ့၍ ချီတက်ကြ၏။ နောက်တစ်နေ့ ညနေတွင် မြစ်နောက်ဘက်မှ ခံစစ်ကြောင်းကို ဂျာမန်တပ်များက လွန်မြောက်ကြပြီး ရေလက်ကြားဆိပ်ကမ်းမြို့များသို့ ဦးတည်နေသော (အနောက်ဘက်သို့သွားသည့်) မိုင် ၁၆၀ မျှ လမ်းမကြီးများမှာ ပန်ဇာတပ်များအတွက် ပွင့်လျက်ရှိချေပြီ။

၁၅ ရက်ည (နောက်တစ်နေ့ည)တွင် ပို၍သတိထားသော ကလိစ်က ဂူဒယ်ရီယန်တပ်များအား အရပ်ခိုင်းလိုက်ပြီး နောက်က ခြေလျင်တပ်များမီလာအောင်စောင့်၍ တံတားဦးကို ခိုင်ခံ့အောင်လုပ်ရန် အမိန့်ပေးခဲ့လေသည်။ အပြင်းအထန် ဂူဒယ်ရီယန်နှင့် ငြင်းခုံရပြီးနောက် ကလိစ်က အမိန့်ကို ပြင်ပေးပြီး တံတားဦးကို ပိုမိုကျယ်ပြန့်အောင်လုပ်ရန် တာဝန်ပေးခဲ့၏။ ယင်းပြင်ပေးသော အမိန့်ကို အခွင့်ကောင်းယူပြီး ဂူဒယ်ရီယန်သည် နောက်တစ်နေ့၌ နောက်ထပ် မိုင် ၅၀ ချီတက်ခဲ့ပြီး အွိုက်ဆေး[၁]သို့ ရောက်ခဲ့လေသည်။ ကျန် ပန်ဇာတပ်များကလည်း အနောက်ဘက်သို့ ချီတက်ခဲ့ကြ၍ တံတားဦးသည် မိုင် ၆၀ ကျယ်ပြန့်ခဲ့လေသည်။ ဘယ်ဂျီယံနိုင်ငံအတွင်းရောက်နေသော မဟာမိတ်တပ်များနောက်မှ လမ်းမကြီးများတွင် ဂျာမန်တင့်ကားများက ဒီရေတက်သလို လှိမ့်ဆင်းလာခဲ့ကြ၏။

ဂျာမန်တို့က ဘာကိုဦးတည်တိုက်သည်ကို ပြင်သစ်စစ်ဌာနချုပ်က မသိသဖြင့် တင့်ဒီလှိုင်းသည် ပို၍အရှိန်ပြင်းစွာဖြင့် အနောက်ဘက်သို့ [illegible] နိုင်၏။ ဆီဒင်နေရာမှ ဖောက်ဝင်တိုက်ခိုက်ခြင်း၏ [illegible]အခွင့်သာမှုမှာ [illegible] ဗဟိုနေရာဖြစ်သဖြင့် မည်သည့်နေရာကိုမဆို ခြိမ်း[illegible]ခြောက်နိုင်ပြီး ပြောင်းလဲတိုက်[illegible]နိုင်သည့် ရည်မှန်းချက်အားလုံးကို ဦးတည်ထား[illegible]ခြင်းဖြစ်၏။ ရေလက်ကြားဆိပ်ကမ်းမြို့များကို ဦးတည်ထားနိုင်ခြင်းဖြစ်၏ ရေလက်[illegible]ဆိပ်ကမ်းမြို့များကို ဦးတည်ထားသလော။ ပါရီကိုပင် ဦးတည်[illegible]သလော။ အနောက်ဘက်သို့ ဆက်လက်ချီတက်နေကြ၍ အစတွင် ပန်ဇာတပ်များ[illegible]သည့် တောင်ဘက်ကိုချိုးပြီး ပါရီကိုတိုက်မည်ဟု ထင်ရ၏။ ပြင်သစ်များကလည်း [illegible] ယင်းသို့သာ တွက်ချက်ခဲ့လေသည်။ ဂျာမန်တို့၏ ထိုးစစ်လက်နက်ကလည်း အလွန်လျင်မြန်စွာ ကစားနိုင်သည်ဖြစ်သောကြောင့် သူတို့၏ မဟာဗျူဟာ ပြောင်းလွယ်ပြင်လွယ် ဖြစ်မှုမှာ ပို၍ပင် တန်ဖိုးရှိခဲ့၏။ လျင်မြန်စွာ စစ်ကစားနိုင်မှုနှင့် မဟာဗျူဟာ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု ဆူးနှစ်ခုအကြားတွင် ပြင်သစ်တပ်များမှာ အခက်ကြုံခဲ့ရလေသည်။

ထိုးစစ်အဆင့်တိုင်းတွင်ပင် အချိန်သည် အလွန်အရေးပါပြီး အချက်အချာနေရာတွင် ရှိသည်ကို တွေ့ရ၏။ ပြင်သစ်တို့ တုံ့ပြန်မှုအားလုံးမှာ ပြောင်းလဲနေသော အခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်သဖြင့် အားလုံး အချည်းနှီးဖြစ်ခဲ့ရလေသည်။ ဤသို့ဖြစ်ရသည်မှာ ဂျာမန်မြားဦးတပ်များသည် ပြင်သစ်စစ်ဌာနချုပ်တွက်ချက်သည်ထက်(ဂျာမန်စစ်ဌာနချုပ်က တွက်ချက်သည်ထက်လည်း) လျင်မြန်လွန်းနေ၏။ ပထမကမ္ဘာစစ်က နှေးနှေးကွေးကွေး နည်းနာများနှင့် လေ့ကျင့်ထားသော ပြင်သစ်များမှာ ခေတ်သစ်၏ မြန်ဆန်လှသောအရှိန်ကို လိုက်မမီဘဲ ယင်းအချက်ကြောင့်ပင်လျှင် ပြင်သစ်တပ်များအတွင်း မလှုပ်နိုင် မရှားနိုင် ဆုတ်ဆိုင်းသည့် စိတ်ဓာတ်များ ပျံ့နှံ့ခဲ့ရ၏။ **ပြင်သစ်တို့၏ အဓိကချွတ်ယွင်းချက်မှာ ပစ္စည်းလက်နက် အရည်အတွက်နှင့် အမျိုးအစားညံ့ခြင်းမဟုတ်၊ သူတို့၏ စစ်**

၁။ Oise

www.burmeseclassic.com

သဘောတရား မှားယွင်းခြင်း ဖြစ်လေသည်။ သူတို့၏ အတွေးအခေါ်များသည် သူတို့ရန်သူများထက် နှေးကွေးနေပြီး ပထမကမ္ဘာစစ်နည်းနာများတွင် ကျက်စားခဲ့၏။ သမိုင်းတွင် ဖြစ်လေ့ရှိသည့်အတိုင်း စစ်အောင်နိုင်ခဲ့ခြင်း (ပထမကမ္ဘာစစ်တွင် အောင်နိုင်ခဲ့ခြင်းကို ဆိုလိုသည်။ ဘာသာပြန်သူ)က နှစ်သိမ့်ကျေနပ်ရောင့်ရဲခြင်း ဖြစ်စေပြီး တရားသေ တရားကို ဆုပ်ကိုင်မိရင်း အနာဂတ်စစ်ပွဲတွင် စစ်ရှုံးရပြန်၏။

ဂျာမန်ဘက်တွင်လည်း ထိပ်ပိုင်းဗိုလ်ချုပ်ကြီးများက လက်တစ်ဆုတ်စာ ပန်ဇာတပ်မများနှင့် မဟာဗျူဟာမြောက် နက်ရှိုင်းစွာ တိုးဝင်မှုများကို စိုးရိမ်ကြောင့်ကြခဲ့သည်သာဖြစ်၏။ ဟစ်တလာကိုယ်တိုင် တောင်ဘက်တောင်ပံအတွက် အကြောင့်ကြလွန်ပြီး အနောက်ဘက်သို့ တစ်ဟုန်ထိုး ချီတက်နေသော ယန္တရားတပ်မများကို ၂ ရက်မျှ ရပ်နားစေခဲ့သေး၏။ အမှတ် ၁၂ တပ်တော်က မီလာပြီး အေစနီမြစ်တစ်လျှောက်မှ တောင်ပံကာတပ်အဖြစ် လုပ်ဆောင်နိုင်ရန် ဤကဲ့သို့ အနောက်သို့ချီတက်နေသော ပန်ဇာတပ်များအား ရပ်နားစေခဲ့ခြင်း ဖြစ်လေသည်။

ပြင်သစ်တပ်များကသာ ခြေမကိုင်မိ လက်မကိုင်မိ ဆုတ်ဆိုင်းနေသော အခြေအနေမဟုတ်လျှင် ယင်းသို့ ရပ်နားခဲ့ခြင်းသည် ဂျာမန်တပ်များအတွက် အကျိုးနည်းပြီး ဒုက္ခတွေ့နိုင်၏။ ဤကဲ့သို့ ဟစ်တလာ တွေဝေခဲ့ခြင်းမှာ နောက်ရက်သတ္တပတ်တွင် ဖြစ်လာမည့် ပို၍ အခြေအနေဆိုးသည့်အဖြစ်၏ ရှေ့ပြေးသဘော ဖြစ်ပေ၏။ သို့သော် စောစောပိုင်းတွင် မိမိဘက်က အလွန်အရေးသာခဲ့ပြီး မဟာမိတ်များကလည်း အလွန်ပင် အခြေပျက်နေပြီ ဖြစ်သဖြင့် အိုက်ဆေးမြစ်တွင် ဂျာမန်တို့ ရပ်နားခဲ့ခြင်းကြောင့် ဂျာမန်များအတွက် များစွာ နစ်နာခဲ့ခြင်း မရှိချေ။ သို့စဉ်လျက် ယင်းအဖြစ်အပျက်သည် အချိန်တွက်ချက်မှုနှင့်ပတ်သက်၍ ဂျာမန်ဘက်တွင် အရေးပါသည့် သဘောထားကွဲလွဲမှုရှိနေပြီ ဆိုသည်ကို ပြသခဲ့လေသည်။ ဂျာမန်တို့ ရှေးကျသည့် လူဟောင်းကြီးများနှင့် ဂျာမန်ခေတ်သစ်တိုးတက်သူများအကြား သဘောထားကွာဟမှုမှာ ဂျာမန်နှင့် ပြင်သစ်များအကြား သဘောထားကွာဟမှုထက် ကြီးကျယ်သေး၏။

၁၇ ရက်နေ့က ရပ်တန့်ရန် အမိန့်ပေးခဲ့သည်ကို ကန့်ကွက်သည့်အနေနှင့် ဂူဒယ်ရီယန်က မိမိအား တပ်မှူးတာဝန်မှ ရပ်သိမ်းရန် တင်ပြခဲ့၏။ ထိုနေ့ နောက်ပိုင်းတွင်ပင် ဂူဒယ်ရီယန်အား မိမိတပ်ကို ပြန်လည်အုပ်ချုပ်စေ၍ မိမိတပ်များသည် အင်အားကြီးမားသည့် ထောက်လှမ်းမှု ပြုနိုင်ကြောင်း အထက်ဌာနချုပ်မှ အကြောင်းကြားခဲ့လေသည်။

ဂူဒယ်ရီယန်က ယင်းအမိန့်ကို အဓိပ္ပာယ်ပြန်ဆိုလိုက်ရာ၌ ယခင်အခါကများကဲ့သို့ပင် မိမိတပ်မကြီးတစ်ခုလုံးနှင့် ရှေ့သို့ အမြန်ဆုံးချီတက်ရန်ဟူ၍ဖြစ်သတည်း။ ဟန့်တားထားခြင်းကို ရုပ်သိမ်းလိုက်သောအခါ သူ၏ ချီတက်မှုသည် ပို၍ပင် မြန်ဆန်လာပြီး အမိင်းမှ ဖြတ်ဝင်ခဲ့၍ အဘီဗီးလ်[၁] အလွန်၌ ပင်လယ်ကမ်းခြေသို့ ရောက်ရှိကာ ဘယ်ဂျီယံရှိ မဟာမိတ်တပ်များ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်နိုင်ပြီဖြစ်၏။



အထက်စစ်ဌာနချုပ်မှ တစ်ရက်ထပ်ပြီးနားရန် အမိန့်ပေးခဲ့သဖြင့် ဂူဒယ်ရီယန်က ဒေါသူပုန်ထခဲ့ပြီး နောက်တစ်ရက် (မေလ ၂၂ ရက်)တွင် မြောက်ဘက်သို့ ချီတက်၍ ရေလက်ကြား ဆိပ်ကမ်းမြို့များသို့ ရောက်ခဲ့လေသည်။ ဗြိတိသျှတပ်တော်သည် ဘယ်ဂျီယံနိုင်ငံအတွင်း ဘော့၏ခြေလျင်တပ်များက ရှေ့ကဝင်တိုက်သည်ကို ရင်ဆိုင်နေရစဉ် ဂူဒယ်ရီယန်၏တပ်များက ဗြိတိသျှတပ်တော်၏ နောက်သို့ ရောက်နေပြီဖြစ်၏။

ဂူဒယ်ရီယန်၏ ညာဘက်တွင် (ကလိစ်၏ အုပ်စုဝင်ပင် ဖြစ်သည်) ရိုင်းဟာဒ်၏ ပန်ဇာတပ်မကြီး ဖြစ်လေသည်။ ၂၂ ရက်နေ့တွင် ဘိုကုံးကိုလည်းကောင်း၊ နောက်တစ်နေ့တွင် ကာလိုင်းကိုလည်းကောင်း ဂူဒယ်ရီယန်၏ တပ်များက ဖြတ်တောက်၍ အထီးကျန်ဖြစ်စေ၏။ ဤသို့ချီတက်ခဲ့ခြင်းဖြင့် ဒန်းကတ်နှင့် ၁၀ မိုင်ခန့်မျှသာဝေးသည့် ဂရေလိုင်း[၂] သို့ ရောက်လာကြလေသည်။ ရိုင်းဟာဒ်၏ တင့်ကားများသည်လည်း အဲယား-စိန့်အိုမာ ဂရေလိုင်း[၃] တူးမြောင်းတစ်လျှောက်သို့ ရောက်လာပြီး တူးမြောင်းကိုဖြတ်၍ တံတားဦးများ တည်ဆောက်ခဲ့၏။ သို့သော် ဒန်းကတ်သို့ ချီတက်နေခြင်းကို နောက်တစ်နေ့၌ ဟစ်တလာ အမိန့်ဖြင့် ရပ်တန့်ခဲ့ရလေသည်။ ဒန်းကတ်မှာ ဗြိတိသျှတပ်မတော်အတွက် နောက်ဆုံးကျန်နေသည့် တစ်ခုတည်းသော ဆိပ်ကမ်းမြို့ ဖြစ်လေသည်။ အခြား မည်သူကမျှ ကယ်တင်နိုင်ခြင်း မပြုနိုင်တော့သည့်တွင် ဟစ်တလာ ရပ်တန့်အမိန့်က ဗြိတိသျှတပ်တော်အား ကယ်တင်ခဲ့လေသည်။

ထို့ကြောင့် ဘယ်ဂျီယံတပ်မတော်တစ်ခုလုံးနှင့် ဘယ်တောင်ပံမှ ပြင်သစ်တပ်တော်သုံးခုတို့ တွေ့ကြုံခဲ့ရသည့် ကံကြမ္မာမှ ဗြိတိသျှတပ်တော် လွတ်မြောက်ခဲ့ရ၏။ နှစ်ရက်ကြာသောအခါ ရပ်တန့်အမိန့်ကို ပယ်ဖျက်ခဲ့ပြီး ဂျာမန်တပ်များက ဆက်လက်ချီတက်ခဲ့ကြသောအခါ ဗြိတိသျှတို့က ခံစစ်များကို ပိုမိုခိုင်ခံ့အောင် လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပြီး မိမိတို့နောက်ပိုင်းတပ်များက ဂျာမန်တပ်တို့အား ဟန့်တားထားခဲ့နိုင်သောကြောင့် ဗြိတိသျှတပ် ၂၂၄၀၀၀ နှင့် မဟာမိတ်တပ် (ပြင်သစ်တပ်အများဆုံးဖြစ်၏) ၁၁၄၀၀၀ ကို ပင်လယ်မှ အောင်မြင်စွာ ဆုတ်ခွာ

---

၁။ Adbeville

၂။ Gravelines

၃။ Aire-St Omar-Gravelines

www.burmeseclassic.com

www.burmeseclassic.com


နိုင်ကြပြီ ဖြစ်၏။ သို့စဉ်လျက် ဂျာမန်တပ်များသည် မဟာမိတ်တပ်တစ်သန်းခန့်ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးနိုင်ခဲ့၍ မိမိတို့ ဆုံးရှုံးမှုမှာ ၆၀၀၀၀ မျှသာ ရှိလေသည်။ သွယ်ဝိုက်ချဉ်းကပ်မှု စစ်ဆင်ရေးကြီး၏ ရလဒ်များ ဖြစ်ချေ၏။

ဂျာမန်များအတွက် ကံဆိုးစေသည့် ဟာစ်တလာ ပေးခဲ့သော ရပ်တန့်အမိန့်သည် မည်သည့်အခါမျှ ရှင်းလင်းအောင် နားလည်နိုင်မည်မဟုတ်သည့် ပဟေဠိအဖြစ် တည်နေလေတော့မည်။ ဟာစ်တလာကိုယ်တိုင် ရှင်းပြခဲ့သည့် အကြောင်းတစ်ရပ်ကား သူ၏သံချပ်ကားများ နွံနစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ဟာစ်တလာသည် ပထမကမ္ဘာစစ်အတွင်းက တပ်ကြပ်အဖြစ် ဖလင်းဒါးရွှံ့နွံများအကြောင်းကို ကောင်းစွာ သိရှိခဲ့ရလေသည်။ နောက်တစ်ကြောင်းမှာ ပြင်သစ်အား အလဲထိုးနိုင်ရန် နောက်ဆက်တွဲစစ်ဆင်ရေးများအတွက် သူ၏သံချပ်ကားများ လို၏။ သံချပ်ကားများ မပျက်မစီး အကောင်းအတိုင်းရှိရန် အရေးကြီးပေသည်။ နောက်တစ်ကြောင်းမှာ ဂိုအာရင်းနှင့် သူ၏ ဂျာမန်လေတပ်က အမြဲ ကြွားဝါပြောလေ့ရှိသည့်အတိုင်း ဗြိတိသျှတပ်များ ဒန်းကတ်သို့ ဆုတ်ခွာခြင်း မပြုနိုင်အောင် လေတပ်ဖြင့် ဖြတ်တောက်ချေမှုန်းပစ်မည်ဆိုသော အာမခံချက် ဖြစ်လေသည်။ သို့သော် အသေအချာ ဆန်းစစ်ကြည့်သောအခါ မေလ ၂၀ ရက်နေ့က အရားစ်[၁] အနီးတွင် ဂျာမန်တပ်များ ပင်လယ်ကမ်းခြေဘက်သို့ ဆက်လက်ချီတက်ကြစဉ် ဗြိတိသျှတင့်တပ်ရင်း ၂ ခုက ဂျာမန်တပ်များတောင်ပံကို တန်ပြန်တိုက်ခိုက်ခဲ့ကြသောကြောင့် ဖြစ်ပေါ်ခဲ့ရသော စိတ်ဓာတ်ရေးရာ အကြောင်းများက လတ်တလောအကြောင်းဖြစ်သည်ကို တွေ့ရ၏။ အလွန်ရဲဝံ့စွာ မဟာဗျူဟာမြောက် နက်ရှိုင်းစွာ ထိုးဝင်တိုက်ခိုက်ခြင်း၏ အန္တရာယ်များပုံကို ဟာစ်တလာနှင့် ထိပ်ပိုင်း ဂျာမန်တပ်မှူးကြီးများက အမြဲပင် စိုးရိမ်ကြောင့်ကြခဲ့ကြလေသည်။ ဗြိတိသျှတို့က တန်ပြန်တိုက်ခိုက်ခဲ့ကြသောအခါ အရေးကြီးလှသည့် အချိန်တွင် ဟာစ်တလာသည် စိတ်ဓာတ်ချောက်ချားခဲ့ခြင်း ဖြစ်လေသည်။ ကလိစ်သည် ဂူဒယ်ရီယန်အား အမြဲဇက်ထိန်းထားခဲ့၏။ ကလိစ်အထက်မှ တပ်တော်မှူးကာလုချ်ကမူ အရားစ်နေရာမှ အခြေအနေရှင်းလင်းသွားသည်အထိ ဂျာမန်တပ်များ ဆက်လက်ချီတက်ခြင်းမပြုဘဲ နေစေလို၏။ ယင်းတပ်မှူးကြီးများ၏ စိုးရိမ်စိတ်က ရမ်းစတက်အား လွှမ်းမိုးခဲ့လေသည်။ ထို့ကြောင့် ရမ်းစတက်ဌာနချုပ်သို့ ၂၄ ရက်နေ့ နံနက်တွင် ဟာစ်တလာ ရောက်လာပြီးသောအခါ ရမ်းစတက်၏ စိုးရိမ်မှုများက ဟာစ်တလာအား ပို၍ စိုးရိမ်လာစေခဲ့၏။ ထို့ကြောင့် ထိုအစည်းအဝေး ပြီးလျှင်ပြီးချင်း ဟာစ်တလာက ရပ်တန့်အမိန့် ထုတ်ပြန်ခဲ့ခြင်း ဖြစ်လေသည်။ ယခုကိစ္စတွင် ဘရောက်ချစ်နှင့် ဟော်ဒါတို့ကပါ ရှေ့သို့ ဆက်လက် ချီတက်သည့်ဘက်က ဖြစ်၏။ သို့သော် သူတို့နှင့် ဂူဒယ်ရီယန်အကြား တပ်မှူးများကမူ ဟာစ်တလာ၏ စိုးရိမ်ကြောင့်ကြမှုကို ထောက်ခံအားပေးကြလေသည်။

ဂျာမန်တပ်များ ဒန်းကတ်မြို့ဝင်ပြီး နောက်တစ်နေ့ဖြစ်သော ဇွန်လ ၅ ရက်နေ့တွင် တိုက်ပွဲစဉ်၏ နောက်ဆုံးအဆင့်ကို စတင်ခဲ့လေသည်။ ထိုးစစ်မစတင်မီကလေးတွင် ဂျာမန်တို့ လုပ်ဆောင်ချက်မှာလည်း အံ့သြဖွယ်ရာပင်ဖြစ်၏။ ယခင်က အနောက်မြောက်ဘက်ကို ဦးတည်ချီတက်လျက်ရှိသော ပန်ဇာတပ်များကို တောင်ဘက်သို့ ချက်ချင်း အရပ်မျက်နှာပြောင်းစေပြီး ထိုးစစ်လုပ်ခဲ့ခြင်း ဖြစ်လေသည်။ ဤကဲ့သို့ ချီတက်ရာ အရပ်မျက်နှာကို ချက်ချင်းပြောင်းလဲစေ၍ ပြန်လည်အင်အားစုစည်းနိုင်ခြင်းမှာ ယန္တရားလှုပ်ရှား စစ်ကစားနိုင်မှုက မဟာဗျူဟာကို တော်လှန်ပစ်လိုက်ခြင်း၏ သာဓကတစ်ရပ် ဖြစ်ချေ၏။

ယခု ထိုးစစ်မှာ ဆော်မ်နှင့် အေစနီ[၁] မြစ်တစ်လျှောက် ခံစစ်ဆင်နေသော ပြင်သစ်တပ်များအား ဦးတည်တိုက်ခိုက်ခြင်းဖြစ်၏။ ထို့ကြောင့် စစ်မျက်နှာအသစ်ဖြစ်လေသည်။ ယခုစစ်မျက်နှာမှာ မူလစစ်မျက်နှာထက် ရှည်လျားသော်လည်း ထိန်းထားရသော မဟာမိတ်တပ်များမှာ ယခင်ကထက် အလွန်အင်အားနည်းနေပြီဖြစ်၏။ ပြင်သစ်တို့တွင် တပ်မ ၃၀ ဆုံးရှုံးခဲ့ပြီဖြစ်ပြီး ဗြိတိသျှတပ်မ ၂ ခုမှလွဲ၍ အခြားမဟာမိတ်တပ်များ မရှိတော့ချေ။ ဝေဂန်က ဂယ်မလင်နေရာကို တက်ယူခဲ့၍ မက်ဂျိနော့ ခံတပ်အတွင်းမှ တပ်မ ၁၇ ခုအပါအဝင် တပ်မ ၆၆ ခု အင်အားစုစည်းနိုင်၏။ ဆောမ်အေစနီ ခံစစ်ကြောင်းနှင့် မက်ဂျိနော့ခံတပ်ဟို့မှာ တစ်ဆက်တည်း ဖြစ်နေ၏။

ယခု ထိုးစစ်တွင်လည်း စီမံချက်တွင် ထည့်သွင်းရေးဆွဲခဲ့ခြင်းမရှိဘဲ ရမ်းစတက်၏ တပ်တော်စုက အဆုံးအဖြတ်ပေးနိုင်သော ထိုးစစ်ကို လုပ်ဆောင်ခဲ့ရ၏။ မူလတွင် ပန်ဇာတပ်မ ၁၀ ခုရှိသည့်အနက် ၆ ခုကို ဘော့တပ်တော်စုသို့ ပေးခဲ့၏။ သို့သော် စီမံချက်သည် ပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး ထိုးစစ်သည် စီမံချက်အတိုင်း ဖြစ်မလာသောအခါ ဘော့တပ်တော်စုက ရန်သူအာရုံပြောင်းစေသည့် အပိုင်းကနေ၍ ရမ်းစတက်တပ်တော်စုက အဆုံးအဖြတ်ပေးနိုင်သော ထိုးစစ်ကို လုပ်ဆောင်ခဲ့၏။ သံချပ်ကာတပ်များက ပြောင်းလဲတိုက်ခိုက်နိုင်သော ရည်မှန်းချက်များထား၍ ထိုးစစ်ပြုလုပ်နိုင်ကြောင်းကို သက်သေထူပြခဲ့ခြင်း ဖြစ်လေသည်။

---

[၁] Arras

[၁] Somme and Aisne
www.burmeseclassic.com

www.burmeseclassic.com

ဘော့တပ်တော်များက ဖွန်လ် ၅ ရက်နေ့တွင် ဆက်တိုက်ကြပြီး ရမ်းစတက် တပ်တော်များကမူ မိမိတပ်များ ပြန်လည်ဖြန့်ခွဲနေရာယူကြရ၍ နောက် ၄ ရက်ကြာမှ တိုက်ခိုက်နိုင်လေသည်။ ဘေလာ့၏ ထိုးစစ်မှာ များစွာမအောင်မြင်ဘဲ နက်ရှိုင်းစွာ ထိုးဖောက်နိုင်ခြင်းမပြုနိုင်ချေ။ ညာဘက်အစွန်မှ ရော်မဲလ်၏ တပ်မသည် ၃ ရက်မြောက်နေ့တွင် ပြင်သစ်ခံစစ်ကြောင်းကို ဖောက်ထွင်း၍ ချီတက်နိုင်ကြပြီ ဖြစ်၏။

ဤကဲ့သို့ ရော်မဲလ်အောင်မြင်ခဲ့ခြင်းမှာ မည်သည့် သမားရိုးကျရန်သူကမျှ မမျှော်မှန်းသည့် ရဲဝံ့မှုကို ပြသတိုက်ခိုက်နိုင်သောကြောင့် ဖြစ်၏။ မည်သည့် စစ်ဦးစီးတက္ကသိုလ် လေ့ကျင့်ခန်းများတွင်မျှ ရော်မဲလ်လုပ်ရပ်သည် လက်တွေ့လုပ်၍ ဖြစ်နိုင်မည်၊ အောင်မြင်နိုင်မည်ဟု အဖြေပေးကြမည်မဟုတ်ချေ။ ရော်မဲလ် ချီတက်ရာဘက်တွင် ပြင်သစ်များက ဆော်မ်မြစ်ပေါ်မှ ကားလမ်းတံတားအားလုံးကို ဖျက်ဆီးထားပြီးဖြစ်၏။ ရထားတံတားနှစ်ခုကိုမူ မဖျက်ဆီးသေးဘဲ ချန်ထား၏။ ပြင်သစ်တပ်များက တန်ပြန်ထိုးစစ်ပြုလုပ်သောအခါ ယင်းတံတားများကို အသုံးပြုရန် ဖြစ်လေသည်။ ရထားလမ်းမှာ တစ်ကြောင်းသွားလမ်း[၁] ဖြစ်ပြီး တစ်မိုင်ခန့် ရှည်လျား၍ ရွှံ့နွံပေါ်များသည့် မြစ်နံဘေးမှ ရေကာတာနှစ်ခုအကြားတွင် ဖောက်လုပ်ထားခြင်းဖြစ်၏။ ထို့ကြောင့် ထိုရထားလမ်းတံတားနှစ်ခုကို ပြင်သစ်တို့က မဖျက်ဆီးဘဲ ချန်ထားခြင်းမှာ အလွန်စွန့်စားရာ မကျပေ။ လိုအပ်လျှင် မိမိတို့က ပြန်သုံးနိုင်အောင် ချန်ထားခဲ့ခြင်းဖြစ်၏။ ခြေလျင်တပ်အနေနှင့် ယင်းတံတားများပေါ် ချီတက်စေခြင်းကပင်လျှင် ကြိုးတန်းလျှောက်သကဲ့သို့ တကယ်စွန့်စားပြုလုပ်ရမည် ဖြစ်လေသည်။ သို့သော် ရော်မဲလ်သည် တံတားနှစ်ခုကို နံနက်မလင်းမီရရှိပြီး မြစ်နံဘေးမှ တောင်ကုန်းတစ်ခုကိုပါ ရရှိသောအခါ ဇလီဖားတုံးများ၊ ရထားသံလမ်းများကို တံတားပေါ် ပြန်ခင်းပြီး မိမိတင့်ကားများနှင့် တံတားကို ဖြတ်ကူးတော့၏။ ကြိုးတန်းလျှောက်သလို ဖြတ်ကူးကြရခြင်းဖြစ်၏။ ရန်သူကလည်း အမြောက်နှင့် လှမ်း၍ ပစ်ခတ်လျက်ရှိ၏။ တံတားပေါ်မှ ဖြတ်ကူးရန် အလာ တင့်ကားတစ်စီးပျက်၍ ဆက်မသွားနိုင်တော့ဘဲ နာရီဝက်မျှ ရပ်နားပြင်ဆင်ခဲ့ရပြီးနောက် တံတားများကို အောင်မြင်စွာ ဖြတ်ကူးနိုင်ကြလေသည်။

ပထမနေ့တွင် ၈ မိုင် ချီတက်နိုင်ပြီး ဒုတိယနေ့တွင် မိုင် ၂၀ ပေါက်၍ တတိယနေ့တွင် မိုင် ၃၀ ချီတက်နိုင်ခဲ့၏။ လယ်တောများ၊ လမ်းမရှိသည့်နေရာများ၊ ကွင်းပြင်များမှ ဖြတ်၍ ချီတက်ခဲ့ခြင်းဖြင့် လမ်းဆုံများတွင် ပြင်သစ်တို့ချထားသော ခံစစ်ကတုတ်များရန်မှ ကင်းဝေးစွာဖြင့် ချီတက်နိုင်ခဲ့လေသည်။

၁။ Single Track

ယင်းသို့ နက်ရှိုင်းစွာ ထိုးဝင်ခဲ့ခြင်းကြောင့် ပြင်သစ်အမှတ် ၁၀ တပ်တော်မှာ နှစ်ခြမ်းကွဲသွား၏။ ကွဲသွားသော ကွက်လပ်မှာ တဖြည်းဖြည်း ပိုကျယ်လာပြီး အခြား ဂျာမန်တပ်မများက ယင်းကွက်လပ်မှ ဆက်၍ချီတက်ခဲ့ကြလေသည်။ စတုတ္ထနေ့ဖြစ်သော ၈ ရက်နေ့တွင် ရော်မဲလ်သည် ရောင်အမ်[၁] တောင်ဘက် စိန့်မြစ်သို့ ရောက်လာပြီ ရောင်အမ်နှင့် စိန့်မြစ်အကြား ပြင်သစ်တို့က ကမန်းကတန်း လုပ်ထားသော ခံစစ်များအကြား မိုင် ၄၀ ထိုးဖောက်ချီတက်ခဲ့ခြင်း ဖြစ်လေသည်။ ပြင်သစ်တပ်များ ပြန်လည်စုစည်း၍ စိန့်မြစ်ကာကွယ်ရေး မလုပ်နိုင်မီ ရော်မဲလ်တပ်များက မြစ်ကို ဖြတ်ကူးမိကြပြီဖြစ်၏။ ၁၀ ရက်နေ့တွင် ရော်မဲလ်သည် မိုင် ၅၀ မျှဝေးသေးသော ပင်လယ်ကမ်းခြေဘက်သို့လှည့်ပြီး ချီတက်ပြန်၏။ ညနေတွင် ကမ်းခြေသို့ရောက်ခဲ့ပြီး ပြင်သစ်အမှတ် ၁၀ တပ်တော်၏ ဘယ်တော်ပံ ချွာစစ်ဆင်နေခြင်းကို ဖြတ်တောက်ပစ်နိုင်ခဲ့လေသည်။ ဗြိတိသျှ အမှတ် ၅၁ ဟိုင်းလန်းတပ် အပါအဝင် တပ်မ ၅ ခုကို ဖြတ်တောက်နိုင်ပြီး အဝိုင်းခံနေရသော တပ်မ ၅ ခုသည် ၁၂ ရက်နေ့၌ စိန့်ဗလရီ[၂] တွင် လက်နက်ချအပ်ကြလေသည်။

ထိုအချိန်တွင် ဆော်မ်မြစ်မှ ဂျာမန်တို့၏ အဓိက ညာတောင်ပံထိုးစစ်သည် ထင်သလောက် မအောင်မြင်ခဲ့ချေ။ အမိန်းနှင့် ပီရုံးတွင် ဆော်မ်ကို ဖြတ်ကူးသော တံတားနှစ်ခုမှ နှစ်ဖက်ညှပ်တိုက်နည်းဖြင့် ကလိ(စ)၏ ပန်ဇာတပ်မကြီးနှစ်ခုက တိုက်ခိုက်ခြင်းဖြစ်၏။ အမိန်းမှ ညာဘက် ညှပ်ပူးညှပ်ပိတ်တပ်သည် ၈ ရက်နေ့တွင် ပြင်သစ်ခံစစ်ကို ဖောက်ထွင်းနိုင်၍ တောင်ဘက်သို့ကွေ့ပြီး အိုက်ဆေးမြစ်အောက်ဘက်သို့ ချီတက်ခဲ့၏။ ဘယ်ဘက် ညှပ်ပူးညှပ်ပိတ်တပ်များသည် ကွန်ပီနီ[၃] နေရာတွင် ရန်သူက ပြင်းပြင်းထန်ထန် ခုခံ၍ ရှေ့ဆက်မတက်နိုင်ချေ။

အေစနီမြစ်ကြောင်းတွင် ၉ ရက်နေ့၌ တိုက်သော ရမ်းစတက်၏ တပ်တော်စုသည် ရန်သူကို လျင်မြန်စွာ ဖောက်ထွက်နိုင်၍ ဂျာမန်စစ်ဌာနချုပ်က ကလိ(စ)၏ ပန်ဇာတပ်မကြီးနှစ်ခုကို ပြင်သစ်တို့ ပေါက်သွားသော အေစနီခံစစ်နေရာမှ ချီတက်စေ၍ ရှန်ပိန်ဒေသတွင် ပြိုကွဲနေပြီဖြစ်သော ပြင်သစ်တပ်များအား အပြတ်ထုတ် စစ်ဆင်စေခဲ့လေသည်။ လျင်မြန်စွာ စစ်ကစားနိုင်သော သံချပ်ကာတပ်များ၏ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု သာဓကတစ်ရပ်ဖြစ်၏။

အဆုံးအဖြတ်ပေးနိုင်သော ထိုးဝင်တိုက်ခိုက်မှုကို ဂူဒယ်ရီယန်၏တပ်များကပင် လုပ်ဆောင်နိုင်ခဲ့လေသည်။ မဟာဗျူဟာမြောက် နက်ရှိုင်းစွာ ထိုးဝင်

၁။ Rouen
၂။ St Valery
၃။ Compiegne

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်ခြင်းနှင့် သွယ်ဝိုက်ချဉ်းကပ်မှုကို တွဲ၍သုံးသည့် သာဓကတစ်ရပ်ပင် ဖြစ်၏။ ယခုအခါတွင် ဂူဒယ်ရီယန်သည် ရမ်းစတက်၏ ပန်ဇာအုပ်စုကို ကွပ်ကဲနေရပြီဖြစ်၏။ သူ၏ ပန်ဇာတပ်မကြီးနှစ်ခုသည် ပါ့(စ)ဒီဆောလိုင်းမှ မိုင် ၂၀၀ ခန့် ချီတက်ခဲ့ကြပြီး အေစနီမြစ်နံဘေး ရက်သယ်[၁] အနီးတွင် စုစည်းထားရှိလေသည်။ အမှတ် ၁၂ ခြေလျင်တပ်တော်က မြစ်ဟစ်ဖက်မှ ရာတိုးပေါစီယံ[၂] အနီးတွင် နေရာသုံးခုကို ခြေကုပ်ရထားပြီး ဂူဒယ်ရီယန်သည် သူ၏ရှေ့ပိုင်းမှ ပန်ဇာတပ်မများကို ညအချိန်တွင် ယင်းတံတားဦးနေရာများသို့ ပို့ပေးထား၏။ နောက်တစ်နေ့ဖြစ်သော ၁၀ ရက်နေ့တွင် ပန်ဇာတပ်မများက ဖောက်ထွက်ကြ၍ ပြင်သစ်တပ်များ ခံစစ်ယူထားသည့် သစ်တောများ၊ ရွာများကို ရှောင်ကွင်းပြီး လျင်မြန်စွာ ချီတက်ခဲ့ကြလေသည်။ ပြင်သစ်သံချပ်ကာတပ်များက ပြန်လည်တိုက်ခိုက်သဖြင့် တိုက်ပွဲအနည်းငယ် ဖြစ်ပွားခဲ့သော်လည်း ပထမ ၂ ရက်အတွင်း မိုင် ၂၀ မျှ ခရီးပေါက်ခဲ၏။ တတိယနေ့တွင် ဂူဒယ်ရီယန်၏ ညာဘက်တောင်ပံသည် ရှလွန်ဆူအာမန်း[၃] ကိုရောက်၍ စတုတ္ထနေ့တွင် ဂွင်ထရီလဖန်ကိုင်း[၄] ကို ရောက်၏။ စတင်ထွက်ခဲ့ရာမှ မိုင် ၆၀ ဝေးလေသည်။ သူ၏ ဘယ်တောင်ပံသည်လည်း ရန်သူတို့နံဘေးမှ တိုက်ခြင်းများကို ပြန်လည်တိုက်ခိုက်ချေမှုန်း၍ ညာတောင်ပံနှင့် တစ်ပြေးတည်း ချီတက်နိုင်ခဲ့၏။ ထို့နောက် ဂူဒယ်ရီယန်သည် ပို၍လျင်မြန်စွာ ချီတက်ပြန်၏။ လန်ဂရေးတောင်ကုန်းကိုကျော်ပြီး (မက်ဂျီနော့ခံတပ်ကြီး နောက်ဘက် အတော်ဝေးဝေးတွင်ရှိ၏။) အရှေ့တောင်ဘက် ဆွစ်ဇလန်နယ်ခြားသို့ ဆက်လက်ချီတက်ခဲ့လေသည်။ ၅ ရက်မြောက် ဇွန်လ ၁၄ ရက်နေ့တွင် တစ်ချီးတည်း မိုင် ၅၀ ဝေးသည့် ရှုမောင့်[၅] သို့ရောက်ပြီးနောက် ၅၈ မိုင်ဝေးသည့် ဆုံး[၆] မြစ်ကို ၁၅ ရက်နေ့တွင်ရောက်၍ ဇွန် ၁၇ ရက်နေ့ စောစောတွင် ဆုံးမှ မိုင် ၆၀ ဝေးသည့် ဆွစ်နယ်ခြားမှ ပွန်တာလီယာ[၇] ကို မြားဦးတပ်မက ဝင်ရောက်ခဲ့လေသည်။ ယင်းသို့ လျင်မြန်စွာ ချီတက်နိုင်ခဲ့၍ မက်ဂျီနော့ခံတပ်တွင် ထိုအချိန်အထိ တွယ်ကပ်နေသော ပြင်သစ်တပ်များ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်နိုင်ခဲ့၏။ ဂူဒယ်ရီယန်၏ အခြားပန်ဇာတပ်မများက မြောက်ဘက် မိုဆယ်[၈] သို့ ချီတက်၍ ပြင်သစ်တပ်တို့၏ ဆုတ်ခွာရာလမ်းကြောင်းကို ပိတ်ဆို့ခဲ့လေသည်။ လွန်ခဲ့သည့် နာရီအနည်းငယ်ခန့်တွင် ၎င်းတို့ တပ်တော်များ ပြိုကွဲ

---

၁။ Rethel
၂။ Chateau-Porcien
၃။ Chalons-Sur, Marnes
၄။ Vitry le Francosis
၅။ Chaumont
၆။ Saone
၇။ Pontarlier
၈။ Moselle



ဆုံးရှုံးခဲ့ပြီဖြစ်၍ ပြင်သစ်အစိုးရက လက်နက်ချရန် ဆုံးဖြတ်ပြီး စစ်ရပ်စဲရန် တောင်းဆိုခဲ့လေသည်။

ဥရောပတိုက်မကြီးတွင် မဟာဗျူဟာအရ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲကို ဂျာမန်များ ရခဲ့သည်မှာ မှန်၏။ သို့သော် ပို၍ အဆင့်မြင့်သည့် မဟာဗျူဟာအဆင့်မှ သုံးသပ်လျှင်မူ ဟစ်တလာသည် ဗြိတိန်ကျွန်းကို အောင်နိုင်ခြင်းမရှိသဖြင့် ထိုအောင်ပွဲသည် စစ်၏ အဆုံးအဖြတ်ကို မပေးနိုင်ခဲ့ချေ။ ဒန်းကတ်တွင် ရပ်တန့်အမိန့်ပေးခဲ့သောကြောင့် တန်ဖိုးပေးဆပ်ရချေပြီ။ တစ်ခုတည်းသော ထွက်ပေါက်မှ ဗြိတိသျှတပ်များ ဆုတ်ခွာခြင်းမပြုနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါလျှင် ဗြိတိန်သည် အကာအကွယ်ကင်းမဲ့နေပြီး အဆောတလျင် ပြင်ဆင်၍ ကမ်းတက်တိုက်လျှင်ပင် ဟစ်တလာက နိုင်ခြေရှိ၏။ သို့သော် ဒန်းကတ်တွင် ဗြိတိသျှတပ်တော်အား ချောင်ပိတ်ဖမ်းနိုင်သော အခွင့်အရေးကြီး ဆုံးရှုံးပြီးနောက် ဗြိတိန်ကို အောင်နိုင်ရန် အသေအချာပြင်ဆင်ပြီး စနစ်တကျ ဖွဲ့စည်းထားသည့် ကမ်းတက်တိုက်ခိုက်မှုပြုမှ အောင်မြင်ရန် လမ်းရှိမည်။ ယင်းသို့ စနစ်တကျ ကမ်းတက်တိုက်ခိုက်ရေး ထိုးစစ်အတွက် ဟစ်တလာတွင် ပြင်ဆင်ပြီးမရှိဘဲ စီမံချက်လည်း မရှိချေ။

နောက်ကျမှ ဟစ်တလာ လုပ်ဆောင်ခဲ့သည်များသည် နောက်ကျလွန်းနေပြီး သူ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များမှာလည်း စိတ်ပါလက်ပါ မရှိလှချေ။ ပင်လယ်ကြောင်းမှဝင်ရောက်နိုင်ရန် လေကြောင်းစိုးမိုးမှု ရရှိရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ဗြိတိန်အပေါ်မှ တိုက်ပွဲ[၁] တွင် ဂျာမနီက ဆုံးရှုံးခဲ့သဖြင့် ဗြိတိန်ကျွန်းကမ်းတက်တိုက်ပွဲစီမံချက်မှာ ကျဆုံးခဲ့ပြီ ဖြစ်လေသည်။

အင်္ဂလိပ်ရေလက်ကြားသည် တင့်ကားမဝင်ရောက်နိုင်ရန် တကယ့်အတားအဆီးကြီးဖြစ်နေ၍ ရန်သူက အလွယ်တကူ ဝင်ရောက်မတိုက်နိုင်သော ဗြိတိန်ကျွန်းက ဟစ်တလာအား စိန်ခေါ်နေသည့်အပြင် သူ၏ဥရောပလွှမ်းမိုးရန် အကြံအစည်ကိုပါ တဖြည်းဖြည်း ပို၍ ခြိမ်းခြောက်လာနိုင်ခဲ့၏။ ထို့ကြောင့် ဟစ်တလာသည် မျှော်လင့်ချက် ကုန်ဆုံးသလိုဖြစ်ရ၍ ယင်းအခြေအနေသည် သူ့အား သေလမ်းသို့ ခေါ်ဆောင်သွားတော့မည် ဖြစ်ပေသည်။

နောက်နှစ်ထဲအထိ ဟစ်တလာသည် ဆက်တိုက် အောင်ပွဲများခံနိုင်၏။ ပထမတွင် ဘော်ကန်ဒေသတွင် အောင်နိုင်ခဲ့၍ နောက်တွင် ရုရှ၌ အောင်ပွဲများ ရခဲ့လေသည်။ ရုရှပြည်တွင်း နက်ရှိုင်းစွာ ဝင်ရောက်မိသော အခါတွင်မှ အရှိန်ပျက်လာပြီဖြစ်၏။ ဟစ်တလာက ကြံစည်ထားသလောက် အကောင်အထည်ဖော်

---

၁။ Battle over Britain

www.burmeseclassic.com

www.burmeseclassic.com

နိုင်ရန် သယံဇာတပစ္စည်းများ ဂျာမနီဟွင်မရှိချေ။ ၁၉၄၁ ခုနှစ်တွင် ပြောင်မြောက်သော အောင်ပွဲများ ရရှိခဲ့စေကာမူ ဟစ်တလာ နိမ့်ကျလာမှုမှာ ဗြိတိန်အပေါ်မှ တိုက်ပွဲမှ စတင်ခဲ့လေသည်။ ယင်းဆုံးရှုံးမှုကို မြစ်ဖျားခံလိုက်သောအခါ ဒန်းကတ်တွင် အောင်ပွဲခံနိုင်ရန် လက်တစ်ကမ်းသာ လိုတော့သည့်အချိန်၌ ရပ်တန့်အမိန့်ပေးခဲ့ခြင်းကို သွားတွေ့ရမည် ဖြစ်သတည်း။

## အခန်း (၁၇)

# ဟစ်တလာ နိမ့်ကျလာခြင်း

၁၉၄၀ ပြည့်နှစ် ဇွန်လမတိုင်မီတွင် ဂျာမနီသည် ဥရောပတိုက်ပေါ်တွင် စိုးနေသော ရောမ ဘီလူးကြီးနှင့်တူ၏။ ဥရောပအနောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတစ်ခုလုံးလိုလိုကို စိုးမိုးထားနိုင်ပြီး အနောက်ဘက်မှ ဗြိတိန်ကျွန်းကသာ အာခံနေလေသည်။ သို့သော် ယင်းမှာ ကမ်းလွန်ဒေသမှ အတားအဆီးကလေးမျှသာ ဖြစ်၏။ ဂျာမနီ အရှေ့မြောက်ဘက်တွင်မူ ဆိုဗီယက်ရုရှ၏ အရိပ်သည် ထိုးထွက်လျက်ရှိပြီး ဂျာမနီအာဏာစိုးမိုးမှုကိုလည်း တားနိုင်သော တစ်ခုတည်းသော နိုင်ငံဖြစ်နေ၏။ အောင်ပွဲများ ဆက်တိုက်ရခဲ့မှုကြောင့် ဟစ်တလာသည် တစ်ကမ္ဘာလုံးကို မစိုးမိုးနိုင်သည့်တိုင်အောင် ဥရောပတစ်ခွင်ကို စိုးမိုးနေနိုင်ပြီဖြစ်၏။ နောက် ၅ နှစ်ကြာသောအခါတွင်ကား ဟစ်တလာ၏ နွေလယ်ည အိပ်မက်များသည် ဘီလူးအစီးခံရသလို အိပ်မက်ဆိုးကြီး ဖြစ်လာခဲ့ချေပြီ။

ဟစ်တလာ စတင်နိမ့်ကျလာရသည်မှာ အင်္ဂလိပ်ချန်နယ်ပယ်တွင် ဖြစ်လေသည်။ အင်္ဂလိပ်ချန်ပြော နားမလည်မှုမှာ သူ့အား သေတွင်းသို့ပို့မည့် ချွတ်ယွင်းချက်ဖြစ်၏။ သူ အောင်နိုင်သွား၍ ကြောက်လန့်တုန်လှုပ်နေသူများအား ဖျောင်းဖျနှစ်သိမ့်ထားပြီး သူ၏ အုပ်ချုပ်ပုံစနစ်သစ်မှာ ဥရောပအတွက် အကျိုးရှိ၍ ကောင်းမြတ်ပါသည်ဟု မိမိအိမ်နီးချင်းနိုင်ငံများအား ဆွဲဆောင်နိုင်လျှင် နှလုံးယုံကြည်ဆုံးခဲ့သည့်နေရာတွင် ဟစ်တလာက အောင်ပွဲခံနိုင်မည် ဖြစ်ပေသည်။ ဂျာမနီ

www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်သော ဥရောပ စည်းလုံးညီညွတ်မှုကို ရရှိမည်ဖြစ်၏။ ယင်းညီညွတ်မှုသာ ရရှိလျှင် ပြင်ပအင်အားစုများက ဖြိုခွဲခြင်းမပြုနိုင်လောက်အောင်ပင် ခိုင်မာနေမည်ဖြစ်၏။ နည်းလမ်းက မဟုတ်သဖြင့် ရည်မှန်းချက်ပါ ပျက်သုဉ်းရလေသည်။

သူ၏ နိုင်ငံရေး ကိုင်တွယ်ချဉ်းကပ်ပုံမှာ တိုက်ရိုက်ကျလွန်း၏။ ခြိမ်းခြောက်ခံရသော နိုင်ငံများအတွင်း ကွဲကွဲပြားပြား ဖြစ်သွားအောင် ပါးနပ်မှုရှိသော်လည်း အတိုက်အခံကို လက်နက်မဲ့ဖြစ်သည်အထိ ပါးနပ်မှုမရှိချေ။ အမျိုးသား ဆိုရှယ်လစ်ဝါဒ[1]တွင် အမျိုးသားဂုဏ်ပုဒ်ကို အထူးပြုလွန်းသောကြောင့် ဆိုရှယ်လစ်ဝါဒက အခြားနိုင်ငံများမှ လူထုတို့ကို ဆွဲဆောင်နိုင်ခြင်းမရှိတော့ချေ။ သံလက်သီးကို စွပ်ထားသော ကတ္တီပါလက်စွပ်အိတ်သည် ပါးလွှာလွန်းလှ၏။ အောင်ပွဲများ ရခဲ့ပြီးနောက်တွင် နိုင်ငံလူထုတို့ကို ပြန်လည်သိမ်းသွင်းစည်းရုံးရာတွင်လည်း ကရော်ကမယ်နိုင်လှပြီး တစ်သမတ်တည်းမရှိချေ။ ရှေ့သို့ ဆက်လက်လှမ်းပြီး စွန့်စွန့်စားစား လုပ်မှုများ မအောင်မြင်လေ ယခင်က အမှားများက တစ်ထပ်ကြီးဖြစ်လာပြီး ဟစ်တလာအား အတိုးနှင့် ဒဏ်ခတ်တော့၏။

အနောက်ပိုင်းတွင် အခြားနိုင်ငံများအား အောင်နိုင်ပြီးနောက် ဗြိတိန်အားနိုင်အောင်မတိုက်နိုင်ခဲ့ခြင်း၊ သို့မဟုတ် ဗြိတိန်နှင့် စေ့စပ်၍ ငြိမ်းချမ်းရေးရအောင်မလုပ်နိုင်ခဲ့ခြင်းမှာ ဟစ်တလာအတွက် ပထမဆုံး အရှုံးခံလိုက်ရခြင်းဖြစ်ပြီး ယင်းမအောင်မြင်မှုက သူ့နောက်မှ တရိပ်ရိပ် လိုက်နေလေတော့၏။ ဗြိတိန်မားမားမတ်မတ်ရှိနေသမျှ ကာလပတ်လုံး ဟစ်တလာက အနောက်နိုင်ငံများကို အုပ်စိုးထားခြင်းမှာ ခိုင်မြဲခြင်းမရှိဘဲ သူ့ကိုလည်း တစ်ချိန်လုံး နှောင့်ယှက်နေမည်သာ ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဗြိတိန်အနေနှင့်လည်း သူတစ်နိုင်ငံတည်းဆိုလျှင် ဟစ်တလာက သူ့အောင်ပွဲများမှ အဖူးအပွင့်တို့ကို ဆွတ်ခူးမစားနိုင်အောင် နှောင့်ယှက်ရုံသာ တတ်နိုင်မည် ဖြစ်လေသည်။ ခုခံမှု၊ နှောင့်ယှက်မှု နှစ်ခုပေါင်းပြီး လုပ်ဆောင်နိုင်လျှင် ဟစ်တလာအား ပျော့ပျောင်းလာစေ၍ တဖြည်းဖြည်းလျှော့ပေးလာပြီး ငြိမ်းချမ်းရေးကို စေ့စပ်ရကောင်းရမည် ဖြစ်၏။ ဟစ်တလာအားအာဏာမဲ့ဖြစ်သွားအောင် လည်းကောင်း၊ သူအောင်နိုင်ပြီးသည်တို့မှ ဆွဲချရန်လည်းကောင်း လုံးဝဖြစ်နိုင်မည် မဟုတ်ချေ။ ယင်းသို့ ပြုလုပ်နိုင်အောင် လမ်းစပေါ်လာရသည်မှာ စိတ်ရှုပ်လာပြီး စိုးရိမ်ကြောင့်ကြစိတ် များနေပြီဖြစ်သည့် ဟစ်တလာက ၁၉၄၁ ခုနှစ် ဇွန်လထဲတွင် အရှေ့ဘက်သို့ စစ်မျက်နှာဖွင့်၍ ရုရှားအားတိုက်ရန် လုပ်ဆောင်ခဲ့သည်မှ စတင်ခဲ့ရ၏။

၁။ National Socialism (NAZI)



www.burmeseclassic.com

ယင်းသို့ ဆုံးဖြတ်ချက်ချသည့်အချိန်မှ ... ပြီး ... သည် သွယ်ဝိုက်ချဉ်းကပ်မှု အဂ္ဂမဟာဗျူဟာ ကျင့်သုံးခြင်းကို စွန့်လွှတ်လိုက်သည်ဟု ဆိုနိုင်ပြီး ယင်းဆုံးဖြတ်ချက်ကပင်လျှင် သူ့အား သေရွာသို့ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်လေသည်။ မကြာမီပင် စိတ်မရှည်တော့၍ လည်းကောင်း၊ နိုင်ချင်လွန်းအားကြီး၍ လည်းကောင်း၊ ဟစ်တလာသည် မဟာဗျူဟာနယ်ပယ်မှာပင် သွယ်ဝိုက်ချဉ်းကပ်သည့်နည်းကို မသုံးတော့ချေ။ ယင်းသို့ ပြောင်းလဲသွားရသည်မှာ အလွန်ပင် ထူးခြားနေ၏။ အကြောင်းမူကား ဟစ်တလာသည် ယခင်အခါများက သွယ်ဝိုက်ချဉ်းကပ်မှုကို အလေးထားကျင့်သုံးခဲ့သောကြောင့် ဖြစ်၏။ အသေးအဖွဲ့ဟု ဆိုနိုင်သည် ဂရိစ်နိုင်ငံနှင့် ပတ်သက်သည့် ကိစ္စ၌ပင်လျှင် ဟစ်တလာသည် သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုခဲ့သေး၏။

## ဘော်လကန်ကို ဂျာမန်တို့ အောင်နိုင်ခြင်း

ဗြိတိသျှတို့က ဆလိုနီးကားသို့ စစ်ကူအနည်းငယ် ပို့ခဲ့ပြီးသည့်နောက် ၁၉၄၁ ခုနှစ် ဧပြီလထဲတွင် ဂျာမနီက ဂရိစ်အား ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ ထိုအချိန်၌ ဂျာမန်တပ်တို့သည် ဘူဂေးရီးယားနိုင်ငံအတွင်း စုရုံးနေကြသည်ဖြစ်သဖြင့် ဂရိစ်တပ်အများစုသည် ဘူဂေးရီးယားမှ ဂရိစ်သို့ဝင်မည့် တောင်ကြားလမ်းများကို ပိတ်ဆို့နေရာယူရန် တာစူလျက်ရှိ၏။ သို့သော် စထရူမာတောင်ကြား[1]သို့ ဂျာမန်တပ်များ ဆင်းလာခြင်းမှာ တိုက်ရိုက်မကျသည့် လှုပ်ရှားမှုတစ်ခုကို ဖုံးကွယ်ရန်သာ ဖြစ်လေသည်။ ဂျာမန်ယန္တရားတပ်များသည် စထရူမာချိုင့်ဝှမ်းအနောက်ဘက်သို့ကွေ့၍ နယ်ခြားနှင့် မျဉ်းပြိုင်ဖြစ်သည့် စထရူမစ်ဇာချိုင့်ဝှမ်း[2]သို့ ချီတက်ခဲ့ကြပြီး တောင်ကြားလမ်းများမှ ယူဂိုစလပ်နှင့် နယ်ခြားဒေသဗာဒါချိုင့်ဝှမ်း[3]အထိ ရောက်ခဲ့ကြ၏။ ဤနည်းဖြင့် ဂျာမန်တပ်များသည် ဂရိစ်နှင့် ယူဂိုစလပ် တပ်မတော်တို့၏ အဆက်နေရာကို ထိုးနှက်ခဲ့ခြင်းဖြစ်၍ ဗာဒါချိုင့်ဝှမ်းမှ ဆလိုနီးကားအထိ အမြတ်ထုတ် စစ်ဆင်ခဲ့လေသည်။ ထို့ကြောင့် သရေ့[4]တွင် ...နေသော ဂရိစ်၏ တပ်တော်အတော်များများကို ဖြတ်တောက်နိုင်ခဲ့၏။

ယင်းထိုးစစ်အပြီး ဂျာမန်တို့က တိုက်ရိုက်ချဉ်းကပ်နည်းဖြင့် ဆလိုနီးကားမှ အိုလမ်ပတ်တောင်[5]သို့ ချီတက်ခြင်းမပြုဘဲ (အိုလမ်ပတ်တောင် ဗြိတိသျှများ

၁။ Struma Valley
၂။ Strumitza Valley
၃။ Vardar Vally
၄။ Thrace
၅။ Mt Olympus

www.burmeseclassic.com

www.burmeseclassic.com

က နေရာယူထား၏။) အနောက်ဘက်မှ မိုနာစတာကွက်လပ်[၁]မှ ကွေ့၍ ဆင်းခဲ့ပြန်၏။ ဤကဲ့သို့ ဂရိ(စ)အနောက်ဘက်ကမ်းခြေသို့ အမြတ်ထုတ် စစ်ဆင်နိုင်ခဲ့သဖြင့် အယ်ဘေးနီးယားနိုင်ငံအတွင်း ရောက်နေသော ဂရိ(စ)တပ်မများကို ဖြတ်တောက်နိုင်ခဲ့သည့်အပြင် ဗြိတိသျှတို့အား နံဘေးမှ ဝန်းရံထားခဲ့လေသည်။ ထို့နောက် မဟာမိတ်တပ်များ ဆုတ်ခွာရာလမ်းကြောင်းကို ခြိမ်းခြောက်ပေးခြင်းဖြင့် ဂရိ(စ)တွင် မဟာမိတ်များ နစ်မှုကို ပြိုကွဲစေခဲ့လေသည်။

## ရုရှကို ဂျာမန်တို့ ဝင်ရောက်တိုက်ခိုက်ခြင်း

ရုရှကို ဂျာမန်တပ်များ ဝင်ရောက်တိုက်ခိုက်ခါစတွင် ဂျာမန်တို့သည် သွယ်ဝိုက်ချဉ်းကပ်နည်းကို စစ်ဆင်ရေးတွင် အသုံးပြုခဲ့သည့်အပြင် ပထဝီအခြေအနေများ ကူညီမှုကြောင့် ပြောင်မြောက်သည့် အောင်မြင်မှုများ ရရှိခဲ့ကြလေသည်။ ထိုစစ်မျက်နှာတွင် အနံမှာ မိုင် ၁၈၀၀ ရှိပြီး သဘာဝအခက်အခဲများ အလွန်နည်းသဖြင့် ထိုးစစ်ဆင်သူက စိမ့်ဝင်ခြင်းနှင့် စစ်ကစားခြင်း ပြုနိုင်ရန် အလွန်အခွင့်သာခဲ့၏။ တပ်နီတော်မှာ အရွယ်အစားအားဖြင့် အလွန်ကြီးမားသော်လည်း အင်အားနှင့် နေရာအချိုးအစား[၂]မှာ အလွန်နည်းသည် ဖြစ်သောကြောင့် ဂျာမန်ယန္တရားတပ်များသည် ရန်သူ့နောက်ဆွယ်သို့ သွယ်ဝိုက်ချဉ်းကပ်နိုင်သည့်နေရာအများအပြား တွေ့ခဲ့ရလေသည်။ တစ်ချိန်တည်းမှာပင် လမ်းများ၊ မီးရထားလမ်းများဆုံရာ မြို့ကြီးများသည် တစ်နေရာနှင့်တစ်နေရာ အလွန်ဝေးသဖြင့် ထိုးစစ်ဆင်သူက ပြောင်းလဲတိုက်နိုင်သော ရည်မှန်းချက်များ ရွေးချယ်နိုင်၏။ ထို့ကြောင့် ဂျာမန်တို့ ဘာကိုရည်ရွယ်တိုက်သည်ကို ရုရှားများက မသိနိုင်ဘဲ ထိုအချက်ကို အခွင့်ကောင်းယူ၍ ဂျာမန်များက ခံစစ်ဆင်သူ ရုရှားတပ်များကို ရှုပ်ထွေးစေပြီး အကျပ်ရိုက်စေခဲ့လေသည်။

သို့သော် အစပိုင်းတွင်သာ ထိုအခွင့်အရေးကို ဂျာမန်တို့က အစွမ်းကုန်အသုံးချ၍ အောင်ပွဲများ ဆင်နိုင်ခဲ့၏။ နောက်ပိုင်းတွင် မည်သည့်ဘက်၌ အမြတ်ထုတ် စစ်ဆင်ရမည်၊ မည်သည့်ဘက်တွင် တိုက်လျှင် မိမိတို့အတွက် အများဆုံးအကျိုးရှိမည်ကို တွက်ချက်ခြင်းမပြုနိုင်သဖြင့် ဂျာမန်များအတွက် အခွင့်ကောင်းများ လက်လွှတ်ခဲ့ရ၏။ စထွက်ကတည်းကပင် ဟစ်တလာနှင့် ဂျာမန်တပ်မတော်

၁။ Monastir Gap

၂။ Ratio of Force to Space



ဌာနချုပ်တို့ သဘောကွဲလွဲခဲ့ကြပြီး နောင်တွင်လည်း မည်သည့်အခါတွင်မှ တစ်စိတ်တည်း တစ်သဘောတည်း မဖြစ်ခဲ့ကြချေ။

ဟစ်တလာက လီနင်ဂရက်အား အဓိကရည်မှန်းချက်အဖြစ် ထားလို၏။ သို့မှ ဘော်လတစ်ကမ်းခြေ (ဂျာမန်တပ်တောင်ပံ)ကို ရှင်းနိုင်ပြီး ဖင်လန်နှင့် လက်တွဲ (ဖင်လန်က ဂျာမန်တို့ဘက်မှ တိုက်ခိုက်လျက်ရှိသည်။ ဘာသာပြန်သူ) နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မော်စကိုမှာ များစွာ အရေးမပါလှဟု ဟစ်တလာက တွက်၏။ သို့သော် ဟစ်တလာသည် စီးပွားရေး အရေးပါပုံကိုလည်း သိရှိသူဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးသော ယူကရိန်းနှင့် စက်မှုထွန်းကားသော ဒနိပါမြစ်အောက်ပိုင်းကိုလည်း မျက်စိကျလျက်ရှိလေသည်။ နေရာနှစ်ခုမှာ အလွန်ဝေးကွာလှသည်ဖြစ်သောကြောင့် စစ်ဆင်ရေးလမ်းကြောင်း တစ်ခုစီလုပ်ရန် လို၏။ ထို့ကြောင့် စစ်ဆင်ရေးလမ်းကြောင်းတစ်ခုတည်းမှ ပြောင်းလဲတိုက်နိုင်သော ရည်မှန်းချက်များကို ခြိမ်းခြောက်နိုင်သဖြင့် စီမံချက် ပြောင်းလွယ်ပြင်လွယ် ဖြစ်သည်နှင့် ယခုအခြေအနေ ခြားနားသည်ကို သတိချပ်ရန် လိုပေသည်။

ဘရောက်ချစ်နှင့် ဟော(လ)ဒါတို့က မော်စကို ဦးတည်ချီတက်သည့်ဘက်တွင် အင်အားစုစည်းသုံးလို၏။ မြို့တော်ကို သိမ်းပိုက်လိုသောကြောင့် မဟုတ်၊ မြို့တော်သို့ ချီတက်ရာလမ်းတွင် ရုရှတပ် အမြောက်အမြားကို ချေမှုန်းနိုင်မည်ဟု ယူဆသောကြောင့် ဖြစ်လေသည်။ ထိုလမ်းစဉ်ကိုလိုက်လျှင် ရုရှားတပ်များအား ယေဘုယျအားဖြင့် အရှေ့ဘက်သို့ တဖြည်းဖြည်း တွန်းပို့သလိုဖြစ်မည်။ ဂျာမန်တပ်များ လက်လှမ်းမမီသည့်နေရာအထိ ရုရှတို့ ဆုတ်ခွာသွားမည့် အန္တရာယ်ရှိသည်ဟု ဟစ်တလာက ယူဆ၏။ ဘရောက်ချစ်နှင့် ဟော်လဒါတို့က ယင်းအန္တရာယ်ကိုရှောင်ရန် အရေးကြီးသည်ကို အသိအမှတ်ပြုပြီး သူတို့လိုလားသလို စောစောပိုင်းတွင် ရုရှတပ်အမြောက်အမြားအား ဝန်းရံတိုက်ခိုက်နည်း[၁]ဖြင့် ချေမှုန်းရန်ကိုလည်း ဟစ်တလာက သဘောတူညီသောကြောင့် ပထမအဆင့် စစ်ဆင်ရေးပြီးသည်အထိ နောက်ထပ်ရည်မှန်းချက်များ သတ်မှတ်မထားရန် သဘောတူညီခဲ့ကြလေသည်။

ဘရောက်ချစ်သည် ဟစ်တလာနှင့် ဆက်ဆံရာ၌ ပြဿနာကို လမ်းတစ်ဝက်မှာ သွားပြီး ရင်ဆိုင်ရန်ကို ရှောင်ကြဉ်လိုသူဖြစ်သည့်အတွက် နောက်ဆုံး၌ အကြီးဆုံးသော ပြဿနာနှင့် ရင်ဆိုင်ခဲ့ရ၏။ လောလောဆယ် ပြဿနာကို ရှောင်ခဲ့၍ နောက်ဆုံး၌ တိုက်ပွဲစဉ် ပြုလုပ်နေစဉ် လမ်းတစ်ဝက်မှာပင် ပြဿနာနှင့် ရင်ဆိုင်တိုးရလေ၏။

၁။ Kessel Schlacht (Battle of Encirclement)

www.burmeseclassic.com



တိုက်ပွဲစဉ် ပထမအဆင့်တွင် ဆွဲဆောင်မှုဗဟိုချက်မကို ဘော့ဂ်တပ်တော်စုနေရာတွင် ရှိစေရန် သဘောတူကြ၏။ တပ်တော်စုမှာ ပရီပက်ရွှံ့နွံများမြောက်ဘက် မင့်(စ်)မော်စကိုလမ်းတစ်လျှောက်တွင် ဖြစ်လေသည်။ ထိုတပ်တော်စုကို ယန္တရားတပ် အများဆုံးပေးထား၏။ ထိုးစစ်စတင်သည့်အချိန်တွင် အရှေ့ပရုပ်ရှားမှ စတင်ချီတက်ရသည့် လီ(ဗ်)[၁]၏ တပ်တော်စုသည် ဘော်(လ)တစ်နိုင်ငံများကို ဖြတ်၍ ချီတက်ခြင်းဖြင့် အဓိကထိုးစစ်ဖြစ်သော ဘော့ဂ်တပ်တော်စု ထိုးစစ်ကို ယောင်ပြလုပ်ပေးသလို ဖြစ်ခဲ့၏။ ထို့ပြင် ပရီပက်ရွှံ့နွံများ တောင်ဘက်မှ ရမ်းစတက်၏ တပ်တော်စုကပါ တိုက်ခိုက်လာသဖြင့် ဂျာမန်တို့ ဘာကိုရည်ရွယ်တိုက်သည်ကို ရုရှားစစ်ဌာနချုပ်က ခန့်မှန်းနိုင်ခြင်း မရှိခဲ့ချေ။

စီမံချက်အရ ဘော့ဂ်တပ်တော်စုဘက်တွင် ဝန်းရံတိုက်ပွဲနှစ်ခုဖြင့် ရန်သူအမြောက်အမြားကို ချေမှုန်းသုတ်သင်ရန်ဖြစ်၏။ ဂူဒယ်ရီယန်နှင့် ဟော(သ)[၂] တို့၏ ပန်ဇာအုပ်စုများက တစ်ဖက်တစ်ချက်စီမှ မင့်(စ)ကို ဦးတည်ချီတက်လျက် မင့်(စ)တွင် ရန်သူကို နှစ်ဖက်ဝန်းရံချေမှုန်းရန်၊ အတွင်းပိုင်းမှ ခြေလျင်တပ်တော်နှစ်ခုဖြစ်သည့် အမှတ် ၄ နှင့် အမှတ် ၉ တပ်တော်တို့က အတွင်းဘက်မှ ဝန်းရံတိုက်ခုက်ရေးတပ်များဖြစ်ပြီး ဘယာလီစတော့[၃]တွင် ရန်သူကို နှစ်ဖက်မှ ဝန်းရံတိုက်ခိုက် ချေမှုန်းရန် ဖြစ်လေသည်။

ဂျာမနီတပ်များက ဇွန်လ ၂၂ ရက်နေ့တွင် ရုရှကို စတင်ဝင်ရောက်တိုက်ခိုက်ကြ၏။ (နပိုလီယံ ရုရှဝင်တိုက်ခဲ့သည်မှာ ဇွန်လ ၂၃ ရက်နေ့ဖြစ်၍ ဟစ်တလာက နပိုလီယံထက် ၁ ရက်စော၏။) ပန်ဇာအုပ်စုနှစ်ခုက လျင်မြန်စွာ နက်ရှိုင်းလှသည့် ထိုးဝင်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ပြီး ၉ ရက်မြောက်နေ့တွင် နယ်ခြားမှ မိုင် ၂၀၀ ဝေးမည့် မင့်(စ)တွင် ပန်ဇာအုပ်စုနှစ်ခုက ရန်သူကို ဝန်းရံမိကြလေသည်။ သူတို့နောက်မှ ခြေလျင်ဝန်းရံတပ်များကလည်း စလိုနင်[၄]တွင် ရန်သူကို ညှပ်ပူးညှပ်ပိတ် ဝန်းရံမိကြ၏။ သို့သော် ဘယာလီစတော့မှ ဆုတ်လာသော ရန်သူတပ်အများစုကို ပိတ်မိခြင်းမရှိချေ။ ဒုတိယအကြိမ် မင့်(စ)အနီး ဝန်းရံခြင်းမှာ ပို၍အောင်မြင်ပြီး ရုရှသုံ့ပန်း ၃ သိန်း ဖမ်းမိ၏။ သို့သော် ဝန်းရံတပ်များ ပိတ်မိခြင်းမရှိမီ ရုရှတပ် အများစုက လွတ်ထွက်သွားကြလေသည်။ ရန်သူတပ် အမြောက်အမြား ဖမ်းမိခြင်းကြောင့် ဂျာမန်များ (ဟစ်တလာက ရုရှကို ဝင်ရောက်တိုက်သည်ကို ဘဝင်မကျခဲ့သည့် ဗိုလ်ချုပ်ကြီးများ အပါအဝင်) အထူးကျေနပ်လျက် ရှိ၏။ ဇူလိုင်လ ၃ ရက်နေ့တွင် ဟော်လဒါက 'ရုရှတိုက်ပွဲ

၁။ Leeb
၂။ Hoth
၃။ Bialystok
၄။ Slonim




www.burmeseclassic.com

www.burmeseclassic.com



စဉ်မှာ တို့တွေက ၁၄ ရက်အတွင်း အောင်နိုင်ခဲ့ပြီလို့ဆိုရင် သိပ်ပြီး ကြွားဝါပြောရာ ရောက်မည်မဟုတ်ဘူး'ဟု ဆိုခဲ့၏။

သို့သော် ဂျာမန်တို့ ထိုးစစ်မှာ အတိတ်နိမိတ်မကောင်းသည့် ဖြစ်ရပ်နှင့် ကြုံရပြီ ဖြစ်လေသည်။ မူလစီမံချက်တွင် ခြေလျင်တပ်များ ဝန်းရံတိုက်ခိုက်ခြင်းကို ကူညီရန် ပန်ဇာတပ် အနည်းငယ်သာ ချန်ထားပြီး ပန်ဇာအုပ်စုများသည် မင့်(စ)မှ ဆက်လက်ချီတက်ရန် ဖြစ်သော်လည်း ခြေလျင်တပ် ဝန်းရံတိုက်ခိုက်မှု ပြီးသည်အထိ ပန်ဇာတို့က စောင့်ဆိုင်းနေရန် ထပ်မံ၍ အမိန့်ထုတ်ခဲ့၏။

သို့သော် နောက်မှ ခြေလျင်အမှတ် ၄ တပ်တော်အား စောင့်မနေဘဲ ဂူဒယ်ရီယန်က မိမိ၏ ပန်ဇာအုပ်စုနှင့် ဒနီပါမြစ်ကြီးကို လျင်မြန်စွာ ဖြတ်ကူးနိုင်သဖြင့် ကုန်ဆုံးသွားသောအချိန်ကို ပြန်၍အစားထိုးနိုင်ခဲ့၏။ မိမိခြေလျင်တပ်များ မရောက်မီ မြစ်ကိုဖြတ်ခြင်းမှာ အလွန်ရဲဝံ့သည့်လုပ်ရပ်ပင် ဖြစ်၏။ ရရှိသည့်အကျိုးကား ရုရှစစ်ကူများ ရောက်မလာမီ ဂူဒယ်ရီယန်၏ ပန်ဇာတပ်များသည် ဒနီပါမြစ်ကျယ်ကြီးကို ကူးပြီးနှင့်လေပြီ။ ညအမှောင်ချိန်တွင် သူ၏ပန်ဇာတပ်များကို စုစည်းလိုက်၍ ရှေ့ကာတပ်များ အကျယ်ကြီး ဖြန့်ထုတ်ပြီးလျှင် ရန်သူတို့စောင့်မနေသည့်နေရာသုံးခုမှ ဇူလိုင်လ ၁၀ ရက်နေ့တွင် မြစ်ကို ဖြတ်ကူးခဲ့ခြင်းဖြစ်၏။ ထို့နောက် ဂူဒယ်ရီယန်သည် စမိုးလင့်[1]သို့ ဆက်လက်ချီတက်ခဲ့၍ ၁၆ ရက်နေ့တွင် ရောက်ခဲ့၏။ ဂျာမန်တပ်များသည် ယခုအခါတွင် ရုရှားပြည်တွင်းသို့ မိုင် ၄၀၀ ရောက်ရှိနေပြီဖြစ်ပြီး မော်စကိုမြို့တော်မှာ နောက်ထပ် မိုင် ၂၀၀ မျှသာ လိုတော့၏။ ဤကဲ့သို့ နက်ရှိုင်းစွာ ထိုးဝင်တိုက်ခိုက်မှုအနေနှင့် ဂျာမန်တို့ ချီတက်မှုနှုန်းမှာ အလွန်ပင် လျင်မြန်ခဲ့လေသည်။

ဟော(သ)၏တပ်များ စမိုးလင့် မြောက်ဘက်သို့ ရောက်ရှိလာပြီဖြစ်သဖြင့် ဒနီပါနှင့် ဒက်စနာအကြား ကျန်နေသော ရုရှားတပ်အမြောက်အမြားကို ဖြတ်တောက်ချေမှုန်းနိုင်ရေးအတွက် နောက်ထပ်တစ်ကြိမ် ဝန်းရံတိုက်ခိုက်နိုင်ရန် ကြိုးစားခဲ့ပြန်၏။ ယင်းရုရှတပ်များမှာ ပန်ဇာတပ်များရှေ့သို့ တစ်ဟုန်ထိုး ချီတက်တိုက်ခိုက်ကြရာတွင် လျစ်လျူရှု ချန်ပစ်ခဲ့သောတပ်များ ဖြစ်လေသည်။ နှစ်ဖက်ဝန်းရံထားခြင်းကို ပိတ်ခါနီးဆဲဆဲဖြစ်ပြီးမှ မြေအနေအထား ခက်ခဲလှပြီး ရွှံ့နွံများ ရှိနေသဖြင့် ရုရှတပ်အမြောက်အမြား လွတ်သွားခဲ့ပြန်လေသည်။ စမိုးလင့်နေရာ၌ ရုရှားတပ် ၁၈၀၀၀၀ ကို ဖမ်းမိခဲ့၏။

ရုရှားတပ်များ နောက်မှ အနားမပေးဘဲ ထက်ကြပ် လိုက်လံတိုက်ခိုက်ရန် အရေးကြီးသည်ကို ဂူဒယ်ရီယန်က တင်ပြခဲ့၏။ ဤကဲ့သို့ ထက်ကြပ်လိုက်တိုက်

၁။ Smolensk



မှသာလျှင် ရုရှားတို့ ၎င်းတို့အင်အားကို ပြန်လည်စုစည်းနိုင်ခြင်း မပြုနိုင်ဖြစ်မည်။ စတာလင်၏ ဦးနှောက်ဖြစ်သည့် မော်စကိုကို ပန်ဇာတပ်များနှင့် ထိုးနှက်ရန် အရေးကြီးပုံ၊ ဤကဲ့သို့ ဗဟိုချက်မနေရာကိုတိုက်ခိုက်နိုင်လျှင် ရုရှားသည် မလှုပ်နိုင် မရှားနိုင် အခြေအနေသို့ရောက်သွားမည် ဖြစ်ကြောင်း၊ မိမိတပ်များအနေနှင့် မော်စကိုအထိ ချီတက်တိုက်ခိုက်နိုင်မည်ဟု ယုံကြည်ကြောင်း ဂူဒယ်ရီယန်က တင်ပြခဲ့ပြီး ဟော(သ)ကလည်း သူတင်ပြသည်ကို သဘောတူညီခဲ့၍ ဘော့ဂ်ကလည်း ထပ်ဆင့်သဘောတူသဖြင့် ဟစ်တလာထံ တင်ပြခဲ့လေသည်။

သို့သော် ဟစ်တလာက သဘောမတူခဲ့ပေ။ သူ၏ မူလရည်မှန်းချက်ဖြစ်သော လီနင်ဂရက်နှင့် ယူကရိန်းကိုတိုက်ရန် အချိန်ဆိုက်ရောက်လာပြီဟု ဟစ်တလာက ယူဆ၏။ အဆိုပါရည်မှန်းချက်များက မော်စကိုထက် အရေးကြီးသည်မှာ စီးပွားရေးနှင့် နိုင်ငံရေးအကြောင်းများကြောင့်သာ မဟုတ်သေး။ (ဟစ်တလာကို ဝေဖန်သော ဗိုလ်ချုပ်ကြီးများနှင့် အခြားသူများက ဟစ်တလာသည် နိုင်ငံရေး၊ စီးပွားရေး အကြောင်းများကြောင့် လီနင်ဂရက်နှင့် ယူကရိန်းကို အဓိကရည်မှန်းချက်ထား၍ တိုက်သည်ဟု ဆိုကြ၏။) ဟစ်တလာက အလွန်ကြီးမားသည့် တပ်ကြီးများနှင့် ကင်နေ[1]တိုက်ပွဲအကြီးစားတိုက်ရန် မျှော်မှန်းခဲ့ဟန်တူ၏။ ဂျာမန်တပ်များသည် မော်စကို ကို ဦးတည်ထားသဖြင့် ရုရှားအရန်များ မော်စကိုဒေသသို့ စုရုံးကြစဉ် နံဘေးမှ ရည်မှန်းချက်ဖြစ်သော လီနင်ဂရက်နှင့် ယူကရိန်းတို့ကို မိမိတောင်ပံတပ်များက အလွယ်တကူ သိမ်းနိုင်မည်ဟု ဟစ်တလာက ယူဆခဲ့ဟန်တူ၏။ ထိုနံဘေးမှ ရည်မှန်းချက်များရပြီးမှ ဂျာမန်တောင်ပံတပ်များသည် မော်စကိုသို့ လှည့်ဆင်းခဲ့လျှင် မော်စကိုမြို့တော်သည် မှည့်နေသော ဆီးသီးကဲ့သို့ ဂျာမန်တို့လက်သို့ ကျလာမည် မဟုတ်ပါလော။ လိမ္မာပါးနပ်မှုရှိသည့်အပြင် အလွန်လည်း ကြီးကျယ်သည့်အကြံပေတည်း။ နောက်ဆုံး၌ကား အချိန်တွက်ချက်ပုံမှား၍ ဟစ်တလာ၏အကြံ ပျက်ခဲ့ရလေသည်။ ရုရှားခုခံမှုမှာ ဂျာမန်တို့ တွက်ထားသည်ထက် ပိုပြင်းထန်၍ ရာသီဥတုကလည်း မျှော်မှန်းထားသည်ထက် ဆိုးရွားခဲ့၏။ ဂျာမန်ဗိုလ်ချုပ်ကြီးများအချင်းချင်း သဘောကွဲလွဲခြင်းကလည်း ရှိသေး၏။ သူတို့တစ်ဦးစီသည် သူတို့ရှေ့တည့်တည့်က စစ်မျက်နှာသာလျှင် အရေးအကြီးဆုံးဖြစ်သည် ထို့ကြောင့် ထိုစစ်မျက်နှာကိုသာ ဦးစားပေးရမည်ဟု ယူဆခဲ့ကြ၏။ ဟစ်တလာက ဒုတိယအဆင့် (မော်စကို ကို တိုက်ရန်)ကို လုပ်ရန် ရှိသောအခါ ဗိုလ်ချုပ်အချင်းချင်း မညီညွတ်မှုက မဟာဗျူဟာ ကွဲပြားခြားနားမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်ကို ပိုမိုကြီးထွားစေခဲ့လေသည်။

၁။ Cannae

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၁၉ ရက်နေ့တွင် ဟစ်တလာက ဒုတိယအဆင့် ထိုးစစ်အတွက် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့လေသည်။ ဒနီပါနှင့် ဒက်(စ)နာမြစ်နှစ်ခုအကြား ကျန်ရှိနေသေးသော ရန်သူများကို ရှင်းလင်းပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယအဆင့်ထိုးစစ်ကို စတင်ရန်ဖြစ်၏။ ဘော့(ဂ်)၏ လှုပ်ရှားတပ်ဖွဲ့အချို့က တောင်ဘက်သို့ဆင်း၍ ရမ်းစတက်ထိုးစစ်ကို ကူညီရန်ဖြစ်ပြီးနောက် လှုပ်ရှားတပ်ဖွဲ့အချို့က မြောက်ဘက်သို့တက်၍ လီနင်ဂရက်မြို့အား လိ(ဗ်)က ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရန်ဖြစ်၏။ မော်စကိုကို ဆက်တိုက်ရန် ဘော့(ဂ်)၌ ခြေလျင်တပ်များသာ ကျန်တော့၍ မိမိရှိသမျှတပ်များနှင့်ပင် အကောင်းဆုံးလုပ်ရန် ရှိတော့၏။

ဘရောက်ချစ်သည် နောက်စီမံချက်တစ်ခုကို တင်ပြရမည့်အစား မီးစင်ကြည့်၍ ကပြန်လေ၏။ နောက်စစ်ဆင်ရေးများ မစခင် ယန္တရားတပ်များအား အနားပေး၍ လိုအပ်သည့်ပစ္စည်းများ လဲလှယ်ပေးပေးရန်လိုသည်ဟု ဘရောက်ချစ်က ဆို၏။ ဟစ်တလာကလည်း သဘောတူခဲ့လေသည်။ ယင်းသို့ ခေတ္တနားနေစဉ် အနာဂတ်စစ်ဆင်ရေးနှင့်ပတ်သက်၍ ဂျာမန်ထိပ်သီးဗိုလ်ချုပ်များ ငြင်းခုံကြပြန်၏။ ပန်ဇာတပ်များ အနားယူပြီး အသင့်ဖြစ်သည့်အချိန်အထိ ငြင်းကြခုံကြဆဲဖြစ်၏။ ဘရောက်ချစ်နှင့် ဟော်(လ)ဒါတို့ တင်ပြသည့် မော်စကိုဆက်တိုက်ရန်အကြံကို ဟစ်တလာက ပယ်ချခဲ့၍ ဩဂုတ်လ ၂၁ ရက်နေ့၌ စစ်ဆင်ရေးညွှန်ကြားချက်အသစ် ထုတ်ပြန်ခဲ့လေသည်။ လွန်ခဲ့သည့်တစ်လက ထုတ်ခဲ့သည့်ညွှန်ကြားချက်နှင့် ယေဘုယျအားဖြင့် တူညီသော်လည်း ယခုတစ်ကြိမ်တွင်မူ လီနင်ဂရက် ရည်မှန်းချက်ထက် ရမ်းစတက် စစ်မျက်နှာရှိ ကီယက်(ဖ)ဒေသမှ ရန်သူအား ဝိုင်းဝန်းပိတ်ဆို့ချေမှုန်းရေးကို ပို၍အသားပေးဖော်ပြထား၏။ ထို့နောက် ဘော့(ဂ်)က မော်စကိုကို ဆက်တိုက်ပြီး ရမ်းစတက်တပ်များက တောင်ဘက်တွင် ကော်ကေးဆပ်မှ ဓာတ်ဆီ၊ ရေနံဆီ၊ ရိက္ခာလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရမည် ဖြစ်လေသည်။

ဤကဲ့သို့ ထိပ်ပိုင်းတွင် ငြင်းခုံနေကြစဉ် ဖြစ်ပျက်လာသော အဖြစ်အပျက်တို့ကြောင့် ဟစ်တလာ၏ ဆုံးဖြတ်ချက်မှာ ပို၍ခိုင်မာလာ၏။ ရမ်းစတက်၏ ဘယ်တောင်ပံ၌ ရိုက်ရှနောင်း၏ အမှတ် ၆ တပ်တော်သည် ကီယက်(ဖ)ရှေ့တွင် ရှေ့ဆက်မတက်နိုင်ဘဲ ပရိပက်ရွှံ့နွံများ အရှေ့ခွန်းနောက်မှ ရုရှတပ်များက ရမ်းစတက်၏ ဘယ်တောင်ပံနှင့် ဘော့(ဂ်)၏ ညာတောင်ပံကို ခြိမ်းခြောက်လျက်ရှိ၏။ ကလိ(စ)၏ ပန်ဇာအုပ်စုမှ ဓားလွယ်ခုတ် ချီတက်တိုက်ခိုက်ရာ၌ အလွန်အောင်မြင်လျက် ရှိလေသည်။ ဇူလိုင်လကုန်တွင် ကီးယက်(ဖ)တောင်ဘက်



ဘယ်လယာ-ဇာကော့[၁] ဒေသန္တရ ဖောက်ထွင်းနိုင်ခြင်းကို အခွင့်ကောင်းယူ၍ ဘဂ်နှင့် ဒနိပါမြစ်ထောင့်စွန်းနေရာမှ တောင်ဘက်သို့ ကလိ(စ)၏တပ်များက ဆင်းလာခဲ့လေသည်။ ယင်းသို့ သွယ်ဝိုက်ချဉ်းကပ်ခြင်းသည် ယူကရိန်းသို့ လမ်းပွင့်သွားသည့်အပြင် ပင်လယ်နက်အနီး ရှုမေးနီးယားတပ်များကို ရင်ဆိုင်နေသည့် ရုရှတပ်များ၏ နောက်ဆွယ်ကိုပါ ခြိမ်းခြောက်နိုင်ခဲ့၏။ ဩဂုတ်လ အလယ်လောက်တွင် ဂျာမန်တပ်များသည် နီကိုလိုက်ယက်-ခါဆန် ဆိပ်ကမ်းမြို့ကြီးများသို့ ဆိုက်ရောက်ခဲ့၏။ ဂျာမန်တို့ ညှပ်ပူးညှပ်ပိတ် တပ်များမပိတ်မီခင် ရုရှတပ်အချို့ လွတ်မြောက်သွားသော်လည်း ကလိ(စ)တပ်များက ဤမျှ နက်ရှိုင်းစွာ ထိုးဝင်တိုက်ခိုက်နိုင်သောကြောင့် တောင်ပိုင်းမှ ရုရှတပ်များ များစွာ အခြေပျက်ခဲ့ရလေသည်။ ကလိ(စ)၏တပ်များက မြောက်ဘက်သို့ချီတက်ပြီး ဘော့ဂ်တပ်များမှ အင်အားကောင်းသော တပ်တစ်ခုကို တောင်ဘက်သို့ စေလွှတ်ပေးနိုင်ပါက တောင်ပံနှစ်ခုစလုံးက တိုက်သလိုဖြစ်ပြီး ကီယက်(ဖ)အနီးမှ ခုခံနေသော ရုရှတို့အား ပိတ်၍ဖမ်းနိုင်မည်ဖြစ်သည့်အပြင် ဒနီပါတောင်ဘက်မှ ဂျာမန်တို့ မော်စကိုထိုးစစ်ကို တန်ပြန်တိုက်ခိုက်မည့် အန္တရာယ်ကိုပါ ဖယ်ရှားပြီး ဖြစ်သွားနိုင်၏။ ယင်းသို့ ရရှိနိုင်သည့် အကျိုးအမြတ်ကိုမြင်၍ ဟစ်တလာက ကီယက်(ဖ)ထိုးစစ်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ ကီယက်(ဖ)ထိုးစစ်မှာ မော်စကိုသို့ ချီတက်ခြင်း၏ ပဏာမခြေလှမ်းလည်း ဖြစ်လေသည်။

ထိုလမ်းစဉ်ကို သဘောကျသူမှာ ဟစ်တလာတစ်ဦးတည်းမဟုတ်ပါ။ မိမိစစ်မျက်နှာမှ ရန်သူကို တိုက်နေရာတွင် မြောက်ပိုင်းမှ စစ်ကူများရမည်ကို ရမ်းစတက်က ကြိုဆိုခဲ့သည်သာဖြစ်၏။ ထို့ပြင် ဝန်းရံတိုက်ခိုက်ခြင်းဖြင့် ရန်သူအမြောက်အမြား ဖမ်းမိမည်ကို မည်သည့်စစ်ခေါင်းဆောင်က သဘောမကျဘဲ ရှိမည်နည်း။

ထို့ပြင် မဟာဗျူဟာအရလည်း တောင်ဘက်တောင်ပံကို လွတ်လပ်သွားစေ၍ မော်စကိုသို့ ချီတက်တိုက်ခိုက်ရာ၌ တောင်ဘက်တောင်ပံမှ ရန်သူတို့က တန်ပြန်မတိုက်ခိုက်နိုင်အောင် လုပ်ဆောင်မှုမှာ လုပ်သင့်လုပ်အပ်သည်သာဖြစ်၏။ နှိုင်းယှဉ်ကြည့်လျှင် ရုရှတပ်များမှာ စစ်မကစားနိုင်ဘဲ ခြေလျင်တပ်များသာဖြစ်ရကား မိမိ၏လှုပ်ရှား စစ်ကစားနိုင်သော တပ်များကို စစ်မျက်နှာတစ်ခုမှ အခြားမျက်နှာတစ်ခုသို့ ပို့ပြီး စစ်မျက်နှာအသီးသီးတွင် မိမိက အောင်ပွဲကြီးများရအောင် လုပ်ဆောင်ခြင်းမှာလည်း မဟာဗျူဟာအရ အမြော်အမြင်ရှိသည့် လုပ်ဆောင်ချက်ဟု ပြောရမည်သာ ဖြစ်လေသည်။ သို့သော် အချိန်က တိုတောင်း

၁။ Belaya-Tserkov

www.burmeseclassic.com

www.burmeseclassic.com



လှံ့ချေ၏။ အထူးသဖြင့် ဆောင်းတွင်းတိုက်ပွဲစဉ်အတွက် ပြင်ဆင်ပြီးဖြစ်သည့် ဂျာမန်တပ်တော်များအတွက် အချိန်မရှိချေတကား။

ကီယက်(ဖ) ဝန်းရံတိုက်ပွဲကြီးမှာ တကယ့်အောင်ပွဲကြီးပင်ဖြစ်၏။ ယခုအထိ ဂျာမန်များရခဲ့သည့် အောင်ပွဲများအနက် အကြီးကျယ်ဆုံးသောအောင်ပွဲဖြစ်၏။ ရိုက်ရှနောင်းနှင့် ဝိုက်[1]တို့၏ ခြေလျင်တပ်တော်များက မိမိတို့ရှေ့ရှိ ရန်သူများအား တိုက်ခိုက်နေကြစဉ် ဂူဒယ်ရီယန်၏ ပန်ဇာတပ်များက ရန်သူနောက်မှ အောက်သို့ ချီတက်ခဲ့၍ ကလိ(စ)၏ ပန်ဇာတပ်များက ဒနီပါမြစ်ကွေ့မှ မြောက်ဘက်သို့ ချီတက်ခဲ့လေသည်။ ပန်ဇာအုပ်စုနှစ်ခုသည် ကီယက်(ဖ) အရှေ့ဘက် မိုင် ၁၅၀ နေရာတွင် ဆုံမိကြ၍ ရုရှအနည်းငယ်သာ လွတ်မြောက်သွားနိုင်၏။ ကီယက်(ဖ) ဝန်းရံတိုက်ပွဲကြီးတွင် ရန်သူ ၆ သိန်း ဖမ်းမိခဲ့လေသည်။ သို့သော် တိုက်ပွဲပြီးချိန်မှာ စက်တင်ဘာနောက်ပိုင်းတွင် ဖြစ်ပြီး လမ်းများနှင့် ရာသီဥတုတို့က ဝန်းရံခြင်းကို အလွန်ခက်ခဲစေ၏။ သို့သော် အခက်အခဲများကြားကပင် ဂျာမန်များက အောင်မြင်စွာ ဝန်းရံတိုက်ခိုက်ခဲ့ကြပေ၏။

ထိုအချိန်တွင် ယူကရိန်း၌ အောင်ပွဲရရန် အင်အားစုစည်းရသဖြင့် ဟစ်တလာ၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်သော လီနင်ဂရက်မှာ သာမန်ရည်မှန်းချက် ဖြစ်သွားရပေသည်။ သို့သော် ဂျာမန်တပ်များသည် လီနင်ဂရက်ကိုလည်း ကီယက်(ဖ)တိုက်ပွဲနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းပင် တိုက်ခိုက်ခဲ့ကြရ၏။ ဤလမ်းလွှဲစစ်ဆင်ရေးအတွက် လီနင်ဂရက်ကို ဝန်းရံမိလောက်အောင် အင်အားအသုံးပြုခဲ့သော်လည်း ထိုစစ်မျက်နှာ၌ အဆုံးအဖြတ်ပေးသော အောင်ပွဲရနိုင်လောက်သည့်အထိ အင်အားအသုံးမပြုနိုင်ခဲ့ချေ။ ထို့ပြင် ထိုစစ်မျက်နှာမှ ဂျာမန်တပ်များကို ထုတ်နုတ်အသုံးပြုခဲ့ရသည်လည်း ရှိသေး၏။ မော်စကိုသို့ ချီတက်တိုက်ခိုက်ရန် ဘရောက်ချစ်နှင့် ဟော်(လ)ဒါတို့ တင်ပြစဉ်က ဟစ်တလာက ပယ်ချခဲ့သော်လည်း ကီယက်(ဖ)ထိုးစစ် ပြီးလျှင်ပြီးချင်း မော်စကိုစစ်မျက်နှာသည် ဆွဲဆောင်မှု ဗဟိုချက်မ ဖြစ်လာရမည်ဟု ဟစ်တလာက သဘောတူညီခဲ့၏။ ဘရောက်ချစ်နှင့် ဟော်လဒါတို့ဆန္ဒအရ အတန်ငယ် လိုက်လျောသည့်သဘော ဖြစ်လေသည်။

ကီယက်(ဖ)ထိုးစစ်တွင် အကြီးအကျယ် အောင်ပွဲရလိုက်ခြင်းကြောင့် ဟစ်တလာရော ဂျာမန်ထိပ်သီးဗိုလ်ချုပ်များပါ သွေးနားထင်ရောက်သွားကြပြီး တစ်ချိန်တည်းတွင် သူ့လမ်းစဉ်နှင့်သူ ငါတကောကောချင်စိတ်လည်း ကြီးထွားလာတော့၏။ ဟစ်တလာသည် ဆောင်းဦးတွင် မော်စကို ကို တိုက်ခိုက်သိမ်းပိုက်ရန် ဆုံးဖြတ်ခဲ့သော်လည်း အခြားရည်မှန်းချက်တစ်ခု ရှိပြန်သောကြောင့် အင်အား

၁။ Weich



စုစည်းမှု လျော့ရဲ၍ ရှုပ်ထွေးမှုများ ဝင်လာပြန်၏။ အကြောင်းမူကား မော်စကိုကို တိုက်ခိုက်ရင်း တောင်ပိုင်းစစ်မျက်နှာမှ အောင်ပွဲရသည်ကိုလည်း ဟစ်တလာက အမြတ်ထုတ် စစ်ဆင်လိုသေး၏။ ယင်းဆွဲဆောင်မှုကို ဟစ်တလာ မခံနိုင်ခဲ့ပေ။ ရမ်းစတက်အား အလွန်ကြီးမားသည့် ရည်မှန်းချက်ကို ဟစ်တလာက ချမှတ်ပေးခဲ့၏။ ပင်လယ်နက်ကမ်းခြေကို ရှင်းလင်းပြီး ဒိုနက်(စ)စက်မှုနယ်မြေကို သိမ်းပိုက်၍ ကော်ကေးဆပ်အထိ ချီတက်ရန် ဖြစ်သတည်း။

အချိန်အလွန်နောက်ကျမှ မော်စကိုထိုးစစ်ကို ခြေလျင်တပ်တော် ၃၈ ခု၊ ပန်ဇာအုပ်စု ၃ ခုနှင့် ပြုလုပ်ခဲ့၏။ ပန်ဇာအုပ်စု ၃ ခုအနက် ဂူဒယ်ရီယန်၏ ပန်ဇာတပ်များကို ပန်ဇာတပ်တော်အဖြစ် တိုးတက်ဖွဲ့စည်းထားပြီးဖြစ်၏။

အောက်တိုဘာလ ၂ ရက်နေ့တွင် ထိုးစစ်ကို စတင်ခဲ့၍ နှစ်ဖက်ဝန်းရံတိုက်သည့် ပုံစံမျိုးပင် ဖြစ်လေသည်။ နှစ်ဖက် ညှပ်ပူးညှပ်ပိတ် ဝန်းရံနိုင်ခဲ့၍ ဗျာ(စ)မာအနီးတွင် ရုရှတပ် ၆ သိန်းကို ဖမ်းမိခဲ့၏။ သို့သော် ယင်းသို့ဝန်းရံတိုက်ပွဲပြီးသည့် အချိန်တွင် ဆောင်းတွင်းရောက်လာပြီဖြစ်၍ အမြတ်ထုတ်စစ်ဆင်ရာတွင် မော်စကို သွားရာလမ်း ရွှံ့နွံများ၌ ဂျာမန်များ နွံနစ်ခဲ့ကြရလေသည်။

စစ်မြေပြင်မှ တပ်မှူးကြီးအားလုံးလိုလိုကပင် ထိုးစစ်ကိုရပ်၍ ဆောင်းတွင်းတွင် တပ်များနားရန် သင့်တော်သည့် ခံစစ်ကြောင်းကို ယူလိုကြ၏။ နပိုလီယံတပ်မတော်ကြီး တွေ့ကြုံခဲ့ရသည့် ကံကြမ္မာသို့ သူတို့သည် သတိရနေကြ၍ ကော်လိန်ကုတ် ရေးခဲ့သည့် ၁၈၁၂ ခုနှစ်က အဖြစ်အပျက်များကို ပြန်၍ဖတ်ကြကုန်၏။ သို့သော် တိုက်ပွဲနှင့် ရွှံ့နွံနှင့် ဝေးသည့်ထိပ်တန်း ဂျာမန်ဌာနချုပ်များ၌ကား တစ်မျိုးမြင်ကြ၏။ မော်စကိုသည် သံလိုက်ဓာတ်ကြီးကဲ့သို့ ဆွဲဆောင်မှုရှိလှပြီး လက်တွေ့တိုက်ခိုက်အောင်နိုင်နိုင်မည်ဟု အကောင်းမြင်စိတ် လွှမ်းမိုးနေကြ၏။ မော်စကို ကို ဆက်၍တိုက်ခိုက်ကြရာတွင် အများယူဆနေကြသလို ဟစ်တလာက လောဘဇောတိုက်၍ သွားသည်သာ အဓိကလှုံ့ဆော်သူဖြစ်သည်ဟုသော အယူအဆများမှာ မှန်ကန်ခြင်းမရှိပေ။ အစကတည်းကပင် မော်စကိုသည် အခြားသော ရည်မှန်းချက်များလောက် အရေးမကြီးဟု ဟစ်တလာ ယူဆခဲ့၏။ နောက်ကျမှ (အောက်တိုဘာလတွင်) မော်စကိုကို တိုက်ရန် ဟစ်တလာက ခွင့်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် သံသယများ ဝင်လာပြန်၏။

သို့သော် ဘော့(က်)က မော်စကိုကို မျက်စိကျနေပြီး ကျော်ကြားလှသည့် ရုရှားမြို့တော်ကို သိမ်းပိုက်ရန် အလွန်စိတ်စောလျက် ရှိလေသည်။ နှစ်ဖက်စလုံးသည် စစ်ပန်းလျက်ရှိ၍ စိတ်ဓာတ်ပိုပြီးအားကြီးသူက နိုင်ရမည်ဟု ဘော့(က်)က အကြောင်းပြ၍ မော်စကိုကို ဆက်တိုက်ရန် တိုက်တွန်းခဲ့၏။ ဘရောက်ချစ်နှင့် ဟော်လ်ဒါတို့ကလည်း ဘော့(က်)ကို အားပေးလို၏။ အထူးသဖြင့် စော်စောပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် မော်စကိုကို တိုက်ရန် ၎င်းတို့အကြံကို ဟစ်တလာက ပယ်ချခဲ့သောကြောင့် ယခု ဆော့(ဂ်)ကို အားပေးကြခြင်း ဖြစ်လေသည်။ မော်စကို ကိုတိုက်ရန် ဟစ်တလာအား ဆွဲဆောင်ခဲ့ကြပြီး နောက်ပိုင်းတွင် တိုက်၍မအောင်မြင်နိုင်ကြောင်းကို ဘရောက်ချစ်နှင့် ဟော်လ်ဒါတို့က ဝန်မခံလိုသည့်ပြင် ဟစ်တလာအားလည်း အဖြစ်အမှန်ကို ပြောမပြလိုကြချေ။

ရမ်းစတက်နှင့် လိ(ဗ)နှစ်ဦးစလုံးက မော်စကိုထိုးစစ်ကို ရပ်ပစ်ရန်ပြောကြ၏။ ရမ်းစတက်ကမူ မူလ ပိုလန်နယ်ခြားအထိ ဂျာမန်တပ်များ ဆုတ်ပေးရန် ပြောကြားခဲ့၏။ သို့သော် သူတို့နှစ်ဦးစလုံးမှာ မော်စကို စစ်မျက်နှာနှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိသောကြောင့် သူတို့အမြင်မှာ ဩဇာသက်ရောက်မှု မရှိလှချေ။

ထို့ကြောင့် နိုဝင်ဘာလထဲတွင် ဂျာမန်တို့က နောက်တစ်ကြိမ် ထိုးစစ်ကြီး ဆင်ပြန်၏။ သို့သော် ရည်မှန်းချက်မှာ သိသာထင်ရှားလွန်းပြီး အဘက်ဘက်မှ တစ်ခုရာတည်းကို တိုက်နေသည်ကို ရုရှားတို့က သိသဖြင့် အရန်များအား စနစ်တကျ စုစည်း၍ ထိုးနက်ချက်တိုင်းကို တုံ့ပြန်ခုခံနိုင်ခဲ့ကြ၏။ ဒီဇင်ဘာလ စောစောပိုင်းတွင် ဂျာမန်ထိုးစစ်မှာ အားနည်းသွားပြီဖြစ်ပြီး ရုရှတို့ တန်ပြန်ထိုးစစ်များ ဖိအားကြောင့် တဖြည်းဖြည်း နောက်သို့ဆုတ်လာကြရလေသည်။ ထိုအခါ ဟစ်တလာသည် ဘရောက်ချစ်အား ဖြုတ်ချပြီး မိမိကိုယ်တိုင် ဂျာမန်တပ်မတော် အကြီးအကဲရာထူးကို ယူလိုက်လေသည်။ ဟစ်တလာက တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်ခြင်းဖြစ်၏။ ပြီးခဲ့သော အမှားများအတွက် ယဇ်ကောင်ကို ယဇ်နတ်အား ပူဇော်လိုက်ပြီး တစ်ချိန်တည်းတွင် မိမိကိုယ်တိုင်ကမူ အာဏာ ပိုရလာ၏။

တောင်ဘက်တွင်မူ နိုဝင်ဘာလ ၂၃ ရက်နေ့၌ ဂျာမန်တို့သည် ၎င်းတို့၏ အမြင့်ဆုံး အောင်မြင်မှုအဆင့်သို့ ရောက်ခဲ့ကြ၏။ ထိုနေ့တွင် ကော်ကေးဆပ်ဂိတ်ဟု ခေါ်ဆိုကြသည့် ဒေါန်မြစ်အောက်ပိုင်းမှ ရော်စတော့မြို့ကို ဂျာမန်တို့က သိမ်းပိုက်နိုင်ကြ၏။ သို့သော် ရွံ့နွံများအတွင်း ရုန်းခဲ့ကြရ၍ ဓာတ်ဆီကုန်နေကြပြီဖြစ်ပြီး နောက်တစ်ပတ်အတွင်း ရုရှားတို့က ဂျာမန်ဆက်သွယ်ရေးလမ်းကြောင်းများကို နံဘေးမှ နက်ရှိုင်းစွာ ထိုးဝင်တိုက်ခိုက်မှုကြောင့် ရော်စတော့မှ ဂျာမန်တပ်များ ပြန်လည်ဆုတ်ခွာခဲ့ကြရလေသည်။

၁၉၄၁ ခုနှစ် ဂျာမန်ထိုးစစ်ကို ပြန်လည်သုံးသပ်ပါက အဆီလျော်ဆုံး အဆုံးအဖြတ်မှာ ဂျာမန်များသည် "သဘာဝအကြောင်းများကြောင့် ဆုံးရှုံးရခြင်းဖြစ်သည်"ဟူ၍ ဖြစ်ပေလိမ့်မည်။ နေရာအသီးသီးခွဲ၍ တိုက်ရသဖြင့် ဂျာမန်အင်အားကို ဖြန့်ခွဲသုံးခဲ့ကြရပြီး ၎င်းမှာလည်း ထိပ်ပိုင်းတွင် သဘောကွဲလွဲသောကြောင့်



ဖြစ်သလို ထိုးစစ်အားလုံးကလည်း အစပိုင်းတွင် ပြောင်မြောက်အောင်မြင်ခဲ့သောကြောင့် ဖြစ်လေသည်။ စစ်ဆင်ရေးလမ်းကြောင်းတစ်ခုတည်းမှ လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များကို ခြိမ်းခြောက်ရမည့်အစား စစ်ဆင်ရေးလမ်းကြောင်းတစ်ခုစီသည် ရည်မှန်းချက် တိတိကျကျ ရှိသည်ကို ရန်သူက သိရှိခဲ့၏။ ထို့ကြောင့်လည်း ရန်သူက အချိန်မီ တုံ့ပြန်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ စစ်ဆင်ရေးလမ်းကြောင်းတစ်ခုစီတွင် မျက်နှာမူရာအရပ်မှာ ထင်ရှားလွန်းနေပြီး ရှေ့သို့တက်လေ မိမိတို့ ဆက်သွယ်ရေးလမ်းကြောင်းများကို ဆန့်ထုတ်ရလေ ဖြစ်ခဲ့ကြလေသည်။

## ၁၉၄၂ ခုနှစ် ရုရှားတိုက်ပွဲစဉ်

၁၉၄၂ ခုနှစ်၌ကား ဂျာမန်တို့၌ မနှစ်ကစကေးမျိုး တိုက်နိုင်ရန် သယံဇာတနှင့် အင်အားရှိတော့သည်မဟုတ်ချေ။ သို့သော် သူ၏ ဗိုလ်ချုပ်ကြီးအချို့က အကြံပေးသလို ခံစစ်ဆင်ပြီးနိုင်ထားသလောက်ကို ခိုင်ခံ့ အနယ်ထိုင်အောင်လုပ်ရန် အကြံဉာဏ်ကို ဟစ်တလာက မနာယူခဲ့ပေ။ ရမ်းစတက်နှင့် လိ(ဗ်)တို့ အကြံပေးသကဲ့သို့ ပိုလန်နယ်ခြားအထိ ပြန်ဆုတ်ရန်မှာ မဟာဗျူဟာအရ လိမ္မာပါးနပ်မှု ရှိသည် မှန်သော်လည်း ယင်းသို့လုပ်ဆောင်လျှင် ဟစ်တလာသည် ....မနိုင်ဘဲ ပဲကြီးဟင်းစားသည်ဟု ဂုဏ်သိက္ခာကျဆင်းမည်ကို ကြောက်၏။ လောဘဇော တိုက်ခြင်းကြောင့် လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းမည်ကို အမြဲစိုးရိမ်နေ၍ လည်းကောင်း ပြဿနာများကို တိုက်ခိုက်ခြင်းဖြင့်သာလျှင် ဖြေရှင်းမည်ဟု အတွင်းစိတ်က လှုံ့ဆော်နေ၍လည်းကောင်း ဟစ်တလာသည် ထိုးစစ်ဖြင့် အဖြေရှာရန်သာ လုပ်ဆောင်ခဲ့၏။ နည်းလမ်းနှင့် ပစ္စည်းလူသူကန့်သတ်မှု ရှိသော်လည်း အကန့်အသတ်မရှိ ရလဒ်ကို မျှော်ကိုးခဲ့လေသည်။

စစ်မျက်နှာတစ်ခုလုံးတွင် ထိုးစစ်ဆင်ရန် အင်အားမရှိတော့သဖြင့် တောင်ဘက်တွင် အင်အားစုစည်းတိုက်ရန် ဆုံးဖြတ်ခဲ့၏။ ရည်မှန်းချက်မှာ ကော်ကေးဆပ်ရေနံကို အပိုင်စီးရန်နှင့် (ပို၍အရေးကြီးသည်မှာ) ရုရှတပ်များအား ရေနံ၊ ဓာတ်ဆီ ရိက္ခာဖြတ်တောက်ပစ်ရန် ဖြစ်လေသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ရန်သူ၏ အဓိကတပ်များကို ဖျက်ဆီးချေမှုန်းရန် ရည်မှန်းချက်မှ သွေဖည်သွားရသည်ဆိုပါက ရုရှတပ်များသည် ကော်ကေးဆပ် ရေနံ၊ ဓာတ်ဆီကို အားကိုးနေရသောကြောင့် သွယ်ဝိုက်၍ ၎င်းတို့၏ ခုခံမှုအင်အားကို ထိခိုက်စေရမည်ဟု ဟစ်တလာက မျှော်မှန်းခဲ့၏။ ဂျာမန်တို့ထိုးစစ် မရှုမလှ ကျဆုံးခဲ့ရသည်ကို အားလုံးသိပြီးပင်ဖြစ်၏။ သို့သော် ပြန်လည်သုံးသပ်သည့်အခါတွင် ဟစ်တလာ၏ စစ်ရေးသုံးသပ်

www.burmeseclassic.com

www.burmeseclassic.com



ချက်သည် လိမ္မာပါးနပ်မှုရှိ၍ အများက ထင်နေကြသည်ထက် အောင်မြင်ရန် နီးကပ်ခဲ့သည်ကို တွေ့ရပေသည်။

ပွဲဦးထွက်တွင် ပြောင်မြောက်စွာ အောင်မြင်ခဲ့၏။ ပြောင်းလွဲတိုက်နိုင်သော ရည်မှန်းချက်များကို မကြာခဏ ခြိမ်းခြောက်နိုင်ခဲ့သောကြောင့် ရုရှတပ်များအား အာရုံပြောင်းပေးနိုင်သဖြင့် များစွာအကျိုးရှိခဲ့၏။ နောက်ပိုင်းတွင်ကား ခြားနားသော ရည်မှန်းချက်နှစ်ခုကို တစ်ပြိုင်တည်းရအောင် ကြိုးစားခဲ့သဖြင့် အင်အားစုစည်းမှု မရှိတော့ဘဲ ဆုံးရှုံးခဲ့ရလေသည်။ ယင်းသို့ရည်မှန်းချက်နှစ်ခု ဖြစ်ရသည်မှာ ဂျာမန်စစ်ဌာနချုပ်တွင် စိတ်ဒွိဟဖြစ်နေသောကြောင့်ပင် ဖြစ်၏။ စစ်ဦးစီးချုပ် ဟော်လဒါက စတာလင်ဂရက်အနီး ဗော်လဂါမြစ်ပေါ်တွင် ခြေကုပ်ရအောင်ယူမည်။ ထိုနေရာမှ ရေနံထွက်ရာနေရာနှင့် အဓိကရုရှတပ်တော်များအကြားတွင် မဟာဗျူဟာ အတားအဆီး[၁]ဖြင့် ပိတ်ဆို့ထားရန် ကြံရွယ်ခဲ့၏။ ဟစ်တလာကမူ ကော်ကေးဆပ်သို့ အမြန်ဆုံးရောက်လို၏။ ဤကဲ့သို့ အမြန်ဆုံးရောက်အောင် ချီတက်ကြရန်လည်း တပ်မှူးကြီးများအား ညွှန်ကြားထား၏။ သို့သော် မိမိ ရည်မှန်းချက်ကို ဟော်လဒါအား ဟစ်တလာက ပြောမပြခဲ့ချေ။ ထို့ကြောင့် စတာလင်ဂရက် မဟာဗျူဟာနေရာကိုရအောင် လုပ်ဆောင်ရန် ကြိုးပမ်းမှုမှာ အရာမရောက် ဖြစ်ခဲ့ရ၏။ နောက်ပိုင်းကျမှ စတာလင်အမည်ပါသော မြို့က ဂျာမန်ထိုးစစ်များကို ထပ်တလဲလဲ တွန်းလှန်နိုင်သဖြင့် ဟစ်လာသည် ဒေါသူပုန်ထလာပြီး ထိုမြို့ရရေးအတွက် အခြားမည်သည့်အရာကိုမဆို စွန့်လွှတ်ခဲ့၏။ သို့သော် အင်အားစုစည်းရာတွင် တိုက်ရိုက်ကျလွန်းပြီး ရည်မှန်းချက်မှာလည်း တိုက်ရိုက်ကျလွန်းနေသဖြင့် ကြိုးပမ်းမှုအားလုံးမှာ အချည်းနှီး ဖြစ်ခဲ့ရလေသည်။

ရုရှတို့က နွေဦးတွင် ခါးကော့[၂]ကို တိုက်ခိုက်ခဲ့ခြင်းသည် ၁၉၄၂ ခုနှစ် ဂျာမန်ထိုးစစ်ကို အထောက်အကူပြုသလိုပင် ဖြစ်ခဲ့ရ၏။ ရုရှတို့ ရည်မှန်းချက်မှာ တိုက်ရိုက်ကျလွန်းသဖြင့် အရာမရောက်ခဲ့သည့်အပြင် ရုရှအရန်တပ်အားလုံး လိုလိုကို အသုံးပြုခဲ့ရလေသည်။ ထို့ပြင် မိမိတို့ရရှိပြီး နယ်မြေမှာလည်း အငူစွန်းကြီးသဖွယ် ဖြစ်နေသဖြင့် ဂျာမန်တို့ ထိုးစစ်အတွက် တမင်ဖန်တီးပေးသလို ဖြစ်နေ၏။ ထို့ကြောင့် နွှန်လကုန်၌ ဂျာမန်တို့က ထိုးစစ်ဆင်နွှဲသောအခါ ပုံပျက်နေသော ရန်သူအား တန်ပြန်ထိုးစစ်ဆင်နွှဲရသလို အကျိုးခံစားခဲ့ကြရပေသည်။

ဂျာမန်ထိုးစစ် ဝန်ရိုးမျက်နှာမူရာသည် ရုရှထိုးစစ် မျက်နှာမူရာနေရာနှင့် မျဉ်းပြိုင်လို ဖြစ်နေ၏။ ခါးကော့မြောက်ဘက် ကု(စ)[၃]မှ စတင်၍ ရုရှတို့

၁။ Strategic Barrage
၂။ Kharkov
၃။ Kursk



ရထားသော အငူစွန်းအစွန်မှဖြတ်ပြီး ဗော်ရိုနက်[၁]အနီး ဒေါန်းမြစ်အပေါ်ပိုင်း မိုင် ၁၂၀ ခရီးကိုဖြတ်၍ ဂျာမန်တို့က ချီတက်ခဲ့ကြလေသည်။ ဗောရိုနက်မှာ မော်စကိုမှ ကော်ကေးဆပ်အကြား အရေးကြီးသည့် လမ်းဆုံမြို့ဖြစ်၏။ ရုရှတို့က ဗောရိုနက်အနီး အင်အားစုစည်းခံနေသဖြင့် ဂျာမန်တို့က အရှေ့မြောက်သို့ ချီတက်ပြီး ဒေါန်းဒိုနက်အကြား ထောင့်စွန်းနေရာကို ဝင်ရောက်နိုင်ခဲ့ကြ၏။ စောစောပိုင်းက ဂျာမန်တို့၏ ခါးကော့ အငူစွန်း ဘယ်ဘက်နံဘေးတွင် သပ်လျှိုသလို တိုက်ခိုက်ထားသဖြင့် ဒေါန်းနှင့် ဒိုနက်ထောင့်ကြားသို့ ဝင်ရာ၌ ပိုမိုလွယ်ကူခဲ့လေသည်။

ဂျာမန်တို့က နှစ်ဖက်မှ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်သဖြင့် ရုရှတို့ မခံနိုင်ဘဲ ဂျာမန်ယန္တရားတပ်များသည် ဒေါန်းဒိုနက်ထောင့်စွန်းနေရာအတွင်း စိုးမိုးနိုင်ခဲ့ကြ၏။ သူတို့တောင်ပံများမှာ မြစ်များရှိသဖြင့် လုံခြုံနေပေသည်။ တစ်လမပြည့်မီပင် ဂျာမန်တပ်တို့သည် ထောင့်စွန်းနေရာအစွန်သို့ ရောက်ခဲ့ကြပြီး ဒေါန်းအောက်ပိုင်းကို ရော်စတော့မြောက်ဘက်မှ ကူးဖြတ်နိုင်ခဲ့၏။ ထို့ကြောင့် ကော့ကေးဆပ်ရေနံတွင်းများသို့ ဝင်ရာလမ်း ပွင့်သွားပြီး တိုက်ပွဲစဉ်၏အရေးအကြီးဆုံးအချိန်သို့ ရောက်ခဲ့ပေပြီ။ ရုရှတို့ ရေနံ၊ ဓာတ်ဆီပြတ်သွားလျှင် မလှုပ်နိုင် မရှားနိုင် ဆုတ်ဆိုင်းသွား၍ ဂျာမန်တပ်များကမူ လှုပ်ရှားစစ်ဆင်နိုင်ကြမည် ဖြစ်လေသည်။ ကွေ့၍ ချီတက်ခဲ့ကြခြင်းဖြင့် ရုရှတို့အား အထင်အမြင်မှားအောင် လုပ်နိုင်ခဲ့ကြသဖြင့် ဂျာမန်တပ်များမှာ အထူးပင် အောင်မြင်ခဲ့ကြ၏။

ဒေါန်းမှ ကျော်လွန်ချီတက်ခဲ့ကြရာတွင်မူ ဂျာမန်တို့သည် ယခုအထိ ရရှိလာခဲ့သော မဟာဗျူဟာအကျိုးတို့ကို စွန့်လွှတ်ခဲ့ကြရတော့၏။ ဒေါန်းအထိ ဂျာမန်များ ချီတက်ခဲ့ကြရာတွင် မဟာဗျူဟာအရ အင်အားစုစည်းမှု ရှိခဲ့၏။ (အုပ်စုဖွဲ့ခြင်းကိုမူ ပြောင်းလွယ်ပြင်လွယ် ဖွဲ့စည်းထား၏။) ချီတက်သည့်ဝင်ရိုးမှာ ပြောင်းလဲတိုက်နိုင်သည့် ရည်မှန်းချက်များကို ခြိမ်းခြောက်နိုင်သည် ဖြစ်သဖြင့် ရန်သူသည် (တစ်ဖက်က ဘာကိုရည်ရွယ်တိုက်သည်ကို မသိ၍) အမြဲတစေ ချောက်ချားနေရပြီး ရန်သူပျော့ကွက်တွေ့သည်နှင့် တစ်ပြိုင်နက် ဂျာမန်တို့က ထိုနေရာကို ဖောက်ထွင်းတိုက်နိုင်ကြပေသည်။

ဒေါန်းကို ဖြတ်ပြီးသည့်အခါတွင်မူကား ဂျာမန်တပ်များသည် ချီတက်ရာလမ်းကြောင်းနှစ်ခုတွင် အင်အားဖြန့်ခွဲသုံးကြရပြီး တစ်ခုက တောင်ဘက် ကော်ကေးဆပ်သို့ ဦးတည်နေပြီး နောက်တစ်ခုက အရှေ့ဘက် စတာလင်ဂရက်သို့ ဦးတည်နေ၏။

၁။ Voroneth

www.burmeseclassic.com

www.burmeseclassic.com



ဒေါန်းဒိုနက် ထောင့်စွန်းတွင် ရုရှတပ်များသည် အကြီးအကျယ် ပြိုကွဲခဲ့သဖြင့် ထိုအချိန်ကသာ ယင်းနေရာသို့ ဦးတည်ချီတက်နေသော အမှတ် ၄ ပန်ဇာတပ်တော်အား စတာလင်ဂရက်နှင့် ဗော်လဂါကိုတိုက်ရန် တာဝန်ပေးခဲ့ပါက ဇူလိုင်လအတွင်းတွင်ပင် ထိုနေရာများကို ဂျာမန်တို့ အလွယ်နှင့်ရနိုင်ဖွယ်ရှိ၏။ သို့သော် အမှတ် ၁ ပန်ဇာတပ်တော်က ကော်ကေးဆပ်သို့ ချီတက်ရာတွင် ဒေါန်းမြစ်အောက်ပိုင်းကို ကူးဖြတ်ရာ၌ စစ်ကူပေးရန် အမှတ် ၄ ပန်ဇာတပ်တော်အား ပို့ပေးခဲ့သဖြင့် စတာလင်ဂရက်ကို တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။ စင်စစ် အမှတ် ၁ ပန်ဇာတပ်တော်သည် အမှတ် ၄ ပန်ဇာတပ်တော် အကူအညီကို လိုသည် မဟုတ်ချေ။ အမှတ် ၂ ပန်ဇာတပ်တော်က စတာလင်ဂရက်ကို တိုက်ခိုက်ရန် မြောက်ဘက်သို့ ချီတက်သွားသောအခါ ထိုနေရာတွင် ရုရှတို့က စစ်ကူများ ပို့ပေးထားပြီးဖြစ်၏။ ထိုနေရာသည် အလယ်ပိုင်းစစ်မျက်နှာနှင့် နီးပြီး မီးရထားလမ်း၊ ကားလမ်းများကြောင့် ကော်ကေးဆပ်ထက် ရုရှများအဖို့ စစ်ကူပို့ရ ပိုမိုလွယ်ကူပေသည်။ ဂျာမန်ထိုးစစ်များ အထပ်ထပ်လန်ခဲ့ရသဖြင့် စတာလင်ဂရက်မှာ ပို၍ နာမည်ကြီးလာရ၏။ သူ့အမည်ကပင် ကျော်ကြားပြီးဖြစ်သဖြင့် မဟာဗျူဟာ တန်ဖိုးရှိသည်ထက် နှစ်ဖက်စလုံးက ပို၍အာရုံစိုက်ထားကြ၏။ ဂျာမန်များအတွက်ဆိုလျှင် စတာလင်ဂရက် သိမ်းပိုက်ရေးက အဓိကဖြစ်လာပြီး ကော်ကေးဆပ် ရေနံတွင်းများ သိမ်းပိုက်ရန် တာဝန်ပေးထားသော အမှတ် ၁ ပန်ဇာတပ်တော်ကိုပါ စတာလင်ဂရက် စစ်မျက်နှာတွင် သုံးခဲ့၏။ သို့သော် အချည်းနှီးတည်း။

ပထမတစ်ကြိမ် ထိုးစစ်တွင် ဂျာမန်တို့က နိုင်ခါနီးဆဲဆဲဖြစ်ပြီးမှ တပ်လန်လာခဲ့ရခြင်းဖြစ်၏။ နောက်ပိုင်းတွင်မူ တိုက်ရိုက်ချဉ်းကပ်ခြင်းဖြစ်သည့်အလျောက် ခံစစ်ဆင်သူက ဂျာမန်တို့ထက် ပို၍ စစ်ကူများ ပို့ပေးနိုင်ခဲ့၏။ ထို့ကြောင့် အချိုးအစားနှင့်တွက်လျှင် ဂျာမန်တို့ထိုးစစ်အတွက် အင်အားစုစည်းမှုသည် တကယ်ထိရောက်သည့် အင်အားစုစည်းမှု မမည်ခဲ့ချေ။ယင်းမှာ စောစောပိုင်းက ရန်သူအား အာရုံပြောင်းအောင် လုပ်နိုင်ပါလျက် အသုံးမချခဲ့သောကြောင့် ပေးဆပ်ရသော မဟာဗျူဟာတန်ဖိုးဖြစ်၏။ ဂျာမန်တပ်များက စတာလင်ဂရက် စစ်မျက်နှာသို့ ပို၍စုရုံးလာကြလေ နည်းဗျူဟာအရ စစ်ကစားရကျပ်လေ ဖြစ်ခဲ့၏။ စင်စစ် နည်းဗျူဟာအရ စစ်ကစားနိုင်မှသာလျှင် ရန်သူခုခံမှုအင်အားနည်းအောင် လုပ်နိုင်မည် ဖြစ်လေသည်။

ရုရှဘက်မှကြည့်လျှင် အခြေအနေမှာ ပြောင်းပြန်ဖြစ်၏။ စစ်မျက်နှာကျဉ်းသွားသဖြင့် ခုခံသူအနေနှင့် မည်သည့်နေရာသို့မဆို အရန်တပ်များပို့ရန်



ပိုလွယ်သွား၏။ ကြိမ်ဖန်များစွာပင် ဂျာမန်တို့သည် စတာလင်ဂရက် ခံစစ်ကြောင်းကို ထိုးဖောက်နိုင်ကြ၏။ သို့သော် ယင်းသို့ ထိုးဖောက်လာတိုင်း ရုရှတို့က အရန်တပ်များသုံးပြီး ပေါက်သွားသောအပေါက်ကို ပိတ်ဆို့နိုင်လေသည်။ ယင်းအတွေ့အကြုံများကို ပေါင်းစပ်ကျောက်ချက်ချရလျှင် **စစ်မျက်နှာ ကျဉ်းသွားလေ ခံစစ်ဆင်သူက တစ်ပန်းသာလေ ဖြစ်သည်ဟု ကောက်ယူနိုင်၏။**

စစ်ကစားဖို့နေရာကျဉ်းသွားလေ ထိုးစစ်ဆင်သူအတွက် ထိခိုက်ကျဆုံးမှုပိုများလေ ဖြစ်တော့၏။ ရှေ့သို့ တစ်လှမ်းတက်နိုင်တိုင်း ရသည့်မြေနေရာနှင့် အကျအဆုံး မကာမိအောင် ရှိတော့၏။ ဤကဲ့သို့ ပြန်းတီးမှုများလာလေ ဂျာမန်တို့ လူသူလက်နက်ပစ္စည်းမှာ ၁၉၄၁ ခုနှစ်လောက် မပြည့်စုံတော့သည်မှာ ပို၍ သိသာထင်ရှားလာခဲ့၏။ ပထမဆုံး ပစ္စည်းချို့တဲ့မှုမှာ သံချပ်ကာကားများဖြစ်လေသည်။ ထိုးစစ်တစ်ခုစီတွင် ဂျာမန်တို့အသုံးပြုနိုင်သော တင့်ကားများ အရေအတွက်မှာ နည်းသည့်ထက် နည်းလာပြီး လေကြောင်းအရေးသာမှုလည်း မရှိတော့ချေ။ ဤအဓိကလက်နက်နှစ်ခုတွင် အင်အားနည်းလာခြင်းကြောင့် ခြေလျင်တပ်များမှာ ပို၍ ဒဏ်ခံလာရ၏။ သဘာဝအလျောက်ပင် ခြေလျင်တပ်များ စုပြုံတိုက်ခိုက်ခြင်းဖြင့် တစ်စိတ်တစ်ဒေသ အောင်ပွဲခံနိုင်ခြင်းမှာ အဆမတန် တန်ဖိုးပေးဆပ်ရသည်ဖြစ်သောကြောင့် တပ်များ ပြုန်းတီးမှုမှာ တစ်စတစ်စ များ၍သာလာတော့၏။

ကျူးကျော်သူများအနေနှင့် မဟာဗျူဟာအရ အလွန်အမင်း တပ်များကို ဖြန့်ထားရစဉ် ဤကဲ့သို့ နည်းဗျူဟာအရ ပင်ပန်းလှပြီဖြစ်ရာ အလွန်ကြောက်ဖွယ်ကောင်းသော အခြေအနေသို့ ရောက်ရှိလာတော့၏။ ဟော်လဒါက အရှုံးဖြင့်တန့်၍ ဆောင်းတွင်းတွင် ခံစစ်ယူထားရန် အကြံပေးရာ ဟစ်တလာက ပယ်ချခဲ့၍ ဟော်လဒါကို ဖြုတ်ချခဲ့၏။ ထို့နောက် သူ့ထက် အသက်ငယ်၍ ပိုမိုစိတ်အားထက်သန်သည့် ဇိုက်ဇလာ[၁] နှင့် အစားထိုးခဲ့လေသည်။ ပြီးခဲ့သည့် ဆောင်းဦးတွင် မော်စကို၏ ဆွဲဆောင်မှုကို မခံနိုင်ခဲ့သလို ယခုလည်း ဟစ်တလာသည် စတာလင်ဂရက်၏ ဆွဲဆောင်မှုကို အားပေးထောက်ခံမည့် စစ်ဗိုလ်များလည်း တွေ့ရပြန်ပြီဖြစ်၏။ သို့သော် ယခုအခါတွင်မူ ရလဒ်များမှာ ယခင်ကထက် ပို၍ဆိုးရွားခဲ့၏။ စတာလင်ဂရက်ကိုတိုက်နေသော တပ်များသည် စစ်မျက်နှာကျဉ်းကျဉ်းမှ ရှေ့သို့ မဲ၍ တက်ကြရာ နောက်မှ ၎င်းတို့အား ရုရှတပ်များက ဝန်းရံမည့်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပေသည်။

ရုရှတို့က နိုဝင်ဘာလတွင် တန်ပြန်ထိုးစစ်ဆင်နွှဲခဲ့၍ စတာလင်ဂရက်ကို ထိုးစစ်ဆင်နေသော ဂျာမန်များအား နောက်မှ ဝန်းရံတိုက်ခိုက်ခဲ့၏။ ဂျာမန်များ

---

[၁]။ Zeitzler

www.burmeseclassic.com

www.burmeseclassic.com



မှာ မဟာဗျူဟာအရရော၊ စိတ်ဓာတ်ရေးရာအရပါ ဆုံးရှုံးချိန်တန်နေပြီ ဖြစ်လေသည်။ ရုရှတို့ တုံ့ပြန်ထိုးစစ်မှာ သွယ်ဝိုက်ချဉ်းကပ်မှုရှိသည့်အပြင် တန်ပြန်ထိုးစစ်များ ဓမ္မတာအတိုင်း စပရင်တစ်ခုကို ဖိထားရာမှ ပြန်၍ကြွရသလို ပို၍အရှိန်ကောင်းခဲ့၏။ ထို့ပြင် မိမိထိုးစစ်၏ ကျယ်ပြန့်လှသော တောင်ပံတပ်များကို ကာကွယ်ရန် ရူမေးနီးယားနှင့် အီတလီတပ်များအား ဟစ်တလာက သုံးထားရာ၊ ၎င်းတပ်များနေရာကို ရုရှတို့က ရွေးချယ်တိုက်ခိုက်ခြင်းကြောင့် ရုရှတပ်များအတွက် ပို၍ အကျိုးရှိခဲ့လေသည်။ ထိုတိုက်ပွဲတွင် ရုရှတို့က ရန်သူအမြောက်အမြားကို ဖြတ်တောက်ပစ်နိုင်၍ စစ်ကြီးအတွင်း ပထမဆုံးအကြိမ် ဂျာမန်စစ်သုံ့ပန်း အများအပြားကို ရုရှတို့က ဖမ်းဆီးနိုင်ခဲ့၏။

မိမိတို့ လမ်းအတော်ရှင်းသွားပြီဖြစ်ရာ ရုရှတပ်များက အမြတ်ထုတ်စစ်ဆင်သည့် အနေနှင့် တောင်ဘက်သို့ဆင်း၍ ကော့ကေးဆပ်ရှိ ဂျာမန်တို့၏ ဆက်သွယ်ရေး လမ်းကြောင်းများကို ခြိမ်းခြောက်ခဲ့လေသည်။ ဂျာမန်တပ်များအနေနှင့် မည်မျှအန္တရာယ်ကြီးမားနေသည်ကို ဖော်ပြရသော် ရုရှများ ယင်းသို့တိုက်ခိုက်လာသည့် ၁၉၄၃ ခုနှစ် ဇန်နဝါရီလထဲတွင် ဂျာမန်တပ်များသည် ရော့စတော့အရှေ့ဘက် မိုင် ၄၀၀ မျှ ရောက်နေကြပြီး ဒေါန်းမြစ်ကြောင်းမှ ချီတက်လာသော ရုရှတပ်များသည် ရော့စ်တော့နှင့် မိုင် ၄၀ သာ ကွာတော့၏။ ယင်းနေရာမှာ ကော့ကေးဆပ်ရှိ ဂျာမန်တပ်တော်များ၏ ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်သန်းသွားရာ ပုလင်းခေါင်းကျဉ်းနေရာမျိုး ဖြစ်၏။

ဂျာမန်များသည် ရန်သူ၏ထောင်ချောက်ကို မပိတ်မိအောင် တားထားပြီး ခွာစစ်ဆင်၍ မိမိတို့တပ်များကို နောက်သို့ဆုတ်ပေးနိုင်ခဲ့သော်လည်း ကော့ကေးဆပ်ကို လက်လွှတ်ခဲ့ရသည်သာမက ရုရှတို့ ဖိအားကို မခံနိုင်တော့၍ ဒိုနက်စက်မှုဒေသမှပါ ဆုတ်ခွာပေးကြရလေသည်။

ဖေဖော်ဝါရီလထဲတွင် ဂျာမန်တို့ ဆုတ်ခွာခဲ့မှုမှာ ပို၍လျင်မြန်ခဲ့၏။ ရုရှတပ်များသည် နောက်မှ ထက်ကြပ်လိုက်လာကြ၍ ဂျာမန်တို့ နွေကာလ ထိုးစစ်စတင်သည့်နေရာကိုပင် ကျော်ဖြတ်နိုင်ကြပြီဖြစ်၏။ ခါးကော့ကို ပြန်လည်သိမ်းပိုက်ပြီး ဒနိပါမြစ်သို့ ရောက်လာကြလေသည်။ သို့သော် ဖေဖော်ဝါရီလကုန်တွင် ဂျာမန်တို့က တန်ပြန်ထိုးစစ်ဆင်နွှဲ၍ ခါးကော့ကိုပြန်ရခဲ့၏။ ရုရှတို့သည် ခေတ္တခဏမျှ ဟန်ချက်ပျက်သွားလေသည်။ နွေအခါက ဂျာမန်တပ်များကဲ့သို့ပင် ရုရှတို့သည် တိုက်စစ်ဆင်ရင်း တပ်ကို အလွန်အမင်း ဆန့်ထုတ်မိ၍ ရိက္ခာပစ္စည်းများကို နောက်က မီအောင် မပို့နိုင်ဘဲ ဂျာမန်တပ်များမှာမူ နောက်ကို ပြန်ဆုတ်ခွာရင်း မိမိတို့ ရိက္ခာများနှင့် ပို၍နီးလေ ပို၍အားကြီးမားလာလေ ဖြစ်ခဲ့ပြန်၏။



ဂျာမန်တို့၏ ခါးကော့တန်ပြန်ထိုးစစ်သည် ခံစစ်–ထိုးစစ် သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာ[၁]၏ အကောင်းဆုံးနမူနာတစ်ရပ် ဖြစ်၏။ ရန်သူကို မျှားခေါ်ပြီး ထောင်ချောက်ထောင် တိုက်ခိုက်သည့်နည်းဖြစ်လေသည်။ သည်တစ်ခါတွင် တကယ့်ထောင်ချောက်ကြီးဖြစ်၏။ ယင်းတန်ပြန်ထိုးစစ်စီမံချက် ရေးဆွဲအကောင်အထည်ဖော်ခဲ့သူမှာ စစ်ကြီး၏ ပထမဆောင်းတွင်းက ရမ်းစတက်တပ်တော်စုတွင် ဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ် အာဒိင်းထိုးစစ်စီမံချက် (၁၉၄၀ ပြည့်နှစ် မေလတွင် ပြင်သစ်များကို အနိုင်တိုက်နိုင်ခဲ့သည့် စီမံချက်ဖြစ်၏) ရေးဆွဲခဲ့သည့် စစ်သူကြီး ဖွန်မင်ရှတိုင်း ဖြစ်လေသည်။ ဂျာမန်ဗိုလ်ချုပ် အများစုကပင် မင်ရှတိုင်းသည် အတော်ဆုံး မဟာဗျူဟာသမားဖြစ်သည်ဟု ဝန်ခံကြရသော်လည်း ဟစ်တလာကမူ မင်ရှတိုင်းအား မျက်နှာသာမပေးခဲ့ချေ။ သို့သော် ၁၉၄၂ ခုနှစ် နိုဝင်ဘာလထဲ၌ စတာလင်ဂရက်တွင် ပေါလ်လပ်[၂]၏ တပ်တော်ကို ရုရှတို့က အဝိုင်းခံခဲ့ရသောအခါ မင်ရှတိုင်းအား ဟစ်တလာက တပ်တော်စု ဒေါန်း[၃]မှ စည်း၍ အုပ်ချုပ်စေခဲ့လေသည်။ စတာလင်ဂရက်တွင် ကျရောက်နေသော အကျဉ်းအကျပ်မှ ဂျာမန်တပ်များအား ကယ်တင်ရန်ဖြစ်၏။ စတာလာလင်ဂရက်ကို ကယ်တင်ရန် အချိန်နောက်ကျနေပြီ ဖြစ်ပေသည်။ စတာလင်ဂရက်ကို ကယ်တင်နိုင်ခြင်း မရှိစေကာမူ တောင်ဘက်မှ ခွာစစ်ဆင်နေသော ဂျာမန်တပ်များအား မင်ရှတိုင်း၏ တပ်တော်စု ဒေါန်းက များစွာအကူအညီပေးနိုင်ခဲ့၏။ ခါးကော့ ပုလင်းခေါင်းကျဉ်းနေရာကို ရုရှတို့က ဖြတ်တောက်ခြင်းမပြုနိုင်ရန် တားထားနိုင်ခဲ့၍ ကော့ကေးဆပ်မှ ဆုတ်ခွာလာသော ဂျာမန်တပ်များအား လွတ်မြောက်အောင် ဆုတ်ခွာစေနိုင်ခဲ့၏။ ထို့နောက် အဇောပင်လယ်[၄]နှင့် ဒိုနက်မြစ်အကြား မီးယပ်မြစ်[၅]တစ်လျှောက်တွင် ဆောင်းတွင်းခံစစ်ကြောင်းတစ်ခုကို မင်ရှတိုင်းတပ်က တည်ဆောက်ခဲ့ကြလေသည်။

သို့သော် ထိုအချိန်တွင် ရုရှတပ်များသည် ဒိုနက်မြစ်မြောက်ဘက် ဟန်ဂေရီနှင့် အီတလီများ ခံထားသောနေရာများကို ဖောက်ထွင်းနိုင်ပြီဖြစ်၍ ဒိုနက်နှင့် ဗိုရိုနက်အကြား မိုင် ၂၀၀ ခန့်မှ (မင်ရှတိုင်းနံဘေးမှပတ်၍) အနောက်ဘက်သို့ ချီတက်နေကြပြီဖြစ်၏။ နောက်ပိုင်း အတော်ဝေးဝေးမှ ဒိုနက်မြစ်ကို ရုရှတို့က ဖြတ်ကူး၍ ခါးကော့ကို ပြန်လည်သိမ်းပိုက်သည့်အပြင် အနောက်တောင်ဘက်

---

၁။ Defensive - offensive form of strategy of indirect approach
ခံစစ်ဆင်နေရာမှ ထိုးစစ်ပြုလုပ်သည့် မဟာဗျူဟာကို ဆိုလိုသည် (ဘာသာပြန်သူ)
၂။ Paulus
၃။ Army Group Don
၄။ Sea of Azov
၅။ Mius River

www.burmeseclassic.com

www.burmeseclassic.com



ဒနီပါမြစ်ကွေ့အထိ ချီတက်ခဲ့ကြလေသည်။ မင်ရှုတိုင်းတပ်များ ရိက္ခာထောက်ပံ့ရေးအတွက် ဒနီပါမြစ်ကွေ့နေရာကို ဂျာမန်များက မှီခိုနေရ၏။

ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ရုရှရှေ့ပြေးတပ်များကို မင်ရှုတိုင်းဌာနချုပ်ဖြစ်သော မြစ်ကွေ့ပေါ်မှ ဇာပရိုဇီး[၁] မှ မြင်တွေ့နေရပြီဖြစ်၏။ ဤကဲ့သို့ အရေးကြီးသည့်အခါတွင် မင်ရှုတိုင်းသည် အလွန်ပင် ခေါင်းအေးအေးနှင့် စဉ်းစားလုပ်ဆောင်နိုင်သည်ကို တွေ့ရလေသည်။ ဟစ်တလာက ခါးကော့ကို တိုက်ရိုက်ချဉ်းကပ်တိုက်ခိုက်ရာတွင် မင်ရှုတိုင်းတွင်ရှိသော အနည်းငယ်မျှသော အရန်တပ်များသုံးရန် ညွှန်ကြားခဲ့သည်ကို မင်ရှုတိုင်းက ငြင်းပယ်ခဲ့ပြီးဖြစ်၏။ ယခုလည်း ယင်းအနည်းငယ်မျှသော အရန်တပ်များကို ဒနီပါမြစ်ခံစစ်ကြောင်းတွင် အသုံးပြုရန်ကို မင်ရှုတိုင်းက ခွင့်မပြုခဲ့ပေ။ အကြောင်းကား ရုရှတို့က အနောက်တောင်ဘက်သို့ ကွေ့ဆင်းလာခြင်းကို အခွင့်ကောင်းယူ၍ သွယ်ဝိုက်ချဉ်းကပ် တိုက်ခိုက်ရန် မင်ရှုတိုင်းက ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် မိမိအခြေချစခန်းကို အန္တရာယ်ပြုနိုင်သည်ကို သိလျက်နှင့်ပင် ရုရှတပ်များအား ရှေ့သို့ နက်ရှိုင်းစွာ ဆက်လက်ချီတက်ရန် ခွင့်ပြုခဲ့၏။

ထိုအချိန်တွင် မင်ရှုတိုင်းသည် မိမိတပ်များကို ပြန်လည်စုစည်းကာ အင်အားအပြည့်မရှိတော့သော ပန်ဇာတပ်မကြီး ၃ ခုကို မီးယပ်မြစ်ကြောင်းမှ ခေါ်ယူလိုက်၍ စစ်မျက်နှာကို နောက်ပြန်လှည့်လိုက်ပြီး အနောက်မြောက်ဘက်သို့ မျက်နှာမူလျက် နေရာချထား၏။ ၂၆ ရက်နေ့တွင် မင်ရှုတိုင်းသည် တိုက်ခိုက်ရန်အသင့်ဖြစ်နေပြီး ရုရှတပ်များ၏တောင်ပံနှင့် နောက်ဆွယ်ကို ဝင်ရောက်တိုက်ခိုက်တော့၏။ ၁၉၄၀ ပြည့်နှစ် ဆီဒင်တွင် ဂျာမန်တို့တိုက်ခိုက်ခဲ့သကဲ့သို့ ရန်သူတပ်များ၏ အခြေမရှိုင်နေရာကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပေသည်။ တစ်ပတ်အတွင်း အနောက်တောင်သို့ ဦးတည်ချီတက်နေသော ရုရှတပ်များသည် နောက်သို့ပြန်လှည့်ပြီး ဒရောသောပါးနှင့် ဒိုးနက်မြစ်ကို ပြန်ဖြတ်၍ ဆုတ်ခွာကြရ၏။ ထိုတိုက်ပွဲတွင် ရုရှတို့သည် တင့်ကား ၆၀၀ ကျော်နှင့် အမြောက် ၁၀၀၀ ခန့် ဆုံးရှုံးခဲ့လေသည်။

ထို့နောက် မင်ရှုတိုင်းသည် မြောက်ဘက်သို့ ချီတက်၍ ခါးကော့နှင့် ဘီယက်ဂိုရော့[၂]သို့ ဦးတည်ချီတက်နေသော ရုရှတပ်များ၏ နောက်ပိုင်းတောင်ပံကို ဝင်တိုက်ပြန်၏။ ရုရှတပ်တော်များသည် အခြေပျက်၍ အဆိုပါမြို့နှစ်မြို့စလုံးကို စွန့်ခွာ၍ နောက်ပြန်ဆုတ်ခဲ့ကြရလေသည်။ ယခုတိုက်ပွဲများတွင် ဂျာမန်

၁။ Zaporozhe

၂။ Bielgorod



တို့သည် ရုရှတပ်များထက် တပ်မအင်အားတွင် ရှစ်ချိုးတစ်ချိုးသာရှိပြီး အခက်အခဲပေါင်း မြောက်မြားစွာ ရင်ဆိုင်နေရစဉ် သွယ်ဝိုက်ချဉ်းကပ်မှုနည်းများကို အသုံးပြုခဲ့၍ ထူးထူးခြားခြား ပြောင်မြောက်သည့် အောင်ပွဲများ ရရှိခဲ့ခြင်း ဖြစ်လေသည်။ အင်အားချင်းသာ ဤမျှအဆမတန် ကွာခြားခြင်းမရှိလျှင် ဆီဒင်ထိုးစစ်မှာကဲ့သို့ပင် ဂျာမန်တို့သည် အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲများရမည်ဖြစ်၏။ အင်အားချင်း ကွာခြားမှုမှာ ဂျာမန်များ နောက်ဆုံးတွင် စစ်ရှုံးတော့မည်ကို နိမိတ်ဖတ်နေသလိုရှိတော့၏။

အရန်တပ်များတွင် ဂျာမန်တပ်များသည် ရုရှားတို့နှင့် နှိုင်းယှဉ်လိုက်ပါက ကန့်သတ်ချက်များ အလွန်များခဲ့လေသည်။ နှစ်နှစ်ဆက်၍ ထိုးစစ်ဆင်နွှဲခဲ့ရခြင်းကြောင့် ဂျာမန်အရန်များမှာ နည်းပါးနေပြီဖြစ်ပြီး ရုရှတို့တွင်မူ အသစ်ဖွဲ့စည်းထားသော တပ်မများ တစ်နေ့တခြား တိုးတက်လျက်ရှိ၏။ ခါးကော့ တန်ပြန်ထိုးစစ်ကြောင့် ရုရှတို့သည် ယာယီသဘော အခြေပျက်သွားသော်လည်း အင်အားချိန်ခွင်လျှာတွင် ဂျာမနီဘက်က အလွန်နိမ့်ကျလျက် ရှိချေပြီ။

## ပစိဖိတ် စစ်မျက်နှာ

၁၉၃၁ ခုနှစ်မှ အစပြု၍ ဂျပန်သည် အာရှတိုက်မကြီးတွင် ခြေကုပ်များ တစ်ခုပြီးတစ်ခု ရလျက်ရှိ၏။ တရုတ်တို့အကျိုးကို ဆန့်ကျင်ကာ နယ်ချဲ့လာခြင်းဖြစ်ပြီး ထိုနယ်မြေရှိ ဗြိတိသျှအမေရိကန်တို့အကျိုးကိုလည်း ထိခိုက်စေခဲ့၏။ ထိုနှစ်ထဲတွင်ပင် မန်ချူးရီးယားကို ဂျပန်က ဝင်တိုက်၍ ဂျပန်၏ အရန်နောက်လိုက်နိုင်ငံ[၁]တစ်ခုအဖြစ် တည်ထောင်ပေးခဲ့လေ၏။ ၁၉၃၂ ခုနှစ်တွင် တရုတ်ပြည်ကို ဝင်တိုက်ခဲ့ပြီး ကြီးကျယ်လှသော နိုင်ငံကြီးတစ်ခုကို လွှမ်းမိုးရန် လုပ်ဆောင်ရင်း တဖြည်းဖြည်း ပြောက်ကျားစစ်ဆင်ရေးနှင့် ရင်ဆိုင်လာရကာ ဆက်လက်နယ်ချဲ့၍ အဖြေရှာခဲ့၏။ တောင်ပိုင်းတွင် ထပ်မံနယ်ချဲ့၍ တရုတ်ပြည်တောင်ပိုင်းမှ ဝင်ပေါက်အားလုံးကို ပိတ်ပစ်ရန် ကြံခဲ့လေသည်။ ဟစ်တလာက ပြင်သစ်ကို အောင်နိုင်ပြီး ပြင်သစ်ကို ကူညီမည့်သူမရှိ ဖြစ်နေသောအခါ ပြင်သစ်အား ခြိမ်းခြောက်၍ အင်ဒိုချိုင်းနားကျွန်းဆွယ်ကို ဂျပန်ကာကွယ်ထားသည့်နယ်မြေ[၂] အဖြစ် ပြင်သစ်က ဂျပန်အား ပေးအပ်ခဲ့ရလေသည်။

၁၉၄၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် အမေရိကန်သမ္မတ ရုစဗဲ့က ဂျပန်တပ်များ အင်ဒိုချိုင်းနားကျွန်းဆွယ်မှ ပြန်ရုပ်သိမ်းရန် တောင်းဆိုခဲ့ပြီး

၁။ Satellite

၂။ Protectorate

www.burmeseclassic.com

www.burmeseclassic.com



၂၆ ရက်နေ့တွင် အမေရိကန်ရှိ ဂျပန်ပစ္စည်းအားလုံးကို 'ခဲ'ထားလိုက်၍[၁] ဂျပန်သို့ ဓာတ်ဆီပါ တင်ပို့ခြင်းမရှိတော့ချေ။ ချာချီကလည်း အလားတူ အရေးယူလိုက်ပြီးနောက် ၂ ရက်ကြာသောအခါ လန်ဒန်ရောက်နေသော အဝေးရောက် ဒတ်ချ်အစိုးရကလည်း အမေရိကန် ဗြိတိသျှတို့ကဲ့သို့ ဂျပန်အား အရေးယူခဲ့ရလေ၏။ ထို့ကြောင့် "တစ်ချက်တည်းနှင့် ဂျပန်ဟာ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ ဓာတ်ဆီမရနိုင်တော့ဘူး"ဟု ချာချီက ပြောဆိုခဲ့၏။

စေ့စပ်ပိုင်းဆွေးနွေးပွဲများ၌ ဤကဲ့သို့ ချက်ကို ကိုင်လိုက်ပါက ဂျပန်သည် ပြိုကွဲကျချင်ကျမည်။ သို့မဟုတ် သူ၏ဝါဒကို စွန့်လွှတ်ရမည်။ ယင်းသို့ အဖြစ်မခံနိုင်လျှင် စစ်တိုက်ရန် တစ်လမ်းသာကျန်တော့သည်ကို အားလုံးက အသိအမှတ်ပြုခဲ့ကြလေသည်။ နောက်ထပ် လေးလမျှ ဓာတ်ဆီပိတ်ပင်ထားသည်ကို ပယ်ဖျက်ပေးရန် စေ့စပ်ဆွေးနွေးခဲ့၍ ဂျပန်က စစ်မတိုက်ဘဲနေခဲ့သည်မှာ အံ့ဩဖွယ်ပင် ဖြစ်၏။ ဂျပန်တပ်များကို အင်ဒိုချိုင်းနားကျွန်းဆွယ်မှသာ မဟုတ်ဘဲ တရုတ်ပြည်မှပါ ဆုတ်ခွာပေးမှ ဓာတ်ဆီပိတ်ပင်ခြင်းကို ပယ်ဖျက်ပေးမည်ဟု အမေရိကန်က ဈေးကိုင်၏။ ဂျပန်မပြောနှင့် မည်သည့်အစိုးရကမျှ ဤမျှ ရှက်ဖွယ်လိလိ မျက်နှာပျက်ရမည့်အလုပ်မျိုးကို ခေါင်းငုံ့လိုက်နာမည်မဟုတ်ချေ။ ထို့ကြောင့် နှလိုင်လနောက်ဆုံးအပတ်မှစ၍ ပစိဖိတ်ဒေသတွင် အချိန်မရွေး စစ်ဖြစ်ပွားလာနိုင်လေသည်။ ဤကဲ့သို့ ဖြစ်ပျက်နေသော အခြေအနေတွင် ဂျပန်က မတိုက်သေးဘဲ ၄ လ အချိန်ဆွဲနေခဲ့၍ အမေရိကန်နှင့် ဗြိတိသျှတို့အဖို့ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ သို့သော် ဤကဲ့သို့ ရခဲ့သည့်အချိန်အတွင်း မဟာမိတ်များက ကာကွယ်ရေးအစီအစဉ်များကို ပြုလုပ်ခဲ့ခြင်း မရှိချေ။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့နံနက်တွင် ဂျပန်လေယာဉ်တင်သင်္ဘော ၆ စင်းပါဝင်သည့် ရေတပ်ဖွဲ့သည် ဟာဝိုင်အီကျွန်း အမေရိကန်ရေတပ်စခန်း ပုလဲဆိပ်ကမ်းကို လေယာဉ်များမှ ဗုံးကြဲတိုက်ခိုက်ခဲ့လေသည်။ ပို့အာသာ[၂] တွင် ဂျပန်က ရုရှအား စစ်မကြေညာဘဲ တိုက်ခိုက်ခဲ့သည့်နည်းတူ ယခုလည်း စစ်ကြေညာခြင်းမပြုဘဲ အမေရိကန်ရေတပ်စခန်းအား ဂျပန်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်၏။

၁၉၄၁ ခုနှစ် စောစောပိုင်းအထိ အမေရိကန်နှင့် စစ်ဖြစ်ရပါက ဂျပန်တို့စီမံချက်မှာ ဖိလစ်ပိုင်ကျွန်းကိုတိုက်ရန် ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်က ဖိလစ်ပိုင်ကျွန်းကို အကူအညီပေးရန် သမုဒ္ဒရာကိုဖြတ်၍ ပေးပို့

၁။ Freeze ဂျပန်ပိုင်ပစ္စည်းများ မထုတ်ယူ မသုံးစွဲနိုင်ရန် အမိန့်ထုတ်လိုက်ခြင်းဖြစ်သည်။ (ဘာသာပြန်သူ)

၂။ Port Arthur



သည့် စစ်ကူများကို ဂျပန်က မိမိတို့ ပစိဖိတ်တောင်ပိုင်း ရေတပ်နှင့် ကြားဖြတ်တိုက်ခိုက်ရန် ဖြစ်၏။ အမေရိကန်တို့ကလည်း ဂျပန်တို့လှမ်းမည့် ခြေလှမ်းကို ရိပ်မိပြီးဖြစ်ပြီး ဂျပန်က အင်ဒိုချိုင်းနားကျွန်းဆွယ်ကို ဆင်းလာသောအခါ ၎င်းတို့တွက်ကိန်းကို အတည်ပြုပေးသကဲ့သို့ ရှိတော့၏။

ရေတပ်ဗိုလ်ချုပ်ကြီး ယာမာမိုတို[၁] က ထိုအချိန်တွင် ပုလဲဆိပ်ကမ်းကို အငိုက်ဖမ်းတိုက်ခိုက်ရန် ကြံစည်လျက်ရှိလေသည်။ တိုက်ခိုက်ရေးတပ်သည် အလွန်ကွေ့ကောက်ချီတက်ခဲ့ခြင်းဖြစ်၏။ ကျူရိုင်းကျွန်းမှ တောင်ဘက် ဟာဝိုင်ယီကျွန်းအထိ ဆင်းလာသည်ကို ရန်သူက လုံးဝမသိရှိခဲ့ချေ။ ပုလဲဆိပ်ကမ်းမှ မိုင် ၃၀၀ ကွာဝေးနေသည့်နေရာမှ လေယာဉ် ၃၆၀ နှင့် နံနက်အရုဏ်မတက်မီ တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ အမေရိကန်စစ်သင်္ဘောကြီး ၈ စင်းအနက် ၄ စင်း နစ်မြုပ်ခဲ့၍ အခြားသင်္ဘောများမှာလည်း အကြီးအကျယ် ပျက်စီးခဲ့ရ၏။ ၁ နာရီကျော်လေးအတွင်းတွင် ဂျပန်သည် ပစိဖိတ်သမုဒ္ဒရာကို စိုးမိုးနိုင်ခဲ့ပြီ ဖြစ်လေသည်။

ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းကြောင့် မလေးနှင့် မလေးကျွန်းဆွယ်ကိုပါ ရေကြောင်းမှ တိုက်ခိုက်ရန် လမ်းပွင့်သွားပြီ ဖြစ်လေသည်။ ဂျပန်အဓိက ရေတပ်ကြီးသည် ဟာဝိုင်ယီကျွန်းဘက်သို့ (အရှေ့မြောက်ဘက်သို့) ခုတ်မောင်းသွားစဉ် အခြား ရေတပ်သင်္ဘောများသည် စစ်သည် တင်ဆောင်သည့် သင်္ဘောများနှင့်အတူ အနောက်တောင် ပစိဖိတ်ဘက်သို့ ချီတက်လျက်ရှိကြ၏။ ပုလဲဆိပ်ကမ်းကို တိုက်သည်နှင့် တစ်ပြိုင်နက်တည်းလိုလိုပင် မလေးနှင့် ဖိလစ်ပိုင်ကျွန်းများကို ဂျပန်က ကမ်းတက်တိုက်ခိုက်ကြလေသည်။ မလေးကို တိုက်ရာတွင် ဗြိတိသျှတို့၏ ရေတပ်စခန်းကြီးဖြစ်သော စင်ကာပူကို ရည်မှန်းတိုက်ခိုက်ခြင်းဖြစ်၏။ သို့သော် ရေလမ်းဘက်မှ တိုက်သည်ကားမဟုတ်၊ ခုခံသူများကမူ ရေကြောင်းဘက်မှသာ ရန်သူဝင်လာမည်ဟု ရေကြောင်းဘက်မှရန်ကို ကာကွယ်ရန်အသင့် ဖြစ်နေကြ၏။

ဂျပန်တို့ ချဉ်းကပ်ခြင်းမှာ အလွန်ပင် သွယ်ဝိုက်လုပ်ဆောင်ခြင်းဖြစ်၏။ မလေးကျွန်းဆွယ် အရှေ့ပိုင်းနစ်နေရာတွင် ကမ်းတက်တိုက်ခိုက်ပြီး ယင်းမှာ လေယာဉ်ကွင်းများကို သိမ်းပိုက်ရန်နှင့် ရန်သူအာရုံကို ဆွဲဆောင်ယူရန်ဖြစ်လေသည်။ အဓိကတပ်များသည် စင်ကာပူမြောက်ဘက် မိုင် ၅၀၀ ဝေးသည့် ယိုးဒယားကမ်းမြောင်တွင် ကမ်းတက်ခဲ့ကြ၏။ အရှေ့မြောက်အစွန်မှ ကမ်းခြေသို့ တက်ရောက်ခဲ့ကြပြီး ကျွန်းဆွယ်အနောက်ဘက်ကြောမှ တောင်ဘက်သို့ ဆင်းခဲ့၍ ဗြိတိသျှတပ်များအား နံဘေးမှပန်း၍ ချီတက်ခဲ့ကြခြင်း ဖြစ်လေသည်။ ရန်သူတို့ မမျှော်လင့်သည့်ဘက်မှ ထူထပ်သော သစ်တောများကို စိမ့်ဝင်ချီတက်ခဲ့ကြခြင်း

၁။ Admiral Yamamoto

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဂျပန်များက အထူးပင် တစ်ပန်းသာခဲ့လေသည်။ ၆ ပတ်မျှ ဆက်တိုက်လိုလို နောက်သို့ဆုတ်ခွာခဲ့ကြ၍ ဇန်နဝါရီလကုန်တွင် ဗြိတိသျှတပ်များသည် စင်ကာပူကျွန်းသို့ဝင်၍ ခိုလှုံကြ၏။ ဖေဖော်ဝါရီလ ၈ ရက်နေ့ညနေတွင် ၁ မိုင်ရေလက်ကြားကို ဂျပန်တို့ကဖြတ်၍ နေရာအနှံ့အပြားမှ ကမ်းတက်ပြီး စင်ကာပူကို စီးနင်းဝင်ခဲ့ကြ၏။ ကျယ်ပြန့်စွာဖြန့်၍ စီးဝင်ခဲ့ကြခြင်း ဖြစ်လေသည်။

ခုခံကာကွယ်သူများက ထိုးစစ်ဆင်သူထက် နှစ်ဆများပြား၏။ သို့သော် လူမျိုးပေါင်းစုံဖြစ်ပြီး တိုက်ပွဲအတွေ့အကြုံမရှိဘဲ လူသစ်များသာ များ၏။ ဂျပန်များမှာမူ လက်ရွေးစင်တပ်များဖြစ်ပြီး တောတွင်းတိုက်ပွဲတွင် သေချာစွာလေ့ကျင့်ပြီး နောကျေနေသူများ ဖြစ်လေသည်။ တစ်လျှောက်လုံးလိုလိုတွင် ရန်သူနံဘေးမှ ပန်းပြီးချီတက်ခဲ့ကြ၍ ဗြိတိသျှတပ်များသည် ထိထိရောက်ရောက် ခုခံတုံ့ပြန်နိုင်ခြင်း မရှိခဲ့ချေ။ ဤကဲ့သို့ မမျှမတဖြစ်နေသည့်အပြင် ဗြိတိသျှက လေတပ်အကာအကွယ်မပေးနိုင်ဘဲ ဂျပန်လေတပ်က ရန်သူအား တစ်ချိန်လုံး ခြိမ်းခြောက်နှောင့်ယှက်နိုင်ခဲ့၏။ မကြာမီ ခံစစ်ဆင်သူများသည် ဟန်ချက်ပျက်သွားပြီး နောက်ပိုင်းမှပင် ရန်သူက ခြိမ်းခြောက်ခဲ့သဖြင့် ပြန်၍ဟန်ချက်ညီအောင် မလုပ်နိုင်တော့ချေ။ လုံခြုံသည့် အခြေခံနယ်မြေမရှိသည့်အပြင် မြို့တော်မှာ လူမျိုးစုံပြွတ်သိပ်နေသည့် မြို့ကြီးတစ်မြို့ဖြစ်၍ အချိန်မရွေး ရန်သူက အစားအစာနှင့် ရေကို ဖြတ်တောက်ပစ်နိုင်၏။ ပင်လယ်ကိုလည်း ရန်သူက စိုးမိုးထား၏။ မကြာခဏပင် သိုလှောင်ထားသည့် ဓာတ်ဆီများကို မီးရှို့၍ မီးခိုးလုံးကြီးများတက်လာပြီး ဗြိတိသျှတပ်များ စိတ်ဓာတ်ကျဆင်းကြရလေသည်။ ဗြိတိန်မှပေးသည့် မြေလှန်မီးရှို့စနစ်အရ မဟာမိတ်တပ်များက မီးရှို့နေခြင်းဖြစ်ပြီး အလွန်မရေရာသည့် မဟာဗျူဟာစိတ်ပညာရပ်ပင် ဖြစ်တော့၏။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့သည် ဒုတိယမြောက်တစ်ဆက်တည်း ကံဆိုးမိုးမှောင်ကျသော တနင်္ဂနွေနေ့တည်း။ မဟာမိတ်တပ်များက ဂျပန်တို့ထံ လက်နက်ချအပ်ခဲ့ကြရလေသည်။

ဖိလစ်ပိုင်၏ အဓိကကျွန်းဖြစ်သော လုဇုံ[၁] ကျွန်းတွင် မနီလာမြို့တော်မြောက်ဘက် နေရာအနှံ့အပြားမှ ဂျပန်များက ကမ်းတက်ခဲ့ကြပြီးနောက် မြို့တော်နောက်ဘက်ကပင် ကမ်းတက်ခဲ့ကြပြန်၏။ ရန်သူက အဘက်ဘက်မှ ချီတက်လာ၍ အခြေပျက်နေပြီဖြစ်သော အမေရိကန်တပ်များသည် ဒီဇင်ဘာလကုန်တွင် ကျွန်းတစ်ကျွန်းလုံးလိုလိုကို စွန့်လွှတ်လိုက်၍ ဘတန်ကမ်းမြောင်[၂] သို့ ဆုတ်ခွာပေးခဲ့လေသည်။ ထိုနေရာတွင် စစ်မျက်နှာကျဉ်း၍ ရန်သူက ရှေ့တည့်တည့်မှသာ

၁။ Luzon

၂။ Bataan Peninsula



တိုက်နိုင်သဖြင့် ဧပြီလအထိ ခုခံနိုင်ခဲ့ပြီး နောက်ဆုံးတွင် အင်အားချင်း လုံးဝမမျှ၍ အမေရိကန်တို့ လက်နက်ချခဲ့ကြရလေသည်။

ယင်းသို့ မဖြစ်ပျက်မီ အချိန်ကြာမြင့်စွာကပင် (စင်ကာပူပင် မကျသေးမီ) ဂျပန်တို့သည် မလေးကျွန်းဆွယ်တွင် ဆက်တိုက်အောင်ပွဲခံခဲ့ကြ၏။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဂျပန်တပ်များသည် ဘော်နီယို၊ စီလီဗီနှင့် နယူးဂီနီကျွန်းများတွင် ကမ်းတက်နိုင်ခဲ့ကြ၏။ ဒတ်ချ် အရှေ့အင်ဒီယာကျွန်းများ၏ အဓိက ဂျာဗာကျွန်းကို အဘက်ဘက်မှပန်းခဲ့၍ ပြင်ပနှင့် အဆက်ပြတ်ပြီး ၃ ပတ်အကြာတွင် ဂျပန်တို့က ကမ်းတက်တိုက်ခိုက်ကြလေသည်။ နောက် ၃ ပတ်ကြာသောအခါ ဂျာဗာကျွန်းတစ်ကျွန်းလုံးသည် မှည့်နေသော ဆီးသီးကဲ့သို့ ဂျပန်တို့လက်ထဲ ကျရောက်တော့၏။

ဩစတြေးလီးယားသို့ ချက်ချင်းဝင်ရောက်တိုက်ခိုက်မည်ဟု ထင်ရသော်လည်း ဂျပန်တို့က တိုက်ခိုက်ခြင်းမရှိခဲ့ချေ။ ဂျပန်တို့၏ အဓိကထိုးစစ်သည် မျက်နှာချင်းဆိုင်ဘက် (အနောက်ဘက်) မြန်မာပြည်ကို ဦးတည်လျက်ရှိ၏။ ထိုင်းမှ ရန်ကုန်သို့ ဝင်ရာတွင် တိုက်ရိုက်ချဉ်းကပ်မှုဟု ဆိုနိုင်သော်လည်း စစ်မျက်နှာ အကျယ်ကြီးဖြန့်၍ ဝင်ခဲ့ခြင်းဖြစ်၏။ ထို့ပြင် အာရှတိုက်မကြီးတွင် ဂျပန်တို့၏ အဓိကရည်မှန်းချက်ဖြစ်သော တရုတ်ခုခံမှုအင်အား ဆုတ်ဆိုင်းသွားစေရန် အတွက်ဆိုလျှင် မြန်မာပြည်ကို ဝင်တိုက်ခဲ့ခြင်းမှာ သွယ်ဝိုက်ချဉ်းကပ်မှု တစ်ရပ် ဖြစ်ခဲ့သည်။ အကြောင်းမူကား အင်္ဂလိပ် အမေရိကန်တို့က တရုတ်ပြည်မှာ လမ်းမကြီးမှတစ်ဖက် တရုတ်ပြည်သို့ လက်နက်ပစ္စည်းများပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပို့ပေးရခြင်းဖြစ်၏။ တစ်ချိန်တည်းမှာပင် မြန်မာပြည်ကို တိုက်ခြင်းမှာ ပစိဖိတ်သို့ဝင်ရာ အနောက်ဘက်တစ်ခွင်ကိုစိုးမိုးရေး ပြည့်စုံများအောင် လုပ်လိုက်ခြင်းလည်း ဖြစ်၏။ ထို့ပြင် အင်္ဂလိပ် အမေရိကန်တို့က ပြန်လှန်ထိုးစစ်ဆင်နွှဲသောအခါ မည်သည့်လမ်းကြောင်းကို ရွေးချယ်သည်ဖြစ်စေ ဂျပန်မှ မြန်မာပြည်မှ ခုထိုင်ထားလျှင် အဆီးအတားကြီးတစ်ခု ဖြစ်နိုင်သောကြောင့်လည်း မြန်မာပြည်ကို ဂျပန်တို့ တိုက်ခိုက်ခြင်းဖြစ်လေသည်။

မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကျ၍ နောက်နှစ်လကြာသောအခါ ဗြိတိသျှတပ်များသည် တောင်များကိုဖြတ်ကျော်၍ အိန္ဒိယပြည်ထဲသို့ ဆုတ်ခွာခဲ့ကြ၏။ ဤနည်းအားဖြင့် ဂျပန်တို့သည် သဘာဝအလျှောက် အလွန်ခိုင်မာတောင့်တင်းသည့် အကာအကွယ်တစ်ခု ရရှိခဲ့ပြီး ရန်သူက ပြန်လည်တိုက်ခိုက်သိမ်းယူရန် အလွန်ခက်ခဲ အလွန်ကြာညောင်းမည် ဖြစ်လေသည်။

ဂျပန်တို့ အောင်နိုင်ထားသည်တို့ကို ပြန်လည်တိုက်ယူရန် အင်အားစုစည်းရသည်မှာ မဟာမိတ်များအတွက် အလွန်ပင် အချိန်ကြာမြင့်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်အစွန်းမှ စတင်အင်အားစုစည်းခဲ့၏။ အရှေ့ဘက်အစွန်တွင် ဂျပန်ပိုင်နက် နယ်များနှင့် နီးကပ်နေသည့် အခြေချစခန်းကြီးအဖြစ် ဩစတြေးလျ တိုက်ကို အသုံးပြုနိုင်သည်မှာ မဟာမိတ်များအတွက် ကံကောင်းပေသည်။

၁၉၄၂ ခု ဩဂုတ်လတွင် ဆော်လမွန်ကျွန်းစုနှင့် အနီးဆုံး ဂျပန်ပိုင်နက် တောင်ဘက်ဆုံးဖြစ်သည့် ဂွါဒါကနယ်[၁]ကို မက်အာသာ[၂]က စတင်တိုက်ခိုက်၏။ ကျွန်းကို ပြန်လည်သိမ်းယူနိုင်ရန် ၆ လ တိုက်ယူရလေသည်။ ထို့နောက် အတန်ကြီးသော နယူးဂျော်ဂျီယာကျွန်းကို ၁၉၄၃ ခု ဇွန်လကုန်လောက်မှ စတင် တိုက်၍ ၃ လကျော်မှ အမေရိကန်တို့က ပြန်လည်သိမ်းယူနိုင်၏။

ထိုအချိန်တွင် ဩစတြေးလျတပ်များသည် မိမိတို့ရထားသော နယူးဂီနီ ကျွန်း အရှေ့တောင်ထောင့်နေရာမှစ၍ ထိုးစစ် စတင်ခဲ့လေသည်။ ဂျပန်များက သေသေကျေကျေ ခုခံကြ၍ မြေအနေအထား အလွန်ခက်ခဲရကား ထိုးစစ်ဆင် သူများသည် တဖြည်းဖြည်းချင်းသာ ရှေ့သို့ တက်နိုင်ခဲ့ကြ၏။ ကျွန်း၏ အရှေ့ တောင်ထောင့်နေရာကို သိမ်းပိုက်နိုင်ရန် တစ်နှစ်နီးနီးကြာခဲ့လေသည်။ ၁၉၄၃ ခုနှစ် စက်တင်ဘာလထဲတွင် လေး[၃]ကို ဩစတြေးလျတပ်များက သိမ်းပိုက်နိုင် ခဲ့ကြ၏။

ဖိလစ်ပိုင်ကျွန်းနှင့် ဂျပန်ကို တိုက်ခိုက်ရန် အလွန်ပင် အချိန်ကြာညောင်း မည်ဟု ထင်မှတ်ခဲ့ရလေသည်။ သို့သော် ၁၉၄၃ ခု ဆောင်းဦးတွင် သွယ်ဝိုက် ချဉ်းကပ်ခြင်း၏ နည်းတစ်ခုဖြစ်သော **ကျော့ကျော်သွားခြင်း[၄] နည်း**ကို အမေရိကန် တို့ အသုံးပြုခဲ့ကြ၍ ပိုမိုလျင်မြန်လာလေသည်။ ရေတပ်နှင့် ရေကြောင်းချီ ကြည်းတပ်များ တိုက်ခိုက်ရာတွင် ကျွန်းများကို ကျော့ကျော်သွား၍ အရေးပါသော နေရာများကိုသာ တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ထိုကျွန်းများမှ ရန်သူတပ်များသည် ရိက္ခာများ ပြတ်တောက်ပြီး မဟာဗျူဟာအရ အကျဉ်းခံနေရသော တပ်များ သဖွယ် ဖြစ်ခဲ့ရလေသည်။

၁၉၄၄ ခု အောက်တိုဘာလ၌ အဝေးကြီးခုန်၍ တိုက်နိုင်သောကြောင့် အမေရိကန်တပ်များသည် ဖိလစ်ပိုင်ကျွန်းသို့ ပြန်လည်ရောက်လာကြလေပြီ။ ထိုးစစ်မစတင်မီ ဖိလစ်ပိုင်ကျွန်းစု၏ မြောက်ဘက်နှင့် တောင်ဘက်မှ အဓိက ကျွန်းများဖြစ်သည့် လူဇုံနှင့် မင်ဒါနီကျွန်းများမှ လေဆိပ်များ၊ ဆိပ်ကမ်းမြို့များ ကို အမေရိကန် လေတပ်က ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ခဲ့ကြလေသည်။ ထို့ကြောင့် ထိုကျွန်းများတွင် ရန်သူက ကမ်းတက်တိုက်တော့မည်ဟု ဂျပန်တို့

၁။ Guadacanal
၂။ Mac Arthur
၃။ Lae
၄။ Bypassing Method



က တွက်ကြ၏။ သို့သော် မည်သည့်နေရာကိုတိုက်မည်ကို အသေအချာ မသိ ကြချေ။ ဗိုလ်ချုပ်ကြီး မက်အာသာ၏ ရေကြောင်းချီတပ်များသည် လူဇုံနှင့် မင်ဒါနီအလယ် လေတီ[၁]ကျွန်းကို ကမ်းတက်တိုက်ကြ၏။ ဖိလစ်ပိုင်ကျွန်းစု အလယ်တွင် သပ်လျှိုသွင်းသလို ဖြစ်သွားသည့်အပြင် ဂျပန်ပိုင်နက်များအနေနှင့် ကြည့်လျှင် ဂျပန်ကျွန်းစုနှင့် အရှေ့အိန္ဒိယကျွန်းစုအကြား မဟာဗျူဟာသပ်ကြီး လျှိုသွင်းလိုက်သလို ဖြစ်ခဲ့လေသည်။

အမေရိကန်တို့သည် ဖိလစ်ပိုင်ကျွန်းစုကို ပြန်လည်သိမ်းပိုက်ခြင်း မပြုနိုင်မီ မလွဲမရှောင်သာ အင်အားစုစည်းနေရသဖြင့် အချိန်အနည်းငယ်ကြာခဲ့၏။ သို့သော် အမေရိကန်တို့သည် **သစ်တုံးခွဲသည့်နည်း[၂]**နှင့် **ရေ-လေ ပိုက်ကွန်ကြီးနှင့် လွှမ်းခြုံသည့်နည်း[၃]** နှစ်ခုကို ပူးပေါင်းအသုံးပြုနိုင်သဖြင့် တဖြည်းဖြည်းချင်း အောင်ပွဲ များ ခံနိုင်သည်နှင့်အမျှ ဂျပန်ပိုင်နက်ကျွန်း တစ်ကျွန်းပြီးတစ်ကျွန်းကို အထီးကျန် ဖြစ်အောင် လုပ်ထားနိုင်ခဲ့လေသည်။ ထို့ပြင် အမေရိကန်တို့သည် ယခုအခါတွင် ဂျပန်ကျွန်းနှင့် နီးနီးနေရာကိုရထား၍ ဂျပန်ကို လေကြောင်းမှ အင်အားကြီးစွာ နှင့် မရပ်မနား တိုက်ခိုက်နိုင်ခဲ့သေလည်။ နောက်တစ်ကြိမ် ခုန်ကူးရာတွင် ဖော်မိုဆာကျွန်းကို ကျော်၍ ဖော်မိုဆာနှင့် ဂျပန်အကြား ရျူကျူးကျွန်းဆွယ်မှ အိုကီ နာဝါကို ကမ်းတက်တိုက်ကြ၏။

ယင်းစစ်ဆင်ရေးများတွင် မှတ်သားဖွယ်ကောင်းသည်မှာ အမေရိကန်တို့ သည် ပြောင်းလဲတိုက်ခိုက်နိုင်သော ရည်မှန်းချက်များကို အသုံးပြုခြင်းဖြင့် မိမိက ဘာကိုတိုက်မည်ကို ရန်သူက လုံးဝမခန့်မှန်းနိုင်ဘဲ ရှုပ်ရှုပ်ထွေးထွေး ဖြစ်စေပြီး မှ ရန်သူတပ်အနေအထားအရ အားနည်းချက်ကို အစွမ်းကုန် အသုံးချခဲ့ကြခြင်း ဖြစ်၏။ ထို့ကြောင့် မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုမှာ အထူးထိရောက်ခဲ့၏။

ဂျပန်တို့ ဒီရေအလား အောင်ပွဲခံခဲ့ခြင်းမှာ ကျယ်ပြန့်လွန်းသဖြင့် ကြာရှည် မခံနိုင်ချေ။ ထို့ကြောင့် ဂျပန်တပ်များသည် အလွန်ဖြန့်၍ နေရာယူထားရသော ကြောင့် အားမရှိတော့ဘဲ ရေကြောင်းလေကြောင်း၊ အင်အားတွင် မဟာမိတ်တို့ က သာလွန်လာသောအခါ တစ်နေရာစီကို အထီးကျန်ဖြစ်စေ၍ အမေရိကန်တို့ ၏ ရေကြောင်းချီတပ်များ၏ ချေမှုန်းခြင်းကို ခံရတော့၏။ ကျူးကျော်သူသည် ကျူးကျော်ခြင်း၏ တုံ့ပြန်မှုကို ခံရခြင်းဖြစ်၏။ **ယင်းတုံ့ပြန်မှုက "တိုက်ခိုက် ခြင်းသည် အကောင်းဆုံးခံစစ်ဖြစ်၏"ဟူသော စစ်ဝါဒီများ အဆိုမှားယွင်း ကြောင်းကို သက်သေပြခဲ့လေပြီ။** ပထမပိုင်းတွင် ဂျပန်သည် အထူးအောင်မြင်ခဲ့၍

၁။ Leyte
၂။ Log Splitting Method
၃။ Enveloping Sea Air Net

www.burmeseclassic.com

www.burmeseclassic.com

သူ၏ခံစစ်အနေအထားကို အလွန်အမင်း ဖြန့်ခဲ့ရသောကြောင့် လုံခြုံမှုမရှိတော့ချေ။ ဂျာမန်တို့ စောစောပိုင်းတွင် အောင်မြင်ခဲ့စဉ်ကလည်း အလားတူကံကြမ္မာနှင့် ကြုံခဲ့ရလေသည်။

## မြေထဲပင်လယ် စစ်မျက်နှာ

မြေထဲပင်လယ် စောစောပိုင်းတိုက်ပွဲစဉ်များမှာ အီတလီနှင့် ဂျာမန်တပ်များက အီဂျစ်နှင့် ဆူးအက်တူးမြောင်းကို စိုးမိုးနိုင်ရေး ကြိုးပမ်းမှုများအပေါ် အခြေပြုခဲ့လေသည်။ မဟာဗျူဟာအရ ရှေ့နောက်လည်းကောင်း၊ နံဘေးသို့လည်းကောင်း အလွန်အမင်း တပ်များဖြန့်ခြင်း၏ အန္တရာယ်ကြီးမားပုံကို ထိုစစ်ဆင်ရေးများက ပီပီပြင်ပြင် ပြသခဲ့၏။ သွယ်ဝိုက်ချဉ်းကပ်ခြင်း တန်ဖိုးရှိပုံနှင့်ပတ်သက်၍လည်း သင်ခန်းစာ အမြောက်အမြား ဖော်ထုတ်ခဲ့လေသည်။

၁၉၄၀ ပြည့် စက်တင်ဘာလတွင် စစ်သူကြီး ဂရာဇီယာနီ[1] သည် လစ်ဗျားမှ အီဂျစ်သို့ စတင်ချီတက်ခဲ့၏။ ချီတက်တိုက်ခိုက်သည့် အီတလီတပ်များသည် အီဂျစ်ကို ကာကွယ်နေသော ဗြိတိသျှတပ်များနှင့်စာပါက အရေအတွက် အလွန်များပြားလှသည်ဖြစ်သဖြင့် အရေအတွက်များတိုင်းသာ နိုင်ရပါက သူတို့က မုချအောင်ပွဲခံနိုင်ကြမည် ဖြစ်၏။ သို့သော် အီတလီတပ်များသည် လှုပ်ရှားနိုင်မှုများစွာမရှိချေ။ ယန္တရားတပ် နည်းသဖြင့် လှည့်ဖျားစစ်ကစားနိုင်မှုမရှိဘဲ (အငိုက်ဖမ်းနိုင်မှု အခွင့်အလမ်းပါ နည်းသွားသည့်အပြင်) အုပ်ချုပ်မှုရေးရာလည်း ညံ့ဖျင်းကြ၏။ အနောက်ဘက် သဲကန္တာရကို ဖြတ်၍ မိုင် ၇၀ မျှ ချီတက်ကြပြီး ဆီဒီဘရာနီ[2] ၌ ရပ်နားကြ၍ ထိုနေရာ၌ နှစ်လမျှ တပ်ချနားနေကြ၏။

အရှေ့အလယ်ပိုင်းရှိ ဗြိတိသျှ စစ်သေနာပတိဗိုလ်ချုပ်ကြီး ဝေဘယ်[3] က ဗိုလ်ချုပ်ကြီး အိုကော်နာဦးစီးသည့် အနောက်သဲကန္တာရတပ်ဖွဲ့[4] (၎င်းတို့မှာ နောင်တွင် နာမည်ကြီးလာသည့် အမှတ် ၈ တပ်တော်၏ သန္ဓေတပ်များ ဖြစ်လေသည်)ဖြင့် အီတလီတပ်များအား သွေးတိုးစမ်း တိုက်ကြည့်ရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုးစစ်တစ်ခုမဟုတ်သေးဘဲ အင်အားဖြင့် အလစ်ဝင်စီးခြင်းမျိုးလောက် လုပ်ကြည့်ရန် ဝေဘယ်က မျှော်မှန်းထား၏။ ပစ်ပြီးပြေးခြင်းမဟုတ်ဘဲ တိုက်ပြီး စနစ်တကျ ဆုတ်ခွာရန်[1] ဖြစ်၏။ တပ်မနှစ်ခုသာ (အမှတ် ၇ [illegible] နှင့် အမှတ် ၄ အိန္ဒိယတပ်မ) အသုံးပြုနိုင်မည်ဖြစ်၏။ ယင်းသ[illegible] ခိုက်ပြီးက အမှတ် ၄ အိန္ဒိယတပ်မကို နိုင်းမြစ်မှ ဆူဒန်သို့ [illegible] အရီထြီးယားနှင့် အဘီဆီးနီးယား[2] တွင် အီတလီတပ်များက ခြိမ်းခြောက်နေသည်ကို ကာကွယ်ပေးရမည်။

သို့သော် ရုတ်ချည်း ဝင်စီးမှုသည် အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲဖြစ်လာခဲ့၏။ ဗိုလ်ချုပ်ကြီး အိုကော်နာ၏တပ်များက သဲကန္တာရကိုဖြတ်၍ ရန်သူနောက်သို့ ချီတက်ခဲ့နိုင်သဖြင့် ရန်သူတို့ မလှုပ်နိုင်မရှားနိုင်ဖြစ်ပြီး အခြေအနေပျက်ခဲ့ရလေသည်။ ချီတက်တိုက်ခိုက်မှုရော စိတ်ဓာတ်ရေးရာအရပါ သွယ်ဝိုက်ချဉ်းကပ်မှုပင် ဖြစ်၏။ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဗြိတိသျှတို့က တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်၏။

ဂရာဇီယာနီ၏တပ်တော်မှ တော်တော်များများကို ဖြတ်တောက်ပစ်ခဲ့၍ သုံ့ပန်း ၃၅၀၀၀ ဖမ်းနိုင်ခဲ့ပြီး ကျန်သူများမှာ မိမိတို့နယ်ခြားသို့ပြန်၍ ထွက်ပြေးကြ၍ စစ်တပ်နှင့်ပင် မတူတော့ဘဲ လူအုပ်သာသာ သာ ရှိတော့၏။ နယ်ခြားခံတပ်များကိုလည်း အမှတ် ၇ သံချပ်ကာတပ်မက တိုက်စစ်ဆင်ရင်း ကျော်ဖြတ်နိုင်ခဲ့သဖြင့် ဘာဒီယာ[3] သို့ ဆုတ်ခွာထွက်ပြေး ခိုလှုံနေသည့် အီတလီတပ်များကိုပင် ခေတ္တ ဖြတ်တောက်ထားနိုင်ခဲ့လေသည်။

မူလစီမံချက်အတိုင်း အမှတ် ၄ အိန္ဒိယတပ်မအား အထက်စစ်ဌာနချုပ်မှ ပြန်လည်ရုပ်သိမ်းခဲ့၍သာ တိုက်ပွဲစဉ်မှာ မပြီးဆုံးဘဲ ဆက်လက်ကြာနေခဲ့ခြင်းဖြစ်၏။ အမှတ် ၄ အိန္ဒိယတပ်မ အကူအညီမပါဘဲ အမှတ် ၇ သံချပ်ကာတပ်မသည် ဘာဒီယာခံစစ်များကို ဖောက်ထွင်းနိုင်ခြင်း မရှိချေ။ ရက်သတ္တပတ်ပေါင်းများစွာကြာတော့မှ ပါလက်စတိုင်းတွင်ရောက်နေသော အမှတ် ၆ ဩစတြေးလျ တပ်မကို ခေါ်၍ "သံဘူးဖွင့်သူများ"[4] အဖြစ် အသုံးပြုခဲ့လေသည်။ ထိုအခါ ဘာဒီယာကို ဗြိတိသျှတို့က သိမ်းပိုက်နိုင်ပြီး (ဇန်နဝါရီလ ၃ ရက်) စစ်သုံ့ပန်း လေးသောင်း ဖမ်းမိခဲ့၏။ ၂၂ ရက်နေ့တွင် ထိုဘရွတ်ကို သိမ်းပိုက်၍ သုံ့ပန်း ၂၅၀၀၀ ထပ်မံ ဖမ်းဆီးနိုင်ခဲ့၏။

ကျန်ရှိနေသေးသော ဂရာဇီယာနီ၏တပ်တော်သည် ဘန်ဂါဇီမှဖြတ်၍ ထရီပိုလီသို့ ဆုတ်ခွာခဲ့ကြရာ လိုက်စစ်တွင် သွယ်ဝိုက်ချဉ်းကပ်မှုကို အသုံးချခဲ့

---

၁။ Marshal Graziani အီတလီစစ်သူကြီးဖြစ်သည်။ (ဘာသာပြန်သူ)
၂။ Sidi Baranni
၃။ General Wavell
၄။ Western Desert Force Under General O'Connor

---

၁။ Not Tip and Run but Hit and Withdraw
၂။ Eritrea and Abyssynia
၃။ Bardia
၄။ Tin opener

www.burmeseclassic.com

www.burmeseclassic.com

၁ဖြင့် စစ်ကြီးတစ်ခုလုံးတွင် အရဲဝံ့ဆုံး၊ အပြောင်မြောက်ဆုံး အောင်ပွဲတစ်ခုကို ဗြိတိသျှတို့ ရခဲ့လေသည်။ အမှတ် ၇ သံချပ်ကာတပ်မသည် သဲကန္တာရအတွင်း ပိုင်းမှချီတက်ခဲ့၍ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဘန်ဂါဇီတောင်ဘက် ပင်လယ် ကမ်းခြေသို့ ဆိုက်ရောက်ခဲ့၏။ ခက်ခဲလှ၍ ယခင်က သွားလာဖူးခြင်းမရှိသော မြေအနေအထားတွင် ၃၆ နာရီအတွင်း မိုင် ၁၇၀ ပေါက်ငံ့အောင် ချီတက်ခဲ့ခြင်း ဖြစ်၏။ ဗိုလ်မှူးကြီး ကုန်ဘီ[၁]ဦးစီးသည့် တပ်ဖွဲ့က ရန်သူဆုတ်ခွာရာလမ်း ဘီဒါဖောမ်း[၂]မှ ပိတ်ဆို့ထားပြီး အခြားတစ်ဖွဲ့ (အမှတ် ၄ သံချပ်ကာတပ်မဟာ) ကို တပ်မဟာမှူးကောင်တာ[၃]ဦးစီးပြီး တိုက်ခိုက်ကြရာ အီတလီတပ်များ လက် နက်ချခဲ့ကြရလေသည်။ ယင်းနှစ်ဖွဲ့စလုံး ပေါင်းပါမှ လူ ၃၀၀၀ မျှသာ ရှိ၏။ သို့သော် ရဲဝံ့စွာ ခက်ခဲလှသော မြေအနေအထားကိုဖြတ်၍ ချီတက် တိုက်စစ်ဆင် နိုင်ခဲ့သောကြောင့် စစ်သုံ့ပန်း ၂၁၀၀၀ ဖမ်းမိခဲ့လေသည်။

ဆိုင်ရင်နီကား[၄]ကို အောင်မြင်ခဲ့သော ဗြိတိသျှတပ်များမှာ အလွန်ပင် နည်းပါးခဲ့သော်လည်း ထရီပိုလီရောက်အောင် တားဆီးနိုင်မည့်ရန်သူ မရှိခဲ့ချေ။ ကျန်ရှိနေသေးသော အီတလီတပ်များမှာလည်း တင့်ကားထိုးစစ်ကို ခံနိုင်လောက် အောင် လက်နက်ပစ္စည်းမရှိဘဲ တုန်လှုပ်ချောက်ချားနေကြ၏။ အိုကော်နားက ဘီဒါဖောမ်းအောင်ပွဲကို အမြတ်ထုတ် စစ်ဆင်လိုသေး၏။ နောက်ထပ် ရိက္ခာ ပစ္စည်း ထပ်မံဖြည့်တင်းခြင်းမရှိဘဲ နောက်တစ်ဆင့်ထပ်၍ ချီတက်နိုင်ဦးမည်ဟု အိုကော်နားက ယုံကြည်ခဲ့၏။ သို့သော် ဗြိတိသျှအစိုးရက ဂရိ(စ်)သို့ တပ်များ စေလွှတ်လိုသောကြောင့် ဆက်တိုက်ခွင့်မပေးခဲ့ချေ။ ဂရိ(စ်)စစ်ဆင်ရေးမှာ ဗြိတိသျှ တို့အတွက် ကံဆိုးမိုးမှောင်ကျသော စစ်ဆင်ရေးတစ်ရပ် ဖြစ်ခဲ့လေသည်။

ဆိုင်ရင်နီကားကို ထိန်းထားရန် အနည်းဆုံးတပ်များသာ ချန်ထားရန် ဗြိတိသျှစစ်ဌာနချုပ်မှ အမိန့်ပေးခဲ့၏။ အိုကော်နားလည်း အီဂျစ်သို့ ပြန်သွားခဲ့ ပြီဖြစ်၍ ကျန်ခဲ့သူများမှာ အရည်အချင်းရှိလှသည် မဟုတ်ချေ။ ထိုအချိန်တွင် အာဖရိကတပ်မကြီး[၅] (ရောမဲလ်ဦးစီးသည်)၏ ရှေ့ပြေးတပ်များသည် ထရီပိုလီသို့ ရောက်လာကြပြီဖြစ်၏။ အီတလီတပ်များကို ကယ်တင်ရန် နောက်ကျလွန်းပြီ ဖြစ်သော်လည်း ဂျာမန်တပ်များကြောင့် တိုက်ပွဲစဉ်သည် နောက် ၂ နှစ် ဆက်လက် ကြာမြင့်ခဲ့ပြီး ထိုအချိန်အတွင်း အီဂျစ်ရှိ ဗြိတိသျှတို့ပါ တကယ့်အန္တရာယ်ကြီး နှင့် ကြုံတွေ့ခဲ့ရလေသည်။

၁။ Colonel Combe
၂။ Beda Fomm
၃။ Brigadier Counter
၄။ Cyrenaica
၅။ Afrika Korps



မတ်လကုန်၌ ရော်မဲလ်သည် တပ်မတစ်ခုမျှ အင်အားရှိသောတပ်နှင့် တန်ပြန်တိုက်ခိုက်ခဲ့လေသည်။ ညအချိန်တွင် ရန်သူ့နံဘေးနှင့် နောက်သို့ လျင်မြန် စွာ ချီတက်ခဲ့ပြီး ရန်သူတို့၏ ရှေ့တန်းနေရာများကို အနေအထားပျက်စေ၍ မိမိတပ်များက ရန်သူအားဝန်ရံတော့မည်ဟု ရန်သူအထင်ရောက်စေသဖြင့် ရန်သူ တို့သည် မက်ခလီ[၁]ဒေသတွင် လက်နက်ချအပ်ခဲ့ကြလေသည်။ ရော်မဲလ်သည် ရန်သူ မမျှော်လင့်ရာလမ်းမှ ချီတက်ခဲ့၍ သွယ်ဝိုက်ချဉ်းကပ်နိုင်ခဲ့သဖြင့် ရန်သူတို့ ပို၍ အခြေပျက်ခဲ့ကြရ၏။ နှစ်ပတ်အတွင်း ရော်မဲလ်သည် ဗြိတိသျှတို့အား (ထိုဘရွတ်တစ်နေရာမှလွဲ၍) ဆိုင်ရင်နီကားမှ မောင်းထုတ်နိုင်ခဲ့လေသည်။ ထို ဘရွတ်မှ ဗြိတိသျှတပ်များသည် ရော်မဲလ်အတွက် အသားထဲစူးဝင်နေသည့်ဆူး သဖွယ် ရှိခဲ့၏။ အီဂျစ်နယ်ခြားသို့ ရောက်သောအခါ ရော်မဲလ်သည် သူ၏ရိက္ခာ ပို့ဆောင်ရေးလမ်းကို အလွန်အမင်း ရှည်လျားစေခဲ့ပြီဖြစ်၍ ရပ်နားခဲ့ရလေသည်။

ဇွန်လအတွင်း ဗြိတိသျှတို့သည် စစ်ကူများရလာပြီး လစ်ဗျားနယ်ခြားသို့ ထိုးစစ်ဆင်ခဲ့၏။ ထိုးစစ်အမည်ဝှက်မှာ ရှေးဆန်ဆန် ရဲတင်း[၂]ဖြစ်၏။ ၎င်းထိုးစစ် မှာ အဓိကအားဖြင့် ရှေ့တည့်တည့်မှ တိုက်ခြင်းသာ ဖြစ်လေသည်။ ရော်မဲလ်က ရန်သူ၏ သဲကန္တာရဘက်တောင်ပံကို သေချာစွာ အချိန်တွက်ချက် တန်ပြန်တိုက် ၍ အနိုင်ယူလိုက်၏။

နိုဝင်ဘာလထဲတွင် ဗြိတိသျှတို့က ပို၍ကြီးကျယ်သည့် ထိုးစစ်ဆင်နွှဲ တိုက် ခိုက်ခဲ့၏။ ထိုအချိန်တွင် ဝေဘယ်နေရာတွင် စစ်သေနာပတိအဖြစ် ဗိုလ်ချုပ် ကြီး အော်ချင်လက်[၃]အား အစားထိုးခန့်အပ်ခဲ့၍ လစ်ဗျားနယ်ခြားမှ တပ်များကို ဗိုလ်ချုပ်ကြီး ကန်နီဂမ်[၄]ဦးစီး၍ အမှတ် ၈ တပ်တော်အဖြစ် ဖွဲ့စည်းခဲ့လေသည်။ သဲကန္တာရနံဘေးမှကွေ့၍ ချီတက်ခဲ့ပြီး ၁၈ ရက်နေ့၌ ထိုးစစ်စတင်ခဲ့ရာ ရော်မဲလ် နောက်ဆွယ်အနီးသို့ ရောက်ခဲ့၏။ ယင်းသို့ သွယ်ဝိုက်ချဉ်းကပ်၍ ရရှိခဲ့သော မဟာဗျူဟာအကျိုးမှာ နည်းဗျူဟာအမှားများကြောင့် အရာမရောက်ခဲ့ချေ။ ရန်သူ နှင့်တွေ့သည့် နေရာတိုင်းတွင် ရှေ့တည့်တည့်မှ ထိပ်တိုက် တိုက်ပွဲများသာ ဆင်နွှဲခဲ့ကြ၏။ ဤသို့ပြုလုပ်ခြင်းဖြင့် ဗြိတိသျှတပ်များသည် ရော်မဲလ်၏ အကွက် ထဲ ဝင်ခဲ့ရ၏။

ဗြိတိသျှတို့က အင်အားသာ၍ ယန္တရားတပ်များနှင့် စစ်ကစားနိုင်သော အခါ ဂျာမန်တို့က နည်းဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုကို လိမ္မာပါးနပ်စွာ အသုံးပြု ခဲ့လေသည်။ တင့်ကားများ၊ ရန်သူတင့်ကို ဖြိုခွင်းနိုင်သော ၈၈ မမ (မီလီမီတာ)

၁။ Mekili
၂။ Battle Axe
၃။ General Auchinleck
၄။ General Cunningham

www.burmeseclassic.com

www.burmeseclassic.com



အမြောက်များကို သေချာစွာ ပုံဖျက်ဖုံးကွယ်ထားပြီး ရန်သူတပ်များကို ယင်းနေရာများသို့ စစ်မြူယူ၍ ချေမှုန်းခဲ့၏။ ရော်မဲလ်သည် ရဲတင်းစစ်ဆင်ရေးမှာကဲ့သို့ပင် ခေတ်သစ်ယန္တရားစစ်ဆင်ရေး၌ ခံစစ် ထိုးစစ်နည်းနှင့် စစ်မြူတိုက်သည့်နည်းကို အသုံးပြုခဲ့လေသည်။ ရန်သူ၏ "ခါး"သွားကို မိမိ"ဒိုင်း"ဖြင့် တုံ့အောင်လုပ်ပြီးမှ မိမိက တိုက်သည့်နည်းဖြစ်၏။ ဤနည်းဖြင့် ဗြိတိသျှတို့က ရရှိထားသော မဟာဗျူဟာအကျိုးကို စွန့်လွှတ်ခဲ့ရသည့်အပြင် တင့်ကားများပါ အများအပြားဆုံးရှုံးခဲ့ရ၏။ အမှတ် ၈ တပ်တော်မှာ လူ လက်နက် ပစ္စည်းနှင့် စိတ်ဓာတ်ပါ ဟန်ချက်ပျက်ခဲ့၍ ၂၇ ရက်နေ့၌ ကန်နီဂမ်သည် ထိုးစစ်ကို ရပ်လိုက်ပြီး အီဂျစ်နယ်ခြားသို့ ပြန်၍ဆုတ်ကာ မိမိတပ်များကို ပြန်လည်ဖွဲ့စည်းခဲ့ရလေသည်။

နောက်တစ်နေ့၌ မိမိအချိန်ရောက်ပြီဟု တွက်ထားသော ရော်မဲလ်သည် သဲကန္တာရတောင်ပံဘက်မှ မိမိလှုပ်ရှားတပ်များကို ချီတက်စေ၍ နယ်ခြားကို ဖြတ်ကျော်ပြီး ရန်သူဆက်သွယ်ရေးလမ်းကြောင်းများကို ခြိမ်းခြောက်ခဲ့၏။ ဗြိတိသျှတို့၏ နောက်ပိုင်းအထိ ရောက်ခဲ့ရာ ဗြိတိသျှတပ်များ အထူးတုန်လှုပ် ချောက်ချားခဲ့ကြရလေသည်။ ကန်နီဂမ်သာ မိမိအလိုအရ ဆက်လက်တိုက်ရပါက တိုက်ပွဲမှာ ထိုအခါတွင် ပြီးဆုံးတော့မည်ဖြစ်၏။ သို့သော် ထိုအချိန်တွင် အော်ချင်လက်သည် စစ်မြေပြင်သို့ လေယာဉ်နှင့်ရောက်လာပြီး တိုက်ပွဲဆက်တိုက်ရန် ညွှန်ကြားခဲ့လေသည်။ နောက် ၂ ရက်အကြာ ကိုင်ရိုသို့ အော်ချင်လက်ပြန်ရောက်ပြီးသောအခါ ကန်နီဂမ်အား ရစ်ချီ[1] နှင့် အစားထိုးခန့်အပ်ခဲ့လေသည်။ အော်ချင်လက် ဝင်၍ လုပ်ဆောင်ခဲ့မှုကြောင့် အရှုံးထဲမှ အောင်နိုင်ခဲ့ရ၏။ သို့သော် ယင်းသို့ အော်ချင်လက် ဝင်ရောက်စွက်ဖက် အမိန့်ပေးခဲ့ခြင်းမှာ ရော်မဲလ်တိုက်ခြင်းနှင့်စာလျှင် လောင်းကစားသမားတစ်ဦး စွန့်စားလုပ်သည်နှင့်တူ၏။ အကြောင်းမူကား ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းသည် ရှေ့တန်းသို့ ထိုးထွက်ရောက်နေသောတပ်များ ၎င်းတို့နေရာတွင် ဆက်လက်နေစေခြင်းဖြင့် အမှတ် ၈ တပ်တော်တစ်ခုလုံး၏ ဆက်လက် တည်ရှိနေရေးကိုပါ စွန့်စား လုပ်ဆောင်ရသောကြောင့် ဖြစ်လေသည်။ ရှေ့တန်းမှ ဗြိတိသျှတပ်များအတွက် ကြီးမားလှသော ရိက္ခာစခန်းကြီးနှစ်ခုကို ရော်မဲလ်တပ်များ တွေ့မသွားခြင်းမှာ ဗြိတိသျှတပ်များအတွက် အထူးကံကောင်းသည်ဟု ဆိုရမည်။ ရောမဲလ်သည် အီဂျစ်နယ်ခြားသို့ ရောက်ချင်ဇောနှင့် ရှေ့သို့ ဆက်လက်ချီတက်သွားရင်း အဆိုပါရိက္ခာစခန်းကြီးနှစ်ခုကို မသိမ်းပိုက်နိုင်ခြင်း ဖြစ်လေသည်။ ဗြိတိသျှလေကြောင်းစိုးမိုးမှု ရနေ၍လည်း ဂျာမန်ကင်းထောက် လေယာဉ်များက အဆိုပါ ရိက္ခာစခန်းကြီးများကို မတွေ့ခဲ့ခြင်းဖြစ်၏။

[1] Ritchie



ရောမဲလ်သည် ရှေ့သို့ ဆက်လက်ချီတက်ခဲ့ရာတွင် သူ၏ ရည်မှန်းချက်ကို ရခါနီး ဖြစ်ခဲ့၏။ သို့သော် ရည်မှန်းချက်မအောင်မြင်ဘဲ ဆုံးရှုံးသည့်အခါတွင်လည်း ပေးဆပ်ရသောတန်ဖိုးမှာ ကြီးမားလှချေ၏။ အကြောင်းမူကား ရော်မဲလ်သည် သံချပ်ကာ တပ်မ ၃ ခု၊ (ဂျာမန် ၂၊ အီတလီ ၁) နှင့် ရှေ့တန်း အီဂျစ်နယ်ခြားအနီး စစ်ဆင်ခဲ့ရာ သူ၏နောက်ပိုင်းတပ်များနှင့် အလွန်ပင် ကွာလှမ်းနေ၏။ သဲကန္တာရတွင် ကျန်ရစ်သော ဗြိတိသျှတပ်များသည်လည်း အသက်ရှူပေါက် ရသွား၍ (ရော်မဲလ်တပ်များနှင့် ၎င်းတို့နောက်ချန်တပ်များ ပြန်လည်ပူးပေါင်းခြင်း မရှိမီ) တိုဘရွတ်ခံတပ်တွင်းသို့ဝင်၍ ခံတပ်တွင်းမှ ဗြိတိသျှတပ်များနှင့် ပူးပေါင်းမိခဲ့ကြလေသည်။ တပ်တော်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအနေနှင့် မဟာဗျူဟာမြောက် ရုတ်ချည်း စီးနင်းတိုက်ခိုက်သည့် စစ်ဆင်ရေးမျိုး ပြုလုပ်သောအခါ မိမိ၏ အခြေမဏ္ဍိုင်တပ်များသည်လည်း (ရန်သူ တိုက်ခိုက်လာသည့်အခါ) တာရှည် ခံစစ်ဆင်နွှဲနိုင်အောင် အင်အားရှိရန် လိုလေသည်။ ယင်းသို့ မဏ္ဍိုင်တပ်များ အားမရှိလျှင် မိမိ၏စစ်ဆင်ရေး အန္တရာယ်များနိုင်သည်ကို ယခု ရော်မဲလ်၏ ထိုးစစ်က သာဓကထူခဲ့လေသည်။ ရော်မဲလ်၏ တပ်များက ရက်ပေါင်းများစွာ စစ်ကစား၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး အောင်ပွဲရရှိခဲ့သော်လည်း ယင်းအောင်ပွဲမှာ အနှစ်သာရကင်းမဲ့သော အောင်ပွဲသာ ဖြစ်ရ၏။ ရော်မဲလ်၏ ဆုံးရှုံးမှုများမှာ ထိုးစစ် စတင်စဉ်ကထက် များစွာ ပိုများခဲ့ပြီး အဆိုးဆုံးမှာ ကန့်သတ်ရှိနေသော တင့်ကားများ ပျက်စီးဆုံးပါးရခြင်း ဖြစ်လေသည်။ ထိုအချိန်တွင် ဗြိတိသျှတို့ကမူ လက်နက်ပစ္စည်း စစ်ကူဆက်တိုက် ရရှိနေခဲ့ကြ၏။

ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရော်မဲလ်သည် တိုဘရွတ်အနီး စစ်ဆင်ရာမှ နောက်သို့ဆုတ်ပေးခဲ့ရ၏။ ပထမဂါဇလာသို့ ဆုတ်ခွာ၍ နောက်ပိုင်းတွင် ထရီပိုလီတင်နီးယားအထိ ဆုတ်ပေးခဲ့ရလေသည်။

ခံစစ်ဆင်ရာ၌လည်း ရော်မဲလ်သည် ခံစစ်ထိုးစစ်နည်းကို ပြောင်မြောက်စွာ အသုံးချခဲ့သည်ကို တွေ့ရ၏။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗြိတိသျှတို့က ထိုးစစ်ဆင်ခဲ့သောအခါ သံချပ်ကာတပ်များကို ပထမ တားထားပြီး နံဘေးမှ မိမိက ပန်းတက်ခဲ့၍ ရန်သူက နောက်သို့လှည့်ကာ စစ်မျက်နှာပြု တိုက်ရလေသည်။ ထို့နောက် ရန်သူကို ဝန်းရံနိုင်ခဲ့သော ထိုတိုက်ပွဲတွင် ဗြိတိသျှတို့က တင့်ကားများ ဆုံးရှုံးခဲ့ရ၍ ရော်မဲလ်ကမူ မိမိတပ်အတွက် အင်အားဖြည့်တင်းရေး ပစ္စည်းလက်နက် အနည်းငယ် ရရှိခဲ့၏။ နိုဝင်ဘာလအလယ်မှ ယခုအကြိမ်သည် ပထမဆုံး ရော်မဲလ်တပ်များ ထပ်ဖြည့်ရိက္ခာပစ္စည်း ရရှိခဲ့ခြင်း ဖြစ်လေသည်။ ဗြိတိသျှတပ်များ မိမိတို့ ဆက်သွယ်ရေးလမ်းကြောင်းကို ရှည်လျားစွာ ဆန့်ထုတ်

www.burmeseclassic.com

www.burmeseclassic.com

ရသည်ကို အခွင့်ကောင်းယူ၍ ရော်မဲလ်သည် ချက်ချင်း ပြန်၍ထိုးစစ်ဆင်နွှဲခဲ့၏။ ဗြိတိသျှတို့က ရော်မဲလ်တပ်များ ပင်ပန်းနွမ်းနယ်နေပြီဟု ယူဆထားကြစဉ် ယင်းသို့ ထိုးစစ်ဆင်နွှဲခဲ့ခြင်းကြောင့် အငိုက်ရလိုက်ပြီး ရန်သူ ဖရိုဖရဲဖြစ်နေစဉ် ဘန်ဂါဇီ ဗြိတိသျှအခြေချစခန်းကို ဝင်တိုက်၍ ဗြိတိသျှတပ်များ ဂါဇလာအထိ ပြန်ဆုတ်လာကြရလေသည်။ ဗြိတိသျှတို့ နိုင်ထားသည်မှ တစ်ဝက်မက ရော်မဲလ်လက်ထဲ ပြန်ပါသွား၏။

ဂါဇလာနေရာတွင် စစ်မျက်နှာသည် ၃ လမျှ တည်ငြိမ်မှုရှိခဲ့၏။ အမှတ် ၈ တပ်တော်၏ တပ်အနေအထားများမှာ အလျားလိုက်ဖြစ်နေသဖြင့် ဟန်ချက်ညီညီ ခံစစ်ဆင်ရန်ထက် ထိုးစစ် စတင်ပြုလုပ်ရန် ပြင်ဆင်ထားသကဲ့သို့ ရှိလေသည်။ မေလ ၂၀ ရက်နေ့ညတွင် ရော်မဲလ်သည် မိမိ သံချပ်ကာတပ်များနှင့် အတော် အငိုက်ခံလိုက်ရပြန်၏။ သို့သော် ရော်မဲလ်တပ်များက ဂါဇလာနေရာတွင်ခံနေသော ဗြိတိသျှတပ်များအား ပင်လယ်ကမ်းခြေမှ ဖြတ်တောက်ခြင်း မပြုနိုင်ဘဲ ရှေ့သို့လည်း ဆက်မတက်နိုင်တော့ချေ။ ထိုနေရာမှာပင် ဗြိတိသျှ မိုင်းကွင်းများကို ကျော်ပေးလျက် ရော်မဲလ်က ခံစစ်ယူခဲ့၏။ ယင်းအနေအထားကိုကြည့်ပြီး ရော်မဲလ်သည် ချောင်ပိတ်မိနေ၍ လက်နက်ချရတော့မည်ဟု ဗြိတိသျှတို့က တွက်ခဲ့ကြ၏။ သို့သော် ဗြိတိသျှတို့၏ တုံ့ပြန်ချက်များမှာ တိုက်ရိုက်ကျလွန်းပြီး ရော်မဲလ်ထောင်ထားသော ထောင်ချောက်များအတွင်း ကျခဲ့ကြလေသည်။ အမှတ် ၈ တပ်တော်သည် သူ၏အရန်တပ်များကို အားလုံးလိုလို အသုံးပြုပြီးခဲ့ပြီဖြစ်၍ နောက်တစ်ကြိမ် ရော်မဲလ်က နံဘေးမှ ပန်း၍တိုက်သောအခါ အမှတ် ၈ တပ်တော်မှ တပ်များကို တစ်တပ်စီ ရော်မဲလ်က ချေမှုန်းနိုင်ခဲ့လေသည်။ ဗြိတိသျှတပ်အချို့က နယ်ခြားသို့ ပြန်ဆုတ်၍ အချို့က တိုဘရွတ်ခံတပ်တွင် ဝင်၍ခိုအောင်းကြရ၏။ ရော်မဲလ်၏ သံချပ်ကာတပ်များသည် တိုဘရွတ်ကို လွှန်၍ ချီတက်သွားခဲ့ကြလေသည်။ ရန်သူက ထိုတပ်များ အီဂျစ်နယ်ခြားသို့ ချီတက်သွားကြပြီဟု အထင်ရောက်နေစဉ် ရော်မဲလ်၏ သံချပ်ကာတပ်များသည် အတွင်းဘက်လှည့်ဝင်၍ တိုဘရွတ်ကို နောက်မှဝင်တိုက်ခိုက်ခဲ့၏။

ရော်မဲလ်သည် အမှတ် ၈ တပ်တော်နောက်မှ ထက်ကြပ်လိုက် စစ်ဆင်ခဲ့၍ နိုင်းမြစ်ချိုင့်ဝှမ်းသို့ ရောက်လုဆဲဆဲ ဖြစ်ပေ၏။ နိုင်းမြစ်ချိုင့်ဝှမ်းမှာ အီဂျစ်၏ အသက်သွေးကြော ဖြစ်လေသည်။ ယင်းနေရာနှင့် ဆူးအက်တူးမြောင်းကိုသာ ဂျာမန်တို့ သိမ်းပိုက်နိုင်ခဲ့ပါက ဗြိတိသျှတို့၏ အရှေ့အလယ်ပိုင်းတစ်ခုလုံး ပြိုကွဲတော့မည်ဖြစ်၏။ ထိုအရေးအခင်းတွင် အော်ချင်လက်သည် တစ်ဖန် ဝင်ရောက်ခဲ့ပြန်၍ ပြိုကွဲလာသော အမှတ် ၈ တပ်တော်ကို သူကိုယ်တိုင် ဦးစီးပြီး



အယ်အလာမိန်း[1] နေရာတွင် ခံစစ်ပြင်ဆင်ယူခဲ့၏။ အလာမိန်းနေရာမှာ နိုင်းမြစ်ဝှမ်းသို့ဝင်ရာ သဲကန္တာရအတွင်း ပုလင်းခေါင်းကျဉ်းနေရာ ဖြစ်လေသည်။ ခံစစ်နေရာများမှာ မူသစ်အရ ပြုပြင်ထားသော နေရာဖြစ်ပြီး ရော်မဲလ်၏တပ်များမှာ လိုက်စစ်ဆင်ခဲ့ရ၍ ပင်ပန်းလှပြီဖြစ်သည့်ပြင် ဗြိတိသျှတို့က အလာမိန်းနေရာမှ ပြင်းပြင်းထန်ထန် ခုခံကြသောကြောင့် ဂျာမန်များသည် ထိုနေရာမှ ဆက်မတက်နိုင်ခဲ့ချေ။ ရော်မဲလ်က နေရာအသီးသီးမှ ထိုးဝင်တိုက်သောအခါ အော်ချင်လက်က သွယ်ဝိုက်နည်းဖြင့် အကြိမ်ကြိမ် တန်ပြန်ထိုးနှက်ခဲ့သောကြောင့် ရော်မဲလ်တပ်များအပေါ် အောင်ပွဲဆင်နိုင်ခြင်း မရှိသော်လည်း ဂျာမန်တို့ ရည်မှန်းချက် မအောင်မြင်အောင် ဟန့်တားထားနိုင်ခဲ့လေသည်။

မကြာမီ အင်္ဂလန်မှ စစ်ကူများ အရှေ့အလယ်ပိုင်းသို့ ရောက်လာတော့၏။ ချာချီက ချက်ချင်း ပြန်၍ထိုးစစ်ဆင်လိုသော်လည်း အော်ချင်လက်က ပါးနပ်စွာ နောက်ရောက်လာသောတပ်များ သဲကန္တာရအခြေအနေကို နားလည် အသားကျအောင် အချိန်ယူစောင့်ဆိုင်းခဲ့၏။ ချာချီက အော်ချင်လက်အား အရှေ့အလယ်ပိုင်း စစ်သေနာပတိရာထူးမှ ဖယ်ရှားခဲ့၍ မောင်ဂိုမာရီ[2]က အမှတ် ၈ တပ်တော်ကို ဦးစီးခဲ့ရလေသည်။

ဩဂုတ်လကုန်တွင် ရော်မဲလ်က စတင်တိုက်ခိုက်ခဲ့သော်လည်း ဗြိတိသျှတို့၏ ခံစစ်နည်းဗျူဟာသစ်များကြောင့် ဂျာမန်တို့ ပြန်လန်လာခဲ့ကြ၏။ ဗြိတိသျှခြေလျင်တပ်များကို အများဆုံး မြောက်ပိုင်းတွင် နေရာချထားပြီး တောင်ပိုင်းတွင်မူ မိုင်းကွင်းများ ချထား၍သာ ကာကွယ်ထားလေသည်။ ရော်မဲလ်တပ်များအား တောင်ပိုင်း မိုင်းကွင်းများမှ ဖြတ်သန်းချီတက်ရန် ဗြိတိသျှတို့က လမ်းဖွင့်ပေးထား၏။ ထို့နောက် ဗြိတိသျှတို့က အသေအချာ ရွေးချယ်ပြင်ဆင်ထားသော ကုန်းမြင့်တွင် သူတို့သံချပ်ကားများကို နေရာချထားခဲ့ပြီး ရော်မဲလ်တပ်များအား ထိုနေရာကို တိုက်အောင် ဆွဲဆောင်မြှူခေါ်ခဲ့လေသည်။ သေချာစွာ ပြင်ဆင်ခြင်းမရှိဘဲ ထိုးစစ်ဆင်ရသောကြောင့် ရော်မဲလ်သည် တင့်ကား အများအပြား ဆုံးရှုံးခဲ့ရ၏။ ဤကဲ့သို့ ဗြိတိသျှသံချပ်ကာများနှင့် မိုင်ကွင်းများအကြား ရော်မဲလ်တပ်များသည် မလှုပ်ရှားနိုင်အောင် ရှိသောအခါ ဗြိတိသျှအမှတ် ၇ သံချပ်ကာတပ်မက ရော်မဲလ်၏တောင်ဘက်တောင်ပံမှ ဝင်၍တိုက်ခဲ့၏။ ရော်မဲလ်တပ်များအား ပိတ်၍ မဖမ်းဆီးနိုင်ခဲ့သော်လည်း ဗြိတိသျှတို့က တစ်ဖန် လက်ဦးမှု ရခဲ့ပြန်လေသည်။

---


၁။ El Alamein

၂။ Montgomery

www.burmeseclassic.com

www.burmeseclassic.com

အလာမိန်းတိုက်ပွဲ ဒုတိယကမ္ဘာစစ်




BATTLE OF EL ALAMEIN [illegible] OCTOBER-[illegible] NOVEMBER [illegible]

မောင်ဂိုမာရီ၏ ဗြိတိသျှတပ်များက လူသူလက်နက်ပစ္စည်း ပိုများလာလေ အပြောင်းအလဲမှာ ပိုသိသာလေ ဖြစ်ခဲ့၏။ သေချာစွာ ပြင်ဆင်ရန် အချိန်များစွာ ယူခဲ့ပြီး (အော်ချင်လက် စောင့်ဆိုင်းလိုသော အချိန်ထက် ပို၍ ကြာမြင့်ခဲ့၏)

အမှတ် ၈ တပ်တော်က အောက်တိုဘာလ နောက်ဆုံးအပတ်တွင် ထိုးစစ် စတင်ခဲ့လေသည်။ လေတပ်၊ အမြောက်တပ်နှင့် တင့်ကားအင်အားတွင် ဗြိတိသျှတို့က ဂျာမန်တို့ထက် များစွာ သာလွန်များပြားခဲ့၏။ သို့စဉ်လျက် စစ်မျက်နှာ ကျဉ်းမြောင်းလွန်းပြီး စစ်ကစားရန် နေရာမရှိ၍ တစ်ပတ်လုံးလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြရ၏။ ရော်မဲလ်၏ တပ်များမှာ အထူးပင်ပန်းနေပြီ ဖြစ်သည့်အပြင် မြေထဲပင်လယ်မှ ဖြတ်၍ပို့သည့် ခာတ်ဆီတင်သင်္ဘောများလည်း ရန်သူ ရေငုပ်သင်္ဘောများဒဏ်ကြောင့် နစ်မြုပ်ခဲ့ရ၏။ ထို့ကြောင့် စစ်ကစားနိုင်ခြင်းက အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးခဲ့ပြီး အလွန်ရှေ့သို့ ရောက်နေသည့်နေရာ ဖြစ်သဖြင့် ဂျာမန်များမခံနိုင်၍ နောက်ဆုတ်ရသောအခါ ကြားခံစစ်ကြောင်းများတွင် ရပ်နားမနေနိုင်တော့ဘဲ ရိက္ခာအခြေအနေ ကောင်းမလာမချင်း ရော်မဲလ်သည် ခံစစ်ဆင်နွှဲနိုင်ခြင်း မရှိခဲ့ချေ။

တိုက်ပွဲဖြစ်စဉ် ရော်မဲလ်သည် ဖျားနာသဖြင့် ဗီယာနာတွင် ဆေးကုလျက်ရှိပြီး တိုက်ပွဲသတင်းရလျှင်ရချင်း ရှေ့တန်းသို့ ပြန်လာခဲ့၏။ အခြေအနေကို သုံးသပ်ပြီး အလာမိန်း အနောက်ဘက် မိုင် ၆၀ အကွာရှိ ဖူးကား[၁] နေရာမှ ခံစစ်ဆင်ရန် ရော်မဲလ်ဆုံးဖြတ်ခဲ့၏။ ယင်းသို့သာ လုပ်ဆောင်နိုင်လျှင် မောင်ဂိုမာရီ၏ စစ်ယန္တရားကြီးတစ်ခုလုံး ရပ်ဆိုင်းသွားအောင် လုပ်နိုင်ကောင်း လုပ်နိုင်မည် ဖြစ်ပေသည်။ သို့သော် ဟစ်တလာက နောက်မဆုတ်ရအမိန့်ဖြင့် ရော်မဲလ်ဆုံးဖြတ်ချက်ကို လွှမ်းမိုးပယ်ဖျက်ခဲ့လေသည်။ ထို့ကြောင့် ခွာစစ် ဆင်နွှဲရမည့်အစား တိုက်ပွဲရှုံးပြီးမှ နောက်သို့ဆုတ်ခဲ့ကြရ၏။ နောက်သို့ဆုတ်ခွာရသည့်အခါတွင်မူ ရော်မဲလ်သည် စနစ်တကျနှင့် သွေးအေးအေး ဆုံးဖြတ်လုပ်ကိုင်ခဲ့လေသည်။ သူ၏ လက်ရွေးစင်တပ်များနှင့် ရသမျှ မော်တော်ယာဉ်များ၊ သံချပ်ကာကားများနှင့် ဆုတ်ခွာခဲ့ပြီး စစ်မကစားရသော အီတလီတပ်များ အပါအဝင် ခြေလျင်တပ်များကို ချန်ထားခဲ့လေသည်။

မောင်ဂိုမာရီက တိုက်စစ်ဆင်ရာတွင် တကယ့်သွယ်ဝိုက်ချဉ်းကပ်မှုမဟုတ်ဘဲ နံဘေးမှပန်းသော တပ်ကလည်း ဝေးဝေးမှပန်းပြီး ချိတက်ခြင်း မဟုတ်သောကြောင့် ရော်မဲလ်အား ဖြတ်တောက်ပိတ်ဆို့နိုင်ခြင်း မရှိခဲ့ချေ။ ရော်မဲလ်တပ်များက ကမ်းခြေလမ်းအတိုင်း ဆုတ်ကြရာ ဖြတ်တောက်ရေးတပ်များက အတွင်းသို့ ကွေ့ဝင်ရာ၌ စောလွန်းနေ၏။ မာဆာမာထရူး[၂] (အလာမိန်း အနောက်ဘက် မိုင် ၁၂၀) အနီး ချဲရင်းကရော့[၃] အနီး ကွေ့ဝင်ပိတ်ဆို့ခဲ့ရာ၌လည်း ခာတ်ဆီကုန်

၁။ Fuka
၂။ Marsa Matrut
၃။ Charing Cross

www.burmeseclassic.com

သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် သွားလာမှုနှေးပြီး ရန်သူကို ပိတ်ဆို့နိုင်ခြင်း မရှိခဲ့ချေ။ သဲကန္တာရအတွင်းဘက်ကျကျမှ ပန်း၍ ချီတက်နိုင်လျှင် မိုးဘေးမှ လွတ်နိုင်မည်ဖြစ်၏။ သို့သော် အခွင့်အရေးကြီး လက်လွတ်ခဲ့ရသည်မှာ လိုက်စစ်ဆင်သော တပ်မသုံးခုစလုံးသည် ကျည်ဆန်ကို ဦးစားပေး ယူဆောင်ခဲ့ကြပြီး ဓာတ်ဆီတင်ယာဉ်များ မပါသောကြောင့် ဖြစ်ပေ၏။

ရန်သူ သံချပ်ကာ ထောင်ချောက်အတွင်းမှ လွတ်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ရော်မဲလ်သည် သူ့အကြိုက်ဆုံး ခံစစ်နေရာဖြစ်သည့် ဆိုင်ရင်နိကား အစွန်းမှ အလ်အဂီလာ[၁] မရောက်မချင်း လုံးဝရပ်နားခြင်း မရှိခဲ့ချေ။ (ထိုနေရာမှာ အလာမိန်းနေရာ အနောက်ဘက် မိုင် ၇၀၀ ဝေး၏။) ၂ ပတ်မျှ လျှင်မြန်စွာ နွှာစစ်ဆင်နွှဲခဲ့၍ ရန်သူက သုံ့ပန်းရိက္ခာများစွာ မမိလိုက်ဘဲ ရော်မဲလ်တပ်များသည် လွတ်လွတ်ကျွတ်ကျွတ် ဆုတ်သွားနိုင်ခဲ့၏။ ဘန်ဂါဇီအကွေ့မှ ဆုတ်နေကြစဉ် လေကြောင်းမှ ဖြတ်၍တိုက်လျှင် ဖြတ်တောက်ချေမှုန်းနိုင်မည် ဖြစ်၏။ သို့သော် ရှေ့တန်းလေယာဉ်ကွင်းများမှသာ ပျံသန်းနိုင်မည်ဖြစ်ပြီး ယင်းတို့ကို ခြေလျင်တပ်များက ရှင်းလင်းစောင့်ရှောက်ထားနိုင်ခြင်း မရှိသေးချေ။ လေတပ်က စွန့်စား လုပ်ဆောင်လိုသော်လည်း ကြည်းတပ် တပ်မှူးများက ခွင့်မပြုခဲ့ပေ။ ယခင်အခါများက ရော်မဲလ်တပ်များက မကြာခဏ ပြင်းပြင်းထန်ထန် တန်ပြန်တိုက်ခိုက်ခဲ့သည်ကို ဗြိတိသျှတပ်မှူးများက သတိရနေကြဆဲ ဖြစ်လေသည်။ သို့ရာတွင် ယခုအခါတွင်မူ ရော်မဲလ်မှာ အဆမတန် အင်အားနည်းနေပြီဖြစ်၍ ယင်းသို့ တန်ပြန်ထိုးနှက်နိုင်ခြင်း မရှိသည့်အပြင် အလ်အဂီလာနေရာမှာပင် ကြာရှည်ခံစစ် ဆင်နိုင်ခြင်း မရှိချေ။

အလ်အဂီလာနေရာကို တိုက်ခိုက်ရန် ပြင်ဆင်ရာ၌ အမှတ် ၈ တပ်တော်သည် ၃ ပတ်အချိန်ယူခဲ့၏။ ထိုးစစ်ပြုလုပ်နေဆဲမှာပင် ရော်မဲလ်သည် ဆက်လက် ဆုတ်ခွာခဲ့၏။ နောက်က ပန်း၍ ဖြတ်တောက်ရေးတပ်များက ရော်မဲလ်၏ နောက်ပိုင်းတပ်များကိုသာ ပိတ်ဆို့ထားနိုင်ခဲ့လေသည်။ သို့သော် မဟာဗျူဟာ အတားအဆီး တည်ဆောက်မပြီးမီ အဆိုပါ နောက်ပိုင်းတပ်များပါ လွတ်မြောက် သွားခဲ့လေသည်။ နောက် မိုင် ၂၀၀ ဝေးသည့် ဘူရတ်[၂]နေရာတွင် ရော်မဲလ်က တစ်ခါရပ်နားခဲ့၏။ ၃ ပတ်မျှ နားခဲ့ပြီး အမှတ် ၈ တပ်တော် မီလာ၍ ဇန်နဝါရီလအလယ်တွင် ထိုးစစ်ဆင်သောအခါ ဆက်လက်ဆုတ်ပြန်၏။ ယခုတစ်ကြိမ်

၁။ El Agheila

၂။ Buerat



တွင် ထရီပိုလီကို လွန်၍ ကြူနီးရှားအတွင်း မရက်ခ်စစ်ကြောင်း[၁] (မိုင် ၃၅၀ မျှ) အထိ တစ်ချိုးတည်း ဆုတ်ခဲ့လေသည်။ ယင်းသို့ တစ်ချိုးတည်း ဆုတ်ခဲ့ရသည်မှာ ရော်မဲလ်တွင် အင်အားနည်းပြီး သူ၏ရိက္ခာသဘော်များ နစ်မြုပ်သွားကြသောကြောင့်သာ မဟုတ်သေး။ ထိုအချိန်တွင် စစ်ကြီးအခြေအနေမှာ တစ်မျိုးဖြစ်လာပြန်ပြီ ဖြစ်၏။ နိုဝင်ဘာလထဲတွင် ဗြိတိသျှ အမေရိကန်တို့က မော်ရိုကိုနှင့် အယ်ဂျီးရီးယားတွင် ကမ်းတက်တိုက်ခိုက်သောကြောင့် အခြေအနေ တစ်မျိုး ပြောင်းလဲလာခဲ့လေသည်။

အလာမိန်း ထိုးစစ်အပြီး အာဖရိကတိုက် အနောက်ဘက်အစွန် မိုင် ၂၅၀၀ ဝေးကွာသည့်နေရာ၌ အမေရိကန် ဗြိတိသျှတို့က ကမ်းတက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်၏။ ရော်မဲလ်က လစ်ဗျားကို စိုးမိုးနေခြင်းနှင့် နိုင်းမြစ်ဝှမ်းကိုပါ ခြိမ်းခြောက်နေခြင်းကို ရှေးရှည်သဘောတွက်၍ သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။ သက်ဆိုင်ရာ မဟာဗျူဟာနယ်ပယ်တွင် သွယ်ဝိုက်ချဉ်းကပ်နိုင်သည်နှင့် အမျှ အချိုးကျအောင်မြင်မှု ရခဲ့ကြ၏။

မူလစီမံချက်ပြုလုပ်ကြစဉ်က မဟာမိတ် ကမ်းတက်ခြင်းများကို မော်ရိုကို အတ္တလန်တိတ်ကမ်းခြေ၌သာ ပြုလုပ်ခဲ့ရန်ဖြစ်၏။ ယင်းသို့ လုပ်ဆောင်လျှင် တိုက်ရိုက်ချဉ်းကပ်ရာကျပြီး ပြင်သစ်တပ်များ[၂]က ထိထိရောက်ရောက် ပြန်လှန် တိုက်ခိုက် ခုခံနိုင်ကြမည် ဖြစ်၏။ မိုင် ၁၂၀၀ ဝေးသည့် ဘဇာတာ[၃](မြောက် အာဖရိကတစ်ခုလုံး၏ သော့ချက်နေရာဖြစ်၏)မှ စတင် ချီတက်ရမည်ဖြစ်ပြီး ပြင်သစ်များ ခုခံမှုကို ဂျာမန်တို့ကပါ အင်အားဖြည့်တင်းကူညီချိန် ရမည်ဖြစ်လေသည်။ မဟာမိတ်များအတွက် ကံကောင်းသည်မှာ မြေထဲပင်လယ်ကမ်းခြေ အိုရန်နှင့် အယ်ဂျီးယားတွင်ပါ ကမ်းတက်တိုက်ကြရန် စီမံချက်တွင် ဖြည့်စွက်ရေးဆွဲခဲ့ကြ၏။ အမေရိကန်တို့က သံတမန်နည်းကို အသုံးပြုပြီး ပြင်သစ်အာဏာပိုင် အချို့ကို သိမ်းသွင်းစည်းရုံးခဲ့သဖြင့် ကမ်းတက်တိုက်ခိုက်မှုတွင် ပို၍ ချောချော မောမော လုပ်ဆောင်နိုင်ခဲ့ကြလေသည်။ ယင်းနေရာများတွင် ခြေကုပ်ရကြပြီးသောအခါ အနောက်ဘက်မှ ခုခံနေသော ပြင်သစ်များ နောက်ဆွယ်ကို ခြိမ်းခြောက်နိုင်ခဲ့သဖြင့် ၎င်းတို့ခုခံမှု အားနည်းသွားတော့၏။

အယ်ဂျီးယားတွင် ကမ်းတက်နိုင်ကြသောကြောင့် အနောက်မှ ဘဇာတာသို့ ခရီးမှာ မိုင် ၄၀၀ သာ ဝေးတော့၏။ ထိုအချိန်တွင် ဘဇာတာနှင့် တြူးနစ်မြို့

၁။ Mareth Line

၂။ ဂျာမန်နှင့်ပူးပေါင်းနေသော ဗစ်ချီအစိုးရ လက်အောက်ခံ ပြင်သစ်တပ်များကို ဆိုလိုသည်။ (ဘာသာပြန်သူ)

၃။ Bizerta

www.burmeseclassic.com

www.burmeseclassic.com

များအတွင်းသို့ မော်တော်ယာဉ်တပ်အနည်းငယ်မျှနှင့်ပင် ဝင်ရောက်သိမ်းပိုက်နိုင်ကြမည် ဖြစ်၏။ တောင်ပေါ်လမ်းများဖြစ်၍ လမ်းဆိုးသည်မှအပ ခုခံမှုရှိမည်မဟုတ်ချေ။ တခြားနည်းနှင့် တိုက်ခိုက်လို၍ ရေကြောင်းချီ၊ လေကြောင်းချီတပ်များနှင့် တိုက်လျှင်လည်း ခုခံမှုတွေ့မည်မဟုတ်ချေ။ သို့သော် လေကြောင်းမှ အကာအကွယ်မပေးနိုင်ဘဲ ရေတပ်အာဏာပိုင်များက ကမ်းတက်မှု အသေးစားများပင် မလုပ်လိုပေ။ ကြည်းကြောင်းမှလည်း စွန့်စွန့်စားစား လုပ်လိုခြင်း မရှိကြပေ။ အစိုးရိမ်ကြီးနေကြ၏။

ထိုအချိန်တွင် ဂျာမန်တို့တုံ့ပြန်မှုမှာ လျင်မြန်လှ၏။ ကမ်းတက်တိုက်ခိုက်ခြင်းများမှအငိုက်ခံလိုက်ရခဲ့စေကာမူ တတိယနေ့မှစ၍ ဂျာမန်တို့က လေကြောင်းမှ လည်းကောင်း၊ ရေကြောင်းမှလည်းကောင်း (သင်္ဘောအသေးစားများကို သုံး၍ပင်)တျူးနစ်သို့ စစ်ကူများ ပို့ပေးခဲ့လေသည်။ တပ်များ အနည်းငယ်သာ ရောက်သေးသော်လည်း မဟာမိတ်များ၏ အမှတ် ၁ တပ်တော်[၁] ရှေ့ပိုင်းတပ်များ တျူးနစ်ဝင်ရာလမ်းများသို့ ရောက်လာကြသောအခါ ဂျာမန်များက ဟန့်တားထားနိုင်ခဲ့ကြလေသည်။ အမှတ် ၁ တပ်တော်တပ်များသည် ကမ်းတက်ကြပြီး ၂ပတ်ခွဲရှိမှ ထိုနေရာများသို့ ရောက်လာကြခြင်းဖြစ်၏။

ယင်းသို့ ဂျာမန်များက ရန်သူကို အချိန်မီ တားလိုက်နိုင်ခြင်းအကျိုးကား ဘဇာတာနှင့် တျူးနစ်ဝင်ရာ တောင်ပေါ်လမ်းတစ်လျှောက်တွင် ၅ လတာမျှ မဟာမိတ်များ ရှေ့မတက်နိုင်ဘဲ စစ်တန့်သွားခဲ့လေသည်။ သို့သော် ဤကဲ့သို့ မဟာမိတ်များ နှေးကွေးလေးလံမှုမှာ ရေရှည်တွင် မဟာမိတ်များအတွက် များစွာ အကျိုးရှိခဲ့၏။ အကြောင်းမူကား ရန်သူက ရေကြောင်းမှစစ်ကူများကို တျူနီးရှားသို့ ပို့ခဲ့ကြပြီး မဟာမိတ်များက မိမိတို့ရေကြောင်း အရေးသာမှုကြောင့် ရန်သူအား ရိက္ခာဖြတ်တောက်ပစ်နိုင်သည့်အပြင် သူတို့ ဆုတ်ခွာရာလမ်းကိုပါ ဖြတ်တောက်ပိတ်ဆို့ထားနိုင်ခဲ့၏။ ကံကြမ္မာ လှည့်စားမှုကြောင့် ဟစ်တလာသည် တျူနီးရှားထိန်းထားနိုင်ရေးအတွက် တပ်များ အသုံးပြုခဲ့သည်မှာ အီဂျစ်အောင်နိုင်ရေးအတွက် အသုံးပြုခဲ့သော တပ်တော်ထက် များပြားသေး၏။ မြေထဲပင်လယ်မှဖြတ်၍ တျူနီးရှားသို့ ဂျာမန်နှင့် အီတလီစစ်ကူများ ပို့သမျှမှာ နောက်ဆုံးစစ်သုံ့ပန်းအဖြစ်သာ အဖမ်းခံခဲ့ရသည့်အပြင် မဟာမိတ်များ ဥရောပကို ဝင်ရောက်တိုက်ခိုက်ရာ၌ ပိုမိုလွယ်ကူအောင် လမ်းရှင်းပေးသကဲ့သို့ ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် စပိန်သည် နပိုလီယံကျဆုံးစေသည့် မဟာဗျူဟာ ငါးစာဖြစ်သကဲ့သို့ အာဖရိကသည်လည်း ဟစ်တလာအတွက် ငါးစာဖြစ်ခဲ့ရ၏။ သူတို့နှစ်ဦးစလုံးအတွက် အဆိုပါ

၁။ Allied First Army



ငါးစာများနှင့် အမျှားခံခဲ့ရသည့်အပြင် ရုရှတည်းဟူသော ငါးစာကြီးကိုပါ မျိုမိခဲ့၍ သေလမ်းသို့ မြန်းခဲ့ရ၏။ ဟစ်တလာသည် အာဖရိကနှင့် ရုရှအကြား မိမိတပ်များကို အလွန်အမင်း ဆန့်ထုတ်ဖြန့်ကြဲခဲ့သဖြင့် ယင်းနှစ်နေရာသည် ဟစ်တလာအား ထိုးသတ်ခဲ့သည့် ချွန်ထက်သော ချို(ဂျို)ကြီးများသဖွယ် ဖြစ်ခဲ့ရလေသည်။ နပိုလီယံကျဆုံးခဲ့ပုံမျိုးတည်း။

သို့သော် ၁၉၄၃ ခုနှစ် တျူနီးရှားတိုက်ပွဲစဉ် စတင်ပုံမှာ ဂျာမန်တို့က တန်ပြန်ထိုးနက်ခဲ့မှုကြောင့် မဟာမိတ်များ အတော်တုန်လှုပ်ခဲ့ရ၏။ မဟာမိတ်တပ်တော်နှစ်ခု (အရှေ့ဘက်မှ အမှတ် ၈ တပ်တော်နှင့် အနောက်ဘက်မှ အမှတ် ၁ တပ်တော်)က ဝန်ရိုးတန်းတပ်များကို နှစ်ဖက်ညှပ် တိုက်ခိုက်ချေမှုန်းနိုင်မည်ဟု မျှော်မှန်းထားကြစဉ် ဂျာမန်တို့က ထိုးနက်ခဲ့ခြင်း ဖြစ်လေသည်။ ဂျာမန်စစ်ဌာနချုပ်က ယင်းသို့ မဟာမိတ်တပ်တော်နှစ်ခု မပေါင်းမိခင် နှစ်ဖက်စလုံးကိုတိုက်ရန် ကြံခဲ့၏။ ယင်းသို့လုပ်ဆောင်နိုင်ရန်လည်း အပေါ်ယံတွေ့ရသည်ထက် ဂျာမန်တို့ဘက်က အခွင့်သာလျက် ရှိ၏။ တျူးနစ်သို့ ၎င်းတို့ပို့ထားသော စစ်ကူများမှာ တပ်တော်တစ်ခုအင်အား ရှိလာ၍ ဗိုလ်ချုပ်ကြီး အာနင်[၁] ဦးစီးကာ တပ်တော်အဖြစ် ဖွဲ့ထားပြီး ဖြစ်လေသည်။ ထို့ပြင် ရော်မဲလ်၏ တပ်များမှာလည်း အနောက်ပိုင်း ရိက္ခာစခန်းများနှင့် ပိုနီးလာ၍ လက်နက်ပစ္စည်းအသစ်များ တပ်ဆင်ပြီး ဖြစ်နေ၏။

ဤသို့ ယာယီအင်အားကောင်းနေဆဲ ရော်မဲလ်သည် နပိုလီယံနည်းတစ်ခု ဖြစ်သည့် အတွင်းစည်း[၂] တိုက်နည်းနှင့်တိုက်ရန် ဆုံးဖြတ်ခဲ့၏။ ရန်သူတပ်တော်များက တစ်ဖက်စီမှ ချီတက်လာကြပြီး မိမိက အလယ်မှရှိစဉ် အင်အားစုစည်း၍ ရန်သူတပ်တစ်တပ်စီကို တစ်ခုပြီးတစ်ခု ချေမှုန်းရန် ဖြစ်လေသည်။ သူ့နောက်မှ ချီတက်လာသော အင်္ဂလိပ် အမေရိကန် အမှတ် ၁ တပ်တော်ကို ချေမှုန်းနိုင်မည်ဟု ရော်မဲလ်က တွက်၏။ ထိုအချိန်တွင် အမှတ် ၈ တပ်တော်၏နောက်တွင် ရိက္ခာဆက်သွယ်ရေး လမ်းကြောင်းမှာ ရှည်လျားလှပြီး တပ်ကိုလည်း များစွာဆန့်ထုတ်ထားရပြီ ဖြစ်လေသည်။

စီမံချက်မှာ ကောင်းမွန်လှ၍ ပြောင်မြောက်သည့် အောင်ပွဲရနိုင်လောက်သော်လည်း လက်တွေ့လုပ်ဆောင်ရာတွင် အခက်အခဲများစွာ တွေ့ခဲ့ရ၏။ အထူးသဖြင့် ရော်မဲလ်အုပ်ချုပ်မှုအောက်တွင် မပါသော တပ်များကိုပါ စစ်ဆင်ရေးတွင် ထည့်သုံးထားရ၏။ စစ်ဆင်ရေး စတင်သောအခါ အာနင်၏ တပ်တော်များ သူ့ဟာသူ သီးခြားဖြစ်၍ သဲကန္တာရတိုက်ပွဲ အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်သော

၁။ General Von Arnim
၂။ Interior lines

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၁ ပန်ဇာတပ်မကိုပင်လျှင် (ရော်မဲလ်၏ ဆုတ်ခွာရာလမ်းနှင့် ရိက္ခာလမ်းကြောင်းတို့ကို ဖွင့်ထားရန် နောက်သို့ပြန်ပို့ရသောအခါ) အာနင်က အုပ်ချုပ်ခဲ့ရ၏။ အမှတ် ၂၁ ပန်ဇာတပ်မမှာ အဓိကထိုးစစ်ပြုလုပ်သည့် တပ်ဖြစ်ပေသည်။

ပြင်သစ်တပ်မတစ်ခု ပါဝင်ဖွဲ့စည်းထားသော အမှတ် ၂ အမေရိကန်တပ်မကြီးကို ပစ်မှတ်ထား၍ ရော်မဲလ်က တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ တပ်မကြီးယူထားရသော စစ်မျက်နှာမှာ မိုင် ၉၀ ရှိလေသည်။ သို့သော် အဓိကအားဖြင့် တောင်များပေါ်မှ ပင်လယ်သို့ဆင်းသော လမ်းကြောင်း ၃ သွယ်ကို ကာကွယ်ထားရ၏။ တပ်မကြီး၏ မြှားဦးတပ်များမှာ **ဂတ်(ဖ)ဆား၊ ဖေ့** နှင့် **ဖွန်ဒေါက်**[၁] တောင်ကြားလမ်းများကို စောင့်ကြပ်နေကြရ၏။

ဇန်နဝါရီလကုန်တွင် အမှတ် ၁ ပန်ဇာတပ်မက ဖေ့တောင်ကြားလမ်းကို ရုတ်ချည်း ဝင်တိုက်ပြီး အမေရိကန်စစ်ကူများ ရောက်မလာမီ တာဝန်ကျနေသော ပြင်သစ်အစောင့်တပ်များအား စီးမိလေ၏။ ထိုးစစ်စတင်ရန် ခြေကုပ်ရပြီ ဖြစ်၏။ မဟာမိတ်တပ်မှူးကြီးများက ထိုးစစ်စတင်တော့မည်ကို သိနေပြီး ဂျာမန်တို့က အခြားနေရာတစ်ခုခုတွင် တိုက်ခိုက်ကြမည်ဟု ယူဆထားကြလေသည်။ **ဖေ့**ကို တိုက်ခိုက်ခြင်းမှာ လမ်းလွှဲတိုက်ပွဲသာဖြစ်ပြီး **ဖွန်ဒေါက်**ကို ထိုးစစ်ကြီးပြုလုပ်မည်ဟု မဟာမိတ်တို့က မှန်းထားကြ၏။ ယင်းနှင့်ပတ်သက်၍ "ဒီလိုယူဆခဲ့ကြလို့ ကံကောင်းလို့သာ အကြီးအကျယ်မရှုံးကြတာပေါ့"ဟု ဗိုလ်ချုပ်ကြီး ဘရက်လေက နောက်ပိုင်းတွင် ပြောခဲ့လေသည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဂျာမန်ထိုးစစ်ကြီး စတင်ခဲ့၏။ **ဖေ့**ကိုပင် အခြေခံ၍ ဆက်လက်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။ ထိုနေရာတွင် **အာနင်**၏ လက်ထောက် **ဇီဂလာ**[၂]က တပ်မှူး ဖြစ်လေသည်။ အမေရိကန် သံချပ်ကာတပ်ရှေ့သို့ တက်လာသောအခါ ထိုးစစ်စတင်နေပြီဖြစ်ပြီး အမှတ် ၂ ပန်ဇာတပ်မက ရှေ့မှ ရန်သူသံချပ်ကာတပ်ကို ထိန်းထားကာ ရန်သူ ဘယ်တောင်ပံကို ဝန်းရံတိုက်၍ ညာတောင်ပံမှဖြတ်ပြီး ရန်သူနောက်ဆွယ်သို့ ရောက်အောင် ကြိုးစား၏။ ရန်သူတင့်ကား ၁၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့၏။ ထိုညတွင်ပင် ရှေ့သို့ဆက်လက်ချီတက်၍ အမြတ်ထုတ်စစ်ဆင်ရန် ဇီဂလာအား ရော်မဲလ်က ညွှန်ကြားခဲ့သော်လည်း ဇီဂလာသည် အာနင်ထံမှ အတည်ပြုအမိန့်မရမချင်း ၄၈ နာရီ ထိုနေရာတွင်ပင် စောင့်နေခဲ့လေသည်။ ဂျာမန်များ ရှေ့သို့

၁။ Gafsa, Faid, Fondauk
၂။ Ziegler



ဆက်လက်တက်သောအခါ ၂၅ မိုင်ဝေးသည့် စဘီလာ[၁] အထိသာ တက်ခဲ့၏။ စဘီလာတွင် အမေရိကန်များက အသင့်ဖြစ်နေပြီဖြစ်၏။ ဂျာမန်ထိုးစစ်မှာ ပြင်းထန်၍ အမေရိကန်တို့ မခံနိုင်ဘဲ ကဆရင်တောင်ကြား[၂]သို့ ဆုတ်၍ ခံကြရ၏။ ထိုအချိန်တွင် ရော်မဲလ်က မရက်ခံစစ်ကြောင်းကို ပန်ဇာတပ်ဖွဲ့တစ်ဖွဲ့ကို ခေါ်ယူခဲ့ပြီး ဂက်(ဖ)ဆာမှ (တောင်ဘက်မှ) တိုက်ခိုက်၏။ ၁၇ ရက်နေ့တွင် မိုင် ၅၀ ပေါက်ခဲ့ပြီး ကဆရင်းအနောက်မှ အမေရိကန်တို့ လေဆိပ်ဖြစ်သော သလက်တီ[၃]ကို သိမ်းပိုက်နိုင်ခဲ့လေသည်။

ယခုအခါတွင် မဟာမိတ်တပ်တော်နှစ်ခုကို ဗိုလ်ချုပ်ကြီး အက်လီဇင်ဒါး[၄]က အုပ်ချုပ်ရ၍ အောက်ပါအတိုင်း အစီရင်ခံစာတွင် ဖော်ပြခဲ့လေသည်။ "ကျွန်ုပ်မျှော်လင့်ထားသည်ထက် အခြေအနေမှာ အကျဉ်းအကျပ်နှင့် ရင်ဆိုင်နေရ၏။ ကဆရင်းနေရာကို ကျွန်ုပ်သွားရောက်ခဲ့ရာ ကျွန်ုပ်တို့တပ်များ နောက်ပြန်ဆုတ်ကြရင်း အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိသျှတပ်များ ရောထွေးနေသည်ကို တွေ့ခဲ့ရပါသည်။ စနစ်တကျ ပေါင်းစပ်ညှိနှိုင်းပြုလုပ်ထားသော ခံစစ် စီမံချက်မရှိဘဲ အုပ်ချုပ်ကွပ်ကဲမှု တိတိကျကျသတ်မှတ်ထားခြင်း မရှိချေ။ ....အကယ်၍သာ ရော်မဲလ်က ကျွန်ုပ်တို့၏ အင်အားနည်းနေသော အနောက်ဒေါ်ဆေး[၅](နောက်တစ်ဆင့် တောင်တန်းများ)ကို ဖောက်ထွင်းတိုက်နိုင်ပါက မြောက်ဘက်သို့ အခက်အခဲမရှိဘဲ ချီတက်နိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ တြူနီးရှားစစ်မျက်နှာ အခြေပျက်သွားမည် ဖြစ်၏။ ဒုက္ခကြီး မတွေ့သည့်တိုင် နောက်သို့ပြန်၍ ဆုတ်ခွာကြရမည် ဖြစ်လေသည်။"

မဟာမိတ်များ ရှုပ်ထွေးတွေဝေနေစဉ် ရော်မဲလ်က မိမိတို့ယန္တရားတပ်များ စုပေါင်း၍ တဘေးဆား[၆](အနောက် ဒေါ်ဆေးအလွန် မိုင် ၄၀ တွင်ရှိ၏။)မှ ဖြတ်၍ အမြတ်ထုတ် စစ်ဆင်လို၏။ သို့လုပ်ဆောင်ခြင်းဖြင့် မဟာမိတ်တပ်များနှင့် အယ်ဂျီးရီးယား ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်နိုင်မည် ဖြစ်လေသည်။ မဟာမိတ်များ၏ တဘေးဆားမှ ရိက္ခာဂိုဒေါင်များ မီးစတင်လောင်နေပြီဟု လေကြောင်းထောက်လှမ်းရေးမှ သတင်းပို့ခဲ့၏။ သို့သော် အာနင်က ယင်းသို့ စစ်ဆင်လိုခြင်းမရှိသည်ကို တွေ့ရသောအခါ ရော်မဲလ်သည် စိတ်ပျက်ပြီး မုဆိုလီနီသို့ တင်ပြခဲ့၏။ မုဆိုလီနီထံမှ ရှေ့သို့ ဆက်လက်ချီတက်ခွင့်ကို ၁၉ ရက်နေ့ကျမှ ရရှိခဲ့သော်လည်း ရော်မဲလ်အဆိုပြုသလို အနောက်မြောက်ဘက်

၁။ Sbeitla
၂။ Kasserine Pass
၃။ Thelepte
၄။ General Alexander
၅။ Dorsale
၆။ Tebessa

www.burmeseclassic.com

www.burmeseclassic.com


တဘေးဆားဘက်သို့ ချီတက်ရန် မဟုတ်ဘဲ မြောက်ဘက် သာလာ[၁]သို့ ရော်မဲလ် ဦးစီးချီတက်တိုက်ခိုက်ရန် ဖြစ်လေသည်။ မိမိတင်ပြသည်ကို မူဆိုလီနီက လက်မခံခဲ့ခြင်းမှာ "အင်မတန် အံ့သြစရာကောင်းပြီး မယုံကြည်နိုင်စရာပဲ၊ နောက်ပြင်ပေးတဲ့နေရာဟာ ရှေ့တန်းစစ်မျက်နှာနှင့် အလွန်နီးနေတော့ အင်အားကောင်းတဲ့ ရန်သူ အရန်တပ်တွေနှင့် တွေ့ကြရမှာပဲ"ဟု ရော်မဲလ်က ပြောကြားခဲ့၏။

တကယ်ဖြစ်လာသည်တို့က ရော်မဲလ်မှန်ကန်ကြောင်း ပြသခဲ့လေသည်။ ဂျာမန်တို့ တိုက်သည့်နေရာမှာ အက်လီဇင်ဒါးနှင့် မဟာမိတ်တပ်များက မျှော်မှန်းထားသည့်နေရာဖြစ်ပြီး အဆင်သင့်စောင့်နေကြသော နေရာဖြစ်၏။ တပ်တော်မှူးအား "သာလာ ကာကွယ်နိုင်ရန် သံချပ်ကာတပ်များကို အင်အားစုစည်းထားရန်" အက်လီဇင်ဒါးက အမိန့်ပေးထားပြီး မြောက်ပိုင်းမှ ဗြိတိသျှအရန်တပ်များကိုပါ သာလာသို့ ပို့ပေးထားပြီး ဖြစ်ပေသည်။ အကယ်၍သာ ရော်မဲလ် တိုက်ချင်သလို တိုက်ရပါက မဟာမိတ်များမှာ ဟန်ချက်ပျက်သွားကြဦးမည်မှာ ထင်ရှားနေ၏။

အမေရိကန်များကလည်း သာလာသို့ ချီတက်ရာလမ်းကြောင်းများတွင် အင်အားစုစည်းထားကြ၍ ကဆရင်းတောင်ကြားမှလည်း ပြင်းပြင်းထန်ထန် ခုခံကြသောကြောင့် ခံစစ်ကြောင်းကို ဂျာမန်များက ၂၀ ရက်နေ့ညနေကျမှ ဖောက်ထွင်းနိုင်ကြ၏။ နောက်တစ်နေ့တွင် သာလာသို့ ဆက်လက်ချီတက်ကြရာ ဂျာမန်တို့မှာ ပင်ပန်းနေပြီဖြစ်ပြီး မဟာမိတ်တပ်များက (အရန်များလည်း ရောက်နေပြီဖြစ်၏။) မောင်းထုတ်နိုင်ခဲ့လေသည်။ ၂၂ ရက်နေ့တွင် ရော်မဲလ်သည် အခြေအနေမလှတော့မှန်းသိ၍ ဖြည်းဖြည်းချင်း ပြန်၍ဆုတ်ခွာခဲ့လေသည်။ နောက်တစ်လကြာတော့မှ အာဖရိကရှိ ဝင်ရိုးတန်းတပ်အားလုံးကို ရော်မဲလ်က အုပ်ချုပ်ရမည်ဟု ရောမမြို့တော်မှ အမိန့်ရောက်လာခဲ့လေသည်။ နောက်ကျလွန်းနေပြီဖြစ်၏။

ဂျာမန်တို့ တန်ပြန်ထိုးစစ်ကို ပြန်လှန်သုံးသပ်သည့်အခါတွင် တကယ့်တန်ဖိုးရှိလှသော သွယ်ဝိုက်ချဉ်းကပ်မှု သင်ခန်းစာများကို ဖော်ထုတ်နိုင်သည်ကို တွေ့ရ၏။ **အချိန်ဆုံးရှုံးလျှင် သွယ်ဝိုက်ချဉ်းကပ်မှုမှရထားသော အခွင့်သာမှုအားလုံး ဆုံးရှုံးရ၏။ သွယ်ဝိုက်ချဉ်းကပ်မှု၌ စစ်မြေပြင်တွင် တကယ်ကွေ့၍ ချီတက်ရသည့် သွယ်ဝိုက်ချဉ်းကပ်မှု[၂] ဖြစ်ပါက ရန်သူမမျှော်လင့်သည့် နေရာရောက်အောင် ဝေးဝေးက ကွေ့ချီတက်သင့်၏။**

---

၁။ Thala

၂။ Physical Indirect Approach တိုက်ရိုက်ပြန်ဆိုပါက ရုပ်သဘော သွယ်ဝိုက်ချဉ်းကပ်မှုဟု ဆိုရပါမည်။ သို့သော် ဆိုလိုသည်မှာ စိတ်ဓာတ်ရေးရာတွင် သွယ်ဝိုက်ချဉ်းကပ်မှု (Psychological Indirect Approach)နှင့် ခွဲခြားပြီး စစ်မြေပြင်တွင် တကယ်ကွေ့၍ သွယ်ဝိုက်ချဉ်းကပ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ (ဘာသာပြန်ဆိုသူ)

ဝန်ရိုးတန်းတပ်များကို ရော်မဲလ်အား အုပ်ချုပ်ရန်တာဝန်ပေးခြင်း နောက်ကျခဲ့သဖြင့် ဂျာမန်-အီတလီတပ်များ နစ်နာခဲ့ရသည့် အချက်ရှိသေး၏။ မြောက်ဘက်တွင် တြူးနစ်နှင့် မျက်နှာချင်းဆိုင် မဟာမိတ်တပ်များအား အာနင်က ထိုးစစ်ဆင်ခြင်းကို ရော်မဲလ်က ရပ်တန့်ရန် အမိန့်မပေးနိုင်ခဲ့ချေ။ အာနင်၏ ထိုးစစ်မှာ တိုက်ရိုက်ချဉ်းကပ်မှုဖြစ်၍ အကျအဆုံးများစွာနှင့် ဆုံးရှုံးရသည့်အပြင် ရော်မဲလ်က မောင်ဂိုမာရီတပ်များကို တိုက်မည့် ဒုတိယထိုးစစ်အတွက် လိုအပ်သော တပ်မများကိုလည်း အချိန်မီ ပို့မပေးနိုင်ခဲ့ချေ။

ကွပ်ကဲမှုအမိန့် နောက်ကျမှုသည် ရော်မဲလ်ထိုးစစ် အနိုင်အရှုံးကို ဆုံးဖြတ်ပေးခဲ့၏။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ မရက်ခံစစ်ကြောင်းကို ရင်ဆိုင်နေသော ဗြိတိသျှတို့တွင် တပ်မတစ်ခုသာ ရှိပေသည်။ မောင်ဂိုမာရီက သည်တစ်ကြိမ်တွင် စိုးရိမ်စိတ်ပင်ခဲ့သဖြင့် သူ၏ ဦးစီးအဖွဲ့က ရှေ့တန်းသို့ တပ်များရောက်လာရန် ပြင်းပြင်းထန်ထန် ကြိုးစားကြရ၏။ ရော်မဲလ် စတင်တိုက်သည့် မတ်လ ၆ ရက်နေ့တွင် မောင်ဂိုမာရီ၌ ယခင်ကထက် တပ်များ ၄ ဆရှိလာ၍ (တပ်မ ၄ ခုမျှ) တင့်ကား ၄၀၀ နှင့် တင့်ကားပစ်အမြောက် ၅၀၀ ကိုလည်း နေရာချထားပြီး ဖြစ်၏။ ထို့ကြောင့် စောင့်ဆိုင်းလိုက်သည့်အချိန်အတွင်း ရော်မဲလ်၌ အင်အားသာမှု မရှိတော့ဘဲ နေ့ခင်းအချိန်လောက်တွင် ဂျာမန်ထိုးစစ်သည် ရှေ့မတက်နိုင်တော့ချေ။ တင့်ကား ၅၀ ဆုံးရှုံးခဲ့ပြီဖြစ်သဖြင့် တိုက်ပွဲစဉ် နောက်တစ်ဆင့်တွင် များစွာ အခက်အခဲတွေ့ခဲ့ရ၏။ ထိုအချိန်တွင် ရော်မဲလ်ကိုယ်တိုင်လည်း ဥရောပသို့ ပြန်သွားခဲ့ပြီ ဖြစ်လေသည်။ ရော်မဲလ်သည် စိတ်ပျက်လျက်ရှိသည့်အပြင် ဖျားနာနေပြန်ပြီဖြစ်၏။

မတ်လ ၁၇ ရက်နေ့တွင် ပက်တန်အုပ်ချုပ်သည့် အမှတ် ၂ အမေရိကန်တပ်မကြီးနှင့် မဟာမိတ်များက ထိုးစစ်စတင်ခဲ့၏။ (ဂျာမန်) အာဖရိကတပ်မကြီး တြူးနစ်သို့ ဆုတ်ခွာရန်လမ်းကို ရည်မှန်းတိုက်ခိုက်ခဲ့၍ ရှေ့တန်းမှ ဂျာမန်တပ်နှင့် လက်နက်ပစ္စည်းများကို ပြန်လည်ဆွဲဆောင်ယူရန် ရည်ရွယ်ခဲ့လေသည်။ ပထမပိုင်းတွင် သတိကြီးစွာနှင့် ချီတက်ခဲ့ကြ၍ နှောင့်နှေးရပြီး ကမ်းခြေသို့ဆင်းသည့် တောင်ကြားလမ်းများတွင်မူ ဂျာမန်ခုခံမှုကြောင့် ကြန့်ကြာခဲ့ရပြန်၏။ ဂျာမန်များက အားတက်လာပြီး တန်ပြန်ထိုးစစ်ဆင်ခဲ့သေး၏။ သို့သော် အမေရိကန်တို့ကို ထိုးဖောက်နိုင်ခြင်း မရှိချေ။ ဂျာမန်များသည် နောက်ထပ် တင့်ကား ၄၀ ဆုံးရှုံးခဲ့ရပြန်ပြီး မောင်ဂိုမာရီ၏ ထိုးစစ်ကို ခုခံနိုင်စွမ်း ပို၍လျော့သွားခဲ့၏။

မဟာမိတ်တပ်များ နောက်ဆုံးအောင်ပန်းဆွတ်ခူးနိုင်ခဲ့ခြင်းမှာ သူတို့ထိုးစစ်များကြောင့်ထက် ဂျာမန်များက အချိန်မကျရောက်မီ ပြုလုပ်သည့် ထိုးစစ်များ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဟု ဆိုနိုင်၏။ ဂျာမန်များသည် သူတို့၏ ထိုးစစ်များကြောင့် အလွန်အမင်း တပ်များပြန့်ကြဲသွားတော့မှ မဟာမိတ်များက အလဲထိုးသတ်ရန် အခွင့်ကောင်းရခဲ့ကြလေသည်။ နောက်ပိုင်းတွင် ဂျာမန်တို့သည် အလောတကြီး တန်ပြန်ထိုးစစ်များ ပြုလုပ်၍ မိမိတို့ အရန်တပ်များကို ဖြုန်းတီးပစ်ခဲ့ခြင်းကြောင့် ရေရှည်ခံစစ်ဆင်နွှဲနိုင်ခြင်း မရှိတော့ချေ။

မတ်လ ၂၀ ရက်နေ့ညတွင် အမှတ် ၈ တပ်မတော်က မရက်စစ်ကြောင်းကို စတင်တိုက်ခိုက်ခဲ့လေသည်။ ထိုးစစ်မှာ ရှေ့တည့်တည့်မှ (ပင်လယ်ဘက်တွင်) ဖောက်ထွင်း၍ ယန္တရားတပ်များက ထိုးဝင်တိုက်ခိုက်ကြရန် ဖြစ်လေသည်။ တစ်ချိန်တည်းတွင် နယူးဇီလန် တပ်မကြီးက သဲကန္တာရဘာယ်တောင်ပံမှ တော်တော်ဝေးဝေး ပန်း၍ ရန်သူများ၏နောက် အယ်လ်ဟန်မာ[၁]သို့ ဦးတည်ချီတက်ခဲ့ကြ၏။ ထိုနေရာတွင် ရန်သူတို့၏ အရန်တပ်များကို တိုက်ခိုက်ထိန်းထားရန် ရည်ရွယ်ခဲ့လေသည်။ ရှေ့တည့်တည့်မှ တိုက်ခြင်းဖြင့် ဖောက်ထွင်းနိုင်ခြင်းမရှိ၍ သုံးရက်ရှိသောအခါ မောင်ဂိုမာရီသည် သူ၏စီမံချက်ကို ပြင်ဆင်ခဲ့၍ အမှတ် ၁ သံချပ်ကာတပ်မကို နယူးဇီလန်တပ်မကြီး ချီတက်ရာလမ်းမှ ဆက်လက်ချီတက်စေ၏။ ဤကဲ့သို့ 'မြင်းတပ်'ကို ညာတောင်ပံမှ ဘယ်တောင်ပံသို့ ပြောင်းရွှေ့တိုက်ခိုက်ခြင်းမှာ ရမ်မလီ(စ)[၂]တွင် မိုဘာရာ[၃]တိုက်ခိုက်ခဲ့သည့် နည်းဗျူဟာ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု နည်းမျိုး အကြီးစားပင် ဖြစ်လေသည်။ (ရမ်မလီ(စ)မှာ သမိုင်းဝင်နည်းဗျူဟာ ပြောင်းလွယ်ပြင်လွယ် ဖြစ်သော တိုက်ပွဲကြီးဖြစ်၏) သို့သော် သံချပ်ကာတပ် ချီတက်ရာလမ်းကြောင်းမှာ ဂျာမန်တို့က တင့်ကားပစ်အမြောက်များကို တစ်ဖက်တစ်ချက်စီ၍ နေရာချထားသည့် ချိုင့်ဝှမ်းမှ ဖြတ်သွားသောကြောင့် သဲမုန်တိုင်းကြီးသာ ကျမလာလျှင် တကယ့်သေမင်းထောင်ချောက်တွင်း ဝင်သကဲ့သို့ ဖြစ်ပေတော့မည်။ သို့စဉ်လျက် ဗြိတိသျှတို့ထိုးစစ်မှာ အလ်ဟန်မာမှ ဂျာမန်နောက်ပိုင်း ခံစစ်နေရာများကြောင့် များစွာ ရှေ့မတက်နိုင်ကြချေ။ နောက်ပိုင်းမှ မိမိတို့ ဆုတ်ခွာရာလမ်းကို ခြိမ်းခြောက်မှုကြောင့် ဂျာမန်များသည် မရက်ခံစစ်ကြောင်းမှ ဆုတ်ခွာပေးကြရသော်လည်း မိမိတပ်များစွာ ဆုံးရှုံးမှု မရှိစေဘဲ စနစ်တကျ ခွာစစ်ဆင်နိုင်ခဲ့ကြ၏။

ထို့နောက် ဂျာမန်များသည် အယ်ဟန်မာနောက် ၁၀ မိုင်မျှသာဝေးသည့် တောင်များနှင့် ပင်လယ်အကြား အလွန်ကျဉ်းမြောင်းသော ဂေ့(ဗ)ဂယ်ပေါက်[၄]

---

၁။ El Hamma

၂။ Ramillies

၃။ Morlborough

၄။ Gabes Gap



တစ်လျှောက်မှ ဝါဒီအကာရစ်[၁]နေရာအထိသာ ဆုတ်၍ ခံကြပြန်၏။ ရှေ့တည့်တည့်မှ အမှတ် ၈ တပ်တော်က ဖိအားပေးစဉ် အမေရိကန်များက ရန်သူများအား တိုက်ခိုက်ကြသော်လည်း မအောင်မြင်ခဲ့ချေ။ ဧပြီလ ၆ ရက်ည သန်းခေါင်ကျော်တွင် အမှတ် ၈ တပ်တော်က မှောင်ထုကို အကာအကွယ်ယူ၍ ဝါဒီအကာရစ်ကို တိုက်ခိုက်၏။ ရန်သူထိုးဖောက်နိုင်သော်လည်း လင်းလာသည်နှင့် ရန်သူက ထိထိရောက်ရောက် ဟန့်တားနိုင်ခဲ့လေသည်။ သို့သော် အင်အားနည်းနေပြီဖြစ်သော ဂျာမန်တပ်မနှစ်ခုကလည်း အမေရိကန်တပ်များအား ခုခံနေရသောကြောင့် ဝါဒီအကာရစ်နေရာတွင် ဆက်လက်ခုခံရန် အင်အား အလွန်နည်းနေပြီဖြစ်လေသည်။ ထို့ကြောင့် နောက်တစ်နေ့ညတွင် ဆက်လက်မခုခံတော့ဘဲ ကမ်းခြေလမ်းအတိုင်း တြူးနစ်ဘက်သို့ ဂျာမန်များ ဆုတ်ခွာခဲ့ကြလေသည်။

ဧပြီလ ၈ ရက်နေ့တွင် မဟာမိတ် အမှတ် ၉ တပ်မကြီးက ဖွန်ဒေါက်တောင်ကြားလမ်းမှဖြတ်၍ ရန်သူကို ဖြတ်တောက်တိုက်ခိုက်ရန် ချီတက်ခဲ့ကြရာ ရန်သူတို့ နောက်ဘက် ပင်လယ်ကမ်းခြေသို့ ရောက်ခဲ့ကြလေသည်။ ခြေလျင်တပ်များက ဂျာမန်ခံစစ်ကို မဖောက်နိုင်သဖြင့် သံချပ်ကာတပ်များသည် မိုင်းကွင်းကို ဖြတ်၍ ချီတက်ကြရာ အကျအဆုံး အလွန်များပြီး ရန်သူတို့ကို ဖောက်ထွင်းတိုက်ခိုက်နိုင်သော်လည်း ပင်လယ်ကမ်းခြေလမ်းမှ ဆုတ်ခွာနေသည့် ဂျာမန်တပ်များ လွတ်မြောက်သွားကြလေသည်။ ရက်အနည်းငယ်ကြာသောအခါ ရန်သူတပ်တော်နှစ်ခုသည် လက်တွဲနိုင်ပြီး တြူးနစ်ရှေ့ဘက် တောင်တန်းတစ်ခုလုံးကို နေရာယူထားကြ၍ ထိုနေရာတွင် အချိန်အတော်ကြာဆက်၍ ခံစစ်ဆင်နိုင်ကြမည်ဟု ထင်ရ၏။ နောက်တစ်နည်း ဂျာမန်တပ်များ လုပ်ဆောင်နိုင်သည်မှာ လျင်မြန်စွာ ခွာစစ်ဆင်နိုင်၍ အသက်ရှုပေါက်ရသည်ကို အခွင့်ကောင်းယူပြီး မိမိတို့တပ်များကို ဆစ်စလီကျွန်းသို့ ဆုတ်ခွာပေးနိုင်မည် ဖြစ်၏။

အယ်အလာမိန်းမှ တြူးနစ်သို့ မိုင် ၂၀၀၀ မျှကို ရော်မဲလ်ဦးစီးသည့် ပန်ဇာတပ်တော် အာဖရိက[၂]ဆုတ်ခွာခဲ့ခြင်းမှာ (ယင်းသို့ စစ်ဆင်ရေးမျိုးတွင်) သမိုင်းတစ်လျှောက်လုံး၌ ထူးခြားသည့် လုပ်ဆောင်မှုပင် ဖြစ်လေသည်။ အထူးသဖြင့် ပထမနှင့် နောက်ဆုံးအဆင့်များမှာ မှတ်သားလောက်ပေ၏။ မရက်ခံစစ်ကြောင်းမှ တြူးနစ်ခရီးတွင် ရန်သူတပ်များ တန်းစီရှိသော ရှည်လျားလှသည့် ထောင့်စွန်းနေရာကို ဖြတ်သန်းသွားရရာ ဂျာမန်တပ်အားလုံးကို အန္တရာယ်ပြုနိုင်သော တိုက်ခိုက်မှုမျိုးကို တစ်ချိန်လုံး ရင်ဆိုင်ခဲ့ကြရလေသည်။ ရှေးခေတ်က

---

၁။ Wadi Akarit

၂။ Panzer Armee Afrika

www.burmeseclassic.com

www.burmeseclassic.com



ဆီနိုဖုံး[၁] လုပ်ဆောင်ခဲ့သည့် ခွာစစ်ပုံသဏ္ဌာန်ကို ရော်မဲလ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုခေတ်တွင် ယင်းသို့ ပြောင်မြောက်သည့် ခွာစစ်မျိုးမရှိသေးဟု ဆိုနိုင်၏။

ထိုနှစ် ဆောင်းတွင်းမှာပင် ထိုမျှမရှည်လျားစေကာမူ တြူးနစ်ခွာစစ်လောက်ပင် အန္တရာယ်များသည့် ခွာစစ်မျိုးကို ကော့ကေးဆပ် အလယ်လောက်မှ ရော(စ)တော့ ပုလင်းခေါင်းကျဉ်းနေရာကို ဖြတ်၍ ကလိ(စ)၏ တပ်တော်စုက လုပ်ဆောင်ခဲ့ရ၏။ ဒေါန်းမြစ်ကြောင်းတစ်လျှောက်မှ ဆင်းလာသည့် ရုရှတပ်တော်များက ဂျာမန်တပ်များကို နံဘေးမှ တစ်ချိန်လုံး ခြိမ်းခြောက်ခဲ့လေသည်။

စနစ်တကျ ကျွမ်းကျင်လိမ္မာစွာ လုပ်ဆောင်နိုင်ပါက ခေတ်သစ်ခံစစ်နည်းနာများသည် အင်အားကြီးမားလှသော ခုခံမှုစွမ်းအားရှိကြောင်းကို အဆိုပါ ခွာစစ်နှစ်ခုစလုံးက ထင်ထင်ရှားရှား သက်သေပြခဲ့ပေ၏။ နောက်မှ ဝန်းရံတိုက်ခိုက်ခြင်းများတွင်လည်း ကန့်သတ်ချက်များရှိကြောင်းကို အဆိုပါ ခွာစစ်နှစ်ခုစလုံးက သက်သေပြခဲ့ပြန်၏။ ယခင်ကလည်း အလားတူ သင်ခန်းစာများကို အတွေ့အကြုံမှ ထုတ်ယူနိုင်ခဲ့ပေသည်။ **ထို့ကြောင့် ထိုးစစ်တစ်ခု အောင်မြင်ရန်မှာ ပထဝီသဘောအရ ရန်သူနောက်ဆွယ်ကို ရောက်အောင် ချီတက်ရုံနှင့် မလုံလောက်သေးဆိုသည်ကို ထင်ထင်ရှားရှား တွေ့ခဲ့ကြရ၏။** အဆိုပါသာဓကနှစ်ခုစလုံးတွင် ရန်သူတပ်၏ အရေးကြီးသော အစိတ်အပိုင်းများသည် အစမှပင် ဆုတ်ခွာလျက်ရှိသော တပ်များ၏ နောက်ဆွယ်သို့ရောက်ခဲ့ကြသည်သာ ဖြစ်၏။ သို့သော် ထောင်ချောက်ကို ပိတ်လိုက်နိုင်သည်ကား မဟုတ်ချေ။ ယင်းအန္တရာယ်ကြီးမားကြောင်းကို ခွာစစ်ဆင်နေသူများကလည်း သိရှိသဖြင့် ရန်သူက ထောင်ချောက်မပိတ်မိအောင် အမျိုးမျိုး ကြိုးစားကြသည်သာဖြစ်၏။ **ထို့ကြောင့် ရန်သူ ဟန်ချက်ပျက်သွား၍ အဆုံးအဖြတ်ပေးနိုင်သည့် အခြေအနေမျိုး ဖြစ်သွားစေရန် စိတ်ဓာတ်ရေးရာအရပါ သွယ်ဝိုက်ချဉ်းကပ်မှုရှိရန် အရေးကြီးလှပေသည်။**

လျင်မြန်စွာ ဆုတ်ခွာနိုင်သည့်အပြင် ရန်သူတို့၏ ဖြတ်တောက် တိုက်ခိုက်ခြင်း မခံရသဖြင့် ဂျာမန်စစ်ဌာနချုပ်သည် မိမိတို့ကသာ ဆန္ဒရှိပါက ဂျာမန်တပ်များကို စစ်စလီသို့ ပို့နိုင်ခဲ့ပေမည်။ ဂျာမန်တို့ ခံစစ်ကြောင်းအသစ်ဖြစ်သော တြူးနစ်တောင်ဘက် အင်ဖိဒဗီး(လ်)နှင့် ဘဇာဘာအနောက်ဘက် ဆရတ်အငူ[၂] အထိ နေရာများကို တိုက်ခိုက်နိုင်ရန် မဟာမိတ်များသည် အနည်းဆုံး နှစ်ပတ်မျှ အချိန်ယူ ပြင်ဆင်ကြရမည်ဖြစ်၏။ ထိုအချိန်အတွင်း ရာသီဥတုမှာလည်း မြူဆိုင်းနေသဖြင့် တပ်များ သဲသော်ပေါ်တက်ခြင်း မြေထဲပင်လယ် ဖြတ်သွားခြင်းမှာမှာ

၁။ Xenophon

၂။ Cape Serrat



အကာအကွယ်ရနေမည် ဖြစ်သဖြင့် တြူနီးရှားရှိ ဂျာမန်တပ်အဖော်များများကို ရေကြောင်း လေကြောင်းမှ ပြန်လည်ဆုတ်ခွာနိုင်မည် ဖြစ်လေသည်။

သို့သော် ဂျာမန်စစ်ဌာနချုပ်သည် အာဖရိကတွင် စစ်ဆက်လက်တိုက်ရန် ဆုံးဖြတ်ခဲ့လေသည်။ ဥရောပတောင်ပိုင်း ကမ်းခြေများကို အခြေပြု၍ ဥရောပတွင် ခံစစ်ဆင်နိုင်ရန် အာဖရိကမှ တပ်များကို ပြန်လည်ရုပ်သိမ်းခြင်း မပြုခဲ့ချေ။ တြူးနီးရှားမှာပင် ဂျာမန်တို့သည် မိမိရှိသည့်အင်အားထက် ကြီးကျယ် ကျယ်ပြန့်သည့် ခံစစ်အနေအထားကိုယူထားပြီး တြူးနစ်နှင့် ဘဇာဘာ နှစ်မြို့စလုံးကို ကာကွယ်နိုင်ရန် မိုင် ၁၀၀ မျှ စစ်မျက်နှာပြု၍ ခံခဲ့ကြ၏။ မဖြစ်နိုင်သည်ကို ကြံခဲ့သဖြင့် မဟာမိတ်များအဖို့ လှဲပြောင်းတိုက်နိုင်သည့် ရည်ရွယ်ချက်ထားရေးနှင့် ပတ်သက်ပြီး အကောင်းဆုံးအခွင့်အရေးကို ရရှိခဲ့ကြလေသည်။

အက်လီဇင်ဒါးသည် ဖဲမကစားမီ မိမိဖဲများကို ပြောင်းလဲပစ်လိုက်၏။ အမေရိကန် အမှတ် ၂ တပ်မကြီးကို တောင်ပိုင်းကမ်းခြေမှ မြောက်ပိုင်းကမ်းခြေသို့ ခေါ်လိုက်ခြင်းဖြင့် ဘဇာဘာကို မျက်နှာမူလျက် တပ်မကြီးသည် ညာတောင်ပံမှ ဘယ်တောင်ပံသို့ ရောက်လာခဲ့ပေသည်။ အမှတ် ၈ တပ်မကြီးကိုလည်း မြောက်ဘက်သို့ ခေါ်ယူလိုက်၍ အမှတ် ၅ ထပ်မကြီးနှင့် ပြင်သစ် အမှတ် ၁၅ တပ်မကြီးကို ကြား၊ အလယ်နေရာသို့ ပို့ဆောင်ခဲ့၏။ ပြင်သစ်တပ်မကြီးသည် မဟာမိတ်တပ်များ ညာတောင်ပံတွင်ရှိသည့် အမှတ် ၈ တပ်မကြီးနှင့် တစ်ဆက်တည်းနေရာတွင် ရှိလေသည်။

ဧပြီလ ၂၀ ရက်နေ့တွင် အမှတ် ၈ တပ်တော်က ရန်သူတို့ ဘယ်တောင်ပံကို စတင်တိုက်ပြီး ထိုးစစ်ကြီး စတင်ခဲ့၏။ သို့သော် အင်ဖိဒဗီး(လ်)ကျော်သောအခါ ကမ်းခြေထောင့်စွန်းနေရာမှာ အလွန်ကျဉ်းမြောင်းနေသဖြင့် ချီတက်မှုမှာ နှေးကွေးလှပြီး ၂၃ ရက်နေ့တွင် ဆက်လက်ချီတက်ခြင်း မပြုနိုင်တော့ချေ။ ဧပြီလ ၂၁ ရက်နေ့တွင် အမှတ် ၅ တပ်မကြီးက ဘယ်ဘက်အလယ်နေရာမှ တြူးနစ်သို့ ဦးတည်လျက်ရှိသော တောင်ကုန်းများမှ တိုက်ခဲ့၏။ နောက်နေ့တွင် အမှတ် ၉ တပ်မကြီးက ညာဘက်အလယ်နေရာ ဂေါက်ဘေလတ်[၁] အနီးမှ စတင်တိုက်ခိုက်ခဲ့၏။ ရည်ရွယ်ချက်မှာ သံချပ်ကာတပ်များနှင့် ဖောက်ထွင်းဝင်ရောက်နိုင်ရန် ဖြစ်လေသည်။ သို့သော် ရန်သူခံစစ်ကြောင်းကို ဖောက်ထွင်းနိုင်ခြင်း မရှိချေ။ ရန်သူဂျာမန်တို့မှာ အလွန်ပင်ပန်းလှပြီဖြစ်ပြီး တင့်ကားများလည်း အတော်ဆုံးရှုံးခဲ့၏။ စစ်မျက်နှာတစ်ခုလုံးလိုလို၌ နှစ်ပတ်မျှ နားနေခဲ့ရ၏။ သို့သော် မြောက်ပိုင်းတွင်မူ အမေရိကန်များနှင့် ပြင်သစ် အာဖရိကတပ်များသည် တဖြည်း

၁။ Goubellat

www.burmeseclassic.com



ဖြည်း ရန်သူစစ်ကြောင်းကို ဖောက်ထွင်းနိုင်၍ ဘဇာဘာနှင့် မိုင် ၂၀ မျှသာ လိုတော့၏။

အက်လီဇင်ဒါးက တပ်များကို အပြောင်းအလဲလုပ်ပြန်၏။ ဂေါက်ဘောလတ် အနီး ညာအလယ်နေရာတွင် တပ်အင်အား အနည်းငယ်သာ ချန်ထားပြီး အမှတ် ၉ တပ်မကြီးမှ တပ်အများစုကို ဘယ်ဘက်အလယ်နေရာသို့ ပို၍ အမှတ် ၅ တပ်မကြီးနောက်နားတွင် အင်အားစုစည်းထား၏။ ထို့ပြင် ထိုတပ်များကို အမှတ် ၈ တပ်တော်မှ လက်ရွေးစင်တပ်မ ၂ ခုနှင့် အင်အားဖြည့်ပေးလိုက်လေသည်။ (အမှတ် ၇ သံချပ်ကာတပ်မနှင့် အမှတ် ၄ အိန္ဒိယတပ်မ) တစ်ချိန်တည်း ထိုတပ်များ ရွှေ့ပြောင်းခြင်း ပြုသည်ကို ရန်သူ မသိစေရန် သေချာစွာပြုလုပ်ထားသည့် လှည့်ဖြားရေးစီမံချက်ဖြင့် မိမိတို့က တောင်ဘက်မှ ဆက်တိုက်မည်ဟု ရန်သူတို့ အထင်ရောက်စေ၏။ အမှတ် ၈ တပ်တော်နှင့် မောင်ဂိုမာရီတို့ နာမည်ကလည်း ကြီးနေပြီဖြစ်သဖြင့် လှည့်ဖြားရေးစီမံချက် ပိုမိုအောင်မြင်ခဲ့လေသည်။ ထို့ကြောင့် ဖောန် အာနင်သည် မိမိတပ်အများစုကို တောင်ဘက်မှသာ ချထားခဲ့၏။ အာနင်သည် လှည့်ဖြားရေးစီမံချက်ကို လုံးဝရိပ်မိခြင်းမရှိဘဲ တကယ်ထိုးစစ် စတင်သောအခါ ဂျာမန်တပ်များကိုလည်း (မဟာမိတ်လေတပ်ကြောင့်) မိမိလိုသလို ရွှေ့ပြောင်းအသုံးပြုနိုင်ခြင်း မရှိခဲ့ချေ။ မဟာမိတ်များက မိမိတို့၏ တပ်အင်အား အဆမတန် သာလွန်နေသည်ဖြစ်ရာ ရန်သူလေယာဉ်များကို တိုက်ထုတ်နိုင်၍ လုံးဝလေကြောင်းစိုးမိုးမှု ရနေပြီဖြစ်၏။ ထို့ပြင် လမ်းများတွင် သွားလာနေသော ရန်သူတပ်များ၊ ရိက္ခာပို့ဆောင်ရေးတပ်များကိုလည်း အဆက်မပြတ် တိုက်ခိုက်ခြင်းအားဖြင့် ရန်သူတို့သည် လှုပ်ရှားမှု လုံးဝမပြုနိုင်သလောက် ဖြစ်ခဲ့ရလေသည်။

ဗိုလ်ချုပ်ကြီး ဟောရော့[1] ဦးစီးသည့် အင်အားကြီးမားစွာ စုစည်းထားသည့် အမှတ် ၉ တပ်မကြီးက မေလ ၆ ရက်ညသန်းခေါင်ကျော် ကြယ်ရောင်သာရှိသည့် လမိုက်ရက်တွင် စတင်တိုက်ခိုက်ခဲ့၏။ နှစ်မိုင်သာကျယ်သော စစ်မျက်နှာကို အမြောက်အလက်ပေါင်း ၆၀၀ က ပစ်ခတ်ပေးပြီး တြူးနစ်အဝင် မက်ဂျာဒါချိုင့်ဝှမ်း[2]နေရာတွင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။ နံနက်လင်းလာသောအခါ မဟာမိတ်လေတပ်ကပါ ဗုံးကြဲတိုက်ခိုက်ခဲ့၏။ ဤမျှကူပစ် ပစ်ခတ်ပေးမှုကြောင့် ခုခံမှုများ ခေါင်းမဖော်နိုင်စဉ် အမှတ် ၄ အိန္ဒိယတပ်မနှင့် အမှတ် ၄ ဗြိတိသျှတပ်မတို့က ဝင်ရောက်တိုက်ခိုက်လေသည်။ ခုခံသူများမှာ နေရာအကျယ်

၁။ General Horrocks

၂။ Medjerda Valley



ကြီးကို လူနည်းနည်းဖြင့် ယူထားရသည့်အပြင် ထုလည်းမရှိချေ။ ထို့နောက် ကျိုးပေါက်သွားသော ခံစစ်နေရာများမှ အမှတ် ၆ နှင့် အမှတ် ၇ သံချပ်ကာတပ်မများက တိုက်ခိုက်ကြ၏။ သို့သော် ဆက်လက်ခုခံနေသော ဂျာမန်တပ်ဖွဲ့ငယ်များ ရှင်းလင်းနေရင်း အချိန်ကုန်ခဲ့၏။ ညရောက်သောအခါ ခံစစ်ကြောင်းနေရာများမှ ရှေ့သို့ များစွာ ခရီးမပေါက်သေးဘဲ တြူးနစ်နှင့် ၁၅ မိုင် ဝေးသေး၏။

မဟာမိတ်လေတပ်နှင့် အမြောက်ဒဏ်ကြောင့် ဂျာမန်တပ်တော်တစ်ခုလုံးသည် နောက်တစ်နေ့နံနက်အထိ အပြင်းအထန် ချောက်ချားနေ၍ နည်းဗျူဟာအရ တန်ပြန်တိုက်ခိုက်မှုများ မပြုလုပ်ကြသေးချေ။ နေ့လယ်ပိုင်းတွင် ဗြိတိသျှသံချပ်ကာတပ်မြားဦးသည် တြူးနစ်သို့ ဝင်နိုင်ပြီဖြစ်၏။ ရန်သူတို့ အခြေပျက်သွားစေရန် အမှတ် ၆ သံချပ်ကာတပ်မက တောင်ဘက်သို့လည်းကောင်း၊ အမှတ် ၈ တပ်မက မြောက်ဘက်သို့လည်းကောင်း ချီတက်တိုက်ကြ၏။ တစ်ချိန်တည်းလိုမှာပင် အမေရိကန်နှင့် ပြင်သစ်တပ်များက ဘဇာတာသို့ ဝင်ရောက်ခဲ့လေသည်။ ရန်သူ၏ မြောက်ဘက်ခံစစ်ကြောင်းတစ်ခုလုံး ပြိုကွဲခဲ့ပြီ ဖြစ်လေသည်။

တောင်ဘက်တွင်မူ ရန်သူတို့သည် ကွပ်ဘွန်းကမ်းမြောင်ဒေသ[1]သို့ ဆုတ်ခွာလျှင် ဆက်လက်ခုခံနိုင်ကြဦးမည် ဖြစ်၏။ သို့သော် အမှတ် ၆ သံချပ်ကာတပ်မက လျင်မြန်စွာ ချီတက်နိုင်ခဲ့၍ ရန်သူနောက်သို့ရောက်ပြီး ကမ်းမြောင်ဒေသကို ဖြတ်၍ ချီတက်ခဲ့သဖြင့် ဂျာမန်တို့ နောက်ဆုတ်ခွင့်မရတော့ချေ။ ခံစစ်တစ်ခုလုံး ပြိုကွဲခဲ့ပြီ ဖြစ်လေသည်။ စစ်သုံ့ပန်း နှစ်သိန်းငါးသောင်းကျော် ဖမ်းမိခဲ့၏။

ရန်သူ့ဌာနချုပ်သည် ဟန်ချက်ပျက်သွားပြီး ကောင်းကင်မှ လေတပ်က ဖိအားပေး၍ ရန်သူနောက်ကျောမှ တင့်ကားနှင့် ထိုးဝင်ခဲ့သဖြင့် ရန်သူခံစစ်ယန္တရားကြီးတစ်ခုလုံး သုံးမရတော့ချေ။ ပြိုကွဲရခြင်း၏ အဓိကအကြောင်းမှာ အုပ်ချုပ်ကွပ်ကဲမှု အခြေပျက်သွားသောကြောင့် ဖြစ်လေသည်။ အရန်တပ်များ မရှိတော့သောကြောင့် လည်းကောင်း၊ ရိက္ခာလမ်းကြောင်းများ ပြတ်သွား၍ လည်းကောင်း ရန်သူတို့ စိတ်ဓာတ်ပျက်နေကြစဉ် ဆက်သွယ်ရေးလမ်းကြောင်းများပါ ဖျက်ဆီးခြင်းခံရ၍ အခြေအနေ ပိုဆိုးခဲ့ရ၏။

ဂျာမန်တို့ ရှုံးရခြင်း ဒုတိယအကြောင်းမှာ ကျိုးပေါက်သွားသော စစ်မျက်နှာနှင့် ၎င်းတို့ အခြေချစခန်းများ နီးကပ်စွာ တည်ရှိခြင်းဖြစ်၏။ အခြေချစခန်းများကို လျင်မြန်စွာ ဖောက်ထွင်းဝင်ရောက်ခြင်းသည် စိတ်ဓာတ်ကျဆင်းစေသည်သာမက အုပ်ချုပ်မှု ယန္တရားကိုပါ အခြေပျက်စေ၏။ စခန်းရှိသူများမှာ နေရာတကာမှာပင် ရှေ့တန်းစစ်သည်များထက် စိတ်ဓာတ်ကျလွယ်ပြီး ရန်သူက အခြေ

၁။ Cape Bon Peninsula

www.burmeseclassic.com

www.burmeseclassic.com



ချစခန်းများအထိ ရောက်လာသောအခါ အခြေချစခန်းတွင်းရှိသူများမှာ ချက်ချင်း ချောက်ချားကုန်ပြီး ကြောက်လန့်တုန်လှုပ်မှုသည် တစ်မုဟုတ်ချင်း ကူးစက်တော့၏။ အခြေချစခန်းများ ဆုံးရှုံးပြီဖြစ်၍ မိမိတို့သည် ပင်လယ်ကိုကျောပေးပြီး တိုက်နေကြရသည်ဟု မြင်လာကြကာ ပင်လယ်ကိုလည်း မဟာမိတ် ရေတပ်လေတပ်တို့က စိုးမိုးလျက်ရှိသဖြင့် ဂျာမန်များ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းကြရလေသည်။

အက်လီဇင်းဒါး၏ တိုက်ပွဲပုံစံမှာ (၁၉၁၄ ခုနှစ် မန်းတိုက်ပွဲလိုပင်) နပိုလီယံ၏ ဂန္ထဝင်တိုက်ပွဲပုံစံနှင့် တူနေသည်မှာ ထူးခြားလေ၏။ (တမင်တကာ နပိုလီယံ ပုံစံလိုလုပ်ခြင်းတော့ မဟုတ်ပေ)။ ယင်းတိုက်ပွဲပုံစံ၏ အဓိကထူးခြားချက်များမှာ ဤသို့ဖြစ်၏။ ရန်သူအား ရှေ့မှထိန်းထားပြီး ဖိအားပေးထားစဉ် သူ၏ တောင်ပံတစ်ဘက်ဘက်ကို ပန်း၍ စစ်ကစားချီတက်၏။ ယင်းသို့ ပန်း၍ တက်ခြင်းမှာ အဆုံးအဖြတ်ပေးနိုင်သည် မဟုတ်သေး။ သို့သော် အဆုံးအဖြတ်ပေးနိုင်သည့် ထိုးနက်ချက် ပြုလုပ်နိုင်ရန် အခွင့်အရေးဖော်ပေး၏။ အကြောင်းမူကား မိမိက ပန်းတက်စဉ် ရန်သူကလည်း အပန်းမခံရအောင် သူ့စစ်မျက်နှာကို ဆန့်ထုတ်ရ၏။ ထိုအခါ အင်အားနည်းသော အဆက်နေရာပေါ်လာပြီး **ယင်းအဆက်နေရာကို အင်အားနှင့် တိုက်နိုင်လျှင် အဆုံးအဖြတ်ပေးနိုင်သောအောင်ပွဲရတော့၏။**

ရန်သူဘက်တွင် ပွင့်နေသော တောင်ပံမရှိသော်လည်း အက်လီဇင်ဒါးသည် ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းနှင့် လိမ္မာပါးနပ်မှုကို ပေါင်းစပ်ခြင်းဖြင့် အထက်တွင် ဖော်ပြခဲ့သော တိုက်ပွဲပုံသဏ္ဌာန်ကို အတွင်းသဘော တိုးတက်မှု ဖြစ်ပေါ်စေခဲ့၏။ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည့်အတိုင်း အစတွင် ရန်သူ၏ဘယ်တောင်ပံတွင် အာရုံစိုက်၍ အင်အားစုစည်းအောင် အက်လီဇင်ဒါးက လုပ်ခဲ့လေသည်။ ထို့နောက် ရန်သူ၏ညာတောင်ပံနှင့် ညာဘက်အလယ်နေရာကို ဖိတိုက်၏။ ထို့နောက်မှ ရန်သူ၏ ဘယ်ဘက်အလယ်ကို တိုက်ပြန်၏။ ထိုနေရာတွင် ဖောက်ထွင်းတိုက်နိုင်ခြင်း မရှိသောအခါ ဘယ်ဘက်သို့ပြောင်း၍ တိုက်မည်ဟု ရန်သူအထင်ရောက်အောင် ပြုလုပ်ပြီးမှ ရန်သူ အလယ်နေရာ၏ ညာဘက်ကို တိုက်ခဲ့လေသည်။ ထို့နောက် ရန်သူ၏ ညာတောင်ပံနှင့် ညာဘက်အလယ်နေရာကို ဖိတိုက်၏။ ထို့နောက်မှ ရန်သူ၏ဘယ်ဘက်အလယ်ကို တိုက်ပြန်၏။ ထိုနေရာတွင် ဖောက်ထွင်းတိုက်နိုင်ခြင်း မရှိသောအခါ ဘယ်ဘက်သို့ ပြောင်း၍တိုက်မည်ဟု ရန်သူအထင်ရောက်အောင် ပြုလုပ်ပြီးမှ ရန်သူအလယ်နေရာ၏ ညာဘက်ကို တိုက်ခဲ့ခြင်းဖြစ်ပေသည်။ ထိုနေရာတွင် စောစောပိုင်းက ဂျာမန်တို့က တောင့်ခံထားနိုင်



သောကြောင့် မိမိတို့တွင် အင်အားလုံလောက်အောင် ရှိသည်ဟု ယူဆထားပြီးဖြစ်၏။ ရန်သူအား အမျိုးမျိုး အာရုံပြောင်းအောင် လုပ်နိုင်ခဲ့သဖြင့် မိမိ၏နောက်ဆုံးအင်အား စုစည်းမှုမှာ ပို၍ထိရောက်မှုရှိခဲ့၏။ တစ်ချိန်တည်းမှာပင် အခြေအနေပေးသည့် လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များကို အမြတ်ထုတ် အသုံးချနိုင်ခဲ့လေသည်။

အာဖရိကတိုက်ပွဲစဉ်နောက်ပိုင်းအဆင့်များကို အခြားတိုက်ပွဲစဉ်များထက် အသေးစိတ် လေ့လာရသည်မှာ ယခုတိုက်ပွဲစဉ်၌ စိတ်ဓာတ်ရေးရာနှင့် ရိက္ခာထောက်ပံ့ပို့ဆောင်ရေးပြဿနာများနှင့် ပတ်သက်၍ မှတ်သားဖွယ် အချက်အလက်အများအပြား ပါဝင်သောကြောင့် ဖြစ်ပေ၏။ အထူးသဖြင့် သွယ်ဝိုက်ချဉ်းကပ်မှု၏ သိမ်မွေ့နက်နဲမှုနှင့် အမျိုးမျိုးအဖုံဖုံသော နည်းများနှင့် လုပ်ဆောင်နိုင်ပုံကို လေ့လာရသည်မှာ တန်ဖိုးရှိလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

## ဟစ်တလာ ကျဆုံးခြင်း

စတာ်လင်ဂရက်တွင် အကြီးအကျယ်ဆုံးရှုံးခဲ့၍ ကော့ကေးဆပ်မှ ဆုတ်ခွာခဲ့ကြရပြီးနောက် ဂျာမန်များအတွက် ရုရှကို အဆုံးအဖြတ်ပေးနိုင်သောအောင်ပွဲရရန် မျှော်လင့်ချက်ရှိလှသည်မဟုတ်ချေ။ ၁၉၄၁-၁၉၄၂ ခုနှစ် အတွေ့အကြုံများက ကန့်သတ်ပစ္စည်း လူသူများနှင့် အကန့်အသတ်မရှိနေရာများကို တိုက်ခိုက်သည့် ထိုးစစ်မဟာဗျူဟာ မအောင်မြင်နိုင်သည်ကို တွေ့ခဲ့ပြီးဖြစ်၏။ ၁၉၄၃ ခုနှစ်တွင်မူ ဂျာမန်တို့က အင်အားနည်းလာပြီး ရုရှကမူ ပို၍အင်အားကြီးမားလာပြီဖြစ်လေသည်။ အင်အားနည်းသူ ဂျာမန်များအတွက် ထိုးစစ်မျှော်လင့်ချက်မရှိတော့သည့်နည်းတူ အင်အားနှင့် နံဆားကျယ်ပြန့်သည့် နေရာအချိုးအစားက မူသေခံစစ်အလွန်အန္တရာယ်ကြီးမားသည်ကို ပြသခဲ့ပေသည်။

ယင်းသို့အခြေအနေမျိုးတွင် ဂျာမန်တို့သည် ခံစစ်မဟာဗျူဟာကို ပြောင်းလဲကျင့်သုံးရမည်ဆိုပါက ခံစစ်ရှင်နည်းကို ပြုလုပ်နိုင်ရန် ၎င်းတို့အောင်နိုင်ပြီးနယ်မြေအမြောက်အမြားကို စွန့်လွှတ်ကြရမည် ဖြစ်လေသည်။ ခွာစစ်ဆင်ရင်းနယ်မြေကို လက်လွှတ်၍ ရန်သူထိုးစစ်အဖျားတုံးသွားအောင် ပြုလုပ်ရမည် ဖြစ်၏။ မိမိက တန်ပြန်ထိုးစစ်ဆင်နွှဲရန် အခွင့်ကောင်းကိုစောင့်ရင်း ခံစစ်-ထိုးစစ် မဟာဗျူဟာကို ကျင့်သုံးလိုလျှင်လည်း အလားတူပင် နယ်မြေကိုတော့ လက်လွှတ်ရမည်သာ ဖြစ်လေသည်။



၁၉၄၃ ခုနှစ်မှာပင် လှုပ်ရှားခံစစ်သို့ ပြောင်းလဲကျင့်သုံးရန် အခွင့်အလမ်းများ ရှိသည်ဟု ယုံကြည်နိုင်လောက်သော အကြောင်းများရှိပေ၏။ ခံစစ်ဆင်နွှဲလျှင် ဂျာမန်တို့သည် မိမိတို့ဘက်မှ အကျအဆုံး နည်းပါးစွာနှင့် ရုရှတပ်များအမြောက်အမြား ထိခိုက်ကျဆုံးအောင် လုပ်နိုင်သည်ကို အတွေ့အကြုံအရ သိခဲ့ရပြီးဖြစ်ပေသည်။ ရုရှတပ်မှူးများသည် စစ်ကစား၍တိုက်နည်းတွင် ပိုမိုကျွမ်းကျင်လာကြ၍ ကျယ်ပြန့်သော မြေအနေအထားကလည်း ယင်းသို့စစ်ကစားရန် အခွင့်အလမ်းများ ပေးခဲ့သည်မှန်သော်လည်း အခြားအခြေအနေများကြောင့် သူတို့သည် ပို၍အကျအဆုံးများသည့်နည်းများကို သုံးခဲ့ကြရ၏။

မိမိဇာတိစိတ်ကြောင့် ကျူးကျော်လာသူကို တိုက်ထုတ်လိုစိတ် ပြင်းပြကြသည့်အပြင် စတာလင့်အမြင်တွင် ၎င်းတို့စိတ်ဓာတ် နိုင်မာသည်ကိုလည်း ပြသချင်လွန်းနေသဖြင့် ရုရှတပ်မှူးများသည် တိုက်ခိုက်ထိုးနှက်ခြင်းများကို ထပ်ခါတလဲ လုပ်ခဲ့ကြ၏။ ဂျာမန်မဟာဗျူဟာသမားများ၏ တညီတညွတ်တည်းရှိသောအမြင်မှာ သေချာစွာ စနစ်တကျပြုလုပ်သော ခံစစ်ရှင်နည်းဖြင့် စစ်ဆင်ရလျှင် ရုရှားသည် တဖြည်းဖြည်း လုံးပါးပါးလာ၍ ဆက်လက် စစ်တိုက်ချင်စိတ်ပါရှိတော့မည်မဟုတ်ဟူ၍ ဖြစ်ပေသည်။ အခြေအနေကို အောက်ခြေကစ ပြုပြင်ပြောင်းလဲစေနိုင်မည့် ပြန်လည်ထိုးစစ်ဆင်ရန် အခွင့်ကောင်းပါ ဂျာမန်တို့က တွေ့ကောင်းတွေ့နိုင်မည် ဖြစ်၏။

သို့သော် ဟစ်တလာမှာ တိုက်ချင်ခိုက်ချင်စိတ် ပြင်းပြသူဖြစ်ရကား ထိုအကြံဉာဏ်များကို အလေးပေးစဉ်းစားခဲ့ခြင်းမရှိချေ။ ထိုးစစ်သည် အကောင်းဆုံးခံစစ်ဖြစ်သည်ဟု စွဲမြဲစွာယုံကြည်သူဖြစ်သည့်အပြင် ဒုတိယအကောင်းဆုံးနည်းမှာ ပုံသေကားချ ခံစစ်နည်းဖြစ်သည်ဟုလည်း ယုံကြည်နေသူ ဖြစ်လေသည်။ ယင်းသို့ ဟစ်ယူသန်ဖြစ်နေသဖြင့် မဟာမိတ်များက အင်အားကြီးမားစွာဖြင့် ဗုံးကြဲထိုးစစ်ဆင်လာ၍ ဂျာမနီကာကွယ်ရေးအတွက် တိုက်လေယာဉ်တိုးထုတ်လုပ်ရန် အစီအစဉ်ကိုပါ ဟစ်တလာက ဆက်တိုက် ပယ်ချခဲ့၏။ ၁၉၄၄ ခုနှစ် ဇွန်လကျမှ ယင်းအစီအစဉ်ကို ဟစ်တလာက လက်ခံခဲ့လေသည်။ ထိုနည်းအတိုင်းပင် ဂျာမန်တို့ အရန်တပ်နည်းလာသည်ကိုလည်းကောင်း၊ ရုရှဆောင်းတွင်း တိုက်ပွဲစဉ်အပြီး ဂျာမန်ရှေ့တန်းတပ်များ အနေအထားမှာ ပုံပန်းမကျဘဲ ကိုးရိုးကားရား ဖြစ်နေသည်ကို လည်းကောင်း၊ သူ့အကြံပေးသူများက တင်ပြကြပြီး ဒနီပါမြစ်အထိဆုတ်၍ခံစစ်ဆင်ရန် အကြံပေးကြသောအခါ ၁၉၄၃ ခုနှစ် နွေအခါတွင် ဆက်လက်ထိုးစစ်ပြုလုပ်ခြင်းဖြင့် ယင်းပြဿနာများ ပြေရှင်းသွားမည်ဟု ဟစ်တလာက ပြောဆိုခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မတ်လအတွင်း မင်ရှုတိုင်းက ခါးကော့တွင် တကယ့် သွယ်ဝိုက်ချဉ်းကပ်နည်းဖြင့် တန်ပြန်ထိုးစစ်ဆင်နွှဲခဲ့၍ စတာလင်ဂရက် တိုက်ပွဲအပြီး ရှေ့ဆက်လက်ချီတက်လာသော ရုရှတပ်များအား ဖရိုဖရဲဖြစ်သွားအောင် တိုက်ပြီးသောအခါ မင်ရှုတိုင်းကပင် ရုရှတပ်များအား အလားတူ ငါးစာဖြင့်မျှား၍ တိုက်ရန် ဟစ်တလာအား တင်ပြခဲ့သည်မှာ မှတ်သားလောက်ပေ၏။ ဒိုးနက်နှင့် အဇော့ပင်လယ်အကြား မီးယပ်မြစ်ကြောင်းတွင် ဂျာမန်ထိုးစစ်ကြောင်းဘက်မှ ထိုးထွက်နေသော အငူစွန်းကြီးတစ်ခု ရှိလေသည်။ ထို့ကြောင့် နွေဦးထိုးစစ်တွင် ရုရှားတို့က အဆိုပါ အငူစွန်းကို ရည်ရွယ်တိုက်ကြမည်မှာ သေချာသလောက် ဖြစ်၏။ ထို့ကြောင့် ထိုအငူစွန်းမှ တပ်များကို တဖြည်းဖြည်းပါးသွားအောင် ဆုတ်ခွာကြ၍ ရုရှတို့က ထိုးစစ်ဆင်လာသောအခါ ဂျာမန်တို့က အသာဆုတ်ပေးပြီးမှ ကီယက်ဒေသမှ ရုရှတပ်များ၏ မြောက်ဘက်တောင်ပံကို ဂျာမန်တို့က အင်အားစုစည်းတိုက်လျှင် ၎င်းတို့တောင်ပိုင်းတပ်အားလုံး နောက်သို့ဆုတ်ပေးရပြီး သုံ့ပန်းအများအပြားပင် ဖမ်းမိနိုင်မည်ဟု မင်ရှုတိုင်းက ဟစ်တလာအား တင်ပြခဲ့၏။

သို့သော် ၎င်းအစီအစဉ်မှာ အလွန်စွန့်စားလွန်းသည်ဟု ဟစ်တလာက ထင်မြင်သည့်အပြင် စက်မှုဒေသတစ်ခုဖြစ်ပြီး သတ္တုရိုင်းပေါများသော ဒိုနက်မြစ်ဝှမ်းကို ဟစ်တလာက လက်လွှတ်မခံလိုချေ။

ထို့ကြောင့် ရုရှတို့က နွေဦးထိုးစစ်မစတင်မီ ၎င်းတို့အား အာရုံပြောင်းသွားပြီး အခြေပျက်စေမည့် အခြားအကြံဉာဏ်ကို ဂျာမန်တို့က လုပ်ဆောင်ခဲ့ကြလေသည်။ ယင်းအကြံဉာဏ်မှာ ဘီယယ်ဂရော့နှင့် အိုရယ်အကြား ဂျာမန်တို့ဘက်သို့ ထိုးထွက်လျက်ရှိသည့် ကု(စ)အငူစွန်းကို တိုက်ခိုက်ရန် ဖြစ်လေသည်။ မင်ရှုတိုင်း၏ တောင်ပိုင်းတပ်တော်စု(ယခင် တပ်တော်စုဒေါန်း)မှ အမှတ် ၄ ပန်ဇာတပ်တော်က ညာဘက် ညှပ်ပူးညှပ်ပိတ်တပ် ဖြစ်ပေသည်။ ယင်းသို့တိုက်ရမည်ဆိုလျှင် ရုရှများ ပြန်လည်အင်အားမစုစည်းမိသေးခင်၊ ထို့ပြင် ရွှံ့များခြောက်စမေလတွင် တိုက်သင့်သည်ဟု မင်ရှုတိုင်းက ဆို၏။ သို့သော် အမှတ် ၉ တပ်တော်မှူး မိုဒယ်က တင့်ကားစစ်ကူများ ရောက်လာသည်အထိ စောင့်ဆိုင်းသင့်သည်ဟု တင်ပြခဲ့ပြီး ဟစ်တလာက ထိုးစစ်ရွှေ့ဆိုင်းရန်ကို သဘောတူခဲ့လေသည်။ ပထမ ဇွန်လသို့ ရွှေ့ဆိုင်းပြီး နောက်ပိုင်းတွင် ဇူလိုင်လ ၅ ရက်နေ့တွင် ထိုးစစ်ပြုလုပ်ရန် ရက်သတ်မှတ်လိုက်၏။ **အချိန်နှင့် အင်အားတို့** လွန်ဆွဲရခြင်းဖြစ်ပြီး ယင်းတို့နှစ်ခု မည်သို့ဆန့်ကျင်နိုင်သည်ဟူသည့် ကောင်းမွန်လှသည့် သာဓကတစ်ခု ဖြစ်ပေ၏။ **သင်ခန်းစာမှာ (စောင့်ဆိုင်းခြင်းဖြင့်) အင်အား ပိုမိုကြီးမားလာသော်လည်း တကယ် အရာရောက်ချင်မှရောက်မည်မည် ဖြစ်ပြီး အချိန်စောတိုက်လျှင် အနိုင်ရရန် ပို၍အခွင့်သာသည်ဟူ၍ ဖြစ်၏။**



အချိန်ကြာလာသည်နှင့်အမျှ အောင်မြင်ပါ့မလားဟု ဟစ်တလာသည် သံသယများဝင်လာသော်လည်း မဟာဗျူဟာ ဆုတ်ခွာခြင်းကိုလည်း မလုပ်လိုသဖြင့် (ဟော်လဒါကို ဆက်ခံသူ) ဇက်ဇလာ၏ စစ်ပြုရန်အကြံပေးချက်ကို ဟစ်တလာက စိတ်မပါတပါနှင့် စွန့်စားလက်ခံခဲ့၏။ ရုရှတို့က မတိုက်ခင် မိမိတို့က စတိုက်ခြင်းဖြင့် ရုရှတို့ အကြံပျက်အောင်လုပ်ရမည်ဟု ဇက်ဇလာက ယုံကြည်၏။

ယခုတစ်ကြိမ်တွင် ရုရှစစ်ဌာနချုပ်သည် ပို၍ လိမ္မာပါးနပ်စွာဖြင့် ဂျာမန်တို့ခြေကို မသိရမချင်း ထိုးစစ်မပြုလုပ်ခဲ့ချေ။ ဤနည်းဖြင့် ရှေးယခင်က နည်းဗျူဟာနယ်ပယ်များတွင်သာ အကျိုးများခဲ့သော ငါးစာဖြင့် မျှား၍တိုက်နည်းကို ရုရှတို့က တိုးချဲ့အသုံးပြုကြလေသည်။ ဂျာမန်တို့ ပြင်ဆင်နေကြသည်ကို သိရှိပြီး သူတို့ကြံရွယ်ချက်ကို မှန်ကန်စွာ မှန်းဆနိုင်သဖြင့် ရန်သူတို့ချီတက်မည့်လမ်းတွင် မိုင်းကွင်းများ ထူထပ်စွာချထားပြီး ရုရှတပ်အများစုကို နောက်သို့ဆုတ်ပေးထား၏။ အကျိုးကား ဂျာမန်တို့သည် ရုရှစစ်သုံ့ပန်း မဖမ်းနိုင်ရုံသာမက သူတို့ထိုးစစ်မှာ ညွန့်နစ်သလို ဖြစ်ရတော့၏။ ညာဘက် ညှပ်ပူးညှပ်ပိတ်တပ်များက အနည်းငယ် အောင်မြင်မှုရပါ၏။ ရန်သူခံစစ်ကြောင်းနှစ်ခုကို ထိုးဖောက်ဝင်နိုင်၍ ရန်သူ သံချပ်ကာတပ်ဖွဲ့အများစုကို ဖျက်ဆီးပစ်နိုင်ခဲ့၏။ ဘယ်ဘက် ညှပ်ပူးညှပ်ပိတ်တပ်များ (မိုဒယ်၏တပ်များ)မှာ အစကတည်းကပင် ရှေ့သို့မတက်နိုင်ကြချေ။

ဂျာမန်ထိုးစစ်မှာ မအောင်မြင်သည့်အပြင် သူတို့၏ခံစစ်နေရာများမှ ထွက်လာကြရပြီဖြစ်၍ အနေအထားမှာ ပို၍ ကိုးရိုးကားရား ဖြစ်နေကြပြီး ရုရှားတို့က ထိုးစစ်ဆင်လာသောအခါ ဂျာမန်များ အကျနာတော့၏။ အိုရယ်မြောက်ဘက်တွင် ဂျာမန်တပ်များ အခြေပျက်သွားပြီး ခဏ္ဍခဏမျှ အခက်ကြုံကြရလေသည်။ မင်ရှုတိုင်း၏ ထိုးစစ်ကို အရပ်ခိုင်းရပြီး သူ၏ပန်ဇာတပ်မများကို ကလု(ချ်)အား စစ်ကူပေးရန် စေလွှတ်ပေးခဲ့ရ၏။ ဤကဲ့သို့ မင်ရှုတိုင်းစစ်မျက်နှာတွင် အင်အားနည်းသွားစဉ် တစ်နေရာမှ ရုရှားများက ထိုးဖောက်တိုက်ခိုက်တော့၏။ ပထမကမ္ဘာစစ်အတွင်းက ပီတိန်းတိုက်ခိုက်ခဲ့သည့် ဒုတိယမန်းတိုက်ပွဲသဏ္ဍာန်မျိုး (ခံစစ်ရှင်ပုံသဏ္ဍာန်)ဖြစ်ပေသည်။ (မန်းတိုက်ပွဲမှာ ပထမကမ္ဘာစစ်တွင် အဆုံးအဖြတ်ပေးခဲ့သော တိုက်ပွဲဖြစ်၏။)

ဂျာမန်များကလည်း (၁၉၁၈ ခုနှစ် မန်းတိုက်ပွဲမှာကဲ့သို့ပင်) ရုရှတပ်များ အမြတ်ထုတ် စစ်မဆင်နိုင်အောင် ပြန်လည်စုစည်းခုခံကြ၏။ ရုရှားက တစ်ဖန် (၁၉၁၈ ခုနှစ်တွင် မဟာမိတ်များ တန်ပြန်ထိုးစစ်ဆင်နွှဲခဲ့ကြသည့်ပုံအတိုင်း) နေရာအနှံ့အပြားတွင် ထိုးစစ်များ ဆင်နွှဲခဲ့ကြ၏။ ရန်သူခုခံမှု ပြင်းထန်လာသည့် နေရာများတွင် ထိုးစစ်ကို ခေတ္တရပ်လိုက်ပြီး နောက်တစ်နေရာ၌ ထိုးစစ်လုပ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုးစစ်တစ်ခုနှင့် တစ်ခုမှာ မဝေးလှသဖြင့် တစ်ခုကတစ်ခုကို အပြန်အလှန် အကျိုးပြုနိုင်ပေသည်။ ၁၉၁၈ ခုနှစ်မှာကဲ့သို့ပင် ဂျာမန်စစ်ဌာနချုပ်သည် ရန်သူ ခြိမ်းခြောက်သောနေရာများသို့ မိမိတို့ကန့်သတ်ထားသော အရန်များကို ပို့ပေး ရ၏။ သို့သော် နောက်ထပ်ခြိမ်းခြောက်လာသော ထိုးစစ်များကို တုံ့ပြန်ရန် အချိန်မီအရန်များကို ပို့မပေးနိုင်သော အခြေအနေသို့ ရောက်ခဲ့ရပေသည်။ အကျိုး မှာ ဂျာမန်များမှာ လွတ်လပ်စွာလုပ်ကိုင်နိုင်ခြင်း မရှိတော့ဘဲ အရန်များလည်း တဖြည်းဖြည်း လုံးပါးပါးခဲ့ရ၏။ "တစ်စတစ်စ ရိုင့်လာသည့် မလှုပ်နိုင်မရှားနိုင် သွက်ချာပါဒရောဂါ"မျိုးပင် ဖြစ်တော့၏။

အထွေထွေအင်အားသာနေသော တပ်တော်အတွက် ဤနည်းမှာ သဘာဝ ကျသော နည်းပင်ဖြစ်၏။ (၁၉၁၈ ခုနှစ် အနောက်စစ်မျက်နှာ၌ မဟာမိတ်များ အရေးသာခဲ့သည့် ၁၉၄၃ ခုနှစ်တွင် တပ်နီတော်က ရန်သူများထက် အရေးသာ ခဲ့၏။) ဘေးတိုက်ဆက်သွယ်ရေးလမ်းကြောင်းများ[1] သိပ်မကောင်းဘဲ ထိုးစစ် ဆင်သူသည် အမြတ်ထုတ်စစ်ဆင်ရန် စစ်မျက်နှာ အကန့်တစ်ခု[2]မှ အခြားအကန့် တစ်ခုသို့ အရန်များ အလွယ်တကူ ပို့မပေးနိုင်သော အခြေအနေတွင် ဤစစ်ဆင် ရေးမျိုးနှင့် ပို၍သင့်လျော်၏။ တစ်ကြိမ်စီတွင် စစ်မျက်နှာအသစ်တစ်ခု ဖွင့်ရသည် ဖြစ်သောကြောင့် **ကျယ်ပြန့်သည့်နည်း**[3]သည် **နက်ရှိုင်းသည့်နည်း**[4]ထက် အကုန် အကျ၊ အကျအဆုံးများပြီး အလျင်အမြန် အဆုံးအဖြတ်ပေးနိုင်သည် မဟုတ်ချေ။ အင်အား များများသာသုံး၍ အရှိန်မပျက်စေဘဲ ဤစစ်ဆင်ရေးမျိုးလုပ်နိုင်လျှင်မူ အကျိုးများ ဆင့်ကဲဆင့်ကဲ ထပ်ပြီးရသည့် နှစ်ထပ်တိုးအကျိုးတရားမျိုး ဖြစ်ပေ၏။

၁၉၄၃ ခုနှစ် ဆောင်းဦးတွင်ကား ရုရှတို့ ချီတက်မှုမှာ (မိုင် ၁၀၀၀ မျှ) ကမ်းခြေကို လိမ့်တက်လာသော ဒီလှိုင်းနှင့်တူနေတော့၏။ စက်တင်ဘာလထဲ တွင် (ဒနိပါမြစ်ကွေ့ကြီးမှ ကီယက်(ဗ)အထိ) ဒနိပါမြစ်သို့ နေရာအသီးသီးမှ ရောက်ခဲ့ကြလေသည်။ ကော့ကေးဆပ် အနောက်ဘက်အစွန် ကြူဘန်[5]တွင် ၎င်းတို့ရရှိထားသော တံတားဦးကို ဂျာမန်တို့က စွန့်လွှတ်လိုက်ပြီး ထိုဒေသရှိ သော ဂျာမန်တပ်များကို ကရိုင်မီယာမှတစ်ဆင့် ပြန်လည်ဆုတ်ခွာခဲ့၏။ သူတို့၏ အဓိက စစ်မျက်နှာတောင်ပိုင်းဖြစ်သော ဒနိပါမြစ်ကွေ့နှင့် ပင်လယ်အကြားနေရာ ကို ပြန်လည်ဆုတ်ခွာလာသော တပ်များနှင့် အင်အားဖြည့်တင်းရန် ပြုလုပ်သော စီစဉ်ချက် ဖြစ်လေသည်။ သို့သော် နောက်ကျခဲ့ပြီဖြစ်၏။ ၎င်းတို့ စစ်ကူများ

၁။ Lateral Communications

၂။ Sector

၃။ Broad Method

၄။ Deep Method

၅။ Kuban



ရောက်မလာမီ ရုရှားတပ်များက ထိုစစ်မျက်နှာကို ဖောက်ထွင်းနိုင်ပြီး ဒနိပါမြစ် မြောက်ဘက်နားမှ ဖြတ်ခဲ့ပြီး ထိုနေရာတွင် သပ်ကြီးလျှိုသွင်းလိုက်သကဲ့သို့ဖြစ် သွားတော့၏။ ဂျာမန်တပ်များ ပြိုကွဲခဲ့ပြီဟု မဟာမိတ်များက ကြေညာခဲ့သော် လည်း ဂျာမန်များက အခြေအနေပိုဆိုးမသွားအောင် ထိန်းထားနိုင်ခဲ့၏။ သို့သော် ဂျာမန်တပ်များ၏ ယေဘုယျအနေအထားမှာ အကြီးအကျယ် အင်အားနည်းသွားပြီ ဖြစ်သေလည်း။

ဟစ်တလာက ဒနိပါမြစ်တောင်ပိုင်းကို ဆက်လက်ထိန်းထားရခြင်းမှာ နီကိုပို(လ်)[1]ဒေသကို လက်မလွှတ်ချင်သောကြောင့် ဖြစ်လေသည်။ ထိုဒေသမှ ဂျာမန်လက်နက်ထုတ်လုပ်ရေးတွင် အရေးပါသော မက်ဂနိ(စ)သတ္တုရိုင်းထွက် သောကြောင့်ဖြစ်၏။ စီးပွားရေးလိုအပ်ချက်သည် မဟာဗျူဟာနှင့် ဆန့်ကျင်နေပြီး လွန်ဆွဲကြရတော့၏။ ဂျာမန်တို့ခံစစ်မှာ ဤမျှဆန့်ထုတ်ထားရပြီး တစ်ချိန်လုံး ရန်သူ့ထိုးစစ်ဒဏ်ကို အလူးအလဲခံနေကြရသည်ဖြစ်ရာ တစ်နေရာရာမှာ ဒေသန္တရ ပြိုကွဲမှုဖြစ်လျှင် ခံစစ်တစ်ခုလုံး ပြိုကွဲမည့်အန္တရာယ် ပို၍ ကြီးမားလာခဲ့လေသည်။

ဟစ်တလာ၏အမိန့်ကြောင့် ဂျာမန်တို့သည် နေရာတစ်ခုကို အကြောက် အကန် ခုခံရတိုင်း နောက်ဆုံးတွင် ပြိုကွဲခဲ့ရသည်သာဖြစ်သည်။ **ခံစစ်ဆင်သူက အင်အားနည်းလေ လှုပ်ရှားခံစစ်ဆင်နိုင်ရန် ပို၍အရေးကြီးလေဖြစ်၏**။ ယင်းသို့ မဟုတ်ပါက အင်အားပိုကောင်းသောရန်သူက နေရာကျယ်ပြန့်ခြင်းကို အခွင့် ကောင်းယူပြီး နံဘေးမှ ပန်းတိုက်ခြင်းဖြင့် အဆုံးအဖြတ်ပေးသည့် အရေးသာမှု ရသွားမည် ဖြစ်လေသည်။

အောက်တိုဘာလ စောစောပိုင်းတွင် ရုရှတပ်များသည် ကီယက်(ဗ) မြောက်ဘက်နှင့် တောင်ဘက်တွင် ဒနိပါမြစ်ဖြတ်ကူးရန် တံတားဦးနှစ်ခု ရခဲ့ ကြလေသည်။ မြောက်ဘက်မှ တံတားဦးကို တဖြည်းဖြည်း ချဲ့ထွင်ခဲ့ပြီးနောက် ဟစ်လကြာသောအခါ ထိုးစစ်စတင်ရန် နေရာအဖြစ် အသုံးပြုခဲ့၏။ ကီယက်(ဗ) ကို သိမ်းပိုက်ပြီး အနောက်ဘက်သို့ လျင်မြန်စွာ အမြတ်ထုတ် စစ်ဆင်ခဲ့လေသည်။ ဟစ်ပတ်မရှိခင်မှာပင် ဗိုလ်ချုပ်ကြီး ဗာကြူတင်[2]၏ တပ်များသည် ဒနိပါမြစ်မှ မိုင် ၈၀ ဝေးသည့် ဇီတိုမာနှင့် ကိုရိုစတင် လမ်းဆုံများ[3]သို့ ရောက်ခဲ့ကြ၏။

မင်ရှုတိုင်းသည် သူ့တွင် အရန်တပ်များ မရှိတော့သော်လည်း ရင်ဆိုင်ရ မည့် အခက်အခဲများမှ အဖတ်ဆယ်နိုင်အောင် ကြိုးစားခဲ့၏။ မင်ရှုတိုင်းက

၁။ Nikopol

၂။ General Vatutin

၃။ Junction of Zhitomar and Korosten

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်တပ်များကို လျင်မြန်စွာ ဆုတ်ခွာနိုင်ခဲ့မှုကြောင့် ရုရှတပ်များအား နံဘေးမှ တန်ပြန်ထိုးစစ်ဆင်နိုင်သည့် အခွင့်အရေးတစ်ရပ် ရခဲ့ကြ၏။ ယင်းသို့ နံဘေးမှ တန်ပြန်ထိုးစစ်ဆင်နိုင်ရန် လူငယ်ဗိုလ်ချုပ်ကြီးများအနက် အရဲဝံ့ အစွန့်စားဆုံး ဖြစ်သည့် ဗိုလ်ချုပ်ကြီး မင်ကျူဖယ်[၁]က ရှိစုမဲ့စု သံချပ်ကာတပ်များကို စုဆောင်းခဲ့၏။ ဂျာမန်ထိုးစစ်အင်အား မကြီးမားလှသော်လည်း ရုရှတပ်များမှာ အလွန်အမင်း ရှည်လျားနေပြီဖြစ်၍လည်းကောင်း၊ ထိုးစစ်က သွယ်ဝိုက်ပြုလုပ်ခြင်းဖြစ်၍လည်းကောင်း ရုရှားတပ်များအား သူတို့ရောက်နေသော အချက်အချာနေရာနှစ်ခုမှ မောင်းထုတ်နိုင်ခဲ့လေသည်။

အနောက်ပိုင်းမှ စစ်ကူများ ထပ်ရောက်လာသောအခါ မင်ရှတိုင်းက ပိုမိုကြီးကျယ်သည့် ထိုးစစ်ဖြင့် တိုက်ခိုက်ရန် ကြံရွယ်ခဲ့သေး၏။ သို့သော် အချိန်မရသည့်အပြင် ဗာကြူတင်၏တပ်များကလည်း ပြန်၍ဖွဲ့စည်းပြီး ဖြစ်လေသည်။ မင်ရှတိုင်းနံဘေးမှ ပန်းချီတက် ခြိမ်းခြောက်မှုကြောင့် ရုရှတပ်များ နောက်သို့ ပြန်ဆုတ်ရ၍ ဒနီပါမြစ်အနောက်ဘက် သူတို့ရထားသော နယ်မြေအချို့ကို လက်လွှတ်ခဲ့ရသော်လည်း ဂျာမန်တန်ပြန်ထိုးစစ်မှာ စင်စစ် အပေါ်ယံမြင်ရသလောက် အင်အားကောင်းခဲ့သည်မဟုတ်ချေ။ ဒီဇင်ဘာလ စောစောပိုင်းတွင် ပင် ရွံ့နွံများအတွင်း အဖျားရှူးသွားခဲ့ပြီဖြစ်၏။ ထို့ပြင် မိမိရရှိသောစစ်ကူများကို တန်ပြန်ထိုးစစ်တွင် အသုံးပြုခဲ့သဖြင့် ရုရှတို့၏ နောက်ထိုးစစ်များကို မင်ရှတိုင်းက တုံ့ပြန်နိုင်ခြင်း မရှိချေ။ ဟစ်တလာကလည်း နောက်သို့ တော်တော်ဝေးဝေး ဆုတ်ခွာပေးရန် မင်ရှတိုင်းတင်ပြချက်ကို ပယ်ချခဲ့ပြန်၏။

ခရစ်စမတ်မတိုင်မီတစ်ရက်တွင် ဗာကြူတင်သည် မိမိ ကီယက်(ဖ)အင်္ဂမှ စတင် ထိုးစစ်ဆင်ပြန်၏။ (ကီယက်(ဖ)အင်္ဂမှာ ဂျာမန်တန်ပြန်ထိုးစစ်ကြောင့် ကျုံ့သွားသော်လည်း အတော်ကြီးသေး၏။)

နံနက်နှင်းထုကို အကာအကွယ်ယူ၍ ရုရှတို့က စတင်တိုက်ခိုက်ကြရာ တစ်ပတ်အတွင်း ဇီတိုမာနှင့် ကိုရိုစတင်ကို ပြန်ရခဲ့၏။ ဇန်နဝါရီလ ၄ ရက်နေ့တွင် စစ်မဖြစ်မီက ပိုလန်နယ်ခြားကို ဖြတ်ကျော်နိုင်လေသည်။ ဘယ်ဘက်မှ ထိုးစစ်သည် ဗင်နစ်ဆာ[၂]အနီး ဘဂ်မြစ်ကို ရောက်ခဲ့ပြီး အိုဒက်ဆာ–ဝါဆော မီးရထားလမ်းကို ခြိမ်းခြောက်နိုင်ခဲ့၏။ ထိုနေရာတွင် မင်ရှတိုင်းက တန်ပြန်တိုက်ခိုက်သေးသော်လည်း အကျိုးမထူးခဲ့ချေ။ ကီယက်(ဖ)အောက်ဘက် ဒနီပါမြစ်

၁။ Manteuffel
၂။ Vinnitsa



ကြောင်းကို ကာကွယ်ထားရမည်ဟု ဟစ်တလာက အမိန့်ထုတ်ခဲ့သောကြောင့် ရုရှများကသာ အကျိုးရှိခဲ့လေသည်။ ဗာကြူတင်နှင့် အခြားတောင်ပံဘက်မှ ကိုနီ(ဖ)[၁]တို့သည် ကိုဆွန်းအင်္ဂ[၂]ကို နှစ်ဖက်ဝန်းရံတိုက်ခိုက်ကြပြီး ရန်သူတပ်မ ၁၀ ခုကို ဝန်းရံထားကြ၏။ ဟစ်တလာက နောက်မဆုတ်ရ အမိန့်ထုတ်ထားသော်လည်း အချို့ဂျာမန်တပ်များက ဖောက်ထွက်ခဲ့ကြလေသည်။

ဂျာမန်စစ်ကြောင်းတွင် ကွက်လပ်ဖြစ်သွား၍ ရုရှတို့က ရှေ့ဆက်လက်ချီတက်ရာတွင် ပိုမိုလွယ်ကူသွားလေသည်။ ယူကရိန်းမှ အခြားတပ်တော်များကလည်း တစ်လှည့်စီ ချီတက်လိုက်၊ တိုက်ခိုက်လိုက် လုပ်နိုင်ကြပြီဖြစ်၏။ မြောက်ဘက်တွင် ဂျာမန်တို့သည် လက်နှင့် ရော့နို[၃]ကို လက်လွှတ်ရ၍ တောင်ဘက်စစ်မျက်နှာ နီကိုပို(လ်)အင်္ဂကို (မင်္ဂနီ(စ)သတ္တုရိုင်းများနှင့်တကွ) ရုရှားတို့ ပြန်ရခဲ့လေပြီ။

ဗာကြူတင်ဖျားနာသဖြင့် စစ်သူကြီး ဇူးကော့[၄]က ရုရှတပ်တော်များကို ဦးစီး၍ မတ်လ ၄ ရက်နေ့တွင် နောက်ထပ် ထိုးစစ်ဆင်နွှဲခဲ့၏။ ရှပက်တော့ကား[၅]မှ စတင်တိုက်ခိုက်ကြရာ ပထမ ၂၄ နာရီအတွင်း မိုင် ၃၀ ပေါက်ခဲ့၍ နောက် ၂ ရက်အတွင်း အိုဒက်ဆာ–ဝါဆော မီးရထားလမ်းသို့ ဆိုက်ရောက်ခဲ့လေသည်။ သို့ဖြင့် ဂျာမန်တို့၏ ဘဂ်မြစ်ကြောင်းခံစစ်နေရာများကို ရုရှတို့က နံဘေးမှပန်းထားပြီး ဖြစ်နေ၏။ ပင်လယ်နက်အနီးတွင် မာလင်နော့စကီး[၆]သည် ရှေ့သို့တက်ခဲ့ရာ နီကိုလယက်[၇]သို့ ရောက်ခဲ့၏။ ကိုနီ(ဖ)ကမူ အူမန်[၈]မှ စတိုက်ပြီး မတ်လ ၁၂ ရက်တွင် ဘဂ်သို့လည်းကောင်း၊ ၁၈ ရက်တွင် ဒနီ(စ)တာသို့လည်းကောင်း ရောက်ပြီး နောက်တစ်နေ့၌ ဒနီစတာမြစ်ကို ဖြတ်ကူးခဲ့လေသည်။ ဤကဲ့သို့ ကျယ်ပြန့်လှသည့် မြစ်ကြီးများကို လျင်မြန်စွာ ဖြတ်ကူးနိုင်ခြင်းမှာ စစ်သမိုင်းတွင် အသွင်လက္ခဏာသစ်တစ်ရပ် ဖြစ်၏။ ဇူးကော့ဖ်တပ်များသည် ကာပေသီယံ တောင်ခြေအထိရောက်လေပြီ။

ရုရှတို့ ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေနှင့် ဂျာမန်တို့က ဟန်ဂေရီကို သိမ်းပိုက်လိုက်၏။ ကာပေသီယံတောင်တန်းများကို ထိန်းထားနိုင်ရန် ဤကဲ့သို့ ဟန်ဂေရီပြည်ကို ဂျာမန်တို့က သိမ်းပိုက်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းတောင်တန်းများကို ထိန်းထားခြင်းဖြင့် ဥရောပအလယ်ပိုင်းလွင်ပြင်များသို့ လာရာလမ်း

၁။ Koniev
၂။ Korsun Salient
၃။ Luck And Rovno
၄။ Marsnal Zhukov
၅။ Shepetovka
၆။ Malinovsky
၇။ Nikolayev
၈။ Uman

www.burmeseclassic.com

www.burmeseclassic.com



ကို ပိတ်ထားနိုင်မည့်အပြင် ဘော်လကန်ဒေသ ကာကွယ်ရေးအတွက်ပါ အခြေ မလှုပ်နိုင်နေရာအဖြစ် အသုံးပြုနိုင်မည်ဖြစ်၏။

ကာပေသီယံတောင်တန်းများမှာ တောင်ဘက်တွင် ထရန်(စ)ဗေးနီးယား တောင်များနှင့် တစ်ဆက်တည်းဖြစ်ပြီး သဘာဝအလျောက် အလွန်တောင့်တင်း နိုင်မာသော ခံစစ်ကြောင်းများ ဖြစ်ကြ၏။ မဟာဗျူဟာအမြင်နှင့်မူ ယင်းတောင် တန်းများမှာ ရှည်လျားလွန်းသည်ဟု မထင်ရချေ။ တောင်ကြားလမ်းအနည်းငယ် သာ ရှိသဖြင့် တပ်အနည်းငယ်ကိုသာသုံး၍ ခုခံနိုင်သဖြင့် တပ်များ ခြိုးခြံချွေတာ ရာလည်း ကျ၏။ ပင်လယ်နက်နှင့် ဖော့(စ)ကာနီ[၁] တောင်တန်းများအကြားတွင် မိုင် ၁၂၀ ကျယ်သည့် မြေပြန့်နေရာရှိသော်လည်း ထိုနေရာအရှေ့ပိုင်းမှာ ဒန်းမြစ် မြစ်ဝကျွန်းပေါ်နေရာနှင့် ရေကန်များရှိနေသဖြင့် အန္တရာယ်အရှိဆုံး နေရာမှာ အနောက်ဘက်မြေပြန့်ဖြစ်သည့် မိုင် ၆၀ ကျယ်သော ဂလတ်(စ)ကွက်လပ်[၂] နေရာ ဖြစ်ချေသည်။

ဧပြီလစောစောပိုင်းတွင် ဂျာမန်တို့သည် ယင်းနေရာများအထိ ဆုတ်ပေး တော့မည်ဟု ထင်ခဲ့ရ၏။ ကိုနီ(ဗ)၏တပ်များသည် ပရု(သ)[၃]မှ ရူမေးနီးယား နိုင်ငံအတွင်း ဝင်ခဲ့ကြပြီး တောင်ဘက်ပိုင်းတွင်မူ ဂျာမန်များသည် အိုဒက်ဆာမှ ဆုတ်ပေးရပြီဖြစ်၏။ ဝန်းရံထိုးစစ်နှစ်ခုဖြင့် ကရိုင်မီယာကို ရုရှားတို့က ပြန်သိမ်း ပိုက်နိုင်ပြီး နေရာတွင် ကျန်နေသော ဂျာမန်တပ်များကို ချေမှုန်းနိုင်ခဲ့လေသည်။ သို့သော် ဂျာမန်များက ရုရှတပ်များ ပရု(သ)မှ ကျော်၍ ရူမေးနီးယားနိုင်ငံအတွင်း နက်ရှိုင်းစွာ ဝင်မလာစေရန် တားထားနိုင်သေးသဖြင့် ရေနံတွင်းများကို ခေတ္တမျှ ကာကွယ်ထားနိုင်သေး၏။ ယင်းသို့ လုပ်ဆောင်နိုင်ခြင်းကပင်လျှင် ဂျာမန်တို့ အတွက် နောက် ၅ လကြာသောအခါ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်ခဲ့ရ၏။ အကြောင်းမူကား ယင်းသို့ ရုရှများကို တားထားနိုင်သည်ကို ဟစ်တလာက အားတက်လာပြီး ဂျာမန်တပ်များအား တောင်တန်းခံစစ်နေရာများနှင့် ဂလတ်(စ) ကွက်လပ် အရှေ့ဘက်နေရာများမှ ဆက်လက်ခံစစ်ဆင်ရန် အမိန့်ပေးခဲ့သော ကြောင့် ဖြစ်လေသည်။

မြောက်ပိုင်းတွင်လည်း တာနိုပိုလ် အနောက်တောင်ဘက်တွင် ဖူးကော့က ကာပေသီယံတောင်ကြားလမ်းများကို ဖြတ်ကျော်ရန် ကြိုးစားခြင်းကို ဂျာမန်တို့က တားထားနိုင်ကြ၏။ ဂျာမန် တန်ပြန်ထိုးစစ်များမှာ အရာမရောက်ခဲ့ချေ။

၁။ Foscani
၂။ Galatz Gap
၃။ Pruth



ဘော်(လ)တစ်ပင်လယ်ကမ်းခြေတွင် ရုရှတို့က ထိုးစစ်ဆင်နွှဲ၍ လီနင် ဂရက်ကို (ဂျာမန်များ ဝန်းရံထားရာမှ) ပြန်သိမ်းနိုင်ပြီး အနောက်ဘက်သို့ အမြတ် ထုတ် စစ်ဆင်ခဲ့၏။ ဂျာမန်များက စနစ်တကျ ဆုတ်ခွာနိုင်ခဲ့၍ ပို၍တိုပြီး ပိုပြီး ဖြောင့်တန်းသော နာဗာ–ပါ(စ)ကော့[၁] ခံစစ်ကြောင်းသို့ ဆုတ်ခွာ၍ ခုခံခဲ့ ကြလေသည်။ ထိုခံစစ်ကြောင်းမှာ မိုင် ၁၂၀ သာရှည်ပြီး မိုင် ၉၀ မှာ ရေကန် ကြီးနှစ်ခုက နေရာယူထား၏။ ပါ(စ)ကော့နှင့် ပရိပက် ရွှံ့နွံများအကြား ရန်သူ ခံစစ်ကြောင်းမှာ ဗိုက်တဘစ်နှင့် အော်ရှာ[၂] မြို့များကို အခြေခံထား၏။ ရုရှတို့ က စက်တင်ဘာလအတွင်း ယင်းမြို့များကို တိုက်ခိုက်ကြသော်လည်း ရှေ့တည့် တည့်မှ တိုက်ခြင်းနှင့် နံဘေးမှ ပန်းတိုက်ခြင်း နှစ်မျိုးစလုံးကို ဂျာမန်တို့က ခံထားနိုင်ကြ၏။ ၁၉၄၄ ခု ဇူလိုင်လအထိ ယင်းနေရာမှ ဂျာမန်တို့က ကြံ့ကြံ့ ခံထားနိုင်ခဲ့လေသည်။

ထို့ကြောင့် ဧပြီလကုန်လောက်တွင် ခြုံကြည့်ပါက ရုရှစစ်မျက်နှာသည် တည်ငြိမ်မှုရှိနေပြီဖြစ်၏။ အထူးသဖြင့် တောင်ဘက်တွင် တပ်နီတော်သည် နယ်မြေအများအပြား ပြန်ရခဲ့၏။ သို့သော် ဂျာမန်တပ်များသည် မကြာခဏပင် ရုရှတို့ ညှပ်ပူးညှပ်ပိတ် ဝန်းရံတိုက်ခြင်းများကို ရှောင်၍ လွတ်မြောက်ခဲ့ကြလေ သည်။ မြေနေရာ ပြန်ရသည်နှင့်စာလျှင် ဂျာမန်သုံ့ပန်းဖမ်းမိသည်များမှာ နည်း၏။ သို့သော် ဂျာမန်များသည် ရေရှည်စစ်ကြောင့် လုံးပါးပါးလာရပြီး တဖြည်းဖြည်း မှ၍ ခံလာရသည့် ဆိုးကျိုးများက နောက်ဆုံးတွင် ပို၍ဆိုးရွားသည့် ကံကြမ္မာသို့ တွန်း၍ပို့တော့၏။

ဟစ်တလာသည် အမှန်တရား၊ တကယ်ဖြစ်ပျက်နေသည်တို့နှင့် တဖြည်း ဖြည်း ပို၍ဝေးကွာလာပြီး မင်ရှတိုင်းအား ဖြုတ်ပစ်ကာ စစ်ကစားခြင်းထက် တစ်ကိုက်စီ မြေနေရာကို ဖွဲ့ကောင်းကောင်းနှင့် ခုခံမှုက အရေးကြီးသည်ဟု ဆိုလာ၏။

အင်္ဂလိပ် အမေရိကန်တပ်များက ဥရောပတိုက်ကို တောင်ဘက်မှ ဝင်လိုက် ကြပြီး ၉ လအတွင်း ဂျာမန်တို့သည် အတော်ပင်ပန်းနေကြပြီဖြစ်လေသည်။ စစ်စလီကိုသိမ်းပိုက်နိုင်ကြပြီး အီတလီသည် ၁၉၄၂ ခု စက်တင်ဘာလ စောစော ပိုင်းတွင် လက်နက်ချခဲ့၏။ ဝင်ရိုးစွန်းနိုင်ငံများ၏ ဥရောပခံတပ်[၃] တောင်ဘက်နံရံ တွင် အပေါက်ကြီးဖြစ်သွားခဲ့၍ အီတလီသည် ကျွန်းဆွယ်တစ်ခုပုံသဏ္ဌာန် ဖြစ်၍ သာ ခံသာသေးသည် ဆိုနိုင်သော်လည်း ဂျာမန်များသည် ထိုအပေါက်ကိုပိတ်ရန်

၁။ Narva Pskov
၂။ Vitebesk and Orsha
၃။ Fortress Europe

www.burmeseclassic.com

www.burmeseclassic.com



တပ်များ ပို့ပေးခဲ့ရသဖြင့် အင်အားကို ခွဲ၍သုံးရတော့၏။ ဂျာမန်တို့သည် ဤကဲ့သို့ အီတလီသို့ တပ်များပို့ထားရသည့်အပြင် ဘော်လကန်သို့လည်း တပ်များစေလွှတ်ကာကွယ်ထားခဲ့ရလေသည်။

အီတလီကျဆုံးခြင်း၏ နောက်ဆိုးကျိုးတစ်ရပ်မှာ မဟာမိတ်လေယာဉ်များက ဂျာမနီကို ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ကြခြင်း ဖြစ်လေသည်။ **အမေရိကန်တပ်များမှာလည်း တဖြည်းဖြည်း ပို၍အင်အားကြီးမားလာခဲ့၏။**

ဂျာမန်စက်မှု သယံဇာတပစ္စည်းများ၊ စက်ရုံကြီးများကို ဗုံးကြဲတိုက်ခိုက်ခြင်းမှာ အင်္ဂမဟာဗျူဟာအဆင့်တွင် သွယ်ဝိုက်ချဉ်းကပ်ခြင်းဟု ဆိုရမည်ဖြစ်၏။ အကြောင်းမူကား ယင်းတိုက်ခိုက်မှုသည် ရန်သူ၏စစ်ပြုနိုင်မှုအင်အားကို ရည်ရွယ်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်လေသည်။ အကယ်၍ မဟာမိတ်တို့၏ ဗုံးကြဲတိုက်ခိုက်မှု မဟာဗျူဟာသည် ပိုမိုအမြင်ကျယ်စွာ ပြုလုပ်ထား၍ လူနေရပ်ကွက်များထက် **ထောက်ပံ့ရေးပစ္စည်းများ အခြေပျက်အောင် ရည်ရွယ်လုပ်ဆောင်လျှင် ဂျာမန်စု[illegible] ပိုမိုလျင်မြန်စွာ ကျဆုံးမည်ဖြစ်၏။** ဗုံးကြဲမဟာဗျူဟာ အတော်များများမှ[illegible]လမ်းလွဲခဲ့သည် ဖြစ်သော်လည်း တဖြည်းဖြည်းချင်း ရန်သူ မလှုပ်နိုင်မရှားနိုင်အောင် လုပ်ဆောင်နိုင်ခဲ့၏။ ထို့ပြင် ကြည်းကြောင်း စစ်ဆင်ရေးဘက်မှ ကြည့်လျှင် ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖျက်ဆီးထားခြင်းသည် မဟာမိတ်များ ချီတက်မှုကို ဂျာမန်တို့ တုံ့ပြန်ခြင်းမပြုနိုင်သည့် အရေးကြီးသော အကြောင်းတစ်ရပ် ဖြစ်ခဲ့လေသည်။

မဟာမိတ်များ ဇူလိုင်လအတွင်း စစ်စလီကျွန်း ကမ်းတက်တိုက်ခိုက်မှု အောင်မြင်ရခြင်းမှာ တြူနစ်ရှားတွင် ဝင်ရိုးစွန်းတပ်များကို လုံးဝသုံ့ပန်းအဖြစ် ဖမ်းဆီးနိုင်ခဲ့သောကြောင့် ဖြစ်၏။ စစ်စလီ ကာကွယ်ရေးအတွက် ချက်ချင်းစစ်ကူပို့နိုင်သောတပ်များကို မဟာမိတ်များက ဖမ်းထားနိုင်ခဲ့လေသည်။ ဤကဲ့သို့ တပ်အမြောက်အမြား လက်နက်ချခဲ့ခြင်းကြောင့် စစ်စလီရှိ အီတလီများ စိတ်ဓာတ်ပျက်ပြားခဲ့သည့်အပြင် အီတလီရှိ မူဆိုလိုနီ၏ အစိုးရကိုပါ အခြေမှ ကိုင်လှုပ်လိုက်သလို ဖြစ်ခဲ့ရ၏။

အီတလီသည် မကြာမီ လက်နက်ချမည် သို့မဟုတ် ပြိုကွဲတော့မည်ဟု ဂျာမနီက တွက်ထား၍ အီတလီသို့ စေလွှတ်မည့် ဂျာမန်တပ်များပါ အညွှန့်ခံရာ၌

---

၁။ Flexibility of Aim ဤအချက်ကို အသေအချာ လေ့လာသင့်ပါသည်။ သမားရိုးကျ စစ်ဥပဒေသကြီးများတွင် (မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတိုင်းလိုလိုမှာပင်) ရည်မှန်းချက်ကို ထိန်းသိမ်းထားမှု (Maintenance of Aim) မှာ အရေးကြီးလှသော စစ်ဥပဒေသကြီးတစ်ရပ် ဖြစ်၏။ (ဘာသာပြန်သူ)



ရောပါသွားမည်ကို စိုးရိမ်သဖြင့် ဂျာမနီက စစ်စလီသို့ပို့သော တပ်များသည် မလုံမလောက် ဖြစ်ခဲ့ရ၏။ ယင်းအချက်များကြောင့် မဟာမိတ်တပ်များ စစ်စလီကို တိုက်ခိုက်အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။ စင်စစ် မဟာမိတ်များ စစ်စလီကို တိုက်ရန် အကောင်းဆုံးအချိန်မှာ ဂျာမနီက တြူနစ်ရှားကို အာရုံစိုက်၍ တပ်များ၊ စစ်ကူများ တြူနစ်ရှားသို့ ပို့ပေးနေချိန်တွင်ဖြစ်၏။ ဤကဲ့သို့ အဘက်ဘက်မှ အခွင့်သာနေစေကာမူ စစ်စလီကိုတိုက်ရာ၌ လွယ်လွယ်ကူကူ ရခဲ့သည်မဟုတ်ပေ။ စစ်စလီ၌ ဂျာမန်များသည် အင်အားနည်းနေစေကာမူ ရန်သူက ဖြတ်တောက်၍ အထီးကျန်လုပ်ထားနိုင်သော နေရာမျိုးမဟုတ်ချေ။

သို့သော် မဟာမိတ်တပ်များသည် ကြည်းရေနှစ်သွယ် စစ်ဆင်နိုင်သည့်အပြင် တောင်ပိုင်း ဥရောပတစ်ခွင်လုံး ပရင်နီး(စ)မှ မက်စီဒိုးနီးယားအထိ ဂျာမန်တို့က စိုးမိုးထားခဲ့သောကြောင့် မဟာဗျူဟာအခြေအနေများလည်း ကျယ်ပြန့်လှသည်ဖြစ်သဖြင့် ရန်သူကို အာရုံပြောင်းအောင် လုပ်ဆောင်နိုင်ခဲ့၏။ မဟာဗျူဟာအရ မဟာမိတ်များက အရေးအသာဆုံးအချက်မှာ ပြောင်းလဲတိုက်နိုင်သော ရည်မှန်းချက်များမှ မိမိကြိုက်သည်ကို ရွေးချယ်တိုက်ခိုက်နိုင်ခြင်းပင် ဖြစ်၏။ ပြင်သစ်ပိုင် မြောက်အာဖရိကတွင် အင်အားစုစည်းနေခြင်းဖြင့် ဆာဒီနီးယားသို့မဟုတ် စစ်စလီ နှစ်ခုစလုံးကို အညီအမျှ ခြိမ်းခြောက်ထားနိုင်၏။ အကယ်၍ အီတလီအနောက်ဘက်ကမ်းခြေကို တိုက်ခိုက်ခဲ့လျှင် ထိုနေရာမှ အီတလီမြောက်ပိုင်း၊ စက်မှုဒေသများနှင့် ဂျာမနီစိုးမိုးထားသော ပြင်သစ်တောင်ပိုင်း နှစ်နေရာစလုံးကို တိုက်နိုင်မည် ဖြစ်၏။ ထို့အတူ အက်တရိက်လစ် ပင်လယ်ကမ်းခြေကို တိုက်ရပါက အီတလီမြောက်ပိုင်း သို့မဟုတ် ဘော်လကန်အနောက်ပိုင်း နှစ်ခုစလုံးကို ရည်မှန်းခြိမ်းခြောက်နိုင်၏။ အေဂျီယံပင်လယ်မှတိုက်လျှင် ဂျာမန်စိုးမိုးထားသည့် ဂရိ(စ)၊ ယူဂိုစလားဗီးယားသို့ လည်းကောင်း၊ ဘူလဂေးရီးယား၊ ရိုမေးနီးယားကို လည်းကောင်း ခြိမ်းခြောက်နိုင်မည် ဖြစ်လေသည်။

ဤကဲ့သို့ အဘက်ဘက်သို့လှည့်နိုင်သည့် မဟာဗျူဟာကို ကိုင်စွဲထားသည့်အပြင် လှည့်ဖြားမှုစီမံချက်များ ကောင်းမွန်သောကြောင့် ဝင်ရိုးစွန်း စစ်ဌာနချုပ်များတွင် စိတ်ဒွိဟဖြစ်ခဲ့ရကြောင်းကို နောက်ပိုင်းတွင် ကျွန်ုပ်တို့ သိရှိခဲ့ပေသည်။ စစ်စလီ ထိုးစစ်မတိုင်မီက ဆာဒီနီယားကို တိုက်မည်လော၊ ဂရိ(စ)ကို တိုက်မည်လောဟု ဝင်ရိုးစွန်း စစ်ဌာနချုပ်များ၌ စိတ်ဒွိဟ ဖြစ်ခဲ့ကြရပြီး အီတလီ အလယ်ပိုင်းနှင့် ပြင်သစ်တောင်ပိုင်းကိုပါ ထည့်၍တွက်ထားခဲ့ကြလေသည်။ မဟာမိတ်သင်္ဘောများ မြေထဲပင်လယ်အနှံ့အပြားတွင် တွေ့ရသည်ဟု လေကြောင်းထောက်လှမ်းရေးက သတင်းပို့ခဲ့သောကြောင့် ဂျာမန်–အီတလီ စစ်ဌာနချုပ်တို့ပို၍ ရှုပ်ထွေးသွားခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၁၀ ရက်နေ့၌ စစ်စလီ၌ တကယ်ကမ်းတက်တိုက်ခိုက်ခဲ့ကြသောအခါ မိုင် ၇၀ ကမ်းခြေ၌ နေရာအသီးသီးဖြန့်၍ ကမ်းတက်ခဲ့သောကြောင့် မဟာမိတ်များ အကျိုးရှိခဲ့လေသည်။ ၁၉၁၅ ခုနှစ်က ဂယ်လီပိုလီကမ်းခြေမှ (ဤမျှ မကျယ်ပြန့်စေကာမူ) ကျယ်ပြန့်စွာ ကမ်းတက်တိုက်ခိုက်ခဲ့သကဲ့သို့ မည်သည့်နေရာကို အဓိကရည်မှန်းတိုက်ခိုက်သည်ကို ရန်သူက မသိရှိဘဲ အရေးအကြီးဆုံးအချိန်၌ တုံ့ပြန်ရန် နှောင့်နှေးခဲ့လေသည်။ ယင်းသို့ ရန်သူ တွေဝေနေစဉ် အမှတ် ၈ တပ်တော်က အရှေ့ကမ်းခြေမှ လျင်မြန်စွာ ထိုးဖောက်ချီတက်ခဲ့ပြီး ရန်သူတို့ ဟန်ချက်ပျက်သွားအောင် တိုက်နိုင်ခဲ့၏။ စစ်စလီ အနောက်ဘက်ကမ်းခြေသည် အာဖရိကမြောက်ပိုင်း မဟာမိတ်အခြေချစခန်းများနှင့် ပိုနီးသည့်အပြင် ဆိပ်ကမ်းများ ပိုများပြားသောကြောင့် မဟာမိတ်များသည် အနောက်ဘက်ကမ်းခြေကို တက်တိုက်ခိုက်မည်ဟု ယူဆပြီး ထိုအန္တရာယ်ကို ကာကွယ်နိုင်ရန် ရန်သူက မိမိတို့တပ်များကို နေရာချထားခဲ့၏။ ထို့ကြောင့် မဟာမိတ်များက အရှေ့ဘက်ကမ်းခြေမှ တိုက်ခိုက်ကြသောအခါ ရန်သူတို့ အခက်ကြုံကြရလေသည်။ စစ်စလီကျွန်း၏ အရှေ့တောင်ထောင့်နေရာကို ရည်မှန်းတိုက်ခိုက်ခဲ့ခြင်းကြောင့် မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုအကျိုးကို မဟာမိတ်တို့ ခံစားခဲ့ကြရလေသည်။ ၄ ရက်အတွင်း မောင်ဂိုမာရီ၏တပ်များသည် အရှေ့ဘက်ကမ်းခြေမှ မိုင် ၄၀ တက်နိုင်ခဲ့ကြပြီး အလွန်အရေးကြီးလှသည့် မက်ဆီနာရေလက်ကြား[1] သို့ ခရီးတစ်ဝက်မျှ ပေါက်ခဲ့ကြ၏။ ကတာနီးယား[2] အဝင်ကျမှ ရန်သူတို့က ဟန့်တားနိုင်ခဲ့လေသည်။

ဗိုလ်ချုပ်ကြီး ပက်တန် ဦးစီးသည့် အမေရိကန်အမှတ် ၇ တပ်တော်သည် မောင်ဂိုမာရီ၏ ဘယ်ဘက်တွင် ခြေကုပ်နေရာရရှိပြီးနောက် အနောက်ဘက်သို့ ကွေ့ပြီးမှ မြောက်ဘက် (ပလာမိုးသို့) ချီတက်ခဲ့လေသည်။ မဟာမိတ်တပ်များ စစ်ဆင်မှုက ပလာမိုးနှင့် မက်ဆီးနား နှစ်နေရာစလုံးကို ခြိမ်းခြောက်နိုင်ခဲ့သဖြင့် ရန်သူတို့ ပို၍အခြေပျက်ခဲ့ကြရ၏။

အီတလီတို့ ခုခံမှုသည် စောစောစီးစီးပင် ပြိုကွဲခဲ့လေသည်။ ယင်းအကျိုးဆက်များကြောင့် မူဆိုလီနီအစိုးရပါ ပြုတ်ကျခဲ့လေသည်။

ယင်းသို့ အီတလီပြိုကွဲခဲ့ခြင်းကြောင့် စစ်စလီကာကွယ်ရေးတာဝန်သည် ဂျာမန်အမြဲတမ်းတပ်များအပေါ် ကျရောက်လာတော့၏။ ယင်းတပ်များမှာလည်း အမျိုးအစား မကောင်းလှဘဲ လူသစ်များနှင့် ဖွဲ့စည်းထားသည့် တပ်မနှစ်ခုသာ

၁။ Straits of Messina
၂။ Catania



ရှိလေသည်။ နောက်ပိုင်းကျမှ တပ်မတစ်ခု အင်အားဖြည့်တင်းပေးခဲ့၏။ မဟာမိတ်များက ရင်ပေါင်တန်းတစ်မ ၇ ခုနှင့် ကမ်းတက်ခဲ့ပြီးနောက်ပိုင်း ၁၂ ခုကျော်အထိ ရှိလာလေသည်။ ဂျာမန်များတွင် လေတပ်အကူလည်း မရှိချေ။ သို့စဉ်လျက် မဟာမိတ်များကို တစ်လကျော် ခုခံထားနိုင်ကြပြီး လေယာဉ်ပစ်အမြောက်များ အကာအကွယ်နှင့် မက်ဆီနားရေလက်ကြားကိုဖြတ်၍ အီတလီသို့ဆုတ်ခွာနိုင်ခဲ့ကြလေသည်။ ဂျာမန်များက ခေါင်းမာမာ တိုက်ခိုက်ခဲ့သည့်အပြင် မဟာမိတ်ချဉ်းကပ်မှုမှာ တိုက်ရိုက်ကျ၍ မြေအနေအထား အကူအညီကြောင့် ဤကဲ့သို့ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ကြခြင်းဖြစ်လေသည်။ ပလာမိုကိုသိမ်း၍ အနောက်ပိုင်းစစ်စလီကို ရှင်းလင်းပြီးသောအခါ ပက်တန်၏တပ်တော်သည် အရှေ့ဘက်သို့ ကွေ့၍ မက်ဆီနာသို့ ဦးတည်ချီတက်ခဲ့ကြ၏။ ယင်းအရှေ့မြောက်ပိုင်းမှာ တြိဂံပုံသဏ္ဌာန်ဖြစ်နေ၍ တောင်များ ထူထပ်ပေသည်။ မြေအခြေအနေက ခံစစ်ဆင်သူအား ကူညီသည့်အပြင် ကျွန်းထိပ်နေရာသို့ ဆုတ်ခွာကြရမည်ဖြစ်သောကြောင့် စစ်မျက်နှာမှာ တဖြည်းဖြည်း တိုသွား၏။ ထို့ကြောင့် နောက်တစ်လှမ်းဆုတ်လေ ခံစစ်ဆင်သူသည် တပ်ထု (ဒု)ကောင်းလေ ဖြစ်လာပေသည်။ တစ်ချိန်တည်းတွင် မဟာမိတ်များမှာ စစ်မျက်နှာကျဉ်းနေသဖြင့် မိမိတို့၏ များပြားလှသောတပ်များကို စစ်မကစားနိုင်ဘဲ ကျုံ့၍နေကြရ၏။ သွယ်ဝိုက်ချဉ်းကပ်နည်း မကျင့်သုံးခဲ့သောကြောင့် ပေးဆပ်ရသောတန်ဖိုး ဖြစ်လေသည်။ အခြားသင်ခန်းစာများကို နောက်တစ်ဆင့်တွင် တွေ့ကြရမည် ဖြစ်ပေသည်။

## အီတလီကို ကမ်းတက်တိုက်ခိုက်ခြင်း

စစ်စလီကိုအောင်နိုင်ခြင်းဖြင့် မဟာမိတ်တို့သည် ဥရောပတွင် ခြေကုပ်ရခဲ့ပြီဖြစ်ပြီး ယင်းကို အလွယ်တကူပင် နင်းခုံ[1] အဖြစ် ပြောင်းလဲအသုံးပြုနိုင်မည် ဖြစ်၏။ ယင်းကိုရလိုက်ခြင်းဖြင့် ဥရောပတိုက်မကြီးကို အနီးကပ်ခြိမ်းခြောက်နိုင်သည့်အပြင် ပိုမို အင်အားစုစည်း၍ ရန်သူနံဘေးဘက်မှ နေရာများစွာကို ခြိမ်းခြောက်နိုင်လေသည်။ ရွေးချယ်လုပ်ဆောင်နိုင်သော နည်းလမ်းများစွာရှိ၏။ အထင်ရှားဆုံး၊ တိုက်ရိုက်အကျဆုံးမှာ အီတလီအောက်ခြေမှစ၍ မြောက်ဘက်သို့ ဆက်တိုက်သွားရန် ဖြစ်လေသည်။ သို့မဟုတ် အနည်းငယ်ခုန်၍ အီတလီ ခြေသလုံးနေရာလောက်ကို တိုက်နိုင်၏။ သို့မဟုတ် ဆာဒီနီးယား သို့မဟုတ် အီတလီ ဖနောင့်နေရာကိုလည်း တိုက်နိုင်ပေသည်။ နောက်ဆုံးဖော်ပြထားသည့်

၁။ Spring Board

www.burmeseclassic.com

www.burmeseclassic.com



အီတလီ ဖနောင့်နေရာမှာ မဟာမိတ် တိုက်လေယာဉ် အကူအညီမပေးနိုင်သည့် နေရာဖြစ်သဖြင့် (ထိုစဉ်က တစ်ဦးအကြံပေးခဲ့သလို) ရန်သူက မမျှော်လင့်ဆုံး နေရာဖြစ်ပေ၏။ ယခုအချိန်အထိ မဟာမိတ်များ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများမှာ တိုက်လေယာဉ် ပျံသန်းအကူအညီပေးနိုင်သည့် အကွာအဝေးအတွင်းမှာ ဖြစ်သောကြောင့် ယင်းနေရာကျော်၍ ပစ်မှတ်ရွေးချယ်ပါက အငိုက်ရနိုင်မည် ဖြစ်၏။

အီတလီ ဖနောင့်နေရာကိုသာ ကမ်းတက်တိုက်ခိုက်မှုအောင်မြင်လျှင် ထိုနေရာမှ ရှေ့ဆက်၍ ယန္တရားတပ်များနှင့် စစ်ဆင်ရန် အကောင်းဆုံးနေရာ ဖြစ်လေသည်။ ထို့ပြင် ထိုနေရာမှ ဘော်(လ)ကန်ကိုလည်းကောင်း၊ အီတလီ အလယ်ပိုင်းကိုလည်းကောင်း ခြိမ်းခြောက်နိုင်သည်ဖြစ်သဖြင့် ဂျာမန်စစ်ဌာနချုပ် အတွက် အခက်ကြုံစေမည့်နေရာဖြစ်၏။ မဟာဗျူဟာအရလည်း အီတလီဖနောင့် နေရာမှာ ဂျာမန်တို့၏ အာချလီဖနောင့်[၁](အပျော့ဆုံးနေရာ) ဖြစ်နိုင်သောနေရာ ဖြစ်၏။ ယင်းသို့အောင်မြင်စွာ လုပ်ဆောင်နိုင်ပါက ဂျာမနီအား သေလမ်းပို့နိုင် တော့မည် ဖြစ်လေ၏။

သို့သော် မဟာမိတ်စစ်ဌာနချုပ်က သူတို့တိုက်လေယာဉ် အကာအကွယ် ပေးနိုင်သော နေရာမှာသာ အဓိကထိုးစစ်ပြုလုပ်ရန် ရွေးချယ်ခဲ့ကြလေသည်။ အီတလီဖနောင့်နေရာကိုမူ နောက်ဆုံးကျမှ ကမ်းတက်တိုက်ခိုက်မှုအသေးစား တစ်ခု ပြုလုပ်ရန် ရွေးချယ်ခဲ့၏။ အဓိကထိုးစစ်မှာ အီတလီခြေချောင်းများနေရာ တွင် အမှတ် ၈ တပ်တော်က ကမ်းတက်တိုက်ခိုက်မှု အသေးစားပြုလုပ်ပြီး နေပေါ့(စ) မြောက်ဘက်ဆလာနို[၂]နေရာတွင် အဓိကကမ်းတက်တပ်များက တိုက် ခိုက်ကြရန် ဖြစ်လေ၏။ အဓိကတပ်များမှာ ယင်းထိုးစစ်အတွက် အထူးဖွဲ့စည်း ထားသော အမေရိကန် ဗြိတိသျှရောရာ အမှတ် ၅ တပ်တော်ဖြစ်၏။ ဗိုလ်ချုပ် ကြီး မက်ကလက်[၃]က ဦးစီးရမည် ဖြစ်လေသည်။ မဟာဗျူဟာ တိုက်ရိုက်ချဉ်းကပ် မှုကြောင့်လည်းကောင်း၊ မဟာမိတ်ခေါင်းဆောင်များက အီတလီသည် "ခြွင်းချက် မရှိ လက်နက်ချရမည်"ဟု ကြေညာခဲ့၍ ၎င်းမဟာမိတ်တို့ ကမ်းတက်တိုက်ခိုက်မှု အလားအလာများသည် မှေးမှိန်ခဲ့ရလေသည်။ အီတလီခေါင်းဆောင် အများစုသည် ငြိမ်းချမ်းရေးကို အလွန်လိုလားနေကြပြီဖြစ်၏။ သို့သော် ဤမျှနှိမ့်ချရပြီး မည်သည့် အာမခံချက်မှမရှိသော ငြိမ်းချမ်းရေးကို တာဝန်ယူလုပ်လိုခြင်း မရှိကြချေ။ စစ်စလီ တွင် အကြီးအကျယ်ဆုံးရှုံးခဲ့ကြရပြီး အီတလီကျွန်းတစ်ခုလုံးပါ ရန်သူက တိုက်

၁။ Archilles' Heel
၂။ Salerno
၃။ General Mark Clark



တော့မည်ကို သိကြ၍သာ မူဆိုလီနီအား ဖြုတ်ချကြ၍ ငြိမ်းချမ်းရေးဆွေးနွေးရန် လက်ကမ်းခဲ့ကြခြင်း ဖြစ်လေသည်။ သို့သော် ယင်းသို့ဆွေးနွေးရန်ပင် အချိန် အလွန်ကြာခဲ့၏။ ယင်းသို့ တစ်လမျှ နှောင့်နှေးခဲ့ရသည်အတွင်း ဂျာမန်တို့က အရေးကြုံလျှင် တုံ့ပြန်ရန် စီမံချက်များ လုပ်ဆောင်နိုင်ခဲ့ကြလေသည်။

မက်ဆီနာရေလက်ကြားကို စက်တင်ဘာလ ၃ ရက်နေ့တွင် ဖြတ်ကူး ကြ၍ အီတလီခြေချောင်းနေရာများကို ကမ်းတက်မတိုက်မီ အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ခဲ့၏။ သို့သော် စင်စစ် ယင်းဗုံးကြဲတိုက်ခြင်းမှာ အပိုပင် ဖြစ်လေ သည်။ အနီးအနားတွင်ရှိသော တစ်ခုတည်းသော ဂျာမန်တပ်မသည် ဗုံးမကြဲမီ ရက်များစွာကပင် မြောက်ဘက်သို့ ဆုတ်ခွာသွားကြပြီး ဖြစ်၏။ မဟာမိတ်တပ် များ အတွင်းပိုင်းသို့ ရောက်ကြသည့်တိုင်အောင် ခုခံမှုများစွာ မတွေ့ခဲ့ရချေ။ သို့သော် မြေအနေအထား ခက်ခဲသည့်အပြင် မိမိတို့တပ်များက အထူးသတိထား ချီတက်ကြ၍ ချီတက်မှုနှုန်းမှာ နှေးကွေးခဲ့၏။ ထို့ကြောင့် အဆိုပါထိုးစစ်သည် ဆလာနိုမှ အဓိကထိုးစစ်ကို များစွာအကူအညီမပေးနိုင်ခဲ့ချေ။

စက်တင်ဘာလ ၉ ရက်တွင် ဆလာနိုကို ကမ်းတက်တိုက်ကြ၏။ ထိုရက် မတိုင်မီ တစ်နေ့တွင် အီတလီလက်နက်ချပြီဖြစ်ကြောင်း မဟာမိတ်ဌာနချုပ်က ကြေညာခဲ့လေသည်။ ဂျာမန်တပ်များ ဟန်ချက်ပျက်သွားအောင် မတတ်နိုင်ခဲ့ဘဲ ရန်သူက တန်ပြန်ပင် တိုက်ခိုက်ကြသေး၏။ ၆ ရက်နေ့အထိ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်၏။

ပြဿနာအခြေခံကို မက်ကလက်က နောက်ပိုင်းတွင် အောက်ပါအတိုင်း ပြန်လည်ပြောဆိုခဲ့လေသည်။

"နောက်ထပ် ကမ်းတက်တိုက်ကြဦးမယ်ဆိုတာကို ဂျာမန်တွေက သိပြီးဖြစ်ပါတယ်။ ပြီးတော့ တိုက်လေယာဉ် အကာအကွယ်ပေးနိုင်တဲ့ နေရာမှာ **တိုက်ကြမယ်**ဆိုတာကိုလဲ သူတို့သိပြီး ဖြစ်ပါတယ်။ အဲဒီအချိန် တုန်းက စစ်စလီက စစ်ဆင်ရေးစရင် အဝေးဆုံးတိုက်နိုင်တာက နေပေါ(စ်) နေရာတစ်ဝိုက်မှာပဲ။ **ဒီတော့** သူတို့တပ်တွေကို ဆလာနိုနေပေါ(စ်)နေရာ မှာ အင်အားစုစည်းထားကြတော့ ကျွန်တော်တို့တွေက သူတို့နဲ့ ထိပ်တိုက် တွေ့ကြရတော့တာပေါ့"

**အမည်း** ပြထားသော စကားလုံးများမှာ အရေးကြီးပါသည်။ အကြောင်းမှု ကား လက်ခံထားကြသည့် ကန့်သတ်ချက်များအတိုင်း မဟာမိတ်တို့ စီမံချက်များ

၁။ Narvik
၂။ 'Artist' of War

www.burmeseclassic.com

www.burmeseclassic.com

ရေးဆွဲကြမည်ဆိုသည်ကို ဂျာမန်တို့က ကြိုတင်တွက်ချက်နိုင်ကြ၍ အမြတ်ထုတ်ခဲ့သည်ကို ဖော်ပြသောကြောင့် ဖြစ်ပေ၏။ ရန်သူတို့ မျှော်လင့်အထားဆုံးနေရာမှ တိုက်ခိုက်ကြသောကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်သည်ကို အဖြစ်အပျက်များက သက်သေခံကြပြီး ဖြစ်ပါသည်။

ရန်သူမျှော်လင့်ထားသည့်နေရာတွင် တိုက်ခိုက်ကြခြင်းဖြင့် အကျအဆုံးများလှပြီး အချိန်လည်း ကုန်ရ၏။ အကြီးအကျယ် ဆုံးရှုံးရန် အနည်းငယ်သာ လိုတော့၏။ ဆလာနိုက ပေးခဲ့သော သင်ခန်းစာမှာ ဤသို့ဖြစ်၏။ **မိမိတိုက်နိုင်မည်ဟု ရန်သူက တွက်ထားပြီး ယင်းထိုးစစ်ကို တုံ့ပြန်ရန် အင်အားစုစည်းထားသည့်နေရာကို တိုက်ခြင်းလောက် တပ်တော်တစ်ခုအတွက် အန္တရာယ်ဖြစ်နိုင်သောအရာ မရှိတော့ချေ။** ယင်းသမိုင်းသင်ခန်းစာကို ဆာလနိုက ပိုမိုပေါ်လွင်အောင် မီးမောင်းထိုးပြခဲ့လေသည်။

ထိုအချိန်၌ အီတလီအလယ်ပိုင်းနှင့် တောင်ပိုင်းကို ကာကွယ်ရန် ဂျာမန်တပ်မှူးကြီး စစ်သူကြီး ကဆယ်ရင်းတွင် တပ်မ ၇ ခုသာ ရှိ၏။ ထိုတပ်များနှင့်ပင် ယခင်က မဟာမိတ်ဟောင်း အီတလီတပ်များကို လက်နက်သိမ်းပြီး ဆူပူမှုမရှိအောင် ထိန်းထားရသေး၏။

ဆလာနိုတွင် အကြီးအကျယ်ခုခံမှုနှင့် ရင်ဆိုင်ခဲ့ရသော်လည်း အီတလီဖနောင့်နေရာတွင် ကမ်းတက်တိုက်ခိုက်ခဲ့သော အသေးစားထိုးစစ်မှာ ခုခံမှုမတွေ့ခဲ့ရဘဲ ထရန်တိုနှင့် ဘရင်ဒီစီ[1] ဆိပ်ကမ်းမြို့နှစ်ခုကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့လေသည်။ ကမ်းခြေလမ်းများမှ အရေးကြီးသည့် မီးရထားလမ်းဆုံဖြစ်သော ဖောဂီယာ[2]နှင့် အနီးအနားရှိ လေယာဉ်ကွင်းများသို့လည်း ရောက်နိုင်၏။ ထိုအချိန်၌ ထရန်တိုနှင့် ဖောဂီယာအကြားတွင် အင်အားအပြည့်မရှိသည့် ဂျာမန်လေထီးတပ်မတစ်ခုသာ ရှိခဲ့လေသည်။

ကမ်းတက်တိုက်ခိုက်ရေးတပ်မှာ အမှတ် ၁ လေကြောင်းချီတပ်မဖြစ်၏။ ကမ်းတက်တိုက်ရန် "လေယာဉ်မှ အဆင်းခိုင်းထားရ၏။" တြိုနစ်ရှား အပန်းဖြေစခန်းများမှ ရဲဘော်များကို စုခေါ်လာ၍ အချိန်အနည်းငယ်သာ ကြိုတင်သတိပေးနိုင်ပြီး ရသမျှသင်္ဘောများနှင့် ပို့ပေးခဲ့ရခြင်း ဖြစ်လေသည်။ တင့်ကားတစ်စင်းမှမပါ။ အမြောက်ဆို၍ ဟောင်ဝစ်ဇာအမြောက်တစ်လက်သာပါပြီး ယာဉ်လည်းမပါသလောက်ဖြစ်၏။ တိုတိုဆိုရသော် အောင်မြင်မှုရပြီး အမြတ်ထုတ် စစ်ဆင်နိုင်အောင် လက်နက်တပ်ဆင်ပြီး လုံးဝမရှိချေ။

၁။ Taranto Brendisi
၂။ Foggia



နောက် ၂ ပတ်ရှိသောအခါ အရှေ့ဘက်ကမ်းခြေ ဘာရီ[1]တွင် သံချပ်ကာတပ်မဟာတစ်ခု အပါအဝင် တပ်အငယ်စားတစ်တပ်ကို ကမ်းတက်စေခဲ့၏။ ခုခံမှုမရှိဘဲ မြောက်ဘက်သို့ ချီတက်နိုင်ခဲ့ကြပြီး ဖောဂီယာကို သိမ်းပိုက်နိုင်ခဲ့လေသည်။ မိမိတို့နောက်ပိုင်း တောင်ပံကို အီတလီဖနောင့်နေရာမှ တက်ခဲ့သော မဟာမိတ်တပ်များက ခြိမ်းခြောက်လာမည့် အန္တရာယ်ရှိသဖြင့် နေပေါ(စ်)ကမ်းကို ခွဲ၍ အမှတ် ၅ တပ်တော်ကို ရင်ဆိုင်နေသည့် ဂျာမန်တပ်များသည် နောက်သို့ ဆုတ်ခွာပေးရတော့၏။

အောက်တိုဘာလ ၁ ရက်နေ့တွင် (ကမ်းတက်ကြပြီး ၃ ပတ်ကြာသောအခါ) မဟာမိတ်များ နေပေါ(စ်)ကို ဝင်ရောက်နိုင်ခဲ့၏။ သို့သော် ထိုအချိန်တွင် ဂျာမန်များသည် မိမိတို့ရင်ဆိုင်ရမည့် အန္တရာယ်ကို (မဟာမိတ်များ မျှော်မှန်းထားသည်ထက်) လျင်မြန်စွာ ရင်ဆိုင်နိုင်ရန် အီတလီတစ်နိုင်ငံလုံးကို ချုပ်ကိုင်ထားနိုင်ကြပြီ ဖြစ်လေသည်။ အီတလီတပ်များကို ဖြိုခွဲပစ်လိုက်ပြီး လက်နက်ချစဉ်က ကြေညာချက်အားလုံးကို ပယ်ဖျက်ခဲ့လေသည်။

ထိုအချိန်မှစ၍ မဟာမိတ်တပ်များ အီတလီကမ်းမြောင်တွင် ချီတက်တိုက်ခိုက်ပုံမှာ တွန်းကန်အားသန်သည့် စလင်ဒါအတွင်း စေးထိုင်းနေသည့် ပင်စတန်ရော့တန် သွင်းရသည့်ပုံမျိုးဖြစ်နေ၏။ မူလက ဂျာမန်များသည် မဟာမိတ်တပ်များအား ရောမမြို့တော် ဝင်ရာလမ်းမှ ခေတ္တခဏမျှသာ တားထားပြီး မြောက်ပိုင်းမှ စောင့်ကြိုတိုက်ရန် စီစဉ်ထား၏။ သို့သော် မဟာမိတ်တပ်များသည် ခက်ခဲလှသည့် မြေအနေအထားတွင် ကျဉ်းမြောင်းလှသည့် စစ်မျက်နှာ၌ ပြွတ်သိပ်နေကြပြီး ကုန်းရေနှစ်သွယ် စစ်ဆင်နိုင်သည့် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု မရှိတော့သည်ကို တွေ့ရသဖြင့် ကဆယ်ရင်းထံသို့ ဂျာမန်စစ်ကူများ ပို့ပေးခဲ့လေသည်။

အမှတ် ၅ တပ်တော်ချီတက်မှုသည် နေပေါလ်စ် အလွန် မိုင် ၂၀ တွင်ရှိသော ဗော်တူနိုမြစ်[2]တွင် တစ်ကြိမ်ဆက်မတက်နိုင် ဖြစ်ရပြီး ကဆီနိုရှေ့ ဂရစ်လီယာနို[3]တွင် ဂျာမန်များ ကြံ့ကြံ့ခံတော့၏။ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ထိုခံစစ်ကြောင်းကို အကြိမ်ကြိမ်တိုက်သော်လည်း ဖောက်ထွင်းနိုင်ခြင်းမရှိချေ။

ထိုအချိန်တွင် အရှေ့ဘက်ကမ်းခြေမှ တက်လာသော အမှတ် ၈ တပ်တော်သည် ဆန်ဂရိုမြစ်တွင် တစ်ကြိမ်ဆက်မတက်နိုင်ဘဲ ထိုမြစ်ကို ဖြတ်ကူးပြီးသောအခါ ရန်သူတို့က ပိတ်ခံနေသောကြောင့် ဆက်မတက်နိုင်တော့ချေ။ နှစ်ကုန်ခါနီး

၁။ Bari
၂။ Volturno River
၃။ Garigliano

www.burmeseclassic.com

www.burmeseclassic.com



သောအခါ (စစ်ဆင်ရေးစပြီး လေးလကြာသောအခါ) မဟာမိတ်များသည် ဆလာနိ မှ မိုင် ၇၀ သာ ရှေ့သို့ တက်နိုင်ခဲ့ကြ၏။ ထိုနေရာ တော်တော်များများကို စက်တင်ဘာလအတွင်း ရရှိခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ချီတက်နှုန်းမှာ အလွန် နှေးကွေးလှသဖြင့် တစ်လက်မချင်း တက်ကြသည်ဟု ခြုံ၍ခေါ်ဆိုနိုင်ပေသည်။ ချီတက်တိုက်ခိုက်မှုသည် တဖြည်းဖြည်းချင်း ကုပ်ကပ်တက်သည်ဟုသာ ဆိုနိုင်၏။

ရှည်လျားထွေပြားလှသည့် အတွေ့အကြုံများအနက် အဆိုပါနည်းဗျူဟာ မျိုး တစ်ခါတစ်ရံ အောင်မြင်ခဲ့သည်ကိုလည်း တွေ့ဖူးပါ၏။ သို့သော် များသော အားဖြင့် ဆုံးရှုံးခြင်းဖြင့်သာ အဆုံးသတ်ရသည်သာ ဖြစ်ပေသည်။ ယခုတိုက်ပွဲစဉ် မှာလည်း ခြွင်းချက်တစ်ရပ်မဟုတ်ပါ။ ဆိုခဲ့သည့်နည်းအတိုင်းပင် စိတ်ပျက်ဖွယ် နှင့်သာ ကြုံခဲ့ရလေသည်။ ထပ်ခါတလဲလဲ တွေ့ကြုံရသည့်ဥပဒေသမှာ **စစ်မျက်နှာ ကျဉ်းမြောင်းသည့်နေရာ၌ တိုက်ရိုက် ချဉ်းကပ်တိုက်ခိုက်ပါက အရှုံးနှင့်သာ ရင်ဆိုင်ရပေ၏။**

မိမိက အင်အားအဆပေါင်းများစွာ များနေသည့်တိုင် စစ်တစ်ရန်နေရာရှိမှသာ အောင်မြင်ရန် သေချာသည်ဟု ဆိုနိုင်၏။ စစ်မျက်နှာ ကျယ်မှသာ စစ်ကစား နိုင်မည် ဖြစ်ပေသည်။ အီတလီကမ်းမြောင်မှာ မိုင် ၁၀၀ မျှသာ ကျယ်ဝန်းပြီး နေရာများစွာတို့တွင် တောင်တန်းများ၊ တောင်စွယ်များနှင့် ပြည့်နှက်လျက် ရှိ လေသည်။ ဂျာမန်စစ်ဌာနချုပ်က အနားခံပြီး ခံစစ်ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထု(ဒု)ဖြင့် ခံစစ်ဆင်နိုင်ပြီး အီတလီကမ်းမြောင်အတိုင်း တက် ကြရသည့် မဟာမိတ်တပ်များသည် မဟာဗျူဟာ ခြေချုပ်ကျသည်နှင့် တူနေပေ သည်။

၁၉၄၄ ခုနှစ် စောစောပိုင်းတွင် မဟာမိတ်များသည် ရန်သူနောက်ဆွယ် ၌ ကမ်းတက်တိုက်ခိုက်မှု အသစ်တစ်ရပ် လုပ်ခဲ့ကြပြန်၏။ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရောမအရှေ့တောင်ဘက် ၂၅ မိုင်နေရာ အင်ဇီယို[၁] အနီးတွင် နံဘေး မှ ပန်းတက်ရန် တပ်တစ်တပ်က ကမ်းတက်တိုက်ခိုက်ကြလေသည်။ ထိုနေရာ၌ ဂျာမန်ခြေလျင်တပ်ရင်း ၂ ရင်းသာရှိပြီး မဟာမိတ်တပ်က တစ်ဟုန်ထိုးချီတက်ခဲ့ ပါက သိမ်းပိုက်နိုင်မည်ဖြစ်၏။ ရောမမြို့တော်ကိုပင်လျှင် သိမ်းနိုင်ကောင်း သိမ်း ပိုက်နိုင်ပေမည်။ သို့သော် မဟာမိတ်စီမံချက်များမှာ (ရန်သူက ကမ်းတက်တိုက် ခြင်းကို ချက်ချင်းတုံ့ပြန်မည်ဟု တွက်ထား၍) မိမိခြေကုပ်စခန်းကို အခြေခိုင် အောင် လုပ်ရန် စီစဉ်ထားပြီး တောင်ဘက်မှ တက်လာသည့် မိမိတပ်များက

၁။ Anzio

၂။ Alban Hills



ရှေ့တည့်တည့်မှ ရန်သူအားနည်းသွားသည်ကို အခွင့်ကောင်းယူ ရှေ့သို့ချီတက် တိုက်ခိုက်ရန် စီစဉ်ထားလေသည်။

အင်ဇီယိုအနီးတွင် ခုခံမှုမတွေ့ရသောအခါ အက်လီဇင်ဒါးသည် အတွင်း ပိုင်းသို့ လျင်မြန်စွာ ချီတက်တိုက်ခိုက်လို၏။ သို့သော် ကမ်းတက်တိုက်ခိုက်သော တပ်မှူးက အစိုးရိမ်လွန်ပြီး တစ်ပတ်ကျော်ကျော်အတွင်း ရှေ့သို့ချီတက်နိုင်ခြင်း မရှိခဲ့ချေ။ ကဆယ်ရင်းက ထိုနေရာသို့ အရန်များပို့ပေးရန် အချိန်ရခဲ့ပြီး ကဆီနို ဘက်မှ ချီတက်လာသော ရန်သူများကိုလည်း ခုခံတိုက်ခိုက်ခဲ့၏။ ဖေဖော်ဝါရီလ ၃ ရက်နေ့ (ကမ်းတက်ပြီး ၁၃ ရက်ကြာသောအခါ)တွင် ဂျာမန်တို့က အင်ဇီယို ကမ်းတပ်တပ်များအား တန်ပြန်ထိုးစစ်ဆင်နွှဲခဲ့လေသည်။ ယင်းထိုးစစ်ကို ဟန့် တား ခုခံနိုင်ခဲ့သော်လည်း မဟာမိတ်တပ်များသည် အင်ဇီယိုကမ်းခြေ၌ အခြေမခိုင် ဘဲ ထု(ဒု)မရှိသဖြင့် (ပထမကမ္ဘာစစ်က ဆလိုနီကား တံတားဦးကို ဂျာမန်များ ခေါ်ခဲ့သည့်အတိုင်း) မဟာမိတ်စစ်သည်များ အကျဉ်းစခန်းကြီးနှင့် တူနေပေသည်။ သို့သော် ၁၉၁၈ ခုနှစ်တွင် ဆလိုနီကားမှ ဖောက်ထွက်နိုင်သောအခါ ဂျာမနီ ကျဆုံးခြင်းကို ထိုစစ်ဆင်ရေးက အထောက်အကူပြုခဲ့သည်ကိုလည်း သတိချပ် ရာ၏။

မေလအတွင်း မဟာမိတ်တို့က အီတလီစစ်ဆင်ရေးကို အကြီးအကျယ် အင်အားဖြည့်တင်းတိုက်ပြန်၏။ ထိုစစ်ဆင်ရေးမှာ မဟာမိတ်တို့ စီမံချက်ကြီး ၏ တစ်စိတ်တစ်ဒေသသာ ဖြစ်ပေသည်။ အီတလီထိုးစစ်ဖြင့် မဟာမိတ်တို့၏ "မဟာစီမံကိန်းကြီး"[၁] ကို စတင်ဖွင့်လှစ်လိုက်ခြင်းဖြစ်၏။ ဂျာမနီကို အနိုင်တိုက် မည့် မဟာစီမံကိန်းကြီး ဖြစ်လေသည်။ နောက်တစ်လမပြည့်မီပင် အင်္ဂလန် တောင်ပိုင်းတွင် အင်အားစုစည်းထားသော မဟာမိတ်တပ်တော်များက ရေလက် ကြားကိုဖြတ်၍ ပြင်သစ်ကို ကမ်းတက်တိုက်ကြလေ၏။ ယင်းထိုးစစ်နှစ်ခုစလုံး မစမီ လေကြောင်းမှ ရန်သူတို့ ထောက်ပံ့ရေး ဆက်သွယ်ရေးလမ်းကြောင်းများကို ဖျက်ဆီး ဖြတ်တောက်ပစ်ရန် အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ခဲ့လေသည်။

ဗိုလ်ချုပ်ကြီး အက်လီဇင်ဒါး၏ စီမံချက်ပထမပိုင်းမှာ ယခင်ထိုးစစ်များ မအောင်မြင်ခဲ့သည့် ကဆီနိုကို တစ်ဖက်တစ်ချက်မှ တိုက်ရန် ဖြစ်လေသည်။ ပိုမိုယိရောက်မှုရှိစေရန် ဗိုလ်ချုပ်ကြီးလီ(စ်)[၂]၏ အမှတ် ၈ တပ်တော်ကို ဖြန့်လိုက် ၍ အက်(ဒ)ရိုက်တစ် ပင်လယ်ဘက်မှ အခြားတစ်ဖက်သို့ တပ်များရွှေ့ပြီး ဗိုလ်ချုပ်ကြီးကလက်၏ အမှတ် ၅ တပ်တော်နှင့် ပူးပေါင်း၍ ဂတ်စတပ်အဖ

၁။ 'Grand Design'

၂။ General Leese

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အနောက်ဘက်ကို ထိုးစစ်ဆင်ကြ၏။ မေလ ၁၁ ရက် ည ၁၁ နာရီ လမထွက်ခင် စတင်တိုက်ကြ၍ လီရီချိုင့်ဝှမ်းသို့ဝင်သည့် ခံစစ်ကြောင်းများအား အထောက်အကူပြုနေသော တောင်ပေါ်စခန်းများကို သိမ်းပိုက်နိုင်ရန် ရည်မှန်း တိုက်ကြခြင်း ဖြစ်လေသည်။

အရှေ့ဘက် တောင်ပေါ်စခန်းဖြစ်သည့် မွန်တီကိုင်ရို[1] အား ရက်ပေါင်း များစွာ ပြင်းပြင်းထန်ထန် တိုက်သော်လည်း မရခဲ့ချေ။ သို့သော် ကဆီနိုနှင့် ပင်လယ်အကြား ဂတ်စတပ်ခံစစ်ကြောင်းကိုမူ နေရာများစွာမှ သပ်လျှိုသလို ဖောက်ထွင်းနိုင်ခဲ့ကြလေသည်။ ဗိုလ်ချုပ်ကြီး ဂျူအမ်[2] အုပ်ချုပ်သည့် ပြင်သစ်ကိုလိုနီ တပ်မကြီးသည် တောင်ပေါ်တိုက်ပွဲတွင် ကျွမ်းကျင်သူများ ဖြစ်သဖြင့် ချီတက်ရန် ခက်ခဲလှသည့် အော်ရန်ချီတောင်များ[3] မှတက်၍ တိုက်ခိုက်ပြီး ရန်သူခံစစ်ကြောင်း ကို အနက်ရှိုင်းဆုံး ထိုးဝင်နိုင်ခဲ့လေသည်။ ရန်သူတို့ လုံးဝမမျှော်မှန်းသည့်လမ်းမှ ချီတက်တိုက်ခိုက်ကြခြင်း ဖြစ်၏။ မွန်တီမာဂျို[4] ကိုဖြတ်၍ လီရီချိုင့်ဝှမ်းများအပေါ် မှ တောင်တန်းများကို ၃ ရက်အတွင်းရောက်အောင် ချီတက်နိုင်ခဲ့ကြ၍ ဂတ်စတပ် ခံစစ်ကြောင်းမှ ရန်သူအား ခြိမ်းခြောက်နိုင်ခဲ့လေသည်။ ထိုစဉ် အမှတ် ၈ တပ်တော်မှ ဗြိတိသျှတပ်များက ချိုင့်ဝှမ်းမှ ကဆီနိုကို ပန်းတိုက်ရာ ကဆီနိုကို ၁၀ ရက်နေ့၌ ရရှိခဲ့၏။ အမေရိကန်တပ်များကလည်း ပင်လယ်ကမ်းခြေမှ ဆက် လက် ချီတက်နိုင်ခဲ့ကြလေသည်။

၂၇ ရက်နေ့တွင် အင်ဇီယိုမှ မဟာမိတ်တပ်များသည် တံတားဦးမှတိုက် သော တပ်များနှင့်အတူ တိုက်ခိုက်ကြ၏။ တံတားဦးမှ ဂျာမန်တပ်များကို တောင် ဘက်သို့ စစ်ကူပို့ရ၍ အင်အားနည်းသွားစဉ် မဟာမိတ်များက တိုက်ကြခြင်း ဖြစ်လေသည်။ ၃ ရက်ရှိသောအခါ မဟာမိတ်များဖိအားကို မခံနိုင်တော့ဘဲ ဂျာမန်များ စတင်ပြိုကွဲခဲ့၏။ မဟာမိတ်များက ဖောက်ထွက်နိုင်သည်နှင့် ဂျာမန် တို့တွင် အရန်တပ်များ မကျန်တော့ဘဲ ရန်သူကို တားဆီးနိုင်ခြင်း မရှိတော့ချေ။ မဟာမိတ်တပ်များက အယ်ဘန်တောင်များနှင့် တောင်ပိုင်းရှိ ရန်သူတို့ ဆက်သွယ် ရေး လမ်းကြောင်းများသို့ ရည်မှန်းချီတက်ခဲ့ကြလေသည်။

အင်ဇီယိုကမ်းတက်တိုက်ခြင်းနှင့် တစ်ပြိုင်တည်း အမှတ် ၈ တပ်တော်က ဂျာမန်တို့၏ နောက်ဆုံးခံစစ်ကြောင်းဖြစ်သော လီရီချိုင့်ဝှမ်းကို တိုက်ကြ၏။ ပထမနေ့တွင်ပင် ကနေဒါတပ်မကြီးက ခံစစ်ကြောင်းကို ဖေါက်နိုင်ပြီးနောက် တစ်နေ့တွင် ဂျာမန်များသည် အထွေထွေဆုတ်ခွာမှုကို စတင်ပြုလုပ်ကြလေသည်။

---

၁။ Monte Cairo
၂။ General Juin
၃။ Aurunci Mountains
၄။ Monte Marjo



အင်ဇီယိုမှ ခြိမ်းခြောက်လာပြီဖြစ်၍ ဂျာမန်တို့သည် ပို၍လျင်မြန်စွာ ဆုတ်ခွာ ကြလေ၏။ ရက်အနည်းငယ်အတွင်း ရောမမြို့တော်သို့ဝင်သည့် အမှတ် ၆ လမ်းမ ကြီး ပိတ်သွားပြီဖြစ်၍ ဂျာမန်များသည် အရှေ့မြောက်ဘက် တောင်ပေါ်လမ်းများမှ ဆက်လက်ဆုတ်ခွာခဲ့ကြရလေသည်။ မဟာမိတ်လေတပ်က ဆုတ်ခွာနေသော ဂျာမန်များကို တစ်လမ်းလုံး လေကြောင်းမှ လိုက်လံတိုက်ခိုက်ခဲ့၏။

ဂျာမန်တပ် အတော်အတန် လွတ်မြောက်သွားသော်လည်း ဂျာမန်များသည် ရောမမြို့တော်အား ကာကွယ်ထားရန် အခွင့်အရေး လက်လွှတ်ခဲ့ရလေသည်။ ဗိုလ်ချုပ်ကြီး အက်လီဇင်ဒါးက မိမိတပ်အများစုကို ဘယ်တောင်ပံသို့ပို့၍ ရန်သူ တပ်တော်အား တိုက်ခိုက်စေ၏။ တစ်ပတ် ပြင်းပြင်းထန်ထန် တိုက်ပြီးသောအခါ ရန်သူသည် အယ်ဘန်တောင်တန်းကို စတင်လက်လွှတ်ကြရလေသည်။ အယ်ဘန် တောင်တန်း ခံစစ်တည်းဟူသော မဟာဗျူဟာရေကာတာ ကျိုးသည်နှင့် မဟာမိတ် တပ်များသည် ဒီရေအလား မြေနိမ့်ပိုင်းကို လိမ့်ဝင်လာကြ၍ ရောမမြို့တော်အား ဇွန်လ ၅ ရက်နေ့စောစောတွင် သိမ်းပိုက်လိုက်ကြ၏။ လွန်ခဲ့သော ၉ လက အီတလီအစိုးရ လက်နက်ချစဉ်က လက်တစ်ကမ်းသာလိုတော့သော မြို့တော် ကြီးအား ယခုမှ သိမ်းပိုက်နိုင်ကြခြင်းဖြစ်လေသည်။

## ပြင်သစ်ပြည်ကို ဝင်ရောက်တိုက်ခိုက်ခြင်း

ရောမမြို့တော်ကို သိမ်းပိုက်ပြီး နောက်တစ်နေ့တွင် နော်မန်ဒီ၌ ကမ်း တက်တိုက်ခိုက်ခဲ့ကြလေသည်။ နော်မန်ဒီထိုးစစ်မှာ စစ်ကြီးတစ်ခုလုံး၏ သရုပ် အပေါ်ဆုံး၊ အဆုံးအဖြတ်အပေးနိုင်ဆုံး ထိုးစစ်ဖြစ်၏။ အင်္ဂလိပ်၊ အမေရိကန်တို့ အင်္ဂလန်ကို အခြေပြုပြီး ရေလက်ကြားဖြတ်၍ တိုက်ခိုက်မှုမှာ ရာသီဥတု ဆိုးရွား၍ ရက်ရွှေ့ဆိုင်းခဲ့ရသေး၏။ လေပြင်းထန်စွာ တိုက်နေဆဲမှာပင် ထိုးစစ်စတင်ခဲ့ခြင်း ဖြစ်လေသည်။ ရာသီဥတုကြောင့် ထိုးစစ်တစ်ခုလုံးကို အန္တရာယ်ပြုနိုင်သည်ကို သိရှိလျက် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါးက ထိုးစစ်စတင်ရန် ဆုံးဖြတ်ခဲ့ရာ ကကယ်ဖြစ်ပျက်လာသည်တို့က အိုက် မှန်ကန်ကြောင်း သက်သေထူခဲ့ပေ၏။ ရာသီဥတုဆိုးရွားစဉ် ထိုးစစ်စတင်ခဲ့၍ အငိုက်လည်း ရခဲ့ပေသည်။

ဇွန်လ ၆ ရက် နံနက်တွင် ကိန်းနှင့် ရှာဘိုးအကြား စိန်းပင်လယ်ကွေ့ အတွင်းတွင် မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်၏။ ၅ ရက်နေ့ ပရောင်ကိုအမှီပြု၍ တောင်ပံတစ်ဖက်တစ်ချက်စီ၌ အင်အားကောင်းသော လေထီး တပ်များကိုလည်း ချပေးခဲ့ပေသည်။

www.burmeseclassic.com

ကမ်းတက်ခြင်းမပြုမီ လေကြောင်းမှတိုက်ခိုက်မှုမှာ တစ်ခါမှ မကြုံဖူးအောင် ပြင်းထန်လှလေသည်။ အထူးသဖြင့် ရန်သူဆက်သွယ်ရေးလမ်းကြောင်းကို ဦးတည်တိုက်ခိုက်ခဲ့၍ ရန်သူအနေနှင့် တိုက်ပွဲနေရာသို့ စစ်ကူများ၊ အရန်တပ်များ မပို့နိုင်ရန် ရည်မှန်းခဲ့လေသည်။

အချက်များစွာက ကမ်းတက်တိုက်မည့်နေရာကိုညွှန်ပြနေကြသော်လည်း ဂျာမန်များသည် အငိုက်မိကြ၍ သူတို့အရန်တပ် အများအပြားမှာ စိန်းမြစ်အရှေ့ဘက်တွင် ရှိနေကြ၏။ ယင်းသို့ ဂျာမန်များ အငိုက်မိရသည်မှာ မဟာမိတ်များ လှည့်ဖြားရေးစီမံချက် ကောင်းသည့်အပြင် ဂျာမန်စစ်ဌာနချုပ်က မဟာမိတ်များသည် ရေလက်ကြားအကျဉ်းဆုံးနေရာမှ ဖြတ်၍တိုက်ကြမည်ဟု ကြိုတင်တွေးခေါ်ထားချက်ကြောင့် ဖြစ်ပေသည်။

မဟာမိတ်များသည် အများဆုံးလေကြောင်း အကူအညီကို ရယူလိုမှုကြောင့် အီတလီတိုက်ပွဲစဉ်တွင် ရည်မှန်းချက် တော်တော်နှင့်မရနိုင်ဘဲ နှောင့်နှေးခဲ့ကြရ၏။ ယခုတစ်ကြိမ်တွင်လည်း ထိုကဲ့သို့ပင် မဟာမိတ်များသည် လေကြောင်းမှ ကာကွယ်ပေးနိုင်မည့်နေရာကိုသာ ရွေးချယ်တိုက်ရမည်ဟု ဂျာမန်တို့က တွက်ခဲ့ကြလေသည်။ မမျှော်လင့်ဘဲ မဟာမိတ်တို့ရခဲ့သည့်အမြတ် ဖြစ်ပေ၏။ ဂျာမန်တို့ ယင်းသို့အတွက်မှားခဲ့သည့်အပြင် မဟာမိတ်လေတပ်က စိန်းမြစ်တံတားများကို ဖျက်ဆီးထားခဲ့နိုင်သောကြောင့် ဂျာမန်တို့အတွက် ပို၍ ကံဆိုးမိုးမှောင်ကျခဲ့ရတော့၏။

ကမ်းတက်တိုက်ခြင်းမပြုမီ အင်္ဂလန်တွင်ရှိသော မဟာမိတ်တပ်များ အနေအထားကိုကြည့်၍ (သူ၏စစ်ဦးစီးအဖွဲ့ တင်ပြသည်နှင့် ဆန့်ကျင်ပြီး) မဟာမိတ်များသည် နော်မန်ဒီတွင် ကမ်းတက်တိုက်မည်ဟု ဟစ်တလာက မတ်လအတွင်းတွင် တွေးဆခဲ့လေသည်။ မြောက်ဘက်ကမ်းခြေတပ်များကို ဦးစီးနေရသည့် ရော်မဲလ်ကလည်း အလားတူ ကောက်ချက်ချနိုင်ခဲ့၏။ သို့သော် အနောက်စစ်မျက်နှာ စစ်သေနာပတိ ရမ်းစတက်ကမူ မဟာမိတ်တပ်များသည် ရေလက်ကြား ပို၍ကျဉ်းမြောင်းသည့် ကာလိုင်းနှင့် ဒီပါအကြား[၁]တွင် ကမ်းတက်တိုက်ကြမည်ဟု ယူဆခဲ့လေသည်။ ရမ်းစတက်က ဤသို့ယူဆခဲ့သည်မှာ မဟာမိတ်များ ယခင်က အများဆုံးလေကြောင်းအကူအညီကို တွက်ချက်ခဲ့ကြသောကြောင့်သာမဟုတ်။ ကာလိုင်းနှင့် ဒီပါကြားနေရာမှာ မဟာမိတ်တို့ ရည်မှန်းချက်နှင့် အနီးဆုံးနေရာဖြစ်သောကြောင့် စာတွေ့သဘောအရ ကမ်းတက်တိုက်ရန် အသင့်လျော်ဆုံးနေရာဖြစ်သဖြင့် ထိုနေရာမှမဟာမိတ်များ တိုက်မည်ဟု ရမ်းစတက်က

၁။ Between Calais and Dieppe



တွက်ခဲ့ခြင်း ဖြစ်လေသည်။ စာအုပ်ကြီး မဟာဗျူဟာသမားများ တွက်ပုံမျိုးပင်ဖြစ်၏။ မဟာမိတ်များက ရန်သူမမျှော်မှန်းရာလမ်းကို ရွေးမည်ဟု မတွက်ခဲ့ခြင်းသည် လည်းကောင်း၊ ရန်သူအင်အားအကြီးဆုံးဖြင့် ကာကွယ်ထားသည့်လမ်းကို ရှောင်မည်ဟုပင် မတွက်ခဲ့ခြင်းသည်လည်းကောင်း ထူးခြားပေ၏။

မဟာမိတ်များ၏ စီမံချက်သည် ရန်သူ အကောင်းဆုံးခံစစ်ပြင်ဆင်ထားသည့်နေရာများကို ရှောင်ရှားရုံသာမဟုတ်သေးပါ။ နော်မန်ဒီကမ်းကို ရွေးချယ်ခဲ့ခြင်းဖြင့် မဟာမိတ်များသည် အရေးကြီးသော ဆိပ်ကမ်းမြို့ကြီးများဖြစ်သည့် ဟာဗားနှင့် ရှားဘိုး[၁] နှစ်မြို့စလုံးကို တစ်လှည့်စီ ခြိမ်းခြောက်နိုင်သော ချိတက်ရာ လမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်၏။ နောက်ဆုံးအခြေအနေအထိ မဟာမိတ်များ မည်သည့်မြို့ကို ရည်မှန်းတိုက်နေသည်ကို ဂျာမန်စစ်ဌာနချုပ်က မသိခဲ့ရ၍ အခက်ကြုံခဲ့ရ၏။ နောက်ဆုံးအခြေအနေတွင် ရှားဘိုးကို မဟာမိတ်များ ရည်မှန်းတိုက်နေသည်ကို သိရသောအခါ စိန်းမြစ်ကြီးမှာ ဂျာမန်တပ်များအကြား တံတိုင်းကြီး ခြားထားသည့်အလား ဖြစ်ရပြီး စစ်ကူများကို ဝေးလံသည့်ခရီးမှ ကွေ့၍ပို့ခဲ့ရလေသည်။

စစ်ကူပို့၍ခက်ရသည့်အပြင် မဟာမိတ်လေတပ်များကလည်း တစ်လမ်းလုံး နှောင့်ယှက်ခဲ့၏။ နောက်ဆုံးစစ်ကူများ တိုက်ပွဲနေရာသို့ ရောက်လာသောအခါတွင်လည်း ရှားဘိုးနှင့် အဝေးဆုံး ကိန်းအကန့်နေရာ[၂]သို့သာ ရောက်လာခဲ့ကြ၏။ ထိုနေရာ(ကိန်းနေရာ)မှ ဗြိတိသျှတပ်များသည် သူတို့အင်အားဖြင့် ရန်သူကို ခြိမ်းခြောက်နိုင်ရုံသာမက ရှားဘိုးကျွန်းဆွယ်တွင် အမေရိကန်တပ်များ တိုက်ခိုက်နေခြင်းကို ကာကွယ်ပေးသလို ဖြစ်ခဲ့ရလေသည်။ ယင်းကဲ့သို့ နှစ်နေရာကို ခြိမ်းခြောက်နိုင်ပြီး ပြောင်းလဲတိုက်နိုင်သော ရည်မှန်းချက်များ ထားနိုင်ခြင်းသည် ကမ်းတက်တိုက်ခိုက်ခြင်း အောင်မြင်အောင် အကြီးအကျယ် လွှမ်းမိုးနိုင်ခဲ့၏။

ကြီးကျယ်လှသည့် ရေတပ်ကြီးသည် ရေလက်ကြားကို အနှောင့်အယှက်မရှိ ဖြတ်သန်းနိုင်ပြီး ကမ်းခြေရည်မှန်းချက်များကိုလည်း မျှော်မှန်းထားသည်ထက် လွယ်ကူစွာ သိမ်းပိုက်နိုင်ကြ၏။ ဗိုင်ယာမြစ်ကွေ့[၃]အရှေ့ဘက် အမေရိကန် တယ်တောင်ပံ ကမ်းတက်သည့်နေရာမှာသာ အပြင်းအထန် ခုခံမှု တွေ့ခဲ့ရလေသည်။ အောင်မြင်မှုရခဲ့သည်မှာ စီမံချက် အလွန်ကောင်းပြီး လက်နက် အသစ်အထန်းများကြောင့် အများဆုံးဖြစ်၏။ သို့စဉ်လျက် အတွင်းပိုင်းသို့ နက်ရှိုင်းစွာ

၁။ Havre And Cherbourg
၂။ Caen Sector
၃။ Vire Estuary

www.burmeseclassic.com

www.burmeseclassic.com



ထိုးဝင်ရာ၌ အောင်မြင်မှုနှင့် စိတ်ပျက်ရမှု နှစ်ခုခြားနားချက်မှာ ထင်မြင်ရသည် ထက် ကျဉ်းမြောင်းလှပေ၏။ ဆိုလိုသည်မှာ အမှန်တကယ် နောက်ဆုံးတွင် အောင်မြင်ခဲ့သော်လည်း ဆုံးရှုံးရန်လည်း အနည်းငယ်သာ လိုတော့၏။

မဟာမိတ်တပ်များသည် ကိန်းနှင့် ရှားဘိုးအတွက် သောချက်နေရာများကို တိုက်၍မရခဲ့ချေ။ ကံကောင်းသည်မှာ စစ်မျက်နှာကျယ်ပြန့်လှသဖြင့် ဆုံးရှုံးရသော အခွင့်အလမ်းများအတွက် ပြန်၍အဖတ်ဆယ်နိုင်ကြ၏။ ဂျာမန်များက နံဘေးမှ သောချက်နေရာများတွင် အင်အားစုစည်းထားကြခြင်းကြောင့် ယင်းနှစ်နေရာ ကြား အလယ်နေရာတွင် အင်အားမကောင်းလှချေ။

အရိုမန်ချက်(စ)[1]နေရာအနီး ကမ်းတက်တိုက်ခြင်း အောင်မြင်မှုကို အမြတ် ထုတ် စစ်ဆင်၍ ဗြိတိသျှတို့သည် ဘေယွတ်[2]ကို ရခဲ့၏။ ရက်သတ္တပတ်ကုန်ဆုံး သောအခါ ဖောက်ထွင်းတိုက်ခိုက်ခဲ့သည့် နေရာကို ချဲ့ထွင်တိုက်ခိုက်ခဲ့သဖြင့် တံတားဦးမှာ မိုင် ၄၀ မျှကျယ်၍ အုန်းနှင့် ဗိုင်ယာ[3]အကြား ၅ မိုင်မှ ၁၂ မိုင် ထုရှိခဲ့၏။ ရှားဘိုးကျွန်းဆွယ် အရှေ့ဘက်တွင်လည်း တံတားဦးငယ်တစ်ခု ရခဲ့ပြီ ဖြစ်လေသည်။ ၁၂ ရက်နေ့တွင် ထိုတံတားဦးနှစ်ခု အလယ်တွင်ရှိသော သောချက် နေရာ ကရင်တန်ကို သိမ်းပိုက်နိုင်သောကြောင့် မဟာမိတ်တို့ တံတားဦးကြီး မှာ တစ်ဖက်တွင် အကျယ်မိုင် ၆၀ ရှိခဲ့၏။

အိုက်ဆင်ဟောင်ဝါး လက်အောက်တွင် စစ်မြေတပ်များကို ကွပ်ကဲသူမှာ မောင်ဂိုမာရီဖြစ်၏။ ယခုအခါတွင် ထိုးစစ်ဆင်မှုကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ပြီ ဖြစ်လေသည်။

ဒုတိယအပတ်ထဲတွင် အနောက်ဘက်တောင်ပံမှ တံတားဦးကို သိသိ သာသာ ချဲ့ထွင်နိုင်ခဲ့၏။ အမေရိကန်အမှတ် ၁ တပ်တော်က ရှားဘိုးကျွန်းဆွယ် ကို ခါးမှဖြတ်၍ ချီတက်ပြီး အရှေ့ဘက်မှ အမှတ် ၂ ဗြိတိသျှတပ်တော်က ကိန်းကို ဆက်တိုက်ကာ ဂျာမန်စစ်ကူများ၊ အထူးသဖြင့် ပန်ဇာတပ်မများကို မိမိတို့ စစ်မျက်နှာသို့ ဆွဲယူခဲ့နိုင်လေသည်။ မဟာဗျူဟာအမြင်နှင့် ကြည့်လျှင် ဗြိတိသျှတို့က အရှေ့ဘက်မှ စောစောဖောက်ထွက်နိုင်ရန် ခြိမ်းခြောက်ခြင်းမှာ သွယ်ဝိုက်ချဉ်းကပ်မှုပင်ဖြစ်၏။ အကြောင်းမှုကား မောင်ဂိုမာရီ၏ စီမံချက်အရ မဟာမိတ်တပ်များသည် တံတားဦးအနောက်ဘက်မှသာ ဖောက်ထွက်ကြရန်ဖြစ် လေသည်။

၁။ Arromanches
၂။ Bayeux
၃။ Orne and Vire



တတိယအပတ်ထဲတွင် အမေရိကန်တပ်များသည် ရှားဘိုးကျွန်းဆွယ်ကို ဖြတ်တောက်နိုင်ပြီဖြစ်ပြီး ကျွန်းဆွယ်ကို ကွေ့၍ ချီတက်ကာ ရှားဘိုးဆိပ်ကမ်း မြို့ကို နောက်မှပတ်၍ ဝင်ခဲ့ကြ၏။ ရှားဘိုးကို ဇွန်လ ၂ ရက်နေ့တွင် သိမ်းပိုက် နိုင်ခဲ့၏။ ဆိပ်ကမ်းကိုမူ ယာယီအသုံးပြုမရခဲ့ချေ။ ကိန်းဒေသတွင်မူ ဗြိတိသျှတို့ ထိုးစစ်များကို ဂျာမန်များက ၎င်းတို့၏ လိမ္မာပါးနပ်သည့် ခံစစ်နည်းဗျူဟာနှင့် တွန်းလှန်နိုင်ခဲ့၏။ မြေအနေအထားကလည်း ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် ခံစစ်ကို အထောက်အကူပြုခဲ့လေသည်။ သို့သော် ဤကဲ့သို့ ဗြိတိသျှတပ်များက ဆက်လက်ခြိမ်းခြောက်ထားနိုင်သောကြောင့် ဂျာမန်စစ်ဌာနချုပ်သည် မိမိတို့ အရန်တပ်များအား လွတ်လပ်စွာ အသုံးမပြုနိုင်ခဲ့ချေ။

ယင်းသို့ ဗြိတိသျှတပ်များက ဖိအားပေးနေစဉ် မဟာမိတ်များသည် အလွန်လျင်မြန်စွာ စစ်ကူများကို ရှေ့တန်းသို့ပို့ပေးနိုင်ခဲ့၏။ လူလုပ်ဆိပ်ကမ်း[1]များ ပြုလုပ်နိုင်ခဲ့သဖြင့် ရာသီဥတုကို ကြောက်မနေရတော့ဘဲ ရန်သူတွက်ကိန်းများ မှားယွင်းကုန်စေသဖြင့် အဒိုက်ပါရခဲ့ကြပေသည်။

## ရုရှတို့ ပိုလန်ပြည်တွင်းဝင်ခြင်း

ဖင်လန်စစ်မျက်နှာတွင် ပဏာမထိုးစစ် ပြုလုပ်ခဲ့ပြီး ဇွန်လ ၂၃ ရက်နေ့ ၌ ရုရှတို့က နွေကာလတိုက်ပွဲစဉ်ကို စတင်ခဲ့၏။ ဟစ်တလာက ရုရှကို ဝင်ရောက် တိုက်ခိုက်သည့် သုံးနှစ်မြောက် နှစ်ပတ်လည်နေ့ပြီး နောက်တစ်နေ့တွင် ဖြစ်လေ သည်။ ပရိပက်ရွှံ့နွံများ မြောက်ဘက် ရုရှားဖြူနယ်မြေ[2]တွင် ထိုးစစ် စတင်ခဲ့ ခြင်းဖြစ်၏။

ယင်းနယ်မြေမှာ ၁၉၄၄ ခုနှစ်အတွင်းက ဂျာမန်တို့က ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့သော နယ်မြေဖြစ်သဖြင့် ယခုတစ်ကြိမ်တွင် ရုရှတို့သည် ပို၍ တိုက်ရလွယ်ကူသည့် ပရိပက်ရွှံ့နွံများနှင့် ကာပေသီယံကြား နယ်မြေတွင် တိုက် ကြမည်ဟု ဂျာမန်တို့က တွက်ထားကြ၏။ ထို့ကြောင့် ရုရှဖြူနယ်မြေသို့ ဂျာမန် စစ်ကူ အနည်းငယ်သာ ပို့ပေးခဲ့ပြီး ရုရှတို့ရှေ့ဦးတွင် တိုက်မည်ထင်သည့် ပရိပက်နှင့် ကာပေသီယံကြားနယ်မြေသို့သာ စစ်ကူများစွာ ပို့ပေးထားခဲ့လေသည်။ ထို့ကြောင့် ခံစစ်ဆင်သူ ဂျာမန်များ ဟန်ချက်ပျက်ခဲ့ရလေသည်။

လက်ရှိစစ်မျက်နှာနောက် မိုင် ၉၀ အကွာ ဘယ်ရီဆီနာ[3]ခံစစ်ကြောင်း သို့ ဆုတ်ခွာပေးရန် ဒေသန္တရစစ်မြေမှူးများက အကြံပေးခဲ့သည်ကို ဟစ်တလာ

၁။ Artificial Harbour
၂။ White Russia
၃။ Berisina

www.burmeseclassic.com

www.burmeseclassic.com


က ပယ်ချခဲ့သောကြောင့် ဂျာမန်တို့အခြေအနေမှာ ပို၍ဆိုးခဲ့လေသည်။ အချိန်မီသာ ယင်းသို့ ဂျာမန်သို့ ဆုတ်ခွာပေးနိုင်ပါက ရုရှတို့ထိုးစစ်သည် လေထဲတိုက်သလိုဖြစ်ပြီး အခြေအနေတစ်မျိုး ဖြစ်သွားနိုင်၏။

ဂျာမန်ခံစစ်ကြောင်းကို ထိုးဖောက်မိသည်နှင့်တစ်ပြိုင်နက် ရုရှတို့ချီတက်မှုမှာ အံ့သြလောက်အောင် လျင်မြန်လှပေသည်။ ဘဂရာမြန်နှင့် ချန်ယာကော်စတီး[၁]တို့၏ တပ်တော်စုများက ထိုးဝင်တိုက်ခိုက်သဖြင့် ဗိုက်တဘစ်[၂]ကျပြီး အမှတ် ၃ ပန်ဇာတပ်တော်ရှေ့တွင် အပေါက်ကြီးဖြစ်သွား၏။ ထိုနေရာမှ ရုရှတို့သည် တောင်ဘက်သို့ မော်စကိုမင်(စ) လမ်းမကြီးကို ဖြတ်ပြီး အမှတ် ၄ ဂျာမန်တပ်တော် (တစ်ပယ်စကာ့ချ်) (အမှတ် ၄ ဂျာမန်တပ်တော်သည် မိမိစစ်မျက်နှာမှ သိပ်မဝေးသည့် ဒနိုပါခံစစ်ကြောင်းသို့ ဆုတ်ပေးလိုက်ခြင်းဖြင့် ရုရှထိုးစစ်ကို အကျိုးမရှိအောင် လုပ်ခဲ့သော တပ်တော်ဖြစ်၏။) နောက်သို့ ရောက်လာကြ၏။

ထိုအချိန်တွင် ရိုကိုဆော့(ဗ)စကီး[၃]၏ တပ်တော်စုကလည်း အခြားဂျာမန်တောင်ပံကို တိုက်လျက်ရှိ၏။ ပရိပက်ရွှံ့နွံများမြောက်ဘက်မှ ထိုးဝင်ခဲ့ပြီး မင့်(စ) နောက်မှ ဆက်သွယ်ရေးလမ်းကြောင်းများသို့ ရောက်သည်အထိ တစ်နေ့ မိုင် ၂၀ လောက်ပေါက်အောင် ချီတက်ခဲ့ကြပြီး မင့်(စ)ကို အထီးကျန်ဖြစ်စေ၍ ဇူလိုင်လ ၃ ရက်နေ့တွင် မြို့ကို သိမ်းပိုက်နိုင်ကြလေသည်။

ဤကဲ့သို့ သွယ်ဝိုက်၍ နေရာအနှံ့အပြားမှ ရုရှတို့က တိုက်ကြခြင်းကြောင့် ဂျာမန်ခံစစ် ပြိုကွဲရပြီး ရုရှတို့အနေနှင့် (ထိုအချိန်အထိ) ဂျာမန်စစ်သုံ့ပန်းအများဆုံးဖမ်းမိခဲ့၏။ ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ ရုရှတို့က ထိုနှုန်းအတိုင်းပင် ဆက်လက်ချီတက်ကြပြီး သုံ့ပန်းများ ဖမ်းမိခြင်းမှာမူ လျော့နည်းသွားခဲ့လေသည်။ ယင်းအချက်မှာ ထူးခြား၏။

ဟစ်တလာက နောက်မဆုတ်ရန် မဖြစ်တော့သည်ကို လက်ခံလိုက်သည်နှင့် တစ်ပြိုင်နက် ဂျာမန်တပ်များသည် ကျွမ်းကျင်စွာ ခွာစစ် ဆင်နွှဲနိုင်သောကြောင့် မိမိတို့တပ်များကို ရုရှထောင်ချောက်များမှ လွတ်အောင် ရုန်းထွက်နိုင်ခြင်းက ဂျာမန်တပ်မှူးများ ကျွမ်းကျင်မှုကို ပြခဲ့၏။ အခြားတစ်ဖက်မှကြည့်လျှင်လည်း ရုရှတပ်မှူးများသည် သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးပြုခဲ့ကြ၍ ဂျာမန်ကပ်များက အလွန်လျင်မြန်စွာ ဆုတ်ခွာခဲ့ရပြီး အရေးကြီးသောနေရာများမှပင် မခုခံတော့ဘဲ နောက်သို့ဆုတ်ခဲ့ကြရသည်ကို ပြသပေ၏။

---

၁။ Bagramyan & Chernyakovsky
၂။ Vitebsk
၃။ Rokossovsky

www.burmeseclassic.com



ပင်လယ်သို့ ရောက်လာကြပြီး လင်ဒမင်၏ တပ်များကို ဖြတ်တောက်ရန် ခြိမ်းခြောက်ခဲ့၏။ လင်ဒမင် ယခုအထိ ဆုတ်ခွာခြင်းမပြုသည်မှာ ထူးဆန်းလှ၏။ ဇူလိုင်လကုန်တွင် ရုရှတို့သည် ရီဂါပင်လယ်ကွေ့သို့ ရောက်ကြပြီး အလယ်ပိုင်းစစ်မျက်နှာ၌ ဝါဆောဆင်ခြေဖုံးသို့ ရောက်လာကြပြီဖြစ်လေသည်။

သို့သော် ဂျာမန်တို့သည် ယခုအခါတွင် လောလောဆယ် အန္တရာယ်ရှိသည့်နေရာမှ အတော်ဝေးရာသို့ ဆုတ်ခွာနိုင်ကြပြီဖြစ်သဖြင့် တုန်လှုပ်ချောက်ချားခြင်းမရှိတော့ဘဲ အခြေအနေကို ပြန်လည်ထိန်းသိမ်းလာနိုင်ပြီဖြစ်၏။ ရုရှတပ်မှာမူ ရှေ့ကို တစ်ရှိန်ထိုး တက်လာကြသည်ဖြစ်၍ ရိက္ခာပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုရှည်လျားလာပြီး ပို့ဆောင်ရေးပြဿနာများ တွေ့လာကြရပြီဖြစ်လေသည်။ မဟာဗျူဟာအရ အလွန်အမင်း ဆန့်ထုတ်ခြင်း၏ အန္တရာယ်ကို ခံရစပြုလာ၏။ နောက်ထပ် အရှိန်မရမီ ရုရှတို့က မိမိတို့ ဆက်သွယ်ရေးလမ်းကြောင်း ပြန်ပြင်ရန်လိုလာပြီး ဂျာမန်တို့အနေနှင့် ရန်သူတို့ ဟန့်တားထားရန် ဖြစ်နိုင်ကြောင်း တွေ့လာကြရလေသည်။

ဩဂုတ်လ စောစောပိုင်းတွင် ဂျာမန်တို့က တန်ပြန်ထိုးစစ်ဆင်ခဲ့သဖြင့် မြောက်ပိုင်းတွင် ၎င်းတို့ ဆုတ်ခွာရာလမ်းကြောင်း ပြန်ပွင့်သွားပြီး ဝါဆောမှလည်း ရုရှတို့ ဆုတ်ခွာပေးခဲ့ရ၏။ ရုရှတပ်များ ဝါဆောမြို့တော်အနီး ရောက်လာသောအခါ ဝါဆောရှိ ပိုလန်မျိုးချစ်များက ပုန်ကန်ထကြွခြင်းကိုလည်း ဂျာမန်တို့က နှိမ်နင်းနိုင်ခဲ့လေသည်။

ဝါဆောတောင်ဘက်တွင်မူ ရုရှတို့က ဗစ်ကြူလာမြစ်ကို ဖြတ်၍ တံတားဦးများ တည်ဆောက်နိုင်ခဲ့၏။ မြစ်ဖြတ်ကူးသောအခါ ရှေ့မတက်နိုင်အောင် ရန်သူ က တားထားနိုင်၏။ ဩဂုတ်လကုန်အထိ အခြေအနေမှာ ထူးခြားခြင်းမရှိခဲ့ချေ။

ရူမေးနီးယား စစ်မျက်နှာ၌ ရုရှတပ်များက ဦးတည်ရာအရပ် ပြောင်းလဲချီတက်တိုက်ခိုက်ခြင်းကြောင့် အခြေအနေ ပြောင်းလဲလာခဲ့၏။ ယင်းထိုးစစ်စတင်သည်နှင့် တစ်ပြိုင်နက်တည်းလိုပင် (ဩဂုတ်လ ၂၃ ရက်နေ့၌) ရူမေးနီးယားက ငြိမ်းချမ်းရေးရအောင် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ကြေညာခဲ့လေ၏။ ထို့ကြောင့် ရုရှတို့သည် ဂျာဒီကိုဖြတ်ပြီး ပရု(သ)နှင့် ဆီရက်(သ)အကြား ထောင့်စွန်းနေရာမှ ဂလတ်(စ)ကွက်လပ်သို့ ချီတက်နိုင်ခဲ့ကြ၏။ ပရုပ်အရှေ့ဘက်ကမ်းခြေအငူတွင် ကြွင်းကျန်ရစ်သော ဂျာမန်တပ်များကိုလည်း ရုရှတို့က ဝန်းရံနိုင်ကြ၏။ ၂၇ ရက်နေ့တွင် ရုရှတို့က ဂလက်(စ)နှင့် ဖိုဆာနီ[၁]ကို သိမ်းပိုက်နိုင်ပြီး

၁။ Forsani



၃၀ ရက်နေ့တွင် ပလိုစတီရေနံတွင်းများကို သိမ်းပိုက်နိုင်လေသည်။ နောက်တစ်နေ့တွင် ဘူခါရက်(စ)ကို ဝင်နိုင်ကြ၍ တင့်ကားများ ၁၂ ရက်အတွင်း မိုင် ၂၅၀ ခရီးပေါက်ခဲ့၏။

ထို့နောက် ရုရှတပ်တော်များသည် မြောက်ဘက် အနောက်ဘက် တောင်ဘက်သို့ ဖြန့်လျက် ချီတက်ခဲ့ကြ၏။ ထရန်(စ)ဖေးနီးယား တောင်များကိုကျော်၍ ဟန်ဂေရီဘက်သို့ ချီတက်ကြပြီး ဂရိ(စ)တွင်ရှိသော ဂျာမန်တပ်များကိုဖြတ်တောက်ရန် ယူဂိုစလားဗီးယားသို့ ရောက်လာကြ၍ ဒန်းမြုပ်မြစ်ကိုဖြတ်ကာ တောင်ဘက် ဘူလဂေးရီးယားထဲသို့ ဝင်ခဲ့လေသည်။ ထိုအချိန်တွင် ရုရှအစိုးရက ဘူလဂေးရီးယားနိုင်ငံကို စစ်ကြေညာခဲ့ပြီးဖြစ်၏။

## အီတလီတွင် စစ်တုံ့နေခြင်း

ရောမမြို့တော် ကျဆုံးသွားပြီ ဖြစ်သော်လည်း အများမျှော်လင့်နေသလို ဂျာမန် ခုခံမှု လျှင်မြန်စွာပြိုကွဲခြင်းမရှိခဲ့ချေ။ ဂျာမန်တပ်များ ခံစစ်ဆင် ရောရွှေ့နေသည့် အခြေအနေမှ ကဆယ်ရင်းက ပြန်လည်၍ စနစ်တကျ ဆုတ်ခွာခဲ့ပြီး မြောက်ပိုင်းသို့ ချီတက်လာသော မဟာမိတ်တပ်များကို အကြိမ်ကြိမ် ပြန်လည်တားထားနိုင်ခဲ့၏။ ရောမမြို့တော်မြောက်ဘက် မိုင် ၁၆၀ ကွာဝေးသည့် အာနိုမြစ်နံဘေးမှ ပီဆာနှင့် ဖလောရင့်[၁]ဆင်ခြေဖုံးသို့ ရောမမြို့တော်ကျပြီး ရက်သတ္တ ၇ ပတ်ရှိမှ မဟာမိတ်တပ်များ ရောက်လာကြလေသည်။ နောက် ၃ ပတ်ရှိမှ ကဆယ်ရင်းသည် ဖလောရင့်ကို လက်လွှတ်၍ အာနိုမြစ်ကြောင်းမှ နောက်တွင်ရှိသော တောင်များအတွင်း ဖောက်လုပ်ထားသည့် ဂိုသစ်ခံစစ်ကြောင်း[၂]သို့ ဆုတ်ပေးခဲ့၏။ ယင်းမှာ ဂျာမန်တို့၏ အဓိကခံစစ်ကြောင်း ဖြစ်လေသည်။

ယင်းခံစစ်နေရာမှာ တိုက်၍ အလွန်ခက်သည့် အတားအဆီးဖြစ်ကြောင်းကို အက်လီဇင်ဒါးက သိပြီး ယင်းကို ကျော်သွားရန် ဆုံးဖြတ်ခဲ့၏။ အမှတ် ၈ တပ်တော်အင်အား အများစုကို အက်(ဒ)ရိက်တစ်ပင်လယ် တောင်ပံဘက်သို့ ပြန်လည်ပြောင်းလဲပေးပြီး ဂိုသစ်ခံစစ်ကြောင်း အရှေ့ဘက်ကမ်းခြေ ပီဆာရို[၃] အနီးတွင် ဩဂုတ်လကုန်၌ တိုက်၍ ရိမိနီ[၄]ရှေ့သို့ ဆက်လက်တက်နိုင်ခဲ့၏။

၁။ Pisa & Florence on the Arno
၂။ Gothic Line
၃။ Pesaro
၄။ Rimini

www.burmeseclassic.com

www.burmeseclassic.com

ကဆယ်ရင်းက ထိုးစစ်ကို ပြန်တိုက်ခဲ့ပြီး ပွင့်သွားသောနေရာကို ပြန်လည်ပိတ်ဆို့ထားခဲ့ပြီဖြစ်သဖြင့် အက်လီဇင်ဒါးက အခြားနေရာများမှ တိုက်ပေးရဝ်း အဓိကခံစစ်ကြောင်းကို ဖြိုရန် ကြံရတော့၏။ အကြိမ်ကြိမ် ဆက်လက်တိုက်ခဲ့၍ ပိုချိုင့်ဝှမ်းအရှေ့ခြမ်းသို့ ဝင်နိုင်ခဲ့၏။ မြေအနေအထားမှာ ပြန့်ပြူး၍ သပျစ်ခြံများရှိပြီး မြေကြီးမှာ ရွှံ့စေးမြေဖြစ်သဖြင့် မိုးရွာလျှင် ရွှံ့ဗွက်များ ဖြစ်ကုန်သောကြောင့် လျင်မြန်စွာ လိုက်စစ်ဆင်ရန်ကောင်းသည့် မြေအနေအထား မဟုတ်ချေ။ ဂျာမန်တပ်များ ပင်ပန်းလှပြီဖြစ်၍ ခြေကုန်လက်ပန်းကျခါနီးတွင် ဆောင်းဦးမိုးရွာချလိုက်သောကြောင့် ဂျာမန်တို့ကို ကယ်ဖာင်ခဲ့သည့်မိုးဖြစ်၏။ မဟာမိတ်တပ်များ ဆက်လက်မတက်နိုင်တော့ဘဲ နွေဦးအထိ စစ်တန့်ခဲ့ပြန်လေသည်။

ဩဂုတ်လအတွင်းတွင် အက်လီဇင်ဒါး၏ တပ်အချို့ကို ပြင်သစ်တောင်ပိုင်း စစ်ဆင်ရေးတွင် အသုံးပြုရန် ပို့ပေးရ၏။ ပြင်သစ်တောင်ပိုင်း စစ်ဆင်ရေးသည် မြောက်ပိုင်းမှ ကမ်းတက်တိုက်ခိုက်ခြင်းကို များစွာအကျိုးပြုနိုင်ခြင်းမရှိချေ။ အကြောင်းမှာ တောင်ပိုင်းစစ်ဆင်ရေးမစမီ ၂ ပတ်လောက်က စစ်အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးပြီးဖြစ်သောကြောင့် ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် အီတလီစစ်မျက်နှာမှ အက်လီဇင်ဒါးမှာ တပ်များကို ပြင်သစ်တောင်ပိုင်းသို့ ပို့ပေးရ၍ အီတလီစစ်မျက်နှာ၌ အနိုင်အရှုံးဆုံးဖြတ်သည့် တပ်များကို ပို့ပေးခဲ့ရသလို ဖြစ်ခဲ့၏။

သို့သော် ရှေးယခင်က တွေ့ဖူးသလိုပင် အဆိုးထဲမှ ကောင်းသည့်အချက်များ တွေ့ရပါသေး၏။ အက်လီဇင်ဒါး၏ ဆောင်းဦးထိုးစစ်သည် ဒေသန္တရ အောင်ပွဲ မရခဲ့ပေ။ ဂျာမန်တပ်များသည် အလ်(ပ)တောင်တန်းများသို့ ဆုတ်ခွာရန် မလိုခဲ့ချေ။ ယင်းတောင်တန်းများသို့ ဆုတ်ခွာခံစစ်ဆင်ရလျှင် ရာသီဥတုကလည်း ခံစစ်ကို အထောက်အကူပြုသေး၍ ထိုနေရာမှ ကြံ့ကြံ့ခံနိုင်ကြမည်ဖြစ်၏။

၁၉၄၅ ခုနှစ် စောစောပိုင်းတွင် ကဆယ်ရင်း၏တပ်မ ၄ ခုကို အနောက်ပိုင်း စစ်မျက်နှာသို့ပို့ရန် ဥရောပသို့ ပြန်ခေါ်သွားခဲ့၏။ အီတလီမှတပ်များကိုမူ အလ်(ပ)တောင်တန်းများသို့ မဆုတ်ခွာရဟု ဟစ်တလာက အမိန့်ထုတ်ထားလေသည်။ ထိုအချိန်တွင် ဂျာမန်များ ပစ္စည်းလက်နက် မပြည့်စုံတော့သည်ကို ပို၍တွေ့လာရ၏။ နွေဦးပေါက်တွင် ဂျာမန်တပ်များ၌ လေယာဉ်၊ တင့်ကား၊ သယ်ယူပို့ဆောင်ရေးကား၊ ဓာတ်ဆီတို့ အရေးတကြီးလိုနေပြီဖြစ်၍ အလ်(ပ)တောင်တန်းများသို့ ဆုတ်ခွာရန် အဆိုပါပစ္စည်းများ အပူတပြင်းလိုနေလေပြီ။ မဟာမိတ်တပ်များက ဧပြီလအတွင်း ထိုးစစ်ဆင်ခဲ့သောအခါ ရှေ့တန်းအင်အားနည်းသည့်နေရာများမှ ဖောက်ထွင်း၍ ဂျာမန်တပ်များနောက်ဆွယ်သို့ ရောက်သွားကြပြီး



ချက်ချင်းဖြန့်၍ ရန်သူထွက်ပေါက်များကို ပိတ်ထားကြလေသည်။ ဂျာမန်များက ခြေလျင်ဆုတ်ခွာရသည်ဖြစ်သောကြောင့် ရန်သူတို့ ဖမ်းဆီးခြင်းခံရတော့၏။

အီတလီတွင် ကြာရှည်စွာ စစ်ဆင်ရေးပြုလုပ်ခဲ့ရပြီး မကြာခဏ စိတ်ပျက်ဖွယ်နှင့် ကြုံခဲ့ရ၍ ယခုလိုအောင်ပွဲဆင်ခဲ့နိုင်ခြင်းဖြင့် ယခင်ဆုံးရှုံးမှုများကို သင်ပုန်းချေနိုင်မည် ဖြစ်ပေ၏။ အီတလီတွင် ဂျာမန်တို့ လက်နက်ချပြီးမှ အဓိက စစ်မျက်နှာ၌ သူတို့ရှုံးရသည်ဖြစ်သဖြင့် ပြီးခဲ့သော စစ်ကြီးအတွင်းက (ပထမကမ္ဘာစစ်ကို ဆိုလိုသည်။ ဘာသာပြန်သူ) မက်ဆီဒိုးနီးယားမှ မဟာဗျူဟာအရ ပိတ်မိနေပြီး "အကျဉ်းခံရသလို" ဖြစ်နေသော မဟာမိတ်တပ်များ ဖောက်ထွက်နိုင်ပြီးမှ မဟာမိတ်များ အောင်ပွဲခံရသည်ကို သတိရစေ၏။

သို့သော် ယခုတစ်ကြိမ်တွင်မူ ရန်သူတို့ စစ်ရှုံးရခြင်းမှာ အဓိကစစ်မျက်နှာမှ စစ်ဆင်ရေးများကြောင့် ဖြစ်လေသည်။ ထိုနေရာ၌ နော်မန်ဒီမှ ဖောက်ထွက်နိုင်သည့် အဆုံးအဖြတ်အပေးနိုင်ဆုံးအဆင့် (၁၉၄၄ ခုနှစ်၊ ဩဂုတ်လတွင်) စတင်ခဲ့ပြီဖြစ်၏။

## နော်မန်ဒီမှ ဖောက်ထွက်ခြင်း

နော်မန်ဒီတွင် ဇူလိုင်လအတွင်း အပြင်းအထန် တိုက်ခဲ့ကြရ၍ မဟာမိတ်များအဖို့ အကျအဆုံးများမှအပ ဘာမျှ လက်ဆုပ်လက်ကိုင် မပြနိုင်ကြချေ။ သို့သော် ဂျာမန်များသည် ဤကဲ့သို့ ရေရှည်အကျအဆုံးများကို ခံနိုင်ရည်မရှိဘဲ မဟာမိတ်များ အင်အားမှာမူ တစ်ချိန်လုံး တိုးနေခဲ့၏။

ဇူလိုင်လ ၃ ရက်နေ့၌ အမေရိကန် အမှတ် ၃ တပ်တော်သည် ရှားဘိုးကို အောင်နိုင်ပြီး ပြန်လည်ဖွဲ့စည်းသည့်အခါ တောင်ဘက်သို့ ချီတက်ခဲ့၍ ကျွန်းဆွယ်အောက်ခြေအထိ ဆက်လက်တက်ခဲ့၏။ ဖောက်ထွက်နိုင်ရန် စတင်ချီတက်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် ထိုးစစ်ဆင်သူများအတွက် စစ်ကစားရန်နေရာများစွာ မရှိသဖြင့် ချီတက်မှုနှုန်းမှာ နှေးနေ၏။ ၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဒမ်ဆေ၏အမှတ် ၂ ဗြိတိသျှတပ်တော်သည် ကိန်းကို ဝင်နိုင်ခဲ့ပေသည်။ သို့သော် အုန်းမြစ်ဖြတ်ကူးရာ၌ တန့်နေခဲ့လေသည်။ နံဘေးမှ အထပ်ထပ်ပန်း၍ တိုက်သော်လည်း ဂျာမန်များက ခုခံတွန်းလှန်နိုင်ခဲ့၏။ ၁၈ ရက်နေ့တွင် ပို၍ကြီးကျယ်သောစစ်ဆင်ရေး (စစ်ဆင်ရေးဂွတ်ဝုဒ်)[၁] စတင်ခဲ့လေသည်။ ကိန်းအရှေ့မြောက်ဘက်ရှိ ကတ္တား

၁။ Operation Goodwood

www.burmeseclassic.com

www.burmeseclassic.com



ဦးနေရာမှ စစ်ဆင်ရေးကို စတင်ခဲ့၏။ ကျဉ်းမြောင်းလှသည့် ၃ မိုင် စစ်မျက်နှာတွင် မလေတပ်က အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ပေး၍ ခံစစ်ကြောင်းပေါက်သွားသော အပေါက်နေရာမှ သံချပ်ကာတပ်မ ၃ ခုက ရှေ့နောက်ဆင့်၍ ချီတက်ခဲ့ကြ၍ ကိန်းခံစစ်နေရာ နောက်ဘက်မှ တက်ခဲ့ခြင်းဖြစ်လေသည်။ ဖောက်ထွက်နိုင်မည်ဟု ထင်နေရသော်လည်း ချီတက်မှုနှုန်းမှာ နှေးကွေးလွန်းပြီး တပ်မှူးငယ်များက ရန်သူကာကွယ်ထားသည့် ရွာများကို ကွေ့၍ ချီတက်ကြရန် နှောင့်နှေးကြ၏။ ဂျာမန်များကမူ သူတို့ရှိသမျှ တင့်ကား၊ တင့်ကားပစ်အမြောက်များကို စုစည်း၍ မဟာမိတ်များ ချီတက်ရာလမ်းကို ပိတ်၍ ခုခံခဲ့ကြလေသည်။

ထိုအခွင့်အရေး လက်လွှတ်ခဲ့ပြီးနောက် ဗြိတိသျှကနေဒါတပ်များက ထပ်မံတိုက်သော်လည်း အချည်းနှီးဖြစ်ရ၏။ သို့သော် ယင်းထိုးစစ်များနှင့် ဂျာမနီ၏ အကောင်းဆုံးတပ်များကို ကိန်းစစ်အကန့်၌ ဆွဲဆောင်ထားနိုင်ခဲ့ကြလေသည်။ ဂျာမန်တို့က ၎င်းတို့ပန်ဇာတပ်မ ၉ ခုအနက် ၇ ခုကို ကိန်းစစ်မျက်နှာ၌ အသုံးပြုခဲ့ကြရ၏။

နော်မန်ဒီတံတားဦး အနောက်ဘက်အစွန်တွင် ဗိုလ်ချုပ်ကြီး ဘရက်လေ ဦးစီးသည့် အမေရိကန်တပ်များသည် ဇူလိုင်လ ပထမသုံးပတ်အတွင်း မိမိတို့စစ်မျက်နှာတွင် ၃ မိုင်မှ ၅ မိုင်အထိသာ ရှေ့သို့တိုးနိုင်ခဲ့ကြ၏၊ ထိုအချိန်တွင် ပို၍တိုးဝင်တိုက်ခိုက်နိုင်ရန် ဗိုလ်ချုပ်ကြီး ပက်တန်ဦးစီးသည့် အမေရိကန် အမှတ် ၃ တပ်တော်ကို အင်္ဂလန်မှ နော်မန်ဒီသို့ ပို့ခဲ့ပြီးဖြစ်၏။

ဇူလိုင်လ ၂၅ ရက်နေ့တွင် စစ်ဆင်ရေး ကိုဘရာ[၁] ကို ၄ မိုင်စစ်မျက်နှာ၌ တပ်မ ၅ ခုဖြင့် စတင်ခဲ့လေသည်။ ထိုးစစ်မစမီ လေကြောင်းနှင့် အမြောက်ပစ်ခတ်ပေးခြင်းမှာ စစ်ဆင်ရေးဥတ်ဝုဒ်မှာထက်ပင် ပြင်းထန်သေး၏။ စစ်မြေပြင်မှာ အမြောက်ဗုံးကျင်းများ မွနေပြီး သဘာဝအကာအကွယ်လို ဖြစ်နေသဖြင့် ဗုံးဒဏ်၊ အမြောက်ဒဏ် ခံထားကြရသော ခံစစ်ဆင်သူများက တက်လာကြသော အမေရိကန်များကို ဟန့်တားထားနိုင်လေသည်။ ပထမနှစ်ရက်တွင် ၅ မိုင်သာ ခရီးပေါက်ကြ၏။ မကြာမီ ကျွန်းဆွယ်အနောက်မြောက်ထောင့်တွင် ပေါက်သွားသောနေရာကို ချဲ့နိုင်ကြပြီး ချီတက်နှုန်းမှာ ပိုမြန်လာကြ၏။ ဇူလိုင်လ ၁၃ ရက်နေ့တွင် အဆုံးအဖြတ်ပေးနိုင်သော ဖောက်ထွက်မှု လုပ်နိုင်ခဲ့လေသည်။

အမှတ် ၂ ဗြိတိသျှတပ်တော် အဓိကအင်အားစုကို အုန်းမြစ်အရှေ့ဘက်မှ ဘေးရှုတ်တောင်ဘက်အလယ်သို့ (ယမန်နေ့က ဂေါမောင့်[၂] တိုက်ပွဲအတွက်) ရွှေ့

၁။ Operation Cobra

၂။ Gaumont



ပြောင်းလိုက်ခြင်းဖြင့် ဖောက်ထွက်ခြင်းကို အထောက်အကူပြုခဲ့လေသည်။ ရန်သူများက အန္တရာယ်ရှိသည့်နေရာတွင် ကိန်းမှ ပိုသည့်လူများပို့၍ ခုခံနေကြစဉ် အမေရိကန်များက ရှားဘိုးကျွန်းဆွယ် အနောက်ဘက်ကမ်းခြေအနီး အဗရန်(ချ်)[၁] ကို တိုက်လေသည်။

ပေါက်နေသည့်နေရာမှ ဝင်ခဲ့၍ ပက်တန်၏ တင့်ကားများသည် ပထမ တောင်ဘက်သို့၊ နောက် အနောက်ဘက်သို့ ချီတက်ခဲ့ကြပြီး လွိုင်ယာမြောက်ဘက်နေရာများမှ လီမန်းနှင့် ချာတာ[၂] ဘက်သို့ ချီတက်ခဲ့ကြလေသည်။ တံတားဦးမှ ကျုံ့နေကြရသော မိုင် ၇၀ စစ်မျက်နှာသည် မိုင် ၄၀၀ စစ်မျက်နှာအဖြစ် ပြောင်းသွားတော့၏။ နေရာမှာ ကျယ်ပြန့်လွန်းသဖြင့် ဂျာမန်များသည် အမေရိကန်တို့ချီတက်မှုကို ထိထိရောက်ရောက် ဟန့်တားနိုင်ခြင်းမရှိခဲ့ချေ။ သူတို့ခုခံရန် ပြင်ဆင်ထားသည့် လမ်းဆုံနေရာများကို အမေရိကန်တပ်များက ကွင်းရှောင်ချန်ပစ်ခဲ့ကြ၏။

ဤကဲ့သို့ ချဲ့ထွင်ချီတက်ခဲ့သော ထိုးစစ်၏အန္တရာယ်မှာ ရန်သူက တန်ပြန်ထိုးစစ်ဆင်နွှဲ၍ အဗရန်(ချ်)ပုလင်းခေါင်းကျဉ်းနေရာကို ပိတ်ပင်လိုက်မည့်အန္တရာယ်ဖြစ်၏။ ရိက္ခာအားလုံး အဗရန်(ချ်)မှဖြတ်၍ ပို့နေရခြင်းဖြစ်လေသည်။ ဟစ်တလာ တိုက်တွန်းသောကြောင့် ဩဂုတ်လ ၆ ရက်နေ့ညတွင် ဂျာမန်များက အဗရန်(ချ်) ခေါင်းကျဉ်းကို ရည်ရွယ်တိုက်ခိုက်ခဲ့ကြလေသည်။ ယင်းထိုးစစ်အတွက် ပန်ဇာတပ်မ ၄ ခုကို အနောက်ဘက်သို့ ပို့ပေးခဲ့၏။

တိုက်ခိုက်ရာလမ်းကြောင်းကို ဟစ်တလာက စစ်မြေပြင်နှင့် ဝေးလံလှသည့် အရှေ့ဘက်တွင်ရှိသော စစ်ဌာနချုပ်မှနေ၍ မြေပုံပေါ်တွင် ရွေးချယ်ပေးခဲ့ရာ တိုက်ရိုက်ကျလွန်းနေ၏။ အမေရိကန်တို့ ဘေးကာတပ်များနှင့် ထိပ်တိုက်တွေ့ကြရတော့၏။ ဘရက်လေက ထိုးစစ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောဆိုခဲ့လေသည်။ "ရန်သူက သူတို့ပန်ဇာတပ်တွေနဲ့ တောင်ဘက် ကိုက်ထောင်ပေါင်းများစွာ နေရာကနေ တိုက်မယ်ဆိုရင် သူတို့ဟာ အဗရန်(ချ်)ကို အဲဒီပထမနေ့မှာကို ရောက်နိုင်ကြမှာပဲ" ဂျာမန်ထိုးစစ် ရှေ့ဆက်မတက်နိုင်သည်နှင့်တစ်ပြိုင်နက် မဟာမိတ်လေတပ်က ချက်ချင်းဝင်၍ တိုက်တော့၏။ ထိုးစစ်မအောင်မြင်သည့်အပြင် ယင်းထိုးစစ်ကြောင့် ဂျာမန်တို့ ပို၍လျင်မြန်စွာ သေရှာလားခဲ့ကြရလေသည်။ ထိုးစစ်ပြုလုပ်နိုင်ရန် ပန်ဇာတပ်များ အနောက်ဘက်သို့ပို့ရစဉ် အမေရိကန်တပ်များက အရှေ့ဘက်မှ ချီတက်ကြသဖြင့် ဂျာမန်များ နောက်သို့ရောက်လာတော့၏။

၁။ Avranches

၂။ Le Mans and Chartres

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန် ဘယ်တောင်ပံက မြောက်ဘက် အာဂျင်တန်[1]သို့ ချီတက်ခဲ့၍ ထိုနေရာမှ ဗိုလ်ချုပ်ကြီး ကရီရာ[2]၏ အမှတ် ၁ ကနေဒါတပ်တော်နှင့်အတူ ကိန်းမှ ဖလိုက်[3]သို့ နှစ်ဖက် ညှပ်ပူးညှပ်ပိတ်တိုက်ရန် ဖြစ်လေသည်။ တပ်နှစ်ခုက မိမိတို့ဝန်းရံသော ဂျာမန်တပ်တော်နှစ်ခုကို လုံး၀ ပိတ်မဖမ်းနိုင်သော်လည်း သုံ့ပန်း ၅၀၀၀၀ ရလိုက်၍ စစ်မြေပြင်တွင် ရန်သူအလောင်း ၁၀၀၀၀ ကျန်ခဲ့ပြီး ဆုတ်ခွာသောတပ်များမှာလည်း အားလုံးအထိနာစွာဖြင့် ဆုတ်ခွာကြရခြင်းဖြစ်၏။ တဖြည်းဖြည်း ဆုတ်ခွာလမ်းမှာ ကျဉ်းသွားပြီး မဟာမိတ်လေတပ်က တရစပ် လိုက်လံတိုက်ခိုက်ခဲ့၍ ဂျာမန်တင့်များယာဉ်များမှာ ပိုဍ်နာခဲ့ရ၏။ "ဖလိုက်အိတ်"[4]တွင် အထိနာခဲ့ကြသောကြောင့် ဂျာမန်တပ်များသည် မဟာမိတ်တပ်များ စိန်းမြစ်နှင့် ယင်းကို လွန်အောင်လိုမ့်၍ ချီတက်လာခဲ့ခြင်းကို တားဆီးရန် တပ်များ၊ ယာဉ်များလည်းမရှိ။ တားလည်းတားဆီးနိုင်ခြင်း မရှိတော့ချေ။

ရန်သူသည် ထောင်ချောက်တစ်ခုမှ လွတ်မြောက်ပြီးနောက် ထိုထက်ကြီးသည့် ထောင်ချောက်တွင်းသို့ သက်ဆင်းရပေ၏။ ညာတောင်ပံမှ ချီတက်နေသော ပက်တန်၏ သံချပ်ကားများက ရန်သူ၏အတွင်းဘက်တောင်ပံကို အမြဲဝိုင်းပတ်နိုင်ခဲ့ပြီး နောက်ကပါ ဝန်းရံရန် ကြိုးစားခဲ့၏။ ပက်တန်၏တပ်များသည် လမ်းတွင်တွေ့ရသော ဂျာမန်ခုခံမှုများကို ကွေ့ရှောင်၍ ရှေ့သို့သာ တစ်ဟုန်ထိုး ချီတက်ခြင်းဖြင့် တစ်ဆက်တည်း အဓိကဂျာမန်တပ်များကို မဟာဗျူဟာမြောက် ရှောင်ကွင်းခဲ့သလို ဖြစ်ခဲ့ရလေသည်။[5]

အနောက်ဘက်တံတိုင်းကြီးမှ ဂိတ်ကို ဖွင့်ရာတွင် မဟာမိတ်များအတွက် သော့များမှာ လျင်မြန်ခြင်းနှင့် နေရာကျယ်ပြန့်ခြင်းဖြစ်၏။ ထိပ်တိုက်ထိုးစစ်များ ထပ်ခါတလဲလဲ ကျဆုံးနေစဉ် စစ်ကစားခြင်းဖြင့် အောင်ပွဲခံနိုင်ခဲ့၏။ အကန့်အသတ်မရှိ၊ ပြန့်ပြောသည့်နေရာကို ရသည်နှင့်တစ်ပြိုင်နက် ယန္တရားလှုပ်ရှား

---

၁။ Argentan
၂။ General Crerar
၃။ Falaise
၄။ Falaise Pocket
၅။ ပက်တန်သည် ပါရီအထက်ဘက်တစ်နေရာမှ စိန်းမြစ်ကိုဖြတ်၍ ချီတက်နေစဉ် သူတို့၏ ရှေ့ဆောင် သံချပ်ကာတပ်မ အမှတ် ၄ ကို ဦးစီးရသည့် ဗိုလ်ချုပ်ကြီးဝုဒ်က သူ့တပ်များ အဘာရန်(ချ်)မှ မန်းသို့ ဖောက်ထွက်ခဲ့သည်ကို ကျွန်ုပ်ထံ စာရေးသားပေးပို့ခဲ့ရာတွင် "(၁) ရဲဝံ့စွန့်စားတဲ့ (De L' ..udace) နည်းနဲ့ (၂) သွယ်ဝိုက်ချဉ်းကပ်နည်းတွေကို အသုံးချရင် ဘယ်လိုအကျိုးထူးရယ်ဆိုတဲ့ သာဓကတွေပေါ့"ဟု သူ့တိုက်ပွဲစဉ်များအကြောင်းကို ရေးသားခဲ့ဖူးပါသည်။



စစ်ကစားနိုင်မှုဖြင့် မဟာမိတ်များ အဆမတန် အင်အားသာခြင်းကို အမြတ်ထုတ်အသုံးချနိုင်တော့၏။

ဤကဲ့သို့ လျင်မြန်စွာ နှောင့်နှေးမှုပန်း၍ ချီတက်ခဲ့နိုင်မှုကြောင့် ပြင်သစ်ပြည်အတွင်းရှိ ဂျာမန်တပ်များ လျင်မြန်စွာ ပြိုကွဲခဲ့ရ၍ အမေရိကန်နှင့် ပြင်သစ်များကို ဦးစီးသည့် ဗိုလ်ချုပ်ကြီးပက်(ချ်)[1]၏ အမှတ် ၇ တပ်တော်ကို ပြင်သစ်သို့ အင်္ဂလန်မှ ပို့ပေးရန် မလိုသလို ဖြစ်ခဲ့လေပြီ။ အမှတ် ၇ တပ်တော် ဩဂုတ်လ ၁၅ ရက်နေ့၌ ပြင်သစ်ပြည်တောင်ပိုင်းသို့ ကမ်းတက်ဝင်ရောက်ခဲ့ရာတွင် ခုခံမှုမရှိသလောက်ဖြစ်၍ "လမ်းလျှောက်ဝင်"ရသကဲ့သို့ရှိတော့၏။ ဂျာမန်များသည် အခြားနေရာများသို့ စစ်ကူများပို့ပေးရ၍ ထိုဒေသ၌ အညံ့စားတပ်မ ၄ ခုမျှသာ ထားနိုင်တော့၏။ ရုံးချိုင့်ဝှမ်း[2]မှ ဆက်လက်ချီတက်ခဲ့ရာတွင် အဓိကပြဿနာမှာ ထောက်ပံ့ရေးပြဿနာ ဖြစ်ပေသည်။ နည်းဗျူဟာ မရှိသလောက်ပင်။ ၂၇ ရက်နေ့တွင် မာဆေးကိုရပြီး တောင်များကိုကျော်၍ ချီတက်ခဲ့ကြရာ ဂရီနိုဘယ်[3]ကို ထိုနေ့မှာပင် ရောက်ခဲ့၏။

၁၉ ရက်နေ့တွင် ပြင်သစ်ပြည်တွင်းတပ်များက ပါရီတွင် ထကြွပုန်ကန်တော့၏။ ပုန်ကန်သည့်တပ်များ ရက်အနည်းငယ် အကျဉ်းအကျပ်ကျခဲ့ကြသော်လည်း မဟာမိတ်သံချပ်ကာတပ်များ ၂၅ ရက်နေ့တွင် ပါရီသို့ဝင်ရောက်လာခဲ့သဖြင့် ပြဿနာမှာ ဖြေရှင်းသွားခဲ့လေသည်။ ထိုအချိန်တွင် ပက်တန်၏ တပ်တော် ပါရီအရှေ့မြောက်ဘက် မန်းမြစ်ဘက်သို့ ချီတက်လျက်ရှိ၏။

နောက် အရေးကြီးသည့် ဖြစ်ရပ်တစ်ခုမှာ အမှတ် ၂ ဗြိတိသျှတပ်တော်က အမြတ်ထုတ် စစ်ဆင်ခဲ့ခြင်း ဖြစ်လေသည်။ ရောင်အင်[4] အနောက်ဘက်၊ အမှတ် ၁ ကနေဒါတပ်တော်ကို ခုခံနေသည့် ဂျာမန်အမှတ် ၇ တပ်တော် အကြွင်းအကျန်များအား ထောင်ဖမ်းနိုင်ရန် ဗြိတိသျှအမှတ် ၂ တပ်တော်သည် စိန်းမြစ်ကို ရောင်အင်အရှေ့ဘက်မှ ဖြတ်ကျော်ခဲ့လေသည်။ ရန်သူအမြောက်အမြား စိန်းမြစ်ကို ဖြတ်ကျော်၍ လွတ်မြောက်သွားကြ၏။ သို့သော် ဗြိတိသျှယန္တရားတပ်များသည် ပိုမိုကျယ်ပြန့်စွာ ဘေးမှပန်းတက်ခဲ့၍ ၎င်းတို့နောက်မှ ဖြတ်တောက်ရန် ရောက်နေကြပြီဖြစ်လေသည်။ ဒမ်ဆေ၏ မြားဦးတပ်များသည် အမိန်း[5]သို့ ၃၁ ရက်နေ့ စောစောတွင် ရောက်ကြ၏။ စိန်းမြစ်မှ နှစ်ရက်နှင့်တစ်ညအတွင်း မိုင် ၇၀ ပေါက်ခဲ့ကြလေသည်။ ဆောမ်မြစ်ကိုဖြတ်ပြီး အရားစ်နှင့် လီလ်[6]ကို

---

၁။ General Patch
၂။ Rhone Valley
၃။ Grenoble
၄။ Rouen
၅။ Amiens
၆။ Arras & Lille

www.burmeseclassic.com

www.burmeseclassic.com

လျင်မြန်စွာ ဖြတ်၍ ပါးစ်ဒီကာလိုင်းတွင် ရှိနေသေးသော အမှတ် ၁၅ ဂျာမန်တပ်တော်နောက်ဘက် ဘယ်ဂျီယံနယ်ခြားအထိ ရောက်ခဲ့ကြလေသည်။ အရှေ့ဘက်တွင် ဟော့ဂျက်စ် အမှတ် ၁ အမေရိကန်တပ်တော်ကလည်း ဟီယာဆန်[၁] အနီး ဘယ်ဂျီယံနယ်ခြားသို့ ရောက်ခဲ့ပြီ ဖြစ်လေသည်။

၎င်းတို့အရှေ့ဘက်တွင်မူ ပက်တန်၏တပ်များသည် ပို၍လျင်မြန်စွာ ချီတက်နိုင်ခဲ့၏။ ရှန်ပိန်ကိုဖြတ်၍ ဗာဒွန်ကိုလွန်ခဲ့ပြီး ဂျာမန်နယ်ခြားအနီး မက်(ဇ)နှင့် သီယွန်ဗလ်အကြား မိုဆယ်[၂]မြစ်ကို ရောက်လာကြလေသည်။ သို့သော် ဓာတ်ဆီ၊ စက်ဆီ ပြဿနာ တွေ့နေရ၏။ ဓာတ်ဆီ၊ စက်ဆီကို လောက်အောင် မသယ်ယူနိုင်သဖြင့် မြားဦးတပ်များသည် ဓာတ်ဆီပြဿနာကြောင့် ရပ်ထားကြရတော့၏။ မဟာဗျူဟာ အခွင့်အလမ်း မြောက်မြားစွာ တွေ့ရတော့မှ ယင်းသို့ ရပ်တန့်ထားရခြင်း ဖြစ်လေသည်။ ပက်တန်၏တပ်များသည် ရိုင်းမြစ်နှင့် မိုင် ၈၀ သာ ကွာတော့၏။ ဓာတ်ဆီရ၍ ရှေ့ဆက်တက်ကြသောအခါ ဂျာမန်ခုခံမှုမှာ ပို၍များလာ၏။

ပြင်သစ်ပြည်တိုက်ပွဲတွင် ပက်တန်ထိုးဝင်တိုက်ခိုက်မှုမှာ အဆုံးအဖြတ်ပေးနိုင်ခဲ့၍ ရိက္ခာပြဿနာ ပေါ်သောကြောင့်သာ ဂျာမနီတိုက်ပွဲတွင်လည်း ယင်းသို့ အဆုံးအဖြတ်မပေးနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ဆန့်ထုတ်လွန်းမိသည့် မဟာဗျူဟာ ဥပဒေသကြောင့် ဆိုးကျိုးများခံစားရပြီး အောင်ပွဲခံနိုင်ရန် ရက်ရွှေ့ခဲ့ရပြန်၏။ မက်(ဇ)ကို ဝင်ရာ၌မူ တိုက်ရိုက်ချဉ်းကပ်မှု ဖြစ်လာ၍ ပက်တန်၏တပ်များသည် အခိုင်အခံ့ ကာကွယ်ထားသောမက်(ဇ)ကို အနီးကပ်တိုက်ပွဲများ အတော်ကြာဆင်နွှဲခဲ့ရလေသည်။ နံဘေးမှ ပန်းတက်သည့် အခွင့်အရေး လက်လွှတ်ခဲ့ရလေသည်။

စက်တင်ဘာလစောစောပိုင်းတွင် ချီတက်နှုန်းသည် မဟာမိတ်ဘယ်တောင်ပံဘက်တွင် အမြန်ဆုံးဖြစ်၏။ ထို့ကြောင့် ဘယ်တောင်ပံဘက်တွင် အောင်ပွဲခံနိုင်ရန် မဟာမိတ်များက ကြိုးပမ်းခဲ့ကြလေသည်။ ဗြိတိသျှယန္တရားတပ်များသည် ဘရပ်ဆဲကို ၃ ရက်နေ့တွင်လည်းကောင်း၊ အင်တဝပ်ကို ၄ ရက်နေ့တွင်လည်းကောင်း ဝင်နိုင်ခဲ့ကြ၍ ဟော်လန်နိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ယင်းသို့ ချီတက်ခဲ့ခြင်းဖြင့် မောင်ဂိုမာရီသည် ဂျာမန်အဓိကတပ်များကို နော်မန်ဒီနှင့် ပါ(စ)ဒီကာလိုင်းတွင် ဖြတ်တောက်ပစ်နိုင်ခဲ့လေသည်။ အမေရိကန် အမှတ် ၁

၁။ Hirson
၂။ Moselle between Metz & Thionville



တပ်တော်က နေမြူအာကို သိမ်းပိုက်ပြီး မြူစ်မြစ်ကို ဒိုင်းနန့်နှင့် ဂျီဗက်[၁]တွင် ဖြတ်ကူးခဲ့ကြလေသည်။

ယင်းတို့ ဂျာမန်များအရေးကြုံနေစဉ်တွင် စစ်မြေပြင်တပ်များ တပ်မှူးတာဝန်ကို ဖိုလ်ချုပ်ကြီးမိုဒယ်[၂]အား ပေးခဲ့၏။ မိုဒယ်မှာ ရုရှားစစ်မျက်နှာ၌ "အရန်တပ်များ ဖျစ်ညှစ်စုဆောင်းတတ်သူ"ဟု နာမည်ရလာသူ ဖြစ်လေသည်။ ယခု မိမိရလာသည့်နာမည်အတိုင်း အရန်တပ် အများအပြားကို ဖြစ်သလိုစုဆောင်းရလေတော့မည်။ သာမန်တွက်ချက်လျှင်မူ ဂျာမန်တပ်များသည် ပြင်သစ်ပြည်တိုက်ပွဲစဉ်၌ စစ်သည် ၅ သိန်းကျော် အဖမ်းခံ ဆုံးရှုံးခဲ့ပြီးဖြစ်၍ မည်သည့်နည်းနှင့်မျှ ဂျာမန်နယ်ခြား ကာကွယ်ရေးတွက် အရန်တပ်ထုတ်၍ ရစရာအကြောင်းမရှိတော့ချေ။ ဆွစ်ဇာလန်နှင့် မြောက်ပိုင်းပင်လယ်အကြား မိုင် ၅၀၀ မျှနယ်ခြားကို ထုဖြင့် ထိထိရောက်ရောက် ကာကွယ်နိုင်ရန် တပ်များစုဆောင်းရရန် လမ်းမရှိချေ။ သို့သော် မိုဒယ်က တပ်များဖြစ်အောင်ရှာခဲ့ပြီး စစ်ကြီးမှာ နောက်ထပ် ၈ လကြာခဲ့လေသည်။

ယင်းသို့ ဂျာမန်တပ်များ ပြန်လည် နာလန်ထူလာနိုင်ခြင်းမှာ မဟာမိတ်များ ရိက္ခာပြဿနာ ပေါ်ခဲ့သောကြောင့်လည်း ဖြစ်၏။ ရိက္ခာပြဿနာကြောင့် မဟာမိတ်ထိုးစစ်မှာ အားမကောင်းဘဲ ဂျာမန်တို့က အဆောတလျင် ပြင်ဆင်ထားသော ခံစစ်နှင့်ပင် ပြန်လည်ခုခံနိုင်ခဲ့၏။ ထို့နောက် မဟာမိတ်များက အင်အားကောင်းစွာနှင့် ထိုးစစ်ဆင်နိုင်ရန် တပ်များစုဆောင်းနေခြင်းကိုလည်း တားဆီးနိုင်ခဲ့သေး၏။ ရိက္ခာပြဿနာ ပေါ်လာရခြင်းမှာ မဟာမိတ်များ ရှည်လျားစွာ ချီတက်ခဲ့ရသောကြောင့်လည်း ဖြစ်၏။ နောက်တစ်ကြောင်းမှာ ဂျာမန်များ၏ မဟာဗျူဟာကြောင့် ဖြစ်လေသည်။ ၎င်းတို့တပ်များ နောက်သို့ဆုတ်ခွာခဲ့ကြရသော်လည်း ပြင်သစ်ဆိပ်ကမ်းမြို့များ၌ အစောင့်တပ်များ ချန်ထားခဲ့ကြ၏။ ထို့ကြောင့် မဟာမိတ်များသည် ဒန်းကပ်၊ ကာလိုင်း၊ ဘိုလုံး၊ ဟာဗာနှင့်တကွ ဗြိတိန်နီမှ ဆိပ်ကမ်းကြီးများကို အသုံးမပြုနိုင်သဖြင့် သွယ်ဝိုက်သောနည်းဖြင့် မဟာမိတ်များ ထိုးစစ်အရှိန်တန့်အောင် လုပ်ပေးသလို ဖြစ်ခဲ့၏။ အင်တဝပ်ဆိပ်ကမ်းမြို့ကြီးကို မပျက်မစီးရခဲ့သော်လည်း ဂျာမန်တပ်များက ရှယ်(လ)ပင်လယ် လက်တက်နေရာများ[၃]မှ ဖွဲ့နပဲဖြင့် ခုခံခဲ့ကြသောကြောင့် အင်တဝပ်ဆိပ်ကမ်းကိုလည်း မဟာမိတ်များ အသုံးမပြုနိုင်ခဲ့ကြချေ။

၁။ Dinant and Givet
၂။ General Model
၃။ Estuary of the Scheldt

www.burmeseclassic.com

www.burmeseclassic.com

နော်မန်ဒီမှ ဖောက်ထွက်ခြင်းမပြုနိုင်မီ တိုက်ခိုက်ရေးတပ်များသို့ ရိက္ခာစုဆောင်းရေးမှာ မိုင် ၂၀ အတွင်းသာဖြစ်၏။ ယခုမူ မိုင် ၃၀၀ မျှ ရှေ့တန်းတပ်များသို့ ရိက္ခာစုကြရ၏။ ယခင်က ဗုံးကြဲ တိုက်ခိုက်မှုများကြောင့် ပြင်သစ်မီးရထားများ၊ ရထားလမ်းများ အားလုံးလိုလို ပျက်စီးကုန်ကြသဖြင့် မဟာမိတ်တို့ ရိက္ခာပို့ဆောင်ခြင်းကို လုံး၀ မော်တော်ယာဉ်များနှင့်သာ လုပ်ဆောင်ကြရ၏။ မဟာမိတ် ကမ်းတက်တိုက်ခိုက်ရာတွင် ဂျာမန်တပ်များက လက်တုံ့မပြန်နိုင်အောင် ဆုတ်ဆိုင်းသွားစေသည့် မဟာမိတ်များ ဗုံးကြဲဒဏ်သည် ယခု သူတို့တပ်များက လိုက်စစ်ဆင်ရာတွင် နှောင့်နှေးအောင် တန်ပြန်ဒဏ်ခတ်ခဲ့ပြီဖြစ်၏။

စက်တင်ဘာလ အလယ်လောက်တွင် ဂျာမန်ခုခံမှု လျော့ပါးသွားစေရန် ရဲဝံ့လှသည့် စစ်ဆင်ရေးတစ်ရပ်ကို မဟာမိတ်များက ပြုလုပ်ခဲ့ကြ၏။ ရန်သူ ညာတောင်ပံနောက်သို့ လေထီးတပ်မ သုံးခုချပေး၍ လေကြောင်းချီ စစ်ဆင်ရေးလုပ်ခဲ့၏။ ရိုင်းမြစ်ဖြတ်ကူး၍ အမှတ် ၂ ဗြိတိသျှတပ်တော် စစ်ဆင်ရာတွင် အကူအညီရရန် ဖြစ်လေသည်။ ဂျာမန်တို့ စစ်မျက်နှာနောက် မိုင် ၆၀ နေရာတွင် အထပ်ထပ် လေထီးတပ်များချပေးခဲ့ခြင်းဖြင့် မဟာဗျူဟာမြောက် ခုတုံး[2]အဖြစ် အသုံးပြုနိုင်သည့် နေရာလေးနေရာကို မဟာမိတ်တို့ ရရှိခဲ့ကြ၏။ ယင်းနေရာလေးနေရာမှာ–

* ဝိုင်ဟင်မီနာ တူးမြောင်းကူးရန်နေရာ–အင်ဒိုဗင်
* မား(စ) (မြူးစ်)ကူးရန်နေရာ–ဂရေ့
* ဝါး(လ်)မြစ်ကူးရန်နေရာ–နိုင်မီဂျင်
* လက်မြစ်ကူးရန်နေရာ–အန်ဟမ်[2]တို့ ဖြစ်ကြ၏။

ဝါး(လ်)နှင့် လက်မြစ်များမှာ ရိုင်းမြစ်လက်တက်များဖြစ်၏။ ယင်းခုတုံးနေရာများအနက် ၃ နေရာကို ရရှိခဲ့သော်လည်း တတိယနေရာ၌ ခြေချော်ခဲ့ခြင်းကြောင့် စတုတ္ထနေရာကိုရရှိခဲ့ခြင်းမရှိချေ။ ဂျာမန်များ တုံ့ပြန်မှုမှာလည်း လျင်မြန်လှ၏။

ဤကဲ့သို့ ခြေချော်ခဲ့ခြင်းကြောင့် ကြည်းကြောင်းတိုက်ခိုက်မှုမှာ စိတ်ပျက်ဖွယ်နှင့် ကြုံရပြီး အမှတ် ၁ လေကြောင်းချီတပ်မကို အန်ဟမ်၌ စတေးခဲ့ကြရ၏။ သို့သော် ရိုင်းခံစစ်ကြောင်းကို နံဘေးမှပန်းနိုင်ရန် အလားအလာရှိသဖြင့်

၁။ Strategic Stepping Stones
၂။ The Passage of Wilhelmina Canal at Endoven,
of the Maas (Meuse) at Grave,
of the Waal and Lek (two branches of the Rhine)
at Nijmegen and Arnhem respectively



ရန်သူနောက် အဝေးကြီးနေရာတွင် လေထီးတပ်များချ၍ စွန့်စားခဲ့ရခြင်း ဖြစ်ပေသည်။ အမှတ် ၁ လေထီးတပ်မမှာ ယင်းသို့ပေးဆပ်ခဲ့ရသော မဟာဗျူဟာတန်ဖိုးပင် ဖြစ်ချေ၏။ လေထီးတပ်မသည် အန်ဟမ်အထီးကျန်နေရာတွင် ၁၀ ရက်ကြံ့ကြံ့ခံနိုင်ခဲ့၏။ စီမံချက်တွင် အများဆုံး ၂ ရက်သာ ထိုနေရာတွင်နေရန် လျာထားခဲ့ကြ၏။ ယင်းမဟာဗျူဟာ ခုတုံးနေရာလေးခုကို ရွေးချယ်ရာ၌ အဆင့်ဆင့် မျဉ်းဖြောင့် တစ်တန်းတည်းလို ဖြစ်နေသဖြင့် မဟာမိတ်အမှတ် ၂ တပ်တော်ဖို့တက်လမ်းကို ကြိုတင်ကြေညာပေးသကဲ့သို့ ရှိခဲ့လေသည်။

ရည်မှန်းချက် ပြောင်ကျလွန်းသောကြောင့် ရန်သူသည် မိမိရသမျှ အရန်များကို နောက်ဆုံးခုတုံးနေရာတွင် အင်အားစုစည်း၍ လေထီးတပ်မကို တိုက်ခိုက်ခဲ့လေသည်။ အမှတ် ၂ တပ်တော် ရှေ့ပြေးတပ်များက တာဝန်လာ၍ လဲလှယ်မယူမီ လေထီးတပ်မှာ ရန်သူချေမှုန်းခြင်း ခံခဲ့ရလေသည်။ ဟော်လန်နိုင်ငံ မြေအနေအထားကလည်း တူးမြောင်းများပေါများလှသောကြောင့် ခံစစ်ဆင်သူကို အထောက်အကူပြုခဲ့၏။ နေရာကန့်သတ်ချက်ရှိ၍ ကျယ်ပြန့်စွာ မပန်းနိုင်ဘဲ ရန်သူကို အာရုံပြောင်းအောင် မတတ်နိုင်သဖြင့် ချဉ်းကပ်မှုမှာ တိုက်ရိုက်ချဉ်းကပ်မှု ဖြစ်ခဲ့ရလေသည်။

## ရိုင်းမြစ်တိုက်ပွဲ

အန်ဟမ်စွန့်စားမှု ဆုံးရှုံးခဲ့ပြီးနောက် စောစောစီးစီးအောင်ပွဲခံရန် အလားအလာ နည်းသွားခဲ့လေသည်။ မဟာမိတ်များသည် ဂျာမနီနယ်ခြားတွင် အင်အားစုစည်း၍ အသေအချာ ပြင်ဆင်ထားသည့် ထိုးစစ်ကြီးနှင့် တိုက်ကြရတော့မည်ဖြစ်၏။ ယင်းသို့ အင်အားစုစည်းပြင်ဆင်ရသည်မှာ အချိန်ကြာပေသည်။ မဟာမိတ်များက ရှယ်(လ)ပင်လယ် လက်တက်ကိုရှင်း၍ ရိက္ခာလမ်းကြောင်းသစ်ကို ဖွင့်ပေးရမည့်အစား အေချန်[1]မှ ဂျာမနီပြည်တွင်းဝင်ရန် ကြိုးစားခဲ့ခြင်းကြောင့် ပို၍အချိန်ကြာခဲ့ရ၏။ အေချန်သို့ အမေရိကန်များ ဝင်ရောက်ခြင်းမှာ တိုက်ရိုက်ကျလွန်းပြီး ဂျာမန်တို့က အကြိမ်ကြိမ်ဟန့်တားခြင်းခံခဲ့ကြရလေသည်။

စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကျန်အနောက်ပိုင်းစစ်မျက်နှာတစ်ခုလုံးတွင် မဟာမိတ်များသည် တနန့်နန့်သာ တိုက်ခိုက်ခဲ့ကြ၏။ တစ်ချိန်လုံးတွင် ဂျာမန်တို့က မိမိတို့ခံစစ်ကို အင်အားဖြည့်တင်းခဲ့ကြလေသည်။ ပြင်သစ်မှ ပြန်ဆုတ်လာသည့်တပ်များအပြင် အခြားရနိုင်သမျှ အရန်များကို

၁။ Aachen

www.burmeseclassic.com

စုဆောင်း၍လည်းကောင်း၊ တပ်သစ်များဖွဲ့စည်း၍ ၎င်းတို့ခံစစ်ကို အားသစ်လောင်းထားခဲ့၏။ ဂျာမန်တို့တွင် ပစ္စည်းလက်နက် မဟာမိတ်များထက် အဆမတန်နည်းပါးသော်လည်း ရှေ့တန်းစစ်မျက်နှာတွင် လူအင်အားစုစည်းရာ၌ မဟာမိတ်များထက် လျှင်မြန်ခဲ့၏။ ရှယ်(လ)ပင်လယ်လက်တက်ကိုလည်း မဟာမိတ်များက နိဝင်ဘာလစောစောကျမှ ရှင်းလင်းပြီးခဲ့လေသည်။

နိဝင်ဘာလအလယ်တွင် အနောက်စစ်မျက်နှာ၌ မဟာမိတ်တစ်တော်ပေါ်ဖြစ်သော... ဖြစ် နှစ်လုံးက တန်ပြိုင်တည်း ထိုးစစ်ကြီး ဆင်နွှဲခဲ့၏။ အကျအဆုံးများသော်လည်း ရလဒ်မှာ မပြောပလောက်ချေ။ အကြိမ်ကြိမ် ဆက်တိုက်ကြသော်လည်း တိုက်နိုက်သူများသာ ပင်ပန်းကြရ၏။

ယင်းသို့ ထိုးစစ်ကို အခြေခံအားဖြင့် မည်သို့ပြုလုပ်ရမည်နှင့်ပတ်သက်၍ အမေရိကန်နှင့် ဗြိတိသျှတပ်မှူးကြီးများ သဘောကွဲလွဲခဲ့ကြလေသည်။ ဗြိတိသျှတို့က တစ်နေရာတည်းမှ အင်အားစုစည်းတိုက်လို၏။ အမေရိကန်တို့က စစ်မျက်နှာ ကျယ်ပြန့်လှစွာ သွေးထိုးစမ်းတိုက်လို၏။ ဂျာမန်တို့ခံစစ်ကို စမ်းတိုက်ကြည့်သည့်သဘော ဖြစ်လေသည်။ အမေရိကန်နည်းဖြင့် တိုက်၍မရသောအခါ သဘာဝအလျောက်ပင် အင်အားဖြန့်ခွဲတိုက်၍ ရှုံးရသည်ဟု ဗြိတိသျှတို့က ဝေဖန်ကြ၏။

သို့သော် စစ်ဆင်ရေးများကို သေချာစွာလေ့လာကြည့်သောအခါ **အခြေခံအမှားမှာ ထင်ရှားလွန်းခြင်းဖြစ်၏။** ထိုးစစ်သည် တပ်တော်အသီးသီးဖြန့်၍လုပ်ရသဖြင့် ကျယ်ပြန့်သည်ဟု ဆိုနိုင်သော်လည်း တပ်တော်တစ်ခုစီအကန့်များတွင် ကျဉ်းမြောင်းစွာ ပြုတိုက်ကြရခြင်းဖြစ်၏။ တစ်နေရာစီမှာ ရန်သူတို့မျှော်မှန်းထားရာတွင် တိုက်ကြခြင်း ဖြစ်လေသည်။ အကြောင်းမူကား ထိုးစစ်များသည် အစဉ်အဆက် ဂျာမနီသို့ ဝင်ရန် လမ်းကြောင်းများအတိုင်း တိုက်ကြသောကြောင့်တည်း။ ထို့ပြင် အဓိကတိုက်သည့်နေရာများမှာ မြေပြန့်နေရာများဖြစ်၍ ဆောင်းတွင်းရောက်သောအခါ ရေလျှံ၍ ရွှံ့နွံထူထပ်လာ၏။

ဒီဇင်ဘာလအလယ်တွင် ဂျာမန်များက တန်ပြန်ထိုးစစ်ဆင်နွှဲခြင်းဖြင့် မဟာမိတ်တပ်တော်များ လူထုများကို တုန်လှုပ်ချောက်ချားစေခဲ့၏။ ဂျာမန်များသည် မဟာမိတ်ထိုးစစ်ကို ဟန့်တားထားနိုင်၍ မိမိတို့လှုပ်ရှား အရန်တပ်များကို အသုံးမပြုရဘဲ မဟာမိတ်များ ရှေ့သို့မတက်နိုင်အောင် တားထားနိုင်ခဲ့၏။ မဟာမိတ်တို့ ချီတက်နှုန်းမှာ တွား၍တက်သလို ဖြစ်ခဲ့ရလေသည်။ အမေရိကန်တပ်များဖောက်ထွက်နိုင်ရန် အခွင့်အလမ်းနည်းလာသည်နှင့်အမျှ ဂျာမန်တို့က တန်ပြန်တိုက်တော့မည်ကို မှန်းဆထားရမည်ဖြစ်၏။ အထူးသဖြင့် အောက်တိုဘာလ

စစ်တုံ့နေစဉ် ၎င်းတို့၏ ပန်ဇာတပ်မများကို နောက်တန်းသို့ ပြန်ခေါ်၍ တင့်ကားအသစ်များနှင့် အင်အားဖြည့်ပေးသည်ကို မဟာမိတ်များက သိရှိထားကြလေသည်။ သို့သော် မဟာမိတ်များသည် အောင်ပန်းဆွတ်ခူးရန်သာ ဆန္ဒစောနေကြသဖြင့် ရန်သူက တန်ပြန်ထိုးစစ်ဆင်နိုင်သည်ကို ကြိုတင်မမြင်နိုင်ခဲ့ကြချေ။ ယင်းသို့ မဟာမိတ်များက ရန်သူလုပ်ဆောင်မည်ကို ကြိုတင်မမြင်ကြသည်နှင့်အမျှ ဂျာမန်တို့က အခွင့်ကောင်းရခဲ့ကြ၏။

တန်ပြန်ထိုးစစ်ဆင်ရန် (တန်ပြန်တိုက်ပွဲတွင်လည်း အလားတူပင်ဖြစ်၏။) အကောင်းဆုံးအချိန်မှာ ရန်သူသည် ၎င်းတပ်များအားလုံးကိုသုံးပြီး ၎င်းတို့ရည်မှန်းချက် မရသည့်အချိန်တွင် ဖြစ်လေသည်။ ထိုအချိန်၌ အချိန်ကြာရှည်စွာတိုက်ပြီးကြပြီဖြစ်၍ ထိုးစစ်ဆင်သူသည် သဘာဝအလျောက် ပင်ပန်းနွမ်းနယ်နေမည်ဖြစ်ပြီး ၎င်းတို့ဌာနချုပ်၌လည်း တုံ့ပြန်တိုက်ခိုက်ရန် အရန်အနည်းငယ်သာကျန်တော့မည်ဖြစ်လေသည်။ အထူးသဖြင့် တန်ပြန်ထိုးစစ်သည် အခြားဘက်မှ လုပ်လာလျှင် မူလထိုးစစ်ဆင်သူတွင် အရန်မရှိတော့သလောက် ဖြစ်ပေလိမ့်မည်။

ဂျာမန်စစ်ဌာနချုပ်သည် မြေကိုရွေးချယ်ရာ၌လည်း အမြော်အမြင်ရှိခဲ့၏။ ဤနေရာ၌ မဟာမိတ်များနှင့် ကွာခြားလှပေသည်။ သူတို့ တန်ပြန်ထိုးစစ်ဆင်ရန်ရွေးချယ်သောနေရာမှာ သစ်တော၊ တောင်ကုန်း ထူထပ်သည့် အာဒိန်းသစ်တောဖြစ်၏။ ခက်ခဲသည့်မြေနေရာဟု အများက အသိအမှတ်ပြုထားသောနေရာဖြစ်လေရာ ထိုနေရာမှ အကြီးအကျယ် ထိုးစစ်မလာနိုင်ဟု သမားရိုးကျသူများက စွဲမှတ်ထားကြမည်ဖြစ်၏။ တစ်ချိန်တည်းတွင် သစ်တောများက ထိုးစစ်ဆင်မည့် တပ်များကို ဖုံးကွယ်ထား၍ မြေမြင့်ဖြစ်သဖြင့် ခြောက်သွေ့ပြီး တင့်ကားများ စစ်ကစားကောင်းသည့်နေရာ ဖြစ်၏။ ထိုမြေအနေအထားကို ဂျာမန်များက အမြော်အမြင်ထုတ်ခဲ့ကြလေသည်။

ဂျာမန်များအတွက် အဓိကအန္တရာယ်မှာ မဟာမိတ်လေတပ်က လျှင်မြန်စွာဝင်ရောက်စွက်ဖက် တိုက်ခိုက်နိုင်ခြင်းဖြစ်၏။ မိုဒယ်က ပြဿနာကို ဤသို့အတိုချုပ်၍ ပြောပြလေသည်။ "ကျွန်တော်တို့ရဲ့ နံပါတ်တစ်ရန်သူက ရန်သူလေတပ်ပဲ၊ လေကြောင်းမှာ သူတို့က လုံးဝစိုးမိုးနိုင်လေတော့ သူတို့ ဗုံးကြဲတိုက်လေယာဉ်တွေ၊ ဗုံးကို ကော်ဇောဖြန့်ခင်းသလို ကြဲချပြီး ကျွန်တော်တို့မြားဦးတပ်တွေ၊ အမြောက်တွေကိုတိုက်မယ့် အန္တရာယ်ပဲ၊ နောက်ပိုင်းမှာလဲ လှုပ်ရှားလို့မရလောက်အောင်ကို တိုက်နိုင်ကြမှာ ဖြစ်တယ်"

ထို့ကြောင့် ဂျာမန်များက ၎င်းတို့ရာသီဥတု ခန့်မှန်းချက်များအရ သဘာဝမြူထည် မြူထားနိုင်သော ရာသီဥတုတွင် ရွေး၍တိုက်ကြ၏။ ပထမသုံးရက်တွင် မဟာမိတ်လေတပ်များသည် မြူနှင့် မိုးကြောင့် လုံးဝပျံသန်းမရခဲ့ကြချေ။ ဤနည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆိုးရွားသည့်ရာသီဥတုကိုလည်း ၎င်းတို့အတွက် အကျိုးရှိအောင် ဂျာမန်များ အသုံးချခဲ့ကြ၏။

ဂျာမန်များအတွက် အဘက်ဘက်မှ အကျိုးရှိအောင် အသုံးချတတ်ပါမှ တော်ရုံကျမည်ဖြစ်၏။ ရှိသည့်ငွေနည်းနည်းကို ပုံအောချလိုက်ခြင်း ဖြစ်လေသည်။ ယခု ထိုးစစ်မှာ တာကယ့်စွန့်စား လောင်းကစားခြင်းဖြစ်ပြီး နောက်ဆုံး ဇာက်ဖဲ ဖြစ်သည်ကိုလည်း သူတို့သိကြ၏။ ထိုးဝင်တိုက်ခိုက်ရမည့်တပ်များမှာ အမှတ် ၅ နှင့် အမှတ် ၆ ပန်ဇာတပ်တော်များဖြစ်ပြီး စုရသမျှတင့်ကားများ ပေးထားလေသည်။

အာဒင်းသစ်တောကို ထိုးစစ်ပြုလုပ်မည့်သူအနေနှင့် ကြည့်လျှင် ကိုးရိုးကားရားနိုင်သည့်အချက်ကို တွေ့ရ၏။ ယင်းမှာ နက်ရှိုင်းသော ချိုင့်ဝှမ်းများဖြစ်ပြီး ၎င်းတို့မှ ဖြတ်သန်းသွားသည့်လမ်းများမှာ ပုလင်းခေါင်းကျဉ်းနေရာများ ဖြစ်နေခြင်း ဖြစ်ပေသည်။ ထိုနေရာများ၌ တင့်ကားများကို ခုခံထားရလွယ်၏။ ယင်းအန္တရာယ်ကို ကာကွယ်ရန် ဂျာမန်စစ်ဌာနချုပ်သည် လေထီးတပ်များကို အသုံးပြုပြီး အဆိုပါမဟာဗျူဟာချိုင့်ဝှမ်းများကို သိမ်းပိုက်နိုင်မည်ဖြစ်၏။ သို့သော် ၁၉၄၈ ခု မေလတွင် ဂရိ(စ)ကျွန်းကို သိမ်းပြီးကတည်းက ဂျာမန်တို့သည် ယင်းအထူးတပ်ကို လျစ်လျူရှုထားခဲ့၍ လေထီးတပ်များသည် သံချေးတက်ပြီး အလွန်အားနည်းနေပြီဖြစ်သဖြင့် လက်တစ်ဆုပ်စာ လေထီးတပ်များကိုသာ အသုံးပြုခဲ့ကြရ၏။

တန်ပြန်ထိုးစစ်ရည်မှန်းချက်မှာ ကြီးမားလွန်းလှ၏။ သွယ်ဝိုက်ချဉ်းကပ်၍ အင်တဝပ်အထိ တိုက်ခိုက်သွားရန် ဖြစ်လေသည်။ ဗြိတိသျှတပ်တော်စုကို အမေရိကန်တပ်တော်စုနှင့် လည်းကောင်း၊ သူတို့၏ ရိက္ခာစခန်းများနှင့်လည်းကောင်း အဆက်ပြတ် အထီးကျန်ဖြစ်စေပြီးမှ ချေမှုန်းရန် ဖြစ်လေသည်။ မင်ကြူဖယ် အုပ်ချုပ်သည့် အမှတ် ၅ ပန်ဇာတပ်တော်က အာဒင်းသစ်တောအတွင်း အမေရိကန် စစ်မျက်နှာကို ဖောက်ထွင်းတိုက်၍ အနောက်သို့ချိုးကာ တစ်ဖန် မြောက်ဘက်သို့ ချီတက်၍ မြူ(စ)မြစ်ကို ဖြတ်ကူးပြီး နေမြူအာမှ အင်တဝပ်အထိသာ ချီတက်ရန် ဖြစ်၏။ ယင်းသို့ချီတက်သွားစဉ် တောင်ပိုင်းမှ အမေရိကန်တပ်တော်များက မနှောင့်ယှက်စေရန် ဘေးကာတပ်အဖြစ်ဖြင့် ခံစစ်ဆင်နွှဲရမည် ဖြစ်လေသည်။

အက်(စ)အက်(စ)တပ်မှူး ဆက်(ပ)ဒီထရစ်[၁] အုပ်ချုပ်သည့် အမှတ် ၆ ပန်ဇာတပ်တော်က အနောက်မြောက်ဘက်သို့ ဓားလွယ်ခုတ်ချီတက်၍ လီရှ်ကို

၁။ S.S. Commander Sepp Dietrich



ဖြတ်ပြီး အင်တဝပ်အထိ တိုက်သွားရန်ဖြစ်၏။ ဗြိတိသျှတပ်များနှင့်တကွ ပို၍ မြောက်ပိုင်းကျသော အမေရိကန်တပ်များအတွက် မဟာဗျူဟာ အတားအဆီး အဖြစ် လုပ်ဆောင်ရမည် ဖြစ်လေသည်။

အငိုက်ရလိုက်သဖြင့် ဂျာမန်တန်ပြန်ထိုးစစ်သည် အစပိုင်းတွင် အထူး အောင်မြင်ခဲ့ပြီး အန္တရာယ်ပြုလောက်အောင် ခြိမ်းခြောက်နိုင်ခဲ့၏။ မဟာမိတ်များဘက်တွင် တုန်လှုပ်ချောက်ချားရပြီး ရှုပ်ထွေးမှုများ ဖြစ်ခဲ့လေသည်။ မင်ကြူဖယ်၏ အမှတ် ၅ ပန်ဇာတပ်တော်က ပို၍နက်ရှိုင်းစွာ ထိုးဝင်နိုင်ခဲ့၏။ မဟာမိတ်လေတပ်က တိုက်ခိုက်နိုင်ခဲ့သဖြင့်လည်းကောင်း၊ ဓာတ်ဆီကုန်သွားသဖြင့် လည်းကောင်း အချိန်နှင့် အခါအခွင့် လက်လွှတ်ခဲ့ရပြီး အချို့နေရာများတွင် မြူမြစ်နှင့် အလွန်နီးကပ်ခဲ့သော်လည်း တပ်တော်တစ်ခုလုံးအနေနှင့် မြစ်သို့ရောက်ရန်ပင် အတော်ဝေးကွာခဲ့လေသည်။ ဤကဲ့သို့ ဂျာမန်များ အောင်မြင်ခဲ့ခြင်းမှာ အာဒင်းသစ်တောအတွင်း နံဘေးမှ ရန်သူပန်းတက်ခြင်းခံရသော်လည်း နေရာကျဉ်း အများအပြားမှ အမေရိကန်တပ်များက အနိုင်မခံ အရှုံးမပေးဘဲ ဇွဲကောင်းကောင်း နှင့် ခုခံခဲ့ကြသောကြောင့် ဖြစ်၏။ ထို့ပြင် ထိုအချိန်၌ မြောက်ပိုင်းတောင်ပံတစ်ခု လုံးကိုကွပ်ကဲဦးစီးရသည့် မောင်ဂိုမာရီက လျှင်မြန်စွာ အရန်တပ်များကို တောင် ပိုင်းသို့ပို့ပြီး ရန်သူမြူစ်မြစ် မဖြတ်ကူးနိုင်အောင် လုပ်ဆောင်ခဲ့မှုကြောင့် ဂျာမန် တို့ တန်ပြန်ထိုးစစ် မအောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။

နောက်တစ်ဆင့်တွင် မဟာမိတ်တပ်မတော်များသည် အင်အားစုစည်းပြီး မိမိတို့ စစ်မျက်နှာတွင်၊ ထိုးဝင်လာသောတပ်ကြီးကို ဖြတ်တောက်ချေမှုန်းရန် ကြိုးစားကြရာ ဂျာမန်များက လိမ္မာပါးနပ်စွာ မဟာမိတ်များ ထောင်ချောက်အတွင်း မှ သူတို့တပ်များကို ဆုတ်ခွာသွားနိုင်ကြ၏။ တန်ပြန်ထိုးစစ်အနေနှင့်ကြည့်လျှင် ဂျာမန်တို့ တန်ပြန်ထိုးစစ်မှာ အမြတ်ထွက်သောထိုးစစ်တစ်ခု ဖြစ်လေသည်။ မိမိတို့ရည်မှန်းချက်များ မရခဲ့သော်လည်း မဟာမိတ်ပြင်ဆင်မှုများကို ကမောက် ကမ ဖြစ်စေခဲ့ပြီး ထိခိုက်ကျဆုံးမှုမှာ များလှသည်ဟု မဆိုသာချေ။ နောက်ဆုံးအဆင့်တွင်သာ ဟစ်တလာက နောက်သို့ဆုတ်ခွာခွင့်ပေးရန် နှောင့်နှေး ခဲ့သဖြင့် ဂျာမန်တပ်များ ပိုမိုထိခိုက်ကျဆုံးခဲ့ကြရ၏။

သို့သော် အခြေအနေတစ်ခုလုံးကို ခြုံ၍သုံးသပ်ပါက ယခု တန်ပြန်ထိုးစစ် မှာ ဂျာမနီအား သေရွာလားစေခဲ့သည့် ထိုးစစ်ဖြစ်၏။ အစစ ခြိုးခြံချွေတာနေ ကြရစဉ် ၎င်းတို့ မတတ်နိုင်သည့် ဆုံးရှုံးမှုများ ခံခဲ့ကြရ၏။ ဤကဲ့သို့ ဆုံးရှုံးမှု များကြောင့် နောက် မဟာမိတ်များ ထိုးစစ်ဆင်လာသောအခါ ဂျာမန်တို့ ကြာ ရှည်စွာ ဆက်လက် မခုခံနိုင်တော့ချေ။ ဂျာမန်တို့အနေနှင့် မိမိတို့တွင် အင်အား

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ကြောင်း၊ မျှော်လင့်ချက်မရှိတော့ကြောင်း ကြေညာလိုက်သကဲ့သို့ ရှိလေ၏။ အတိုဆိုရသော် ဂျာမနီက စစ်ရေးဘက်၌ ရှုံးနိမ့်ကျနေပြီဖြစ်ကြောင်း ကြေညာလိုက်သကဲ့သို့ ရှိလေသည်။ ထိုတိုက်ပွဲပြီးသောအခါ ဂျာမနီတွင် ပစ္စည်းလက်နက် မရှိတော့ကြောင်း၊ ဆက်တိုက်လျှင် အကျိုးမဲ့စွန့်လွှတ်ခြင်းသာ ဖြစ်တော့မည်ဆိုသည်ကို ဂျာမန်တပ်မတော်နှင့် ဂျာမန်လူထုတို့အား ဖုံးကွယ်မထားနိုင်တော့ချေ။

## နောက်ဆုံးအဆင့်

ဩဂုတ်လမှ နှစ်ကုန်သည်အထိ အဓိက ရုရှစစ်မျက်နှာမှာ (ပိုလန်အလယ်လောက်တွင်) စစ်တန့်လျက်ရှိ၏။ ရုရှတပ်တော်များသည် နွေအခါက ၎င်းတို့တပ်တော်များ ဖြတ်သန်းလာခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပြုပြင်၍ အနာဂတ်ထိုးစစ်အတွက် ရှေ့တန်းတပ်များအား အင်အားဖြည့်တင်းလျက်ရှိလေသည်။ ဆောင်းဦးတွင် အရှေ့ပရပ်ရှားထဲ ဝင်သည့်နေရာကျဉ်းကို တိုက်ခိုက်ရာ မအောင်မြင်ခဲ့ချေ။

ထိုအချိန်တွင် ရူမေးနီးယားနှင့် ဘူဂေးရီးယားတို့မှ ချီတက်လာကြသော ရုရှဘယ်တော်ပံတပ်တော်များသည် ဟန်ဂေရီနှင့် ယူဂိုဆလားဗီးယားကိုဖြတ်၍ ကျယ်ပြန့်စွာ ဘေးပန်းမှ ချီတက်လျက်ရှိကြ၏။ ယင်းမှာ ရေရှည်ရည်မှန်းချက်များနှင့် ပြုလုပ်သော အင်္ဂမဟာဗျူဟာအရ လည်းကောင်း၊ မဟာဗျူဟာအရ လည်းကောင်း ချီတက်ခြင်းများ ဖြစ်လေသည်။ ၎င်းတို့ ဖြတ်သန်းသွားရသော နိုင်ငံများတွင် အုပ်ချုပ်ရေးကိစ္စများ စီစဉ်ရ၍လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်း၍လည်းကောင်း ချီတက်မှုမှာ နှေးကွေးခဲ့၏။ သို့သော် ရှေ့သို့ ဆက်တက်လာပြီး ဘုံရည်မှန်းချက်သို့ တဖြည်းဖြည်း ဆုံလာကြခြင်းဖြစ်လေသည်။ ဂျာမန်များက ယင်းသို့ နံဘေးမှ ပန်းတက်လာကြသောရန်သူကို ခုခံရန် တပ်များ ချထားရခြင်းကြောင်း ၎င်းတို့၏ အဓိကစစ်မျက်နှာဖြစ်သော အရှေ့ဘက်နှင့် အနောက်ဘက် စစ်မျက်နှာများမှ အာရုံပြောင်းပြီး တပ်များ ဖြန့်ခွဲရတော့၏။

ဇန်နဝါရီလအလယ်တွင် ပိုလန်တောင်ပိုင်းရှိ ဂျာမန်တပ်များကို ရည်ရွယ်၍ ကိုနီ(ဖ)၏တပ်များက ထိုးစစ်ကြီးဆင်နွှဲခဲ့လေသည်။ ဆန်ဒိုမီးယပ်[၁] အနီး ဗစ်ကြူလာမြစ်ကူး တံတားဦးမှ စတင်တိုက်ခိုက်ကြခြင်းဖြစ်၏။ ရန်သူခံစစ်ကြောင်းကို ထိုးဖောက်နိုင်၍ အလယ်ပိုင်းရှိ ၁၆၁ကန့်မှ ရန်သူတောင်ပံကို ခြိမ်းခြောက်

၁။ Sandomierz



နိုင်သောအခါ ဝါဆောမြို့တော်အနီး တံတားဦးမှ ဇူးကော့၏တပ်တော်များက ချီတက်တိုက်ခိုက်ကြတော့၏။ ဆောင်းတွင်းတွင် တိုက်ခိုက်ကြခြင်းဖြစ်စေကာမူ ပထမအပတ်အတွင်း၌ နွေကာလ ထိုးစစ်အောင်မြင်ခဲ့သကဲ့သို့ပင် ခရီးပေါက်ခဲ့ကြလေသည်။

ပိုလန်အနောက်ပိုင်းစစ်မျက်နှာမှာ ကျယ်ပြန့် ပြန့်ပြောလွန်းသဖြင့် ခံစစ်ဆင်သူများအတွက် အခက်အခဲကြုံရလေသည်။ ၁၉၃၉ ခုနှစ်တွင်လည်း အလားတူအဖြစ်မျိုး ဂျာမန်တို့ တွေ့ကြုံခဲ့ကြရ၏။ မြေအနေအထားက လှုပ်ရှား ထိုးစစ်ဆင်သူအတွက် ပို၍အခွင့်သာ၏။ အထူးသဖြင့် ကျယ်ပြန့်သော မြေအနေအထားတွင် အင်အားပိုကြီးမားၡ စစ်ကစားနိုင်သူက တစ်ပန်းသာ၏။ ယခုအခါတွင် ဂျာမန်များသည် ခံစစ်ဆင်နေသည့်အပြင် အင်အားရော လှုပ်ရှားစစ်ကစားနိုင်မှုတွင်ပါ ရန်သူထက် အားနည်းလျက်ရှိလေသည်။

ဒုတိယအပတ်အတွင်းတွင် ရုရှတပ်များသည် ထိုးစစ်အရှိန်ကို ထိန်းသိမ်းထားနိုင်ပြီး ဂျာမန်သံ့ပန်းများ ပို၍ဖမ်းဆီးနိုင်လာ၏။ ဂျာမန်တို့က နောက်ကျမှ အယွေ့ယွေ့ ဆုတ်ခွာမှုလုပ်ရန် ကြိုးပမ်းကြခြင်းကို ရုရှမြားဦးတပ်များက ရန်သူ ဆုတ်ခွာခွင့်မပေးဘဲ လိုက်စစ်ဆင် တိုက်နိုင်ခဲ့ကြလေသည်။ ဂျာမန်ပိုင်နက်အတွင်း မြို့ကြီးများမှ အရပ်သူအရပ်သားများကို အရေးတကြီး ဆုတ်ခွာပေးရခြင်းဖြင့်လည်း ရုရှတို့ ချီတက်မှုမှာ လျင်မြန်လှသဖြင့် ဂျာမန်စစ်ဌာနချုပ်၏ တွက်ကိန်းများ ကမောက်ကမ ဖြစ်သွားခဲ့သည်ကို ပြသပေ၏။ ဂျာမန်တပ်များသည် ကြားနေရာများမှ ခုခံနိုင်မည်ဟုတွက်ထားကြသော်လည်း ယင်းနေရာများမှ အရေးတကြီး ဆုတ်ခွာပေးခဲ့ကြရလေသည်။

ကရာကိုးနှင့် လို(ဇ)အကြား ကျယ်ပြန့်လှသော နေရာများမှ ထိုးဝင်ခဲ့သော ကိုနီ(ဖ)၏ တပ်တော်များသည် ပိုလန်အနောက်ပိုင်းမှဖြတ်၍ ဆိုက်လယ်ရှားပြည်နယ်ထဲသို့ ဝင်ရောက်လာကြ၏။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကရာကိုးနှင့် လို(ဇ) နှစ်မြို့စလုံး ကျခဲ့၏။ လို(ဇ)ကို ဇူးကော့၏ နံဘေးမှ ပန်းသည့်တပ်များက သိမ်းယူခဲ့ခြင်း ဖြစ်လေသည်။ ၂၃ ရက်နေ့တွင် မိုင် ၄၀ စစ်မျက်နှာမှ ချီတက်တိုက်ခိုက်ခဲ့သည့် ကိုနီ(ဖ)၏တပ်များသည် ဘရက်(စ)လော အထက်နား၌ အိုဒါမြစ်သို့ရောက်ပြီး မြစ်ကူးနေရာ အများအပြားကို သိမ်းပိုက်နိုင်ခဲ့၏။ လျင်မြန်စွာ ချီတက်တိုက်ခိုက်ခြင်းဖြင့် ဆိုက်လယ်ရှားအပေါ်ပိုင်းမှ အရေးကြီးသည့် စက်မှု လက်မှုမြို့များကို သိမ်းပိုက်နိုင်ခဲ့၍ ဂျာမနီ၏ စစ်ဘက်ကုန်စည်ထုတ်လုပ်ရေး အကြီးအကျယ် ထိခိုက်ခဲ့ရလေသည်။ ဂျာမန်တို့သည် အိုဒါမြစ်တစ်ဖက်ကမ်းတွင် ပြန်လည်စုစည်းကြ၍ ရုရှတို့ ရှေ့မတက်နိုင်အောင် ထားဆီးခဲ့ကြ၏။

www.burmeseclassic.com

ညာတောင်ပံတွင် ရိုကိုဆော့စကီး၏တပ်တော်များသည် ဝါဆော၏အရှေ့မြောက်ဘက် နရက်(ဗ)မြစ်မှ ရှေ့သို့ချီတက်ခဲ့ကြ၍ အရှေ့ပရပ်ရှားကို ဝင်တိုက်ကြ၏။ နယ်ခြားကို အနောက်ဘက်အစွန်နေရာမှ ဖြတ်ကူးခဲ့ပြီး တနင်းဘက်စစ်မြေပောင်းနေရာ (၁၉၁၄ ခုနှစ်တွင် ရုရှတို့ အကြီးအကျယ်စစ်ရှုံးခဲ့သည့် စစ်မြေပြင်ပောင်း)ကိုဖြတ်၍ ၂၆ ရက်နေ့၌ ဒန်းဇစ်အရှေ့ဘက်နား၌ သော(လ)တစ်ပင်လယ်ကို ရောက်ရှိခဲ့ကြလေသည်။ အရှေ့ပရပ်ရှားမှ ဂျာမန်တပ်အမြောက်အမြားကို ဖြတ်တောက်နိုင်ခဲ့၍ ကိုနစ်ဘက်တွင် ဂျာမန်တို့ အဝိုင်းခံနေကြရ၏။

ရုရှတပ်များအလယ်မှ ဇူးကော့သည် အနောက်မြောက်ဘက် ဆက်သွယ်ရေး အချက်အချာကျသော တိုရွန်နှင့် ပို(ဇ)နန်[၁] မြို့များသို့ ဦးတည်ချီတက်ခဲ့ပြီး မြို့နှစ်မြို့စလုံး နံဘေးမှပန်း၍ ဂျာမန်နယ်ခြားအထိ ချီတက်ခဲ့လေသည်။ ရုရှဒီရေလှိုင်းတက်လာရာတွင် ယင်းနှစ်မြို့စလုံး ကျွန်းငယ်လေးနှစ်ကျွန်းသဖွယ် ကျန်ရစ်ခဲ့၏။ ၂၉ ရက်နေ့တွင် နယ်ခြားကိုဖြတ်ကျော်ပြီး ဇူးကော့သည် အိုဒါမြစ်ဘက်သို့ ချီတက်ပြန်၏။ ထိုနေရာ၌ အိုဒါမြစ်သည် ဆိုက်လက်ရှားနေရာမှာထက် အနောက်ဘက်ကျကျ စီးဆင်း၏။ ဘာလင်မှာ အိုဒါနှင့် မိုင် ၅၀ ခန့်သာဝေးတော့ပြီး ဇူးကော့သည် ဘာလင်ကို ရည်မှန်းနေသည်မှာ ထင်ရှားလှ၏။ ယင်းသို့ ရည်မှန်းချက် ထင်ရှားလာသည်နှင့်အမျှ ခုခံမှု ပိုမိုပြင်းထန်လာလေသည်။ သူ၏ တင့်ကားများသည် ၃၁ ရက်နေ့တွင် ကူး(စ)ထရင်[၂] အနီး အိုဒါမြစ်သို့ ရောက်လာသော်လည်း မြစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြတ်ကူးရန် ကြိုးပမ်းချက်များကို ဂျာမန်တို့က တွန်းလှန်တိုက်ခိုက်နိုင်ခဲ့၏။

ကိုနီ့(ဖ်)၏တပ်များက အိုဒါ တစ်ဖက်ကမ်းမှ အနောက်ဘက်သို့ ချီတက်၍ နံဘေးမှ [illegible]းရန် လုပ်ဆောင်ခဲ့သေး၏။ သို့သော် နီဆာမြစ်[၃] တွင် ရှေ့ဆက်မတက်နိုင်ဘဲ ဂျာမန်တို့က နီဆာမြစ်မှ ကြံ့ကြံ့ခံခဲ့ကြလေသည်။

တပ်များ ဆန့်ထုတ်လွန်းအားကြီးသောကြောင့် ရုရှားများ အခက်ကြုံကြရပြန်၏။ ထို့ကြောင့် ရုရှတပ်များသည် အရှေ့ဘက်မှ ဆက်မတိုက်နိုင်မီ အနိုင်အရှုံးကို အနောက်စစ်မျက်နှာ၌ ဆုံးဖြတ်ခဲ့လေသည်။

ရုရှတပ်များသည် အိုဒါမြစ်တွင် တိုက်ခိုက်နေကြစဉ် ဖေဖော်ဝါရီလ၌ အိုင်ဆင်ဟောင်းဝါး၏ တပ်များက ထိုးစစ်ကြီးဆင်နွှဲခဲ့ကြ၏။ ဂျာမန်တပ်များ ရိုင်းမြစ်ဖြတ်ကျော်၍ ဆုတ်ခွာမသွားမီ ရိုင်းမြစ်အနောက်ဘက်ကမ်းမှာပင် ချေမှုန်း

၁။ Torun & Poznan
၂။ Kustrin
၃။ Neisse



သုတ်သင်ရန် ရည်မှန်း၍ တိုက်ခဲ့ခြင်း ဖြစ်လေသည်။ ဘယ်တောင်ပံမှ အမှတ် ၁ ကနေဒါ (ဗြိတိသျှများပါ ပါသည်) တပ်တော်မှ စတင်တိုက်ခိုက်ခဲ့၏။ ကိုလုံး အနောက်ဘက်၌ အမေရိကန် အမှတ် ၉ နှင့် အမှတ် ၁ တပ်တော်များကို ရင်ဆိုင်နေသည့် ဂျာမန်တပ်များအား နံဘေးမှပန်း၍ တိုက်နိုင်အောင် ရိုင်းမြစ်အနောက်ဘက်ကမ်းမှ ကွေ့၍ ချီတက်ခဲ့ခြင်း ဖြစ်လေသည်။

ဂျာမန်တို့၏ အာဒိန်းတန်ပြန်ထိုးစစ်ကြောင့် မဟာမိတ်များ ထိုးစစ်ကို နောက်ကျမှလုပ်ခဲ့ရ၏။ မဟာမိတ်များ ထိုးစစ်စတင်သောအခါ နှင်းများ စတင်ပျော်နေပြီဖြစ်သဖြင့် ခံစစ်ဆင်သူက တစ်ပန်းသာခဲ့၏။ ရိုအာမြစ်[၁] ရေကာတာများကို ဂျာမန်တို့က ဖောက်ချခဲ့၍ ထိုနေရာ၌ အမေရိကန်တို့ ထိုးစစ်မှာ ၂ ပတ်နှောင့်နှေးခဲ့ရပြန်၏။ တိုက်ပြန်တော့လည်း ဂျာမန်များက ပြင်းထန်စွာ ခုခံခဲ့ကြလေသည်။ ထို့ကြောင့် အမေရိကန်တို့သည် ကိုလုံးကို မတ်လ ၅ ရက်နေ့ကျမှ ဝင်နိုင်ခဲ့၏။ ဂျာမန်များက ကြွင်းကျန်နေသော တပ်များ၊ ပစ္စည်းလက်နက်တော်တော်များကို ရိုင်းတစ်ဖက်ကမ်းသို့ ဆုတ်ခွာယူဆောင်သွားနိုင်ကြလေသည်။

ဂျာမန်များသည် မဟာမိတ် ဘယ်တောင်ပံကို ခုခံတိုက်ခိုက်ရာ၌မူ ၎င်းတို့ အင်အား အချိုးအစား အတော်တော်များများကို သုံးခဲ့ကြရ၏။ ဂျာမန် ဘယ်တောင်ပံကလည်း အင်အားနည်းနေသောကြောင့် အမေရိကန်အမှတ် ၁ နှင့် အမှတ် ၃ တပ်တော်များသည် အခွင့်ကောင်းရခဲ့ကြလေသည်။ အမှတ် ၁ တပ်တော် ညာတောင်ပံသည် ဘွန်းတွင် ရိုင်းမြစ်သို့ ဖောက်ထွက်ခဲ့၍ တပ်တစ်တပ်က ရိုင်းမြစ်ဖြတ်ကူးထားသော ရီမာဂျင်[၂] တံတားတစ်ခုကို ရန်သူအား အငိုက်ဖမ်း၍ မပျက်မစီး အကောင်းအတိုင်း သိမ်းပိုက်နိုင်ခဲ့လေသည်။ ယင်းသို့ မမျှော်လင့်ဘဲ ရခဲ့သော အခွင့်အရေးကို အိုက်ဆင်ဟောင်ဝါးက ချက်ချင်းအမြတ်ထုတ်နိုင်ခြင်း မရှိချေ။ ယင်းသို့ အမြတ်ထုတ်စစ်ဆင်လိုလျှင် နောက်တစ်ဆင့်ဖြစ်သော အဆုံးအဖြတ်ပေးမည့် အဆင့်အတွက် စီမံချက်များကို ပြင်ဆင်၍ အရန်များကိုပါ နေရာအပြောင်းအလဲ ပြုလုပ်ရမည်ဖြစ်၏။ သို့သော် ထိုရီမာဂျင်တံတားမှ မဟာမိတ်များက ခြိမ်းခြောက်နိုင်သဖြင့် အရန်တပ်များ အင်အားနည်းနေပြီဖြစ်သော ဂျာမန်များအား အာရုံပြောင်းစေခဲ့၏။

ဂျာမနီဘက်မှ အာဒိန်းသစ်တော အဆက်နေရာဖြစ်သည့် အိုက်ဖဲလ်ဒေသ[၃] တွင် အမေရိကန် အမှတ် ၁ တပ်တော်က ဖောက်ထွက်နိုင်ခဲ့သဖြင့် ပို၍

၁။ Roer River
၂။ Remagen
၃။ Eifel

www.burmeseclassic.com

www.burmeseclassic.com

ကြီးကျယ်သည့် အခွင့်ကောင်းကြီးတစ်ခု ရခဲ့ပြန်၏။ နော်မန်ဒီမှ ဖောက်ထွက်စဉ်ကအတိုင်း အမှတ် ၄ သံချပ်ကာတပ်မသည် ပက်တန်၏ မြားဦးတပ်ဖြစ်ပြီး ကိုဗလင့်(ဇ)နေရာတွင် ရိုင်းမြစ်သို့ တစ်ရှိန်ထိုး ချီတက်ခဲ့လေသည်။ ထို့နောက် ပက်တန်သည်-သူ၏တပ်များကို တောင်ဘက်သို့ချိုး၍ ချီတက်စေပြီး မိုဆယ်မြစ်အောက်ပိုင်းကိုဖြတ်၍ ပလာတီနိတ်[၁]ကို ဝင်ခဲ့၏။ ထို့နောက် ပက်(ချ်)[၂]၏ အမှတ် ၇ တပ်တော်ကို ရင်ဆိုင်နေသော ရန်သူနောက်ပိုင်းကိုဖြတ်ပြီး ရိုင်းမြစ်အနောက်ဘက်ကမ်းခြေကို ရှင်းလင်းချီတက်ခဲ့လေသည်။ ယင်းသို့ ချီတက်တိုက်ခိုက်ခြင်းဖြင့် ရန်သူသုံးပန်း အမြောက်အမြား ဖမ်းမိခဲ့ပြီး ပက်တန်၏တပ်များ အရှေ့ဘက်သို့ တစ်ဖန်ချိုး၍ ရိုင်းမြစ်ကို ဖြတ်ကူးသောအခါ အနှောင့်အယှက်မရှိ အလွယ်တကူ ဖြတ်ကူးနိုင်ခဲ့၏။


၂၂ ရက်နေ့ည၌ ပက်တန်သည် မိန့်(ဇ)နှင့် ဝမ်းအကြား[၃]မှ ရိုင်းမြစ်ကို ဖြတ်ကူးပြီး ချက်ချင်း အမြတ်ထုတ်စစ်ဆင်နိုင်သဖြင့် ဘာဗေးရီးယားနယ်အတွင်း နက်ရှိုင်းစွာ စစ်မျက်နှာတစ်လျှောက်လုံးတွင် အခြေပျက်သွားပြီး အထွေထွေ ခွာစစ်ဆင်၍ (တောင်ပိုင်း တောတောင် ထူထပ်ရာနေရာမှ) ခုခံတိုက်ခိုက်ရန် စီမံချက်အားလုံးကို ကမောက်ကမ ဖြစ်စေခဲ့လေသည်။ ယင်းသို့ ဂျာမန်များက တောင်ပိုင်းမှ နောက်တစ်ချီ ခံစစ်ဆင်ဦးမည်ဟု ထိုစဉ်က အမျိုးမျိုး ဝေဖန်ခဲ့ကြ၍ ထိုခံစစ်နေရာမှာလည်း နာမည်ကြီးလျက်ရှိ၏။

၂၃ ရက်ည၌ကား မောင်ဂိုမာရီ၏တပ်တော်စုက အသေအချာ ပြင်ဆင်၍ ရိုင်းမြစ်ကို ဒတ်ချ်နယ်ခြားအနီးမှ ဖြတ်ကူးခဲ့ကြလေသည်။ လေးနေရာမှ ညအချိန်တွင် ဖြတ်ကူးခဲ့၍ နံနက်လင်းသောအခါ လေထီးတပ်မနှစ်ခုကို ရန်သူနောက်ပိုင်းတွင် ချထားပြီး မဟာမိတ်များ ရရှိထားသော တံတားဦးများကို ပိုမိုခိုင်မာအောင် လုပ်နိုင်ခဲ့၏။ ဂျာမန်တို့ ခုခံမှုမှာ နေရာတကာတွင် ကျိုးပေါက်ခဲ့ပြီဖြစ်ပြီး အထွေထွေ ပြိုကွဲခြင်း ဖြစ်လာခဲ့လေပြီ။

သို့စဉ်လျက် ဂျာမန်တို့လက်နက်ချရန် နောက်တစ်လ ဆက်လက်၍ ကြန့်ကြာခဲ့ရသေး၏။ ယင်းသို့ ကြန့်ကြာရသည်မှာ ပြိုကွဲနေပြီဖြစ်သော ဂျာမန်တို့က ခုခံသောကြောင့် မဟုတ်ချေ။ ဂျာမန်တပ်များက တောင်ဘက်အစွန်နှင့် မြောက်ဘက်အစွန်နေရာများတွင်သာ တကယ်ခုခံခဲ့လေသည်။ ရိုင်းမြစ်ဖြတ်ကူးပြီးသည့် အချိန်မှစ၍ မဟာမိတ်များ ရိက္ခာပို့ဆောင်ရေးပြဿနာပေါ်ခဲ့လေသည်။

၁။ Palatinate
၂။ Patch
၃။ Mainz and Worms





မဟာမိတ် ထိုးစစ်နှင့် ဂျာမန်တန်ပြန်ထိုးစစ် ဒုတိယကမ္ဘာစစ်

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်လေတပ်က လမ်းများကို ဖြတ်တောက်ဗုံးကြဲခြင်းဖြင့် လမ်းများ ပိတ်ဆို့ကုန်သည့်အပြင် နိုင်ငံရေး ရှုပ်ထွေးမှုကြောင့်လည်း စစ်ကြီး ပိုမိုကြန့်ကြာခဲ့ရ၏။

ရိုင်းမြစ် ဖြတ်ကူးပြီးကတည်းက စစ်ရေးအဆုံးအဖြတ်ကို မဟာမိတ်များက ရရှိခဲ့ကြပြီဖြစ်၏။ ထိုအချိန်မတိုင်မီ အတော်ကြာကပင် ဂျာမန်တပ်မတော်မှ စစ်ပန်းလှပြီဖြစ်ပြီး အလွန်အမင်း ဆွဲဆန့်ထားရသော ကြက်ပေါင်ကြိုးကဲ့သို့ မည်သည့်အချိန်တွင် ပြတ်တော့မည်ကို စောင့်နေရသလို ဖြစ်ခဲ့လေသည်။

ကျယ်ပြန့်လှသော စစ်မျက်နှာများမှ တဖြည်းဖြည်း အလယ်သို့ ဆုတ်ခွာပေးရ၍ စစ်မျက်နှာ ပိုမိုကျဉ်းမြောင်းတိုတောင်းလာသည် မှန်သော်လည်း ဂျာမန်တို့ ထိခိုက်ကျဆုံးမှုမှာ အဆမတန် များပြားခဲ့ရလေသည်။ ယင်းသို့ဖြစ်ရသည်မှာ ဟစ်တလာအမိန့်အရ မူသေခံစစ်နည်းများကို ကျင့်သုံးခဲ့ရသောကြောင့် ဖြစ်လေသည်။

ဟစ်တလာသည် ထိုးစစ်ဆင်နွဲရာတွင် (အောင်ပွဲများ ဆက်တိုက်ရ၍ သွေးနားထင်ရောက်မသွားမီ အချိန်အထိ)ပြောင်းလွယ်ပြင်လွယ်ဖြစ်သလောက် ခံစစ်ဆင်ရာ၌ မိုက်မဲစွာ တရားသေနည်းများကိုသာ ဆုပ်ကိုင်ခဲ့လေသည်။

ဂျာမန်တပ်များ ဤမျှနည်းပါးသွားပြီး ပစ္စည်းလက်နက်များပါ လျော့ပါးသွားသည်ကို ထောက်ရှု၍ ဂျာမန်တို့သည် ဤမျှခုခံနိုင်သည်မှာ အံ့မခန်းဟုဆိုရမည်ဖြစ်၏။ ဤကဲ့သို့ ဆက်လက်ခုခံနိုင်ကြခြင်းမှာ ဂျာမန်များက ခံနိုင်ရည်ရှိ ကောင်းသည့်အပြင် မဟာမိတ်များက တရားသေဆုပ်ကိုင်ခဲ့သည့် ခြွင်းချက်မရှိ လက်နက်ချရေး တောင်းဆိုချက်ကြောင့် ဖြစ်လေသည်။ အင်္ဂမဟာဗျူဟာနယ်ပယ်တွင် ခြွင်းချက်မရှိ လက်နက်ချရေး တောင်းဆိုချက်မှာ တိုက်ရိုက်အကျဆုံး ချဉ်းကပ်မှုတစ်ရပ် ဖြစ်လေသည်။ ယင်းတောင်းဆိုချက်ကြောင့် ဂျာမန်တို့ ခံစစ်သက်ဆိုးရှည်ခြင်းကလည်း ခေတ်သစ်ခံစစ်သည် ပင်ကိုအားဖြင့်ပင် အင်အားကောင်းလှသည်ကို သက်သေထူခဲ့ပေ၏။

သမားရိုးကျနည်းများအရ မည်ကဲ့သို့ တွက်ချက်သည်ဖြစ်စေ မဟာမိတ်များ၏ များပြားလှသည့် အင်အားကို ဂျာမန်တို့သည် ရက်သတ္တတစ်ပတ်ပင် ခုခံနိုင်စွမ်းမည်မဟုတ်ချေ။ သို့စဉ်လျက် လပေါင်းများစွာ ဂျာမန်တို့က ခံစစ်ဆင်နိုင်ခဲ့၏။ မိမိတို့အင်အားနှင့် အချိုးကျသည့် ခံစစ်ကြောင်းကို ခုခံရသည့်အခါတိုင်း ဂျာမန်တို့သည် ရန်သူတို့က အင်အား ၆ ဆမျှ ပိုမိုများပြားသော်လည်း ပြန်လည်ခုခံနိုင်ခဲ့ကြ၏။ တစ်ခါတစ်ရံ ရန်သူအင်အား ၁၂ ဆ များပြားသည်ကိုပင် ခုခံနိုင်ခဲ့ကြသည်ကို တွေ့ရ၏။



ယင်းခံစစ်အာနိသင်ကိုသာ ဂျာမနီ၏ ရန်သူများက ကြိုတင်သိရှိကြ၍ ခံစစ်အခွင့်သာမှုကို အကျိုးရှိရှိပြင်ဆင်၍ ကျူးကျော်မှုကို ခုခံနိုင်ကြမည်ဆိုပါက ကမ္ဘာကြီးသည် ဤမျှ ဆင်းရဲဒုက္ခမျိုးစုံကို တွေ့ကြုံရမည်မဟုတ်ချေ။

အချိန်ကြာမြင့်စွာကပင် နာမည်ကြီး လက်ဝှေ့သမား ဂျမ်မေ့(စ)[၁]က သူ၏ လက်ဝှေ့ကြိုးဝိုင်း အတွေ့အကြုံကို ဤသို့ ပြောကြားခဲ့ဖူး၏။ "သူက မင်းဆီကို လာပါစေ၊ သူ့အရှိန်နဲ့သူ လိမ့်ပြီး ရှုံးမှာသေချာတယ်" ယင်းသဘောတရားကိုပင် နောက်ပိုင်း၌ ကစ်မက်ကွိုင်း[၂]က အောက်ပါအတိုင်း ပြောဆိုသင်ကြားခဲ့သေး၏။ "ရန်သူက ကိုယ့်ကိုအရင်တိုက်ပါစေ၊ သူ့လက်နှစ်ဖက်စလုံး အလုပ်ရှုပ်နေတဲ့အခါ ကိုယ့်လက်တစ်ဖက် အားနေရမယ်"

ဂျမ်မေ့(စ)၏ ဆိုရိုးမှာ မှန်ကန်လှသည်ဖြစ်ပြီး အာဖရိက၊ ရုရှ၊ အနောက်ဥရောပ စစ်မြေပြင်များတွင် ပေါ်လွင်လှသည့် နည်းဗျူဟာသင်ခန်းစာ ဖြစ်ခဲ့လေသည်။ **အတွေ့အကြုံများလာလေ ကျွမ်းကျင်သည့်တပ်မှူးများသည် ခံစစ်အာနိသင်ကို ပို၍အသုံးချလာလေ ဖြစ်တော့၏။ ထိုးစစ်ပြုလုပ်ရာမှာပင် ခံစစ်အာနိသင်ကို ခံစားရအောင်လုပ်လေ့ရှိ၏။**

**ယင်းမှာ စစ်ကြီးတစ်ခုလုံး၏ အခြေခံသင်ခန်းစာကြီး ဖြစ်တော့၏။** ဂျာမနီသည် တိုက်ခိုက်လွန်း၍ ကိုယ့်သေတွင်းကိုယ်တူးခဲ့ရ၏။ ယင်းသို့သာ ကိုယ့်သေတွင်း ကိုယ်မဖော်လျှင် သူ၏ရန်သူများသည် ဂျာမနီကို အောင်နိုင်ရန် အလွန်ခက်ခဲပေလိမ့်မည်။ ဂျာမနီက အောင်နိုင်ရေးအတွက် ချဉ်းကပ်မှုမှာ တိုက်ရိုက်ကျလွန်းသဖြင့် မဟာမိတ်များအတွက် သွယ်ဝိုက်၍ အဖြေရှာပေးသလိုဖြစ်ရ၏။ ဂျာမနီ စိတ်ပျက်လက်လျှော့ရ၍ တပ်များ အလွန်အမင်း ဆန့်ထုတ်ထားရခြင်းသည် စစ်ကို အဆုံးသတ်ရန် များစွာ အကူအညီရစေခဲ့လေသည်။ သို့သော် မဟာမိတ်နိုင်ငံများကသာ အစဦးကတည်းက သမားရိုးကျနည်းဖြင့် တိုက်ခိုက်ရန် ပြင်ဆင်မှုမလုပ်ခဲ့ဘဲ စစ်အခြေခံသဘောတရားကို နားလည်ခဲ့ပါလျှင် စစ်ကြီးသည် ဤမျှကြာရှည်ပြီး ဤမျှ ဆုံးရှုံးရမည်မဟုတ်ချေတကား။

---

၁။ Jem Mace

၂။ Kid Mac Coy

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းလေး

# မဟာဗျူဟာနှင့် အဂ္ဂမဟာဗျူဟာ အခြေခံများ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

## မဟာဗျူဟာ သဘောတရား

သမိုင်းကို ဆန်းစစ်လေ့လာ၍ ကောက်ချက်များချပြီးသောအခါ မဟာဗျူဟာ အတွေးအခေါ်အတွက် အုတ်မြစ်အသစ်ပေါ်တွင် အဆောက်အဦသစ် ဆောက်လုပ်ခြင်းဖြင့် အကျိုးရှိမည် ဖြစ်ပါသည်။

ပထမဆုံး **မဟာဗျူဟာ** ဆိုသည့် စကားရပ်ကို ရှင်းလင်းစွာ နားလည်ရန် လို၏။ သူ၏ အဓိကရကျမ်းကြီးဖြစ်သော ယုဒ္ဓဗေဒကျမ်း[၁]တွင် ကလော့စဝစ်က မဟာဗျူဟာကို အောက်ပါအတိုင်း ဖွင့်ဆို၏။ "စစ်၏ရည်မှန်းချက်ကို ရအောင် တိုက်ပွဲများကို အသုံးချ၍ လုပ်ဆောင်သည့် ဝိဇ္ဇာပညာရပ်ဖြစ်၏။ တစ်နည်းဆိုသော် မဟာဗျူဟာက စစ်တစ်ခုလုံး၏ စီမံချက်[၂]ကို ရေးဆွဲ၍ စစ်တွင်ပါဝင်သည့် တိုက်ပွဲစဉ်အသီးသီး လမ်းစဉ်ကို ချမှတ်ပြီး တိုက်ပွဲစဉ်တစ်ခုစီတွင် ပါဝင်သည့် တိုက်ပွဲတစ်ခုစီကို ကြီးကြပ်ကွပ်ကဲပေး၏"

ဤအဓိပ္ပာယ်သတ်မှတ်ချက်၏ ချွတ်ယွင်းချက်တစ်ရပ်မှာ စစ်ကို အပေါ်ပိုင်းမှ ကြီးကြပ်ခန့်ခွဲသည့် ပေါ်လစီနယ်ပယ်ကို (မဟာဗျူဟာ) ကျူးကျော်နေခြင်း ဖြစ်၏။ နောက်ချွတ်ယွင်းချက်တစ်ရပ်မှာ မဟာဗျူဟာ၏ အဓိပ္ပာယ်ကို တိုက်ပွဲအသုံးချခြင်းတွင်သာ ကျဉ်းမြောင်းစွာ ဖော်ဆောင်ခြင်းဖြစ်၏။ သို့အဓိပ္ပာယ်ဖော်ဆောင်ခြင်းဖြင့် တိုက်ပွဲသည် မဟာဗျူဟာ ရည်မှန်းချက်ရရန် တစ်ခုတည်း

၁။ On War
၂။ Plan

www.burmeseclassic.com

www.burmeseclassic.com



သော နည်းဖြစ်သည်ဟု မှားယွင်းစွာ ကောက်ယူနိုင်၏။ (ကလောစဝစ်လောက်) နက်နဲမှုမရှိသည့် တပည့်များအတွက် နည်းလမ်းနှင့် ရည်မှန်းချက် ရောထွေးသွားနိုင်၏။ ထို့ပြင် စစ်ပွဲတွင် အဆုံးအဖြတ်ပေးနိုင်သောတိုက်ပွဲ တိုက်နိုင်ရေးတည်းဟူသော ရည်မှန်းချက်ကြီးအတွက် ကျန်အားလုံးက ဦးစားပေးရမည်ဟု လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူနိုင်သေး၏။

## ပေါ်လစီနှင့် ဆက်သွယ်ပုံ

ဖရက်ဒရစ် သို့မဟုတ် နပိုလီယံကဲ့သို့ လူတစ်ဦးတည်းက ပေါ်လစီရောမဟာဗျူဟာပါ ရောကိုင်ထားသည်ဆိုလျှင် ပေါ်လစီနှင့် မဟာဗျူဟာကို ခွဲခြားအဓိပ္ပာယ်သတ်မှတ်ရန် လိုကောင်းမှလိုပေမည်။ သို့သော် ယခုခေတ်တွင် သူတို့လိုသက်ဦးဆံပိုင် စစ်သားအုပ်ချုပ်သူများ ရှားပါးလှပြီး ၁၉ ရာစုနှစ်အတွင်းတွင်မူ (မေ့တွှမျှ) လုံးဝပပျောက်သွားခဲ့သဖြင့် (မဟာဗျူဟာနှင့် ပေါ်လစီရောထွေးမှုကြောင့်) ရှရှိနိုင်သောအကျိုးမှာ (အလိုကြီး၊ ကောက်ကျစ်သူများ ပေါ်ပေါက်လာလျှင်) အန္တရာယ်များလှပေ၏။ ပေါ်လစီသည် စစ်ဆင်မှုအောင်မြင်ရေး ရည်မှန်းချက် လက်အောက်ခံသာ ဖြစ်ရမည်ဟု စစ်သားများက မျက်နှာပြောင်တိုက်တောင်းဆိုနိုင်၏။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံရေးသမားများသည် မိမိတို့နယ်ကိုလွန်ပြီး စစ်သားများ လက်နက်စွဲကိုင် တိုက်ခိုက်သည့်နယ်အထိ ကျူးလာကာ စွက်ဖက်ဗိုလ်ကျလာတတ်၏။

မိုလ်ကာ[၁] ၏ မဟာဗျူဟာ အဓိပ္ပာယ်သတ်မှတ်ချက်မှာ ပို၍ရှင်းလင်းပြီး ပို၍လေးနက်၏။ 'မဟာဗျူဟာဆိုသည်မှာ မိမိရည်မှန်းချက် ရရှိရေးအတွက် ဗိုလ်ချုပ်ကြီးတစ်ဦးသည် မိမိအား ပေးအပ်ထားသည့် နည်းလမ်းများကို လက်တွေ့အဆင်ပြေအောင် အသုံးချခြင်းပင်ဖြစ်၏' ဟု မိုလ်ကာက ဆို၏။

ယင်းအဓိပ္ပာယ်သတ်မှတ်ချက်က ဗိုလ်ချုပ်ကြီးသည် မိမိအားခန့်ထားသော အစိုးရကို တာဝန်ခံရကြောင်းကို ပေါ်လွင်စေ၏။ ယင်းတာဝန်မှာ သူတာဝန်ကျသည့် စစ်နယ်မြေအတွင်း သူ့အား ပေးအပ်ထားသည့်တပ်နှင့် အထက်ပိုင်းပေါ်လစီအကျိုးအတွက် အများဆုံးအကျိုးဖြစ်ထွန်းအောင် လုပ်ဆောင်ရန်ပင်ဖြစ်လေသည်။ သူထမ်းဆောင်ရမည့် တာဝန်အတွက် ပေးထားသောတပ်သည် မလုံလောက်ဟု ယူဆပါက အထက်သို့တင်ပြ၍ သူ့အကြံဉာဏ်ကို အထက်က

[၁] Moltke



ပယ်ချခဲ့သည်ဆိုလျှင် ယင်းတာဝန်ကို ထမ်းဆောင်ရန် ငြင်းဆန်နိုင်သည်။ သို့မဟုတ် ရာထူးမှ နုတ်ထွက်ရန်သာရှိ၏။ သို့သော် အသုံးပြုနိုင်ရန် တပ်မည်မျှချထားပေးရမည်ဟု အစိုးရကို အမိန့်ပေးလာလျှင် သူသည် တရားဝင်အခွင့်အရေးထက် ကျော်လွန်တောင်းဆိုလာပြီ ဖြစ်လေသည်။

တစ်ဖက်မှ အစိုးရတာဝန်ကို ကြည့်ကြစို့။ စစ်ပေါ်လစီကို ချမှတ်ရပြီး စစ်တာရှည်လာသည်နှင့်အမျှ အခြေအနေများ ပြောင်းလဲလာမည်ဖြစ်ပြီး ယင်းပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ပေါ်လစီကို ပြုပြင်ပေးနေရ၏။ တိုက်ပွဲစဉ်တစ်ခု၏ မဟာဗျူဟာကို ပေါ်လစီချမှတ်သူက ဝင်ရောက်လွှမ်းမိုးပုံမှာ ဤသို့ဖြစ်၏။ မိမိတို့ အယုံအကြည်မရှိတော့သော တာဝန်ခံဗိုလ်ချုပ်ကြီးကို ပြောင်းပစ်၍ အခြားတစ်ဦးကို ခန့်ထားနိုင်သည်။ သို့မဟုတ် စစ်ပေါ်လစီက လိုအပ်သလို သူ့ရည်မှန်းချက်ကို ပြောင်းလဲသတ်မှတ်ပေးနိုင်သည်။ သူ့အား ပေးအပ်ထားသောလက်နက်ကို မည်သို့အသုံးချရမည်ဟု ဝင်ရောက်မစွက်ဖက်သင့်သော်လည်း သူ၏တာဝန်ကို စောစောကပင် ပီပီပြင်ပြင် ချမှတ်ပေးရ၏။ ဤနည်းအားဖြင့် မဟာဗျူဟာဆိုသည်မှာ ရန်သူစစ်အင်အားကို ဖြိုဖျက်ပစ်ရန်တည်းဟူသော ရှင်းလင်းလွယ်ကူလှသည့် လုပ်ငန်းတာဝန်သာ မဟုတ်ချေ။ စစ်နယ်မြေတစ်ခုတွင် လည်းကောင်း၊ အထွေထွေ အခြေအနေအရလည်းကောင်း ရန်သူသည် မိမိထက် စစ်အင်အား သာလွန်နေသည်ဟု အစိုးရက အခြေအနေသုံးသပ်ထားပါက ကန့်သတ်ရည်မှန်းချက်သာရှိသော မဟာဗျူဟာကို ချမှတ်တန်ချမှတ်ရမည်။

မဟာမိတ်များ မိမိဘက်မှ ပါဝင်လာခြင်းဖြင့်သော် လည်းကောင်း၊ အခြားစစ်နယ်မြေမှ အင်အားကို လွှဲပြောင်းပေးခြင်းဖြင့်သော် လည်းကောင်း မိမိက (မိမိစစ်နယ်မြေတွင်) အင်အားများပြားလာသည့်အထိ စောင့်ဆိုင်းတန် စောင့်ဆိုင်းရမည်။ စီးပွားရေး သို့မဟုတ် ရေတပ်က အဆုံးအဖြတ်ပေးနိုင်မည်ဆိုလျှင် ကြည်းကြောင်း စစ်ဆင်ရေးကို စောင့်တန်စောင့်မည်။ တစ်ခါတည်း ရပ်ဆိုင်းပစ်တန် ရပ်ဆိုင်းပစ်လိုက်ရမည်။ ရန်သူ့စစ်အင်အား ပြိုကွဲအောင် လုပ်ဆောင်ရန်မှာ မိမိတွင်ရှိသော စွမ်းဆောင်နိုင်အားနှင့် မဖြစ်နိုင်၊ သို့မဟုတ် ယင်းသို့လုပ်ဆောင်လျှင် အကျိုးမရှိဟု ဆုံးဖြတ်တန် ဆုံးဖြတ်မည်။ သို့မဟုတ် အရေးပါသော နယ်မြေတစ်ခုကို သိမ်းပိုက်ထားခြင်းဖြင့် မိမိစစ်ရည်မှန်းချက်ကို ရနိုင်မည်၊ သို့မဟုတ် စစ်ပြေငြိမ်းရေး ဆွေးနွေးကြသည့်အခါ (ထိုနယ်မြေနှင့်) အပေးအယူလုပ်နိုင်ရန် ဝက်ဖဲအဖြစ် အသုံးပြုသွားမည်ဟုလည်း ဆုံးဖြတ်ချက်ချနိုင်သည်။

ယင်းသို့ စစ်ပေါ်လစီမျိုးကို စစ်ဖက်မှသူများက များစွာ အသိအမှတ်မပြုကြသော်လည်း သမိုင်းတွင်မူ ယင်းပေါ်လစီမျိုးကို ချမှတ်လုပ်ဆောင်ခဲ့ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အမြော်အမြင်ကြီးသည့် ပေါ်လစီဖြစ်ကြောင်း အထောက်အထား အလုံအလောက် ရှိ၏။ အချို့က စွပ်စွဲပြောဆိုသလို အခြေခံအားဖြင့် အင်အားနည်းသူက ကျင့်သုံးသည့် ပေါ်လစီမျိုးလည်း မဟုတ်ချေ။ စင်စစ် ယင်းပေါ်လစီမှာ ဗြိတိသျှအင်ပိုင်ယာနှင့် ခွဲ၍မရစကောင်းပေ။ ဗြိတိသျှတို့သည်မဟာမိတ်များအတွက် အသက်ကယ်သော[၁] သဖွယ်ဖြစ်ပြီး ဗြိတိသျှအင်ပိုင်ယာအား ထာဝရ အကျိုးဖြစ်ထွန်းစေသည်သာ ဖြစ်လေသည်။ မိမိတို့က သတိမမူမိပါဘဲ ကျင့်သုံးခဲ့သည် ဆိုစေကာမူ ဤ "ရှေးကျသော"စစ်ပေါ်လစီကို စစ်တိုက်နည်းသဘောတရားတွင် ထည့်သွင်းထားသင့်၊ မထားသင့်ကို သေချာစွာ စောကြောလေ့လာရန် အကြောင်းလုံလောက်စွာ ရှိပေ၏။

ကန့်သတ်ရည်မှန်းချက်ထားရှိသော မဟာဗျူဟာ ကျင့်သုံးရခြင်းမှာ များသောအားဖြင့် အင်အားချိန်ခွင်ညှာ မိမိဘက်မှ အသာရလာအောင် စောင့်နေရ၍ ဖြစ်လေ့ရှိ၏။ မိမိဘက်က အင်အားသာလာအောင် ရန်သူ့အင်အား ပြုန်းတီးစေပြီး ပွဲကြီးပွဲကောင်းမတိုက်ဘဲ ရန်သူ့အင်အား တတိတိ ပြုန်းတီးအောင် အမှည့်ကြွေ ချေရ၏။ ယင်းမဟာဗျူဟာအတွက် မရှိမဖြစ် အရေးကြီးလှသောအချက်ကား တတိတိ ပြုန်းတီးသည့် အကျအဆုံး၊ ဆုံးရှုံးမှုသည် ရန်သူက မိမိတပ်ထက် အဆမတန်များရန်လို၏။ မိမိရန်မှန်းချက် အောင်မြင်စေရန် ရန်သူ့ရိက္ခာပစ္စည်းများကို အလစ်ဝင်တိုက်ခြင်း၊ ရန်သူတပ်လုံးပြုတ်အောင် သို့မဟုတ် အကျအဆုံး အလွန်များသည့် ထိုးစစ်များ ပြုလုပ်အောင် စစ်မြူတိုက်နိုက်ခြင်း၊ ရန်သူက ၎င်းတို့တပ်များ အလွန်အမင်းဖြန့်အောင် ပြုလုပ်ခြင်း၊ အလားတူ အရေးပါသည့်နည်းတစ်နည်းမှာ ရန်သူ၏ စိတ်ဓာတ်ရော ရုပ်ပစ္စည်းပါ ကျဆင်းအားနည်းသွားအောင် လုပ်ဆောင်ခြင်းဖြစ်၏။

ယင်းအဓိပ္ပာယ်သတ်မှတ်ချက်အရ ဗိုလ်ချုပ်တစ်ဦးသည် မိမိအား သတ်မှတ်တာဝန်ပေးထားသည့် စစ်နယ်မြေအတွင်း လွတ်လွတ်လပ်လပ် မိမိမဟာဗျူဟာကို ကျင့်သုံးရေးနှင့်ပတ်သက်၍ အရေးကြီးသည့် အချက်များကို ဖော်ထုတ်ခဲ့၏။ အကယ်၍ အစိုးရက ကန့်သတ်ရည်မှန်းချက်ထားရှိသည်၊ သို့မဟုတ် ဖေဘီရန် အဂ္ဂမဟာဗျူဟာ[၂]ကို ကျင့်သုံးရန် ဆုံးဖြတ်ထားပါလျက် ဗိုလ်ချုပ်တစ်ဦးသည် မိမိစစ်နယ်မြေတွင် ရန်သူစစ်အင်အား ပြိုကွဲသွားအောင် လုပ်ဆောင်ရန် အားထုတ်လျှင် အစိုးရ၏ စစ်ပေါ်လစီကို အထောက်အကူပြုရာမရောက်ဘဲ အနှောင့်အယှက်ပင် ပြုရာရောက်၏။

၁။ Life Buoy

၂။ Fabian Grand Strategy



များသောအားဖြင့် အစိုးရက ကန့်သတ်ရည်မှန်းထားသည့် ပေါ်လစီကို ကျင့်သုံးလျှင် ကန့်သန်ရည်မှန်းချက်ထားသည့် မဟာဗျူဟာကိုသာ လုပ်ရှုဆောင်ရာ၏။ အဆုံးအဖြတ်ပေးနိုင်သည့် ရည်မှန်းချက်ကို အစိုးရသဘောတူညီချက်ရမှသာ လက်ခံကျင့်သုံးရပြီး အစိုးရသာလျှင် ယင်းသို့အဆုံးအဖြတ်ပေးနိုင်သည့် ရည်မှန်းချက်ရအောင် လုပ်သင့်မလုပ်သင့်ကို ဆုံးဖြတ်နိုင်မည် ဖြစ်လေသည်။

ကျွန်ုပ်တို့အနေနှင့် ယခု ပို၍တိုတောင်းသည့် မဟာဗျူဟာ အဓိပ္ပာယ်သတ်မှတ်ချက်ကို ဖော်ပြနိုင်ပြီ ဖြစ်လေသည်။ မဟာဗျူဟာဆိုသည်မှာ **"ပေါ်လစီ၏ ရည်မှန်းချက်များကို ဖြည့်ဆည်းရန် စစ်ဘက်နည်းများကို အသုံးပြုခြင်း၊ ခွဲဝေသုံးစွဲခြင်း ဝိဇ္ဇာပညာရပ် ဖြစ်၏။"** မဟာဗျူဟာဆိုသည်မှာ အများတကာ အဓိပ္ပာယ်သတ်မှတ်ခဲ့သလို တပ်များရွှေ့ပြောင်းခြင်းနှင့်သာ သက်ဆိုင်သည်မဟုတ်၊ ယင်းရွှေ့ပြောင်းခြင်းများ၏ အကျိုးသက်ရောက်မှုနှင့်လည်း သက်ဆိုင်ပေ၏။ စစ်ယန္တရားကို ကိုင်စွဲအသုံးပြုရာတွင် တကယ် တော့တော့ဆိုင်ဆိုင် တိုက်ခိုက်ဖြစ်ပွားလာသောအခါ ယင်းတိုက်ခိုက်လုပ်ဆောင်မှု ကွပ်ကဲခြင်း၊ တပ်များနေရာချထားခြင်းတို့မှာ **နည်းဗျူဟာ**ပင် ဖြစ်လေသည်။ မဟာဗျူဟာနှင့် **နည်းဗျူဟာ**တို့ကို ဆွေးနွေးဝေဖန်ရန် ခွဲခြားထားရမည် ဖြစ်သော်လည်း သူတို့ချည်း သီးခြားတစ်ဘာသာစီခွဲခြား၍ မရစကောင်းပေ။ အကြောင်းမူကား တစ်ခုကတစ်ခုကို လွှမ်းမိုးရုံသာမဟုတ်သေး၊ တစ်ခုနှင့်တစ်ခု ရောနှောဆက်စပ်သွားသောကြောင့် ဖြစ်သည်။

## အဆင့်မြင့် မဟာဗျူဟာ သို့မဟုတ် အဂ္ဂမဟာဗျူဟာ[၁]

နည်းဗျူဟာဆိုသည်မှာ မဟာဗျူဟာကို အောက်အဆင့်တွင် ကျင့်သုံးခြင်းဖြစ်သကဲ့သို့ မဟာဗျူဟာသည်လည်း အဂ္ဂမဟာဗျူဟာကို အောက်အဆင့်တွင် ကျင့်သုံးခြင်းပင်ဖြစ်၏။ စစ်ပေါ်လစီနှင့် ပတ်သက်၍ စစ်ရည်မှန်းချက်ရရှိအောင် ပြုလုပ်ရသည့် အခြေခံကျသော ပေါ်လစီနှင့် စစ်တိုက်ခိုက်ခြင်းကို ကွပ်ကဲပေးသည့် ပေါ်လစီဟူ၍ နှစ်မျိုးခွဲခြားထားရာ စစ်တိုက်ခိုက်ခြင်းကို ကွပ်ကဲပေးသည့် ပေါ်လစီမှာ လက်တွေ့အားဖြင့် အဂ္ဂမဟာဗျူဟာနှင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် အဂ္ဂမဟာဗျူဟာသည် **"ပေါ်လစီကို အကောင်အထည်ဖော်ခြင်း၊"**ဟူသည့် အဓိပ္ပာယ်ကို ဆောင်၏။

၁။ Higher Or Grand Strategy

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌမဟာဗျူဟာ သို့မဟုတ် အဆင့်မြင့်မဟာဗျူဟာ၏ တာဝန်မှာ အခြေခံပေါ်လစီက ချမှတ်ပေးသော စစ်၏နိုင်ငံရေးရည်မှန်းချက် ရရှိရေးအတွက် နိုင်ငံတစ်ခု သို့မဟုတ် နိုင်ငံတစ်စု၏ သယံဇာတပစ္စည်းစုအားလုံးကို ကြီးကြပ်ခန့်ခွဲပေးရန် ဖြစ်ပေ၏။

နိုင်ငံ၏တပ်များ ဆက်လက်တိုက်ခိုက်နေနိုင်ရေးအတွက် အဋ္ဌမဟာဗျူဟာသည် နိုင်ငံ(နိုင်ငံများ)၏ စီးပွားရေးသယံဇာတပစ္စည်းများနှင့် လူအင်အားကို တွက်ချက်၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည်။ စိတ်ဓာတ်အင်အားပါ ကြံ့ခိုင်အောင် ပြုလုပ်ပေးရမည်။ အကြောင်းမူကား မကြာခဏပင် လူထုစိတ်ဓာတ်တက်ကြွလာအောင် လုပ်ဆောင်ပေးရေးသည် ကိုင်တွယ်ရနိုင်သည့် (ပစ္စည်းလက်နက်အပါအဝင်) အင်အားပစ္စည်း အစုစုပိုင်ဆိုင်သည်နှင့် ထပ်တူထပ်မျှ အရေးပါသောကြောင့်ဖြစ်၏။ တပ်အသီးသီး (ကြည်း ရေ လေ)သို့လည်းကောင်း၊ တပ်များနှင့် စက်မှုလုပ်ငန်းများကို.လည်းကောင်း အင်အားခွဲဝေပေးရေးကို အဋ္ဌမဟာဗျူဟာက ပြဋ္ဌာန်းပေးရသည်။

**တိုက်ခိုက်ရေးအင်အားမှာ အဋ္ဌမဟာဗျူဟာ၏ လက်နက်တစ်ခုသာဖြစ်၏။ စီးပွားရေးဖိအားပေးမှု၊ သံတမန်ဖိအားပေးမှု၊ ကူးသန်းရောင်းဝယ်ရေးဖိအားပေးမှု အလားတူ ထက်မြက်လှသည့် စာရိတ္တနှင့် စိတ်ဓာတ်ဖိအားပေးမှုတို့ကိုပါ အဋ္ဌမဟာဗျူဟာသည် အသုံးပြု၍ ရန်သူစိတ်ဓာတ်ကျဆင်းလာအောင် ပြုလုပ်နိုင်ရမည်။** အမှန်တရားဘက်မှ ရပ်တည်ခြင်းသည် ဓားကောင်းတစ်လက်ဖြစ်သလို သံချပ်ကာ ချပ်ဝတ်တန်ဆာလည်း ဖြစ်၏။ ထို့အတူ သဘောထားကြီးကြီး သူရဲကောင်းပီသစွာ တိုက်ခိုက်ခြင်း[၁]သည် ရန်သူ၏ ခုခံတိုက်ခိုက်လိုသော စိတ်ဓာတ်ကို အားနည်းသွားအောင်လုပ်ရာ၌ အထက်မြက်ဆုံးလက်နက်တစ်ခုဖြစ်၍ မိမိတပ်များကိုလည်း စိတ်ဓာတ်တက်ကြွစေ၏။

ထို့ပြင် မဟာဗျူဟာသည် စစ်တည်းဟူသော မိုးကုပ်စက်ဝိုင်းဖြင့် ကန့်သတ်ထားပြီး အဋ္ဌမဟာဗျူဟာမူကား စစ်ကိုကျော်၍ နောင်ရမည့် ငြိမ်းချမ်းရေးကိုပါ ဂရုမူရ၏။ လက်နက်ပေါင်းစုံကို ပေါင်းစပ်ညှိနှိုင်း အသုံးပြုရုံသာမက အနာဂတ် ငြိမ်းချမ်းရေးကို မထိပါးအောင်လည်း ဂရုစိုက်ရ၏။ ငြိမ်းချမ်းမှု အခွန့်ရှည်ရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အလေးပြုရ၏။ စစ်ကြီးတစ်ခုပြီးတိုင်း ...ရှုံး၊ စစ်နိုင်၊ နိုင်ငံနှစ်ခုစလုံးက ရင်ဆိုင်ရသော ငြိမ်းချမ်းရေးပြဿနာကဘာကို ညွှန်ပြသနည်းဆိုလျှင် အဋ္ဌမဟာဗျူဟာနယ်ပယ်မှာ ယခုအထိ လူသူ

၁။ Chivalry



မရောက်မပေါက်သေးသော နယ်ပယ်[၁]၊ လူမသိသေးသော နယ်ပယ်ဖြစ်နေ၍ နယ်သစ်ရှာဖွေ၍ နားလည်အောင် လုပ်ရမည့် ဘာသာရပ်ဖြစ်နေကြောင်းပင် ဖြစ်လေသည်။

## မဟာဗျူဟာစစ်စစ်၊ သို့မဟုတ် စစ်မဟာဗျူဟာ[၂]

နယ်မြေကို ရှင်းလင်းပြီးပြီဖြစ်သဖြင့် ကျွန်ုပ်တို့အနေနှင့် **မဟာဗျူဟာ**ကို သူ့နေရာနှင့်သူ၊ သူ့မူလဘူတအခြေခံ အယူအဆဖြစ်သည့် "ဗိုလ်ချုပ်တစ်ဦး၏ ဝိဇ္ဇာအတတ်ပညာ"ဆိုသည်ကို ဆက်လက်တင်ပြရန် လိုပေလိမ့်မည်။

အောင်မြင်မှုရရန် မဟာဗျူဟာအတွက် ပထမဆုံးနှင့် အရေးအကြီးဆုံးလိုအပ်ချက်ကား ရည်မှန်းချက်နှင့် နည်းလမ်းကို မှန်ကန်စွာ တွက်ချက်ပေါင်းစပ်ညှိနှိုင်းပေးရေး ဖြစ်၏။ ရည်မှန်းချက်သည် မိမိတွင်ရှိသည့် နည်းလမ်းနှင့် အချိုးကျရှိရ၍ ကြားရည်မှန်းချက်များ (ယင်းကြားရည်မှန်းချက်များက နောက်ဆုံးရည်မှန်းချက်ရရှိရေးကို အထောက်အကူပြုရမည်) ရရှိရေးအတွက် အသုံးပြုသော နည်းလမ်းများသည်လည်း ရည်မှန်းချက်တစ်ခုစီ၏ တန်ဖိုးလိုအပ်ချက်များနှင့် အချိုးကျရှိရပေမည်။ ကြားရည်မှန်းချက်မှာ နေရာတစ်ခု သိမ်းပိုက်နိုင်ရေး သို့မဟုတ် နောက်ဆုံးရည်မှန်းချက် ရရှိရေးကို အထောက်အကူပြုမည့် ကိစ္စတစ်ရပ် အောင်မြင်ရေးအတွက် ဖြစ်နိုင်၏။ ပိုနေခြင်းသည် လိုနေခြင်းကဲ့သို့ပင် အန္တရာယ်ပေးနိုင်၏။ သေချာမှန်ကန်စွာ တွက်ဆပြုလုပ်နိုင်လျှင် တကယ့်စစ်မှန်သော အင်အားဖြုံးခြွေတာမှုကို ရနိုင်၏။ (ယင်းအင်အားခြိုးခြံချွေတာမှုဆိုသည့် စကားရပ်ကိုလည်း ရေလဲနှင့် မှားယွင်းစွာ သုံးစွဲနေကြသည်ကို တွေ့ရ၏။)

သို့သော် စစ်၏ သဘောသဘာဝက မသေချာ မရေရာရှိသည့်အပြင် သိပ္ပံနည်းကျ လေ့လာမှုမရှိခဲ့သဖြင့် မရေရာမှုမှာ ပို၍ များပြားရကား အရည်အချင်းနှင့် အပြည့်စုံဆုံး၊ အစွမ်းဆောင်နိုင်ဆုံးသူတစ်ဦးပင်လျှင် သေချာမှန်ကန်စွာ တွက်ဆပြုလုပ်နိုင်ခြင်း မရှိနိုင်သဖြင့် အနီးကပ်ဆုံး မှန်ကန်အောင် တွက်နိုင်သူသည် အောင်မြင်မည် ဖြစ်လေသည်။

ဤကဲ့သို့ နှိုင်းယှဉ်ဆက်စပ်၍ ပြောရခြင်းမှာ စစ်၏သဘော သဘာဝကြောင့်ပင် ဖြစ်ပေ၏။ အကြောင်းမူကား မည်မျှပင် ကျွန်ုပ်တို့အနေနှင့် စစ်ကိုသိပ္ပံနည်းကျ လေ့လာနိုင်သည် ဆိုစေကာမူ၊ လက်တွေ့အသုံးချရာတွင်မူကား

၁။ Terra Incognito
၂။ Pure or Military Strategy

www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာနည်းအပေါ် မူတည်နေသောကြောင့် ဖြစ်၏။ ဝိဇ္ဇာနည်းအနေနှင့် ရည်မှန်းချက်ကို နည်းလမ်းနှင့် နီးစပ်အောင်သာ တတ်နိုင်၏။ သို့သော် နည်းလမ်းကို တန်ဖိုးမြှင့်ထားလေ ရည်မှန်းချက် မြင့်လာလေ ဖြစ်ပေသည်။

ထို့ကြောင့် တွက်ချက်မှုသည် ပို၍ရှုပ်ထွေးလာရ၏။ လူတစ်စုံတစ်ယောက် မည်မျှတော်သည်၊ ပါရမီရှင် ဖြစ်နိုင်သည်၊ မည်မျှညံ့ဖျင်း မိုက်မဲသည်၊ မည်မျှ စိတ်ဓာတ်ပျော့ညံ့သည်ကို မည်သူကမျှ အတိအကျ တွက်ချက်နိုင်မည် မဟုတ်သောကြောင့်တည်း။

## ပါဝင်သည့် အခြေခံအချက်များနှင့် အခြေအနေ

မဟာဗျူဟာသည် နည်းဗျူဟာထက် တွက်ချက်ရလွယ်ကူ၍ အမှန်နှင့် ပို၍နီးစပ်နိုင်၏။ အကြောင်းမူကား စစ်တွင် တွက်ရအခက်ဆုံးမှာ လူ၏စိတ်ဓာတ်ဖြစ်ပြီး၊ စိတ်ဓာတ်သည် ခုခံမှုတွင် အကောင်အထည်ပေါ်လာ၍ ယင်းမှာ နည်းဗျူဟာနယ်ပယ်နှင့် သက်ဆိုင်သောကြောင့်တည်း။ မဟာဗျူဟာသည် သဘာဝခုခံမှုကို ကျော်လွှားရန်ဖြစ်ပြီး မဟာဗျူဟာ၏ တာဝန်မှာ တစ်ဖက်ရန်သူခုခံမှုအားအနည်းဆုံးဖြစ်အောင် လုပ်ရန်ဖြစ်၏။ ယင်းသို့လုပ်ဆောင်နိုင်ရန် အခြေခံအချက်ကြီးနှစ်ခုဖြစ်သည့် လှုပ်ရှားမှု[1] နှင့် အငိုက်ဖမ်းမှု[2]ကို အမြတ်ထုတ် အသုံးချရပေသည်။

လှုပ်ရှားမှုသည် ရုပ်သဘောနယ်ပယ်တွင်ဖြစ်၍ အချိန်၊ မြေအနေအထား၊ ယာဉ်၊ ပို့ဆောင်မှုစွမ်းအား အခြေအနေများကို တွက်ချက်ရ၏။ (ယာဉ်ပို့ဆောင်မှုစွမ်းအားဆိုရာတွင် တပ်များပို့ဆောင်ရန် နည်းလမ်း၊ တပ်များ ဆက်လက်နေနိုင်ရေးအတွက် ပို့ဆောင်ရေး လုပ်ဆောင်မှုအားလုံး ပါဝင်လေသည်။)

အငိုက်ဖမ်းမှုသည် စိတ်ဓာတ်သဘောနယ်ပယ်တွင်ဖြစ်၍ ရုပ်သဘောနယ်ပယ်မှာထက် အခြေအနေများကို တွက်ချက်ရာတွင် ခက်ခဲရှုပ်ထွေးလှ၏။ အခြေအနေများမှာလည်း များပြားလှ၍ တစ်ခုနှင့်တစ်ခု မတူညီကြဘဲ ရန်သူ စိတ်ဓာတ်ကို ပြုပြင်လွှမ်းမိုးမည့် အခြေအနေအားလုံးကို တွက်ချက်ရန် ဖြစ်လေသည်။

မဟာဗျူဟာသည် အခြေခံအချက်ကြီးနှစ်ခုဖြစ်သည့် လှုပ်ရှားမှုနှင့် အငိုက်ဖမ်းမှုတွင် တစ်ခုကို တခြားတစ်ခုထက် ဦးစားပေးအမြတ်ထုတ်ရန် လုပ်ဆောင်

---

၁။ Movement

၂။ Surprise



မည် ဖြစ်သော်လည်း ယင်းအချက်ကြီးနှစ်ခုသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် လွှမ်းမိုး အကျိုးသက်ရောက်မှု ရှိကြ၏။ လှုပ်ရှားမှုက အငိုက်ဖမ်းမှုကို ဖြစ်ပေါ်စေပြီး အငိုက်ဖမ်းမှုက လှုပ်ရှားမှုကို အားပိုကောင်းစေ၏။ အကြောင်းမူကား လှုပ်ရှားမှု ပို၍ လျင်မြန်လာသည့်အခါ သို့မဟုတ် အရပ်မျက်နှာ ပြောင်းလိုက်သည့်အခါ အငိုက်ဖမ်းမှုသဘော ပါလာတတ်လေသည်။ မကွယ်မဝှက် ပြောင်ပြောင်တင်းတင်း လုပ်သည့်အခါမှာပင် ဤကဲ့သို့ အငိုက်ဖမ်းမှုသဘော ပါစမြဲဖြစ်၏။ အငိုက်ဖမ်းနိုင်လျှင် ရန်သူလုပ်ဆောင်ချက်များ၊ တုံ့ပြန်ချက်များကို နှောင့်နှေးစေခြင်းဖြင့် မိမိလှုပ်ရှားမှုကို ပိုမိုချောမွေ့ လျင်မြန်စေလေသည်။

မဟာဗျူဟာနှင့် နည်းဗျူဟာ ဆက်သွယ်ပုံနှင့် ပတ်သက်ပြီး လက်တွေ့လုပ်ဆောင်ရာတွင် တစ်ခုနှင့်တစ်ခု နယ်ခြင်းမှာ မထင်ရှားဘဲ မည်သည့်အချိန်တွင် မဟာဗျူဟာ၊ လှုပ်ရှားမှုဆုံး၍ နည်းဗျူဟာလှုပ်ရှားမှု စတင်သည်ကို အတိအကျ သိရှိရန် ခဲယဉ်းလှ၏။ သို့သော် သဘောတရားတွင်မူကား မဟာဗျူဟာနှင့် နည်းဗျူဟာသည် ခြားနားပေသည်။

## မဟာဗျူဟာရည်မှန်းချက်

ရန်သူလက်နက်ကိုင်တပ်ကို ဖျက်ဆီးရန်သည် စစ်တွင် တစ်ခုတည်းသော သဘာဝကျသည့် ရည်မှန်းချက်ဖြစ်သည်ဟု ယူဆသူများ၊ မဟာဗျူဟာ၏ တစ်ခုတည်းသော ပန်းတိုင်မှာ တိုက်ပွဲတိုက်ရန်ဖြစ်သည်ဟု ယူဆသူများ၊ ကလောဝစ်၏ "သွေးသည် အောင်ပွဲအတွက် ပေးဆပ်ရသော တန်ဖိုးဖြစ်သည်"ဟူသော ဆိုရိုးကို အရိုးစွဲနေသူများအတွက် အထက်တွင် ဖော်ပြခဲ့သောအဆိုကို လက်မခံဘဲ ငြင်းဆိုမည်သာ ဖြစ်လေသည်။ သို့သော် ၎င်းတို့အယူကို လက်ခံ၍ ၎င်းတို့ တွေးခေါ်ပုံအတိုင်း ဆက်လက်တွေးခေါ်လျှင်ပင် "မဟာဗျူဟာ၏ ရည်ရွယ်ချက်မှာ တိုက်ခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ရန်ဖြစ်သည်"ဟူသောအဆိုမှာ ယုတ္တိတန်သည်သာ ဖြစ်၏။ ခိုင်လုံသည်သာ ဖြစ်၏။ အကြောင်းမူကား အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲသည် မဟာဗျူဟာ၏ ရည်မှန်းချက်ဖြစ်သည်ဟု ဆိုစေဦး၊ မိမိရည်မှန်းရမည်မှာ ထိုတိုက်ပွဲသည် မိမိအတွက် အကျိုးအရှိဆုံး အခြေအနေတွင် တိုက်ခိုက်ရန်သာ ဖြစ်လေသည်။ အခြေအနေက မိမိအတွက် တစ်ပန်းသာလေ (အချိုးအစားအားဖြင့်) တိုက်ရခိုက်ရနည်းလေ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အပြည့်ဝဆုံး၊ အကောင်းဆုံး မဟာဗျူဟာမှာ တကယ်တမ်းနင်လားငါလား မတိုက်ရဘဲ အဆုံးအဖြတ်ရရန် ဖြစ်၏။ ပဓာနကျင်အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေက ဖေးမကူညီသောအခါ အဆိုပါ မဟာဗျူဟာ အောင်မြင်ကြောင်းကို သမိုင်းက သက်သေထူခဲ့ပြီးဖြစ်လေသည်။ ထင်ရှားသော သာဓကများမှာ ဆီဇာ၏ အလာဒါတိုက်ပွဲစဉ်၊ ကရွမ်ဝဲ၏ ပရက်(စ)တန် တိုက်ပွဲစဉ်၊ နပိုလီယံ၏ အမ်းတိုက်ပွဲစဉ်၊ ၁၈၇၀ ပြည့်နှစ် မက်မဟွန်၏တပ်များကို မို(လ်)ကာက ဆီဒင်၌ ဝိုင်းဝန်းခဲ့ခြင်းနှင့် ၁၉၁၈ ခုနှစ် ဆမားရီးယားတောင်များတွင် တူရကီတပ်များအား အယ်လင်ဘီက ဝိုင်းဝန်းခဲ့ခြင်းများ ဖြစ်လေသည်။ မကြာသေးမီက ဖြစ်ပျက်ခဲ့သော အထင်ရှားဆုံးနှင့် အထိအနာဆုံး သာဓကမှာ ၁၉၄၀ ပြည့်နှစ်တွင် ဂျာမန်တို့က မဟာမိတ် ဘယ်တောင်ပံကို ဘယ်ဂျီယံပြည်အတွင်း ဖြတ်တောက်ခဲ့ခြင်း ဖြစ်၏။ ဆီဒင်၌ ဂူဒယ်ရီယန်က အငိုက်ဖမ်းဖောက်ထွက်နိုင်ခဲ့၍ ဥရောပမှ မဟာမိတ်တပ်တော်များ ပြိုကွဲပြီး ဘယ်ဂျီယံ၌ ဘယ်တောင်ပံ ပိတ်မိခဲ့ခြင်း ဖြစ်လေသည်။

အထက်ပါသာဓကများတွင် ရန်သူတပ်များကို ဖျက်ဆီးရာ၌ ၎င်းတို့အား လက်နက်ချစေနိုင်ခြင်းကြောင့် အထိအခိုက် သွေးထွက်သံယို နည်းပါးမှုဖြင့် တပ်များ ခြိုးခြံချွေတာရာ ကျခဲ့လေသည်။ သို့သော် အဆုံးအဖြတ်ရရန်အတွက် လည်းကောင်း၊ စစ်ရည်မှန်းချက် အောင်မြင်ရေးအတွက် လည်းကောင်း ဤကဲ့သို့ ရန်သူတပ်များကို "ဖျက်ဆီး"ပစ်ရန်သည် မလုပ်မဖြစ် လုပ်ငန်းတစ်ရပ် ဖြစ်ကောင်းမှ ဖြစ်ပေမည်။ သူများနိုင်ငံကို ကျူးကျော်အောင်နိုင်ရန်မဟုတ်ဘဲ မိမိနိုင်ငံ လုံခြုံရေးအတွက်သာ စစ်တိုက်ရန် ရည်မှန်းထားသော နိုင်ငံအတွက် မိမိနိုင်ငံအား ခြိမ်းခြောက်နေသော အန္တရာယ်မရှိတော့လျှင် မိမိစစ်ရည်မှန်းချက် ပြည့်ဝပြီဖြစ်၏။ ရန်သူက ကျူးကျော်ရန် ရည်မှန်းချက်စွန့်လွှတ်သွားလျှင် မိမိရည်မှန်းချက် အောင်မြင်ပြီ ဖြစ်လေသည်။

ပါးရှားများက ဆီးရီးယားကို ကျူးကျော်တိုက်ခိုက်ရန် ရည်ရွယ်ချက်ကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းကို သိရှိရသောအခါ မိမိတပ်များက "အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲ"ရရှိအောင် တိုက်ခိုက်လိုသော်လည်း ဘယ်လီဆေးရီးယပ်[1] သည် ဆူရာ[2]အရပ်၌ အရှုံးနှင့်သာ တန်ခဲ့သည်မှာ မလိုလားအပ်သော ကြိုးပမ်းမှုနှင့် မလိုလားအပ်သော အန္တရာယ်ကို ရှောင်ရှားခဲ့သည့် ထင်ရှားသော သာဓကဖြစ်လေသည်။ နောက်တစ်ကြိမ်တွင် ရန်သူက ဆီးရီးယားကို ကျူးကျော်တိုက်ခိုက်လာသောအခါတွင်မူကား အန္တရာယ်မှာ ပိုမိုကြီးမားသော်လည်း ဘယ်လီဆေးရီးယပ်သည် ရန်သူကို အနိုင်ယူ၍ ဆီးရီးယားမှ ရှင်းလင်းပစ်နိုင်ခဲ့၏။ ယင်းမှာ

၁။ Belisarius
၂။ Sura



နိုင်ငံတော်ရည်မှန်းချက်ကို ဖြည့်ဆည်းပေးသည့် တကယ့်အဆုံးအဖြတ်ကို မဟာဗျူဟာသက်သက်ဖြင့် ရရှိအောင် လုပ်ဆောင်ခဲ့သည့် အထင်ရှားဆုံးသာဓကဖြစ်လေသည်။ အကြောင်းမူကား ယခုတစ်ကြိမ် ဘယ်လီဆေးရီးယပ် အောင်ပွဲခံခဲ့ရာတွင် စိတ်ဓာတ်ရေးရာ အောင်မြင်မှုမှာ ထိရောက်လှသည်ဖြစ်သဖြင့် လုံးဝ တိုက်ခိုက်ရခြင်းမရှိဘဲ ရန်သူက သူတို့ရည်မှန်းချက်ကို စွန့်လွှတ်သွားသော ကြောင့်ပင် ဖြစ်၏။

ယင်းသို့ သွေးထွက်သံယိုမှုမရှိသော အောင်ပွဲများသည် ခြွင်းချက်ဖြစ်သော်လည်း ဤကဲ့သို့ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်သောကြောင့် တန်ဖိုးနည်းသွားသည် မဟုတ်ဘဲ ပို၍ပင် တန်ဖိုးရှိခဲ့၏။ အဂ္ဂမဟာဗျူဟာနှင့် မဟာဗျူဟာတွင် ငုပ်လျှိုးနေသော စွမ်းအင်များ မည်မျှရှိသည်ကို ထုတ်ဖော်ပြသသည့် သာဓကတစ်ရပ် ဖြစ်လေသည်။ စစ်နှင့်ပတ်သက်၍ ရာစုနှစ်များစွာ အတွေ့အကြုံများရှိနေပြီဖြစ်သော်လည်း စိတ်ဓာတ်ရေးရာ စစ်ဆင်ရေး[1] နှင့်ပတ်သက်၍ လေ့လာမှုစရုံသာ စရှိသေးသည်ဟု ဆိုနိုင်၏။

ကလော့စဝစ်သည် စစ်ကို နက်ရှိုင်းစွာ လေ့လာခဲ့ပြီးနောက် အောက်ပါအတိုင်း ပြောခဲ့၏။ "စစ်ဘက်အပြုအမူအားလုံးသည် စဉ်းစားတွေးခေါ်မှုစွမ်းအားများ၊ ယင်းတို့ အကျိုးသက်ရောက်မှုများနှင့် စိမ့်ဝင်ပျံ့နှံ့လျက် ရှိ၏"။ သို့သော် စစ်ပွဲဝင်သည့် နိုင်ငံတိုင်းသည် ယင်းအဆိုကို သတိမမူဘဲ ဆန္ဒဇောတို့ဖြင့်သာ လုပ်ဆောင်ခဲ့ကြ၏။ သို့မဟုတ် ဆန္ဒဇောတို့ဖြင့်သာ လွှမ်းမိုးခြင်း ခံခဲ့ကြရ၏။ စဉ်းစားတွေးခေါ်မှုကို အသုံးပြုရမည့်အစား အနီးဆုံးအုတ်နံရံကို မိမိတို့ခေါင်းနှင့် ပြေးဆောင့်ရန်သာ ရွေးချယ်လုပ်ဆောင်ခဲ့ကြကုန်၏။

သာမန်အားဖြင့် အဂ္ဂမဟာဗျူဟာ ကျင့်သုံးရန် တာဝန်ရှိသောအစိုးရသည်သာလျှင် မဟာဗျူဟာဖြင့် စစ်ဘက်အဆုံးအဖြတ်ရအောင် လုပ်သင့်မလုပ်သင့် ဆိုသည်ကို အဆုံးအဖြတ်ပေးရမည် ဖြစ်လေသည်။ စစ်ဘက်နည်းသည် အဂ္ဂမဟာဗျူဟာ၏ နည်းလမ်းတစ်ရပ်သာ ဖြစ်သကဲ့သို့ (ဆေးဆရာဝန်၏ ဆေးသေတ္တာမှ လက်နက်တစ်ရပ်သာ ဖြစ်သကဲ့သို့) တိုက်ပွဲသည်လည်း မဟာဗျူဟာ ရည်မှန်းချက် အောင်မြင်ရန် နည်းတစ်ခုသာ ဖြစ်ချေ၏။ အခြေအနေ ပတ်ဝန်းကျင်အဆင်ပြေပါက တိုက်ပွဲသည် အကျိုးသက်ရောက်မှု အလျင်မြန်ဆုံးဖြစ်သော်လည်း အခြေအနေ ပတ်ဝန်းကျင်အဆင်မပြေသည့်အခါ တိုက်ပွဲဝင်ခြင်းသည် မိုက်မဲခြင်းသာဖြစ်၏။

မဟာဗျူဟာသမားတစ်ဦးသည် စစ်ဘက်အဆုံးအဖြတ်ရယူရန် တာဝန်ပေးအပ်ခြင်း ခံရသည်ဆိုကြပါစို့။ သူ၏တာဝန်မှာ အကျိုးအများဆုံးရရန် မိမိ

၁။ Psychological Warfare

www.burmeseclassic.com

www.burmeseclassic.com



အတွက် အကောင်းဆုံးအခြေအနေတွင် ရန်သူအား ရင်ဆိုင်ရတော့မည်ဖြစ်၏။ **သူ၏ရည်မှန်းချက်အမှန်မှာ တိုက်ပွဲဝင်ရန်ထက် မိမိအတွက် အကောင်းဆုံး၊ အခွင့်အသာဆုံး မဟာဗျူဟာအခြေအနေ ဖန်တီးယူရန် ဖြစ်လေသည်။ ယင်းအခြေအနေကြောင့် အဆုံးအဖြတ်မရသည့်တိုင် တိုက်ပွဲဆက်လက်တိုက်ရပါက မိမိက မုချအောင်ပွဲခံရမည်ဖြစ်၏။** တစ်နည်းဆိုရသော် **မဟာဗျူဟာ၏ ရည်မှန်းချက်မှာ ရန်သူအခြေပျက်သွားအောင် လုပ်ရန်ဖြစ်လေသည်။** ရရှိမည့်အကျိုးမှာ ရန်သူ သူ့အလိုလို ပြိုကွဲသွားခြင်း သို့မဟုတ် တိုက်ပွဲတိုက်ရလျှင် လွယ်ကူစွာ ရန်သူ ပြိုကွဲစေနိုင်ရမည်ဖြစ်၏။ ရန်သူပြိုကွဲစေရန် တစ်စိတ်တစ်ဒေသအားဖြင့် တိုက်ခိုက်ခြင်း ရှိကောင်းရှိမည်။ သို့သော် ယင်းတိုက်ခိုက်မှုသည် တိုက်ပွဲအသွင်ဆောင်သည်မဟုတ်ချေ။

## မဟာဗျူဟာ အပြုအမူ

မဟာဗျူဟာ အခြေပျက်မှုရအောင် မည်သို့လုပ်ဆောင်ရမည်နည်း။ ရုပ်ပိုင်းသို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေးအပိုင်းတွင် မိမိတပ်လှုပ်ရှားမှုဖြင့် အောက်ပါအကျိုးတစ်ခုခုရအောင် လုပ်ရာ၏။

* ရန်သူတပ်များအနေအထား ကမောက်ကမဖြစ်သွား၍ ရန်သူအား စစ်မျက်နှာ ပြောင်းစေခြင်း ဖြင့် သူ့တပ်များ ဖွဲ့စည်းမှု အခြေပျက်သွားစေခြင်း။
* ရန်သူတပ်များ ခွဲဖြန့်ရခြင်း။
* ရန်သူ့ရိက္ခာကို ခြိမ်းခြောက်နိုင်ခြင်း။
* ရန်သူအခြေချစခန်း သို့မဟုတ် မိမိနိုင်ငံသို့ ဆုတ်ခွာရာလမ်းကြောင်း၊ လမ်းကြောင်းများကို ခြိမ်းခြောက်နိုင်ခြင်း။

အထက်ပါအကျိုးတစ်ရပ်ရပ်ကြောင့် ရန်သူတပ်အခြေပျက်ရ၏။ များသောအားဖြင့် တစ်ခုထက်ပိုသော အကြောင်းများကြောင့် အခြေပျက်ရလေသည်။ အကျိုးတရားများကို ခွဲခြားရန်ခက်ခဲ၏။ အကြောင်းမှာ ရန်သူနောက်ဆွယ်ကို ခြိမ်းခြောက်နိုင်လျှင် ယင်းအကျိုးတရားအားလုံး စုပေါင်းရတတ်၏။ တစ်ခုစီအကျိုးသက်ရောက်မှုမှာ တစ်ခုနှင့်တစ်ခု မတူဘဲ တပ်တော်အရွယ်အစား ဖွဲ့စည်းပုံအပေါ် မူတည်၍ ကွဲပြားကြလေသည်။ "ရောက်ရာနေရာတွင် ရရာရှာစားနိုင်သော"[၁] တပ်တော်များသည် မည်သည့်နေရာတွင်စစ်ဆင်ရသည်ဖြစ်စေ တိုက်ခိုက်

[၁] Live on the Country



လုယက်၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ သုံးစွဲစားသောက်နေထိုင်နိုင်သည်ဖြစ်၍ ဆက်သွယ်ရေးလမ်းကြောင်းများသည် အရေးကြီးလှသည်မဟုတ်ချေ။ တိုးတက်ခေတ်မီသော တပ်များတွင်ပင် တပ်အရွယ်အစားငယ်သည်နှင့်အမျှ ရိက္ခာထောက်ပံ့ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းကို အမှီပြုရနည်း၏။ တပ်အရွယ်အစားကြီးလာပြီး ဖွဲ့စည်းပုံရှုပ်ထွေးလာသည်နှင့်အမျှ ဆက်သွယ်ရေးလမ်းကြောင်းကို ခြိမ်းခြောက်နိုင်လျှင် အကျိုးသက်ရောက်မှု လျင်မြန်ထိရောက်ပေ၏။

တပ်တော်များသည် အမှီခိုကင်းသည်နှင့်အမျှ မဟာဗျူဟာဆင်ရခက်ပြီး နည်းဗျူဟာ တိုက်ပွဲများ ပို၍အရေးပါလာ၏။ ဤကဲ့သို့ မဟာဗျူဟာ ဆင်ရခက်သည့် အခြေအနေမှာပင် လုပ်ရည်ကိုင်ရည်ရှိသော မဟာဗျူဟာသမားများသည် ရန်သူဆုတ်ခွာရာလမ်းကြောင်းကို ခြိမ်းခြောက်၍လည်းကောင်း၊ ရန်သူတပ်အနေအထား ဟန်ချက်ညီနေခြင်းကို ပျက်သွားအောင် ခြိမ်းခြောက်၍ လည်းကောင်း၊ ဒေသန္တရရိက္ခာများကို ခြိမ်းခြောက်၍ လည်းကောင်း တိုက်ပွဲမစမီပင် မိမိက အခွင့်သာအောင် လုပ်နိုင်ခဲ့ကြ၏။

ထိရောက်မှုရှိစေရန် ခြိမ်းခြောက်မှုသည် အချိန်အားဖြင့် လည်းကောင်း၊ နေရာအားဖြင့် လည်းကောင်း ရန်သူဆက်သွယ်ရေးလမ်းကြောင်းထက် ရန်သူတပ်တော်ကို အနီးကပ် ခြိမ်းခြောက်ရ၏။ ထို့ကြောင့် စောစောပိုင်းတိုက်ပွဲစဉ်များတွင် လှုပ်ရှားမှုတစ်ရပ်သည် မဟာဗျူဟာ လှုပ်ရှားမှုလော၊ နည်းဗျူဟာလှုပ်ရှားမှုလော ခွဲခြားရန် ခက်ခဲခြင်းဖြစ်လေသည်။

စိတ်ဓာတ်ရေးရာနယ်ပယ်တွင်မူကား အထက်ဆိုခဲ့သည့် ရုပ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများက ရန်သူတပ်မှူး စိတ်ဓာတ်ကို မည်မျှထိခိုက်မှုရှိသည့်အပေါ် မူတည်၍ ရန်သူအခြေပျက်မှုဖြစ်ရ၏။ ရန်သူတပ်မှူးသည် မိမိတို့ဘက်မှ တစ်ပန်းရှုံးနေပြီကို မြန်မြန်သိလာပြီး မိမိသည် တုံ့ပြန်ရန် မတတ်နိုင်တော့ဟု ယုံကြည်လျှင် သူ၏စိတ်ဓာတ်ကို ထိခိုက်မှုဒဏ် ပို၍ပြင်းထန်လေသည်။ စိတ်ဓာတ်ရေးအခြေပျက်မှုသည် အခြေခံအားဖြင့် ယင်းသို့ ထောင်ချောက်တွင်းကျရောက်နေပြီဟူသော အသိမှ ပေါက်ဖွားရ၏။

ထို့ကြောင့် စိတ်ဓာတ်အခြေပျက်မှုသည် အများဆုံး ရန်သူနောက်ဆွယ်ကို ခြိမ်းခြောက်နိုင်မှုမှ ရရှိခဲ့ခြင်း ဖြစ်လေသည်။ လူတစ်ဦးသည် မိမိကို နောက်မှ ခြိမ်းခြောက်လာလျှင် မျက်နှာမူရာကိုပြောင်းမှ မိမိ့လက်များကို အသုံးပြု ကာကွယ်နိုင်မည် ဖြစ်သကဲ့သို့ တပ်တော်တစ်ခုသည်လည်း အလားတူပင်ဖြစ်၏။ လူတစ်ဦးကဲ့သို့ပင် တပ်တော်တစ်ခုသည် အရပ်မျက်နှာ ပြောင်းလိုက်လျှင် ယာယီအားဖြင့် ဟန်ချက်ပျက်သွား၍ တပ်တော်သည် အချိန်အတော်ကြာပင် အခြေအနေ မတည်

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်ဖြစ်နေမည် ဖြစ်လေသည်။ ထို့ကြောင့် နောက်မှ ခြိမ်းခြောက်ခံရလျှင် ဦးနှောက်ချောက်ချားမြဲ ဖြစ်၏။

ရန်သူကို ထိပ်တိုက်ရင်ဆိုင်ရန် ချီတက်လျှင် သူ၏ရုပ်ပစ္စည်း၊ စိတ်ဓာတ်ဟန်ချက်ညီမှုကို ပိုမိုစုစည်းအောင် လုပ်ပေးသလိုဖြစ်ပြီး သူ၏ခုခံမှုကို ပိုမိုအားကောင်းစေမည်ဖြစ်၏။ တပ်တော်တစ်ခုအား သူ၏အရန်တပ်များ၊ ရိက္ခာများ၊ အကူတပ်များရှိရာသို့ တွန်းပို့သလိုဖြစ်ပြီး ရှေ့တန်းမှ နောက်သို့ဆုတ်ပေးရစေကာမူ နောက်ပိုင်းမှ အင်အားစုများကြောင့် နောက်တွင် တပ်ထုများ တက်လာရ၏။ အလွန်ဆုံး ဖြစ်နိုင်သည်မှာ ရန်သူပင်ပန်းနွမ်းနယ်ရုံသာဖြစ်ပြီး ချောက်ချားစေနိုင်စွမ်း မရှိချေ။

ထို့ကြောင့် **ရန်သူရှေ့တန်းကိုကျော်၍ နောက်ဆွယ်သို့ရောက်အောင် လုပ်ဆောင်ခြင်းသည် ရန်သူခုခံမှုကို ရှောင်ရှားရန်သာမဟုတ်၊ အဆုံးအဖြတ်ရရန်ဖြစ်၏။ ရန်သူခုခံမှု အနည်းဆုံးနေရာကို ရွေးချယ်ခြင်းပင်ဖြစ်၏။** အလားတူပင် **စိတ်ဓာတ်နယ်ပယ်တွင် ရန်သူမျှော်မှန်းမှု အနည်းဆုံးနေရာကို ရွေးချယ်တိုက်ရာ၏။** ယင်းတို့နှစ်မျိုးမှာ ငွေဒင်္ဂါးတစ်ပြား၏ ခေါင်းဘက်ပန်းဘက်ကဲ့သို့ဖြစ်ပြီး ယင်းကို နားလည်ခြင်းသည် မဟာဗျူဟာ နားလည်မှု ကျယ်ပြန့်လာခြင်းပင်ဖြစ်၏။ အကြောင်းမူကား ရန်သူခုခံမှု အနည်းဆုံးဟု ထင်ရှားနေသည့်နေရာကို မိမိက ရွေးချယ်လျှင် ယင်းသို့ထင်ရှားနေသောကြောင့်ပင်လျှင် ရန်သူကလည်း ဂရုပြုမိတော့မည် ဖြစ်၏။ ထိုအခါတွင် ထိုနေရာသည် ခုခံမှုအနည်းဆုံးနေရာ ဖြစ်တော့မည် မဟုတ်တော့ချေ။

**ရုပ်ပစ္စည်းသဘောကို လေ့လာသည့်အခါတွင် စိတ်ဓာတ်သဘော၊ စိတ်ဓာတ်ရေးရာဘက်ကို မျက်ခြည်မပြတ်ရ။ ယင်းနှစ်မျိုးပေါင်းစပ်မှသာလျှင် ရန်သူဟန်ချက်ညီမှုကို အခြေပျက်အောင်လုပ်သည့် တကယ့်သွယ်ဝိုက်ချဉ်းကပ်မှုဖြစ်နိုင်ပေသည်။**

ရန်သူရှိရာသို့ တိုက်ရိုက်မဟုတ်ဘဲ ချဉ်းကပ်ရုံဖြင့်လည်းကောင်း၊ ရန်သူနောက်ဆွယ်သို့ရောက်အောင် ချဉ်းကပ်ရုံနှင့်လည်းကောင်း မဟာဗျူဟာသွယ်ဝိုက်ချဉ်းကပ်ခြင်း မမည်သေး။ မဟာဗျူဟာ ဝိဇ္ဇာပညာရပ်သည် ဤမျှလွယ်ကူသည် မဟုတ်ချေ။ ယင်းသို့ချဉ်းကပ်မှုသည် ရန်သူတပ် စစ်မျက်နှာအနေအထားနှင့် နှိုင်းယှဉ်ပြောလျှင် တိုက်ရိုက်မဟုတ်ဘဲ ဖြစ်နိုင်၏။ သို့သော် ရန်သူနောက်ဆွယ်သို့ တိုက်ရိုက်တည့်တည့်ကြီး ချဉ်းကပ်ခြင်းဖြင့် ရန်သူက စစ်မျက်နှာပြောင်းလိုက်သည်နှင့် တစ်ပြိုင်နက် ရန်သူစစ်မျက်နှာအသစ်ကို တိုက်ရိုက်ချဉ်းကပ်မှု ဖြစ်သွားပေတော့မည်။



ရန်သူက ယင်းကဲ့သို့ စစ်မျက်နှာပြောင်းလိုက်နိုင်သည့် အန္တရာယ်ရှိနေသဖြင့် များသောအားဖြင့် ရန်သူအခြေပျက်သွားအောင် အလဲထိုးခြင်း မပြုနိုင်မီ ရန်သူကို **အာရုံပြောင်းစေသည့် လုပ်ဆောင်ချက်**[၁] သို့မဟုတ် လုပ်ဆောင်ချက်များ လုပ်ပေးရန် လိုပေ၏။ **အာရုံပြောင်းစေသည်ဆိုရာတွင် ရန်သူအင်အား ဖြန့်ခွဲပစ်စေရန်ကို ဆိုလိုသည်။** ယင်းသို့ ရန်သူအာရုံပြောင်းစေခြင်း၏ ရည်ရွယ်ချက်မှာ ရန်သူကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်မရှိအောင် လုပ်ရန်ဖြစ်ပြီး သူ၏ရုပ်ပစ္စည်း၊ စိတ်ဓာတ် နှစ်ခုစလုံးကို ရည်မှန်းပြုလုပ်ရမည်။ ရုပ်ပစ္စည်းသဘောအရ ရန်သူ၏ တပ်များသည် သူ့အတွက် အကျိုးမရှိသည့်နေရာများတွင် ဖြန့်ခွဲရ၍ ထိုနေရာတို့တွင် အသုံးချထားရသောကြောင့် အဆုံးအဖြတ်ပေးနိုင်သည့်နေရာတွင် မိမိက တိုက်သည့်အခါတွင် ရန်သူက မည်သို့မျှ ဝင်ရောက်တားဆီးနှောင့်ယှက်နိုင်ခြင်း မရှိအောင် လုပ်နိုင်ရမည်။ စိတ်ဓာတ်ရေးရာနယ်ပယ်တွင် ယင်းအကျိုးကိုရရှိအောင် ရန်သူတပ်မှူးနှင့် ဌာနချုပ် ကြောက်စိတ်ဝင်စေခြင်းဖြင့် လည်းကောင်း၊ ရန်သူကို လှည့်စားခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ရာ၏။

ယင်းသဘောကို စတုန်းဝေါလ်ဂျက်ဆင်[၂]က "ရန်သူအား ရှုပ်ထွေးစေပြီး လှည့်ဖြား၍ အငိုက်ဖမ်းတိုက်ပါ"[၃]ဟု ဆိုခဲ့၏။ ယင်းမှာ သူ၏ မဟာဗျူဟာ ဆောင်ပုဒ်ဖြစ်လေသည်။ ရန်သူအား ရှုပ်ထွေးစေပြီး လှည့်ဖြားနိုင်ရန် ရန်သူ အာရုံပြောင်းနိုင်စေရမည် ဖြစ်၏။ ထို့နောက် အငိုက်ဖမ်းခြင်းဖြင့် ရန်သူအခြေပျက်အောင် လုပ်ရမည် ဖြစ်လေသည်။ ရန်သူတပ်မှူးကို အာရုံပြောင်းပေးလိုက်ခြင်းဖြင့် ရန်သူစစ်တပ်များ ဖြန့်ခွဲခြင်း ဖြစ်စေရ၏။ သူ့အနေနှင့် လွတ်လပ်စွာ တွေးခေါ်ခြင်း မပြုနိုင်သည်နှင့်အမျှ လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်း ရှိတော့မည် မဟုတ်ချေ။

စိတ်ဓာတ်ရေးရာက ရုပ်ပစ္စည်းဘက်ကို မည်သို့ စိမ့်ဝင်ပျံ့နှံ့သည်၊ လွှမ်းမိုးသည်ကို ပိုင်ပိုင်နိုင်နိုင် သိရှိခြင်းဖြင့် သွယ်ဝိုက်၍ အကျိုးတစ်ရပ် ရရှိသေး၏။ သို့ သိရှိခြင်းကြောင့် မဟာဗျူဟာကို သချာနည်းဖြင့် ယောကိန်းထုတ်ခြင်းသည် မည်မျှမှားယွင်းကြောင်း၊ မည်မျှ တိမ်ကြောင်းကို ပေါ်လွင်စေလေသည်။ ရွေးချယ်ထားသည့် တစ်နေရာတွင် မိမိက ရန်သူထက် အင်အားသာစေရမည်ဟု အရေအတွက်အားဖြင့်သာ တွက်ချက်ဖော်ပြခြင်းသည် ကျော်မက်ထရီနည်းအရ ထောင့်များ၊ မျဉ်းများဖြင့် ဖော်ပြသကဲ့သို့ပင် မှားယွင်းပေ၏။

---

၁။ Distraction

၂။ Stonewall Jackson အမေရိကန်ပြည်တွင်းစစ် (၁၈၆၁–၆၅)တွင် တောင်ပိုင်းတပ်များ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ (ဘာသာပြန်သူ)

၃။ Mystify, Mislead and Surprise

www.burmeseclassic.com

www.burmeseclassic.com



ပို၍ အမှန်တရားနှင့် ဝေးသည်မှာကား စစ်ပညာစာအုပ်များတွင် စစ်မှုရေးရာဆိုသည်မှာ အင်အားစုစည်းရန်သာ ဖြစ်သည်ဟု ဖော်ပြကြခြင်းပင် ဖြစ်လေသည်။ အကြောင်းမှာ ယင်းသို့ အဆိုပြုချက်သည် လမ်းဆုံးသို့သော ပို့ဆောင်သောကြောင့်တည်း။ စစ်အင်အားမြိုးမြဲခြင်းကို အဓိပ္ပာယ်သတ်မှတ်ရာ၌ 'မိမိရှိသမျှလူသူပစ္စည်း လက်နက်အင်အားကို တစ်ချိန်တွင် တစ်နေရာတည်းသို့ ပို့ပေးခြင်းဖြစ်ပြီး ထိုနေရာတွင် မိမိတပ်အားလုံးကို အသုံးချရမည်။ ယင်းသို့ လုပ်ဆောင်နိုင်ရန် ယင်းတပ်အားလုံးသည် အချင်းချင်း ဆက်သွယ်ပြောဆိုနိုင်ကြရမည်။ ထိုတပ်များကို ခွဲခြားခြင်းမပြုရ။ သီးခြားတာဝန်တစ်ခုစီ ပေးမထားရ။ မိမိရည်မှန်းချက်အောင်မြင်ပြီးသောအခါ ဒုတိယပိုင်းအနေနှင့် မိမိတပ်များကို ရည်မှန်းချက်တစ်ခုတည်းသို့ စုပြုံ အင်အားစုစည်းလုပ်ဆောင်ရမည်'ဟု ဖော့ချ်[၁] က ရေးသားထားခဲ့၏။ ယင်းအဓိပ္ပာယ်သတ်မှတ်ချက်မှာ ကျော်ကြားလူသိများခဲ့လေသည်။

ပို၍ရှင်းလင်းပြီး ပို၍မှန်ကန်အောင် ပြောဆိုရလျှင် တပ်တော်တစ်ခုကို နေရာချထားရာ၌ အချင်းချင်း အကူအညီပေးနိုင်ပြီး တစ်နေရာတည်းတွင် ဖြစ်နိုင်သည့် အများဆုံးအင်အားစုစည်းမှုရအောင် ပြုလုပ်ရမည်။ တစ်ချိန်တည်းတွင် လိုအပ်သည့် တပ်အနည်းဆုံးဖြင့် ယင်းသို့ မိမိတပ်များ အင်အားစုစည်းမှု အောင်မြင်အောင် ပြင်ဆင်ကူညီရမည်။

တပ်အားလုံး အင်အားစုစည်းရန်မှာ မဖြစ်နိုင်သော ရည်မှန်းချက်ဖြစ်ပြီး လေးနက်အောင် ပိုပြောသည်ဆိုစေကာမူ အန္တရာယ်ရှိပေ၏။ ထို့ပြင် လက်တွေ့အားဖြင့် "အနည်းဆုံးလိုအပ်သည့်"အင်အားမှာ "ဖြစ်နိုင်သည့်အများဆုံး"အင်အားထက် အချိုးအစား အရေအတွက် ပို၍များကောင်း များနေပေမည်။ ရန်သူကို အာရုံပြောင်းရန် ထိထိရောက်ရောက် အသုံးပြုသည့်တပ် ပို၍ကြီးလေ မိမိရည်မှန်းချက် အောင်မြင်အောင် အင်အားစုစည်းမှု ပို၍အောင်မြင်ရန် လမ်းများလေဟုပင် ဆိုနိုင်၏။ အကြောင်းမူကား ယင်းသို့ မလုပ်ဆောင်နိုင်လျှင် ရန်သူထုထည်သည် မိမိဖြိုခွဲမရလောက်အောင် ကြီးမားနေမည် ဖြစ်လေသည်။

**အဆုံးအဖြတ်ပေးနိုင်ရမည်ဟု မျှော်မှန်းထားသောနေရာတွင် မိမိက အင်အားသာရုံဖြင့် မပြီးသေး။ ယင်းနေရာကို ရန်သူက မည်သည့်အချိန်တွင်မျှ အင်အားမဖြည့်တင်းနိုင်ရန် လို၏။** ရန်သူသည် ရုပ်ပစ္စည်းအင်အားနည်းရုံနှင့် မလုံလောက်သည်ကို မကြာခဏတွေ့ရ၏။ စိတ်ဓာတ်ရေးရာအရပါ မိမိက သာလွန်နေရမည်။ ယင်းသို့အခြေအနေကိုရအောင် မဖန်တီးနိုင်သဖြင့် နပိုလီယံသည် အဆိုးဆုံးရန်သူခုခံမှုများကို ကြုံခဲ့ရ၏။ **လက်နက်များက သစ်ဆန်းလာ၍**

[၁] Foch ဖာဒီနန်းဖော့ချ် ပြင်သစ်စစ်သူကြီး (ဘာသာပြန်သူ)



**ပိုမိုတားဆီးဖြင့်ခွဲလာစေနိုင်လေ ရန်သူအာရုံပြောင်းဖို့လုပ်ရန် ပို၍လိုလာလေ** ဖြစ်၏။

## မဟာဗျူဟာအခြေခံ

ဖော့ချ်နှင့် ကလော့စဝစ်၏ အခြားတပည့်များ ရေရေလည်လည် နားမလည်ခဲ့သည့်အချက်မှာ စစ်တွင် ပြဿနာတိုင်း၊ မူတိုင်းသည် နှစ်ဖက်ဖြစ်သည်[၁] ဆိုသည့်အချက်ဖြစ်၏။ ဒင်္ဂါးတစ်ပြားကဲ့သို့ ခေါင်းပန်းနှစ်ဖက်ရှိ၏။ ထို့ကြောင့် ပြန်လည်ပေါင်းစပ်ပေးရန် သေချာစွာ တွက်ချက် ကြားအဖြေရှာပေးနိုင်ရန် အရေးကြီး၏။ ယင်းသို့ ဖြစ်ရသည်ကား စစ်ဆိုသည်မှာ နှစ်ဖက်ပါဝင်တိုက်ခိုက်ရခြင်း ဖြစ်သောကြောင့် မလွဲမသွေ တွေ့ကြုံရသည့် အကျိုးဆက်ဖြစ်၏။ ထို့ကြောင့် မိမိက တိုက်နေစဉ် ကိုယ့်ကိုယ်ကိုလည်း ကာကွယ်ရန်လို၏။ ယင်းမှ တစ်ဆက်တည်း ချမှတ်နိုင်သည့် ကောက်ချက်မှာ **ရန်သူကို ထိထိရောက်ရောက် တိုက်နိုင်ရန် သူကာကွယ်ထားသည်များကို ဖယ်ရှားပစ်ရန်လို၏။ မိမိတပ်များ ထိထိရောက်ရောက် အင်အားစုစည်းနိုင်သည်မှာ ရန်သူတပ်များ ဖြန့်ခွဲသည့်အခါတွင်သာ ဖြစ်၏။** ယင်းသို့ဖြစ်စေရန် မိမိတပ်များကို ကျယ်ပြန့်စွာ နေရာချထားရမည်။ ထို့ကြောင့် တကယ်အင်အားစုစည်းမိခြင်းသည် တပ်များ ဖြန့်ခွဲနေရာချထားနိုင်ခြင်းကြောင့် ဖြစ်သည်ဆိုသော စကားရပ်သည် ဆန့်ကျင်ဘက်သဘောဆောင်သည်ဟု ထင်မြင်ရသော်လည်း အမှန်ပင် ဖြစ်ချေသည်၊

**နှစ်ဖက် ပါဝင်တိုက်ခိုက်ရသည်ဖြစ်သောကြောင့် ရသည့် နောက်အကျိုးတစ်ရပ်ကား မိမိရည်မှန်းချက်ကို ရရှိနိုင်စေရန် လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များ ရှိရမည်။** ယင်းအဆိုသည် ၁၉ ရာစုနှစ်များအတွင်းက ဖော့ချ်နှင့် သူ့လူများ တစ်သမတ်တည်း တရားသေယူခဲ့သည်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လေသည်။ လက်တွေ့နှင့် စာဆိုခြားနားချက်တည်း။ အကြောင်းမူကား ရန်သူက မိမိရည်မှန်းချက်ကို အသေအချာသိနေလျှင် သူ့ကိုယ်သူ ကာကွယ်ထား၍ မိမိလက်နက်ကို တုံးသွားအောင်လုပ်ရန် အကောင်းဆုံးအခွင့်အရေးရတော့မည်မှာ သေချာ၏။ သို့သော် မိမိအနေနှင့် ရည်မှန်းချက်နှစ်ခုသုံးခုကို ခြိမ်းခြောက်နိုင်သည့်လိုင်းကို လိုက်နိုင်သည့်အခါတွင်မူကား ရန်သူ၏စိတ်ဓာတ်နှင့် တပ်များကို အာရုံပြောင်းနိုင်မည်ဖြစ်လေသည်။ ထို့ပြင် ယင်းနည်းမှာ ရန်သူအာရုံပြောင်းအောင် လုပ်သည့်နည်းများတွင် မိမိတပ်ကို အမြိုးမြဲ အချောတာဆုံးနည်း ဖြစ်ချေသည်။

[၁] In war every problem, and every principle is a duality.

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား ဤနည်းတွင် မိမိ၏တပ် အချိုးအစား အများစုကို မိမိ၏ တကယ့်စစ်ဆင်ရာလမ်းကြောင်းတွင် ထားနိုင်သောကြောင့်ဖြစ်၏။ ဤနည်းဖြင့် အဖြစ်နိုင်ဆုံး အင်အားစုစည်းမှုနှင့် လိုအပ်သလောက် ဖြန့်ခွဲမှုကို ပေါင်းစပ်ပေးနိုင်ပေ၏။

ပြောင်းလဲလုပ်ဆောင်နိုင်သောအရာ တစ်စုံတစ်ခုမရှိခြင်းသည် စစ်၏ သဘောသဘာဝနှင့် ဆန့်ကျင်၏။ ယင်းသို့ဖြစ်လျှင် ၁၈ ရာစုက ဘိုဆေး[၁] ပြောကြားခဲ့သည့် နက်နဲလှသည့် အဆိုအမိန့်နှင့် ဆန့်ကျင်ရာလည်းကျ၏။ ယင်းအဆိုအမိန့်မှာကား **"တိုက်ပွဲစဉ် စီမံချက်တွင် လိုက်နာလုပ်ဆောင်နိုင်သည့် လမ်းခွဲများစွာ ရှိရန်လို၏။ ယင်းတို့ကိုလည်း မည်မျှအထိ အသေအချာ စဉ်းစားတွက်ချက်ထားရမည်နည်းဆိုသော် လမ်းခွဲတစ်ခု သို့မဟုတ် နောက်တစ်ခုသည် မုချအောင်ပွဲခံနိုင်ရမည့်လမ်း ဖြစ်စေရမည်"**။ ယင်းအဆိုအမိန့်ကို နပိုလီယံသည် အမြဲတစေလိုက်နာလုပ်ဆောင်ခဲ့လေသည်။ သူ့ပြောစကားအရ "ရန်မှန်းချက်တစ်ခု အောင်မြင်မှုရရှိစေရန် နည်းလမ်းနှစ်မျိုး စီစဉ်ပြီး ရှိရမည်"[၂]

နောက်နှစ်ပေါင်း ၇၀ ကြာသောအခါ ရှားမင်း[၃] သည် ထိုသင်ခန်းစာကို မိမိအတွေ့အကြုံမှလည်းကောင်း၊ တွေးခေါ်ခြင်းဖြင့်လည်းကောင်း ရရှိခဲ့ပြီး အောက်ပါအတိုင်း ဆိုခဲ့၏။ "ရန်သူကို ဘာလုပ်ရမှန်းမသိသည့် အခြေအနေ ရောက်အောင် လုပ်ဆောင်နိုင်ရမည်" (ရန်သူကို ချိုနှစ်ခုပေါ် ခွတင်ထားရမည်)[၄] ရန်သူတပ်ရှိနေပြီး မိမိက လိုသလို လွှမ်းမိုးပြုပြင်နိုင်စွမ်း မရှိသည့်အခါတိုင်း လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များ တွေးခေါ်သတ်မှတ်ထားနိုင်ရမည်၊ ဘဝတွင် အသက်ရှင်သန်နေနိုင်ရေးအတွက် လျော်ကန်အောင် ပြုပြင်နေနိုင်စွမ်း ရှိခြင်းသည် အရေးကြီးသကဲ့သို့ စစ်တွင်လည်း ယင်းစွမ်းရည်သည် အရေးပါလှပေ၏။ အကြောင်းမူကား **စစ်ဆိုသည်မှာ လူနှင့်ပတ်ဝန်းကျင်တိုက်ပွဲ၏ အနှစ်သာရပင် ဖြစ်သောကြောင့်တည်း**။

လက်တွေ့ကျစေရန် မိမိစီမံချက်တိုင်းတွင် ရန်သူက မိမိအကြံပျက်အောင် လုပ်နိုင်မည်ကို ထည့်သွင်း တွက်ချက်ထားရမည်။ ယင်းသို့ ရန်သူ၏နှောင့်ယှက်မှုကို ကျော်လွှန်နိုင်ရန် အကောင်းဆုံးနည်းကား တွေ့နိုင်သည့်အခြေအနေအရ မိမိစီမံချက်သည် ပြုပြင်နိုင်စွမ်းရှိရမည်။ မီးစင်ကိုကြည့်၍ ကနိုင်ရမည်။ မိမိက လက်ဦးမှုရှိနေပြီး ယင်းသို့ လျော်ကန်အောင် ပြုပြင်နိုင်စွမ်းရှိရန် အကောင်းဆုံး

၁။ Bourcet
၂။ Faire Theme En Deux Fecons
၃။ Sherman အမေရိကန်ပြည်တွင်းစစ် မြောက်ပိုင်းစစ်ခေါင်းဆောင် (ဘာသာပြန်သူ)
၄။ Putting the enemy on the horns of a dilemma



နည်းကား ပြောင်းလဲတိုက်နိုင်သော ရည်မှန်းချက်များရှိသည့်လိုင်းမှ စစ်ဆင်ရေးပြုလုပ်ရန်ဖြစ်၏။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ရန်သူက ဘာလုပ်ရမည်မသိဖြစ်ပြီး အနည်းဆုံးရည်မှန်းချက်တစ်ခု (ရန်သူကာကွယ်မှု အနည်းဆုံးတစ်ခု)တော့ မိမိက ရမည်မှာ သေချာ၏။ ထို့နောက် ရည်မှန်းချက်တစ်ခုပြီးတစ်ခု ရနိုင်ပေမည်။

နည်းဗျူဟာနယ်ပယ်တွင်ကား ရန်သူက မြေအခြေအနေအရ သူ့တပ်များကို နေရာချထားမည် ဖြစ်သဖြင့် "သူဘာလုပ်ရမည်မသိသည့် အခြေအနေ"သို့ တွန်းပို့ရန် လွယ်ကူမည်မဟုတ်ချေ။ မဟာဗျူဟာနယ်ပယ်တွင်ကား ရန်သူသည် ထင်ရှားလှသည့် စက်မှုနေရာများ၊ မီးရထားလမ်းဆုံများကို ကာကွယ်ထားရမည် ဖြစ်သောကြောင့် သူဘာလုပ်ရမည် မသိသည့်အခြေအနေသို့ တွန်းပို့ရန် ပို၍ အခွင့်သာ၏။ အလားတူအကျိုးကိုရရန် နောက်တစ်နည်းမှာ **ရန်သူ ခုခံမှုအင်အားကိုလိုက်၍ မိမိတိုက်ခိုက်မှုကို လျော်ကန်အောင် ပြုပြင်ပေးရန် ဖြစ်၏။ ရန်သူ ခုခံမှုအားနည်းသည့်နေရာ တွေ့သည်နှင့်တစ်ပြိုင်နက် အမြတ်ထုတ်စစ်ဆင်ရန် ဖြစ်၏။ စီမံချက်ဟူသည် သီးပွင့်သည့်သစ်ပင်ကဲ့သို့ အကိုင်းအခက်များစွာ ရှိရမည်။ ရည်မှန်းချက်တစ်ခုတည်းရှိသော စီမံချက်သည် မြုံနေသည့် (မသီးမပွင့်သည့်)ဝါးလုံးနှင့် တူပေလိမ့်မည်။**

## ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ခြင်း

ရန်သူတောင်ပံကို ပန်း၍လည်းကောင်း၊ ရှေ့တန်းစစ်မျက်နှာ ကျိုးပေါက်သွားသည့်နေရာမှ ထိုးဝင်၍လည်းကောင်း၊ ရန်သူ၏ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ရန် စီမံချက်လုပ်ဆောင်ရာ၌ မည်သည့်နေရာကိုတိုက်လျှင် အထိရောက်ဆုံးဖြစ်မည်ကို တွက်ချက်ရတော့မည်ဖြစ်၏။ ရန်သူတပ်၏ နောက်နားတွင်ပင် တိုက်မည်လော၊ နောက်ဘက် တော်တော်ဝေးသည့်နေရာတွင် တိုက်မည်လော ရွေးချယ်ရတော့မည် ဖြစ်၏။

ယန္တရားတပ်များ စတင်တည်ထောင်ခါစ ထိုတပ်များကို စမ်းသပ်နေကြ၍ ယင်းတပ်များ၏ မဟာဗျူဟာအခန်းကဏ္ဍကို ဆွေးနွေးကြစဉ်က ကျွန်ုပ်အနေနှင့် ရှေးယခင်က မြင်းတပ်တိုက်ခိုက်ကြပုံများ၊ (အထူးသဖြင့်) မကြာသေးမီကာလ မီးရထားပေါ်ပေါက်လာပြီး တိုက်ပွဲများကို လေ့လာ၍ ယင်းတို့မှ သင်ခန်းစာများကို လမ်းညွှန်အဖြစ် ရှာဖွေခဲ့ပါသည်။ မြင်းတပ်များနှင့် စီးနင်းတိုက်ခိုက်မှုတို့သည် အလားအလာ ကန့်သတ်ချက်ရှိပြီး မဟာဗျူဟာမြောက်ယန္တရားတပ်များနှင့် နက်ရှိုင်းစွာ ထိုးဝင်တိုက်ခိုက်ခြင်းတွင် လွန်စွာ အလားအလာကောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ခဲ့ရ၏။ ယင်းလေ့လာမှုမှ ခြားနားချက်ကို တွေ့ရသော်လည်း ယင်းခြားနားချက်သည် ရရှိထွက်ပေါ်လာသည့် သင်ခန်းစာကို မှေးမှိန်အောင်မလုပ်သည့်အပြင် ယင်းသင်ခန်းစာကို ပို၍ပင် လေးနက်စေသေး၏။ လိုအပ်သလို ပြင်ဆင်ချက်များ ညှိနှိုင်းမှုများ ပြုလုပ်ပြီးသောအခါ အောက်ပါကောက်ချက်များကို ထုတ်ယူနိုင်ခဲ့၏။

မြဲ၍ဆိုရသော် ရန်သူတပ်နှင့် ပို၍နီးကပ်စွာ ဆက်သွယ်ရေးလမ်းများကို ဖြတ်တော်လျှင် **အကျိုးရမှုသည် ပို၍လျှင်မြန်၏။** ရန်သူ့အခြေချစခန်းနှင့် ပို၍နီးကပ်စွာ ဖြတ်တောက်လေ **အကျိုးပိုမိုကြီးမားလေ ဖြစ်၏။** ဖြတ်တောက်မှုနစ်မျိုးစလုံးတွင် ရန်သူတပ်သည် လှုပ်ရှားနေဆဲ၊ စစ်ဆင်ရေးတစ်ခု ပြုလုပ်နေဆဲ ဖြစ်လျှင် (ရပ်တန့်နေသောတပ်ကို ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ရသည်ထက်) အကျိုးပိုမိုကြီးမားပြီး ပိုမို၍လည်း အကျိုးရမှု လျင်မြန်၏။

လှုပ်ရှားနေစဉ် တိုက်ခိုက်ရန်အရပ်ဒေသ ရွေးချယ်ရာတွင် ရန်သူတပ်များ၏ မဟာဗျူဟာအခြေအနေ၊ ရိက္ခာထောက်ပံ့မှု အခြေအနေအပေါ်တွင် အများဆုံး တည်နေ၏။ ဆိုလိုသည်မှာ ရန်သူ၏ ရိက္ခာထောက်ပံ့မှုလမ်း မည်မျှရှိသည်၊ အခြားရိက္ခာထောက်ပံ့မှုလမ်းအဖြစ် မည်သည်တို့ကို အသုံးပြုနိုင်သေးသည်၊ ရှေ့တန်းစစ်မျက်နှာအနီး ရိက္ခာစခန်းများ၌ ရိက္ခာစုပုံပြီး မည်မျှရှိသည် စသည့် အချက်များအပေါ် တည်နေလေသည်။ ယင်းအချက်များကို လေ့လာတွက်ချက်ပြီးသောအခါ မိမိရည်မှန်းချက်တို့ကို ရောက်နိုင်သည့်နည်းလမ်းများနှင့် နှိုင်းယှဉ်၍ ထပ်မံစဉ်းစားတွက်ချက်ရန် လို၏။ ရောက်နိုင်သည့် နည်းလမ်းများတွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ ရည်မှန်းချက်သို့သွားရန် ခရီးမည်မျှဝေးသည်၊ သဘာဝအတားအဆီး အခက်အခဲများ၊ လမ်းတွင် တွေ့ရှိနိုင်သည့်ရန်သူ့ခုခံမှု စသည်တို့ ဖြစ်လေသည်။ **မြဲ၍ဆိုရသော်လည်း ရည်မှန်းချက်ဝေးလေလေ သဘာဝအခက်အခဲ ပိုများလေ၊ ရန်သူ့ခုခံမှု ပိုတွေ့ရနည်းလေ ဖြစ်၏။**

**ထို့ကြောင့် သဘာဝအခက်အခဲများသည် အလွန့်အအလွန် ခက်ခဲခြင်းမရှိလျှင်၊ ရန်သူသည် အခြေချစခန်းအပေါ် ရိက္ခာအတွက် မှီခိုမနေလျှင် ရှေ့တန်းရန်သူများနှင့် ဝေးကွာသည့်နေရာတွင် တိုက်နိုင်လေ ပိုမိုအောင်မြင်လမ်းများပြီး ပိုမိုထိရောက်လေ ဖြစ်ပေ၏။**

နောက်တစ်ချက်မှာ **ရန်သူနောက်နားတွင်ပင် ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်လျှင် ရန်သူတပ်များ စိတ်ဓာတ်ကို ပိုမိုထိခိုက်နိုင်၍ ပိုဝေးသည့်နေရာမှ ဖြတ်တောက်လျှင် ရန်သူတပ်မှူးစိတ်ဓာတ်ကို ပိုမိုထိခိုက်နိုင်မည် ဖြစ်လေသည်။**

ရှေးက မြင်းတပ်များနှင့် တိုက်ခိုက်ရာတွင် အကျိုးရှိသင့်သလောက် မရှိခဲ့ကြသည်မှာ ဖျက်ဆီးသည့်အပိုင်းတွင် သတိမူသင့်သည်ကို သတိမမူ ပြုလုပ်ခဲ့



ကြခြင်းကြောင့် ဖြစ်လေသည်။ ရရှိသည့်အကျိုးကား ရန်သူ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးတရားကို လျှော့၍တွက်ထားကြ၏။ ရိက္ခာများကို လမ်းတွင် ဖျက်ဆီးပစ်ရုံသာမကသေးဘဲ ရန်သူရထားနှင့်ကား ကွန်ဗွိုင်များ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်းဖြင့်လည်း ရန်သူရိက္ခာကို ဖြတ်တောက်ပစ်နိုင်သည်ကို သတိပြုရမည်။ ယန္တရားတပ်များသည် ပြောင်းလွယ်ပြင်လွယ်ဖြစ်၍လည်းကောင်း၊ တောတောင်ကျော်ဖြတ်သွားနိုင်၍လည်း ယင်းသို့ ရိက္ခာဖြတ်တောက်တိုက်ရန် အလားအလာ ပို၍ကောင်းလာလေသည်။

ယင်းကောက်ချက်များကို ဒုတိယကမ္ဘာစစ်အတွေ့အကြုံများက အတည်ပြု ထောက်ခံပေးခဲ့လေသည်။ အထူးသဖြင့် ဂူဒယ်ရီယန်၏တပ်များသည် ဂျာမန်တပ်တော်များ ရှေ့အတော်ရောက်သည့်နေရာမှ မဟာမိတ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းများ ဆော(မ်)မြစ်၏ ဖြတ်ကူးသည့် အာဒိင်းနှင့် အာဘီးလ်နေရာများတွင် ဖြတ်တောက်လိုက်သည့်အခါ မဟာမိတ်ဌာနချုပ်များတွင် စိတ်ဓာတ်ရေးအရလည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအရလည်းကောင်း အဖတ်ဆယ်မရအောင် တုန်လှုပ်ချောက်ချားမှုများ ဖြစ်စေခဲ့လေသည်။

## ချီတက်နည်း

၁၈ ရာစုအကုန်အထိ တပ်အားလုံး စုစုစည်းစည်း ချီတက်ကြခြင်းမှာ လုပ်ရိုးလုပ်စဉ် ထုံးစံပင်ဖြစ်၏။ မဟာဗျူဟာသဘောအရ စစ်မြေပြင်သို့ချီတက်ရာတွင်လည်းကောင်း၊ နည်းဗျူဟာသဘောအရ စစ်မြေပြင်၌ ချီတက်ရာတွင်လည်းကောင်း ထိုနည်းအတိုင်း စုစုစည်းစည်း တလုံးတစည်းတည်း ချီတက်ကြသည်သာ ဖြစ်လေသည်။

နပိုလီယံသည် ဘိုဆေး၏အယူအဆများနှင့် တပ်မဖွဲ့စည်းပုံကို အမြတ်ထုတ် အသုံးချ၍ ခွဲဝေမဟာဗျူဟာချီစစ်[၁] ကို တီထွင် အသုံးပြုခဲ့လေသည်။ ယင်းနည်းအရ တပ်တော်ချီတက်ရာတွင် ပါဝင်သောအစိတ်အပိုင်းများက သီးခြားမိမိတို့ဘာသာ သတ်မှတ်ပေးထားသောနေရာသို့ တစ်ကွဲစီ ချီတက်ခဲ့ကြခြင်းဖြစ်၏။ သို့သော် ခြုံ၍ဆိုရသော် ထိုအချိန်အထိ နည်းဗျူဟာချီစစ်မှာ စုစုစည်းစည်း ချီတက်ကြခြင်းသာ ဖြစ်လေသည်။

၁၉ ရာစုနှစ်ကုန်ခါနီးတွင် လက်နက်အဆန်းများ ပေါ်လာသောကြောင့် နည်းဗျူဟာချီတက်ပုံမှာ ဖြန့်ခွဲ[၂] ချီတက်ခြင်း ဖြစ်လာ၏။ ဆိုလိုသည်မှာ ရန်သူ

---

၁။ Distributed Strategic Advance

၂။ Dispersed

www.burmeseclassic.com

www.burmeseclassic.com

ပစ်ခတ်မှုမှ အကာအကွယ်ရရန် ဖြန့်၍ချီတက်ခြင်း ဖြစ်လာ၏။ သို့သော် မဟာဗျူဟာချီတက်ခြင်းမှာ တစ်ဖန်ပြန်၍ စုစုစည်းစည်းဖြစ်လာပြန်၏။ မီးရထားပေါ်လာခြင်းကြောင့် လည်းကောင်း၊ စစ်ထဲမဝင်မနေရ စနစ်ကြောင့် တပ်များများပြားလာသောကြောင့် လည်းကောင်း ဖြစ်လေသည်။ ထို့ပြင် နပိုလီယံ၏နည်းကို နားမလည်ကြသောကြောင့်လည်း ဖြစ်၏။

မဟာဗျူဟာ ဝိဇ္ဇာပညာနှင့်အညီ ဖြစ်စေရန်နှင့် ထိရောက်မှုရှိစေရန် ခွဲဝေမဟာဗျူဟာချီစစ် ပြန်လည်ဆန်းသစ်လာရန် လို၏။ ထို့ပြင် အခြေအနေသစ်များဖြစ်သည့် လေကြောင်းနှင့် ကားများကြောင့် ခွဲဝေမဟာဗျူဟာချီစစ်မှ ဖြန့်ခွဲမဟာဗျူဟာချီစစ်[၁]သို့ တိုးတက်ဖြစ်ပေါ်လာရန် လိုအပ်နေပြီဖြစ်လေသည်။ လေကြောင်းရန်ကြောင့်လည်းကောင်း၊ ရန်သူကို ရှုပ်ထွေးစေရန် လိုအပ်ချက်ကြောင့်လည်းကောင်း ချီတက်နေသော တပ်များသည် (စုပေါင်းလုပ်ဆောင်မှုကို မထိခိုက်စေဘဲ) အတတ်နိုင်ဆုံး ကျယ်ပြန့်စွာ ခွဲဝေဖို့လိုအပ်သည့်အပြင် (စုစည်းမှုကို မပျက်စေဘဲ) အတတ်နိုင်ဆုံး ဖြန့်ခွဲချီတက်ရန်လည်း လိုလာပြီဖြစ်၏။ အနုမြူလက်နက်များကြောင့် ယင်းသို့လုပ်ဆောင်ရန် အထူးလိုအပ်လာပြီဖြစ်၏။ ရေဒီယိုပေါ်လာခြင်းမှာ အချိန်မီပင်ဖြစ်၍ ကွပ်ကဲခြင်းနှင့် ဖြန့်ခွဲခြင်းကို ပေါင်းစပ်ပေးရန် အထောက်အကူတစ်ရပ် ဖြစ်လာလေသည်။

အင်အားစုစည်းထားသော တပ်များနှင့် တစ်ချက်တည်း စုပြုံတိုက်ခိုက်ရန်ဟူသော ရှေးရိုးအယူအဆအစား အခြေအနေအရ အောက်ပါတို့မှ နည်းတစ်ခုခုကို ရွေးချယ်ကြရမည် ဖြစ်လေသည်။

- ဖြန့်ခွဲချီတက်၍ ရည်မှန်းချက်တစ်ခုတည်းသာ ထားရှိခြင်း၊
- ဖြန့်ခွဲချီတက်၍ ရည်မှန်းချက် အဆင့်ဆင့်ထားရှိခြင်း၊ (မိမိက လွှဲပြောင်း တိုက်နိုင်သော ရည်မှန်းချက်များကို ခြိမ်းခြောက်နိုင်သော စစ်ဆင်ရေးလမ်းအတိုင်း ချီတက်၍ ရန်သူရှုပ်ထွေးသွားစေရမည်။ ယင်းသို့မလုပ်ဆောင်ခဲ့လျှင် ရည်မှန်းချက်တစ်ခုစီကို မတိုက်မီ ရန်သူအာရုံပြောင်းအောင် တစ်နည်းနည်းလုပ်ဆောင်ရန် လိုပေလိမ့်မည်။)
- ဖြန့်ခွဲချီတက်၍ ခွဲဝေရည်မှန်းချက်[၂]ထားရှိခြင်း၊ (တစ်ပြိုင်တည်း ရည်မှန်းချက် အများအပြား ထားရှိခြင်း)။

  (ခေတ်သစ်အခြေအနေများအရ တစ်စိတ်တစ်ဒေသ အောင်မြင်မှုအကျိုးများ နေရာတကာတွင် ဆက်တိုက်ရခြင်းသည်လည်းကောင်း၊

---

၁။ Dispersed Strategic Advance

၂။ Distributed Aim



ခြိမ်းခြောက်ရုံမျှနှင့် ယင်းအကျိုးများ ရခြင်းသည်လည်းကောင်း၊ တစ်နေရာတည်းတွင် အပြည့်အဝ အောင်ပွဲရသည်ထက် အကျိုးရှိနိုင်၏။)

တပ်တော်များ ထိရောက်အောင်မြင်မှုသည် ယင်းနည်းသစ်များ တိုးတက်ဖြစ်ထွန်းမှု၊ အသုံးချနိုင်မှုအပေါ် မူတည်နေ၏။ ခံစစ်ကြောင်းများကို သိမ်းပိုက်ခြင်းထက် ဒေသများတွင် မိမိတပ်များ ပျံ့နှံ့စေပြီး စိုးမိုးထားနိုင်ခြင်း၊ စာအုပ်ကြီးများတွင်ပါသော ရန်သူတပ်များကို ချေမှုန်းရေး ရည်မှန်းချက်ထားခြင်းထက် လက်တွေ့ဖြစ်နိုင်သော ရန်သူကို မလှုပ်နိုင် မရှားနိုင်အောင် ရည်မှန်းချက်ထား၍ လုပ်ဆောင်ခြင်း စသည့်နည်းသစ်များအပေါ် မူတည်နေ၏။ အင်အားစုစည်းထားခြင်းသည် အန္တရာယ်ကြီးလှသော တရားသေနိုင်မှုဖြစ်နိုင်ပြီး တပ်များကို အရှင်ထား၍ သုံးနိုင်ခြင်း[၁]စသောနည်းများကို ဖွံ့ဖြိုးအောင် ပြုလုပ်အသုံးချနိုင်မှုအပေါ် မူတည်၍ အောင်ပန်းဆွတ်ခူးနိုင်ကြမည် ဖြစ်သတည်း။

---

၁။ Fluidity of Force

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

# မဟာဗျူဟာနှင့် နည်းဗျူဟာ အနှစ်သာရချုပ်

စစ်သမိုင်းမှ တွေ့ရှိခဲ့သော အတွေ့အကြုံများမှ အမှန်တရားများသည် တွေ့ကြုံရဖန် များလာ၍လည်းကောင်း၊ အခြေခံကျလှသည်ဖြစ်၍ လည်းကောင်း ဆိုရိုးစကားများ[1] ဟု ခေါ်ဆိုနိုင်မည်ဖြစ်ပြီး ယင်းတို့ကို ယခုအခန်းတွင် ခြုံ၍ ဖော်ပြပါမည်။

၎င်းတို့မှာ လက်တွေ့လမ်းညွှန်များသာဖြစ်ပြီး သဘောတရားသက်သက် မှုကြီးများ မဟုတ်ချေ။ နပိုလီယံသည် သူ၏လမ်းညွှန်ဆိုရိုးစကား[2]များကို ပြောကြားခဲ့ရာတွင် လက်တွေ့သည်သာလျှင် အသုံးဝင်ကြောင်းကို အသေအချာသိရှိခဲ့၏။ သို့သော် ယခု ခေတ်စားနေသည်မှာကား စကားလုံးတစ်လုံးတည်းဖြင့် ဖော်ပြနိုင်သော မူကြီးများကို ရှာဖွေနေခြင်းဖြစ်ပြီး ယင်းမူကြီးများကို ရှင်းလင်းရာ၌ကား စာလုံးပေါင်း ထောင်သောင်းချီပြီး ရှင်းယူကြရ၏။ သို့စဉ်လျက် ယင်း 'မူကြီး'များမှာ သဘောတရားသက်သက် ဖြစ်နေသဖြင့် လူတစ်ဦးအတွက် အဓိပ္ပာယ်တစ်မျိုး ထွက်နေပြန်၏။ စစ်သဘောကို နားလည်သည့်သူအတွက်သာလျှင် ယင်းမူကြီးများမှာ အသုံးဝင်တော့၏။ ယင်းသို့သော လုံးဝဥဿုံခြုံ၍ဖော်ပြနိုင်သော မူကြီးများကို ကြာကြာရှာဖွေလေ၊ ယင်းတို့သည် တံလျှပ်နှင့်တူလေ ဖြစ်တော့၏။ လေ့လာသူအတွက် ဦးနှောက်အသုံးချရသည်မှအပ ယင်းမူကြီးများ

၁။ Axioms

၂။ Maxims



သည် ရှာလေဝေးလေဖြစ်ပြီး အသိဉာဏ် ရှင်သန်ရင့်ကျက်စေရုံမှတစ်ပါး လက်တွေ့ အသုံးလည်းကျသည် မဟုတ်ချေ။

စစ်ဥပဒေသကြီးအားလုံးကို စကားလုံးတစ်လုံးတည်း ချုပ်၍ဆိုရသော် **အင်အားစုစည်းခြင်း**[1] တည်းဟူသော စကားလုံးဖြင့် ဖော်ပြရမည်။ ပို၍ တိတိကျကျဖော်ပြရသော် **"မိမိက အင်အားပိုကောင်းအောင် စုစည်း၍ ရန်သူအားနည်းရာကို တိုက်ရမည်"** ဖြစ်၏။ တကယ်လက်တွေ့ တန်ဖိုးရှိရန် ထပ်မံရှင်းလင်းရမည်ဆိုပါက မိမိက အင်အားပိုကောင်းပြီး ရန်သူအားနည်းရာကို တိုက်နိုင်ရန် ရန်သူအင်အားကို ဖြန့်ခွဲပစ်ရန်လိုပြီး ယင်းသို့လုပ်ဆောင်နိုင်ရန် မိမိတပ်များကို နေရာချထားရာ၌ အပြင်ပန်းအားဖြင့် လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့် လည်းကောင်း မိမိတပ်များ ဖြန့်ကြဲသလို ဖြစ်နေရမည်။ **သင်က ဖြန့်ခွဲ၊ ရန်သူက ဖြန့်ခွဲ၊ သင်က ပြန်၍အင်အားစုနည်း၊ ယင်းအစဉ်အတိုင်း ဖြစ်ရမည်။** ပထမ တစ်ခုသည် အကြောင်းဖြစ်၍ နောက်မှလိုက်သောအရာသည် အကျိုးဖြစ်ရမည်။ (သင်ဖြန့်ခွဲခြင်းကြောင့် ရန်သူက ဖြန့်ခွဲရမည်။) တကယ့်အားစုစည်းမှုသည် သေချာစွာ တွက်ချက်အင်အားဖြန့်ခွဲခြင်း၏ အကျိုးတရားသာ ဖြစ်၏။

ယင်းမှာ အခြေခံဥပဒေသကြီးဖြစ်၍ ယင်းကိုနားလည်လျှင် အခြေခံအမှားကြီးကို ကျူးလွန်တော့မည်မဟုတ်ချေ။ ယင်းအခြေခံအမှားကြီးမှာလည်း အလွန်များတတ်ကြ၍ ဘုံအမှားကြီးဟုပင် ခေါ်နိုင်၏။ ယင်းမှာ မိမိအင်အား စုစည်းထားသည်ကို ရင်ဆိုင်ရန် ရန်သူက ပြန်လည်အင်အားစုစည်းဖို့ အချိန်နှင့် လုပ်ဆောင်ခွင့်ပေးခြင်းပင်ဖြစ်၏။ ယင်းသို့ မူကိုရှင်းပြခြင်းသည် လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ရာ၌ များစွာ အကူအညီရမည်မဟုတ်သေးပါ။

အထက်ဖော်ပြပါ ဆိုရိုးစကားများကို (ယခု လမ်းညွှန်ဆိုရိုးစကားများ အဖြစ် ဖော်ပြထား၏။) စကားတစ်လုံးတည်းနှင့် ခြုံ၍ဖော်ပြရန် မဖြစ်နိုင်ချေ။ သို့သော် ၎င်းတို့ကို လက်တွေ့အသုံးဝင်လာရန် စကားလုံးနည်းနိုင်သမျှ နည်းနည်းနှင့်ဖော်ပြပါမည်။ ရှစ်ခုရှိပြီး ခြောက်ခုမှာ လုပ်ဆောင်ရန်ဖြစ်၍ နှစ်ခုမှာ ရှောင်ရန်ဖြစ်၏။ သီးခြားဖော်ပြမထားလျှင် ၎င်းသည် နည်းဗျူဟာနှင့်ရော မဟာဗျူဟာနှင့်ပါ အကျုံးဝင်၏။

## လုပ်ဆောင်ရန်လမ်းညွှန်မှုများ

၁။ **ရည်မှန်းချက်သည် နည်းလမ်း(မိမိရှိသည့် လူသူအပါအဝင်)နှင့် လိုက်လျောညီထွေရှိပါစေ။** ရည်မှန်းချက်သတ်မှတ်သည့်အခါ အမြင်ရှင်းရှင်းနှင့်

၁။ Concentration

www.burmeseclassic.com

www.burmeseclassic.com



အေးဆေးတည်ငြိမ်စွာ ပြုလုပ်ရမည် "ဝါးနိုင်တာထက် ပို၍ကိုက်ခြင်း"သည် မိုက်မဲခြင်းသာဖြစ်၏။ စစ်ပညာ၏အစသည် ဘယ်ဟာဖြစ်နိုင်သည်ကို သိရှိခြင်းပင် ဖြစ်၏။ ထို့ကြောင့် ယုံကြည်မှုအပြည့်အဝထား၍ အချက်အလက် အဖြစ်မှန်ကို ရင်ဆိုင်ပါ။ ယုံကြည်မှုတော့ တကယ်လို၏။ လှုပ်ရှားမှု စသည်ဆိုကတည်းက အပေါ်ယံမဖြစ်နိုင်ဟုထင်ရသည်ကို ရအောင်လုပ်နိုင်သည်ဟူသော ယုံကြည်မှုမျိုး ရှိရမည်။ ယုံကြည်စိတ်မှာ ဘက်ထရီအတွင်းမှ လျှပ်စစ်အားနှင့်တူ၏။ မလိုအပ်ဘဲ ဖြုန်းတီးမပစ်ရ။ သင်မည်မျှ ယုံကြည်စိတ်ပြင်းပြစေကာမူ ဘက်ထရီမှ ကလာပ်စည်းများ ပျက်သွားလျှင် (သင် အားကိုးနေရသောတပ်များ ပြုန်းတီးသွားလျှင်) ဘာမှသုံးမရတော့သည်ကို သိရမည်။

**၂။ ရည်မှန်းချက်ကို အမြဲမျက်ခြည်မပြတ်စေဘဲ စီမံချက်ကိုမူ အခြေအနေအရ ပြုပြင်သွားရမည်။** ရည်မှန်းချက်ကို ရရှိရန် နည်းလမ်းတစ်ခုထက် ပိုရှိသည်ကို သိပါ။ သို့သော် ကြားရည်မှန်းချက်တိုင်းသည် နောက်ဆုံးရည်မှန်းချက် ရရှိရေးကို အထောက်အကူပြုရမည်။ ကြားရည်မှန်းချက် သတ်မှတ်သည့်အခါ ယင်းတို့ကို မည်သို့ရရှိနိုင်သည်၊ ရရှိပြီး နောက်ဆုံးရည်မှန်းချက် ရရှိရေးကို မည်သို့အကျိုးပြုမည်ကို သေချာစွာတွက်ချက်ပါ။ နံဘေးလမ်းကိုရှော်၍ လိုက်ခြင်းသည် ဆိုး၏။ လမ်းဆုံး(မပြန်လမ်း)သို့ ရောက်ခြင်းသည် ပို၍ဆိုး၏။

**၃။ ရန်သူမမျှော်လင့်ဆုံးလမ်းကို ရွေးပါ။** ရန်သူအနေနှင့် စဉ်းစားတွေးခေါ်ကြိုတင်မမြင်နိုင်သော၊ သူက လက်မဦးနိုင်သော လမ်းကိုရွေးပါ။

**၄။ ရန်သူခုခံမှုအနည်းဆုံး နေရာကို အမြတ်ထုတ်ပါ။** နောက်ဆုံးရည်မှန်းချက် ရရေးကို အထောက်အကူပြုမည့် မည်သည့်ကြားရည်မှန်းချက်ကို ရနိုင်သည်ဖြစ်စေ အမြတ်ထုတ်တိုက်ပါ။ (နည်းဗျူဟာနယ်ပယ်တွင် ယခုဆိုရိုးစကားသည် မိမိအရန်တပ်များ အသုံးပြုခြင်းနှင့် ဆိုင်၏။ မဟာဗျူဟာနယ်ပယ်တွင်မူကား နည်းဗျူဟာအောင်မြင်မှုကို အမြတ်ထုတ်စစ်ဆင်ရေးနှင့် ပတ်သက်၏။)

**၅။ လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များရှိသည့် စစ်ဆင်ရေးလိုင်းကို လိုက်ပါ။** ယင်းသို့လုပ်ခြင်းဖြင့် ရန်သူဘာလုပ်ရမည်မသိ ဖြစ်စေသည်။ ဤနည်းဖြင့် အနည်းဆုံး ကြားရည်မှန်းချက်တစ်ခုတော့ ရနိုင်၏။ ရန်သူကာကွယ်မှု အနည်းဆုံး ရည်မှန်းချက်ကို တစ်ခုပြီးတစ်ခု ရနိုင်မည်ဖြစ်၏။



လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များ ထားရှိခြင်းကြောင့် ကြားရည်မှန်းချက်တစ်ခုတော့ ရရန်အခွင့်အလမ်း ရှိနေ၏။ ရန်မှန်းချက်တစ်ခုတည်းထားလျှင်မူကား ရန်သူက မိမိထက် အဆမတန် အင်အားသေးငယ်မနေလျှင် မိမိရည်မှန်းချက်ရရန် လမ်းနည်း၏။ (အထူးသဖြင့် မိမိရည်မှန်းချက်ကို ရန်သူက သိနေသောအခါ မိမိအတွက် မျှော်လင့်ချက်နည်းလှပြီဖြစ်၏။) စစ်ဆင်ရေးလိုင်းတစ်ခုတည်းထားခြင်း (ယင်းမှာ ကောင်းမွန်ပြီး ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည့် လုပ်ဆောင်မှုဖြစ်၏။)နှင့် ရည်မှန်းချက်တစ်ခုတည်းထားခြင်းကို ရှောတွေးခြင်းလောက် ကြီးကျယ်သော အမှားမရှိနိုင်ချေ။ ရည်မှန်းချက်တစ်ခုတည်းထားခြင်းသည် မိုက်မဲရာကျပြီး အရာမထင်နိုင်ချေ။ (ယခု လမ်းညွှန်ဆိုရိုးစကားသည် မဟာဗျူဟာနှင့်သာ အဓိကအားဖြင့် သက်ဆိုင်သော်လည်း နည်းဗျူဟာနယ်ပယ်တွင်လည်း တတ်နိုင်သမျှ အသုံးချရမည်။ ယင်းနည်းသည် အထူးသဖြင့် ရန်သူနယ်ပယ်ထဲ စိမ့်ဝင်သည့် နည်းဗျူဟာ၏ အခြေခံပင် ဖြစ်လေသည်။)

**၆။ သင်၏စီမံချက်နှင့် တပ်များနေရာချထားမှု နှစ်မျိုးစလုံးသည် ပြောင်းလွယ်ပြင်လွယ် ဖြစ်ပါစေ။ မီးစင်ကြည့်ကနိုင်ရမည်။** မိမိက အောင်မြင်သည်ဖြစ်စေ ဆုံးရှုံးသည်ဖြစ်စေ နောက်တစ်ဆင့် ဘာလုပ်မည်ကို သင့်စီမံချက်တွင် တွက်ချက်ပြီး ဖြစ်ရမည်။ ယင်းကို အမြတ်ထုတ်စစ်ဆင်ရန် သို့မဟုတ် အခြေအနေနှင့် လိုက်လျောညီထွေလုပ်ဆောင်နိုင်ရန် သင့်တပ်များကို နေရာချထားရမည်။

## ရှောင်ရန်အချက်များ

**၇။ ရန်သူက သတိနှင့် ခုခံကာကွယ်နေသမျှ ကာလပတ်လုံး မိမိထိုးစစ်တစ်ခုတည်းတွင် ရှိသမျှအား အကုန်ပုံမအောနှင့်။** ရန်သူက မိမိထိုးစစ်ကို တုံ့ပြန်နိုင်လျှင်၊ ရှောင်ရှားနိုင်လျှင် ပုံမအောရ။ သမိုင်းအတွေ့အကြုံအရ ရန်သူသည် အဆမတန် အင်အားနည်းသူမဟုတ်လျှင် သူ့ ခုခံအား သို့မဟုတ် ဆုတ်ခွာရှောင်ပြေးနိုင်အားကို မလှုပ်နိုင် မရှားနိုင် ဆုတ်ဆိုင်းသွားအောင် ပထမ မလုပ်ဘဲ ထိရောက်သည့် ထိုးနှက်ချက်ကို မလုပ်နိုင်ချေ။ ထို့ကြောင့် နေရာတကျ ခံစစ်ဆင်နေသော ရန်သူအား ပထမ မလှုပ်နိုင် မရှားနိုင် ဆုတ်ဆိုင်းသွားအောင်မလုပ်ဘဲ မည်သည့်တပ်မှူးမျှ အဓိကထိုးစစ်ကို မပြုလုပ်သင့်ပေ။ ရန်သူ ပထမ ဖရိုဖရဲဖြစ်သွားပြီး စိတ်ဓာတ်ကျဆင်းမှ ယင်းတို့ မလှုပ်နိုင်အခြေအနေသို့ ရောက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

၈။ **တစ်ကြိမ်ဆုံးရှုံးပြီးလျှင် ထိုနေရာမှ ထပ်မံ၍ သို့မဟုတ် တစ်ပုံစံတည်း ထပ်မတိုက်ရ။** တပ်အင်အား ဖြည့်တင်းရုံသည် လုံလောက်အောင် အပြောင်းအလဲလုပ်သည် မမည်။ အကြောင်းမူကား ထိုအချိန်တွင် ရန်သူသည်လည်း အင်အားဖြည့်တင်းထားပြီး ဖြစ်ပေလိမ့်မည်။ ထို့ပြင် ပထမထိုးစစ်ကို အောင်မြင်စွာတွန်းလှန်နိုင်ခဲ့သောကြောင့် ရန်သူသည် စိတ်ဓာတ်တက်ကြွနေကြဖို့ [illegible]မ်းများ၏။

ယင်းလမ်းညွှန် ဆိုရိုးစကားအားလုံးနှင့် ပတ်သက်သည့် အခြေခံအမှန်တရားမှာကား အောင်မြင်မှုရရန် ပြဿနာနှစ်ရပ်ကို ဖြေရှင်းနိုင်ရပေမည်။ ရန်သူ **အခြေပျက်အောင်လုပ်ပြီး အမြတ်ထုတ်စစ်ဆင်ရန်** ဖြစ်၏။ ပထမ ရန်သူအခြေပျက်အောင်လုပ်၊ ထိုးစစ်ဆင်ပြီးမှ အမြတ်ထုတ်စစ်ဆင်ရန်ဖြစ်၏။ ယင်းအဆင့်သုံးဆင့်တွင် ထိုးစစ်ဆင်ခြင်းမှာ အလွယ်ကူဆုံးဖြစ်၏။ ပထမအခွင့်ကောင်းမကြုံမီ ရန်သူကို ထိရောက်အောင် တိုက်နိုင်မည်မဟုတ်ချေ။ ယင်းထိရောက်မှုကို အဆုံးအဖြတ်ပေးနိုင်အောင် ရန်သူပြန်၍ နာလန်မထူနိုင်မီ ဒုတိယအခွင့်အရေး (အမြတ်ထုတ်စစ်ဆင်ရန်)ကို ထိထိရောက်ရောက် အသုံးချနိုင်ရမည်။

ယင်းပြဿနာနှစ်ရပ် အရေးကြီးပုံကို မည်သည့်အခါမျှ လိုအပ်သလောက် အသိအမှတ်ပြုခဲ့ကြခြင်းမရှိချေ။ ထို့ကြောင့်လည်း စစ်များသည် ယေဘုယျအားဖြင့် အဆုံးအဖြတ် မပေးနိုင်ခဲ့ကြခြင်းဖြစ်၏။ တပ်တော်များကို လေ့ကျင့်ပေးကြရာတွင် ထိုးစစ်နည်းနိသယများတွင် ကျွမ်းကျင်လာစေရန်ကိုသာ အဓိကထားသင်ကြားပေးခဲ့ကြ၏။ ဤကဲ့သို့ နည်းဗျူဟာ နည်းနာများကို အထူးပြုသင်ကြားခြင်းဖြင့် စိတ်ဓာတ်ရေးရာများကို မှေးမှိန်စေ၏။ အဆင်ပြေချောမွေ့မှုကို အငိုက်ဖမ်းမှုထက် အသားပေးလာ၏။ ထို့ကြောင့် စာအုပ်ကြီးများအတိုင်း လိုက်နာကြပြီး စာအုပ်ကြီးများက မှားသည်ဆိုသည်တို့ကို ဘာမှမလုပ်ဝံ့သည့် တပ်မှူးများပေါ်ပေါက်လာခဲ့ရလေသည်။

ရန်သူက အမှားလုပ်မိအောင် ကိုယ်က ဘာလုပ်ရမည်ကို မေ့လျော့ခဲ့ကြကုန်၏။ ရလဒ်ကား သူတို့စီမံချက်များသည် အကျိုးဖြစ်ထွန်းခြင်းမရှိခဲ့ချေ။ **အကြောင်းမူကား စစ်တိုက်ကြရာတွင် တစ်ဖက်လူက အမှားကျူးလွန်အောင် လုပ်ဆောင်နိုင်ခြင်းဖြင့် အများဆုံးအောင်ပွဲခံနိုင်ခဲ့ကြသောကြောင့် ဖြစ်လေသည်။**

တစ်ခါတစ်ရံမှသာ တပ်မှူးများသည် အလွန်ထင်ရှားသည်ကို ရှောင်ရှားပြီး ရန်သူမမျှော်လင့်သည်ကို လုပ်ခြင်းသည် အောင်မြင်ခြင်း၏ သော့ချက်ဖြစ်ကြောင်းကို သိရှိလာကြ၏။ ယင်းသော့ချက်ကို ဆွဲကိုင်တိုင်း အလွန်ကံမကောင်းသည်မှအပ အောင်မြင်ခဲ့ကြသည်သာဖြစ်၏။ ကံအကြောင်းတရားသည် မည်သည့်



အခါမျှ စစ်နှင့်ခွဲခွာမရစကောင်းပေ။ အကြောင်းမူကား[illegible]စစ်ဆိုသည်မှာလည်း ဘဝ၏ တစ်စိတ်တစ်ဒေသဖြစ်သောကြောင့်တည်း။ [illegible]ကြောင့် ရန်သူမမျှော်မှန်းသည်ကို လုပ်ခြင်းဖြင့် အောင်ပွဲရမည်ဟု အာမမခံ[illegible]သော်လည်း အောင်မြင်ရန် အခွင့်အလမ်း အကောင်းဆုံးကို ပေးနိုင်သည်ကို[illegible]၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

# အမျိုးသားရည်ရွယ်ချက်နှင့် စစ်ဘက်ရည်မှန်းချက်

စစ်ဘက်ရည်မှန်းချက်ကို ဆွေးနွေးရာတွင် နိုင်ငံရေးရည်မှန်းချက်နှင့် စစ်ဘက်ရည်မှန်းချက်ကို ခွဲခြားသိပြီး အမြဲတစေ ယင်းတို့ တစ်ခုနှင့်တစ်ခု မတူသည်ကို မှတ်သားရန် အရေးကြီးပေ၏။ ယင်းတို့နှစ်မျိုးသည် ခြားနားသော်လည်း တစ်ခုနှင့်တစ်ခု တခြားစီတော့ မဟုတ်ချေ။ အကြောင်းမူကား နိုင်ငံများ စစ်တိုက်ကြရာတွင် စစ်တိုက်ရန်သက်သက် တိုက်ကြသည်မဟုတ်ဘဲ မိမိတို့နိုင်ငံတော် ပေါ်လစီများကို လိုက်နာလုပ်ဆောင်ကြခြင်းမှ စစ်ဖြစ်လာရခြင်းဖြစ်သောကြောင့်တည်း။

စစ်ဘက်ရည်မှန်းချက်သည် နိုင်ငံရေးရည်မှန်းချက်ရရန် နည်းလမ်းတစ်ခုသာ ဖြစ်၏။ ထို့ကြောင့် စစ်ဘက်ရည်မှန်းချက်ကို နိုင်ငံရေးရည်မှန်းချက်က လွှမ်းမိုးရမည်ဟူသော မူကြီး၏ တစ်ခုတည်းသော ခြွင်းချက်မှာ စစ်ဘက်မှ (လက်တွေ့အားဖြင့်) လုပ်ဆောင်နိုင်ခြင်း မရှိသည်ကို ပေါ်လစီက တောင်းဆိုခြင်း မပြုအပ်ဟူ၍ ဖြစ်၏။

ထို့ကြောင့် ဤပြဿနာ လေ့လာချက်သည် ပေါ်လစီပြဿနာနှင့်စပြီး ယင်းဖြင့်ပင် အဆုံးသတ်ရပေသည်။

ရည်မှန်းချက်ဟူသော စကားရပ်သည် အသုံးများ၍ ရိုးနေပြီဖြစ်သော်လည်း ကောင်းမွန်သည်မဟုတ်ချေ။ စကားရပ်သည် ရုပ်သဘော၊ ပထဝီသဘော ဆောင်ဖြင့် အတွေးအခေါ်ကို ရှုပ်ထွေးစေ၏။ ထို့ကြောင့် ပေါ်လစီနှင့်ပတ်သက်လာလျှင်



ရည်ရွယ်ချက်[1] ဟုခေါ်၍ ပေါ်လစီအောင်မြင်အောင် တပ်များက လုပ်ဆောင်ကြရာတွင် ထားရှိသည်ကို စစ်ဘက်ရည်မှန်းချက်[2] ဟု ခေါ်ဆိုသင့်သည်။

စစ်တိုက်ရာတွင် ရည်ရွယ်ချက်မှာ ပိုမိုကောင်းသည့် ငြိမ်းချမ်းရေးအခြေအနေကို ရရှိစေရန်ဖြစ်၏။ (မိမိအမြင်နှင့် ပိုမိုကောင်းသည့်အခြေအနေကို ဖြစ်စေ ရရှိရန်ဖြစ်၏) ထို့ကြောင့် စစ်တိုက်ရာတွင် မိမိမည်ကဲ့သို့ ငြိမ်းချမ်းရေးအလို့ရှိသည်ဆိုသည်ကို အမြဲတစေ သတိချပ်ရန် အလွန်အရေးကြီးလေသည်။ ဤအချက်မှာ နိုင်ငံချဲ့ထွင်ရန် လိုလားသော ကျူးကျော်သူများအတွက်ဖြစ်စေ၊ မိမိလွတ်လပ်ရေးအတွက် တိုက်ကြရသော ငြိမ်းချမ်းရေးလိုလားသည့် နိုင်ငံများအတွက်ဖြစ်စေ အတူတူပင်ဖြစ်၏။ ထိုနိုင်ငံနှစ်မျိုးတွင် ပိုမိုကောင်းသည့် ငြိမ်းချမ်းရေးအခြေအနေမှာ မူတစ်မျိုးစီဖြစ်ပြီး အလွန်ခြားနားမည်လည်း ဖြစ်ပေသည်။

စစ်ဘက်အောင်ပွဲခံနိုင်ရုံနှင့် နိုင်ငံရေးရည်ရွယ်ချက် ပြည့်ဝသည်မဟုတ်ဆိုသည်ကို သမိုင်းက သက်သေခံခဲ့ပြီးဖြစ်၏။ သို့သော် စစ်နှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်လေ့လာသူများမှာ စစ်ဘက်မှသူများက အများဆုံး ဖြစ်သဖြင့် အခြေခံအမျိုးသားရည်ရွယ်ချက်ကို (သဘာဝအလျောက်ပင်) မျက်ခြည်ပြတ်ကြပြီး အမျိုးသားရည်ရွယ်ချက်နှင့် စစ်ဘက်ရည်မှန်းချက်ကို အတူတူဖြစ်သကဲ့သို့ယူဆလာကြ၏။ ရလဒ်ကား စစ်ဖြစ်လာသည့်အခါတိုင်း မကြာခဏပင် ပေါ်လစီကို စစ်ဘက်ရည်မှန်းချက်က လွှမ်းမိုးခဲ့ပြီး စစ်ဘက်ရည်မှန်းချက်သည် နောက်ဆုံးပန်းတိုင်မဟုတ်ဘဲ ပန်းဆုံးတိုင်ရောက်ရန် နည်းလမ်းတစ်လမ်းသာ ဖြစ်သည်ဆိုသည်ကို မေ့လျော့လာကြကုန်၏။

ထို့ကြောင့် ဆိုးကျိုးများစွာ ရှိခဲ့လေသည်။ အမျိုးသားရည်ရွယ်ချက်နှင့် စစ်ဘက်ရည်မှန်းချက်တို့ ဆက်သွယ်ပုံကို မျက်ခြည်ပြတ်ခဲ့ကြခြင်းကြောင့် (ပေါ်လစီနှင့် မဟာဗျူဟာ ခြားနားခြင်းကို မသိခဲ့၍ဖြစ်၏။) စစ်ဘက်ရည်မှန်းချက်သည် ပုံပျက်ခဲ့ပြီး လူများကလည်း အလွယ်လမ်းလိုက်ခဲ့ကြကုန်၏။

ဤရှုပ်ထွေးလှသည့်ပြဿနာကို သေချာစွာ နားလည်နိုင်စေရန် ယင်းပြဿနာနှင့်ပတ်သက်၍ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ လောက်ကစ၍ စဉ်းစားတွေးခေါ်ခဲ့ကြသည့် နောက်ခံကားကို နားလည်ရန်လို၏။ အတွေးအခေါ်များ မည်သို့ဖြစ်ပေါ်လာသည်ကိုလည်း၊ သိရှိနားလည်ရန် လိုလေသည်။

နှစ်ပေါင်းတစ်ရာကျော်ကျော် ခေတ်စားခဲ့သည့် အဓိကစစ်သဘောတရားမှာကား "စစ်မြေပြင်၌ ရန်သူအဓိကတပ်များကို ဖျက်ဆီးချေမှုန်းပစ်ခြင်း၊" သည်

---

၁။ Object

၂။ Military Aim

www.burmeseclassic.com

www.burmeseclassic.com



စစ်၏ တကယ့်ရည်မှန်းချက် ဖြစ်သည်ဟူ၍ ဖြစ်၏။ ယင်းသဘောတရားကို တစ်ကမ္ဘာလုံးက လက်ခံကြပြီး စစ်စာအုပ်တိုင်းတွင် ထည့်သွင်းထားကြ၍ စစ်ဦးစီး တက္ကသိုလ်တိုင်းတွင် သင်ကြားပေးခဲ့ကြကုန်၏။

ယင်းသဘောတရားနှင့် အခြေအနေအားလုံးတွင် အမျိုးသားရည်ရွယ်ချက်နှင့် ကိုက်ညီခြင်းရှိပါသလားဟု နိုင်ငံ့ခေါင်းဆောင်တစ်ဦးက သံသယရှိလာလျှင် ထိုခေါင်းဆောင်သည် ချိုးဖောက်သူဟု ယူဆလာခဲ့ကြ၏။ အထူးသဖြင့် ပထမ ကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ပြီးခေတ်တွင် ဤသဘောထားကို တွေ့ရလေသည်။ စစ်အတွင်း တရားဝင်မှတ်တမ်းများ၊ စစ်ခေါင်းဆောင်များ၏ မှတ်တမ်းများကို လေ့လာရာတွင် ယင်းသဘောထားကို တွေ့ရှိခဲ့ရ၏။

ယင်းကဲ့သို့ သဘောတရားတစ်ရပ်ကို တရားသေဆုပ်ကိုင်ခဲ့ကြသည်ကို ၁၉ ရာစုနှစ်မတိုင်မီက စစ်ခေါင်းဆောင်ကြီးများ၊ စစ်သဘောတရားဆရာများ တွေ့မြင်ကြရပါက အလွန်ပင် အံ့သြကြပေလိမ့်မည်။ အကြောင်းမူကား ထိုပုဂ္ဂိုလ်များသည် အင်အား၊ ပေါ်လစီကန့်သတ်ချက်များနှင့် လျော်ညီအောင် ရည်ရွယ်ချက်များ ထားရှိခြင်းသည် အမြော်အမြင်နှင့်ပြည့်စုံပြီး လက်တွေ့လည်း လိုအပ်သည်ကို သိရှိခဲ့ကြသောကြောင့် ဖြစ်လေသည်။

## ကလောစဝစ်၏ ဩဇာလွှမ်းမိုးမှု

ယင်းသဘောတရား တရားသေဖြစ်လာ၍ စွဲမြဲခိုင်ခံ့လာရသည်မှာ ကလောစဝစ် သေဆုံးပြီးနောက်မှ သူ၏ဩဇာ ပျံ့နှံ့ခဲ့ခြင်းကြောင့် လည်းကောင်း၊ သူ၏ စာအုပ်များက ပရပ်ရှားစစ်ခေါင်းဆောင်များအပေါ် ဩဇာသက်ရောက်ခဲ့သောကြောင့် လည်းကောင်း ဖြစ်ပေ၏။ အထူးသဖြင့် မိုးလ်ကာအပေါ်တွင် ကလောစဝစ်၏ ဩဇာ ရှူးရှုလှပေသည်။ ထို့ပြင် ၁၈၆၆ ခုနှစ်နှင့် ၁၈၇၀ စစ်များတွင် ဂျာမနီက အောင်ပွဲခံနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့တပ်မတော်အသီးသီးသည် ဂျာမနီကို အထင်ကြီးခဲ့ကြ၍ ပရပ်ရှားစစ်တပ်ပုံစံကို ကူးချခဲ့ကြလေသည်။ ထို့ကြောင့် ကလောစဝစ်၏ စစ်သဘောတရားများကို လေ့လာရန် အထူးပင် အရေးကြီးလှလေသည်။

မကြာခဏဖြစ်ပေါ်လေ့ရှိသည့်အတိုင်း ကလောစဝစ်၏ တပည့်များသည် သူတို့ဆရာက မရည်ရွယ်ခဲ့ပါဘဲလျက် သူ၏အယူအဆများကို အစွန်းရောက်သည် အထိ လိုက်နာကျင့်သုံးခဲ့ကြကုန်၏။



မည်သည့်နယ်ပယ်တွင်မဆို တမန်တော်များ၊ တွေးခေါ်ပညာရှင်များ၏ သဘောတရားများကို အလွဲအမှားယူဆကောက်ယူခြင်းမှာ ထုံးစံလို ဖြစ်ခဲ့ရပေ၏။ အလွန် ရိုသေကျိုးနွံသော အန္တေဝါသိက တပည့်များသည် မျက်စိမှိတ်၍ မူလ သွန်သင်ချက်များကို လိုက်နာကြသောအခါ ယင်းအယူအဆကို ဆန့်ကျင်သူများ၊ ကန့်ကွက်ခဲ့ကြသူများထက်ပင် မူလအယူအဆကို အန္တရာယ်ပြုသေး၏။ သို့သော် ကလောစဝစ်ကိုယ်တိုင်ကလည်း အခြားသူများထက်ပင် မိမိအယူအဆများ အမှိပ္ပာယ်အကောက်လွဲအောင် လုပ်ဆောင်ခဲ့သည်ကို အသိအမှတ်ပြုထားကြရပေမည်။

ကလောစဝစ်သည် ကင့်[၁]၏ အယူအဆများကို တစ်ဆင့်ခံ နာယူလေ့လာခဲ့၏။ တကယ့် ဒဿနအခြေခံမရှိပါဘဲလျက် ဒဿနအတွေးအခေါ်များနှင့် ရေးသားဖော်ပြတတ်သူလည်း ဖြစ်၏။ စစ်သဘောတရားကို ကလောစဝစ် ဖော်ပြနည်းမှာ တိတိကျကျ လက်ဆုပ်လက်ကိုင်သာ စဉ်းစားတတ်သော စစ်သားများ အဖို့ သဘောတရားသက်သက်လို ဖြစ်နေပြီး ရှုပ်ထွေးလွန်းနေပြန်၏။ တစ်နေရာ သို့ ရည်ညွှန်းနေရာမှ နောက်ပြန်ကျော့သည့်အခါများလည်း ရှိ၏။ သူ၏အသုံး အနှုန်းများမှာမူ ကွက်ကွက်ကွင်းကွင်းရှိလှ၍ ဖတ်ရှုသူတို့က အဓိပ္ပာယ်မရှင်းမလင်း ရှိကြစေကာမူ သူ့အား အလွန်အမင်း အထင်ကြီးပြီး ကလောစဝစ်၏ ရှေ့ဆောင် ဆောင်ပုဒ်များကို (အတွင်းသဘောအနက်ကို မသိကြဘဲ) အပေါ်ယံအဓိပ္ပာယ် လောက်ကိုသာ မြင်ပြီး အငမ်းမရ ဆုပ်ကိုင်လက်စွဲပြုကြတော့၏။

စစ်သဘောတရားတစ်ရပ်လုံးတွင် ကလောစဝစ် ပါဝင်အကျိုးပြုခဲ့သည် များအနက် အရေးအကြီးဆုံးမှာကား စိတ်ဓာတ်ရေးရာအချက်များကို အထူးပြု ဖော်ပြခဲ့ခြင်းပင် ဖြစ်လေသည်။ ထိုစဉ်က ခေတ်စားနေသော ဂျော်မက်ထရီသဘော အရ မဟာဗျူဟာကို ရှင်းလင်းဖော်ပြနည်းကို ကလောစဝစ်က အပြင်းအထန် တိုက်ခဲ့၍ စစ်ဆင်ရေးမျဉ်း(လိုင်း)များ ထောင့်များထက် လူ၏စိတ်ဓာတ်သည် အဆရာထောင် ပို၍ အရေးကြီးကြောင်း ဖော်ပြခဲ့၏။ အန္တရာယ်နှင့် ပင်ပန်းနွမ်းနယ် ခြင်း၏ အကျိုးသက်ရောက်မှုကိုလည်းကောင်း၊ ရဲရင့်ခြင်းနှင့် စွဲစွဲမြဲမြဲ သန္နိဋ္ဌာန် ချ၍ ဆောင်ရွက်ခြင်းတန်ဖိုး ကြီးမားပုံကိုလည်းကောင်း ကလောစဝစ်က သေချာ စွာ သဘောပေါက်၍ ရှင်းလင်းပြခဲ့၏။

သို့သော်လည်း သူ၏အမှားများက သမိုင်းတွင် ပို၍အရာထင်ကျန်ရစ်ခဲ့ လေသည်။

၁။ Emmanuel Kant

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကြည်းကြောင်းစစ်ဆင်ရေးနှင့် ဥရောပတိုက်မကြီးအကြောင်းတို့ကို တစ်သမတ်တည်း လေ့လာနားလည်ခဲ့သူဖြစ်၍ ရေကြောင်းရေတပ်စွမ်းအင်ကို သိမြင်ခဲ့ခြင်း မရှိချေ။ ထို့ပြင် သူသည် အမြင်တို့၏။ ယန္တရားခေတ်ဦးလောက်တွင် နေထိုင်ခဲ့သူဖြစ်ပါလျက် "အရေအတွက်တွင် သာလွန်များပြားသူက တစ်နေ့တခြား ပို၍ အဆုံးအဖြတ် ပေးနိုင်လာမည်"ကို သူယုံကြည်ခံယူလာကြောင်း ကြေညာခဲ့၏။ ယင်းသို့ "ပညတ်တော်"ကို ရရှိလိုက်ကြသော (နဂိုက ရှေးရိုးအယူစွဲ မာတ်ခံရှိသူ) စစ်သားကြီးများသည် စက်အသစ်အဆန်းများ တီထွင်လာမှုကြောင့် တဖြည်းဖြည်း ပုံစံပြောင်းလာသည့် အင်အားသာလွန်မှုကို မျက်ကွယ်ပြုလာကြလေသည်။ သူတို့ရှေးရိုးခေတ်ခံကို ကလောစဝစ်အယူအဆများက အားဖြည့်ပေးခဲ့၏။ နိုင်ငံတကာက လုပ်ဆောင်လာကြ၍ ခေတ်စားလာသည့် စစ်ထဲမဝင်မနေရစနစ်ကိုလည်း အမြဲတမ်း လုပ်ဆောင်ဖွယ် စနစ်တစ်ရပ်အဖြစ် လက်ခံလုပ်ဆောင်လာရန် ကလောစဝစ် အယူအဆများက တွန်းအားပေးခဲ့လေသည်။ ယင်းစနစ်သည် အရေအတွက်များလာအောင် လုပ်ရန် အလွယ်ကူဆုံးနည်းပင်ဖြစ်တော့၏။ စိတ်ဓာတ်ရေးရာအရ သင့်တော်သည် မသင့်တော်သည်ကို လျစ်လျူရှုခဲ့သဖြင့် တပ်တော်များ လူအုပ်လိုက် ချောက်ချားခြင်းများ၊ ပြိုကွဲခြင်းများဖြစ်ပေါ်ရန် ပို၍ လမ်းများလာလေသည်။ ရှေးကစနစ်သည် နည်းနာမကျနသည်မှန်သော်လည်း အနည်းဆုံး "စစ်သားကောင်းများ" မွေးထုတ်ပေးနိုင်ခဲ့၏။

ကလောစဝစ်သည် နည်းဗျူဟာနယ်ပယ်တွင်လည်းကောင်း၊ မဟာဗျူဟာနယ်ပယ်တွင်လည်းကောင်း နည်းသစ်နည်းဆန်းများ သို့မဟုတ် အထူးတိုးတက်သည့် အယူအဆများ ပေးနိုင်ခဲ့ခြင်းမရှိချေ။ သူသည် ရှိပြီးအယူအဆများကို "စုပေါင်းကျမ်းဖွဲ့ပေးသူ"[၁]သာ ဖြစ်ပြီး တီထွင်ဆန်းသစ်ပြီး တက်ကြွသည့် စဉ်းစားတွေးခေါ်သူတစ်ဦးကား မဟုတ်ချေ။ ၁၈ ရာစုနှစ်က "တပ်မ စနစ်" သဘောတရား ပေါ်ပေါက်ခဲ့စဉ်ကကဲ့သို့ လည်းကောင်း၊ ၂၀ ရာစုအတွင်း သံချပ်ကာ လှုပ်ရှားမှုသဘောတရား ပေါ်ပေါက်ခဲ့စဉ်ကကဲ့သို့လည်းကောင်း စစ်မှုရေးရာကို တော်လှန်ပြောင်းလဲစေခဲ့သည့် အကျိုးသက်ရောက်မှုမျိုးကို ကလောစဝစ်သည် ဖြစ်ပေါ်နိုင်စွမ်း မရှိခဲ့ချေ။

သို့သော် နပိုလီယံ၏အတွေ့အကြုံများကို စနစ်တကျ ဖော်ထုတ်ရန် လုပ်ဆောင်ခဲ့ရင်း ကလောစဝစ်သည် ခေတ်နောက်ပြန်ဆွဲသည့် အယူအဆများကို အလေးပေးဖော်ပြခဲ့ခြင်းကြောင့် "တော်လှန်ရေးပြောင်းပြန်"ဖြစ်ပေါ်ရေးကို ကူညီ





ခဲ့သည်ဟုပင် ခေါ်ဆိုနိုင်၏။ တော်လှန်ရေးပြောင်းပြန်ဆိုသည်ကား ရှေးခေတ်လူမျိုးစုစစ်ပွဲ[၁] များခေတ်ကို ဆိုလိုခြင်းဖြစ်၏။

## ကလောစဝစ်၏ စစ်ဘက်ရည်မှန်းချက်အယူအဆ

စစ်ဘက်ရည်မှန်းချက် အဓိပ္ပာယ်သတ်မှတ်ရာ၌ ကလောစဝစ်သည် တက္ကဗေဒ ဆန်လွန်းသွား၏။ တက္ကဗေဒသဘောအရ အကျိုးအကြောင်း ညီညွတ်လိုသော ဆန္ဒပြင်းပြင်းပြီး ပြောခဲ့သည်ကို တွေ့ရ၏။

"စစ်ဘက်အပြုအမူမှန်သမျှသည် ရန်သူကို လက်နက်မဲ့ဖြစ်အောင်လုပ်ရန်ဖြစ်၏။ ယင်းသည် (အနည်းဆုံး စာတွေ့၌) မလုပ်မဖြစ် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်ကို ကျွန်ုပ်တို့ ယခုဖော်ပြပေအံ့။ ရန်သူသည် ကျွန်ုပ်တို့အလိုအရ လုပ်ဆောင်ရမည်ဆိုလျှင် သူသည် ကျွန်ုပ်တို့ထက် အခြေအနေဆိုးနှင့် ရင်ဆိုင်နေရမည်။ ကျွန်ုပ်တို့ ဆုံးရှုံးရသည်ထက် ရန်သူက ပိုမိုပျက်စီးရမည်။ ရန်သူတွေ့ကြုံနေရသည့် အခြေအနေဆိုးသည် ယာယီသဘောမဖြစ်စေရ။ အနည်းဆုံးယာယီသဘောဟု ရန်သူက မထင်မြင်စေရ။ အကြောင်းမူကား အခြေအနေဆိုးသည် ယာယီသဘောသာဖြစ်ကြောင်း ရန်သူသိသွားပါက အရှုံးပေးမည့်အစား အခြေအနေကောင်းလာအောင် တောင့်ခံမည်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် စစ်ဆက်ဖြစ်၍ အခြေအနေပြောင်းလဲလာတိုင်း ယင်းပြောင်းလဲမှုတိုင်းသည် ရန်သူအတွက် ပိုဆိုးသည့်အခြေအနေသို့သာ ရောက်စေရမည်။

"စစ်ပြုနေသော နိုင်ငံတစ်ခုအတွက် အဆိုးဆုံးသော အခြေအနေမှာ လုံးဝ လက်နက်မဲ့ဖြစ်ရသော အခြေအနေဖြစ်၏။ ထို့ကြောင့် ရန်သူက မိမိအလိုအတိုင်း လိုက်နာလုပ်ဆောင်စေရမည်ဆိုလျှင်.... ရန်သူကို လက်နက်မဲ့ ဖြစ်စေရမည်။ သို့မဟုတ် ယင်းသို့အလုပ်ခံရတော့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားနိုင်ရမည်။ ယင်းမှ ဆက်လက်ထုတ်ယူနိုင်သော ကောက်ချက်မှာကား ရန်သူကို လုံးဝလက်နက်မဲ့ဖြစ်စေခြင်း သို့မဟုတ် သူ့အား လုံးဝအနိုင်ရလိုက်ခြင်းသည် စစ်၏အမြဲတမ်း ရည်မှန်းချက် ဖြစ်စေရမည်။"

ကလောစဝစ် နှစ်ခွတွေးတောတတ်ခြင်းမှာ ကဲင့်၏ ဩဇာသက်ရောက်မှုကြောင့်ဖြစ်၏။ သူသည် ပြီးပြည့်စုံသော စစ်ဘက်အကောင်းဆုံးဆိုသည့် အခြေအနေများကို ယုံကြည်၍ တစ်ချိန်တည်းမှာပင် ယင်းတို့ကို လက်တွေ့သဘောတွင် တစ်စိတ်တစ်ဒေသသာ အကောင်အထည် ဖော်နိုင်သည်ဆိုသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုထား၏။ စစ်လောကတွင် မည်သည်သည် အကောင်းဆုံးအခြေအနေများဖြစ်သည်၊ မည်သည်သည် "တကယ်အစစ်အမှန်မှ ပြုပြင်ထားရသည့်အရာဖြစ်သည်"ဆိုသည်ကို ကလော့စဝစ်သည် ခွဲခြားမြင်သူဖြစ်၏။

ထို့ကြောင့် အောက်ပါအတိုင်း ကလော့စဝစ်က ရေးသားခဲ့လေသည်။ "သဘောတရားသက်သက်ကိုသာ စဉ်းစားတွေးခေါ်ရင်း စိတ်သည် အဆုံးစွန်သို့ မရောက်မီ ရပ်တန့်၍ရသည်မဟုတ်ချေ... သို့သော် သဘောတရားသက်သက်မှ လက်တွေ့သို့ ဆင်းသည့်အခါတွင်မူကား အရာဝတ္ထုမှန်သမျှသည် ပုံစံတစ်မျိုးဖြစ်လာတော့၏။"

"သဘောတရားသက်သက်အရ ရန်သူကို လက်နက်မဲ့ဖြစ်စေခြင်းတည်းဟူသော စစ်ရည်မှန်းချက်ကို လက်တွေ့တွင် ရနိုင်ခဲသည်ဖြစ်၍ ယင်းသည် ငြိမ်းချမ်းရေးရရန် လိုအပ်သော အချက်တစ်ရပ်လည်း မဟုတ်ချေ"

ကလော့စဝစ် အဆုံးစွန်အထိ တွေးခေါ်တတ်ပုံကို သူ၏တိုက်ပွဲဆွေးနွေးခန်းတွင်လည်း တွေ့ရသေး၏။ တိုက်ပွဲသည် စစ်တည်းဟူသော ပန်းဆုံးတိုင်အတွက် အသုံးပြုရသော နည်းလမ်းတစ်ရပ်အဖြစ် ဆွေးနွေးထားခြင်းဖြစ်လေသည်။ အလွန်ထူးခြားသည့်စကားရပ်ဖြင့် ဖွင့်ဆိုခဲ့၏။ "နည်းလမ်းတစ်ခုတည်းသာ ရှိ၏။ ယင်းမှာ တိုက်ခိုက်ခြင်းဖြစ်လေသည်။"[၁]

ထိုအချက်ကို ကလော့စဝစ်က အရှည်ကြီးဆွေးနွေးထား၏။ မည်သည့်စစ်ဘက်လှုပ်ရှားမှုတွင်မဆို "အောက်ခြေဖာစ်မြစ်တွင် တိုက်ခိုက်ရန် သဘောတရားကို အခြေခံရ၏"ဟု ရေးသားခဲ့၏။ လူအများကပင်လျှင် အလွယ်တကူ လက်ခံမည့် အချက်တစ်ရပ်ကို ရှည်ရှည်ဝေးဝေး ဆွေးနွေးထားပြီး အောက်ပါအတိုင်း ဆက်လက်ရေးခဲ့လေသည်။ "တိုက်ပွဲ၏ရည်ရွယ်ချက်မှာ အမြဲတမ်း ရန်သူတပ်များကို ချေမှုန်းရန် မဟုတ်ချေ။ တိုက်ပွဲ လုံးဝမတိုက်ရပါဘဲ မိမိရည်မှန်းချက် ပြည့်ဝသည့်အခါများလည်း ရှိတတ်၏"

ထို့ပြင် ကလော့စဝစ်က ဤသို့ဆက်လက်ရေးသားခဲ့သေး၏။ 'အခြားအချက်အလက် အခြေအနေများ တူညီနေလျှင် ကျွန်ုပ်တို့အနေနှင့် ရန်သူအင်အားကို ချေမှုန်းရန် ပို၍ရည်မှန်းလေ ကျွန်ုပ်တို့တပ်များ ပြန်းတီးမှု ပို၍များလေဖြစ်ပေသည်။ အန္တရာယ်မှာ ဤသို့ဖြစ်၏။ အကောင်းဆုံးကို လိုချင်သဖြင့် ကိုယ့်ကိုယ်ကို ပြန်ပတ်လာပြီး ကျွန်ုပ်တို့က ရှုံးသည့်အခါတွင်မူကား အဆိုးဆုံးရလဒ်ကို ရတော့၏'။

---

၁။ 'There is only one single means, it is the fight'



ထို့ကြောင့် ကမ္ဘာစစ်ကြီးနှစ်ခုစလုံးတွင် မိမိသွန်သင်ဟောပြောချက်များကို လိုက်နာလုပ်ဆောင်ခြင်းကြောင့် ရနိုင်သည့်ဆိုးကျိုးများကို ဗေဒင်ဟောကိန်းထုတ်သလို ကလော့စဝစ်ကိုယ်တိုင်က ပြောကြားခဲ့ပြီးဖြစ်လေသည်။ အကြောင်းမူကား တိုက်ပွဲနှင့်ပတ်သက်၍ ဟောပြောခဲ့သော လက်တွေ့သဘော အစိတ်အပိုင်းများ ကွယ်ပျောက်ခဲ့၍ အကောင်းဆုံးအခြေအနေဆိုသော လက်တွေ့မဖြစ်နိုင်သည့် အချက်များသာ ကျန်ခဲ့သောကြောင့် ဖြစ်ပေ၏။

ကလော့စဝစ်က အောက်ပါကို ပြောခဲ့ခြင်းဖြင့်လည်း အဓိပ္ပာယ် အယူအဆ ပို၍လွဲမှားခဲ့ကြခြင်း ဖြစ်လေသည်။ "အခြားနည်းလမ်းများကို လုပ်ဆောင်ခြင်း" မှာ တိုက်ပွဲမှ ဖြစ်ပေါ်မည့် အန္တရာယ်များကို ရှောင်ရှားရန်သာ ဖြစ်လေသည်။ သူ၏တပည့်များ မှားယွင်းမှု သံမှိုနက်သလို စွဲသွားအောင်လည်း သူ၏သဘောတရားသက်သက် အကောင်းဆုံးဆိုသော အခြေအနေကို ကလော့စဝစ်က ထပ်ခါတလဲလဲ ဖော်ပြခဲ့၏။

ဒဿနိကနည်းများနှင့် မျက်လှည့်ပြသလို ဖော်ပြချက်များကြောင့် လူ ၁၀၀ လျှင် တစ်ဦးသော်မှ ကလော့စဝစ်၏ သိမ်မွေ့လှသည့် တက္ကဗေဒ ကျိုးကြောင်း ဖော်ပြချက်ကို နားလည်နိုင်မည်မဟုတ်ဘဲ မှန်မှန်ကန်ကန် ယူဆနိုင်ရန်လည်း ခဲယဉ်းလှပေသည်။ အောက်ပါရွတ်ဆိုရကောင်းသည့် ဆောင်ပုဒ်များမှာမူ လူတိုင်းပါးစပ်ဖျားသို့ ရောက်သွားတော့၏။

'စစ်တွင် ကျွန်ုပ်တို့အတွက် နည်းလမ်းတစ်ခုသာ ရှိ၏။ တိုက်ပွဲတည်း။'

'အရေးအခင်းကို သွေးထွက်သံယိုမှုနှင့် ဖြေရှင်းရင်း ရန်သူ၏ တပ်များကို ချေမှုန်းနိုင်ရန် လုပ်ဆောင်ခြင်းမှာ စစ်၏ ဩရသ သားကြီးပင်ဖြစ်၏။'

'အထွေထွေတိုက်ပွဲများနှင့် တိုက်ပွဲကြီးများကသာလျှင် အကျိုးကြီးများပေးနိုင်၏။'

'သွေးထွက်သံယိုမှုမရှိဘဲ အောင်နိုင်သည်ဆိုသော ဗိုလ်ချုပ်ကြီးများကို မကြားလို မနာလိုပေ။'

ယင်းဆောင်ပုဒ်များကို ထပ်ခါတလဲလဲ ဖော်ပြခြင်းဖြင့် ကလော့စဝစ်သည် သူ၏ ဒဿနိက အခြေခံအချက်များကို မှေးမှိန်စေခဲ့လေသည်။ ထိုဒဿနိက အခြေခံအချက်များမှာ နဂိုကတည်းက ခပ်မှိန်မှိန်သာ ရှိခဲ့၏။ ထို့ကြောင့် သူ၏ စစ်သဘောတရားမှာ ပရပ်ရှား စစ်ချီသီချင်းကဲ့သို့ ဖြစ်လာကာ လူအများကို သွေးဆူစေပြီး စိတ်ဓာတ်တက်ကြွစေခဲ့လေသည်။ ယင်းသွေးကို သွင်းပေးသော အခါတွင်မူကား သူ၏ စစ်သဘောတရားသည် တပ်ကြပ်များသာ ပေါ်ထွက်စေပြီး ဗိုလ်ချုပ်များ ထွန်းပေါ်လာစေခြင်းမရှိချေ။ အကြောင်းမူကား တိုက်ပွဲဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ 'တစ်ခုတည်းသော စစ်ဘက်အပြုအမူ'ဟု အထင်ရောက်စေခြင်းဖြင့် မဟာဗျူဟာဖြင့် အောင်ပွဲခံခြင်းမရှိတော့ဘဲ စစ်ဝိဇ္ဇာပညာမှာ လူတွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် ပညာရပ်တစ်ခုကဲ့သို့ ဖြစ်ခဲ့ရ၏။ ထိုသဘောတရားကြောင့် ဗိုလ်ချုပ်ကြီးများသည် မိမိဘက်က အခွင့်သာအောင် လုပ်ခြင်းမရှိတော့ဘဲ အခွင့်အရေးရတိုင်း တိုက်ပွဲတိုက်ချင်သော ဖိုးတိုက်ချင်များသာ ဖြစ်လာကြလေတော့သည်။

ဗိုလ်ချုပ်များ အရည်အသွေးညံ့လာသည်ကို ကလောစဝစ်က အောက်ပါအတိုင်း ပြောဆို၍ အားပေးအားမြှောက် လုပ်ခဲ့သေး၏။ ယင်းဆိုရိုးမှာလည်း မကြာခဏ ကိုးကားခဲ့ကြသည့် ဆိုရိုးဖြစ်လေသည်။

"သွေးထွက်သံယိုမှု အကြီးအကျယ်မရှိဘဲ ရန်သူကို လက်နက်မဲ့ဖြစ်စေပြီး အောင်နိုင်နိုင်သည့် နည်းကောင်းများ ရှိသည်ဟု လူသားချင်း စာနာပါသည်ဆိုသော သူတော်ကောင်းများက အလွယ်တကူယုံကြည်ကောင်း ယုံကြည်ကြမည်။ ထို့ပြင် ထိုနည်းသည်သာလျှင် တကယ့် စစ်ဝိဇ္ဇာ ပညာရပ်ဖြစ်သယောင် ပြောကြမည်။ ယင်းအယူအဆမှာ မှားယွင်းပြီး အမြစ်ပါလှန်၍ သုတ်သင်ပယ်ရှားပစ်ရမည်။"

ဤကဲ့သို့ ရေးသားခဲ့စဉ်က သူ ပစ်ပစ်ခါခါ ရေးသားမှုသည့်နည်းမှာ နပိုလီယံအပါအဝင် စစ်ပါရဂူကြီးများက တကယ့်စစ်ရည်မှန်းချက် ဖြစ်ပါသည်ဟု ဝန်ခံရေးသားပြောဆိုခဲ့သည်ကို ကလောစဝစ် စဉ်းစားမိဟန် မတူချေ။

ထိုအချိန်မှအစပြု၍ နွားသိုးများလို ထိပ်တိုက်တိုက်ကြရင်း အလဟဿ အသက်ပေါင်းများစွာကို ဖြုန်းတီးခဲ့ကြသူများက မိမိတို့လုပ်ရပ် မှန်ကန်ပါသည်ဟု ကလောစဝစ်ကို ကိုးကားရင်း ဆင်ခြေပေးခဲ့လေသည်။

အရေအတွက်များခြင်းသည် အဆုံးအဖြတ်ပေးနိုင်လောက်အောင် အရေးကြီးသည်ဟု အမြဲတစေ လက်သုံးစကားအဖြစ် ကလောစဝစ်က အသုံးပြုခဲ့၍လည်း အန္တရာယ်သည် ပို၍ကြီးမားခဲ့ရ၏။ တစ်နေရာတွင်မူ နက်နက်နဲနဲ ဤသို့ရေးခဲ့လေသည်။

"လုပ်ဆောင်မှုအားလုံး၏အုတ်မြစ်မှာ အငိုက်ဖမ်းမှုပင်ဖြစ်၏။ အကြောင်းမူကား အငိုက်ဖမ်းမှုမပါဘဲ အဆုံးအဖြတ်ပေးနိုင်သည့်နေရာတွင် မိမိက အင်အားသာလွန်မှု မဖြစ်နိုင်သောကြောင့်တည်း"။ သို့သော် ကလောစဝစ်က အရေအတွက်ကို မကြာခဏ ပို၍အသားပေးဖော်ပြခဲ့ခြင်းကြောင့် အရေအတွက်များမှုသည် အောင်ပွဲခံနိုင်သော ဆေးမြီးတိုဟု သူ့တပည့်များသည် ယူဆခဲ့ကြလေသည်။



## ရည်မှန်းချက်နှင့်ပတ်သက်၍ ကလောစဝစ်၏ အယူအဆ

ပို၍ဆိုးသည်မှာကား သူ၏ "အကြွင်းမဲ့စစ်"[၁] သဘောတရား ဖော်ပြခဲ့ခြင်းနှင့် ယင်းကို သိဒ္ဓိတင်ခဲ့၍ ဖြစ်ပေါ်ခဲ့သော အကျိုးသက်ရောက်မှုပင် ဖြစ်လေသည်။ အောင်မြင်ရန်လမ်းမှာ အင်အားကို အကန့်အသတ် အချုပ်အချယ်မရှိ သုံးရန်ဖြစ်သည်ဟု ကလောစဝစ်က ရေးသားခဲ့၏။ ယင်းသို့ ဆိုလိုက်ခြင်းဖြင့် သူမူလက ရေးသားခဲ့သည့် "စစ်ဆိုသည်မှာ နိုင်ငံတော်ပေါ်လစီကို အခြားနည်းဖြင့် ဆက်လက်ကျင့်သုံးခြင်းဖြစ်သည်"ဟူသော အဆိုကို ဆန့်ကျင်ခဲ့သလို ဖြစ်သွား၏။ နောက်ဆိုရိုးကြောင့် ပေါ်လစီမှာ မဟာဗျူဟာ၏ အစေအပါးသာ ဖြစ်လာ၏။ (မဟာဗျူဟာမှာလည်း အညံ့စားမဟာဗျူဟာသာ ဖြစ်၏။)

အောက်ပါကလောစဝစ် ရေးသားချက်ကြောင့်လည်း ပေါ်လစီမှာ မှေးမှိန်ရပြန်၏။ "စစ်ဒဿနိကထဲသို့ အလယ်အလတ်လမ်းစဉ်ကို သွတ်သွင်းလာခြင်းသည် မိုက်မဲရာကျ၏။ စစ်ဆိုသည်ကား အကြမ်းဖက်မှုပင် ဖြစ်၍ အစွမ်းကုန်အထိ လုပ်ဆောင်ရန်သာရှိ၏။"

ယင်းကြေညာချက်သည် ခေတ်သစ်အကြွင်းမဲ့စစ်မဟာ အမှားတော်ပုံ၏ အခြေခံအုတ်မြစ် ဖြစ်လာခဲ့လေသည်။ သူ၏အင်အားကို အကန့်အသတ်မရှိ သုံးရန်နှင့် တန်ဖိုးကိုကြည့်မနေဘဲ သုံးရန်မှုများသည် မုန်းတီးစိတ်နှင့် ရူးသွပ်နေသော လူထုနှင့် အံဝင်ခွင်ကျ ဖြစ်လာ၏။ သူတို့နှင့်သာလျှင် သင့်လျော်သော မူကြီးများ ဖြစ်လာပေတော့သည်။ ယင်းမှာ နိုင်ငံရေးသမားကြီးများ တတ်အပ်သည့် ဝိဇ္ဇာပညာနှင့် ဖီလာဆန့်ကျင်နေပြီး ပေါ်လစီကို အလုပ်အကျွေးပြုရမည့် ကျိုးကြောင်းပြည့်စုံသည့် မဟာဗျူဟာနှင့်လည်း ဆန့်ကျင်ဘက် ဖြစ်တော့၏။

ကလောစဝစ် ပြောဆိုခဲ့သည့်အတိုင်း စစ်ဆိုသည်မှာ ပေါ်လစီ ဆက်လက်ကျင့်သုံးရေးဖြစ်ပါက စစ်ပြီး အကျိုးဖြစ်ထွန်းရေးကို ရှေးရှုရမည်ဖြစ်လေသည်။ မိမိ ခြေကုန်လက်ပန်းကျသည်အထိ မိမိအင်အားကို ဖြုန်းတီးပစ်သောနိုင်ငံသည် ပေါ်လစီ ချွတ်ခြုံကျခြင်းကို ဖော်ပြ၏။

"အင်အားကို အစွမ်းကုန်သုံးရမည်"ဆိုခြင်းကို ကလောစဝစ်က ခြွင်းချက်ထားခဲ့ပါသည်။ "စစ်၏ မူရင်းအကြောင်းရင်းခံဖြစ်သော နိုင်ငံရေးရည်ရွယ်ချက်သည် အင်အားသုံးရန် ရည်မှန်းချက်နှင့် သုံးစွဲရမည့်အင်အားကို အဆုံးအဖြတ်ပေးရမည်"ဟု ကလောစဝစ်က ဆိုခဲ့၏။

ပို၍အရေးကြီးသည်မှာကား နောက်တစ်ပိုဒ်တွင် အဆုံးစွန်အထိ လိုက်လုပ်ခြင်းနှင့်ပတ်သက်ပြီး ကလောစဝစ်က ဤသို့ စဉ်းစားချင့်ချိန်၍ ရေးခြင်း

၁။ Absolute Warfare

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ "နည်းလမ်းစနစ် ပန်းဆုံးတိုင်နှင့် လုံးဝမသက်ဆိုင်သကဲ့သို့ ဖြစ်လာပြီး နေရာများစွာမှာပင် အဆုံးစွန်အထိ ကြိုးပမ်းလုပ်ဆောင်ရင်း ရည်ရွယ်ချက်သည် မိမိအတွင်းမှ ဆန့်ကျင်ဘက်အင်အားစုများကြောင့် ပျက်စီးသွားတတ်၏။"

သူ၏ 'ဂန္ထဝင် ယုဒ္ဓဗေဒကျမ်းကြီး'ကို တစ်ဆယ့်နှစ်နှစ် သေသေချာချာ စဉ်းစားတွေးခေါ် ရေးသားခဲ့ခြင်းဖြစ်၏။ ကလောစဝစ်သာ ဆက်၍ အသက်ရှင်နေခဲ့ပါက စစ်နှင့်ပတ်သက်၍ ပို၍ပြတ်သားပြီး ယထာဘူတကျသည့် ကောက်ချက်များ ချမှတ်နိုင်မည် ဖြစ်ပေသည်။ အချိန်ကြာလာလေ သူ၏အမြင်များမှာ ပို၍လေးနက်လာပြီး ယခင်က တွေးခေါ်ခဲ့သည်နှင့်မတူသည့် အမြင်များ ရှိလာခဲ့၏။ ၁၈၃၀ ပြည့်နှစ်တွင် ဝမ်းရောဂါနှင့် ကလောစဝစ် သေဆုံးခဲ့ရခြင်းကြောင့် တွေးခေါ်မှုအစဉ် ပြတ်သွားခြင်းမှာ ဝမ်းနည်းဖွယ်ပင် ဖြစ်ပေသည်။

သူသေဆုံးပြီးမှ သူ့ဇနီးက သူ့စာပေများကို ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်လေသည်။ စာမူများကို ချိတ်ပိတ်ထားသောအိတ်များတွင် ထည့်ထားပြီး ကလောစဝစ်ရေးခဲ့သည့် မှတ်ချက်မှာ ထူးခြားပြီး အနာဂတ်အတွက် ဟောကိန်းထုတ်သကဲ့သို့ ရှိပေ၏။

"ကျွန်ုပ်သေဆုံးခဲ့သဖြင့် ရေးသားခြင်း အစဉ်ပြတ်သွားခဲ့သော် တွေ့ရသည့် စာပေများမှာ ပုံပန်းသဏ္ဌာန် မဖော်ရသေးသည့် အတွေးအခေါ် အယူအဆများသာဖြစ်ပြီး ဆုံးစမရှိ အယူအဆမှားများ ဖြစ်ပေါ်ချေတော့မည်"

ဝမ်းရောဂါပိုးများသာ မနှိပ်စက်ခဲ့ပါက မဖြစ်ပေါ်သင့်သည့် တော်တော်များများ အမှားများကို ရှောင်ကြဉ်နိုင်မည်မှာ မုချဖြစ်၏။ အကြောင်းမူကား သူ့အတွေးအခေါ် ရင့်သန်လာသည်နှင့်အမျှ "အကြွင်းမဲ့စစ်" အယူအဆကို စွန့်လွှတ်တော့မည့် အရိပ်အရောင်များ တွေ့လာရပြီဖြစ်၏။ သူ၏အယူအဆများကို ပြုပြင်ပြီး စဉ်းစားဉာဏ်နှင့် ပို၍ယှဉ်သည့် အယူအဆကို လက်ခံလာခါနီးတွင် ကလောစဝစ် သေဆုံးခဲ့ရခြင်း ဖြစ်လေသည်။

ရလဒ်ကား သူမျှော်မှန်းခဲ့သည်ထက်ပင် "ဆုံးစမရှိသည့် အယူအဆမှားများ"ပေါ်ပေါက်လာခဲ့ပြီး အကန့်အသတ်မရှိ စစ်ကို တစ်ကမ္ဘာလုံးလိုက လက်ခံကျင့်သုံးလာကြခြင်းကြောင့် ယဉ်ကျေးမှုတစ်ရပ်လုံး ပျက်စီးစေအောင် အတော်ပင် လုပ်ဆောင်လာခဲ့ကြပြီဖြစ်၏။ သေချာစွာ နားလည်မှုမရှိဘဲ ကလောစဝစ်၏ သင်ကြားချက်များကို လိုက်နာလုပ်ဆောင်ခဲ့ကြခြင်းသည် ပထမကမ္ဘာစစ် ဖြစ်ပွားခြင်းနှင့် စစ်ကြီးတိုက်ခိုက်ကြပုံကိုပါ များစွာလွှမ်းမိုးပြုပြင်ခဲ့လေသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရေးကိုပါ ဦးတည်စေခဲ့လေသည်။

---

၁။ On War



## ပထမကမ္ဘာစစ်အပြီး သဘောတရား နယ်မထိုင်ဘဲ တရစပ် ပြောင်းလဲခဲ့ခြင်း

ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပုံနှင့် စစ်ကြီးအကျိုးတရားများက ကလောစဝစ်၏ အယူအဆများ (အနည်းဆုံး သူ၏တပည့်များက ကလောစဝစ်ကို အဓိပ္ပာယ်ကောက်ယူပုံများ)အပေါ် သံသယရှိရန် အကြောင်းများစွာ တွေ့လာရ၏။ ကြည်းကြောင်းတွင် အဆုံးအဖြတ်ပေးနိုင်ရန် မျှော်လင့်ခဲ့ကြသော်လည်း၊ တိုက်ပွဲများစွာသာ တိုက်ခိုက်ခဲ့ကြသော်လည်း အဆုံးအဖြတ် ပေးနိုင်ခြင်းမရှိချေ။ သို့သော် တာဝန်ရှိခေါင်းဆောင်များသည် သူတို့၏ရည်မှန်းချက်ကို အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ရန် နှေးကွေးခဲ့၏။ ထို့ပြင် ရည်မှန်းချက်ရရှိစေနိုင်မည့် နည်းလမ်းများကိုလည်း တီထွင်နိုင်ခြင်း မရှိခဲ့ချေ။ ပြဿနာကို ရင်ဆိုင်ဖြေရှင်းရမည့်အစား ၎င်းတို့ စစ်သဘောတရားကို နှစ်ဖက်စလုံးက သေတွင်းသို့ရောက်သည့်တိုင် အဆုံးစွန်သို့ရောက်အောင် ကျင့်သုံးခဲ့ကြလေသည်။ အကောင်းဆုံးဆိုသော တိုက်ပွဲဖြင့် လုံးဝအောင်ပွဲခံနိုင်ရန်အတွက် မဟာမိတ်များက အင်အားကို ဖြုန်းတီးခဲ့ကြရာ လုံခြုံရေးအမှတ်စွန်းကို လွန်သည်အထိပင် ဖြစ်ခဲ့၏။ ရည်မှန်းချက်ကို ရရှိခြင်းကား မရှိချေ။

တစ်ဖက်ရန်သူ နောက်ဆုံးပြိုကွဲခဲ့ရသည်မှာ တိုက်ပွဲများတွင် စီးကျခဲ့ရသော သွေးများကြောင့်ထက် ရေကြောင်းဖြင့် မဟာမိတ်တို့က ပိတ်ဆို့ထားပြီး စီးပွားရေးဖိအားပေးမှုကြောင့် ဇောက်ပြတ်ပြီး အရှုံးပေးခဲ့ကြရခြင်း ဖြစ်လေသည်။ သို့သော် ၁၉၁၈ ခုနှစ် ဂျာမန်တို့ အချိန်မကျဘဲ ပြုလုပ်ခဲ့သည့် ထိုးစစ်ကြောင့် အကျအဆုံးများပြားလှပြီး အောင်ပွဲမရ၍ စိတ်ဓာတ်ကျဆင်းခဲ့သဖြင့် ဂျာမန်တို့ ပြိုကွဲမှုကို ပိုမိုလျင်မြန်စေခဲ့၏။

မဟာမိတ်များအနေနှင့် အောင်မြင်ခြင်းနှင့်တူသည့်အရာကို ရရှိခဲ့သည် ဆိုလျှင်လည်း ၎င်းတို့ပေးဆပ်ခဲ့ရသောတန်ဖိုးမှာ ကြီးမားလှသောကြောင့် (ရုပ်ပစ္စည်းရော စိတ်ဓာတ်ပါ ကုန်ခန်းခါနီးဖြစ်သဖြင့် လူပန်းစိတ်ကြေအခြေအနေမျိုး ဖြစ်၏။) အောင်ပွဲခံသည်ဟု ထင်ရသော သူများမှာ သူတို့အောင်မြင်မှုကို အနယ်ထိုင် နိုင်ခံ့အောင် လုပ်နိုင်ခြင်းမရှိခဲ့ချေ။

စစ်သဘောတရားနှင့်ပတ်သက်၍ (အနည်းဆုံး ၎င်းကိုလက်တွေ့အကောင်အထည်ဖော်ရာတွင်) တစ်ခုခု မှားယွင်းနေသည်မှာ ထင်ရှားလာပြီဖြစ်၏။ နည်းဗျူဟာ၊ မဟာဗျူဟာ ပေါ်လစီအားလုံးတွင် မှားယွင်းခဲ့ကြခြင်း ဖြစ်လေသည်။

"အကောင်းဆုံးဆိုသော" ရည်မှန်းချက်မှာ တံလျှပ်ပမာဖြစ်ပြီး ယင်းကို လိုက်ရင်း အကျအဆုံးမှာ ကြောက်ခမန်းလိလိ များပြားလာကာ စစ်ပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com



အခါတွင် အမည်ခံအောင်ပွဲခံနိုင်သူများမှာ ချုံးချုံးကျ အခြေအနေဖြစ်နေခြင်းက ရည်မှန်းချက်နှင့် ရည်ရွယ်ချက် ပြဿနာတစ်ရပ်လုံးကို သေသေချာချာ ပြန်လည်ဆန်းစစ်သင့်ပြီဖြစ်ကြောင်း ပြသခဲ့လေသည်။

ယင်းသို့မလုပ်အပ်သည်များကို ပြုလုပ်ခဲ့ကြခြင်းကြောင့် ပြန်လည်ဆန်းစစ်သင့်သည့်အပြင် လုပ်ဆောင်သင့်သည့် အခြားအကြောင်းများကြောင့်လည်း ပြန်လည်စောကြောသင့်သည်သာ ဖြစ်၏။ ပထမဆုံးအကြောင်းကား အဆုံးအဖြတ်ပေးနိုင်သော ရေကြောင်းတိုက်ပွဲတစ်ပွဲမှ မတိုက်လိုက်ရဘဲ စီးပွားရေးဖိအားပေးမှုဖြင့် ရန်သူကို ပြိုကွဲစေခဲ့သည့် အဆုံးအဖြတ်ပေးနိုင်သော ရေကြောင်းအင်အား ဖြစ်လေသည်။ အထူးသဖြင့် ဗြိတိန်သည် သူ၏ အစဉ်အလာ မဟာဗျူဟာကို စွန့်ခဲ့၍ အဆုံးအရှုံးများလှစွာဖြင့် အချိန်အကြာကြီး ကြည်းကြောင်းမှ အဆုံးအဖြတ်ရအောင် ကြိုးပမ်းခဲ့သည်ကို ပြန်လည်ဆန်းစစ်သင့်၏။ ဗြိတိန်သည် အခြေခံအမှားကြီးကို ကျူးလွန်ခဲ့ပါသလော။

အချက်အလက် အသစ်များကြောင့် နောက်ထပ်အကြောင်းနှစ်ကြောင်းကို တွေ့ရပြန်၏။ လေကြောင်းအင်အား တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် ရန်သူ၏ စီးပွားရေးနှင့် စိတ်ဓာတ်ရေး အချက်အချာ နေရာများကို တိုက်ခိုက်နိုင်လာ၏။ ယင်းသို့လုပ်ဆောင်ရာတွင် "ပထမဆုံး စစ်မြေပြင်၌ ရန်သူအဓိကတပ်များကို ချေမှုန်းခြင်းမပြုဘဲ" လုပ်ဆောင်နိုင်မည် ဖြစ်လေသည်။ လေကြောင်းဖြင့် တိုက်ရိုက် ရည်မှန်းချက်ကို သွယ်ဝိုက်သောနည်းဖြင့် ရရှိနိုင်ကောင်း၏။ ရန်သူခုခံမှုကို တွန်းလှန်ချေမှုန်းခြင်းမပြုဘဲ ကျော်လွှားသွားရန် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ဓာတ်ဆီနှင့် သွားနိုင်သော မော်တော်စက်များနှင့် ချိန်ကြိုးတပ်ယာဉ်များ တီထွင်နိုင်ခြင်းကြောင့် လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်သော ကြည်းကြောင်းယန္တရားတပ်များ ပေါ်ထွန်းလာနိုင်ရန် လမ်းဖွင့်ပေးခဲ့၏။ ယင်းတို့ဖြစ်ပေါ်လာခြင်းကြောင့် ရန်သူ အဓိကတပ်များကို တိုက်ပွဲအကြီးအကျယ် မတိုက်ရဘဲ ရန်သူပြိုကွဲအောင် လုပ်ရန် နည်းလမ်းများ ပေါ်ပေါက်ခဲ့လေသည်။ ရန်သူ ရိက္ခာလမ်းကြောင်းများ ဖြတ်တောက်ခြင်း၊ ရန်သူ အုပ်ချုပ်ကွပ်ကဲရေးစနစ်ကို အခြေပျက်အောင်လုပ်ခြင်း၊ ရန်သူနောက်ပိုင်းကို နက်ရှိုင်းစွာ ထိုးဝင်ခြင်းဖြင့် ရန်သူ တုန်လှုပ်ချောက်ချားပြီး မလှုပ်နိုင် မရှားနိုင် အခြေအနေသို့ရောက်အောင် ပြုလုပ်ခြင်းနည်းများဖြစ်၏။ ကြည်းကြောင်းယန္တရားတပ်များသည် (လေတပ်များလောက် မဟုတ်စေကာမူ) ရန်သူနိုင်ငံ၏ အလယ်ဗဟိုချက်မနေရာများကို တိုက်ရိုက် တိုက်ခိုက်နိုင်မည် ဖြစ်လေသည်။

လေတပ်များအနေနှင့် ခရီးဝေးပျံသန်း၍ သွယ်ဝိုက်ပြီး ရန်သူဗဟိုနေရာများကို တိုက်ရိုက် တိုက်ခိုက်နိုင်၏။ တင့်ကားများသည် ရန်သူထပ်များ အခက်



အခဲ ခုခံမှုများကို ရှောင်ရှားသွယ်ဝိုက်ချဉ်းကပ်၍ ရန်သူအချက်အချာနေရာများသို့ ရောက်နိုင်ကြရမည် ဖြစ်လေသည်။ စစ်တုရင် ဥပမာနှင့် တင်စားပြောရသော် လေကြောင်းလှုပ်ရှားမှုသည် စစ်ကဲ(မြင်း)လို သွားနိုင်ပြီး တင့်ကားများက ဘုရင်မကဲ့သို့ စစ်ကစားနိုင်ကြမည်ဖြစ်၏။ (စစ်တုရင်အရုပ် အချင်းချင်း တန်ဖိုးကို နှိုင်းယှဉ်နေခြင်းမဟုတ်ပါ။) လေတပ်သည် စစ်ကဲလို ခုန်နိုင်သည့်အပြင် ဘုရင်မကဲ့သို့ အရပ်လေးမျက်နှာလှည့်၍ စစ်ကစားနိုင်၏။ ကြည်းကြောင်းယန္တရားတပ်များမှာ မြင်းလို မခုန်နိုင်စေကာမူ သူရရှိထားသော အကွက်မှနေ၍ နယ်မြေကို စိုးမိုးထားနိုင်၏။

ဤကဲ့သို့ လေတပ်နှင့် ယန္တရားတပ်များ ပေါ်ပေါက်လာခြင်းကြောင့် အနာဂတ်စစ်ပွဲတွင် စစ်ဘက်ရည်မှန်းချက်နှင့် တစ်ဆင့်စီ ရည်မှန်းချက်များ ရွေးချယ်ရာ၌ အကြီးအကျယ်လွှမ်းမိုးမှု ရှိပေလိမ့်မည်။

စစ်ဘက်မှ ရန်သူအရပ်ဘက် (စီးပွားရေး၊ စိတ်ဓာတ်ရေး) ရည်မှန်းချက်များကို ပို၍တိုက်နိုင်လာ၏။ အကျိုးသက်ရောက်မှုလည်း များစွာ ပိုလာ၏။ ရန်သူစစ်ဘက် ရည်မှန်းချက်များကို တိုက်ရာတွင်မှ တာဝေးပို၍သွားနိုင်လာပြီး ရန်သူ၏ သေရေးရှင်ရေး အရေးကြီးသည့် အချက်အချာနေရာများကို မလှုပ်နိုင် မရှားနိုင် ဖြစ်စေခြင်းဖြင့် ရန်သူပြိုကွဲအောင် လုပ်နိုင်တော့မည် ဖြစ်၏။ ရန်သူတပ်များကို စစ်မြေပြင်တွင် ပြင်းပြင်းထန်ထန်တိုက်၍ ချေမှုန်းရန် လိုကောင်းမှ လိုပေတော့မည်။

ရန်သူ ဆုတ်ဆိုင်းသွားအောင်လုပ်ခြင်းဖြင့် စစ်ဆက်လက်မတိုက်နိုင်အောင် လုပ်နိုင်လျှင် မိမိတပ်များကို မြိုးမြိုးမြှေတာရာကျ၏။ ရန်သူ အဓိကတပ်များကို ချေမှုန်းတိုက်ခိုက်နေရလျှင် အချိန်ပိုကြာ၍ မိမိဘက်မှ အကျအဆုံး ပိုများမည်မှာ သေချာလေသည်။ ရန်သူကို ယင်းသို့ဆုတ်ဆိုင်းသွားအောင် လေတပ်များနှင့် လုပ်ဆောင်ရန် အခွင့်သာနေပြီဖြစ်ပြီး သူ့တပ်များကို ရှောင်ရှား၍ ရန်သူနိုင်ငံအတွင်းမှ အရပ်ဘက် ရည်မှန်းချက်များကိုလည်း တိုက်ခိုက်နိုင်သေး၏။

ဤကဲ့သို့ ကြည်းကြောင်း၊ လေကြောင်းမှ စစ်ကစားတိုက်ခိုက်နိုင်လာခြင်း၏ အဓိကအကျိုးကား နည်းဗျူဟာနှင့် နှိုင်းစာလျှင် မဟာဗျူဟာသည် ပို၍ အရေးပါလာခြင်းဖြစ်၏။ ပို၍လည်း တန်ခိုးထက်မြက်လာ၏။ အနာဂတ်တပ်မှူးကြီးများသည် (ယခင်က စစ်ခေါင်းဆောင်များနှင့် နှိုင်းစာလျှင်) အဆုံးအဖြတ်ပေးနိုင်သော အကျိုးတရားများကို လှုပ်ရှားစစ်ကစားခြင်းဖြင့် ရရှိလာကြတော့မည် ဖြစ်လေသည်။ **တိုက်ခိုက်ခြင်းထက် လှုပ်ရှားစစ်ကစားခြင်းဖြင့် ပို၍အကျိုးရှိမည် ဖြစ်၏။**

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲအောင်နိုင်ခြင်း၏ တန်ဖိုးသည် ယုတ်လျော့မသွားဘဲ ပို၍လျင်မြန်စွာ စစ်ကစားနိုင်သောကြောင့် ယင်းသို့ အောင်ပွဲများ ခံနိုင်ရန် ပို၍ပင် အခွင့်သာလာကြဦးမည် ဖြစ်၏။ သို့သော် ယင်းတိုက်ပွဲများသည် ရှေးကကဲ့သို့ အစဉ်အလာတိုက်ပွဲပုံစံမျိုး ဖြစ်ပေါ်လာတော့မည် မဟုတ်ချေ။ အနာဂတ်တိုက်ပွဲများသည် မဟာဗျူဟာစစ်ကစားခြင်း၏ နောက်ဆုံးအဆင့်အဖြစ် အလိုအလျောက် သဘောနိဂုံးသတ်သည့် စစ်ဆင်ရေးမျိုးကို "တိုက်ပွဲ"ဟု ခေါ်ခြင်းသည် ဆီလျော်မည် မဟုတ်တော့ချေ။

ပထမကမ္ဘာစစ်အပြီး တပ်မတော်များ၏ ထိပ်ဆုံးနေရာမှ သူများသည် ပြောင်းလဲလာသော အခြေအနေ၊ စစ်လက်နက်များနှင့် ဆီလျော်အောင် စစ်ဘက် ရည်မှန်းချက်ကို ပြန်လည် အဓိပ္ပာယ်သတ်မှန်ရန် လိုလာပြီဖြစ်ကြောင်းကို အသိအမှတ်ပြုရန် နှေးကွေးလေးလံခဲ့၏။

တစ်ချိန်တည်းမှာပင် လေတပ်ခေါင်းဆောင်များကလည်း မိမိတို့တပ်များ လွတ်လွတ်လပ်လပ် စစ်ဆင်ရန် တစ်ခုတည်းကိုသာ စိတ်စောခဲ့ကြ၍ အရပ်ဖက် ရည်မှန်းချက်များကို တိုက်ခိုက်အမြတ်ထုတ်ရန်ကိုသာ အမြင်ကျဉ်းမြောင်းစွာ ကြည့်၍ ပြောဆိုရေးသားခဲ့ကြလေသည်။ ယင်းနည်း၏ ကန့်သတ်ချက်များ၊ ဆိုးကျိုးများကို လျစ်လျူရှုခဲ့ကြကုန်၏။ တပ်အသစ်ခေါင်းဆောင်များ ဖြစ်လာကြ၍ သဘာဝအလျောက်ပင် အလွန်စိတ်အားတက်ကြွနေကြပြီး ရန်သူလူထုအနေနှင့် အမြန်ဆုံး စိတ်ဓာတ်ကျဆင်းပြိုကွဲမည်ဟုလည်းကောင်း ရှေးက ရေကြောင်းပိတ်ဆို့မှုမျိုးထက် ပို၍တန်ခိုးထက်မြက်လှသဖြင့် လေကြောင်းမှ တိုက်ခိုက်ခြင်းဖြင့်ပင် စီးပွားရေးပိတ်ဆို့မှုလုပ်နိုင်ပြီး အမြန်ဆုံး အဆုံးအဖြတ်ပေးနိုင်မည်ဟု လည်းကောင်း ယုံကြည်ခဲ့ကြလေသည်။

## ဒုတိယကမ္ဘာစစ်တွင် လက်တွေ့ကျင့်သုံးမှု

နောက်စစ်ပွဲများ ဖြစ်ပွားလာသောအခါ ဖွံ့ဖြိုးပြီး ယန္တရားတပ်များ လက်တစ်ဆုပ်စာသာရှိခဲ့ကြ၏။ သို့သော် ၎င်းတို့ကို ခရီးဝေး မဟာဗျူဟာ ရည်မှန်းချက်များ တိုက်ခိုက်ရန် အသုံးပြုခဲ့ကြသောအခါ ယခင်က ကြိုတင် ဟောကိန်းထုတ်ထားခဲ့သည့်အတိုင်း အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲများ ရရှိခဲ့ကြလေသည်။

ပိုလန်နိုင်ငံ ရက်သတ္တပတ်အနည်းငယ်အတွင်း ကျဆုံးခဲ့ရခြင်းမှာ အဓိက အားဖြင့် လက်တစ်ဆုပ်စာ ယန္တရားတပ်မ ၆ ခုကြောင့် ဖြစ်၏။ ဂျာမန်တပ်မတော်



၏ များပြားလှသော ခြေလျင်တပ်များတိုက်ခိုက်ခြင်းမပြုရမီ ပန်ဇာတပ်မ ၁၀ ခုမျှက "ပြင်သစ်တိုက်ပွဲ"ကံကြမ္မာကို အဆုံးအဖြတ်ပေးခဲ့ပြီး အနောက်နိုင်ငံသားအားလုံး မလွဲမသွေ စစ်ရှုံးအောင် ဖန်တီးပေးခဲ့၏။ ဤကဲ့သို့ အနောက်နိုင်ငံများကို တစ်လမျှ တိုက်ခဲ့ပြီး အောင်နိုင်သူဂျာမန်များအဖို့ အကျအဆုံးမှာလည်း အံ့ဩလောက်အောင် အလွန်နည်းပါးခဲ့လေသည်။ စင်စစ် အဆင့်တိုင်းမှာပင် သွေးထွက်သံယိုမှု အလွန်နည်းပါးခဲ့ပြီး အဆုံးအဖြတ်ပေးမည့် အဆင့်တွင်ကား ကလောစဝစ်စံချိန်နှင့်ဆိုလျှင် အကျအဆုံးမှာ မပြောပလောက်အောင်ပင် နည်းပါးခဲ့လေသည်။

ဤကဲ့သို့ ကြီးကျယ်လှသည့် အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ စစ်ဘက် ရည်မှန်းချက်ကို ရည်မှန်းတိုက်ခိုက်ရင်း ရရှိခဲ့သည်ဖြစ်သော်လည်း အဓိကအားဖြင့် စစ်ကစားနည်းဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သဖြင့် ယင်းနည်းမှာ နည်းဗျူဟာထက် မဟာဗျူဟာပုံစံ ဖြစ်လေသည်။

နက်ရှိုင်းစွာ ထိုးဝင်တိုက်ခိုက်ခြင်းဖြင့် ရန်သူတပ်တော်များ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခဲ့၍ ရန်သူအုပ်ချုပ်ကွပ်ကဲမှုစနစ်ကို အခြေပျက်အောင် လုပ်ဆောင်နိုင်ခဲ့၏။ ယင်းသို့ပြုလုပ်ခြင်းမှရသည့် အကျိုးဖြစ်သည့် လူထုစိတ်ဓာတ် ချောက်ချားပြီး အရပ်ဘက် အစည်းအရုံးပျက်သွားခြင်းသည် စစ်ဘက်အခြေပျက်သွားခြင်းနှင့် တစ်ပြိုင်နက်တည်းလိုပင် ဖြစ်သဖြင့် ယင်းတို့နှစ်ခုကို ခွဲခြားရန်ပင် ခက်ခဲလှ၏။ အရပ်ဘက်ရည်မှန်းချက်များ တိုက်ခိုက်ခြင်းဖြင့် ထိရောက်မှုရှိပုံ သာဓကတစ်ရပ်ပင် ဖြစ်လေသည်။

၁၉၄၁ ခုနှစ် ဧပြီလတွင် ဘော်လကန်နိုင်ငံများကို ဂျာမန်တို့ အောင်နိုင်ခဲ့သည်မှာ ပို၍ပင် လျင်မြန်သေး၏။ လက်နက်သစ် နည်းသစ်များကြောင့် ရန်သူဆုတ်ဆိုင်းသွားအောင် လုပ်နိုင်ခြင်းနှင့် ယင်းတို့ကို မဟာဗျူဟာမြောက် အသုံးချပါက ထိရောက်မှုရှိပုံကို ထပ်မံသက်သေထူခဲ့ခြင်း ဖြစ်လေသည်။

နှိုင်းယှဉ်ကြည့်လျှင် "တိုက်ပွဲ"မှာ မပြောပလောက်ဘဲ အဆုံးအဖြတ်ပေးသည့်နည်းကို လေ့လာလျှင် "ချေမှုန်းခြင်း"ဆိုသည့် စကားမှာလည်း ဆီလျော်ခြင်း မရှိသည်ကို တွေ့ရ၏။

ရုရှကို ဝင်ရောက်တိုက်ခိုက်ရာတွင်မူ ဂျာမန်တို့က နည်းသစ်တစ်မျိုးကို စမ်းသပ်လုပ်ဆောင်ခဲ့ကြလေသည်။ ဂျာမန်ဗိုလ်ချုပ်များစွာက (အထူးသဖြင့် ဂျာမန်စစ်ဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး ဟော်လဒါက) ဟစ်တလာသည် စစ်ဘက်ရည်မှန်းချက်ထက် စီးပွားရေးရည်မှန်းချက်များအား တိုက်လိုသည်ကို ပြစ်တင်ပြောဆိုခဲ့ကြ၏။ သို့သော် စစ်ဆင်ရေးအမိန့်များနှင့် ယင်းဗိုလ်ချုပ်များ ထွက်ဆိုချက်တို့ကို သေသေချာချာ ဆန်းစစ်ကြည့်သောအခါ ယင်းစွပ်စွဲအပြစ်တင်ချက်များသည် မှန်ကန်ခြင်း မရှိသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာအနေနှင့် စီးပွားရေးရည်မှန်းချက်များကို ဦးတည်တိုက်လျှင် ပိုမိုထိရောက်လိမ့်မည်ဟု ထင်မြင်ယူဆခဲ့သော်လည်း ၁၉၄၁ ခုနှစ် တိုက်ပွဲစဉ် အရေးအကြီးဆုံးအချိန်၌ ဟစ်တလာသည် ဂျာမန်စစ်ဦးစီးအဖွဲ့က တိုက်လိုသည့် တိုက်ပွဲများကိုသာ တိုက်ခဲ့သည်ကို တွေ့ရ၏။ ယင်းစစ်ဘက်ရည်မှန်းချက်ကို ရအောင် ကြိုးပမ်းခဲ့ခြင်းဖြင့် ရန်သူတပ်အမြောက်အမြားကို ချေမှုန်းနိုင်ပြီး အောင်ပွဲကြီးများ ခံနိုင်ခဲ့သော်လည်း အဆုံးအဖြတ်မပေးနိုင်ခဲ့ချေ။

စီးပွားရေးရည်မှန်းချက်များကို ဦးတည်တိုက်ခဲ့လျှင် အဆုံးအဖြတ်ပေးနိုင်မပေးနိုင်မှာမူ အငြင်းပွားနိုင်သောအချက်ဖြစ်၏။ စစ်ကြီးအပြီး နောက်ပိုင်းတွင် ပြန်လည်သုံးသပ်ကြသောအခါ ဟစ်တလာ၏ ရည်အချင်းအပြည့်ဝဆုံး ဗိုလ်ချုပ်ကြီးများက ဂျာမန်တပ်များသည် သမားရိုးကျနည်းအတိုင်း တိုက်ပွဲများတိုက်ခိုက်နေခဲ့ကြခြင်းကြောင့် ရုရှကို အောင်နိုင်သောအခွင့်အရေးကြီးများ ဆုံးရှုံးခဲ့ရသည်ဟု ယူဆခဲ့ကြ၏။ အထူးသဖြင့် ဗိုလ်ချုပ်ကြီး ဂူဒယ်ယန်က ယင်းသို့ ထင်မြင်ချက်ပေးခဲ့လေသည်။

အကယ်၍သာ မော်စကိုနှင့် လီနင်ဂရက်တို့ကဲ့သို့ စိတ်ဓာတ်ရေးအရရော စီးပွားရေးအရပါ အရေးပါသည့် ရည်မှန်းချက်များကို အမြန်ဆုံး တိုက်ခိုက်သိမ်းပိုက်နိုင်ပါက ရုရှားကို အောင်နိုင်မည်ဟု ဂူဒယ်ရီယန်နှင့် ယန္တရားလှုပ်ရှားစစ်ဆင်ရေးအတွေးအခေါ်သစ်ရှိသူများက ယုံကြည်ခဲ့ကြ၏။ ဤအရေးကြီးလှသော ပြဿနာတွင် ဟစ်တလာက ဂူဒယ်ရီယန်တို့ဘက်မှမလိုက်ဘဲ ရှေးရိုးသမားများဘက်ကို လိုက်၍ပြီး သမားရိုးကျတိုက်ပွဲများ တိုက်ခိုက်ခဲ့ခြင်းဖြစ်လေသည်။

ဂျာမန်တပ်များ လျင်မြန်စွာ အောင်ပွဲခံခဲ့ကြရာတွင် ကြည်းကြောင်းမှ ယန္တရားတပ်များနှင့် ပူးပေါင်း၍ လေတပ်သည် ရန်သူတပ်များနှင့် နောက်ပိုင်းမှ လူထုကတို့ကိုပါ စိတ်ဓာတ်ချောက်ချား၊ မလှုပ်နိုင်မရှားနိုင် အခြေအနေဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့၏။ လေတပ်အကျိုးသက်ရောက်မှုမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ထိရောက်မှုရှိ၍ ပန်ဇာတပ်များကဲ့သို့ပင် အရေးပါသည်ဆိုသည်ကို သတိချပ်ကြရမည်။ လျှပ်တစ်ပြက် စစ်ဆင်နည်း[1]တွင် ယင်းလက်နက်နှစ်မျိုး (လေတပ်နှင့်ယန္တရားတပ်များ)မှာ ခွဲခွာမရစကောင်းပေ။

စစ်ကြီးနောက်ပိုင်းတွင် မဟာမိတ်ကြည်းတပ်ရေတပ်များ အောင်ပွဲခံနိုင်အောင် ဗြိတိသျှနှင့် အမေရိကန်လေတပ်တို့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုမှာ ပို၍ပင် အရေးပါသေး၏။ မဟာမိတ်များ ဥရောပတိုက်သို့ ကမ်းတက်တိုက်နိုင်ခြင်းမှာ အဓိကအားဖြင့် လေတပ်ကြောင့်ပင်ဖြစ်၏။ ထို့နောက် ဆက်လက်

[1] Blitzkreig



ချီတက်တိုက်ခိုက် အောင်ပွဲခံနိုင်ခြင်းမှာလည်း လေတပ်ကြောင့်ပင် ဖြစ်လေသည်။ စစ်ဘက်ရည်မှန်းချက်များ၊ အထူးသဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများကို လေကြောင်းမှ တိုက်ခိုက်ပေးခြင်းဖြင့် ဂျာမန်တပ်များကို လက် ခြေ သေသွားအောင် လုပ်နိုင်ခြင်းဖြင့် အဆုံးအဖြတ်ပေးနိုင်ပြီး မဟာမိတ်တို့ လှုပ်ရှားတိုက်ခိုက်မှုကို ဂျာမန်တို့က ပြန်လည်တုံ့ပြန်နိုင်ခြင်း မရှိတော့ချေ။

သို့သော် လေတပ်ဦးစီးအဖွဲ့များသည် ဤကဲ့သို့ စစ်ဆင်ရေးမျိုးကို စိတ်ပါဝင်စားမှုမရှိလှဘဲ သီးခြား လွတ်လွတ်လပ်လပ် နယ်ဘက်ရည်မှန်းချက်များကိုသာ တိုက်ခိုက်လိုကြ၏။ ရန်သူ၏ စက်မှုလက်မှု အချက်အချာနေရာများကို တိုက်ခိုက်ဖျက်ဆီးပစ်လိုကြ၏။ ယင်းသို့တိုက်ခိုက်ခြင်းဖြင့် ရန်သူစိတ်ဓာတ်နှင့် စီးပွားရေးကို ဖျက်ဆီးပစ်ရန်ဖြစ်ပြီး ယင်းသို့လုပ်ဆောင်လျှင် ကြည်းကြောင်းတပ်များနှင့် ပူးတွဲ၍ ရန်သူလက်နက်ကိုင်တပ်များကို ဦးတည်စစ်ဆင်ရေးလုပ်သည်ထက် ပို၍ အဆုံးအဖြတ်ပေးနိုင်မည်ဟုလည်းကောင်း၊ ပို၍ လျင်မြန်စွာ အဆုံးအဖြတ်ပေးနိုင်မည်ဟုလည်းကောင်း လေတပ်ဦးစီးအဖွဲ့များက ယုံကြည်ကြ၏။

လေတပ်ဦးစီးအဖွဲ့များက ရန်သူစက်မှုနေရာများ တိုက်ခိုက်ခြင်းကို "မဟာဗျူဟာမြောက် ဗုံးကြဲတိုက်ခိုက်ခြင်း"ဟု ခေါ်ကြစေကာမူ ယင်းမှာ လွဲမှားခေါ်ဝေါ်ခြင်းသာဖြစ်၏။ အကြောင်းမူကား ယင်းရည်မှန်းချက်နှင့် လုပ်ဆောင်မှုမှာ အဂ္ဂမဟာဗျူဟာနယ်ပယ်နှင့်သာ သက်ဆိုင်သောကြောင့် ဖြစ်လေသည်။ ပို၍မှန်ကန်စွာ ခေါ်ရလျှင် "အဂ္ဂမဟာဗျူဟာမြောက် ဗုံးကြဲတိုက်ခိုက်ခြင်း"[2]ဟု ခေါ်ရပေလိမ့်မည်။ သို့မဟုတ် ရိုးရိုး"စက်မှုဗုံးကြဲတိုက်ခိုက်ခြင်း"[3]ဟု ခေါ်နိုင်၏။ စိတ်ဓာတ်ရေး၊ စီးပွားရေး အကျိုးသက်ရောက်မှု အားလုံးပါဝင်ပြီး ဖြစ်လေသည်။

ယင်းဗုံးကြဲတိုက်ခိုက်မှုအကျိုးသက်ရောက်ပုံကို အသေးစိတ် စုံစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြစေကာမူ အောင်ပွဲရခြင်းအကြောင်းများအနက် ယင်းစစ်ဆင်ရေးများသည် မည်သည့်အတိုင်းအတာအထိ ပါဝင်သည်ကို သေချာစွာ ဆုံးဖြတ်ရန် ခက်ခဲလှပေ၏။ အချက်အလက်များကို အကဲဖြတ်ရာ၌ ဘက်လိုက်မှုများ ရှိနေခြင်းကြောင့် ရှုပ်ထွေးကုန်လေသည်။ စက်မှုဗုံးကြဲခြင်းကို လိုလားသူများနှင့် ဆန့်ကျင်သူများက မိမိတို့ဆန္ဒ ကတိအတိုင်း အဆုံးအဖြတ်ပေးခဲ့ကြ၏။ ယင်းကဲ့သို့ ရှုပ်ထွေးမှုများအပြင် အချက်အလက်များတွင် အကဲဖြတ်မရနိုင်သော အကြောင်းအရာများ[4]မှာ အခြား စစ်ဘက်အပြုအမူအားလုံးမှာထက် များပြားလှသဖြင့်လည်း သေသေချာချာ အဆုံးအဖြတ်ပေးရန် မဖြစ်နိုင်သလောက် ဖြစ်ခဲ့ရလေသည်။

[2] Grand Strategic Bombing

[3] Industrial Bombing

[4] Imponderabilia

www.burmeseclassic.com

www.burmeseclassic.com



ယင်းစစ်ဆင်ရေးများသည် များစွာ အကျိုးသက်ရောက်မှုရှိပါသည်ဟူသော အမြင်နှင့်ကြည့်လျှင်ပင် စစ်ဘက် မဟာဗျူဟာရည်မှန်းချက်များကို တိုက်ရိုက်သလောက် အဆုံးအဖြတ်ပေးနိုင်ခြင်းမရှိသည်မှာ အတော်ပင် သေချာပေသည်။ ထို့ပြင် စစ်ကြီးတစ်ဆင့်စီတွင် ထိုစစ်ဆင်ရေးမျိုးကို လိုလားပြီး လက်တွေ့လုပ်ဆောင်ခဲ့သူများ ပြောကြားခဲ့သလောက် ခရီးရောက်မှုမရှိခဲ့သည်မှာလည်း ထင်ရှားပေ၏။

ပို၍ ထင်ရှားသည်မှာကား စက်မှုဖုံးကြဲခြင်းကြောင့် စစ်ပြီးအခြေအနေကို အလွန်အမင်း ပိုမိုဆိုးရွားစေခြင်း ဖြစ်လေသည်။ ပြင်ဆင်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း အကြီးအကျယ် ပျက်စီးခဲ့ရသည့်အပြင် လူမှုရေး စိတ်ဓာတ်ရေး အကျိုးသက်ရောက်မှုများမှာ ပြင်ပတွင် ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် မရှိလှသော်လည်း ပို၍ပင် သက်ဆိုးရှည်သေး၏။ နှိုင်းယှဉ်ကြည့်လျှင် များစွာကြာမြင့်ခြင်း မရှိသေးသည့် ယဉ်ကျေးမှုအခြေအနေကို ယင်းစစ်ဆင်ရေးမျိုးက အကြီးအကျယ် အန္တရာယ်ပြုနိုင်ပေသည်။ အဏုမြူဗုံး ပေါ်ပေါက်လာခြင်းကြောင့် ယင်းဘုံအန္တရာယ်မှာ ပို၍ပင် ကြီးမားလာခဲ့လေသည်။

ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် မဟာဗျူဟာနှင့် အဂ္ဂမဟာဗျူဟာ အခြေခံခြားနားချက်ကို ဖော်ပြရပေမည်။ **မဟာဗျူဟာသည် စစ်ဘက်အောင်မြင်ရေး ရရှိရန်သာ လုပ်ဆောင်ရန်ဖြစ်သော်လည်း အဂ္ဂမဟာဗျူဟာမှာမူကား ပို၍ အမြင်ကျယ်ကျယ် ကြည့်ရ၏။ အကြောင်းမူကား ၎င်း၏ပြဿနာမှာ ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်ရန်ဖြစ်သောကြောင့်တည်း။** ယင်းသို့ စဉ်းစားတွေးခေါ်ပုံမှာ ရှေ့နောက်မညီ (အမြီးအမောက်မတည့် (ဝါ) လှည်းကို မြင်းရှေ့ကတပ်သည်) ဟု ပြောရန်မဟုတ်၊ မြင်းရောလှည်းပါ မည်သည့်နေရာကို ဦးတည်သွားနေသည် ဆိုသည်ကို ရှင်းရှင်းမြင်ရန်သာ လို၏။

အဓိကအားဖြင့် နယ်ဘက်ရည်မှန်းချက်ကို ဖုံးကြိတိုက်ခိုက်ခြင်းသည် အဂ္ဂမဟာဗျူဟာနှင့် သက်ဆိုင်၏။ အဂ္ဂမဟာဗျူဟာနှင့် ပတ်သက်နေသဖြင့်ပင် ယင်းတိုက်နည်းခိုက်နည်းကို သံသယရှိလာကြရခြင်းဖြစ်၏။ သူ့သဘာဝကို ဆန်းစစ်ကြည့်လျှင်ပင် ယင်းမှာ ကျိုးကြောင်းညီညွတ်ခြင်းမရှိသည့် ရည်မှန်းချက် ဖြစ်သည်ကို တွေ့လာရပေသည်။ ယင်းစစ်ဆင်ရေးများကြောင့် အဆုံးအဖြတ်ပေးနိုင်သည်ဟု သက်သေ လုံလုံလောက်လောက် ပြနိုင်သည်[illegible]ဦး၊ ယင်းကို စစ်ရည်ရွယ်ချက် အဖြစ် ထားခြင်းသည် မလိမ္မာရာသာကျ၏။ စင်စစ် ဤကဲ့သို့ တိတိပပ သက်သေ ပြနိုင်ခြင်းလည်း မရှိခဲ့ချေ။



## စစ်သဘောတရား ထပ်မံပြင်ဆင်ခြင်း

မည်သည့်သဘောတရားကိုမဆို ချိန်ခွင်လျှာညီသွားအောင် ပြင်ဆင်ခြင်း၊ အခြေအနေနှင့်ညီညွတ်အောင် ပြုလုပ်ခြင်း ပြုလုပ်ရာတွင် ဘာသာရပ်နှင့်ပတ်သက်၍ နောက်ခံကားကိုသိထားလျှင် အကူအညီရပေ၏။ ပြင်ဆင်သူကလည်း မိမိကောက်ချက်များ မှားနေသည်ကိုသိလျှင် ပြင်လိုစိတ်ရှိရပေမည်။ ကျွန်ုပ်အနေနှင့်ဆိုလျှင် (၁၉၁၄–၁၈) စစ်ကြီးအပြီး၊ စစ်နှင့်ပတ်သက်သည့် ရည်မှန်းချက်နှင့်ပတ်သက်၍ ကလောစဝစ်မှ ဆင်းသက်လာသည့် ခေတ်စားနေသော စစ်သဘောတရားများကို ကျွန်ုပ်သိရသလောက်ဆိုလျှင် ပထမဆုံး လေ့လာခဲ့ရသည့် သုတေသီပင်ဖြစ်၏။ စစ်ဘက်စာစောင်များတွင် ကလောစဝစ်၏ အယူအဆများကို သံသယရှိခဲ့ပုံတို့ကို ရေးသားဖော်ပြခဲ့ပြီးနောက် **ပါရီ သို့မဟုတ် စစ်၏အနာဂတ် (၁၉၂၅)** ဟူသော စာအုပ်တွင် ပိုမိုပြည့်စုံစွာ ရေးသားခဲ့ဖူးလေသည်။

ပထမကမ္ဘာစစ်၌ "စစ်မြေပြင်တွင် ရန်သူ၏ အဓိကတပ်များကို ချေမှုန်းခြင်း" တည်းဟူသော သမားရိုးကျ ရည်မှန်းချက်ကို ယင်းစာအုပ်ငယ်၌ ဝေဖန်ခဲ့ပြီး ယင်းသို့လုပ်ဆောင်ခြင်းဖြင့် အဆုံးအဖြတ်မပေးနိုင်သည်ကို လည်းကောင်း၊ စစ်ပြီးသောအခါ နှစ်ဖက်စလုံး ပင်ပန်းနွမ်းနယ်ကြရသည်ကို လည်းကောင်း ဖော်ပြခဲ့၏။ ထို့နောက် "စိတ်ဓာတ်ရေးရာ ရည်မှန်းချက်" အရေးပါပုံကို အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။ (၁) ရန်သူတပ်တော်၏ အပျော့ဆုံးနေရာဖြစ်သည့် (အာချီလီဖနောင့်) ဆက်သွယ်ရေးလမ်းကြောင်းများနှင့် ဦးနောက်နေရာ အုပ်ချုပ်ကွပ်ကဲမှု ဌာနချုပ်များကို သံချပ်ကာတပ်များနှင့် တိုက်ခိုက်၍ အဆုံးအဖြတ်ပေးနိုင်အောင် ထိုးနှက်ရန်။ (၂) လေတပ်များအနေနှင့် ယင်းသို့ မဟာဗျူဟာမြောက် ထိုးနှက်ချက်ကို ကူညီသည့်အပြင် ရန်သူနိုင်ငံ၏ အချက်အချာဦးနောက်နေရာဖြစ်သော မရွေ့မရှား အမြဲတည်နေသည့် နယ်ဘက်စက်မှု အချက်အချာ နေရာများ" ကို တိုက်ခိုက်ရန် ရေးသားဖော်ပြခဲ့၏။

စာအုပ်ထွက်ပြီး နှစ်နှစ်ကြာသောအခါ အသစ်စတင်ဖွဲ့စည်းထားသော ပထမ **စမ်းသပ်ယန္တရားတပ်ဖွဲ့**[၂] အရာရှိများအား ဖတ်ရှုရန် ကျွန်ုပ်၏[၁] စာအုပ်ကို ပြဋ္ဌာန်းပေးခဲ့ကြ၏။ လေတပ်ဦးစီးအဖွဲ့ကလည်း ကျွန်ုပ်၏စာအုပ်ကို ပို၍ပင် အသုံးချခဲ့ကြသည်မှာ အထူးအံ့သြနေရန် မလိုတော့ပါ။ အကြောင်းမူကား ထိုစဉ်က လေတပ်မဟာဗျူဟာနှင့် ပတ်သက်၍ ဖတ်ရှုရန် စာအုပ်မရှိခဲ့ဘဲ ကျွန်ုပ်၏အမြင်များသည် သူတို့စဉ်းစားတွေးခေါ်နေသည်နှင့် အံဝင်ခွင်ကျ ဖြစ်နေသောကြောင့်

၁။ Moral Objective

၂။ First Experimental Mechanized Force

www.burmeseclassic.com

www.burmeseclassic.com



တည်း။ လေတပ်ဦးစီးချုပ်ကဆိုလျှင် ကျွန်ုပ်စာအုပ်ငယ်များကို ကြည်း၊ ရေ ဦးစီးချုပ်များသို့ လက်ဆောင်ပေးပို့ခဲ့သေး၏။

ထို့ကြောင့် ကျွန်ုပ် ယခုရေးသားနေခြင်းမှာ လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်က ရေးခဲ့သည်ကို သေချာစွာ ပြန်လည်သုံးသပ်ပြီး ပြန်လည်ရေးသားခြင်းဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်ရေးခဲ့သည့် သဘောတရား၏ တစ်စိတ်တစ်ဒေသ မှားယွင်းခဲ့သည်ကို ဝန်ခံရေးသားခြင်းလည်း ဖြစ်ပါ၏။ ချိန်ခွင်လျှာညီအောင် မျှတပေးရာ၌ တစ်ဖက်စွန်းသို့ ရောက်သွားတတ်သည်ကိုလည်း ပြသေး၏။ တီ–အီး လောရင့်[1] က ၁၉၂၈ ခုနှစ်က ကျွန်ုပ်ထံသို့ အောက်ပါအတိုင်း စာတစ်စောင် ရေးသားခဲ့ဖူးလေသည်။

"ကလောစဝစ်ရဲ့ တက္ကဗေဒစနစ်ဟာ ပြည့်စုံလွန်းအားကြီးနေတယ်၊ သူ့သဘောတရားတွေက သူ့တပည့်တွေကို လမ်းမှားလိုက်စေတယ်၊ အနည်းဆုံး ခြေထောက်နဲ့မတိုက်ဘဲ လက်ကိုချည်း အားကိုးတိုက်သူတွေကို မှားယွင်းစေခဲ့တယ်[2]၊ ခင်ဗျားကတော့ (သူတို့လုပ်ငန်း သူတို့စဉ်းစားဖို့ အလုပ်ကို မလုပ်ကြတဲ့ စစ်သားတွေထံက အကူအညီများများမရဘဲ) အရင်စစ်ကြီးပြီးကတည်းက တစ်ဖက်စောင်းနင်းဖြစ်နေတဲ့ သဘောတရားချိန်ခွင်လျှာကို တည့်အောင် ကြိုးစားနေတာပဲ၊ ခင်ဗျား ၁၉၄၅ ခုနှစ်လောက်မှာ အောင်မြင်တဲ့အခါ ခင်ဗျားရဲ့သိုး[3] တွေဟာ ခင်ဗျားထားရှိတဲ့ စည်းမျဉ်းတွေကိုကျော်လွန်ပြီး သွားကြမှာဖြစ်တော့ နောက် မဟာဗျူဟာသမားတစ်ဦးက ပြန်ပြီးတည့်မတ်ပေးရဦးမှာပဲ၊ ဒီလိုနဲ့ ရှေ့တိုး နောက်ဆုတ် သံသရာလည်နေကြမှာပါပဲ"

၁၉၂၅ ခုနှစ်က ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် လေတပ်များက နယ်ဖက် ရည်မှန်းချက်များ တိုက်ခိုက်ရန် အခွင့်သာပုံများ၊ ရရှိမည့်အကျိုးတရားများကို အလွန်အမင်း အထူးပြုရေးသားခဲ့ဖူး၏။ သို့စဉ်လျက် ထိုစဉ်ကပင်လျှင် "ထာဝရ ထိခိုက်မှုမျိုးကို အနည်းဆုံးဖြစ်အောင် လုပ်ကြရမည်ဖြစ်ကြောင်း၊ အကြောင်းမူကား ယနေ့ ရန်သူသည် နက်ဖြန် ကျွန်ုပ်တို့၏ ဈေးဝယ်ဖောက်သည်များဖြစ်လာပြီး အနာဂတ်မဟာမိတ်များဖြစ်သောကြောင့်တည်း"ဟု ရေးသားခဲ့ပါ၏။ ထိုစဉ်က ကျွန်ုပ်၏ယုံကြည်ချက်မှာ "ယခုတိုက်ခဲ့ကြသည့် ရေရှည်စစ်များထက် အဆုံးအဖြတ်ပေးနိုင်သည့် လေကြောင်းတိုက်ခိုက်မှုသည် စုစုပေါင်း အကျအဆုံးနည်းပါး

1။ T.E. Lawrence (ဉာဏ်ပညာမဏ္ဍိုင်ခုနစ်ခုကို ရေးသားခဲ့သူ–ဘာသာပြန်သူ)

2။ ချိတက်၍ စစ်ကစားခြင်းကိုအားမကိုးဘဲတိုက်စိတ် ပြင်းပြလွန်းသူများကို ဆိုလိုသည်။ (ဘာသာပြန်သူ)

3။ တပည့်များ၊ မျက်စိမှိတ်နောက်လိုက်သူများကို ဆိုလိုသည်။ (ဘာသာပြန်သူ)



ပြီး စစ်ရှုံးနိုင်ငံအနေဖြင့်လည်း မြန်မြန်ပြန်၍ နာလန်ထူနိုင်မည်ဖြစ်၏"ဟူ၍ ဖြစ်လေသည်။

ဆက်လက်လေ့လာခဲ့ရာတွင် စက်မှုအချက်အချာနေရာများကို ဗုံးကြဲခြင်းဖြင့် ချက်ချင်းအဆုံးအဖြတ်ပေးနိုင်သော အကျိုးတရား မရနိုင်သည်ကို ကျွန်ုပ်သိလာပြီး နောက်ထပ်ပုံစံအသစ်တစ်ခုဖြင့် ရေရှည်စစ်တစ်မျိုး ဖြစ်လာမည်ကို တွေ့မြင်လာခဲ့ရ၏။ ပထမကမ္ဘာစစ်ကြီးလောက် အသေအပျောက် များကောင်းမှ များမည်။ သို့သော် အပျက်အစီး ဆုံးရှုံးမှု ပို၍များမှာ သေချာ၏။

ကျွန်ုပ်အနေနှင့် ယင်းကောက်ချက်ကို တင်ပြလိုက်သောအခါ လေကြောင်းဦးစီးအဖွဲ့များအနေနှင့် ပထမ ကျွန်ုပ်၏ကောက်ချက်များ (၁၉၂၅ ခုနှစ် ကောက်ချက်များကို ဆိုလိုသည်။ ဘာသာပြန်သူ) ကိုသာ ကြိုက်နှစ်သက်ကြပြီး ပြန်လည်ပြင်ဆင်ထားသော ကောက်ချက်ကို လက်မခံလိုကြသည်ကို တွေ့ရ၏။ သူတို့အနေနှင့် အမြန်ဆုံး အောင်ပွဲခံလိုကြပြီး အခြေအနေအရ ယင်းရည်မှန်းချက်ကို စွန့်လွှတ်ရသောအခါ စက်မှုပြုန်းတီးစစ်[1] ကို ခွဲနပဲကြီးစွာဖြင့် လုပ်ကြပြန်၏။ ပြီးခဲ့သောစစ်ကြီး[2]က စစ်ဦးစီးအဖွဲ့များက လူအင်အားပြုန်းတီးအောင် လုပ်ကြသည့်နည်းအတိုင်း ဖြစ်ပေသည်။

သို့သော် နယ်ဘက် ရည်မှန်းချက်ကို ဦးတည်တိုက်ခြင်း၏ ဆိုးကျိုးများ၊ ချွတ်ယွင်းချက်များကို ဖော်ပြနေခြင်းသည် "တိုက်ပွဲ"ကို ရှေးယခင်ကကဲ့သို့ ရည်မှန်းချက်ထားပြီး တိုက်ကြရမည်ဟု ဆိုလိုရင်းမဟုတ်ပေ။ ကလောစဝစ်ဖော်နည်းကား[3]၏ ချွတ်ယွင်းချက်များကို ပထမကမ္ဘာစစ်က ထင်ထင်ရှားရှား ပြခဲ့ပြီဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးတွင်မူကား စစ်ဘက်ရည်မှန်းချက်ကို သွယ်ဝိုက်လုပ်ဆောင်သည့် မဟာဗျူဟာ အကျိုးရှိပုံများ အလားအလာများကို တွေ့ခဲ့ကြရလေသည်။ ယင်းအချက်နှင့်ပတ်သက်၍ ဟောကိန်းထုတ်ခဲ့သည်များ မှန်ကန်သည်ကို အတည်ပြုခဲ့ခြင်းပင် ဖြစ်၏။ ရှေးယခင်ကပင်လျှင် ယင်းနည်းများကို (၎င်းတို့တွင်ရှိသော လက်နက်များတွင် ကန့်သတ်ချက်များရှိပါလျက်) တကယ့်စစ်ခေါင်းဆောင်ကြီးများ[4]က အကျိုးရှိအောင် အမြတ်ထုတ် အသုံးပြုခဲ့ကြကုန်၏။

ယခုခေတ်တွင်မူကား လက်နက်ပစ္စည်းအသစ်အဆန်းများ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် နည်းဗျူဟာအရ ခုခံမှု ပိုမိုထက်မြက်လာစေကာမူ ယင်းနည်းမှာ ပို၍ပင် အဆုံးအဖြတ်ပေးနိုင်ခဲ့လေသည်။ **လျင်မြန်စွာစစ်ကစားနိုင်ခြင်းကြောင့်**

1။ Industrial Attrition

2။ ပထမကမ္ဘာစစ်ကို ဆိုလိုသည်။ (ဘာသာပြန်သူ)

3။ Formula

4။ . Great Captains

www.burmeseclassic.com

www.burmeseclassic.com



ထိုးဝင်ခြင်း၊ ခြိမ်းခြောက်ခြင်း အရပ်မျက်နှာကို ပြောင်းလွဲပြုလုပ်နိုင်သဖြင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး ခုခံမှုကို ကျော်လွှန်နိုင်၏။

မကြာသေးမီက ရခဲ့သော အတွေ့အကြုံနှင့် လက်ရှိအခြေအနေများအရ ရည်မှန်းချက်၊ သို့မဟုတ် စစ်ရည်ရွယ်ချက်သဘောတရားကို ပြန်လည်ပြင်ဆင်သင့်ပြီဖြစ်၏။ ကြည်း၊ ရေ၊ လေ ပူးပေါင်းအဖွဲ့က လက်ရုံးတပ်ဖွဲ့အားလုံး သဘောတူညီနိုင်သည့် အဖြေကိုရရှိရန် ပူးပေါင်းလေ့လာသင့်ပြီဖြစ်လေသည်။ အကြောင်းမူကား ယခုခေတ်တွင် စစ်သဘောတရားနှင့်ပတ်သက်၍ အန္တရာယ်ရှိလောက်အောင် ကွဲပြားမှု ပေါ်ပေါက်နေသောကြောင့် ဖြစ်သတည်း။

မျက်မှောက်အခြေအနေများ၊ အသိဉာဏ်များနှင့် အံဝင်ခွင်ကျဖြစ်သည့် သဘောတရားကို ယခုဆွေးနွေးသွားရင်း ပုံကြမ်းအဖြစ်တော့ ပေါ်လွင်နေပြီဟု ယူဆပါ၏။ သော့ချက်မှာ "တိုက်ပွဲ"ထက် "မဟာဗျူဟာ စစ်ဆင်ရေး"ဖြစ်၏။ တိုက်ပွဲဟူသော စကားရပ်ကား ခေတ်မမီတော့သည့် အသုံးမဝင်တော့သည့် အသုံးအနှုန်း ဖြစ်နေပေပြီ။ တိုက်ပွဲများကား ရှိနေဦးမည်ပင် ဖြစ်၏။ သို့သော် ရည်မှန်းထားရမည့် ပန်းဆုံးတိုင်ကား မဟုတ်တော့ချေ။ တိုက်ပွဲမှာ တစ်စုံတစ်ခုသော ရည်မှန်းချက်အတွက် နည်းလမ်းတစ်ခုသာ ဖြစ်ရပေမည်။ ဒုတိယကမ္ဘာစစ်အတွင်းက အကြိမ်ကြိမ်မှန်ကန်ပါသည်ဟု သက်သေထူခဲ့ပြီးဖြစ်သော ကောက်ချက်ကို ပြန်လည်ဖော်ပြရသော် **"ရည်မှန်းချက်အမှန်မှာ တိုက်ပွဲဝင်ရန်ထက် မိမိအတွက် အကောင်းဆုံး အခွင့်အသာဆုံး မဟာဗျူဟာအခြေအနေ ဖန်တီးယူရန် ဖြစ်၏။ ယင်းအခြေအနေကြောင့် အဆုံးအဖြတ်မရသည့်တိုင် တိုက်ပွဲ ဆက်လက်တိုက်ရပါက မိမိက မုချအောင်ပွဲခံနိုင်ရမည် ဖြစ်၏။"**



## အခန်း (၂၂)

## အဋ္ဌမဟာဗျူဟာ

ဤစာအုပ်သည် အဋ္ဌမဟာဗျူဟာ သို့မဟုတ် စစ်ပေါ်လစီထက် မဟာဗျူဟာနှင့် သက်ဆိုင်၏။ ပို၍ကျယ်ပြန့်သည့် အဋ္ဌမဟာဗျူဟာနှင့် ပတ်သက်လျှင် ပို၍ရှည်လျားရုံသာမကသေး စာအုပ်သီးသန့်ပင် ရေးရမည်ဖြစ်၏။ အကြောင်းမူကား အဋ္ဌမဟာဗျူဟာသည် မဟာဗျူဟာကို ကွပ်ကဲထိန်းသိမ်းပေးရသည် ဖြစ်သော်လည်း သူ၏မူများသည် မဟာဗျူဟာ နယ်ပယ်မှ မူများနှင့် မကြာခဏ ဆန့်ကျင်နေတတ်သောကြောင့် ဖြစ်လေသည်။ ထိုအကြောင်းကြောင့်ပင်လျှင် ဤစာအုပ်တွင် အဋ္ဌမဟာဗျူဟာက ညွှန်ပြနေသည့် ပို၍လေးနက်သော ကောက်ချက် အရိပ်အမြွက်မျှကိုသာ ဖော်ပြရပေမည်။

**စစ်ရည်ရွယ်ချက်မှာ ပို၍ကောင်းမွန်သည့် ငြိမ်းချမ်းရေးရရန် ဖြစ်၏။** သင့်အမြင်နှင့်ကြည့်လျှင် ပို၍ကောင်းသော ငြိမ်းချမ်းရေးမျိုး ရရန်ဖြစ်၏။ ထို့ကြောင့် စစ်တိုက်ရာတွင် မိမိတို့ တောင့်တမျှော်မှန်းထားသော ငြိမ်းချမ်းရေးကို အစဉ် မျက်ခြည်မပြတ်ရန် လိုလေသည်။ ယင်းမှာ ကလော့စဝစ်၏ "စစ်ဆိုသည်မှာ ပေါ်လစီကို အခြားနည်းဖြင့် ဆက်လက်လုပ်ဆောင်ခြင်းပင် ဖြစ်၏"ဟူသော အဓိပ္ပာယ်သတ်မှတ်ချက်၏ အခြေခံအမှန်တရားပင် ဖြစ်လေသည်။ **ပေါ်လစီကို စစ်နည်းဖြင့် ဆက်လက်ကျင့်သုံးပြီး နောက်ဆုံးတစ်နေ့ ငြိမ်းချမ်းရေးရလာသည်ကို အမြဲစွဲမှတ်ထားရမည်ဖြစ်၏။** မိမိတို့ ခြေကုန်လက်ပန်းကျသည်အထိ စွမ်းအားကို အသုံးပြုခဲ့သည့်နိုင်ငံသည် မိမိပေါ်လစီ ချွတ်ခြုံကျခြင်းကိုလည်းကောင်း၊ အနာဂတ်မျှော်လင့်ချက် မရှိသည်ကိုလည်းကောင်း ဖော်ပြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သင်သည် အကျိုးသက်ရောက်မှုကို မစဉ်းစားမတွေးခေါ်ဘဲ စစ်အောင်နိုင်ရေးတစ်ခုတည်းကိုသာ တစ်သမတ်တည်း စူးစိုက်ထားပါက ငြိမ်းချမ်းရေးအရသာကို မခံစားရရှိသာမက ရရှိသည့် ငြိမ်းချမ်းရေးသည်လည်း အနာဂတ်စစ်ပွဲမျိုးစေ့များကို သယ်ဆောင်လာသည့် ငြိမ်းချမ်းရေးမျိုးသာ ဖြစ်ပေလိမ့်မည်။ ယင်းမှာ သမိုင်းက အကြိမ်ကြိမ် သက်သေထူခဲ့ပြီးသော သင်ခန်းစာသာ ဖြစ်ပေသည်။

မဟာမိတ် တပ်ပေါင်းစုအနေနှင့် စစ်တိုက်ရသောအခါ အန္တရာယ်များသည် ပို၍ပင် ကြီးမားပေ၏။ အကြောင်းမူကား ဤသို့အခါမျိုးတွင် လုံးဝအောင်ပွဲခံနိုင်သောအခါ တရားမျှတ၍ အမြော်အမြင်နှင့်ပြည့်စုံသော ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်ရန် အလွန်ရှုပ်ထွေးခက်ခဲလှသောကြောင့် ဖြစ်၏။ စစ်အောင်နိုင်သူများကို ထိန်းထားရန်၊ သူတို့လောဘများကို ချုပ်တီးထားရန် ဆန့်ကျင်ဘက်အင်အားစုမရှိတော့သောအခါ မဟာမိတ်တပ်ပေါင်းစုတွင် ပါဝင်သော တစ်ခုနှင့်တစ်ခု မတူညီသည့် ဆန္ဒများ၊ အကျိုးတရားများသည် အထိန်းအကွပ် မရှိတော့ချေ။ ထိုအခါ ဆန့်ကျင်နေသော အကျိုးတရားများသည် ပေါက်ကွဲထွက်လာပြီး အချင်းချင်း မကျေနပ်မှုများ ဖြစ်ပေါ်လာ၍ ပထမစစ်၌ မဟာမိတ်နိုင်ငံသည် နောက်စစ်ပွဲတွင် ရန်သူဖြစ်လာပြန်၏။

ထို့ကြောင့် ပို၍ကျယ်ပြန့်ရှုပ်ထွေးသည့် ပြဿနာကို ရင်ဆိုင်လာရပြန်၏။ မည်သည့် မဟာမိတ်စနစ်မှာမဆို ဖြစ်ပေါ်လေ့ရှိသည့် (အထူးသဖြင့် ဆန့်ကျင်ဘက်အင်အားစု မရှိတော့သောအခါ) အချင်းချင်း ပဋိပက္ခများသည် သမိုင်းတွင် တွေ့ခဲ့ရသည့် အတူပူးပေါင်းနေနိုင်အောင် စေ့ဆော်အားပေးသော တရားပင် ဖြစ်ချေ၏။ သို့သော် လက်တွေ့တွင်ကား မဟာမိတ်စနစ်တွင် ပါဝင်သော အင်အားကြီးနိုင်ငံတစ်ခုက လက်ဝါးကြီးအုပ်ဝါးမျိုခြင်းသာ ဖြစ်ခဲ့ရသည်ကို သမိုင်းက သက်သေထူခဲ့ပြီး ဖြစ်၏။ နိုင်ငံငယ်ကလေးများအနေနှင့် အချင်းချင်းပူးပေါင်းရန် သဘာဝအလျောက် ဆန္ဒရှိကြသော်လည်း ယင်းကို အတင်းတွန်း၍ လုပ်ဆောင်စေပါက အားလုံးကို ခြုံငုံမိသော နိုင်ငံရေးအင်အားစုတစ်ခုဖြစ်လာရန် စီမံချက်များကို ရှုပ်ထွေးသွားစေမည် ဖြစ်လေသည်။

ထို့ပြင် တကယ့်တိုးတက်မှု သို့မဟုတ် တိုးတက်မှုကိုဖြစ်စေသော လွတ်လပ်ခြင်းသည် စုပေါင်း တစုတည်း တလုံးတည်းနေခြင်းအတွက် တည်ရှိသည်ဆိုသည့် သာဓကများသည် သမိုင်းတွင် အလွန်နည်းပါးခဲ့၏။ ယင်းကို စိတ်ကူးယဉ်သမားများကမူ ကြိုက်ချင်မှ ကြိုက်ပေလိမ့်မည်။

အကြောင်းမူကား စုပေါင်း၍ တစုတည်းတလုံးတည်း နေခြင်းသည် အတွေးအခေါ်အားလုံးကို စုပေါင်းပေးနိုင်သော်လည်း များသောအားဖြင့် အတွေးအခေါ်သစ်များကို ဆိတ်သုဉ်းစေပြီး အတွေးအခေါ် တစ်မျိုးတစ်စားတည်းသာ ဖြစ်စေခဲ့၏။ ထို့ပြင် စုပေါင်း တစုတည်း ဖြစ်စေခြင်းသည် သဘာဝမကျသည့်



အတင်းပြုလုပ်ယူရသော စုပေါင်းခြင်းဖြစ်ပါက ငြင်းပြင်ပင်ပန်းမှုများပြီး မညီမညွတ်ဖြစ်ခြင်းမှ တစ်နေ့တွင် ကွဲပြားသွားစေမည် ဖြစ်လေသည်။

ရှင်သန်အားကောင်းခြင်းသည် ကွဲပြားခြားနားခြင်းမှလာ၏။ ခြားနားခြင်းများကို ဖွတ်ဖိနှိပ်ခြင်းမပြုဘဲ အချင်းချင်းသည်းခံနိုင်လျှင် တိုးတက်မှု ဖြစ်ပေါ်လာသည်သာ ဖြစ်၏။ ဤအကြောင်းကြောင့် တိုးတက်မှုကို ဖြစ်စေသည့် ငြိမ်းချမ်းရေးဆိုသည်ကား အင်အားချိန်ခွင်လျှာညီနေသော အင်အားစုအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ထားသော ငြိမ်းချမ်းရေး ဖြစ်ပေ၏။ ပြည်တွင်းနိုင်ငံရေးတွင်ဖြစ်စေ၊ နိုင်ငံတကာ ဆက်ဆံရေးတွင်ဖြစ်စေ ယင်းသဘောအတိုင်းပင် ဖြစ်ချေ၏။

နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်လည်း အင်အားချိန်ခွင်လျှာကို ထိန်းသိမ်းထားနိုင်သမျှ ကာလပတ်လုံး အင်အားချိန်ခွင်လျှာ[၁] သဘောတရားမှာ ကျိုးကြောင်းညီညွတ်သော သဘောတရားတစ်ရပ် ဖြစ်ပေ၏။

သို့သော် ဥရောပအင်အား ချိန်ခွင်လျှာမှာ မကြာခဏ ပျက်ပြားခဲ့ရပြီး စစ်ဖြစ်သည့်အခြေအနေသို့တိုင် ရောက်ခဲ့ရခြင်းများကြောင့် ပို၍တည်ငြိမ်သော နည်းလမ်းကို ရှာနေကြပြီဖြစ်၏။ ယင်းနည်းမှာ နိုင်ငံများစုပေါင်း၍ နိုင်ငံကြီးတစ်ခု တည်ထောင်ခြင်း သို့မဟုတ် ပြည်ထောင်စုနိုင်ငံ ထူထောင်သည့်နည်း ဖြစ်လေသည်။

ပြည်ထောင်စုနည်းမှာ ပို၍အလားအလာကောင်း၏။ အကြောင်းကား ယင်းနည်းသည် အသက်ရှင်သန်စေသည့် ပူးပေါင်းဆောင်ရွက်ရေးမှုကို လွှမ်းခြုံထားသောကြောင့်တည်း။ တစ်နိုင်ငံတည်းအဖြစ် ပူးပေါင်းသောနည်းမှာကား အင်အားကောင်းသော နိုင်ငံက အာဏာကို လက်ဝါးကြီးအုပ်သောစနစ်ကို အားပေး၏။ ယင်းသို့ အာဏာကို လက်ဝါးကြီးအုပ်လာလျှင် ထပ်ခါတလဲလဲ တွေ့ကြုံခဲ့ကြရသည့် သမိုင်းသစ္စာတရားတစ်ရပ်ကို ထပ်မံရင်ဆိုင်ကြရမည်သာ ဖြစ်ပေသည်။ ယင်းသစ္စာတရားကို လော့ဒ်အက်တန်[၂]က အောက်ပါအတိုင်း ပြောဆိုခဲ့လေသည်။ ယင်းဆိုရိုးစကားသည် အလွန်ပင်ထင်ရှားခဲ့ပေ၏။ "အာဏာအားလုံးသည် လူကို ဖျက်ဆီး၏။ အကြွင်းမဲ့အာဏာသည် အကြွင်းမဲ့ ဖျက်ဆီးတတ်၏။"[၃] ပြည်ထောင်စုပင်လျှင် ယင်းအန္တရာယ်မှကင်းလွတ်ခြင်းမရှိချေ။ ထို့ကြောင့် သဘာဝအကျိုးသက်ရောက်မှုအဖြစ် ရရှိလာသော ဖွဲ့စည်းပုံအရ စည်းလုံးညီညွတ်မှုကို ပြုပြင်ပေးရန် အချင်းချင်း ထိန်းသိမ်းမှုများ၊ ပွဲပြင်ပေးမှုများကို လုပ်ဆောင်ပေးရန် အထူးသတိပြုရမည်။

---

၁။ Balance of Power

၂။ Lord Acton

၃။ All Power Corrupts and Absolute Power Corrupts Absolutely

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းကြောင်းဖြင့် အဂ္ဂမဟာဗျူဟာကို လေ့လာခြင်းဖြင့် ရရှိလာသော နောက်ကောက်ချက်မှာ **မဟာဗျူဟာ အထွေထွေ သဘောတရားကို နိုင်ငံ၏ အခြေခံပေါ်လစီသဘာဝနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန် လက်တွေ့အားဖြင့် လိုအပ်သည်ဆိုသောအချက် ဖြစ်လေသည်။** 'ရယူလိုသော'နိုင်ငံနှင့် 'ရှေးကျသော' နိုင်ငံများ[၁] အချင်းချင်း ရည်ရွယ်ချက်ချင်းမှာ အဓိကအားဖြင့် ခြားနားနေပြီး နည်းနာတွင် ခြားနားကြမည်ဖြစ်၏။

ယင်းသို့ အခြေခံအားဖြင့် ခြားနားသောကြောင့် အခန်း ၁၂ တွင် ဖော်ပြထားသော မဟာဗျူဟာသက်သက် သဘောတရားသည် အခြားနိုင်ငံများကို အောင်နိုင်လိုသော နိုင်ငံများနှင့် ပို၍သင့်လျော်၏။ ထို့ကြောင့် မိမိတို့ရှိပြီးနယ်နိမိတ်နှင့် တင်းတိမ်ရောင့်ရဲပြီး မိမိတို့လုံခြုံရေးကိုသာ ထိန်းသိမ်းထားလို၍ အေးအေးဆေးဆေး နေသွားလိုသော လူထုများအတွက်ဆိုလျှင် ထိုမဟာဗျူဟာကို ပြုပြင်ပေးရန် လိုပေသည်။

ရယူလိုသော နိုင်ငံအနေနှင့်မူ မိမိတို့ရှိပြီးနှင့် ကျေနပ်အားရခြင်းမရှိဘဲ မိမိရည်ရွယ်ချက် ပြည့်ဝရန် အောင်ပွဲခံနိုင်ရန်လို၏။ ထို့ကြောင့် ထိုနိုင်ငံမျိုးသည် ပို၍ စွန့်စားရလေသည်။ ရှေးကျသောနိုင်ငံအဖို့ကား ကျူးကျော်သူကို ယင်းတို့ရည်ရွယ်ချက်စွန့်လွှတ်အောင် လုပ်ရန်သာလို၏။ ရန်သူသည် စွန့်စားရကျိုးမနပ်မှန်းသိ၍ သူတို့ရည်ရွယ်ချက်စွန့်လျှင် ရှေးကျသောနိုင်ငံ၏ ရည်ရွယ်ချက် ပြည့်ဝပြီ ဖြစ်လေသည်။ စင်စစ်အင်အားဖြင့် ရန်သူအောင်ပွဲ မခံနိုင်အောင်လုပ်နိုင်လျှင် ရှေးကျသောနိုင်ငံအတွက် အောင်ပွဲခံသည်ပင်မည်ပေ၏။ ၎င်းထက် ပို၍အောင်မြင်အောင် ကြိုးစားလျှင် မိမိရည်ရွယ်ချက် ပျောက်သွားနိုင်ပေသည်။ မိမိကိုယ်ကို လက်ပန်းကျစေလျှင် အခြားရန်သူများကို တွန်းလှန်ခုခံနိုင်ခြင်းမရှိတော့ဘဲ မိမိကြိုးပမ်းလွန်းရမှုကြောင့် ရရှိသော ပြည်တွင်းဒဏ်ရာဒဏ်ချက်များမှာ နာလန်မထူနိုင်အောင် ဖြစ်တတ်၏။ နိုင်ငံခြားရန်သူကြောင့်ထက် မိမိတို့ဘာသာ ကြိုးပမ်းလွန်းမှုဒဏ်ကြောင့် ကျဆုံးရသောနိုင်ငံများက ပိုများလေသည်။

ယင်းအချက်များကို ထည့်သွင်းစဉ်းစားသောအခါ ရှေးကျသောနိုင်ငံအတွက် မိမိနှင့်သင့်လျော်သည့် မဟာဗျူဟာကို ရွေးချယ်ရန်လိုကြောင်း ထင်ရှားပေ၏။ ထိုမဟာဗျူဟာသည် အတတ်နိုင်ဆုံး အင်အားခြိုးခြံရင်း မိမိ၏ ကန့်သတ်ထားသော ရည်ရွယ်ချက်ကို ပြည့်ဝစေသည့် မဟာဗျူဟာဖြစ်ရမည်။ ထိုနိုင်ငံ၏ မျက်မှောက်လုံခြုံမှုကို အာမခံနိုင်ရမည့်အပြင် အနာဂတ်ကိုပါ အာမခံနိုင်ရမည် ဖြစ်၏။

၁။ An Acquisitive and A conservative State



အပေါ်ယံကို ကြည့်လိုက်ပါက ခံစစ်သက်သက် ဆင်နွှဲခြင်းသည် အချိုးကျဆုံး အချွေတာဆုံး စစ်ဆင်နည်းဖြစ်သည်ဟု ထင်ရဖွယ်ရှိ၏။ သို့သော် ယင်းသည် မှုသေခံစစ်မျိုးဖြစ်၍ သမိုင်းအတွေ့အကြုံအရ အလွန်ပြိုကွဲလွယ်သော စစ်ဆင်နည်း ဖြစ်သည်ကို တွေ့ရလေသည်။ အင်အားခြိုးခြံရေးနှင့် ဟန့်တားခြင်းအကျိုးနှစ်မျိုးစလုံးကို ရရှိစေသော စစ်ဆင်နည်းမှာ လျင်မြန်စွာ စစ်ကစားခြင်း၊ အမြန်ဆုံးပြန်တိုက်နိုင်ခြင်းအပေါ် အမှီပြုသည့် ခံစစ်ထိုးစစ်နည်း[၁]ပင် ဖြစ်၏။

ဤကဲ့သို့ တက်ကြွသော 'ရှေးကျသည့်' မဟာဗျူဟာကို စစ်ပေါ်လစီအခြေခံအဖြစ် သေချာစွာ တွက်ချက်ကျင့်သုံးခဲ့သည့် သာဓကမှာ အရှေ့ရောမ အင်ပိုင်ယာ[၂]ပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ယင်းအင်ပိုင်ယာသည် သူမတူအောင် နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ခြင်းဖြစ်၏။ အခြားသာဓကမှာကား သေချာစွာ တွက်ချက်ခြင်းထက် ပကတိစိတ်အသိဖြင့် ကျင့်သုံးခဲ့ခြင်း ဖြစ်ပေ၏။ ယင်းမှာ ရေတပ်အင်အားကို အခြေပြုပြီး ၁၆ ရာစုမှ ၁၉ ရာစုအထိ အင်္ဂလိပ်များကျင့်သုံးခဲ့သည့် မဟာဗျူဟာ ဖြစ်လေသည်။ မဟာဗျူဟာ တန်ဖိုးရှိပုံကို ဤသို့သိရ၏။ အခြားနိုင်ငံများ စစ်ပန်း၍ နာလန်မထူနိုင်တော့ဘဲ ပြိုကွဲကျဆုံးကြစဉ် ဗြိတိန်မှာကား အချိန်ရှိသရွေ့ အင်အားပိုကောင်းလာခဲ့၏။ သူ၏ပြိုင်ဘက်များ ပြိုကွဲရခြင်းကို လေ့လာလျှင် လောဘကြီးလွန်းပြီး လောလောဆယ် အောင်ပွဲရလိုမှုကြောင့် မြန်မြန်ပြိုကွဲကျဆုံးခဲ့ရသည်ကို တွေ့ရပေသည်။

အကြိမ်ကြိမ် အချင်းချင်း ပင်ပန်းနွမ်းလျစေပြီး ပျက်စီးဆုံးပါးစေသည့် စစ်ကြီးများ (အထူးသဖြင့် အနှစ် ၃၀ စစ်)ဖြစ်ခဲ့ကြရပြီးနောက် နိုင်ငံရေးသမားများသည် ၁၈ ရာစုနှစ်လောက်မှအစပြုပြီး စစ်ဖြစ်ကြသောအခါ မိမိတို့ရည်ရွယ်ချက်အောင်မြင်ရေးအတွက် မိမိတို့ မတော်လောဘများ၊ စိတ်ဆန္ဒများကို ထိန်းသိမ်းကွပ်ကဲမှုဖြစ်မည်ကို သိရှိလာကြကုန်၏။ စစ်ပြီးဖွံ့ဖြိုးမှု အလားအလာများကို ထိခိုက်စေမည့် အလွန်အကျူး ပြုမှုမျိုးကို ထိန်းချုပ်ရန် နှစ်ဖက်စလုံးမှ စစ်တိုက်နည်းကို မသိမသာ ကန့်သတ်လာကြလေသည်။ ထို့ပြင် လုံးဝအောင်ပွဲခံနိုင်ရန် လမ်းစ နည်းလာသည်ကို သိမြင်သည်နှင့်တစ်ပြိုင်နက် နှစ်ဖက်စလုံးသည် ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရန် အသင့်ရှိကြ၏။

မကြာခဏပင် သူတို့၏ လောဘဇောများ၊ စိတ်ဆန္ဒများကြောင့် စစ်ပြီးငြိမ်းချမ်းရေးရသောအခါ စစ်ဖြစ်ခဲ့သောနိုင်ငံများသည် ပိုမိုအားကောင်းမလာဘဲ စစ်မဖြစ်မီကထက် အားနည်းသွားသည်ကို တွေ့ကြရ၏။ သို့သော် လုံးဝ ခြေကုန်

၁။ Defensive Offensive Method

၂။ East Roman Empire

www.burmeseclassic.com

www.burmeseclassic.com



လက်ပန်းကျသည်အထိ ကြိုးပမ်းခြင်းကား မရှိတော့ချေ။ အင်အားပိုကောင်းသည့်ဘက်အနေနှင့် ကျေနပ်ဖွယ်ရာအကောင်းဆုံးဆိုသည့် ငြိမ်းချမ်းရေးအချက်အလက်များကိုပင်လျှင် အဆုံးအဖြတ်ပေးနိုင်သော စစ်ဘက်အောင်ပွဲခံနိုင်ခြင်းကြောင့်ထက် ဈေးဆစ်ဆွေးနွေးခြင်းဖြင့်သာ ရခဲ့ကြကုန်၏။

ဤသို့ စစ်ကို ကန့်သတ်သည့် အထွေထွေနားလည်မှု အတော်အရှိန်ရလာသောအခါတွင် ပြင်သစ်တော်လှန်ရေးကြီး ဖြစ်ပွားခဲ့ခြင်း ဖြစ်လေသည်။ စိုင်ကော်ချုပေါ်ရောက်သူများ ထိပ်သို့ရောက်လာကြ၍ နိုင်ငံရေးအတွေ့အကြုံမရှိဘဲ နေရာကောင်းများတွင် ဝင်ထိုင်ကြ၏။ ဒါရိုက်တာအဖွဲ့[၁] နှင့် နပိုလီယံတို့သည် ကြာရှည်ခံသည့် ငြိမ်းချမ်းရေးကို အနှစ် ၂၀ မျှ စစ်တိုက်ရင်း ရှာဖွေခဲ့ကြလေသည်။ ပန်းတိုင်သို့မရောက်ဘဲ တဖြည်းဖြည်း ခြေကုန်လက်ပန်းကျလာပြီး နောက်ဆုံးပြိုကွဲကြရ၏။

ယခင်က မကြားခဏ တွေ့ကြုံခဲ့ကြရပြီး သင်ခန်းစာကို နပိုလီယံ၏အင်ပါယာ ချွတ်ချုံကျခြင်းက ပြန်လည်ဖော်ထုတ်ခဲ့၏။ သို့သော် နပိုလီယံဒုက္ခာရီနှင့် သူ ကံကုန်ပြီးစအချိန် အရှိန်အဝါတို့ကြောင့် ယင်းသင်ခန်းစာမှာ မေးမှိန်ခဲ့ရပြန်လေသည်။ ထို့ကြောင့် ၁၉၁၄–၁၈ စစ်ကြီးတွင် သင်ခန်းစာအဟောင်းကို မေ့နေကြပြီဖြစ်ပြီး ယခင်အမှားကိုပင် ထပ်မံမှားခဲ့ကြပြန်၏။ ဤခါးသီးသောအတွေ့အကြုံရရှိပြီးသည့်အချိန်မှာပင် ဒုတိယကမ္ဘာစစ်ပွဲကြီးမှ နိုင်ငံရေးသမားများသည် အရင်လူများထက် ပို၍လိမ္မာပါးနပ်ခြင်း မရှိခဲ့ကြချေ။

ဆွေးနွေးမှုများနှင့် နစ်ဖက်သဘောတူ လက်ခံနိုင်သည့်အဖြေကို မရကြသောကြောင့် စစ်ဖြစ်ရသည်ဖြစ်ရာ စစ်ဆိုသည်မှာ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ဆန့်ကျင်သည်မှာ မှန်၏။ သို့သော် မိမိရည်ရွယ်ချက်ပြည့်ဝရေးအတွက် အောက်ပါအကြောင်းများကြောင့် စစ်ကို ကျိုးကြောင်းတရားနှင့် ထိန်းကွပ်ထားရန် လိုအပ်လေသည်။

၁။ တိုက်ခိုက်ခြင်းသည် လက်တွေ့လုပ်ဆောင်ရမည် ဖြစ်သော်လည်း ယင်းကို ကွပ်ကဲထိန်းသိမ်းပေးခြင်းမှာ ဦးနှောက်လုပ်ငန်းဖြစ်၏။ သင်၏ မဟာဗျူဟာကောင်းမွန်လေ၊ သင်ကသာ အထက်စီးကရပြီး သင့်အတွက် အဆုံးအရှုံးနည်းလေ ဖြစ်မည်။

၂။ ပြောင်းပြန်ပြန်ကောက်ရသော် သင့်အနေနှင့် အင်အားကို ဖြုန်းတီးပစ်လေ သင့်အတွက် တစ်ပန်းရှုံးလေဖြစ်ပြီး သင်က စစ်ဘက်အောင်ပွဲခံနိုင်သည်ထားဦး၊ စစ်ပြီးငြိမ်းချမ်းရေးအကျိုးကို ခံစားနိုင်မည်မဟုတ်ချေ။





၃။ သင်၏နည်းနာများ ပို၍ ရက်စက်ကြမ်းကြုတ်လေ ရန်သူများက သင့်အား ပို၍စိတ်နာလေဖြစ်ပြီး သူတို့ခုခံမှုမှာ ပို၍ပြင်းထန်လာမည် ဖြစ်၏။ ထို့ကြောင့် အင်အားချင်း ပိန်မသာ လိန်မသာဖြစ်လေ အကြမ်းဖက်မှု အစွန်းတရားများကို ရှောင်ရလေဖြစ်၏။ သို့မဟုတ်လျှင် တစ်ဖက်ရန်သူ၏တပ်များ၊ လူထုများသည် သူတို့ခေါင်းဆောင်များနောက်မှ တညီတညွတ်တည်း ခုခံကြတော့မည် ဖြစ်လေသည်။

၄။ သင် တစ်ဖက်သတ်ရွေးချယ်ထားသော ငြိမ်းချမ်းရေးမျိုးကိုရအောင် ဖွတ်လုပ်လေ သင်သွားရာလမ်းတွင် အခက်အခဲ အနှောင့်အယှက် ပိုတွေ့လေဖြစ်မည်။

၅။ စစ်ဖက် ပန်းဆုံးတိုင်ရောက်၍ စစ်ရှုံးသူထံမှ ပိုတောင်းခံလေ သင် ပိုဒုက္ခတွေ့လေ ဖြစ်ပေမည်။ ထို့ပြင် စစ်ပြီးငြိမ်းချမ်းရေးဖျက်ဖြေမှုအားလုံးကို ပြောင်းပြန်ပြန်ပစ်လိုစိတ်ကို နှိုးဆွပေးသလို ဖြစ်မည်။

အင်အားဆိုသည်မှာ စက်ဆုတ်ဖွယ် သံသရာဝဲဩဃနှင့် တူ၏။ သို့မဟုတ် လေပွေလှိုင်းနှင့်လည်း တူ၏။ ထို့ကြောင့် အကျိုးအကြောင်းတရားနှင့် သေချာစွာ တွက်ချက်ပြီးမှ သုံးစွဲရာ၏။ ဤနည်းအားဖြင့် ကျိုးကြောင်းဆင်ခြင်တုံတရားကို ဆန့်ကျင်ပေါ်ထွက်လာသော စစ်သည်အဆင့်အားလုံးမှာပင် ဆင်ခြင်တုံတရား၏ ထိန်းကွပ်မှုကို ခံရ၏။ ဆင်ခြင်တုံတရားနှင့် ကင်း၍မဖြစ်ဆိုသည်ကို သက်သေပြခဲ့ပြီ။

စစ်မြေပြင်တွင် အောင်ပွဲခံနိုင်ရန် တိုက်စိတ်ခိုက်စိတ်ရှိရန် လိုပါ၏။ ဤနေရာမှာပင် ခေါင်းအေးအေးထားသူက "အနီကိုမြင်နေသူ"ကို အောင်မြင်မည်ပင် ဖြစ်၏။ သို့သော် ဖက်လွှတ်မပေးရ။ တိုက်ခိုက်လိုစိတ်ကို ထိန်းထိန်းသိမ်းသိမ်း မလုပ်နိုင်သူသည် ကျိုးကြောင်းဆင်ခြင်တုံတရား ကင်းမဲ့လာပြီး နိုင်ငံတစ်ခုကို ခေါင်းဆောင်နိုင်သော အရည်အချင်းရှိသည်မဟုတ်ချေ။

တကယ့်အောင်ပွဲဟူသည်ကား မိမိလူမျိုးသည်လည်းကောင်း၊ ငြိမ်းချမ်းရေးအခြေအနေသည်လည်းကောင်း စစ်ပြီးသည့်အခါတွင် စစ်မဖြစ်မီကထက် သာလွန်ကောင်းမွန်နေရမည်။ ယင်းသို့အောင်ပွဲရရန် မြန်မြန်အောင်ပွဲခံနိုင်ရမည်။ သို့မဟုတ် မိမိနိုင်ငံ၏ သယံဇာတကြွယ်ဝသမျှကို နှစ်ရှည်အချိုးကျ မြိုးမြိုးမြှေတာ၍ သုံးစွဲနိုင်မှဖြစ်မည်။ ရည်ရွယ်ချက်ကို မိမိတတ်နိုင်သမျှ အင်အားနည်းလမ်းနှင့် နှိုင်းယှဉ်ချင့်ချိန်၍ သတ်မှတ်ရမည်။ ယင်းသို့ အောင်ပွဲခံနိုင်ရန် အလားအလာနည်းလမ်းသည်ကို တွေ့မြင်သည်နှင့်တစ်ပြိုင်နက် အမြော်အမြင်ကြီးသည့် နိုင်ငံရေးသမားသည် ဈေးစပ်ဖြေရှင်းရန် အခွင့်အရေးကို လက်လွှတ်မခံသင့်ပေ။

www.burmeseclassic.com

www.burmeseclassic.com

သူမနိုင် ကိုယ်မနိုင် အခြေအနေတွင် နှစ်ဖက်စလုံးက မိမိရန်သူအင်အားကို သိပြီး ဆွေးနွေးစေ့စပ်ရရှိသော ငြိမ်းချမ်းရေးသည် နှစ်ဖက်စလုံး မီးကုန်ယမ်းကုန် ကြိုကြ၍ မနိုင်သည့်အဆုံး စေ့စပ်ရသည့် ငြိမ်းချမ်းရေးထက်တော့ ကောင်းသေး၏။ ပို၍ တာရှည်ခံမည့် ငြိမ်းချမ်းရေး၏ အုတ်မြစ်ကောင်းလည်း ဖြစ်လေသည်။

အောင်ပွဲခံနိုင်ရမည်ဟူသော မျှော်မှန်းချက်နှင့် ခြေကုန်လက်ပန်းကျအောင် စွန့်စားခြင်းထက် ငြိမ်းချမ်းရေးထိန်းသိမ်းနိုင်ရန် စစ်တိုက်ဖို့စွန့်စားခြင်းက ပို၍ အမြော်အမြင်နှင့် ပြည့်စုံ၏။ ယင်းကောက်ချက်မှာ လုပ်လေ့လုပ်ထရှိသည်နှင့် မကိုက်ညီသော်လည်း အတွေ့အကြုံအရ မှန်ကန်သည်သာ ဖြစ်လေသည်။ ရည်ရွယ်ချက်ကောင်းပြီး အလားအလာကောင်းမှသာလျှင် စစ်ကို ဖွဲ့နပဲဖြင့် ဆက်လက် ကြိုးပမ်းတိုက်သင့်၏။ ငြိမ်းချမ်းရေး အလားအလာကောင်းပြီး စစ်အတွင်း ခံစားခဲ့ရသည့် ဆင်းရဲဒုက္ခအပေါင်းနှင့် ကာမိလောက်မှ ဆက်လက်အနာခံတိုက်သင့်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ ပြီးခဲ့သော အတွေ့အကြုံများကို လေးလေးနက်နက် လေ့လာလေ အောက်ပါကောက်ချက်သည် မှန်ကန်လေဖြစ်သည်ကို တွေ့ရ၏။ **အောင်ပွဲခံနိုင်ရန် စစ်ကို ဆက်လက်၍တိုက်ခိုက်သည်ထက် ခေတ္တရပ်နားချိန်ကို အခွင့်ကောင်းယူပြီး စေ့စပ်ဆွေးနွေး၍ ငြိမ်းချမ်းရေးရလျှင် မိမိရည်ရွယ်ချက်နှင့် ပို၍နီးစပ်မည် ဖြစ်ပေသည်။**

ထို့ပြင် သမိုင်းက သက်သေထူခဲ့သည်မှာ ဤသို့ဖြစ်၏။ **စစ်ဖြစ်နေသော နိုင်ငံများအနေနှင့် စေ့စပ်ဆွေးနွေးရန် သွေးတိုးစမ်းနေသည့်အချိန်တွင် စိတ်ပညာအချက်အလက်များကို နားလည်တီးခေါက်မိလျှင် အကျိုးဖြစ်ထွန်းစေမည့် ငြိမ်းချမ်းရေးရရန် ပို၍လမ်းများ၏။** သူတို့လုပ်ဆောင်ချက်များမှာ ဖြစ်လေ့ရှိသော ပြည်တွင်းရန်ပွဲများအတိုင်း လုပ်ဆောင်သည်ကို တွေ့နေရ၏။ တစ်ဖက်က မိမိတို့အနေနှင့် လျှော့ပေးတော့မည်ဟု အထင်မခံလို။ ထို့ကြောင့် စေ့စပ်ဖြေရှင်းပါတော့မည်ဟု ဆုံးဖြတ်၍ စကားကမ်းလှမ်းရာမှာပင် တစ်ဖက်က မိမိတို့ လျှော့ပေးသည်ဟု အထင်ခံရမည်စိုး၍ တုံ့ပြန်ရန် နှောင့်နှေးနေတတ်၏။ စင်စစ် ယင်းသို့ လိုက်လျောခြင်းသည် အကျိုးနှင့်အကြောင်းနှင့် ဆင်ဆင်ခြင်ခြင် ပြုလုပ်ခြင်းလည်း ဖြစ်နိုင်ပေသည်။ ဤကဲ့သို့ နှစ်ဖက်စလုံးက မာနတံခွန်ထူပြီး ခေါင်းမာမှုတို့ ထောင်လွှားနေ၍ အခွင့်အရေးလက်လွှတ်ပြီး ဆက်လက်တိုက်ကြရပြန်၏။ နှစ်ဖက်စလုံး နာကြရပြန်၏။ နှစ်ဖက်စလုံးမှာ အမိုးတစ်ခုတည်းအောက်တွင် နေကြရမည် ဖြစ်ရကား ဤကဲ့သို့ ဆက်လက်တိုက်ကြခြင်းဖြင့် အကျိုးဖြစ်ထွန်းသည်မှာ ရှားလှပါသည်။ နိုင်ငံတ၊ ၁ ဖြစ်ရသည့်အရေးတွင်လည်း အလားတူပင် ဖြစ်၏။ နိုင်ငံတကာတွင် စက်မှုထွန်းကားနေ၍ အချင်းချင်း မှီခိုနေကြရသောကြောင့်



အထက်ပါကောက်ချက်များ ပို၍ပင် မှန်ကန်နေ၏။ ထို့ကြောင့် နိုင်ငံရေးသမားတိုင်း၏ တာဝန်မှာ မည်သည့်အခါမျှ (အောင်ပွဲတည်းဟူသော တံလျှပ်နောက်ကို လိုက်နေရင်း) စစ်ပြီးအလားအလာကို မျက်ခြည်မပြတ်ရန် ဖြစ်လေသည်။

နှစ်ဖက်စလုံးသည် အင်အားမျှနေ၍ မည်သည့်ဘက်ကမျှ စောစောအောင်ပွဲခံရန် အလားအလာမရှိသောအခါ မဟာဗျူဟာ စိတ်ပညာကို နားလည်သိရှိသော နိုင်ငံရေးသမားသည် အကျိုးရှိမည်ဖြစ်၏။ မဟာဗျူဟာ၏ အခြေခံမူတစ်ရပ်မှာ အင်အားကောင်းသော ရန်သူကို တိုက်ခိုက်ရာ၌ သူ့အတွက် နောက်ဆုတ်ရန် လမ်းဖွင့်ပေးထားလျှင် ရန်သူ၏ခုခံမှုကို အမြန်ဆုံး လျော့ရဲအောင် ပြုရာကျ၏။ ထို့အတူပင် ပေါ်လစီနယ်ပယ် (အထူးသဖြင့် စစ်ဖြစ်နေသည့်အခါ)တွင်လည်း ရန်သူဆင်းလာရန် လှေကားထောင်ပေးရာ၏။

ယဉ်ကျေးပါသည်ဆိုသော နိုင်ငံအချင်းချင်း တိုက်ကြသည့် စစ်သမိုင်းကို အခြေပြုချမှတ်ထားသော ကောက်ချက်များသည် ရောမအင်ပါယာကို ဝင်တိုက်ကြသော အရိုင်းအစိုင်းများက တိုက်ကြသောစစ်နှင့် သဘောသဘာဝချင်း တူညီသည့် စစ်မျိုး ပြန်တိုက်ရလျှင်လည်းကောင်း၊ မိုဟာမက်၏ ဘာသာရေးအယူသည်းသူများ တိုက်ကြသည်နှင့် အလားသဏ္ဌာန်တူသည့် စစ်မျိုး ပြန်တိုက်ကြရလျှင်လည်းကောင်း၊ ယင်းကောက်ချက်များသည် အသုံးဝင်ပါဦးမည်လောဟု မေးကြသည် ဆိုကြပါစို့။ ဤကဲ့သို့ စစ်များတွင်မူ စေ့စပ်ဆွေးနွေးခြင်းဖြင့် ရသည့် ငြိမ်းချမ်းရေးသည် သာမန်တန်ဖိုး (ယဉ်ကျေးသည့်နိုင်ငံများ အချင်းချင်း ပြုအပ်သည့် စေ့စပ်မှုမှရသည့် ငြိမ်းချမ်းရေးမျိုး)လောက် တန်ဖိုးရှိမည် မဟုတ်ချေ။ (သမိုင်းတစ်လျှောက်လုံးတွင် နိုင်ငံများသည် မိမိတို့အကျိုးနှင့် ဆက်စပ်နေမှသာလျှင် ထားပြီးကတိများကို လိုက်နာလုပ်ဆောင်ကြကြောင်း တွေ့ခဲ့ရ၏။) နိုင်ငံတစ်ခုသည် စိတ်ဓာတ်ရေးကျင့်ဝတ်သိက္ခာနှင့် ပတ်သက်သော တာဝန်များကို လေးစားမှုမရှိလေ၊ အင်အားကို ပို၍အားထားလေ ဖြစ်ပေ၏။ ထို့ကြောင့် အင်အားဖြင့် သုံးပြီးတိုက်မည်ကိုသိလျှင် အဟန့်အတားဖြစ်၍ ကျူးကျော်ရန်စမှု နည်းပါးမည် ဖြစ်၏။ လူတစ်ဦးချင်း ဆက်ဆံရေးမှာကဲ့သို့ပင် သူများကို ဗိုလ်ကျချင်သူများ၊ နိုင်ထက်ကလူပြုတတ်သူများသည် မိမိတို့ကို ပြန်တွယ်မည့်အားရှိသူကို ရှောင်၏။ အေးအေးဆေးဆေး နေလိုသူတစ်ဦးက မိမိထက် အားကောင်းသူကို ရှောင်သည်ထက် ဗိုလ်ကျတတ်သူများက မဟုတ်မခံသမားကို ရှောင်လေ့ရှိ၏။

ကျူးကျော်ရန်စလိုသူများ (နိုင်ငံများဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ)ကို 'ဝယ်၍ရမည်' (ယခုခေတ်စကားနှင့်ဆိုလျှင် နှစ်သိမ့်ရမည်)ဟု အထင်ရှိလျှင် ထိုသူသည် မိုက်မဲသည်သာ ဖြစ်၏။ ဆက်ကြေးပေးစရှိလျှင် ဆက်ကြေးသာ ပို၍တောင်းတော့မည် ဖြစ်လေသည်။ သို့သော် ၎င်းတို့ကို တား၍ရနိုင်၏။ သူတို့ကိုယ်တိုင်က

www.burmeseclassic.com

အင်အားကို ယုံကြည်သည်ဖြစ်၍ အင်အားကြီးကြီးနှင့် အဟန့်အတားရှိလျှင် ကျူးကျော်လိုသူကို တားထားနိုင်မည်ဖြစ်၏။ ဤနည်းဖြင့် တား၍မရသူများကား ရယူလိုမှုမနှောသော တစ်ယူသန်များ ဖြစ်လေသည်။

ရန်လိုသူများနှင့် တကယ့်ငြိမ်းချမ်းရေးရရန် ခက်ခဲမည်ဖြစ်သော်လည်း ၎င်းတို့ ခေတ္တရပ်စဲရေးကို လက်ခံလာအောင်လုပ်ရန် ပို၍လွယ်ကူ၏။ ယင်းသို့ နားလည်မှုယူခြင်းသည် စစ်ပန်းအောင်တိုက်ပြီး သူတို့အား ချေမှုန်းအနိုင်ယူရသည် ထက် သက်သာမည်ဖြစ်၏။ အကြောင်းမူကား ထိုလူစားမျိုးသည် မထူးတော့ဟု ယူဆလာသောအခါ မိုက်ရူးရဲလုပ်တတ်သောကြောင့် ဖြစ်လေသည်။

သမိုင်းက အကြိမ်ကြိမ် သက်သေခံခဲ့သော အချက်တစ်ရပ်ကား ယဉ်ကျေးသော နိုင်ငံများ ကျဆုံးရသည်မှာ ပြင်ပမှ တိုက်ခိုက်မှုများကြောင့်ထက် ပြည်တွင်းမှ ပျက်စီးယိုယွင်းလာမှုများနှင့် စစ်ပန်းရသောကြောင့် ဖြစ်သည်ဟူသောအချက် ဖြစ်လေသည်။ သည်းထိတ်ရင်ဖိုနှင့် ရင်တမမ ကြာရှည်ခံစားရခြင်းသည် အခံရခက်ခဲလွန်းလှ၏။ ယင်းသို့ ကြာရှည်ခံစားမည့်အစား နိုင်ငံများသည်လည်းကောင်း၊ လူတစ်ဦးချင်းသည် လည်းကောင်း ကိုယ့်ဟာကိုယ် သတ်သေကြကုန်၏။ သို့သော် အောင်နိုင်ခြင်းတည်းဟူသော တံလျှပ်ကိုလိုက်၍ စစ်ပန်းပြီး ခြေကုန်လက်ပန်းကျမည့်အစား ဤကဲ့သို့ သည်းထိတ်ရင်ဖို ဖြစ်နေရခြင်းက တော်သေး၏။ ထို့ပြင် ခေတ္တစစ်ရပ်စဲထားစဉ် မိမိအင်အား ပြန်လည်ထူထောင်လာနိုင်ပြီး အမြဲ သတိနှင့် နေရသောကြောင့် တိုင်းပြည်သည်လည်း နိုးနိုးကြားကြား ဖြစ်နေပေမည်။

သို့သော် ငြိမ်းချမ်းရေးလိုလားသော နိုင်ငံများသည် မလိုအပ်ဘဲ အန္တရာယ်ရှာတတ်၏။ အကြောင်းမူကား နိုးကြားတက်ကြွလာသည်နှင့် တစ်ပြိုင်နက် ငြိမ်းချမ်းရေးလိုလားသော နိုင်ငံများသည် ရန်လိုသော နိုင်ငံများထက် တစ်ဖက်စွန်းသို့ ရောက်တတ်၏။ အကြောင်းမူကား ရန်လိုသောနိုင်ငံသည် အမြတ်ရရန် စစ်တိုက်သည်ဖြစ်ရာ အမြတ်မရတော့မှန်းသိသည်နှင့် စစ်ကို ရပ်စဲလိုကြ၏။ ငြိမ်းချမ်းလိုသော နိုင်ငံများမှာကား အစက စစ်မတိုက်ချင်သော်လည်း (သေချာစွာတွက်ချက်ထား၍ မဟုတ်ဘဲ) စိတ်ဓာတ်နိုးကြွလာသောအခါ သေသေကျေကျေ ဆုံးခန်းတိုင် တိုက်လိုကြ၏။ ထို့ကြောင့်ပင်လျှင် နောက်ဆုံး စစ်မရှုံးရသည့်တိုင် မိမိတို့ရည်ရွယ်ချက် အောင်မြင်သည်ကား မဟုတ်ချေ။ လူရိုင်းစိတ်[၁]သည် စစ်ဖြစ်မနေသည့်အခါမှာသာ ငုပ်လျှိုးနေမည်ဖြစ်ပြီး စစ်ဖြစ်သည်နှင့်တစ်ပြိုင်နက် စိတ်ရိုင်းများ ရှင်သန်လာကြ၍ မီးကို ဓာတ်ဆီလောင်းပေးသည့်နှယ် ဖြစ်လေတော့သတည်း။

၁။ Spirit of Barbarism

# နောက်ဆက်တွဲ ၁

## မြောက်အာဖရိကတိုက်ပွဲစဉ် သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာ

## ၁၉၄၀-၄၂

**ဗိုလ်ချုပ် အက်ရစ်ဒေါ်မန်စမစ်**

**၃-ဦးစီးချုပ် အရှေ့အလယ်ပိုင်း စစ်မျက်နှာ (၁၉၄၂)**

(ယခုစာတန်းကို ၁၉၄၆ ခုနှစ်ထုတ် မဟာဗျူဟာစာအုပ်တွင် အမှာအဖြစ် ဖော်ပြခဲ့ပါသည်။ စာရေးသူသို့ ဗိုလ်ချုပ်ဒေါ်မန်စမစ်က ရေးပေးခဲ့သောစာဖြစ်၏။)

ခင်မင်တဲ့ ဘဆယ်(လ)...

ကျွန်တော် ခင်ဗျားကို စောစောကပြောခဲ့တဲ့အတိုင်းပဲ ခင်ဗျားရဲ့အယူအဆတွေဟာ ၁၉၄၀ နဲ့ ၁၉၄၂ ခုနှစ်အတွင်း အလွန်အရေးကြီးတဲ့နှစ်ချိန်မှာ အီဂျစ်မှာ ရှိတဲ့ ကျွန်တော်တို့တပ်တွေကို များစွာ အကျိုးရှိစေခဲ့ပါတယ်။ ဆီဒီဘရာနီမှာ ဂရာဇီယာနီ[၁]ရဲ့ တပ်တော်ကို ချေမှုန်းခဲ့ပြီး ၁၉၄၀ ပြည့်နှစ် အီဂျစ်ကို ရန်သူ ဝင်တိုက်မှုကို တွန်းလှန်ခဲ့တာဟာ ခင်ဗျားရေးခဲ့တဲ့ သွယ်ဝိုက်ချဉ်းကပ်မှုနည်းရဲ့

၁။ Graziani အီတလီဗိုလ်ချုပ်ကြီး (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com

စံပြတိုက်ပွဲတစ်ခုပါပဲ။ ၁၉၄၂ ဇူလိုင်လ ရော်မဲလ်ရဲ့ဝင်ရောက်တိုက်ခိုက်မှု စီမံချက်ကို အယ်အလာမိန်းမှာ တွန်းလှန်လိုက်တဲ့ ခံစစ်မဟာဗျူဟာနဲ့ နည်းဗျူဟာဟာလဲ ခင်ဗျားအတွေးအခေါ်တွေအတိုင်း လုပ်ဆောင်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ တိုက်ခိုက်ခဲ့တာကို ခင်ဗျားကို အသေးစိတ်ရေးပြဖို့ ဒီစာကို ရေးနေတာပဲ။ ဒီစာကို ဖတ်ပြီးတဲ့အခါ ခင်ဗျားရေးခဲ့တဲ့မှုကို လျှစ်လျူရှုလိုက်တာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ ဘယ်လောက်ခံလိုက်ရတယ်ဆိုတာ တွေ့ပါလိမ့်မယ်။

၁၉၄၀ စက်တင်ဘာလမှာ ကျွန်တော်ဟာ အိန္ဒိယမှာ လေ့ကျင့်ရေး ညွှန်ကြားရေးမှူး လုပ်နေခဲ့ရာက အရှေ့အလယ်ပိုင်းမှာ စတင်ဖွင့်လှစ်တဲ့ ဦးစီး တက္ကသိုလ်ကျောင်းအုပ်ကြီး ဖြစ်လာခဲ့ပါတယ်။ အောက်တိုဘာလ စောစောပိုင်းမှာ ဂရာဇီယာနီရဲ့ ဝင်တိုက်လာတဲ့တပ်တွေကို ဆီဒီဘာရာနီမှာ ကျွန်တော်တို့ တပ်တွေက တွန်းလှန်လိုက်ပြီးနောက် ကျွန်တော်ဟာ အနောက်ပိုင်း သဲကန္တာရထဲမှာရှိတဲ့ အိုကော်နာ[1]ရဲ့ တပ်တွေနဲ့ နှစ်ပတ်လောက်သွားပြီး နေခဲ့ပါတယ်"

ဂရာဇီယာနီဟာ လေတပ်မှာရော ကြည်းတပ်မှာပါ ကျွန်တော်တို့တွေထက် အရေအတွက်များနေသော်လဲ အိုကော်နာဟာ ထိုးစစ်လုပ်နိုင်ဖို့ နည်းလမ်းတွေ ရှာနေပါတယ်။ ကျွန်တော်တို့တွေဟာ ဂရာဇီယာနီတပ်တွေ နေရာချထားပုံ မှားတာတွေ ဆွေးနွေးကြပြီး ဆိုလွန်နဲ့ ဟာဖယာ[2]ကို ရည်မှန်းပြီး တောင်စောင်းကြီးရဲ့တောင်ဘက် တော်တော်ဝေးဝေးက ပန်းတက်နိုင်တာကို တွေ့လာကြတယ်။ အဲဒီနေရာမှာ ခင်ဗျားပြောတဲ့ မဟာဗျူဟာ အတားအဆီး[3]တစ်ခုလုပ်ပြီး ရှေ့တန်းက အီတလီတပ်တွေကို ပိတ်ထားဖို့ပဲ။ ဒါမှမဟုတ် ဆီဒီဘာရာနီနားမှာ ရန်သူကို တိုက်နိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ သယ်ယူပို့ဆောင်ရေးပြဿနာကြောင့် နောက်ရည်မှန်းချက်ကိုပဲ လုပ်နိုင်ခဲ့ကြတယ်။

အရှေ့အလယ်ပိုင်းမှာ လေတပ်နည်းနည်းပဲရှိတဲ့အထဲက ဂရိ(စ)ကို တချို့ ပို့ပေးခဲ့ရလို့ ထိုးစစ်ကို ရွှေ့ဆိုင်းခဲ့ရတယ်။ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျွန်တော် အနောက်သဲကန္တာရ ဌာနချုပ်ကို နောက်တစ်ခါထပ်သွားဖို့ ဝေဘယ်[4]က အမိန့်ပေးခဲ့ပါတယ်။ ဆီဒီဘာရာနီရဲ့တောင်ဘက်မှာ အီတလီတပ်တွေဟာ ခံတပ်နေရာတွေ တောက်လျှောက်လုပ်ထားကြလို့ ဒီလိုနေရာတစ်ခု ပုံစံလုပ်ပြီး အမှတ် ၄ အိန္ဒိယတပ်မက အစမ်းတိုက်ပွဲ တိုက်ကြတာကိုကြည့်ရပြီး ကျွန်တော့်အနေနဲ့ သီးခြား ထင်မြင်ချက်ပေးဖို့ အိုကော်နာက ပြောပြခဲ့ပါတယ်။

၁။ O'Conner
၂။ Sollum & Halfaya
၃။ Strategic Barrage
၄။ Wavell ဗိုလ်ချုပ်ကြီး ဝေဘယ်၊ အရှေ့အလယ်ပိုင်း သေနာပတိ (ဘာသာပြန်သူ)

www.burmeseclassic.com


ဒီအစမ်းတိုက်ပွဲဟာ ရှေ့တည့်တည့်က တိုက်တာဖြစ်ပြီး မိုင်းကွင်းကို ဖြတ်တိုက်ရမှာ ဖြစ်တယ်။ ကျွန်တော်တို့တွေမှာ အဲဒီအချိန်မှာ မိုင်းကွင်းဖော်နိုင်တဲ့ လက်နက်ကိရိယာတွေ မရှိသေးဘူး။ ပြီးတော့ အမြောက်အနေနဲ့ မှတ်ပုံတင်ပစ်ခတ်ခြင်းကို မိုးလင်းပြီး ၄ နာရီတောင် အချိန်ယူထားတယ်။ အဲဒီအချိန်ဟာ အန္တရာယ်အရှိဆုံးအချိန်ပဲ။ ကျွန်တော်တို့တပ်တွေဟာ အင်အားအလွန်သာနေတဲ့ အီတလီလေတပ်လုပ်သလို ခံကြရမယ့်အချိန်ပဲ။ အချုပ်ပြောရရင် အစမ်းတိုက်ပွဲဟာ စာအုပ်ကြီးအတိုင်း ဖြစ်သော်လဲ နည်းဗျူဟာအခြေအနေနဲ့ မကိုက်ညီဘူး။ ဒီအတိုင်းသာတိုက်ကြရင် ကွဲမှာသေချာတယ်။ အဲဒီညနေမှာ အိုကော်နားၤဂလိုဝေး[1]တို့ဟာ သမားရိုးကျမဟုတ်ဘဲ အလွန်ကို သွယ်ဝိုက်ချဉ်းကပ်တဲ့နည်းကို ရွေးချယ်ခဲ့ကြတယ်။ ပြီးတော့ 'သဲကန္တာရစခန်းကိုတိုက်နည်း' ဆိုတဲ့ စာစောင်ကလေး ထုတ်ဝေလိုက်ပြီး ဒီစာစောင်ဟာ စစ်ဆင်ရေးအတွက် နည်းဗျူဟာညွှန်ကြားချက် ဖြစ်လာတဲ့အပြင် တကယ့်အဆောင်ကောင်းတစ်ခု ဖြစ်လာခဲ့တာပဲ။ ဒီစာစောင်မှာ သုံးထားတဲ့နည်းကတော့ ရည်ညွှန်းတဲ့နေရာ၊ နည်းလမ်း၊ အချိန်၊ စိတ်ဓာတ် ရေးရာမှာပါ ခင်ဗျားရဲ့ "သွယ်ဝိုက်ချဉ်းကပ်နည်း"ကို အသုံးချထားတာပဲ။

၈ ရက်နေ့မှာ စတင်ချီတက်ကြပြီး အဲဒီညမှာ ကျွန်တော်တို့တပ်တွေက နဘေဝါ[2]ရဲ့ တောင်ဘက်နေရာမှာ စုရုံးခဲ့ကြတယ်။ အဲဒီနေရာဟာ စစ်မျက်နှာ တောင်ဘက်ဆုံးစခန်းပဲ။ ပြီးတော့ ဒီနေရာဟာ ရန်သူနေရာနဲ့ သူ့ဘယ်ဘက် တောင်ပံကို ကာကွယ်နေတဲ့ ဆိုဖာဖီ[3]စခန်းနဲ့ ကြားထဲက ကွက်လပ်နေရာနဲ့ အနီးဆုံးနေရာပဲ။ ဒီဇင်ဘာ ၉ ရက်နေ့ အာရုံတက်ပြီးတာနဲ့ ကင့်တပ်ရင်း (အမှတ် ၇- အာ တီ အာ)[4]၊ အမှတ် ၄ အိန္ဒိယတပ်မက မော်တော်ယာဉ်တင် ခြေလျင်တပ်တချို့ဟာ နဘေဝါစခန်းကို နောက်ကဝင်တိုက်ပြီး သိမ်းလိုက်ကြတယ်။ ပြီးတော့ တူမာ[5]ကိုပါ ချီတက်ပြီး နောက်တစ်နေ့မှာ ဝင်သိမ်းလိုက်ကြပြန်တယ်။ အမြောက်အတွက် မှတ်ပုံတင်ပစ်ခတ်ခြင်းကို လုံးဝခွင့်မပြုတဲ့ ရန်သူစခန်းကို ကျွန်တော်တို့အမြောက်က မျက်နှာချင်းဆိုင်ဘက်ကနေ အမြောက် ၇၂ လက်နဲ့ ကျွန်တော်တို့တင့်ကားတွေ ဝင်တိုက်နေတုန်းမှာ ပစ်နိုင်ခဲ့တယ်။ အမြောက်တပ်ကိုတော့ နှစ်သိမ့်တဲ့အနေနဲ့ ဒါရန်သူစိတ်ဓာတ်ကျအောင် စုပြုပစ်တာပါလို့ ပြောထားရတယ်။ တကယ်လဲ ဒီအတိုင်း ဖြစ်ခဲ့တာပါပဲ။

၁။ Galloway
၂။ Nibeiwa
၃။ Sofafi
၄။ 7 th R.T.R
၅။ Tummar

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အမှတ် ၇ သံချပ်ကာတပ်မဟာ ကွက်လပ်နေရာကနေ အနောက်ဘက်ချီတက်ခဲ့ပြီး ရန်သူနောက်ကို ရောက်ရှိပါတယ်။ ရှေ့တန်း အီတလီတပ်တွေကို နောက်က စစ်ကူပို့ပေးနိုင်အောင်နဲ့ ရှေ့တန်းတပ်တွေ ဆိုလွန်ဆုတ်ခွာရာလမ်းကို ပိတ်ပစ်ရအောင်ပဲ။ ဒီနည်းဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုများကြောင့် ရန်သူဟာ လုံးဝအခြေပျက်သွားခဲ့ရတယ်။ သူ့ရဲ့ခုခံမှုဟာ လုံးဝပြိုကွဲခဲ့ပြီး တောင်တန်းရဲ့အရှေ့ဘက်က ရန်သူတပ်တော်ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ လေကြောင်းမှာ ရန်သူထက် အင်အားအလွန်နည်းသော်လဲ ထိခိုက်ကျဆုံးမှုဟာ မပြောပလောက်ပါဘူး။ ဝေဘယ်က ကျွန်တော့်ဆီကို ဒီလိုစာရေးခဲ့ပါတယ်။ "နည်းနည်းသမားရိုးကျမလုပ်တာဟာ ကြောက်စရာတော့ကောင်းတယ်၊ ဒါပေမဲ့ သူမပါရင်လဲ တိုက်ပွဲနိုင်ဖို့ အတော်ခဲယဉ်းတယ်။"

အိုကော်နားရဲ့ ထိုးစစ်မှာ စိတ်ဝင်စားဖို့ကောင်းတဲ့ လုပ်ရပ်တစ်ခုက ပို့ဆောင်ရေးယာဉ် သိပ်နည်းနေတော့ ရေနဲ့ကျည်ဆန်ကို ၄၈ နာရီတိုက်ပွဲ တိုက်နိုင်အောင် ကြိုတင်စုပုံထားရတယ်။ စုပုံတယ်ဆိုသော်လဲ ဂရာဇီယာနီတပ်တွေ ရှေ့မှာကို လှုပ်ရှားယာဉ်တွေနဲ့တင်ထားပြီး ထောက်ပံ့ရေးလုပ်ရတာပဲ။ တကယ်လို့များ သူ့ထိုးစစ်ဟာ ၄၈ နာရီအတွင်းမှာ မအောင်မြင်ခဲ့ရင် ရေနဲ့ ကျည်ဆန်ကုန်လို့ သူ့တပ်တွေ ပြန်ဆုတ်ကြရမှာပဲ။ ခြေလျင်တပ်တွေကို သယ်ယူပို့ဆောင်ရေးယာဉ်တွေနဲ့ ပြန်ဆုတ်ရမှာပေါ့။ တခြားဘယ်ဗြိတိသျှဗိုလ်ချုပ်ကမှ ဒီလိုအခက်အခဲတွေကြားထဲမှာ ဒီလိုစွန့်စားတိုက်မှာ မဟုတ်ဘူး။ ဘယ်ဥရောပစစ်ခေါင်းဆောင်မှ ဒါလောက်စွန့်စားမယ် မဟုတ်ပါဘူး။ ရုရှားများကတော့ မဆိုနိုင်ဘူး။

အိုကော်နားကတော့ နှစ်ကြိမ်တောင် ဒီလိုစွန့်စားတိုက်ခဲ့တယ်။ ဒုတိယအကြိမ်ကတော့ ဘီဒါဖောမ်[1]မှာပဲ။ သူဟာ ရဲရင့်ပြီးတော့ တကယ့်တွက်ချက်လုပ်ဆောင်တတ်တဲ့ လူမျိုးပဲ။ အလွန်ကြောက်စရာကောင်းပြီး သွယ်ဝိုက်ချဉ်းကပ်နည်းကို အုပ်ချုပ်မှုရေးရာတွေမှာပါ အသုံးချခဲ့သူပါပဲ။

ဆိုင်ရင်းနီးကား အရှေ့ပိုင်းကို ကျွန်တော်တို့တပ်တွေ ဝင်ကြပြီးတော့ ဘာဒီယားနဲ့ တိုဘရွတ်ကို ကျွန်တော်တို့တွေ သိမ်းခဲ့ကြတဲ့ စစ်ဆင်ရေးအကြောင်း အစီရင်ခံစာ ရေးရအောင် ဇန်နဝါရီလထဲမှာ နောက်တစ်ခေါက် သဲကန္တာရထဲကို ကျွန်တော် လာခဲ့ပြန်ပါတယ်။ အိုကော်နားက ကျွန်တော့်ကို သူ့အနာဂတ်စစ်ဆင်ရေး စီမံချက်တွေ ပြောပြပါတယ်။ ပြီးတော့ ကံကောင်းတာက ဘီဒါဖောမ်နဲ့သေးက အမှတ် ၆ သံချပ်ကာတပ်မ ချီတက်ဖို့ စီမံချက်ရေးဆွဲရာမှာရော ချီတက်ရာမှာပါ ကျွန်တော် ပါဝင်ခဲ့ရပါတယ်။ ဒီချီတက်မှုကြောင့် ဘန်ဂါဇီ

၁။ Beda Fomm



တောင်ဘက်က ရန်သူတပ်တွေဟာ တရိပိုလီတန်နီးယားကို ပြန်မဆုတ်နိုင်စေဖြတ်တောက်ပစ်ခြင်း ခံခဲ့ရပါတယ်။

ဒါတွေဖြစ်ပျက်ခဲ့တာဟာ ခင်ဗျားရဲ့သွယ်ဝိုက်ချဉ်းကပ်နည်း မဟာဗျူဟာစာအုပ် နောက်တစ်ကြိမ် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ဖြစ်ခဲ့တာတွေပါပဲ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ခင်ဗျား သမိုင်းကအဆီအနှစ်တွေကို ထုတ်ပြီး ရေးသားခဲ့တာတွေ၊ ခင်ဗျားရဲ့ စစ်ဘက် ဒဿနအမြင်တွေကို အရိုးစွဲအောင် နှစ်ခြိုက်မိခဲ့လေတော့ ဒီလိုလက်တွေ့စစ်ဆင်ရေးတွေက ခင်ဗျားပြောခဲ့တဲ့နည်းတွေ မှန်တယ်ဆိုတာကို သက်သေပြတာ တွေ့ရတော့ အလွန်ကိုပဲ ဝမ်းသာမိပါတယ်။

၁၉၄၁ ခုနှစ် ကုန်ခါနီးလောက်မှာပဲ ခင်ဗျား ကျွန်တော့်ဆီပို့ပေးခဲ့တဲ့ နောက်တစ်ကြိမ် ပုံနှိပ်ထားတဲ့ ခင်ဗျားရဲ့စာအုပ်ကို ကျွန်တော်ရခဲ့ပါတယ်။ နောက်လအတွင်းမှာ ကျွန်တော်ဟာ ခင်ဗျားစာအုပ်ကို အကြိမ်ကြိမ်ဖတ်ခဲ့ပါတယ်။ မဟာဗျူဟာမှုတွေကို ပိုပြီး ပိုင်ပိုင်နိုင်နိုင် သိရတာပေါ့။ ခင်ဗျားရဲ့သဘောတရားတွေကို မြောက်အာဖရိကတိုက်ပွဲစဉ် အတွေ့အကြုံတွေနဲ့ ယှဉ်ပြီးကြည့်လိုက်တော့ ပိုပြီးတော့ ရှင်းရှင်းလင်းလင်း နားလည်လာပါတယ်။ ၁၉၄၀ ဒီဇင်ဘာလကနေ ၁၉၄၁ ခု ဖေဖော်ဝါရီလအတွင်း အိုကော်နားရဲ့ စစ်ဆင်ရေးတွေဟာ မဟာဗျူဟာအရရော၊ နည်းဗျူဟာအရပါ သွယ်ဝိုက်ချဉ်းကပ်နည်းတွေပါပဲ။

ဆီဒီဘရာနီမှာ အစကောင်းခဲ့ပြီး ဘီဒါဖောမ်းမှာ အောင်ပွဲကြီးခံနိုင်ခဲ့တဲ့ စစ်ဆင်ရေးဟွေမှာ လှုပ်ရှားမှုတိုင်းဟာ ခင်ဗျားစာအုပ် အခန်း ၁၀၊ ၁၉၊ ၂၀ မှာ ပါတဲ့မှုတွေကို လက်တွေ့မှန်ကန်ကြောင်း သက်သေခံခဲ့တဲ့ လှုပ်ရှားမှုတွေဖြစ်ပါတယ်။ အိုကော်နားကလဲ တကယ့်ထိပ်တန်းစစ်ခေါင်းဆောင်တစ်ယောက်ပါ။ အမှန်ပြောရရင် ဒီစစ်ကြီးမှာ "သူ့မြေခွေးကို အပြင်မှာ သတ်နိုင်ခဲ့တဲ့"[1] တစ်ဦးတည်းသော ဗြိတိသျှ စစ်မြေပြင်ခေါင်းဆောင်တစ်ဦး ဖြစ်ပေတယ်။

၁၉၄၁ နွေဦးမှာ စစ်မြေပြင်ကို ရော်မဲလ်ရောက်လာရာ ရန်သူတွေဟာ သွယ်ဝိုက်ချဉ်းကပ်မှုကို အသုံးပြုခဲ့လို့ ကျွန်တော်တို့တွေ ကောင်းကောင်းကြီး ခံလိုက်ကြရတယ်။ ကျွန်တော်တို့ရဲ့ သေးငယ်ပြီး ကောင်းကောင်း လက်နက်တပ်ဆင်ခြင်းမပြုရသေးတဲ့တပ်ဟာ တိုဘရွတ်ကို ကမန်းကတန်း ဆုတ်လာနိုင်လို့သာ ချေမှုန်းခြင်း မခံလိုက်ရတာပဲ။ အဲဒါ ကျွန်တော်တို့ အိုကော်နားကို ဆုံးရှုံးပြီး ဖြစ်ပျက်လာတာတွေပါပဲ။

၁။ 'To kill his fox in the open' ကောက်ကျစ်စဉ်းလဲမှု မရှိသော၊ မှုတသော သဘောပြည့်ဝသူကို တင်စားပြောဆိုခြင်းဖြစ်၏။ (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ၂၇ မိုင်ခွဲ နယ်မြေရှိတဲ့ တိုဘရွတ်မှာ တပ်မဟာ ၄ ခုခွဲနဲ့ခုခံဖို့ ဆုံးဖြတ်လိုက်တာဟာ (ဒီအင်အားဟာ သူ့တာဝန်နဲ့စာရင် အလွန်သေးငယ်တာ အမှန်ပဲ။ ဒါပေမဲ့ အီဂျစ်မှာ အဲဒီအချိန်တုန်းက ကျွန်တော်တို့မှာ တိုက်ခိုက်ရေး တပ်ဟာ ဒါအကုန်ပဲ။) သွယ်ဝိုက်ချဉ်းကပ်မှုကို ရော်မဲလ်ဆီက ကျွန်တော်တို့က ရဲဝံ့စွာ ပြန်လုယူလိုက်တာပါပဲ။ ရန်သူမှာ တစ်နွေလုံး၊ ဆောင်းဦးတစ်ခုလုံး တိုဘရွတ်ကို ဝန်းရံတိုက်ဖို့ရော ဆိုလွန်မှာ တပ်တွေထားဖို့ပါ တပ်လုံလုံလောက် လောက် မရှိပါဘူး။ ဆိုလွန်ကနေ တိုဘရွတ်ကို ကျွန်တော်တို့ စစ်ကူပို့ပေးမှာကို ဖြတ်တောက်နိုင်ဖို့ တပ်တွေ ထားရဦးမှာကိုး။

တိုဘရွတ်က ခုခံဖို့ကတော့ ချာချီနဲ့ ဝေဘယ်တို့က ဆုံးဖြတ်ခဲ့တာပဲ။ ကျွန်တော်ကိုယ်တိုင် ဧပြီလ ၁၀ ရက်နေ့မှာ တိုဘရွတ်ကို လေယာဉ်နဲ့သွားခဲ့ပြီး မော်(စ)ဟက်[၁]ကို တိုဘရွတ်က ခုခံဖို့ အမိန့်ကိုသွားပြီးပေးခဲ့တာပဲ။

၁၉၄၁ ခု နွေမှာ အီဂျစ်နယ်ခြားမှာ ကျွန်တော်တို့ ပြုလုပ်ခဲ့တဲ့ ထိုးစစ်တွေကတော့ (သွယ်ဝိုက်လုပ်ဆောင်ဖို့ အခွင့်အရေးတွေ ရှိပါလျက်ကနဲ့) ရှေ့တည့်တည့်က တိုက်တာလဲဖြစ်၊ အလွန်လဲထင်ရှားပြီး အရာမရောက်ခဲ့ပါဘူး၊ ဒီလိုပါပဲ။ ပါလက်စတိုင်းက ဆီးရီးယားထဲ ဝင်ခဲ့တာလဲ တိုက်ရိုက်ဖြစ်ပြီး သိသာလွန်းနေတော့ မကြာခဏ ရှေ့မတက်နိုင်ဖြစ်ခဲ့ပြီး အော်ချင်လက်သာ ဝင်မကယ်ခဲ့ရင် ရှုံးတောင်ရှုံးနိုင်တယ်။ အီရတ်မြောက်ပိုင်းမှာရှိတဲ့ အော်ချင်လက်ရဲ့တပ်တွေက ပွင့်နေတဲ့ ဗစ်ချီဆီရီးယားကို သွယ်ဝိုက်ချဉ်းကပ်ဝင်တိုက်ပြီး ပြင်သစ်တပ်တွေ နောက်ကို ရောက်လာတာဟာလဲ ဒီနည်းမှန်ကန်တာကိုပြတဲ့ သာဓကတစ်ရပ်ပါပဲ။ ခုအထိ လုပ်သမျှ စစ်ဆင်ရေးတွေမှာ ခင်ဗျားအယူအဆတွေဟာ မှန်ကန်လှပါတယ်။

၁၉၄၁ ခု နွေလမှာ စစ်သေနာပတိ အပြောင်းအလဲလုပ်လိုက်ပြီး အော်ချင်လက်က အိန္ဒိယက အရှေ့အလယ်ပိုင်းရောက်သွားပြီး အနောက်ပိုင်း သဲကန္တာရမှာ ဖရိုဖရဲဖြစ်၊ စိတ်ဓာတ်ကျနေတဲ့တပ်တွေကို ပြန်လည်ဖွဲ့စည်း စိတ်ဓာတ်မြှင့်တင်ပေးရပါတယ်။ ဆိုင်ရင်းနိုက်ကားမှာ နောက်ထပ်ထိုးစစ်တစ်ခု လုပ်နိုင်အောင်ပဲ။ အနောက် သဲကန္တာရတပ်ဖွဲ့ကိုလဲ အမှတ် ၈ တပ်တော်အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ပါတယ်။

တိုဘရွတ်ကိုလဲ ခုအထိ ရန်သူက ဝိုင်းထားပြီး ရော်မဲလ်ဟာ ခံစစ်ပျော့ကွက်နေရာကနေ ဝင်ရအောင် ချောင်းနေခဲ့ပါတယ်။ နိုဝင်ဘာလထဲမှာ

၁။ Mors Head



ရော်မဲလ်က တိုဘရွတ်ကိုတိုက်ဖို့ အသင့်မဖြစ်ခင်မှာ ကျွန်တော်တို့က ကရူးဆေးဒါ[၁] ထိုးစစ်ကို စတင်ခဲ့ပါတယ်။ ဒီထိုးစစ်မှာ မဟာဗျူဟာအရတော့ အကွက်ကောင်းပါပဲ။ တပ်တော်မှူး ကန်နင်ဂမ်[၂]အနေနဲ့ စစ်ဆင်ရေးလမ်းကြောင်းဟာ အငွေ့ကောင်းတယ်။ ထောက်ပံ့ရေးစခန်းက မဒါလေနာ[၃]မှာ ရှိပြီး ကွယ်ဝှက်ထားသလို ရန်သူမတွေ့နိုင်တဲ့နေရာပဲ။ အဲဒီနေရာက မြောက်ဘက်ကို တိုက်ရတာ ဖြစ်တယ်။ ရည်မှန်းချက်အနေနဲ့ကလဲ လွှဲပြောင်းတိုက်နိုင်တာတွေ ရှိတယ်။ တိုဘရွတ်ကို ဝိုင်းထားတဲ့ ရန်သူနောက်ကို တိုက်မလား၊ ဒါမှမဟုတ် နယ်ခြားရန်သူ ခံစစ်စခန်းကို တိုက်မလား တိုက်နိုင်တယ်။

ရော်မဲလ်အနေနဲ့ဆိုရင် အတော်ကို ခွကျတဲ့အနေအထားပဲ။ ပင်လယ်ကို ကျောပေးနေရပြီး တိုဘရွတ်ဝိုင်းထားတဲ့ တပ်တွေကိုရော ဟာဖယာ[၄]နေရာက တပ်တွေကိုရော ကာကွယ်ထားရတော့ သူ့မှာ ထုမရှိဘူး။

မဒါလေနာက ကျွန်တောတို့တွေကို ကာကွယ်ခုခံဖို့ သူ့တပ်တွေ ပြင်ဆင်ရတော့ သူ့ရှေ့တန်းတပ်တွေဟာ ဆက်သွယ်ရေးလမ်းကြောင်းနဲ့ ထောင့်မှန်ကျနေတယ်။

ဒီလို ကိုယ့်ဘက်က အခွင့်အလမ်းတွေသာပါလျက်ကနဲ့ ကျွန်တော်တို့ တပ်တွေဟာ ရော်မဲလ်ကို မချေမှုန်းနိုင်ခဲ့ဘူး။ အကြောင်းကတော့ ကျွန်တော်တို့ နည်းဗျူဟာ စီမံချက်က တိုဘရွတ် သို့မဟုတ် နယ်ခြားခံစစ်နေရာတွေကို သွယ်ဝိုက်ချဉ်းကပ်ခြင်း မပြုမီ ရော်မဲလ်ရဲ့ သံချပ်ကာတပ်ကို ကျွန်တော်တို့သံချပ်ကာတပ်နဲ့ ချေမှုန်းဖျက်ဆီးရအောင် လုပ်ခဲ့လို့ပဲ။ ရော်မဲလ်ဟာ မဟာဗျူဟာအရ နည်းနည်းအငိုက်မိလိုက်သော်လဲ သူ့ရဲ့ ပိုမိုကောင်းမွန်တဲ့သံချပ်ကာတပ်နဲ့ တခြားလက်နက်များနဲ့ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့တယ်။ အစပိုင်းမှာ ဂျာမန်တွေက နည်းနည်းနိုင်နေပေမယ့် နောက်ပိုင်းကျတော့ တိုက်ပွဲဟာ တပ်မကြီးမှူးများ တိုက်ပွဲဖြစ်လာပြီး နောက်ကျတော့မှ ရစ်ချီကဘီယာဂိုဘီနဲ့ အယ်အဒမ်[၅]ကနေ သွယ်ဝိုက်ချဉ်းကပ် တိုက်ခိုက်တော့မှ ရော်မဲလ်ဟာ အယ်အဂါလီယာကို ဆုတ်သွားပါတယ်။ နယ်ခြားနဲ့ ဘာဒီးယားမှာ ကျန်ရှိနေတဲ့ သူ့တပ်တွေကို စွန့်ပစ်ပြီး ဆုတ်ခွာသွားတာပဲ။

ဒီနောက်ပိုင်းမှာ ကျွန်တော်တို့တစ်တွေဟာ သွယ်ဝိုက်ချဉ်းကပ်ခြင်းကို မကျင့်သုံးနိုင်ကြပါဘူး။ အယ်အဂါလီယားက ရော်မဲလ်က ထိုးစစ်ဆင်တဲ့အခါ

၁။ Crusader
၂။ Cunningham
၃။ Maddalena
၄။ Halfaya
၅။ Bir Gobi, El Adem

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တပ်တွေဟာ ပြန့်ကြဲနေပြီး နောက်ကို ဖရိုဖရဲနဲ့ ဆုတ်လာကြရပါတယ်။ မီဆယ်(စ်)[1] လဲရောက်ရော ရစ်ချီဟာ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါပြီ ရော်မဲလ်တပ်ဦးတွေက ဘန်ဂါဇီနဲ့ မစ်ချီလီ[2]မှာ ရောက်နေကြပါပြီ။

အဲဒီကနေ ရစ်ချီဟာ တိုဘရွတ်ဘက်ကို ဦးတည်ပြီး ဆုတ်လာရပါတယ်။ ဂါဇလာဘီယာဟာချိမ်း[3]နေရာရောက်တော့ အဲဒီမှာ နေရာယူထားလိုက်ပါတယ်။ ၁၉၄၂ ခု ဖေဖော်ဝါရီလကနေ မေလအထိ အမှတ် ၈ တပ်တော်ဟာ အဲဒီနေရာမှာပဲ ဆုတ်ခွာလာရာကနေ အနားယူနေသလို နေခဲ့ပါတယ်။ ရော်မဲလ်ကတော့ ဂျာဘယ်အက်ဒါ[4]မှာ သူ့တပ်တွေ လုံလုံခြုံခြုံထားပြီး နောက်ထပ်ခြေလှမ်းကို စဉ်းစားအကွက်ရိုက်နေပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ဟာ ရှေ့တန်းကို ရောက်လာခဲ့ပြီး အချိန်ရတာနဲ့ ခေတ်သစ်တပ်တော်တစ်ခု ရှောင်ကြဉ်ရမယ့်အမှားတွေကို စဉ်းစားတွေးခေါ်ခဲ့ပါတယ်။ ဒီအမှားတွေကတော့ ဆစ်ဒီဘာရာနီမှာ ဂရာဇီယာနီရဲ့တပ်တွေ ချထားပုံအမှားနဲ့ ဂါဇလာတိုဘရွတ်မှာ ရစ်ချီရဲ့ အမှားတွေပါပဲ။ သူတို့နှစ်ဦးမှားပုံက အတူတူပဲဖြစ်ပြီး အရေးအကြီးဆုံးကတော့ ထုမရှိဘဲ ပြောင်းလွယ်ပြင်လွယ်လဲ မဖြစ်ဘူး၊ ပြီးတော့ အရေးကြီးတဲ့တပ်ဆွယ်တွေကို အပြင်ထုတ်ထားရာမှာ နည်းဗျူဟာအရ အကူအညီမပေးနိုင်တဲ့ နေရာအထိ ထုတ်ထားခဲ့ကြတယ်။

ဒီမှာ ကျွန်တော်တို့ဟာ သဲကန္တာရစစ်ဆင်ရေးရဲ့ အကြီးကျယ်ဆုံးပြဿနာနဲ့ ရင်ဆိုင်ရတယ်။ ဒါကတော့ ရှေ့တန်းစစ်မျက်နှာနဲ့ ထိုအချိုးအစား၊ ရှေ့တန်းတပ်နဲ့ အရန်အချိုးအစား ခွဲဝေသတ်မှတ်ရေးပဲ ဖြစ်တယ်။ အုပ်ချုပ်ရေးပြဿနာကို ဖြေရှင်းနိုင်ကြလို့ ခေတ်သစ်တပ်တော်တွေရဲ့ အရွယ်အစားဟာ သေးငယ်သွားပြီးတဲ့နောက် ယန္တရားလှုပ်ရှား စစ်ဆင်ရေးဟာ အလွန်ပဲ လျှင်မြန်လာတယ်။ ဒီတော့ ခံစစ်ဆင်ပြီး မလှုပ်မရှား သူ့နေရာတင်သူ နေသူဟာ ရန်သူရဲ့ ပန်းတိုက်ခြင်းကို ခံရမှာ သေချာတယ်။ ဒီတော့ ဒီလိုအပန်းမခံရအောင် စစ်မျက်နှာကို ဖြန့်ပစ်လိုက်တော့ ထုနဲ့ အရန်မရှိတော့ဘူး။ ဒီလိုလုပ်လို့ အဖြေမှန်တွေ့တယ်လို့လဲ မရှိပါဘူး။ ဒီလိုအမှားလုပ်မိတာကတော့ ကိုယ့်ဘက်မှာ လှုပ်ရှားတပ်တွေ နည်းတဲ့အခါ၊ ထိုးစစ်လက်နက်ဖြစ်တဲ့ သံချပ်ကာတပ်တွေ နည်းတဲ့အခါနဲ့ ဒီလိုစစ်ဆင်ရေးအခြေခံတွေကို ထိပ်ပိုင်းက နားမလည်တဲ့အခါတွေမှာပဲ ဖြစ်တယ်။ ၁၉၄၂ ခု ဆောင်းဦးမှာ ရော်မဲလ်ကိုယ်တိုင် ဒီနည်းကို ကျင့်သုံးခဲ့လို့ ဆုံးရှုံးခဲ့ရတယ်။ ဇူလိုင်လမှာ

---

၁။ Msus
၂။ Mechili
၃။ Gazala Bir Hacheim
၄။ Jeble Akdar



တိုက်ခိုက်ခဲ့ရပြီး သူ့စစ်မျက်နှာကို ကွာတာရာမြေနိမ့်ပိုင်း[1]အထိ ဖြန့်ခဲ့ရလို့ ထုမရှိတော့ဘဲ မောင်ဂိုမာရီက ထိုးစစ်ဆင်တဲ့အခါ ခံလိုက်ရတာပဲ။

ဂရာဇီယာနီ ရှုံးရတာ၊ ပြီးတော့ ရစ်ချီ ရှုံးရတာနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ မဟာဗျူဟာ အပြုအမူဆိုတဲ့အခန်းမှာ ရေးထားတဲ့အတိုင်းပါပဲ။ ဒါကတော့ ရန်သူက ကိုယ့်နောက်ဆွယ်ကို ချက်ချင်းတိုက်လာတဲ့အခါ စိတ်ဓာတ်အရ အခြေပျက်မသွားအောင်၊ သို့မဟုတ် ရန်သူ ဘယ်ဘက်ကရောက်လာသည်ဖြစ်စေ အခြေမပျက်စေဘဲ ရန်သူကို ရင်ဆိုင်နိုင်အောင် တပ်များနေရာချထားမှု ပြုနိုင်ရမယ်။ ဒီလိုဖြစ်နိုင်ဖို့ ကိုယ့်တပ်တွေ နေရာချထားတဲ့အခါ **"ရန်သူက ကိုယ့်တပ်နောက်ကို ချီတက်လာရုံနဲ့ မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှု မဖြစ်စေရဘူး။"** ဒီလိုဖြစ်နိုင်ဖို့ကတော့ ခုခံကာကွယ်နေတဲ့ တပ်တော်ဟာ အနီးဆုံး ရှေ့တန်းရန်သူကို ကာကွယ်နိုင်သလို သူ့နံဘေးနဲ့ နောက်ဆွယ်ကိုလဲ ကာကွယ်နိုင်ရမယ်။ ပြီးတော့ ဘယ်စစ်မှာမဆို ထိရောက်တဲ့ခံစစ်ဆင်နည်းဆိုတာ ရန်သူတက်လာတာကို တားဆီးပြီး ကိုယ်က အထွေထွေ တန်ပြန်ထိုးစစ် ဆင်နိုင်မှ ဖြစ်တာပဲ။

ခံစစ်ဆင်နေတဲ့ တပ်အတွက် အနေအထားဟာ သုံးမျိုးပဲဖြစ်နိုင်တယ်။ ပထမနည်းက အရှည်လိုက်ခံပြီး[2]လှုပ်ရှား အရန်ထားတဲ့နည်းပဲ။ ဒုတိယနည်းက ပတ်လည် ခံစစ်နည်း[3]ပဲ။ (ဒါလဲ အရှည်လိုက်ခံစစ်ကို နောက်ပိုင်းပါလုံအောင် ပိတ်ထားတာပါပဲ။ ဖြူငယ်ခံစစ်ပုံစံမျိုး) တတိယနည်းကတော့ ကျားကွက်ပုံသဏ္ဌာန် လေးထောင့်ခံစစ်ဆင်နည်း[4]ပဲ။ ဒီနောက်ဆုံးနည်းမှာ ခံစစ်ဆင်တဲ့ တပ်အသီးသီးဟာ တစ်ခုနဲ့တစ်ခု အမြောက်ပစ်ကူပေးနိုင်တဲ့ အကွာအဝေးအထိ ဝေးနိုင်သမျှဝေးကွာအောင် ဖြန့်ထားရပြီး တစ်ခုနဲ့တစ်ခု စစ်ကူပေးဖို့နိုင်ရမယ်။ ပြီးတော့ ရန်သူက တစ်နေရာကို ဖိပြီး ထိုးစစ်ဆင်လာရင် ဒီနေရာ မကျိုးပေါက်မီ အနည်းဆုံး မိမိလှုပ်ရှားပစ်အား ၇၅ ရာခိုင်နှုန်း စုပြုံပြီး ပစ်ခတ်ကူညီနိုင်တဲ့ အနေအထားမျိုးဖြစ်ရမယ်။ ဒီလိုလုပ်ဖို့ကတော့ စစ်မြေပြင် လက်စွဲကျမ်းကြီး[5] တွေမှာ ဖော်ပြထားတဲ့ တပ်မမျက်နှာစာ စတဲ့အချက်တွေကို ဖမ့်ထားနိုင်မှ လုပ်လို့ဖြစ်မှာပဲ။ ကျွန်တော်တို့တပ်မှူးတွေစိတ်ထဲမှာက စစ်မျက်နှာအရှည် မည်မျှမှာ တပ်မမည်မျှ ချထားရမယ်။ တပ်မတစ်ခုဟာ မိမိရှေ့တည့်တည့်က ရန်သူကိုပဲ ဂရုစိုက်ရပြီး အနီးအနားတပ်တွေကို ကူညီဖို့လောက်ပဲ သူ့တာဝန်လို့ ယူဆထားကြတယ်။ နောက်ဆုံးပြောခဲ့တဲ့ နည်းအရကတော့ တပ်တွေဟာ ရှေ့တန်းတပ်မ

---

၁။ Quattara Depression
၂။ Linear
၃။ Circular
၄။ Open Chequered Square
၅။ Field Service Regulations

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တပ်မ မဆို ပြင်းပြင်းထန်ထန် အတိုက်ခံရလျှင် သွားကူညီဖို့နဲ့ နောက်ဘက်က ရန်ကိုပါ ကာကွယ်ရမှာ ဖြစ်တယ်။ တပ်နည်းနည်းနဲ့ ကျယ်ပြန့်တဲ့နေရာမှာ ခံစစ်ယူနေတဲ့ ပြဿနာကတော့ ခံစစ်ဆင်သူဟာ အပန်းမခံရအောင် သူ့တပ်ကို သိပ်ဖြန့်ပစ်လိုက်တော့ ထုရောအရန်ပါ မရှိတော့ဘူး။ ကျွန်တော်တို့ဟာ ဝါတာလူးခေတ်က အရေအတွက်၊ စစ်မျက်နှာနဲ့ လှုပ်ရှားမှုအချိုးအစားကို ပြန်ရောက်နေပြီဆိုတာကို သိပြီး ပြန်ပြီးလိုသလိုပြင်ကြဖို့ပဲ။

လီဂျင်တပ်အနေအထားကို ခေတ်မီအောင်[၁]ပြုပြင်ထားတဲ့ တပ်အနေအထားဟာ အဖြေဖြစ်ကောင်း ဖြစ်ပေလိမ့်မယ်။ ဒီအနေအထားအရ ခံစစ်ဆင်ရတဲ့တပ်ဟာ တစ်တပ်နဲ့တစ်တပ် နံဘေးရော ထုရော ကိုက် ၁၀၀၀၀ လောက်ကွာပြီး တစ်တပ်စီမှာ အမြောက်ခြေလျင် အချိုးကျပါဝင်ကြတယ်။ ပြီးတော့ ကျန်တဲ့ အမြောက်ခြေလျင်နဲ့ သံချပ်ကာကတော့ အတိုက်ခံရတဲ့နေရာတစ်ခုခုကို ကူဖို့ ဒါမှမဟုတ် ကိုယ့်တပ်ကို ကျော်ဖြတ်သွားမယ့် ရန်သူနံဘေး သို့မဟုတ် နောက်ကို တိုက်ဖို့ပဲ ဖြစ်တယ်။

ဒီနည်းကိုသုံးရင် ခြေလျင်တပ်မ ၄ ခုနဲ့ သံချပ်ကာတပ်မကြီးတစ်ခု ပါဝင်တဲ့ တပ်တော်တစ်ခုဟာ ၂၄ မိုင် ၁၈ မိုင် အကွက်ထဲမှာ ခံစစ်ဆင်နိုင်မှာ ဖြစ်ပြီး သံချပ်ကာကတော့ မဏ္ဍိုင်လှုပ်ရှားအရန်ပဲ။ လေယာဉ်ကွင်းတွေကိုတော့ ခြေလျင်တပ်များက ကာကွယ်ထားပြီး နောက်ပိုင်းမှာ ရှိရမယ်။ လေးထောင့်ကွက်နံဘေးတွေမှာတော့ လှုပ်ရှားတပ်အပေါ့စားတွေထားပြီး သူတို့ကို ထောက်ပံ့တာက သီးခြား ထောက်ပံ့ရေးစနစ်ဖြစ်ရမယ်။ နောက်နားနည်းနည်းဆုတ်ပြီး (ဒါပေမဲ့ လီဂျင်ကွက်ကနေ အမြောက်တစ်ကမ်းအတွင်းပဲ ဖြစ်ရမယ်) ကိုယ်မှာရှိတဲ့ အကြီးစား သံချပ်ကာတပ်ကို နေရာချထားပြီး စနစ်တစ်ခုလုံးဟာ ပြောင်းလွယ်ပြင်လွယ် ဖြစ်ရမယ်။

ကျယ်ပြန့်တဲ့နေရာတွေမှာ လီဂျင်တပ်ရဲ့ မဏ္ဍိုင်တွေက စောင့်ကြည့်နိုင်တဲ့ ကုန်းမြင့်နေရာတွေကို ယူထားရမယ်။ ဒါမှ လှုပ်ရှားမှုတွေကို စိုးမိုးထားနိုင်မှာပဲ။ လမ်းတွေများတဲ့ နေရာ၊ ကျဉ်းမြောင်းတဲ့နေရာတွေမှာဆိုရင် သူတို့ကို လမ်းဆုံလမ်းခွတွေမှာ ထားရမယ်။ စနစ်တစ်ခုလုံးဟာ လှုပ်ရှားနိုင်ရမယ်။ ပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး ကောင်းကောင်းလဲ ကာကွယ်ထားရမယ်။ ကျွန်တော် အီဂျစ်က ပြန်လာတုန်းက ခင်ဗျား ကျွန်တော့်ကိုပေးတဲ့ ခံစစ်နဲ့ပတ်သက်တဲ့ စာတန်းနဲ့ အခုစနစ်ကို ယှဉ်ကြည့်စမ်းပါ။ အတွေးအခေါ် အယူအဆတွေဟာ အတူတူပဲဆိုတာ တွေ့ရပါလိမ့်မယ်။

---

၁။ Modernised form of Legionary disposition



တိုဘရွတ်ရဲ့တောင်ဘက်မှာ အမှတ် ၈ တပ်တော်ကို ဒီလိုသာနေရာချထားလိုက်ရရင် ရော်မဲလ်ကို နိုင်လိုက်မှာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း အမှတ် ၈ တပ်တော်ဟာ အဲဒီတုန်းက အရှည်လိုက် နေရာယူထားတာဖြစ်ပြီး နံဘေးက ဝင်တိုက်အောင် ဖွင့်ပေးထားသလိုပဲ။

မေလ ၂၇ ရက်နေ့မှာ ရော်မဲလ်က ဒီအတိုင်းတိုက်ခဲ့တာပဲ။ သူ့စီမံချက်က အာဖရိကာ ပန်ဇာတပ်တော်[၁]ရဲ့ အီတလီတပ်အများစုက ရစ်ချီရဲ့တပ်ကို ထိန်းထားပြီး ဂျာမန် အာဖရိကတပ်မကြီးရဲ့ လက်ရွေးစင် အီတလီတပ်တချို့က လွတ်လပ်တဲ့ ပြင်သစ်တပ်တွေရှိတဲ့ ဘာဟာချိန်းကို ကွေ့ပြီး ရစ်ချီရဲ့ပျော့ကွက်ဖြစ်တဲ့ အယ်အဒမ်နဲ့ နိုက်(စ)ဘရစ်(ချ်)[၂]နေရာကို ဝင်တိုက်ခဲ့တာပဲ။

လက်ဦးမှာ သိပ်မအောင်မြင်ပေမယ့် ဒီထိုးနက်ချက်ဟာ ရစ်ချီကို ချောက်ချားသွားစေခဲ့လို့ ရော်မဲလ်ဟာ အထီးကျန်လို ဖြစ်နေတဲ့ အမှတ် ၅၀ ဗြိတိသျှတပ်မကို ချေမှုန်းနိုင်ပြီး နောက်ပြီးတော့မှ ပိုပြီးအထီးကျန်ဖြစ်နေတဲ့ ဘာဟာချိမ်းက ပြင်သစ်တပ်ကို ချေမှုန်းကာ သူ့ရဲ့နောက်ဆွယ်ကို ရှင်းလင်းနိုင်ခဲ့တယ်။ ပြီးတော့ ဗြိတိသျှ တန့်ပြန်ထိုးစစ်တွေက ရှေ့တည့်တည့်ကချည်း တိုက်ကြတာဖြစ်တော့ ရော်မဲလ်က ပြန်တွန်းလှန်နိုင်ပြီး အယ်အဒမ်ကို ချီတက်လိုက်တဲ့အခါ ရစ်ချီဟာ ချို(ဂျို)နှစ်ခုပေါ် ခွထိုင်ထားသလို (ဆုတ်စုံ စားရှုံး) အခြေအနေ ဖြစ်သွားရပြန်တယ်။ ဘာကြောင့်လဲဆိုရင် ဒီချီတက်မှုဟာ ဂါဇလာရှိ ကာကွယ်နေတဲ့ ကျွန်တော်တို့တပ်တွေ နောက်ဆွယ်ကိုလဲ တိုက်နိုင်တယ်။ ပြီးတော့ တိုဘရွတ်အရှေ့ဘက်နားက ကျွန်တော်တို့ ရထားလမ်းဆုံးနဲ့ ရိက္ခာစုပုံထားတဲ့ နေရာကိုလဲ ရောက်နိုင်လို့ပဲ။ ဒီခြိမ်းခြောက်မှုဟာ တပ်တော်မှူးကို ဘယ်လောက်များ ချောက်ချားစေသလဲဆိုရင် အမှတ် ၈ တပ်တော် တစ်ဝက်ကျော်ကို အီဂျစ်နယ်ခြားအထိ ပြန်ဆုတ်စေပြီး ကျန်တပ်တွေက တိုဘရွတ်မှာပဲ တိုက်လေယာဉ် အကာအကွယ်မရှိတော့ဘဲ တဖြည်းဖြည်း သူ့ထိုက်နဲ့သူ့ကံ ခံကြပေတော့လို့ ထားခဲ့ရသလိုပါပဲ။

ဒီစစ်ဆင်ရေးတွေမှာ ရော်မဲလ်ဟာ သွယ်ဝိုက်ချဉ်းကပ်နည်းကို ပါရဂူမြောက်အောင် သုံးစွဲခဲ့ပြီး သူ့ရဲ့ဂျာမန်တပ်ဟာ သိပ်မကြီးလှဘဲ သံချပ်ကာတပ်မဟာ ၂ ခု၊ ယန္တရားခြေလျင်တပ်မဟာ ၄ ခုတည်းနဲ့ အမှတ် ၈ တပ်တော်တစ်ခုလုံးကို တစ်တပ်စီခွဲခြားပြီး ချေမှုန်းပစ်လိုက်တာပဲ။ ဒီတပ်တော်တော်များများကို

---

၁။ Panzer Armee Afrika

၂။ El Adem & Knightsbridge

www.burmeseclassic.com



ရှေ့တန်းမှာ အီတလီတပ်တွေနဲ့ ယောင်ပြထိန်းပေးထားတယ်။ ဒီအီတလီတပ်တွေဟာ အရေအတွက်ပဲရှိတာပဲ။ တခြား ဘာမှအသုံးကျတာမဟုတ်ဘူး။

ဇွန်လ ၂၁ ရက်နေ့မှာ အော်ချင်လက်က ရစ်ချီရီမှ တာဝန်လွှဲယူလိုက်ပြီး အနောက်ပိုင်း သဲကန္တာရထဲက စစ်ဆင်ရေးတွေကို ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲခဲ့တယ်။ ကျွန်တော်က အော်ချင်လက်နဲ့ အမှတ် ၈ တပ်တော် ဌာနချုပ်ကို လိုက်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ အမှတ် ၈ တပ်တော်က ကျန်တဲ့တပ်တွေဟာ မာဆာမာထရူး[၁]ဘက်ကို ဆုတ်ပေးနေကြတယ်။ ရော်မဲလ်က အီဂျစ်နယ်ခြားမှာ ဖြတ်တောက်ပစ်ဖို့လုပ်တာကို ရှောင်ရှားရင်း ဆုတ်ခွာနေကြတာပဲ။ အော်ချင်လက် ရောက်လာတာဟာ တိုက်ပွဲမှာ အချက်အလက် အသစ်တစ်ရပ် တိုးလာသလိုပါပဲ။ ဘာပြုလို့လဲဆိုတော့ မာထရူးနဲ့ ပါရှားအကြားမှာရှိတဲ့ ဗြိတိသျှတပ်အားလုံးကို အော်ချင်လက်က လိုသလို အသုံးပြုနိုင်ပြီး စစ်သေနာပတိလဲ ဖြစ်လေတော့ ဒီတိုက်ပွဲမှာ လိုအပ်တဲ့ အင်အားစုစည်းမှုကို ဖြစ်စေနိုင်တဲ့ အရေးကြီးတဲ့ မဟာဗျူဟာ ဆုံးဖြတ်ချက်များကိုလဲ ချမှတ်နိုင်ပေတယ်။

သူ ပထမဆုံးရင်ဆိုင်ရတဲ့ ပြဿနာက မာထရူးမှာပဲ ကြံ့ကြံ့ခံတိုက်မလား၊ အရှေ့ဘက်ကိုပဲ ဆက်ပြီး ဆုတ်ခွာသွားမလားဆိုတာပဲ။ မာထရူးအနားက ခံတပ်နေရာတွေက နာမည်ကြီးနေပြီး ရှေးဟောင်းပုံပြင်တွေနဲ့ပါ ပတ်သက်နေလို့ အပေါ်ယံကြည့်လိုက်တော့ အဲဒီနေရာကပဲ ခံစစ်ဆင်ဖို့ကောင်းသလိုပဲ။ ဒါပေမဲ့ ဒီနေရာကခံတဲ့သူဟာ ရန်သူက နံဘေးက ပန်းတိုက်တာ မခံရအောင် သံချပ်ကာတပ် ကြီးကြီးမားမား ရှိဖို့လိုတယ်။ ဒီလိုတပ်သာမရှိရင်တော့ မာထရူးနဲ့ ဘာဂွ အစ်[၂]နေရာတွေဟာ ရေမရှိတဲ့ စစ်အကျဉ်းစခန်းတွေကိုဖြစ်နေပြီး ရန်သူက နိုင်းမြစ်ဝှမ်းကို ကျော်ဖြတ်ချီတက်သွားကြမှာပဲ။

ကျွန်တော်တို့ သံချပ်ကားတွေ တော်တော်များများဟာ စောစောကတိုက်ပွဲတွေမှာ ဆုံးရှုံးကုန်ပြီဖြစ်လေတော့ ရန်သူကို မာထရူးတောင်ဘက်မှာ ခေတ္တသာ လှုပ်ရှားတိုက်ပွဲနဲ့ ရပ်တန့်ထားဖို့ စစ်သေနာပတိက ဆုံးဖြတ်ပြီး အယ်အလာမိန်းမှာ အဓိကခံစစ်ဆင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီတိုက်ပွဲဟာ "အီဂျစ်အတွက် တိုက်ပွဲ"[၃]ပဲလို့ အော်ချင်လက်က ပြောပါတယ်။ ပြီးတော့ သူချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်နှစ်ခုက နောက်ပိုင်းမှာ တိုက်ပွဲရဲ့အသွင်သဏ္ဌာန်ကို ပြုပြင်စေတဲ့ အပြင် သွယ်ဝိုက်တဲ့လက္ခဏာကိုပါ ဆောင်ပါတယ်။ ပထမဆုံးဖြတ်ချက်ကတော့ အမြောက်တပ်နဲ့ ပတ်သက်ပါတယ်။ အရင်က စစ်မြေပြင် အမြောက်တပ်ရင်း

၁။ Mersa Matruh
၂။ Baguish
၃။ Battle for Egypt



တွေကို တပ်မဟာအုပ်စုတွေမှာ ခွဲဝေပေးထားခဲ့ပါတယ်။ ဒါဟာ သဘာဝမကျပါဘူး။ အော်ချင်လက်က စစ်မြေပြင် အမြောက်အားလုံးကို အင်အားစုစည်းပစ်နိုင်အောင် ပြန်လည်စုစည်းထားလိုက်ပါတယ်။ နောက်ဆုံးဖြတ်ချက်ကတော့ အယ်အလာမိန်းနဲ့ ကွာတရာမြေနိမ့်ပိုင်းခြားထဲက တစ်ခုနဲ့တစ်ခု အဝေးကြီးဖြစ်နေတဲ့ ခံစစ်နေရာတွေကို လျစ်လျူရှုပစ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလို တစ်ခုနဲ့တစ်ခု ဝေးနေတာဟာ သူတိုက်ချင်တဲ့ တိုက်ပွဲပုံစံနဲ့ မကိုက်ညီပါဘူး။ ဒီနောက် ဆုံးဖြတ်ချက်က ရန်သူကို အတော်ရှုပ်ထွေးသွားစေပါတယ်။ ယန္တရားတပ်ဆင်ခြင်းမပြုရသေးတဲ့ ခြေလျင်တပ်တွေကိုလဲ နေရာတော်တော်များများက ရုပ်သိမ်းလိုက်ပါတယ်။ သူတို့တွေဟာ ရန်သူအတိုက်ခံရဖို့ ကျားစာကျွေးခံရဖို့ နေရာယူထားကြသလို ဖြစ်နေလို့ပဲ။

၁၉၄၂ ခု ဇွန်နဲ့ ဇူလိုင်လမှာ အော်ချင်လက် အမှတ် ၈ တပ်တော်ကို ပြန်လည်ဖွဲ့စည်းလိုက်ခြင်းဟာ မဟာမိတ်များအတွက် ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်တဲ့အပြင် သွယ်ဝိုက်ချဉ်းကပ်မှုအတွက် စံနမူနာကောင်းတစ်ရပ်အဖြစ် လုပ်ဆောင်ခဲ့တာဖြစ်တဲ့တွက် စစ်သုတေသီများက လေ့လာနိုင်ခဲ့ပါတယ်။ သူ့ရဲ့မဟာဗျူဟာက အခြေအနေအရ ခံစစ်ဖြစ်သော်လည်း နည်းဗျူဟာအပြုအမူအားလုံးဟာ တိုက်စစ်အတွက်ဖြစ်တယ်။ သူ့တပ် အကြွင်းအကျန်တွေ အလာမိန်းကိုရောက်တာနဲ့ တစ်ပြိုင်နက် သူ့ရဲ့လုပ်ငန်းက ကမ်းနားလမ်းက ရော်မဲလ်တပ်တွေ အက်လီဇင်းဒရီးယားကို တစ်ချိုးတည်း ချီတက်လာမှာကို တိုက်ခိုက်ချေမှုန်းဖို့ပဲ။

ဇူလိုင် ၁ ရက်က ၃ ရက်အထိမှာ ရန်သူတွေက အလာမိန်းတောင်ဘက်က နေရာတွေကို တိုက်ကြည့်ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အမြောက်နဲ့ စုပြုပစ်ခတ်ပြီး လေကြောင်းကပါ ပြန်ပြီးတိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ ခံစစ်နေရာတွေက အလာမိန်းကနေ စိုးမိုးနေတဲ့ ရူဝေဆတ်တောင်ကုန်း[၁]အထိကို ခံစစ်ရှင်အဖြစ် တည်ဆောက်ထားတဲ့နေရာတွေကနေ ပြန်ပြီး စုပြုပစ်ခတ်ကြခြင်းဖြစ်တယ်။ ဒီခံစစ်နေရာတွေ အနေအထားကိုက ဆန်းသစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ခြေလျင်နဲ့ အမြောက်က နံဘေးချင်းယှဉ်ပြီး နေရာချထားလို့ပဲ။ အမှန်ကတော့ စစ်မျက်နှာ တစ်ခုလုံးဟာ ပြောင်းလွယ်ပြင်လွယ်ဖြစ်တဲ့ ၂၅ ပေါင်ဒါ အမြောက်စစ်မျက်နှာပါပဲ။ ခြေလျင်က အနီးကပ်ကာကွယ်ထားပြီး ကျန်တဲ့ တင့်ကားတွေက ကူညီရအောင် တာဝန်ပေးထားတယ်။ ဒီခံစစ်အနေအထားကို အာဖရိကတပ်မကြီးဟာ မထိုးဖောက်နိုင်ဘဲ ဇူလိုင်လ ၃ ရက်နေ့မှာ ဆက်မတိုက်ကြတော့ဘူး။

၁။ Rweisat Ridge

www.burmeseclassic.com

www.burmeseclassic.com



အော်ချင်လက်က ချက်ချင်းပဲ ပြန်တိုက်ခဲ့ပါတယ်။ သူ့ရဲ့ဘယ်တောင်ပံက ဂေါ့တ်[1] အုပ်ချုပ်တဲ့ နယူးဇီလန်တပ်မက လှုပ်ရှားနိုင်တဲ့တပ်တွေနဲ့ အမှတ် ၇ မော်တော်တပ်မဟာနဲ့ပြန်ပြီး ရော်မဲလ်ရဲ့ ညာတောင်ပံကို တိုက်ခဲ့တာပဲ။ အဲဒီအချိန်မှာ ရန်သူဟာ ပင်လယ်ကမ်းခြေနဲ့ ကွာတရာမြေနိမ့်နေရာ တစ်ဝက်လောက်မှာ ရောက်နေကြပြီ ဖြစ်ပါတယ်။ ဒီထိုးစစ်ကြောင်း အီတလီအရီယက် တပ်မ[2] တော်တော်ခံလိုက်ရပြီး ရော်မဲလ်က သူ့ရဲ့ ညာတောင်ပံကို ကွာတရာအထိ ဖြန့်လိုက်ရပါတယ်။ ဘယ်ဘက် ပင်လယ်ကမ်းခြေဘက်ကိုတော့ အဓိကအားဖြင့် အီတလီတပ်တွေကိုပဲ အစောင့်ထားခဲ့ပါတယ်။ ဇူလိုင်လ ၁၀ ရက်နေ့မှာ ဒီ အီတလီတပ်တွေကို မော်(စ)ဟက်ရဲ့ အမှတ် ၉ ဩစတြေလျတပ်မက တိုက်တော့ တော်တော်ကို အောင်မြင်ခဲ့ပြီး ရော်မဲလ်က ကရီ(တ)ကျွန်းက ရောက်လာစ စစ်ကူတွေပို့ပေးပြီး ကယ်ခဲ့ပေလို့ အရှုံးကြီးမရှုံးခဲ့တာပဲ။ သူ့ရဲ့စစ်ပန်းနေပြီဖြစ်တဲ့ ဂျာမန်တပ်တွေကိုလဲ မြောက်ဘက်ကို အမြန်ဆုံးချီတက်စေခဲ့ရတယ်။ ချက်ချင်းဆိုသလိုပဲ အော်ချင်လက်က တတိယအကြိမ် ဆက်တိုက်ပြန်ရော။ ဒီတစ်ခါ နယူးဇီလန်တပ်တွေနဲ့ ရော်မဲလ်ရဲ့ အလယ်စစ်မျက်နှာက အီတလီတပ်တွေကို ရွေးတိုက်ကြတာပဲ။

အဲဒီလို သေသေချာချာ တွက်ချက်ပြီး သုံးကြိမ်တိုက်လိုက်လို့ ရော်မဲလ်ဟာ စိတ်ဓာတ်ကျနေတဲ့ အီတလီတပ်တွေကို ဂျာမန်တပ်တွေနဲ့ အင်အားဖြည့်ပေးရတယ်။ ပင်လယ်နဲ့ ကွာတရာ မြေနိမ့်အကြား မိုင် ၄၀ လောက် စစ်မျက်နှာမှာ ပန်ဇာအာဖရိက တပ်မကြီးက ဂျာမန်တပ်တွေကို ထုတ်နုတ်အင်အားဖြည့်ပေးရလို့ ပန်ဇာအာဖရိကတပ်တော်ရဲ့ တိုက်ရည်ခိုက်ရည်ကို လျော့ပါးသွားစေခဲ့ပါတယ်။

ဒါကြောင့် ဇူလိုင်လအလယ်လောက်မှာပဲ ဝင်ရိုးတန်း ရန်သူများရဲ့ ဝင်ရောက်တိုက်ခိုက်မှုကို တွန်းလှန်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ရန်သူဟာ အကာအကွယ်မရှိ သဲကန္တာရစစ်မြေပြင်မှာ ကျွန်တော်တို့ရဲ့ အင်အားကောင်းတဲ့ လေတပ်နဲ့ အမြောက် ၃၀၀ ကျော်နဲ့ စုပြုံပစ်ခတ်မှုဒဏ်ကို ခံခဲ့ရလို့ သေကျေဒဏ်ရာရတာတွေ၊ ဖျားနာလို့ ပျက်စီးရတဲ့ဒဏ်တွေကို ဂျာမန်တွေ တဖြည်းဖြည်းပိုပြီး ခံစားလာရပါတော့တယ်။

ရော်မဲလ် နိုင်းမြစ်ဝှမ်းကို ဝင်တိုက်ခြင်းဟာ အဆုံးအဖြတ်ပေးတဲ့ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ခဲ့ရပါပြီ။ အယ်အလာမိန်းကို ဝင်ရောက်တဲ့အချိန်ကစပြီး ရော်မဲလ်

၁။ Gott
၂။ Ariete Division



ဟာ စစ်သုံ့ပန်း ၉၀၀၀ လောက် ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။ ဒါပေမဲ့ ရော်မဲလ်ဟာ မြန်မြန်ပြန်ပြီး နာလန်ထူနိုင်သူ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို အနိုင်တိုက်ဖို့ လိုပြီး အိဂျစ်ရဲ့ အထွေထွေ ခံစစ်အနေအထားတစ်ခုနဲ့ အမှတ် ၈ တပ်တော်ရဲ့ အခြေအနေကို ပြန်လည်ခိုင်ခံ့ တောင့်တင်းအောင်လုပ်ဖို့ လိုပါတယ်။ ဒါမှ ရော်မဲလ် နောက်တစ်ကြိမ် ပြန်တိုက်ရင် သူ့ရှုံးအောင်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ရော်မဲလ်ရဲ့ တပ်တွေဟာ သိပ်ကိုဆန့်ထုတ်ထားရပြီး သိပ်ပြီးတော့လဲ ပေါ်လွင်နေပြီဖြစ်လို့ အခြေမလှဘဲ သူတို့တွေ ပြန်ဆုတ်သွားရင် နောက်က ထက်ကြပ်လိုက်ပြီး လိုက်စစ်ဆင်ဖို့လဲ အသင့်ဖြစ်နေဖို့လိုတယ်။ ဒါပေမဲ့ ဒီလမ်းစဉ်ကတော့ ရော်မဲလ် စိတ်နေသဘောထားအရ လုပ်ဆောင်မယ် မထင်ရမယ့် လမ်းစဉ်ဖြစ်ပါတယ်။

လက်ငင်းအကျဆုံးအလုပ်က ပင်လယ်နဲ့ ရှုဝေဆတ် တောင်ကုန်းအကြား လွင်ပြင်မှာရှိတဲ့ အမှတ် ၈ တပ်တော်ကို တောင့်တင်းအောင်လုပ်ဖို့ ဖြစ်ပါတယ်။ တပ်တော်ရဲ့တောင်ဘက် တောင်ပံက လွင်ပြင်ဘက်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီတိုက်ပွဲစဉ်တွေမှာ ဒီလိုသဲကန္တာရမှာ တပ်ချထားတဲ့တပ်တော်ကြီးတွေကို တပ်အငယ်စားတွေက နှစ်ကြိမ်တိုင် တိုက်ခိုက်ချေမှုန်းခဲ့ကြပြီ ဖြစ်ပါတယ်။ (ရလဒ်ကတော့ ခင်ဗျားစာအုပ် အခန်း ၁၉ မှာ သေသေချာချာ ဖော်ပြထားပါတယ်။) ရော်မဲလ်က ရစ်ချီရဲ့တပ်တော်တောင်ပံကို ပန်းတိုက်ခဲ့သလို အခုလဲ နောက်တစ်ကြိမ် ပန်းမတိုက်နိုင်အောင်လုပ်ဖို့က အော်ချင်လက်ရဲ့ ပြဿနာဖြစ်ပါတယ်။ သူ လုပ်ဆောင်ခဲ့တဲ့ ပုံစံကတော့ ကျွန်တော် စောစောကတင်ပြခဲ့တဲ့ ခံစစ်သဘောတရားအတိုင်းပါပဲ။

၁၉၄၁ ခုနှစ်က တည်ဆောက်ခဲ့တဲ့ မသင့်တော်တော့တဲ့ ခံစစ်နေရာယောင်တွေကို စွန့်ပစ်လိုက်ပြီး အမှတ် ၈ တပ်တော်နောက်နားမှာ ရှုဝေဆတ်တောင်ကုန်းတောင်ဘက်နားက စစ်မျက်နှာ မိုင် ၂၀ လောက်မှာ ကျားကွက်ပုံသဏ္ဍာန် ခံစစ်ကွက်တွေ တည်ဆောက်ခဲ့ပါတယ်။ တစ်ခုနဲ့တစ်ခု ရှေ့နောက်နဘေးကို ကိုက် ၁၀၀၀၀ လောက် ကွာဝေးပြီး အကွက်တစ်ကွက်မှာ ခြေလျင်တပ်ရင်း ၂ ရင်းနဲ့ ၂၅ ပေါင်ဒါအမြောက်တပ်ခွဲတစ်ခွဲ ရှိပါတယ်။ တပ်မဟာ ၃ ခုရှိတဲ့ တပ်မ ၁ ခု နယ်မြေမှာ ဒီလိုခံစစ်ကွက်မျိုး ၃ နေရာရှိပါတယ်။ သီးခြားအထီးကျန်ဖြစ်နေတဲ့ ခံစစ်နေရာမျိုး လုံးဝမရှိတော့ပါဘူး။ ဒါပေမဲ့ ဒီခံစစ်ကွက်တွေက တပ်တော်တစ်ခုလုံး ခံစစ်စီမံချက်မှာ ပုံကြမ်းလောင်း ဆောင်ခတ်ရုံလောက်ပဲ ရှိပါသေးတယ်။ ဒီပုံစံမှာမပါတဲ့ တပ်တော်မှာ ကျန်တဲ့အင်အားစုအားလုံးကို အော်ချင်လက်ကိုယ်တိုင် ဦးစီးပြီး တပ်တော်စစ်မျက်နှာတစ်ခုလုံး အေး၊ ဘယ်၊ ညာ၊ ရှေ့၊ နောက် လိုတဲ့နေရာမှာ လှုပ်ရှားစစ်ဆင်နိုင်မှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကျားကွက် ခံစစ်ပုံစံပြားနေရာတွေမှာတော့ စနစ်တကျ ချထားတဲ့ မိုင်းကွင်းတွေပဲ။ ရန်သူကို အတတ်နိုင်ဆုံး အနှောင့်အယှက်ပေးပြီး ကိုယ့်တပ်လှုပ်ရှားမှုကို အနှောင့်အယှက်မဖြစ်စေဘဲ အထောက်အကူဖြစ်စေရမယ်။ ဒီလိုခံစစ်ပုံစံ ယူထားတဲ့ တပ်တော်ဟာ ဟန်ချက်မပျက်ဘဲ ဘယ်ဘက်ကိုမဆို လှည့်ပြီး စစ်ဆင်နိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ဘယ်တပ်အစိတ်အပိုင်းကမှ သူ့ချည်း အထီးကျန်ခွဲပြီး အတိုက်ခံရမယ့် အန္တရာယ်မရှိတော့ဘူး။ ပြီးတော့ ရစ်ချီတို့၊ ဂရာဇီယာနီတို့ ခံရသလို ကိုယ့်တပ်နောက်ဆွယ်ကို ဝင်အတိုက်ခံရလို့ ဌာနချုပ်က ဦးနောက်ခြောက်ရတဲ့ကိစ္စမျိုးလဲ မပေါ်နိုင်တော့ဘူး။

အော်ချင်လက်ရဲ့ဌာနချုပ်က ခံစစ်ကွက်ထဲမှာပဲရှိတယ်။ ဒါပေမဲ့ ကွပ်ကဲမှုဟာ ဒါထက်ကို လိုသေးတယ်။ တကယ်လို့ ရန်သူက ခံစစ်ကွက်နံဘေးတစ်ဖက်ကို တိုက်တယ်ဆိုရင် ဒီရန်သူကို ခံစစ်ကွက်ထဲကရော၊ အပြင်ကပါ တိုက်နိုင်အောင် ခံစစ်ကွက်အရှေ့ဘက်မှာ သံချပ်ကာနဲ့ မော်တော်ယာဉ်တပ်အချို့ကို ချထားခဲ့တယ်။

ဒီစီမံချက်အရ သွယ်ဝိုက်ချဉ်းကပ်နည်းကို အသုံးချထားတာ ဖြစ်ပါတယ်။ ကျားကွက်ပုံစံကိုက ရန်သူချီတက်လာရင် သွယ်ဝိုက်ခုခံနိုင်အောင် စီစဉ်ထားတာ ဖြစ်ပြီး အကြီးစား သံချပ်ကာအုပ်စုနဲ့ အပေါ့စားလှုပ်ရှားအုပ်စုတို့ဟာ ရန်သူ့နံဘေးနဲ့ နောက်ဆွယ်ကို သွယ်ဝိုက်တိုက်နိုင်မှာ ဖြစ်ပါတယ်။

တကယ်လို့ အမှတ် ၈ တပ်တော်ဟာ နောက်ပိုင်းက ပို့ပေးတဲ့ စစ်ကူတွေကို မရခင်မှာ အလာမိန်း၊ ရှုဝေဆတ် နေရာက ကျွန်တော်တို့ ဆုတ်ခွာသွားနိုင်အောင် ရော်မဲလ်တို့က တိုက်နိုင်တယ်ထားဦး ကျွန်တော်တို့တွေဟာ လုံးဝရှုံးသွားမှာ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ အလာမိန်းကို ရောက်ရောက်ချင်း အလာမိန်းရဲ့ အရှေ့ဘက်မှာ နောက်ခံစစ်နေရာတစ်ခု ပြင်ထားပြီး အဲဒီက ဆက်လက် ခုခံနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ချက်နဲ့ အက်လီဇင်းဒရီးယား ခံစစ်အနေအထားတွေကို သဲကန္တာရအတွင်း အမ်ရီယား[၁]အထိနဲ့ နိုင်းမြစ်အရှေ့ဘက်အထိ တိုးချဲ့ဆောက်လုပ်ထားခဲ့ပါတယ်။

ဝါဒီနာထရွန်[၂]အခက်အခဲကိုလဲ ခံစစ်နေရာတစ်ခုရဲ့ အမာခံနေရာအဖြစ် အသုံးပြုခဲ့ပြီး ကိုင်ရိုအနောက်ဘက်မှာ စိုက်ပျိုးခင်း ခံစစ်အနေအထားကို ဖာယွန်း[၃]အထိ တိုးချဲ့လိုက်ပြီး မာဒီနဲ့ တောင်ဘက်နားမှာ နိုင်းမြစ်ကို ယာယီ တံတားထိုးထားပါသေးတယ်။ တကယ်လို့ ရော်မဲလ်ဟာ သိပ်အင်အားကောင်းလို့

၁။ Amriya
၂။ Wadi Natrun
၃။ Fayun



ကျွန်တော်တို့ ဒီလိုပြင်ဆင်မှုတွေ လုပ်ထားခဲ့တာပဲ။ ဒါတင်မကသေးပါဘူး။ နောက်ကလိုက်လာတဲ့ ရန်သူစစ်နံကို ကျွန်တော်တို့ကနေ ခြိမ်းခြောက်နိုင်မှာ ဖြစ်ပါတယ်။

၁၉၄၂ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ဝေဘယ်ဟာ အမှတ် ၈ တပ်တော် ဌာနချုပ်ကို ရောက်ခဲ့တုန်းက သူမပြန်ခင် ကျွန်တော့်ကို ဒီလိုပြောခဲ့ပါတယ်။ "မင်းတို့အနေအထားဟာ တကယ့်ကို တစ်ပန်းသာနေပါတယ်၊ ဒီလိုခံစစ်အနေအထားနဲ့ ကိုယ့်အကွက်ထဲကိုရောက်အောင် ရန်သူကို မြူခေါ်ဖို့ ရှေ့တန်းက နောက်ကို ဆုတ်တောင်ပေးနိုင်တယ်။ မင်းတို့ ဒီလိုလုပ်ဖို့များ စဉ်းစားထားသေးသလား"။ ကျွန်တော်တို့အနေနဲ့ ဒီလိုလုပ်နိုင်မယ်ဆိုတာကိုလဲ ထည့်သွင်းစဉ်းစားပြီး ဖြစ်ပါတယ်။ တကယ်လဲ အကျိုးရှိနိုင်မယ့်နည်းပါပဲ။

ဒီခံစစ်အနေအထားကို တကယ်လက်တွေ့ မစမ်းသပ်လိုက်ရတာ စစ်သမိုင်းအတွက်တော့ ကံမကောင်းဘူးဆိုရမယ်ထင်တယ်။ ဘာကြောင့်လဲဆိုရင် စက်တင်ဘာလမှာ ရော်မဲလ် နောက်ထပ်ချီတက်တဲ့အခါမှာ အမှတ် ၈ တပ်တော်ဟာ အနားရထားပြီး နောက်ထပ်အင်အားဖြည့်တင်းထားလို့ အရေအတွက် ပစ်အားနဲ့ သံချပ်ကာမှာပါ ရန်သူထက် များပြားသာလွန်နေပြီ ဖြစ်တယ်။ ရော်မဲလ်က ကျားကွက်တောင်ဘက်အကွက်ကို စတိုက်ပြီး ကျွန်တော်တို့အရန်တွေက ပြင်းပြင်းထန်ထန် ပြန်တိုက်လိုက်လို့ ရော်မဲလ်ဟာ ရှေ့မတက်နိုင်ဘဲ သံချပ်ကား ၆၀ လောက် ဆုံးရှုံးခဲ့ပါတယ်။ စင်စစ် ရော်မဲလ်အနေနဲ့ လုံးဝအောင်မြင်ဖို့လမ်း မရှိခဲ့ပါဘူး။ တိုက်ခဲ့ရတာကလဲ ရော်မဲလ်စီမံချက်အရမဟုတ်ဘဲ သူ့အရင် စစ်သေနာပတိစီမံချက်အတိုင်း တိုက်ခဲ့ရတာ ဖြစ်ပါတယ်။

ဒါဟာ အော်ချင်လက်ရဲ့အောင်ပွဲပါပဲ။ တခြားတပ်မှူးတွေက သူ့အမြော်အမြင်ကြီးလို့ အကျိုးခံစားခဲ့ကြရတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့လို့ ခံစစ်သဘောတရားရဲ့တန်ဖိုးဟာ လျော့မသွားပါဘူး။ ပြီးတော့ အကျဉ်းထဲ အကျပ်ထဲမှာတောင် စိတ်ကူးသစ်တွေ တစ်သီကြီး အသုံးပြုဖို့ အသင့်ဖြစ်ခဲ့တဲ့ တပ်မှူးရဲ့ အရည်အသွေးဟာလဲ လျော့မသွားပါဘူး။

အော်ချင်လက် အောင်မြင်ခဲ့တဲ့ အောင်ပွဲကို မောင်ဂိုမာရီက အတည်ပြုတံဆိပ် ခပ်နိုပ်ရအောင် ကျွန်တော်တို့ဟာ အောက်တိုဘာလတိုက်ပွဲအထိ စောင့်ဆိုင်းခဲ့ကြရသော်လဲ စင်စစ် ရော်မဲလ်ဟာ ဇူလိုင်လထဲက ဆုံးရှုံးခဲ့ပြီးဖြစ်ပါတယ်။ သွယ်ဝိုက်ချဉ်းကပ်ခြင်းရဲ့သဘောနဲ့ ဒီခံစစ်အနေအထားကို ဇစ်ဆော်ပေးခဲ့တဲ့ ထိုးစစ်ခံစစ်သဘောကို ခင်ဗျားရေးခဲ့တဲ့ စာအုပ်တွေမှာ တွေ့နိုင်မှာ ဖြစ်ပါတယ်။

ဒီစစ်ပွဲကြီးမှာ အရှေ့အလယ်ပိုင်းက ကျွန်တော်တို့တပ်တွေဟာ နှစ်ကြိမ်အရေးကြုံခဲ့ကြရပြီး အဖြစ်အပျက်တွေကသာ တစ်မျိုးတစ်မည်ဖြစ်မယ်ဆိုရင်

www.burmeseclassic.com

ဒီအရေးအခင်းနှစ်ခုစလုံးဟာ စစ်ပွဲကံကြမ္မာကို ဆုံးဖြတ်ခဲ့မှာ အမှန်ပဲ။ ဆစ်ဒီဘာရာနီ ထိုးစစ်ဟာ ပထမအရေးအခင်း ဖြစ်ပါတယ်။ အီဂျစ်ခံစစ်တိုက်ပွဲဟာ ဒုတိယ အရေးအခင်းပါပဲ။ အိုကော်နား မအောင်မြင်ခဲ့ရင် ဒါမှမဟုတ် ရော်မဲလ်က အော်ချင်လက် ဦးစီးတဲ့ အမှတ် ၈ တပ်တော်ကို အောင်နိုင်ခဲ့ရင် ဝင်ရိုးတန်းရန်သူ များက အီဂျစ်ကို အောင်နိုင်ပြီး အရှေ့အလယ်ပိုင်းကိုပါ အုပ်စိုးမိသွားမှာပဲ။ ဒုတိယကမ္ဘာစစ်သမိုင်းဟာ တစ်မျိုးတစ်မည် ဖြစ်သွားမှာ အမှန်ပါပဲ။

အော်ချင်လက် ရင်ဆိုင်ရတဲ့ အရေးကြီးလှတဲ့ အခြေအနေမျိုးမှာ အော်ချင် လက်ကို ခေါင်းအေးအေးနဲ့ အမြော်အမြင်ကြီးစွာ ရင်ဆိုင်နိုင်ခဲ့သူ အလွန်ရှားပါ တယ်။ ၁၉၄၂ ခုနှစ် ဇူလိုင်လတုန်းကလို ခံစစ်မှာရော ထိုးစစ်မှာပါ သွယ်ဝိုက် ချဉ်းကပ်နည်းကို စနစ်တကျ အသုံးပြုခဲ့ပြီး အရှုံးထဲက အနိုင်ရခဲ့အောင် လုပ် ဆောင်ခဲ့ပုံမျိုးဟာလဲ စစ်သမိုင်းမှာ အလွန်ရှားပါလိမ့်မယ်။ ခင်ဗျားရေးခဲ့တဲ့စာအုပ် အခန်း ၁၀၊ ၁၉၊ ၂၀ က ဓာတ်ပြပေးလို့ လုပ်ခဲ့သလိုပါပဲ။ ကျွန်တော်တင်ပြခဲ့ သလို ဒါဟာလဲ တစ်စိတ်တစ်ဒေသ အမှန်ပါပဲ။ ဒီလိုပြောခြင်းကြောင့် အိုကော် နား၊ အောက်[1] နဲ့ ဘယ်ဗိုလ်ချုပ်ကမှ ဘယ်စစ်စာအုပ်ကိုဖတ်ပြီး စစ်တိုက်တယ်လို့ ပြောလိုရင်း မဟုတ်ပါဘူး။ သူတို့တွေ စစ်ကိုလေ့လာမှု၊ တွေးခေါ်မှုဟာ စစ်ဖြစ်နေ တုန်းမှာရော စစ်အေးချိန်မှာပါ တစ်ဆက်တည်း ဖြစ်နေပါတယ်။

ဒီတိုက်ပွဲစဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ်လိုက်တဲ့အခါမှာ ခင်ဗျားရဲ့ သွယ်ဝိုက်ချဉ်းကပ်ခြင်းမှုတွေကို ကျင့်သုံးသည်နှင့်အမျှ ရန်သူကသာ ကြည်း ကြောင်းလက်နက်တွေ၊ လှုပ်ရှားမှုနဲ့ လေကြောင်းမှာ အဆပေါင်း မရေမတွက် နိုင်အောင် သာလွန်မနေဘူးဆိုရင် မလွဲမသွေ အောင်ပွဲခံနိုင်ခဲ့တာ ဖြစ်တဲ့အတွက် ဒီမှုတွေကို မျက်ကွယ်ပြုတဲ့ တပ်မှူးဟာ မလိမ္မာရာ၊ မနူးနပ်ရာကျတယ်ဆိုတဲ့ ကောက်ချက်ကို ချနိုင်ပါလိမ့်မယ်။ ပြီးတော့ ထူးခြားတာက ဂါဇလာနေရာမှာ ရော်မဲလ်မှာရော၊ ဆစ်ဒီဘာရာနီမှာ အိုကော်နားမှာပါ လေကြောင်းအရေးသာမှု မရှိဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ လေကြောင်း ဘယ်လောက်အရေးသာနေနေ ကြည်းကြောင်းက ဗိုလ်ချုပ်အသုံးမကျရင် အရာမရောက်နိုင်ပါဘူး။

ခင်ဗျားစာအုပ်တွေကို ဝေဖန်ပိုင်းခြားပြီး ဖတ်သူတိုင်းဟာ ဒီစာအုပ်မှာ ကျိန်းသေအောင်မြင်နည်းဆိုတာ မပါဘူးဆိုတာ သိကြပါတယ်။ ဒါပေမဲ့ လှုပ်ရှား မှု အဆင့်ဆင့်တိုင်းမှာပဲ စစ်ပြဿနာတွေရဲ့ ချဉ်းကပ်နည်းတစ်ခုရဲ့သော့ချက်ကို ဖော်ပြထားပြီး ဒီသော့ချက်ဟာ 'သွယ်ဝိုက်ခြင်း'[2] ပဲ။ ဒါဟာ တကယ် စိတ်ဓာတ် ရေးရာ လက်နက်ကောင်းတစ်ခုဖြစ်ပြီး ဝေဖန်ပိုင်းခြားနိုင်သူနဲ့ သမားရိုးကျကို

၁။ The Auk အော်ချင်လက်ကို ချစ်စနိုးခေါ်သောအမည် (ဘာသာပြန်သူ)
၂။ Obliquity



မနှစ်သက်သူများအတွက် ဖြစ်ပေတယ်။ ကလုံတာ့(ဖ)[1] က တိုက်ပွဲမစခင်မှာ ဘရိုင်ယင်ဘိုရူ[2] က မေးခဲ့သတဲ့။ "ကနေ့တိုက်ရမှာက ဘယ်လိုစစ်မျိုးပါလိမ့်"။ အဲဒီလိုလူစားမျိုးအတွက်ပေါ့။

ဒီလုပ်ငန်းအတွက် ချက်ချင်းသိမြင်နိုင်တဲ့ ဥပဒေသဆိုတာမရှိဘူး။ ပြဿနာ ရဲ့ လက်ရှိအခြေအနေတွေကို သေသေချာချာ မှန်မှန်ကန်ကန်တွက်ပြီး ရန်သူရဲ့ စိတ်ဓာတ်ရေး၊ ရုပ်ပစ္စည်းရေး လှုပ်လှပ်စွာလုပ်ဆောင်မှုကို သွယ်ဝိုက်တိုက်ခိုက် ဖို့ ဘယ်နည်းဟာ အကောင်းဆုံးဆိုတာကို ရှာဖွေရတာပဲဖြစ်တယ်။ အဲဒီအခါမှာ သင့်တော်မယ့် "သွယ်ဝိုက်တဲ့နည်း"ကို တွေ့လာမှာပဲ။ တစ်ခါတစ်ရံမှာ ထောက်ပံ့ ပို့ဆောင်မှုနဲ့ဆိုင်ပြီး နောက်တစ်ကြိမ်မှာတော့ လက်နက်ကျည်ဆန်နဲ့ဆိုင်လိမ့်မယ်။ သွယ်ဝိုက်မှုက တောင်းဆိုသလိုကြည့်ပြီး တိုက်စစ်ခံစစ် လုပ်သွားကြရမှာပဲ။ မဟာဗျူဟာ ခံစစ်ဆင်တော့မယ်ဆိုရင် တိုက်ဖို့လိုလိမ့်မယ်။ မဟာဗျူဟာထိုးစစ် အတွက် အကောင်းဆုံးကတော့ နည်းဗျူဟာခံစစ်နဲ့စဖို့ပဲ။ အရေးကြီးတာက စိတ်ဓာတ်အယူအဆပဲ။ သွယ်ဝိုက်မှုဟာ အမြဲထိုးစစ်သဘောရှိတယ်။ ရန်သူ ဘယ်လောက်ပဲ အင်အားကြီးပါစေ ကိုယ်က ခံစစ်စိတ်ဝင်နေရင် ရှုံးစိတ်ဝင်တာနဲ့ အတူတူပါပဲ။

သွယ်ဝိုက်မှုရဲ့ ရည်ရွယ်ချက်က ရန်သူသံချပ်ကာက ပျော့ကွက်ကိုရှာဖို့ ဖြစ်ပြီး သံချပ်ကာဆိုတာ စိတ်ဓာတ်သံချပ်ကာကို ဆိုလိုတာဖြစ်တယ်။ ရန်သူ တပ်မှူး စိတ်ဓာတ်အခြေပျက်သွားအောင်လုပ်ဖို့ ရည်ရွယ်ထားပြီး အောင်မြင်မှုကို တိုင်းတာရမယ့် ပေတံကတော့ ဒါလုပ်ပြီး ကိုယ်က ဘယ်လောက်လွတ်လွတ်လပ် လပ် လုပ်ဆောင်နိုင်တယ်ဆိုတဲ့အချက်ပဲ။ ဒီရည်ရွယ်ချက်အောင်မြင်အောင် ရန်သူ က တစ်ချိန်လုံး တွေးနေစေရမယ်။ ဒါကြောင့်လဲ လွှဲပြောင်းတိုက်နိုင်တဲ့ရည်မှန်း ချက်တွေ ထားရတာပဲ။ ဆွဲကိုင်ပြလို့ရတဲ့ ဥပဒေရယ်လို့တော့ မရှိပါဘူး။

စစ်ဘက်အပြုအမူအားလုံးမှာ တကယ်အောင်ပန်းဆွတ်ခူးဖို့ လိုအပ်တဲ့ စိတ်ဓာတ်ရေးအရည်အချင်းများကတော့ ကျိုးကြောင်းစဉ်းစားနိုင်မှု၊ တွေးခေါ်နိုင်မှု နဲ့ သွယ်ဝိုက်မှုတို့ဖြစ်တယ်။ သီးခြားကွပ်ကဲမှုရလာပြီး အဆင့်ပိုမြင့်လာလေ သွယ်ဝိုက်မှုက ပိုပြီးလိုလာလေပဲ။ သွယ်ဝိုက်ချဉ်းကပ်မှုဟာ တကယ့်ကို စစ်ပွဲတွေ အောင်မြင်မယ့် သော့ချက်ပါပဲ။

သင့်ရဲ့
**အယ်ရစ်**

အောက်တိုဘာလ—၁၉၄၂။

၁။ Clontarf
၂။ Brian Boru ၁၁ ရာစု အိုင်ယာလန်ဘုရင်ကြီးဖြစ်သည်။ (ဘာသာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ ၂

(၁၉၄၉ စက်တင်ဘာလထုတ် ဘာမာချာနေ[၁] (အစ္စရေးတပ်မတော်ဂျာနယ်) တွင် ပါသော ဗိုလ်ချုပ်ကြီး ယီဂယ်ယာဒင်၏ ဆောင်းပါးကို အကျဉ်းချုံး ဘာသာပြန်ချက်။)

**"အကြောင်းမှုကား အကြံကောင်းကို နာယူလျက် သင့်စစ်ကို တိုက်ပါလေ"**

**(စကားပုံများ ၂၄–၆)**

## မနှစ်ကတိုက်ပွဲများနှင့်ပတ်သက်၍ မဟာဗျူဟာအမြင်အရဆန်းစစ်ချက်

**ဗိုလ်ချုပ်ကြီး ယာဒင်**
**အစ္စရေးတပ်မတော် စစ်ဦးစီးချုပ်**

မဟာဗျူဟာစီမံချက် ချမှတ်သောအခါ (နည်းဗျူဟာစီမံချက်တွင်လည်း အလားတူပင်ဖြစ်၏။ နယ်ကျဉ်းသည်သာကွာ၏) ရင်ဆိုင်ရသောပြဿနာမှာ နှစ်ခုဖြစ်၏။ တစ်ဖက်မှ အတတ်နိုင်ဆုံးရန်သူသည် ကျိုးကြောင်းဆီလျော်သည့်မှုများ

၁။ Bamachaneh (The Israel Forces' Journal)



ကို မကျင့်သုံးအောင် လုပ်ဆောင်ရင်း အခြားတစ်ဖက်မှ ကျွန်ုပ်တို့ရည်မှန်းချက်အောင်မြင်ရေးအတွက် ကျွန်ုပ်တို့တပ်များသည် ယင်းကျိုးကြောင်းဆီလျော်သည့်မှုများကို အမြတ်ထုတ် အသုံးချနိုင်အောင် အကောင်းဆုံးစီမံချက်များ ချမှတ်နိုင်ရန် အစွမ်းကုန် ကြိုးစားရမည်။ ထို့ကြောင့် ရန်သူအသုံးပြုမည်ထင်ရသည့် မှုအားလုံးကို ပစ်မှတ်အဖြစ်ထားပြီး မိမိတို့အတွက် စီမံချက်များ ရေးဆွဲရန်လို၏။

ယင်းသို့လုပ်ဆောင်နိုင်ရန် ဘာတွေလိုအပ်သည်ကို ကြည့်ကြပါစို့။ အဝိုက်ဖမ်းမှု ဥပဒေသအတွက် ထောက်လှမ်းရေးတပ်အားလုံးက တစ်ချိန်လုံး အလုပ်လုပ်နေကြရမည်။ ရည်မှန်းချက်ထိန်းသိမ်းရေး ဥပဒေသအတွက် နည်းဗျူဟာ လမ်းလွှဲစစ်ဆင်ရေးများနှင့် မဟာဗျူဟာ၊ စိတ်ဓာတ်နှင့် နိုင်ငံရေးထိုးစစ်များ၊ အင်အားခြိုးခြံရေးဥပဒေသအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ၊ နောက်ပိုင်းမှ ရိက္ခာပစ္စည်းများ တိုက်ခိုက်ခြင်း၊ သို့လုပ်ဆောင်ခြင်းဖြင့် ရန်သူ့တပ်များ တစ်နေရာစီတွင် ချထားရ၍ ရန်သူ့အင်အား ပြန့်ကျဲခြင်း။ ပေါင်းစပ်ညှိနှိုင်းခြင်းဥပဒေသအတွက် ဌာနချုပ်ကွပ်ကဲမှုနေရာများကို တိုက်ခိုက်ခြင်း။ အင်အားစုစည်းခြင်း ဥပဒေသအတွက် လမ်းလွှဲတိုက်ခိုက်ခြင်းများနှင့် ရန်သူ့တပ်ကို ခွဲပစ်ရန် လေကြောင်းလှုပ်ရှားမှု။ လုံခြုံရေးဥပဒေသအတွက် အထက်ဖော်ပြပါ လုပ်ရပ်များအားလုံးနှင့် အောက်တွင် ဖော်ပြမည့်အချက်များ။ ထိုးစစ်စိတ်ဓာတ် ဥပဒေသအတွက် (မိမိ) ထိုးစစ်စိတ်ဓာတ်။ လှုပ်ရှားနိုင်မှု ဥပဒေသအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ ဖျက်ဆီးပစ်ခြင်း။

တစ်ဆင့်စီတွင် အစိုးရက ချမှတ်ပေးသော စစ်ရေး နိုင်ငံရေး ရည်မှန်းချက်အောင်မြင်ရေးအတွက် ကျွန်ုပ်တို့စီမံချက် ချမှတ်ရာတွင် ဒုတိယစစ်ဆင်ရေးများ၊ လမ်းလွှဲစစ်ဆင်ရေးများနှင့် ပေါင်းစပ်ညှိနှိုင်းပြုလုပ်ရမည်။ သို့သော် စိတ်တွင် သံမှိုနက်သကဲ့သို့ အမြဲစွဲနေရမည်ကား စစ်ဥပဒေသကြီးများကို အစွမ်းကုန် အမြတ်ထုတ် အသုံးချရေးနှင့် မည်မျှအထိ အသုံးပြုရမည်နည်းဆိုလျှင် တိုက်ပွဲမတိုက်မီကပင်လျှင် မဟာဗျူဟာအရ အဆုံးအဖြတ်ရပြီး ဖြစ်စေရမည်။ အနည်းဆုံး ကျွန်ုပ်တို့က တစ်ပန်းသာပြီး အပေါ်စီးက တိုက်နိုင်စေရမည်။ ယင်းမှာ ပြီးပြည့်စုံသည့် မဟာဗျူဟာစီမံချက် ချမှတ်ခြင်း၏ သော့ချက်ဖြစ်၏။ ကလောစဝစ်၏ ကျော်ကြားလှသော ဆိုရိုးဖြစ်သည့် "သွေးသည် အောင်ပန်း၏တန်ဖိုးဖြစ်သည်"ဆိုသော စကားရပ်သည် ခေတ်မမီတော့ချေ။

ရှေးတည့်တည့်မှ နည်းဗျူဟာတိုက်နည်းများမှာ ခေတ်ကုန်လာပြီး ရည်မှန်းချက်ရရှိရန် နံဘေးနှင့်နောက်မှတိုက်ရန် နည်းဗျူဟာချမှတ်လာရ၏။ ယင်းနည်းကို မဟာဗျူဟာတွင်လည်း ကျင့်သုံး၍ ရမရကို စစ်ပါရဂူကြီးများက ငြင်းကြခုံ

www.burmeseclassic.com

ကြဆဲ ဖြစ်၏။ မှချပင် အသုံးချ၍ရပါသည်ဟုဆိုချင်ပါသည်။ သို့သော် သဘာဝ အလျောက်ပင် အသုံးပြုပုံကွဲ၏။ သွယ်ဝိုက်ချဉ်းကပ်သည့် မဟာဗျူဟာမှာ တစ်ခု တည်းသော ကျိုးကြောင်းပြည့်စုံသည့် မဟာဗျူဟာဖြစ်သည် ဆိုသည်မှာ ယုံမှား သံသယရှိဖွယ်မလိုပါ။ သို့သော် မဟာဗျူဟာတွင် သွယ်ဝိုက်ချဉ်းကပ်ပုံ မည်သို့ ပါဝင်သည်ကို ဗိုလ်ကြီးလစ်ဒယ်ဟတ်က ပြောင်မြောက်စွာ အဓိပ္ပာယ်သတ်မှတ် ရှင်းလင်းပြခဲ့သည့်အတိုင်း ယင်းသည် နည်းဗျူဟာနယ်မှာထက် ပိုမိုရှုပ်ထွေး ကျယ်ပြန့်ပေ၏။

စစ်နည်းဥပဒေသများကို ကျွန်ုပ်တို့အကျိုးရှိအောင် အမြတ်ထုတ်အသုံးချရန် နှင့် မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှုကို အခြေပြု၍ တိုက်ပွဲမစမီပင် တိုက်ပွဲ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်ရန် အောက်ပါရည်မှန်းချက်သုံးမျိုးကို ရရှိထား ရန် လို၏။

(က) ရန်သူ ရုပ်ပစ္စည်း တည်ဆောက်မှု မလှုပ်နိုင် မရှားနိုင်ဖြစ်ရေး အတွက် ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ရန်။

(ခ) ရန်သူစိတ်ဓာတ်ကျဆင်းရေးအတွက် သူ့ဆုတ်ခွာရာလမ်းများကို ပိတ်ဆို့ထားရန်။

(ဂ) ရန်သူ ဦးနှောက်နှင့် ခြေလက်ဆက်သွယ်ရာအကြောများကို ဖြတ် ပစ်ရေးအတွက် အုပ်ချုပ်မှုအချက်အချာနေရာများ ဖျက်ဆီးပစ်၍ ဆက်သွယ်ရေးလမ်းများ ဖြတ်ပစ်ရန်။

ယင်းရည်မှန်းချက် သုံးခုကို ပြန်လည်သုံးသပ်လျှင် နပိုလီယံ၏ဆိုရိုး မှန်ကန်သည်ကို တွေ့ရမည်ဖြစ်၏။ နပိုလီယံက "စစ်ဝိဇ္ဇာပညာရပ်တစ်ခုလုံး၏ လျှို့ဝှက်ချက်မှာ ဆက်သွယ်ရေးလမ်းကြောင်းများကို စိုးမိုးနိုင်ရေးအပေါ် တည်နေ ၏"ဟု ဆိုခဲ့၏။

ယင်းရည်မှန်းချက်များရအောင် လုပ်ဆောင်ရေးသည် အဓိက မဟာဗျူဟာ တာဝန်ပင် ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ဗိုလ်ကြီးလစ်ဒယ်ဟတ်က မဟာဗျူဟာ ရည်မှန်းချက်ကို သုံးသပ်ပြရင်း နိုင်ငံခေါင်းဆောင်၏ တာဝန်ကို ဤသို့ရေးသား ခဲ့၏။ "တကယ့်ရည်မှန်းချက်များ တိုက်ပွဲဝင်ရန်ထက် မိမိအတွက် အကောင်းဆုံး၊ အခွင့်အသာဆုံး မဟာဗျူဟာအခြေအနေ ဖန်တီးယူရန်ဖြစ်၏။ ယင်းအခြေအနေ ကြောင့် အဆုံးအဖြတ်မရသည့်တိုင် တိုက်ပွဲဆက်တိုက်ရပါက မိမိက မုချအောင်ပွဲ ခံနိုင်ရမည် ဖြစ်၏။"

ယင်းအဆုံးအဖြတ်ပေးသည့် မဟာဗျူဟာအခြေအနေကို အဓိကအားဖြင့် ရန်သူအဖွဲ့အစည်း အခြေပျက်သွားအောင် လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်၏။ ရန်သူ



ပြိုကွဲပျက်စီးမည်၊ သို့မဟုတ် တိုက်ပွဲတွင် ပျက်စီးရမည်ဖြစ်၏။ ယင်းသို့ဖြစ်စေရန် အထက်တွင် ဖော်ပြခဲ့သောနည်းသုံးနည်းဖြင့် လုပ်ဆောင်ရမည်။

လက်တွေ့လုပ်ဆောင်ရန် စီမံချက် ချမှတ်ရာတွင်မူကား နိုင်ငံရေးအချက် များကို ထည့်သွင်းတွက်ချက်ရ၏။ ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ခြင်း နှင့် ဆုတ်ခွာရာလမ်း ပိတ်ဆို့ခြင်းတို့ ထိရောက်မှုမှာ ဖြတ်တောက်ရာ ပိတ်ဆို့ရာ နေရာနှင့် မိမိရင်ဆိုင်နေရသော အဓိကရန်သူတပ် အကွာအဝေးအပေါ် မူတည်၏။ အဓိကရန်သူတပ်နှင့် ပိုနီးလျှင် **ထိရောက်မှုပိုမြန်၏။** အဓိကရန်သူတပ်နှင့် ပိုဝေး ပြီး သူ့မဟာဗျူဟာ အခြေချစခန်းနှင့် နီးသွားလျှင် **အကျိုးပိုကြီး၏။** ထို့ကြောင့် ရသည့်အချိန်အပေါ် မူတည်၍ စီမံချက်များ ရေးဆွဲရ၏။ ထို့ကြောင့် ရသည့်အချိန် များမှာမူ "လူလုပ်"အကြောင်းများနှင့် အဆုံးအဖြတ်ပြုရ၏။ မနစ်ကဖြစ်ခဲ့သော စစ်၏ထူးခြားသော အခြေအနေကြောင့် ဖြစ်လေသည်။ ကုလသမဂ္ဂမှ အကြိမ် ကြိမ် ဝင်၍ဖွက်ဖက်နေခြင်းကို ဆိုလိုပါ၏။ ထို့ကြောင့် တစ်ခါတစ်ရံ အကျိုး ကြီးထက် မြန်မြန်အကျိုးရမည့် ဆုလွယ်နပ်လွယ်စီမံချက်များ ချမှတ်လုပ်ဆောင် ရ၏။ တိုက်ပွဲများ တင်ပြသည့်အခါ ထပ်မံရှင်းပြပါမည်။

ရည်ရွယ်ချက် ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အနည်းငယ် ထပ်မံ၍တင်ပြ လိုပါသည်။ ရည်ရွယ်ချက်မှာမူ တစ်ခုတည်းရှိရမည်။ သို့သော် ယင်းရရှိအောင် လုပ်သည့်နည်းမှာမူ (ရည်ရွယ်ချက်ကို သေချာပေါက် ထိန်းသိမ်းထားနိုင်ရန်) လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များရှိရမည်။ သို့မဟုတ်လျှင် မိမိနည်းလမ်း တစ်ခု မအောင်မြင်သည်နှင့်တစ်ပြိုင်နက် ရည်ရွယ်ချက်ရရန် အကြောင်းရှိတော့ မည် မဟုတ်ချေ။ စီမံချက်အခြေပြုရမည်မှာ "ဒီလိုဖြစ်ရင် ဒီလိုလုပ်ရမယ်။ ဒါမှ မဟုတ် ဒီလိုဖြစ်လာရင် ဟောဒီလို လုပ်ရမယ်"ဟူ၍ စီမံပြီးဖြစ်ရမည်။

ဤအချက်နှင့်ပတ်သက်၍ ကျင်နီဆစ် ၂၃[၁] တွင် ဖော်ပြထားသည့်အတိုင်း အီဆော[၂]နှင့် တိုက်ပွဲဝင်ရန် ပြင်ဆင်စဉ် ဂျာကော့(ဗ)[၃] စဉ်းစားတွေးခေါ်ပုံများကို လေ့လာသင့်သည်။ လစ်ဒယ်ဟတ်ကလည်း အလွန်ရှင်းလင်းစွာ ဤသို့ရေးခဲ့၏။

"စီမံချက်တစ်ခုသည် သစ်ပင်တစ်ပင်ကဲ့သို့ပင် သီးပွင့်ရန်ဆိုလျှင် အကိုင်း အခက် အများကြီးရှိရမည်။ ရည်မှန်းချက် တစ်ခုတည်းရှိသော စီမံချက်သည် ဝါးလုံးလိုပင် မသီးမပွင့် မြဲနေပေမည်။"

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့စစ်သားများအတွက် ၎င်းတို့ ပါဝင်တိုက်ခိုက်ခဲ့သော တိုက်ပွဲများကို လေ့လာဆန်းစစ်နိုင်စေရန်နှင့် ကျွန်ုပ်တို့

၁။ Genesis 23
၂။ Esau
၃။ Jacob

www.burmeseclassic.com

www.burmeseclassic.com

စစ်စာပေတွင် များပြားလှသော နည်းဗျူဟာထင်မြင်ချက်၊ ဖော်ပြချက်များနှင့်သာ ကျေနပ်မနေဘဲ မဟာဗျူဟာ အယူအဆများ၊ အတွေးအခေါ်များကိုပါ ဆင်ခြင်သုံးသပ်နိုင်စေရန် ဖြစ်ပေသည်။ ထိုသော် ယမန်နှစ်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးများနှင့် ပတ်သက်၍ ဝေဖန်ခဲ့သည်များကို အနည်းငယ် ထပ်မံတင်ပြလိုပါသေးသည်။ အရေးအကြီးဆုံး စစ်ဆင်ရေးများမှာ–

(က) ပုလိပ်ဆယ်မျိုး စစ်ဆင်ရေး[၁] (အီဂျစ်များနှင့် တိုက်သည်)

(ခ) အယင်စစ်ဆင်ရေး (အီဂျစ်များနှင့် တိုက်သည်)

(ဂ) အီလတ်(သ)တွင် ခိုင်မာစည်းလုံးမှု စစ်ဆင်ရေး (အကာဗာပင်လယ်ကွေ့ဒေသ)

(ဃ) ဟီရမ်စစ်ဆင်ရေး (ဂလီလီလွတ်မြောက်ရေး)

တို့ပြင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မဟာဗျူဟာရှုထောင့်မှ “ရှဒ်(စ်)စစ်ဆင်ရေး”[၂] (စစ်ရပ်စဲရေး သဘောတူညီချက်များ)ကိုပါ ထည့်သွင်းနိုင်ပါသည်။ ဤစစ်ဆင်ရေးအားလုံးကို ပြန်လည်သုံးသပ်လျှင် စီမံချက်အားလုံးကို ပြင်ဆင်ရာ၌ ကျွန်ုပ်တို့ ဖော်ပြခဲ့သော မူများအရ ပြုလုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်၏။ ယင်းမူများကို မဟာဗျူဟာ သွယ်ဝိုက်ချဉ်းကပ်မှု၊ ဖြတ်ခြင်း၊ ပိတ်ခြင်း၊ ရန်သူတပ်ဖြန့်မှု အမြန်အခြေပျက်စေရန် ရည်မှန်း၍ အငိုက်ရအောင် ပရိယာယ်ကို အများဆုံး အမြတ်ထုတ်အသုံးချခြင်းတို့ဖြစ်၏။ ဝင်ရောက်စွက်ဖက်မှုများ အပါအဝင် အခြားအချက်များကြောင့် အချိန်ကို တွက်ချက်ရခြင်းသည်လည်း နည်းများရွေးချယ်ခြင်းကို လွှမ်းမိုးခဲ့လေသည်။

ဝင်ရောက်တိုက်ခိုက်ကြသော အီဂျစ်တို့က ကျွန်ုပ်တို့နိုင်ငံ တံခါးဝများကို သူတို့အား ဖွင့်ပေးမည်ဟု ယူဆထားပြီး ကမ်းနားလမ်းအတိုင်း မြောက်ဘက် အစ္စဒွတ်[၃]သို့ ချီတက်ကြ၏။ ဆက်မတက်နိုင်သောအခါ ဂျေရုဆလင်လမ်း၊ ဖလူချာဘက်သို့ခွဲ၍ ချီတက်ခဲ့ကြပြန်လေသည်။ သူတို့တပ်များမှာ အလွန်အင်အားသာလွန်သည်ဖြစ်သဖြင့် ကျွန်ုပ်တို့အနေနှင့် ရင်ဆိုင်တိုက်ပွဲများကို အတတ်နိုင်ဆုံးရှောင်ရှားခဲ့ရ၏။ ရန်သူသည် ကာကွယ်ရေးခံစစ်နေရာများတွင် နေသားတကျရှိနေကြသည့်အပြင် ခံစစ်လက်နက်များလည်း ကျွန်ုပ်တို့ထက် သာလွန်ကောင်းမွန်

ပေသည်။ သူ၏ အဓိကအားနည်းချက်မှာ အထက်တွင် ကိုးကားခဲ့သော နပိုလီယံဆိုရိုးအတိုင်း ဆက်သွယ်ရေးလမ်းကြောင်းများကို စိုးမိုးမထားနိုင်ခြင်းပင် ဖြစ်လေသည်။ သူ၏ဆက်သွယ်ရေးလမ်းကြောင်းများမှာ ရှည်လျားလွန်းလှ၏။

ပုလိပ်ဆယ်မျိုး စစ်ဆင်ရေး၏ ရည်မှန်းချက်မှာ နဂစ်[၁] သွားရာလမ်းကို ဖွင့်ပေးရန်နှင့် ရန်သူ့တပ်ဖြန့်ခြင်း အခြေပျက်အောင်လုပ်ရန်ဖြစ်၏။ ယင်းစစ်ဆင်ရေးသည် ရန်သူအားနည်းချက်ကို အစွမ်းကုန် အမြတ်ထုတ်အသုံးချခဲ့လေသည်။ အထက်တွင် ဖော်ပြခဲ့သော တစ်ချက်ခုတ် သုံးချက်ပြတ်နည်း၊ ရိက္ခာဖြတ်၊ ဆုတ်ခွာရာလမ်းပိတ်၊ အုပ်ချုပ်မှုအချက်အချာနေရာ တိုက်နည်းကို ပုလိပ်ဆယ်မျိုး စစ်ဆင်ရေးတွင် ဂန္ထဝင်မြောက်လောက်အောင် တွေ့ရမည်ဖြစ်၏။

(၁) အီရတ်အယ်မင်ရှီယာ[၂] အရှေ့ဘက်တွင် ဖောက်ထွင်းတိုက်ခြင်း၊ ရန်သူ့အရှေ့ဘက် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပြီး တောင်ကုန်း ၁၁၃ ကို သိမ်းပိုက်နိုင်သည့်အပြင် ကွန်မန်ဒိုများက တရစပ်တိုက်ခိုက်ကြခြင်းကြောင့် ရန်သူတပ်ဖြန့်မှုကို ရပ်ပိုင်းအနေနှင့် ဖျက်ဆီးနိုင်ခဲ့၏။

(၂) ဘက်(သ)ဟာနွန်[၃] ကို သိမ်းပိုက်နိုင်ခြင်းဖြင့် ရန်သူအဓိကဆုတ်ခွာရာလမ်းကို ပိတ်ဆို့နိုင်ပြီး ရန်သူကို ရှုပ်ထွေးစေခဲ့၏။ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခြင်း အကျိုးတရားနှင့် ပေါင်းစပ်လိုက်သောအခါ ရန်သူသည် စိတ်ဓာတ်ချောက်ချား ကျဆင်းလာပြီး ပြန်လည်ဆုတ်ခွာရန် ဆုံးဖြတ်ခဲ့လေသည်။ (အနားကပ်ပိတ်ခြင်း[၄] နှင့် ချက်ချင်းအကျိုးရှိပုံဖြစ်၏။)

(၃) ဂါဇာမဂ်ဒါ(လ်)ရာဖာနှင့် အယ်အရစ်[၅] ကို အကြိမ်ကြိမ် ပစ်ခတ်တိုက်ခိုက်ခြင်းဖြင့် ရန်သူအုပ်ချုပ်မှု အချက်အချာနေရာများ၊ အသက်သွေးကြောနေရာများကို ထိမှန်ပျက်စီးစေ၍ သူ၏ဦးနှောက်နှင့် ခြေလက်တို့ ဆက်သွယ်ထားသော သွေးပြန်ကြောများကို ဖြတ်တောက်ပျက်စီးစေခဲ့၏။

ကျွန်ုပ်တို့တပ်များသည် ရန်သူ၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းများကို သီးခြားစစ်ဆင်ရေးများ တစ်ပြိုင်တည်းပြုလုပ်ခဲ့သည်ကိုလည်း ထည့်သွင်းဖော်ပြပေမည်။ ဤနည်းဖြင့် စစ်ဌာနချုပ်သည် ပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး အခြေအနေအရ ဆွဲဆောင်မှု ဗဟိုချက်မကို ပြောင်းလဲပေးနိုင်ခဲ့၏။

၁။ Operation Ten Plagues (Against the Egyptians)
Operation Ayin (Against the Egyptians)
Operation of consolidation in Elath (Gulf of Aquaba Area)
Operation Hiram (Libration of Galilee)
၂။ Rhodes Operation
၃။ Isdud

၁။ Negev
၂။ Iraq el Manshiyah
၃။ Beth-Hanun
၄။ Close Blocking
၅။ Gaza, Majdal, Rafah and EL Arish

www.burmeseclassic.com

www.burmeseclassic.com



အော်ဂျာအယ်အရစ်[၁] နေရာတွင် အီဂျစ်တို့နှင့် တိုက်ရသော အယင်စစ်ဆင်ရေးသည် စစ်ဝိဇ္ဇာပညာနှင့် ပတ်သက်၍ သင်ခန်းစာကောင်းများ ဖော်ထုတ်နိုင်ခဲ့၏။ အစတွင်ပင် အီဂျစ်တို့သည် သူတို့၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတပ်များတို့ကို အဆုံးအဖြတ်ပေးနိုင်သည့် မဟာဗျူဟာအကျိုးရရှိအောင် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ချေ။ ပုလိပ်ဆယ်မျိုး စစ်ဆင်ရေးအပြီးတွင် ရန်သူက တောင်ပိုင်းနဂစ်ကို ဖြတ်တောက်ပိတ်ဆို့လိုက်ရန် အရှေ့ပိုင်းတပ်ကို နောက်ကျမှ အသုံးပြုခဲ့သေး၏။ ထိုးစစ်စိတ်ဓာတ်ကို ရင်ဆိုင်ရန် အကောင်းဆုံးနည်းမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ထိုးစစ်စိတ်ဓာတ်ပင် ဖြစ်သည့်အားလျော်စွာ စစ်ဆင်ရေးအယင်မှာ ယင်းမူအပေါ် အခြေခံတည်ခဲ့၏။ (ကျုပ်တို့၏ ရှေးဆိုပညာရှိကြီးများက ရှေးရှေးကတည်းက ပြောခဲ့ကြဖူး၏။ "သင့်ကိုသတ်ရန်လာသူကို သင်က ဦးအောင်သတ်ပါ။")

ရန်သူနောက်ဆွယ်တွင် တိုက်သော ထိုးစစ်ပမာဏ၊ ချီတက်ရာလမ်းကြောင်း အငိုက်ရမှု (ရန်သူက မဖြစ်နိုင်ဆိုသည်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်၏။)နှင့် မဟာဗျူဟာ လမ်းလွှဲစစ်ဆင်ရေး (နည်းဗျူဟာ၊ စိတ်ဓာတ်နှင့် နိုင်ငံရေးခြိမ်းခြောက်မှု အားလုံး ပေါင်းစပ်လုပ်ခြင်း)တို့သည် အောင်ပွဲရစေသော အကြောင်းများဖြစ်လေသည်။

အထက်တွင် ဖော်ပြခဲ့သော မဟာဗျူဟာစီမံချက်၏ ရည်ရွယ်ချက်မှာ တိုက်ပွဲမစမီကပင် တိုက်ပွဲ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးရန်ဖြစ်၏။ **အနည်းဆုံး ယင်းအခြေအနေအရ ဆက်တိုက်ရသည့် တိုက်ပွဲတွင် အဆုံးအဖြတ်ရစေမည်** ဟူသော အဆိုကို စစ်ဆင်ရေး **အယင်က** မှန်ကန်ကြောင်း သက်သေထူခဲ့၏။

**အယင်ကို** အမြတ်ထုတ်စစ်ဆင်ပြီး အီဂျစ်ပြည်တွင်းအထိ လိုက်စစ်ဆင်ခြင်းက အထက်တွင်ဖော်ပြခဲ့သော အခြားအဆိုကို ထောက်ခံပြန်၏။ ယင်းမှာ ဖြတ်တောက်ပိတ်ဆို့သည့်နေရာနှင့် အကျိုးသက်ရောက်မှု အချိုးအစား၊ အချိန်တို့ ဖြစ်၏။

အယ်အရစ်ဘက်သို့ ဖောက်ဝင်ခြင်းနှင့် ဆိုင်းနိုင်းသဲကန္တာရအတွင်း အသက်သွေးကြောဖြစ်သည့် အဘူအဝေဂလီးယား[၂] လမ်းဆုံကို စိုးမိုးထားခြင်းသည် ပို၍ အဆုံးအဖြတ်ပေးနိုင်သော အကျိုးကို ရရှိစေမည်မှာ အမှန်ဖြစ်ပေသည်။ သို့သော် ယင်းအောင်မြင်ရန်လိုသည့်အချိန်မှာ ရှည်ကြာလွန်း၏။ တစ်ဖက်မှ ရာဖာအနီးတွင် ဖြတ်တောက်ပိတ်ဆို့နိုင်လျှင် (ရန်သူအဓိကတပ်များနှင့် နီးလွန်းသောကြောင့် အဆုံးအဖြတ် ကြီးကြီးကျယ်ကျယ် မရနိုင်စေကာမူ) ချက်ချင်း အကျိုးခံစားရပြီး အီဂျစ်တို့က စစ်ရပ်စဲရေးကို တောင်းဆိုလာရတော့၏။

၁။ Auja-El Arish
၂။ 'Abu Aweiglia



ရှဒ်(စ) စစ်ဆင်ရေးများ၊ အီလက်(သ)တွင် ကျွန်ုပ်တို့၏ အခြေချမြင်း စစ်ဆင်ရေးနှင့် တြိဂံနယ်မြေနှင့် ဝါဒီအရာ (မက်ဂီဒိုတောင်ကြားလမ်း)[၁] တွင် နယ်မြေတိုးချဲ့ခြင်းတို့က မဟာဗျူဟာတွင် အသုံးပြုသောလက်နက်များသည် နည်းဗျူဟာတွင်သုံးသော လက်နက်များနှင့် မတူကြောင်း ပြသခဲ့ကြ၏။ မဟာဗျူဟာအနေနှင့် တစ်ခါတစ်ရံတွင် နိုင်ငံရေးလက်နက်ကိုသုံးပြီး နည်းဗျူဟာ အဆုံးအဖြတ်ရရန် အခြေအနေကောင်းကို ဖန်တီးယူရလေသည်။ အောင်မြင်ပါက ယင်းလက်နက်များသည် သွေးနှင့်ချွေးကို အကြီးအကျယ်ချွေတာရာကျ၏။

နောက်ဆုံး(အရေးမကြီးဆုံးဟု မယူဆစေလို) စစ်ဆင်ရေး ဟီရမ်ကို ဖော်ပြပါမည်။ ယင်းမှာ ဂန္ထဝင် လျှပ်တစ်ပြက်စစ်ဆင်ရေးမျိုးပင် ဖြစ်၏။ သို့သော် မဟာဗျူဟာ အဆုံးအဖြတ်ပေးခဲ့သည်ကို သက်သေပြခဲ့၍ ယခုစစ်ဆင်ရေးတွင်မူ နည်းဗျူဟာအဆုံးအဖြတ်ထက်ပင် အကျိုးရှိစေခဲ့ပါသည်။

မနာရာ[၂] ကို ဖိအားပေးပြီး သူ့အတွက် အကျိုးရှိစေမည့် နည်းဗျူဟာအဆုံးအဖြတ်ကို ရစေမည်ဟု ကောက်ဂျီ[၃] က ဆုံးဖြတ်ခဲ့၏။ ရှေ့တည့်တည့်မှတိုက်ခြင်း အချို့ မအောင်မြင်ဘဲ ကျွန်ုပ်တို့က ဆက်လက်၍ ရှေ့မှတိုက်လျှင် သူလိုသလို အဆုံးအဖြတ်ရနိုင်မည်ဖြစ်၏။

စစ်ဆင်ရေးဟီရမ်တွင် ကျွန်ုပ်တို့က သွယ်ဝိုက်ချဉ်းကပ်မှု မဟာဗျူဟာကို သုံးခဲ့ပြီး လွှဲပြောင်းတိုက်နိုင်သော ရည်မှန်းချက်များကို အပြည့်အဝ အသုံးချခဲ့၏။ စီမံချက်တွင် ထည့်သွင်းတွက်ချက် ရေးဆွဲခဲ့၍ ရည်မှန်းချက်မှာမူ တစ်ချက်ခုတ် သုံးချက်ပြတ်ပင် ဖြစ်၏။ ဖြတ်၊ ပိတ်၊ အချက်အချာ အုပ်ချုပ်မှုနေရာများတိုက်ရန် ဖြစ်လေသည်။ ကျွန်ုပ်တို့စစ်ကြောင်းနှစ်ကြောင်းအနက် ဆဖတ်[၄] မှ မြောက်ဘက် ဆာဆာ[၅] သို့ တစ်ကြောင်းချီတက်၍ နောက်တစ်ကြောင်းက ကာဘရီ[၆] မှ အရှေ့ဘက် တရှီဟာ[၇] ကို ဖြတ်၍ ချီတက်၏။ သို့ဖြင့် မဟာဗျူဟာ ဝိုင်းဝန်းပိတ်ဆို့ခြင်းကို နမူနာပြလုပ်ဆောင်နိုင်ခဲ့ပေပြီ။ အမြန်ဆုံးလည်း အဆုံးအဖြတ်ပေးနိုင်ခဲ့လေသည်။

နိဂုံးအနေနှင့် ပြောလိုသည်မှာ ကျွန်ုပ်အနေနှင့် တိုက်ပွဲများကို အသေးစိတ် ပြောဆိုနေရန် မရည်ရွယ်ပါ။ ၎င်းတို့ကို မဟာဗျူဟာ မီးမောင်းထိုးပြရန်သာ ဖြစ်လေသည်။သို့ဖြင့် တိုက်ပွဲများ အရေးပါပုံကို ပြည့်ပြည့်ဝဝ နားလည်နိုင်ကြမည် ဖြစ်ပေသတည်း။ ။

၁။ Wadi Arah (Megido Pass)
၂။ Manarah
၃။ Kaukji
၄။ Safad
၅။ Sasa
၆။ Kabri
၇။ Tashiha

www.burmeseclassic.com

www.burmeseclassic.com

## စစ်ဘက်ဝေါဟာရများ

ဤစာအုပ်တွင်ပါဝင်သော စစ်ဘက်ဝေါဟာရများ စစ်ဘက်ရာထူးများ (ဗိုလ်မှူးကြီးများမှ အထက်)

ဗိုလ်မှူးကြီး = Colonel
ဗိုလ်မှူးချုပ် = (Brigadier General)
ဗိုလ်ချုပ် = (Major General)
ဒု-ဗိုလ်ချုပ်ကြီး = (Lt. General)
ဗိုလ်ချုပ်ကြီး = General
စစ်သူကြီး : (Field Marshal)
ဘုရင့်ရေတပ်မတော် : The Royal Navy
ဘုရင့်လေတပ်မတော် : The Royal Air Force

အချို့တပ်မတော်များတွင် ဗိုလ်ချုပ်ကြီးအထက်ရာထူးကို (General of The Army)ဟု ခေါ်၏။

**စစ်ဘက်ဝေါဟာရများ**

နိုင်ငံတော်ဝါဒ၊ ပေါ်လစီ = Policy
အဂ္ဂမဟာဗျူဟာ = Grand Strategy
မဟာဗျူဟာ = Strategy
နည်းဗျူဟာ = Tactics
ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု = Flexibility
ရွေ့လျားနိုင်မှု / လှုပ်ရှားနိုင်မှု } = Mobility
အငိုက်ဖမ်းခြင်း၊ အငိုက်ဖမ်းနိုင်မှု = Surprise
စစ်စည်းရုံးခြင်း၊ စစ်စည်းရုံးမှု = Mobilization
ခံစစ် = Defence
ခွာစစ် = Withdrawal
တိုက်စစ် = Attack
လိုက်စစ် = Pursuit
ချီစစ် = Advance
အထွေထွေခွာစစ် = General Withdrawal
ဒေသန္တရခွာစစ် = Local Withdrawal
ခံစစ်ရှင် = Elastic Defence
ခုခံမှုအနည်းဆုံးလမ်းကြောင်း = Line of least resistance
ရန်သူမျှော်လင့်မှုအနည်းဆုံးလမ်းကြောင်း = Line of least expectation



အခြေပျက်ခြင်း = Disloration
အကြွင်းမဲ့စစ် = Total War / Absolute war
မီးကုန်ယမ်းကုန်တိုက်သည့်စစ် = All out war
ကန့်သတ်စစ် = Limited war
ပြုန်းတီးစစ် = War of attrition
စစ်ရပ်စဲရေးစာချုပ် = Armistice
ငြိမ်းချမ်းရေးဆွေးနွေးမှုများ = Peace Negotiations
စစ်၊ ကြည်းကြောင်း = Military
မလှုပ်နိုင် မရှားနိုင် ဆုတ်ဆိုင်းသွားစေသည် = Paralyse
ပြောင်းလွှဲတိုက်နိုင်သော ရည်မှန်းချက် = Alternative Objectives
အာရုံပြောင်းပေးခြင်း = Distraction
လမ်းလွှဲပေးခြင်း = Diversion
ဟန်ပြ = Demonstration
ယောင်ပြ = Feint
သမားရိုးကျ = Conventional
ဆွဲဆောင်မှုဗဟိုချက်မ = Centre of Gravity
မဟာဗျူဟာအတားအဆီး = Strategic Barrage
နင်းခုံ = Spring Board
စစ်အကန့် = Sector
ပေါင်းစပ်ညှိနှိုင်းပေးသည် = Coordinate
ပြန်လည်ပေါင်းစပ်ပေးသည် = Reconciliate
ကြားအခြေရှာပေးသည် = Compromise
ချီ (ဂျီ)နှစ်ခုအပေါ် ခွထိုင်ရသည့် အခြေအနေ (ဆုပ်စွ-စားရွ အခြေအနေ) } = On the horns of a dilemma
ဆိုရိုးစကား = Axiom
လမ်းညွှန်ဆိုရိုးစကား = Maxim
ကမ္ဘာ့စစ်ခေါင်းဆောင်များ = Great Captains
ဒိဋ္ဌမြင်သော၊ မှုချဆတ်ဆတ်သော = Positive
ပညတ်သည့်သဘော = Negative
ပုလင်းခေါင်းကျဉ်းနေရာ = Bottleneck

သောင်းထိုက်

၁၃၃၉ ခု၊ နတ်တော်လပြည့်နေ့
၁၉၇၀ ခု၊ ဒီဇင်ဘာလ (၂၁)ရက်
၂၂:၁၀ နာရီ

www.burmeseclassic.com